# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၂၀၀၁

# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၂၀၀၁

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း၊ ၂၀၀၁ ခုနှစ်၊ အုပ်ရေ ၇၀၀၀

၂၉၂၂၃

အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့
စာပေဗိမာန်အဖွဲ့၊ ဒုတိယအထွေထွေမန်နေဂျာ (ထုတ်လုပ်) ဒေါ်မြမြက
(မှတ်ပုံတင်အမှတ် ၄၁၆ - ယာယီ) ဖြင့် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတွင်
ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၂၈၅ - ယာယီ) ဖြင့် ထုတ်ဝေသည်။

## ဒို့တာဝန်အရေးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြန်မာ့ရည်ညွှန်းကျမ်း စိစစ်ရေးအဖွဲ့

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်အပါအဝင် မြန်မာ့ရည်ညွှန်းကျမ်းစာအုပ်များ စိစစ်ရေးအဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာနက ၂၀၀၀ ပြည့်နှစ်၊ မေလ ၂ ရက်နေ့တွင် အောက်ပါပုဂ္ဂိုလ်များဖြင့်ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည် –

(၁) ဦးသော်ကောင်း – ဥက္ကဋ္ဌ
မြန်မာသမိုင်းအဖွဲ့ဝင်
မြန်မာသမိုင်းအဖွဲ့

(၂) ဦးမောင်မောင်ကလေး – အဖွဲ့ဝင်
(တက္ကသိုလ် ခင်လေးမောင်)
အငြိမ်းစားငွေစာရင်းအရာရှိချုပ်
မြန်မာ့မီးရထား

(၃) ဦးကိုလေး(ဓနုယျာမောင်) – အဖွဲ့ဝင်
အငြိမ်းစားပါမောက္ခချုပ်
မန္တလေးတက္ကသိုလ်

(၄) ဦးအုန်းဖေ(တက်တိုး) – အဖွဲ့ဝင်
အငြိမ်းစားဦးဆောင်ညွှန်ကြားရေးမှူး
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(၅) ဦးကျော်ဆန်း – အဖွဲ့ဝင်
အကြံပေးအရာရှိ
ပြန်ကြားရေးဝန်ကြီးဌာန

(၆) ဦးသန်းထွတ်(တိုက်စိုး) – အဖွဲ့ဝင်
မြန်မာသမိုင်းအဖွဲ့ဝင်
မြန်မာသမိုင်းအဖွဲ့

(၇) ဦးထင်ကြီး(တက္ကသိုလ်ထင်ကြီး) – အဖွဲ့ဝင်
မြန်မာစာအဖွဲ့ဝင်
မြန်မာစာအဖွဲ့ဦးစီးဌာန

(၈) ဦးလှကြိုင်(ပါရဂူ) – အဖွဲ့ဝင်
စာရေးဆရာကြီး

(၉) ဦးဘသန်း(မဟာဝိဇ္ဇာ) – အဖွဲ့ဝင်
အငြိမ်းစားညွှန်ကြားရေးမှူးချုပ်
ဝန်ထမ်းရေးရာဦးစီးဌာန

(၁၀) ဦးမင်းနိုင် – အဖွဲ့ဝင်
အငြိမ်းစားညွှန်ကြားရေးမှူး
ယဉ်ကျေးမှုစီမာန် ဦးစီးဌာန

(၁၁) ဒေါ်ကြန်(မကြန်) – အဖွဲ့ဝင်
မြန်မာစာအဖွဲ့ဝင်
မြန်မာစာအဖွဲ့ဦးစီးဌာန

(၁၂) ဦးထွန်းတင့် – အဖွဲ့ဝင်
အငြိမ်းစားညွှန်ကြားရေးမှူး
မြန်မာစာအဖွဲ့ ဦးစီးဌာန

(၁၃) ဦးမျိုးသန့်(မောင်ဆုရှင်) – အဖွဲ့ဝင်
အကြံပေးအရာရှိ
စာပေဗိမာန်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(၁၄) ဦးသီဟ – အဖွဲ့ဝင်
အငြိမ်းစားပါမောက္ခ
အင်္ဂလိပ်စာဌာန
ပညာရေးတက္ကသိုလ်

(၁၅) ဦးမောင်လှိုင်(မောင်ဆွေငယ်) ...အတွင်းရေးမှူး
စာတည်းမှူးချုပ်
စာပေဗိမာန်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

---

## မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၂၀၀၁) ခုနှစ်

### စာတည်းအဖွဲ့

| | |
|---|---|
| စာတည်း(တာဝန်ခံ) | ဦးအုန်းလွင်(ဘုန်းသွင်မြင့်) |
| စာတည်းများ | ဦးခင်မောင်လေး |
| | ဦးစိုးမြင့်သန်း(စိုးမြင့်သန်းမောင်) |
| စာပေလက်ထောက် | ဒေါ်မျိုးမျိုးကြည် |

# မာတိကာ


ဤကျမ်းကိုမရှုစားမီ

အပိုင်း (၁)

၂၀၀၀ ပြည့်နှစ်ဖြစ်ရပ်များ ... ... ... ... ... ... ၁

အပိုင်း (၂)

ဘာသာသာသနာ၊ လူမှုရေး၊ စာအုပ်စာပေ၊ ကျန်းမာရေး၊ ဆေးပညာပေးယဉ်ကျေးမှု၊ တွင်းထွက်ရတနာနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ

- * လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော် ... ဦးမင်းနိုင် ... ၃၄
- * မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း ... မြတ်လေးခိုင် ... ၄၂
- * မြန်မာနိုင်ငံ စာအုပ်ထုတ်ဝေရေးလုပ်ငန်း ... ဦးစိုးမြင့်သန်း ... ၅၄
- * အေအိုင်ဒီအက်စ်ရောဂါဆိုင်ရာ နောက်ဆုံးတွေ့ရှိချက်များ ... ဒေါက်တာကြည်ဟန် ... ၆၄
- * ဆဋ္ဌသံဂါယနာ မော်ကွန်းပြတိုက် ... ဦးထွန်းနိုင် (သာသနာရေး) ... ၇၈
- * မြန်မာ့ကျောက်မျက်ရတနာပြပွဲများ ... ကျော်ဖုန်းမြင့် (ဓာတုဗေဒ) ... ၈၈
- * မူးယစ်ဆေးဝါးနှင့် ယနေ့လူငယ် ... ဆရာဝန်တစ်ဦး (ကုသိုလ်ဖြစ်ဆေးရုံ) ... ၁၀၂
- * မြန်မာနိုင်ငံပုံတောင်ဒေသမှ ရှာဖွေတွေ့ရှိသည့် ကမ္ဘာ့ရှေးအကျဆုံး လူတူပရိုင်းမိတ် ... ဗိုလ်မှူးကြီးသန်းထွန်း (စစ်မဟာဗျူဟာလေ့လာရေးရုံး) ... ၁၁၂

အပိုင်း (၃)

၂၀၀၀ ပြည့်နှစ် အကြောင်းရပ်များ ... ၁၁၇

အက္ခရာစဉ်အညွှန်း ... ၃၁၈

# ဤကျမ်းကို မရှုစားမီ

ဖော်ပြပါ လမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်းနှစ်ချုပ် စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်း တစ်ဆူအဖြစ် လွယ်ကူစွာအသုံးပြုနိုင်ပါမည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်းအတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၁ ခုနှစ်ကို ယခင်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၀ ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း ပါဝင်ပါသည်။

ဤကျမ်းသည် ၂၀၀၀ ပြည့်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၂၀၀၁ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၂၀၀၁ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၂ ခုနှစ် ပုံနှိပ် ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၂၀၀၀ ပြည့်နှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ်၊ သတင်းလွှာများနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဘာသာသာသနာ၊ လူမှုရေး၊ စာအုပ်စာပေ၊ ကျန်းမာရေးနှင့် အခြားနှစ်ချုပ် အထူးဆောင်းပါး စုစုပေါင်း ၈ ပုဒ် ပါဝင်ပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်းဖြစ်ပါသည်။ တတိယပိုင်း၌ ဖော်ပြထားသော အကြောင်းရပ်များသည် ၂၀၀၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ အကြောင်းများ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းပါ အက္ခရာစဉ် စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ် အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်း ဖော်ပြခဲ့ပါသည်။ နှစ်စဉ် ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် သက်ဆိုင်ရာ တစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားလာ သော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင်လည်း ၂၀၀၀ ပြည့်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်း ဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကို ပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် (ဥပမာ – စွယ်စုံနှစ်ချုပ် ၁၉၉၉) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခု ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၁ ခုနှစ်ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

စာပေဗိမာန်

# အပိုင်း – ၁

## ၂၀၀၀ ပြည့်နှစ် ဖြစ်ရပ်များ

၂၀၀၀ ပြည့်နှစ် အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့်နိုင်ငံတကာမှ ထင်ရှားသည့် ဖြစ်ရပ်အချို့ကို သတင်းမှတ်တမ်းများအဖြစ် ရေးသားပြုစု ဖော်ပြထားပါသည်။







မြန်မာ့ စွယ်စုံကျမ်းနှစ်ချုပ် (၂၀၀၁)

မြန်မာနှင့် နိုင်ငံတကာဖြစ်ရပ်များ

# ၂၀၀၀ ပြည့်နှစ်၊ ဖြစ်ရပ်များ

## ဇန်နဝါရီလ

၂၁ ရာစုအကြိုလူထုအစည်းအဝေးပွဲကြီးကို မန္တလေးတိုင်း ပုဂံညောင်ဦး ယဉ်ကျေးမှုနယ်မြေရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှေ့စည်းခုံ စေတီတော် ခြေရင်းရှိ အားကစားကွင်းတွင် ကျင်းပရာ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှ ပြည်သူလူထုကိုယ်စားလှယ်များ တက်ရောက်ကြပြီး သန္နိဋ္ဌာန် (၆) ချက်ကို တစ်ခဲနက်အတည်ပြုသည်။

နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး တိုးတက်မှု ရရှိရန်အတွက် နိုင်ငံတည်ငြိမ်မှုကို ကာကွယ်စောင့်ရှောက်

(၄) က တာဝန်ယူ တည်ဆောက်ပြီးစီးသွားသည့် ကစ္ဆပနဒီမြစ်ကူး၊ ကစ္ဆပနဒီတံတားဖွင့်ပွဲ အခမ်း အနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး တက်ရောက်အားပေးချီးမြှင့် အမှာစကားပြောကြားသည်။

၂ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပသော (၅၂) နှစ်မြောက် လွတ်လပ်ရေးနေ့ ပြပွဲ ဖွင့်ပွဲ အခမ်းအနားသို့ သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် (၅၂) နှစ်မြောက် လွတ်လပ်ရေး နေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကို ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံတွင် ကျင်းပသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးသည် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမတွင် ခင်းကျင်းပြသထားသည့် (၅၂) နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲကို ကြည့်ရှုအားပေးသည်။



ကစ္ဆပနဒီမြစ်ကူးတံတားဖွင့်ပွဲ အခမ်းအနားတွင် ဗိုလ်ချုပ်ကြီးမောင်အေးက စီမံကိန်းဒုတိယအင်ဂျင်နီယာမှူးကြီးအား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်

သွားကြရန် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ကမ္ဘောဒီးယားပြည်သူများအား တိုက်တွန်းပြောကြားလိုက်သည်။

ရခိုင်ပြည်နယ်ကျောက်တော်မြို့နယ် တွင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူး အဖွဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် ချီးမြှင့်သည်။

၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး

၅ တောင်ကိုရီးယားသမ္မတကင်မ် ဒေးယုံသည် ရွေးကောက်ပွဲမတိုင်မီ နုတ်ထွက်မည့် ဝန်ကြီးချုပ် ကင်မ်ယွန်ပီးလ်၏နေရာတွင် အာဏာရ ညွန့်ပေါင်းအဖွဲ့တွင် ပါဝင်သည့် ပါတီငယ်တစ်ခုမှ ခေါင်းဆောင်အားလာမည်သတင်းပတ်အတွင်း ဝန်ကြီးချုပ်

အဖြစ် အစားထိုးခန့်အပ်လိမ့်မည် ဖြစ်ကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။

၇ ပညာရေး ကဏ္ဍတွင် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှု ထူးထူး ခြားခြား အောင်မြင်ကြောင်း ပြောကြားပြီး၊ မြန်မာနိုင်ငံအဆင့်မြင့်ပညာရေးကဏ္ဍ ခုန်ပျံကျော်လွှား တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် ခေတ်မီသင်ထောက်ကူပစ္စည်းများ တပ်ဆင်အသုံးပြုရေး အကောင်းဆုံးဖြစ်ရေး တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရန် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က မြန်မာနိုင်ငံပညာရေးကော်မတီ (၁/၂၀၀၀) အစည်းအဝေးတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

၊၊ – ၁၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းတိုင်း၊ ကလေးမြို့သို့ရောက်ရှိသည်။ဗိုလ်ချုပ်ကြီးမောင်အေးသည် ကလေး – ကလေးဝကားလမ်းပြုပြင်တိုးချဲ့ဖောက်လုပ်လျက်ရှိသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ထို့နောက်ချင်းပြည်နယ်ဖလမ်းမြို့သို့ရောက်ရှိပြီး၊ ဖလမ်းမြို့နယ် ရိဒ်ခေါဒါးရ်ကျေးရွာ၊ နယ်ခြားတောင် အောင်တော်မှုကုန်းသို့တက်ရောက်ပြီး ရိဒ်ခေါဒါးရ်နှင့် ပတ်ဝန်းကျင်ဒေသ အခြေအနေများကို ကြည့်ရှုသည်။ ရိဒ်ရေအိုင်သို့ သွားရောက်ကြည့်ရှုသည်။ ထို့မှ တီးတိန်မြို့သို့ သွားရောက်ပြီး ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများအား မှာကြားနှုတ်ဆက်သည်။ ထို့မှ ဟားခါးမြို့သို့ရောက်ရှိသည်။ ဟားခါးမြို့ဒေသခံတပ်ရင်းစခန်းမတွင် ဟားခါးတစ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့်မိသားစုများအားတွေ့ဆုံ၍လိုအပ်သည်များမှာကြားသည်၊ ထို့နောက် ထန်တလန်မြို့သို့ရောက်ရှိပြီး မြို့တော်ခန်းမတွင် မြို့နယ်ဒေသဆိုင်ရာတာဝန်ရှိသူများအား ၎င်းတို့၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လမ်းညွှန်ဖြည့်စွက်မှာကြားသည်။ ထို့မှ မတူပီမြို့သို့ ရောက်ရှိပြီး မတူပီမြို့ကို လှည့်လည်စစ်ဆေးသည်၊ ထို့မှ စစ်ကိုင်းတိုင်းမုံရွာမြို့သို့ရောက်ရှိသည်။ သည်။ထို့နောက် ချင်းပြည်နယ်မင်းတပ်မြို့၊ မကွေးတိုင်း ဆောမြို့များကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေး၊ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။


၈ ကျန်းမာရေးဝန်ကြီးဌာနတိုင်းရင်းဆေးပညာဦးစီးဌာန ရန်ကုန်၊ နတင် ၅၀ ဆံ့ တိုင်းရင်း ဆေးရုံသစ် ဖွင့်ပွဲ အခမ်းအနားကို ဗဟန်းမြို့နယ်၊ ငါးထပ်ကြီး ဘုရားလမ်းရှိ အဆိုပါဆေးရုံသစ်တွင်ကျင်းပသည်။အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်အမှာစကားပြောကြားသည်။

ဆိုးရီးယားနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အစ္စရေးကလုပ်ဆောင်နေနိုက်တွင် အစ္စရေး– ပါလက်စတိုင်း



ဆီးရီးယားနှင့် အစ္စရေးငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်မြောက်ရန် သမ္မတ ကလင်တန်နှင့် ဖာရိုခ်ရှာဟာတို့ ဆွေးနွေးခဲ့ကြစဉ်

မုံရွာမြို့ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဧယျာသီရိခန်းမတွင် စစ်ကိုင်းတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ စက်မှုစီးပွားလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြား နောက်ဆုံးအဆင့် ဆွေးနွေးပွဲများကိုမေ့မထားရန် ပါလက်စတိုင်းခေါင်းဆောင်ရာဆာအာရာဖတ်က အစ္စရေးဝန်ကြီးချုပ်အီဟုဒ်ဘာရက်ခ်အား တိုက်တွန်းပြောကြားသည်။



အစိုးရေးဝန်ကြီးချုပ် အီဟာဒ်ဘရက်ခ် နှင့်လည်း သမ္မတကလင်တန် တွေ့ဆုံညှိနှိုင်းခဲ့သည်

၁၁ တရုတ်ထိပ်တန်းအရာရှိများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးရေး အတွက်ဆောင်ရွက်ရာတွင် သာသနာရေးကိစ္စများနှင့် သာသနာရေးလုပ်ငန်းများကို အထူးအလေးပေး ဆောင်ရွက်သင့်ကြောင်း တရုတ်ပြည်သူ့သမ္မတ နိုင်ငံဝန်ကြီးချုပ် ကျူရုံကျီက ပြောကြားသည်။

၁၂ ထိုင်းလွှတ်တော်ကို သက်တမ်းမစေ့မီ အတင်းအဓမ္မဖျက်သိမ်းရေးအတွက် ဆန္ဒကျင်ဆန္ဒပြမှုနှင့် မတည်ငြိမ်မှုများဖြစ်အောင် ဖန်တီးနေသည့်အုပ်စုများ အန္တရာယ်ကို အထူးဝိရိယထားပါရန် မိမိအစိုးရအဖွဲ့အား ထောက်လှမ်းရေးအဖွဲ့အစည်းများက သတိပေးထားကြောင်း ထိုင်းဝန်ကြီးချုပ် ချွမ်လိပိုင်က ပြောကြားသည်။

၁၄ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းဆေးကောင်စီဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၀၀ ဖြင့် ထုတ်ပြန် ပြဋ္ဌာန်းလိုက်သည်။


၁၅ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၏ လှိုင်သာယာတန်၃၆၀ ဆန်ပြန်လည် ကြိတ်ခွဲဖွပ်ရေနှောစက်ရုံဖွင့်ပွဲအခမ်း အနားကို စက်ရုံတည်ရာ လှိုင်သာယာ မြို့နယ် ကစင်းကျေးရွာတွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက် အမှာစကား ပြောကြားသည်။

၂၀ - ၂၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြိတ်မြို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် မြိတ်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့အသီးသီးမှ အရာရှိအရာခံ အကြပ်စစ်သည်များနှင့် မိသားစုများအား တွေ့ဆုံမှာကြားနှုတ်ဆက်သည်။ ထိုနောက် ကျွဲကူး–ကျောက်ဖြာ တံတားတည်ဆောက်မည့်နေရာကို စစ်ဆေးကြည့်ရှုသည်။ ထိုမှ ပုလောမြို့သို့ရောက်ရှိသည်။ပုလောမြို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထိုမှ ပလောက်ကျေးရွာသို့သွားရောက် ကြည့်ရှုစစ်ဆေးသည်။ ထိုမှထားဝယ်မြို့သို့ ရောက်ရှိသည်။ တနင်္သာရီတိုင်း မှ တိုင်း၊ ခရိုင် နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ထားဝယ်မြို့တော်ခန်းမတွင် တွေ့ဆုံသည်။ ထို့နောက် ရေဖြူမြို့နယ် ကလိန်အောင်ကျေးရွာသို့ သွားရောက်သည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထားဝယ်တပ်နယ်၊ ရေဖြူတပ်နယ်နှင့် ကလိန်အောင်တပ်နယ်များရှိ တပ်ရင်းတပ်ဖွဲ့အသီးသီးမှ မိသားစုများနှင့် တွေ့ဆုံသည်။ ဇန်နဝါရီလ ၂၂ရက်နေ့ နံနက် ၁၀ နာရီ၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သရက်ချောင်းမြို့သို့ ရောက်ရှိရာ ဒေသခံတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို တင်ပြကြသည်။ ဗိုလ်ချုပ်မှူးကြီးနှင့် လိုက်ပါလာသောတာဝန်ရှိပုဂ္ဂိုလ်များက မိမိတို့ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားဖြည့်ဆည်းပေးသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်း၌ ထားဝယ်မြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၂၀ မြန်မာရိုးရာတောဝလေ့ကျေးလက်တေးများနှင့် တိုင်းရင်းသားရိုးရာတေးများ ဖော်ထုတ်ပြုစုရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့၊ ပြည်လမ်းမြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမတွင် ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက် အမှာစကားပြောကြားသည်။

၂၄ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင်ကျောင်း အမှတ်စဉ် (၃၁) မှ သင်တန်းသား၊ သင်တန်းသူများက ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ မင်္ဂလာခန်းမတွင် တွေ့ဆုံဂါရဝပြုကြပြီး ဗိုလ်ချုပ်မှူးကြီး၏ သြဝါဒကို ခံယူကြသည်။

၂၈ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ကျန်ဇီမင်း၏ အမိနိုင်ငံနှင့် ပြန်လည်ပေါင်းစည်း ညီညွတ်မှုဆိုင်ရာအချက်ရှစ်ချက်ပါ မိန့်ခွန်းထုတ်ပြန်သည့် ငါးနှစ်မြောက် နှစ်ပတ်လည်နေ့



မိုလ်ချုပ်မှူးကြီးသန်းရွှေ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေးရန် စစ်တွေလေဆိပ်သို့ ရောက်ရှိလာစဉ်

အခမ်းအနား ဖိုရမ်တစ်ရပ်ကို ဟောင်ကောင် အစည်းအဝေးနှင့် ပြပွဲခန်းမ အဆောက်အအုံတွင် ကျင်းပသည်။

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်း နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့ ကန်တော်ကြီး၊ ကရဝိက်နန်းတော်တွင် ကျင်းပသည်။ အိမ်ရာစီမံကိန်းဆိုင်ရာ ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အမှာစကား ပြောကြားသည်။

## ဖေဖော်ဝါရီလ


၁ ရန်ကုန်မြို့ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်တွင် တည်ဆောက်လျက်ရှိသည့် မဟာသန္တိမ္မောဒယ ကိုးထပ်ကျောင်းတော်ကြီးတည်ဆောက်ရေးအတွက် စတုတ္ထအကြိမ် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို အဆိုပါ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်တွင် ကျင်းပသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက်၍ အလှူငွေများ လက်ခံပြီး ကျောင်းတော်ကြီး တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

၂ အိန္ဒိယရေတပ်မှ စစ်သင်္ဘော အစင်း ၄၀ နှင့် ရေတပ်နှင့်လေတပ်မှ တိုက်လေယာဉ် ၄၅ စင်းတို့ ပူးပေါင်းပြီး အာရေဗျပင်လယ်အတွင်း အကြီး ကျယ်ဆုံးစစ်ရေးလေ့ကျင့်မှု တစ်ရပ် ပြုလုပ်သည်။

၃ မလေးရှားလူမျိုးတို့သည်လူမျိုးစုနှင့် ဘာသာရေးကွဲပြားခြားနားမှုရှိကြသော်လည်း ငြိမ်းချမ်းရေးနှင့် အကျိုးစီးပွားအဆင်ပြေမှုကို မြတ်နိုးတန်ဖိုးထားကြသူများဖြစ်ကြောင်း မလေးရှား ဝန်ကြီးချုပ် မဟာသီယာ မိုဟာမက်က ပြောကြားလိုက်သည်။

၄-၉ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တာဝန်ရှိသူများ လိုက်ပါလျက် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိစစ်ဆေးသည်။ ဤလ ၅ ရက်နေ့၌ ရန်ကုန် – စစ်တွေလမ်းမကြီးနှင့် မင်းချောင်း တံတားဖွင့်ပွဲ မင်္ဂလာ အခမ်းအနားသို့ တက်ရောက် ချီးမြှင့်သည်။ ထို့နောက် အမ်းမြို့သို့သွားရောက်ပြီး ရန်ကုန်–စစ်တွေ ကားလမ်းမကြီးကို

ကြည့်ရှု စစ်ဆေးသည်။ ထို့နောက် ပုဏ္ဏားကျွန်း မြို့နယ်ရှိ ကင်းချောင်း တံတား၊ တရုတ်တံတား၊ သဲတော် တံတားများတည်ဆောက်ပြီးစီးမှု အခြေအနေကို စစ်ဆေးသည်။ ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့သည် အမ်း တောင်ကြားလမ်း၊ နတ်ရေကန်တောင် ရှောင်ကွင်းလမ်းတို့မှတစ်ဆင့် မကွေး တိုင်းသို့ ရောက်ရှိသည်။ ရေဝတီ တံတား (မကွေး) တည်ဆောက်ရေး လုပ်ငန်းများကိုစစ်ဆေးသည်။ မင်းဘူး မြို့စာသင်တိုက်များအတွက် ဆွမ်းဆန် တော်လှူဒါန်းပွဲအခမ်းအနားသို့ တက် ရောက်သည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သည် ရခိုင်ပြည်နယ်၊ မကွေး၊ ပဲခူးနှင့် ရေဝတီတိုင်း၊ မြို့နယ်ပေါင်း ၂၀ သို့ ဇူလ ၄ ရက်မှ ၉ ရက်နေ့အထိ လှည့် လည်သွားရောက်၍ တံတားများ၊ အဝေးပြေးကားလမ်းမကြီးများ၊ စိုက် ကွင်းများ၊ သီးနှံစိုက်ခင်းများ စသည့် တိုင်းကျိုးပြည်ပြု ဆောင်ရွက်မှုအခြေ အနေများကို စစ်ဆေးလမ်းညွှန်သည်။




၄ ရက်ကြာအပိုင်စီးခံခဲ့ရသည့် အာဖဂန်ခရီးသည်တင်လေယာဉ် ဗြိတိန်နိုင်ငံစတန်စတက်လေဆိပ်တွင် ရပ်နားထားသည်ကိုတွေ့ရစဉ်

ပါလီမန်သပိတ်မှောက်မှု ရပ် ဆိုင်းပြီး နိုင်ငံ့စီးပွားရေးပြန်လည် ရှင် သန် လာရေးအတွက် ၎င်းတင်ပြထား သည့် ရသုံးခန့်မှန်းခြေ ဘတ်ဂျတ် အစီရင်ခံစာကို ပါဝင်ဆွေးနွေးကြရန် အတိုက်အခံနိုင်ငံရေးပါတီများသို့ ဂျပန်ဝန်ကြီးချုပ်ကိုဇို အိုဘူချီက တိုက်တွန်းပြောကြားသည်။

မတ်လ ၂၆ ရက်နေ့၌ကျင်းပ
၅ မည့်ရုရှားသမ္မတရွေးကောက်ပွဲ
တွင် ယာယီသမ္မတအဖြစ်ဆောင်ရွက် နေသော ဗလာဒီမာပူတင်အားထောက် ခံသွားမည်ဟု ဝန်ကြီးချုပ်ဟောင်း ဗစ်ဇာချာနိုမြာဒင်၏ အလယ်အလတ် ဝါဒီပါတီက ပြောကြားလိုက်သည်။

အလုပ်သမားဝန်ကြီးဌာန၊ လူမှု
၆ ဖူလုံရေးအဖွဲ့ ခုတင် ၁၀၀ ဆံ့
အဆုတ်ရောဂါကုဆေးရုံ ရတနာအုတ် မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ထန်းတပင်မြို့နယ် ရန်ကုန်– ပုသိမ် ကားလမ်းနံဘေး အဆိုပါဆေးရုံတည် ဆောက်မည့်နေရာတွင် ကျင်းပသည်။ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီရေးအတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် အုတ်မြစ်စီသည်။

လက်ဗနွန်နိုင်ငံအတွင်းရှိ အရပ်
၈ သားပစ်မှတ်များကို အစ္စရေး
လေကြောင်းမှ တိုက်ခိုက်နေမှုများ ကြောင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ဝမ်းနည်းမိကြောင်း ပြောကြားကြောင်း ဆင်ဟွာသတင်း တွင် ရေးသားဖော်ပြသည်။



အပိုင်စီးခံ အာဖဂန်ခရီးသည်တင် လေယာဉ်မှ ခရီးသည်များအနက် ပြန်လည်လွတ်မြောက်လာသော ကလေးငယ်များနှင့် အမျိုးသမီးများ

အာဖဂန်ခရီးသည်တင်လေယာဉ်
၁၀ အား လေးရက်ကြာအပိုင်စီးမှု
သည်ဗြိတိန်နိုင်ငံ စတန်စတက်မြို့တွင်




ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် ကမ္ဘောဒီးယား ဝန်ကြီးချုပ်နှင့်ဇနီးအားကြိုဆိုနေစဉ်

ငြိမ်းချမ်းစွာပြီးဆုံးသွားသည်။ ယင်းသို့ ပြီးဆုံးသွားခြင်းအတွက် အာဖဂန်နစ္စတန်နိုင်ငံမှ တာလီဘန်လှုပ်ရှားမှုခေါင်းဆောင် မူလာအိုမာက ဗြိတိန်နိုင်ငံအား ကျေးဇူးတင်ကြောင်း ပြောကြားသည်။

၁၂ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ၂၀၀၀ ပြည့်နှစ် (၅၃) နှစ်မြောက် ပြည်ထောင်စုနေ့ညစ်ခံပွဲနှင့် ညစာစားပွဲကို အလုံလမ်းသမ္မတအိမ်တော်ဝင်းအတွင်းရှိ မြက်ခင်းပြင်တွင်ကျင်းပတည်ခင်းသည်။

အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) ခေါင်းဆောင်များနှင့် ကုလသမဂ္ဂတို့၏ ထိပ်သီးအစည်းအဝေးတစ်ရပ်ကို ထိုင်းနိုင်ငံဗန်ကောက်မြို့တွင် စတင်ဖွင့်လှစ်သည်။

၁၃ ရန်ကုန်တိုင်းလသာမြို့နယ်အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၏ အဆင့်မြင့် Language Lab စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အဆိုပါ ကျောင်းတွင်ကျင်းပသည်။ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် အမှာစကားပြောသည်။

၁၄ ထူထောင်ရန်ကြေညာထားသည့် တက္ကသိုလ် ၁၂ ခုအနက်မှ သိပ္ပံတက္ကသိုလ် လေးခုကို ယခုနှစ်ထဲ၌ ထူထောင်ဖွင့်လှစ်သွားမည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံ သိပ္ပံနှင့်နည်းပညာ ဝန်ကြီး မူဟာမက်နူအာအူဒင်ခန်က ဒါကာမြို့တွင် ပြောကြားလိုက်သည်။

သားသမီးများ မွေးမြူပေးခြင်းဖြင့် အီတလီနိုင်ငံ၏ စီးပွားရေးအခြေအနေပိုမိုတိုးတက်လာစေမည်ဖြစ်ကြောင်း ပြောကြားရင်းအီတလီနိုင်ငံဝန်ကြီးချုပ် မက်ဆီမိုဒီအယ်လ်မာကသားသမီး များများ ယူကြရန် အီတလီပြည်သူများအား နှိုးဆော်တိုက်တွန်းလိုက်သည်။

၁၆ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိသော မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒါတွတ်ခ်ဆရီဆာရတ်ဟာမစ်ဘင်ဆာရတ်ဂျဖာအယ်လ်ဘာနှင့်အဖွဲ့အား ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ

သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် (အရှေ့ပိုင်း) ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၂၀၀၀ ပြည့်နှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အေးသာယာဂေါက်ကွင်းအဆောက်အအုံတွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးနှင့် အဖွဲ့ဝင်များတက်ရောက်အားပေးသည်။

## မတ်လ

၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော မလေးရှားလေတပ်ဦးစီးချုပ် Lt. Gen. Dato Seri Ahmad Saruji Bin Che Rose နှင့်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန၊ ညီရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် အင်းလျားလမ်းတပ်မတော်ဂေဟာတွင် ကချင်ပြည်နယ်အထူးဒေသ (၂) မှ တိုင်းရင်းသားခေါင်းဆောင် ဦးဇော်မိုင်နှင့် အဖွဲ့ဝင်များဖြစ်ကြသော ဦးဇော်တောမ်၊ ဒေါက်တာလဂျာနှင့် ဦးဇော်ရော်တို့အား လက်ခံတွေ့ဆုံသည်။

၁၇ - ၁၈ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် ရန်ကုန်တိုင်း ကိုကိုးကျွန်းမြို့တွင် တည်ထားသည့် ဓိနမာရဓိန်စေတီတော် ရွှေထီးတော်တင်မဟာမင်္ဂလာအခမ်းအနားသို့ အဖွဲ့ဝင်များနှင့်အတူ တက်ရောက်ပြီး ကိုကိုးကျွန်းမြို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၁၇ ဒုတိယကမ္ဘာစစ်ကာလအတွင်းက ဂျူးလူမျိုးတို့အား နာဇီတို့၏ မီးလောင်တိုက်သွင်း ရက်စက်ယုတ်မာမှုများကိုခွင့်လွှတ်ကြပါရန် ဂျာမနီသမ္မတ ဂျိုဟန်နက်စ်ရောက အစ္စရေးလွှတ်တော်တွင် မိန့်ခွန်းပြောကြားစဉ် မေတ္တာရပ်ခံ တောင်းပန်လိုက်ပြီး ဥရောပတွင် ဆီးမိုက်ဝါဒဆန့်ကျင်ရေး (ဂျူးလူမျိုးစွဲ ဝါဒဆန့်ကျင်ရေး) လှုပ်ရှားမှုကို တိုက်ဖျက်သွားမည်ဟု ကတိပေးပြောကြားသည်။

၁၈ ခရိုအေးရှား နိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသော စတစ်မီဆစ်သည် သမ္မတအဖြစ်ကျမ်းသစ္စာကျိန်ဆိုပြီး ခရိုအေးရှားနိုင်ငံအား ဥရောပသမဂ္ဂ (အီးယူ) ဝင်ရောက်ရေး အားပေးမြှင့်တင်ရန် လွတ်လပ်သော ဈေးကွက်စီးပွားရေးထူထောင်ရန် အဓိဌာန်ပြုပြောကြားသည်။

၁၉ - ၂၁ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်နှင့် ဇနီး မဒမ်ဘန်ရာနီဟွန်ဆင်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ညီသည်တော်ဝန်ကြီးချုပ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။ ညီသည်တော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် သုံးရက်ကြာနေထိုင်လည်ပတ်ပြီး ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသည်။

၂၂ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ကြံလုပ်ငန်း၏ အမှတ် (၁၃) သကြားစက် (ဥက္ကံ) ဖွင့်ပွဲအခမ်းအနားကို တိုက်ကြီးမြို့နယ် ဂုံညင်းတန်းကျေးရွာတွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက်ဖွင့်လှစ်ပေးသည်။

၂၂ - ၂၅ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်း



ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ
တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက
ယူဂိုဆလားဗီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး
မစ္စတာ ဇီဗာဒင်အား လက်ခံတွေ့ဆုံစဉ်

ဗိုလ် ချုပ် မှူး ကြီး သန်း ရွှေ သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ရောက်ရှိသော ယူဂိုဆလားဗီးယား ပြည်ထောင်စုသမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးမစ္စတာဇီဗာဒင်၊ ယိုဗာနိုဗစ်ချ်နှင့်အဖွဲ့အား ပြည်သူ့လွှတ်တော် အဆောက်အအုံ သံတမန်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

၄ - ၇ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးမြို့သို့ သွားရောက်သည်။ ထိုမှတစ်ဆင့် စစ်ကိုင်းတိုင်းမှူးမြစ်တံတား တည်ဆောက်ရေးစီမံကိန်း၊ ကျွန်းလှမြို့နယ် သဖန်းဆိပ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၊ ကျေးပင်အက် ရေလှောင်တမံ စီမံကိန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။ ထို့နောက် ကန့်ဘလူမြို့နယ် ကမ္ဘဇလကုန်းတော်တွင် ကျင်းပ သည့် ဗောဓိပင်စိုက်ပျိုးခြင်း မင်္ဂလာအခမ်းအနားသို့တက်ရောက်သည်။ တစ်ဖန် ဟုမ္မလင်း၊ ခန္တီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လှည့်လည်စစ်ဆေးသည်။ ထို့အပြင် ဖားကန့်ရှိ ကျောက်စိမ်းတူးဖော်ရေးစခန်းများနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့ကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိသောလာအိုပြည်သူ့ ဒီမို ကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဘွန်ညံဗိုရာချစ်နှင့် အဖွဲ့ဝင်များအား ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမတွင် တွေ့ဆုံသည်။

၁၂ - ၁၄ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် တာဝန်ရှိသူများလိုက်ပါလျက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့သို့ ရောက်ရှိသည်။ ထိုမှတစ်ဆင့် မိုင်းယွန်းဒေသရှိ မိုင်းယွန်းကျေးရွာသို့ ရောက်ရှိပြီး တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံသည်။ မိုင်းယွန်းကျေးရွာ စပါးစိုက်ခင်းများ၊ လျှပ်စစ်ဓာတ်အားကီလိုဝပ် ၄၀၀ ထုတ်လုပ်သည့် လျှပ်စစ်စက်ရုံ၊ လယ်ယာစိုက်ပျိုးမြေ ဖော်ထုတ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ အတွင်းရေးမှူး (၁) သည် မိုင်းတုံမြို့ အခြေခံပညာအထက်တန်းကျောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။ ထို့နောက် မိုင်းဆတ်မြို့နှင့် ခြောက်မိုင်ကွာရှိ မယ်ပန်ချောင်းရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ ဤလ ၁၃ ရက်

နေ့၌ အတွင်းရေးမှူး (၁)သည် မိုင်းဆတ် တာချီလိတ်သွား ကားလမ်းပေါ်ရှိ နမ့်ခုတ်ငြိမ်းချမ်းရေးတံတား ဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောသည်။ ထို့နောက် မိုင်းယောင်းပြည်သူ့ဆေးရုံ နှင့် အခြေခံပညာအထက်တန်း ကျောင်း၊ တာချီလိတ် မိုင်းဖုန်းကျေးရွာ အုပ်စုရှိ ဟုန်ပန်းကုမ္ပဏီ စပျစ်နှင့် နှင်းသီး စိုက်ပျိုးရေးခြံ စသည်တို့ကို ကြည့်ရှု စစ်ဆေးသည်။ ညပိုင်းတွင် တာချီလိတ် ရွှေတိဂုံစေတီတော်ကို သွားရောက်ဖူး မြော်သည်။ ဤလ ၁၄ ရက်၌ တာချီ လိတ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များကို ကြည့်ရှုစစ်ဆေး သည်။

၁၅ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် သည် အမှတ် (၅) သကြားစက် (မြို့လှ) နှင့် အမှတ် (၁) သကြားစက် (ဒဟတ်ကုန်း) ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်သည်။ မတ္တရာမြို့နယ် စကျင်ကျေးရွာတွင် ဗုဒ္ဓဆင်းတုတော်ထုလုပ်မည့် စကျင်ကျောက်တော်ကြီး မတ်ထူသည့်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ မန္တလေးတိုင်း တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာ အ.မ.က ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်အားပေးသည်။

၁၇ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် သည် တာဝန်ရှိသူများလိုက်ပါလျက် တောင်ငူမြို့သို့ရောက်ရှိပြီး အမှတ် (၇) သကြားစက် (အုတ်တွင်း) စက်သစ် ဖွင့်ပွဲသို့ တက်ရောက်၍ စက်ခလုတ် နှိပ် ဖွင့်လှစ်ပေးသည်။

၁၈ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အမှူးပြု၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက နိုင်ငံတော်သြဝါ ဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာ တော်ကြီးများ၊ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ နှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်း အနားကို တပ်မတော်ဓမ္မာရုံတွင် ကျင်းပသည်။

၁၉ သာသနာတော်ဆိုင်ရာဘွဲ့ တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းပူဇော်အပ်နှင်းပွဲ အခမ်း အနားကို သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးတွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မ တော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီးသန်းရွှေ၏ ဇနီးဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မ တော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း အမှူးပြု၍ နိုင်ငံ တော်ပိုင်းဆိုင်ရာ အကြီးအကဲများ၊ ဌာနဆိုင်ရာ အကြီးအကဲများ စသည် တို့တက်ရောက်ကြသည်။

၂၀ ရန်ကုန်မြို့ လသာမြို့နယ် ၁၉ လမ်း အမှတ် ၁၃၃ တွင် ထိုင်း ယိုင် စားသောက်ဆိုင် ဖွင့်လှစ်ထား သည့် စိုင်းရွက်စောနှင့် ၄င်း၏ဇနီး မနန်းဟွဲ့တို့သည် ဆိုင်သို့ လာရောက် စားသောက်သူ အမျိုးသမီးငယ် အချို့ အား ပြည်ပတွင် အလုပ်အကိုင်ရရှိမည် ဟု ဖြားယောင်းသိမ်းသွင်းပြီး ပြည်တန် ဆာ ကိစ္စအလို့ငှာ မကာအိုသို့ ဗန်ကောက်မှ တစ်ဆင့်ပို့ခဲ့သဖြင့် ၄င်းတို့နှစ်ဦးအား တရားဥပဒေအရ ပြင်းထန်စွာအရေးယူရန် ဖမ်းဆီး လိုက်သည်။



ဗိုလ်ချုပ်ကြီးမောင်အေး ကျေးပင်အက် ရေလှောင်တမံစီမံကိန်းကို
ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားစဉ်

၂၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးသည်မန္တလေးတိုင်း လယ်ဝေး မြို့နယ်အမှတ် (၄) သကြားစက် (တောင်စဉ်အေး) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သကြားစက်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

၂၂ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မှော်ဘီမြို့နယ် ဗဟိုပြည်သူ့ ဆက်ဆံရေးတပ် ပြည်ထောင်စုခန်းမတွင် ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၇) နှင့် အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၂၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် သြဝါဒစကားမြွက်ကြားသည်။

၂၄ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် (၅၅) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ပြသမည့် တပ်မတော်စစ်သမိုင်းပြတိုက်ရှိ ပြခန်းများ ပြင်ဆင်ပြသထားရှိမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

၂၇ ၂၀၀၀ပြည့်နှစ် (၅၅) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတက်ရောက်၍ မိန့်ခွန်းမြွက်ကြားသည်။

၂၈ - ၃၀ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် တာဝန်ရှိသူများလိုက်ပါလျက် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိသည်။ ထိုမှ ရသေ့တောင်မြို့သို့ ဆက်လက်ထွက်ခွာပြီး ရသေ့တောင်မြို့ လက်ရိုးတော် ဓာတုစေတီတော် ရွှေထီးတော်တင်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။ ထို့နောက် ဘူးသီးတောင်မြို့သို့ ဆက်လက်ထွက်ခွာပြီး ဇန္ဒုလခန်းမတွင် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံလျက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးသည်။ ဤလ ၂၉ ရက်နေ့၌ အတွင်းရေးမှူး (၁) သည် ဘူးသီးတောင်မြို့နယ် အလိုတော်ပြည်ကျောင်း အောင်မြေဗောဓိသာသနာ့ရိပ်သာ ပရဝဏ်တွင် တည်ထားကိုးကွယ်သော သဗ္ဗသိဒ္ဓိ အလိုတော်ပြည့် စေတီတော် ရွှေထီးတော်တင်လှူပွဲ မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။ ဤလ ၃၀ ရက်နေ့၌ တောင်ကုတ်မြို့ရှိ ကိုင်းရှည်တံတား ဖွင့်ပွဲသို့ တက်ရောက်သည်။

## ဧပြီလ

၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ် (လေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါ၍ ပြည်မြို့ရှိ စေတီတော်များအား ရွှေထီးတော်နှင့် စိန်ဖူးတော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြပြီး ကျိုးသဲမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးသည်။

၂ ရွှေပြည်သာမြို့နယ် ဝါးတစ်ရာသစ်အခြေခံစက်မှုဇုန်နယ်မြေ၌ ကျင်းပသော တော်ဝင်မိသားစု ကုမ္ပဏီလီမိတက်၏ သစ်အချောထည်နှင့် ပရိဘောဂစက်ရုံဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နိုင်ငံတကာဆိုင်ရာ အကြမ်းဖက် ဝါဒနှင့်အစွန်းရောက်ဝါဒများကို လွတ်လပ်သော ဓနသဟာယနိုင်ငံများအဖွဲ့ (စီအိုင်အက်စ်) ဝင်နိုင်ငံများ စုပေါင်းတိုက်ဖျက်သွားကြရန် ရုရှားကာကွယ်ရေးဝန်ကြီး အစ်ဂေါ် ဆာဂျိယဲဗ်က တိုက်တွန်းလိုက်သည်။

၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူး ကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr, chen Yao bang နှင့် အဖွဲ့ဝင်များအား ပြည်သူ့လွှတ်တော် အ ဆောက် အ အုံ ရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



ကိုဇိုအိုဘူချီ၏ နေရာတွင် အစားထိုးရွေးချယ်ခန့်အပ်ခံရသည့် ဂျပန်ဝန်ကြီးချုပ်သစ် ယိုရှီရိုမိုရီ

တရုတ်ပြည်သည် ဗီယက်နမ်နိုင်ငံနှင့် အိမ်နီးချင်းကောင်းပီသပြီး ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးများကို အစဉ်တိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ ကွန်ဂရက်ဥက္ကဋ္ဌ လီဖုန်းက ပီကင်းမြို့ တွင် ပြောကြားလိုက်သည်။

၅ – ၁၈ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး၊ အတွင်းရေးမှူး (၃) ဒုတိယ ဗိုလ်ချုပ်ကြီး ဝင်းမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညွန့်သိန်းနှင့် ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ကျော်သန်း၊ ဒုတိယဝန်ကြီးချုပ်ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ ဒုတိယဝန်ကြီးချုပ်နှင့် တပ်မတော်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးတင်လှ၊ ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် အတူ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ရခိုင်ပြည်နယ်များသို့ လှည့်လည်သွားရောက်သည်။

၅ အသစ် ရွေးချယ် ခန့်ထားခံရသည့် ဂျပန်ဝန်ကြီးချုပ် ယိုရှီရို မိုရီသည် ယခင်ဝန်ကြီးချုပ် ကိုဇိုအိုဘူချီ၏ အစိုးရအဖွဲ့မှ ဝန်ကြီးများအားလုံးကို ပြန်လည်ခန့်ထားလိုက်ပြီး ၎င်း၏ကိုယ်ပိုင် အစိုးရအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

၇ အသစ်ရွေးချယ်ခြင်း ခံထားရသည့် ဂျပန်ဝန်ကြီးချုပ် ယိုရှီရိုမိုရီသည် စီးပွားရေးနာလန်ထူမှုနှင့် ပညာရေးပြုပြင်ပြောင်းလဲမှုကဲ့သို့ လုပ်ငန်းဆောင်ရွက်မှုအဆင့်များမှ တစ်ဆင့် ဂျပန်နိုင်ငံပြန်လည်ရှင်သန်ထမြောက်မှုအောင်မြင်စေမည်ဟု ကတိပြုအာမခံချက် ပေးလိုက်သည်။

၁၀ ယူဂိုဆလားဗီးယားနိုင်ငံရှိ တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံရုံးကိုအမေရိကန်တို့ဗုံးကြဲဖျက်ဆီးခဲ့ခြင်းနှင့်ပတ်သက်၍အနှစ်သာရပြည့်ဝပြီး စောဒကတက်စရာမလိုသည့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန်၊ ပြစ်မှုကျူးလွန်သူကို ရုံးတင်စစ်ဆေးရန်နှင့် တရုတ်အစိုးရနှင့်ပြည်သူများကျေနပ်လောက်အောင်ရှင်းလင်းပြောကြားရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရကအမေရိကန်ပြည်ထောင်စုအစိုးရအား ပြင်းပြင်းထန်ထန် တောင်းဆိုလိုက်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ကျူဘန်ဇောင်က ပီကင်းမြို့တွင် ပြောကြားလိုက်သည်။

၁၄ ရုရှားပါလီမန်အောက်လွှတ်တော် (ဒူးမား)က မဟာဗျူဟာ ဗျူကလီးယားလက်နက်များလျှော့ချရေး စာချုပ် (စတတ် – ၂) အား အတည်ပြုလိုက်ခြင်းကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ကြိုဆိုလိုက်သည်။

၁၇ ရွေးကောက်ပွဲတွင်အနိုင်ရရှိပြီးနောက်ပထမဆုံးအကြိမ်အဖြစ် နိုင်ငံခြားသို့ ခရီးထွက်လာသော ရုရှားသမ္မတအဖြစ် အရွေးခံထားရသည့် ဗလာဒီမာပူတင်သည် ဗြိတိသျှ ဝန်ကြီးချုပ်တိုနီဘလဲနှင့် ဒေါင်းနင်းလမ်းရှိ ဝန်ကြီးချုပ်၏ နေအိမ်၌တွေ့ဆုံဆွေးနွေးသည်။

၂၀ ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း ဆာကောပြည်နယ် အရန်ညာပရာသက်ခရိုင် နယ်စပ်တစ်လျှောက်တွင် ပြုလုပ်မည့်ဆောက်လုပ်ရေးစီမံကိန်း တစ်ခုကြောင့် ဖြစ်ပေါ်လာသည့် ထိုင်း နှင့် ကမ္ဘောဒီးယား နယ်စပ်ပြဿနာကို ထိုင်းအစိုးရနှင့် ကမ္ဘောဒီးယားအစိုးရတို့မှအားဖြင့်ပြေလည်အောင်ဖြေရှင်းနိုင်ကြပြီဖြစ်ကြောင်း ထိုင်းအစိုးရသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

၂၂ မြန်မာနိုင်ငံ တံဆိပ်ခေါင်းအသင်း၏ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် "အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ အနုပညာ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံ များဆိုင်ရာ ချစ်ကြည်ရေး ဖိတ်ခေါ်တံဆိပ်ခေါင်းပြပွဲ" နှင့် "ရွှေရတု အထိမ်းအမှတ် မြန်မာနိုင်ငံလုံးဆိုင်ရာ တံဆိပ်ခေါင်းပြပွဲ" များမှ ဆုရတံဆိပ်ခေါင်းများ၊ အနုပညာလက်ရာမြောက်တံဆိပ်ခေါင်းများ၊ တံဆိပ်ခေါင်းပညာရှင်ကြီးများ၏ လက်စွမ်းပြတံဆိပ်ခေါင်းများနှင့်ရှေးခေတ်ဟောင်းရှားပါး တံဆိပ်ခေါင်းများအား ခင်းကျင်းပြသသည့် မြန်မာ




အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံတတ်ပုံအသင်း ရွှေရတုအထိမ်းအမှတ်မြန်မာနိုင်ငံလုံးဆိုင်ရာဓာတ်ပုံပြပွဲကိုကြည့်ရှုချီးမြှင့်စဉ်

နိုင်ငံဓာတ်ပုံအသင်း ရွှေရတု အထိမ်းအမှတ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာနိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် ချီးမြှင့်သည်။

၂၅ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ လိုက်ပါလျက် တပ်မတော် ခန်းမ၌ ပြသထားသော မြန်မာနိုင်ငံ ဓာတ်ပုံအသင်း ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြပွဲ ကြီးသို့ သွားရောက်၍လှည့်လည်ကြည့်ရှု အားပေးသည်။

ချူကလီးယားစစ်ပွဲ ဖြစ်ပွားမည့် ခြိမ်းခြောက်မှု အန္တရာယ်သည်၂၁ရာစု နှစ်အစတွင် အလွန်အမင်းကြောက်စရာကောင်းလောက်အောင် ရှိမြဲရှိနေသည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကိုဖီအန်နန်ကပြောကြားလိုက်သည်။

၂၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်၊ သားသမီးမြေးတစ်စုနှင့် ဆွေမျိုးသားချင်း မိသားစုများ၏ အလှူတော်မင်္ဂလာ အခမ်းအနားကို ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပုလဲရတနာလမ်းရှိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီး၏ နိကာယ်စာသင်တိုက် ဆွမ်းစားကျောင်းဆောင်၌ ကျင်းပသည်။

၂၇ ရန်ကုန်ရေကူးအသင်း နွေရာသီ အထူးရေကူး သင်တန်း (၁/၂၀၀၀) ဆင်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိအမျိုးသားရေကူးကန်၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသား အိုလံပစ် ကောင်စီဥက္ကဋ္ဌနိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ သင်တန်းဆင်း လက်မှတ်နှင့် ထူးချွန်ဆုများ ချီးမြှင့်သည်။

၂၈ ဥရောပတိုက် စည်းလုံးညီညွတ်ရေး ကြိုးပမ်းမှုအဖြစ် ဗဟို ဥရောပ ၁၂နိုင်ငံမှ သမ္မတများသည် ဟန်ဂေရီနိုင်ငံ ဘာလာတန်ရေအိုင်ကြီး၏ကမ်းခြေတွင် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကျစ်လျစ်ခိုင်မာရေးနည်းလမ်းများကို ညှိနှိုင်းဆွေးနွေးကြကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။

၂၉ မြန်မာ အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း ၁၉၉၉–၂၀၀၀ပြည့်နှစ် နှစ်ပတ်လည် အစည်းအဝေးကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေး လုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ အမှာစကား ပြောကြားသည်။

၃၀ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ အတွင်းရေးမှူး(၃)ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊ ဝန်ကြီးများ၊တပ်မတော်အရာရှိကြီးများ လိုက်ပါလျက်ရှမ်းပြည်နယ်မြောက်ပိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## မေလ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်
၁ ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ် ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့် စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၇) နှင့် အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၂၁) ဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း သြဝါဒစကားမြွက်ကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေး
၃ နှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်သန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သူရရွှေမန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ် တင်အေး၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဥတိုကြာအင်း ဒေသ လယ်ယာစိုက်ပျိုးရေးစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၄ နိုင်ငံတော်အေးချမ်းသာယာရေး
– နှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ
၁၀ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၊ အတွင်းရေးမှူး (၃) ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့် ကာကွယ်ရေး ဦးစီးချုပ် (ရေ) ဒုတိယ ဗိုလ်ချုပ်ကြီး ညွန့်သိန်းနှင့် ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်သန်း၊ ဒုတိယဝန်ကြီးချုပ်နှင့် တပ်မတော်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး တင်လှနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့်အတူ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကယားပြည်နယ်များသို့သွားရောက်၍ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မဇ္ဈတာဗလာဒီမာပူတင်သည်
၇ ကရင်မလင်နန်းတော်တွင် ရုရှားသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည့် အခမ်းအနားကျင်းပသည်။

၈ နယ်စပ်ဒေသနှင့်တိုင်းရင်းသား
– လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်
၁၁ မှု အကောင်အထည်ဖော်ရေး လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် တာဝန်ရှိသူများ လိုက်ပါလျက် ကချင်ပြည်နယ်၊ မန္တလေး တိုင်း၊ ရှမ်း ပြည် နယ် (မြောက်ပိုင်း) သို့ သွားရောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လှည့်လည်စစ်ဆေးကြည့်ရှုသည်။



ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ၏ သမ္မတဖြစ်လာသည့် ဗလာဒီမာပူတင်



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးအား ကြိုဆိုစဉ်

၁၀ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက အိမ်ရှင်နိုင်ငံအဖြစ် ပထမဦးဆုံးအကြိမ် လက်ခံကျင်းပသည့် အကြိမ် (၂၀)မြောက် အာဆီယံရဲချုပ်များ ညီလာခံကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိကုန်သည်ကြီးများဟိုတယ်တွင် ဤလ ၈ ရက်မှ ၁၀ ရက်နေ့အထိ အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

၁၁ မိမိသည်တိုင်းပြည်ကို ဆက်လက်ဦးဆောင်သွားမည် ဖြစ်ကြောင်း မလေးရှားနိုင်ငံ၏ အင်အားအကြီးမားဆုံး နိုင်ငံရေးပါတီ ဖြစ်သည့် မလေးရှားအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ (ယူအမ်အင်အို) ၏ အထွေထွေညီလာခံတွင် ဝန်ကြီးချုပ် မဟာသီမိုဟာမက်က အတည်ပြုပြောကြားသည်။ ၎င်းသည် ပါတီ၏ ၂၀၀၀-၂၀၀၃ သက်တမ်းအတွက် ဥက္ကဋ္ဌလည်းဖြစ်သည်။

၁၂ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်နှင့်ဇနီးမဒမ်ငုယင်ဆီဆောင်းတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် အတွက် အထူးလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

၁၅ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မေ ၁၂ ရက်မှစတင်၍ ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်နှင့် ဇနီးမဒမ်ငုယင်ဆီဆောင်းတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

၁၇ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အမှတ် (၂၀)ရပ်ကွက်၌ တည်ထားကိုးကွယ်မည့် အောင်ဇောဓိ ဆုတောင်းပြည့် စေတီတော် ရတနာအုတ်မြစ်တော်စီနှင့် စေတီတော်အတွက် အလှူတော်ငွေပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို အဆိုပါ စေတီတော်တည်ထားမည့် နေရာ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ရတနာအုတ်မြစ်စီပြီး အလှူငွေများ လက်ခံသည်။

၁၈ ရုရှားသမ္မတ ဗလာဒီမာပူတင်သည် တာရှ်ကင့်မြို့တော်တွင် အာရှအလယ်ပိုင်းရှိ ယခင်ဆိုဗီယက်သမ္မတနိုင်ငံဟောင်းများအား ဘာသာရေး အစွန်းရောက်ဝါဒနှင့် အကြမ်းဖက်ဝါဒကို ပူးပေါင်းနှိမ်နင်းတိုက်ဖျက်သွားကြရန် တိုက်တွန်းပြောကြားလိုက်သည်။

၂၀ မြန်မာနိုင်ငံ၏ ပရိယတ္တိ သာသနာတွင်အဆင့်အမြင့်ဆုံးကျင်းပခဲ့သော တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး၏ (၅၂) ကြိမ်မြောက် စာမေးပွဲကြီးတွင် ဖြေဆိုအောင်မြင်တော်မူကြသော တိပိဋကဓရ တိပိ

ဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် သာသနာ့ အာဇာနည် အရှင်မြတ်တို့အား ဘွဲ့တံဆိပ်နှင့် အောင်လက်မှတ်ဆက်ကပ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြပြီး ဗိုလ်ချုပ်ကြီးမောင်အေးက တိပိဋကဓရကောဝိဒ ဘွဲ့တံဆိပ်တော်ရအရှင်သီလက္ခန္ဓာဘိဝံသအား အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းသည်။

၂၂ မီယက်နမ်နိုင်ငံသည် စီးပွားရေးနှင့်ယဉ်ကျေးမှုကဏ္ဍတွင် ပြင်သစ်နိုင်ငံနှင့် ဆက်ဆံရေးပိုမို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက် သွားရန် မျှော်မှန်းထားကြောင်း မီယက်နမ် ကွန်မြူနစ်ပါတီ အကြီးအကဲ မီယက်နမ် ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူးလီခါဖီယူက ပြင်သစ်နိုင်ငံသို့ လာရောက်လည်ပတ်စဉ် ပြင်သစ်သမ္မတ ဂျက်ရှီရက်နှင့် တွေ့ဆုံရာ၌ ပြောကြားသည်။

၂၄ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး၏ ဖိတ်ကြားချက်အရ မလေးရှား တပ်မတော် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) Gen. Datoseri Md Hashim Bin Hussein နှင့် ဇနီး နှင့် အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန်အတွက် အထူးလေယာဉ်ဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

၂၆ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် တာဝန်ရှိသူများလိုက်ပါလျက် ရှမ်းပြည်နယ် (အရှေ့ပိုင်း)သို့ သွားရောက်၍ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

၂၈ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့သော မလေးရှား တပ်မတော် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) Gen. Dato seri Md Hashim Bin Hussein နှင့် ဇနီးနှင့် အဖွဲ့သည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်မစ္စတာ အစ်စမေးလ်အာမက် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာသည်။

## ဇွန်လ

၂ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာအစ်စမေးလ်အာမက်နှင့်အဖွဲ့အား ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၃ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ် ခင်မောင်သန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ် (လေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်းကျောက်တန်းမြို့နယ် ပီလခတ်ကျေးရွာရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ခေတ်မီစံပြလယ်ယာအထူးဇုန်စီမံကိန်း လုပ်ငန်းခွင်သို့သွားရောက်၍ ကြည့်ရှုစစ်ဆေးမှာကြားသည်။

၄ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁)

ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံတွင် မေ ၃၁ ရက်မှစတင်၍ ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာအစ်စမေးလ်အာမက် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

၅ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဟူကျင်တောင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်သည်။

၆ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဂျပန်နိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ကွယ်လွန်သူဂျပန်ဝန်ကြီးချုပ်ဟောင်း မစ္စတာကိုဇိုအိုဘူချိ၏ ဈာပနအခမ်းအနားသို့ တက်ရောက်ရန် လေကြောင်းခရီးဖြင့်ထွက်ခွာသွားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ အထူးကိုယ်စားလှယ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်သည်။

၇ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးသည် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၏ ပုစွန်မွေးမြူထုတ်လုပ်မှုအပေါ် ပြန်လည်သုံးသပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

၁၁ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီဥက္ကဋ္ဌ လီဖုန်းသည် ယူဂိုဆလားဗီးယားနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီးစတင်ရန် ဘဲလ်ဂရိတ်မြို့သို့ရောက်ရှိလာရာ ဘဲလ်ဂရိတ်မြို့ရှိ ဆာစင်လေဆိပ်၌ လီဖုန်းအား ယူဂိုဆလားဗီးယားပြည်ထောင်စုသမ္မတနိုင်ငံ၏ ပြည်ထောင်စုလွှတ်တော်နိုင်ငံသားများအသင်းဥက္ကဋ္ဌ၊ မီလိုမီယာမီနစ်နှင့် ပြည်ထောင်စုလွှတ်တော်သမ္မတနိုင်ငံများအသင်းဥက္ကဋ္ဌ၊ ဆာ့ဒ်ဂျာဘိုဇိုဗစ်တို့က ကြိုဆိုနှုတ်ခွန်းဆက်ကြသည်။

၁၂ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဟူကျင်တောင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်လည်ပတ်ခဲ့ပြီး အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီး မောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့ ခေါင်းဆောင်သည့် မြန်မာကိုယ်စား လှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

တောင်ကိုရီးယားသမ္မတ ကင်မ်ဒေးယုံသည် နှစ်နိုင်ငံတင်းမာနေမှု လျော့ကျရေးရည်ရွယ်ချက်ဖြင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ယွန်အီနှင့် ထိပ်သီးဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ရန် ပြုံယမ်းသို့ ရောက်ရှိလာသည်။



မြောက်ကိုရီးယားနိုင်ငံသို့ လာရောက်ကာ ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်အပြီး ပြန်လည်ထွက်ခွာသွားသည့် တောင်ကိုရီးယားသမ္မတ ကင်မ်ဒေးယုံအား မြောက်ကိုရီးယားသမ္မတ ကင်မ်ယွန်အီက လေယာဉ်အောက်မှ လက်ဝှေ့ယမ်းနှုတ်ဆက်နေစဉ်

၁၆ – ၂၀ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ စစ်ဦးစီးအရာရှိချုပ် (လေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းများသို့ သွားရောက်၍ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၁၈ ဗဟိုအမေရိကတိုက် ခြောက်နိုင်ငံမှသမ္မတများ၏ ဒေသဆိုင်ရာပေါင်းစည်းညီညွတ်မှုကို ရှေးရှုသည့် ဆောင်ရွက်မှုများကို နှောင့်နှေးစေသောကုန်သွယ်ရေးနှင့်နယ်စပ်ဒေသ အငြင်းပွားမှုများ ဖြေရှင်းရေးဆွေးနွေးပွဲသည် ပေါက်မြောက်အောင်မြင်ပြီး အပြုသဘောဆောင်ခဲ့ကြောင်း၊ ပနားမားနိုင်ငံ အမျိုးသမီးသမ္မတ မီရီယာ မော့စ်ကိုဆိုက ပြောကြားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၁၉ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်တိုင်းမှော်ဘီမြို့နယ်ရှိ ရန်ကုန်တိုင်းဟင်းသီးဟင်းရွက်စိုက်ပျိုးရေး အထူးဇုန်နှင့် ရန်ကုန် – ငါးဆူတောင် – ပဲခူးအမြန်လမ်းမကြီးဖောက်လုပ်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုး ရေးလုပ်ငန်းများကို တိုးမြှင့်ပြုလုပ်နိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာ နည်းလမ်းဖြင့်လည်းကောင်း၊ ပညာရေးနည်းလမ်းဖြင့်လည်းကောင်း၊ တိုင်းပြည်ပြန် လည်ဆန်းသစ်ရေး နည်းဗျူဟာကို အကောင်အထည်ဖော်လျက်ရှိကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ကျန်ဇီမင်းက ပြောကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် လှိုင်သာယာမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့ကို ဆက်သွယ်မည့် အောင်ဇေယျတံတားစီမံကိန်းလုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

၂၂ တရုတ်ပြည်တွင် ငါးရက်ကြာ တရားဝင်အလည်အပတ်ခရီး ရောက်ရှိနေသည့် အီရန်သမ္မတ မိုဟာမက်ခါတာမီသည် တရုတ်သမ္မတ ကျန်ဇီမင်းနှင့် တွေ့ဆုံဆွေးနွေးကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ရေးသားဖော်ပြသည်။

၂၃ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ (၁၄) ကြိမ်မြောက် ဖျက်ဆီးသည့် အခမ်းအနားကို ရန်ကုန်မြို့မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်းရှိ အောင်သပြေရဲရိပ်သာဝင်းအတွင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်သည်။

၂၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တော်၌ တည်ဆောက်လျက်ရှိသည့် တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၂၇ ဗီယက်နမ်နိုင်ငံတွင် အာဏာအရှိဆုံးဖြစ်သော ဗီယက်နမ်အာဏာရ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အဓိကအရေးကြီးသောအစည်းအဝေးကြီးကို စတင်ကျင်းပသည်။ အဆိုပါ အစည်းအဝေးတွင် နိုင်ငံပိုင်အခန်းကဏ္ဍ၏ အနာဂတ်အရေးနှင့် ကမ္ဘာ့စီးပွား ရေးလောကတွင် ပါဝင်ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြမည် ဖြစ်သည်ဟု နိုင်ငံပိုင် ဗီယက်နမ် သတင်းဌာနက ဖော်ပြသည်။

၂၈ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်တိုင်းမှော်ဘီမြို့နယ်ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ်ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၅)၊ အမှုဆောင်များစီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၂၂) နှင့် နိုင်ငံတကာဆက်ဆံရေးသင်တန်းအမှတ်စဉ် (၅) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်ဩဝါဒစကား မြွက်ကြားသည်။

ဗီယက်နမ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုနှင့်



မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအပြီး အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်အား စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များနှင့်အတူ တွေ့ရစဉ်

ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံကြီးပမ်းအားထုတ်မှုကြောင့် ၂၁ ရာစုတွင် ဆက်လက်ရှင်သန်ဖွံ့ဖြိုးနေဦးမည် ဟုယုံကြည်ကြောင်း ဗီယက်နမ်သမ္မတ ထရန်ဒက်လွန်က ဟနွိုင်းမြို့တွင် ထုတ်ဖော်ပြောကြားသည်။

၂၉ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမဧကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

၃၀ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Mr. Razali Ismail နှင့် အဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာန ညီရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

## ဇူလိုင်လ

၃ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိလာသော အိန္ဒိယကြည်းတပ် ဦးစီးချုပ် General V.P-Malik နှင့်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ ထပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးနှင့် အစိုးရအဖွဲ့ဝင်များက ကြိုဆိုကြသည်။

၄ ဂျပန်နိုင်ငံ၊ အိုကီနာဝါကျွန်းတောင်ပိုင်းတွင် အသက် ၁၄ နှစ် အရွယ်ရှိ ကျောင်းသူတစ်ဦးအား ဗလက္ကာရပြုမှုအတွက် အမေရိကန်မရိန်းတပ်သားတစ်ဦးအား ဖမ်းဆီးအရေးယူလိုက်ကြောင်း၊ အိုကီနာဝါရဲအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

၆ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အိန္ဒိယကြည်းတပ် ဦးစီးချုပ် General V. P. Malik နှင့်အဖွဲ့အား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၇ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးသည်ရန်ကုန်မြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရေ၊ ထားဝယ်၊ မြိတ်၊ တနင်္သာရီ၊ ဘုတ်ပြင်း၊ ကော့သောင်း ကားလမ်းဖောက်လုပ်ရေးနှင့် စပ်လျဉ်းသည့်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

၈ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ အစိုးရအဖွဲ့အကြီးအကဲနှင့် ပါကစ္စတန် တပ်မတော်ပူးတွဲစစ်ဦးစီးချုပ်ကော်မတီ ဥက္ကဋ္ဌဗိုလ်ချုပ်ကြီး ပါဗက်မူရှာရက်ဖ်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်
(ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး က အိန္ဒိယကြည်းတပ်ဦးစီးချုပ်အား
ကြိုဆိုနှုတ်ဆက်စဉ်

၏ ဖိတ်ကြားချက်အရ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး အလည်အပတ်သွားရောက်ခဲ့ပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိလာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

အီတလီနိုင်ငံ ရောမမြို့တော်၌ ရောက်ရှိနေသော ညီ့သည်တော် တရုတ်ဝန်ကြီးချုပ် ကျူရုံကျီသည် အီတလီသမ္မတ ကာလိုအဇက်လီယိုစီအမ်ပီနှင့် တွေ့ဆုံဆွေးနွေးပြီး နှစ်ဖက်ဆက်ဆံရေးကို တိုးမြှင့်သွားရန် သဘောတူလိုက်ကြကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

နိုင်ငံတော်အေးချမ်းသာယာရေး
၁၀ နှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် ရှမ်းပြည်နယ်၊ မိုင်းရှူးမြို့နယ်ရှိ မိုင်းရှူးရတနာမြေမှထွက်ရှိသည့် ကျောက်မျက်ရတနာများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေး
၁၁ နှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် မန္တလေးတိုင်း၊ ကျောက်ဆည်မြို့နယ်၊ ရဲရွာရေအား လျှပ်စစ်စီမံကိန်းနှင့် ပေါင်းလောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းများကို စစ်ဆေးသည်။

ထိုင်ဝမ်အပါအဝင် အမေရိကန်ပြည်ထောင်စုတွင် ဒုံးပျံကာကွယ်ရေးတံတိုင်းတည်ဆောက်ရေးအဆိုပြုချက်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပြင်းပြင်းထန်ထန်ကန့်ကွက်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က ပြောကြားခဲ့သည်ဟု တရုတ်အစိုးရသတင်းစာက ဖော်ပြသည်။

၂၀၀၀ပြည့်နှစ်၊ ၁၁ကြိမ်မြောက်၊
၁၄ ဖူကုအိုက အာရှယဉ်ကျေးမှုဆု၊ ပညာရေးကဏ္ဍဆုရှင်၊ ဒေါက်တာသန်းထွန်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊
၁၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဒုတိယဥက္ကဋ္ဌ၊ ဗိုလ်ချုပ်ကြီးမောင်အေး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဟူကျင်တောင်နှင့်ဇနီး မဒမ်လျှို့ယုံကျင်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၊ ရန်ကုန်မြို့သို့ရောက်ရှိလာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဗိုလ်ချုပ်ကြီးမောင်အေးနှင့် အစိုးရအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊
၁၇ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒုတိယသမ္မတ မစ္စတာဟူကျင်တောင်နှင့် အဖွဲ့အား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်အေးချမ်းသာယာရေး
၁၈ နှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဗိုလ်ချုပ်ကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က ချစ်ကြည်ရေးခရီး

ပြီးဆုံး၍ ပြည်လည်ထွက်ခွာသွားသော ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ဒုတိယသမ္မတ ဟူကျင်တောင် နှင့် ဇနီး မဒမ်လျူ ယုံကျင်နှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်သည်။

၂၂ ရန်ကုန်တိုင်းလှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်း တက္ကသိုလ် နဝရတ်ခန်းမ၌ ကျင်းပသော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၄၀) သင်တန်းဆင်းပွဲအခမ်းအနားသို့ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၃ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပသော အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၆) သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး မန္တလေး၊ ဗန်းမော်ပြည်ထောင်စုကားလမ်းပေါ်ရှိ ရွှေလီတံတား (ငါးအိုး) တည်ဆောက်ရေးလုပ်ငန်းနှင့် စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် ရွှေဘိုမြစ်ကြီးနား ကားလမ်းပေါ်ရှိ မဲဇာတံတား တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၂၄ မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ စကျင်တောင်ခြေ ရတနာရွှေဖောင်တော်ဆိပ်မှ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား ရန်ကုန်မြို့သို့ စတင်ပင့်ဆောင်သည့် အခမ်းအနားကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအဖွဲ့ ကိုယ်စား၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်သည်။

၂၅ မန္တလေးမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဂေါဝိန်ဆိပ်ကမ်းတွင် ကျင်းပသော လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ကြိုဆိုပူဇော်ပွဲ အခမ်းအနားသို့တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

၂၇ ထောင်စုနှစ် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ (New Millenium International Trade Exhibition) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာနတွင် ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက်ချီးမြှင့်သည်။

၂၈ ဗဟိုသမဝါယမကောလိပ်၊ စတုတ္တအကြိမ် ဒီပလိုမာ အပ်နှင်းပွဲအခမ်းအနားကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ထူးချွန်ဆုရ ကျောင်းသူကျောင်းသားများအား ဆုများချီးမြှင့်ပေးအပ်သည်။

၃၀ ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့၊အရှေ့ပိုင်းရပ်ကွက်အခြေခံပညာမူလတန်းကျောင်း၊ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့်သင်ကြားမှုသင်ယူမှုအထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲ အခမ်းအနားကို အဆိုပါကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောသည်။

ပါလက်စတိုင်း ခေါင်းဆောင်ယာဆာအာရာဖတ်သည် အောင်မြင်မှုမရသော ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ၎င်း၏ရပ်တည်ချက်အတွက် နိုင်ငံတကာ၏ထောက်ခံမှုရယူရန် ခရီးလှည့်လည်ကြိုးပမ်းလျက်ရှိပြီး မဖြစ်နိုင်သည်ကို စိတ်ကူးယဉ်ခြင်းထက် အစ္စရေးနှင့် ရရှိထားသော သဘောတူချက်များကို မိမိအကောင်အထည်ဖော်သွားလိုသည်ဟု ပြောဆိုလိုက်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင် ရွက်မှုကို နားလည်သဘောပေါက် ထားပြီး စီးပွားရေးနှင့် ကုန်သွယ်ရေးကို တိုးမြှင့်ရန် ကြိုးပမ်းသွားမည် ဖြစ်သည်ဟု မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးပေ့စ်နမ်ဆန်နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်တို့ အစည်းအဝေးပြုလုပ်အပြီးတွင် ကမ္ဘောဒီးယားအရာရှိများက ပြောဆိုကြသည်။

## ဩဂုတ်လ

၁ ဗြိတိန်၌ရှိ အခြေစိုက် စခန်းကို အမှီသဟဲပြုထားသော အမေရိကန်ပြည်ထောင်စု၏ ဒုံးပျံကာကွယ်ရေးစနစ်သစ်သည် လက်နက်ပြိုင်ဆိုင်မှုအသစ် ဖြစ်လာနိုင်သည်ဟု ဗြိတိသျှပါလီမန်အမတ်များက သတိပေးလိုက်သည်။

၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်မြို့ မဟာရွှေမြင်းမိုရ်စူဠာမဏိတတ်ပေါင်းစုစေတီတော်ကြီးအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံဆင့်များ တင်လှူပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညို ပူဇော်သည်။

၄ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ် ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထူးမွမ်းမံသင်တန်း၊ အမှတ်စဉ် (၅) နှင့် အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၂၂) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း ဩဝါဒစကား မြွက်ကြားသည်။

၅ ကမ္ဘာပေါ်တွင် အကြီးဆုံး ကျောက်တော်ကြီးရုပ်ပွားဆင်းတုတော်တစ်ဆူဖြစ်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင်မှ မန္တလေးတိုင်း မတ္တရာမြို့နယ် စကျင်တောင်မှ ထူးခြားစွာပေါ်ထွက်လာသော အလျား ၃၇ ပေကျော်၊ အနံ ၂၄ ပေ၊ ဒု ၁၁ ပေကျော်၊ အလေးချိန် တန် ၅၀၀ ခန့် ရှိ၍ အပြစ်အနာအဆာကင်းသော သလင်းကျောက်ဖြူတုံးကြီးကိုထုလုပ်ထားသည့် တစ်လောကလုံး ချမ်းသာ၍ ဖူးမြော်ကြည်ညိုကိုးကွယ်ကြသူတို့ ဘေးအန္တရာယ်အသွယ်သွယ်မှ ကင်းဝေးပြီး ချမ်းသာကြီးပွားမှုကိုလည်း ပေးစွမ်းနိုင်သည့် လောကချမ်းသာ အဘယ လာဘမုနိရုပ်ပွားတော်မြတ်ကြီးအား ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်သို့ ကိန်းဝပ်အပူဇော်ခံရန် မန္တလေးတိုင်း၊ မတ္တရာမြို့နယ် စကျင်တောင်ခြေရှိ ရတနာရွှေဖောင်တော်ဆိပ်မှ လှေတော် ဝင်း၊ ရာဇာဝင်း၊ ဒေဝါဝင်းများ ခင်း၍ သုံးလူတောက်ပ ရတနာရွှေဖောင်တော် ကြီးဖြင့် စတင်ပင့်ဆောင်ခဲ့ပြီး ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းရှိ ရတနာရွှေဖောင်တော်ဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး (၃) ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်နှင့် ပြည်သူလူထု ထောင်ပေါင်းများစွာတို့က ဝမ်းပန်းတသာ အံ့ဖွယ်ဘနန်း လှိုက်လှဲစွာကြိုဆို ဖူးမြော်ကြသည်။



ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ် ရတနာရွှေဖောင်တော်ဆိပ်သို့ ဆိုက်ရောက်တော်မူလာသော အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီးဒေါ်ကြိုင်ကြိုင်နဲ့သာရေပက်ဖျန်းပူဇော်နေစဉ်

အမေရိကန်သမ္မတအိမ်တော် အိမ်ဖြူရှေ့တွင် လူ ၃၀၀၀ ခန့်သည် စုရုံး၍ "ပိတ်ပင်အရေးယူမှုကို အခုရပ်ပစ်" ဟု ဟစ်အော်ကြလျက် အီရတ်နိုင်ငံအား ကာလကြာမြင့်စွာ ပိတ်ပင်အရေးယူထားခြင်းကို လူထုစည်းဝေးလုပ်ပြီး ကန့်ကွက်ဆန္ဒပြသည်။

၈ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိလာသော ကမ္ဘောဒီးယားနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် မစ္စတာဆာခိန်းနှင့်အဖွဲ့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)


ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

၁၀ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့ သည် ၂၁ ရာစုနှစ်အတွင်း၌ ပိုမို၍ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်း ဆောင်ရွက်ကာ အိမ်နီးချင်းကောင်း ပီသမှုတွင် အသစ်တဖန် ပြောင်းလဲတိုး တက်စေပြီး ဘက်ပေါင်းစုံ၌ ပူးပေါင်း ဆောင်ရွက်သွားသင့်ကြကြောင်း ဗီယက်နမ်သမ္မတထရန်ဒတ်လောင် က ပြောကြားလိုက်သည်။

၁၁ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာ နိုင်ငံတွင် ချစ်ကြည်ရေးခရီးအလည် အပတ်ရောက်ရှိနေသော ကမ္ဘောဒီး ယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဆာခိန်းနှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့၊ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၁၂ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်း ရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦး သည် ရန်ကုန်တိုင်းနှင့်ပဲခူးတိုင်းနယ်စပ် ဆက်စပ်နယ်မြေဒေသများသို့ လှည့် လည်သွားရောက်ပြီး၊ ငါး၊ ပုစွန်မွေးမြူ ရေးလုပ်ငန်းများ၊ လက္ခမ်းပြင် ရေလှောင် တမန် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦး သည် မကွေးတိုင်း ရေစကြိုမြို့၊ ဂန့်ဂေါ မြို့နယ် ပုံညာတောင်ဥမင်တည်ဆောက် ပြီးစီးမှု အခြေအနေ၊ ချောင်းဦး၊ ပခုက္ကူ၊ ဂန့်ဂေါ၊ ကလေးရထားလမ်း၊ ပေါက်မြို့ နှင့် ပခုက္ကူမြို့၊ ကုက္ကိုလှ လျှပ်စစ်မြစ် ရေတင်စီမံကိန်း၊ ပခုက္ကူ စက်မှုဇုန် တို့ကို သွားရောက် ကြည့်ရှုစစ်ဆေး သည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံစဉ်

၁၇ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦး သည် အင်းစိန်မြို့နယ်ရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ မွေးမြူ ရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

လွတ်လပ်သော ပါလက်စတိုင်း နိုင်ငံထူထောင်ကြောင်း ကြေညာချက် ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ထောက်ခံ ကြောင်း ညှိသည်တော်ပါလက်စတိုင်း ခေါင်းဆောင် ယာဆာအာရာဖတ်အား ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီ နာက ထုတ်ဖော်ပြောကြားကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၁၉ နိုင်ငံတကာရေးရာကိစ္စများတွင် အရေးပါသည့်အခန်းကဏ္ဍ၌ ပါဝင်ဆောင်ရွက်နေသည့် တရုတ် ပြည်သူ့သမ္မတနိုင်ငံနှင့် နှစ်နိုင်ငံပူး ပေါင်းဆောင်ရွက်မှုများကို ဆက်လက် တိုးမြင့် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း နိုင်ဂျီးရီးယားသမ္မတ အိုလူဆီ ဂွမ်အိုဗာဆန်ဂျို က ကတိပေးပြော ကြားသည်။

၂၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး မစ္စတာဆွန်ဆာ ပတ်လန်ဆာဗတ်နှင့်အဖွဲ့အား ရန်ကုန် မြို့ ပြည်သူ့လွှတ်တော် အဆောက် အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံ သည်။

၂၄ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်မြို့ သီရိမင်္ဂလာ၊ ကမ္ဘာ့အေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာမော်ကွန်းပြတိုက်ကို ကြည့်ရှုစစ်ဆေးသည်။

၂၈ မန္တလေးမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် မန္တလေးမှ မကွေးတိုင်း၊ မကွေးမြို့သို့ သွားရောက်ပြီး မကွေးနှင့်မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍အမှာစကားပြောကြားသည်။

၃၀ မကွေးတိုင်း၊ မကွေးမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် မကွေးမြို့မှ သရက်မြို့သို့ ရောက်ရှိပြီး သရက်ဘိလပ်မြေစက်ရုံကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

၃၁ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနနှင့် မလေးရှားနိုင်ငံ မဟာဗျူဟာနှင့် သုတေသနဌာနတို့ ပူးပေါင်းကျင်းပသည့် Presentation on Globalization and its Security Impact ဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးဝင်းအောင် တက်ရောက်သည်။

## စက်တင်ဘာလ

၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည်၊ ပဲခူးတိုင်း ပြည်မြို့ရှိ မဟာရွှေမြင်းမိုရ်စူဠာမဏိတတ်ပေါင်းစု စေတီတော်ကြီး ရွှေထီးတော်တင်လှူပွဲသို့ တက်ရောက် ၍ ရွှေ ထီး တော် ကို စေ တီ အထွတ်သို့ တင်လှူပူဇော်သည်။

၃ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုနိုင်ငံ စစ်သံမှူး Col. John, A Nash နှင့် စစ်သံမှူးအသစ် Col. Jack C. Dibrell တို့အား ကာကွယ်ရေးဝန်ကြီးဌာနညီရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ပါလက်စတိုင်းခေါင်းဆောင်ယာဆာအာရာဖတ်သည် ပျက်ပြားသွားသော အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပြန်လည်စတင်နိုင်ရေး ကြားဝင်ဖျန်ဖြေပေးရန် ယခင်သမ္မတဟောင်း နယ်လ်ဆင်မင်ဒဲလားအားမေတ္တာရပ်ခံရန်အတွက် တောင်အာဖရိကနိုင်ငံသို့ မမျှော်လင့်ဘဲရောက်ရှိလာသည်။

၄ ဂျပန်အစိုးရနှင့် ရုရှားအစိုးရတို့ ဆက်ဆံမှုနှင့်ပတ်သက်၍ ရုရှားသမ္မတ ဗလာဒီမာပူတင်က အကောင်းမြင်သဘောဖြင့် သုံးသပ်ပြောကြားလိုက်သည်။ သို့ရာတွင် ရုရှားနှင့်ဂျပန် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်အောင် ဆောင်ရွက်ရာ၌ အဟန့်အတားအပိတ်အဆို့ဖြစ်နေသည့် နယ်မြေပိုင်နက် အငြင်းပွားမှုနှင့်ပတ်သက်၍မူ ရုရှားသမ္မတ ဗလာဒီမာပူတင်ရော ဂျပန်ဝန်ကြီးချုပ်ယိုရှိရိုမိုရီပါ ယင်းတို့၏စိတ်သဘောထားရပ်တည်ချက်ကို အခိုင်အမာကိုင်ထားကြသည်။



ပါလက်စတိုင်းခေါင်းဆောင်ယာဆာအာရာဖတ်က ပျက်ပြားသွားသော ငြိမ်းချမ်းရေးဆွေးနွေးပွဲပြန်လည်စတင်နိုင်ရန် ကြိုးပမ်းနေစဉ် အစ္စရေးလုံခြုံရေးတပ်ဖွဲ့များနှင့် ပါလက်စတိုင်းတို့၏ ပဋိပက္ခမှာလည်း ဖြစ်နေဆဲ

၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဦးစီးဌာနတိုးတက်ဖွံ့ဖြိုးရေး၊ ဝန်ထမ်းများ သက်သာချောင်ချိရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

၈ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ လူတိုင်းအတွက် ပညာရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် "၂၀၀၀ ပြည့်နှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့"အခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားသည်။

၁၂ လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ပုံတော်ဖော်ပွဲနှင့် ဂန္ဓကုဋိကျောင်းတော်ကြီး အုတ်မြစ်တော်စီပွဲ မင်္ဂလာအခမ်းအနားများကို ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ မင်းဓမ္မလမ်းရှိ မင်းဓမ္မကုန်းတော်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညို၍ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

၁၅ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၀) ပြည့်နှစ်ကို ရန်ကုန်တိုင်း မှော်ဘီမြို့ရှိ ဗဟိုပြည်သူ့ ဆက်ဆံရေးတပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ၊ စီမံခန့်ခွဲရေးသင်တန်းကျောင်း၏ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ သြဝါဒစကားမြွက်ကြားသည်။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း
နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးသို့တက်ရောက်လာကြသော
ကိုယ်စားလှယ်များအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက၊
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နှုတ်ဆက်စဉ်

၁၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်တွင် တည်ဆောက်ခဲ့သည့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်၍ နှုတ်ခွန်းဆက်စကားပြောကြားပြီး မန္တလေးမြို့သို့သွားရောက်၍ ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်၊ တအုံကျေးရွာအနီးရှိဒေသဖွံ့ဖြိုးရေးတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၁၇ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည်

လေဆိပ်ကမှည်းမော်ကွန်းကြေးပြားကို ဖက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

၁၈ မန္တလေးတွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် ကချင်ပြည်နယ်၊ ဗန်းမော်မြို့သို့ ထွက်ခွာခဲ့ပြီး ဗန်းမော်မြို့ တိ ကြားမင်းခေါင်ခန်းမ၌ ဗန်းမော်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ မိသားစုများနှင့် တွေ့ဆုံပြီးနောက် ဓေယျမင်္ဂလာသာသနာ့ဗိမာန်တော်သို့ သွားရောက်၍ ဗန်းမော်မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများကို ဖူးမြော်ကြည်ညိုသည်။

၁၉ အဖွဲ့ဝင် (၁၀) နိုင်ငံပါဝင်သော အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ဝင်နိုင်ငံများသည် မိမိတို့အဖွဲ့အစည်းကြီး၏ အခန်းကဏ္ဍ ကမ္ဘာတစ်ဝန်းလုံးတွင် တိုးတက်မြင့်မားလာစေရေးအတွက် တညီတညွတ်တည်း တစ်သံတည်းထွက်သင့်ကြောင်းဖြင့် ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ရီကာဒိုပူနိုက ပြောကြားသည်။

၂၂ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့် မင်းဓမ္မကုန်းတော်သို့ ရောက်ရှိကာ၊ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးဖြစ်ထွန်းရေးနှင့် ဂန္ဓကုဋိကျောင်းတော်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

၂၃ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ခေတ်မီလယ်ယာစံပြအထူးဇုန်သို့ သွားရောက်ပြီး ကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ကို ရာစုနှစ်ထက်ဝက်ကြာမျှ အခိုင်အမာပိတ်ဆို့ကာဆီးထားသဖြင့်၊ တစ်ဖက်နှင့်တစ်ဖက် အဆက် အသွယ်မရှိတော့သလောက် ကွဲကွာနေခဲ့ကြသော မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားတို့မှ မိသားစုများသည် လာမည့်နိဝင်ဘာလမှစ၍ အချင်းချင်းစာပေးစာယူပြုလုပ်ခွင့် ရကြတော့မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၂၅ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာ အတတ်သင်သင်တန်းအမှတ်စဉ် (၃၂) မှ သင်တန်းသားသင်တန်းသူများက ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ မင်္ဂလာခန်းမ၌ တွေ့ဆုံဂါရဝပြုကြရာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သြဝါဒစကားမြွက်ကြားသည်။

အရှေ့အာရှရှိ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) ဆိုင်ရာ အမျိုးသားကော်မရှင်များ၏ အတွင်းရေးမှူးချုပ်များ တတိယအကြိမ်အစည်းအဝေးကို မကာအိုတွင် စတင်ကျင်းပသည်။

၂၆ သန်မြန်သူလုပ်ငန်းစုက ဆောင်ရွက်လျက်ရှိသည့် အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် စေတနာရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ မြို့တော်ခန်းမ ပထမထပ်ရှိ ခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၂)၊ စစ်ဆင်ရေးအထူးအဖွဲ့မှူးနှင့် စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက်၍ အလှူငွေများ လက်ခံသည်။

တောင်နှင့်မြောက်ကိုရီးယားတို့မှ ကာကွယ်ရေးဝန်ကြီးများသည် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြမည်ဟု သန္နိဋ္ဌာန်ချကာ ယင်းတို့၏ ပထမဦးဆုံးအကြိမ် အစည်းအဝေးကို အဆုံးသတ်လိုက်သည်။

၂၉ နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ဌာနဆိုင်ရာ အရာထမ်းများအတွက် သံတမန်ရေးရာ သင်တန်းအမှတ်စဉ် (၂/၂၀၀၀) ဆင်းပွဲ အခမ်းအနားကို နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ရှင်ဒိသာပါမောက်ဆောင်၊ ဝန်ဇင်မင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးဝင်းအောင်တက်ရောက် သင်တန်းဆင်းအမှာစကားပြောကြားသည်။

ကမ္ဘာပေါ်ရှိ မြို့ကြီးများကို ဘေးအန္တရာယ်ပိုကင်းပြီး၊ ပိုမိုသန့်ရှင်းသပ်ရပ်လှပသော နေချင်စဖွယ်မြို့ကြီးများဖြစ်အောင် တည်ဆောက်ပံ့ပိုးသွားကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအန်နန်က တစ်ကမ္ဘာလုံးသို့ ဆော်ဩလိုက်သည်။

၃၀ ဗဟိုဝန်ထမ်းတက္ကသိုလ်၌ ဖွင့်လှစ်သော အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း၊ အမှတ်စဉ် (၄၁) သင်တန်းဆင်းအခမ်း

အနားကို ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်ရှိ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဘင်္ဂလားဒေ့(ရှ်) နိုင်ငံ၏လေးပုံတစ်ပုံနီးပါးကို ရေလွှမ်းမိုးလျက်ရှိရာတွင် လူ ၇၀ ထက်မနည်းသေဆုံးပြီး လူတစ်သန်းကျော်အိုးမဲ့အိမ်မဲ့ဖြစ်သည်ဟု အရာရှိများက ပြောကြားလိုက်သည်။

## အောက်တိုဘာလ

၁ စက်တင်ဘာလ ၁၅ ရက်နေ့မှစ၍ ဩစတြေးလျနိုင်ငံဆစ်ဒနီမြို့တွင် ကျင်းပခဲ့သော နွေရာသီအိုလံပစ် အားကစားပွဲတော်မှာ အဆို အက အလှ အပ အပြနှင့် ရောင်စုံမီးရှူးမီးပန်းများပစ်လွှတ်ကာပြီးဆုံးသွားသည်။

၃ အိန္ဒိယနိုင်ငံသို့ လာရောက်လည်ပတ်နေသော ဧည့်သည်တော် ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ် အတားလ်ဘီဟာရီဗာဂျ်ပါယီတို့သည် စီးပွားရေးကဏ္ဍနှင့်အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးချုပ်ဆိုကြပြီး မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် သဘောတူညီလိုက်ကြသည်။

၅ အင်္ဂလန်နိုင်ငံ အောက်စဖို့ဘရု(တ်)တက္ကသိုလ်နှင့် အီတလီနိုင်ငံဖလောရင့်(စ်) တက္ကသိုလ်သို့ ပူးပေါင်းကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်ကျောင်းသားကျောင်းသူများအဆင့် မိသုကာဒီဇိုင်းပညာရပ်ဖိတ်ခေါ်ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ရန်ကုန်နည်းပညာတက္ကသိုလ်မှ ကျောင်းသူနှစ်ဦးအား ဂုဏ်ပြုပွဲအခမ်းအနားကို ရန်ကုန်မြို့ကမာရွတ်မြို့နယ်ရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ နိုင်ငံတော်အစိုးရကိုယ်စား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုချီးမြှင့်သည်။

၆ ပုံနှိပ် အတတ်ပညာသင်တန်းအမှတ်စဉ် (၁/၂၀၀၀)သင်တန်းဆင်းပွဲ အခမ်းအနားကို ရန်ကုန်တိုင်းအင်းစိန်မြို့နယ် အောင်ဆန်းမြို့ရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဂျီတီစီပုံနှိပ်စက်ရုံ သင်တန်းခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ကြည်အောင် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

၇ စက်တင်ဘာ ၂၉ ရက်နေ့မှစတင်၍ အစ္စရေးလုံခြုံရေးတပ်များနှင့် ပါလက်စတိုင်းတို့ အကြမ်းဖက်မှု ဖြစ်ပွားခဲ့ရာ အောက်တိုဘာ ၇ရက်နေ့ နံနက်ပိုင်းရောက်ချိန်ထိ စာရင်းရရှိသော သေဆုံးသူ ပါလက်စတိုင်းအရေအတွက်သည် ၆၄ ဦး ရှိသည်ဟု ပါလက်စတိုင်း အရာရှိကြီးတစ်ဦးက ပြောကြားသည်။

၁၀ ကျန်းမာရေးဝန်ကြီးဌာနကကြီးမှူးကျင်းပသည့် "ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့" (World Sight Day) အထိမ်းအမှတ်နှင့် "အမြင်သန့်စွမ်းတို့အခွင့်အလမ်း ၂၀၂၀ အရောက်လှမ်း"(Vision 2020 The Right to Sight) အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန အဆောက်အအုံ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားသည်။



အပြည်ပြည်ဆိုင်ရာတက္ကသိုလ်
ကျောင်းသားကျောင်းသူအဆင့်
မိသုကာ ဒီဇိုင်းပညာရပ်
ဖိတ်ခေါ်ပြိုင်ပွဲတွင် ဆုရရှိသော
ရန်ကုန်နည်းပညာတက္ကသိုလ်မှ
မိသုကာကျောင်းသူ မချောကလျာ အား
အတွင်းရေးမှူး (၁)
ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်
ဂုဏ်ပြုဆုပေးအပ်စဉ်

ပြန်ကြားရေး ဝန်ကြီးဌာနသတင်းနှင့်စာနယ်ဇင်းလုပ်ငန်းကကြီးမှူးဖွင့်လှစ်သည့် သတင်းစာပညာသင်တန်းအမှတ်စဉ် (၁/၂၀၀၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ နယူးလိုက်အော့ဖ် မြန်မာသတင်းစာတိုက် သင်တန်းခန်းမ၌

ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

၁၁ တိုင်းပြည်၏ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပြီးနောက် ကွယ်လွန်သွားခဲ့သော သီရိလင်္ကာ ဝန်ကြီးချုပ်ဟောင်း ဆီရီမာဗိုဘန်ဒရာနိုက်ကေးအား သီရိလင်္ကာနိုင်ငံသားရာပေါင်းများစွာတို့က နောက်ဆုံးဂါရဝပြုခဲ့ကြသည်။ အသက် ၈၄ နှစ်အရွယ်ရှိ ဆီရီမာဗိုဘန်ဒရာနိုက်ကေးသည် သီရိလင်္ကာသမ္မတ ချန်ဒရီကာကုမာရတွန်ဂါ၏ မိခင်ဖြစ်သည်။

၁၂ သာသနာရေး ဝန်ကြီးဌာန ဆဋ္ဌသင်္ဂါယနာ မော်ကွန်းပြတိုက်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေရှိ အဆိုပါပြတိုက်ရှေ့ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆဋ္ဌသင်္ဂါယနာ မော်ကွန်းပြတိုက် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

၁၅ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖိတ်ကြားချက်အရ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး မဒမ်ဆာဒါကိုအိုဂါတာနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံတွင် နှစ်ရက်ကြာလည်ပတ်ရန်အတွက် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

၁၇ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာနိုင်ငံတွင်ရောက်ရှိနေသည့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး မဒမ်ဆာဒါကိုအိုဂါတာနှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ လာအို၊ မြန်မာ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် တရုတ်ပြည်တောင်ပိုင်းကူမင်းကို ဆက်သွယ်သော ရထားလမ်းများသည် ၂၀၀၂ ခုနှစ်အတွင်း ပြီးစီးမည်ဖြစ်သည်ဟု ထိုင်းသတင်းဌာနက ရေးသားလိုက်သည်။ စီမံကိန်းကုန်ကျစရိတ်သည် အမေရိကန် ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံခန့်ရှိမည်ဟု ခန့်မှန်းထားပြီး အဓိကငွေကြေး ပံ့ပိုးပေးမည့်အဖွဲ့အစည်းမှာ အာရှဖွံ့ဖြိုး ရေးဘဏ်ဖြစ်သည်။

၁၆ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာနိုင်ငံတော်တွင် ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာငုယင်ဇီညံခေါင်းဆောင်သော ဗီယက်နမ်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂၀ တတိယအကြိမ်မြောက်အာရှ–ဥရောပတွေ့ဆုံစည်းဝေးပွဲ (အဆမ်) ကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်၌ ဖွင့်လှစ်ခဲ့ရာအဆမ် အဖွဲ့ဝင် ၂၆ နိုင်ငံတို့မှ ခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များတက်ရောက်ကြသည်။ အိမ်ရှင်တောင်ကိုးရီးယားသမ္မတ ကင်ဒေးယုံ တက်ရောက်မိန့်ခွန်း ပြောကြားသည်။

၂၅ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၃) ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ နားလည်မှု တည်ဆောက်ရေးအသင်း၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

၂၆ အဌမအကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိအမျိုးသားဇာတ်ရုံ၌ ကျင်းပရာ အဌမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

၂၇ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်သို့ သွားရောက်ကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဥတိုကြာအင်း ဒေသ

လယ်ယာစိုက်ပျိုးရေး စီမံကိန်း၊ ငါးမွေးမြူရေးကန်၊ ငါးသားဖောက်ကန်များနှင့် ငါးသားပေါက်ပြုစုမှုလုပ်ငန်း၊ လယ်ယာမြေတိုးချဲ့ဖော်ထုတ်မှုလုပ်ငန်း၊ တိုက်ကြီးမြို့နယ်နှင့် ထန်းတပင်မြို့နယ်များ ဖွံ့ဖြိုးရေးလမ်းများ ဖောက်လုပ်မှုအခြေအနေ၊ တိုက်ကြီးမြို့နယ်ရှိ သပြေတန်း လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ ထန်းတပင်မြို့နယ်ရှိ ကြို့ကုန်း လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ တိုက်ကြီးမြို့နယ်ရှိ အိုင်ကလောင်ကျွန်းဒေသနှင့် ထန်းတပင်မြို့နယ်ဘောလယ်ကျွန်းဒေသကို ဆက်သွယ်ပေးသည့် ဘောလယ်မြစ်တံတား (ရေပေါ်သောင်) တို့ကို ကြည့်ရှုစစ်ဆေးသည်။

၂၉ အာရှဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ ဆော်ဒီအာရေဗျ ဘောလုံးအသင်းနှင့် ရေပန်းစားနေသည့် ဂျပန်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျပန်ဘောလုံးအသင်းက တစ်ဂိုး၊ ဂိုးမရှိဖြင့်အနိုင်ရရှိသွားပြီး ရှစ်နှစ်အတွင်း အာရှဖလားကို ဒုတိယအကြိမ်ဆွတ်ခူး ရရှိသွားသည်။

၃၁ စင်ကာပူ လေကြောင်းလိုင်းမှ ဘိုရင်း ၇၄၇ ခရီးသည်တင် လေယာဉ်တစ်စင်းသည် တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်နေစဉ်အတွင်း တိုင်ပေမြို့မှ လေယာဉ်ပျံတက်စဉ် မီးလောင်ပေါက်ကွဲသွားရာ လေယာဉ်ပေါ်ပါခရီးသည် ၆၈ ဦးခန့် သေဆုံးသည်။

## နိုဝင်ဘာလ

၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ တည်ထားကိုးကွယ်မည့် လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ကြည်ညိုတင့်တယ်သပ္ပာယ်စွာ ဖြစ်ထွန်းရေးလုပ်ငန်းနှင့် မင်းဓမ္မကုန်းတော် ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်မည့် ရန်ကုန်–သံလျင် တံတား အမှတ် (၂) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၄ ကာကွယ်ရေးဝန်ကြီးဌာန (၄၇) ကြိမ်မြောက် မိသားစုဘုံကထိန်ကို ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင်သစ်ကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့တက်ရောက်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

၅ သာသနာ့ဗေယျာမဂ်လာပရိယတ္တိစာသင်တိုက် ပဌမအကြိမ် ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်တိုင်းတာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ အဆိုပါကျောင်းတိုက်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် အဖွဲ့ဝင်များ လိုက်ပါလျက် မန္တလေးမြို့သို့ ရောက်ရှိကြပြီး မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာကထိန်အလှူတော်မင်္ဂလာ၌ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

၈ အမေရိကန်သမ္မတရွေးကောက်ပွဲကို နိုဝင်ဘာ ၇ ရက်နေ့က ကျင်းပခဲ့ရာ ဆန္ဒမဲရေတွက်မှုအားလုံး နိုဝင်ဘာ ၈ ရက်နေ့က ရေတွက်ပြီးစီးခဲ့သော်လည်း ဖလော်ရီဒါပြည်နယ်၌ ရီပတ်ပလီကင်သမ္မတလောင်း ဂျော့ဒဗလျူဘုရှ် ရရှိသည့် ဆန္ဒမဲအရေအတွက်နှင့် ဒီမိုကရက်တစ် သမ္မတလောင်း လက်ရှိ ဒုတိယသမ္မတ အယ်လ်ဂိုး ရရှိသည့် မဲအရေအတွက်မှာ သိုးကာသီကာကွာခြားနေ၍ ဥပဒေအရ ဆန္ဒမဲသန်းပေါင်းများစွာကို ပြန်လည်ရေတွက်နေရသဖြင့် အနိုင်ရရှိသည့် သမ္မတလောင်း အမည်စာရင်းကို မကြေညာနိုင်သေးဘဲရှိသည်။

၁၀ ဝရဒါဠာ ဓာတုစေတိယ စွယ်တော်မြတ် စေတီတော် (ရန်ကုန်) ပဌမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ၊အနုမောဒနာ ရေစက်ချတရားပွဲနှင့် ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေရှိ စွယ်တော်မြတ်စေတီတော်၌ကျင်းပရာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ ဓမ္မစက္ကမုဒြာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။



အမေရိကန် သမ္မတရွေးကောက်ပွဲအတွက် အနိုင်အရှုံး ကြေညာနိုင်ရန် မဲဆန္ဒများပြန်လည်ရေတွက်နေသည်ကို တွေ့ရစဉ်

၁၂ ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ ချင်းရွှေဟော်၊ ကွမ်းလုံ–သိန္နီလမ်းပိုင်း ဖွင့်ပွဲနှင့် ညီနောင်တံတားသစ်၊ နမ့်တိန်တံတားသစ်ဖွင့်ပွဲ အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း)လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့ရှိ ချင်းရွှေဟော်၊ ကွမ်းလုံ–သိန္နီလမ်းထိပ်မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

၁၄ ပြည်ထောင်စု မြန်မာနိုင်ငံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီခရစ်ရှ်ဟန်ကန်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လည်ပတ်ရန် နိုဝင်ဘာ ၁၄ ရက်နေ့၌ ထွက်ခွာသော နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဗိုလ်ချုပ်ကြီးမောင်အေး နှင့်ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။ ဗိုလ်ချုပ်ကြီးမောင်အေးခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၁ ရက်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၁၄ – ၁၇ ကုလသမဂ္ဂမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ် (UNDP)နှင့် မြန်မာနိုင်ငံတို့ ပူးပေါင်း၍ မြန်မာနိုင်ငံက အိမ်ရှင် နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၂၄)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးခေါင်းဆောင်များ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ အလုံပြဘုရားလမ်းရှိ ဟိုတယ်အီကွေတိုရီယယ်၌ ကျင်းပသည်။

၂၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဂိုချောက်တောင်၏ ဖိတ်ကြားချက်အရ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့၌ကျင်းပမည့် စတုတ္ထအကြိမ် အာဆီယံထိပ်သီး အလွတ်သဘော အစည်းအဝေးနှင့် အာဆီယံနိုင်ငံ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံ၊ အစိုးရအကြီးအကဲများ ဆွေးနွေးသည့် အစည်းအဝေးသို့ တက်ရောက်ရန် နိုဝင်ဘာ ၂၃ ရက်နေ့တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့သို့ ထွက်ခွာသွားသည်။ နိုဝင်ဘာ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုဝင်ဘာ ၂၃ ရက်နေ့တွင် စင်ကာပူမြို့ရှိ Istana သမ္မတအိမ်တော်၌ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်ဂိုချောက်တောင်အား တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး နိုဝင်ဘာ ၂၄ ရက်နေ့တွင် စင်ကာပူမြို့ရှိ Shangri La Hotel, Tower Ballroom A ၌ ကျင်းပသည့် စတုတ္ထအကြိမ်အာဆီယံထိပ်သီးအလွတ်သဘောအစည်းအဝေးကို တက်ရောက်ခဲ့သည်။

၂၄ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် နန်ကျင်းစစ်ဒေသနိုင်ငံရေးမှူး ဗိုလ်ချုပ်ကြီးဖန်သူချို ခေါင်းဆောင်သော တရုတ်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာယာရိပ်သာ၊ တပ်မတော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂၆ အမေရိကန်သမ္မတ ရွေးပွဲတွင် ဖလော်ရီဒါပြည်နယ်၌ ရီပတ်ပလီကင်ပျော့ရှိဒဗလျူဘုရှ်သည် ဒီမိုကရက်တစ်အယ်လ်ဂိုးကို အောင်နိုင်သူဖြစ်ကြောင်း ဖလော်ရီဒါပြည်နယ်



ဗိုလ်ချုပ်မှူးကြီး သန်းရွှေက အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသော ဗိုလ်ချုပ်ကြီးမောင်အေးအား ပို့ဆောင်နှုတ်ဆက်စဉ်

ညှိနှိုင်းစစ်ဆေးရေး ကော်မရှင်က အတည်ပြုထောက်ခံလိုက်သည်။

၂၇ ၁၉၉၉ ခုနှစ်အတွက် အမျိုးသားစာပေဆု၊ (၁၁) ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် တတ်ပုံပြိုင်ပွဲဆုနှင့် ၁၉၉၉ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

၂၈ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၂၀၀၀) ညှိနှိုင်း အစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတက်ရောက်၍ အမှာစကားပြောကြားသည်။

၂၉ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်တိုင်းမှော်ဘီမြို့နယ်ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ် ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှု သင်တန်းအမှတ်စဉ် (၁)၊ စာရင်းကိုင်ပညာသင်တန်းအမှတ်စဉ် (၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်ဩဝါဒစကား မြွက်ကြားသည်။

## ဒီဇင်ဘာလ

၁ ရီပတ်ပလီကင် သမ္မတလောင်း ဂျော့ဘုရှ်နှင့် အမေရိကန်ကွန်ကရက်အတွင်းရှိ ရီပတ်ပလီကင်ပါတီ ခေါင်းဆောင်များသည် ဘုရှ်၏ ကိုယ်ပိုင်ခြံဝင်းတစ်ခုအတွင်း ဇန်နဝါရီလအတွင်းစတင်မည့် ဥပဒေပြုဆွေးနွေးပွဲများနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

၄-၆ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ဆာမိန်းဗစ်နာကက်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လည်ပတ်ရန် ဒီဇင်ဘာ ၄ ရက်နေ့က ထွက်ခွာသွားသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်သည်။ ဗိုလ်ချုပ်ကြီးမောင်အေးခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၅၅ မိနစ်တွင် ဗီယန်ရှင်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်သည်။ ဒီဇင်ဘာ ၄ ရက်နေ့တွင်

ဗိုလ်ချုပ်ကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် လာအိုအမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၊ မစ္စတာဆာမိန်းဗစ်နာကက်နှင့် ဇနီးတို့အား ဟော်ခမ်း သမ္မတနန်းတော် ညှိခန်းဆောင်၌ လည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံအား လာအိုပြည်သူ့ တော်လှန်ရေးပါတီ ဗဟိုကော်မတီဌာနချုပ် ညှိခန်းမ၌လည်းကောင်း တွေ့ဆုံ နှုတ်ဆက်သည်။ လာအိုနိုင်ငံတွင် နေထိုင်စဉ်အတွင်း ဗီယန်ရှင်းမြို့နှင့် လွမ်ပရာဘန်မြို့များ၌ ခရီးလှည့်လည်ခဲ့သည်။ ဒီဇင်ဘာ ၆ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၉ အစ္စရေးဝန်ကြီးချုပ် အီဟွတ်ဘာရက်က မိမိသည်ဝန်ကြီးချုပ် အဖြစ်မှ ဒီဇင်ဘာ ၁၀ ရက်နေ့တွင် နုတ်ထွက်မည်ဖြစ်ပြီး တိုင်းပြည်၏ အရေးပေါ်အခြေအနေကို ကိုင်တွယ် ဖြေရှင်းရန်အတွက် ရက် ၆၀ အတွင်း ဝန်ကြီးချုပ်နေရာကို ပြန်လည်အရွေးခံ သွားမည်ဟု ပြောကြားလိုက်သည်။

၁၁ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၃) ဒုတိယ ဗိုလ်ချုပ်ကြီးဝင်းမြင့်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ရန်ကုန် တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်ရေးနှင့် ကြက်မွေးမြူရေး အထူးဇုန် (၁) သို့ ရောက်ရှိပြီး ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့ပြင် လှည်းကူးနှင့်ပဲခူးမြို့နယ် အစပ်ရှိ လဂွမ်းပြင်နှင့် အလိုင်နီ ရေလှောင်တမံ စီမံကိန်းတည်ဆောက်မှုလုပ်ငန်းများကို စစ်ဆေးသည်။

၁၂ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော ထိုင်းဘုရင့် တပ်မတော် စစ်သေနာပတိချုပ် General Sampao Choosri နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ပြည်သူ့လွှတ်တော် အဆောက်အအုံ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၁၃ ဒီမိုကရက်တစ်သမ္မတလောင်း ဒုတိယသမ္မတအယ်လ်ဂိုးက ရီပတ်ဘလီကင်သမ္မတလောင်း ဂျော့ဒဗလျူဘုရှ်ကို အမေရိကန်သမ္မတရွေးကောက်ပွဲ၌ အရေးနိမ့်ကြောင်း ဝန်ခံ လိုက်သည်။



အမေရိကန်သမ္မတအဖြစ်
ရွေးချယ်တင်မြှောက်ခံရသည့်
ဂျော့ဒဗလျူဘုရှ်

၁၄ ကုလသမဂ္ဂနှင့် အမေရိကန် ပြည်ထောင်စုတို့၏ ဆက်ဆံရေးသည် ကောင်းမွန်သည့် အနေအထားတွင်ရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က အမေရိကန်ပြည်ထောင်စု သမ္မတအဖြစ် အရွေးခံထားရသော ဂျော့ဒဗလျူဘုရှ်အား ပြောကြားလိုက် သည်။

၁၅ – ၁၆ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၊ အတွင်းရေးမှူး (၃) ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဒီဇင်ဘာ ၁၅ ရက်နေ့တွင် မကွေးတိုင်း ချောက်မြို့နယ် ရွှေပုံတောင်တန်းအထူးစိမ်းလန်းစိုပြေရေးလုပ်ငန်းများနှင့် ရေဝတီ မြစ်ကူး အနော်ရထာတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ၊ ပုပ္ပါးတောင်ဥယျာဉ် အဆင့်မြင့်နားနေဆောင်များ (Popa Mountain Resort) တိုးချဲ့တည်ဆောက်လျက်ရှိသည့် အခြေအနေများ၊ မကွေးတိုင်း အတွင်းရှိ လျှပ်စစ်မြစ်ရေတင်စီမံကိန်း လုပ်ငန်းများနှင့် ရေလှောင်တမံစီမံကိန်း လုပ်ငန်းများကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၆ ရက်နေ့တွင် တောင်တွင်းကြီးမြို့နယ်ရှိ ရန်ပယ်ရေလှောင်တမံစီမံကိန်း လုပ်ငန်း၊ မကွေး – တောင်တွင်းကြီး ကားလမ်းဘေးရှိ အမှတ် (၁) စက်မှုဝန်ကြီးဌာန၏ စက်ရုံများ၊ မင်းကင်း – ကန်ပြားလျှပ်စစ်မြစ်ရေတင်စီမံကိန်း အခြေအနေများနှင့် မြန်မာ့အထည်အလိပ် လုပ်ငန်း၏ ဆေးဆိုးပန်းရိုက်စက်ရုံ (မကွေး) တို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

၂၄ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဆုထူးပန်းအဆင့်မြင့်ရုပ်ရှင်ရုံသစ်ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အဆိုပါ အဆင့်မြင့်ရုပ်ရှင်ရုံသစ်ရှေ့၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်ချီးမြှင့်သည်။



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ဆုထူးပန်းအဆင့်မြင့်ရုပ်ရှင်ရုံသစ်ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်ကြစဉ်

၂၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပဲခူးတိုင်း၊ ပဲခူးမြို့နယ်တွင် အမှတ် (၂) စက်မှုဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အင်းတကော်ဒေသ စက်မှုနယ်မြေစီမံကိန်းလုပ်ငန်းများနှင့် ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် ငမိုးရိပ်တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၂၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အိန္ဒိယနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ တွဲဖက်အတွင်းဝန် Dr. P.DShenoy နှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၂၈ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ၁၉၉၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ဆုချီးမြှင့်သည့် အခမ်းအနားကို ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါ်ခင်ဝင်းရွှေတို့ တက်ရောက်ချီးမြှင့်ကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က အမှာစကားပြောကြားသည်။

၂၉ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရာစုသစ်အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (New Century Resource Centre) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရှေးဟောင်းမြန်မာစာပေရေးရာဌာန (ပေစာ၊ ပုရပိုက်၊ ကျောက်စာ) (Resource Centre for Ancient MyanmarManuscripts) (RCA-MM) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စင်ကာပူမြို့ရှိ
သမ္မတအိမ်တော်တွင် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်ဂိုချောက်တောင်အား တွေ့ဆုံနှုတ်ဆက်စဉ်၊




ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မင်းချောင်းတံတား(စစ်တွေ)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်၊



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီးမောင်အေး၊ လဟယ်မြို့နယ်သို့ရောက်စဉ် တိုင်းရင်းသားလူမျိုးများအား ဤသို့ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့သည်၊



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က ကိုးကန့်တိုင်းရင်းသား
ခေါင်းဆောင် ဦးဖုန်ကြားရှင်အား မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်
တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်စဉ်၊




ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်က အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုရှင်
ထွန်းအိန္ဒြာဗိုအား ရွှေစင်ရုပ်ဆုချီးမြှင့်စဉ်




ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၁) ကိုးကန့်ဒေသ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်(လောက်ကိုင်မြို့)
ဖွင့်ပွဲအခမ်းအနားမြင်ကွင်း



မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင်တွေ့ရသော ကျောက်စိမ်းနွားရုပ်တုနှင့် ရတနာမျိုးစုံစီခြယ်ထားသည့်နွားလှည်း၊
ရတနာပန်းရထားကို သယ်ဆောင်နေပုံ ကျောက်စိမ်းဆင်ရုပ်နှင့် ကျောက်စိမ်းရုပ်တုများ၊



အဋ္ဌမအကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲတွင်
အကပြိုင်ပွဲဝင်နေသူကလေး

# အပိုင်း – ၂

ဘာသာသာသနာ၊ လူမှုရေး၊ စာအုပ်စာပေ၊ ကျန်းမာရေး၊ ဆေးပညာပေး၊ ယဉ်ကျေးမှု၊
တွင်းထွက်ရတနာနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ


| | | |
|---|---|---|
| လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော် | ဦးမင်းနိုင် | ၃၄ |
| မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း | မြတ်လေးခိုင် | ၄၂ |
| မြန်မာနိုင်ငံ စာအုပ်ထုတ်ဝေရေးလုပ်ငန်း | ဦးစိုးမြင့်သန်း | ၅၄ |
| အေအိုင်ဒီအက်စ်ရောဂါဆိုင်ရာ နောက်ဆုံးတွေ့ရှိချက်များ | ဒေါက်တာကြည်ဟန် | ၆၄ |
| ဆဋ္ဌသံဂါယနာ မော်ကွန်းပြတိုက် | ဦးထွန်းနိုင် (သာသနာရေး) | ၇၈ |
| မြန်မာ့ကျောက်မျက်ရတနာပြပွဲများ | ကျော်ဖုန်းမြင့် (ဓာတုဗေဒ) | ၈၈ |
| မူးယစ်ဆေးဝါးနှင့် ယနေ့လူငယ် | ဆရာဝန်တစ်ဦး (ကုသိုလ်ဖြစ်ဆေးရုံ) | ၁၀၂ |
| မြန်မာနိုင်ငံပုံတောင်ဒေသမှ ရှာဖွေတွေ့ရှိသည့် ကမ္ဘာ့ရှေးအကျဆုံး လူတူပရိုင်းမိတ် | မိုလ်မှူးကြီး သန်းထွန်း (စစ်မဟာဗျူဟာ လေ့လာရေးရုံး) | ၁၁၂ |



# လောကချမ်းသာ အဘယ လာဘမုနိရုပ်ပွားတော်



ရုပ်ပွားတော်ကြီးကို စကျင်တောင်ခြေတွင် ထုဆစ်ကာစ

လောကချမ်းသာ အဘယ လာဘမုနိရုပ်ပွားတော်သည် သလင်းကျောက်ဖြူ ရုပ်ပွားတော်ဖြစ်သည်။ မြန်မာနိုင်ငံတွင် သလင်းကျောက်ဖြူရုပ်ပွားတော်များစွာရှိသည်။


ရှေးယခင်ခေတ်များက ထုလုပ်ခဲ့သည့် ရုပ်ပွားတော်များကို ပြန်လည်ဆန်းစစ်ကြည့်မည်ဆိုလျှင် အင်းဝ ဗားကရာကျောင်းတိုက်အနီးမှ "မဟာလောကသရဖူ" ရုပ်ပွားတော်ကြီးသည် ဉာဏ်တော် (၂၉) ပေရှိပြီး၊ အမရပူရ တောင်သမန်အင်းမှ "မဟာသကျရံသီ" ရုပ်ပွားတော်ကြီးသည် ဉာဏ်တော် (၁၇) ပေခန့်ရှိပေသည်။ မန္တလေးတောင်ခြေမှ "မဟာသကျမာရဇိန်" ရုပ်ပွားတော်ကြီးသည် ဉာဏ်တော် (၂၆) ပေခန့် ရှိပြီး စစ်ကိုင်းမြို့ သောတာပန်ရပ်မှ လေးကျွန်းမာန်အောင် "ရုပ်ပွားတော်ကြီးသည် ဉာဏ်တော် (၂၁) ပေခန့် ရှိပေသည်။" ပြင်ဦးလွင်မြို့မှ "မဟာအံ့ထူးကံသာ" ရုပ်ပွားတော်ကြီးသည် ဉာဏ်တော် (၁၇) ပေခန့်ရှိပြီး၊ ခနဲဖြူ၊ ပြည်အစရှိသည့်မြို့နယ်များမှ ရုပ်ပွားတော်များမှာ များသောအားဖြင့် ဉာဏ်တော် (၁၂) ပေ (၁၅) ပေခန့်သာ အများဆုံးရှိကြပေသည်။

ယခု ထုလုပ်နေသည့် ရုပ်ပွားတော်ကြီးသည် ဉာဏ်တော် (၃၇) ပေ၊ လုံးပတ် (၂၄) ပေနှင့် အောက်ခြေ ဒူးခွင် (၁၁) ပေခန့်ရှိသည့်အတွက် – ယနေ့အထိ မြန်မာနိုင်ငံအတွင်း ထုလုပ်သမျှ ကျောက်သားဆင်းတုတော်များအနက် အကြီးမားဆုံး ရုပ်ပွားတော်ဟု ဆိုရပေမည်။ ထို့အပြင် ဗောဓိပက္ခိယတရား (၃၇) ပါး၊ ပဋ္ဌာန်းပစ္စည်း (၂၄) ပါးနှင့် မီး (၁၁) ပါးတို့ကိုလည်း ငြိမ်းအေးစေသည့်သဘောကိုဆောင်လျက် ရှိပေသည်။

ရှေးပုဂံခေတ်က ထုလုပ်ခဲ့သည့် ရုပ်ပွားတော်များမှာ များသောအားဖြင့် ထုံးကျောက်၊ သဲကျောက်၊ ဂဝံကျောက်တို့ဖြင့် ထုလုပ်ခဲ့ကြသည့် ရုပ်ပွားတော်များဖြစ်ကြပြီး ရခိုင်ပြည်နယ်တွင် ထုလုပ်ကိုးကွယ်ကြသည့် ရုပ်ပွားတော်များမှာလည်း ကျောက်အညိုဖြင့်သာ ထုလုပ်သည့်ရုပ်ပွားတော်များဖြစ်ကြလေသည်။ ရှေးရခိုင်စာပေများတွင် "ကျောက်ဖြူဆတ်" သည် "ကျောက်ညိုဆတ်" သည်ဟု ဆိုသော်လည်း သလင်းကျောက်ဖြူကဲ့သို့သော "စကျင်" ကျောက်ဖြင့်ထုလုပ်သည့် အထောက်အထားများ မတွေ့ရပေ။ (ကျောက်ဆစ်သည်ကို ကျောက်ဆတ်သည်ဟု သုံးနှုန်းကြသည်။)

လောကချမ်းသာအဘယ လာဘမုနိရုပ်ပွားတော်မြတ်ကြီးကို သလင်းကျောက်ဖြူ စကျင်ကျောက်ဖြင့် ထုဆစ်သည်မှာလည်း အကြောင်းရှိပေသည်။ သလင်းကျောက်ဖြူဆိုသည်မှာ ရတနာ (၁၀) ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည်။ အရောင်ဖြူဖွေးပြီး သန့်စင်သည်။ ကြည့်လိုက်ပါက မျက်စိအမြင်တွင် အေးမြသွားသကဲ့သို့ စိတ်ထဲတွင်လည်း ကြည်နူးအေးချမ်းသွားစေသည်။ အပြစ်အနာအဆာ ကင်းသည်နှင့်အမျှ ကျောက်၏ အရည်အသွေးမှာလည်း ကောင်းမွန်သည်။ တော်ဝင်ကျောက်မျိုးဖြစ်သဖြင့် ကာလတန်ဖိုးအနေဖြင့်လည်း မြင့်မားပေသည်။ မြန်မာတစ်နိုင်ငံတည်းသာ ထွက်သည့် ကျောက်မျိုးဖြစ်သဖြင့် ထူးခြားပေသည်။ ကျောက်ဆင်းတုမှန်သမျှကိုလည်း သလင်းကျောက်ဖြူဖြင့်သာ ထုလုပ်ခဲ့သည့် အစဉ်အလာရှိပေသည်။

သလင်းကျောက်ဖြူခေါ် စကျင်ကျောက်အကြောင်းကိုလည်း သိရှိထားသင့်ပေသည်။ စကျင်နှင့် ခပ်ဆင်ဆင်တူသည့် ကျောက်ဖြူတစ်မျိုးရှိပေသည်။ ထိုကျောက်မျိုးသည် ရှမ်းပြည်နယ်တောင်ပိုင်း "မောက်မယ်" နယ်မှ ထွက်သည်။ စကျင်ကဲ့သို့ အရည်အသွေးမမှီပေ။ မောက်မယ်ကျောက်ဖြူက



ထုဆစ်လက်စ ရုပ်ပွားတော်ကြီးအား ပင့်ဆောင်ခါနီး မြင်ကွင်း

စကျင်ထက်ပျော့သည်။ တွင်းထွက်ရတနာများတွင် စိန်သည် အမာဆုံးဖြစ်၍ အဆင့် ၁၀ တွင်ရှိသည်။ စကျင် ကျောက်သည် အဆင့် (၇) ခန့်တွင်ရှိပြီး မောက်မယ်ကျောက် မှာ အဆင့် (၅) တွင်သာ ရှိပေသည်။

မြန်မာနိုင်ငံတွင် သလင်းကျောက်ဖြူခေါ် စကျင်ကျောက်များ ထွက်သည့် "စကျင်တောင်" ရှိသည်။ မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် စကျင်တောင်များ ရှိသည်။ စကျင်တောင်တန်းများနှင့် နီးကပ်နေသည့် စကျင်ရွာသို့ ကားဖြင့်သွားသော် တစ်နာရီခွဲ ခန့် မောင်းနှင်ရသည်။ မန္တလေး နှင့် မိုင် (၃၀) နီးပါးခန့် ဝေးသည်။ မြန်မာနိုင်ငံတွင် ထုံးကျောက် တောင်များ အလွန်ပေါများသည်။ သက်ရင့်တောင်များသည် လည်း မြန်မာနိုင်ငံမြောက်ပိုင်းတွင် ပို၍များပြားပေသည်။ သက်ရင့်တောင်များတွင် အဖိုးတန်ကျောက်များထွက်တတ်ပါသည်။ စကျင်ကဲ့သို့သော ကျောက်တောင်မျိုး အထက် မြန်မာနိုင်ငံတစ်ဝိုက်မှာသာ တွေ့ရခြင်းမှာ သာဓကတစ်ရပ် ဖြစ်သည်။

ထုံးကျောက်တောင်များ၏ သက်တမ်းသည် နှစ်ပေါင်း သန်းဂဏန်းမျှရှိသည်။ စကျင်ကဲ့သို့သော ကျောက်တောင်များ၏ သက်တမ်းသည်လည်း နှစ်ပေါင်းအနည်းဆုံး သိန်းဂဏန်းမျှ ရှိပေမည်။ စကျင်ကျောက်ကို မြန်မာတိုင်းရင်းသားတို့ သုံးစွဲလာခဲ့ကြသည်မှာ အင်းဝခေတ်လောက်ကတည်းက စတင်ပုံရပေသည်။ ရှေးဘုရား၊ ပုထိုး၊ ကျောင်းကန်၊ ဇရပ်များမှ သိမ်တိုင်များ၊ မော်ကွန်းတိုက်များ၊ ကမ္ပည်းတိုင်များနှင့် ကျောက်စာတိုင်များက သက်သေထူလျက် ရှိပေသည်။

စကျင်ကျောက်ကို သာသနိကဆိုင်ရာ အဆောက်အအုံများတွင် အသုံးပြုခြင်း၊ ဘုရား၊ ပုထိုးပုံတော်များကို ထုဆစ်ခြင်းများ ပြုလုပ်ခဲ့ရာမှ နောင်အခါ စကျင်ကျောက်ဖြင့် ဘာသာရေးဆိုင်ရာ မွမ်းမံဆင်ယင်မှုများ တစ်စတစ်စ ခေတ်စားလာခဲ့ဟန်တူပေသည်။ ဗုဒ္ဓရုပ်ပွားတော်များကို အများဆုံးထုလုပ်ခဲ့သည့်အတွက် စကျင်ကျောက်ကို "ရတနာကျောက်ဖြူ" ဟုလည်းခေါ် ဆိုကြပေသည်။

စကျင်တောင်များသည် ကွင်းပြင်ကြီးအလယ်တွင် ထင်းထင်းကြီး ပေါ်လွင်လျက်ရှိပေသည်။ တစ်ဖက်တွင် စပါးစိုက်ခင်းများရှိပြီး တစ်ဖက်တွင် ချောင်းက ပတ်ဝိုင်းထားသည်။ တောင် (၁၅) လုံးခန့်သည် မြောက်မှတောင်သို့ သွယ်တန်းနေပေသည်။ စကျင်ရွာ၏ မြောက်ဘက်တွင် တောင်ကြီးလေးလုံးနှင့် တောင်ဘက်တွင် တောင်သုံးလုံးတန်းလျက်ရှိသည်။ အခြားတောင်ငယ်များနှင့် ဆက်စပ်လျက်ရှိသည့် မြောက်ဘက်တောင်၏အစွန်တွင် ရက်ကန်းစင်တောင်ဆရာတော် ရှေးအခါက သီတင်းသုံးခဲ့သည့် တောင်စွယ်တစ်ခုကို ခပ်ရေးရေးမြင်ရသည်။

တောင်ခြေတွင် ရွာရှိသည်။ စကျင်တောင်ကို အစွဲပြု၍ စကျင်ရွာဟုခေါ် တွင်သည်။ ရွာအနီးမှ ချောင်းသည် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သည်။ မြစ်ဆုံနှင့် (၂) မိုင်ခန့် ဝေးကွာသည်။ စကျင်ရွာသည်လည်း သက်တမ်းနှစ်ပေါင်း (၁၅၀) ကျော် (၂၀၀) နီးပါးခန့် ရှိပေမည်။

စကျင်ကျောက်ကို ထုဆစ်သည့် လုပ်ငန်းသည် ကုန်းဘောင်ခေတ်တွင် အရှိန်အဟုန် တိုးတက်လာပုံရသည်။ ကုန်းဘောင်ခေတ်တွင် ပေါ်ထွန်းလာသည့် ရုပ်ပွားတော်ကြီးများ ကျောက်စာတိုင်များနှင့် ကျောက်စာချပ်များက သက်သေထူလျက်ရှိပေသည်။ မင်းတုန်းမင်းတရားကြီးသည် ကုသိုလ်တော်ဘုရားကြီးဝင်းအတွင်း ကျောက်စာတိုင်များ စိုက်ထူစဉ်အခါက လိုအပ်သည့် ကျောက်စာချပ်များ ထုထွင်းရန်အတွက် ကျောက်စာချပ်များကို စကျင်တောင်မှ တူးဖော်ဖြတ်တောက်၍ ယူရကြောင်း အဆိုရှိပေသည်။

ကျောက်တော်ကြီးဘုရားကို တည်စဉ်အခါက စကျင်ရွာသည် ရွာငယ်ကလေးအသွင်ရှိပေမည်။ စကျင်တောင်ကို အမှီသဟဲပြုပြီး ရွာသူရွာသားများသည်လည်း ကျောက်ဆစ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလာခဲ့ကြပေသည်။ မိဘဘိုးဘွားလက်ထက်မှစ၍ ယနေ့တိုင် ကျောက်ဆစ်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လျက်ရှိကြရာ မန္တလေးတိုင်းအတွင်း ထူးခြားသည့်ရွာအဖြစ် မှတ်တမ်းတင်ရဖွယ် ရှိပေသည်။

စကျင်ရွာအပြင် ရှေးအခါက စစ်ကိုင်းဘက်တွင်လည်း ကျောက်ဆစ်လုပ်ငန်းထွန်းကားခဲ့ပြီး ကျောက်ဆစ်ပန်းပု

လုပ်ငန်း ပေါ်ထွန်းခဲ့ပေသေးသည်။ မင်းတုန်းမင်းတရားကြီး လက်ထက်တွင် သမီးတော်ဈေး ကျောက်ဆစ်တန်းဟု ပေါ်ထွန်းခဲ့ပြန်သေးသည်။ ယခုအခါ မန္တလေးမဟာမြတ်မုနိ ရုပ်ပွားတော်ကြီး၏ အနောက်ဘက်မုခ်ဝအနီး ကျောက်ဆစ်တန်းမှာ ကျောက်ဆစ်ရုပ်တုရုပ်လုံး ဈေးကွက်အနေဖြင့် ထင်ရှားလျက်ရှိပေသည်။ (ကိုယ်တိုင် အစအဆုံးထုခြင်း ထွင်းခြင်းထက် နိမ့်ဗွာန်ကုန်သည်လုပ်ငန်းက ပို၍ တွင်ကျယ်သယောင်ရှိပေသည်။) ကိုယ်တိုင်ထွင်းထု လုပ်ကိုင်နေကြသူများလည်း အမြောက်အမြားရှိပေသည်။


စကျင်တောင်ကို အကြောင်းပြု၍ ဘုရား၊ ပုထိုး ထုဆစ်သည့် လုပ်ငန်းများ တစ်စတစ်စ တွင်ကျယ်လာသည်မှာကား အထင်အရှားဖြစ်သည်။ စကျင်တောင်မှ ကျောက်များကို ရှေးအခါက အထူးသဖြင့် မင်းတုန်းမင်းတရားကြီးလက်ထက်တော်အခါက အခမဲ့ တူးဖော်ခွင့် ပြုခဲ့ကြောင်း အဆိုရှိသည်။ အင်္ဂလိပ်အစိုးရလက်ထက်တွင် အခမဲ့တူးဖော်ခွင့် ရပ်စဲပြီး တစ်နှစ်လျှင် အခွန်ငွေ (၁၀) ကျပ် ပေးဆောင်ပြီး တူးဖော်ခွင့်ပြုသည်။ လွတ်လပ်ရေး ရရှိပြီးသည့်နောက် ရှေးခေတ်က နည်းတူ အခမဲ့တူးဖော်ခွင့် ပြန်လည်ရရှိလာကြသည်။

လွတ်လပ်ရေး ရပြီးစမှစ၍ ကျောက်ဆစ်လုပ်ငန်းများ တစ်ဟုန်ထိုး တိုးတက်လာခဲ့ပြီး သာသနိကအဆောက်အအုံများသာမက စားပွဲတင်အလှဆင် လူသုံးပစ္စည်းများအနေဖြင့်လည်း ရှေးကထက် အသုံးများလာခဲ့ပြီး ပြည်ပနိုင်ငံများကပါ မှာယူအသုံးပြုလာကြရာ ကျောက်တူးဖော်လုပ်ကိုင်သူများ အနေဖြင့်လည်း ရှေးကထက် အဆပေါင်းများစွာ တိုးတက်များပြားလာခဲ့ပေသည်။ အစိုးရအနေဖြင့်လည်း စကျင်တောင်ခြေတွင် ကျောက်ပြားစက်ရုံအမှတ် (၂) ကို ထူထောင်ထားပြီး နဝရတ်ကုမ္ပဏီကလည်း ကျောက်များ တူးဖော်ရန် နိုင်ငံခြားနှင့် ဖက်စပ်လုပ်ကိုင်လျက်ရှိပေသည်။

ထိုသို့ လုပ်ငန်းများ တိုးတက်များပြားလာသည့်အတွက် အားလုံးစနစ်တကျ တူးဖော်လုပ်ကိုင်နိုင်ရန် နိုင်ငံတော်အစိုးရက သင့်တော်သောအခွန်အခဖြင့် ကျောက်တူးဖော်လုပ်ကိုင်ခွင့် လိုင်စင်ကြီး၊ လိုင်စင်ငယ်များ ခွဲဝေချထားပေးကြောင်း သိရပေသည်။ ထိုသို့ ချမှတ်ထားသည့် လိုင်စင်များအနက်မှ တူးဖော်ခွင့် (၅) နေရာခန့်ကို ဆရာ ဦးတော်တော်က ရရှိထားသည်။

ဦးတော်တော်သည် မိဘ မျိုးရိုးအစဉ်အဆက် ကျောက်ဆစ်လုပ်ငန်းကို ဦးစီးဦးဆောင်ပြုပြီး လုပ်ကိုင်လာခဲ့သည့် ပန်းတမော့ပညာရှင် တစ်ဦးဖြစ်သည်။ အဘိုးဦးနက်သည် မန္တလေးမြို့ပေါ်တွင် ထင်ရှားသည့် ကျောက်ဆစ်ပညာရှင်တစ်ဦးဖြစ်ပြီး ဦးနက်၏ ပညာအမွေကို သားဖြစ်သူ "ဦးမြိုင်" က ဆက်လက်၍ ခံယူခဲ့ပေသည်။ ဆရာ ဦးတော်တော်သည် ဖခင် ဦးမြိုင်၏ ခြေရာကိုနင်းပြီး ကျောက်ဆစ်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လာခဲ့ရာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပေပြီ။ ယခုအခါ ဆရာ ဦးတော်တော်သည် အသက် (၆၀) ကျော်ပေပြီ။ ဆရာကြီး၏ ပညာအမွေကို သားများဖြစ်ကြသူ အောင်မျိုးသန့်၊ အောင်မျိုးကြိုင်နှင့် အောင်ဇေယျတို့က ခံယူပြီး ဖခင်နှင့်အတူ ဆက်လက်လုပ်ကိုင်လျက်ရှိကြပေသည်။

ထိုသို့ လုပ်ကိုင်ကြစဉ် (၁၉၉၈) ခုနှစ် အောက်တိုဘာလတွင် စကျင်တောင်ကြီးမှ ကျောက်တုံးကြီး၏ အကြောတစ်နေရာကို အမှတ်မထင်တွေ့ရှိရသည်။ ထိုသို့ ကြီးမားသည့် ကျောက်တုံးကြီး အကြောမျိုး၊ ကျောက်၏အနေအထားမျိုးကို တစ်သက်တွင် သည်တစ်ကြိမ်သာ တွေ့ရှိရသည့်အတွက်



ရုပ်ပွားတော်ကြီးကို ပင့်ဆောင်ရန် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တာဝန်ရှိသူများ စီစဉ်ညှိနှိုင်းနေစဉ်



အဘယလာဘမုနိ ရုပ်ပွားတော် ပုံစံငယ်ကို
စကေးကိုက်တိုင်းတာတွက်ချက်စဉ်

ထူးဆန်းသည်နှင့်အမျှ ထူးထူးခြားခြား ကြီးကြီးမားမားထုဆစ်ရန် ဆန္ဒဖြစ်ပေါ် လာသည့်အတွက် နိုင်ငံအကြီးအကဲများထံ တင်ပြရန် စိတ်ကူးပေါ် ပေါက်လာသည်။

ဦးတော်တော်က နိုင်ငံအကြီးအကဲများထံ တင်ပြသည့်အခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် လာရောက်ကြည့်ရှုပြီး ယခုကဲ့သို့ ထုထည်ကြီးမားသည့် ကျောက်တုံးကြီးဖြင့် ဆင်းတုတော်ကြီးတစ်ဆူ ထုလုပ်ကိုးကွယ်ရန် ဆန္ဒဖြစ်ပေါ် လာသည်။ ထိုဆန္ဒနှင့်အညီ ထုလုပ်ကိုးကွယ်ရန် ဝိုင်းဝန်းစဉ်းစားကြသည့်အခါ မန္တလေးမြို့တွင် ကျောက်တော်ကြီးရုပ်ပွားတော်မြတ်များ ရှိပြီးဖြစ်နေ၍ ထုလုပ်ပြီးစီးပါက ရန်ကုန်မြို့သို့ သယ်ယူပြီး အများပြည်သူတို့ တည်ထားကိုးကွယ်နိုင်ရန်အတွက်ကို စဉ်းစားမိပြန်သည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၏ အဘက်ဘက်မှ စဉ်းစားညှိနှိုင်းတင်ပြချက်ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကြည်ညိုသဒ္ဓါပွားသဘောတူညီကာ ရုပ်ပွားတော်ကြီး ထုလုပ်ကိုးကွယ်ရန် လိုအပ်သည်များကို ညွှန်ကြားခဲ့ပေသည်။ နိုင်ငံတော်အကြီးအကဲများ၏ ညွှန်ကြားချက်နှင့်အညီ တူးဖော်သည့်လုပ်ငန်းကို (၁၉၉၉) ခုနှစ်တွင် စတင်ခဲ့ပေသည်။

စာရေးသူတို့အဖွဲ့ ၂၀၀၀ ပြည့်နှစ် မတ်လ (၁) ရက်နေ့၌ စကျင်တောင်သို့ ရောက်ရှိကြသည့်အခါ စကျင်တောင် ကမ်းပါးယံမှ ကျောက်တုံးကြီးကို တူးဖော်ဆဲ၊ ဖြတ်တောက်ဆဲဖြစ်သည်။ ထုထည်ကြီးမားလွန်းသည့်အတွက် စက်ကိရိယာမျိုးစုံ၊ စိန်သွားမျိုးစုံဖြင့် ဖြတ်တောက်နေကြပေသည်။ ကျောက်တုံးကြီးကို စကျင်တောင်မှ တူးဖော်ပြီး ဖြတ်တောက်ရသည်မှာ (၁) နှစ်ခန့်ကြာသည်။ ပထမအချွန်သဘော တွေ့ရှိရာမှ ဆက်လက်တူးဖော်ခြင်းဖြစ်သည်။

စကျင်တောင် ယာယီစခန်းတွင် သက်ဆိုင်ရာများနှင့် တွေ့ဆုံစည်းဝေးပြီး ထုလုပ်မည့်ပုံအတွက် ပန်းချီကားရေးဆွဲတင်ပြရန် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးသောင်းဟန်ကို တာဝန်ပေးသည်။ ဖွန်လ အစည်းအဝေးတွင် ဦးသောင်းဟန်၏ အဘယ လာဘမုနိ ပန်းချီကားကို ပြင်ဆင်ဖြည့်စွက်ပြီး နမူနာပုံအဖြစ် အတည်ပြုကြသည်။ ထိုအချိန်တွင် ရုပ်ပွားတော်ကြီး ထုဆစ်ရန် စကျင်ကျောက်တုံးကြီးကို ထုမတ်ထားဆဲ ဖြစ်သည်။ ဖွန်လ ၂၉ ရက်နေ့ အစည်းအဝေးတွင် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး ဘဏ္ဍာရေးမှူး ပန်းပုပညာရှင် ဦးအောင်သွင်က ပုံကြီးချဲ့ကိရိယာ (POINTING MACHINE) ကို အခြေပြု၍ ပလာစတာဖြင့် ပုံစံငယ် ထုလုပ်ထားသည့် ဆင်းတုတော်တစ်ဆူကို တင်ပြသည်။ ယင်းကိရိယာဖြင့် ဆင်းတုတော်၏ ရှေ့ နောက်၊ ဝဲ ယာကို ရှင်းလင်းတိုင်းထွာပြသည်။ ရိုးရာနည်းကို အခြေခံ၍ ခေတ်နည်းပညာဖြင့် ပေါင်းစပ်ထုလုပ်နိုင်ရန် တင်ပြခြင်းဖြစ်ရာ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ကိုယ်တိုင် လေ့လာကြည့်ရှု နားလည်လက်ခံခဲ့ပေသည်။ ဆင်းတုတော် ကျောက်တုံးကြီးကိုလည်း မျဉ်းမတ်နှင့်အညီ (၉၀) ဒီဂရီ ထုမတ်ထားပြီးဖြစ်၍ ဆရာကြီး ဦးတော်တော်နှင့်အဖွဲ့က ထုဆစ်သည့်လုပ်ငန်းကို စတင်ဆောင်ရွက်လေသည်။ ဆရာကြီး ဦးတော်တော်သည် မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) ၏ ဒုတိယဥက္ကဋ္ဌဖြစ်လေရာ ယင်းလုပ်ငန်းကြီးတွင် အဆိုပါ အစည်းအရုံးကြီး၏ လုပ်အားများ ပါဝင်သည်ဟု ဆိုပါက မှားအံ့မထင်ပေ။

ဆရာကြီး ဦးတော်တော် ဦးဆောင်သည့်အဖွဲ့က ဧပြီ၊ မေနှင့် ဖွန်လများအတွင်း ရုပ်ပွားတော်ကြီး ပုံကြမ်းဖော်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြရာ ဇူလိုင်လ (၇) ရက်နေ့တွင် စတိသဘောရွှေသည့် အခမ်းအနားကို ကျင်းပနိုင်ခဲ့ပေသည်။ ရုပ်ပွားတော်ကြီးကို စတင်ထုဆစ်နေသည့်ကာလ အတောအတွင်း သယ်ယူပို့ဆောင်ရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန စသည့်ဌာန



မင်းမွေ့ကုန်းတော်တွင် အဘယလာဘမုနိရုပ်ပွားတော် ပုံစံငယ်ကိုအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးနေကြစဉ်

ပေါင်းစုံမှ တာဝန်ရှိသည့် ပုဂ္ဂိုလ်များကလည်း ရန်ကုန်သို့ ရုပ်ပွားတော်ကြီး ပင့်ဆောင်ရေးအတွက် အဘက်ဘက်မှ မလစ်ဟင်းရအောင် ကြိုးပမ်းလုပ်ဆောင်လျက် ရှိကြပေသည်။ ထို့အတူ ဖွင့်ပွဲအခမ်းအနား ဝင်းခင်းရေး၊ ညှိခံဖြေဖျော်ရေး၊ သုံးလူ့တောက်ပဖောင်တော်ကြီးကို စောင့်ရှောက်ရေးနှင့် ရန်ကုန်အရောက်ပင့်ဆောင်ရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနကလည်း လိုအပ်သည်များကို ကြိုတင်လုပ်ဆောင်ခဲ့ပေသည်။

(၂) မိုင်ရှည်လျားသည့် ချောင်းကို လမ်းရှင်းသည့်လုပ်ငန်း၊ စကျင်တောင်ခြေမှ ချောင်းထိပ်သို့ ရထားလမ်း (သံလမ်း) ယာယီခင်းရသည့်လုပ်ငန်းနှင့် ရေအတက်အကျနှင့်ချိန်၍ ဆိပ်ခံတံတားမျိုး ဆောက်လုပ်ရသည့်လုပ်ငန်းများကိုလည်း (၄) လခန့် ကြိုတင်လုပ်ကိုင်ကြရပေသည်။ လူအား၊ ငွေအားနှင့်စက်ကိရိယာပစ္စည်းအင်အားတို့အပြင် ပညာရှင်ပေါင်းစုံ၏ အကြံဉာဏ်နှင့်လုပ်အားကိုရယူ လုပ်ကိုင်ရသော လုပ်ငန်းမျိုး ဖြစ်ပေသည်။

ရုပ်ပွားတော်ကြီးကို ထုဆစ်ရသည်မှာ မလွယ်ကူလှပေ။ နှစ်ပေါင်း (၅၀) ခန့်အတွင်း ထုလုပ်ကြသည့် ပညာရှင်များ အနေဖြင့် ဉာဏ်တော်အမြင့်ဆုံး (၁၇) ပေခန့်သာ ထုလုပ်လေ့ရှိကြရာ ထုထည်ကြီးကြီးမားမားကို ကိုင်တွယ်ရသည့်အတွက် အချိုးအစားတွက်ချက်သည်မှအစ အဘက်ဘက်မှ စဉ်းစားကြရပေသည်။ ထို့အပြင် ကျောက်နှင့်သစ်သည် ဖြည့်၍၊ ကပ်၍ ရနိုင်သောပစ္စည်းမျိုး မဟုတ်ပေ။ အချိန်အဆ၊ အတွေ့အကြုံနှင့် ပညာဉာဏ်ပြည့်ဝမှသာ ဖြစ်နိုင်သောလုပ်ငန်းမျိုး ဖြစ်သဖြင့် ထုထည်ကြီးမားလာသည်နှင့်အမျှ တန်ဖိုးကြီး၍ လက်ဝင်သော ပညာမျိုးဟု ဆိုရပေမည်။ ဦးတော်တော်က ပညာလုပ်အားလှူသည်ကို မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ (ဗဟို) အနေဖြင့် အကြံဉာဏ်အား ပေးလှူခြင်းဖြစ်ပေသည်။

ကျွန်တော်တို့အဖွဲ့သည် မတ်လ (၁) ရက်နေ့မှစ၍ ဇူလိုင်လ ဒုတိယပတ်အထိ စကျင်တောင်သို့ (၅) ကြိမ်ခန့် ရောက်ရှိပြီးပေပြီ။ ဆဋ္ဌမအကြိမ် ဇူလိုင်လ (၂၂) ရက်နေ့ စကျင်တောင်သို့ ရောက်ရှိသည့်အခါ ရန်ကုန်သို့ ပင့်ဆောင်ရန်အတွက် ရုပ်ပွားတော်ကြီးကို ရတနာရွှေဖောင်တော်ပေါ်သို့ ပင့်ဆောင်ထားရှိပြီးပေပြီ။ ပင့်ဆောင်ရေးကိစ္စအဝဝလည်း ဖိ၀ ရာခိုင်နှုန်းခန့် ပြီးစီးပေပြီ။ ဇူလိုင်လ (၁၀) ရက်နေ့ကတည်းက တဖွဲဖွဲလာရောက်ဖူးမြော်နေကြသည့် ပရိသတ်ကား (၅၀၀၀) အောက် မနည်းပေ။

ဇူလိုင်လ (၂၄) ရက်နေ့နံနက် ၇:၃၀ နာရီတွင် ပင့်ဆောင်ရေးအခမ်းအနားစလေသည်။ ၈ နာရီတွင် သာသနာရေးဦးစီးဌာနမှ ဦးမင်းကြည် (ညွှန်ကြားရေးမှူး – အငြိမ်းစား) က မော်ကွန်းစာတမ်းဖတ်ကြားပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က ရုပ်ပွားတော်ကြီးအား ဆရာတော် ဘုန်းတော်ကြီးများနှင့်အတူ အမွှေး၊ နံ့သာများ ပက်ဖျန်းပူဇော်သည်။ ပြီးနောက် မိန့်ခွန်းပြောကြားသည်။ တိ ကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၊ အဖွဲ့ခေါင်းဆောင် ဦးသန်းလှက အမှုအထမ်းပေးဝေသည်။ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၏ မိန့်ခွန်းမှာ အားရဖွယ်ကောင်းသည်။ ကျောက်တော်ကြီး ရုပ်ပွားတော်မြတ်ကို ပင့်ဆောင်ရန် စီစဉ်ဆောင်ရွက်ရာတွင် ဝိုင်းဝန်းကူညီကြသည့်အသင်းအဖွဲ့များ၊ ဌာနများ၊ ပုဂ္ဂိုလ်များနှင့် စကျင်ရွာသူရွာသားများ အားလုံးကို ကျေးဇူးတင်ကြောင်း၊ ရုပ်ပွားတော်ကြီး သပွယ်စေရန် အချိုး



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဦးတော်တော်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်ခင်နှင့်အဖွဲ့ဝင်များ ထုလုပ်စရုပ်ပွားတော်မြတ်ကြီးအား ကြည့်ရှုစစ်ဆေးနေကြစဉ်


အစားမှန်ကန်ရန် အစဉ်အလာနှင့် ကိုက်ညီစေရန် ပန်းချီ၊ ပန်းပု ပညာရှင်များနှင့်ဝန်းရံခဲ့ရကြောင်း၊ ဆောက်လုပ်လက်စ စကျင်ကျောက် အလယ်တန်းကျောင်းကိုလည်း ပြီးပြတ်အောင် စနစ်တကျ ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း၊ သုံးလူ့တောက်ပ ဖောင်တော်ကြီးပေါ် လိုက်ပါမည့်သူများသည် (၉) ပါးသီလ စောင့်ထိန်းပြီး သင်္ဘောများပေါ် တွင် လိုက်ပါမည့်သူ အားလုံးသည် (၅) ပါး သီလစောင့်ထိန်းပြီး အားလုံးသတ်သတ်လွတ် စားကြရမှာဖြစ်ကြောင်း ပြောကြားသွားရာ ကြားရသူအပေါင်း က သာဓုခေါ်ပြီး ဝမ်းသာအားရ ပီတိသောမနဿ ဖြစ်ကြရ ပေသည်။

တိ ကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏ စည်တော်သံ နှင့် အနုပညာဦးစီးဌာန၏ စည်တော်သံများမှာ တစ်တောလုံး တစ်တောင်လုံး ဟိန်း၍နေပေသည်။ ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းပေးသဖြင့် ဝမ်းသာအားရ၊ အမှတ်တရ၊ အလုအယက် ကောက်ကြသူများမှာ ကွင်းအပြည့်ဖြစ်သည်။ ရေပြင်၊ မြေပြင် တွင် (၃) နာရီခန့် စနစ်တကျ ဝင်းခင်းပြီး လှေ၊ ဖောင်၊ သမ္ဗန် များ ခြံရံ၍ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ဆောင်ရေးအခမ်း အနားစလေသည်။ ရှေ့ဆုံးတွင် လမ်းရှင်းသည့်သင်္ဘောနှင့် နောက် ပြည်ကြီးတံခွန် (၃) နှစ်ထပ်သင်္ဘောရှိသည်။ သည့်နောက် သုံးလူ့တောက်ပဖောင်တော်ကြီး နောက်တွင် တွန်းအားပေးသည့် သင်္ဘောကြီးနှစ်စင်းနှင့် နောက်ဆုံးတွင် သလ္လာဝတီအမှတ် (၄) နှစ်ထပ်သင်္ဘောများ တန်းစီပြီးထွက်ကြ သည်။ ပဋ္ဌာန်းရွတ်သည့် သံဃာတော် (၉) ပါး၊ ပရိတ်ရွတ် သည့် သီလရှင် (၁၂) ပါး၊ သာသနာရေးဦးစီးဌာနမှ အမျိုးသမီး (၁၅) ဦးခန့်၊ ဆေးလုံခြုံရေး၊ အသက်ကယ်အဖွဲ့၊ သင်္ဘော ဝန်ထမ်း၊ အနုပညာဦးစီးဌာနမှ ဝင်းခင်းသည့်ဝန်ထမ်းများ၊ ဦးတော်တော်မိသားစုနှင့် ပညာရှင်အဖွဲ့ စုစုပေါင်းအင်အား (၃၀၀) ခန့် ရှိသည်။

သုံးလူ့တောက်ပဖောင်တော်ကြီး ကမ်းမှ ခွာလိုက်သည် နှင့်တစ်ပြိုင်နက် ခရုသင်းမှုတ်သံ၊ စည်သံ၊ မောင်းသံ၊ ဗုံသံများ သောသောညံ၍နေသည်။ ရေပြင်နှင့်လှေများ၊ ဖောင်များ၏ လှော်ကားတော်များနှင့် သမ္ဗန်တော်များ ဝဲယာခြံရံ၍ ဝင်းခင်း ပြီးထွက်သည့်အခမ်းအနားမှာ ကြည်နူး၍မဆုံးပေ။ လက်ပြ နှုတ်ဆက်ပြီး ကျန်ရစ်သည့်ပရိသတ်မှာ ကမ်းညွတ်မတတ် ရှိပေသည်။

မန္တလေးသို့ ည (၈) နာရီခန့်တွင် ဆိုက်သည်။ ကြိုဆိုသည့် ပရိသတ်မှာ ကမ်းလုံးပြည့်မျှဖြစ်သည်။ မန္တလေး၊ မြင်းမူ၊ ပခုက္ကူ၊ ညောင်ဦး၊ မကွေး၊ အောင်လံ၊ ပြည်၊ မြန်အောင်၊ ဟင်္သာတ၊ ဓနုဖြူ၊ မအူပင်၊ တွံတေးမြို့များတွင် တစ်ညစီ ရပ်နားပြီးမှ အင်းစိန် (ကြို့ကုန်း) သို့ ဩဂုတ်လ (၅) ရက် နံနက် (၇) နာရီတွင် ဆိုက်သည်။ (၁၂) ညအိပ်ခရီးဖြစ်သည်။

ခရီးစဉ်တစ်လျှောက် ကမ်းလုံးညွတ်မျှ ကြိုဆိုကြသည့် နည်းတူ ညဉ့်အိပ်ရပ်နားသည့်မြို့များတွင်လည်း အတီး၊ အမှုတ်၊ အက၊ အခုန် အမျိုးမျိုးဖြင့် ဧည့်ခံဖြေဖျော်ကြသည်မှာ အားရ



ဆရာကြီးဦးတော်တော်က ရုပ်ပွားတော်ကြီးအား ပုံဖော်နေစဉ်

ဖွယ်ဖြစ်သည်။ တစ်မြို့ဆင်း၊ တစ်မြို့တက်၊ မြို့ခံ၊ သံဃာတော် (၉) ပါးတို့က အသံမစဲအလှည့်ကျ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်လာသည့် နည်းတူ သီလရှင်များကလည်း တစ်ဆိုင်းလျှင် (၃) ပါးစီ အလှည့်ကျ ပရိတ်ရွတ်ဖတ်ပူဇော်လာကြသည်မှာလည်း ကြည်နူးဖွယ်ဖြစ်သည်။ ထို့အတူ သာသနာရေးဦးစီးဌာနမှ အမျိုးသမီးများကလည်း တစ်ဆိုင်းလျှင် (၃) ဦးကျစီ ရွတ်ဖတ်ပူဇော်လာကြသဖြင့် သင်္ဘောများပေါ်တွင် ပရိတ်ရွတ်ဖတ်သံတို့ဖြင့် သာယာနာပျော်ဖွယ် ရှိလှပေသည်။ သန္တရသခေါ် စိတ်အေးချမ်းမှုအဖြစ်ဆုံးအချိန်မှာ နံနက်အရုဏ်တက်ချိန်ဖြစ်သည်။ သုံးလူ့တောက်ပဖောင်တော်ကြီးပေါ်မှ နရည်းသံမှာ နံနက်တိုင်း ကြားရစမြဲဖြစ်သည်။ စောင်းသံ၊ မုံသံ၊ မောင်းသံ၊ နှဲသံ၊ ဗုံတိုခေါက်သံတို့ဖြင့် သာယာကြည်နူးဖွယ်ဖြစ်သည်။ နရည်းသံကို (၁၂) ညလုံးလုံး နားဆင်ခဲ့ရသည်။ နားထောင်၍ မငြီးပေ။ အရုဏ်တက်စတွင် မြို့ခံ၊ နယ်ခံ အကြီးအကဲများ၊ တိုင်းမှူးများ၊ ရပ်မိရပ်ဘများ လာရောက်ဖူးမြော်ပြီး ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူပြီး မျက်နှာသစ်တော်ဖွင့်သည့် အခမ်းအနားမှာ ကြည်နူး၍မဆုံးပေ။

မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ ပဲခူး၊ ဧရာဝတီတိုင်းကြီး (၅) တိုင်းနှင့် စစ်ကိုင်း၊ နဝဒေး၊ ဗိုလ်မြတ်ထွန်း၊ မအူပင်၊ ဘုရင့်နောင်၊ အောင်ဇေယျ (အင်းစိန်) တံတားကြီးများကို ဖြတ်ကျော်ခဲ့သည်။ လောကချမ်းသာ အဘယ လာဘမုနိရုပ်ပွားတော်မြတ်ကြီး၏ ဘုန်းတန်ခိုးတော်ကြောင့် မည်သည့်ဘေးအန္တရာယ်ကိုမျှ မကြုံခဲ့ကြရပေ။

လောကချမ်းသာ အဘယ လာဘမုနိရုပ်ပွားတော်မြတ်ကြီးသည် နှစ်ပေါင်း (၁၃၀) ခန့်အတွင်း မကြုံစဖူးပေါ်ထွန်းလာသည့် သလင်းကျောက်ဖြူ ရုပ်ပွားတော်မြတ်ကြီးဖြစ်ပေရာ– "မင်းဓမ္မအမည်ရှိ၊ ကုန်းတော်မဟာတွင်၊ ဘုန်းတော်ရောင်ဝါ၊ ညီဖြာလင်းပါလို့၊ ပြည်မြန်မာအတွင်း၊ ရှင်လန်းသာစွာအခါ၊ ဆင်မြန်းဒါနမဟာ၊" ဟု ရေးဖွဲ့ထားသည့် သုံးဆစ်ချ ရှစ်ဆယ်ပေါ် တေးထပ်သည်လည်း အချိန်အခါနှင့်လိုက်ဖက်ပြီး အဓိပ္ပာယ်ပေါ်လွင်လျက်ရှိပေသည်။ ။

(ဦးမင်းနိုင်)













U Hla Tun
(Chairman & founder)





# မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း




ကင်ဆာဝေဒနာရှင်များအပေါ် မေတ္တာ စေတနာ၊ အကြင်နာ မျှဝေကြသူနှစ်ဦး **Dr. Rosalie Shaw** နှင့် မေတ္တာရိပ်မွန်ကိုတည်ထောင်သူ ဆရာကြီးဦးလှထွန်း

ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ၊ လူမှုဝန်ထမ်းလုပ်ငန်းဆိုင်ရာ အကူအညီပေးရေးအဖွဲ့အစည်းများ၊ အသင်းများ၊ ဌာနများသည် နိုင်ငံတကာတွင် ဖွဲ့စည်းဆောင်ရွက်လျက် ရှိနေကြပါသည်။ လူမှုဝန်ထမ်းလုပ်ငန်းဟူသည် နိုင်ငံတကာ၌ အစိုးရအဖွဲ့အစည်းရော၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများပါ ပူးပေါင်းဆောင်ရွက်ရသည့် လုပ်ငန်းမျိုးဖြစ်ပါသည်။

ယနေ့အချိန်ကဲ့သို့ ဆေးသိပ္ပံပညာ တိုးတက်နေသော အချိန်ကာလတွင် ကင်ဆာဆိုသည့် လူသားတို့အား ခြိမ်းခြောက်လျက်ရှိသည့်ရောဂါသည် ကုသ၍ရနိုင်သည့်ရောဂါ၊ ကာကွယ်၍ရနိုင်သည့်ရောဂါ။ ရောဂါအများစုထဲမှ ရောဂါတစ်မျိုးသာဖြစ် ပါသည်။ ဖွံ့ဖြိုးပြီး နိုင်ငံများတွင်လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်းကောင်း ဤကင်ဆာရောဂါသည် ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ် ဖြစ်တည်ပေါ်ပေါက် ဖြေရှင်းနေရဆဲ ဖြစ်ပါသည်။

ယင်းသို့သော လူထုကျန်းမာရေး ပြဿနာအတွက် အပြည်ပြည်ဆိုင်ရာ ကင်ဆာတိုက်ဖျက်ရေးသမဂ္ဂ (International Union Against Cancer)နှင့် ကင်ဆာတိုက်ဖျက်ရေး အဖွဲ့အစည်းများ၊ ကင်ဆာဖောင်ဒေးရှင်း၊



နိုင်ငံခြားမှ စေတနာရှင်များနှင့် ဆရာကြီးဦးလှထွန်း အမှတ်တရ

ကင်ဆာဝေဒနာရှင် ထောက်ပံ့ရေးအသင်းများ ရှိနေသကဲ့သို့ ဟော့(စ)ပစ်(စ) (Hospice) ကဲ့သို့ ကင်ဆာဝေဒနာရှင်များအတွက် လူနာပြုစုစောင့်ရှောက်ပေးရာ နေရာမျိုးသည်လည်း နိုင်ငံတကာတွင် ဖွဲ့စည်းဆောင်ရွက်လျက် ရှိနေပေသည်။

ကင်ဆာရောဂါသည် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကြောက်စရာအကောင်းဆုံးရောဂါ၊ သေနှုန်းမြင့်မားသည့် ရောဂါတစ်ခုဖြစ်ပါသည်။ ထို့နည်းတူ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသော နိုင်ငံများတွင်လည်း ကင်ဆာရောဂါဝေဒနာရှင်များအတွက် ကုသမှု၊ စောင့်ရှောက်မှုလုပ်ငန်းများသည် အလွန်လိုအပ်လှသည့် ကျန်းမာရေးဆိုင်ရာနှင့် လူမှုဝန်ထမ်းလုပ်ငန်းဆိုင်ရာ လုပ်ငန်းတစ်ခုပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ကင်ဆာဝေဒနာရှင်များအတွက် ကူညီစောင့်ရှောက်မှုပေးသည့် ဟော့(စ)ပစ်(စ) အဖွဲ့အစည်းသည် ၂၀၀၀ ပြည့်နှစ်အတွင်း ပီပီပြင်ပြင် ထူထောင်နိုင်ခဲ့ပြီဖြစ်သည်။ တည်ထောင်သူသည် ဦးလှထွန်းဖြစ်၍ အမည်ကို U Hla Tun Hospice (Cancer) Foundation ဟု သတ်မှတ်ခဲ့ပါသည်။ ဤအမည်အား လုပ်ငန်းအနှစ်သာရအပေါ် အခြေခံ၍ မြန်မာမှုပြုခဲ့သည့်အခါတွင် "ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း" ဟုခေါ် ဆိုသတ်မှတ်ခဲ့ပါသည်။

## မြန်မာနိုင်ငံမှ ဟော့(စ)ပစ်(စ)

မြန်မာနိုင်ငံတွင် ဟော့(စ)ပစ်(စ) (Hospice) ကို တည်ထောင်ခဲ့သူမှာ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဘဏ္ဍာရေးအတိုင်ပင်ခံ၊ ဆွီဒင်နှင့် နယ်သာလန်နိုင်ငံများ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် (အငြိမ်းစား)၊ ၁၉၉၇ ခုနှစ်၊ နယ်သာလန် ဘုရင်မကြီး၏ ဂုဏ်ထူးဆောင်ဘွဲ့ရ ဦးလှထွန်းဖြစ်ပါသည်။ နိုင်ငံတော်မှ ဆရာကြီး ဦးလှထွန်းအား ၂၀၀၀ ပြည့်နှစ်တွင် လူမှုထူးချွန် (ပထမဆင့်) ချီးမြှင့်ခဲ့ပြီး ဖြစ်ပါသည်။ ထို ၂၀၀၀ ပြည့်နှစ်အတွင်းမှာပင် အမေရိကန်နိုင်ငံ၊ အိုဟိုင်းယိုးပြည်နယ်၊ မဲလန်းတက္ကသိုလ် (Melen University) မှ ဂုဏ်ထူးဆောင် D.H.L (Doctorate in Humane Letters) ပါ ချီးမြှင့်ခြင်း ခံခဲ့ရပါသည်။

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ၊ အကျိုးအမြတ်မရှာဖွေသည့်အဖွဲ့ (Association not for Profit)၊ ကုသိုလ်ဖြစ် "ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း" ကို ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လိုင်စင်အမှတ် ၄၀/၉၈ ဖြင့်လည်းကောင်း၊ ကုမ္ပဏီမှတ်ပုံတင် လက်မှတ်အမှတ် ၇၉၄/၉၈ ဖြင့်လည်းကောင်း အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုအဖြစ် တည်ထောင်ခဲ့ပါသည်။ Association not for Profit ကို ရည်ရွယ်သည်ဖြစ်၍ စတင်ဖွဲ့စည်းစဉ်က ဖောင်ဒေးရှင်း (Foundation) အစား (U Hla Tun Hospice (Cancer) Association ဟု သတ်မှတ်ခဲ့သည်။

ဦးလှထွန်းသည် တစ်ဦးတည်းသောသမီး ဒေါ်မြစန္ဒာထွန်း (Ruby) တွင် သွေးကင်ဆာ (Leukemia) ဖြစ်လာသည့်အခါ မြန်မာနိုင်ငံရှိ ဆရာဝန်ကြီးများ၏ အကြံပြုချက်အရ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ရှိ ကင်ဆာအထူးကုဆေးရုံကြီး Royal Marsden သို့သွားရောက် ဆက်လက်ဆေးကုသ ပေးခဲ့ပါသည်။ သွေးကင်ဆာရောဂါသည် အရိုးချဉ်ဆီဖြင့် ဆေးထိုးပြီးကုသနိုင်သော်လည်း၊ ထိုအရိုးချဉ်ဆီမှာ သွေးလိုမဟုတ်ဘဲ၊ ညီအစ်ကို

မောင်နှမအရင်း ချည်ဆိုဖြင့်သာ ထည့်သွင်းကုသနိုင်ပါသည်။ ဒေါ်မြစန္ဒာထွန်းမှာ ညီအစ်ကိုမောင်နှမ မရှိသည့်အတွက် Royal Marsden တွင် သွေးလဲလှယ်ခြင်းနည်းဖြင့် သူ့သွေး ပြန်လည်ထည့်သွင်းပြီး ကုသခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ ဆေးကုသမှုစံနစ် ပိုမိုအဆင့်မြင့်သည့် နိုင်ငံရပ်ခြားတွင် ၆ လမျှ အကောင်းဆုံးနည်းများဖြင့် ငွေကြေးအကုန်အကျများစွာ ကျခံ၍ ကုသခဲ့သော်လည်း အောင်မြင်မှုမရှိဖြစ်ခဲ့ပြီး သမီးဖြစ်သူမှာ ၃၁.၃.၉၇ နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ အင်္ဂလန်နိုင်ငံတွင် သမီးဖြစ်သူ ဆေးကုသမှုခံယူစဉ်အတွင်း ဖခင်ဦးလှထွန်းသည် အင်္ဂလန်နိုင်ငံ၌ ဟော့(စ)ပစ်(စ) စောင့်ရှောက်မှုလုပ်ငန်းများရှိကြောင်း သိရှိခဲ့ရပါသည်။ အင်္ဂလန်နိုင်ငံတွင်သာမက အခြားသော နိုင်ငံကြီးများတွင် ဟော့(စ)ပစ်(စ) စောင့်ရှောက်မှုလုပ်ငန်းများရှိကြောင်း သိရှိခဲ့သည့်အတွက် သမီးအတွက် အောက်မေ့ဖွယ်အဖြစ် ဟော့(စ)ပစ်(စ) လုပ်ငန်းကို မြန်မာနိုင်ငံ၌ထူထောင်ရန် ဆုံးဖြတ်ခဲ့ပါသည်။

ဆရာကြီး ဦးလှထွန်း၏ ရည်ရွယ်ချက်မှာ ကင်ဆာဝေဒနာကို ပြင်းထန်စွာ ခံစားနေရပြီး၊ ဆင်းရဲနွမ်းပါး အားကိုးရာမဲ့၊ သနားစဖွယ်၊ မျှော်လင့်ချက်မဲ့နေသော ဝေဒနာရှင်တစ်ဦး၏ နေဝင်ချိန်ဘဝ သာယာငြိမ်းချမ်းပြီး လိုအင်ဆန္ဒများကို ဖြည့်ဆည်းနှစ်သိမ့်အားပေး ကူညီစောင့်ရှောက် ထောက်ပံ့ပေးရန် ဖြစ်ပါသည်။ ၎င်းအတွက် "ပထမအဆင့်" အိမ်တိုင်ရာရောက် ပြုစုခြင်းလုပ်ငန်း (Home Care Service) နှင့် "ဒုတိယအဆင့်" "မေတ္တာရိပ်မွန်အတွင်းလူနာ (ကင်ဆာ) ဗဟိုဌာန" (In Patient Care Centre) တွင် ဆက်လက်ပြီး အချိန်ပြည့်အစွမ်းကုန် ပြုစုစောင့်ရှောက်သွားရန် ဖြစ်ပါသည်။

ပထမဆင့်ဖြစ်သည့် အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်မှုကို ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလမှစ၍ ၂၂ လ ကာလကြာမြင့်သည်အထိ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဒုတိယအဆင့်ဖြစ်သည့် "အတွင်းလူနာ ကင်ဆာဗဟိုဌာန" ကို ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

အိမ်တိုင်ရာရောက်ပြုစုခြင်းလုပ်ငန်းမှ ၂ နှစ်ခန့်ကာလအတွင်း အတွင်းလူနာ ကင်ဆာဗဟိုဌာနကို ဖွင့်လှစ်နိုင်ခဲ့သဖြင့် ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းသည် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် လူမှုဝန်ထမ်းလုပ်ငန်း ကဏ္ဍများ၌ ထင်ရှားသည့် သမိုင်းမှတ်တိုင်တစ်ခုကို အောင်မြင်စွာ စိုက်ထူနိုင်ခဲ့ပါသည်။

## ပထမအဆင့် ဆောင်ရွက်ပေးခဲ့သည့်လုပ်ငန်းများ

ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းသည် အိမ်တိုင်ရာရောက် စောင့်ရှောက်မှုလုပ်ငန်းကို ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလမှစ၍ စတင်ဆောင်ရွက်ခဲ့ပါသည်။ တည်ထောင်သူ ဆရာကြီးဦးလှထွန်းနှင့် ဆရာဝန်ကြီးများ၊ သူနာပြုဆရာမများ၊ လူမှုဆက်ဆံရေး လုပ်သားများသည် မြို့နယ် ၂၀ ကျော်ရှိ နောက်ဆုံးအဆင့် ကင်ဆာလူနာများ၏ အိမ်များသို့ အခေါက်ပေါင်း ၂၄၁၁ ခေါက် ကြည့်ရှုအားပေးမှုများ ပြုလုပ်ခဲ့ပါသည်။ အိမ်တိုင်ရာရောက် စောင့်ရှောက်ပေးမှုကာလမှာ အချိန်ကာလအားဖြင့် ၂၂ လ ရှိခဲ့ပါသည်။

ယင်းသို့ အိမ်တိုင်ရာရောက် စောင့်ရှောက်မှုလုပ်ငန်းကို–

(၁) ကင်ဆာရောဂါဖြင့် နောက်ဆုံးအဆင့် ကုသမရသည့်သူဖြစ်ခြင်း၊

(၂) ဆင်းရဲနွမ်းပါး၊ အားကိုးရာမဲ့၊ ခိုကိုးရာမဲ့ဝေဒနာရှင်ဖြစ်ခြင်း၊

(၃) ရန်ကုန်ပြည်သူ့ဆေးရုံကြီး Cancer Department နှင့် ဆက်ထားပြီး၊ ထိုဆေးရုံကင်ဆာဌာနမှ တာဝန်ခံဆရာဝန်ကြီးက အထက်ပါအချက် ၂ ချက်ဖြင့် ကိုက်ညီသည့် ဝေဒနာရှင်များကို ဖောင်ဒေးရှင်းသို့ ဆေးရုံဆင်းလက်မှတ်နှင့် အကြောင်းကြားသူဖြစ်ခြင်း

စသည့်အချက်များနှင့်ကိုက်ညီသည့် ကင်ဆာဝေဒနာရှင်များကို စောင့်ရှောက်ပေးရန် လူနာအိမ်များရှာဖွေပြီး ပြုစုစောင့်ရှောက်ခဲ့ပါသည်။ စတင်သည့် ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလမှစ၍ ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လကုန်အထိ အိမ်တိုင်ရာရောက် စောင့်ရှောက်မှုပေးနိုင်ခဲ့သူ စုစုပေါင်း ၉၀ ဦးရှိခဲ့၍၊ ကွယ်လွန်မှုမှာ အလွန်များပြားခဲ့ပြီး လက်ကျန် ၂၆ ဦး ကျန်ရှိခဲ့ပါသည်။

အိမ်တိုင်ရာရောက် စောင့်ရှောက်ပြုစုမှုလုပ်ငန်းတွင် –

- အိမ်ရာမရှိ၊ နေထိုင်ရန်မရှိသော ဝေဒနာရှင်များအား အိမ်ငှားပေးခြင်း၊
- ရှင်မပြုရသေးသည့်ဝေဒနာရှင်များ၏ သားများကို ရှင်ပြုပေး၍ ဝေဒနာရှင်၏ဆန္ဒကို ဖြည့်ဆည်းပေးခြင်း၊
- ခန္ဓာကိုယ်လှူလိုသောဝေဒနာရှင်များကို ကွယ်လွန်သည့်အခါ ခန္ဓာကိုယ်လှူဒါန်းရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊
- မျက်ကြည်လွှာလှူလိုသော ဝေဒနာရှင်အချို့ကို ကွယ်လွန်သည့်အခါ ၄ နာရီအတွင်း မျက်ကြည်လွှာလှူရန် ဆောင်ရွက်ပေးခြင်း၊
- ကွယ်လွန်သည့်အခါ ကျပ် ၅၀၀၀ မှ တစ်သောင်းအထိ ကျန်ရစ်သူမိသားစုကို ကူညီပံ့ပိုးပေးခြင်း၊
- ဝေဒနာရှင်များ ဘုန်းကြီးဆွမ်းကျွေးရန်နှင့်လိုအပ်သလို သုံးစွဲရန် ငွေအနည်းငယ်ထောက်ပံ့ပေးခြင်း၊
- ဆန်၊ စောင်၊ ခြင်ထောင်၊ အဝတ်အစား၊ အစားအသောက်များကို ပံ့ပိုးကူညီခြင်း၊

– နာကျင်မှုသက်သာစေရန်နှင့် အစာမကြေ၊ ဝမ်းသွား၊ ခေါင်းကိုက်သက်သာစေရန်ဆေးဝါးများ လှူဒါန်းခြင်း စသည်တို့ကို ဖောင်ဒေးရှင်းမှ ဆောင်ရွက်ပေးခဲ့ပါသည်။

## ဒုတိယအဆင့် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ

ဒုတိယအဆင့် ရည်ရွယ်ထားသော "အတွင်းလူနာကင်ဆာဗဟို" (In Patient Care Centre) ကို ထူထောင်ရန်အတွက် မေတ္တာရိပ်မွန်မှ နိုင်ငံတော်ထံသို့ မြေတောင်းခံခဲ့ပါသည်။ ဖောင်ဒေးရှင်း၏ နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားအဖြစ် "အတွင်းလူနာကင်ဆာဗဟို" အတွက် အမေရိကန်ဒေါ်လာ တစ်သိန်းလှူဒါန်းပွဲကို ရန်ကုန်မြို့၊ အမျိုးသားကဇာတ်ရုံ၌ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ နိုင်ငံတော်အနေဖြင့် "အတွင်းလူနာ ကင်ဆာဗဟို" ဆောက်လုပ်နိုင်ရန် ဒဂုံမြို့သစ်၊ (အရှေ့) မြို့နယ်၊ အမှတ် ၂ လမ်းမကြီးတွင် မြေ ၅.၀၅ ဧက ချီးမြှင့်ပေးအပ်ခဲ့ပါသည်။ အဆောက်အအုံ ဆောက်လုပ်မှုမတိုင်ခင်က ဖောင်ဒေးရှင်း မ,တည်ငွေအဖြစ် ဆရာကြီးဦးလှထွန်းက ကျပ်သိန်းတစ်ရာ လှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။

ဆရာကြီးဦးလှထွန်းသည် လှူဒါန်းထားသော အမေရိကန်ဒေါ်လာတစ်သိန်းအပြင် ထပ်မံ၍ အမေရိကန်ဒေါ်လာ ငါးသောင်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ တစ်သိန်းငါးသောင်းကို "အတွင်းလူနာ ကင်ဆာဗဟို" အတွက် လှူဒါန်းခဲ့ပါသည်။

မေတ္တာရိပ်မွန် အတွင်းလူနာကင်ဆာဗဟို အဆောက်အအုံ၏ အဆောက်အအုံပန္နက်တော် မင်္ဂလာအခမ်းအနားကို ၁.၁.၂၀၀၀ နေ့တွင် ကျင်းပပြုလုပ်ပြီး၊ အဆောက်အအုံကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနက ပံ့ပိုးကူညီ တာဝန်ယူဆောက်လုပ်၍ ၃၁.၈.၂၀၀၀ နေ့တွင် တရားဝင် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ အတွင်းလူနာကင်ဆာဗဟို (In Patient Care Centre) ကို ခုနစ်လအတွင်း ဆောက်လုပ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ နိုင်ငံတော်အနေဖြင့် မြေဧက ၅.၀၅ ဧကကို အခမဲ့ပံ့ပိုးပေးခဲ့ပြီး အဆောက်အအုံတန်ဖိုးမှာ ကျပ်သိန်းပေါင်း ၇၆၀ ဒသမ ၇၀ ကုန်ကျခဲ့ပါသည်။ ဤကုန်ကျငွေများကို ဆရာကြီးဦးလှထွန်းက အမေရိကန်ဒေါ်လာ (၁၅၀,၀၀၀) လှူဒါန်းခဲ့ပြီး၊ မြို့ပြနှင့်အိုးအိမ် ဖွံ့ဖြိုးရေး ဦးစီးဌာနက အချို့အဆောက်အအုံအတွက် ကျပ်သိန်း ၂၆၀.၇၀ ပါဝင်ပံ့ပိုးခဲ့ပါသည်။

## ကင်ဆာဆိုသည့်ရောဂါ

ကင်ဆာရောဂါသည် ယနေ့ မျက်မှောက်အချိန်တွင် ကမ္ဘာကြီးအတွက် ကြီးမားသည့် လူထုကျန်းမာရေး ပြဿနာတစ်ခုဖြစ်ပါသည်။ ကျန်းမာရေးသုတေသနနှင့်တွေ့ရှိချက်များအရ ကမ္ဘာတစ်ဝန်းလုံးတွင် ကင်ဆာရောဂါဖြစ်နှုန်းသည် မြင့်တက်လာလျက်ရှိပါသည်။ ကင်ဆာသည် ယေဘုယျအားဖြင့် သက်ကြီးပိုင်းတွင်အဖြစ်များ၍ မျက်မှောက်ခေတ်ဖွံ့ဖြိုးပြီး နိုင်ငံများတွင် လူ့သက်တမ်း (Life expectancy) ရှည်လျားလာခြင်းကြောင့်လည်းကောင်း၊ လူ့မှုနေထိုင်မှုဘဝ အကျင့်စရိုက် (Life Style) များ ပြောင်းလဲခြင်းကြောင့်လည်းကောင်း စသည်တို့ကြောင့် ကင်ဆာဖြစ်နှုန်းသည် မြင့်တက်လာခြင်း ဖြစ်သည်။



မေတ္တာရိပ်မွန်ကမ္ဗည်းအား လာရောက်လေ့လာကြသည့် စေတနာရှင်များကို ဆရာကြီးဦးလှထွန်းက ရှင်းလင်းပြသစဉ်



အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ပေးမှု



အိမ်တိုင်ရာရောက်ပြုစုစောင့်ရှောက်ကုသကာလတွင် ကွယ်လွန်သွားသည့် ကင်ဆာဝေဒနာရှင်၏ မိသားစုအား
ဖောင်ဒေးရှင်းက နာရေးကူပုံငွေပေးအပ်စဉ်

အမေရိကန်ကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကင်ဆာသည် ဒုတိယအသေအများဆုံး ရောဂါတစ်ခုပင်ဖြစ်သည်။ ပထမမှာ နှလုံးရောဂါဖြစ်သည်။ ယခုအချိန်ကာလများ၌ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း ကင်ဆာဖြစ်မှုအခြေအနေမှာ ပိုမိုတိုးတက်လာလျှက်ရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသောနိုင်ငံများတွင် ကင်ဆာဝေဒနာရှင်များ ခံစားရမည့်ဒုက္ခ၊ ၎င်း၏မိသားစုများ၊ အသိုင်းအဝန်းများ ရင်ဆိုင်ရမည့်ဒုက္ခ၊ နိုင်ငံတော်က ကုန်ကျရမည့်စရိတ်စက စသည်တို့ကိုတွေးကြည့်လျှင် ရင်လေးဖွယ်ရာပင်ဖြစ်သည်။

ဦးစွာပထမ အနီးပတ်ဝန်းကျင်ထဲတိုးဝင်ပြီး၊ နောက်အဆင့် အနေဖြင့်သွေးပြန်ရည် (Lymph) တို့မှ ကိုယ်ခန္ဓာ နေရာအနှံ့အပြားသို့ ပွားနိုင်ပါသည်။ ကင်ဆာအမျိုးပေါင်း ၂၀၀ ကျော်ရှိကြောင်းလည်း သိရှိရပါသည်။ ကင်ဆာရောဂါအချို့မှာ ကုသ ပျောက်ကင်းနိုင်ပြီး အချို့မှာ ကုသပျောက်ကင်းနိုင်မှု နည်းပါး ပါသည်။

အားတက်စရာအချက်တစ်ခုမှာ ၈၀ ရာခိုင်နှုန်းသော ကင်ဆာတို့သည် ကာကွယ်၍ရနိုင်သည် ဆိုသည့်အချက်ပင်ဖြစ်သည်။ ကင်ဆာရောဂါ ကုသမှုနှင့်ပတ်သက်၍လည်း



စင်ကာပူနိုင်ငံမှ အလှူရှင်များနှင့် ဆရာကြီးဦးလှထွန်းအမှတ်တရ

ကင်ဆာသည် လက်တင်ဘာသာစကားတစ်ခုဖြစ်ပြီး ဂရိစကား "Karkinos"မှ ဆင်းသက်လာခြင်းဖြစ်သည်။ နက္ခတ်တာရာတစ်ခု၏အမည်ဖြစ်သော Sign of Zodiac ဖြစ်သည့် ဂဏန်းကောင် (Crab) ဟု အဓိပ္ပာယ်ရှိသည်။ ဘီစီ ၄၂၀ တွင် ဆေးပညာဖခင်ကြီး "ဟစ်ပိုကရစ်တီး(စ)" က စတင်အမည်ပေးခဲ့သည်ကို မှတ်တမ်းများအရ သိရှိရပါသည်။ ကင်ဆာဖြစ်ပြီဆိုလျှင် ဂဏန်းကောင်၏ လက်များကဲ့သို့ ပတ်မကိုယ်မှအစပြု၍ အဘက်ဘက်ကိုပွားထွက်သည့် အဓိပ္ပာယ်သဘောမျိုးဆောင်သဖြင့် ယင်းသို့ယူဆခြင်း ဖြစ်ဟန်တူပါသည်။

ဆေးပညာတွေ့ရှိချက်များအရ ကင်ဆာသည် ဆဲလ်တစ်ခုသို့မဟုတ် ဆဲလ်အမျိုးအစားတစ်မျိုးက ပုံမှန်မှုမှန်အတိုင်းမပွားဘဲ အထိန်းအချုပ်မရှိ အတောမသတ်ပွားခြင်းကြောင့် ဖြစ်သည့်ရောဂါဖြစ်သည်။ ထိန်းချုပ်၍မရသည့် ဆဲလ်ပွားခြင်း၊

တိုးတက်မှုများရှိလာနေပြီ ဖြစ်ပါသည်။ ကင်ဆာရောဂါကုသမှုအတွက် ပို၍ကောင်းမွန်သောကုသနည်းများ ပေါ်ထွက်လာရန် သုတေသနလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်လည်းရှိပါသည်။ အချို့သော အရှေ့တိုင်းနိုင်ငံများတွင် တိုင်းရင်းဆေးများဖြင့်လည်း ကုသဆောင်ရွက်လျက်ရှိပါသည်။

## ကင်ဆာတိုက်ဖျက်ရေး

အမေရိကန်နိုင်ငံ၏ ကင်ဆာသုတေသနပြု လေ့လာချက်များအရ ဝင်ငွေနည်းသည့် လူတန်းစားများတွင် ကင်ဆာပိုမိုဖြစ်သည်ကို တွေ့ရှိရပါသည်။ ကင်ဆာရောဂါဖြင့် သေဆုံးသူများတွင် ဆင်းရဲသားလူတန်းစားအလွှာမှာ များပြားပါသည်။

ကင်ဆာရောဂါဝေဒနာရှင်တစ်ဦးသည် ချမ်းသာစီးပွားတောင့်တင်းလျှင် ဆေးဝါးကုသမှု၊ ဆေးဝါး၏ စာတ်စာများအတွက် အခက်အခဲနည်းပါးမည် ဖြစ်ပါသည်။ သို့သော်

ဆင်းရဲနွမ်းပါးသည့် ကင်ဆာဝေဒနာရှင်အတွက်မူ ဝေဒနာရှင်နှင့် မိသားစုအနေဖြင့် ဆေးဝါးကုသရေးကို ရင်ဆိုင်ရန်မှာ ကြောက်မက်ဖွယ်ရာပင် ဖြစ်ပါသည်။

ထို့ပြင် ကင်ဆာရောဂါသည် အခြားရောဂါများနှင့် မတူညီသည့်အချက်မှာ လူ၏စိတ်ဓာတ်ကို ညှိုးဆဲနှိပ်စက်တတ်ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကင်ဆာဖြစ်လျှင် သေမည်ဟု နားလည်ယူဆထားသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဝေဒနာရှင်အတွက် ကျန်းမာရေး ဆေးဝါးကုသမှုအပြင် စိတ်ဓာတ်ရေးရာအားပေးမှု၊ နှစ်သိမ့်အားပေးသော ကုသမှုနည်းလမ်း (Palliative Care) သည် အထူးလိုအပ်လှပါသည်။ ကင်ဆာကုထုံးများတွင် –

- ခွဲစိတ်ပြီးကုသခြင်း (Surgery)
- ဓာတ်ရောင်ခြည်ပေးခြင်း (ဓာတ်ကင်ခြင်း) (Radio-therapy )
- ကင်ဆာဆေး (စီမို) ပေးခြင်း (Chemotherapy)

စသည့်ကုထုံး ၃ ခုရှိပါသည်။ အချို့အရှေ့တိုင်းနိုင်ငံများတွင် တိုင်းရင်းဆေးများဖြင့် ကုသဆောင်ရွက်ပေးမှုများ ရှိပါသည်။

ကင်ဆာရောဂါကို ကုသရာတွင် ဆေးသိပ္ပံဖြင့် ကင်ဆာကုထုံးများအပြင် စိတ်ပညာအခန်းကဏ္ဍသည်လည်း ကင်ဆာကုထုံးများကို အားဖြည့်ရာရောက်ပါသည်။ နာကျင်မှုကို အားပေးနှစ်သိမ့်မှုဖြင့် ကုစားခြင်း၊ စိတ်ဓာတ်မြှင့်တင်ပေးခြင်းတို့သည် ကင်ဆာရောဂါ ဝေဒနာရှင်များအား ရောဂါကုသရာတွင် ထိရောက်မှုရှိလှပါသည်။ နိုင်ငံတကာတွင် နှစ်သိမ့်ဆွေးနွေးပညာပေးမှု (Councelling) များသည် ခေတ်စားလျက်ရှိသဖြင့် ကင်ဆာဝေဒနာရှင်များအတွက် ယင်းသို့သော နှစ်သိမ့်ဆွေးနွေးပညာပေးမှုများသည် အထူးအကျိုးသက်ရောက်မှုရှိစေပါသည်။ အကျိုးသက်ရောက်မှုရှိပုံများကိုလည်း နိုင်ငံတကာ ဆေးပညာဂျာနယ်နှင့် ပြန်ကြားရေးကဏ္ဍများမှတစ်ဆင့် ဖော်ပြလျက်ရှိနေပါသည်။

မြန်မာနိုင်ငံ၌လည်း နှစ်သိမ့်ဆွေးနွေးပညာပေးသူ (Counseller) များသည် များပြားစွာ ပေါ်ထွက်လာနိုင်စရာ အလားအလာရှိပြီး ၎င်းပညာရှင်များက စေတနာဝန်ထမ်း အခြေခံစိတ်ဖြင့် ကင်ဆာဝေဒနာရှင်များ၊ ဆေးရုံများမှ ကင်ဆာဌာနများနှင့် ဟော့(စ)ပစ်(စ) များတွင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသင့်လှပါသည်။

## ကင်ဆာဟော့(စ)ပစ်(စ) (Cancer Hospice)

ကင်ဆာဖြစ်လျှင် ကာယကံရှင်၏ ခန္ဓာကိုယ်သာမက စိတ်ကိုပါ ညှိုးဆဲခံရပါသည်။ မိသားစုအဝန်းအဝိုင်းကိုပါ ကြောက်ရွံ့တုန်လှုပ်စေတတ်ပါသည်။ ကုသ၍ ခက်ခဲသောရောဂါဖြစ်သဖြင့်လည်း ဆေးကုသစရိတ်၊ ဆေးဝါးခများက ကြောက်ခမန်းလိလိဖြစ်ပါသည်။

ကင်ဆာရောဂါဝေဒနာသည်အတွက် ဆေးရုံသည် ဆေးပစ္စည်းမျိုးစုံနှင့် တတ်ကျွမ်းသူများရှိ၍ အဆင့်မြင့်ကုသရေးကို ဆောင်ရွက်ပေးနိုင်သည့်နေရာဖြစ်သည်။ သို့သော် အဆုံးစွန်ရောက်နေသည့် ကင်ဆာဝေဒနာရှင်အတွက်မူ ဆေးရုံသည် လိုအပ်သည့်နေရာမဟုတ်တော့ပါ။ ဆေးရုံသည်လည်း ခေတ်အခြေအနေ၊ အနေအထားများအရ လူနာတစ်ဦးအား ရုပ်ပိုင်းဆိုင်ရာနာကျင်မှုနှင့် ရောဂါအတွက် ဆေးဝါးကုသမှုများကိုသာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး၊ လူနာအတွက်လိုအပ်သော စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်မှုနှင့် အားပေးမှုများအားပေးနိုင်ခြင်း မရှိပါ။ ယနေ့ခေတ်လိုအခြေအနေမျိုးတွင် ဆရာဝန်၊ သူနာပြုများအနေဖြင့် ကင်ဆာရောဂါ ဝေဒနာရှင်တစ်ဦးအတွက် လုံလောက်သောအချိန်ပေးနိုင်မှုသည် ရှိမည်မဟုတ်တော့ပါ။

ဆေးရုံမတက်ဘဲ အိမ်မှာထားမည်ဆိုပါကလည်း လူနေမှုပုံစံပြောင်းလဲလာမှုများကြောင့် မိသားစုဝင်အချင်းချင်း ချစ်ခင်ရင်းနှီးမှု နည်းပါးလာခြင်း၊ စည်းလုံးမှု လျော့နည်းလာခြင်း၊ လျစ်လျူရှုခြင်းများကို မိသားစုဝင်များသည် ကြုံတွေ့လာရသဖြင့်လည်းကောင်း၊ ကင်ဆာရောဂါကို ကုသမှုသည် နာတာရှည်ရောဂါမျိုးကို ကုသရသကဲ့သို့ "ငွေကုန်သံပြာ" ဖြစ်သဖြင့်လည်းကောင်း၊ ကင်ဆာဝေဒနာရှင်နှင့်မိသားစုဝင်များအတွက် အခက်အခဲမျိုးစုံ ကြုံဆုံနိုင်ဖွယ်ရှိပါသည်။

ထို့ကြောင့် ကင်ဆာဝေဒနာရှင်များအတွက် အိမ်နှင့်ဆေးရုံအပြင် "အခြားရွေးချယ်စရာနေရာတစ်ခု" သည် လူမှုဝန်ထမ်းစိတ်ဓာတ်ရင့်သန်မြင့်မားသူများ၏ နှလုံးသားအလှ၊ လူသားချင်းစာနာကူညီရေးခံယူချက်၊ မဆုတ်နစ်သော လုံ့လထုတ်ကြိုးစားတည်ထောင်မှုများဖြင့် ပေါ်ပေါက်လာခဲ့ပါသည်။ ၎င်းနေရာသည် ဆေးရုံသဘောလည်းမဆန်၊ ဆေးပေးခန်းလည်းမမည်၊ ဆေးကုခန်းလည်းမဟုတ်သော "လူနာပြုစုစောင့်ရှောက်ရာနေရာ" ဟော့(စ)ပစ်(စ) (Hospice) ပင်ဖြစ်သည်။

၎င်းဟော့(စ)ပစ်(စ)၏ ရည်ရွယ်ချက်များသည် ကင်ဆာဝေဒနာရှင်များ၏ ရောဂါပျောက်ကင်းရေးထက် ဘဝနိဂုံးချုပ်ကာနီးရောဂါ၏ နောက်ဆုံးအဆင့် ရောက်နေသူများအား စိတ်အေးချမ်းစေ၍၊ ငြိမ်းချမ်းသာယာစွာ နေထိုင်နိုင်ရေးပင်ဖြစ်သည်။ ဟော့(စ)ပစ်(စ) သည် ဝေဒနာရှင်၏ စိတ်သောက၊ အပူအပင်ကို ကင်းနိုင်သမျှကင်းအောင် ထောက်ပံ့မှုပေးပြီး ဝေဒနာရှင်၏ စိတ်ချမ်းသာမှုကို ဖြည့်ဆည်းပေးပါသည်။

## ဟော့(စ)ပစ်(စ)၏ မူလအစ

Hospice ဆိုသည့်စကားက ဆေးရုံ Hospital သဘောမျိုးမဆန်ပါ။ Hospice သည် လက်တင်ဘာသာမှ ဆင်းသက်လာ

ခြင်းဖြစ်ပြီး၊ အဓိပ္ပာယ်မှာ Hospitality to Travellers ဖြစ်ပါသည်။ မြန်မာဘာသာပြန်ဆိုပါက နောက်ဆုံးဘဝနိဂုံး ခရီးစဉ်ရောက်ရှိနေသည့် ဝေဒနာရှင်များကို ဧည့်ဝတ်ပြုစု စောင့်ရှောက်သည့်သဘောမျိုးဖြစ်ပါသည်။

လွန်ခဲ့သည့် ရှေးနှစ်ပေါင်းများစွာက ဥရောပတွင် ဆင်းရဲနွမ်းပါးသူ၊ ခိုကိုးရာမဲ့သူ၊ နာမကျန်းဖြစ်နေသူ၊ ဒုက္ခရောက်သူနှင့် ခရီးသည်များ နားခိုရန်အတွက် ကွန်းခိုစခန်းများ ရှိခဲ့ပါသည်။ စခန်းများတွင်လည်း ပြုစုစောင့်ရှောက်မည့်သူများရှိပြီး အစားအသောက်နှင့် နေရေးထိုင်ရေးအတွက်ပါ တာဝန်ယူဆောင်ရွက်ပေးပါသည်။ ဤသို့သော လုပ်ငန်းများကို ဘာသာရေးအသင်းအဖွဲ့များက တာဝန်ယူဆောင်ရွက်ခဲ့ပြီး ဆောင်ရွက်ပေးသူများအနေဖြင့် စိတ်ရှည်သည်းခံမှု၊ ကြင်နာသနားမှု၊ မေတ္တာစိတ်ပြည့်ဝစွာ ထားရှိမှုများဖြင့် ဆောင်ရွက်ပေးပါသည်။ အထူးသဖြင့် ဘာသာရေး ခရီးသည်များအနေဖြင့် လွန်ခဲ့သည့် ရှေးနှစ်ပေါင်းများစွာအချိန်ကာလတွင် ဝေးလံသည့်ခရီးများကို အခက်အခဲများကြားတွင် သွားလာရသဖြင့် လမ်းခရီးတွင် နားခိုရန်၊ ဖျားနာလျှင် တည်းခိုနိုင်ရန်အတွက် ခရစ်ယာန်ဘုန်းကြီးများ၊ သီလရှင်များက ကမကထပြုပြီး ကွန်းခိုစခန်းများ ဖွင့်လှစ်ခဲ့ကြခြင်းဖြစ်သည်။ ဤသို့သော ကွန်းခိုစခန်းများသည် ဥရောပတိုက်တွင် အများအပြားပြန့်နှံ့တည်ရှိခဲ့ပါသည်။ ဆွစ်ဇာလန်နိုင်ငံတွင် ဘီစီ ၉ ရာစု၌ "ဘုရားဖူးများနှင့် ဆင်းရဲခိုကိုးရာမဲ့သူများ" အတွက် ကွန်းခိုစခန်းဖြစ်သည့် Hospice ရှိခဲ့ကြောင်း သိရှိရပါသည်။

ဤသို့သော Hospice များမှသည် ၁၉၆၀ ပြည့်လွန်နှစ်များကာလတွင် အင်္ဂလန်နိုင်ငံမှ ဒေါက်တာ စီစီလီဆောင်ဒါး(စ) (Dame Dr. Cecily Saunders) ၏ စိတ်ထားမွန်မြတ်မှုနှင့် မဆုတ်မနစ်သော ကြိုးစားမှုတို့ဖြင့် သေလုဆဲဆဲလူနာများ၏ ဘဝအကျိုးအတွက် ဟော့(စ)ပစ်(စ) (Hospice) သည် ရည်ရွယ်ချက်မွန်မြတ်စွာဖြင့် ပေါ်ပေါက်ခဲ့ပါသည်။

ဒေါက်တာ ဆောင်းဒါး(စ)သည် ဘာသာတရားကိုင်းရှိုင်းသူ ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်ပြီး ၁၉၄၈ ခုနှစ်မှ ၁၉၅၅ ခုနှစ်အတွင်း သူနာပြုလုပ်ငန်းများ ဆောင်ရွက်စဉ်ကတည်းက သနားစဖွယ်၊ သေလုဆဲဆဲလူနာများ၏ ဘဝအကျိုးအတွက် တစ်စုံတစ်ရာလုပ်ရန် စိတ်ပိုင်းဖြတ်ခဲ့သူ ဖြစ်ပါသည်။ ဒေါက်တာဆောင်းဒါး(စ)၏ ကြိုးစားမှုကြောင့် ၁၉၆၇ ခုနှစ်၌ လန်ဒန်မြို့၏ တောင်ဘက်တွင် စိန့်–ခရစ်(စ)တိုဖာဟော့(စ)ပစ်(စ)ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဒေါက်တာဆောင်းဒါး(စ)၏ ၁၉ နှစ်ကြာမျှ မက်ခဲ့သောအိပ်မက်သည် သူမ၏ခံယူချက်မြင့်မားမှု၊ မဆုတ်မနစ်သောကြိုးစားမှုတို့ဖြင့် လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ဤဟော့(စ)ပစ်(စ)သည် ယခုအချိန်တွင် ကမ္ဘာကျော်လျက်ရှိပြီး၊ ဟော့(စ)ပစ်(စ)ကို စိတ်ဝင်စားသူများ လာရောက်လေ့လာရာ "စံပြ" နေရာတစ်ခုဖြစ်ပါသည်။ ဟော့(စ)ပစ်(စ)တွင် အများစုမှာ ကင်ဆာလူနာအများဆုံးဖြစ်ပါသည်။

၁၉၄၈ ခုနှစ် ပထမအကြိမ်တည်းဖြတ်ပြီး၊ ၂၀၀၀ ပြည့်နှစ်တွင် ဆဌမအကြိမ်တည်းဖြတ်သည့် Oxford Advanced Learner's Dictionary တွင် Hospice ၏ အဓိပ္ပာယ်ကို "ဘဝနိဂုံးချုပ်ခါနီး လူနာများထားသည့်ဆေးရုံ" ဟု ဖော်ပြထားပါသည်။



နိုင်ငံခြားအလှူရှင်တစ်ဦးအား ဆရာကြီးဦးလှထွန်းကိုယ်တိုင် လိုက်လံပြသရှင်းလင်းစဉ်

ဒေါက်တာဆောင်ဒါး(စ)အစပျိုးခဲ့သည့် ဟော့(စ)ပစ်(စ) သည် ယခုအခါ နိုင်ငံတော်တော်များများတွင် ပေါ်ပေါက်နေပြီ ဖြစ်ပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဟော့(စ)ပစ်(စ) သည် ထူးခြားခေတ်စားလျက်ရှိပြီး၊ အာရှနိုင်ငံများတွင်လည်း ဟော့(စ)ပစ်(စ)များကို တဖြည်းဖြည်းချင်း ထူထောင်လျက် ရှိနေပါသည်။ ဖွင့်လှစ်ထားသည့် ဟော့(စ)ပစ်(စ)များသည် လည်း နိုင်ငံတော်အစိုးရနှင့်ပြည်သူလူထု၏ ထောက်ပံ့ကူညီ အားပေးမှုများကို တစ်နေ့တစ်ခြား တိုးတက်ရရှိနေပါသည်။

ချုပ်၍ဆိုရလျှင် ဟော့(စ)ပစ်(စ)သည် ဘဝနိဂုံးချုပ်ခါနီး ခိုကိုးရာမဲ့ ကင်ဆာဝေဒနာရှင်အတွက် အဖိုးတန်ပြည့်စုံသည့် နေရာတစ်ခုပင်ဖြစ်သည်။ အဆုံးစွန် လူမှုရေးအကူအညီ လိုအပ်သူအတွက် အေးမြချမ်းသာ ကွန်းခိုရာစခန်းပင် ဖြစ် ပါသည်။

## အတွင်းလူနာ (ကင်ဆာ) ဗဟို၏ ဆောင်ရွက်ပေးမှုများ

ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း၏ "အတွင်းလူနာ (ကင်ဆာ) ဗဟို" ကို ၂.၉.၂၀၀၀ နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ စတင်ဖွင့်လှစ်သည့်နေ့တွင် အမျိုးသမီးလူနာ ၁၀ ဦး၊ အမျိုးသားလူနာ ၂ ဦး၊ စုစုပေါင်း ၁၂ ဦးကို စတင်စောင့်ရှောက်ခဲ့ပါသည်။

အတွင်းလူနာကင်ဆာဗဟိုတွင် အမျိုးသားလူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊ ဓမ္မာရုံ၊ အနီးကပ်ပြုစုမည့်စေတနာ ဝန်ထမ်းများအတွက် နှစ်ထပ်အိမ်ရာတစ်ဆောင်တို့အပြင်၊ ဝေဒနာရှင်များ၏ အနီးကပ်ပြုစုပေးသည့် ဆွေမျိုးသားချင်းများ တည်းခိုမည့် တည်းခိုခန်း (၆) ခန်းနှင့် စားသောက်ဆောင်များ၊ စိတ်အပန်းဖြေနိုင်ရေးပန်းခြံနှင့် အပန်းဖြေခန်းမ စသည်များ အပြည့်အစုံပါဝင်ပါသည်။ မေတ္တာရိပ်မွန်အတွင်းလူနာ (ကင်ဆာ) ဗဟိုတွင် အမျိုးသားလူနာ (၁၅) ဦး၊ အမျိုးသမီးလူနာ ၁၅ ဦး၊ စုစုပေါင်း ၃၀ လက်ခံနိုင်ပြီး တိုးချဲ့လက်ခံသွားမည့် အစီအစဉ် ရှိပါသည်။

အတွင်းလူနာ (ကင်ဆာ) ဗဟိုတွင် ကင်ဆာဝေဒနာရှင် အမျိုးအစား ၁၂ မျိုးကို စောင့်ရှောက်ပေးလျက်ရှိရာ၊ စောင့်ရှောက် ပေးလျက်ရှိသည့် ဝေဒနာအမျိုးအစားများမှာ –

- သားအိမ်ခေါင်းကင်ဆာ
- အစာမျိုပြွန်ကင်ဆာ
- အစာအိမ်ကင်ဆာ
- ရင်သားကင်ဆာ
- အစာအိမ်–အူသိမ်စပ်ကင်ဆာ
- ပါးရိုးလိုဏ်ခေါင်းကင်ဆာ
- သွေးကင်ဆာ
- အဆုတ်ကင်ဆာ
- အောက်နှုတ်ခမ်းကင်ဆာ
- ကျောက်ကပ်ကင်ဆာ
- အသံအိုးကင်ဆာနှင့်
- အသည်းကင်ဆာစသည်တို့ဖြစ်ပါသည်။


အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ ရောက်ရှိလာသည့် ကင်ဆာဝေဒနာရှင်အများစုမှာ အမျိုးသမီးဝေဒနာရှင်များ ဖြစ်ပြီး ၈၀ ရာခိုင်နှုန်းမှာ သားအိမ်ခေါင်းကင်ဆာဖြစ်ပါသည်။

ကင်ဆာဝေဒနာရှင်များကို ဖောင်ဒေးရှင်းရှိ သူနာပြု ၁၁ ဦး က အလှည့်ကျတာဝန်ယူပြီး စောင့်ရှောက်ပေးပါသည်။ နေ့စဉ်နံနက်၊ မွန်းလွဲ၊ ည အပိုင်း ၃ ပိုင်းခွဲ၍ စောင့်ရှောက်ပေး ပါသည်။ ဝေဒနာရှင်များအား ကျန်းမာရေးအတွက် လိုအပ်သည့် ဆေးဝါးအချိန်တိုက်ကျွေးခြင်း၊ ကိုယ်လက်သန့်စင်ပေးခြင်း၊ ဆံပင်ညှပ်ပေးခြင်း၊ သွားများတိုက်ပေးခြင်း၊ ဝေဒနာရှင်များ နာကျင်မှုသက်သာစေရန် လိုအပ်သောဆေးဖြင့် တိုက်ကျွေး ခြင်း၊ ဝေဒနာရှင်များ၏ စားရေး၊ သောက်ရေးကိစ္စများ ဆောင်ရွက်ပေးခြင်း၊ အစာအစာခွဲကျွေးရမည့် ဝေဒနာရှင်များ အတွက် အစာအစာခွဲကျွေးခြင်း စသည်များကို ဆောင်ရွက် ပေးပါသည်။ အရေးပေါ်ဖြစ်လာသည့် ကိစ္စများကို တာဝန်ကျ ဝန်ထမ်းများနှင့် ဝေဒနာရှင်အချို့ အချင်းချင်း ဝိုင်းဝန်း၍ စောင့်ရှောက်ခြင်း၊ ပြုစုခြင်း၊ အရေးပေါ်ဆေးရုံတက်ရမည့် ဝေဒနာရှင်များကို ဆေးရုံအထိ လိုက်လံပို့ဆောင်၍ စောင့်ရှောက် ပြုစုခြင်းများကို ဆောင်ရွက်ပေးပါသည်။

ဝေဒနာရှင်၏ ဆန္ဒအရဖြစ်စေ၊ အခါကြီးရက်ကြီးများ၌ ဖြစ်စေ၊ ဗုဒ္ဓဘာသာဝင်များအတွက် အတွင်းလူနာ (ကင်ဆာ) ဗဟိုတွင် ဘုန်းကြီးများပင့်ဖိတ်ပြီး ဆွမ်းကျွေးလှူဒါန်းခြင်း၊ တရားနာခြင်း၊ တရားမှတ်နည်းများကျင့်ခြင်း၊ ပရိတ်တရားများ ရွတ်ဖတ်ခြင်း၊ ညစဉ်ဝတ်တက်စေခြင်းများ ဆောင်ရွက်နိုင်ရန် စီစဉ်ပေးပါသည်။ ဘာသာရေးကျင့်စဉ်များ ကျင့်မှတ်ဆောင်ရွက် သဖြင့် ဝေဒနာရှင်များအဖို့ ခံစားရသည့်ဝေဒနာများကို မေ့ပျောက်သက်သာပြီး စိတ်ရောလူပါ ကျန်းမာရွှင်လန်းလာကြ ပါသည်။

သမားတော်အထူးကုဆရာဝန်ကြီးများကလည်း တစ်လ လျှင် (၂) ကြိမ် လာရောက်စောင့်ရှောက်ပေးလျက်ရှိပါသည်။ အခါအားလျော်စွာ စောင့်ရှောက်ပေးသည့် ဆရာဝန်လည်း ရှိပါသည်။

ဝေဒနာရှင်များအား တစ်နေ့ (၄) ကြိမ် ကျွေးမွေးပြီး ကျွေးမွေးမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။



**Dr. Rosalie Shaw** နှင့် မေတ္တာရိပ်မွန်ကိုတည်ထောင်သူ ဆရာကြီးဦးလှထွန်း

(၁) နံနက်စောစော ဆံပြုတ်၊ ထမင်းကြော်နှင့်အတူ မိုင်လို (သို့မဟုတ်) ဟောလစ်တိုက်ကျွေးခြင်း။
(၂) နံနက် ၁၀ နာရီတွင် နေ့လယ်ထမင်းနှင့်ဟင်း ကျွေးခြင်း။
(၃) ညနေ ၅ နာရီတွင် ညနေစာ ထမင်းနှင့်ဟင်း ကျွေးခြင်း။
(၄) ညအိပ်ခါနီးအချိန်တွင် မိုင်လို (သို့မဟုတ်) ဟောလစ်တိုက်ခြင်း

ထမင်းမစားနိုင်သူများကိုမူ ဆံပြုတ်၊ ခေါက်ဆွဲပြုတ်နှင့် မိုင်လို၊ ဟောလစ် စသည်များတိုက်ကျွေးပါသည်။ တစ်နေ့တာ ကျွေးမွေးကုန်ကျစရိတ်မှာ ၅၀၀၀ ကျပ်ဖြစ်ပြီး၊ ဝေဒနာရှင် တစ်ဦးအတွက် တစ်လကုန်ကျစရိတ်မှာ သုံးသောင်းကျပ် ရှိပါသည်။ ဝေဒနာရှင် ကွယ်လွန်သည့်အခါ ဈာပနကိစ္စများပါ စီစဉ်ဆောင်ရွက်ပေးပါသည်။ မြေချရက်လည်း ဆွမ်းကျွေးများ ဆောင်ရွက်ပေးပြီး ဈာပနတိုင်းကို မေတ္တာရိပ်မွန်က ကူငွေ ၁၂,၀၀၀ ကျပ် ကူညီပေးပါသည်။

ဝေဒနာရှင်များအတွက် ကျွေးမွေးစရိတ်များ၊ ဆရာဝန်ကြီးများအတွက် ညဏ်ပူဇော်ခများ၊ ဝန်ထမ်းစရိတ်ချီးမြှင့်ငွေများနှင့်အခြားအထွေထွေစရိတ်များအတွက် ဖောင်ဒေးရှင်းက ငွေပဒေသာပင် ရန်ပုံငွေထူထောင်ထားပါသည်။ နိုင်ငံတော် ဗဟိုဘဏ်နှင့်အခြားဘဏ်များတွင် စာချုပ်များကို ၃၁.၃.၂၀၀၁ နေ့အထိ ကျပ်သိန်း ၄၅၀ ဖိုး ရင်းနှီးမြှုပ်နှံထားပြီး၊ ကျပ်သိန်း တစ်ရာအထိမြှုပ်နှံရန် ဖောင်ဒေးရှင်းက စီစဉ်လျက်ရှိပါသည်။

ပြည်တွင်း၊ ပြည်ပစေတနာရှင်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကလည်း ကူညီလှူဒါန်းလျက်ရှိပါသည်။

မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းသည် ဘဏ္ဍာရေးစာရင်းစနစ်များကို Accounting System Manual လက်စွဲဖြင့် ဆောင်ရွက်ပါသည်။ ဖောင်ဒေးရှင်း၏စာရင်းများကို စနစ်တကျပြုစုပြီး၊ လစဉ်စစ်ဆေးခြင်းနှင့် နှစ်ချုပ်ကိုလည်း လက်မှတ်ရပြည်သူ့စာရင်းကိုင် စာရင်းစစ်ဖြင့် ဥပဒေအရ စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မေတ္တာရိပ်မွန်က ခံယူချမှတ်ထားသော ဆောင်ပုဒ်မှာ မွန်မြတ်လှပြီး ဤဆောင်ပုဒ်ကို အတွင်းလူနာ (ကင်ဆာ) ဗဟို၏ အဝင်ဝတွင် ထင်ထင်ရှားရှား ရေးထိုးထားပါသည်။ ထိုဆောင်ပုဒ်မှာ –

"Our Duty is to Care
Care is to Share"
“စောင့်ရှောက်ခြင်းသည် တို့တာဝန်”
“စောင့်ရှောက်ခြင်းသည် မျှဝေမှု” ပင်ဖြစ်ပါသည်။

လုပ်ငန်းကျွမ်းကျင်မှုအတွက် စီစဉ်ဆောင်ရွက်ပေးမှုများ

ဩစတြေးလျ၊ စင်ကာပူနိုင်ငံများ၌ ဟော့(စ)ပစ်(စ) ထူထောင်ခဲ့သူ Dr. Rosalie Shaw အား မေတ္တာရိပ်မွန်က ဖိတ်ခေါ်ပြီး နိုင်ငံအတွင်းရှိ ဆေးပညာရှင်နှင့်လူမှုဝန်ထမ်း သမားပေါင်း ၄၀၀ ကျော်ကို ဟော့(စ)ပစ်(စ) စောင့်ရှောက်သည့်ပညာရပ် (Hospice Palliative Care) များအား သင်တန်းပို့ချခဲ့ပါသည်။ Dr. Rosalie Shaw ၏သင်တန်းသုံးစာရွက်

စာတမ်းများအား မြန်မာဘာသာ ပြန်ဆိုပြုစုပြီး ဆရာ၊ ဆရာမများအား ဝေငှပေးခြင်းဖြင့် အဆင့်မီစောင့်ရှောက်ရေးဖြစ်စေ၍ ကင်ဆာဝေဒနာရှင်၏ နာကျင်မှုသက်သာစေခြင်းနှင့် စိတ်ဓာတ်မြှင့်တင်ပေးခြင်းတို့ကို အဓိကထား ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ Dr. Rosalie Shaw မှာ အာရှနှင့်ပစိဖိတ်ဒေသ၊ ဟော့(စ)ပစ်(စ) ကွန်ရက် (Asia and the Pacific Hospice Network) ၏ အမှုဆောင်ဒါရိုက်တာဖြစ်ပါသည်။

## မေတ္တာရိပ်မွန်၏ နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်မှုများ

မြန်မာနိုင်ငံမှ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းသည် အာရှနှင့်ပစိဖိတ်ဒေသ ဟော့(စ)ပစ်(စ)ကွန်ရက်၏အဖွဲ့ဝင်တစ်ဦးအဖြစ် ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ သတ်မှတ်ခြင်းခံခဲ့ရပါသည်။ အဆိုပါကွန်ရက်တွင် အိန္ဒိယ၊ ဂျပန်၊ သြစတြေးလျ၊ အင်ဒိုနီးရှား၊ ဟောင်ကောင်၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ကိုရီးယား၊ မလေးရှား၊ နယူးဇီလန်နှင့် မြန်မာနိုင်ငံတို့ ပါဝင်လျက်ရှိသည်။

ထို့ပြင် ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းသည် စိန့်–ခရစ်စတိုဖာဟော့(စ)ပစ်(စ)၏ အမြဲတမ်းအဖွဲ့ဝင်လည်းဖြစ်ပါသည်။

## မေတ္တာရိပ်မွန်၏ ထူးခြားချက်

မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်၌ ပထမဦးဆုံး ဟော့(စ)ပစ်(စ)ကို ထူထောင်နိုင်ခဲ့ပါသည်။ စဦးကာလတွင် အောင်မြင်မှုများ ရရှိခဲ့ပါသည်။ မေတ္တာရိပ်မွန်ဖောင်ဒေးရှင်း၏ နှစ်,နှစ်ခွဲ ကျော်ကာလအတွင်း မ,တည်ငွေသည် ၁၄ ဆကျော် တိုးတက်လာခဲ့ပါသည်။ ထူးခြားချက်တစ်ခုမှာ အခြားနိုင်ငံများတွင် ဟော့(စ)ပစ်(စ)ကို ဆေးရုံကဲ့သို့နေထိုင်စရိတ်၊ စောင့်ရှောက်ခစသည့် ငွေကြေးများပေးရပြီး အချို့သာ အခမဲ့နေခွင့်ရှိပါသည်။ မေတ္တာရိပ်မွန်ဟော့(စ)ပစ်(စ)ကမူ ငွေကြေးပေးရခြင်း မရှိသည့်အပြင် အခမဲ့နေထိုင် စောင့်ရှောက်မှုခံရပြီး နောက်ဆုံးမြေချပေးသည်အထိ ကူညီပေးပါသည်။

ဆင်းရဲနွမ်းပါးသူ၊ မိုကိုးရာမဲ့သူ ကင်ဆာဝေဒနာရှင်များအတွက် မေတ္တာရိပ်မွန်သည် လူသားချင်းစာနာမှု မေတ္တာကိုလည်းကောင်း၊ အေးမြသော အရိပ်အာဝါသကိုလည်းကောင်း၊ ဘဝနိဂုံးချုပ်ခါနီးအချိန်တွင် မှန်မြတ်ငြိမ်းအေးသည့် စိတ်ခံစားမှုများကိုလည်းကောင်း ပေးစွမ်းနိုင်သဖြင့် ဘဝနိဂုံးချုပ်ခါနီး ကင်ဆာဝေဒနာရှင်များအတွက်နှင့် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအတွက် မှန်မြတ်သည့်လုပ်ငန်းရပ်တစ်ခုပင်ဖြစ်သည်။ နိုင်ငံ၏လူမှုဝန်ထမ်း သမိုင်းစာမျက်နှာတွင်လည်း မေတ္တာရိပ်မွန်သည် ခေါင်းစဉ်သစ်တစ်ခုကို ရေးသားနိုင်ခဲ့ပြီဖြစ်ပါသည်။

နိဂုံး

မြန်မာနိုင်ငံတွင် တည်ထောင်ခဲ့သည့် ဟော့(စ)ပစ်(စ)သည် အခြားနိုင်ငံများ၏ ဟော့(စ)ပစ်(စ)များနှင့် မတူညီသည့်အချက်မှာ အားလုံးသောဝေဒနာရှင်များအား အခမဲ့ကူညီစောင့်ရှောက်ပေးခြင်းဖြစ်ပါသည်။

နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် လူမှုဝန်ထမ်းလုပ်ငန်းဆောင်ရွက်မှုကဏ္ဍများတွင် လိုအပ်နေသည့်ကွက်လပ်ကို ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းက ဖြည့်ဆည်းပေးခဲ့ပါသည်။

ဟော့(စ)ပစ်(စ)တွင် သမားတော်ဆရာဝန်ကြီးများ၏ဌာနကဏ္ဍ၊ စိတ်ဓာတ်ရေးရာအားပေးမြှင့်တင်ပေးမည့် စိတ်ပညာရှင်များ၏ အခန်းကဏ္ဍများအတွက် စေတနာ့ဝန်ထမ်း ပညာရှင်ပုဂ္ဂိုလ်များ၏ ပညာလုပ်အားပေးပါဝင်မှု များလာသည်နှင့်အမျှ၊ စေတနာရှင်ပြည်သူများ၏ ငွေကြေး၊ လုပ်အားလှူဒါန်းမှုများ၊ များပြားလာသည်နှင့်အမျှ မေတ္တာရိပ်မွန်သည် ဘဝနိဂုံးချုပ်ခါနီး ကင်ဆာရောဂါဝေဒနာရှင်များ၏ ဘဝကောင်းကျိုးကို ပို၍ ဆောင်ကြဉ်းနိုင်မည်ဖြစ်ပါသည်။

သို့ရာတွင် စာရေးသူအမြင်အရ "ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်း၏" ဟူသော ဆိုရိုးစကားအတိုင်း ကင်ဆာရောဂါသည် ကာကွယ်၍ရနိုင်သော ရောဂါဖြစ်သဖြင့် မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းကဲ့သို့ ဟော့(စ)ပစ်(စ) နေရာများတိုးချဲ့ရန် မျှော်လင့်ကြိုးစားခြင်းထက်၊ ကာကွယ်၍ရသည့် ကင်ဆာရောဂါများကို ကြိုတင်ကာကွယ်ရေးသည် ပို၍ အရေးကြီးသည်ဟု ထင်မြင်မိပါသည်။ ကြိုတင်ကာကွယ်၍ရသော ကင်ဆာရောဂါကာကွယ်မှုများကို ရေရှည်မျှော်တွေး မဆောင်ရွက်သမျှ ဆေးရုံများ၊ ဟော့(စ)ပစ်(စ)များ တိုးချဲ့စေကာမူ လုံလောက်သောစောင့်ရှောက်မှုကို ပေးနိုင်မည်မဟုတ်ပါ။

သို့ဖြစ်၍ ကြိုတင်ကာကွယ်နိုင်သော ကင်ဆာရောဂါကာကွယ်မှုများကိုယခုထက်ပိုမိုတိုးချဲ့ပြီး ဆောင်ရွက်သင့်ပါသည်။ ဤတာဝန်သည် ကျန်းမာရေးပညာရှင်များ၊ လူထုကျန်းမာရေး ပညာရှင်များ၊ ပြန်ကြားရေးကဏ္ဍမှ တာဝန်ရှိသူများ၏ တာဝန်သာဖြစ်ပါသည်။ ထို့ပြင် ပြည်သူလူထု တစ်ရပ်လုံးကလည်း ကျန်းမာရေးအသိ၊ ကျန်းမာရေးပညာ လေ့လာလိုက်စားမှုများဖြင့် ပါဝင်ဆောင်ရွက်သွားရမည်သာဖြစ်ပါကြောင်း။ ။

မြတ်လေးခိုင်

ယူနက်စကို

# မြန်မာနိုင်ငံ စာအုပ်ပြပွဲ

၁၉၆၁ ခု မတ်လ ၈ ရက်နေ့မှ ၁၄ ရက်နေ့ထိ



# မြန်မာနိုင်ငံ စာအုပ်ထုတ်ဝေရေးလုပ်ငန်း

မြန်မာအဘိဓာန်တွင် "စာ" ဟူသည်ကို အက္ခရာအရေးအသား၊ သုတဆိုင်ရာ၊ ရသဆိုင်ရာ အရေးအသား၊ ကိုယ်ရေးကိုယ်တာ လုပ်ငန်းဆိုင်ရာ အကြောင်းအရာ ရေးသားပေးပို့ချက်၊ ကျောင်းသင်ပညာရပ်ဆိုင်ရာ အရေးအသားဟု အဓိပ္ပာယ်အမျိုးမျိုးဖွင့်၍ ဖော်ပြထားသည်။ ပါဠိအလိုအရမူ "စာ"ဟူသည် "ဝါစာ" မှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ နှုတ်အပြောအမူ စကားဟူ၍ ဖြစ်သည်။ ထို့ကြောင့် စာဟူသည် စိတ်ကိုဖော်ပြခြင်း၊ စကားပြောလိုသောအနက်ကို ဖွင့်ဆိုခြင်းပင်ဖြစ်သည်။ ဤသို့ပင် စာအုပ်ကို မြန်မာအဘိဓာန်၌ စုပေါင်းချုပ်ထားသော စာရွက်များဟုဖော်ပြသည်။ ၎င်းတို့သည် အကြမ်းအားဖြင့် စာနှင့် စာအုပ်များ၏ အဓိပ္ပာယ်သက်သက်များ ဖြစ်သည်။

စင်စစ် စာနှင့်စာအုပ်ကို တိတိကျကျပြောလျှင် ထိုအဓိပ္ပာယ်တစ်ခုတည်းနှင့် မလုံလောက်ပေ။ "စာ" ဟူသည်မှာ ပုံနှိပ်ရိုက်နှိပ်ထားသော စာများဖြစ်ပြီး စာအုပ်ဟူသည်မှာ ထိုပုံနှိပ်ရိုက်နှိပ်ထားသော စာရွက်များကို စုပေါင်းရိုက်နှိပ်ထားသော အစုအပေါင်းတစ်ခုဖြစ်သည်။ စာအုပ်၏ အဓိပ္ပာယ်ကို ဖွင့်ဆိုလျှင် နိုင်ငံအလိုက် ကွဲပြားခြားနားသည်ကို တွေ့ရသည်။ များသောအားဖြင့် စာမျက်နှာကိုလိုက်၍ စာအုပ်ဟုတ်၊ မဟုတ် လက်ခံသတ်မှတ်ကြသည်။ အိုင်ယာလန်နှင့် မိုနာကိုနိုင်ငံတို့တွင် စာမျက်နှာ (၁၀၀) ကျော်မှ၊ အီတလီနိုင်ငံတွင် စာမျက်နှာ (၁၀၀) ရှိမှ၊ စာအုပ်ဟုခေါ်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် စာမျက်နှာ (၁၀၀) ရှိမှ စာအုပ်ဖြစ်သည်ဟု သတ်မှတ်ထားလျက် အဖုံးပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ စာအုပ်အဖြစ် လက်ခံသည်။ အမေရိကန်နှင့် ဟန်ဂေရီနိုင်ငံတွင် (၆၄) မျက်နှာ၊ ဒိန်းမတ် နိုင်ငံတွင် စာမျက်နှာ (၆၀) ၏ အထက်၊ ချက်ကိုစလိုဗက်ကီးယား နိုင်ငံတွင် (၃၂) မျက်နှာ၏ အထက်၊ အိုက်စလန်နိုင်ငံတွင် (၁၇) မျက်နှာနှင့် အင်ဒိုနီးရှားနိုင်ငံတွင် (၈) မျက်နှာရှိမှ စာအုပ် ဖြစ်သည်ဟု သတ်မှတ်ကြသည်။ သီရိလင်္ကာနိုင်ငံတွင် စာမျက်နှာ အနည်းအများသည် အကြောင်းမဟုတ်၊ အဖုံးနှစ်ခု အတွက် စာရွက်ပါလျှင် စာအုပ်ဟုသတ်မှတ်သည်။ အင်္ဂလန်နိုင်ငံတွင်မူ စာမျက်နှာအရေအတွက်ကို မစဉ်းစားဘဲ စာအုပ်ဟူ၍ ဖြစ်လာစေရန် တန်ဖိုးအားဖြင့် (၆) ပဲနီနှင့် ရောင်းချရမည်ဟု ဆိုလေသည်။ စာအုပ်နှင့် ပတ်သက်၍ တစ်သမတ်တည်း ဆောင်ရွက်နိုင်ရန်–

ကမ္ဘာ့ကုလသမဂ္ဂ၏ လက်အောက်ရှိအပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) ၏ အထွေထွေအစည်းအဝေးကြီးမှ ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလတွင် အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ခဲ့သည်။

စာအုပ်ဆိုသည်မှာ အဖုံးစာရွက်မပါသော အနည်းဆုံး စာမျက်နှာ ၄၉ မျက်နှာရှိသည့် အချိန်မှန်ထုတ်ဝေခြင်း မဟုတ်သော ပုံနှိပ်ပစ္စည်းဖြစ်သည်။ (သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှာ စာအုပ်အကြောင်းကိစ္စတွင် အကျုံးမဝင်ပါ။ ထို့ကြောင့် မြန်မာနိုင်ငံ စာအုပ်ထုတ်ဝေရေးလုပ်ငန်းအကြောင်း ပြောပြီဆိုလျှင် ၎င်းတို့ကို ချန်လှပ်ထားမည်ဖြစ်သည်)

သို့ဆိုလျှင် ထိုစာနှင့် စာအုပ်ထဲတွင်ပါသော အက္ခရာများသည် "စာပေ" ဟူသော လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုသဘောကို ပြဆိုနေပေသည်။ ထို့ကြောင့် စာအုပ်အကြောင်း စနစ်တကျအဓိပ္ပာယ်ဖွင့်ဆိုလျှင် စာပေယဉ်ကျေးမှုနှင့် ပုံနှိပ်ယဉ်ကျေးမှုကို ဦးစွာပြောရပေမည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည် သူ့နိုင်ငံ၊ သူ့လူမျိုးအလိုက် စာပေယဉ်ကျေးမှုများ ထွန်းကားခဲ့သည်။ ၎င်းနှင့် အတူ စာအုပ်များလည်းပေါ်ပေါက်လာခဲ့သည်။ စာအုပ်ကိုပြောလျှင် စက္ကူကို အရင်ဦးစွာပြောမှ ပြည့်စုံပေမည်။ ကမ္ဘာတွင် စက္ကူဟူသော ရေးသားစရာပစ္စည်း မပေါ်ပေါက်မီကမူ ကျောက်သားပေါ်၊ ပေရွက်ပေါ်တွင် ရေးသားခဲ့ကြသည်။ ယင်းသို့ရေးသားကြကြောင်း မြန်မာနိုင်ငံတွင် ရှေးအကျဆုံး မြန်မာဘာသာဖြင့် ရေးထိုးသော ခုနှစ်သက္ကရာဇ်အခိုင်အမာပါသည့် ပုဂံမြို့၊ မြစေတီကျောက်စာကို တွေ့ရှိထားခြင်းက သက်သေပြနေသည်။ ဂူပျောက်ကြီးကျောက်စာဟုလည်းခေါ်သော ထိုမြစေတီကျောက်စာသည် မြန်မာသက္ကရာဇ် ၄၇၅ ခု (အေဒီ ၁၁၁၃) တွင် ကျန်စစ်သားမင်းကြီး၏ သားတော် ရာဇကုမာရမင်းသား ရေးထိုးထားခဲ့ခြင်းဖြစ်သည်။ ပေစာကိုမူ အေဒီ ၈ ရာစုက သရေခေတ္တရာ (မှော်ဇာ) ခေါ် ပြည်မြို့တွင် ပျူလူမျိုးတို့ အစောဆုံးသုံးနှုန်းခဲ့ကြောင်း တွေ့ရှိရခြင်းက သက်သေပြနေသည်။ သို့ရာတွင် ပေစာသည် ကျောက်စာထက်စောသည်ဟု ပညာရှင်တို့က ယူဆကြသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၄၀၀ ခန့်က အိန္ဒိယပြည်တောင်ပိုင်းတွင် ပါဠိကျမ်းဂန်များကို ပေဖြင့် ရေးသားအသုံးပြုခဲ့ကြသည်။ မြန်မာနိုင်ငံသို့ အိန္ဒိယတောင်ပိုင်းမှ ဗုဒ္ဓဘာသာဝင်ရောက်လာသောအခါ ယင်းပါဠိပေစာများပါရှိလာသည်ဟု ယူဆကြသည်။



ပုံနှိပ်စက်ကို စတင်တီထွင်ခဲ့သော ဂူတင်ဗတ်

အဘယ်ကြောင့်ဆိုသော် သရေခေတ္တရာပြည်၊ မောင်းကန်အရပ်မှ တူးဖော်ရရှိသော ရွှေပြားကမ္ပည်းအက္ခရာများမှာ ဖော်ပြပါ အိန္ဒိယပေရေး အက္ခရာများနှင့် တူသောကြောင့်ဖြစ်သည်။ ယင်းရွှေပြားအက္ခရာများသည် ပုဂံခေတ်ထိုး ကျောက်စာများ ထက် နှစ်ပေါင်း ၅၀၀ ခန့် အလျင်ကျလေသည်။ ယင်းသို့လျှင် မြန်မာစာပေသည် ပေစာခေတ်မှ ကျောက်စာခေတ်သို့ ဖြတ်သန်းရင်း ယနေ့အချိန်သို့ တဖြည်းဖြည်း ကြီးပွားရှင်သန် လာခဲ့ရလေသည်။

၁၄၅၆ ခုနှစ်တွင် ဂျာမနီနိုင်ငံသား ဂျွန်ဂူတင် ဗတ် (Gutenburg) သည် ပုံနှိပ်စက်ကို စတင်တီထွင်ခဲ့ရာမှ ထွန်းကားလာသော သိပ္ပံပညာရပ်နှင့် အတူ ပုံနှိပ်လုပ်ငန်းများ လည်း ကျယ်ပြန့်လာသည်။ ဤသို့လျှင် ပေစာခေတ်မှ ပုံနှိပ် စာခေတ်သို့ မည်သည့်အချိန်တွင် ရောက်ရှိလာသည်ကို စူးစမ်း ကြည့်သောအခါ ၁၉ ရာစုအတွင်းက စတင်လုပ်ကိုင်လာခဲ့သည် ဟု မှတ်တမ်းများတွင် တွေ့ရသည်။ သို့သော် ၁၈ ရာစု နှောင်းပိုင်းကာက ၁၇၂၀ ပြည့် နှစ်ဝန်းကျင်တွင် ပထမဆုံး မြန်မာအက္ခရာ ခဲစာလုံးများ သွင်းလုပ်ခဲ့ဖွယ်ရှိ၍ ၁၇၂၁–၂၈ ခုနှစ်များအတွင်း ဗရင်ဂျီဘုန်းကြီးကျောင်းမှ ကာလ်ချီဆိုသူက မြန်မာအီတလီ အဘိဓာန်ကို ပြုစုပုံနှိပ်ခဲ့သည်ဟုဆိုသည်။ ဒယ်လ်ကွန်တီ၊ မွန်ဒယ်လီ၊ ပရီဂီယာဆိုသူတို့ကလည်း အီတလီမြန်မာအဘိဓာန် ပြုစုခဲ့သေးသည်ဟု သိရသည်။ သို့သော် ထိုစာအုပ်များကို ရှာဖွေ တွေ့ရှိခြင်းမရှိပေ။

၁၇၇၂ တွင် ပါကောဟိုးဆိုသူသည် မြန်မာနိုင်ငံ အင်းဝနေပြည်တော်သို့ ရောက်ရှိပြီး ပါတိမောက်နှင့် ကမ္မဝါစာကို လက်တင်ဘာသာသို့ ပြန်ဆိုခဲ့သည်ဟု မှတ်တမ်းများကဆိုသည်။

၁၇၇၆ ခုနှစ်တွင် စဉ့်ကူးမင်းလက်ထက်၌ သန်လျင်မြို့ မီးလောင်ရာတွင် အီတလီနိုင်ငံရောမမြို့ရှိ ဗရင်ဂျီသာသနာပြု ဌာနက သန်လျင်မြို့သို့ ပို့လိုက်သော စာပုံနှိပ်စက် (၂) လုံး၊ မြန်မာအက္ခရာခဲစာလုံး ၆ သောင်းကျော်နှင့် လက်တင်အက္ခရာ ခဲစာလုံး ၄ သောင်းကျော် ဆုံးရှုံးသွားသည်ဟုဆိုသည်။ ၁၇၇၆ ခုနှစ်တွင် မြန်မာသင်ပုန်းကြီး (Alphabetum Burmanun) စာအုပ်တစ်အုပ် ထွက်ပေါ်ခဲ့၍ ယင်းကို ရောမ မြို့တွင် ပုံနှိပ်ခဲ့သည်။ ထိုစာအုပ်သည် ယခုအထိ တွေ့ရှိရသမျှ မြန်မာစာဖြင့်ထုတ်ဝေသော စာအုပ်များတွင် အစောဆုံးဟုဆို နိုင်သည်။ ၇½ × ၅¾ လက်မအရွယ်နှင့် စာမျက်နှာ (၇၀) ပါရှိ လေသည်။

ယင်းတွင် နောက်ဆက်တွဲအဖြစ် ခရစ်ယာန်ဝါဒ သင်္ဂြိုဟ်ကျမ်း ( Compedium Doctrinace Christain Idomate) ကိုပါ ပူးပေါင်းရိုက်နှိပ်ထားသည်။ ထိုစာအုပ်ကို ပြုစုသူမှာ ဘုရင်ဂျီဘုန်းတော်ကြီးပါကောဟိုးဆိုသူဖြစ်သည်။

ဘိုးတော်ဘုရားလက်ထက်၌ ဗရင်ဂျီဘုန်းတော်ကြီး မက်ကောကားပါနီးသည် သံလျင်မြို့သို့ ၁၇၄၀ ပြည့်တွင် ရောက်လာ၍ ခရစ်ယာန် သာသနာပြုခြင်း၊ မြန်မာစကား၊ မြန်မာစာလေ့လာသင်ယူခြင်းတို့ကို နှစ်ပေါင်း ၃၀ ခန့် အားထုတ်



ခရစ်နှစ် ၁၇၇၆ တွင် ဘုရင်ဂျီဘုန်းတော်ကြီး ပါကောဟိုးပြုစု၍ အီတလီနိုင်ငံ ရောမမြို့၌ ပုံနှိပ်ရိုက်နှိပ်သော မြန်မာဘာသာနှင့် အစောဆုံး တွေ့ရသည့် မြန်မာသင်ပုန်းကြီးစာအုပ်

ပြီးနောက် အီတလီနိုင်ငံ၊ ရောမမြို့သို့ပြန်ကာ၊ ရောမမှ အိတ်စ်ပီလီဆိုသူနှင့်အတူ မြန်မာအက္ခရာခဲစာလုံးကို တီထွင်သွန်းလုပ်ခဲ့သည်။ ထို့နောက် ရောမမြို့၊ ဗရင်ဂျီသာသနာပြု ပုံနှိပ်တိုက်တွင် ယင်းစာအုပ်ကို ရိုက်နှိပ်ခဲ့သည်ဟုဆိုသည်။

ဒုတိယအစောဆုံး တွေ့ရသောစာအုပ်မှာ အိန္ဒိယနိုင်ငံ ကလကတ္တားမြို့အနီး ဘရန်ပူမြို့တွင် ရိုက်နှိပ်သော အင်္ဂလိပ်၊ မြန်မာ၊ မာလာယု၊ ထိုင်း အဘိဓာန်စာအုပ်ဖြစ်သည်။ ၁၈၁၀ပြည့်နှစ်တွင် ဘရန်ပူမြို့ နှစ်ခြင်းသာသနာပြုပုံနှိပ်တိုက်၌ ရိုက်နှိပ်၍ ခရစ်ယာန်သာသနာပြု ဆရာများက မြန်မာစာသင်ကြားနိုင်စေရန်ဖြစ်လေသည်။ မြန်မာနိုင်ငံတွင် မြန်မာစာဖြင့် ပထမဆုံး ရိုက်နှိပ်သည့်စာအုပ်ဟု အမှတ်အသားပြုလောက်ရှိသည့် စာအုပ်မှာ အမေရိကန် သာသနာပြုဆရာ ယုဒသန် (ဒေါက်တာဂျဒ်ဆင်) ရေးသည့် ကောင်းကင်ဘုံသို့သွားရာလမ်း (The Way to Heaven) ဖြစ်ပြီး ၁၈၁၇ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ယင်းတွင် စာမျက်နှာ (၇) မျက်နှာပါရှိ၍ အုပ်ရေ (၁၀၀) ရိုက်နှိပ်ခဲ့ကြောင်းတွေ့ရသည်။ ပုံနှိပ်လုပ်ငန်း ကျွမ်းကျင်သော သာသနာပြုဆရာ၊ အမေရိကန်လူမျိုး မစ္စတာ ဟောက် (Mr. George H. Hough) သည် အိန္ဒိယနိုင်ငံ ဆီရမ်ပူမြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာရာ ရန်ကုန်မြို့ရှိ နှစ်ခြင်းသာသနာပြုအတွက် ဆီရမ်ပူမြို့၊ အင်္ဂလိပ် နှစ်ခြင်းသာသနာပြုအဖွဲ့က လက်ဆောင်အဖြစ် ပေးလိုက်သော ပုံနှိပ်စက်နှင့်မြန်မာအက္ခရာစာလုံးများကို ယူဆောင်လာခဲ့သည်။ ယင်းပုံနှိပ်စက်ဖြင့် ထိုမြန်မာစာအုပ်ငယ်ကို မြန်မာနိုင်ငံတွင် အစောဆုံးပုံနှိပ်ခဲ့သည်။ ထိုစဉ်ကသုံးသော မြန်မာခဲစာလုံးများ သည် ဝိုင်းဝိုင်းစက်စက် စာလုံးများမဟုတ်ဘဲ လက်ရေးဆန်ဆန် စာလုံးများသာ ဖြစ်လေသည်။ ယင်းတို့ကို (၁၈) နှစ်ခန့် ဆက်လက် အသုံးပြုပြီးနောက် ယခုခေတ်မြင်တွေ့နေရသော စာလုံးဝိုင်းများသို့ တီထွင်အသုံးပြုလာခဲ့ခြင်းဖြစ်သည်။

၁၈၃၇ ခုနှစ်တွင် စစ်ကိုင်းမင်းလက်ထက် အင်းဝမြို့၌ ရိုက်နှိပ်သော အင်္ဂလိပ်ဆေးစာအနာကုနည်းစာအုပ် ထွက်ပေါ်လာသည်။ ထို့နောက် မင်းတုန်းမင်းလက်ထက်တွင် ရတနာပုံနေပြည်တော် နန်းမြို့အတွင်း လွှတ်တော်ရှေ့ စာပုံနှိပ်စက်ရုံပေါ် ပေါက်လာသည်။ ယင်းပုံနှိပ်စက်မှ နိုင်ငံတော် ဥပဒေများ၊ ဘုရင်အမိန့်တော် များ၊ လွှတ်တော် မှတ်တမ်းများ စသည်တို့ကိုပုံနှိပ်သည်။


၁၈၅၂ တွင် အင်္ဂလိပ် မြန်မာပထမစစ်ပွဲအပြီး ရခိုင်၊ ရေးမြို့တ်၊ ထားဝယ်ဒေသတို့ကို အင်္ဂလိပ်တို့ သိမ်းယူရာတွင် ဒေါက်တာ ယုဒသန်သည် အင်္ဂလိပ်မင်း ရုံးစိုက်ရာ ပထမ ကျိုက္ခမီမြို့၊ ထို့နောက် မော်လမြိုင်မြို့များတွင် သာသနာပြုဌာနနှင့်သာသနာပြု ပုံနှိပ်စက်ကို တည်ထောင်၍ ခရစ်ယာန် ဘာသာရေးစာအုပ်များကို ရိုက်နှိပ်ခဲ့သည်။ ၁၈၅၂ ခုနှစ် ဒုတိယ အင်္ဂလိပ် မြန်မာစစ်အပြီး အင်္ဂလိပ်တို့ ရန်ကုန်ကို သိမ်းယူရာတွင် အမေရိကန် သာသနာပြုဌာနသည်လည်း ရန်ကုန်သို့ ရွှေ့ပြောင်းလာသည်။ ရတနာပုံနေပြည်တော် မင်းတုန်းဘုရင်၏ ပုံနှိပ်စက်ရုံတော်ကို ၁၂၃၀ ခန့်တွင် တည်ထောင်ခဲ့သည်။ မင်းတုန်းမင်းက အမှာရှိသဖြင့် ဘုရင်ဂျိဘုန်းတော်ကြီး ဘိဂန်ဒတ်သည် မြန်မာနိုင်ငံသို့ ပုံနှိပ်စက်တစ်လုံးလာရောက်ဆက်သသည်။ ၎င်းကို ရတနာပုံနန်းမြို့မြောက်ဥယျာဉ် အတွင်း၌ ထားသည်။ ဦးလတ် (ဝတ်မစွပ်မြို့စား၊ ဝန်ထောက်တော်မင်းကြီး မင်းထင်မဟာစည်သူ) အပါအဝင် လူငယ်များအား ပုံနှိပ်ပညာသင်စေသည်။ ပုံနှိပ်ဆရာမှာ အပဒါ ဆိုသူဖြစ်သည်။

ပထမသော် ပုံနှိပ်စက်များသည် ဘာသာရေးစာအုပ်များနှင့် ပျို့၊ ကဗျာ၊ လင်္ကာစာအုပ်များကိုသာ အများအားဖြင့် ရိုက်နှိပ်သည်။ ဘုရင့်ရွှေနန်းတော် ပုံနှိပ်စက်ရိုက်စာအုပ်များအနက် မှတ်သားဖွယ်ကောင်းသော စာအုပ်တစ်အုပ်မှာ မြန်မာသက္ကရာဇ် ၁၂၄၆ ခုနှစ်တွင်ရိုက်နှိပ်သော ယောမင်းကြီး




မြန်မာဘာသာဖြင့် ပထမဆုံးပေါ်ပေါက်လာသော
မော်လမြိုင်မှထုတ်ဝေသည့် ပထမဦးဆုံးသတင်းစာ

ဦးဘိုးလှိုင်၏ ဥတုဘောဇန သင်္ဂဟကျမ်းဖြစ်သည်။ ရာဇဓမ္မသင်္ဂဟကျမ်းကြောင့် ယောမင်းကြီးသည် အရေးယူခံရသော်လည်း၊ ဥတုဘောဇနကျမ်းကိုမူ သီပေါမင်း ပါတော်မမူမီ တစ်နှစ်အလိုတွင် ဘုရင့်ပုံနှိပ်စက်မှ ရိုက်နှိပ်ပေးခဲ့ခြင်းဖြစ်လေသည်။ အခြားမှတ်သားဖွယ်အချက် တစ်ချက်မှာ ဘုရင့်ပုံနှိပ်စက်မှ သတင်းစာရိုက်နှိပ်ထုတ်ဝေခြင်းပင် ဖြစ်သည်။ စာအုပ်ရိုက်နှိပ်ရန် ခေတ်မမီသေးဟု ဆိုနိုင်သော်လည်း သတင်းစာထုတ်ဝေသည့် စိတ်ကူးမှာကား ပုံနှိပ် လုပ်ငန်းတွင် ထိုခေတ်နှင့် ရင်ဘောင်တန်းလိုက်သည်ဟု ယူဆနိုင်သည်။ ၁၂၃၀ ခန့်တွင် ဘိုးဝဇီရအုပ်ချုပ်သော ရတနာပုံ သတင်းစာ ထုတ်ဝေသည်။ ထိုမျှမက တစ်ချိန်တည်းလောက် မှာပင် ဆရာဇုပ်ဆိုသူ ကိုအုပ်ချုပ်စေ၍ မင်းတုန်းမင်းတရားပိုင် ရတနာပုံသတင်းစာကို အင်္ဂလိပ်ပိုင် ရန်ကုန်မြို့မှ ထုတ်ဝေခဲ့သည့်အချက်ဖြစ်သည်။ ဤသို့နှင့် ၁၈၃၃ တွင် မော်လမြိုင်၌ ပုံနှိပ်စက်ပေါ် ပေါက်လာခဲ့သည်။ ပိဋကတ်သုံးပုံ၊ ဦးပုည ပြဇာတ်၊ ရှေးပေပရိုဒ်များကို ရိုက်နှိပ်ပြီး ပြဇာတ်များ ခေတ်ဆန်းလာသောအခါ ခရစ်ယာန်သာသနာပြုပုံနှိပ်တိုက်


THE MORNING STAR.
SEPTEMBER 1852. No. 1.

၁၈၄၁ ခုနှစ်တွင် စကော၊ ကရင်ဘာသာဖြင့်
ထုတ်ဝေခဲ့သော မိုးသောက်ကြယ် ဟု
အဓိပ္ပာယ်ရသည်သတင်းစာ


နှင့် အိန္ဒိယလူမျိုးများပိုင် ကေနာဂွမ်ရာ၊ အိဘာရာဟင် စူလတန် ပုံနှိပ်တိုက်များက ပြဇာတ်များရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထိုမှတစ်ဆင့် ၁၉၀၄ တွင် ဂျိမ်း(စ်)လှကျော်၏ မောင်ရင်မောင် မမယ်မ၊၁၉၁၂ တွင် ဦးလတ်၏စပယ်ပင်နှင့် မန္တလေး မောင်ခင်မောင်၏ ခင်မြင့်ကြီးဝတ္ထုများ ပေါ်ထွက်လာခဲ့သည်။ ၁၉၁၄ ၌ ဦးလတ်၏ ရွှေပြည်စိုးဝတ္ထုပေါ် ပေါက်လာသည်။

ခေတ်မြန်မာဝတ္ထုများအနက် ဗြိတိသျှဘားမားပုံနှိပ်တိုက် က ရိုက်နှိပ်ခဲ့သော ဂျိမ်းစ်လှကျော်၏ မောင်ရင်မောင်၊ မမယ်မ ဝတ္ထုသည် ပထမဝတ္ထုဖြစ်သည်ဟု အမှတ်အသားပြုကြသည်။ ဗြိတိသျှဘားမားပုံနှိပ်တိုက်နှင့်အတူ ဟံသာဝတီတိုက်၊ ကေနာဂွမ်ရာပုံနှိပ်တိုက်စသော ပုံနှိပ်တိုက်များ ကျယ်ပြန့်လာသောအခါ စာအုပ်ထုတ်ဝေရေးလုပ်ငန်းသည်လည်း အတန်ငယ်ကျယ်ပြန့်လာသည်။ အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံ အောက်ပိုင်းကို လည်းကောင်း၊ ထိုမှတစ်ဖန် မြန်မာနိုင်ငံ တစ်ဝန်းလုံးကို လည်းကောင်း သိမ်းယူပြီးသောအခါ ရန်ကုန်မြို့တွင် ပုံနှိပ်တိုက် အသီးသီး ပေါ် ပေါက်လာလေသည်။ အစိုးရပုံနှိပ်တိုက် (အေ–ဘီ–အမ်မ်) ခေါ် အမေရိကန် သာသနာပြုပုံနှိပ်တိုက်၊ မြန်မာ သံတော်ဆင့်ပုံနှိပ်တိုက်၊ ဗြိတိသျှဘားမားပုံနှိပ်တိုက်၊ ရန်ကုန် ဂေဇက်ပုံနှိပ်တိုက်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ပြည်ကြီးမဏ္ဍိုင် ပုံနှိပ်တိုက်၊ ကဝိမျက်မှန်ပုံနှိပ်တိုက်၊ ဗမာ့ကျက်သရေပုံနှိပ်တိုက်၊ ဗမာ့မိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်၊ သုဓမ္မဝတီပိဋကတ်ပုံနှိပ်တိုက်၊ မြန်မာ့သြဘာပုံနှိပ်တိုက်၊ ဒေါ်ဂျူပလိမ်ပုံနှိပ်တိုက်၊ လောကသာရ ပုံနှိပ်တိုက်၊ မြန်မာ့ကျက်သရေပုံနှိပ်တိုက်၊ လောကပါလ ပုံနှိပ်တိုက်တို့သည် ထင်ရှားသောပုံနှိပ်တိုက်များဖြစ်ကြသည်။ ထိုစဉ်က မှတ်တမ်းများအရ ၁၈၇၂ ခုနှစ်၌ အောက်မြန်မာနိုင်ငံတွင် ပုံနှိပ်စက် (၁၆) လုံးရှိခဲ့ပြီး၊ မြန်မာနိုင်ငံတွင် ၁၉၃၄ ခုနှစ်က ပုံနှိပ်စက် ၃၆၇ လုံး၊ ၁၉၇၂ ခုနှစ်က ၁၂၃၁ လုံးရှိခဲ့၍ ၁၉၉၉ ခုနှစ်တွင် ၃၇၁၁ လုံးရှိခဲ့သည်ဟုဆိုသည်။ ပုံနှိပ်စက်များဖြစ်ပေါ် တိုးတက်မှုကိုကြည့်လျှင် မြန်မာနိုင်ငံတွင် ၁၉၀၆ ခု မတိုင်မီက ရန်ကုန်မြို့၌ လျှပ်စစ်ဓာတ်အား အသုံးမပြုနိုင်သေးသောကြောင့် ပုံနှိပ်စက်များကို ရေနွေးငွေ့ဖြင့် မောင်းနှင်အသုံးပြုခဲ့ကြရသည်။ အချို့စက်များမှာ လက်လှည့်စက်များဖြစ်သည်။ ရန်ကုန်တွင် ပုံနှိပ်တိုက်များ တည်ထောင်ဖွင့်လှစ်သကဲ့သို့ မန္တလေး၊ ပုသိမ်၊ မကွေး၊ တောင်ငူ၊ နတ်တလင်း၊ သုံးဆယ် စသည့်မြို့များတွင်လည်း ပုံနှိပ်တိုက်များဖွင့်လှစ်ခဲ့သည်။ ပုံနှိပ်တိုက်များမှထွက်ရှိခဲ့သော စာအုပ်များကိုကြည့်လျှင်၁၉၀၄ ခုနှစ်က ပြင်သစ် စာရေးဆရာကြီး အလဇန္ဒားဒူးမား၏ မွန်တီခရစ်စတို မြို့စားကြီးဝတ္ထုကို ဂျိမ်းစ်လှကျော်က မောင်ရင်မောင်၊ မမယ်မဟူ၍ ဘာသာပြန်ရေးသားထုတ်ဝေခဲ့သကဲ့သို့ ဝန်စာရေးဦးကြီးက ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထုကို ထုတ်ဝေခဲ့၏။



ဂျိမ်းလှကျော်
(၁၈၆၆-၁၉၁၉)

ပထမဆုံးကာလပေါ် ဝတ္ထုစာအုပ်ရေးသူ




ပထမဆုံးမြန်မာကာလပေါ် ဝတ္ထုစာအုပ်၊
(ပထမအကြိမ်ထုတ် မျက်နှာဖုံး)

၁၉၃၀ ပြည့်နှစ်မှ ၁၉၄၀ ပြည့်နှစ်အချိန်သည် ကိုလိုနီခေတ် မြန်မာစာပေသမိုင်းတွင် ယခင်ကထက်စာအုပ်များ ပိုမိုထွက်ပေါ် လာသည်။ တစ်မူးတန်ဝတ္ထုထုတ်ဝေသော စာပေတိုက်များ အပြိုင်အဆိုင်ပေါ် ပေါက်လာသည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီက စာအုပ်ထုတ်ဝေရာဌာနများသည် ဆူးလေဘုရားလမ်းရှိ စာအုပ်ဆိုင်များနှင့် အနီးပတ်ဝန်းကျင်ဖြစ်သည်။ ဤတွင် စာအုပ်ထုတ်ဝေသူနေရာ၌ စာရေးဆရာများပါ ပါဝင်လုပ်ကိုင်လာသည်ကိုတွေ့ရသည်။ ဦးဖိုးကျား၏ မြန်မာ့ဂုဏ်ရည်တိုက်၊ သူရိယဦးသိန်းမောင်၏ ဒေါ်အုန်းသင်စာအုပ်တိုက်၊ ဒဂုန်နတ်ရှင်၏ မခင်ရီစာအုပ်တိုက်၊ မြို့မအုန်း၏ ရွှေဇင်ရော်စာအုပ်တိုက်၊ ဒေါ် ဒဂုန်ခင်ခင်လေး၏ ဒဂုန်ခင်ခင်လေးစာအုပ်တိုက်၊ ရန်အောင်၏ ချမ်းသာရေးစာအုပ်တိုက်များ ပေါ်ပေါက်လာသည်။ ၁၉၃၆ ခုနှစ် ဒုတိယကျောင်းသားသပိတ်ပေါ်ပေါက်လာသောအခါ သပိတ်မှောက်ကျောင်းသားများနှင့် သခင်များဦးစီးသည့် နဂါးနီစာအုပ်တိုက် ပေါ် ပေါက်လာခဲ့ပူ၏။ ထိုတိုက်သည် မြန်မာစာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ သမိုင်းဝင်စာအုပ်တိုက်အဖြစ် တည်ရှိခဲ့လေသည်။ နဂါးနီစာအုပ်တိုက်၏ ရည်ရွယ်ချက်မှာ လွတ်လပ်ရေးတိုက်ပွဲအတွက် မီးမောင်းထိုးပြရန်၊ ဆိုရှယ်လစ်ဝါဒ သဘောတရားကိုဖော်ထုတ်ရန်၊ မျိုးချစ်စိတ်ထက်သန်စေရန် ရည်ရွယ်လျက် လူမွဲတို့ ထွက်ရပ်လမ်း၊ ခေနရှင်လောကကဲ့သို့ ဆိုရှယ်လစ်ပညာပေးစာအုပ်များ၊ အိုင်ယာလန်သူပုန်သူရဲကောင်း အတ္ထုပ္ပတ္တိများ၊ ဒေါက်တာမာဒင်ကဲ့သို့သော ဗဟုသုတပေးစာအုပ်များ၊ မေကဲ့သို့သောဝတ္ထုစာအုပ်များကို ထုတ်ဝေခဲ့သည်။ နဂါးနီသည် လွတ်လပ်ရေးတိုက်ပွဲအတွက် အားဖြည့်ပေးသည့် စာအုပ်ကောင်းများကို ထုတ်ဝေခဲ့သဖြင့် မြန်မာစာပေလောက တွင် ထင်ရှားသောစာအုပ်တိုက်အဖြစ် ရပ်တည်ခဲ့သည်ကို တွေ့ရလေသည်။

၁၉၄၂ မှ ၁၉၄၅ ခုနှစ်အထိ ရှည်ကြာသော ဂျပန်ခေတ်တွင် နိုင်ငံခြားမှ စက္ကူမရောက်သဖြင့် စစ်ကြိုခေတ်က လက်ကျန် စက္ကူများကို အလုအယက်စုဆောင်းဝယ်ယူကာ စာအုပ်များ ရိုက်နှိပ်ရသည်။ ထို့ကြောင့် စာအုပ်များများ မထွက်ခဲ့ပေ။ မြဒေါင်းညိုရေးသော ရဲဘော်သုံးကျိတ်၊ သခင်ထွန်းအုပ် ရေးသော ကျွန်ုပ်၏စွန့်စားခန်း၊ မင်းသား ရေးသော ရွှေကူ၊ မင်းဆွေရေးသော မာ၊ သခင်နုရေးသော ရက်စက်ပါပေ့ကွယ်၊ ပုထုဇနော ဥမ္မတ္တကော၊ နွားသိုးကြီးပြတ်၊ ဂျာနယ်ကျော်မမလေး ရေးသော အဖြူ၊ သူမ၊ ရန်အောင် ရေးသော ချစ်မယားနှင့် စစ်သား၊ လောကီနိဗ္ဗာန်စသည့် စာအုပ်များကိုသာ ထင်ထင်ရှားရှား တွေ့ရသည်။


ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်တွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (Burma Translation Society) ကို နိုင်ငံတော်အစိုးရကတည်ထောင်

ကာ စာအုပ်ထုတ်ဝေရေးလုပ်ငန်းကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြသည်။ ထိုအသင်းကြီး၏ ဆောင်ပုဒ်မှာ အမှောင်ခွင်း၍ အလင်းဆောင်အံ့ (Light Where Darkness Was) ဟူ၍ဖြစ်သည်။ ၁၉၄၈ ခုနှစ်မေလတွင် အသင်းတိုက်ကို ရန်ကုန်မြို့ ပြည်လမ်းရှိ၊ ဆိုရန်တိုဗီလာ အဆောက်အအုံသို့ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းမှ ရွှေ့ပြောင်းခဲ့ပြီး၊ ဆိုရန်တိုဗီလာအစား စာပေဗိမာန်ဟူ၍ မှည့်ခေါ်ခဲ့လေသည်။ စာပေဗိမာန်မှ ဘာသာပြန်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များ၊ ပြည်တော်သာ စာအုပ်များ၊ လူထုအလင်းစာစဉ်၊ လူထုအိတ်ဆောင်စာစဉ်၊ လူထု တက္ကသိုလ်များ၊ စွယ်စုံကျမ်းများ၊ လူထုသိပ္ပံကျမ်းများ၊ နှစ်ငါးဆယ်စာစဉ်စာအုပ်များနှင့် စာပေဗိမာန်မဂ္ဂဇင်း (၁၉၅၂ မှ ၁၉၅၉ အထိ) တို့ကို ထုတ်ဝေခဲ့သည်။ ထို့ပြင် ဗဟုသုတဖြစ်စေသော စာအုပ်များကို စာဖတ်သူတို့ထံ ဈေးအသက်သာဆုံး ရောက်ရှိစေရန် အဓိကရည်ရွယ်၍ ၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ စာပေဗိမာန်စာအုပ်အသင်းကို စတင်တည်ထောင်ခဲ့သည်။ ၁၉၆၃ ခု ဩဂုတ်လ ၂၂ ရက်တွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်) အစား ပြည်ထောင်စုမြန်မာနိုင်ငံ၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့ဟူ၍ ပြန်လည်ဖွဲ့စည်းခဲ့သည်။

မြန်မာ့စာအုပ်ထုတ်ဝေရေးလုပ်ငန်းအကြောင်း ပြောပြီဆိုလျှင် စာပေဗိမာန်၏ စာအုပ်ထုတ်ဝေရေးမူဝါဒများ ကို ထည့်သွင်းပြောဆိုမှ ပြည့်စုံပါလိမ့်မည်။ စာပေဗိမာန်သည် မြန်မာနိုင်ငံသားအားလုံးအတွက် ပညာဗဟုသုတ တိုးပွားစေရန်နှင့် နိုင်ငံခြားစာပေများမှ မြန်မာစာဖတ်ပရိသတ်နှင့် သင့်လျော်မည့်ရေးသားချက်များကို ကောင်းနိုးရာရာ စိစစ်ရွေးချယ်၍ သုတ၊ ရသဖြစ်စိမ့်သောငှါ ဘာသာပြန်ဆိုခြင်း၊ ဘာသာပြန်ဆိုထားသောစာပေများကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေ၍၊ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ချိရောင်းချခြင်းတို့က ပင်မရည်ရွယ်ချက်အဖြစ် လုပ်ကိုင်ဆောင်ရွက်နေသည်။ ထို့ပြင် ပြည်တွင်းပြည်ပမှ မည်သည့်ဘာသာနှင့်မဆို ပုံနှိပ်ထားသော စာအုပ်စာတမ်းများ၊ စာရွက်စာမူများကို ဝယ်ယူနိုင်ခွင့်ရှိခြင်း၊ စာရေးဆရာများ ပြုစုရေးသားသည့် မူဝါဒနှင့်ကိုက်ညီသော စာမူများကို ဝယ်ယူပုံနှိပ်၍ လူထုလက်သို့ရောက်ရှိအောင် ဖြန့်ဖြူးရောင်းချခြင်း၊ စာနယ်ဇင်းများ ပုံနှိပ်ထုတ်ဝေခြင်း၊ စာပေပွဲပြိုင်ပွဲများ ... ဖွံ့ဖြိုးရေးအတွက် လူတိုင်းစိတ်ပါဝင်စားစေရန် စာပေနှီးနှော



အမှောင်ခွင်း၍ အလင်းဆောင်အံ့ဟူသော ဆောင်ပုဒ်ဖြင့် မြန်မာ့စာအုပ်ထုတ်ဝေရေးလောကကို တစ်ခေတ်ဆန်းစေခဲ့သော ၁၉၄၈ တွင် တည်ထောင်ခဲ့သည့် စာပေဗိမာန်




ခေတ်အဆက်ဆက်၊ ထွက်ပေါ်လာခဲ့သော စာအုပ်တိုက်အချို့၏ အမှတ်တံဆိပ်များ

ဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများနှင့် စာပေပြပွဲများကျင်းပခြင်း၊ စာပေဆုချီးမြှင့်ခြင်း၊ စာပေပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ ဉာဏ်ပူဇော်ခများချီးမြှင့်ခြင်း စသည့်လုပ်ငန်းများကို လုပ်ဆောင်ကာ မြန်မာစာအုပ်ထုတ်ဝေရေးလုပ်ငန်းကို ဦးဆောင်ခဲ့လေသည်။ ဤသို့ဖြင့် မင်းအောင်၊ တက်တိုး၊ သုခ၊ သာခ၊ ရွှေကိုင်းသား၊ ဂျာနယ်ကျော်တင့်ဆွေ၊ ရွှေဥဒေါင်း၊ စစ်ကိုင်းဦးဘိုးသင်း၊ မင်းယုဝေ၊ ငွေတာရီ၊ ဂျာနယ်ကျော်မမလေး၊ ဒဂုန်နတ်ရှင်၊ ဇော်ဂျီ၊ ပုလိပ်အရာရှိတစ်ဦး၊ သိပ္ပံစိုးလှ၊ မန်းတင်ရွှံ၊ လူထုဦးလှ၊ မိုလ်အေးမောင်၊ သူရိယကန္တိ၊ သိန်းဖေမြင့်၊ တင့်တယ်၊ နုယဉ်၊ လက်ဝဲမင်းညို၊ ဒဂုန်ရွှေမျှား၊ မောင်သင်၊ နတ်မောက်တုန်းကျော်အစရှိသည့် စာရေးဆရာများသည်လည်း စာပေဗိမာန်ဆုနှင့်အတူ ၎င်းတို့စာအုပ်များ ထွက်ပေါ် ထင်ရှားလာခဲ့လေသည်။

ဤသို့ဖြင့် လွတ်လပ်ရေးခေတ်မှသည် ဖဆပလခေတ်၊ အိမ်စောင့်အစိုးရခေတ်၊ တော်လှန်ရေးအစိုးရခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှ ယနေ့နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ခေတ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခေတ်အထိ မြန်မာ့စာအုပ်ထုတ်ဝေရေးလုပ်ငန်းသည် အရှိန်မပျက်စီးဆင်း၍ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကို တွေ့ရလေသည်။ ကမ္ဘာ့နိုင်ငံများ၏ စာပေသဘောတရားလမ်းစဉ်အတိုင်း တည်ရှိနေသည့် သုတ၊ ရသစာပေများ ထွန်းကားခဲ့သည်။ သို့သော် အချိန်အခါ တစ်ခုနှင့်တစ်ခုကား တူညီခြင်းမရှိသည်ကိုတွေ့ရသည်။ တစ်ခါတွင် စုန်း၊ ကဝေများနှင့်ပတ်သက်သောစာပေများ ထွန်းကားခဲ့သလို တစ်ခါတွင် စုံထောက်၊ မှုခင်းစာပေများစိုးမိုးပြီး တစ်ခါတွင် အချစ်၊ မေတ္တာဖွဲ့၊ သိုင်းလောကနှင့်၊ ဘာသာပြန်စာပေများ၊ ရုပ်ပြ


## မြန်မာနိုင်ငံ စာအုပ်ထုတ်ဝေရေးလုပ်ငန်း

### မြန်မာတစ်နိုင်ငံလုံးတွင် ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်များစာရင်း (၁၈၆၈–၂၀၀၀)

| ခုနှစ် | အမျိုးပေါင်း | ခုနှစ် | အမျိုးပေါင်း | ခုနှစ် | အမျိုးပေါင်း | ခုနှစ် | အမျိုးပေါင်း | ခုနှစ် | အမျိုးပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ၁၈၆၈ | ၂၈ | ၁၈၉၈ | ၁၀၃ | ၁၉၂၇ | ၁၂၂ | ၁၉၅၆ | ၁၈၆၉ | ၁၉၈၆ | ၁၇၈၇ |
| ၁၈၆၉ | ၂၆ | ၁၈၉၉ | ၁၁၉ | ၁၉၂၈ | ၂၂၉ | ၁၉၅၇ | – | ၁၉၈၇ | ၁၂၉၆ |
| ၁၈၇၀ | ၃၆ | ၁၉၀၀ | ၉၃၀ | ၁၉၂၉ | ၁၁၀ | ၁၉၅၈ | – | ၁၉၈၈ | ၁၇၃၁ |
| ၁၈၇၁ | ၁၂ | ၁၉၀၁ | ၁၁၅ | ၁၉၃၀ | ၁၉၂ | ၁၉၅၉ | – | ၁၉၈၉ | ၂၄၄၁ |
| ၁၈၇၂ | ၃၉ | ၁၉၀၂ | ၁၃၄ | ၁၉၃၁ | ၁၇၂ | ၁၉၆၀ | ၃၃၀ | ၁၉၉၀ | ၂၄၄၁ |
| ၁၈၇၃ | ၆၀ | ၁၉၀၃ | ၁၄၆ | ၁၉၃၂ | ၁၉၉ | ၁၉၆၁ | ၇၄၇ | ၁၉၉၁ | ၃၅၂၉ |
| ၁၈၇၄ | ၃၁ | ၁၉၀၄ | ၁၄၆ | ၁၉၃၃ | ၁၆၄ | ၁၉၆၂ | ၁၃၄၂ | ၁၉၉၂ | ၃၇၈၅ |
| ၁၈၇၆ | ၅၈ | ၁၉၀၅ | ၁၄၀ | ၁၉၃၄ | ၁၅၅ | ၁၉၆၃ | ၁၄၈၂ | ၁၉၉၃ | ၃၆၆၀ |
| ၁၈၇၇ | ၅၈ | ၁၉၀၆ | ၂၆၃ | ၁၉၃၅ | ၃၁၇ | ၁၉၆၄ | ၁၄၈၁ | ၁၉၉၄ | ၃၇၇၁ |
| ၁၈၇၈ | ၇၇ | ၁၉၀၇ | ၁၇၁ | ၁၉၃၆ | ၂၂၈ | ၁၉၆၅ | ၁၆၆၃ | ၁၉၉၅ | ၃၅၃၇ |
| ၁၈၇၉ | ၉၉ | ၁၉၀၈ | ၂၂၂ | ၁၉၃၇ | ၁၅၈ | ၁၉၆၆ | ၁၉၁၇ | ၁၉၉၆ | ၃၃၆၄ |
| ၁၈၈၀ | ၁၂၄ | ၁၉၀၉ | ၂၄၆ | ၁၉၃၈ | ၂၇၄ | ၁၉၆၇ | ၁၆၆၅ | ၁၉၉၇ | ၃၄၀၄ |
| ၁၈၈၁ | ၂၅၄ | ၁၉၁၀ | ၁၇၂ | ၁၉၃၉ | ၅၆၂ | ၁၉၆၈ | ၁၅၂၇ | ၁၉၉၈ | ၄၁၈၁ |
| ၁၈၈၂ | ၄၄၅ | ၁၉၁၁ | ၃၆၂ | ၁၉၄၀ | ၆၃၁ | ၁၉၇၀ | ၂၁၂၅ | ၁၉၉၉ | ၃၇၅၄ |
| ၁၈၈၃ | ၂၃၆ | ၁၉၁၂ | ၃၃၈ | ၁၉၄၁ | ၁၄၀ | ၁၉၇၁ | ၂၁၀၆ | ၂၀၀၀ | ၇၇၈၇ |
| ၁၈၈၄ | ၁၆၂ | ၁၉၁၃ | ၃၆၂ | ၁၉၄၂ | ၆ | ၁၉၇၂ | စာရင်းမရ | | |
| ၁၈၈၅ | ၆၇ | ၁၉၁၄ | ၃၁၂ | ၁၉၄၃ | ၁၃ | ၁၉၇၃ | ။ | | |
| ၁၈၈၆ | ၁၄၁ | ၁၉၁၅ | ၂၇၅ | ၁၉၄၄ | ၁၀ | ၁၉၇၄ | ။ | | |
| ၁၈၈၇ | ၁၅၉ | ၁၉၁၆ | ၂၅၅ | ၁၉၄၅ | ၃၂ | ၁၉၇၅ | ။ | | |
| ၁၈၈၈ | ၈၁ | ၁၉၁၇ | ၂၁၆ | ၁၉၄၆ | စာရင်းမရ | ၁၉၇၆ | ။ | | |
| ၁၈၈၉ | ၁၆၄ | ၁၉၁၈ | ၁၆၈ | ၁၉၄၇ | ။ | ၁၉၇၇ | ။ | | |
| ၁၈၉၀ | ၁၄၇ | ၁၉၁၉ | ၁၈၇ | ၁၉၄၈ | ။ | ၁၉၇၈ | ၂၂၁၄ | | |
| ၁၈၉၁ | ၁၇၆ | ၁၉၂၀ | ၃၂၆ | ၁၉၄၉ | ။ | ၁၉၇၉ | ၁၂၄၆ | | |
| ၁၈၉၂ | ၆၆ | ၁၉၂၁ | ၂၃၂ | ၁၉၅၀ | ။ | ၁၉၈၀ | ၁၆၄၆ | | |
| ၁၈၉၃ | ၅၂ | ၁၉၂၂ | ၁၇၈ | ၁၉၅၁ | ။ | ၁၉၈၁ | ၁၆၂၆ | | |
| ၁၈၉၄ | ၃၅ | ၁၉၂၃ | ၁၈၀ | ၁၉၅၂ | ။ | ၁၉၈၂ | ၁၅၈၅ | | |
| ၁၈၉၅ | ၆၈ | ၁၉၂၄ | ၁၅၆ | ၁၉၅၃ | ။ | ၁၉၈၃ | ၁၆၅၄ | | |
| ၁၈၉၆ | ၇၃ | ၁၉၂၅ | ၁၇၇ | ၁၉၅၄ | ။ | ၁၉၈၄ | ၁၈၀၈ | | |
| ၁၈၉၇ | ၅၉ | ၁၉၂၆ | ၁၆၇ | ၁၉၅၅ | ။ | ၁၉၈၅ | ၁၉၉၄ | | |

မြန်မာနိုင်ငံ စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ ပုံရိပ်ဖြစ်သော နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပခဲ့သည့် စာအုပ်ပြပွဲများ

| စဉ် | ခုနှစ် | ပြပွဲအမည် | မှတ်ချက် |
|---|---|---|---|
| ၁ | ၁၉၅၄ | ပြည်ထောင်စု ယဉ်ကျေးမှုပြပွဲကြီး | နိုင်ငံတကာစာအုပ်နှစ် အထိမ်းအမှတ် |
| ၂ | ၁၉၅၅ | စာပေဗိမာန် ပြပွဲကြီး | |
| ၃ | ၁၉၇၂ | စာအုပ်စာပေ လူ့မိတ်ဆွေ | |
| ၄ | ၁၉၇၅ | စာနယ်ဇင်းတိုင်း ခေတ်သမိုင်း | |
| ၅ | ၁၉၈၇ | စာနယ်ဇင်းစုံ ခေတ်ကြေးမုံ | |
| ၆ | ၂၀၀၀ | ရှားပါးစာအုပ် စာနယ်ဇင်းပြပွဲ | |



ယနေ့မြန်မာစာအုပ်ဆိုင်တစ်ဆိုင်၏ အသွင်အပြင်

ကာတွန်းများ၊ မဂ္ဂဇင်း၊ ဂျာနယ်များနှင့် ယခုအခါ၌ ဗေဒင်ယတြာ၊ တက်ကျမ်း၊ ကြီးပွားရေး၊ စီးပွားရေးစာများ ထွန်းကားနေသည်ကို တွေ့ရသည်။ ၎င်းသည် နိုင်ငံတစ်ခု၏ ဖြစ်ပေါ်တိုးတက်နေသော အခြေအနေနှင့်လည်း သက်ဆိုင်သည်။ ဈေးကွက်စီးပွားရေးခေတ်ကို နိုင်ငံတော်က ဦးဆောင်နေသောအခါ စီးပွားရေးနှင့်နီးနွယ်သောစာများ ဖြစ်ပေါ်လာသကဲ့သို့ ဖြစ်သည်။ ဤသို့ပင် ဖြစ်ပေါ်နေသောစာပေအနေအထားကို ကြည့်၍လည်း စာအုပ်ထုတ်ဝေသူများက ထုတ်ဝေကြသည်။ တစ်ဖန် ၁၉၈၀ ၏ သည်တက်ပိုင်းကာလများတွင် ပုံနှိပ်ပညာ၏ ဆန်းသစ်မှုများကလည်း အံ့မခန်းတိုးတက်လာသည်ကို တွေ့ရသည်။ ခဲစာလုံးဖြင့် ဖြုတ်ချည်တပ်ချည်စီရသောစနစ်မှသည် လျှပ်စစ်ကွန်ပျူတာဖြင့် စာစီသောစနစ်သို့လည်းကောင်း၊ ပုံနှိပ်ပြီး အရုပ်ထင်စေသောနည်းတွင် တိုက်ရိုက်ပုံနှိပ်နည်းမှ တစ်ဆင့် ဓာတ်ပုံပညာကိုအခြေခံသော အော့ဖ်စက်ပုံနှိပ်နည်းသို့လည်းကောင်း၊ မင်ကျ မင်နကောင်း၍ ဆေးရောင်စုံပြီး တစ်နာရီလျှင် ရွက်ရေသုံးသောင်းခန့် ပုံနှိပ်နိုင်သော ပတ်လည်ပုံနှိပ်စက်ကြီးများ ပေါ်ပေါက်လာခြင်းသည်လည်းကောင်း အသီးသီးတိုးတက်လာလေရာ စာအုပ်ထုတ်ဝေရေးလုပ်ငန်းသည် ယခင်ကနှင့်မတူဘဲ တစ်မူထူးခြားလာသဖြင့် စာအုပ်ထုတ်ဝေသူများမှာလည်း ပေါများလာလေသည်။ ထို့အတူ စာရေးသူများလည်း သူ့နယ်ပယ်အလိုက် များပြားလာသည်ကို တွေ့ရသည်။ ယနေ့ကာလတွင် မြန်မာနိုင်ငံ၏ ထုတ်ဝေနေသော စာပေအမျိုးအစားများကိုလေ့လာလျှင် တွေးခေါ်မြော်မြင်ရေးနှင့် လောကီပညာစာအုပ်၊ ဘာသာရေးဆိုင်ရာစာအုပ်၊ နိုင်ငံရေး နှင့်လူမှုရေးဆိုင်ရာစာအုပ်၊ ဘာသာစကားနှင့် စာပေဆိုင်ရာစာအုပ်၊ သိပ္ပံပညာဆိုင်ရာစာအုပ်၊စက်မှု လက်မှုနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာစာအုပ်၊ အနုပညာနှင့် ယဉ်ကျေးမှုဆိုင်ရာစာအုပ်၊ ရုပ်ပြ၊ ကာတွန်း၊ ဝတ္ထုနှင့်ပုံပြင်များ၊ သမိုင်းနှင့် အတ္ထုပ္ပတ္တိစာအုပ်များ၊ အချိန်မှန်ထုတ်စာစောင်၊ ဂျာနယ်မဂ္ဂဇင်းများဟူ၍ တွေ့ရလေသည်။ စာအုပ်ထုတ်ဝေရေးပိုင်းကိုကြည့်လျှင် နိုင်ငံတော်ပိုင် အဖြစ် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ သာသနာရေးဝန်ကြီးဌာနများရှိပြီး ပုဂ္ဂလိက စာအုပ်ထုတ်ဝေရေးပိုင်းမှ စာပေလောက၊ ဘဝတက္ကသိုလ်၊ ရာပြည့်၊ ဂုဏ်ထူး၊ ဝါမိုးအောင်၊ ပညာရွှေတောင်၊ ပတ္တမြားငမောက်၊ လာဘ်မိုးဇွေ၊ မုံရွေး၊ ယူနတီ၊ ပါရမီ၊ သုတစွယ်စုံ၊ တူဒေး၊ အားမာန်သစ်၊ တင်ရွှေ၊ အင်း၀၊ စေတနာစသည့် စာအုပ်တိုက်များကို တွေ့မြင်ရသည်။

အချုပ်အားဖြင့်ဆိုလျှင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာတွင် ထိုနိုင်ငံ၏ စာပေယဉ်ကျေးမှုနှင့်ယှဉ်၍ တိုင်းတာရသည်။ စာပေယဉ်ကျေးမှုတွင်လည်း စာအုပ်ထုတ်ဝေရေးလုပ်ငန်းသည် ပဓာနကျသော အကြောင်းခြင်းရာဖြစ်သည်။ ထိုသို့သော စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်မှာ စာရေးသူ၊ ထုတ်ဝေသူ၊ ပုံနှိပ်ပိုင်းပညာရှင် စသည့်ပုဂ္ဂိုလ်သုံးဦး၏ ညီညွတ်ပြေပြစ်မှုအပေါ် တွင်မူတည်နေသည်။ နိုင်ငံတော်အစိုးရပိုင်းကလည်း မြန်မာ့စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အလေးထားဆောင်ရွက်ပေးနေလေသည်။ ထိုအချိန်တွင် စာပေယဉ်ကျေးမှုအပိုင်းမှ မြန်မာတိုင်းရင်းသားတို့သည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရန်တာဝန်သိသိ သစ္စာရှိရှိဖြင့် ဆောင်ရွက်သွားကြရန် အထူးလိုအပ်လှပေတော့သည်။ ။


ဦးစိုးမြင့်သန်း





ONE









AIDS




HIV



# အေအိုင်ဒီအက်စ်ရောဂါဆိုင်ရာ နောက်ဆုံးတွေ့ရှိချက်များ

အေအိုင်ဒီအက်စ်ဆိုသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို (၁၉၈၁) ခုနှစ်တွင် အမေရိကန်နိုင်ငံက စတင်တွေ့ရှိ ဖော်ထုတ်ခဲ့ပါသည်။ (၁၉၈၃) ခုနှစ်တွင် အေအိုင်ဒီအက်စ်ရောဂါကို ဖြစ်စေသော အိပ်ချ်အိုင်ဗီဗိုင်းရပ်စ်ပိုးကို ပြင်သစ်နိုင်ငံက ထပ်မံတွေ့ရှိခဲ့ပြန်ပါသည်။ တစ်ကမ္ဘာလုံးရှိ ဆေးသိပ္ပံပညာရှင်များသည် အေအိုင်ဒီအက်စ်ရောဂါနှင့် ပတ်သက်၍ အမျိုးမျိုးစူးစမ်းရှာဖွေ သုတေသနပြုခဲ့ကြသော်လည်း အေအိုင်ဒီအက်စ်ရောဂါကို လုံးဝပျောက်ကင်းအောင် ကုသနိုင်သော ဆေးဝါးများ မတွေ့ရှိကြသေးပါ။ ထိရောက်သော ရောဂါကာကွယ်ဆေးလည်း ယနေ့တိုင်မဖော်ထုတ်နိုင်သေးပါ။ ထို့ကြောင့် လူတိုင်းလူတိုင်း မိမိကိုယ်မိမိ အေအိုင်ဒီအက်စ်ရောဂါမကူးစက်ခံရစေရန် သတိရှိကြပြီး ရောဂါမရအောင်လည်း ပြုမူနေထိုင်သွားကြမှသာလျှင် ယနေ့ ကမ္ဘာပေါ်ရှိ အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ပြန့်ပွားမှုအခြေအနေကို ရပ်တန့်လျော့နည်းသွားအောင် ပြုလုပ်နိုင်လိမ့်မည်ဟုသာ တစ်ပြေးညီ လက်ခံထားရှိကြပါသည်။

အိပ်ချ်အိုင်ဗီရောဂါပိုးသည် လူ့ခန္ဓာကိုယ်ပြင်ပတွင် ကြာကြာ အသက်မရှင်နိုင်ပါ။ ပြင်ပနေရောင်၊ လေနှင့်ထိတွေ့လျှင် သေသွားနိုင်ပါသည်။ နေရောင်၏ ထိတွေ့မှုအပူရှိန်အနည်းအများနှင့် ပတ်ဝန်းကျင်နေရာ၏ စွတ်စိုမှုအပေါ်တွင် မူတည်ပြီး ရောဂါပိုး၏သက်တမ်း မှီတည်နေပါသည်။

အိပ်ချ်အိုင်ဗီရောဂါပိုး လူ့သွေးအတွင်း ဝင်ရောက်ပြီးနောက် (၈) နှစ်မှ (၁၀)နှစ်ခန့်အကြာတွင် အေအိုင်ဒီအက်စ်ရောဂါလက္ခဏာများ စတင်ပေါ်ပေါက်လာတတ်ပါသည်။ အေအိုင်ဒီအက်စ်ရောဂါလက္ခဏာ စတင်ပေါ်ပေါက်ပြီးနောက် ဝေဒနာရှင်သည် (၃) နှစ်ခန့်အတွင်းတွင် အသက်ဆုံးရှုံးမည် ဖြစ်ပါသည်။

## ရောဂါသတ်မှတ်ခြင်း

လူတစ်ယောက်ကို သာမန်အပြင်ပုံပန်းကြည့်ရုံဖြင့် အိပ်ချ်အိုင်ဗီရောဂါပိုး သွေးအတွင်းရှိ မရှိ ပြော၍မရပါ။ အိပ်ချ်အိုင်ဗီ သွေးစစ်ဆေးခြင်း (HIV TEST) ဖြင့်သာ လူ့ခန္ဓာကိုယ်သွေးအတွင်း၌ အိပ်ချ်အိုင်ဗီပိုး သယ်ဆောင်ထားသူ ဟုတ်မဟုတ် အဖြေပေးနိုင်ပါသည်။ သာမန်အိပ်ချ်အိုင်ဗီ သွေးစစ်အဖြေကို ထပ်မံသေချာအောင် စံချိန်မီ သွေးစစ်ဆေးခြင်း ပြုလုပ်လိုပါလျှင် (WESTERN BLOT) နည်းကို အသုံးပြုရပေသည်။ သာမန်နည်းဖြင့် အိပ်ချ်အိုင်ဗီရောဂါပိုးကို ခဏတ်ခွဲခန်း စစ်ဆေးရာတွင် အဖြေ၌ရောဂါမရှိဟု ညွှန်းဆိုနေပါက နောက်ထပ်သုံးလတစ်ကြိမ်၊ ခြောက်လ တစ်ကြိမ် သာမက နောက်ဆယ့်နှစ်လတစ်ကြိမ်အထိ ထပ်မံ၍ သွေးစစ်ဆေးသင့်ပေသည်။ တစ်နှစ်အကြာတွင် အိပ်ချ်အိုင်ဗီ သွေးစစ်သည့်တိုင် အဖြေမှာ ရောဂါမရှိဟု ဖော်ပြထားပါက ထိုသွေး စစ်ဆေးသူ၏ သွေးအတွင်း၌ အိပ်ချ်အိုင်ဗီ ပဋိပစ္စည်းမရှိဟု စဉ်းစားသုံးသပ် ချက်ချရမည် ဖြစ်ပါသည်။

အကယ်၍ ထိုကဲ့သို့ ဓာတ်ခွဲခန်း သွေးစစ်ဆေးချက်များ မပြုလုပ်နိုင်သောအခါ ရောဂါလက္ခဏာများအပေါ် မူတည်ပြီး ကောက်ချက်ချရမည်ဖြစ်ပါသည်။ လက်ရှိ အချိန်အထိ ရောဂါသတ်မှတ်ချက် နည်းလမ်းမျိုးစုံ ရှိသည့်အနက်



မိမိရင်သွေးအေအိုင်ဒီအက်စ်မဖြစ်ရေးမှာ မိဘတိုင်း၏ ဝန်တာ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အဓိကလက်ခံအသုံးပြုသော နည်းလမ်းဖြစ်ပါသည်။ ခုခံအား ကျဆင်းမှုကူးစက်ရောဂါဟု ယေဘုယျသတ်မှတ်ရာတွင် အဓိကရောဂါလက္ခဏာ (၂) ချက်ရှိရမည်ဖြစ်ပြီး၊ သာမည ရောဂါလက္ခဏာ (၁) ချက်တွေ့ရှိရမည် ဖြစ်ပါသည်။ ပိုမိုတိကျမှု ရှိစေရန်အတွက် ယခုအခါတွင် ဓာတ်ခွဲခန်း သွေးစစ်ချက်ကိုပါ ထည့်သွင်းသုံးသပ်ရန် လိုအပ်ကြောင်း ဆေးသုတေသနပညာရှင်များက တင်ပြလာပါသည်။

အဓိက ရောဂါလက္ခဏာများမှာ တစ်လထက်ကြာသော ဝမ်းလျှောရောဂါဖြစ်ခြင်း၊ တစ်လထက်ပို၍ ဖျားခြင်း၊ ကိုယ်အလေးချိန် (၁၀%) ထက် ပို၍ လျော့နည်းခြင်းတို့ ဖြစ်ပါသည်။

သာမညရောဂါလက္ခဏာများမှာ အာခံတွင်းတွင် မကွရပေါက်ခြင်း၊ ခန္ဓာကိုယ်အနှံ့ ကင်ဆာရောဂါမဟုတ်သော အကျိတ်များရောင်ခြင်း၊ တာရှည်ချောင်းဆိုးခြင်း၊ ခန္ဓာကိုယ်အနှံ့ အရေပြားယားယံပြီး ရောင်ရမ်းခြင်း၊ အပြင်းစားရေယုန်ရောဂါမကြာခဏဖြစ်ခြင်းနှင့်သာမန်ရေယုန်ရောဂါခန္ဓာကိုယ်အနှံ့ တာရှည်ဖြစ်ခြင်းတို့ ဖြစ်ပါသည်။

အိပ်ချ်အိုင်ဗီရောဂါပိုးသည် လူတစ်ဦးမှ နောက်တစ်ဦးထံသို့ သွေးသုတ်ရည်နှင့် မိန်းမကိုယ်မှထွက်သောအရည်များမှ တစ်ဆင့် အဓိကကူးစက်တတ်ပါသည်။ အိပ်ချ်အိုင်ဗီပိုးရပ်စ်ပိုး အဓိကကူးစက်စေနိုင်သော အန္တရာယ်ရှိသည့်အပြုအမူများကို နှာ ၇၆၊ ၌ ဖော်ပြထားပါသည်။ ထို့အပြင် လက်တွေ့ကွင်းဆင်း သုတေသနပြုထားချက်များအရ အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ရန်အခွင့်အလမ်းများသူ များကိုလည်း နှာ ၇၆ တွင်ဖော်ပြထားပါသည်။

## ရောဂါကူးစက်ပြန့်ပွားနှုန်း

အေအိုင်ဒီအက်စ်ရောဂါ ဖြစ်နေသူများ အပါအဝင် အိပ်ချ်အိုင်ဗီဗိုင်းရပ်စ်ပိုး ကူးစက်ခံနေရသူပေါင်းမှာ ကမ္ဘာပေါ်တွင် (၁၉၉၉) ခုနှစ် ကုန်အထိဆိုလျှင် လူပေါင်း (၃၄.၄) သန်းဖြစ်ပါသည်။ ယင်းတို့အနက် (၆) သန်းကျော်ခန့်သည် တောင်နှင့်အရှေ့တောင်အာရှဒေသတွင်ရှိပြီး ကျန် (၂၂) သန်းခန့်မှာ အာဖရိကတိုက်မှဖြစ်ကြောင်း သိရပါသည်။ (၁၉၉၉) ခုနှစ် တစ်နှစ်တည်းမှာပင် အိပ်ချ်အိုင်ဗီဗိုင်းရပ်စ်ပိုးအသစ် ထပ်မံကူးစက်ခံလိုက်ရသူပေါင်းမှာ (၅.၄) သန်းတိုင်အောင် ရှိပါသည်။ စာရင်းဇယားတွက်ချက်မှုများအရဆိုလျှင် (၁၃) စက္ကန့်တိုင်းတွင် ကမ္ဘာပေါ်ရှိ လူတစ်ဦးနှုန်းမှာ အိပ်ချ်အိုင်ဗီဗိုင်းရပ်စ်ပိုး ကူးစက်ခံနေကြောင်း ဖော်ပြထားပါသည်။

နှစ်စဉ်အိပ်ချ်အိုင်ဗီရောဂါပိုးရှိသော အမျိုးသမီးတစ်သန်းခွဲသည် ကိုယ်ဝန်ဆောင်နေကြရပါသည်။ ယင်းတို့အနက် ရင်သွေးငယ်(၆) သိန်းနီးပါးသည် အိပ်ချ်အိုင်ဗီ /အေအိုင်ဒီအက်စ်ရောဂါကို မိခင်များထံမှ ကူးစက်ခံခဲ့ရကြောင်း ဖော်ပြထားပါသည်။ ကိန်းဂဏာန်း တွက်ချက်မှုများအရဆိုလျှင် ကလေးငယ် (၁၆၀၀) ခန့်သည် အိပ်ချ်အိုင်ဗီရောဂါပိုးကို မိခင်များထံမှ နေ့စဉ်ကူးစက်ခံနေရကြောင်း ညွှန်းဆိုနေပါသည်။

ထို့အပြင် ယနေ့အထိ တစ်ကမ္ဘာလုံးတွင် လူပေါင်း (၁၈.၈) သန်းကျော်သည် အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးခဲ့ရပြီးဖြစ်ကြောင်း၊ အသေးစိတ်တွက်ချက်မှုများအရဆိုလျှင် (၉) မိနစ်တိုင်းတွင် လူတစ်ဦးခန့် သေဆုံးမှုနှုန်း ရှိနေကြောင်း သိရပါသည်။



အမေရိကန် ရုပ်ရှင်မင်းသားချော 'ရော့ဟတ်ဆန်' ၏ ရောဂါကင်းစင်စဉ်က ရုပ်ဆင်းသွင်ပြင်နှင့် အေအိုင်ဒီအက်စ်ရောဂါဖြစ်ပြီး မကွယ်လွန်မီနောက်ပိုင်းရုပ်ဆင်းသွင်ပြင်

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အရှေ့ဘက်နယ်စပ်တွင် တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့ တည်ရှိပြီး အနောက်ဘက်နယ်စပ်တွင် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ တည်ရှိနေပါသည်။ တောင်ဘက်ရှိ ရှည်လျားသော နယ်စပ်ဒေသမှာ ထိုင်းနိုင်ငံနှင့် နယ်မြေချင်း ဆက်စပ်နေပါသည်။ နယ်စပ်ဒေသရှိ မူးယစ်ဆေးဝါးနှင့် ပြည့်တန်ဆာလုပ်ငန်းများမှတစ်ဆင့် ပြည်တွင်းသို့ အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ခံရကြောင်း သုတေသနပြုသူများက တင်ပြခဲ့ကြပါသည်။ ထိုမှတစ်ဆင့် မိမိတို့နှင့် နီးစပ်သူဇနီးခင်ပွန်းများသို့ ထပ်မံကူးစက်ခံရဖွယ်ရှိပြီး နောက်ဆုံး မိခင်များမှတစ်ဆင့်အိမ်ရှိအပြစ်မဲ့သော ရင်သွေးငယ်များသို့ ရောဂါကူးစက်ခံရဖွယ်ရှိကြောင်း ဆက်လက်ခန့်မှန်း တင်ပြခဲ့ကြပါသည်။ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ မြန်မာနိုင်ငံ၌ ပြန့်ပွားနှုန်းကို နှစ်အလိုက် ပြုစုထားသော စာရင်းဇယားများ အရ စာမျက်နှာ ၇၆ ၌ ဖော်ပြထားပါသည်။

## အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေး

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ အေအိုင်ဒီအက်စ်ကို ကမ္ဘာပေါ်မှ ထိရောက်စွာ ကာကွယ်တိုက်ဖျက်ရေးကဏ္ဍတွင် နောက်ဆုံးတွေ့ရှိထားသော ဦးစားပေးရမည့် အချက်အလက်များမှာ အောက်ပါတို့ ဖြစ်ကြပါသည်။

(၁) ကျန်းမာရေး ပညာပေးခြင်း။

(၂) ကွန်ဒုံးဖြန့်ဝေခြင်းနှင့် လိင်အပျော်အပါး လိုက်စားတတ်သူများကို အမြဲတမ်း ကွန်ဒုံးသုံးစွဲစေခြင်း။


(၃) လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများကို ရှာဖွေ ဖော်ထုတ်၍ ထိထိရောက်ရောက်နှင့် အလျင်အမြန် ဆေးကုသမှုပေးခြင်း။

(၄) မူးယစ်ဆေးစွဲသူများအား ရှာဖွေဖော်ထုတ်၍ မှန်ကန်သော ဆေးကုသမှုပေးခြင်း။

(၅) မိခင်မှတစ်ဆင့် ရင်သွေးငယ်သို့ အိပ်ချ်အိုင်ဗွီ ရောဂါပိုး မကူးစက်စေရန် ဗိုင်းရပ်စ် ဆန့်ကျင်ဆေးဝါးများအသုံးပြု၍ တားဆီးကာကွယ်ပေးခြင်း။

(၆) အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ဝေဒနာရှင်များသို့ နောက်ထပ် ကူးစက်ရောဂါများ ထပ်မံမကူးစက်ခံရစေရန် ကြိုတင်ကာကွယ်ပေးခြင်း။

(၇) ထိရောက်သော အာနိသင်များရှိပြီး ဆေးဝါး၏ ဆိုးကျိုး အန္တရာယ်များမှ ကင်းဝေးကာ အပြီးတိုင် စိတ်ချရသော အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ ကြိုတင်ကာကွယ်ဆေး ထုတ်ယူရရှိသည် အထိ သုတေသနပြုခြင်း။



အေအိုင်ဒီအက်စ်ရောဂါကို ဖြစ်စေသည့် ဗိုင်းရပ်စ်ပိုးကို ရှာဖွေတွေ့ရှိသူ ဒေါက်တာ ရောဗတ်ဂယ်လို

## ကျန်းမာရေးပညာပေးခြင်း

ကမ္ဘာ့လူသားများအား အန္တရာယ်ပေးနေသော အေအိုင်ဒီအက်စ်ရောဂါကာကွယ်ရေးကို နိုးနိုးကြားကြားနှင့် အမြဲသတိပြုလိုက်နာဆောင်ရွက်ကြစေရန် နှိုးဆော်သည့် အနေဖြင့် (၁၉၈၇) ခုနှစ်မှ စတင်ကာ နှစ်စဉ် ဒီဇင်ဘာလ (၁) ရက်နေ့ကို ကမ္ဘာ့ခုခံအား ကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အဖြစ် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် ကျင်းပလျက် ရှိကြပါသည်။

ကုလသမဂ္ဂအဖွဲ့အစည်း (UNAIDS) က ရွေးချယ်ခဲ့သည့် သက္ကရာဇ် (၂၀၀၀) ပြည့်နှစ် ဆောင်ပုဒ်မှာ (AIDS: - MEN MAKE A DIFFERENCE) တစ်နည်းအားဖြင့် "အမျိုးသားများ စုပေါင်းအား ထူးခြားတိုက်ဖျက် အေအိုင်ဒီအက်စ်" ဟူ၍ မြန်မာလိုအဓိပ္ပာယ်ရရှိပါသည်။ ဆောင်ပုဒ်၏ ရည်ရွယ် ဖော်ညွှန်းနေသောအဓိပ္ပာယ်မှာ အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိရောက်စွာတားဆီး ကာကွယ်ရေးတွင် အမျိုးသားများ၏ အရေးပါသော အခန်းကဏ္ဍ၊ အမျိုးသားများ ထားရှိအပ်သော တာဝန်သိစိတ်၊ အမျိုးသားများ၏ ပူးပေါင်းကာကွယ်မှုဖြင့် မိမိနှင့် မိမိ၏မိသားစုကို ရောဂါအန္တရာယ်မှ ကာကွယ်ပေးနိုင်သော စွမ်းပကားစသည့်အချက်တို့ကို ပြည်သူအများနှင့် လူငယ်လူရွယ်များ သတိပြုမိလာစေရန် ရည်ရွယ်ထားရှိခြင်းပင် ဖြစ်ပါသည်။

## တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးခြင်း

အချို့သောယောကျ်ားများသည် လိင်ကိစ္စ၊ မူးယစ်ဆေးနှင့် အရက်သေစာ သောက်စားခြင်း၊ မဆင်မခြင် မော်တော်ယာဉ်မောင်းခြင်းနှင့် အကြမ်းဖက်မှုများကို ကျူးလွန်တတ်ပါသည်။ မိသားစုနှင့် ကင်းကွာနေသူများ၊ အထူးသဖြင့် သင်္ဘောသားများ၊ ကမ်းနီးကမ်းဝေး ငါးဖမ်းရေလုပ်သားများ၊ အဝေးပြေးနှင့် အငှားယာဉ်မောင်းများ၊ စီမံကိန်းလုပ်သားများဆိုလျှင် လုပ်ငန်းသဘောသဘာဝအရ လွတ်လပ်မှုအခြေအနေရှိတတ်ပါသည်။ ထိုအခါ မိမိကိုယ်တိုင်လူမှုရေး မထိန်းချုပ်နိုင်၍ ဖြစ်စေ၊ ပတ်ဝန်းကျင်၏ ဆွဲဆောင်မှုကို မလွန်ဆန်နိုင်၍ ဖြစ်စေ လိင်ကိစ္စ၊ မူးယစ်ဆေးဝါးကိစ္စများကို ကျူးလွန်တတ်ကြပါသည်။ ထို့ကြောင့် အမျိုးသားများသည် အေအိုင်ဒီအက်စ် အန္တရာယ်နှင့် ပိုမိုနီးကပ်မှုရှိကြောင်း ယခုအခါ ထင်ထင်ရှားရှား တွေ့ရှိလာကြပြီ ဖြစ်ပါသည်။

နောက်ဆက်တွဲအနေဖြင့် အိပ်ချ်အိုင်ဗီရောဂါပိုးရှိသော လိင်၊ ယောကျ်ား၊ ခင်ပွန်းများမှတစ်ဆင့် မိန်းမများထံသို့ ရောဂါ ထပ်မံကူးစက်နိုင်ကြောင်း၊ တစ်ဖန် အိပ်ချ်အိုင်ဗီရောဂါပိုးရှိသော မိခင်မှတစ်ဆင့် ကိုယ်ဝန်ဆောင်စဉ်၊ ကလေးမီးဖွားစဉ်နှင့် မိခင်နို့တိုက်ကျွေးနေချိန်တို့တွင် ရင်သွေးငယ်သို့ ရောဂါထပ်မံ ကူးစက်နိုင်ကြောင်း တွေ့ရှိထားကြပါသည်။ အိပ်ချ်အိုင်ဗီ ရောဂါဝေဒနာရှင် မိခင်ထံမှ ရင်သွေးငယ်သို့ ရောဂါကူးစက်ပျံ့နှံ့နိုင်သော နည်းလမ်းမျိုးစုံကို စာမျက်နှာ ၇၇ တွင်ဖော်ပြထားပါသည်။

ထို့ကြောင့် အိမ်ထောင်ရှင်ယောကျ်ားများသည် မိမိ၏ မိသားစုကို အေအိုင်ဒီအက်စ်အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရန်၊ လူပျို လူလွတ်အမျိုးသားတိုင်းသည်လည်း မိမိ၏ ကိုယ်ကျင့်တရားနှင့်ပတ်သက်ပြီး ရောဂါကင်းဝေးအောင် ထိန်းသိမ်းနေထိုင်သွားကြရန် စသည့်လိုအပ်ချက်များသည် အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးတွင် ပိုမိုထိရောက်မှုရှိရမည့်အချက်များအဖြစ် တွေ့မြင်လာကြရပါသည်။

အလားတူပင် အိမ်ထောင်ရှင်အမျိုးသမီးတိုင်းသည် မိမိကိုယ်တိုင် ကိုယ်ကျင့်တရား စောင့်ထိန်းခြင်း၊ အိမ်ထောင်ရေးတွင် နှစ်ဦးနှစ်ဖက် အပြန်အလှန်သစ္စာရှိခြင်း၊ မိမိ၏ ခင်ပွန်းသည်အား လိင်အပျော်အပါး မလိုက်စားရန် စည်းရုံးခြင်း၊ အိမ်ထောင်မပြုမီ အမျိုးသမီးများသည်လည်း မိမိ၏အပျိုစင်ဘဝကို လေးစားမြတ်နိုးပြီး အတတ်နိုင်ဆုံး ထိန်းသိမ်းနေထိုင်ခြင်း စသည့် အချက်များသည် အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးတွင် အလေးထားဆွေးနွေး ပညာပေးရမည့်အချက်များ ဖြစ်ကြပါသည်။

## လူငယ်များ၏ အနာဂတ်

လူငယ်ယောကျ်ားလေး၊ မိန်းကလေးများသည် ကလေးဘဝမှ လူငယ်ဘဝသို့ ကူးပြောင်းကြစဉ် ပတ်ဝန်းကျင်အသစ်



အေအိုင်ဒီအက်စ်ရောဂါကာကွယ်တိုက်ဖျက်ရေး ကျန်းမာရေး ပညာပေးဆောင်ရွက်ချက်တစ်ကွက်

အဆန်းနှင့် အရာရာကို စူးစမ်းလိုစိတ်ရှိခြင်း၊ လိင်ကိစ္စနှင့် ပတ်သက်ပြီး စိတ်လှုပ်ရှားခြင်း၊ စိတ်အပြောင်းအလဲမြန်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း၊ မိဘကို အားကိုးလိုစိတ် လျော့နည်းပြီး ကိုယ့်ကိုယ်ကို အားကိုးခြင်း၊ လူကြီးများ တားမြစ်ထားသည့် အရာကို ဖွတ်ပြုလုပ်လိုခြင်း၊ သူငယ်ချင်းများနှင့် ပျော်မွေ့ပြီး ပတ်ဝန်းကျင် ပြောသမျှယုံလွယ်ခြင်း စသည့် စိတ်အာရုံခံစားမှု ပြောင်းလဲမှုများ ဖြစ်ပေါ်တတ်ပါသည်။

ထို့ကြောင့် စိတ်ကူးယဉ်ပြီး အခက်အခဲများ၊ ဒုက္ခများ ပြုလုပ်တတ်ကာ အချို့လူငယ်များသည် လမ်းမှားသို့ ရောက်ပြီး မူးယစ်ဆေးဝါးကိစ္စ၊ လိင်မှုပြဿနာအပြင် တရားဥပဒေနှင့် ဆန့်ကျင်သော အပြုအမူများကို လုပ်ဆောင်မိတတ်ကြပါသည်။ အုပ်ထိန်းမှုကင်းလွတ်နေသော လေလွင့်လူငယ်များ၊ ဒုက္ခသည်စခန်းများနှင့် နယ်စပ်ဒေသတစ်လျှောက် ကုန်ကူးသန်းသွားလာနေသူ လူငယ်များသည်လည်း မူးယစ်ဆေးဝါး အရောင်းအဝယ်ကိစ္စအပြင် အေအိုင်ဒီအက်စ် အန္တရာယ်နှင့် လွန်စွာနီးကပ်သော လိင်ကိစ္စများနှင့် နီးနွယ်ပတ်သက်နေသည်ကို တွေ့ရှိနေရပါသည်။

လူငယ်တွေ၏ အနာဂတ်သည် လူကြီးမိဘ အုပ်ထိန်းသူ ဆရာသမားများ၏ အသိပညာပေး သွန်သင်ဆုံးမမှုအပေါ် မှာ မှီတည်နေပါသည်။ လူငယ်တွေထဲတွင် မမှန်ကန်သော အယူအဆနှင့် မှားယွင်းသောအပြုအမူကလေးများ ရှိခဲ့ပါလျှင် ဆွေးနွေးပေးခြင်းဖြင့် လူငယ်များ လမ်းမှန်သို့ရောက်အောင် ကူညီလမ်းညွှန်ပေးရာ ရောက်ပါလိမ့်မည်။ ထို့အပြင် ကျောင်းသားလူငယ်များ၊ ကျောင်းပြင်ပရောက် လုပ်ငန်းခွင်ရှိ လူငယ်များအား လိင်အပျော်အပါး မလိုက်စားစေရန်နှင့် မူးယစ်ဆေးဝါး မသုံးစွဲစေရန် ပညာပေးခြင်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ဗိုင်းရပ်စ်ဆန့်ကျင် ဆေးဝါးကုထုံး


အိပ်ချ်အိုင်ဗီ/ အေအိုင်ဒီအက်စ်ဝေဒနာရှင်၏ ရောဂါ တွန်းလှန် ခုခံနိုင်မှုစွမ်းရည်ကိုယ်ခံအားကို ခန့်မှန်းရာတွင် ဓာတ်ခွဲခန်း သွေးစစ်ဆေးခြင်းဖြင့် သွေးအတွင်းပါဝင်သော လင်ဖိုဆိုက်ဒ် (CD 4) ပမာဏနှင့် သွေးအတွင်းရှိ ဗိုင်းရပ်စ်ပိုး ပမာဏကို တိုင်းတာယူရပေသည်။ (CD 4) ဆိုသည်မှာ ခန္ဓာကိုယ်တွင်းမှ ပြင်ပရောဂါပိုးများသို့ တွန်းလှန်ခုခံနိုင်မှု ကိုယ်ခံစွမ်းအားကို ဖော်ပြသော သွေးဖြူဥစနစ်ရှိ အဓိက လင်ဖိုဆိုက်ဒ် သွေးဆဲလ်များပင်ဖြစ်ပါသည်။



အေအိုင်ဒီအက်စ်ရောဂါအန္တရာယ်ကာကွယ်တားဆီးရေး လက်ကမ်းကြော်ငြာ၊ ပိုစတာများမှ ကြော်ငြာတစ်ခု

သာမန်လူတစ်ယောက်တွင်သွေး (1 MM ³) အတွင်းရှိ (CD 4) ဆဲလ်ပမာဏမှာ (၄၃၀) မှ (၁၃၀၀) အတွင်း ရှိပါသည်။ ကျန်းမာနေသူတစ်ယောက်တွင် (CD 4) ဆဲလ်ပမာဏမှာ ပျမ်းမျှ (၈၀၀) အထက်တွင်ရှိပါသည်။ သုတေသနပြုချက်များ အရ အိပ်ချ်အိုင်ဗီဝေဒနာရှင် တစ်ယောက်တွင် တစ်နှစ်အတွင်း (CD 4) ဆဲလ်ပမာဏ (၅၀) မှ (၈၅) အတွင်း လျော့နည်း ကျဆင်းတတ်ပါသည်။ ထို့အတူ မူးယစ်ဆေး သွေးကြောတွင်း ထိုးသွင်းသူ ဆေးစွဲဝေဒနာရှင်တစ်ဦးသည်လည်း တစ်နှစ်လျှင် (CD 4) ဆဲလ်ပမာဏ (၁၅) ခန့် လျော့နည်းကျဆင်းလေ့ ရှိကြောင်း သိရပါသည်။

အိပ်ချ်အိုင်ဗီဗိုင်းရပ်စ် ဆန့်ကျင်ဆေးဝါးများ တိုက်ကျွေးခြင်းဖြင့် ဝေဒနာရှင်၏သက်တမ်းကို ရှည်စေနိုင်ပါသည်။ သွေးအတွင်း (CD 4) ဆဲလ်ပမာဏ (၅၀၀) အထက်ရှိပြီး အိပ်ချ်အိုင်ဗီ/ အေအိုင်ဒီအက်စ်ရောဂါလက္ခဏာ မရှိသူများကို ဗိုင်းရပ်စ် ဆန့်ကျင်ဆေးဝါးများ ပေးရန်မလိုဘဲ (၆) လ တစ်ကြိမ်သာ ဝေဒနာရှင်နှင့် ထပ်မံတွေ့ဆုံပြီး သွေးစစ်ဆေးခြင်း ပြုရပေသည်။ အိပ်ချ်အိုင်ဗီ/ အေအိုင်ဒီအက်စ်ရောဂါ လက္ခဏာများ မရှိသော်လည်း သွေးအတွင်း (CD 4) ဆဲလ် ပမာဏ (၂၀၀) မှ (၅၀၀) ရှိသူများကို ဗိုင်းရပ်စ်ဆန့်ကျင် ဆေးဝါး ZIDOVUDINE (Z D V) သုံး၍ ဆေးကုသမှု




HIV/ AIDS ကူးစက်မှုတွင် တစ်ကမ္ဘာလုံး၌ အာဖရိကတိုက် အခြေအနေအဆိုးရွားဆုံး ဖြစ်နေပုံကို အနောက်နိုင်ငံကာတွန်းဆရာတစ်ဦးက ဤသို့ သရုပ်ဖော်ရေးဆွဲခဲ့သည်

ပေးသင့်ပါသည်။ သွေးအတွင်း (CD 4) ဆဲလ်ပမာဏ (၂၀၀) အောက် လျော့နည်းနေသည့် ရောဂါရင့်နေသူ အေအိုင်ဒီအက်စ် ဝေဒနာရှင်များကိုမူ ဖိုင်းရပ်စ်ဆန့်ကျင်ဆေးဝါး (Z D V) အပြင် DIDANOSINE (DDI) သို့မဟုတ် ZALCITA - BINE (DDC) ကိုပါ တွဲဖက်၍ ကုသမှုပေးရပါသည်။

အမေရိကန်နိုင်ငံတွင် နောက်ဆုံးသုတေသနပြုချက်များ အရ ဗိုင်းရပ်စ်ဆန့်ကျင်ဆေးဝါးသုံးမျိုးခန့်ကို ပေါင်းစပ်အသုံး ပြုခြင်းသည် ဆေးအာနိသင်ကို ပိုမိုရရှိကြောင်း၊ ဆေးဝါးယဉ်ပါး မှုအခွင့်အလမ်းနည်းပါးကြောင်း၊ သွေးဆဲလ်ပမာဏ (CD 4) ကိုလည်း လေးနှစ်ခန့်ကြာသည့်တိုင် လက်ရှိအခြေအနေထက် ပိုမိုမြင့်မားစွာ ထိန်းထားနိုင်ကြောင်း တွေ့ရှိထားကြပါသည်။ မလိုလားအပ်သည်မှာ ဗိုင်းရပ်စ်ဆန့်ကျင်ဆေးဝါးတိုင်း၌ ဆိုးကျိုးအာနိသင်များ ပေးလေ့ရှိသဖြင့် ဆေးကုသနေစဉ် အတွင်း သွေးနီဥ၊ သွေးဖြူဥ၊ သွေးဥမွှားပမာဏများအား စစ်ဆေးခြင်း၊ အသည်းနှင့် ကျောက်ကပ်လုပ်ငန်းများကို သွေး စစ်ဆေးခြင်းများပြုလုပ်ပေးရန်လိုပြီး ဝေဒနာရှင်အား မပြတ် စောင့်ကြပ်ကြည့်ရှုနိုင်ရန်နှင့် မကြာခဏ ရက်ချိန်းပေးရန်လည်း လိုအပ်ပါသည်။ သီအိုရီနှင့် သုတေသနပြုချက်များတွင် ဗိုင်းရပ်စ် ဆန့်ကျင်ဆေးဝါး ပေါင်းစပ်ကုထုံးသည် အလွန် ကောင်းမွန်သော်လည်း လက်တွေ့ကျကျ အသုံးပြုရာတွင် ဆေးဝါး၏ ဆိုးကျိုးများနှင့် ဆေးဝါးတန်ဖိုးကုန်ကျမှုစရိတ် လွန်စွာမြင့်မားခြင်းတို့ကြောင့် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြု ရန်အတွက် အချို့ဆေးသိပ္ပံပညာရှင်များက နှစ်နှစ်ခြိုက်ခြိုက် မရှိလှကြောင်း တွေ့ရပါသည်။

### အိပ်ချ်အိုင်ဗီရောဂါပိုးရှိသူ မိခင်မှ ရင်သွေးငယ်သို့ ရောဂါကူးစက်ခြင်းကို ဟန့်တားခြင်း

အိပ်ချ်အိုင်ဗီရောဂါပိုး သွေးအတွင်းရှိသူ မိခင်မှ ရင်သွေး ငယ်သို့ ရောဂါကူးစက်ပြန့်ပွားခြင်း လျော့နည်းသွားစေရန် အခြေခံလိုအပ်ချက်မှာ အမျိုးသမီးငယ်များနှင့် မျိုးပွားအသက် (၁၅) နှစ်မှ (၄၅) နှစ်အတွင်းရှိ ကိုယ်ဝန်ဆောင်နိုင်သည့် အရွယ် အမျိုးသမီးအုပ်စုအား ရွေးချယ်၍ လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါအန္တရာယ်မှ ကင်းဝေးစေသည့် လိင်ဆက်ဆံခြင်း၊ ကွန်ဒုံးခေါ် ယောက်ျားလိင်အင်္ဂါ ရာဘာ အစွပ်ကို စနစ်တကျအသုံးပြုခြင်း၊ ကာလသားရောဂါများ ဖြစ်လျှင် အလျှင်အမြန် ထိထိရောက်ရောက် ဆေးကုသမှု ခံယူခြင်း၊ ကလေးမီးဖွားစဉ် ရောဂါပိုးမွှားသန့်စင်သော ပစ္စည်း

## ကူးစက်နိုင်သောနည်းများ





ကူးစက်နိုင်သောနည်းများ



အေအိုင်ဒီအက်စ်ကာကွယ်ရန်အဓိကနည်းလမ်းများမှာလိင်ကိစ္စ ဆင်ခြင်ခြင်းနှင့်မူးယစ်ဆေးဝါးရှောင်ကြဉ်ခြင်းဖြစ်သည်။

အေအိုင်ဒီအက်စ်ကာကွယ်ရန်
အဓိကနည်းလမ်းများမှာ လိင်ကိစ္စဆင်ခြင်ခြင်းနှင့်
မူးယစ်ဆေးဝါးရှောင်ကြဉ်ခြင်းဖြစ်သည်။




အိမ်ထောင်ရှင်အမျိုးသမီးတိုင်း မိမိခင်ပွန်း
လိင်အပျော်အပါးမလိုက်စားအောင် စည်းရုံးရမည်

## ဤနည်းများဖြင့်မကူးစက်နိုင်ပါ




ဤနည်းများဖြင့်မကူးစက်နိုင်ပါ

ကိရိယာများသုံးရန်လိုအပ်ခြင်း စသည်များနှင့် ပတ်သက်၍ ကျန်းမာရေးပညာပေးရန် လိုအပ်ပါသည်။

မိခင်နို့တိုက်ကျွေးခြင်းဖြင့် ရင်သွေးငယ်အား ရောဂါခုခံကာကွယ်နိုင်စွမ်းရည်ရရှိစေပြီး အာဟာရလည်း ပြည့်ပြည့်ဝဝ ရရှိစေပါသည်။ သို့သော် အိပ်ချ်အိုင်ဗီပိုးရပ်စ်ပိုး သွေးအတွင်း ရှိသူမိခင်တစ်ယောက်သည် ရင်သွေးငယ်အား နို့တိုက်ကျွေးရာတွင် အောက်ပါအချက်များကို လိုက်နာရန်လိုအပ်ပါသည်။

(၁) မိခင်နို့အစား ဈေးကွက်ရှိအခြားနို့မှုန့်ဖော်မြူလာ များကို ဖြစ်စေ၊ အိမ်၌ ပြုလုပ်သော နွားနို့၊ ဆိတ်နို့များကို ဖြစ်စေ ရင်သွေးငယ်အား အစားထိုးတိုက်ကျွေးခြင်း။

သို့သော် ရင်သွေးငယ်ခြောက်လခန့်အထိ နို့မှုန့်ဝယ်တိုက်ရန်လုံလောက်သော ငွေကြေးအင်အားပြည့်စုံရန်လိုခြင်း၊ နို့မှုန့်ဖျော်ရန်သန့်ရှင်းသောရေ လောင်စာ၊ နို့ခွက်ပစ္စည်းရှိရန်လိုခြင်း၊ နို့မှုန့်ကို အမျိုးအစား ကျွမ်းကျင်စွာဖျော်တတ်ခြင်း၊ နို့မှုန့်ဘူးဖျော်ရန်အချိန်ပေးနိုင်ခြင်း၊ တစ်ကိုယ်ရည်နှင့် အိမ်ပတ်ဝန်းကျင်သန့်ရှင်းမှုရှိခြင်း စသည့်အချက်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

(၂) မိခင်နို့တိုက်ချိန်သက်တမ်းကာလကို လျှော့ချခြင်း၊ ဥပမာ မိခင်နို့ကို ရင်သွေးငယ် (၃) လမှ (၉) လအတွင်းသာတိုက်ပြီး နို့ဖြတ်လိုက်ခြင်း။

(၃) မိခင်အရင်း၏ နို့ရည်ကိုဖြစ်စေ၊ အခြား မိခင်များ၏ နို့ရည်ကိုဖြစ်စေ ပေါင်းနို့ (PASTUERISED MILK) အဖြစ် စီမံပြီးမှသာ ရင်သွေးငယ်အား တိုက်ကျွေးခြင်း၊

နို့ရည်ကို အပူချိန် (၆၂.၅) ဒီကရီစင်တီဂရိတ်တွင် မိနစ် (၃၀) ကြာ အပူပေးပြီး နောက်ချက်ချင်း အအေးခံလိုက်ကာ ရင်သွေးငယ်အား တိုက်လျှင် အိပ်ချ်အိုင်ဗီပိုးရပ်စ်ပိုးကို သေစေနိုင်စွမ်းရှိသော်လည်း မိခင်နို့ရည်ရှိ ရောဂါခုခံတွန်းလှန်နိုင်မှုသဘာဝစွမ်းရည်ကို လျော့နည်းသွားစေပါသည်။

(၄) အကယ်၍ ရင်သွေးငယ်နာမကျန်းလျှင်ဖြစ်စေ၊ ကိုယ်အလေးချိန် ပေါင်မပြည့်လျှင်ဖြစ်စေ၊ ဆွေမျိုးနီးစပ်သို့မဟုတ် အခြား မိခင်တစ်ယောက်၏ နို့ကို ရင်သွေးငယ်အား တိုက်ရိုက်စို့စေခြင်း၊ သို့သော် အခြားနို့တိုက်မိခင်၌ အိပ်ချ်အိုင်ဗီရောဂါပိုး ကင်းရှင်းရန်လိုအပ်ခြင်း၊ နို့သီးခေါင်း ကွဲအက်ရှနာမှုမရှိရန် လိုအပ်ခြင်း၊ အချိန်တစ်ခဏသာ နို့တိုက်ရန်ရည်ရွယ်ခြင်း စသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားပေးရမည် ဖြစ်ပါသည်။

## အိပ်ချ်အိုင်ဗီ ဗိုင်းရပ်စ်ပိုးရှိသူ ကိုယ်ဝန်ဆောင်မိခင်အား ဗိုင်းရပ်စ်ဆန့်ကျင် ဆေးဝါးတိုက်ကျွေးခြင်း

အိပ်ချ်အိုင်ဗီဗိုင်းရပ်စ်ပိုး သွေးအတွင်းရှိသူ ကိုယ်ဝန်ဆောင်မိခင်များအား ဗိုင်းရပ်စ်ဆန့်ကျင်ဆေးဝါးတိုက်ကျွေးရာတွင် အသုံးများသော နည်းလမ်းနှစ်မျိုးကို တင်ပြပါမည်။

ပထမနည်းလမ်းမှာ ကိုယ်ဝန်ဆောင်စဉ် (၁၂) ပတ်မှ (၂၄) ပတ်အတွင်းနှင့် (၂၄) ပတ်မှ (၃၆) ပတ်အတွင်း ကိုယ်ဝန်ဆောင်မိခင်အား ဗိုင်းရပ်စ်ဆန့်ကျင်ဆေးဝါး (ZDV) ကို တိုက်ကျွေးပါသည်။ တစ်ချိန်တည်းမှာပင် မွေးဖွားလာသည့် ရင်သွေးငယ်အားလည်း (ZDV) ဆေးဝါးကိုပင် အသက် (၆) ပတ်ခန့်အထိ တိုက်ကျွေးပါသည်။ ရင်သွေးအား မိခင်နို့တိုက်ခြင်း မပြုစေရပါ။ အဆိုပါနည်းလမ်းဖြင့် အိပ်ချ်အိုင်ဗီ မိခင်မှ ရင်သွေးငယ်သို့ရောဂါကူးစက်နှုန်း (⅔) ခန့် ကျ ဆင်းသွားကြောင်း တွေ့ရပါသည်။


ဒုတိယနည်းလမ်းမှာ ကိုယ်ဝန်ဆောင်စဉ် (၃၆) ပတ်ကျော်မှ မိခင်အား (ZDV) ဆေးဝါးကို အချိန်တိုတိုအတွင်း တိုက်ကျွေးစေသော စနစ်ဖြစ်ပါသည်။ မွေးဖွားလာမည့် ရင်သွေးငယ်အဖို့ (ZDV) ဆေးသောက်ရန်မလိုပါ။ ရင်သွေးအား မိခင်နို့မတိုက်စေဘဲ နို့မှုန့်ဘူးကိုသာ စနစ်တကျ တိုက်စေပါသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ကျင့်သုံးနေသော နည်းစနစ်ဖြစ်ပြီး အိပ်ချ်အိုင်ဗီကိုယ်ဝန်ဆောင်မိခင်မှ ရင်သွေးငယ်သို့ ရောဂါကူးစက်ပြန့်ပွားနှုန်းမှာ (½) ခန့် ကျဆင်းသွားကြောင်း သိရပါသည်။

အိပ်ချ်အိုင်ဗီရောဂါပိုး သွေးအတွင်းရှိသော ကိုယ်ဝန်ဆောင်မိခင်မှ ရင်သွေးငယ်သို့ ရောဂါကူးစက်မှုနှင့် ပတ်သက်၍ အောက်ဖော်ပြပါ ယနေ့ သုတေသန ပြုလုပ်ချက်များကို အနာဂတ်ကာလတွင် မည်သို့မည်ပုံ ဆက်လက်ကျင့်သုံး သင့်ကြောင်း ဆေးသိပ္ပံပညာရှင် ဆရာဝန်များက ဆက်လက် စဉ်းစားသုံးသပ်ဆဲ ရှိနေပါသေးသည်။

(က) အိပ်ချ်အိုင်ဗီ ရောဂါပိုးရှိသော ကိုယ်ဝန်ဆောင်မိခင်ကို ဗိုင်းရပ်စ်ဆန့်ကျင်ဆေးဝါးများ ပေါင်းစပ်အသုံးပြုရန်သင့် – မသင့် လက်တွေ့သုတေသနပြုလျက်ရှိခြင်း။

(ခ) အိပ်ချ်အိုင်ဗီရောဂါပိုးရှိသော မိခင်မှ မွေးဖွားလာသော ရင်သွေးငယ်၏ ကျန်းမာရေးနှင့် ပတ်သက်၍ မိခင်နို့တိုက်ကျွေးခြင်းသို့မဟုတ် ဖြည့်စွက်ဖော်မြူလာနို့မှုန့်ဘူးကို သုံးရန်သင့် – မသင့် ဆုံးဖြတ်ချက်ချခြင်း။

## အေအိုင်ဒီအက်စ်ရောဂါဆိုင်ရာ နောက်ဆုံးတွေ့ရှိချက်များ




အေအိုင်ဒီအက်စ်ရောဂါ မြို့ရွာတောပါ ပျံ့နှံ့ပုံသတိပေးချက်

(ဂ) အိပ်ချ်အိုင်ဗီမိခင်မှ ရင်သွေးငယ်သို့ ရောဂါကူးစက်မှု ရာနှုန်းတွင် ရိုးရိုးမွေးလမ်းကြောင်းမှ မွေးခြင်းနှင့် ဗိုက်ခွဲစိတ်၍ ကလေးမွေးခြင်းနှစ်ရပ်နှင့်ပတ်သက်၍ နှိုင်းယှဉ်လေ့လာလျက်ရှိခြင်း။

(ဃ) အိပ်ချ်အိုင်ဗီရောဂါပိုး သွေးအတွင်းသယ်ဆောင်သူ ကိုယ်ဝန်ဆောင်မိခင်အား ရောဂါကြိုတင်ကာကွယ်ဆေး (VACCINE) ထိုးရန် စဉ်းစားသုံးသပ်နေကြခြင်း။

(င) ကိုယ်ဝန်လာရောက်အပ်နှံသူ ကိုယ်ဝန်ဆောင်မိခင်တိုင်းအား အိပ်ချ်အိုင်ဗီ/ အေအိုင်ဒီအက်စ်ရောဂါနှင့် ပတ်သက်၍ နှစ်သိမ့်ဆွေးနွေး အကြံပေး လမ်းညွှန်မှုပေးခြင်း။

(စ) မိခင်နှင့်ကလေး ပြုစုစောင့်ရှောက်ရေး အသင်းအဖွဲ့များမှတစ်ဆင့် အိပ်ချ်အိုင်ဗီပိုးရပ်စ် ဆန့်ကျင်ဆေးဝါးသုံးစွဲမှုကို ယခုထက်ပိုမို၍ တိုးချဲ့ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချခြင်း။

(ဆ) အိပ်ချ်အိုင်ဗီရောဂါပိုးရှိသော မိခင်၊ ဖခင်နှစ်ဦးစလုံး ဆုံးပါးသွား၍ ကျန်ရစ်ခဲ့သူ မိဘမဲ့ကလေးငယ်များအား ကျန်ရစ်သူဆွေမျိုး မိသားစု သို့မဟုတ် ကလေးပြုစုစောင့်ရှောက်ရေးဌာနများမှ လိုအပ်သော ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး စောင့်ရှောက်မှုများ ဆက်လက်ဖြည့်ဆည်းပေးရန် ဆုံးဖြတ်ချက်ချခြင်း။

### အေအိုင်ဒီအက်စ်ရောဂါအတွက် ကြိုတင်ကာကွယ်ဆေး (VACCINE) ထုတ်ယူခြင်း

ရှေးယခင် ကနဦးကာလကတည်းက တွေ့ရှိခဲ့သော ဗိုင်းရပ်စ်ပိုးမှာ အိပ်ချ်အိုင်ဗီဗိုင်းရပ်စ်ပိုး (၁) ဖြစ်ပါသည်။ အနည်းငယ်ကြာမှ အနောက်အာဖရိကဒေသတွင် ကူးစက်စေသော အိပ်ချ်အိုင်ဗီဗိုင်းရပ်စ်ပိုး (၂) ကို ထပ်မံတွေ့ရှိခဲ့ပါသည်။ အိပ်ချ်အိုင်ဗီ (၁) နှင့် (၂) နှစ်မျိုးစလုံးသည် အေအိုင်ဒီအက်စ်ရောဂါကို ဖြစ်ပွားစေပါသည်။ သို့သော် တစ်ကမ္ဘာလုံးတွင် အဓိကကူးစက်ပြန့်ပွားသော အေအိုင်ဒီအက်စ်ရောဂါမှာ အိပ်ချ်အိုင်ဗီပိုး (၁) ကြောင့်ပင် ဖြစ်ပါသည်။

အိပ်ချ်အိုင်ဗီ/ အေအိုင်ဒီအက်စ်ရောဂါအတွက် ကြိုတင်ကာကွယ်ဆေး ထုတ်လုပ်ခြင်း၏ မူလဥပဒေသမှာ လူ့ခန္ဓာကိုယ်တွင်းရှိ ကိုယ်ခံစွမ်းအားစနစ်ကို လှုံ့ဆော်ပေးပြီးနောက် ပဋိပစ္စည်းကို ထွက်ရှိလာအောင် ပြုလုပ်ပေးခြင်းပင် ဖြစ်ပါသည်။ ကာကွယ်ဆေးထုတ်လုပ်ရာတွင် ရည်မှန်းချက်များ ထားရှိသည်မှာ ကာကွယ်ဆေးသည် ရာနှုန်းပြည့်စိတ်ချရပြီး ထိရောက်သော အာနိသင်ရှိရန်လိုအပ်ခြင်း၊ ကမ္ဘာပေါ်ရှိ အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးတွင် အဓိကကျသော ဦးစားပေး သုတေသနလုပ်ငန်းဖြစ်ခြင်း၊ တစ်ကမ္ဘာလုံး အထူးသဖြင့် အမေရိကန်နိုင်ငံ၊ အာဖရိကတိုက်၊ အရှေ့တောင်အာရှ၊ တောင်အမေရိကတိုက်တို့တွင် ကျယ်ကျယ်ပြန့်ပြန့် လက်တွေ့သုတေသနပြုလျက်ရှိခြင်း၊ (CHIMPANZEES) နှင့် (RHESUS MACAQUE MONKEYS) မျောက်များ သာမက သက်ရှိလူသားများ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များကိုပါ ရွေးချယ်၍ ဆေးဝါး၏အာနိသင် ထိရောက်မှုနှင့် ဖြစ်လာနိုင်သော ဆိုးကျိုးများကို နှိုင်းယှဉ် သုတေသနပြုလျက်ရှိခြင်း၊ ဆေးအစွမ်းအာနိသင်ကို ပေးစွမ်းနိုင်သော အချိန်ကာလနှင့် လူခန္ဓာကိုယ်အပေါ် ယံ အရေပြားခွဲအမြေး

များမှတစ်ဆင့် ကူးစက်နိုင်သော အိပ်ချ်အိုင်ဗီမိုင်းရပ်စ်ပိုးကို ဟန့်တားနိုင်စွမ်းရှိ – မရှိ စမ်းသပ်လျက်ရှိခြင်း၊ အိပ်ချ်အိုင်ဗီ ရောဂါပိုးအမျိုးအစား (၁) အပြင် အခြားသော ဆက်စပ်နီးနွယ် လျက်ရှိသည့် မိုင်းရပ်စ်ပိုးများကိုပါ တိုက်ဖျက်နိုင်စွမ်း ရှိ – မရှိ သုတေသနပြုလျက်ရှိခြင်း စသည့်အချက်များ ဖြစ်ကြပါသည်။

အေအိုင်ဒီအက်စ်ရောဂါကို ကြိုတင်ကာကွယ်ဆေး ထုတ်လုပ်ရာတွင် အဓိကတွေ့ရှိနေရသော အခက်အခဲနှစ်ရပ်မှာ မိုင်းရပ်စ်၏ မည်သည့်အစိတ်အပိုင်းမှ ပဋိပစ္စည်းကို ထွက်ရှိအောင် လှုံ့ဆော်မှုပြုသည့်အချက်ကို တိတိကျကျရှာဖွေရန် နှင့် မိုင်းရပ်စ်၏ အဆိုပါအစိတ်အပိုင်းတွင် ဇီဝဖွဲ့စည်းပုံ ပြောင်းလဲရန် အတွက် အချိန်ကာလ မည်မျှကြာနိုင်သည့်အချက်ကို တိတိ ကျကျခန့်မှန်းရန်တို့ပင် ဖြစ်ပါသည်။


သုတေသနပြုချက်တစ်ခုတွင် သက်ရှိလူသားအယောက် (၂၀) အား မိမိတို့၏ သဘောဆန္ဒအလျောက် ကြိုတင်ကာကွယ်ဆေးဖြင့် စမ်းသပ်သုတေသနပြုရန် ရွေးချယ်ရပါသည်။ အဆိုပါအုပ်စုတွင် အိပ်ချ်အိုင်ဗီမိုင်းရပ်စ် (၁) သွေးထဲ၌ မူလကတည်းက မရှိသူများအုပ်စုနှင့် အိပ်ချ်အိုင်ဗီမိုင်းရပ်စ် (၁) သွေးထဲ၌ မူလကတည်းက တွေ့ရှိထားပြီး အေအိုင်ဒီအက်စ်ရောဂါလက္ခဏာ မပြသေးသူများအုပ်စုဟူ၍ နှစ်မျိုးလုံး ပါဝင်ပါသည်။ စမ်းသပ်ထုတ်ယူထားသော ကာကွယ်ဆေး (VACCINE) ဖြင့် သုတေသနပြုခဲ့ရာတွင် အုပ်စုနှစ်မျိုးစလုံး၏ ခန္ဓာကိုယ်တွင်းရှိ ရောဂါတွန်းလှန်ခုခံနိုင်မှု ကိုယ်ခံစွမ်းအားမှာ ပိုမိုမြင့်တက်လာခြင်းဖြင့် စမ်းသပ်သုတေသနပြုချက်မှာ အထိုက်အလျောက် အောင်မြင်မှုရခဲ့ပါသည်။

နောက် သုတေသနပြုချက်တစ်ခုတွင် အိပ်ချ်အိုင်ဗီမိုင်းရပ်စ်ပိုး (၁) မူလကတည်းက သွေးထဲ၌ တွေ့ရှိပြီးထားသူ ကိုယ်ဝန်ဆောင်အုပ်စုတစ်စုအား ရွေးချယ်ခဲ့ပါသည်။ ထို့နောက် ကိုယ်ဝန် (၁၆) ပတ်မှ (၂၄) ပတ်ကာလအတွင်း စတင်ကာ ကြိုတင်ကာကွယ်ဆေးနမူနာအသုံးပြု၍ လစဉ်ဆက်တိုက်နှုန်းဖြင့် ထိုးနှံပေးပါသည်။ ကလေးမီးဖွားချိန်အထိ (၅) လ ကြာအောင် လစဉ်မပျက် ဆေးထိုးနှံပေးခြင်း ဖြစ်ပါသည်။ ကလေးမီးဖွားပြီးချိန်နောက်ပိုင်းတွင် မိခင်နှင့်ရင်သွေးငယ် နှစ်ဦးစလုံး၌ ဖြစ်ပေါ်လာသော ခန္ဓာကိုယ်တွင် ရောဂါတွန်းလှန်ခုခံနိုင်မှု ကိုယ်ခံစွမ်းအားပမာဏကို တွေ့ရှိရသော ရောဂါလက္ခဏာများ အပေါ်မူတည်၍လည်းကောင်း၊ မိုင်းရပ်စ်ပိုး၏ ဇီဝဖွဲ့စည်းပုံ ဇီဝဓာတုပြောင်းလဲချက်၊ ဆဲလ်ပွားပုံနည်းစနစ် စသည့်အချက်များအပေါ် မူတည်၍လည်းကောင်း၊ ကိုယ်ခံစွမ်းအားစနစ်နှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို လေ့လာခြင်းဖြင့် လည်းကောင်း စမ်းသပ်သုတေသနပြုမှုများ ပြုလုပ်ခဲ့ကြပါသည်။ အဆိုပါ သုတေသနပြုချက်တွင် မိခင်နှင့် ရင်သွေးငယ်နှစ်ဦးစလုံးအား ကလေးမီးဖွားပြီးနောက် (၁၈) လ ကြာသည်တိုင် အနီးကပ်စောင့်ကြည့် တွေ့ဆုံသုတေသနပြုခဲ့ကြရာတွင် ကျေနပ်လောက်သော အတိုင်းအတာအထိ အောင်မြင်မှုရခဲ့ကြောင်း သိရပါသည်။ ထို့အပြင် မိခင်အား (Z D V) မိုင်းရပ်စ်ဆန့်ကျင် ဆေးဝါးတိုက်ကျွေး သုတေသနပြုခဲ့ကြသည့် အောင်မြင်မှု အတိုင်းအတာနှင့်လည်း နှိုင်းယှဉ်၍ လေ့လာခဲ့ကြ ပါသည်။

အခြားသော သုတေသနပြုချက်များဖြစ်သည့် ရိုးတွင်းခြင်ဆီအား အစားထိုးကုသခြင်း၊ ကိုယ်ခံအားမြှင့်တင်ဆေးဝါးများ: (Interferon, Inter Leukin - 2, Isoprinosine ) တိုက်ကျွေးကုသခြင်းတို့သည် လက်တွေ့တွင် အောင်မြင်မှု မရရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုအချိန်အထိဆိုလျှင် ကမ္ဘာပေါ်တွင် အေအိုင်ဒီအက်စ်ရောဂါကို လုံးဝပျောက်ကင်းအောင် ကုသနိုင်သော ဆေးဝါး မတွေ့ရှိသေးပါ။ နောင်တစ်နေ့ နောင်တစ်ချိန်တွင် အေအိုင်ဒီအက်စ်ရောဂါအတွက် ကြိုတင်ကာကွယ်ဆေး (Vaccine) ကို အောင်အောင်မြင်မြင် ဖော်ထုတ်အသုံးပြုနိုင်လိမ့်မည်ဟု ဆေးသိပ္ပံပညာရှင်အများစုက ယုံကြည်မျှော်လင့်ထားကြပါသည်။ ယခုလက်ရှိအချိန်တွင် လူတိုင်းလူတိုင်းသည် မိမိကိုယ်မိမိ အေအိုင်ဒီအက်စ်ရောဂါမှ ကင်းဝေးစေရန်ပြုမူနေထိုင်သွားသင့်ကြပါသည်။ အေအိုင်ဒီအက်စ်ရောဂါဘေးဆိုးကြီးအား တိုက်ဖျက်ရာတွင်လည်းကောင်း၊ အိပ်ချ်အိုင်ဗီ/ အေအိုင်ဒီအက်စ်ဝေဒနာရှင်ကို ရောဂါပြုစုစောင့်ရှောက်ရာတွင်လည်းကောင်း အမျိုးသားများနှင့်အတူ လူငယ်များ၊ အမျိုးသမီးများ၊ လူမှုရေးနှင့် ဘာသာရေးအသင်းအဖွဲ့များ သာမက စေတနာရှင်အားလုံး ပူးပေါင်းဆောင်ရွက်ကြရမည် လည်း ဖြစ်ပါသည်။ မြန်မာတိုင်းရင်းသား အားလုံးအပေါ် ကျရောက်လာနိုင်သည့် အေအိုင်ဒီအက်စ်ရောဂါ အန္တရာယ်ဆိုးကြီးအား တားဆီးကာကွယ် တိုက်ဖျက်ရာတွင် နိုင်ငံတော်နှင့် ပြည်သူလူထု ပူးပေါင်းအင်အားဖြင့် တက်ညီလက်ညီ ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။

**ဒေါက်တာကြည်ဟန်**
M.B.B.S (Rgn);M.A.C.T.M (Aust)




အိပ်ချ်အိုင်ဗီ/ အေအိုင်ဒီအက်စ် ဝေဒနာရှင်များအား စဉ်ဆက်မပြတ်ပြုစုစောင့်ရှောက်ခြင်း

### အိပ်ချ်အိုင်ဗီပိုးရပ်စ်ပိုး လူတစ်ဦးမှတစ်ဦးသို့ ကူးစက်စေနိုင်သော အန္တရာယ်ရှိသော အပြုအမူ

- မိမိအိမ်ထောင်ဖက်မဟုတ်သူ အပျော်အဖော် ပြည့်တန်ဆာများနှင့် လိင်ဆက်ဆံခြင်း
- လက်မထပ်ခင် အတူနေထိုင် ပေါင်းသင်းခြင်း
- လိင်အပျော်အပါးလိုက်စားရာတွင် ကွန်ဒုံးအသုံးမပြုခြင်း
- ကွန်ဒုံးသုံးသော်လည်း စနစ်တကျမရှိခြင်း
- အိပ်ချ်အိုင်ဗီရောဂါပိုးရှိသော မိမိ၏ဇနီး ခင်ပွန်းနှင့် ကွန်ဒုံးမသုံးဘဲ လိင်ဆက်ဆံခြင်း
- မူးယစ်ဆေးထိုးရာတွင်အခြားသူသုံးပြီးသော ဆေးထိုးအပ်/ပြွန်ကိုသုံးခြင်း

### အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ရန် အခွင့်အလမ်း များသူများ

- ပြည့်တန်ဆာများ
- မိန်းမလျာများ
- လိင်ကိစ္စ အပျော်ကြူးသူများ
- အိမ်ထောင်ဆက် များသူများ
- ကာလသားရောဂါ ဖြစ်နေသူများ
- လိင်အင်္ဂါတွင် အနာဖြစ် နေသူများ
- မူးယစ်ဆေးစွဲသူများ

### အိပ်ချ်အိုင်ဗီ/ အေအိုင်ဒီအက်စ်ရောဂါ မြန်မာနိုင်ငံ၌ ပြန့်ပွားနှုန်း

| | |
|---|---|
| အိပ်ချ်အိုင်ဗီရောဂါပိုးသွေးထဲ၌ တွေ့ရှိထားသူပေါင်း | -(၃၁၄၅၃) (၂၀၀၀၊ ဒီဇင်ဘာလ ၃၁ ရက်ထိ) |
| အေအိုင်ဒီအက်စ်ရောဂါဟု မှတ်တမ်းပြုစုထားသူပေါင်း | -(၄၄၇၂) (၂၀၀၀၊ ဒီဇင်ဘာလ ၃၁ ရက်ထိ) |

### နှစ်အလိုက် အိပ်ချ်အိုင်ဗီရောဂါပိုးသွေးထဲ၌ တွေ့ရှိထားသူပေါင်း (မြန်မာနိုင်ငံ)

| | | |
|---|---|---|
| ၁၉၈၈ | - | ၁ |
| ၁၉၈၉ | - | ၃၂၃ |
| ၁၉၉၀ | - | ၁၀၃၄ |
| ၁၉၉၁ | - | ၂၁၅၂ |
| ၁၉၉၂ | - | ၁၆၄၁ |
| ၁၉၉၃ | - | ၂၀၀၁ |
| ၁၉၉၄ | - | ၂၃၆၁ |
| ၁၉၉၅ | - | ၂၀၅၅ |
| ၁၉၉၆ | - | ၂၉၇၁ |
| ၁၉၉၇ | - | ၃၃၀၇ |
| ၁၉၉၈ | - | ၃၆၈၉ |
| ၁၉၉၉ | - | ၅၂၀၁ |
| ၂၀၀၀ (ဒီဇင်ဘာလ ၃၁ ရက်အထိ) | - | ၄၇၁၇ |
| စုစုပေါင်း | - | ၃၁၄၅၃ |

### နှစ်အလိုက် အေအိုင်ဒီအက်စ်ရောဂါ အဆင့်ရှိသူပေါင်း (မြန်မာနိုင်ငံ)

| | | |
|---|---|---|
| ၁၉၉၁ | - | ၆ |
| ၁၉၉၂ | - | ၄၁ |
| ၁၉၉၃ | - | ၁၄၂ |
| ၁၉၉၄ | - | ၂၈၆ |
| ၁၉၉၅ | - | ၆၁၈ |
| ၁၉၉၆ | - | ၆၉၀ |
| ၁၉၉၇ | - | ၅၃၄ |
| ၁၉၉၈ | - | ၅၁၇ |
| ၁၉၉၉ | - | ၈၀၂ |
| ၂၀၀၀ (ဒီဇင်ဘာလ ၃၁ အထိ) | - | ၈၁၆ |
| စုစုပေါင်း | - | ၄၄၇၂ |

အေအိုင်ဒီအက်စ်ရောဂါဖြင့် သေဆုံးသူပေါင်း = (၁၈၃၅)

(၂၀၀၀) ဒီဇင်ဘာလ ၃၁ ရက်အထိ

## အေအိုင်ဒီအက်စ်ရောဂါဆိုင်ရာ နောက်ဆုံးတွေ့ရှိချက်များ

နိုင်လုံတိကျသော သက်သေသာဓက
အချက်အလက်များ။

- ဝေဒနာရှင်မိခင်၏ သွေးထဲ၌ အိပ်ချ်အိုင်ဗီ ဗိုင်းရပ်စ်ပိုး ပါဝင်နှုန်းမြင့်မားခြင်း။
- ကိုယ်ဝန်ဆောင်စဉ် သို့မဟုတ် နို့တိုက်ချိန်၌ အိပ်ချ်အိုင်ဗီရောဂါပိုး မကြာမီက ကူးစက်ခံရခြင်း
- ဗိုင်းရပ်စ်ပိုး၏ မျိုးရိုးဗီဇ ထူးခြားချက်
- အေအိုင်ဒီအက်စ်ရောဂါရင့်ချိန် ကိုယ်ခံစွမ်းအား ကျဆင်းနေခြင်း

တစ်ပိုင်းတစ်စ နိုင်လုံသောသက်သေ
အချက်အလက်များ။

- ဗီတာမင်အေဓာတ် ချို့တဲ့ခြင်း
- သွေးအားနည်းခြင်း
- လိင်မှတစ်ဆင့် ကူးစက်ရောဂါရှိခြင်း
- ကွန်ဒုံးမသုံးဘဲ မကြာခဏလိင်ဆက်ဆံခြင်း
- လိင်ဆက်ဆံသူ အဖော်များခြင်း။
- ဆေးလိပ်သောက်ခြင်း။
- မူးယစ်ဆေးဝါး သွေးကြောထဲ ထိုးခြင်း။

မီးဖွားစဉ် အကြောင်းအရာ

- မွေးလမ်းကြောင်း ယောနိမှ မီးဖွားခြင်း
- ရေမွှာပေါက်ချိန် ကြာမြင့်ခြင်း
- ခက်ခက်ခဲခဲ မီးဖွားရခြင်း
- မွေးလမ်းကြောင်း စုတ်ပြဲခြင်း

ရင်သွေးငယ် အကြောင်းအရာ

- ကိုယ်ဝန်လမစေ့ဘဲ မီးဖွားခြင်း
- မိခင်နို့ တိုက်ကျွေးမှု ခံယူရခြင်း
- အရေပြား သို့မဟုတ် အပေါ်ယံချွဲလွှာ၌ ကွဲရှမှု၊ အနာတစ်စုံ တစ်ရာရှိခြင်း။ (ဥပမာ – ပါးစပ်၌ မကွဲရပေါက်ခြင်း)
- မိခင်နို့ သောက်သုံးချိန်ကာလ ကြာမြင့်ခြင်း၊ မိခင်နို့တိုက်စဉ်ကာလ၌ နို့မှုန့်ဘူးကိုပါ တိုက်ကျွေးခြင်း



# ဆဋ္ဌသံဂါယနာမော်ကွန်းပြတိုက်

## ဆဋ္ဌသံဂါယနာတင် ဦးဆောင်မထေရ်ကြီးများ



ညောင်ရမ်းဆရာတော် (သံဃာ့မထေရ်ကြီး) · မဟာစည်ဆရာတော် (ပုစ္ဆကမထေရ်) · မင်းကွန်းဆရာတော် (ဝိဿဇ္ဇကမထေရ်)

## ပဌမသံဂါယနာ

သတ္တလောက၏ ကိုးကွယ်ရာ ဆရာတစ်ဆူဖြစ်တော်မူသော သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားရှင်သည် ဓမ္မစကြာတရား ဟောတော်မူခြင်းကို အစပြု၍ နောက်ဆုံးသာဝကဖြစ်သော သုဘဒ်ပရိဗိုဇ်ကို ဆုံးမတော်မူခြင်းကိစ္စ တိုင်အောင် ၄၅ ဝါတိုင်တိုင် ပြုအပ်ပြီးသော ဗုဒ္ဓကိစ္စဟူသမျှကို ပြုတော်မူပြီးနောက် ကုသိနာရုံမြို့အနီး မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် အစုံအစုံသော အင်ကြင်းပင်ပျိုတို့၏ အလယ်၌ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ နံနက် မိုးသောက်အခါ၌ မဟာပရိနိဗ္ဗာန်စံဝင်တော်မူ၏။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူရာအရပ်သို့ စုဝေးညီညာ ကြွရောက်တော်မူလာကြကုန်သော ခုနစ်သိန်းသော သံဃာထေရ်တို့အား အရှင်မဟာကဿပထေရ်သည် ဤသို့ မိန့်ကြားတော်မူ၏ –

ငါ့ရှင်တို့ ငါသည် အခါတစ်ပါး၌ ရဟန်းငါးရာနှင့်အတူ ပါဝါမြို့မှ ကုသိနာရုံမြို့သို့ အခွန့်ရှည်သောခရီးကို သွား၏။ ကုသိနာရုံမြို့သို့ မရောက်မီအကြား၌ အရိပ်အာဝါသနှင့် ပြည့်စုံသော တောအုပ်တစ်ခု၌ ရဟန်းငါးရာနှင့်အတူ နားနေ ခိုက် ပရိဗိုဇ်တစ်ဦးသည် ကုသိနာရုံမြို့မှ မန္ဒာရဝနတ်ပန်းကို ထီးကဲ့သို့ ဆောင်းမိုး၍ ခရီးတူရှုလာနေသည်ကို တွေ့ရှိရ၏။ ထိုပရိဗိုဇ်အနီးသို့ ရောက်လာသောအခါ "ငါ့ရှင် ငါတို့၏ ဆရာဖြစ်သော မြတ်စွာဘုရားရှင်ကို သိပါသလား" ဟု မေးသောအခါ ထိုပရိဗိုဇ်က "ငါ့ရှင်သိပါ၏ ရဟန်းဂေါတမ ပရိနိဗ္ဗာန်စံဝင်သည်မှာ ခုနစ်ရက်ရှိလေပြီ၊ ငါသည် ဤမန္ဒာရဝ နတ်ပန်းကို ရဟန်းဂေါတမ ပရိနိဗ္ဗာန်စံရာအရပ်မှ ယူဆောင်ခဲ့ပါ၏" ဟု ဖြေကြား၏။

ထိုပရိဗိုဇ်၏ အဖြေစကားကို ကြားရသောအခါ ကိလေသာမကုန်ခန်းကြကုန်သေးသော ရဟန်းတော်များသည် မိမိကိုယ်ကို ဆောက်တည်ခြင်းငှါမစွမ်းနိုင်ရှာဘဲ စိုးရိမ်ပူဆွေး ငိုကြွေးကြကုန်၏။ ထိုအချင်းအရာကို မြင်တွေ့ရသော သုဘဒ် ရဟန်းကြီးသည် စိုးရိမ်ပူဆွေးငိုကြွေးနေကြကုန်သော ရဟန်းတို့အား "ငါ့ရှင်တို့ မစိုးရိမ်ကြကုန်လင့်၊ မငိုကြွေးကြကုန်လင့်၊ ယခုအခါ ငါတို့သည် ရဟန်းကြီးဂေါတမမှ ကောင်းစွာလှလှ လွတ်ကြရကုန်ပြီ၊ ရဟန်းကြီးဂေါတမသည် ဤအမှုသည် သင်တို့အားအပ်၏၊ ဤအမှုသည် သင်တို့အား မအပ်ဟူ၍ ချုပ်ချယ်အပ်၏။ ယခုအခါ ငါတို့သည် အလိုရှိသည်ကို ပြုလုပ်နိုင်ကြကုန်လတ္တံ့၊ အလိုမရှိသည်ကို မပြုလုပ်ဘဲ နေထိုင်ကြကုန်လတ္တံ့" ဟူ၍ ပြောကြား၏။

ငါရှင်တို့ . . . .

"မတရား အဝမ္မဝါဒီ မထွန်းပမီ
တရားဝမ္မ တားမြစ်ပိတ်ပင်ခြင်း မခံရမီ
မဟုတ်မမှန်သော ဝိနည်းစည်းကမ်း မထွန်းမီ
ဟုတ်မှန်သော ဝိနည်းတရား တားမြစ်ပိတ်ပင်ခြင်း
မခံရမီ
အဝမ္မဝါဒီ ပုဂ္ဂိုလ်များ အင်အား မကောင်းမီ
ဓမ္မဝါဒီ ပုဂ္ဂိုလ်များ အင်အား မနည်းမီ
ဝိနည်း မလေးစား မလိုက်နာသူများ အင်အား
မကောင်းမီ
ဝိနည်း လေးစား လိုက်နာသူများ အင်အားမနည်းမီ
ဓမ္မဝိနယ ယခုငါတို့ သံဂါယနာ တင်ကြကုန်စို့"

ဟူ၍ သုဘဒ်ရဟန်းကြီး၏ သာသနာတော်ကို မထီမဲ့မြင် ပြောခြင်းကို အကြောင်းပြု၍ အရှင်မဟာကဿပမထေရ်က တိုက်တွန်း မိန့်ကြားတော်မူ၏။

ခုနစ်သိန်းကုန်သော သံဃထေရ်တို့သည် အရှင်မဟာကဿပ မထေရ်မြတ်၏ တိုက်တွန်းမိန့်ကြားချက်ကို လက်ခံတော်မူကြ၍ သံဂါယနာတင်ရန်ဆုံးဖြတ်တော်မူကြပြီး သံဂါယနာတင်ရာတွင် ပါဝင်ဆောင်ရွက်ရမည့် သင့်လျော်လျောက်ပတ်သော ရဟန်းတော်များကို ရွေးချယ်ရန် အရှင်မဟာကဿပထေရ်အားလျှောက်ထားတောင်းပန်ကြကုန်၏။ အရှင်မဟာကဿပထေရ်သည် သံဂါယနာတင်ရန် သင့်လျော်လျောက်ပတ်သော ရဟန္တာငါးရာတို့ကို ရွေးချယ်တော်မူ၏။

ထို့နောက် သံဂါယနာတင်မည့်နေရာဌာနကို ညှိနှိုင်းဆွေးနွေးတိုင်ပင်တော်မူကြရာ ကျယ်ဝန်းသော ဆွမ်းခံရာ အရပ်ရှိ၍ သံဂါယနာတင်မည့် ရဟန္တာပုဂ္ဂိုလ်များ သီတင်းသုံးတော်မူရန် ကျောင်းအဆောက်အအုံ လုံလောက်ပြည့်စုံသော ရာဇဂြိုဟ်မြို့၌ သံဂါယနာတင်တော်မူကြရန် ဆုံးဖြတ်တော်မူကြပြီး ကုသိနာရုံမှ ရာဇဂြိုဟ်မြို့သို့ အသီးသီးသော ခရီးလမ်းကြောင်းဖြင့် ကြွတော်မူကြ၏။

ရာဇဂြိုဟ်မြို့သို့ ရောက်ရှိတော်မူကြသောအခါ ရှေးဦးစွာ ဟောင်းနွမ်းဆွေးမြည့်နေသော ကျောင်းတော်ကြီးများကို ပြုပြင်ရန် အဇာတသတ်မင်းအား အကြောင်းကြားတော်မူခဲ့ရာ အဇာတသတ်မင်းက ကျောင်းတော်ကြီးများကို ပြုပြင်ရန် လက်သမားများကို စေလွှတ်၍ ဆောင်ရွက်ပေးခဲ့၏။

ကျောင်းတော်ကြီးများပြုပြင်ပြီးသောအခါသံဂါယနာတင်မည့်အကြောင်းကို အဇာတသတ်မင်းကြီးအား အသိပေးအကြောင်းကြား၏။ ထိုအခါ အဇာတသတ်မင်းကြီးက "အရှင်ဘုရားတို့ ရွှံ့ရှားခြင်းကင်းရဲတင်းစွာသာလျှင်သံဂါယနာ တင်ခြင်းကိစ္စကို ပြုတော်မူကြပါကုန်။ တပည့်တော်၏ အာဏာစက်သည် ဖြစ်ပါစေ၊ အရှင်ဘုရားတို့၏ ဓမ္မစက် ဖြစ်ပါစေ၊ အရှင်ဘုရားတို့ တပည့်တော်ပြုရမည့်ကိစ္စကို စေခိုင်းတော်မူကြပါကုန်ဟု၍" လျှောက်ထား၏။

အဇာတသတ်မင်းကြီးသည် သံဃထေရ်တို့၏ ဆန္ဒအရ သံဂါယနာတင်ရန်အတွက် ရဟန်းတော်များစုဝေးဆောင်ရွက်ရန် ဝေဘာရတောင်နံရံစည်းပင်ပေါက်လိုဏ်အနီး၌ ထူးခြားခန့်ညားဆန်းကြယ်သော မြူးပန်း မြူးနွယ်တို့ဖြင့် တန်ဆာဆင်အပ်သော နတ်မိမာန်တမျှ တင့်တယ်သောမဏ္ဍပ်ကြီးကို စီမံဆောင်ရွက်ပေးတော်မူခဲ့ကြ၏။

အရှင်မဟာကဿပအမှူးရှိသော ရဟန္တာငါးရာတို့သည် သာသနာနှစ် ၁၊ ဘီစီ ၅၄၄ တွင် ရာဇဂြိုဟ်မြို့ ဝေဘာရတောင်နံရံ သတ္တပဏ္ဏိလိုဏ်ဂူတော်အနီးရှိ မဏ္ဍပ်ကြီး၌ အဇာတသတ်မင်းကြီးနှင့် ရာဇဂြိုဟ်မြို့သူမြို့သားတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူတော်မူကာ မြတ်စွာဘုရားရှင် ဟောကြားတော်မူသော ဓမ္မဝိနယတို့ကို ခုနစ်လကြာ နှုတ်တက်အာဂုံရွတ်ဆိုတော်မူကြ၍ သံဂါယနာ တင်တော်မူကြ၏။

## ဒုတိယသံဂါယနာ

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်တစ်ရာမြောက် ရောက်သောအခါ ဝေသာလီပြည်၌ နေကုန်သော ဝဇ္ဇီတိုင်းသား ရဟန်းများသည် –

- သားရေချိုဖြင့် ဆားကိုဆောင်၍ ဆားမရှိသောအခါ ယာဝကာလိကဘောဇဉ်နှင့် ရောစပ်၍ စားခြင်းသည် အပ်၏၊
- လက်နှစ်သစ် နေမွန်းတိမ်းသောအခါ ယာဝကာလိကဘောဇဉ်ကို စားကောင်း၏၊
- ပဝါရိတ်သင့်ပြီးသော ရဟန်း၏ ရွာတစ်ပါးသို့သွားအံ့ဟု ကြံ၍ အတိရိတ်ဝိနည်းမပြုအပ်သော ခဲဖွယ်ဘောဇဉ်ကို စားကောင်း၏၊
- မဟာသိမ်ကြီးတစ်သိမ်တည်းဝယ် အသီးသီးသော ကျောင်း၌ သံဃာ့ကံကို ပြုကောင်း၏၊
- မလာရောက်သေးသော ရဟန်းတို့၏အလိုဆန္ဒကို လာမှယူမည်ဟုကြံ၍ ဝဂ်ဖြစ်သော သံဃာဖြင့် ကံပြုပြီးနောက်မှ အလိုဆန္ဒကို ယူခြင်းသည် အပ်၏၊
- နို့ရည်ကို အဖြစ်ကိုလည်းစွန့်၊ နို့ဆမ်းအဖြစ်သို့လည်း မရောက်သေးသော နို့ရည်ကို ပဝါရိတ်သင့်ပြီးသော ရဟန်းသောက်ကောင်း၏၊
- သေရည်အဖြစ်သို့ မရောက်သေးသော သေနကို သောက်ကောင်း၏၊

– အမြိတ်အဆာမရှိသော နိသိဒုန်သည် အပ်၏။

– ရွှေ ငွေသည် အပ်၏။

ဟူသော အဓမ္မဝါဒဆယ်ပါးတို့ကို ပြသလျက် နေထိုင်ကြကုန်၏။

ထိုဝဇ္ဇီတိုင်းသားရဟန်းများ၏ တရားတော်နှင့် မလျော်ညီသော အဓမ္မဝတ္ထုဆယ်ပါးကို ဟောပြောပြသနေခြင်း အကြောင်းကို ဝဇ္ဇီတိုင်း၌ ဒေသစာရီခရီး ကြွရောက်တော်မူသော အရှင်ယသထေရ်ကြီး ကြားသိတော်မူလေသော် "ငါသည်မြတ်စွာဘုရားရှင်၏ သာသနာတော် ပျက်စီးမည့် သတင်းစကားကြားရပါလျက် ကြောင့်ကြမဲ့နေခြင်းငှါမသင့်" ဟု ကြံစီတော်မူ၍ ဝေသာလီမြို့သို့ ကိုယ်တော်တိုင်ကြွရောက်တော်မူပြီး မဟာဝုန်ကျောင်းတိုက်အတွင်းရှိ စုလစ်မွန်းချွန် အထွတ်ရှိသောကျောင်း၌ သီတင်းသုံးတော်မူ၏။

အရှင်ယသ မဟာထေရ်ကြီးသည် တစ်ဆယ့်နှစ်သိန်းသော ရဟန်းတော်တို့ကို စည်းဝေးတော်မူစေ၍ ဝဇ္ဇီတိုင်းသားရဟန်းများ၏ အဓမ္မဝါဒဆယ်ပါးကို အဆုံးအဖြတ်ပြုစေတော်မူကာ သာသနာနှစ် ၁၀၀၊ ဘီစီ ၄၄၃ တွင်အိန္ဒိယနိုင်ငံ၊ ဝေသာလီပြည်၊ ဝါလုကာရုံကျောင်းတော်ကြီး၌ ကာလာသောကမင်း လက်ထက်တွင် အရှင်ယသမဟာထေရ်ကြီး ဦးဆောင်သော ရဟန္တာ ၇၀၀ တို့သည် ခုနစ်လကြာ နှုတ်တက်အာဂုံ ရွတ်ဆိုတော်မူကြ၍ ဓမ္မဝိနယကို သံဂါယနာ တင်တော်မူကြသည်။

## တတိယသံဂါယနာ

သာသနာနှစ် ၂၁၈ သို့ ရောက်သောအခါ ပါဋလိပုတ်ပြည်၌ သီရိဓမ္မာသောကမင်းကြီးသည် အလုံးစုံသော ဇမ္ဗူဒိပ်ကို သိမ်းပိုက်၍ မင်းပြုတော်မူ၏။ ထိုသီရိဓမ္မာသောကမင်းကြီးသည် ဘုန်းတန်ခိုးအာနုဘော်နှင့် ပြည့်စုံ၏။ သီရိဓမ္မာသောကမင်းကြီး အဘိသိက်ခံယူပြီးချိန်မှစ၍ မြေအောက်တစ်ယူဇနာ တိုင်တိုင် အာဏာသက်ရောက်၏။ ထို့အတူ အထက်ကောင်းကင် တစ်ယူဇနာတိုင်တိုင် အာဏာသက်ရောက်၏။

အနဝတတ်အိုင်မှ ထမ်းပိုးရှစ်ချောင်းတို့ဖြင့် တစ်ဆယ့်ခြောက်လုံးသော သောက်ရေတို့ကို နေ့စဉ်နေ့တိုင်း နတ်တို့သည် သီရိဓမ္မာသောကမင်းကြီးအား လာရောက်ဆက်သကြကုန်၏။ ထို့အပြင် ဆေးရှစ်ရှားသီးတို့ကိုလည်းကောင်း၊ ဆေးဖန်းခါးသီးတို့ကိုလည်းကောင်း၊ ရွှေအဆင်းရှိသော အနံ့အရသာနှင့် ပြည့်စုံသော သရက်သီးမှည့်တို့ကိုလည်းကောင်း၊ နတ်တို့သည် သီရိဓမ္မာသောကမင်းကြီးအား နေ့စဉ်လာရောက်ဆက်သ ကြကုန်၏။ ဆဒ္ဒန်အိုင်အနီးရှိ နတ်ဘုံမှ ငါးပါးသောအဆင်းရှိသော အဝတ်အရုံကိုလည်းကောင်း၊ ရွှေအဆင်းရှိသော လက်သုတ်ပဝါကိုလည်းကောင်း၊ နတ်၌ဖြစ်သော သစ်သီးဖျော်ရည်ကိုလည်းကောင်း၊ နတ်တို့သည် နေ့စဉ်ဆောင်ယူ၍ ဆက်သကြကုန်၏။

ထိုသီရိဓမ္မာသောကမင်းကြီးအား နံ့သာချီးရေကိုလည်းကောင်း၊ အဖန်ဖန်လိမ်းကြောင်း နံ့သာကိုလည်းကောင်း၊ ခြုံရန်အတွက် ခြည်ဖြင့်ယက်အပ်သည်မဟုတ်သော မြတ်လေးပန်းပြောက်ပါသော အဝတ်တို့ကိုလည်းကောင်း၊ မြတ်သော သူတို့သာ သုံးဆောင်ထိုက်သော မျက်စဉ်းကိုလည်းကောင်း၊ နဂါးပြည်မှ နဂါးမင်းတို့သည် နေ့စဉ်နေ့တိုင်းပင် ဆောင်ယူ ဆက်သကြကုန်၏။

ဆဒ္ဒန်အိုင်အနီး၌ ပေါက်သော သလေးစပါးတို့ကိုနေ့စဉ် နေ့တိုင်း ကျေးငှက်တို့သည် ဆောင်ယူဆက်သကြကုန်၏။ ထိုသလေးစပါးတို့ကို ကြွက်တို့က ဖွဲဆန်ကွဲမရှိအောင် ပြုလုပ်၍ ဆက်သကြကုန်၏။ ပျားငယ်တို့သည် ပျားရည်ကို ပြုကုန်၏။ လူဝံတို့သည် ပန်းပဲဖိုတို့၌ တူကိုထုရိုက်ကုန်၏။ ကရဝိက်ငှက်တို့သည် လာရောက်၍ သာယာသောအသံကို ကျူးရင့်ကုန်လျက် သီရိဓမ္မာသောကမင်းကြီးအား အခွန်ဆက်ခြင်းအမှုကို ပြုကုန်၏။

သီရိဓမ္မာသောကမင်းကြီးသည် အဘိသိက်ခံယူပြီးသည်မှ သုံးနှစ်တိုင်အောင် ခမည်းတော် ဗိန္ဒုသာရမင်းကြီးကိုးကွယ်ဆည်းကပ်သော ပုဏ္ဏားတို့ကိုလည်းကောင်း၊ ဗြဟ္မဏဇာတ်ရှိသော အဝတ်ဖြူဝတ်သော ပရိဗိုဇ်အစရှိသည်တို့ကိုလည်းကောင်း စုစုပေါင်း ခြောက်သောင်းအတိုင်းအရှည် ရှိကုန်သော သာသနာပ အယူရှိသူတို့ကို ဆက်ကပ်၍ ချီးမြှောက်ထောက်ပံ့လှူဒါန်းခဲ့၏။

သို့ရာတွင် ထိုပုဂ္ဂိုလ်တို့အား နေ့စဉ်ပေးလှူမြဲဝတ်ကို မပျက်အောင်ပေးလှူနေရသော်လည်း အလှူခံပုဂ္ဂိုလ်တို့အပေါ်၌ စိတ်ကြည်ညိုဝမ်းမြောက်မှုမဖြစ်ပေ။ ငြိမ်သက်ခြင်းကင်းသော အကျင့်ဖြင့် စားသောက်နေကြသည်ကိုလည်းကောင်း၊ မငြိမ်သက်သောဣန္ဒြေ၊ မဆုံးမအပ်သော နေထိုင်မှုများကိုလည်းကောင်း၊ နေ့စဉ်တွေ့မြင်ရသော သီရိဓမ္မာသောကမင်းကြီးသည် မိမိပြုအပ်သော နေ့စဉ်ဝတ်ကို စူးစမ်းဆင်ခြင်၍ လှူသင့်ရာဌာန၌ လှူဒါန်းရန်အကြံ ဖြစ်ပေါ်ခဲ့၏။

တစ်နေ့သောအခါ၌ သီရိဓမ္မာသောကမင်းကြီးသည် ခြသေ့်ရုပ်ခံသော လေသာနန်းတံခါးအနီး၌ အရှေ့အရပ်သို့ မျက်နှာမူလျက် စင်္ကြံ သွားနေစဉ် မြို့တောင်တံခါးမှ ကြွလာသော ယဉ်ကျေးသော ငြိမ်သက်သောဣန္ဒြေနှင့်ပြည့်စုံ၍ ကြည်ညိုဖွယ်ရာ ဣရိယာပုတ်နှင့်ပြည့်စုံသော နိဂြောဓ သာမဏေကို အမှတ်မထင် တွေ့မြင်ရလေသော် အလွန်အကျူး အထူးကြည်ညိုသောစိတ်ရှိရကား မင်းချင်းတို့အား သွားရောက်ပင့်ဆောင်စေ၏။

နန်းတော်တွင်းသို့ ကြွရောက်လာသည့်အခါ နိဂြောဓ သာမဏေအား သီရိဓမ္မာသောကမင်းကြီးက သင့်လျော်သော နေရာ၌ နေထိုင်ရန် ပြောကြား၏၊ နိဂြောဓသာမဏေသည်



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် ဆဌသံဂါယနာမော်ကွန်းပြတိုက် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်

မင်းနန်းတော်အတွင်း၌ အခြားရဟန်းများ မရှိကြောင်းသိ၍ ထီးဖြူစိုက်ထူအပ်သော ရာဇပလ္လင်ပေါ်သို့ တက်ရောက်သီတင်းသုံးနေထိုင်၏။

သီရိဓမ္မာသောကမင်းကြီးသည် မိမိအတွက် စီမံထားအပ်သော ယာဂုခဲဖွယ်ထမင်းကို ဆက်ကပ်လှူဒါန်း၏။ နိဂြောဓသာမဏေသည် မျှတရုံလောက်သာ ခံယူသုံးဆောင်၏။ နိဂြောဓသာမဏေ ဆွမ်းကိစ္စပြီးသောအခါ သီရိဓမ္မာသောကမင်းကြီးက "ချစ်သားသင်တို့၏ဆရာပေးသော ဩဝါဒကိုသိပါ၏လော" ဟုမေးလျှောက်၏။ "မြတ်သောမင်းကြီး တစ်စိတ်တစ်ဒေသကိုသိပါ၏" ဟု ပြောကြားလေလျှင် "ချစ်သား ဒကာတော်အား ထိုဩဝါဒကထာကို ဟောကြားတော်မူပါလော့" ဟု လျှောက်ထား၏။ ထိုအခါ နိဂြောဓသာမဏေက သီရိဓမ္မာသောကမင်းကြီးအား ဓမ္မပဒ အပ္ပမာဒဝဂ်လာ "အပ္ပမာဒေါ အမတံပဒံ၊ ပမာဒေါ မစ္စုနော ပဒံ" အစရှိသော ဒေသနာတော်ကို ဆွမ်းအနုမောဒနာအကျိုးငှါ ဟောကြားတော်မူ၏။

ထိုဒေသနာတော်ကို နာကြားရသည့်အဆုံး၌ သီရိဓမ္မာသောကမင်းကြီးသည် ဗုဒ္ဓမြတ်စွာသာသနာတော်၌ အလွန်အကျူး အထူးကြည်ညိုသည်ဖြစ်၍ ပုဏ္ဏားပရိဗိုဇ် ခြောက်သောင်းတို့အား နန်းတွင်း၌ နေ့စဉ်ပြုမြဲဝတ်ကို ဖြတ်တောက်၍ ရဟန်းတော်ပေါင်း ခြောက်သောင်းတို့အား အလှူဒါနဝတ်ကို ဖြစ်စေ၏။ ထို့အပြင် သီရိဓမ္မာသောကမင်းကြီးသည် မြတ်စွာဘုရားရှင် ဟောကြားတော်မူသော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့ကို ရည်ရွယ်၍ ဇမ္ဗူဒိပ်မြေအပြင်၌ ကျောင်းတိုက်ပေါင်း ရှစ်သောင်းလေးထောင်တို့ကို ဆောက်လုပ်လှူဒါန်း၏။

သာသနာပ အယူရှိကုန်သော ပုဏ္ဏားပရိဗိုဇ်တို့သည် စားလောက်ရုံ ဝတ်လောက်ရုံမျှ မရကြကုန်သည်ဖြစ်၍ လာဘ်လာဘပူဇော်သက္ကာရကို မျှော်လင့်တောင့်တ၍ ဗုဒ္ဓသာသနာတော်အတွင်းသို့ ရဟန်းအသွင်ဖြင့် ချဉ်းကပ်ဝင်ရောက်ကာ မိမိတို့၏ အယူဝါဒကိုသာ ဟောပြောပြသကြကုန်၏။ ထိုအခါ ဗုဒ္ဓသာသနာတော်အတွင်း၌ အယူဝါဒအမျိုးမျိုးတို့ ဝင်ရောက်လာကြသဖြင့် ရဟန်းသံဃာတော်များ အချင်းချင်း ဥပုသ်ပြုနိုင်ခြင်းပင်မရှိအောင် ကွဲပြားခြားနားလာ၏။

ထိုအခါ သီရိဓမ္မာသောကမင်းကြီးသည် အဟောဂင်္ဂါတောင်၌ သီတင်းသုံးတော်မူသော အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်အား ပင့်ဆောင်၍ ဗုဒ္ဓ၏ အယူဝါဒကို ကိုယ်တိုင်သင်ယူ၍ သာသနာပအယူဝါဒရှိသော ခြောက်သောင်းသော တိတ္ထိတို့ကို အဝတ်ဖြူဝတ်စေ၍ သာသနာတော်ကို သန့်ရှင်းအောင် ဆောင်ရွက်ပေးပြီး အရှင်ဘုရားတို့ ယခုအခါ သာသနာတော်သည် သန့်ရှင်းစင်ကြယ်ပါပြီ၊ ရဟန်းသံဃာ



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ဆဋ္ဌသံဂါယနာမော်ကွန်းပြတိုက် ကမ္ပည်းကျောက်စာကို နံ့သာရည်ပက်ဖျန်းစဉ်

တော်တို့သည် ပြုမြဲဖြစ်သော ဥပုသ်ကို ပြုတော်မူပါဟု လျှောက်ထားပြီး အစောင့်အရှောက်များ ချထားကာ မြို့တွင်းသို့ ဝင်လေ၏။

ထိုနောက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်အမှူးရှိသော ရဟန္တာ ၁၀၀၀ တို့သည် သာသနာနှစ် ၂၃၅၊ ဘီစီ ၃၀၈ တွင် ပါဋလိပုတ်ပြည် အသောကာရုံကျောင်းတော်ကြီး၌ သီရိဓမ္မာသောကမင်းကြီး၏ ပစ္စယာနုဂ္ဂဟကို ခံယူတော်မူကာ ဓမ္မဝိနယကို (၉) လကြာ နှုတ်တက်အာဂုံ ရွတ်ဆိုတော်မူကြ၍ တတိယသံဂါယနာ တင်တော်မူကြသည်။

## စတုတ္ထသံဂါယနာ


သာသနာနှစ် ၄၃၈ သို့ ရောက်သောအခါ သီဟိုဠ်ကျွန်း၌ ဗြာဟ္မဏတိဿ သူပုန်ဘေးနှင့် တွေ့ကြုံခြင်း၊ မိုးခေါင်ခြင်း၊ ခိုးသားဓားပြတို့နှိပ်စက်ခြင်းတို့ကြောင့် ဒု ဗ္ဘိက္ခန္တရကပ် (အစားအစာရှားပါးခြင်း) ဘေးဆိုက်ရောက်သဖြင့် အချို့အချို့သောရဟန်းတော်များမှာ အစားရေစာပေါများသည့် ဇမ္ဗူဒိပ်ကျွန်းသို့ ကြွရောက်၍ သီတင်းသုံးတော်မူကြပြီး ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်တော်မူကြ၏။ အချို့အချို့သော ရဟန်းတော်များမှာမူ "ကပ်ဘေးဟူသည် အစဉ်အမြဲဖြစ်သည် မဟုတ် အချိန်တန်လျှင် ကင်းပျောက်မည်သာတည်း" ဟူ၍ နှလုံးသွင်းတော်မူကြကာ သီဟိုဠ်ကျွန်း၌ပင် သီတင်းသုံးတော်မူကြလျက် သစ်ရွက်စိမ်း သစ်ရွက်ပြုတ်တို့ကို ဘုဉ်းပေးသုံးဆောင်လျက် ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်တော်မူကြ၏။ သစ်ရွက်စိမ်း၊ သစ်ရွက်ပြုတ်မျှမရသည့်အခါ ရေဆွမ်းကိုသာဘုဉ်းပေးတော်မူကြရ၏။ ဝမ်းမိုက်လောင်မှုသက်သာစေရန် သဲပုံပေါ်၌ ဝမ်းမိုက်ကို မှောက်လျက် အသံမထွက်နိုင်သဖြင့် ခေါင်းချင်းဆိုင်ကာ စိတ်ဖြင့်ရွတ်ဆို ဆင်ခြင်တော်မူကြသည်။

ထိုဒုဗ္ဘိက္ခန္တရကပ်ဘေးသည်ကား (၁၂) နှစ်တိုင်တိုင်ကြာခဲ့၏။ (၁၂) နှစ်ကျော်လွန်၍ ကပ်ဘေးငြိမ်းအေးသွားသောအခါ ရဟန်းတော်များအားလုံး ပြန်လည်ဆုံစည်းကြ၍ မိမိတို့နှုတ်တက်အာဂုံဆောင်ထားသော ပိဋကတ်သုံးပုံကို အချင်းချင်း ပြန်လည်စိစစ်သည့်အခါ တစ်လုံးတစ်ပါဒမျှ များယွင်းမှု မရှိကြောင်း တွေ့ရှိကြရလေသည်။

ထို့နောက် ရဟန္တာမထေရ်ကြီးများသည် နောင်ခေတ်လူတို့သည် ဝီရိယနည်းပါးကာ ဉာဏ်ပညာများ ဆုတ်ယုတ်လာမည်ကို မြင်တော်မူကြသဖြင့် ဘုရားရှင်ဟောကြားတော်မူသော ဓမ္မဝိနယဒေသနာတော်များ မပျောက်ပျက်စေရေး အရှည်တွေးမြော်တော်မူကာ သာသနာနှစ် ၄၅၀ မြောက်အရောက်တွင် မဟာဓမ္မရက္ခိတထေရ်အမှူးပြုသော ရဟန္တာ အရှင်မြတ် (၅၀၀) တို့သည် သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းကို အမှူးပြု၍ မာတုလဇနပုဒ်အာလောကလိုဏ်ဂူ၌ ပိဋကသုံးပုံကို အဋ္ဌကထာကျမ်းများနှင့်တကွ ပေထက်အက္ခရာ တင်တော်မူကြကာ စုပေါင်းညီညာရွတ်ဆိုတော်မူကြ၍ စတုတ္ထသံဂါယနာ တင်တော်မူကြသည်။

## ပဉ္စမသံဂါယနာ

သာသနာနှစ် ၂၄၁၅၊ ကောဇာသက္ကရာဇ် ၁၂၃၂ သို့ ရောက်သောအခါ သီဟိုဠ်ကျွန်းမှ အဆင့်ဆင့်ကူးယူလာသော



သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ခင်နှင့် မြန်မာ့စက်ရုံနှင့်အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ညွှန်ကြားရေးမှူး ဦးရဲထွန်းတို့က ဆဋ္ဌသံဂါယနာမော်ကွန်းပြတိုက်ကို ဖွင့်လှစ်ပေးကြစဉ်

ဓမ္မဝိနယပိဋကတ်သုံးပုံဒေသနာတော် ပေပုရပိုက်မှုကွဲများ ညီညွတ်စေရန်နှင့် အစွန့်ရှည်စွာ တည်တံ့စေရန်ရည်သန်၍ မြန်မာနိုင်ငံ ရတနာပုံ မန္တလေးနေပြည်တော်၌ ဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်အမှူးပြုသော ရဟန်းတော် (၂၄၀၀) တို့သည် မင်းတုန်းမင်းကို အမှူးပြု၍ ပိဋကတ်သုံးပုံကို ကျောက်ချပ်ရေ (၇၂၉) ချပ်ပေါ်၌ ၇ နှစ် ၆ လ ၁၄ ရက် ကြာ ကျောက်ထက်အက္ခရာ တင်တော်မူကြ၍ ၅ လနှင့် ၃ ရက်ကြာ နှုတ်တက်အာဂုံရွတ်ဆိုတော်မူကြကာ ပဉ္စမသံဂါယနာ တင်တော်မူခဲ့ကြသည်။

## ဆဋ္ဌသံဂါယနာ

မြတ်စွာဘုရားရှင် ဒွေလက်ထက်တော်မှစ၍ နှုတ်တက်အာဂုံဆောင်ကာ သင်ကြားပို့ချခဲ့သော ဓမ္မဝိနယဒေသနာတော်များကို ရဟန္တာမထေရ်ကြီးများသည် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် သာသနာနှစ် (၄၅၀) တိုင်အောင် အာဂုံနှုတ်တက်ဆောင်တော်မူကြကာ အဆင့်ဆင့် သင်ကြားပို့ချတော်မူခဲ့ကြသော ဓမ္မဝိနယဒေသနာတော်များကို နောင်လာနောင်သားများ အလွယ်တကူ လေ့လာသင်ကြားကျင့်ကြံပွားများနိုင်ကြစေရန် ရည်သန်၍ ပေထက်အက္ခရာ တင်တော်မူခဲ့ကြ၏။ ထိုမှတစ်ဆင့် ကျောက်ထက်အက္ခရာ တင်ခဲ့ကြ၏။ ထိုမှ တစ်ဖန် ပုံနှိပ်ခေတ်သို့ ရောက်သောအခါ စာအုပ်အဖြစ်သို့ ရောက်ရှိခဲ့၏။

ဘုရားရှင်၏ ဓမ္မဝိနယဒေသနာတော် ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်ရှိလာသည့်အခါ ထိုင်း (ယိုးဒယား) မူ၊ ကမ္ဘောဒီးယားမူ၊ လာအိုမူ၊ သီဟိုမူ၊ လန်ဒန်မူ၊ မြန်မာမူ စသည်ဖြင့် မူအမျိုးမျိုးကွဲပြားလာခဲ့၏။ ထိုကဲ့သို့ မူအမျိုးမျိုးကွဲပြားလာသဖြင့် ယင်းမူကွဲများကို ပြန်လည်ညှိနှိုင်း သုတ်သင်တည်းဖြတ်၍ ထေရဝါဒနိုင်ငံအားလုံးက လက်ခံနိုင်သည့် မူတစ်ရပ် လိုအပ်လာပါသည်။

ထိုအခြေအနေတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများ ပါဝင်သော သံဃာ့အစည်းအဝေး သုံးကြိမ်ကျင်းပ၍ ဖော်ပြပါအတိုင်း ဆုံးဖြတ်ချက် (၄) ရပ် ချမှတ်ခဲ့ပါသည် –

(၁) ထေရဝါဒနိုင်ငံများဖြစ်သော မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် လာအိုတို့ ပူးပေါင်းကြီးမှူးသည့် သံဂါယနာ မဟာဓမ္မသဘင်ကျင်းပရန်၊

(၂) ထိုသံဂါယနာတွင် ဘုရားဟောပါဠိတော်များ၌ ပမာဒလေခပါဠိများကို ပြင်ဆင်ရန်၊

ဆဋ္ဌသံဂါယနာ မော်ကွန်းပြတိုက်



ဆဋ္ဌသံဂါယနာမော်ကွန်းပြတိုက်  ဖွင့်ပွဲအခမ်းအနားမြင်ကွင်း

(၃) ထိုလုတ်သင်ပြင်ဆင်ပြီး ပါဠိတော်များကို သံဂါယနာတင်ပြီးလျှင် ပုံနှိပ်၍ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့စေလျက် အစွန့်ရှည်စွာ တည်စေရန်၊

(၄) ထိုသံဂါယနာကို ဆဋ္ဌသံဂါယနာဟု ခေါ် တွင်စေရန်။

ဆဋ္ဌသံဂါယနာတင်ရန် ဆုံးဖြတ်ပြီးနောက် သံဂါယနာတင်ရန် နေရာဌာနရွေးချယ်၍ သံဂါယနာတင်ရန်အတွက် မဟာပါသာဏလိုဏ်ဂူတော်ကြီးကို ၄–၂–၅၄ နေ့တွင် စတင်ဆောက်လုပ်ခဲ့ရာ ၁၂–၇–၅၅ နေ့တွင် ပြီးစီးခဲ့ပါသည်။ ယင်းမဟာပါသာဏ လိုဏ်ဂူတော်ကြီးသည် အလျား ၄၄၅ ပေ၊ အနံ ၃၇၀ ပေ ကျယ်ဝန်းပြီး ဆဋ္ဌသံဂါယနာ အထိမ်းအမှတ်အဖြစ် ဝင်ပေါက်ကြီး ၆ ခု၊ တိုင်ကြီး ၆ တိုင်နှင့် လေဝင်ပေါက် ၂၄ ပေါက်တို့ ပါဝင်ပါသည်။ သံဃာစင်တွင် သံဃာတော်ပေါင်း ၂၅၀၀ သီတင်းသုံးနိုင်ပြီး ကြမ်းပြင်တွင် ပရိသတ် ၅၀၀၀ နေထိုင်နိုင်ပါသည်။ ကုန်ကျငွေစုစုပေါင်း ငွေကျပ် (၉၁) သိန်းကျော် ကုန်ကျသည်။

သံဂါယနာတင်ရန်ကိစ္စမှာ နှစ်ရှည်လများ ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်သဖြင့် သင်္ဂီတိကာရကသံဃာတော်များ သီတင်းသုံးနေထိုင်ရန်အတွက် အလျား ၂၈၀ ပေ၊ အနံ ၄၈ ပေ စီရှိ ကျွန်းကြီးလေးကျွန်းကို ရည်ညွှန်းသည့် ဇမ္ဗူဒီပကျောင်းဆောင်၊ အပရဂေါယာနကျောင်းဆောင်၊ ပုဗ္ဗဝိဒေဟကျောင်းဆောင်၊ ဥတ္တရကုရုကျောင်းဆောင်တည်းဟူသော ကျောင်းဆောင်ကြီး (၄) ဆောင်တို့ကို ငွေကျပ် (၃၆) သိန်းကျော် အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

ထို့အပြင် သင်္ဂီတိကာရက သံဃာတော် ၁၅၀၀ တစ်ပြိုင်နက်ဆွမ်းဆက်ကပ်နိုင်သော သုံးထပ်ဆွမ်းစားကျောင်းဆောင်ကြီးကို ငွေကျပ် ၆၇၁၄၇၂/၁၇ ပြား အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့သည်။ သင်္ဂီတိကာရကသံဃာတော်များ ကံကြီး ကံငယ်ဆောင်ရွက်ရန်အတွက် ရေသိမ်တော်ကြီးကို ငွေကျပ် ၅၀၄၅၆ဝိ/ ၅၀း အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့သည်။

## ဆဋ္ဌသံဂါယနာမဟာဓမ္မသဘင် ဖွင့်ပွဲအခမ်းအနား

ဆဋ္ဌသံဂါယနာမဟာဓမ္မသဘင် ဖွင့်ပွဲအခမ်းအနားကို သာသနာနှစ် ၂၄၉၈၊ ကောဇာသက္ကရာဇ် ၁၃၁၆ ခုနှစ်၊ ကဆုန်လပြည့် (ခရစ်နှစ် ၁၉၅၄ ခုနှစ်၊ မေလ ၁၇ ရက်) နေ့တွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။ ယင်းအခမ်းအနားသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်ကြီးများ သီဟို (သီရိလင်္ကာ) ထိုင်း၊ ကမ္ဘောဒီးယား၊ လာဩနိုင်ငံတို့မှ သံဃရာဇာသာသနာပိုင် ဆရာတော်များ၊ သံဃနာယကဆရာတော်များ၊ အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါ၊ ဗီယက်နမ် နိုင်ငံများမှ ဂဏာစရိယဆရာတော်များ ပါဝင်သည့် သင်္ဂီတိကာရက ၂၅၀၀ ကြွရောက်တော်မူကြသည်။

သာသနာနှစ် ၂၄၉၈၊ ကောဇာသက္ကရာဇ် ၁၃၁၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၄) ရက်နေ့ (ခရစ်နှစ်၊ ၁၉၅၄ ခုနှစ်၊ မေလ ၂၁ ရက်) နေ့တွင် ရန်ကုန်မြို့တော်သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ထေရဝါဒ (၅) နိုင်ငံမှ ဆရာတော်သံဃာတော် ၂၅၀၀ တို့ စုဝေးတော်မူကြ၍ ဆဌသံဂါယနာတင်တော်မူခဲ့ကြသည်။ ယင်း သံဂါယနာတင်ပွဲ၌ အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော် ဘဒ္ဒန္တရေဝတ၊ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော် ဘဒ္ဒန္တ သူရိယာဘိဝံသတို့က သံဃနာယကမထေရ်အဖြစ် ဆောင်ရွက်တော်မူကြ၍ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် ဘဒ္ဒန္တ သောဘဏက ပုစ္ဆကအဖြစ်မေးမြန်းတော်မူ၍ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသက ဝိဿဇ္ဇကအဖြစ် ဆောင်ရွက်တော်မူ၍ ဖြေဆိုတော်မူခဲ့သည်။ ယင်း ဖြေဆိုချက်အတိုင်း သင်္ဂီတိကာရက၊ သင်္ဂီတိဘာဏကဆရာတော်များက စုပေါင်းညီညာရွတ်ဆိုတော်မူကြ၍ သံဂါယနာ တင်တော်မူကြသည်။ မြတ်စွာဘုရားရှင်၏ ဓမ္မဝိနယဒေသနာတော်များကို (၂) နှစ်ကြာ သံဂါယနာတင်ခဲ့ရာ သာသနာနှစ် ၂၅၀၀ ပြည့်၊ ကောဇာသက္ကရာဇ် ၁၃၁၈ ခုနှစ်၊ ကဆုန်လဆန်း (၁၀) ရက် (၁၉၅၆ ခုနှစ်၊ မေလ ၁၉ ရက်) နေ့တွင် အောင်မြင်စွာပြီးဆုံးခဲ့သည်။

သာသနာတော်နှစ် ၂၅၀၀ ပြည့်အောင်ပွဲနှင့် ဆဌသံဂါယနာတင်အောင်ပွဲသဘင်များကို ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်ဝန်း၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဆက်လက်၍ အဋ္ဌကထာသံဂါယနာတင်ပွဲကို ၂၅၀၀ ပြည့် ကောဇာသက္ကရာဇ် ၁၃၁၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၉) ရက် (၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်) နေ့မှ သာသနာနှစ် ၂၅၀၃၊ ကောဇာသက္ကရာဇ် ၁၃၂၁ ခုနှစ်၊ တပေါင်းလဆန်း (၆) ရက် (၁၉၆၀ ပြည့်နှစ်၊ မတ်လ ၂ ရက်) နေ့အထိလည်းကောင်း၊ ဋီကာသံဂါယနာတင်ပွဲ အခမ်းအနားကို သာသနာ ၂၅၀၄ ကောဇာသက္ကရာဇ် ၁၃၂၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၃) ရက်၊ (၁၉၆၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၅ ရက်) နေ့မှ သာသနာနှစ် ၂၅၀၅၊ ကောဇာသက္ကရာဇ် ၁၃၂၃ ခုနှစ်၊ တပို့တွဲလဆန်း (၁၂) ရက် (၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်) နေ့ အထိလည်းကောင်း ကျင်းပခဲ့သည်။

ထိုကဲ့သို့ ထေရဝါဒငါးနိုင်ငံ ဆရာတော်သံဃာတော်များ စုပေါင်းညီညာ သံဂါယနာတင်တော်မူခဲ့ကြသည်ကို နောင်လာနောင်သားတို့ အစဉ်သတိရပူဇော်နိုင်ကြစေရန်နှင့် လေ့လာမှတ်သားနိုင်ကြစေရန်အတွက် မော်ကွန်းပြတိုက်တစ်ခုရှိရန် လိုအပ်ကြောင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြောကြားလမ်းညွှန်ခဲ့သည်။ ယင်း လမ်းညွှန်ချက်နှင့်အညီ ၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့တွင် ဆဌသံဂါယနာ မော်ကွန်းပြတိုက် တည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ယင်း အဖွဲ့က လိုဏ်ဂူတော်အနီးရှိ မြေကွက်ကို ဖျက်သိမ်းပြီး မော်ကွန်းပြတိုက် တည်ဆောက်ရန် စီစဉ်ခဲ့သည်။

တည်ဆောက်ရေး ရန်ပုံငွေအဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော်ဘုရားကြီးနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင် မင်းကျောင်းဆရာတော်တို့၏ အနုမောဒနာပနမှ ပိုလျှံသော ငွေများကို မတည်ငွေပြုလုပ်၍ ဆောက်လုပ်ခဲ့သည်။

၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်နေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်၍ ဆဌသံဂါယနာ မော်ကွန်းပြတိုက်ကို အုတ်မြစ်တော်စီသည်။ ပြတိုက် အဆောက်အအုံကို အမှတ် (၂) စက်မှုဝန်ကြီးဌာနက တာဝန်ယူ ဆောက်လုပ်ခဲ့ရာ ငွေကျပ်သိန်းပေါင်း (၁၇၅ သိန်းကျော်) ကုန်ကျ၍ ၁၉၉၉ ခုနှစ်၊ ဇွန်လ ၇ ရက်တွင် ပြီးစီးခဲ့သည်။

ယင်း ပြတိုက်အတွင်း ပြကွင်းပြကွက်နှင့်ပြသမည့်ပစ္စည်းများသည် အမျိုးဘာသာ သာသနာကို ချစ်မြတ်နိုးသည့်စိတ်ရှင်သန်ထက်မြက်စေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်နှင့် လေ့လာသူများအား သာသနာ့သမိုင်းဆိုင်ရာ ဗဟုသုတများ တိုးပွားစေရန်၊ ကြည်ညိုသဒ္ဓါပွားစေရန်၊ အထောက်အကူပြုသည့် ပြကွင်းပြကွက်များ ဖြစ်ရန်လိုကြောင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က ညွှန်ကြားခဲ့သည်။

ယင်း လမ်းညွှန်ချက်နှင့်အညီ ဖြစ်စေရန်အတွက် ဆဌသံဂါယနာ မော်ကွန်းပြတိုက်တွင် ခင်းကျင်းပြသမည့် သမိုင်းဝင်ပစ္စည်းများ၊ အထောက်အထားများကို မြန်မာနိုင်ငံအနှံ့ ဘုန်းတော်ကြီးကျောင်းများ၊ သမိုင်းဝင်သုတေသီများ၊ နိုင်ငံခြားသံရုံးများ၊ အလှူရှင်များနှင့် ဆက်သွယ်ကာ စနစ်တကျ စုဆောင်းခဲ့သည်။ ဆဌသံဂါယနာပြတိုက်တွင် စုဆောင်းပြသထားသော သမိုင်းဝင်ပစ္စည်းများမှာ ပန်းချီကားပေါင်း (၁၇)၊ ဓာတ်ပုံပေါင်း (၃၂)၊ ကျောက်ချပ်ရုပ်တုပေါင်း (၈၄၅)၊ ပေစာ စာအုပ်စာတမ်း (၁၅၇) နှင့် သမိုင်းဝင်ပစ္စည်းအမျိုးပေါင်း (၉၂) မျိုးဖြစ်၍ ထိုပစ္စည်းများကို ပြတိုက်တွင် စိတ်ဝင်စားဖွယ်ရာ၊ ဗဟုသုတဖြစ်ဖွယ်ရာ၊ ကြည်ညိုသဒ္ဓါပွားဖွယ်ရာ စနစ်တကျ ခင်းကျင်းပြသထားသည်။

## ဆဋ္ဌသံဂါယနာ မော်ကွန်းပြတိုက်



ဆဋ္ဌသံဂါယနာမော်ကွန်းပြတိုက်ကို ဖွင့်လှစ်အပြီး တွေ့ရစဉ်


ဆဋ္ဌသံဂါယနာမော်ကွန်းပြတိုက်၏ အောက်ထပ်တွင် ပထမသံဂါယနာ၊ ဒုတိယသံဂါယနာ၊ တတိယသံဂါယနာ၊ စတုတ္ထသံဂါယနာ၊ ပဉ္စမသံဂါယနာပြကွက်များကို ပန်းချီကားချပ်ကြီးများ ပန်းပုများ မြေပုံကားချပ်များ၊ သမိုင်းအချက်အလက်များဖြင့် ခင်းကျင်းပြသထားသည်။ ထို့အပြင် ပထမမှ စတုတ္ထသံဂါယနာတင်ခဲ့သော အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံမှ အနုပညာပစ္စည်းများနှင့် ဖြည့်စွက်ပြသထားသည်။ ပန်းပုရုပ်တုများနှင့် ပန်းချီကားများကို ပန်းချီပန်းပုကျောင်းအုပ်ကြီး ဦးကျော်အုန်းဦးဆောင်သည့် ပန်းချီပန်းပုပညာရှင်များ၊ ပန်းချီဆရာ ဦးအုန်းသွင်ကြီးနှင့် မြန်မာမှုပညာရှင် ဦးအုန်းတင်တို့က စီစဉ်ဖန်တီးကြ၍ စနစ်တကျခင်းကျင်းပြသမှုကို အမျိုးသားပြတိုက်မှ ညွှန်ကြားရေးမှူး ဒေါ် နုမြဖေက တာဝန်ယူခင်းကျင်းစီစဉ်ခဲ့သည်။

မော်ကွန်းပြတိုက်၏ အပေါ် ထပ်တစ်ခုလုံးတွင် ဆဋ္ဌသံဂါယနာတစ်ခုတည်းကို အဓိကပြသထားသည်။ ဆဋ္ဌသံဂါယနာကျင်းပရာ မဟာပါသာဏလိုဏ်ဂူတော်ကြီးပုံစံနှင့် ဆဋ္ဌသံဂါယနာ ကျင်းပပုံပြကွက်၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး တည်ဆောက်ပုံအဆင့်ဆင့် ဓာတ်ပုံများ၊ ပိဋကတ်ကျောက်စာများ၊ ဆဋ္ဌမူပိဋကတ်တော်စာအုပ်များ၊ ဆဋ္ဌသံဂါယနာဩဝါဒါစရိယဆရာတော်ကြီးများ၊ ဝန်ဆောင်သံဃာအဖွဲ့ဝင် ဆရာတော်ကြီးများ၊ အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်နှင့် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်တို့၏ အသုံးအဆောင်ပစ္စည်းများ၊ ဆဋ္ဌသံဂါယနာ အထိမ်းအမှတ်စာစောင်များ၊ ဆဋ္ဌသံဂါယနာတင်စဉ် အသုံးပြုခဲ့သော ပန်းကန်များ၊ ဇွန်းများ၊ တံဆိပ်များနှင့် ဆဋ္ဌသံဂါယနာတွင် ပါဝင်ခဲ့သော ထိုင်း၊ ကမ္ဘောဒီးယား၊ လောနိုင်ငံတို့မှ သာသနာနှင့် သက်ဆိုင်သော ပစ္စည်းများကို အခန်းကဏ္ဍအလိုက်ခွဲ၍ စနစ်တကျပြသထားသည်။


ယင်းသို့ ခင်းကျင်းပြီးနောက် ဆဋ္ဌသံဂါယနာမော်ကွန်းပြတိုက်ကို ၁၂-၁၀-၂၀၀၀ (ကြာသပတေးနေ့) နံနက် (၉) နာရီအချိန်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က ဦးဆောင်ဖွင့်လှစ်ပေးခဲ့သည်။ ■

ဦးထွန်းနိုင် (သာသနာရေး)





# မြန်မာ့ကျောက်မျက်ရတနာပြပွဲများ



မြန်မာ့ကျောက်မျက်ရတနာများဖြင့် ဖန်တီးထားသော ရွှေတိဂုံပုံတော်နှင့် ရတနာမျိုးစုံစီခြယ်ထားသောစောင်းတန်း

လူတို့သည် ရှေးပဝေသဏီကပင် ကျောက်မျက်များ၌ ထူးခြားသော တန်ခိုးများရှိသည်ဟု အယူရှိခဲ့ကြသည်။ "မြ" သည် ရောဂါဘယများကို ကုစားကာကွယ်နိုင်သည်ဟု ယူဆခဲ့ကြသည်။ ခရမ်းကျောက် (စလင်းစွဲ) သည် အရက်မူးပြေစေနိုင်သည်ဟူ၍လည်းကောင်း၊ စိန်သည် အရှုးရောဂါကို ကာကွယ်ပေးနိုင်၍ မင်္ဂလာသတို့သားနှင့် သတို့သမီးတို့ကို ပျော်ရွှင်ချမ်းမြေ့ လာဘ်လာဘ ပြည့်ဝနိုင်စေသည်ဟူ၍လည်းကောင်း၊ ပတ္တမြားသည် ဘေးဘယာနှင့် ရောဂါအမျိုးမျိုးကို ကာကွယ်နိုင်သည်ဟူ၍လည်းကောင်း အမျိုးမျိုးအဖုံဖုံ ယုံကြည်ကြပေသည်။

စိန်၊ ကြောင်၊ နီလာ၊ ပုလဲ၊ သန္တာ၊ မြ၊ ပတ္တမြား၊ ဂေါ်မုတ်၊ ဥဿဖရားဟူသော ရတနာကိုးပါးစီခြယ်သော နဝရတ်လက်စွပ်ကိုလည်း ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည်ဟု သက်ဝင်ယုံကြည်ကာ ဝတ်ဆင်ကြပေသည်။

နဝရတ်လက်စွပ်ဝတ်ဆင်သည့် အကျိုးကို ဤသို့ဖွဲ့ဆိုထားသည် –

"ပတ္တမြားဘုန်းတောက်၊ မြကျောက် အေးချမ်း၊ စိန်စွမ်း ဂုဏ်ရောင်၊ ကြောင်ကား သိဒ္ဓိ၊ မဏိနီလာ၊ မေတ္တာကဲချုပ်၊ ဂေါ်မုတ် ခွန်အား၊ ဥဿဖရား ကျန်းမာ၊ သန္တာ ကြီးကဲ ပုလဲ ကျက်သရေ၊ ကိုးဂုဏ်ဝေသည်၊ ကိုးထွေနဝရတ် စွမ်းရည်တည်း"

ကမ္ဘာပေါ်တွင် ကျောက်မျက်ရတနာထွက်သော နိုင်ငံများ များစွာရှိပေသည်။ စိန်ကို အာဖရိကနိုင်ငံအချို့နှင့် အိန္ဒိယနိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ ပတ္တမြားကို မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် တန်ဇန်းနီးယားနိုင်ငံ၊ ဂျေဒိုက်ကျောက်စိမ်းသည် ဂျပန်၊ အမေရိကန်၊ ဂွါတီမာလာနိုင်ငံတို့မှ ထွက်ရှိသည်။

ဤသို့ ကျောက်မျက်များကို နိုင်ငံအသီးသီးတွင် တူးဖော်ရရှိနိုင်ကြသော်လည်း နဝရတ်ကိုးသွယ်စလုံးကို နိုင်ငံတစ်ခုတည်း၊ တစ်နေရာတည်း တူးဖော်ရရှိသည့်နိုင်ငံမှာ မြန်မာနိုင်ငံမှလွဲ၍ မည်သည့်နိုင်ငံမျှ မရှိပေ။ ကျောက်မျက်ရတနာ နှစ်မျိုး၊ သုံးမျိုး အများဆုံးထွက်သည့်နိုင်ငံများသာရှိသည်။ ထို့အပြင်



ကမ္ဘာ့ကျောက်မျက်လောကတွင်
သရဖူဆောင်းသည့် အရည်အသွေးမြင့်
မြန်မာ့ကျောက်စိမ်း

ထွက်ရှိသော ကျောက်မျက်တို့သည် မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်မျက်များကဲ့သို့ အရည်အသွေးကောင်းမွန်ခြင်း၊ အရည်အသွေးကောင်းသော ကျောက်မျက်များ အရေအတွက် များပြားခြင်းတို့တွင် လိုက်၍မမီကြပေ။

ကျောက်မျက်ထွက်ရှိမှုသည် ဘူမိဗေဒသဘောအရ ထူးကဲသောကြောင့် ကျောက်ဒြပ်သားမှ ကျောက်မျက်အဖြစ် ပေါ်ထွန်းလာခြင်းဖြစ်သည်။ မြန်မာ့ရတနာမြေတွင် ကျောက်မျက်အမျိုးမျိုးထွက်ရှိရခြင်းမှာ အလွန့်အလွန်ထူးကဲသော ကျောက်ဒြပ်သားမျိုးစုံ အခြေတည်နေသောကြောင့် ဖြစ်သည်။ ကျောက်အမျိုးမျိုးထွက်သည်သာမက ထွက်ရှိသမျှ ကျောက်မျက်များသည် အရည်အသွေးကောင်းမွန်သောကြောင့် တန်ဖိုးအနည်းများစွာထိုက်တန်ပေရာ မြန်မာ့ကျောက်မျက်များသည် ကမ္ဘာကျော်ခဲ့ရပေသည်။ ပတ္တမြားဆန်ကျိုး အဖိုးပြည်တန် ဆိုသောစကားအတိုင်း သေးငယ်သောပတ္တမြားလေး တစ်ပွင့်တန်ဖိုးသည် တိုင်းပြည်တစ်ပြည်၏ တန်ဖိုးနှင့် ညီမျှနိုင်ခဲ့သည်။

ကျောက်မျက်များဆိုင်ရာ လက်လှမ်းမီသမျှ လေ့လာတွေ့ရှိမှုများကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်။

အိန္ဒိယ နိုင်ငံမှ မဟာရာဂျာများ၊ ပါရှားနိုင်ငံမှ စော်ဘွားများနှင့် တူရကီနိုင်ငံမှ ဆူလတန်စော်ဘွားများသည်




ကျောက်စိမ်းရိုင်းများ
လေလံပစ်ရန် ပြသထားစဉ်

ပတ္တမြားများကို ဝယ်ယူ စုဆောင်းထားလေ့ရှိကြသည်။ သူတို့ ဝယ်ယူစုဆောင်းသော ပတ္တမြားများမှာ မြန်မာနိုင်ငံမှ ထွက်သော ပတ္တမြားများဖြစ်သည်။

မြန်မာမင်းများလက်ထက်က ကျောက်တူးသမား မောက်သည် မြန်မာမင်းအား အရည်အသွေးတုနှိုင်းမရှိ လောက်အောင် ကောင်းမွန်သောပတ္တမြားတစ်လုံး လာရောက် ဆက်သခဲ့ဖူးသည်။ ကျောက်တူးသမားမောက်ကို အစွဲပြု၍ "ပတ္တမြားမောက်"ဟု မှည့်ခေါ် ခဲ့သည်။ နန်းစဉ်ပတ္တမြားကြီး အဖြစ် သတ်မှတ်ခဲ့ကြသည်။ မင်းတုန်းမင်းနှင့် သီပေါမင်း လက်ထက်တွင် မြန်မာတို့နှင့် ဆက်သွယ်ရင်းနှီးခဲ့ကြသော ဥရောပတိုက်သားတိုင်း ပတ္တမြားမောက်ကို ကြားဖူးကြသည်။ ပြင်သစ်သံအဖွဲ့များ ပတ္တမြားမောက်ကိုကိုင်တွယ်ကြည့်ရှုဖူး ခဲ့သည်။ ပတ္တမြားမောက်ကို မြင်ဖူးတွေ့ဖူးကြသူတိုင်း ပတ္တမြားမောက်၏အရည်အသွေးကို ရင်သပ်ရှုမောခဲ့ကြရ သည်။ မောက်၏တန်ဖိုးကို သတ်မှတ်ရန် မည်သူမျှမစွမ်းကြ ပေ။ ရှေးလူကြီးများက ကျောက်မျက်ရတနာ၏တန်ဖိုး ထိုက် ထိုက်တန်တန်မဖြတ်နိုင်ဘဲ မတန်မရာတန်ဖိုးဖြတ်မိပါက တန်ဖိုးဖြတ်သူ မျက်စိကန်းတတ်သည်ဟု အယူရှိကြသည်။

မြန်မာမင်းများအစဉ်အဆက် အလေးအမြတ်ထားခဲ့ကြ သည့် နန်းစဉ်ပတ္တမြားကြီးများလည်း များစွာရှိခဲ့ကြသည်။ ပတ္တမြားမောက်နှင့်ယှဉ်၍ ထင်ရှားခဲ့သော အခြားမြန်မာ့ နန်းစဉ်ရတနာကျောက်များကား ရတီချိန် ၄၄ ရှိသော လျှော်ကားတင်ကြီးခေါ် သည့် ပတ္တမြား၊ ရတီချိန် ၂၀ ကျော်ရှိ သည့် လျှော်ကားတင်လေးခေါ် ပတ္တမြား၊ ၁၀ ရတီရှိသော ဆင်မတော် ပတ္တမြား၊ ခြောက်ရတီရှိ စံထားအသုံးပြုရသော စံကျောက်တော်ခေါ် ပတ္တမြားနှင့် နဂါးမိုလ်ခေါ် ပတ္တမြား စသည်တို့ဖြစ်သည်။

မြန်မာ့နန်းစဉ်ရတနာများအနက် မောက်ပတ္တမြားကြီး ကို နန်းစဉ်ရတနာအဖြစ် အမြတ်တနိုးထားရှိခဲ့ရာမှ သီပေါမင်း လက်ထက် ဗြိတိသျှတို့ မြန်မာနိုင်ငံအား ကျူးကျော်တိုက်ခိုက် သိမ်းပိုက်စဉ်က ယူဆောင်သွားခဲ့ပြီး ပျောက်ဆုံးသွားခဲ့သည်။ ထိုပတ္တမြားကြီးသည် အလေးချိန် ၈၁ ကာရက်ရှိသည်။ ကမ္ဘာ တည်သရွေ့ မြန်မာတိုင်းရင်းသားလူမျိုးများအားလုံး၏ ရင်ထဲ ဝယ် နယ်ချဲ့တို့၏ရိုင်းစိုင်းယုတ်မာသော လုပ်ရပ်ကို သတိရ လျက် ရှိနေကြမည်ဖြစ်သည်။

၁၈၈၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ နယ်ချဲ့လက်အောက် ရောက်ရှိခဲ့စဉ်က နယ်ချဲ့တို့သည် မိုးကုတ်ရတနာမြေမှ ပတ္တမြား နှင့် ကျောက်မျိုးစုံကို စက်တွင်းလက်တွင်းများဖြင့် မရေမတွက် နိုင်အောင် တူးဖော်ရယူခဲ့သည်။ အရည်အသွေးအမျိုးအစား ကောင်းသော ကျောက်ကောင်းများ မည်ရွေ့မည်မျှထုတ်ယူ ရရှိခဲ့သည်ကို မြန်မာတို့စာရင်းမတင်နိုင်ခဲ့ပေ။ ရင်နာဖွယ် ဖြစ်ရပ်ဆိုးဖြစ်သည်။



၃၇ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချမည့်ကျောက်စိမ်းများ



မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ပြည်တွင်းပြည်ပရတနာကုန်သည်တချို့

ပတ္တမြားနှင့် နီလာသည် စိန်ပြီးလျှင်အကြမ်းခံဆုံး ကျောက်မျက်ရတနာများဖြစ်သည်။ ကျောက်မျက်အားလုံးတွင် ပတ္တမြားသည် တန်ဖိုးအကြီးဆုံးဖြစ်သည်။ ငွေရှိတိုင်းလည်း ဝယ်မရသည့် ရှားပါးရတနာဖြစ်သည်။ ပတ္တမြားနှင့် နီလာသည် အောက်ဆီဂျင်ဒြပ်စင် ၃ ဆနှင့် အလူမီနီယမ်ဒြပ်စင်နှစ်ဆပါသော ဒြပ်ပေါင်းဖြစ်သည်။ ကိုရမ်ဒမ် မျိုးရင်းဝင်ဖြစ်သည်။

နီလာဆိုသောဝေါဟာရကို အခြေခံ၍ အစိမ်းရောင်ရှိလျှင် နီလာစိမ်း၊ ခရမ်းရောင်ရှိလျှင် နီလာခရမ်း၊ ပြာစိမ်းစိမ်းအရောင်ရှိလျှင် နီလာငှက်ခါးဟူ၍ ခွဲခြားသတ်မှတ်ကြသည်။ နီလာဖြူ၊ နီလာဝါ၊ နီလာစိမ်း၊ နီလာပန်းရောင် ဟူ၍လည်း အရောင်ကိုလိုက်၍ ခေါ်ဝေါ်ကြသည်။

စိန်ကို မြန်မာနိုင်ငံတွင် ၁၉၅၅ ခုနှစ်ခန့်က စတင်တွေ့ရှိခဲ့သည်။ တခြားသောကျောက်မျက်များနှင့် နှိုင်းယှဉ်လျှင် စိန်ထွက်သော သက်တမ်းသည် မကြာလှသေးပေ။ မြန်မာပြည်တွင် တွေ့ရသော စိန်၏ ပင်ရင်းသိုက်အမျိုးအစားသည် နှောင်းဖြစ်သိုက် အမျိုးအစားဖြစ်သည်။ ရေဆောင်သိုက်အမျိုးအစား ဖြစ်သည်။ ယင်းအမျိုးအစားစိန်ကို မိုးမိတ်မြို့နယ်နှင့် တနင်္သာရီတွင် တွေ့ရှိရသည်။ ၂၇ ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲတွင် မြန်မာနိုင်ငံ မှထွက်ရှိသော စိန်အတွဲပေါင်း ၂၂ တွဲကို အောင်မြင်စွာ ရောင်းချနိုင်ခဲ့သည်။

ကမ္ဘာပေါ်တွင် တန်ဖိုးအမြင့်ဆုံး အရည်အသွေးကောင်းမွန်ဆုံး ဂျေးဒိုက်အမျိုးအစားကျောက်စိမ်းကို မြန်မာနိုင်ငံတွင် အများဆုံးထွက်ရှိသည်။ အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်၊ ဂျပန်နိုင်ငံနှင့် ဂွါတီမာလာနိုင်ငံတွင် ဂျေးဒိုက်အမျိုးအစားကျောက်စိမ်း အတော်အတန်ထွက်သည်။ မြန်မာ့ကျောက်စိမ်းများလောက် အရည်အသွေးအဆင့်အတန်း ကောင်းမွန်ခြင်းမရှိပေ။ ကချင်ပြည်နယ် ဖားကန့်၊ လုံးခင်းတို့မှ ထွက်ရှိသောကျောက်စိမ်းများမှာ ကမ္ဘာ့ကျော်ကျောက်စိမ်းများဖြစ်ကြပြီး၊ ကမ္ဘာ့ရတနာကုန်သည်များ အလွန်ကြိုက်နှစ်သက်ကြသော ကျောက်များဖြစ်ကြသည်။

၁၃ ရာစုနှစ်လောက်ကစပြီး မြန်မာနိုင်ငံတွင် ကျောက်စိမ်းကို တွေ့ရှိကြသဖြင့် မြန်မာနိုင်ငံတွင်ကျောက်စိမ်းထွက်ရှိမှုမှာ သက်တမ်း ၇၀၀ ခန့်ရှိပြီဖြစ်သည်။ မြန်မာ့ကျောက်စိမ်းတွင် ဂျေးဒိုက်ကျောက်စိမ်းနှင့် နက်ဖရိုက်ကျောက်စိမ်းဟူ၍ နှစ်မျိုးရှိရာ၊ ဂျေးဒိုက်ကျောက်စိမ်းသည် အကောင်းဆုံးဖြစ်သည်။ ဂျေးဒိုက်ကျောက်စိမ်းတွင်လည်း မြကဲ့သို့အစိမ်းရောင်အသွေး



ပြည်တွင်းပြည်ပရတနာကုန်သည်များ မြန်မာ့ကျောက်စိမ်းများကို လေ့လာကြည့်ရှုစဉ်

ကျကျရှိပြီး ကြည်လဲ့နေသောကျောက်စိမ်းသည် ရှားပါးပြီး တန်ဖိုးအကြီးဆုံးဖြစ်သည်။ ဤသို့ ရှားပါးသောကျောက်စိမ်းမျိုး ရရှိပါက တရုတ်ကုန်သည်တို့သည် ဘုရင်မင်းမြတ်ထံ ဆက်သရသော ဓလေ့ထုံးစံရှိသည်။

ကျောက်စိမ်းကို အသွေးအရောင် ကျောက်သားအလင်းပေါက်ခြင်း အတိုင်းအတာသန့်စင်မှု စသည့်အချက်များကို အခြေခံ၍ အတန်းအစားခွဲခြားထားသည်။ ယင်းတို့မှာ အရည်ကျောက်၊ အထည်ကျောက်နှင့် အသားကျောက်တို့ဖြစ်သည်။ အရည်ကျောက်တွင် ယေဘုယျအားဖြင့် အရောင်သည် ရွှမ်းရွှမ်းအိအိ စိမ်းစိုသောအရောင်ရှိသည်။ အသားသည် ကျစ်လျစ်မောကျောသည်။ အထည်ကျောက်တွင် အစိမ်းရောင်ရှိသော်လည်း အရောင်ညီညွတ်ခြင်းမရှိ၊ အစက်အပြောက်အကွက်ယင်များ သဏ္ဌာန်သာရှိသည်။ ခရမ်းရောင်ရှိသော ကျောက်စိမ်းကိုလည်း အထည်ကျောက်အဖြစ် သတ်မှတ်သည်။ အထည်ကျောက်၏ ကျောက်သားမှာ အလင်းပေါက်မှု အတိုင်းအတာနည်းပြီး အသားကြည်လင်မှု မရှိပေ။ ခရမ်းရောင်ရှိသော မြန်မာ့ကျောက်စိမ်းကို နိုင်ငံခြားကျောက်ကုန်သည်များ အကြိုက်များလှသဖြင့် ကျောက်မျက်ရတနာပြပွဲများတွင် ရောင်ပန်း အလွန်လှသည်။

အသားကျောက်အတန်းအစားတွင် မည်သို့အရောင်ရှိပါစေ အသားကြည်လင်ပြီး၊ ချောမွေ့ပါက အသားကျောက်အကောင်းစားဖြစ်သည်။ ပန်ကန်အစုံ၊ လက်ဖက်ရည်ပန်းကန်၊ အိုးခွက်၊ ရုပ်တု၊ ရုပ်ထွင်းအမျိုးမျိုး ပြုလုပ်၍ နိုင်ငံခြားသို့ ရောင်းချသည်။

မြန်မာ့ပုလဲကို မြိတ်ကျွန်းစု၊ ပုလဲကျွန်းမှ ထွက်ရှိသည်။ ပုလဲတစ်ကုံးရရှိရန် မုတ်ကောင်များစွာ မွေးမြူရသည်။ မုတ်ကောင်မှ ထွက်ရှိသောပုလဲများစွာအနက်မှ အရောင်အသွေး၊ အရွယ်အစားနှင့် ပုံသဏ္ဌာန် တူညီရာကို ရွေးရသည်။ အဓိကအရေးပါသည်မှာ ပုလဲရောင်လက်ပင်ဖြစ်သည်။ အရွယ်နှင့် အရောင်မှာ ပုဂ္ဂိုလ်၏ အကြိုက် အပေါ်တွင် မူတည်သည်။ ယေဘုယျအားဖြင့် ပို၍ကြီးသော ပုလဲသည် ပို၍တန်ဖိုးရှိသည်။ ပုလဲများကို အရောင်အသွေး အနုစိတ် ခွဲခြားကြသည်။ အခြားအရောင်များတွင် အဖြူ၊ နို့နှစ်၊ ပန်းနုသွေး၊ နှင်းဆီသွေး၊ အစိမ်း၊ အပြာ၊ မီးခိုးရောင်၊ ငွေရောင်၊ အဝါနှင့် အနက်တို့ဖြစ်ကြသည်။ ပန်းနုရောင် လုံးဝိုင်းပုလဲသည် တန်ဖိုးအကြီးဆုံး၊ အရောင်ရဆုံး၊ လူကြိုက် အများဆုံး ပုလဲဖြစ်ပါသည်။

ကမ္ဘာ့အကြီးဆုံးပုလဲဟု ခေါ်ရသည့် ထူးကဲသည့်ပုလဲကြီးကို ပုလဲကျွန်းမှရသည်။ အလေးချိန် ရတီ ၂၀၀ ကျော် (၂ ကျပ်သားကျော်၊ ၃၆ ဒသမ ၇၅ ဂရမ်) အချိန်စီးပြီး အလျား ၄၁ မီလီမီတာ အနံ ၃၂ မီလီမီတာရှိသည်။

ကမ္ဘာ့အကြီးဆုံးကျောက်စိမ်းဟု သတ်မှတ်ခဲ့သော အလေးချိန် ၃၃ တန်ကျော် အလျား ၁၂ ပေ၊ အမြင့် ၆ ဒသမ ၅ ပေ၊ ထု ၇ ပေ ရှိသော ကျောက်စိမ်းတုံးကြီးသည် ကချင်ပြည်နယ် ဖားကန့်လုံးခင်းတွင် ၁၉၈၂ ခုနှစ်က တူးဖော်ရရှိခဲ့သည်။ အစိမ်းရောင် အပြောက်အကွက်များ၊ ခရမ်းနှင့် အနီအညိုရောင် အစက်များတွေ့ရှိရသည်။ သံမဏိထက် မာကျောသည်။ ယခု ကျောက်မျက်ရတနာခန်းမရှေ့တွင် ဂုဏ်ယူဝံ့ကြွားစွာ တခမ်းတနား ခင်းကျင်းပြသထားသည်။


၂၀၀၀ ပြည့်နှစ်တွင် တူးဖော်ရရှိသော တန်ချိန် ၂၀၀၀ ကျော်လေးသည့် ကမ္ဘာ့အကြီးဆုံး ကျောက်စိမ်းနဂါးကြီး အမည်ရ ကျောက်စိမ်းတုံးကြီးသည် အလျား ပေ ၇၀၊ အမြင့် ၂၀ ပေ၊ ထု ၁၆ ပေရှိသည်။ ကချင်ပြည်နယ် ဖားကန့် လုံးခင်း ရတနာမြေတွင် တူးဖော်ရရှိသည်။ အမည်းရောင် ဖုံးအုပ်ထားပြီး၊ အောက်တွင် အဖြူရောင်ကျောက်စိမ်းသားများနှင့်အတူ အစိမ်းရောင်၊ ခရမ်းရောင်ကျောက်စိမ်းသားများ ရောနှော ပါဝင်လျက်ရှိသောကြောင့် ယမ်းညှက်(Crystal) ကျောက်သား ဖွဲ့စည်းမှု ကောင်းမွန်သည်။

မြန်မာ့ကျောက်မျက်ရတနာများကို ကမ္ဘာ့ရတနာကုန်သည်များက ဝယ်ယူလိုခြင်း၊ ကျောက်မျက်ရတနာများကို ပြည်ပသို့ တရားဝင်ရောင်းချသဖြင့် နိုင်ငံတော်အတွက် ဘဏ္ဍာငွေရရှိနိုင်ခြင်းတို့ကြောင့် ၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပသော ပထမအကြိမ် ကျောက်မျက်ရတနာပြပွဲမှ စ၍ မြန်မာ့ကျောက်မျက်ရတနာများကို ရောင်းချပေးခဲ့သည်။ နိုင်ငံတကာရှိ ရတနာကုမ္ပဏီများမှ ရတနာကုန်သည်ကြီးများ ပြပွဲသို့တက်ရောက်ကြည့်ရှုလေ့လာကြပြီး မြန်မာ့ကျောက်မျက်ရတနာများ ဝယ်ယူကြသည်။ ၁၉၉၂ ခုနှစ်မှ စ၍ ဖေဖော်ဝါရီလတွင် တစ်ကြိမ် နှစ်လယ်ပြပွဲဟူ၍ အောက်တိုဘာလတွင် တစ်ကြိမ်၊ တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပလာခဲ့သည်။ ထို့အပြင် ၁၉၉၃–၁၉၉၄ နှင့် ၁၉၉၅ ခုနှစ်များတွင် ဇူလိုင်လနှင့် ဒီဇင်ဘာလများတွင် ကျောက်စိမ်းအထူးရောင်းချပွဲများ ၂ ကြိမ်စီတိုးကျင်းပခဲ့သဖြင့် ၁၉၉၃ မှ ၁၉၉၅ အထိ နှစ်များတွင် ကျောက်မျက်ရတနာပြပွဲ တစ်နှစ်လျှင် ၄ ကြိမ်စီ ကျင်းပနိုင်ခဲ့သည်။ ကျောက်မျက်ရတနာပြပွဲ ကျင်းပရာ အကြိမ်တိုင်းတွင် နိုင်ငံတကာမှ ရတနာကုန်သည်များ အများအပြားတက်ရောက်ကြည့်ရှုလေ့လာကြပြီး ရတနာများကို ဝယ်ယူကြသည်။ တစ်ကြိမ်ထက် တစ်ကြိမ် ပြည်ပကုန်သည်အရေအတွက် များသည်ထက် များလာကြသည်။ ရတနာကုန်သည် များပြားလာသည်နှင့်အညီ ရောင်းချသော မြန်မာ့ရတနာများလည်း အရေအတွက် များပြားလာပါသည်။

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် ပြပွဲများ စတင်ကျင်းပစဉ်က အင်းလျားကန်ဟိုတယ်တွင် ခင်းကျင်းပြသ ရောင်းချခဲ့ရသည်။ ယခုအခါ မြန်မာ့ကျောက်မျက်ရတနာခန်းမကြီး တည်ဆောက်ပြီးသဖြင့် ကျောက်မျက်ရတနာပြပွဲများကို ခန်းမအတွင်းတွင် ခင်းကျင်းပြသ ရောင်းချပေးနိုင်ခဲ့သည်။

ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချခဲ့သော ပစ္စည်းမှာ ယေဘုယျအားဖြင့် ၅ မျိုး ခွဲခြားထားသည်။ ကျောက်မျက်များ၊ ကျောက်စိမ်းတုံး အရိုင်းအတွဲများ၊ ပုလဲအတွဲများ၊ ကျောက်စိမ်း ရုပ်တု ရုပ်ထွင်းများ၊ လက်ဝတ်ရတနာ အချောထည်များဖြစ်သည်။ ကျောက်မျက်အမျိုးအစားမှာ ပတ္တမြား၊ နီလာ၊ ကြောင်၊ သန္တာ၊ မြ၊ စိန်၊ ဂေါ်မုတ်၊ ဥဿဖယား စသော ကျောက်များကို သွေးပြီး တစ်လုံးချင်းသော်လည်းကောင်း၊ အစုအတွဲများအဖြစ်သော်လည်းကောင်း၊ ရောင်းချသည်။ ထို့အပြင် မိုးကုတ်ရောင်စုံကျောက်များလည်း ပါဝင်သည်။ ကျောက်ကုန်သည်ကြီးများ ခေါ်ကြသည့် မိုးကုတ်ရောင်စုံကျောက်ဆိုသည်မှာ ပတ္တမြားနှင့် နီလာမှအပ မိုးကုတ်ရတနာမြေမှထွက်သော အရောင်အသွေးစုံ၊ အမျိုးအစားစုံ ကျောက်များဖြစ်သည်။ မိုးကုတ်ရောင်စုံ ကျောက်များ အစုအဖွဲ့တွင် ပါဝင်သော ကျောက်အများစုမှာ အညံ့၊ ဥဒေါင်း၊ ဂေါ်မုတ်၊ ပြောင်ခေါင်းစိမ်း၊ ဥဿဖရား၊ ဣန္ဒနီလာ၊ ထပ်တစ်ရာမြော၊ ရွှေတွင်းဝါ၊ မြတူကျောက်(မိုးကုတ်မြ၊ ကျားကြီးမြ၊ မြောစိမ်း) ဖရဲအူ၊ နဂါးသွဲ့၊ စလင်းစွဲ စသည်တို့ဖြစ်သည်။ ထင်ရှားသောကျောက်မှာ မိုးကုတ်မြို့ ပြောင်ခေါင်းအရပ်မှထွက်သော ပြောင်ခေါင်းစိမ်းဖြစ်သည်။

ကျောက်စိမ်းအရိုင်းတုံး အတွဲများကို များသောအားဖြင့် အင်းလျားကန်ဟိုတယ် သို့မဟုတ် ယခုကျောက်မျက်ရတနာ



မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တွေ့ရသော ၉၉ ဒသမ ၉ သန့်စင်သည့် မြန်မာ့ရွှေချောင်း

ခန်းမဝန်းကျင်ရှိ မြေကြီးပေါ်တွင်လည်းကောင်း၊ သစ်သားစားပွဲများပေါ်တွင်လည်း ကျောက်စိမ်းရိုင်းကြီးလျှင် တစ်တုံးချင်း၊ ငယ်လျှင်ကျောက်စိမ်းတုံးအများအပြားကို အတွဲလိုက် Lot No ခွဲခြားသတ်မှတ်၍ ခင်းကျင်းပြသထားသည်။

ပုလဲအတွဲများကို အရောင်တူရာ၊ အရည်အသွေးတူရာ၊ ပုံသဏ္ဍာန်တူရာ၊ အရွယ်တူရာခွဲခြား၍ အတွဲလိုက် (သို့မဟုတ်) ကြီးလျှင် တစ်လုံးတည်း စသည်ဖြင့် မှန်သေတ္တာအတွင်း ရောင်စုံခွက်များ ခွဲခြား၍ Lot No ဖြင့်ပြသထားသည်။


ကျောက်စိမ်းရုပ်တု ရုပ်ထွင်းများမှာ အရည်အသွေးကောင်းမွန်သော အသားကျောက်များကို လက်ဖက်ရည်အိုး၊ ပန်းကန်လုံး၊ မုန့်ထည့်ပန်းကန်ပြား အချိုသောက်ပန်းကန်လုံး၊ ပန်းကန်ပြား ဖွန်းခက်ရင်းမှစ၍ တီးဆက်အစုံ၊ ဆေးလိပ်ခွက်၊ ထမင်းစား ပန်းကန်ပြား၊ မင်းသမီးမင်းသား ကနေဟန်၊ လောကနတ်ပုံ၊ ရာမမင်း သမင်လိုက်ဟန်၊ သုဝဏ္ဏမင်းသားနှင့် ဒွေးမယ်နှော်၊ တောသူမ လုံမပျို၊ ကျေးလက်အမျိုးသမီး ရေခပ်ဆင်းဟန်၊ တပင်တိုင် မင်းသမီးကဟန်၊ ကာယဗလ မောင် ဟန်ရေးပြနေပုံ၊ မုဆိုးနှင့် အမဲလိုက်ခွေး၊ လယ်သမားကြီး စပါးစည်းပိုက်ဟန်၊ လယ်သူမလုံမေပျို၊ မြင်းပြေးနေဟန်၊ ကျွဲတစ်ကောင်တည်း၊ ကျွဲအုပ်ကြီး ပြေးနေပုံ၊ ခြင်္သေ့ မာန်ဖီဟန်၊ ဆင်ရုပ်၊ နွားရုပ်၊ သမင်လည်ပြန် ကြည့်ဟန်၊ စေတီပုထိုးပုံ၊ နွားနှင့် ရတနာစီခြယ်သော လှည်း စသည်ဖြင့် လက်ရာမြောက်စွာ ထွင်းထုထားသော ရုပ်တုများပါဝင်သည်။

တရုတ်ပြည်မှ အန်းကုံးဘိုးတော်၊ ရေသူမ၊ မြန်မာ့ဆိုင်းဝိုင်း၊ ကျောက်စိမ်းနဂါး ပါးပြင်းထောင်ပုံ၊ ဘုရားစောင်းတန်းမှ ခြင်္သေ့ပုံ၊ မြင်းနှင့် ရထားပျံ၊ တရုတ်မင်းသား ရှေးဟောင်းဝတ်စုံဝတ်ထားပုံ၊ ဇီးကွက်၊ ဖျိုင်း၊ ငန်း၊ မြန်မာ့စောင်းကောက်၊ ပတ္တလား၊ မင်းကွန်းခေါင်းလောင်း စသည်တို့မှာ လက်ရာမြောက်သော ပန်းပုပညာရှင်၏ စိတ်ကူးပုံဖော်ချက်များ ဖြစ်သည်။

လက်ဝတ်ရတနာ အချောထည်များမှာ ရွှေကွင်းထားသော ပတ္တမြား၊ နီလာ၊ မြ၊ ဥဿဖရား၊ ကြောင်၊ ဂေါမုတ်၊ စိန်၊ ပုလဲ၊ သန္တာ၊ လက်စွပ်များ၊ လည်ဆွဲဘယက် အမျိုးမျိုး၊ လက်ကောက်၊ လက်ကြယ်သီး အမျိုးမျိုး၊ ရင်ထိုး အမျိုးမျိုး ဖြစ်သည်။ ပတ္တမြား၊ နီလာ၊ မြ စသော ကျောက်မျက်မျိုးစုံ၊ နဝရတ်ကိုးပါးသည် အဆင်တန်ဆာပစ္စည်းပါသကဲ့သို့ ရတနာသုံးမျိုးလေးမျိုးပါသော ပစ္စည်းလည်းပါသည်။ ဘယက်တစ်ခုလုံး ပတ္တမြားရွယ်တူပါသကဲ့သို့ ပတ္တမြားအကြီးအသေး အရွယ်စုံပါသော လည်ဆွဲများလည်းပါသည်။ လက်ကောက်တစ်ကွင်းတည်းတွင် ကျောက်အမျိုးမျိုး တစ်လှည့်စီထည့်သွင်း

ထားသော ရတနာလက်ကောက်မျိုးလည်းရှိသည်၊ ပန်းထိမ်ပညာရှင်၏ စိတ်ကူးဆန်းသစ်သမျှ တီထွင်ထားသောလက်ရာပစ္စည်းများသည် ကမ္ဘာ့ကျောက်မျက်ကုန်သည်များ စိတ်ကိုဝယ်ယူချင်အောင် ဆွဲဆောင်လျက်ရှိသည်။

၂၀၀၀ ပြည့်နှစ်၊ ၃၇ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ်လ ၁၃ ရက်မှ ၁၈ ရက်နေ့အထိ ကျင်းပခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး



မြန်မာ့ပန်းထိမ်ပညာဖြင့် မြန်မာ့ကျောက်စိမ်းကို ဤသို့ အနုလက်ရာမြောက် ဧည့်ခန်းသုံးပစ္စည်းများ ဖန်တီးထားသည်မှာ ...

ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ၂၀၀၀ ပြည့်နှစ်၊ မတ်လ ၉ ရက်နေ့၊ နံနက် ၈ နာရီတွင် ၃၇ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသသည့် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ ရောက်ရှိရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်ခင်မောင်သန်း၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ၃၇ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်၌ ခင်းကျင်းပြသထားသော ပုံသေဈေးနှုန်းဖြင့် ရောင်းချမည့် ကျောက်မျက်၊ ကျောက်စိမ်း အချောထည်များ၊ လက်ဝတ်ရတနာများ၊ ကျောက်စိမ်းရုပ်တုနှင့် ကျောက်ကပ်ပန်းချီအရောင်းဆိုင်များကိုလည်းကောင်း၊ ခန်းမကြီးပရဝဏ်တွင် ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက် အရိုင်းတုံးများ၊ ကျောက်စိမ်းအထည် ကျောက်အရိုင်းတုံးများ၊ ကျောက်စိမ်းအသားကျောက် အရိုင်းတုံးများကိုလည်းကောင်း၊ ကျောက်မျက်ရတနာခန်းမ အပေါ်ဆုံးထပ်ရှိ ကျောက်မျက်အတွဲများ၊ ကျောက်စိမ်းအတွဲများနှင့် ပုလဲအတွဲများကိုလည်းကောင်း၊ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ ယင်းနောက် အတွင်းရေးမှူး (၁) က လိုအပ်သည်များ မှာကြားကာ နံနက်ပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

မတ်လ ၁၁ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းဖြန့်ချိရေးကော်မတီဝင်များဖြစ်ကြသော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် သတင်းနှင့် စာနယ်ဇင်း

လုပ်ငန်း ညွှန်ကြားရေးမှူး (သတင်း) ဦးလှထွန်း၊ မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်း နာယက ဦးစိန်ဝင်း၊ ဥက္ကဋ္ဌ ဦးစပ် ကိုင်ဖနှင့် ပြည်တွင်းပြည်ပ သတင်းစာဆရာများ ကြည့်ရှုလေ့ လာကြသည်။

အဆိုပါအဖွဲ့ဝင်များအား ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။ မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ခင်းကျင်းပြသထားသော မြန်မာဗွီအီးအက်စ် ဖက်စပ်ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သော လက်ဝတ်ရတနာများ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်လုပ်သည့် ပုံသေဈေးနှုန်းဖြင့် ရောင်းမည့် ကျောက်မျက်များအပါအဝင် ပြပွဲပါ ပြကွက်အားလုံးကို လိုက်လံပြသသည်။

ထို့နောက် သတင်းစာဆရာများအဖွဲ့ကို ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ၃၇ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ ခင်းကျင်းပြသရောင်းချရေးနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပသည်။ ထို့နောက် ပြပွဲကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးက ရှင်းလင်းတင်ပြရာ ယခုရတနာပြပွဲတွင် အရည်အသွေးကောင်းသည့် ကျောက်စိမ်းများ ယခင်ပြပွဲများထက် ပိုများကြောင်း၊ ကျောက်စိမ်းများ အရည်အသွေးသာမက အရေအတွက်လည်း များကြောင်း၊ ၁၉၉၉ ခုနှစ်၊ နှစ်လယ်ပြပွဲတွင် တစ်တွဲလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀၀ နှင့်အထက် ကျောက်စိမ်းအရိုင်း ၁၂ တွဲသာ ပါဝင်တင်ပြရောင်းချခဲ့ရာမှ ယခုပြပွဲတွင် ကျောက်စိမ်း အရိုင်း ၂၆ တွဲအထိ ပါဝင်တင်ပြ ရောင်းချသွားမည်ဖြစ်ကြောင်း၊ ၁၉၉၉ ခုနှစ်၊ နှစ်လယ်ပြပွဲတွင် ထည်လုံးစိမ်း ကျောက်စိမ်း အတွဲ ၅၀ သာ တင်ပြရောင်းချခဲ့ရာမှ ယခုပြပွဲတွင် ထည်လုံး စိမ်း ကျောက်စိမ်းအတွဲ ၈၂ တွဲ ရောင်းချသွားမည်ဖြစ်ကြောင်း ရှင်းပြသည်။

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံခြားငွေ တိုးတက်ရရှိရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

မတ်လ ၁၃ ရက်နေ့တွင် ၃၇ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသမှုများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ စစ်သံမှူးများနှင့် ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များသည် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သွားရောက်လေ့လာကြသည်။

မတ်လ ၁၃ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျောက်စိမ်းအရိုင်းတုံးအတွဲများ၊ ကျောက်မျက်များ၊ ပုလဲအတွဲများကို ဈေးပြိုင်စနစ်၊ တင်ဒါစနစ်များဖြင့် ရောင်းချသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများ၊ ကျောက်စိမ်းရုပ်ထွင်းရုပ်တုများ၊ လက်ဝတ်ရတနာများကို သတ်မှတ်ဈေးနှုန်းများဖြင့် ရောင်းချသည်။ ပြည်ပနိုင်ငံပေါင်း ၁၁ နိုင်ငံရှိ ကုမ္ပဏီပေါင်း ၁၈၂ ခုမှ ရတနာကုန်သည် ၄၃၈ ဦး၊ ပြည်တွင်းကုမ္ပဏီ ၆၇ မှ ရတနာကုန်သည် ၁၈၃ ဦး၊ စုစုပေါင်း ရတနာကုန်သည် ၆၂၁ ဦးတို့က ကျောက်မျက်ရတနာများကို ဝယ်ယူကြသည်။

မတ်လ ၁၅ ရက်နေ့ နံနက် ၁၀ နာရီခွဲတွင် အစိုးရအဖွဲ့ ဒုတိယဝန်ကြီးချုပ်များ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်းတို့သည် ၃၇ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ သွားရောက်ကြည့်ရှု အားပေးကြသည်။

၃၇ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချရသော ကျောက်မျက်ရတနာများ ရောင်းရငွေမှာ အောက်ပါအတိုင်းဖြစ်သည်–

| | (အမေရိကန်ဒေါ်လာ) |
|---|---|
| ကျောက်မျက်ရတနာများရောင်းရငွေ | ၇,၆၅၉,၈၀၀ |
| ကျောက်စိမ်းတွဲများရောင်းရငွေ | ၁၆,၃၁၀,၁၈၄ |
| ပုလဲအတွဲများရောင်းရငွေ | ၁၈၁,၂၃၇ |
| ကျောက်စိမ်းရုပ်ထွင်း ရုပ်တုရောင်းရငွေ | ၅,၄၆၂ |
| လက်ဝတ်ရတနာများရောင်းရငွေ | ၁၄,၀၂၄ |
| စုစုပေါင်း | ၂၄,၁၇၀,၇၀၇ |

၂၀၀၀ ပြည့်နှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို အောက်တိုဘာလ ၃ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကျင်းပသည်။ ၁၉၉၂ ခုနှစ်မှစ၍ နှစ်လယ်ကျောက်မျက် ပြပွဲများကို ကျင်းပခဲ့ရာ ယခုအကြိမ်သည် ၉ ကြိမ်မြောက်

ပြပွဲဖြစ်သည်။ ဤပြပွဲ၏ ထူးခြားချက်မှာ ကျောက်စိမ်းအရိုင်းတုံးများနှင့် မိုင်းရှူးကျောက်မျက် အရိုင်းတုံးများ ရောင်းချရန် စီစဉ်ထားသည်။ မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းသည် နိုင်ငံတော် နှင့် နိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီများ၏ ထုတ်လုပ်ရောင်းချမှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် အကျိုးတူဆောင်ရွက်လျက်ရှိသည်။

မိုင်းရှူးကျောက်မျက်ရတနာ အရိုင်းတုံးများ၊ ထည်လုံးစိမ်း ကျောက်စိမ်းသမား ကျောက်စိမ်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ မိုးကုတ်ကျောက်မျက်တူးဖော်ရေး စခန်းမှ ထွက်သော ကျောက်မျက်ရတနာများ၊ ထည်လုံးစိမ်းမှော် နှင့် ဆက်စပ်လျက်ရှိသော မှော်ကျွန်မှော်မှ ထွက်သည့် ကျောက်စိမ်းတွဲများ ရောင်းချမည်ဖြစ်သည်။ ရောင်းချရန် လျာထားသည့် အခြားထူးခြားချက်မှာ ဦးအောင်ခင်နှင့် နိုင်ငံတော်ဖက်စပ်ပိုင်ဆိုင်သည့် ၁ ဒသမ ၅ တန်ခန့် လေးသော ကျောက်စိမ်းတုံးကြီးကို တန်ဖိုးသတ်မှတ်၍ ရောင်းချမည်ဖြစ်သည်ဟု ပြပွဲကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးက သတင်းစာ ရှင်းလင်းပွဲတွင် ရှင်းပြသည်။ သတင်းစာရှင်းလင်းပွဲ ကို ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် ကျင်းပ ပြုလုပ်သည်။

၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ မွန်းလွဲပိုင်း တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) နှင့် တာဝန်ရှိသူများသည် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲတွင် ပြသရောင်းချမည့် ကျောက်မျက် ရတနာများ ခင်းကျင်းထားမှုကို သွားရောက်ကြည့်ရှုစစ်ဆေး သည်။

၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလ ၆ ရက်မှ ၁၀ ရက်နေ့ အထိ ကျောက်မျက်ရတနာများ၏ ကျောက်စိမ်းအရိုင်းတုံးအတွဲ များ၊ ပုလဲအတွဲများ၊ ကျောက်စိမ်းရုပ်တုရုပ်ထွင်းများ၊ လက်ဝတ် တန်ဆာရတနာကို ဈေးပြိုင်စနစ်၊ တင်ဒါစနစ်၊ သတ်မှတ်ဈေး နှုန်း စနစ်တို့ဖြင့် ရောင်းချသည်။

ပြည်ပနိုင်ငံ ၁၄ နိုင်ငံရှိ ကုမ္ပဏီပေါင်း ၁၂၇ မှ ရတနာ ကုန်သည် ၃၆၉ ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၁၁၀ မှ ရတနာ ကုန်သည် ၂၉၀ ဦး စုစုပေါင်း ရတနာကုန်သည် ၆၅၉ ဦး လာရောက်ကြည့်ရှုလေ့လာပြီး မြန်မာ့ကျောက်မျက်များကို ဝယ်ယူအားပေးကြသည်။

နှစ်လယ် ကျောက်မျက်ရတနာပြပွဲတွင် ရောင်းရငွေမှာ အောက်ပါအတိုင်းဖြစ်သည်–

(အမေရိကန်ဒေါ်လာ)

| | |
|---|---|
| ကျောက်မျက်ရတနာရောင်းရငွေ | ၁၁,၉၄၃,၁၂၇ |
| ကျောက်စိမ်းတွဲရောင်းရငွေ | ၄,၄၆၄,၆၇၂ |
| ပုလဲအတွဲရောင်းရငွေ | ၁၀၉,၄၄၂ |
| ကျောက်စိမ်းရုပ်ထွင်း ရုပ်တုရောင်းရငွေ | ၄,၇၈၀ |
| လက်ဝတ်ရတနာရောင်းရငွေ | ၈,၉၆၉ |
| စုစုပေါင်း | ၁၆၅၃၁,၁၉၀ |

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပမှ ရတနာကုန်သည် ၃၆၉ ဦး ရောက်ရှိကြရာ နိုင်ငံသားပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားမှ ရတနာကုန်သည်များနှင့် တွေ့ဆုံပြီး ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းများ ကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့သည်။ နိုင်ငံခြားရှိ ကျောက်မျက် ရတနာဈေးကွက်ကို လေ့လာနိုင်ရန် ဈေးကွက်စီးပွားရေး စနစ်နှင့် အညီ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် နိုင်ငံသား ပုဂ္ဂလိက ကျောက်မျက်ရတနာများထုတ်လုပ် ရောင်းချမှု အပေါ် အကျိုးတူဆောင်ရွက်သည့် လုပ်ငန်းမှ ထွက်ရှိလာ သည့် ကျောက်စိမ်း၊ ကျောက်မျက်များတင်ပြ ရောင်းချနိုင်ခဲ့ သည်။ ထို့အပြင် မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် ပုဂ္ဂလိက ကျောက်မျက် ရတနာလုပ်ငန်းရှင်များ၏ ကျောက်စိမ်းများ၊ ကျောက်မျက် များကိုပါ တင်ပြရောင်းချ နိုင်ခဲ့ပေသည်။

ကျော်ဖုန်းမြင့် (ဓာတုဗေဒ)

ကျောက်မျက်ရတနာပြပွဲများတွင် မြန်မာ့ကျောက်မျက်ရတနာများ ရောင်းရငွေများ

| စဉ် | အကြိမ်/ခုနှစ် | ပြည်ပကုမ္ပဏီများ | | | ပြည်တွင်းကုမ္ပဏီများ | | ရောင်းရငွေများ | | | အမေရိကန်ဒေါ်လာ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံ | ကုမ္ပဏီ | တက်ရောက်သူ | ကုမ္ပဏီ | တက်ရောက်သူ | ကျောက်မျက် | ကျောက်စိမ်းတွဲ | ပုလဲအတွဲ | ကျောက်စိမ်းရုပ်တု | လက်ဝတ်ရတနာ | စုစုပေါင်း |
| ၁ | ပ ကြိမ်ပြပွဲ၊ ၁၉၆၄ ဒီဇင်ဘာ | ၁၄ | ၁၅၀ | ၁၉၂ | - | - | ၄၄၈၀၅ | ၃၉၅၄၅ | ၃၆၁၄၃၃ | - | - | ၄၄၅၇၈၃ |
| ၂ | ဒု ကြိမ်ပြပွဲ၊ ၁၉၆၅ အောက်တိုဘာ | ၁၁ | ၈၉ | ၉၄ | - | - | ၂၉၃၆၀၀ | ၄၆၉၉၈၅ | ၁၄၇၆၆၁၃ | - | - | ၂၂၄၀၁၉၈ |
| ၃ | တ ကြိမ်ပြပွဲ၊ ၁၉၆၆ အောက်တိုဘာ | ၇ | ၉၃ | ၁၂၈ | - | - | ၂၁၈၆၂၆ | ၂၂၆၂၉၉ | ၁၃၆၁၄၁၈ | - | - | ၁၈၀၆၃၄၃ |
| ၄ | စ ကြိမ်ပြပွဲ၊ ၁၉၆၈ မတ် | ၉ | ၈၆ | ၁၂၂ | - | - | ၈၀၈၈၀ | ၃၆၆၈၅၂ | ၁၂၈၅၀၁၄ | - | - | ၁၇၃၂၇၄၆ |
| ၅ | ပဉ္စ ကြိမ်ပြပွဲ၊ ၁၉၆၉ မတ် | ၁၄ | ၁၂၇ | ၁၇၈ | - | - | ၃၃၁၉၄၅ | ၉၂၃၉၆ | ၁၀၇၁၉၈၂ | ၄၂၁၀ | ၆၇၂၁၈ | ၂၄၂၇၇၅၁ |
| ၆ | ဆဋ္ဌ ကြိမ်ပြပွဲ၊ ၁၉၇၀ ဖေဖော်ဝါရီ | ၁၀ | ၈၄ | ၁၂၈ | - | - | ၁၆၁၅၁၅ | ၆၃၃၀၈၀ | ၇၂၇၁၄၄ | ၈၁၄၀ | ၂၁၇၅၇ | ၁၅၅၁၆၁၃၆ |
| ၇ | သတ္တ ကြိမ်ပြပွဲ၊ ၁၉၇၁ ဖေဖော်ဝါရီ | ၁၂ | ၁၃၈ | ၁၉၁ | - | - | ၁၅၃၅၇၈ | ၁၉၆၃၇၀၁ | ၄၇၉၇၃၃ | ၁၇၆၇၁ | ၂၄၇၈၄ | ၂၆၃၉၄၆၇ |
| ၈ | အဋ္ဌ ကြိမ်ပြပွဲ၊ ၁၉၇၂ မတ် | ၁၂ | ၁၁၈ | ၁၈၁ | - | - | ၁၄၈၃၉၈ | ၁၆၈၉၁၁၁ | ၃၈၂၂၅၀ | ၁၁၈၈၀ | ၃၅၇၂၈ | ၂၂၆၇၃၆၇ |
| ၉ | နဝ ကြိမ်ပြပွဲ၊ ၁၉၇၃ ဖေဖော်ဝါရီ | ၁၂ | ၁၃၄ | ၂၁၉ | - | - | ၂၈၀၈၄၉ | ၄၃၀၆၆၂၄ | ၁၂၄၆၉၉၉ | ၆၀၀၂၅ | ၇၆၄၂၈ | ၅၇၉၀၉၂၅ |
| ၁၀ | ကျောက်မျက်အထူးပြပွဲ၊ ၁၉၇၃ ဩဂုတ် | ၉ | ၁၁၈ | ၁၉၁ | - | - | - | ၅၂၆၆၈၃၆ | ၄၇၀၁၁၇ | ၁၄၉၀၁၀ | ၆၄၅၉၈ | ၅၉၅၀၅၆၁ |
| ၁၁ | ၁၀ ကြိမ်ပြပွဲ၊ ၁၉၇၄ ဖေဖော်ဝါရီ | ၁၂ | ၁၂၁ | ၁၉၇ | - | - | ၂၅၃၅၄၄ | ၃၁၅၂၄၄၃ | ၉၇၆၉၀၅ | ၁၅၇၈၅ | ၂၇၄၆၂ | ၄၄၂၆၁၃၉ |
| ၁၂ | ၁၁ ကြိမ်ပြပွဲ၊ ၁၉၇၅ ဖေဖော်ဝါရီ | ၁၃ | ၁၀၇ | ၁၆၄ | - | - | ၂၂၄၇၄၉ | ၆၅၅၃၁၃ | ၁၁၅၂၆၆၈ | ၁၄၂၄၀ | ၇၈၅၈၆ | ၂၁၂၅၅၅၆ |
| ၁၃ | ၁၂ ကြိမ်ပြပွဲ၊ ၁၉၇၆ ဖေဖော်ဝါရီ | ၁၅ | ၁၀၁ | ၁၇၀ | - | - | ၂၇၁၅၉၀ | ၁၃၃၅၄၃၀ | ၂၁၀၆၅၄၉ | ၃၂၀၈၈ | ၉၃၀၃၃ | ၃၈၃၈၆၉၀ |
| ၁၄ | ၁၄ ကြိမ်ပြပွဲ၊ ၁၉၇၇ ဖေဖော်ဝါရီ | ၁၄ | ၁၃၂ | ၂၁၆ | - | - | ၁၄၉၅၈၉ | ၁၉၇၂၁၅၄ | ၂၉၃၈၁၂၄ | ၁၉၂၇၅ | ၁၀၉၀၁၃ | ၅၁၈၈၄၅၅ |
| ၁၅ | ၁၅ ကြိမ်ပြပွဲ၊ ၁၉၇၈ ဇန်နဝါရီ | ၁၇ | ၁၇၃ | - | - | - | ၂၀၂၆၂၃ | ၂၂၂၃၀၁၁ | ၄၁၈၆၇၅၇ | ၄၆၁၅ | ၁၅၈၈၆၃ | ၆၇၇၅၈၆၉ |
| ၁၆ | ၁၆ ကြိမ်ပြပွဲ၊ ၁၉၇၉ ဖေဖော်ဝါရီ | ၁၇ | ၂၁၂ | ၃၂၄ | - | - | ၂၈၀၈၃၉ | ၂၁၈၅၆၀၉ | ၃၄၃၂၀၂၀ | ၂၃၄၀၀ | ၃၄၃၄၀၄ | ၆၂၆၅၇၂ |
| ၁၇ | ၁၇ ကြိမ်ပြပွဲ၊ ၁၉၈၀ ဖေဖော်ဝါရီ | ၁၄ | ၁၃၄ | ၂၃၂ | - | - | ၂၂၉၄၃၃ | ၂၂၃၉၂၆၈ | ၃၆၃၅၅၃၅ | ၈၉၈၂၇ | ၂၆၄၆၆၄ | ၆၄၅၈၇၂၇ |
| ၁၈ | ၁၈ ကြိမ်ပြပွဲ၊ ၁၉၈၁ ဖေဖော်ဝါရီ | ၁၆ | ၁၂၃ | ၂၂၉ | - | - | ၄၄၇၃၁၆ | ၂၆၈၇၈၅၅ | ၃၆၆၆၇၄၉ | ၁၅၆၅၉ | ၂၅၀၅၅၂ | ၇၀၆၈၁၃၁ |

ကျောက်မျက်ရတနာပြပွဲများတွင် မြန်မာ့ကျောက်မျက်ရတနာများ ရောင်းရငွေများ


| စဉ် | အကြိမ်/ခုနှစ် | ပြည်ပကုမ္ပဏီများ | | | ပြည်တွင်းကုမ္ပဏီများ | | ရောင်းရငွေများ (အမေရိကန်ဒေါ်လာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံ | ကုမ္ပဏီ | တက်ရောက်သူ | ကုမ္ပဏီ | တက်ရောက်သူ | ကျောက်မျက် | ကျောက်စိမ်းတွဲ | ပုလဲအတွဲ | ကျောက်စိမ်းရုပ်တု | လက်ဝတ်ရတနာ | စုစုပေါင်း |
| ၁၉ | ၁၉ ကြိမ်ပြပွဲ၊ ၁၉၈၂ ဖေဖော်ဝါရီ | ၁၆ | ၁၂၀ | ၂၃၉ | – | – | ၅၃၈၇၆၇ | ၂၀၆၀၄၃၉ | ၂၄၀၀၃၃၉ | ၂၀၈၀၀ | ၃၄၂၆၆၂ | ၅၃၆၃၀၀၇ |
| ၂၀ | ၂၀ ကြိမ်ပြပွဲ၊ ၁၉၈၃ ဖေဖော်ဝါရီ | ၁၂ | ၁၁၇ | ၂၅၅ | – | – | ၅၂၇၇၈၂ | ၅၀၅၅၁၀၄ | ၂၈၂၈၅၉၀ | ၁၁၅၈၁၆ | ၂၆၅၉၁၁ | ၈၇၉၃၂၀၃ |
| ၂၁ | ၂၁ ကြိမ်ပြပွဲ၊ ၁၉၈၄ ဖေဖော်ဝါရီ | ၁၅ | ၁၅၈ | ၃၇၀ | – | – | ၂၄၀၀၁၂ | ၁၄၅၆၃၂၂ | ၂၉၇၂၅၄၈ | ၂၂၄၁၇ | ၂၀၈၄၄၉ | ၄၈၉၉၇၄၈ |
| ၂၂ | ၂၂ ကြိမ်ပြပွဲ၊ ၁၉၈၅ ဖေဖော်ဝါရီ | ၁၆ | ၁၉၂ | ၃၇၀ | – | – | ၃၂၄၉၂၀ | ၅၄၉၂၁၅၇ | ၃၂၀၂၈၈၁ | ၁၄၇၀၈၈ | ၁၆၆၁၁၀ | ၉၃၃၃၀၇၆ |
| ၂၃ | ၂၃ ကြိမ်ပြပွဲ၊ ၁၉၈၆ ဖေဖော်ဝါရီ | ၁၅ | ၂၀၂ | ၄၁၅ | – | – | ၂၄၇၉၉၈ | ၃၂၄၄၄၁၇ | ၃၇၂၀၀၄၆ | ၇၄၇၁၆ | ၂၁၁၀၀၅ | ၇၄၉၈၁၈၂ |
| ၂၄ | ၂၄ ကြိမ်ပြပွဲ၊ ၁၉၈၆ နိုဝင်ဘာ | ၁၆ | ၁၇၅ | ၃၁၈ | – | – | ၂၈၈၄၃၃ | ၄၄၃၂၀၆၁ | ၁၄၆၃၈၅၃ | ၂၆၇၁၃ | ၁၄၂၆၉၅ | ၆၃၅၃၇၅၅ |
| ၂၅ | ၂၅ ကြိမ်ပြပွဲ၊ ၁၉၈၇ နိုဝင်ဘာ | ၁၅ | ၂၀၄ | ၃၉၆ | – | – | ၅၄၀၈၂၁ | ၆၈၁၂၀၅၂ | ၁၇၀၁၅၁၂ | ၃၉၄၆၇ | ၁၉၀၅၃၈ | ၉၂၈၄၃၉၀ |
| ၂၆ | ၂၆ ကြိမ်ပြပွဲ၊ ၁၉၈၉ မတ် | ၁၅ | ၁၉၃ | ၃၃၉ | – | – | ၈၇၅၀၉၈ | ၅၄၀၉၃၆၉ | ၄၇၄၈၄၄၁ | ၁၀၄၅၅၁ | ၁၄၂၇၅၀ | ၁၁၂၈၀၂၀၉ |
| ၂၇ | ၂၇ ကြိမ်ပြပွဲ၊ ၁၉၉၀ ဖေဖော်ဝါရီ | ၁၅ | ၃၀၂ | ၄၈၄ | – | – | ၁၈၂၆၃၀၂ | ၇၂၃၇၉၇၃ | ၅၁၅၉၁၉၅ | ၁၀၅၇၀၅ | ၅၁၀၇၁၆ | ၁၄၈၃၉၈၉၁ |
| ၂၈ | ၂၈ ကြိမ်ပြပွဲ၊ ၁၉၉၁ ဇန်နဝါရီ | ၁၈ | ၂၈၈ | ၄၈၈ | – | – | ၁၃၀၈၄၄၁ | ၆၉၃၇၄၇၅ | ၂၉၄၀၇၆၇ | ၇၇၈၈၇ | ၂၂၆၇၅၉ | ၁၁၄၉၁၃၂၉ |
| ၂၉ | ၂၉ ကြိမ်ပြပွဲ၊ ၁၉၉၂ ဖေဖော်ဝါရီ | ၁၉ | ၂၅၂ | ၅၈၅ | – | – | ၂၇၈၉၇၁၆ | ၄၅၂၄၃၁၃ | ၉၉၄၉၈၂ | ၁၀၂၄၂၄ | ၃၅၉၉၆၂ | ၈၇၇၁၃၉၇ |
| ၃၀ | နှစ်လယ်ပြပွဲ၊ ၁၉၉၂ အောက်တိုဘာ | ၁၅ | ၃၂၉ | ၅၈၂ | – | – | ၁၇၆၄၀၈၃ | ၆၃၇၁၇၅၆ | ၄၆၉၄၃၁ | ၆၆၂၁၇ | ၂၂၉၀၃၈ | ၈၉၀၀၅၂၅ |
| ၃၁ | ၃၀ ကြိမ်ပြပွဲ၊ ၁၉၉၃ ဖေဖော်ဝါရီ | ၁၆ | ၃၁၈ | ၆၅၆ | – | – | ၁၃၀၀၅၉၄ | ၁၂၁၂၈၇၉၃ | ၆၄၂၂၅၅ | ၁၁၆၅၃၂ | ၄၇၉၅၄၀ | ၁၄၆၆၇၇၁၄ |
| ၃၂ | နှစ်လယ်ပြပွဲ၊ ၁၉၉၃ အောက်တိုဘာ | ၁၈ | ၁၈၆ | ၅၂၁ | – | – | ၇၄၄၄၅၆၆ | ၅၆၅၅၉၂၃ | ၆၆၅၁၈၀ | ၆၉၆၀၂ | ၆၉၈၀၂၄ | ၁၄၅၃၃၂၉၅ |
| ၃၃ | ကျောက်စိမ်းအထူးရောင်းပွဲ၊ ၁၉၉၃ ဒီဇင်ဘာ | ၇ | ၉၀ | ၉၇ | – | – | – | ၃၉၀၇၆၈ | – | ၇၆၆၀ | – | ၃၉၈၄၂၈ |
| ၃၄ | ၃၁ ကြိမ်ပြပွဲ၊ ၁၉၉၄ မတ် | ၁၉ | ၂၃၈ | ၆၀၈ | – | – | ၁၉၄၄၆၃၄ | ၅၇၀၆၃၆၆ | ၄၁၃၀၃၄ | ၁၄၁၅၁၄ | ၂၈၃၆၄၈ | ၈၄၈၉၁၉၆ |
| ၃၅ | ကျောက်စိမ်းအထူးရောင်းပွဲ၊ ၁၉၉၄ ဂျူလိုင် | ၆ | ၈၂ | ၈၄ | – | – | – | ၉၈၅၈၉၂ | – | ၁၈၁၃၇ | – | ၁၀၀၄၀၂၉ |
| ၃၆ | နှစ်လယ်ပြပွဲ၊ ၁၉၉၄ အောက်တိုဘာ | ၂၀ | ၁၇၃ | ၄၉၂ | – | – | ၉၅၂၅၀၅ | ၄၃၄၉၁၆၆ | ၂၈၆၁၀၁ | ၁၀၃၁၁၂ | ၃၅၆၅၂၈ | ၆၀၄၇၄၁၂ |

ကျောက်မျက်ရတနာပြပွဲများတွင် မြန်မာ့ကျောက်မျက်ရတနာများ ရောင်းရငွေများ

| စဉ် | အကြိမ်/ခုနှစ် | ပြည်ပကုမ္ပဏီများ | | | ပြည်တွင်းကုမ္ပဏီများ | | ရောင်းရငွေများ | | | | | အမေရိကန်ဒေါ်လာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံ | ကုမ္ပဏီ | တက်ရောက်သူ | ကုမ္ပဏီ | တက်ရောက်သူ | ကျောက်မျက် | ကျောက်စိမ်းတုံး | ပုလဲအတွဲ | ကျောက်စိမ်းရုပ်တု | လက်ဝတ်ရတနာ | စုစုပေါင်း |
| ၃၇ | ကျောက်စိမ်းအထူးရောင်းပွဲ၊ ၁၉၉၄ ဒီဇင်ဘာ | ၅ | ၇၆ | ၇၀ | – | – | – | ၁၁၀၄၈၅၀ | – | ၁၄၈၆၉ | – | ၁၁၁၉၇၁၉ |
| ၃၈ | ၃၂ ကြိမ်ပြပွဲ၊ ၁၉၉၅ မတ် | ၁၅ | ၂၇၇ | ၆၂၆ | – | – | ၇၈၇၈၃၄ | ၅၅၃၉၉၅၆ | ၅၄၆၅၀၅ | ၁၅၅၅၃၀ | ၁၆၁၇၃၃ | ၇၁၉၁၅၅၈ |
| ၃၉ | ကျောက်စိမ်းအထူးရောင်းပွဲ၊ ၁၉၉၅ ဂျူလိုင် | ၆ | ၈၅ | ၁၄၄ | – | – | – | ၁၇၈၃၂၇၅ | – | ၁၆၁၅၂ | – | ၁၇၉၉၄၂၇ |
| ၄၀ | နှစ်လယ်ပြပွဲ၊ ၁၉၉၅ အောက်တိုဘာ | ၁၄ | ၁၆၁ | ၄၁၂ | – | – | ၃၆၁၆၃၃ | ၄၂၇၆၁၈၃ | ၆၄၅၉၄၁ | ၅၆၄၇၄ | ၁၅၈၃၄၀ | ၅၄၉၈၅၇၁ |
| ၄၁ | ကျောက်စိမ်းအထူးရောင်းပွဲ၊ ၁၉၉၅ ဒီဇင်ဘာ | ၇ | ၈၇ | ၁၃၇ | – | – | – | ၁၉၄၃၅၂၉ | – | ၁၁၁၇ | – | ၁၉၄၄၆၄၆ |
| ၄၂ | ၃၃ ကြိမ်ပြပွဲ၊ ၁၉၉၆ မတ် | ၁၆ | ၂၆၀ | ၄၇၃ | – | – | ၅၃၄၀၁၃ | ၄၄၀၀၃၃၃ | ၆၄၂၄၅၄ | ၇၁၂၄၃ | ၁၁၂၃၅၈ | ၅၇၆၀၄၀၁ |
| ၄၃ | ကျောက်စိမ်းအထူးရောင်းပွဲ၊ ၁၉၉၆ ဂျူလိုင် | ၅ | ၇၀ | ၁၂၁ | – | – | – | ၁၄၈၇၉၈၆ | – | ၁၃၉၂၅ | – | ၁၅၀၁၉၁၁ |
| ၄၄ | နှစ်လယ်ပြပွဲ၊ ၁၉၉၆ အောက်တိုဘာ | ၁၅ | ၁၄၅ | ၃၂၁ | – | – | ၇၉၀၉၇၇ | ၁၇၆၂၆၁၅ | ၇၀၁၇၀၆ | ၄၁၃၁၀ | ၄၈၇၈၃ | ၃၃၄၅၄၃၁ |
| ၄၅ | ၃၄ ကြိမ်ပြပွဲ၊ ၁၉၉၇ မတ် | ၁၄ | ၁၆၈ | ၃၆၈ | ၆၈ | ၁၄၅ | ၂၀၁၈၂၇၈ | ၁၇၅၁၂၀၉ | ၁၀၁၄၆၃၂ | ၃၁၈၅၀ | ၇၇၄၁၅ | ၄၈၉၃၃၈၆ |
| ၄၆ | နှစ်လယ်ပြပွဲ၊ ၁၉၉၇ အောက်တိုဘာ | ၁၅ | ၁၂၀ | ၃၁၉ | ၈၂ | ၁၄၉ | ၁၅၃၄၆၆၃ | ၁၈၄၅၈၁၃ | ၁၀၄၇၈၃၄ | ၁၃၆၇၄ | ၆၂၉၁၇ | ၄၅၀၄၉၀၁ |
| ၄၇ | ၃၅ ကြိမ်ပြပွဲ၊ ၁၉၉၈ မတ် | ၁၁ | ၁၅၀ | ၂၉၀ | ၆၆ | ၁၅၀ | ၃၇၉၅၁၀ | ၂၀၃၈၉၁၂ | ၆၁၀၃၉၅ | ၁၁၂၉၅ | ၁၁၆၂၂၅ | ၃၁၅၆၃၃၇ |
| ၄၈ | နှစ်လယ်ပြပွဲ၊ ၁၉၉၉ အောက်တိုဘာ | ၁၆ | ၁၄၀ | ၂၄၈ | ၆၀ | ၁၃၀ | ၁၂၇၃၂၃၉ | ၂၂၇၁၃၉၇ | ၆၉၈၁၉၁ | ၂၁၁၈၈ | ၂၁၆၈၁ | ၄၂၈၅၆၉၆ |
| ၄၉ | ၃၆ ကြိမ်ပြပွဲ၊ ၁၉၉၉ မတ် | ၁၈ | ၁၆၀ | ၃၆၄ | ၆၉ | ၁၃၆ | ၁၀၆၁၇၉၇ | ၄၉၉၁၅၁၀ | ၂၂၇၈၇၂ | ၄၆၁၈ | ၂၃၆၇၃ | ၆၃၀၉၄၇၀ |
| ၅၀ | နှစ်လယ်ပြပွဲ၊ ၁၉၉၉ အောက်တိုဘာ | ၁၂ | ၁၄၂ | ၃၉၂ | ၈၅ | ၁၆၁ | ၁၄၀၄၂၆၆ | ၅၂၃၇၀၇၈ | ၂၈၉၇၁၂ | ၉၆၄၉ | ၆၈၆၀၆ | ၇၀၀၉၃၁၁ |
| ၅၁ | ၃၇ ကြိမ်ပြပွဲ၊ ၂၀၀၀ မတ် | ၁၁ | ၁၈၂ | ၄၃၈ | ၈၇ | ၁၈၃ | ၇၆၅၉၈၀၀ | ၁၆၃၁၀၁၈၄ | ၁၈၁၂၃၇ | ၅၄၆၂ | ၁၄၀၂၄ | ၂၄၁၇၀၇၀၇ |
| ၅၂ | နှစ်လယ်ပြပွဲ၊ ၂၀၀၀ အောက်တိုဘာ | ၁၄ | ၁၂၇ | ၃၆၉ | ၁၁၀ | ၂၉၀ | ၁၁၉၄၃၁၂၇ | ၄၄၆၄၈၇၂ | ၁၀၉၄၄၂ | ၄၇၈၀ | ၈၉၆၉ | ၁၆၅၃၁၁၉၀ |






HEROIN

# မူးယစ်ဆေးဝါးနှင့် ယနေ့လူငယ်

လူသားတစ်ရပ်လုံးအား ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိသော မူးယစ်ဆေးဝါးပြဿနာမှာ တစ်နေ့ထက်တစ်နေ့ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပျံ့နှံ့တိုးပွားလာနေပေသည်။ နိုင်ငံတကာနယ်ပယ်တွင် လွန်စွာစိုးရိမ်မကင်း ဖြစ်နေရသော ပြဿနာတစ်ရပ်မှာလည်း မူးယစ်ဆေးစွဲခြင်းပင်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂမူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်မှ ကျွမ်းကျင်သူပညာရှင်များ၏ ခန့်မှန်းလေ့လာထားချက်အရ ဆိုလျှင် မူးယစ်ဆေးဝါးမှီဝဲသုံးစွဲနေသူအားလုံး၏ ၈၀ ရာခိုင်နှုန်းခန့်မှာ လူငယ်လူရွယ်များဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် နောင်တစ်ခေတ်တွင် နိုင်ငံ့တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ကြမည့်လူငယ်လူရွယ်များအတွင်း ပျံ့နှံ့လျက်ရှိသော မူးယစ်ဆေးဝါးအန္တရာယ်ကို အချိန်မီတားဆီးကာကွယ်ရန်မှာ ဦးစားပေးရမည့်တာဝန်တစ်ရပ်ဖြစ်လာသည်။ နိုင်ငံအသီးသီးတွင် ဤမူးယစ်ဆေးဝါးအန္တရာယ်အား မိမိတို့လူမျိုးအလိုက် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများအပေါ် အခြေခံပြီး သင့်လျော်သော တားဆီးကာကွယ်ရေးလုပ်ငန်းများကို ချမှတ်ဆောင်ရွက်နေသလို ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း မူးယစ်ဆေးဝါးအန္တရာယ် တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိနေပေသည်။ ခန္ဓာကိုယ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုး များသာမက လူမှုရေးပိုင်းဆိုင်ရာပြဿနာမျိုးစုံကို ပေးတတ်သော မူးယစ်ဆေးစွဲအန္တရာယ်အား လူငယ်လူရွယ်များအတွင်း မပျံ့နှံ့စေဖို့ ကြိုတင်တားဆီး ကာကွယ်ရေးအပိုင်းတွင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးဆိုင်ရာ ကျန်းမာရေး၊ ပညာရေးကဏ္ဍသည် အလွန်အားထားရပြီး အရေးပါ အရာရောက်ကြောင်း တင်ပြလိုပါသည်။

## မူးယစ်ဆေးဝါးနှင့် ကမ္ဘာ့နောက်ခံသမိုင်း


ကမ္ဘာ့သမိုင်း ခေတ်ဦးအချိန်ကတည်းက အလေ့ကျပေါက်သော အရွက်အသီးအစေးများကို ယစ်ပူဇော်ပွဲများတွင် သုံးစွဲခဲ့ကြဝါသည်။ ဘီစီ (၁၄၀၀) ခန့်ကတည်းက ရှေးခေတ် အီဂျစ်လူမျိုးများသည်လည်း ဘိန်းကို နာကျင်ကိုက်ခဲမှုဝေဒနာများ သက်သာပျောက်ကင်းစေရန် သုံးစွဲခဲ့ကြသည်။ ဘိန်း၏ မူလဇာတိမြေဖြစ်သော မြေထဲပင်လယ်ဒေသမှတစ်ဆင့် ဘိန်းများကို အာရပ်ကုန်သည်များက စတင်သယ်ဆောင်ဖြန့်ဖြူးခဲ့ကြသည်။

ခရစ်နှစ်အစပိုင်းခန့်တွင် ဘိန်းကို ဝမ်းလျှော ဝမ်းပျက်ရောဂါနှင့် ဝမ်းကိုက်ရောဂါများ သက်သာပျောက်ကင်းစေသော ဆေးစွမ်းအဖြစ် ဥရောပတိုက်တွင် တွင်တွင်ကျယ်ကျယ် သုံးစွဲခဲ့ကြသည်။ အေဒီ (၈၀၀) ခန့်တွင် အိန္ဒိယနှင့် တရုတ်ပြည်သို့ ဘိန်းစတင်ရောက်ရှိခဲ့သည်။

ဘိန်းစိုက်ပျိုးသည့်လုပ်ငန်း၊ ဘိန်းရောင်းဝယ်သည့် လုပ်ငန်းများမှ ကုန်သည်များအနေဖြင့် ငွေကြေးအမြတ်အစွန်းများစွာ ရရှိခဲ့ကြသည်။ ထို့ကြောင့် ဘိန်းကို လူမှုစီးပွားရေးပြဿနာများအတွက်သာမက ကိုလိုနီနယ်ချဲ့ဝါဒ၏ ဆိုးမွေတစ်ရပ်အဖြစ် ရှုမြင်ခဲ့ရသည်။ ပင်ပန်းဆင်းရဲသူများက ဘိန်းကို အပန်းဖြေ အမောဖြေဆေးအဖြစ်သုံးစွဲခဲ့ကြသလို ငွေကြေးချမ်းသာသူများကလည်း ဖိမ်ခံဖို့ ဘိန်းရှူ ဘိန်းသောက် လုပ်ခဲ့ကြသည်။ (၁၉၀၆) ခုနှစ်တွင် တရုတ်နိုင်ငံ၌ ဘိန်းစွဲသူပေါင်းသန်း (၄၀) ခန့်အထိ ရှိခဲ့သည်။ တရုတ်အစိုးရသည် ဘိန်းဆန့်ကျင်တားဆီးရေးလုပ်ငန်းများ လုပ်ခဲ့သည့်အတွက် တရုတ်နှင့်အင်္ဂလိပ်တို့ (၁၉၃၇) ခုနှစ်ခန့်တွင် ဘိန်းစစ်ပွဲတစ်ခု ထပ်မံဖြစ်ပွားခဲ့ပြန်သည်။ ထိုစစ်ပွဲပြီးဆုံးသွားသည့်တိုင် ဘိန်းစိုက်၊ ဘိန်းရှူလုပ်ငန်းများမှာ ရပ်တန့်မသွားခဲ့ပါ။

(၁၉၃၉) ခုတွင် ဖြစ်ခဲ့သောဒုတိယကမ္ဘာစစ်အတွင်း ဘိန်းလုပ်ငန်းများ ပြတ်တောက်ရပ်ဆိုင်းသွားခဲ့သည်။ သို့သော် (၁၉၆၀) ပြည့်နှစ်များတွင် ဖြစ်ခဲ့သော ဗီယက်နမ်စစ်ပွဲ၊ ကမ္ဘောဒီးယားစစ်ပွဲ၊ ကျူးဘားစစ်ပွဲများ၏ ဆိုးမွေတစ်ရပ်အဖြစ် အမေရိကန်စစ်သားများအတွင်း ဘိန်းဖြူသုံးစွဲမှု ပျံ့နှံ့ခဲ့ကြသည်။ မူးယစ်ဆေးဝါးဘိန်းဖြူသုံးစွဲမှုကြောင့် လူမှုရေးဆိုင်ရာအတွေးအခေါ်နှင့် ခံယူချက်များ ပျက်ပြားခဲ့ကြသည်။

ထို့နောက် ကမ္ဘာပေါ်တွင် အမျိုးသမီးများသာ လွတ်လပ်ပျော်ပါးမှုအတွက်စုစည်းထားသောအသင်းအဖွဲ့များ၊ ဟစ်ပီးခေါ် အိမ်ရာမဲ့သွားလာနေထိုင်သော အကျင့်စရိုက် အုပ်စုများနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုများအပြင် ဆေးခြောက်နှင့် အယ်လ်အက်စ်ဒီ ( LSD) ဆေးပြား၊ အမ်ဖက်တမင်း


Secretary-1 Lt Gen Khin Nyunt inspecting Shwe Pyi Aye Drug Rehabilitation Centre

အတွင်းရေးမှူး (၁)
ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ရွှေပြည်အေး
မူးယစ်ဆေးစွဲသူများ
ပြန်လည်ထူထောင်ရေးစခန်းသို့
သွားရောက်ကြည့်ရှုစစ်ဆေးစဉ်

(Amphetamine) ဆေးပြားသုံးစွဲမှုများ စတင်ရေပန်းစားသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်အတူ လိင်ကိစ္စများကိုလည်း ယှဉ်တွဲအသားပေးခဲ့ကြသဖြင့် လူမှုရေးပိုင်းဆိုင်ရာ အကျင့်စာရိတ္တများ ပျက်ယွင်းခဲ့ကြသည်။

ထိုစဉ်အခါက အချို့နိုင်ငံရှိ ကလေးငယ်အတော်များများသည် လိင်ကိစ္စများ ကျူးလွန်ဖောက်ပြားခဲ့ကြသည်။ ထိုကလေးငယ်အများစုမှာ စိတ်ပိုင်းဆိုင်ရာအတွေးအခေါ်နှင့် ကိုယ်ရည်ကိုယ်သွေး ယိုယွင်းဖောက်ပြန်ခဲ့ကြသည့်အတွက် ယခုအချိန်အခါတွင် အဆိုပါကလေးငယ်များအနက်မှ အချို့ကို မူးယစ်ဆေးဝါးသုံးစွဲသူများအဖြစ် အနောက်နိုင်ငံများတွင် ထင်ထင်ရှားရှားမြင်တွေ့နေရကြောင်း သုတေသနပညာရှင်များက ထောက်ပြခဲ့ကြသည်။

၁၉၈၀ ပြည့်နှစ်များတွင် ကမ္ဘာပေါ်၌ မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်မှုများ တိုးတက်များပြားခဲ့သည်။ ကမ္ဘာအနှံ့တွင် မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှုများစွာ လုပ်ဆောင်နေသည့်တိုင် ကမ္ဘာ့နိုင်ငံအသီးသီးသို့ မူးယစ်ဆေးဝါးအန္တရာယ်မှာ ယနေ့အထိ ဆက်လက်ခြိမ်းခြောက်နေဆဲပင် ဖြစ်သည်။

## မူးယစ်ဆေးဝါးနှင့် မြန်မာ့နောက်ခံသမိုင်း

ရှေး ရှေးယခင်မြန်မာမင်းများလက်ထက်၌ ဘိန်းသုံးစွဲသူဟူ၍ မြန်မာနိုင်ငံ၌ မရှိခဲ့ပေ။ ဘိုးတော်ဘုရားနှင့် မင်းတုန်းမင်းကြီးလက်ထက်မှာ နိုင်ငံခြားမှ ခိုးသွင်းလာသော ဘိန်းများနှင့် ပတ်သက်၍ တားမြစ်အမိန့်ထုတ်ပြန်ခဲ့သည်။ မြန်မာလူမျိုးတို့၏ ဘာသာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအရ ယစ်မျိုးငါးပါးကို ရှောင်ကြဉ်လေ့ရှိကြသည်။ "ဘိန်း၊ ဘင်း၊ ကဖော်၊ လော်ဇာ၊ သောက်စားပြုသူများ စီးပွားပျက်မည်မှတ်" ဟူသော စကားချပ်ကိုသုံး၍လည်း ရှေးလူကြီးသူမများက လူငယ်လူရွယ်တွေကို ပြောဆိုရေးသား ဆုံးမသွန်သင်ခဲ့ကြသည်။

အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို (၁၈၈၅) ခုနှစ်တွင် သိမ်းပိုက်ခဲ့ပြီးနောက် မြန်မာလူမျိုးများအား သူ့ကျွန်ဘဝသာမက ဘိန်းစား၊ အရက်သမားများဘဝသို့ ရောက်စေခဲ့သည်။ အုပ်ချုပ်သူ နယ်ချဲ့အင်္ဂလိပ်အစိုးရမှာမူ နှစ်စဉ်ယစ်မျိုးခွန်များစွာ ကောက်ခံရရှိပြီးနောက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ဘက်စုံမြတ်စွန်းခဲ့သည်။ ဗြိတိသျှအစိုးရသည် (၁၈၇၈) ဘိန်းအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ဘိန်းစိုက်ပျိုးခြင်း၊ ဘိန်းခန်းဖွင့်ခြင်း၊ ဘိန်းရောင်းဝယ်ခြင်းတို့ကို တရားဝင်ခွင့်ပြုခဲ့သဖြင့် ရှမ်းပြည်နယ်၊ သံလွင်အရှေ့ခြမ်းဒေသသည် ဘိန်းစိုက်ပျိုးရာဒေသတစ်ခုအဖြစ်သို့ နောက်ဆုံး၌ ရောက်ရှိခဲ့ရပေသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံနယ်စပ်တွင် ဘိန်းခင်းများဖြင့်လည်းကောင်း၊ ပြည်တွင်းတွင်လည်း ဘိန်းခန်းများဖြင့်လည်းကောင်း ပြည့်နှက်ခဲ့ပြီး အင်္ဂလိပ်တို့၏ ဆိုးယုတ်မှုကို ထိုအချိန် ထိုအခါမှစ၍ ခံခဲ့ရသည်။

ဒုတိယကမ္ဘာစစ်ကာလတွင် ဘိန်းလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့သည်။ မြန်မာနိုင်ငံကိုယ်ပိုင်လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းရောက်မှ မြန်မာအစိုးရသည် ငါးနှစ်အတွင်း ဘိန်းပပျောက်ရေးမူတစ်ရပ် ချမှတ်ခဲ့သည်။ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးအစီအစဉ်နှင့် ဘိန်းဖြတ်ဆေးကုဌာနများ ဖွင့်လှစ်ရေးအစီအစဉ်များလည်း ချမှတ်ခဲ့သည်။ ထို့နောက် ၁၉၄၉ ခုနှစ်၊ ဩဂုတ်လတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် တံတား

ကလေးစိတ်ရောဂါကုဆေးရုံ၌ ဘိန်းဖြတ်ဆေးခန်း စတင်ဖွင့်လှစ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ရန်ကုန်မြို့ရှိ ဘိန်းခန်းမှန်သမျှ ကိုလည်း ပိတ်ပင်ခဲ့သည်။

ထိုကဲ့သို့ဘိန်းသုံးစွဲသော ဆိုးမွေကို ခါးသီးစွာ လက်ခံရရှိခဲ့ရသည့်အလျောက် ၁၉၇၀ ပြည့်နှစ်ခန့်တွင် ဟီးရိုးအင်းဘိန်းဖြူသည် မြန်မာနိုင်ငံတွင်းသို့ တစ်ဖန်ပြန်လည်ဝင်ရောက်ပျံ့နှံ့ခဲ့ပြန်သည်။ ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားရေးအဆောက်အအုံတစ်ခုလုံးအား ကြီးမားစွာ ပြိုကွဲပျက်စီးစေနိုင်သည့် ဘိန်းဖြူအန္တရာယ်ကို အချိန်မီတားဆီးသည့်အနေဖြင့် နိုင်ငံတော်အစိုးရသည် မူးယစ်ထုံထိုင်းဘေးဖြစ်စေသော ဆေးဝါးများဥပဒေကို ၁၉၇၄ ခု၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ တစ်ဖန် ပြောင်းလဲလာသောအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိစေရန်အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဥပဒေအဖြစ် ပြင်ဆင်ပြဌာန်းခဲ့သည်။

မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ သုံးနိုင်ငံ၏ နယ်စပ်တွင် ရွှေတြိဂံဒေသ (Golden Triangle) ဟူ၍ ဘိန်းခင်းများ ယခင်ကတည်းက ပေါ်ပေါက်ခဲ့သလို အီရန်နိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ သုံးနိုင်ငံ၏ နယ်စပ်တွင်လည်း ရွှေလခြမ်းဒေသ (Golden Crescent) ဟူသော ဘိန်းခင်းများသည် ၁၉၈၀ ပြည့်နှစ်များက အာဖဂန်နစ္စတန်စစ်ပွဲနှင့်အတူ ပေါ်ပေါက်ခဲ့ပြန်သည်။ ထိုအချိန်မှစ၍ မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်မှုများ ပိုမိုများပြားခဲ့သည်။

## မူးယစ်ဆေးအမျိုးမျိုး

မူးယစ်ဆေးဝါးဆိုသည်မှာ မူးယစ်စေတတ်သော အာနိသင်ရှိသည့် ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေတတ်သော အာနိသင်ရှိသည့် ဆေးဝါးများကို ဆိုလိုသည်။ မြန်မာနိုင်ငံတွင် လူငယ်လူရွယ်များ အများဆုံးသုံးစွဲကြသည့် မူးယစ်ဆေးဝါးသုံးမျိုးမှာ ဘိန်းအုပ်စုဝင်ဆေးဝါးများ၊ အမ်ဖက်တမင်းစိတ်ကြွဆေးပြားနှင့် ဆေးခြောက်တို့ဖြစ်သည်။ မူးယစ်ဆေးဝါးများကို အုပ်စုခွဲ၍ တင်ပြရသော် အောက်ပါအတိုင်းဖြစ်သည်။

- ဘိန်းအမျိုးအစား။
  ဘိန်းဖြူ၊ ဘိန်းမည်း၊ ဘိန်းချေး၊ ဘိန်းဆီ၊ ဘိန်းရည်၊ မော်ဖင်း၊ ကိုဒင်း၊ ပက်သဒင်း၊ မက်သဒုံး။
- ကိုကင်း
- ဆေးခြောက်
- စိတ်ကြွဆေးအမျိုးအစား
  (အမ်ဖက်တမင်း၊ မီသာဖက်တမင်း)
- စိတ်ကျဆေးအမျိုးအစား
- စိတ်လှုံ့ဆော်မဲ့အာရုံ ဖြစ်စေတတ်သော ဆေးအမျိုးအစား
- (အယ်လ်အက်စ်ဒီဆေးပြား)
- အိပ်ဆေးနှင့် စိတ်ငြိမ်ဆေးအမျိုးအစား
  ဘာဘီကျူရိတ်၊ ဒိုင်ယာစီပင်၊ နိုက်ထရာစီပင်၊ လော်ရာစီပင်ဆေးပြား
- အရက်၊ ထန်းရည်
- မြန်မာဆေးရွက်ကြီး၊ အိန္ဒိယဆေးမွှေး
- အငွေ့ပျံစေတတ်သော ဆေးအမျိုးအစား
  (ဓာတ်ဆီ၊ သင်နာဆေးရည်)
- ကြေညာပြီး ဥပဒေဖြင့် ကန့်သတ်ထားသော ဆေးဝါးများ
  ကော်မှုသာဇင်၊ ဖင်ဆီဒိုင်း၊ မက်သာကွာလုံး၊ လိုမိုတေး၊ ဆိုစီဂွန်၊ ကွဲရိုင်း၊ လစ်ပိုအမှတ်တံဆိပ်ပါ လန်းဆန်းအားတိုးဆေးရည်များ

ဘိန်းကိုတူရကီ၊ ဥရောပ၊ ရွှေတြိဂံဒေသ၊ ရွှေလခြမ်းဒေသ၊ မက်ဆီကိုနှင့် အာဖရိကနိုင်ငံအချို့မှ ထွက်ရှိသည်။ ကိုကင်းမှာ တောင်အမေရိကတိုက်မှသာ အများဆုံးထွက်ရှိသည်။ ဆေးခြောက်ကို အိန္ဒိယ၊ တရုတ်၊ အာရပ်နိုင်ငံများ၊ အာဖရိကနှင့် လက်တင်အမေရိကနိုင်ငံအများစုတွင် စိုက်ပျိုးသုံးစွဲတတ်ကြသည်။ ဆေးခြောက်ကို ယခင်အခါက ဟင်းခတ်အဖြစ် သုံးစွဲခဲ့ရာမှအစပြု၍ စိတ်အာရုံကို ဖောက်ပြန်စေသည့်အာနိသင်များကို လူတို့နှစ်သက်စွဲလမ်းမိသဖြင့် မူးယစ်ဆေးအဖြစ် ယခုအခါ အချို့လူငယ်များ အသုံးပြုလေ့ရှိသည်။ မြန်မာနိုင်ငံတွင် ယခုအခါ နယ်စပ်ဒေသအနှံ့အပြား၌ မူးယစ်ဆေးဝါးပပျောက်ရေးစီမံချက်ဖြင့် ထိထိရောက်ရောက် နှိမ်နင်းဆောင်ရွက်နေခြင်းကြောင့် ဘိန်းစိုက်ပျိုးမှု အလေ့အထမှာ တစ်ဆထက်တစ်ဆ လျော့နည်းကျဆင်းနေပြီဖြစ်သည်။ ဘိန်းစိမ်း၊ ဘိန်းဖြူသုံးစွဲကြသူ လူငယ်လူရွယ်အရေအတွက်မှာလည်း သိသိသာသာပင် လျော့နည်းပပျောက်လာပြီ ဖြစ်သည်။

## အမ်ဖက်တမင်း စိတ်ကြွဆေး

နောက်ပိုင်းခေတ်တွင် ရေပန်းစားလာသော စိတ်ကြွမူးယစ်ဆေးများစွာအနက် ထင်ရှားသည်မှာ အမ်ဖက်တမင်းစိတ်ကြွဆေးသုံးစွဲမှုပြဿနာပင် ဖြစ်သည်။ အမ်ဖက်တမင်းဆေးပြားစားမိလျှင် စိတ်နိုးကြားနေခြင်း၊ စိတ်ကြွနေခြင်းကြောင့် ည

မအိပ်ဘဲနေနိုင်သည်။ ထို့ကြောင့် အားကစားသမားအချို့၊ ညဘက်အလုပ်လုပ်သူများ၊ အဝေးပြေးကားမောင်းသူများ သုံးစွဲလေ့ရှိကြသည်။ ဆေးသုံးစွဲခြင်းဖြင့် အမှန်တကယ်ခွန်အားကို မဖြစ်စေနိုင်ဘဲ နီးကြားနေနိုင်အောင် နှိုးဆွပြီးသား အင်အားကို ထုတ်သုံးပေးထားခြင်းဖြစ်သည်။ လွန်ကဲစွာသုံးစွဲမိလျှင် သွေးပေါင်ကြီးခြင်း၊ အမူအရာကြမ်းတမ်းခြင်း၊ စိတ်ဖောက်ပြန်ခြင်းများမှအစ သေကြောင်းကြံစည်ခြင်းအထိ ဒုက္ခပေးတတ်သည်။

အက်ဖက်တမင်းကိုဘိန်း၊ ကိုကင်း၊ ဆေးခြောက်တို့မှ တစ်ဆင့် ထုတ်ယူဖော်စပ်၍မရ။ ဓာတုဗေဒပစ္စည်း အက်ဖီဒရင်းကို အခြေခံပြီး ဖော်စပ်ထားခြင်းဖြစ်သည်။ ထိုင်းဘာသာစကား "ယာမား" တစ်နည်းအားဖြင့် မြင်းများကို ဒေါင်ချာစိုင်းစေတတ်သော စိတ်ရူးပေါက်ခြင်းဟူသော အဓိပ္ပါယ်ကို အစွဲပြုပြီး ခေါ်ဝေါ်သုံးနှုန်းထားသည်။ ၁၉၉၆ ခုနှစ်တွင် အမ်ဖက်တမင်း စိတ်ကြွဆေးကို "ယာမား" အမည်မှ "ယာဘား" တစ်နည်းအားဖြင့် ရူးဆေးဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။ အမ်ဖက်တမင်းဆေးပြားကို ထိုင်းနိုင်ငံတွင် ယာဘား၊ အင်ဒိုနီးရှားနိုင်ငံတွင် ရှာဘူး၊ ဖိလစ်ပိုင်နိုင်ငံတွင် ဘာတူး၊ တရုတ်ပြည်တွင် ဘင်ဒူးဟူ၍ မူးယစ်ဆေးနာမည်အမျိုးမျိုး ခေါ်ဝေါ်သုံးနှုန်းလေ့ရှိကြသည်။ မူးယစ်ဆေးဈေးကွက်သို့ ဆေးပြားအသွင်ဖြင့် ဖြန့်ဖြူးခဲ့ကြသော်လည်း ဆေးပြားကိုမီးရှို့ပြီး သတ္တုရှုဆေးတံဖြင့် ဖွာရှိုက်သုံးစွဲလေ့ရှိသည်။

မြန်မာနိုင်ငံနှင့်ကပ်လျက် အိမ်နီးချင်း ထိုင်းနိုင်ငံတွင် အမ်ဖက်တမင်း စိတ်ကြွဆေးကို ညကလပ်ဧည့်ခံမယ်မိန်းကလေးများ၊ သရုပ်ပျက်ယဉ်ကျေးမှုစရိုက်ရှိ လူငယ်များ၊ အလုပ်ပင်ပန်းသော အိမ်ရှင်မများနှင့် အလုပ်သမားများ၊ အရက်ဖြတ်ပြီးနောက် အစားထိုးအသုံးပြုသူများသာမက အားလပ်ရက်အပန်းဖြေခရီးထွက်ကြသူအချို့ကပင် သုံးစွဲလျက် ရှိနေကြကြောင်း သိရှိရသည်။ ထိုကဲ့သို့သော လူငယ် လူရွယ်များအား လူညွှန့်တုံးစေသော မူးယစ်ဆေးဝါးပြဿနာမျိုးကို ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်းသို့ ကူးစက်ပျံ့နှံ့ခြင်းမခံရလေအောင် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းတားဆီး ကာကွယ်ပေးရမည်ဖြစ်သည်။

## ဆေးစွဲခြင်း

ဆေးဝါးပစ္စည်းတစ်မျိုးမျိုးကို ပြတ်တောင်း ပြတ်တောင်းဖြစ်စေ၊ ဆက်တိုက်ဖြစ်စေ သုံးစွဲလာခြင်းဖြင့် ယင်းဆေးဝါးပစ္စည်းကို ခန္ဓာကိုယ်အားဖြင့်လည်းကောင်း၊ စိတ်ဓာတ်အားဖြင့်လည်းကောင်း မှီခိုတွယ်တာမှုရှိလာပြီး ယင်းဆေးကို မသုံးစွဲ မမှီဝဲရ မနေနိုင်ဖြစ်လာသော အခြေအနေကို ဆေးစွဲခြင်း (Addiction) ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဖွင့်ဆိုခဲ့သည်။

ဆေးစွဲခြင်းဟု ခေါ်ဆိုနိုင်ရန် အောက်ပါအခြေအနေများ ရှိရပေမည်။

(၁) ဆေးသုံးစွဲလိုသည့်ဆန္ဒ အလွန်ပြင်းထန်ပြီး မှားမှန်းသိလျက်နှင့် ဆက်လက်သုံးစွဲခြင်း၊

(၂) စတင်သုံးစွဲပြီးသည်နှင့် သုံးစွဲသည့်ဆေးပမာဏကို ထိန်းချုပ်ရန် ခက်ခဲခြင်း၊

(၃) ပုံမှန်သုံးစွဲသည့် ဆေးပမာဏကို လျှော့ချလျှင်ဖြစ်စေ၊ ရပ်တန့်လျှင်ဖြစ်စေ ထိုအချိန်တွင် ဆေးဖြတ်လက္ခဏာများ ခံစားရခြင်း၊ ယင်းလက္ခဏာများပြေပျောက်စေရန်အတွက် ဆေးကို ဆက်လက်သုံးစွဲမှီဝဲရခြင်း၊

(၄) မူလကဲ့သို့ ခံစားမှုရရှိရန် ဆေးပမာဏကို တိုး၍ သုံးစွဲလာခြင်း၊

(၅) ဆေးရရှိဖို့တစ်ချက်ကလွဲ၍ အခြားသော ပျော်ရွှင်မှု စိတ်ဝင်စားမှုအားလုံးကို လစ်လျူရှုထားခြင်း၊

(၆) ရောဂါများ၊ နောက်ဆက်တွဲဆိုးကျိုးများ ရရှိမည်ကို သိလျက်နှင့် မူးယစ်ဆေးကို စဉ်ဆက်မပြတ် သုံးစွဲခြင်း၊

(၇) စည်းမဲ့ကမ်းမဲ့ ဆေးသုံးစွဲခြင်း၊

## မူးယစ်ဆေး သုံးစွဲရသည့် အကြောင်းရင်းများ

လူငယ်အရွယ် ဘဝအတွေ့အကြုံ နုနယ်သေးချိန်၌ ပတ်ဝန်းကျင်ရှိ အရာရာအား စူးစမ်းလိုစိတ်၊ ကိုယ်တိုင်စမ်းသပ်လိုစိတ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ဗဟုသုတနည်းပါးလွန်း၍လည်း မူးယစ်ဆေးကို အဖော်ပြုမိရာမှ အစပြု၍ ဆေးသမားတစ်ယောက်ဖြစ်မှန်းမသိ ဖြစ်သွားတတ်သည်။

လူငယ်လူရွယ်တို့သည် လူကြီးမိဘ ဆရာသမားများ၏ ပြောဆိုဆုံးမသွန်သင်မှုကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်လေ့ ရှိခဲလှသည်။ မိမိကိုယ်မိမိ အားကိုးလိုစိတ်များပြီး အပေါင်းအသင်းများ၏ ပြုမူပြောဆိုမှုကို အားကျအထင်ကြီး မိတတ်သဖြင့် သူငယ်ချင်းမိတ်ဆွေများ၏ စွဲဆောင်မှုနောက်သို့ စိတ်တိမ်းလွယ် ယိမ်းလွယ်တတ်သည်။ ထို့ကြောင့် မူးယစ်ဆေး သုံးစွဲနေသူများနှင့် ပေါင်းသင်းဆက်ဆံမိကာ အတုမြင်အတတ်သင် ဆိုသလို မူးယစ်ဆေးစတင် သုံးစွဲမိပြီးနောက် အဆိုပါအသိုင်းအဝိုင်းမှ ပြန်လည်စွန့်ခွာ ခွဲထွက်ရန် ခက်ခဲနေ

လေ့ရှိသည်။ အချို့ လူငယ်များကလည်း အနောက်တိုင်း ယဉ်ကျေးမှုကို လွဲမှားအားကျမိသဖြင့် မူးယစ်ဆေးသုံးမှ ခေတ်မီသည်ဟု အယူအဆလွဲမှားတတ်သည်။

အချို့ လူငယ်များမှာ ပင်ကိုဗီဇ ကိုယ်ရည်ကိုယ်သွေး ညံ့ဖျင်း၍ဖြစ်စေ၊ လူမှုရေး စီးပွားရေးပြဿနာ တစ်ခုခုကြောင့်ဖြစ်စေ၊ မိသားစုတွင်း ဆက်ဆံရေး မပြေလည်၍ဖြစ်စေ၊ ကျောင်းသားဘဝတွင် ပညာရေးကို စိတ်မဝင်စားဘဲ စိတ်လေလွင့်နေ၍ဖြစ်စေ မူးယစ်ဆေး တစ်မျိုးမျိုးကို စတင်သုံးစွဲလာခဲ့ပြီး သောက်လေသောက်လေ ငတ်မပြေ ဆိုသည့်စကားအတိုင်း မူးယစ်ဆေးဘဝ၌သာ သံသရာလည်နေပါတော့သည်။

အချို့မှာ ကိုယ်လက်နာကျင် ကိုက်ခဲသော ရုပ်ပိုင်းဆိုင်ရာ ဝေဒနာ၊ စိတ်ရောဂါဝေဒနာတစ်ခုခုကြောင့် ဆေးဝါးအဖြစ် စတင်သုံးစွဲမိရာမှ ဆက်လက်သုံးစွဲ မိလာတတ်ကြသည်။ မည်သို့ပင်ဖြစ်စေ လောကဓံ၏ စိတ်ဖိစီးမှုဒဏ်များကို မိမိ၏ စိတ်နှင့် ခန္ဓာကိုယ်မှ ကြံ့ကြံ့ခံ၍ ပြန်လည်မတွန်းလှန်နိုင်သောကြောင့် စွဲမိစွဲရာ မူးယစ်ဆေးကို အဖော်ပြုမိတတ်သဖြင့် လမ်းမှားသို့ ဦးတည်မိတတ်ကြောင်းကို ယနေ့ လူငယ်လူရွယ်များ ဆင်ဆင်ခြင်ခြင် သတိပြုမိသင့်ကြသည်။

## မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ


မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ် လာနိုင်သည့် ဆိုးကျိုးများမှာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ထိခိုက်မှုနှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုတို့ ဖြစ်ကြပါသည်။ မူးယစ်ဆေးဝါးကြောင့် ယေဘုယျ ကြုံတွေ့ရနိုင်သည့် ဖောက်ပြန်မှုများကို သုံးသပ်လိုက်သော် လတ်တလော အဆိပ်တက်ခြင်း (Acute-Intoxication)၊ ယင်းထသည့် ဝေဒနာများ ခံစားရခြင်း (Withdrawal Syndrome) နှင့် ဆေးစွဲခြင်းဝေဒနာ (Dependence Syndrome) တို့ ဖြစ်ကြသည်။

## မူးယစ်ဆေးစွဲခြင်းကြောင့် ရုတ်တရက် ချက်ချင်း ဖြစ်လာနိုင်သည့် ဆိုးကျိုးများ (Immediate Consequences)

- ဆေးလွန်၍ မိန်းမောစွာ အိပ်ပျော်ခြင်းမှ သတိလစ် မေ့မြောသွားခြင်း၊ အခန့်မသင့်လျှင် အသက်ဆုံးရခြင်း၊
- သွေးကြောပိတ်ရောဂါဖြစ်ခြင်း၊
- သွေးဆိပ်တက်ခြင်း၊
- အဆုတ်လေပြွန်ရောင်ရမ်းခြင်း၊ နှလုံးကြွက်သားရောင်ခြင်း၊ အသည်းရောင်ခြင်း၊
- အေအိုင်ဒီအက်စ်ခေါ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါရရှိခြင်း၊
- ထုံနာကျင်နာ အကြောသေရောဂါဖြစ်ခြင်း၊
- တက်ခြင်း၊ သတိလစ်ခြင်း၊
- အသက်ရှုရပ် သေဆုံးခြင်း၊
- သံသယလွန် စိတ်ဖောက်ပြန်ခြင်း၊ ဂနာမငြိမ်ခြင်း၊ ကြမ်းတမ်းခြင်း၊ အမှန်တကယ် ပြင်ပတွင် မရှိသော လှုံ့ဆော်မှုအာရုံများကို မြင်ခြင်း၊ ကြားခြင်း၊ မိမိကိုယ် မိမိ သေကြောင်းကြံစည်ခြင်း၊

## မူးယစ်ဆေးစွဲကာလ ကြာလာသော် ဖြစ်လာနိုင်သည့် နောက်ဆက်တွဲ ဆိုးကျိုးများ (Remote Complications)

- ခန္ဓာကိုယ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ စွဲလမ်းမှုများ ခံစားရခြင်း၊



တစ်ပြားလျှင် အမေရိကန်ဒေါ်လာ ၁.၂၀ ပေးရသော ထိုင်းတွင် Yaba ဟုခေါ်သည့် Methamphetamine ခေါ် မူးယစ်ဆေးဝါးတစ်မျိုး

– အေအိုင်ဒီအက်စ် ရောဂါဖြစ်ခြင်း၊

– ရင်ကျပ်ပန်းနာဖြစ်ခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းယိုယွင်းပျက်စီးခြင်း၊

– စိုးရိမ်စိတ်လွန်ကဲခြင်း၊ စိတ်ကျရောဂါဖြစ်ခြင်း၊ စိတ်ဖောက်ပြန်ခြင်း၊ ကိုယ်ရည်ကိုယ်သွေး ပြောင်းလဲခြင်း၊

– မှတ်ဉာဏ် ချွတ်ယွင်းခြင်း၊

– လိင်စိတ် အားနည်းခြင်း၊




လူငယ်လူရွယ်ချင်း ပညာပေးဆွေးနွေးပါ

– မွေးလာမည့်သန္ဓေသား ကျန်းမာရေးထိခိုက်ခြင်း၊

– မိသားစုစိတ်ဓာတ် လျော့နည်းလာခြင်း၊

– ရာဇဝတ်မှုမကင်းသည့်အပြုအမူများ ပြုလုပ်လာခြင်း၊

– မိသားစု၊ လူ့ပတ်ဝန်းကျင်၊ တိုင်းပြည်နှင့် လူမျိုးကို ပျက်စီးစေနိုင်စွမ်းရှိခြင်း၊

## ကျန်းမာရေး ပညာပေးခြင်း

ပြည်သူလူထုတစ်ရပ်လုံး အထူးသဖြင့် လူငယ်လူရွယ်များအား ဒုက္ခမျိုးစုံပေးတတ်သော မူးယစ်ဆေးဝါးအန္တရာယ်ကို ကာကွယ်ရေးအတွက် ကျန်းမာရေးပညာပေးရာတွင် ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းဆရာ၊ ကျောင်းဆရာမများ၊ မိဘများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ကြရမည် ဖြစ်သည်။ မူးယစ်ဆေးစွဲခြင်းကြောင့် ဖြစ်လာနိုင်သော ဆိုးကျိုးမျိုးစုံနှင့် ပတ်သက်ပြီး မှန်ကန်သော ကျန်းမာရေးပညာကို ဖြန့်ဖြူးရာတွင် "လူငယ်မှ လူငယ်သို့" တစ်နည်းအားဖြင့် "ပြည်သူ့ထံမှ ပြည်သူ့ထံသို့" ဟူသော ဆောင်ပုဒ်နှင့်အညီ လူထုဆက်သွယ်ရေးနည်းလမ်းများဖြစ်သည့် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ ဟောပြောပွဲပြပွဲ၊ ပြိုင်ပွဲများမှ တစ်ဆင့် ဆောင်ရွက်ကြရမည်လည်း ဖြစ်သည်။

ပထမဦးစွာ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် ပတ်သက်ပြီး လူငယ်များအား မှန်ကန်သောအသိ ပေးရပါမည်။ ထိုမှတစ်ဆင့် ကြောက်မက်ဖွယ် မူးယစ်ဆေးဝါးအဖြစ် မြင်လာပြီး၊ ဝေးဝေးကရှောင်သင့်ကြောင်း သဘောထားခံယူချက်များ ဖြစ်ပေါ်လာစေရမည် ဖြစ်သည်။ ထို့နောက် လူထုအတွင်း ယခုလို အလေ့အကျင့်ကောင်းများ ပွားများသထက် ပွားများလာစေပြီး မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးမှန်သမျှ ရှောင်ကြဉ်ခြင်း ဓလေ့ထုံးစံတစ်ရပ်သို့ အကောင်အထည်ဖော်ပေးရမည် ဖြစ်ပါသည်။ နောက်ဆုံးတွင် မူးယစ်ဆေးဝါးအား မြန်မာတစ်မျိုးသားလုံးက စက်ဆုပ်မုန်းတီးရွံရှာ၍ ဝိုင်းဝန်းဆန့်ကျင် ရှောင်ရှားသင့်ကြောင်း ဆိုသည့်အချက်ကို



မူးယစ်ဆေးဝါးကြောင့် ဒုက္ခရောက်ကြသူများအား နှစ်သိမ့်ဆွေးနွေးပညာပေးသော ပြည်ပနိုင်ငံတစ်နိုင်ငံရှိ ပညာပေးဌာနတစ်ခုမှ ပညာပေးဆွေးနွေးမှုမြင်ကွင်း

ယဉ်ကျေးမှုအစဉ်အလာ တစ်ရပ်အဖြစ် ပီပီပြင်ပြင် ရောက်ရှိသွားရလေအောင် ကျန်းမာရေးအသိပညာ ပေးရမည်ဖြစ်သည်။

ဆေးစွဲခြင်း မဖြစ်ရလေအောင် လမ်းညွှန်အကြံပေးခြင်း

- ဆေးဝါးကျွမ်းကျင်သူပညာရှင် သို့မဟုတ် သက်ဆိုင်ရာ ဆရာဝန်၏ ညွှန်ကြားချက်ဖြင့်သာ ဆေးဝါးများကို သုံးစွဲသင့်သည်။ စွဲစေတတ်သော ဆေးဝါးများကို မိမိသဘောဖြင့် ဖြစ်စေ၊ သူတစ်ပါး၏ တိုက်တွန်းချက်ကြောင့်ဖြစ်စေ ဝယ်ယူ မသောက်သုံးသင့်ပါ။
- မိမိစိတ်ကို မိမိထိန်းနိုင်သည်ဟုယူဆပြီး မည်သည့် မူးယစ်ဆေးဝါးကိုမျှ စမ်းသပ် မသုံးစွဲသင့်ပါ။
- တန်ဆေးလွန်ဘေးဟူသော စကားနှင့်အညီ မည်သည့်ဆေးဝါးမဆို ဘေးဥပဒ်ပေးနိုင်ပါသည်။ မည်သည့် ဆေးသုံးစွဲမှုမျိုးကိုမဆို အလွန်အကျွံ မဖြစ်စေသင့်ပါ။
- ဘိန်းကို ဝမ်းကိုက်ပျောက်ဆေး၊ ချောင်းဆိုးပျောက်ဆေး၊ ဝမ်းပိတ်ဆေး၊ အကိုက်အခဲပျောက်ဆေးဟု လွဲမှားသော အယူအဆများရှိကြသည်။ ဘိန်းသည် အထက်ပါရောဂါများကို ပျောက်ကင်းစေသော ဆေးမဟုတ်ဘဲ သက်သာစေနိုင်သည့် အဆင့်သာရှိပါသည်။ ကြာရှည်သုံးစွဲပါက ဘိန်းစွဲရောဂါဖြစ်သွားနိုင်သည်။
- မူးယစ်ဆေးစွဲရသည့် အကြောင်းရင်းများအနက် မူးယစ်ဆေးဝါးရလွယ်မှုသည် ထိပ်ဆုံးက ပါဝင်နေပါသည်။ ထို့ကြောင့် ဘိန်းခင်း၊ ဆေးခြောက်ခင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်သည့် စက်ရုံအလုပ်ရုံနေရာများကို ဖျက်ဆီးခြင်း၊ မူးယစ်ဆေးသိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်းများကိုလည်း နိုင်ငံတော်အစိုးရ၏ လုပ်ငန်းစီမံချက်များနှင့်အညီ အမျိုးသားရေးအသွင်ဖြင့် ဆက်လက်တားဆီး ပေးသွားရမည် ဖြစ်သည်။
- မိဘအုပ်ထိန်းသူများအနေဖြင့် မိမိတို့၏ သားသမီးများ မူးယစ်ဆေးဝါးသုံးစွဲမှန်းသိလျက်နှင့် အကာအကွယ်ပေး၍ မသိကျိုးကျွန် မပြုလုပ်သင့်ပါ။ ထိုသို့ပြုလုပ်ပါက သားသမီးကို အချစ်လွန် အပြစ်မမြင် ဖြစ်ကာ ချစ်ရာမရောက် နှစ်ရာရောက်တတ်သည်။
- မူးယစ်ဆေးစွဲသူကို အထင်သေးနှိမ့်ချခြင်း၊ ပစ်ပယ်ခြင်း၊ ကြိမ်းမောင်းခြင်း၊ ပြစ်တင်ဝေဖန်ခြင်း မပြုလုပ်သင့်။ မူးယစ်ဆေးစွဲရသည့်အကြောင်းရင်းကို ရှာဖွေပါ။ နှစ်သိမ့်ဆွေးနွေး လမ်းညွှန်ပညာပေးအဖွဲ့များနှင့် တိုင်ပင်ပြီး အကြံဉာဏ်များ ရယူပါ။

- မူးယစ်ဆေးစွဲသူများသည် အလုပ်အကိုင်ပျက်ခြင်း၊ ကျောင်းမှန်မှန်မတက်ခြင်း၊ အိပ်ငိုက်ခြင်း၊ အကြောင်းမဲ့ ပိန်လာခြင်း၊ ငွေအသုံးအဖြုန်းများလာခြင်း၊ လိမ်လည်မှု၊ ခိုးမှုများပြုလုပ်ခြင်း စသည့်အပြုအမူများ ပြုမူလာတတ်သည်။ ပတ်ဝန်းကျင်တွင် ဤကဲ့သို့ မသင်္ကာဖွယ်ရာကောင်းသူများရှိလျှင်ဖြစ်စေ၊ ဆေးရုံ ဆေးခန်းများသို့ မူးယစ်ဆေးသုံးစွဲလွန်၍ အရေးပေါ် ရောက်ရှိလာလျှင်ဖြစ်စေ၊ မှန်ကန်သော ဆေးကုသမှုခံယူနိုင်ရန် အကူအညီပေးသင့်ပါသည်။
- ဆေးဝါးသုံးစွဲသူသည် အသက် (၁၈) နှစ်ပြည့်ပါက မိမိကိုယ်တိုင်ဖြစ်စေ၊ အသက် (၁၈) နှစ် မပြည့်သေးပါက မိဘအုပ်ထိန်းသူနှင့်အတူ လာရောက်၍ဖြစ်စေ နိုင်ငံတော်မှ ခွင့်ပြုထားသော မူးယစ်ဆေးစွဲကုသရေးဌာနများသို့သွားရောက် ဆေးဝါးသုံးစွဲသူ မှတ်ပုံတင်ပြီးနောက်မှသာ မှန်ကန်သော ဆေးကုသမှု ခံယူသင့်သည်။
- မူးယစ်ဆေးဝါးသုံးစွဲသူအဖြစ် မှတ်ပုံတင်ရန် ပျက်ကွက်သူများကို မူးယစ်ဆေးဝါးဥပဒေအရ ထောင်ဒဏ်



မူးယစ်ဆေးစွဲကုသရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းတစ်ခုတွင် ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်နေကြစဉ်

ချမှတ်ခံရနိုင်ကြောင်း မူးယစ်ဆေးစွဲသူများ သိရှိထားသင့်သည်။
- မူးယစ်ဆေးစွဲရောဂါသည် အဖန်တလဲလဲ ပြန်လည်စွဲကပ်နိုင်သော ရောဂါမျိုးဖြစ်ပါသည်။ ဆေးကုသပြီးလျှင် ပြန်လည်ထူထောင်ရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပတ်ဝန်းကျင် လူ့အသိုင်းအဝိုင်းသို့ ပြန်လည်ဝင်ဆန့်ရေးတို့သည် အရေးကြီးပါသည်။ သက်ဆိုင်ရာ မူးယစ်ဆေးစွဲ ကုသရေးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ လူမှုရေးအကူအညီ ပေးပါလိမ့်မည်။
- မူးယစ်ဆေးဝါးကို တစ်ဖန်ပြန်လည်မသုံးမိစေရန် ဆေးဖြတ်ပြီး ခြောက်လခန့်အတွင်း ပါတီပွဲ စသည့် ပျော်ပွဲရွှင်ပွဲများ သွားခြင်း၊ အလုပ်မရှိဘဲ တစ်ယောက်တည်းနေခြင်း၊ ရည်မှန်းချက်မထားရှိခြင်း၊ ဆေးသုံးစွဲသူများနှင့်တွေ့ဆုံခြင်း၊ ဆေးရနိုင်မည့်နေရာများသို့ သွားရောက်ခြင်း စသည်တို့အပြင် မိသားစုအတွင်း၊ လုပ်ငန်းခွင်အတွင်း အခြေအတင် အငြင်းအခုံပြဿနာဖြစ်နိုင်သည့် အခြေအနေများကိုလည်း အတတ်နိုင်ဆုံးရှောင်ရှားသင့်ကြောင်း အကြံပေးလိုပေသည်။



ထိုးအပ်များကို အသုံးပြုပြီး ကိုယ့်ကိုကိုယ် ဘိန်းဖြူထိုးခြင်းမှာ လွန်စွာ အန္တရာယ်ကြီးလှ၏


ဆရာဝန်တစ်ဦး
(ကုသိုလ်ဖြစ်ဆေးရုံ)

## မူးယစ်ဆေးဝါးနှင့် ယနေ့လူငယ်

### စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့် စွဲလမ်းမှု အခြေအနေ


| ဆေးဝါး | သုံးစွဲပုံ | ခန္ဓာကိုယ်ပိုင်း စွဲလမ်းမှု | စိတ်စွဲလမ်းမှု |
|---|---|---|---|
| ဘိန်း/ဘိန်းဖြူ | သောက်၊ ရှူ၊ ထိုး | + + + | + + + |
| ဆေးခြောက် | သောက်၊ ရှူ | + _ | + + |
| အမ်ဖက်တမင်း | သောက်၊ ထိုး | + + | + + |
| ကိုကင်း | သောက်၊ ရှူ၊ ထိုး | + _ | + + |
| စိတ်ငြိမ်ဆေးများ (ဒိုင်ယာစီပင်) | သောက်၊ ထိုး | + | + |
| အိပ်ဆေးများ (ဘာဘီကျူရိတ်) | သောက်၊ ထိုး | + + | + + |
| အငွေ့ပျံဖျော်ရည်များ | ရှူ | + _ | + + |
| စိတ်လှုံ့ဆော်မှုအာရုံ ဖြစ်စေတတ်သော ဆေးများ (အယ်လ်အက်စ်ဒီ) | သောက် | _ | + |


### ဆေးစွဲခြင်း၏ အရင်းခံအကြောင်း




လုံးဝမရှိ (–)
အနည်းငယ်ရှိ (+)
အသင့်အတင့်ရှိ (+ +)
လွန်စွာရှိ (+ + +)

### မှန်ကန်သော ကျန်းမာရေးပညာပေး နည်းစနစ်




ညာဘက်အပေါ်မေးရိုး
ဘယ်ဘက်အပေါ်မေးရိုး
0 1 2 3
ဘယ်/ညာ အောက်ဘက်မေးရိုး
2 3

# မြန်မာနိုင်ငံ ပုံတောင်ဒေသမှ ရှာဖွေတွေ့ရှိသည့် ကမ္ဘာ့ရှေးအကျဆုံး လူတူပရိုင်းမိတ်

လူသားမျိုးနွယ်တို့ ဆင်းသက်ရာလမ်းကြောင်းများ၊ ဆင့်ကဲပြောင်းလဲမှုများနှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် သိပ္ပံပညာရှင်များစွာတို့က ရှာဖွေဖော်ထုတ်လေ့လာမှုများ ပြုလုပ်ခဲ့ကြသည်မှာ ရာစုနှစ်တစ်ခုသို့ ကျော်လွန်လာကြပြီ ဖြစ်ပါသည်။ လူသားမျိုးနွယ်တို့၏ မူလအစကို ရှာဖွေဖော်ထုတ်ရာတွင် ပညာရှင်များ အဓိက စိတ်အဝင်စားဆုံးမှာ အင်သရိုပွိုက်ပရိုင်းမိတ် (Anthropoid Primate) (ခေါ်) လူတူပရိုင်းမိတ် (ခေါ်) အဆင့်မြင့် ပရိုင်းမိတ်များ၏ ရုပ်ကြွင်းများပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လူတူပရိုင်းမိတ်၏ ရုပ်ကြွင်းအထောက်အထား ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေလေ့လာခြင်း လုပ်ငန်းကို GSI ခေါ် (Geological Survey India) မှ ၁၉၁၄ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ကြသည်။ ပုံတောင်ဂျီးယား ပရိုင်းမိတ်၏ ညာဘက်အောက်မေးရိုး အပိုင်းအစ ရုပ်ကြွင်းကို အိန္ဒိယနိုင်ငံ ဘူမိဗေဒလေ့လာရေးဌာနမှ ပညာရှင် ဂျီဒီပီကော်တာ (G.D.P. Cotter) က မြိုင်မြို့နယ်၊ ပန်းကန်ရွာအနီးတွင် စတင် တွေ့ရှိခဲ့သည်။ ယင်းကျောက်ဖြစ်ရုပ်ကြွင်း အကြောင်းကို ၁၉၂၇ ခုနှစ်တွင် ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် ဂျီအီးပီးလ်ဂရင်း (G.E. Pilgrim) က လေ့လာရေးသားဖော်ပြခဲ့ပြီး၊ ပုံတောင်ဂျီးယားကော့တရိုင်း *(Pondaungia Cotteri)* ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ အမ်ဖီပီသီးကပ်ပရိုင်းမိတ်၏ ဘယ်ဘက်အောက်မေးရိုး အပိုင်းအစရုပ်ကြွင်းကို ၁၉၂၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ သဘာဝသမိုင်းပြတိုက်မှ ဘာနမ်ဘရောင်း (Barnum Brown) ဆိုသူက ပုလဲမြို့နယ်၊ မိုးကောင်းကျေးရွာအနီးတွင် တွေ့ရှိခဲ့ပြီး၊ ယင်းအကြောင်းကို ၁၉၃၇ ခုနှစ် တွင် အမေရိကန် ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် အက်ဒဝင်အိပ်ချ် ကိုးလ်ဘတ် (Edwin H. Collbert) က လေ့လာရေးသားပြီး၊ အမ်ဖီပီသီးကပ် မိုးကောင်းဂျန်းစစ် *(Amphipithecus mogaungensis)* ဟု အမည်ပေးခဲ့သည်။


ယင်းနောက် ၁၉၇၈ ခုနှစ်တွင် မန္တလေးတက္ကသိုလ်၊ ဘူမိဗေဒ ဌာနမှ ဆရာများဖြစ်သော ဦးသော်တင်နှင့် ဦးဘမော်တို့အဖွဲ့သည် ပုလဲမြို့နယ်၊ မိုးကောင်းရွာတွင်



မြန်မာ–ပြင်သစ် ပူးပေါင်းအဖွဲ့. မြိုင်မြို့နယ်အတွင်းရှိ ပုံတောင်ကျောက်လွှာများတွင် ကျောက်ဖြစ်ရုပ်ကြွင်းများရှာဖွေလေ့လာနေပုံ

ဘူမိဗေဒကျောင်းသားများနှင့် ကွင်းဆင်း၍ ရှာဖွေလေ့လာမှုများ ဆောင်ရွက်ခဲ့ကြရာ ပုံတောင်ဂျီးယား ပရိုင်းမိတ်နှင့် အမ်ဖီပီသီးကပ်ပရိုင်းမိတ်တို့၏ ရုပ်ကြွင်းအပိုင်းအစ (၄) ခုကို ရှာဖွေတွေ့ရှိခဲ့ကြပြီး၊ အမေရိကန်နိုင်ငံမှ ထုတ်ဝေသော Nature ခေါ် သိပ္ပံဂျာနယ်တွင် သုတေသနစာတမ်းကို ရေးသားခဲ့ကြပါသည်။

၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ပရိုင်းမိတ်ရုပ်ကြွင်းများနှင့်ပတ်သက်၍ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များကို ဖိတ်ကြားပြီး၊ အမျိုးသားပြတိုက်တွင် ဆွေးနွေးပွဲတစ်ရပ်ကို ပြုလုပ်ခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် ပညာရှင်များ၏ ဆွေးနွေးချက်များအရ မြန်မာနိုင်ငံတွင် တွေ့ရှိခဲ့သော ပရိုင်းမိတ်များနှင့်ပတ်သက်၍ အီဂျစ်နိုင်ငံထက် ပိုမိုရှေးကျကြောင်း၊ အင်သရိုပွိုက်ပရိုင်းမိတ်များနှင့် ပတ်သက်၍လည်း နှစ် (၅) သန်း ပိုစောကြောင်း၊ အထောက်အထားများ ပြည့်စုံစွာ ရှာဖွေတင်ပြနိုင်ပါက လူသားမျိုးနွယ်ပေါက်ဖွားမှုနှင့် ပတ်သက်၍ ဆင့်ကဲပြောင်းလဲမှုများတွင် ကမ္ဘာပေါ်တွင် စံတင်ရမည့်အနေအထားဖြစ်ကြောင်း သိရှိခဲ့ရသည်။ ပညာရှင်များ၏ ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)၊ စစ်မဟာဗျူဟာ လေ့လာရေးဌာနကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးလုပ်ငန်းများကို ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်မဟာဗျူဟာ လေ့လာရေးရုံးနှင့် ပညာရေးဝန်ကြီးဌာနမှ ဘူမိဗေဒ ပညာရှင်များ ပူးပေါင်းဆောင်ရွက်ကြရန် လမ်းညွှန်မိန့်ကြားခဲ့ပါသည်။ ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်မဟာဗျူဟာလေ့လာရေးရုံးမှ ဌာနမှူး ဗိုလ်မှူးကြီး သန်းထွန်းက ဦးဆောင်ပြီး၊ စစ်မဟာဗျူဟာလေ့လာရေးရုံးမှ အရာရှိများ၊ ပညာရေးဝန်ကြီးဌာန၊ တက္ကသိုလ်များရှိ ဘူမိဗေဒဌာနမှ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များဖြစ်သော ဒေါက်တာ တင်သိန်း၊ ဒေါက်တာ အေးကိုအောင်နှင့် သရုပ်ပြဆရာများဖြစ်သော ဦးအောင်နိုင်စိုး၊ ဦးသစ်လွင်နှင့် ဦးစိုးသူရထွန်းတို့ ပါဝင်သောအဖွဲ့ဖြင့် “ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးအဖွဲ့” ကို ဖွဲ့စည်းခဲ့ပါသည်။ ထိုသို့ ဖွဲ့စည်းပြီးနောက် ၁၉၉၇ ခုနှစ်၊ မတ်လနှင့် ဧပြီလများအတွင်း ပုလဲမြို့နယ်နှင့် မြိုင်မြို့နယ်များအတွင်း ပုံတောင် ကျောက်လွှာစုများ ဖြစ်တည်နေသည့်ဒေသများတွင် ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေလေ့လာခြင်းကို ဆောင်ရွက်ခဲ့ကြပါသည်။




မြန်မာပုံတောင် ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေရေးအဖွဲ့
ပုလဲမြို့နယ်အတွင်းရှိ ပုံတောင်ကျောက်လွှာများတွင်
ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေရေးလုပ်ငန်းများ
လုပ်ကိုင်နေစဉ်

ပုံတောင်ဒေသရှာဖွေလေ့လာရေးအဖွဲ့က ပထမအကြိမ် ရှာဖွေတွေ့ရှိစုဆောင်းလာခဲ့သော ကျောက်ဖြစ်ရုပ်ကြွင်းများစွာတွင် လူသားမျိုးနွယ်၏ မူလအစကို ရှာဖွေရာ၌ အထောက်အကူဖြစ်စေမည့် ပရိုင်းမိတ်ရုပ်ကြွင်း၏ အံသွားများပါသော မေးရိုးများဖြစ်သည့် ပုံတောင်ဂျီးယားနှင့်အမ်ဖီပီသီးကပ်တို့ကို ထပ်မံရှာဖွေတွေ့ရှိခဲ့သည့်အပြင် ဗဟင်းကျေးရွာအနီးရှိ ယာရှည်ကျစ်ချောင်နေရာမှ အမ်ဖီပီသီးကပ်၏ အံသွားအပြည့်အစုံပါသော အောက်မေးရိုး ဘယ်၊ ညာ တစ်စုံကိုပါ စုဆောင်းနိုင်ခဲ့သည်။ ရှာဖွေတွေ့ရှိချက်များကို ပြည်ပ ပညာရှင်များထံ အသိပေးဖိတ်ခေါ်၍ လေ့လာမှုများ ပြုလုပ်စေခဲ့ရာ ၁၉၉၇ ခုနှစ်၊ အောက်တိုဘာလမှစ၍ အမေရိကန်ပညာရှင်များ၊ ပြင်သစ်ပညာရှင်များနှင့် ဂျပန်ပညာရှင်များ လာရောက်လေ့လာကြပြီး၊ မြန်မာ ပုံတောင်ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေရေးအဖွဲ့နှင့် ပူးပေါင်း၍ နှစ်စဉ် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ကြပါသည်။


မြန်မာ – ပြင်သစ် ပူးပေါင်းသည့် ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးအဖွဲ့သည် ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်နေ့မှ ဒီဇင်ဘာလ (၈) ရက်နေ့အထိ ကွင်းဆင်းရှာဖွေမှုများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြစဉ် ပရိုင်းမိတ်မျိုးစိတ်အသစ်ဖြစ်သော ဗဟင်းနီးယားပုံတောင်ဂျန်းစစ်နှင့် ပုံတောင်ဂျီးယား၏ ညာဘက်အောက်မေးရိုး အပြည့်အစုံအပါအဝင် အခြား

သော ကျောက်ဖြစ်ရုပ်ကြွင်းများကို ရှာဖွေစုဆောင်းနိုင်ခဲ့သည်။ ရှာဖွေတွေ့ရှိခဲ့သော ဗဟင်းနီးယား ပုံတောင်ဂျန်းစစ်နှင့် ပတ်သက်၍ ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့ထုတ် နိုင်ငံတကာ သိပ္ပံဂျာနယ်ဖြစ်သောThe American Association for the Advancement of Science မှ ထုတ်ဝေသည့် Science ဂျာနယ်တွင် " A New Primate from the Middle Eocene of Myanmar and the Asian Early Origin of Anthropoids " ခေါင်းစဉ်ဖြင့် မြန်မာ – ပြင်သစ်ပညာရှင်များ ပူးပေါင်း၍ သုတေသနပြု စာတမ်းကို ရေးသားဖော်ပြနိုင်ခဲ့ပါသည်။

အမေရိကန်နိုင်ငံ ပစ်ဘာ့ဂ် (Pittsburgh) မြို့ မြောက်ပိုင်းရှိ Powdermill Nature Reserve တွင် State University of New York နှင့် Duke University က ပညာရှင်များ ဦးစီးပြီး Anthropoid Origins ခေါင်းစဉ်ဖြင့် နိုင်ငံတကာ ဆွေးနွေးပွဲကို ၂၀၀၁ ခုနှစ်၊ ဧပြီလ (၁၉) ရက်မှ (၂၂) ရက်နေ့ အထိ ကျင်းပခဲ့ရာ နိုင်ငံတကာမှ ပညာရှင်အသီးသီး တက်ရောက်၍ စာတမ်းများ ဖတ်ကြားဆွေးနွေးခဲ့ကြပါသည်။ မြန်မာနိုင်ငံ ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေရေးအဖွဲ့မှ ပညာရှင်များဖြစ်ကြသည့် ဒေါက်တာ တင်သိန်းနှင့် ဒေါက်တာ အေးကိုအောင် တို့လည်း တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၊ ပုံတောင်ဒေသမှ ရှာဖွေတွေ့ရှိခဲ့ကြသော ပရိုင်းမိတ်ရုပ်ကြွင်းများအနက် မြန်မာ – ပြင်သစ် ပညာရှင်များ ရှာဖွေတွေ့ရှိခဲ့ကြသော ပရိုင်းမိတ်များထဲမှ "ဗဟင်းနီးယား ပုံတောင်ဂျန်းစစ်" (*Bahinia pondaungensis*) သည် ပုံတောင်ပရိုင်းမိတ်များတွင် မျိုးစိတ်သစ်ဖြစ်ပြီး၊ အဆင့်မြင့် လူတူအင်္ဂါရပ်များနှင့် ပိုမိုရှေးကျသော အင်္ဂါရပ်များ ပိုမိုပေါင်းစပ် ပါဝင်နေကြောင်း၊ အဆင့်မြင့် လူတူအင်္ဂါရပ်များက ပို၍ များပြားနေသဖြင့် ၎င်းကို ရှေးကျသော လူတူပရိုင်းမိတ်အဖြစ် သတ်မှတ်နိုင်သည့်အပြင် မျိုးစုအမည်ကိုလည်း ဗဟင်းနီးယား (*Bahinia*) ဟု အမည်ပေးခဲ့ကြောင်း၊ ဗဟင်းနီးယား (*Bahinia*) သည် တရုတ်နိုင်ငံမှ တွေ့ရှိရသော ၎င်းနှင့် သက်တမ်းတူ အီအိုစီးမီးယာ့စ် (*Eosimias*) ထက် အရွယ်အစားပိုမိုကြီးမားပြီး၊ အဆင့်မြင့် အင်္ဂါရပ်များ ပိုမိုပါဝင်နေခြင်း၊ ထိုင်းနိုင်ငံမှ တွေ့ရှိရသည့် လူတူပရိုင်းမိတ်များ ဖြစ်ကြသည့် *Siamopithecus, Wailekia* တို့ထက် ပိုမို ရှေးကျသော အင်္ဂါရပ်များ ပါရှိပြီး၊ သက်တမ်းအားဖြင့်လည်း ပိုမိုကြီးရင့်ခြင်း၊ အီဂျစ်နိုင်ငံ ဖယွန်းကျောက်လွှာများမှ တွေ့ရှိရသော လူတူပရိုင်းမိတ်များ ဖြစ်ကြသည့် *Apidium Qatrania, Catopithecus* တို့ထက် ပိုမို ရှေးကျသော အင်္ဂါရပ်များပါရှိပြီး၊ သက်တမ်းအားဖြင့် နှစ်ခုနှစ်သန်းခန့် ပိုမိုကြီးရင့်ခြင်းတို့ကြောင့် လူသားမျိုးနွယ်တို့၏ မူလအစဖြစ်သော လူတူပရိုင်းမိတ်တို့သည် အာရှတိုက်ရှိ မြန်မာနိုင်ငံ ပုံတောင်ဒေသမှ စတင်ပေါ်ပေါက်ခဲ့ကြကြောင်း၊ ပြင်သစ်ပညာရှင်များက စာတမ်းတင်သွင်း၍ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲတွင် ပညာရှင်များက "ဗဟင်းနီးယားပုံတောင်ဂျန်းစစ်" ကို ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် တွေ့ရှိခဲ့ကြသော လူတူပရိုင်းမိတ်ရုပ်ကြွင်းများ



ပြည်တွင်းပြည်ပပညာရှင်များ၏ ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေရေးလုပ်ငန်းမြင်ကွင်း



မြန်မာ–ဂျပန်ပညာရှင်များ ပုလဲမြို့နယ်အတွင်း
ပုံတောင်ကျောက်လွှာများတွင်
ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေရေးလုပ်ငန်းများဆောင်ရွက်နေကြစဉ်

အနက် ရှေးအကျဆုံး လူတူပရိုင်းမိတ် *(The Most Primitive Anthropoid Primate)* ဖြစ်ကြောင်း လက်ခံ အတည်ပြုခဲ့ကြပါသည်။

ဗဟင်းနီးယားကို မြန်မာနိုင်ငံ ပုံတောင်ဒေသ၊ မြိုင်မြို့နယ်၊ ဗဟင်းကျေးရွာပရိုင်းမိတ်စခန်းသာအနီးရှိ ယာရှည်ကျစ်ချောင်နေရာမှ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်နေ့တွင် မြန်မာ–ပြင်သစ် ပူးပေါင်းရှာဖွေ လေ့လာမှုများ ပြုလုပ်စဉ် ကျိုးနေသော စွယ်သွားတစ်ခြမ်း၊ ရှေ့အံသွားအမှတ် (၂)၊ ကျိုးနေသော ရှေ့အံသွား အမှတ် (၃)၊ ရှေ့အံသွားအမှတ် (၄)၊ အံသွားအမှတ် (၁) တို့ ပါဝင်သော ညာဘက်အောက်မေးရိုး အပိုင်းအစတစ်ခု၊ ကျိုးနေသော ရှေ့သွားအမှတ် (၁) နှင့် အမှတ် (၂)၊ ကျိုးနေသော စွယ်သွား၊ ရှေ့အံသွားအမှတ် (၂)၊ အမှတ် (၃)၊ အမှတ် (၄)၊ အံသွားအမှတ် (၁)၊ အမှတ် (၂)၊ ထက်ခြမ်းကျိုးနေသော အံသွားအမှတ် (၃) တို့ ပါဝင်သော ဘယ်ဘက်အပေါ်မေးရိုး တစ်ခု၊ ရှေ့သွားအမှတ် (၁) နှင့် အမှတ် (၂) တို့၏ အမြစ်၊ ကျိုးနေသော စွယ်သွား၊ ရှေ့အံသွားအမှတ် (၂)၊ အမှတ် (၃)၊ ပဲ့နေသော ရှေ့အံသွားအမှတ် (၄)၊ အံသွားအမှတ် (၁)၊ အမှတ် (၂) တို့ ပါဝင်သော ညာဘက်အပေါ်မေးရိုး တစ်ခုတို့ကို ရှာဖွေ တွေ့ရှိခဲ့ကြပါသည်။

ထူးခြားချက်မှာ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ (၅) ရက်နေ့တွင် မြန်မာ – ဂျပန် ပူးပေါင်းရှာဖွေလေ့လာရေးအဖွဲ့က ယာရှည်ကျစ်ချောင်နေရာမှပင် ပရိုင်းမိတ်၏ မေးရိုးရုပ်ကြွင်းတစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။ ၎င်းကျောက်ဖြစ်ရုပ်ကြွင်းတွင် ရှေ့သွားအမှတ် (၁) ၏ အမြစ်၊ ကျိုးနေသော ရှေ့သွားအမှတ် (၂)၊ ကျိုးနေသောစွယ်သွား၊ ရှေ့အံသွားအမှတ် (၂)၊ ကျိုးနေသော ရှေ့အံသွားအမှတ် (၃)၊ ရှေ့အံသွားအမှတ် (၄)၊ ထက်ဝက်ပဲ့နေသော အံသွားအမှတ် (၁) တို့ ပါဝင်သော ဘယ်ဘက်အောက်မေးရိုးနှင့် ကျိုးနေသော ရှေ့သွားအမှတ် (၁)၊ အမှတ် (၂)၊ ထက်ခြမ်းကျိုးပဲ့နေသော စွယ်သွားတို့ ပါဝင်သော ညာဘက်အောက်မေးရိုး တို့ ပါဝင်ပြီး၊ တွဲဆက်လျက်အနေအထားဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်းမေးရိုးရုပ်ကြွင်းသည် မြန်မာ – ပြင်သစ်ပညာရှင်များ ရှာဖွေတွေ့ရှိခဲ့သည့် ဗဟင်းနီးယားရုပ်ကြွင်းနှင့် တစ်ကောင်တည်းမှ မေးရိုးဖြစ်ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ "ဗဟင်းနီးယား ပုံတောင်ဂျန်းစစ်" ပရိုင်းမိတ် တစ်ကောင်တည်း၏ အပေါ် မေးရိုး ဘယ်၊ ညာနှင့် အောက်မေးရိုး ဘယ်၊ ညာ အပြည့်အစုံတို့ကို ရှာဖွေတွေ့ရှိခဲ့ကြပြီး ပြည့်ပြည့်စုံစုံ သုတေသနပြုလုပ်၍ ကမ္ဘာသို့ ကြေညာအသိပေးနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ပုံတောင်ကျောက်လွှာစု၏ သက်တမ်းကိုလည်း ပညာရှင်အသီးသီးက လေ့လာသုတေသနပြုမှုများကို ဆောင်ရွက်ခဲ့ကြရာ ပညာရပ်ဆိုင်ရာ အခေါ်အဝေါ် အားဖြင့် Late Middle Eocene အီယိုဆင်းအလယ်နှောင်းပိုင်းကာလ သက်တမ်းရှိကြောင်း သိရှိရပါသည်။ ဗဟင်းနီးယားပုံတောင်ဂျန်းစစ်သည် ယင်းသက်တမ်းကာလအတွင်းမှ တွေ့ရှိခဲ့သော နှစ်သန်း (၄၀) သက်တမ်းရှိသည့် ပရိုင်းမိတ်ဖြစ်ပါသည်။ မြန်မာနိုင်ငံ ပုံတောင်ဒေသတွင် ရှာဖွေတွေ့ရှိခဲ့သည့် ပရိုင်းမိတ်မျိုးစု (၄) မျိုးမှာ အီယိုဆင်းအလယ်နှောင်းပိုင်း သက်တမ်းရှိသော *Pondaungia Amphipithecus Bahinia* နှင့် *Myanmarpithecus* တို့ဖြစ်ကြသည်။ ၎င်းတို့အနက် *Bahinia* သည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံး လူတူပရိုင်းမိတ်အဖြစ် စံတင်နိုင်ခဲ့ပါသည်။

ဗိုလ်မှူးကြီး သန်းထွန်း
(စစ်မဟာဗျူဟာ လေ့လာရေးရုံး)

# အပိုင်း – ၃

## ၂၀၀၀ – ပြည့်နှစ် အကြောင်းရပ်များ

ဤအပိုင်းတွင်ဖော်ပြထားသောအကြောင်းရပ်များသည် ၂၀၀၀ ပြည့်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့်နိုင်ငံတကာ ဖြစ်ရပ်များကို အဓိကထားရေးသားထားပါသည်။ အကြောင်းရပ်များကို ကမှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

**ကိုရီးယားသမ္မတနိုင်ငံ။** ။ သမ္မတကင်မ်ဒေးယုံသည် မျှော်လင့်ထားသည့်ထက် ပိုမိုကျယ်ပြန့်သည့် အစိုးရအဖွဲ့ အပြောင်းအလဲပြုလုပ်မှုကို ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ကြေညာခဲ့သည်။ ယင်းနေ့မှာပင် အမျိုးသားလွှတ်တော်ကလည်း ပတ်တေဂျွန်းအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းကို အတည်ပြုခဲ့သည်။ ပတ်တေဂျွန်းသည် ရာထူးမှ နုတ်ထွက်သွားသော ကင်မ်ဂျုံပီး၏ နေရာတွင် အစားထိုးခန့်အပ်ခံရခြင်းဖြစ်သည်။ ကင်မ်ဂျုံပီးမှာ ယူနိုက်တက်လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (ယူအယ်ဒီ) ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန်နှင့် ၂၀၀၀ ပြည့်နှစ်၊ ဧပြီလတွင် ကျင်းပရန်သတ်မှတ်ထားသည့် ရွေးကောက်ပွဲများအတွက် ပါတီကိုဦးဆောင်ရန် နုတ်ထွက်သွားခြင်းဖြစ်သည်။ နိုင်ငံရေးသစ် အမျိုးသားကွန်ဂရက်ပါတီ (အင်စီအင်ပီ) နှင့် ယူအယ်ဒီပါတီတို့ ပူးပေါင်းများတွင် ရေးသားဖော်ပြချက်များအရ ကင်မ်ဒေးယုံသည် မဟာမိတ်ပါတီဖြစ်သည့် ယူနိုက်တက်လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (ယူအယ်ဒီ) နှင့် ပေါင်းစည်းရန် မျှော်ခဲ့ထားခဲ့ပြီးဖြစ်သည်ဟုဆိုသည်။ နိုင်ငံရေး ခွဲခြားစိတ်ဖြာလေ့လာသုံးသပ်သူများကမူ ရွေးကောက်ပွဲအကြိုကာလတွင် အချက်အချာကျသည့် နှစ်ဦးနှစ်ဖက်လိုက်လျောရမည့် အချက်များကို စေ့စပ်ညှိနှိုင်းရန်ပါတီနှစ်ရပ်လုံး၏ ပျက်ကွက်မှုက အနာဂတ်တွင် ပါတီနှစ်ရပ်ပေါင်းစည်းရေးကို အထောက်အပံ့ဖြစ်စေနိုင်မည့်ပုံမပေါ်ဟု မှတ်ချက်ပြုကြသည်။

ဆေးပက်ဖျန်းမှုကြောင့် သစ်ပင်မှ သစ်ရွက်သစ်ခက်များ ပျက်စီးမှုခံရသူများအတွက် လျော်ကြေး – ဇန်နဝါရီလ ၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်သည် ၁၉၆၈ ခုနှစ်၊ မတ်လမှ ၁၉၇၀ ပြည့်နှစ်၊ ဇူလိုင်လအထိ တောင်နှင့် မြောက်ကိုရီးယား




နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များကို လက်မှတ်ရေးထိုးပြီးနောက် ကင်မ်ဒေးယုံ(ဝဲ)နှင့် ကင်မ်ဂျုံအီး (ယာ)တို့ကို လက်ချင်းချိတ်လျက် ပြုံးရွှင်စွာတွေ့ရစဉ်

နယ်စပ်တစ်လျှောက်တွင် ဆေးပက်ဖျန်းမှုကြောင့် သစ်ပင်မှ သစ်ရွက်သစ်ခက်များ ပျက်စီးခြင်းခံရသူများအတွက် အစိုးရက ငွေလျော်ကြေးပေးရန် ဥပဒေကြမ်းတစ်ရပ်ကို အတည်ပြုခဲ့သည်။ ယင်းသို့ဆေးဖျန်းခဲ့ခြင်းမှာ မြောက်ကိုရီးယားစစ်သားများ တောင်ကိုရီးယားနိုင်ငံတွင်းသို့ စိမ့်ဝင်လာမည်ကို ကာကွယ်ဟန့်တားရန် ရည်ရွယ်ပေသည်။ ဆေးဖျန်းခြင်းကို တောင်ကိုမှ သဘောတူညီချက် သတ်မှတ်ချက်များအရ ကင်မ်သည် မိမိ၏ နေရာကို ဆက်ခံမည့်သူကို ရွေးချယ်ရန် အခွင့်အလမ်းရှိပေသည်။

ဇန်နဝါရီလ ၂၀ ရက်နေ့တွင် သမ္မတကင်မ်ဒေးယုံ ဦးဆောင်သော အာဏာရနိုင်ငံရေးသစ် အမျိုးသားကွန်ဂရက်ပါတီသည် ၎င်း၏အမည်ကို ထောင်စုနှစ်သစ် ဒီမိုကရက်တစ်ပါတီ (အမ်ဒီပီ) ဟု တရားဝင် ပြောင်းလဲခဲ့သည်။ သတင်းစာ

ရီးယားနှင့် အမေရိကန်တို့ ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အမေရိကန်အစိုးရက ဆေးဖျန်းမှုကြောင့် ဆေးဝါးနှင့် ဆိုင်သည့် တစ်စုံတစ်ရာထိခိုက်မှု အထောက်အထားမရှိသည့်အတွက် လျော်ကြေးကို မပေးနိုင်ဟု ပြောကြားခဲ့သည်။

အာဏာရညွန့်ပေါင်း အစိုးရအဖွဲ့မှ ယူနိုက်တက်လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ နုတ်ထွက်ခြင်း -- ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အာဏာရညွန့်ပေါင်း အစိုးရအဖွဲ့မှ ယူနိုက်တက်လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ နုတ်ထွက်ကြောင်းကို ယင်းပါတီ သဘာပတိလီဟန်ဒွန်က ကြေညာခဲ့သည်။ ထို့ပြင် အမျိုးသားလွှတ်တော်အတွက် ရွေးကောက်ပွဲတွင် ထောင်စုနှစ်သစ် ဒီမိုကရက်တစ်ပါတီ (အမ်ဒီပီ) နှင့် ပူးပေါင်းဆောင်ရွက်တော့မည် မဟုတ်ကြောင်းကိုလည်း ကြေညာခဲ့သည်။ ဥပဒေပြုလွှတ်တော် (အမျိုးသားလွှတ်တော်) ဆိုင်ရာ ရွေးကောက်ပွဲကို ဧပြီလ ၁၃ ရက်နေ့တွင် ကျင်းပရန် သတ်မှတ်ထားသည်။ လီဟန်ဒွန်မှာ ယူအယ်ဒီပါတီ သဘာပတိအဖြစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ရွေးချယ်ခံခဲ့ရသည်။ ယင်းပါတီ၏ အဖွဲ့ဝင်ဖြစ်သူ ပတ်တေဂျွန်းဝန်ကြီးချုပ်အဖြစ် အစားထိုးခန့်အပ်ခံရပြီးနောက် ရွေးချယ်ခံရခြင်းဖြစ်သည်။ လီဟန်ဒွန်က ၁၉၇၇ ခုနှစ်က ဖွဲ့စည်းခဲ့သည့် နှစ်ပါတီညွန့်ပေါင်းဖွဲ့စည်းမှုမှ ယူအယ်ဒီပါတီ နုတ်ထွက်ရခြင်းမှာ ရွေးကောက်ပွဲဆိုင်ရာ ကတိကဝတ်များကို အမ်ဒီပီပါတီက ပျက်ကွက်ခဲ့ခြင်းကြောင့်ဖြစ်သည်ဟု အကြောင်းပြ ပြောဆိုခဲ့သည်။

ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ပတ်တေဂျွန်းသည် အစိုးရအဖွဲ့တွင် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ သို့ရာတွင် ယူအယ်ဒီပါတီအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်မည်၊ မနုတ်ထွက်မည်ကိုမူ ရှင်းလင်းစွာမသိရချေ။ နိုင်ငံရေးလေ့လာသုံးသပ်သူများကမူ အယ်ဒီပီပါတီနှင့် အမ်ဒီပီပါတီတို့သည် အထွေထွေရွေးကောက်ပွဲ ပြီးသည့်နောက်တွင် ၎င်းတို့၏ ပေါင်းစည်းမှုကို ပြန်လည်သုံးသပ်ကောင်း သုံးသပ်နိုင်သည်ဟု မှတ်ချက်ချခဲ့ကြသည်။

ရွေးကောက်ပွဲဆိုင်ရာ ဥပဒေကို ပြန်လည်ပြင်ဆင်ခြင်း – ကုန်သွယ်ရေးသမဂ္ဂများ၊ လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများနှင့် ပတ်ဝန်းကျင်ဆိုင်ရာနှင့် အမျိုးသမီးများ လှုပ်ရှားတက်ကြွသူများပါဝင်သည့် နိုင်ငံသားများ သွေးစည်းညီညွတ်ရေးအဖွဲ့၏ လမ်းပေါ်ထွက်၍ ဆန္ဒပြမှုများကြောင့် ဖြစ်ပေါ်လာရသည့် ဖိအားပေးမှုများကြောင့် အမျိုးသားလွှတ်တော်သည် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် အချိန်ကြာမြင့်စွာ နှောင့်နှေးနေခဲ့သည့် ရွေးကောက်ပွဲဥပဒေဆိုင်ရာ ပြင်ဆင်ချက်များ ပြန်လည်ပြင်ဆင်ခြင်းကို အတည်ပြုခဲ့သည်။ ပြန်လည်ပြင်ဆင်ထားသော ဥပဒေအရ ဥပဒေပြုအမတ်အရေအတွက်ကို ၂၉၉ ဦးမှ ၂၇၃ ဦးသို့ လျှော့ချထားသည်။ ထို့ပြင် ရွေးချယ်တင်မြှောက်ရန် မသင့်လျော်ဟု ယူဆထားသော ကိုယ်စားလှယ်လောင်းများကိုလည်း အရပ်ဘက်အုပ်စုများက ဆန့်ကျင်လှုပ်ရှားနိုင်ခွင့်ကိုလည်း ခွင့်ပြုခဲ့သည်။

ဇန်နဝါရီလအကုန်တွင် နိုင်ငံသားများ သွေးစည်းညီညွတ်ရေးအဖွဲ့က သင့်လျော်ခြင်းမရှိဟုယူဆသည့် အမျိုးသားလွှတ်တော်အဖွဲ့ဝင် ၁၁၄ ဦး၏ အမည်စာရင်းကို ထုတ်ပြန်ခဲ့သည်။ ယင်းစာရင်းတွင် ဝန်ကြီးချုပ်ဟောင်းကင်မ်ဂျုံပီးလ်၏ အမည်လည်းပါဝင်နေပေသည်။ ကင်မ်ဂျုံပီးလ်မှာ ၁၉၆၁ ခုနှစ်က စစ်ဘက်မှ အာဏာသိမ်းမှုတွင် စီမံညွှန်ကြားခဲ့သည့် ကဏ္ဍအပါအဝင် အမှားအယွင်းများစွာလုပ်ခဲ့သည်ဟု စွပ်စွဲခြင်းခံထားရသည်။ စွပ်စွဲချက်များအနက် ယေဘုယျအကျဆုံး အချက်မှာ နိုင်ငံရေးအဂတိလိုက်စားမှုပင်ဖြစ်သည်။ ဤကဲ့သို့ တာဝန်ထမ်းဆောင်ရန် မသင့်လျော်ဟုယူဆထားသည့် သူများ၏ အမည်စာရင်းကို ထုတ်ပြန်ရခြင်းမှာ ၁၉၉၉ ခုနှစ် နှောင်းပိုင်းတွင် သမ္မတကင်မ်ဒေးယုံသည် အဂတိလိုက်စားမှုကို နှိမ်နင်းရန် ရည်ရွယ်သည့်ဥပဒေဆိုင်ရာ ပြန်လည်ပြုပြင်မှုကို ရှေ့တိုးလုပ်ဆောင် ရန်မရှိခဲ့ခြင်းနှင့် ဖိနှိပ်သည့် အမျိုးသားလုံခြုံရေးဥပဒေကို ပြန်လည်သုံးသပ်ရန် မရှိခဲ့ခြင်းတို့ကြောင့် ပြည်သူလူထုအကြား ကျယ်ပြန့်စွာခံစားခဲ့ရသည့် စိတ်ပျက်မှုများ၏ တစ်စိတ်တစ်ပိုင်းကြောင့် ဖြစ်ပေါ်လာခဲ့ရသည်ဟုဆိုသည်။

ကင်မ်ဂျုံပီးလ်၏ ယူနိုက်တက်လစ်ဘရယ် ဒီမိုကရက်တစ်ပါတီက အထက်ပါကဲ့သို့ အမည်စာရင်းထုတ်ပြန်မှုသည် လာမည့်ရွေးကောက်ပွဲအကြို ထောင်စုနှစ်ဒီမိုကရက်တစ်ပါတီသစ် (အမ်ဒီပီ) နှင့် နိုင်ငံသားများ သွေးစည်းညီညွတ်ရေးအဖွဲ့တို့အကြား ပူးပေါင်းလုပ်ကြံမှုဖြစ်သည်ဟု ရှုတ်ချခဲ့ကြသည်။ ယင်းပြောဆိုချက်ကို အရပ်ဘက်အဖွဲ့အစည်းများနှင့် အမ်ဒီပီပါတီတို့က ငြင်းဆိုခဲ့သည်။ သို့ဖြစ်လင့်ကစား သမ္မတကင်မ်ဒေးယုံသည် နုတ်အားဖြင့် ထောက်ခံမှုပေးခဲ့သည်ဟု ဆိုသည်။ နိုင်ငံရေး ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်သူများက သမ္မတကင်မ်ဒေးယုံ၏ ပြုပြင်ပြောင်းလဲရေး ရည်မှန်းချက်များသည် ကိုယ်ပိုင်အရင်းအနှီးမှ ရရှိသော အကျိုးအမြတ်ဘောင်အပြင် ကျော်လွန်သွားပြီး နိုင်ငံသားများ သွေးစည်းညီညွတ်ရေးအဖွဲ့က တောင်းဆိုထားသော ပြန်လည်ပြုပြင်ပြောင်းလဲရေး ဆိုင်ရာ တွန်းအားပေးမှုမှ အကျိုးအမြတ်ထွက်နိုင်သည်ဟု ရှုမြင်သုံးသပ်ကြသည်။

နိုင်ငံရေးပါတီသစ်တစ်ခု ဖွဲ့စည်းထူထောင်ခြင်း – ဆိုးလ်မြို့တော်ဝင်ဟောင်းနှင့် အတိုက်အခံပါတီဖြစ်သည့် ဂရင်းအမျိုးသားပါတီ (ဂျီအင်ပီ) သဘာပတိဟောင်းဖြစ်သူ ချိုဆန်းနှင့် ဂျီအင်ပီပါတီမှ အခြားထိပ်တန်းပုဂ္ဂိုလ်ငါးဦးတို့က နိုင်ငံရေးပါတီအသစ်တစ်ခု ဖွဲ့စည်းခြင်းကို ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကြေညာခဲ့သည်။ ပါတီ၏အမည်ကို ပဏာမအားဖြင့် ဒီမိုကရက်တစ်ပြည်သူ့ပါတီ (ဒီပီပီ) ဟု အမည်ပေးထားသည်။ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ချိုဆန်းကို ယင်းပါတီဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ ယင်းနေ့မှာပင် ခေတ်သစ်ပြုပြင်ပြောင်းလဲရေးပါတီနှင့် အာဏာရအမ်ဒီပီပါတီတို့မှ ပါတီဝင်အချို့ ယင်းပါတီဘက်သို့ ဘက်ပြောင်းကာ ဝင်ရောက်ခဲ့ကြသည်။

ဥပဒေပြုလွှတ်တော်ဆိုင်ရာ ရွေးကောက်ပွဲ – ဥပဒေပြုလွှတ်တော်ဆိုင်ရာ ရွေးကောက်ပွဲများကို ဧပြီလ ၁၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ အာဏာရထောင်စုနှစ် ဒီမိုကရက်တစ်ပါတီ (အမ်ဒီပီ) က လွှတ်တော်တွင် အမတ်နေရာအများစုရရှိနိုင်သည့် အရေအတွက်ကို မရရှိခဲ့ပေ။ အတိုက်အခံပါတီဖြစ်သည့် ဂရင်းအမျိုးသားပါတီ (ဂျီအင်ပီ) က အမတ်နေရာ ၂၇၃ နေရာအနက် ၁၃၃ နေရာကို အနိုင်ရရှိခဲ့ရာ လွှတ်တော်တွင် အင်အားအကြီးဆုံး တစ်ခုတည်းသောပါတီအဖြစ် ရပ်တည်ခဲ့သည်။ ယခုအကြိမ် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ၅၇ ဒသမ ၂ ရာခိုင်နှုန်းသာ မဲဆန္ဒပေးခဲ့ရာ နိုင်ငံ၏ ရွေးကောက်ပွဲသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ၆၀ ရာခိုင်နှုန်းအောက် ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

နိုင်ငံရေးလေ့လာသုံးသပ်သူများက ယခုရွေးကောက်ပွဲမှာ သမ္မတကင်မ်ဒေးယုံ၏ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် စပ်လျဉ်းပြီး ပြည်သူလူထု၏ ဆန္ဒသဘောထားကို ထုတ်ဖော်ပြသလိုက်ခြင်းပင်ဖြစ်သည်ဟု ရှုမြင်ကြသည်။ ထို့ပြင် အမ်ဒီပီပါတီက စုစုပေါင်းနေရာ ၁၁၅ နေရာ ရရှိလင့်ကစား သမ္မတကင်မ်ဒေးယုံအတွက် အရေးနိမ့်မှုတစ်ရပ်ပင်ဖြစ်သည်ဟု ယူဆကြသည်။ ရွေးကောက်ပွဲနေ့မတိုင်မီ ဧပြီ ၁၀ ရက်နေ့က တောင်ကိုရီးယားသမ္မတ ကင်မ်ဒေးယုံနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျုံအီးတို့ကြား ထိပ်သီးဆွေးနွေးပွဲပြုလုပ်မည့်အကြောင်းနှင့် စပ်လျဉ်းပြီး ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ရာ ယင်းအချက်က အမ်ဒီပီပါတီအတွက် ရွေးကောက်ပွဲတွင် အောင်ပွဲခံရန်ဖြစ်စေလိမ့်မည်ဟု နိုင်ငံရေးလေ့လာသုံးသပ်သူများက ကြိုတင်ဟောကိန်းထုတ်ခဲ့ကြသည်။ အတိုက်အခံနိုင်ငံရေးသမားများကမူ ဤကြေညာချက်သည် ရွေးကောက်ပွဲနှင့် ချိန်ကိုက်ပြုလုပ်ခြင်းဖြစ်သည်ဟု ဝေဖန်ခဲ့ကြသည်။ အစိုးရအသိုင်းအဝိုင်းကမူ ယင်းပြောဆိုချက်များကို ငြင်းဆိုခဲ့ပြီး ထိပ်သီးဆွေးနွေးပွဲ သဘောတူညီချက်မှာ မြောက်ကိုရီးယားနိုင်ငံဘက်မှ တိုက်ရိုက်ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်ဟု အခိုင်အမာပြောကြားခဲ့သည်။

ယခုရွေးကောက်ပွဲ၏ရလဒ်မှာ ဂျီအင်ပီပါတီခေါင်းဆောင် လီဟိုင်ချန်း၏ အနေအထားကိုမြှင့်တင်ပေးခဲ့သည်။ ၎င်း၏ပါတီဖြစ်သည့် ဂျီအင်ပီပါတီက စုစုပေါင်းအမတ်နေရာ ၁၃၃ နေရာ နိုင်ခဲ့ရာ လွှတ်တော်တွင် တစ်ခုတည်းသောအမတ်အများစုနေရာ ရရှိသည့်ပါတီဖြစ်ရန်အတွက် နေရာလေးနေရာသာ လျော့နည်းခဲ့သည်။ သို့ဖြစ်ရာ မည်သည့်ပါတီကမျှ အများစုဖြစ်ရန်အတွက် လိုအပ်သောအမတ်နေရာ မရရှိခဲ့ဘဲဖြစ်နေရာ အခြားပါတီငယ်များနှင့် ပူးပေါင်းကာ မဟာမိတ်ပြုရမည့် အခြေအနေတွင် ရှိနေခဲ့သည်။ ဧပြီ ၁၇ ရက်နေ့တွင် သမ္မတကင်မ်ဒေးယုံက ၎င်းအနေဖြင့် ဂျီအင်ပီပါတီခေါင်းဆောင် လီဟိုင်ချန်းနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိသည်ဟု ကြေညာခဲ့သည်။ လီဟိုင်ချန်းမှာ လာမည့် ၂၀၀၂ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သမ္မတအရိုက်အရာကို ဆက်ခံနိုင်ဖွယ်ရှိသည့် သူဟု နိုင်ငံရေးလေ့လာသုံးသပ်သူများက လက်ခံထားကြသည်။ သမ္မတကင်မ်ဒေးယုံလက်ထက်တွင် အချက်အချာကျသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို လီဟိုင်ချန်းက ဆန့်ကျင်ခဲ့ရာ ယင်းအချက်က ဥပဒေပြုလွှတ်တော်တွင် ဥပဒေရေးရာများနှင့် စပ်လျဉ်းပြီး အနာဂတ်တွင် ပြောင်းလဲတိုးတက်ဖြစ်ပေါ်လာမည့် အလားအလာများကို တွက်ဆမှုများဖြစ်စေခဲ့သည်။ ဧပြီလ ၁၈ ရက်နေ့ထုတ် The Financial Times သတင်းစာ၏ ရေးသားဖော်ပြချက်အရ ကင်မ်ဒေးယုံသည် ဖေဖော်ဝါရီလက ဖျက်သိမ်းခဲ့သည့် လက်ယာဂိုဏ်း ယူနိုက်တက်လစ်ဘရယ် ဒီမိုကရက်ပါတီနှင့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းမှုကို ပြန်လည်သုံးသပ်ရန် ကြိုးပမ်းလိမ့်မည်ဟု သိရှိရသည်။ ယူနိုက်တက်လစ်ဘရယ် ဒီမိုကရက်တစ်ပါတီသည် ယခင်ရွေးကောက်ပွဲတွင် လွှတ်တော်၌ ၄၈ နေရာ အနိုင်ရခဲ့ပြီး ယခုအကြိမ် ရွေးကောက်ပွဲတွင်မူ ၁၇ နေရာသာ အနိုင်ရရှိခဲ့သည်။

ဝန်ကြီးချုပ်နုတ်ထွက်ခြင်း – ယင်းသို့ရှိနေခဲ့ရာမှ ဝန်ကြီးချုပ် ပတ်တေဂျွန်းသည် ၎င်း၏ပိုင်ဆိုင်မှုကို လက်ထောက်တစ်ဦး၏ နာမည်ဖြင့် ထားခြင်းဖြင့် အခွန်ပေးဆောင်ရန် လွှဲရှောင်ခဲ့သည်ဟု တရားရုံးက အမိန့်ချမှတ်ခဲ့ပြီးနောက် ဝန်ကြီးချုပ်

ရာထူးမှ နုတ်ထွက်သွားခဲ့သည်။ ယူနိုက်တက်လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (ယူအယ်ဒီ) ၏ ထိပ်တန်းပုဂ္ဂိုလ်တစ်ဦး ဖြစ်သည့် ပတ်တေဂျွန်းကို ဇန်နဝါရီလက ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ သမ္မတကင်မ်ဒေးယုံက ၎င်း၏ နေရာတွင် ယူအယ်ဒီပါတီသဘာပတိဖြစ်သူ လီဟန်ဒွန်းကို ဝန်ကြီးချုပ်အဖြစ် မေလ ၂၂ ရက်နေ့တွင် အစားထိုးခန့်အပ်ခဲ့သည်။ လီဟန်ဒွန်းအား ဝန်ကြီးချုပ်အဖြစ် အစားထိုးခန့်အပ်ခြင်းကို ဧပြီလတွင် ကျင်းပခဲ့သော ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲတွင် ထောင်စုနှစ်ဒီမိုကရက်တစ်ပါတီအနေဖြင့် အစိုးရဖွဲ့ရန် အမတ်ဦးရေအများစု အနိုင်ရရှိခဲ့ခြင်း မရှိသည့်နောက် ယူအယ်ဒီပါတီနှင့် ညွန့်ပေါင်းအစိုးရသစ်ဖွဲ့ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ရှုမြင်ကြသည်။ ယင်းကြိုးပမ်းမှု အောင်မြင်ပါက ယူအယ်ဒီပါတီအနေဖြင့် ရွေးကောက်ပွဲတွင် ၁၇ နေရာ အနိုင်ရရှိခဲ့ရာ ထောင်စုနှစ်ဒီမိုကရက်တစ်ပါတီအဖို့ အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရန် အမတ်နေရာ ၂၇၃ နေရာရှိသော လွှတ်တော်တွင် အမတ်အများစုဦးရေ ၁၃၆ နေရာအထိ တိုးသွားမည်ဖြစ်သည်။ သို့ရာတွင် နိုင်ငံရေးလေ့လာသုံးသပ်သူများကမူ ဝန်ကြီးချုပ်အသစ် ခန့်အပ်မှုအပေါ် အချေအတင်ဆွေးနွေးမှုများက အစိုးရအဖွဲ့နှင့် အတိုက်အခံနိုင်ငံရေးပါတီများအကြား နိုင်ငံရေးသဘောထားကွဲလွဲမှုကို ဖြစ်စေနိုင်သည်ဟု စိုးရိမ်ပူပန်ကြသည်။

အမေရိကန်ပြည်ထောင်စု၏ ဗုံးကြဲမှု ဖြစ်ရပ်အပေါ် အငြင်းပွားမှု – မေလ ၁၅ ရက်နေ့တွင် အမေရိကန်ဂျက်လေယာဉ်တစ်စီးက ကိုရီးယားနိုင်ငံ၏ အနောက်တောင်ဒေသတွင်ရှိ တံငါရွာငယ်တစ်ခုဖြစ်သော မယ်ရန်ရီအနီးတွင် ရှိသည့် ပင်လယ်ပြင်တွင် ဗုံးများကို မတော်တဆကျစေခဲ့ရာ အရပ်သားများ အနည်းငယ်ထိခိုက်မှုနှင့် ပစ္စည်းများ ပျက်စီးမှုဖြစ်ခဲ့ရသည်။ ယင်းမတော်တဆဖြစ်မှုကြောင့် ဆိုးလ်မြို့တော်ရှိ အမေရိကန်သံရုံးအပြင်တွင် ပြင်းထန်သည့် ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပွားစေခဲ့ပြီး အတိုက်အခံနိုင်ငံရေးသမားများက တောင်ကိုရီးယားတွင် အခြေစိုက်သော အမေရိကန်စစ်သား ၃၇၀၀၀ အားအုပ်ချုပ်သည့် လက်နက်ကိုင်တပ်ဖွဲ့များ သဘောတူညီမှုဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့ကို ပြန်လည်သုံးသပ်ရန် တောင်းဆိုခဲ့ကြသည်။ ဒေသခံနိုင်ငံသားများက ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အမေရိကန်ပြည်ထောင်စုစစ်ဘက်ဆိုင်ရာက မတော်တဆဖြစ်မှုကို အသေအချာစုံစမ်းပြီးသည့်တိုင်အောင် ယင်းဒေသတွင် စစ်ရေးလေ့ကျင့်မှုများကို ခေတ္တရပ်ဆိုင်းထားရန် သဘောတူညီခဲ့သည်။ ယင်းမတော်တဆဖြစ်မှုနှင့် စပ်လျဉ်းပြီး ဆန္ဒပြသူများနှင့် အဝိကရဏ်းနိမ်နင်းရေးရဲတို့အကြား ရှန်းရင်းဆန်ခတ်မှု ဇွန်လ ၁၇ ရက်နေ့နှင့် ၂၁ ရက်နေ့တို့တွင် ဖြစ်ပွားခဲ့ရာ လူ ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်။

လွှတ်တော်က ဝန်ကြီးချုပ်ခန့်အပ်မှုကို အတည်ပြုခြင်း – ဇွန်လ ၂၉ ရက်နေ့တွင် အမျိုးသားလွှတ်တော်သည် ယူနိုက်တက်လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (ယူအယ်ဒီ) မှ လီဟန်ဒွန်အား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်မှုကို အတည်ပြုခဲ့သည်။ မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲ ၁၃၉ မဲ၊ ကန့်ကွက်မဲ ၁၃၀ မဲဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများက ယင်းကဲ့သို့ အတည်ပြုခြင်းကို စိတ်ပျက်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့ပြင် လီဟန်ဒွန်၏ အခွန်ပေးဆောင်ရန် ရှောင်လွှဲခြင်း၊ သံသယဖြစ်ဖွယ်ရှိသည့် မြေယာများဝယ်ယူခြင်းနှင့် နိုင်ငံတော်တရားရုံး၏ တရားစွဲဆိုရေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့စဉ်ကာလက သံသယဖြင့် စွပ်စွဲ ခြင်းခံထားရသူများအား နှိပ်စက်ခဲ့ခြင်းများအပါအဝင် ၎င်း၏ ကမောက်ကမဖြစ်ခဲ့သည့် အတိတ်ကာလက လုပ်ရပ်များ အပေါ် မေးခွန်းထုတ်ခြင်းမှာ လုံလောက်မှု မရှိဟုလည်း ပြောဆိုခဲ့ကြသည်။ ဝန်ကြီးချုပ်အဖြစ် အတည်ပြုရန် လွှတ်တော်က ၎င်းအား ကြားနာခြင်းမှာ ဖေဖော်ဝါရီလက ချမှတ်ခဲ့သည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်အရ ပထမဆုံးအကြိမ် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဆေးဘက်ဆိုင်ရာဝန်ထမ်းများ ဆန္ဒပြမှု – ဇွန်လ ၂၀ ရက်နေ့တွင် နိုင်ငံအနှံ့ရှိ ဆရာဝန်များသည် ဆေးဝါးများကို ဆရာဝန်များက ညွှန်းခွင့် အခွင့်အရေးကို ဖယ်ရှားသည့် အစိုးရ၏ လုပ်ဆောင်ချက်နှင့် စပ်လျဉ်းပြီး ဆန္ဒပြမှုများ စတင်ခဲ့သည်။ ဆန္ဒပြမှုကြောင့် ဆေးရုံပေါင်း ၁၀၀၀ ကျော်နှင့် ဆေးခန်းပေါင်း ၁၉၀၀၀ ကျော်တို့ကို ပိတ်ပစ်ခဲ့ရသည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။ ကိုရီးယားဆရာဝန်များအသင်းက ဥပဒေကို အစိုးရက ပြန်လည်သုံးသပ်ရန် ကမ်းလှမ်းခဲ့ပြီးနောက် လုပ်ငန်း ခွင်သို့ ပြန်လည်ဝင်ရောက်ရန် ဇွန်လ ၂၅ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။ ဆရာဝန်များ ဆေးဝါးများ အလွန်အကျွံ ညွှန်းခြင်းနှင့် အမြတ်အစွန်းများရရှိနေခြင်းကို ထိန်းချုပ်ရန် ယင်းဥပဒေကို အစိုးရက ရည်ရွယ်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ဆန္ဒပြမှုကြောင့် လူအများအပြား သေဆုံးခဲ့ရသည်ဟု ဆိုသည်။

တောင်မြောက်ကိုရီးယား နှစ်နိုင်ငံသမ္မတနှစ်ဦး၏ ထိပ်သီးဆွေးနွေးပွဲ – တောင်ကိုရီးယားသမ္မတ ကင်မ်ဒေးယုံနှင့် မြောက်ကိုရီးယား အမျိုးသားကာကွယ်ရေးကောင်စီဥက္ကဋ္ဌနှင့်

နိုင်ငံအကြီးအကဲဖြစ်သူ ကင်မ်ဂျုံအီးတို့ကြား သမိုင်းဝင် ထိပ်သီးဆွေးနွေးပွဲကို ပြုံယမ်းမြို့၌ ဇွန်လ ၁၃ ရက်မှ ၁၅ ရက် အထိ ကျင်းပခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် သီးခြားလွတ်လပ် သောနိုင်ငံများအဖြစ် ထူထောင်ခဲ့ပြီးနောက်ပိုင်း နှစ်နိုင်ငံ ခေါင်းဆောင်များအကြား ပထမဆုံးအကြိမ် တွေ့ဆုံပွဲပင် ဖြစ် သည်။ တောင်ကိုရီးယားသမ္မတနှင့် အတူ အရာရှိများ၊ လုပ်ငန်း ရှင်များနှင့် တောင်ကိုရီးယား သတင်းစာဆရာများ ၁၈၀ ခန့် လိုက်ပါလာခဲ့သည်။ သို့သော် မည်သည့်နိုင်ငံခြားသတင်းဌာန ကိုမျှ ခွင့်မပြုခဲ့ချေ။

တောင်ကိုရီးယားသမ္မတ ကင်မ်ဒေးယုံက နှစ်နိုင်ငံခေါင်း ဆောင်နှစ်ဦး၏ ထိပ်သီးဆွေးနွေးပွဲကို အောင်မြင်မှုတစ်ခု အဖြစ် ဖော်ပြပြောဆိုခဲ့သည်။ ဇွန်လ ၁၅ ရက်နေ့တွင် တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်မြို့သို့ ပြန်သွားခဲ့သည်။ ခေါင်းဆောင်နှစ်ဦး နှစ်ရက်ကြာဆွေးနွေးပြီးနောက် ဇွန်လ ၁၄ ရက်နေ့တွင် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရန် ဆောင်ရွက်မှု အပါအဝင် နှစ်နိုင်ငံပြန်လည်ပေါင်းစည်းမှုဆိုင်ရာ ပြဿနာ များကို လွတ်လပ်စွာနှင့် ကိုရီးယားပြည်သူများ၏ ပူးတွဲ ကြိုးပမ်းမှုအားဖြင့် ဖြေရှင်းရန် အသေးစိတ်သဘောတူညီမှု တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

ခေါင်းဆောင်နှစ်ဦးအကြား ဆွေးနွေးမှုတွင် မြောက်ကို ရီးယား၏ ဒုံးပျံလက်နက် အစီအစဉ်ဆိုင်ရာကိစ္စနှင့် အမေရိကန် လက်နက်ကိုင်တပ်ဖွဲ့များ တောင်ကိုရီးယားတွင် ရှိနေမှုပြဿနာ များ ပါဝင်ခဲ့သည်ဟု သတင်းများတွင် ဖော်ပြထားသည်။

ဆွေးနွေးသဘောတူညီချက်တွင် အဓိကအချက်ခြောက် ချက်ပါဝင်ခဲ့ရာ (၁) တောင်မြောက်နှစ်နိုင်ငံပြန်လည်သင့်မြတ် ရေးနှင့် စစ်အေးကာလက ကြွင်းကျန်ရစ်သော တင်းမာမှုများ လျှော့ချရေး၊ (၂) ငြိမ်းချမ်းသော ပြန်လည်ပေါင်းစည်းရေးကို လုပ်ဆောင်ရန်နှင့် မြောက်ကိုရီးယား၏ တစ်ပေါင်း တစ်စည်းတည်းဆိုင်ရာ အဆိုပြုချက်နှင့် တောင်ကိုရီးယား၏ ဓနသဟာယနိုင်ငံပုံစံဖြစ်လိုသည့် အဆိုပြုမှုများကို အသိအမှတ် ပြုရေး၊ (၃) ကွဲကွာနေသော မိသားစုများ ပြန်လည်ဆုံတွေ့ ရေးနှင့် နိုင်ငံရေးအကျဉ်းသမားများ ပြန်လည်လွှဲပြောင်းပေး ရေးတို့အပါအဝင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းရေး၊ (၄) ညီမျှသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းအားဖြင့် အမျိုးသားစီးပွား ရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်မြောက်ကိုရီးယား နှစ်နိုင်ငံ ရထားလမ်းများအပါအဝင် သယ်ယူပို့ဆောင်ရေး လမ်းကြောင်း များ ပြန်လည်တည်ဆောက်ပြုပြင်ရေး၊ (၅) လူမှုရေး၊ ယဉ်ကျေးမှုနှင့် အားကစားဖလှယ်ရေး နည်းလမ်းအားဖြင့် အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရေးနှင့် (၆) သဘော တူညီချက်ကို ဆောင်ရွက်ရန် နှစ်နိုင်ငံ အစိုးရများကြား ဆက်လက်ဆွေးနွေးရေးနှင့် သင့်လျော်သည့် အချိန်တွင် တောင်ကိုရီးယားနိုင်ငံသို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျုံအီး လာရောက်လည်ပတ်ရေးတို့ ဖြစ်ကြသည်။

ခေါင်းဆောင်နှစ်ဦး ဆွေးနွေးပွဲမှ ပေါ်ထွက်လာသော သဘောတူညီချက်ကို တရုတ်၊ ဂျပန်၊ ရုရှားနှင့် အမေရိကန် ပြည်ထောင်စုတို့က ကြိုဆိုခဲ့ကြသည်။ သို့ရာတွင် အမေရိကန် အရာရှိများက တောင်ကိုရီးယားနိုင်ငံမှ အမေရိကန်စစ်သား ၃၇၀၀၀ ကို စောစီးစွာ ရုပ်သိမ်းလိမ့်မည်မဟုတ်ဟု အလေး အနက်ပြောကြားခဲ့သည်။ တောင်ကိုရီးယားသမ္မတ ကင်မ်ဒေး ယုံကလည်း နှစ်နိုင်ငံပြန်လည်ပေါင်းစည်းပြီးသည့်တိုင်အောင် အမေရိကန်တပ်ဖွဲ့များ ဆက်လက်ရှိကောင်း ရှိမည်ဟု မြောက် ကိုရီးယားနိုင်ငံအား ဇွန်လ ၂၅ ရက်နေ့တွင် ပြောကြားခဲ့ပြီးဖြစ်သည်။

သမ္မတကင်မ်ဒေးယုံအား ငြိမ်းချမ်းရေးနိုဗဲဆုချီးမြှင့်ခြင်း – အောက်တိုဘာလ ၁၃ ရက်နေ့တွင် တောင်ကိုရီးယားသမ္မတ ကင်မ်ဒေးယုံအား တောင်ကိုရီးယားနှင့် အရှေ့အာရှတွင် ဒီမို ကရေစီနှင့် လူ့အခွင့်အရေးရရှိအောင် ယေဘုယျကြိုးပမ်းမှု အတွက်လည်းကောင်း၊ မြောက်ကိုရီးယားနိုင်ငံနှင့် ပြန်လည် သင့်မြတ်ရေးရရှိအောင် သီးသန့်လုပ်ဆောင်မှုအတွက်လည်း ကောင်း၊ ငြိမ်းချမ်းရေးနိုဗဲဆု ချီးမြှင့်အပ်နှင်းခဲ့သည်။ ကင်မ် ဒေးယုံသည် ၁၉၆၁ ခုနှစ်တွင် ဥပဒေပြု အမတ်တစ်ဦးဖြစ်လာ ခဲ့ပြီးနောက်ပိုင်း နိုင်ငံရေးပြုပြင်ပြောင်းလဲရေးနှင့် လူ့အခွင့် အရေးအတွက် တစ်စိုက်မတ်မတ် စည်းရုံးလှုံ့ဆော်ခဲ့သူဖြစ် သည်။ ကင်မ်ဒေးယုံမှာ ထောင်ခုနစ်နှစ်ကျခံရကာ ညှဉ်းဆဲခံခဲ့ ရပြီး လေးနှစ်ကြာပြည်ပတွင် သွားရောက်ခိုလှုံနေခဲ့ရသည်။ သေဒဏ်ချမှတ်ခံရရုံမျှမက လုပ်ကြံမှုနှစ်ကြိမ်နှင့် အကျယ် ချုပ်ဖြင့်လည်း ၅၅ ကြိမ် ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၁၉၇၇ ခုနှစ်တွင် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး နောက်ပိုင်း သူ၏ 'နေရောင်ခြည်သစ် မူဝါဒ' ဖြင့် တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံကြား နှစ်ပေါင်း ၅၀ ကြာ ရန်စောင် နေမှုကို ကျော်လွှားလွန်မြောက်ရန် ကြိုးပမ်းခဲ့သည်။

ဦးခင်မောင်လေး

## ကိုးကန့်ဒေသ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်ဦးဖုန်ကြားရှင်နှင့်အတူ ကိုးကန့်ဒေသ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်အတွင်းလှည့်လည်ကြည့်ရှုစဉ်

**ကိုးကန့်ဒေသ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်။** ။ ၁၈၈၅ ခုနှစ် မြန်မာနိုင်ငံအား နယ်ချဲ့အင်္ဂလိပ်တို့ လုံးဝသိမ်းပိုက်ပြီးမှပင် ဘိန်းပြဿနာ ပေါ်ပေါက်လာကြောင်း အခိုင်အမာတွေ့ရှိရသည်။ ဘိန်းစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း အလေ့အထသည် နယ်ချဲ့ဗြိတိသျှတို့ပယောဂကြောင့် ပေါ်ပေါက်လာခဲ့သည်။ မြန်မာတိုင်းရင်းသားတို့အား ဘိန်းစားနည်း၊ ဘိန်းရှူခြင်း စသည်တို့ကို သင်ပေးပြီး ဘိန်းစွဲသောအခါ ဘိန်းပင်စိုက်ပျိုး ထုတ်လုပ်စေသည်။ သစ်တောကြိုးဝိုင်းများမှ သစ်ခုတ်လုပ်သားများအတွက် လစာကို ဘိန်းပေးပြီး ဘိန်းစွဲအောင် ကြိုးပမ်းကြသည်။ ဘိန်းစွဲသော သစ်ခုတ်လုပ်သားများသည် သစ်တောမှ မခွာနိုင်ဘဲ လုပ်အား ခေါင်းပုံဖြတ်ခံကြရသည်။

လွတ်လပ်ရေးရပြီးနောက် မြန်မာအစိုးရအဆက်ဆက်က နယ်စပ်မှ ဘိန်းခင်းများ အမြစ်ပြတ်အောင် ကြိုးစားခဲ့သော်လည်း လက်နက်ကိုင်သောင်းကျန်းသူများ ထကြွမင်းမူနေခြင်း၊ တောတောင်ထူထပ်၍ ခရီးလမ်းပန်းခက်ခဲခြင်းတို့ကြောင့် ထင်တိုင်းမပေါက်ခဲ့ပေ။ ၁၉၈၉ ခုနှစ် နောက်ပိုင်းတွင် တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများ တရားဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသဖြင့် နယ်မြေများငြိမ်းချမ်းလာသည်။ လမ်းတံတားစသည့်နယ်စပ်ဒေသ ဖွံ့ဖြိုးတည်ဆောက်ရေးလုပ်ငန်းများ အရှိန်ရလာသဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို သိသိသာသာ ဆောင်ရွက်လာနိုင်ခဲ့သည်။

၁၉၉၇ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ (၄) မိုင်းလားတွင် ဘိန်းလုံးဝပပျောက်ကြောင်း ကုလသမဂ္ဂ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ နိုင်ငံစုံသံတမန်များ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများအား ဖိတ်ခေါ်ပြသ ကြေညာကာ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကို ဖွင့်လှစ်နိုင်ခဲ့သည်။

တစ်ဖန် ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ (၁) ကိုးကန့်ဒေသ လောက်ကိုင်မြို့၌ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကို ဖွင့်လှစ်နိုင်ခဲ့သည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)

ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးဗိုလ်မှူးကြီး (လေ)၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့သို့ ရောက်ရှိကြသည်။ ထိုမှတစ်ဆင့် အတွင်းရေးမှူး (၁) နှင့်အဖွဲ့သည် ကိုးကန့်ဒေသ လောက်ကိုင်မြို့သို့ ရောက်ရှိကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၁) ကိုးကန့်ဒေသ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ် ပြတိုက်ဖွင့်ပွဲ အခမ်းအနားကို ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့ နံနက် ၉ နာရီတွင် လောက်ကိုင်မြို့ ပြတိုက်ဝင်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ သူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ တရုတ်နိုင်ငံနှင့် စင်ကာပူ နိုင်ငံတို့မှ သံအမတ်ကြီးများ၊ ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်ရုံးမှဌာနေ ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံ The Director General of Liberal Democratic Party, The Manager of the Central Union of Agricultural Cooperatives နှင့် The Professor of the Federation of Japan Moddle Organizations၊ ပြည်တွင်းပြည်ပနိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့ဝင် များ၊ အထူးဒေသ (၁) ကိုးကန့် တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင် နှင့်တိုင်းရင်းသား ခေါင်းဆောင်များ အထူးဒေသ (၃) နှင့် အထူး ဒေသ (၇) တို့မှ တိုင်းရင်းသားခေါင်းဆောင်များ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ ဧည့်သည်များ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းမှ ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူ များ စုစုပေါင်းအင်အား ၅၀၀၀ ကျော် တက်ရောက်ကြ သည်။

နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ လက်တွဲပူးပေါင်းပြီး မူးယစ်ဆေးဝါးပပျောက်ရေး အစီအမံများကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်နေချိန်မှာ ကိုးကန့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများက နယ်မြေအတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေးအတွက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးပမ်းဆောင်ရွက်နေသည့်အပြင် ဒေသခံပြည်သူများကို ပညာပေးစည်းရုံးနိုင်မည့် မူးယစ်ဆေးဝါး ပပျောက်ရေးအထိမ်းအမှတ် ပြတိုက်ကြီးကို ဤကဲ့သို့ခမ်းခမ်း နားနား ထည်ထည်ဝါဝါ ဖွင့်လှစ်နိုင်ခြင်းသည် ပြည်ထောင်စု ကြီးအတွက်ရော ကိုးကန့်ဒေသအတွက်ပါ ဂုဏ်တက်စေမည့် စွမ်းဆောင်မှုတစ်ရပ်ဖြစ်ကြောင်း အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြတိုက်ဖွင့်ပွဲအခမ်းအနားတွင် ပြော ကြားခဲ့သည်။

ကိုးကန့်ဒေသ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်း အမှတ်ပြတိုက်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အမှူးပြုသော နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များ၏ မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ လမ်းညွှန်မိန့်ကြားချက်များ၊ နိုင်ငံတော်၏ မူးယစ်ဆေးဝါးဆိုင်ရာ မူဝါဒများ၊ မူးယစ်ဆေးဝါး သမိုင်းကြောင်းနှင့် နိုင်ငံတော်အစိုးရအဆက်ဆက်၏ မူးယစ် ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှုများကို ဒေသခံပြည်သူများ တစ်စုတစ်စည်းတည်း လေ့လာနိုင်သည်။

ထို့အပြင် တပ်မတော်အစိုးရလက်ထက်တွင် တိုင်းရင်း သားစည်းလုံးညီညွတ်မှု ပြန်လည်တည်ဆောက် အောင်မြင်ခဲ့ ရမှုများနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ၊ မူးယစ် ဆေးဝါးပပျောက်ရေး (၁၅) နှစ် စီမံကိန်း အကြောင်းများနှင့် ဤစီမံကိန်းအရ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် ကဏ္ဍများ အလိုက် လုပ်ငန်းအဖွဲ့များ အစိုးရဌာနများနှင့် လူမှုရေးအဖွဲ့ အစည်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ပြတိုက် တွင် လေ့လာကြည့်ရှုနိုင်သည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၁) ကိုးကန့် ဒေသ တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်က လောက်ကိုင်မြို့ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက် တည်ဆောက်ရေးကြိုးပမ်းမှုနှင့် ဒေသဖွံ့ဖြိုးမှုအခြေ အနေများကို ရှင်းလင်းတင်ပြသည်။ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်က ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်

ဦးဖုန်ကြားရှင်အား မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ဂုဏ်ထူးဆောင်တံဆိပ်ကို ချီးမြှင့်သည်။

ကိုးကန့်ဒေသ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သည် သုံးထပ်အဆောက်အအုံဖြစ်ပြီး ပြတိုက်၌ နိုင်ငံတော်အကြီးအကဲ၏ မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ လမ်းညွှန်မှုများနှင့် လှုပ်ရှားမှုများပြခန်း၊ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ မူဝါဒများပြခန်း၊ မြန်မာနိုင်ငံသို့ ဘိန်းစတင်ရောက်ရှိလာပုံနှင့် မြန်မာနိုင်ငံ၏ခေတ်အဆက်ဆက် ဘိန်းပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များပြခန်း၊ ၁၉၈၈ ခုနှစ်မှစတင်၍ တပ်မတော် အစိုးရလက်ထက် တိုင်းရင်းသားအဖွဲ့ ၁၇ ဖွဲ့ ငြိမ်းချမ်းရေးရယူခြင်းနှင့် မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်များ၊ မူးယစ်ဆေးဝါး ဖမ်းဆီးမှု မီးရှို့ဖျက်ဆီးမှုများပြခန်း၊ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်းပြခန်းနှင့် ကိုးကန့်တိုင်းရင်းသားများ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှုပြခန်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပညာရေး၊ ကျန်းမာရေး၊ ပြန်ကြားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၏ ကဏ္ဍအလိုက်ပြခန်းများ ပြသထားသည်။

ကျော်ဖုန်းမြင့် (ဓာတုဗေဒ)

**ကမ္ဘာကျော် မြန်မာ့ကျောက်စိမ်းတုံးကြီး။** ။မြန်မာနိုင်ငံသည် အာရှတိုက်တောင်ဘက်သို့ ထိုးထွက်လျက်ရှိသော ကျွန်းဆွယ် ကြီးသုံးခုအနက် အရှေ့ဆုံးကျသော အင်ဒိုချိုင်းနားကျွန်းဆွယ် ပေါ်တွင် တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်နှင့် ထိစပ်လျက်ရှိသည်။ တစ်နည်းအားဖြင့် ကုန်းတွင်းပိတ် နိုင်ငံမဟုတ်ပေ။ မြန်မာနိုင်ငံသည် ရေသယံဇာတ၊ မြေသယံဇာတများ အလျှံပယ် ကြွယ်ဝချမ်းသာသော နိုင်ငံဖြစ်သည်။ ထို့အပြင် ရတနာများ စုဝေးရာနိုင်ငံဖြစ်သည်။ "နဝရတန" ဟူသော ပါဠိစကားလာ ရတနာကိုးပါးဖြစ်သည့် ပတ္တမြား၊ စိန်၊ ကြောင်၊ မြ၊ ဥဿဖရား၊ ပုလဲ၊ နီလာ၊ သန္တာနှင့်ဂေါ်မုတ်တို့ ထွက်ရှိရာ နိုင်ငံဖြစ်သည်။

မြန်မာမြေမှ ရတနာထွက်သည်မှာ ယခုမှမဟုတ်၊ မြန်မာဟူ၍ စတင်ပေါ်ပေါက်ခဲ့သော ရှေးနှစ်ပေါင်းနှစ်ထောင်ကျော်ကာလ ပျူခေတ်မှစတင်ခဲ့သည်။ သက်သေအထောက်အထားအဖြစ် ခေတ်အဆက်ဆက်သုံးစွဲလာခဲ့သော လက်ဝတ်ရတနာပစ္စည်းများ၊ မင်းခမ်းမင်းနားသုံး အဆင်တန်ဆာများ၊ ကိုးကွယ်ပူဇော်ရန် ထုလုပ်တည်ထားခဲ့ကြသော စေတီပုထိုးနှင့် ရုပ်ပွားဆင်းတုများတွင် ကျောက်မျက်ရတနာများကို မွမ်းမံလှူဒါန်းထားသည်များကို တွေ့ရှိရသည်။ အလားတူပင် သူ့ကျွန်ဘဝတွင် နန်းစဉ်ရတနာဖြစ်သော ပတ္တမြားငမောက်ကဲ့သို့သော ကြီးမားထင်ရှားသည့် ရတနာများကို ခိုးယူခြင်းခံခဲ့ရသည်မှာ သမိုင်းမှတ်တမ်း၌ အထင်အရှားရှိခဲ့ပါသည်။ နယ်ချဲ့တို့ မြန်မာနိုင်ငံကို အုပ်စိုးစဉ်က တွင်းထွက်ရတနာများကို စက်တွင်းလက်တွင်း စသည့် နည်းမျိုးစုံဖြင့် တူးဖော်ထုတ်ယူခဲ့ကြသည်။

ကမ္ဘာတွင် ထင်ရှားပြီး ကြီးမားအဖိုးတန်လှသော ကျောက်မျက်ရတနာများ မြန်မာနိုင်ငံမှ ထွက်ရှိလေသည်။ အလေးချိန် (၆၃,၀၀၀) ကရက်ရှိ ကမ္ဘာ့အကြီးဆုံး နီလာဂေါ်ကြီးရိုင်းကို ၁၉၇၂ ခုနှစ်တွင် မိုးကုတ်ရတနာမြေမှ တူးဖော်ရရှိခဲ့သည်။ အလေးချိန် ၃၃ တန်ကျော် အရွယ်အတိုင်းအတာ အလျား ၁၂ ပေ၊ အမြင့် ၆ ဒသမ ၅ ပေ၊ ထု ၇ ပေရှိ ကျောက်စိမ်းတုံးကြီးကို ၁၉၈၂ ခုနှစ်က ကချင်ပြည်နယ် ဖားကန့်လုံးခင်းတွင် တူးဖော်ရရှိခဲ့သည်။ အလေးချိန် ၃၂၀၀၀ ကရက်ရှိ ကမ္ဘာ့အကြီးဆုံး ပြောင်ခေါင်းစိမ်းကျောက်ကို ၁၉၈၆ ခုနှစ်က မိုးကုတ် (ပန်လင်း) ရတနာမြေက ထွက်ရှိခဲ့သည်။ မိုးကုတ်သရဖူကျောက်ကြီးမှာ အလေးချိန် ၅ ဒသမ ၅၆ ကရက်ရှိပြီး ၁၉၈၆ ခုနှစ်တွင် မိုးကုတ်ရတနာမြေမှ ထွက်ရှိခဲ့သည်၊ ၁၉၉၀ ပြည့်နှစ်တွင် မိုးကုတ်ရတနာမြေဒေသမှပင် အလေးချိန် ၄၉၆ ဒသမ ၅ ကရက်ရှိ န.ဝ.တ ပတ္တမြားကြီး ထွက်ရှိခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် အလေးချိန် ၁၅၀၀ ကီလိုရှိ ကျောက်စိမ်းအရည်ကျောက်ရိုင်းတုံးကို ကချင်ပြည်နယ် လုံးခင်းရတနာမြေမှ တူးဖော်ရရှိခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် အလေးချိန် ၂၁၄၅၀ ကရက်ရှိ ကမ္ဘာ့အကြီးဆုံး ပတ္တမြားအရိုင်းတုံးကို မိုးကုတ်မြို့ ကင်းရွာက ထွက်ရှိခဲ့သည်။ ဤသည်တို့မှာ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ၂၀၀၀ ပြည့်နှစ် မတိုင်မီက မှတ်တမ်းတင်ထားသော အကြီးဆုံးရတနာများ ဖြစ်ပါသည်။

၂၀၀၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် ကျောက်စိမ်းမြို့တော်ဖြစ်သော ကချင်ပြည်နယ်၊ ဖားကန့်မြို့မှ ကမ္ဘာ့အကြီးဆုံးကျောက်စိမ်းတုံးကြီးကို ထပ်မံတူးဖော်တွေ့ရှိခဲ့သည်။ မြန်မာ



ကမ္ဘာကျော် မြန်မာ့ကျောက်စိမ်းတုံးကြီးနှင့်ပတ်သက်၍ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်အား တာဝန်ရှိသူများက ရှင်းလင်းပြနေစဉ်

နိုင်ငံထွက် ကျောက်မျက်ရတနာများအနက် ကျောက်စိမ်းနှင့် ပတ်သက်၍ ကချင်ပြည်နယ် ဖားကန့်ဒေသမှ ထွက်ရှိသော ကျောက်စိမ်းများသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးနှင့် အလှပဆုံးဖြစ်သည်။ အရည်အသွေးလည်း အထူးကောင်းမွန်သည်။

ဤကျောက်စိမ်းတုံးကြီးသည် သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် အထူးဒေသ (၆) ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ ကျောက်စိမ်းနဂါး (ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက်ဘို့ ဖက်စပ်အကျိုးတူ လုပ်ကိုင်လျက်ရှိသော လုံးခင်းဖားကန့် ရတနာမြေ ဖားကန့်ကြီးမှော်ရှိ လုပ်ကွက် (၁) တွင် တူးဖော်ရရှိခြင်းဖြစ်သည်။

တူးဖော်တွေ့ရှိသည့် ထိုကျောက်စိမ်းတုံးကြီးသည် အလျားပေ ၇၀၊ အမြင့်ပေ ၂၀၊ ထု ၁၆ ပေရှိကာ ကမ္ဘာတွင် အကြီးဆုံးသော ကျောက်စိမ်းတုံးကြီးဖြစ်သည်။ ထိုကျောက်စိမ်းတုံးကြီးသည် မြေအောက်ပေ ၄၀ ခန့်ရှိနေပြီး ကျောက်စိမ်းအငုတ် (DYKE) များတွင် တွေ့ရှိရသည့်အတိုင်း မဲရောင် (SERPEN TINE) များ ဖုံးအုပ်ထားပြီး၊ အောက်တွင် အဖြူရောင် ကျောက်စိမ်းသားများနှင့်အတူ အစိမ်းရောင်၊ ခရမ်းရောင်၊ ကျောက်စိမ်းသားများ ရောနှောပါဝင်လျက်ရှိကာ ယမ်းညုက် (CRYSTAL) ဖြစ်သဖြင့် ကျောက်သားဖွဲ့စည်းမှု ကောင်းမွန်သည်။ အလေးချိန် တန် ၂၀၀၀ ကျော်ရှိမည်ဟု ခန့်မှန်းတွက်ချက်ကြသည်။ ကျောက်စိမ်းအငုတ်တုံးကြီးသည် ဥမင်လိုဏ်ခေါင်းတူးဖော်ပြီး ဥမင်လိုဏ်အဆုံးတွင် တွေ့ရှိခြင်းဖြစ်၍ ကျောက်စိမ်းအငုတ်တုံးကြီးဖြစ်တည်နေမှု အလားအလာနှင့် ဘေးပတ်ဝန်းကျင်တွင် SERPENTINE နှင့် မြင်းချေးကြော ထပ်မံတွေ့ရှိရခြင်းကြောင့် ကျောက်စိမ်းအငုတ် ထပ်မံတွေ့ရှိနိုင်ကြောင်းပညာရှင်များယူဆကြသည်။

ယင်းကျောက်စိမ်းတုံးကြီး တွေ့ရှိရာနေရာသည် နမ့်မှော်ဖော်ထုတ် လုပ်ကွက်အမှတ် ၁၀၉ ဖြစ်သည်။ ပထဝီအနေအထားအရ အတိအကျမှာ နမ့်မှော်ချောင်းနှင့် ရေကြည်ချောင်းဆုံရှိ အရှေ့တောင်ဘက်ပေ ၁၀၀၀ ခန့်အကွာတွင် တွေ့ရှိခြင်းဖြစ်သည်။ နမ့်မှော်ရွာတောင်ဘက် သုံးမိုင်ခန့်အကွာ မြောက်လတ္တီတွဒ် ၂၅ ဒီဂရီ ၃၃ မိနစ် ၁၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၄ မိနစ် ၃၀ စက္ကန့်နှင့် ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၉၀၀ အမြင့်တွင် တည်ရှိသည်။ တူးဖော်ခွင့်ရရှိသော လုပ်ကွက်၏ ရိယာအကျယ်အဝန်းမှာ တစ်ဧကခန့်ဖြစ်သည်။

ကျောက်စိမ်းတွင် အထည်ကျောက်၊ အသားကျောက်နှင့် အရည်ကျောက်ဟူ၍ သုံးမျိုးရှိသည်။ အရည်ကျောက်က တန်ဖိုးကြီးသည်။ အရည်ကျောက်၏ အရောင်အဆင်းမှာ အဖြူရောင်မှ အနက်ရောင်အတွင်းရှိသည်။ အဝါရောင်၊ အနီရောင်၊ အပြာရောင်၊ အစိမ်းရောင်စသည်ဖြင့် ကျောက်တွင်ပါရှိဖွဲ့စည်းသော ဓာတုပစ္စည်းအပေါ် မူတည်၍ အရောင်များပေါ် ထွက်သည်။

အရည်ပြည့် ဖောက်ထွင်းမြင်အားကောင်းသော ကျောက်စိမ်းများသည် တန်ဖိုးကြီးလှပေသည်။ ကျောက်စိမ်းကောင်းလျှင် အရွယ်ပမာဏတူသော အခြားကျောက်များထက်ပို၍ လေးသည်။ မာကြောသည်။ ပို၍တောက်ပသည်။ ပုံဆောင်ခဲဟု အသုံးများသော CRYSTAL ဖွဲ့စည်းမှုများတွင် သေးမွှန်ချောညက်လျှင် ယင်းကျောက်စိမ်းကို ကျောက်သားကောင်းသည်ဟု သတ်မှတ်သည်။ ကျောက်စိမ်းလောကသုံးစကားဖြင့် "ယမ်းညက်" ဟုဆိုကြသည်။ ယခင်က ဗေဒါပွင့်အပြာရောင်ကို လူကြိုက်နည်းခဲ့သော်လည်း ယခု ဒုတိယဈေးအကြီးဆုံး အတန်းသို့ ဝင်သွားပြီဖြစ်သည်။

ဇကျောက်စိမ်းအဖြစ် ဖွဲ့စည်းဖြစ်တည်သောအဆင့်ကို Jadeite ခေါ်သည်။ အစိမ်းရောင်ရှိသော အခြားကျောက်စိမ်းတစ်မျိုးမှာ ကျောက်စိမ်းအရည်မမီသော Nephrite များ ဖြစ်ပေသည်။ ခရိုမီယန်ဓာတုပစ္စည်းကြောင့် တောက်ပပြီး အစိမ်းရောင်ရှိသော ကျောက်စိမ်းကို တန်ဖိုးအကြီးဆုံးထားပြီး ရောင်းဝယ်ကြသည်။ တော်ဝင်သုံး၊ ဧကရာဇ်သုံးကျောက်စိမ်းကို (Imperial jade) ဟုခေါ်ကြပေသည်။ (နက်ဖရိုက်) ကျောက်သည် အဝါရောင်သမ်းပြီး အဖြူဘက်လုလေ့ရှိသည်။ မြန်မာနိုင်ငံထွက် နက်ဖရိုက်ကျောက်နှင့် ကျောက်စိမ်းများသည် အရည်အသွေး ပိုမိုမြင့်မားကြသည်။

ကချင်ပြည်နယ်တွင် ယခုတွေ့ရသော တန် ၂၀၀၀ ကျော်ရှိ ကျောက်စိမ်းတုံးကြီးကို ကျောက်စိမ်းနဂါးကြီးဟု တင်စားခေါ်ဝေါ်ကြသည်။ လုပ်ကွက်အမှတ် ၁၀၉ တွင် ကျောက်စိမ်းငုတ်အစအနတစ်ခုတွေ့ရှိရာမှ ငုတ်ကြောပေါ် ထွက်အပိုင်းကို ယမ်းဖောက်ခွဲ တူးဖော်ကြည့်ခဲ့ရာမှ မြေအောက်ပေ ၄၀ အနက်တွင် ဤကျောက်စိမ်းနဂါးကြီးကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အမျိုးအစားရော အရည်အသွေးပါ ကောင်းမွန်ပြီး ဤအရွယ်ပမာဏနှင့် ဤအလေးချိန်မျိုး ကျောက်စိမ်းတုံး မြန်မာနိုင်ငံတွင် ရှေးယခင်က မပေါ်ပေါက်ခဲ့ဘူးချေ။ မြန်မာနိုင်ငံတွင် တွေ့ဖူးသမျှ၊ ကမ္ဘာတွင် တွေ့ဖူးသမျှ အကြီးမားဆုံး ကျောက်စိမ်းတုံးကြီး ဖြစ်ပေသည်။

**ကမ္ဘောဒီးယားနိုင်ငံ။** ။ ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ကမ္ဘောဒီးယားအစိုးရက အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ခြင်း စွပ်စွဲချက်များနှင့်စပ်လျဉ်းပြီး ထိပ်တန်းခမာနီခေါင်းဆောင်များကို အမှုစစ်ဆေးရန်အတွက် အထူးတရားရုံးတစ်ရုံး ထူထောင်ရန် ဥပဒေကြမ်းကို အတည်ပြုခဲ့သည်။ ရုံးတင်စစ်ဆေးမှုများကိုလည်း မည်ကဲ့သို့ လုပ်ဆောင်မည်နှင့်စပ်လျဉ်းပြီး ကုလသမဂ္ဂအရာရှိများနှင့် ကမ္ဘောဒီးယားအစိုးရတို့ကြားလအတန်ကြာ ရှည်လျားသည့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့ပြီးနောက် ယင်းဥပဒေကြမ်း ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဒီးယားက အဆိုပြုခဲ့သော ယင်းဥပဒေကြမ်းတွင် ရုံးတင်စစ်ဆေးမှုများတွင် ကုလသမဂ္ဂက ကြီးကြပ်မှုကို ခွင့်မပြုဘဲ အမှုအသီးသီး စစ်ဆေးရာထွင်လည်း ကမ္ဘောဒီးယားနိုင်ငံသား တရားသူကြီးအများစု ပါဝင်စေမည်ဖြစ်သည်။ ပြည်ပမှ တရားသူကြီးများ အမှုအသီးသီးစစ်ဆေးရာတွင် ပါဝင်ခွင့်ပြုမည် ဖြစ်သော်လည်း အနည်းစုကိုသာ ခွင့်ပြုမည်ဖြစ်သည်။

ယင်း ကိစ္စနှင့်စပ်လျဉ်းပြီး ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၈ ရက် နေ့စွဲဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်ဆန်သို့ ပေးပို့သော စာတစ်စောင်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ခမာနီခေါင်းဆောင်ဟောင်းများကို ရုံးတင်စစ်ဆေးရန် ကမ္ဘောဒီးယားအစိုးရအဖွဲ့က အတည်ပြုထားသည့် ဥပဒေကြမ်းကို ကန့်ကွက်ခဲ့သည်။ ဂုဏ်သိက္ခာရှိသည့် တရားရုံးတစ်ရုံးဖြစ်စေရန် ယင်းအဖွဲ့တွင် လွတ်လပ်သည့် အပြည်ပြည်ဆိုင်ရာ တရားစွဲဆိုသူပုဂ္ဂိုလ်များနှင့် ကုလသမဂ္ဂက ခန့်ထားသော တရားသူကြီးအများစု ပါဝင်စေရမည်ဟု ကိုဖီအာနန်က အခိုင်အမာ ပြောကြားခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံက အတည်ပြုထားသော ဥပဒေကြမ်းမှာ အမှုကြားနာစစ်ဆေးသည့် အဆင့်တွင်လည်းကောင်း၊ အယူခံဝင်သည့် အဆင့်တွင်လည်းကောင်း ကမ္ဘောဒီးယားနိုင်ငံသား တရားသူကြီးအများစုသာ ပါဝင်စေရန် သတ်မှတ်ထားသည်။

မေလ ၆ ရက်နေ့ထုတ် The Internationl Herald Tribune စာစောင်က ဝန်ကြီးချုပ် ဟွန်ဆန်နှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်တို့သည် အထူးတရားရုံး ထူထောင်ရေးနှင့်စပ်လျဉ်းပြီး သဘောတူညီမှု ရရှိခဲ့ကြောင်း ရေးသားဖော်ပြခဲ့သည်။ ကုလသမဂ္ဂက အထူးတရားရုံး တရားစွဲပုဂ္ဂိုလ်နှစ်ဦးအနက် တစ်ဦးကို ကမ္ဘောဒီးယားနိုင်ငံသားကို ခန့်ထားခွင့်နှင့် အဖွဲ့ဝင် ငါးဦးပါဝင်သော တရားသူကြီးအဖွဲ့တွင် သုံးဦးကို ကမ္ဘောဒီးယားနိုင်ငံသားအားခန့်ထားပြီး ကျန်နှစ်ဦးကို ကုလသမဂ္ဂမှ ခန့်ထားသည့်အဖွဲ့ဝင်နှစ်ဦးကို ခန့်ထားရန် အခွင့်ရေးပေး ခွင့်ပြုခဲ့သည်။

ကမ္ဘောဒီးယား နိုင်ငံဆိုင်ရာ အလှူရှင်နိုင်ငံများ ညီလာခံ – မေလ ၂၄ – ၂၆ ရက်နေ့များတွင် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပသော အစည်းအဝေး၌ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်သည် အလှူရှင်နိုင်ငံများနှင့် အကူအညီပေးရေးအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များကို တွေ့ဆုံခဲ့သည်။ အလှူရှင် နိုင်ငံများနှင့် အကူအညီပေးရေး အဖွဲ့အစည်းများက ကမ္ဘောဒီးယားနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၅၄၈ သန်း ပေးရန် ကတိကဝတ်ပြုခဲ့သည်။ မေလ ၂၉ ရက်နေ့ထုတ် The Financial Times စာစောင်၏ ရေးသားဖော်ပြချက်အရ အထောက်အပံ့ပေးသည့် ငွေပမာဏမှာ ခွဲခြားစိတ်ဖြာ သုံးသပ်သူများ မျှော်မှန်းထားသည်ထက် ပိုမိုများပြားသည်ဟု ဆိုသည်။ အလှူရှင်နိုင်ငံများက ပေးကမ်းခဲ့သော အကူအညီမှာ ပိုမိုကောင်းမွန်သည့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု၊ စစ်ဘက်ဆိုင်ရာအသုံးစရိတ် လျှော့ချမှု၊ တရားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ ဆင်းရဲမွဲတေမှုလျှော့ချရေး နောက်ထပ်ကြိုးပမ်းဆောင်ရွက်မှုနှင့် တရားမဝင်သစ်ခုတ်လဲခြင်း လုပ်ဆောင်မှုအပေါ် အရေးယူဆောင်ရွက်မှုများပါဝင်သည့် အချက်အချာကျသည့် စီးပွားရေးနှင့်နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများနှင့် ဆက်နွှယ်နေသည်ဟု ပြောကြားခဲ့သည်။

အစာတော်ခံ ဆန္ဒပြခြင်း – ဆမ်ရန်ဆီပါတီမှ အတိုက်အခံခေါင်းဆောင် ဆမ်ရန်ဆီသည် ကမ္ဘောဒီးယား အမျိုးသားလွှတ်တော်ရှေ့တွင် မကြာသေးမီက ဖြစ်ပွားခဲ့သည့် ဆိုးဝါးပြင်းထန်သည့် ရေကြီးမှုဒဏ် ခံစားခဲ့ရသည့်သူများ၏ ဒုက္ခကို အများပြည်သူများ အာရုံစိုက်လာစေရန် ရည်ရွယ်ချက်ဖြင့် အောက်တိုဘာလ ၂၄ ရက်မှ ၂၇ ရက်အထိ အစာတော်ခံ ဆန္ဒပြခဲ့သည်။ ဆမ်ရန်ဆီက ကမ္ဘောဒီးယားအစိုးရ အရာရှိများသည် အလွဲသုံးစားမှုပြုကြပြီး အပြည်ပြည်ဆိုင်ရာ အထောက်အပံ့ပစ္စည်းများကို ဖြန့်ဝေမည့်အစား ကျေးလက်ပြည်သူများသို့ ရောင်းစားခဲ့သည်ဟု စွပ်စွဲခဲ့သည်။ ထို့ပြင် ထောက်ပံ့ပစ္စည်း ဖြန့်ဝေမှုခွဲတမ်းတွင်လည်း လက်ရှိအာဏာရ ကမ္ဘောဒီးယား ပြည်သူ့ပါတီ (စီပီပီ) အား ထောက်ပံ့မှုအင်အား ကောင်းသည့် ဒေသများကိုသာ ဦးစားပေးဖြန့်ဝေခဲ့သည်ဟု ၎င်းကဆိုသည်။

မိုင်းရှင်းလင်းရေး ငွေကြေးထောက်ပံ့မှုဆိုင်ရာ အကျပ်အတည်း – အမျိုးသား မြေမြှုပ်မိုင်း ရှင်းလင်းရေးအဖွဲ့ဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ မိုင်းရှင်းလင်းရေးဆိုင်ရာ ဌာနသည် ၎င်း၏ ဝန်ထမ်းအဖွဲ့အစည်းကို ၁,၉၀၀ ဦးရေအထိ ဖြတ်တောက်လျှော့ချခဲ့သည်။ ထို့ပြင် ၎င်း၏ မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်များကိုလည်း အပြည်ပြည်ဆိုင်ရာ ငွေကြေးထောက်ပံ့မှု မရရှိသောကြောင့်ဟုဆိုကာ ရပ်ဆိုင်းထားခဲ့သည်။ အတိတ်ကာလကလည်း အလွဲသုံးစားမှုများ ရှိခဲ့ဖူးရာ ပြည်ပအလှူရှင်နိုင်ငံများသည် ယင်းအဖွဲ့အပေါ် ယုံကြည်မှုကင်းမဲ့လာခဲ့သည်။ အစိုးရတပ်ဖွဲ့များနှင့် ခမာနီတို့ ကြားကာလ ကြာရှည်စွာ ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကာလက မြေမြှုပ်မိုင်းများကို မြှုပ်ထားခဲ့ခြင်းဖြစ်သည်။ ယင်းမြေမြှုပ်မိုင်းများသည် ယခုတိုင် ဒုက္ခပေးဆဲရှိရာ နှစ်စဉ်လူ ၁၀၀၀ ခန့်ကို ထိခိုက်သေကျေ ဒဏ်ရာရရှိနေဆဲပင် ဖြစ်သည်။ ထို့ပြင် ယင်းမြေမြှုပ်မိုင်းများကြောင့် ဒေသအများအပြားတွင် မြေဧရိယာများစွာမှာ ထွန်ယက်စိုက်ပျိုးခြင်း မပြုနိုင်ခဲ့ချေ။ ယင်းသို့ ရှိနေစဉ် ဂျပန်၊ ဩစတြေးလျ၊ နော်ဝေနှင့် ဆွီဒင်နိုင်ငံတို့ ပါဝင်သော အလှူရှင်နိုင်ငံများက ကမ္ဘောဒီးယားနိုင်ငံ မြေမြှုပ်မိုင်း ရှင်းလင်းရေးအဖွဲ့သို့ ၂၀၀၁ ခုနှစ်တွင် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ငါးသန်းထည့်ဝင် လှူဒါန်းမည်ဟု ကတိကဝတ် ပြုခဲ့သည်။

ဖနွမ်းပင်မြို့ လမ်းပေါ်တိုက်ပွဲ – နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ဖနွမ်းပင်ရဲများနှင့် လက်ပစ်ဗုံးများနှင့် မောင်းပြန်သေနတ်များ ကိုင်ဆောင်ထားသည့် တစ်ဒါဇင်ကျော်ခန့် ရှိသည့်သူများ အကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ ယင်းတိုက်ခိုက်မှုမှာ အစိုးရ အရာရှိများအား ဦးတည်တိုက်ခိုက်လိုပုံ ပေါ်ပေသည်။ တိုက်ပွဲတွင် သေနတ်သမား ခုနစ်ဦးအပါအဝင် လူရှစ်ဦးသေဆုံးခဲ့ပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။ အနည်းဆုံး လူ ၄၀ ဦးကို ဖမ်းဆီးခဲ့သည်။ ဟွန်ဆန် ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီးနောက်ပိုင်းတွင် ဖနွမ်းပင်မြို့တွင် ဖြစ်ပွားခဲ့သည့်အနက် အဆိုးဝါးဆုံး တိုက်ပွဲပင်ဖြစ်သည်။ တိုက်ခိုက်မှုမှာ မည်သည့်အုပ်စု၏လက်ချက်ဖြစ်သည် ဆိုသည်နှင့် မည်သည့်ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခဲ့သည်ကို ရှင်းလင်းစွာ မသိရချေ။ ဖမ်းဆီးခံရသူအချို့၏ ပြောကြားချက်အရမူ တိုက်ခိုက်မှုမှာ ထုတ်ပယ်ခြင်း ခံရသည့် ဗီယက်နမ်လူမျိုးများ၏ လက်ချက်ကြောင့်ဟု သိရှိရသည်။ ဖမ်းဆီးခံရသူများက ၎င်းတို့မှာ လယ်သမားများဖြစ်ကြောင်း၊ ၎င်းတို့အား ဖနွမ်းပင်မြို့တွင် အလုပ်ပေးမည်ဟု ကတိပြုခဲ့ကြောင်း၊ သို့ရာတွင် ဘုတာရုံ၌ တစ်ညအိပ်ပြီး နောက် နောက်တစ်နေ့တွင် ၎င်းတို့အား လက်နက်များပေးကာ တိုက်ခိုက်ကြရန် ပြောကြားခဲ့သည်ဟုဆိုသည်။

နိုဝင်ဘာ ၂၅ ရက်နေ့တွင်ရဲများက ယင်းတိုက်ခိုက် မှုနှင့် စပ်လျဉ်းပြီး ကမ္ဘောဒီးယားနွယ်ဖွား အမေရိကန်နိုင်ငံသား ရစ်ချတ်ကီရီကင်မ်အား ယိုးဒယားနိုင်ငံသို့သွားရန် လေယာဉ်ပေါ်သို့ တက်ခါနီးတွင် ဖမ်းဆီးခဲ့သည်။ ကီရီကင်းမ်မှာ အစိုးရဆန့်ကျင်ရေးအဖွဲ့ဖြစ်သည့် ကမ္ဘောဒီးယား လွတ်မြောက်ရေး တိုက်ခိုက်သူများအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း သိရှိရသည်။

ဦးခင်မောင်လေး

**ကြည်ကြည်ဌေး၊ အကယ်ဒမီ ဝဏ္ဏကျော်ထင် (ခရစ် ၁၉၂၄ – ၂၀၀၀)။** ။ ထပ်ဆင့်အကယ်ဒမီ ဝဏ္ဏကျော်ထင် ဒေါ်ကြည်ကြည်ဌေးကို ဖခင်ဦးဘိုးရင်၊မိခင်ဒေါ်အုန်းကြွေ တို့က ၁၉၂၄ခုနှစ်တွင် ဖွားမြင်သည်။ မွေးချင်းငါးဦးအနက် အငယ်ဆုံးသမီးဖြစ်ပြီး အမည်ရင်း မမြကြင်ဖြစ်သည်။



ထပ်ဆင့်
အကယ်ဒမီ
ကြည်ကြည်ဌေး

ဒေါ်ကြည်ကြည်ဌေး၏ အစ်မမှာ ရုပ်ရှင်မင်းသမီးကြီး အကယ်ဒမီ ဒေါ်သိန်းရှင်ဖြစ်ပြီး ဒေါ်သိန်းရှင်၏သမီး ရုပ်ရှင်မင်းသမီး အကယ်ဒမီနွဲ့နွဲ့မူမှာ ဒေါ်ကြည်ကြည်ဌေး၏တူမ တော်စပ်သည်။

ဒေါ်ကြည်ကြည်ဌေးသည် အသက်ငါးနှစ်အရွယ် ၁၉၂၉ ခုနှစ်မှစ၍ ဇာတ်သဘင်လောကသို့ ဝင်ရောက်သည်။ ဇာတ်သဘင်လောကတွင် "အောက်ချင်းမ" အမည်ဖြင့် အသက် ၁၄ နှစ် အရွယ်၌ ကျော်ကြားလာသည်။ စစ်ပြီးခေတ်တွင် "မာလာရီ" အမည်ဖြင့် ကျော်အုန်းလှိုင် ခေတ်သစ် ရာဇဝင် ပြဇာတ်အဖွဲ့၌ ပြဇာတ်မင်းသမီးအဖြစ် အောင်မြင် ထင်ရှားလာပြန်သည်။ ၁၉၄၉ ခုနှစ်တွင် ကာဌေးပြဇာတ်ရုံမှ ပြဇာတ်မင်းသမီး ရွေးချယ်ပွဲ၌ ပြိုင်ပွဲဝင်ခွင့်ရရှိပြီး "ကြည်ကြည်ဌေး" အမည်ဖြင့် ပြဇာတ်ကေရီ၊ ပြဇာတ် ဘုရင်မအဖြစ်လျှမ်းလျှမ်းတောက်အောင်မြင်ကျော်ကြားသည်။

ဒေါ်ကြည်ကြည်ဌေးသည် ၁၉၅၂ ခုနှစ်တွင် အေဝမ်း ဖလင်မှ ဒါရိုက်တာ အေဝမ်းဦးတင်မောင်၏ မြေတောင် မြှောက်မှုဖြင့် "ချစ်သက်ဝေ" ရုပ်ရှင် ဇာတ်ကားကိုစတင် ရိုက်ကူးခဲ့ပြီး ပထမဆုံးအကယ်ဒမီရရှိသည်။ ဆက်လက်၍ ရတနာပုံ၊ အကျော်အမော်စသည့် နာမည်ကြီး ရုပ်ရှင် ဇာတ်ကားအများအပြား ရိုက်ကူးသည်။ ၁၉၅၆ ခုနှစ်တွင် "ချစ်ခွင့်မပိုင်" ရုပ်ရှင်ဇာတ်ကားဖြင့် ဒုတိယအကြိမ် အကယ်ဒမီ ရရှိသည်။ ၁၉၇၀ ပြည့်နှစ်တွင် "နုနယ်ငယ်" ရုပ်ရှင်ဇာတ်ကားဖြင့် တတိယအကြိမ် အကယ်ဒမီ ရရှိပြီး၊ ၁၉၇၈ ခုနှစ်တွင် "လူဇော်" ရုပ်ရှင်ဇာတ်ကားဖြင့် စတုတ္ထ အကြိမ်အကယ်ဒမီ ထပ်မံရရှိပြန်သည်။ ပန်းပန်လျက်ပါ၊ စကားပြောသောအသည်းနှလုံး၊ မူယာမာယာပိုလွန်းတယ်၊ ချစ်သောဖေဖေ၊ နွေး စသည့် နာမည်ကြီးရုပ်ရှင်ဇာတ်ကား ပေါင်း ၃၀၀ ကျော် ရိုက်ကူးခဲ့သူ ဖြစ်သည်။

ဒေါ်ကြည်ကြည်ဌေးသည် ဇာတ်သဘင်လောက၊ ပြဇာတ်လောကနှင့် ရုပ်ရှင်လောကတွင်သာမက ဂီတ လောကတွင်လည်းထင်ပေါ်ကျော်ကြားသည်။ကြည်ကြည်ဌေး၏ဓာတ်ပြားတေးများဖြစ်သည့် လေးနာရီ၊ ဗေဒါလမ်း၊ သက်ဆိုင်သူသို့၊ ချစ်ဆိပ်ရည်၊ ပျိုလေးတို့ကောက်စိုက်ရာ၊ ခေတ်ဆန်းအငြိမ့်၊ ချစ်၍ရွာသောမိုး စသော သီချင်းများသည် ယနေ့တိုင် မရိုးနိုင်အောင် ထင်ပေါ်ကျော်ကြားလျက်ရှိသည်။

ရုပ်ရှင်မင်းသမီး လေးထပ်ကွမ်း အကယ်ဒမီ ဒေါ်ကြည်ကြည်ဌေးသည် နိုင်ငံတော်က ချီးမြှင့်သော ဝဏ္ဏ ကျော်ထင်ဘွဲ့ကိုလည်း ရရှိသည်။

အောက်ချင်းမ၊ မာလာရီ၊ ကြည်ကြည်ဌေးအမည်များ ဖြင့် ပြည်သူချစ်သော အနုပညာရှင်တစ်ဦးအဖြစ်ထင်ပေါ် ကျော်ကြားခဲ့သောလေးထပ်ကွမ်းအကယ်ဒမီဒေါ်ကြည်ကြည်ဌေး သည် မကွယ်လွန်မီအချိန်အထိ မြန်မာ့အသံနှင့် ရုပ်မြင် သံကြားတွင် ဂီတအကြံပေးအဖြစ် တာဝန်ထမ်းဆောင် ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်၊ မတ်လ ၄ ရက် နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားသမီးနှစ်ဦးနှင့် မြေးသုံးဦး ကျန်ရစ်သည်။

**ကွယ်လွန်သူထင်ရှားသောပုဂ္ဂိုလ်များ (၂၀၀၀)။** ။ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် နိုင်ငံတကာတွင် သာသနာ အကျိုးသယ်ပိုးထမ်းရွက်တော်မူရင်း ပျံလွန်တော်မူသွားကြ သည့် ရဟန်းတော်များနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေ၊ အနုပညာနှင့် သိပ္ပံနယ်ပယ်အသီးသီးတွင် ထူးချွန်ထင် ရှားခဲ့ပြီး ကွယ်လွန်သွားကြသော လူပုဂ္ဂိုလ်များရှိသည်။

ရဟန်းတော်များ

ကောဏ္ဍညာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၇၁) နှစ်၊ သိက္ခာတော် (၅၁) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ သစအာ ဓမ္မာစရိယ၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊

မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇီးပင်ကျောင်း ပဓာနနာယက၊
(၁၃၆၂ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကောဝိဒ၊ ဘဒ္ဒန္တ
သက်တော် (၈၁) နှစ်၊ သိက္ခာတော် (၆၁) ဝါ
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ကဝမြို့နယ်၊ နိဗ္ဗာန်မြောက်ကျောင်းကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊
(၁၃၆၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ခေမိန္ဒ မဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၈၈) နှစ်၊ သိက္ခာတော် (၆၈) ဝါ
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ သိရီပဝရ ဓမ္မာစရိယ၊ ကျိုက္ကစ်ဆံတော်ရှင်စေတီတော်၊ ကျိုက်ဒေးရုံ (ရန်ကုန်) အာနန္ဒာစေတီတော်၊ ရန်မျိုးအောင်စေတီတော် တို့၏ ဩဝါဒါစရိယ၊ ဗဟိုဝန်ဆောင် တောင်တန်းသာသနာပြု ဒုတိယဥက္ကဋ္ဌ၊ သဃ်ၤန်းကျွန်းမြို့နယ် ဝိနည်းဓိုရ်၊ မြို့နယ် သံဃနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ (ဟောင်း)၊ ကျိုက္ကစ် အရှေ့ ကျောင်းတိုက် ပဓာနနာယက၊
(၁၃၆၂ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ခန္တီ၊ ဘဒ္ဒန္တ
သက်တော် (၇၇) နှစ်၊ သိက္ခာတော် (၅၇) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်၊ စစ်တွေမြို့၊ မြို့မပရိယတ္တိ စာသင်တိုက် ဦးစီးပဓာန နာယက၊
(၁၃၆၂ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

စန္ဒောဘာသ၊ ဘဒ္ဒန္တ
သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၆) ဝါ
နိုင်ငံတော်ဩဝါဒါစရိယ (သုဓမ္မာ)၊ သုံးခွမြို့နယ် ပျဉ်းမကန်ကျေး ရွာ ဘု ရား ကြီး ကျောင်း တိုက် ပ ဓာ န နာ ယ က၊
(၁၃၆၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်နေ့၌ ပျံလွန်တော်မူသည်။)

စိန္တိမာ ဘိဝံသ မဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၆၆) နှစ်၊ သိက္ခာတော် (၄၆) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ရွှေမော်ဓောစေတီတော်၊ စိန်သာလျှောင်းရုပ်ပွားတော်၊ အာယုဝဍ္ဎနသံဃာ့ဆေးပေးခန်းတို့၏ ဩဝါဒါစရိယ၊ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ သံဃာ့ဝန်ဆောင်၊ ပဲခူးမြို့ ပုဗ္ဗာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက၊
(၁၃၆၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဇနိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါ
မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ ပထမအကြိမ်နှင့် ဒုတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ တတိယအကြိမ်နှင့် စတုတ္ထအကြိမ် နိုင်ငံတော်ဩဝါဒါစရိယ၊ တန့်ယန်းမြို့ အောင်မင်္ဂလာကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၆၁ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဇာနေယျ မဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၈၉) နှစ်၊ သိက္ခာတော် (၆၈) ဝါ
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ ပဲခူးမြို့ မဟာကလျာဏီ သိမ်တော်ကြီးစာသင်တိုက် ပဓာနနာယက၊
(၁၃၆၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

နာဂိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၇၄) ဝါ
အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ ဗန်းမော်မြို့နယ် တိမ်းဖာတောင် ကမ္မဋ္ဌာန်းကျောင်းတိုက်၊ ဦးစီးနာယက၊
(၁၃၆၁ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်နေ့၌ ပျံလွန်တော်မူသည်။)

နာယကာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၇၄) နှစ်၊ သိက္ခာတော် (၅၄) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇ ဓမ္မာစရိယ၊ ပရိယတ္တိသာသန ဟိတဓမ္မာစရိယ၊ ပထမအကြိမ် ဂုဏ်းပေါင်းစုံ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ပဲခူးမြို့ တေဘာတိကာရာမကျောင်းတိုက်၊ ကျွဲပွဲမြို့ စိတ္တသုခပရိယတ္တိစာသင်တိုက်၊ ပြင်ဦးလွင်မြို့ မဟာဇေတဝန်ကျောင်းတိုက်တို့၏ ဩဝါဒါစရိယ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဒုတိယမဟာနာယက၊ မစိုးရိမ်တိပိဋက ပါဠိ – မြန်မာ အဘိဓာန် ကျမ်းပြုအဖွဲ့ အဖွဲ့ဝင်၊
(၁၃၆၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်နေ့၌ ပျံလွန်တော်မူသည်။)

**နန္ဒမာလာ၊ ဘဒ္ဒန္တ**
သက်တော် (၉၇) ခုနှစ်၊ သိက္ခာတော် (၇၇) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါစရိယ၊ ဓမ္မဝိနယာနုလောမ မူလဒွါရဂိုဏ်းသာသနာပိုင်၊ အင်္ဂပူမြို့နယ် မယ်ဇလီကုန်းမြို့ ဆုတောင်းပြည့်ကျောင်းတိုက် ဦးစီးပဓာန နာယက
(၁၃၆၁ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

**နန္ဒိယာဘိဝံသ မဟာထေရ်၊ ဘဒ္ဒန္တ**
သက်တော် (၇၉) နှစ်၊ သိက္ခာတော် (၅၉) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ညောင်တုန်းမြို့ မဟာဝိသုတာရာမတိုက်သစ် (ပါဠိတက္ကသိုလ်) ကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၆၂ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

**ပညာသာမိ၊ ဘဒ္ဒန္တ**
သက်တော် (၇၃) နှစ်၊ သိက္ခာတော် (၅၃) ဝါ
အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ သာသနဓဇ ဓမ္မာစရိယ၊ ဝိပဿနာဂုရု၊ ပဋိပတ္တိဝန်ဆောင်၊ မဟာသတိပဋ္ဌာန် မဟာစည်သာသနာ့ရိပ်သာခွဲ ၂၆ ခု၏ ကမ္မဋ္ဌာနာစရိယဆရာတော်ကြီး၊ ကဝမြို့နယ် လက်ပန်ကျားတက်ကျေးရွာ အရှေ့ကျောင်းတိုက် ပဓာန နာယက၊
(၁၃၆၂ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်နေ့၌ ပျံလွန်တော်မူသည်။)

**ပညာသာမိ၊ ဘဒ္ဒန္တ**
သက်တော် (၉၁) နှစ်၊ သိက္ခာတော် (၇၁) ဝါ
ဆဋ္ဌသံဂါယနာ သာသနာဝင်၊ ရေစကြိုမြို့နယ် စဥ့်ကိုင်ကျေးရွာ ဇေတဝန်ကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၆၂ ခုနှစ်၊ ဝါဆိုလပြည့်နေ့၌ ပျံလွန်တော်မူသည်။)

**ပညိန္ဒ၊ ဘဒ္ဒန္တ**
သက်တော် (၈၂) နှစ်၊ သိက္ခာတော် (၆၂) ဝါ
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ ရေဝတီတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ပုသိမ်မြို့ လေးမျက်နှာစာသင်တိုက် ပဓာန မဟာနာယက၊
(၁၃၆၂ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

**ပုညိန္ဒ၊ ဘဒ္ဒန္တ**
သက်တော် (၉၃) နှစ်၊ သိက္ခာတော် (၇၃) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ နိုင်ငံတော်သြဝါဒါစရိယ၊ မဟာဒွါရနိကာယ ဒုတိယမဟာနာယက၊ ဒုတိယသာသနာပိုင်၊ ဓနုဖြူမြို့ သဒ္ဓမ္မဇောတိကာရာမ (ပါဠိတက္ကသိုလ်) တောင်ပေါ်ကျောင်းတိုက် ပဓာန မဟာနာယက၊
(၁၃၆၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

**ပဏ္ဍိတ၊ ဘဒ္ဒန္တ**
သက်တော် (၇၇) နှစ်၊ သိက္ခာတော် (၅၈) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဖြူးမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိမူလစာမေးပွဲကြီး၏ ဥက္ကဋ္ဌ၊ ဖြူးမြို့ ဒက္ခိဏာရုံစာသင်တိုက် ဦးစီးပဓာနနာယက၊
(၁၃၆၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်နေ့၌ ပျံလွန်တော်မူသည်။)

**ပဏ္ဍိတ၊ ဘဒ္ဒန္တ**
သက်တော် (၆၇) နှစ်၊ သိက္ခာတော် (၄၆) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ သိရီပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိ ပါရဂူ၊ ကယားပြည်နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ လွိုင်ကော်မြို့ ရွှေကျောင်းတိုက်ကြီး ပဓာနနာယက
(၁၃၆၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့၌ ပျံလွန်တော်မူသည်။)

**ရာဇိန္ဒ မဟာထေရ်၊ ဘဒ္ဒန္တ**
သက်တော် (၉၉) နှစ်၊ သိက္ခာတော် (၇၉) ဝါ
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သြဝါဒါစရိယ၊ သရက်မြို့နယ် မြခဲတောင်တောရနှင့် အာရုံတောင်တောရကျောင်းတိုက် ပဓာနနာယက၊ ပတ္တမြားစေတီဝါးကျောင်းဆရာတော်၊
(၁၃၆၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

**ဝိစိတ္တ၊ ဘဒ္ဒန္တ**
သက်တော် (၈၂) နှစ်၊ သိက္ခာတော် (၆၂) ဝါ
နိုင်ငံတော်သြဝါဒါစရိယ၊ စတုဘုမ္မိက ငှက်တွင်းဂိုဏ်း နာယက၊ ဒုတိယနံ့ယောဆရာတော်၊ သဃ်န်းကျွန်းမြို့နယ် စတုဘုမ္မိက မဂ္ဂင်ရိပ်သာကျောင်းတိုက် ပဓာနနာယက၊ စတုဘုမ္မိက နိကာယသြဝါဒါစရိယ
(၁၃၆၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝိဇယ၊ ဘဒ္ဒန္တ
သက်တော် (၇၆) နှစ်၊ သိက္ခာတော် (၄၉) ဝါ
မဟာဂန္ထဝါစက ပဏ္ဍိတ၊ သာသနာ့ဓဇ ဓမ္မာစရိယ၊ ပိဋကတ္တယ ပါရဂူ၊ ပဋ္ဌာနိကာယဏ္ဍာဝ ပိဋကတ္တယပါရဂူ၊ မွန်ပြည်နယ် သံဃနာယက၊ ရွှေစာရံစေတီတော်၊ မြသပိတ်စေတီတော်၊ ဖောင်တော်ဦးစေတီတော်တို့၏ ဩဝါဒါစရိယ၊ သုဝဏ္ဏဘူမိ ပရိယတ္တိသာသနာ့ဟိတအသင်း နာယက၊ သထုံမြို့ ပုဗ္ဗက သဒ္ဓမ္မ ဇောတိကာရာမကျောင်းတိုက် ဦးစီးပဓာန နာယက
(၁၃၆၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝိမလ၊ ဘဒ္ဒန္တ
သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၆၆) ဝါ
နိုင်ငံတော် ဩဝါဒါစရိယ၊ မိတ္ထီလာမြို့ မြို့ရှေ့တိုက် တိုက်ကျောင်းဆရာတော် ၊
(၁၃၆၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝိမလ၊ ဘဒ္ဒန္တ
သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၆) ဝါ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် (ငြိမ်း)၊ မြစ်ကြီးနားမြို့ မန္တလေးကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၆၂ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့၌ ပျံလွန်တော်မူသည်။)

ဝေပုလ္လ၊ ဘဒ္ဒန္တ
သက်တော် (၇၂) နှစ်၊ သိက္ခာတော် (၅၂) ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဖားကန့်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ လုံးခင်းဆရာတော်ကြီး
(၁၃၆၂ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝဏ္ဏိမာ၊ ဘဒ္ဒန္တ
သက်တော် (၈၉) နှစ်၊ သိက္ခာတော် (၆၇) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ရွှေဘုန်းပွင့်စေတီတော်၊ တိုင်းသံဃနာယက အဖွဲ့၊ ဓမ္မသာကစ္ဆာအဖွဲ့၊ တောင်တန်းသနာပြုအဏ္ဏဝါအဖွဲ့၊ စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟအဖွဲ့ တို့၏ ဩဝါဒါစရိယ၊ ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း ဩဝါဒါစရိယ ဥက္ကဋ္ဌ၊ ပုဇွန်တောင်ဘုရားဖြူကျောင်းတိုက် နာယက၊
(၁၃၆၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သိရိကဥ္စန၊ ဘဒ္ဒန္တ
သက်တော် (၇၇) နှစ်၊ သိက္ခာတော် (၅၇) ဝါ
ဒုတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် ဝိနည်းဓိုရ်၊ မြို့နယ်သံဃနာယကအဖွဲ့ အဖွဲ့ဝင်၊ အင်္ဂပူမြို့နယ် စစ်ကျွန်းရွာလယ်ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယက၊
(၁၃၆၂ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သုဇာ၊ ဘဒ္ဒန္တ
သက်တော် (၇၀) နှစ်၊ သိက္ခာတော် (၅၀) ဝါ
ပ – ဒု – တအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ မကွေး တိုင်း မင်းလှမြို့နယ် ညောင်ပင်တဲကျေးရွာကျောင်းနှင့် ရွှေပြည်သာမြို့ ရွှေတဲကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၆၂ ခုနှစ်၊ ဝါဆိုလပြည့်နေ့၌ ပျံလွန်တော်မူသည်။)

သဏ္ဍာစရာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၇၉) နှစ်၊ သိက္ခာတော် (၆၀) ဝါ
အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ အတုလမာရဇိန်သွန်းဘုရားကြီး ဩဝါဒါစရိယ၊ မြို့နယ် သံဃနာယကအဖွဲ့ (ရွှေကျင်) အကျိုးတော်ဆောင်၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက် ဒုတိယ တိုက်အုပ်၊
(၁၃၆၂ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သိဃံ၊ ဘဒ္ဒန္တ
သက်တော် (၇၇) နှစ်၊ သိက္ခာတော် (၅၇) ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ ရန်ကုန်မြို့ မွန်ဓမ္မာရုံနှင့် မွန်ပိဋကတ်တိုက်ဩဝါဒါစရိယ၊ မော်လမြိုင်မြို့ သဘော်လဲ ကျောင်း ၊ ဦးစီးပဓာန နာယက၊
(၁၃၆၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သုန္ဒရ၊ ဘဒ္ဒန္တ
သက်တော် (၇၆) နှစ်၊ သိက္ခာတော် (၅၇) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ မြို့နယ် ဩဝါဒါစရိယ (ရွှေကျင်)၊ ရန်ကင်း မြို့နယ် ကျောက်ကုန်းတောရ မေဒိနီကျောင်းတိုက် ပဓာန နာယက၊
(၁၃၆၂ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

အာဒိစ္စ မဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၉၇) နှစ်၊ သိက္ခာတော် (၇၇) ဝါ
နိုင်ငံတော်သြဝါဒါစရိယ၊ ဒလမြို့ လယ်ပေါ်ကျောင်းကြီး ဦးစီးပဓာန နာယက၊
(၁၃၆၁ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်နေ့၌ ပျံလွန်တော်မူသည်။)

အာဒိစ္စရံသီ၊ ဘဒ္ဒန္တ
သက်တော် (၇၅) နှစ်၊ သိက္ခာတော် (၅၅) ဝါ
မဟာဂန္ထဝါစက ပဏ္ဍိတ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ပုဏ္ဏားကျွန်းမြို့ မြို့မပရိယတ္တိကျောင်းတိုက် ပဓာနနာယက၊
(၁၃၆၂ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဥတ္တမာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၀) နှစ်၊ သိက္ခာတော် (၆၁) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ သကျသီဟဘုရားနှင့် ချမ်းသာကြီးဆန်လူအသင်းတို့၏ သြဝါဒါစရိယ၊ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရတနာပုဂံကျောင်းတိုက် စိန်ရွှေရတနာကျောင်း နာယက၊
(၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဥတ္တရထေရ်၊ ဘဒ္ဒန္တ
သက်တော် (၆၈) နှစ်၊ သိက္ခာတော် (၄၉) ဝါ
နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ပေါင်မြို့နယ် ဆံတိုက်တိုက်ကျောင်း ဦးစီးပဓာန နာယက၊
(၁၃၆၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဣန္ဒဝံသ၊ ဘဒ္ဒန္တ
သက်တော် (၆၉) နှစ်၊ သိက္ခာတော် (၄၉) ဝါ
မဟာဂန္ထဝါစက ပဏ္ဍိတ၊ မြို့နယ်သံဃနာယကအဖွဲ့ အဖွဲ့ဝင်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေဝသာဂရသိမ်ကုန်း ဓမ္မိကာရုံပါဠိ တက္ကသိုလ်ကျောင်းတိုက် ရတနာဘုံမြင့်ကျောင်း စာချ ဆရာတော်၊
(၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဣန္ဒာသဘ၊ ဘဒ္ဒန္တ
သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၈) ဝါ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ မော်လမြိုင်ကျွန်းမြို့နယ် ကျိုက်ပိမြို့ မန်းကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၆၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဥဿဟ မဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၈၄) နှစ်၊ သိက္ခာတော် (၆၄) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ မြို့နယ်သြဝါဒါစရိယ၊ မကွေးမြို့နယ် ယင်းသာစည်ကျေးရွာ ဒက္ခိဏာရာမကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

## လူပုဂ္ဂိုလ်များ

ကျော်ညွန့်၊ ဦး
အသက် (၆၉) နှစ်
ရေဒီယိုတေးသံရှင် အဆိုတော် ကိုသစ်လွင်
(၂၅-၁၀-၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

ကျော်ရှင်း၊ ဦး
အသက် (၈၂) နှစ်
အမျိုးသားစာပေဆုရ စာရေးဆရာကျော်ရှင်း၊ "ဝန်းသိုစော်ဘွား ဦးအောင်မြတ်" စာမူဖြင့် ၁၉၉၁ ခုနှစ် ပထမအကြိမ် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးစာမူပြိုင်ပွဲ ကျမ်းစာမူပထမဆု နှင့် "ဝန်းသိုစော်ဘွား ဦးအောင်မြတ်" စာအုပ်ဖြင့် ၁၉၉၃ ခုနှစ် အမျိုးသားစာပေဆု (နိုင်ငံရေးစာပေဆု) ရရှိသူ၊ အငြိမ်းစား ကျောင်းအုပ်ကြီး
(၅-၁၁-၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

ကျော်အောင်၊ ဦး
အသက် (၇၃) နှစ်
အမျိုးသားစာပေဆုရ စာရေးဆရာကျော်အောင်၊ ၁၉၆၇၊ ၁၉၇၁၊ ၁၉၉၅၊ ၁၉၉၈ ခုနှစ် အမျိုးသားစာပေဆုလေးကြိမ်နှင့် ၁၉၉၉ ခုနှစ် အရှေ့တောင်အာရှစာပေဆု ဆွတ်ခူးရရှိသူ၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၊ တက္ကသိုလ်ဘာသာပြန်နှင့် ကျောင်းသုံးစာအုပ်ထုတ်ဝေရေးဌာန အငြိမ်းစားစာတည်းမှူး၊ ဘီ. အေ
(၁၃-၂-၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

ကြည်ကြည်ဌေး၊ ဒေါ် (အောက်ချင်းမ မာလာရီ)
အသက် (၇၆) နှစ်
ဝဏ္ဏကျော်ထင်ဘွဲ့ရ နိုင်ငံကျော်ရုပ်ရှင်မင်းသမီးကြီး၊ ရုပ်ရှင်ဇာတ်ကားပေါင်း ၃၀၀ ကျော် ရိုက်ကူးခဲ့ပြီး ၁၉၅၂ ခုနှစ်တွင်

"ချစ်သက်ဝေ"၊ ၁၉၅၆ ခုနှစ်တွင် "ချစ်ခွင့်မပိုင်"၊ ၁၉၇၀ ပြည့်နှစ်တွင် "နနယ်ငယ်"၊ ၁၉၇၈ ခုနှစ်တွင် "လူဇော်" ဇာတ်ကားများဖြင့် အကယ်ဒမီလေးထပ်ကွမ်း ရရှိသူ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအကြဲပေး

(၄-၃-၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

ခင်လေးရွှေ၊ ဒေါ်

အသက် (၆၉) နှစ်

စာရေးဆရာမ သထုံမလေးနွယ်

(၁၇-၂-၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

ခင်ဝင်း၊ ဒေါ်

အသက် (၆၅) နှစ်

သီရိသုဓမ္မသီဂီ ဒေါ်ခင်ဝင်း၊ မြန်မာနိုင်ငံဗုဒ္ဓဂယာ သာသနာပြုအဖွဲ့ချုပ် နာယက

(၁၅-၁၂-၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

စန်းမြင့်၊ ဒေါ်

အသက် (၆၃) နှစ်

အမျိုးသားစာပေဆုရ စာရေးဆရာမစန္ဒာမြင့်၊ "လပြည့်ဝန်းကလေးကဗျာများ" စာအုပ်ဖြင့် ၁၉၇၁ ခုနှစ် အမျိုးသားစာပေဆု (ကလေးစာပေဆု) နှင့် "ပုလဲမိုးဦး ပုံဝတ္ထုတိုများ" စာအုပ်ဖြင့် ၁၉၈၀ ပြည့်နှစ် အမျိုးသားစာပေဆု (ကလေးစာပေဆု) ရရှိသူ၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ အငြိမ်းစားဝန်ထမ်း

(၄-၁-၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

ဆန်နီ၊ ဦး

အသက် (၉၀) နှစ်

စာရေးဆရာကြီး စုံထောက်ဦးဆန်နီ၊ စုံထောက်မဂ္ဂဇင်းကို ပထမဆုံးစတင်ထုတ်ဝေသူ၊ ဖဆပလခေတ်တစ်လျှောက်လုံးနှင့် တော်လှန်ရေးအစိုးရခေတ်အထိ ပင်ကိုရေးဝတ္ထု အုပ်ရေ ၈၀ ခန့်နှင့် အားကစား၊ ကျန်းမာရေးဆိုင်ရာ စာအုပ် များထုတ်ဝေသူ

(၅-၅-၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

ဇော်ဝိတ်၊ ဦး (ကာယဗလ)

အသက် (၉၀) နှစ်

ဝဏ္ဏကျော်ထင်၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)၊ ၁၉၉၀ ပြည့်နှစ် ယူနက်စကိုအာရှနှင့် ပစိဖိတ်ဆိုင်ရာ အားကစားထူးချွန်ဆု (လူ့ပုဂ္ဂိုလ်ဆု) နှင့် ၁၉၉၂ ခုနှစ် ကမ္ဘာ့အိုလံပစ်ကော်မတီ၊ အားကစားဗိသုကာ ဂုဏ်ပြုတံဆိပ်ရရှိသူ၊ အားကစားနှင့် ကာယပညာဌာန အငြိမ်းစားညွှန်ကြားရေးဝန်

(၂၅-၁၁-၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

တင်မောင်၊ ဦး (အေဝမ်း)

အသက် (၉၃) နှစ်

မြန်မာ့ရုပ်ရှင်ခေတ်ဦး ရုပ်ရှင်မင်းသားကြီးနှင့် ရုပ်ရှင်ဒါရိုက်တာ၊ အလင်္ကာကျော်စွာ၊ လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)

(၄-၁၀-၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

တင်ရွှေ၊ ဦး (ဒေါက်တာ)

အသက် (၆၅) နှစ်

စာရေးဆရာ ဆရာဝန်တင်ရွှေ၊ "ကျန်းမာရေး ဝတ္ထုဆောင်းပါးများ" စာအုပ်ဖြင့် ၁၉၆၃ ခုနှစ် အနုပညာဆိုင်ရာစာပေဆု (စာပဒေသာပထမဆု) ရရှိသူ၊ ဆေးပညာပေးသုတ၊ ရသနှင့် ဘာသာပြန်စာအုပ်စာတမ်းပေါင်း ၂၅၀ ကျော်နှင့် သုတေသန စာတမ်းပေါင်း ၁၈၀ ကျော် ရေးသားထုတ်ဝေသူ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်၊ ဆေးသုတေသနဦးစီးဌာန၊ အငြိမ်းစားသုတေသနဌာနမှူး

(၂၈-၁၂-၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

ပု၊ သခင် (ရေနံမြေ)

အသက် (၈၄) နှစ်

ရေနံမြေ သခင်ပု၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ လွတ်လပ်ရေးအတွက် ကိုယ်ကျိုးစွန့်ဘွဲ့ ရရှိသူ

(၁၂-၄-၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

ဘကြည်၊ ဦး (ပန်းချီ)

အသက် (၈၈) နှစ်

နိုင်ငံကျော်ပန်းချီဆရာကြီး၊ လူမှုထူးချွန် (ပထမဆင့်)၊ မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များအစည်းအရုံး (ဗဟို) နာယက၊ ရန်ကုန်ပညာရေးတက္ကသိုလ် အငြိမ်းစား ပန်းချီကထိက၊ အက်ဖ်. အာရ်. အက်စ်. အေ (လန်ဒန်)

(၁၅-၄-၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

ဘဌေး၊ ဦး

အသက် (၉၅) နှစ်

သီရိပျံချီ၊ စည်သူ၊ သရေစည်သူ၊ ဝိဇ္ဇာ (ဂုဏ်ထူး) အငြိမ်းစားအိုင်စီအက်စ်၊ အငြိမ်းစားဘဏ္ဍာတော်မင်းကြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ

(၁၄-၁၀-၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

မြင့်သိန်း၊ ဦး

အသက် (၆၀) နှစ်

စန္ဒရားဘိုကြီး၊ အကောက်ခွန်ဦးစီးဌာန အငြိမ်းစားဝန်ထမ်း

(၁၁-၁၁-၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

မြတ်လေး၊ ဦး (အကယ်ဒမီ)
အသက် (၇၂) နှစ်
နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင်နှင့် ဒါရိုက်တာ၊ ဂီတစာဆို၊ အဆိုတော်၊ စာရေးဆရာ၊ ၁၉၆၁ ခုနှစ်တွင် "အမုန်း၏နောက်ဝယ်" ဇာတ်ကားနှင့် ၁၉၇၄ ခုနှစ်တွင် "ရင်ထဲမှာရှာသောမိုး" ဇာတ်ကားဖြင့် အ ကယ်ဒမီနှစ်ထပ်ကွမ်း ရရှိသူ
(၂၁-၂- ၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

လှတင်၊ ဦး
အသက် (၇၇) နှစ်
စာရေးဆရာကြီးလှသမိန်၊ လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)၊ သုတေသန၊ ကြီးပွားရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ လူမှုဆက်ဆံရေး၊ ဘာသာပြန်ဝတ္ထု၊ ကျမ်းစာအုပ်များအပါ အဝင် လုံးချင်းစာအုပ် ၂၀၀ ရေးသားထုတ်ဝေခဲ့သော စာရေး ဆရာကြီး
(၁၂-၁-၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

လှထွတ်၊ စန္ဒရား(အကယ်ဒမီ)
အသက် (၆၄) နှစ်
အမျိုးသားစာပေဆုရ စာရေးဆရာ၊ ဂီတစာဆိုနှင့် တေးသံရှင်၊ မြန်မာ့ဂီတရေစီးကြောင်းစာအုပ်ဖြင့် ၁၉၉၆ ခုနှစ် အမျိုးသားစာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေဆု) ရရှိသူ၊ တပြည်သူမဋ္ဌေထားဇာတ်ကားဖြင့် ၁၉၉၄ ခုနှစ် အကောင်းဆုံး ရုပ်ရှင်ဂီတထူးချွန်ဆု (အကယ်ဒမီ) ရရှိသူ၊ သီချင်းပုဒ်ရေ ၁၀၀၀ ကျော်ရေးစပ်သူ၊ မြန်မာ့အသံခေတ်ပေါ် တေးဂီတ စိစစ်ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်
(၅-၁-၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

သန်းမြင့်၊ ဦး
အသက် (၈၃) နှစ်
စာရေးဆရာကြီးပြည်သန်းနွယ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အငြိမ်းစားလက်ထောက်ငွေတိုက်စိုး
(၂၀-၂-၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

ဟန်တင်၊ ဦး (ပန်းပု)
အသက် (၇၅) နှစ်
နိုင်ငံကျော်ပန်းပုဆရာကြီး၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို) နာယက၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အငြိမ်းစား အဆောက်အအုံ အနုပညာဌာနမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အကြံပေးအရာရှိ ယဉ်ကျေးမှုတက္ကသိုလ်ကောင်စီဝင်၊ ၁၉၉၇ ခုနှစ် အာဆီယံယဉ်ကျေးမှုဆုရှင်
(၃၀-၁၂-၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

အေးမောင်၊ ဦး
အသက် (၈၁) နှစ်
ဘာသာပြန်စာရေးဆရာ မိုလ်အေးမောင်၊ စာပေဗိမာန် ဘာသာပြန်ဆုရှင်၊ လုံးချင်းဝတ္ထုစာအုပ် ၁၀၀ ကျော် ရေးသားထုတ်ဝေသူ၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ ဂျပန်ခေတ်စစ်တက္ကသိုလ် တတိယပတ် မိုလ်သင်တန်းဆင်း၊ ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် (၉) အငြိမ်းစားအဖွဲ့ဝင်၊ ထိလာဖလင်ဒါရိုက်တာ
(၂၃-၁၁-၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

အုန်းမောင်၊ ဦး (လေထီး)
အသက် (၈၂) နှစ်
စာရေးဆရာကြီး လေထီးဦးအုန်းမောင်၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)
(၂၈-၁၂-၂၀၀၀ ရက်နေ့၌ ကွယ်လွန်သည်။)

စိုးအောင်

## ကွယ်လွန်သူ ထင်ရှားသော ပုဂ္ဂိုလ်များ
## နိုင်ငံတကာ

နိုင်ငံတကာ၌ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ အားကစား၊ သိပ္ပံ၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေး စသည့်နယ်အသီးသီးတွင် ထူးချွန်ထင်ရှားခဲ့ပြီး ၂၀၀၀ ပြည့်နှစ်အတွင်း ကွယ်လွန်သွားခဲ့ကြသော ပုဂ္ဂိုလ်များစာရင်းကို လက်လှမ်းမီသရွေ့ ရှာဖွေစုစည်း ဖော်ပြပါသည်။ အက္ခရာစဉ်အလိုက် ဖော်ပြထားပါသည်။

ကရာဇီ, ဘက်တီနို (၆၅) နှစ်

အီတလီနိုင်ငံဝန်ကြီးချုပ်ဟောင်းဖြစ်သည်။ ၁၉၉၀ ပြည့်လွန် နှစ်များ အစောပိုင်းကာလတွင် အာဏာကို ဘန်းပြသည့် နိုင်ငံရေး အလွဲသုံးစားလုပ်မှုများ ကြီးထွားလာခဲ့ရာမှ ရာထူးမှ ပြုတ်ကျခဲ့ရသည်။ ဆိုရှယ်လစ်ဝါဒီတစ်ဦးအဖြစ် အချိန်ကြာမြင့်စွာ ရပ်တည်ခဲ့သူတစ်ဦးဖြစ်ပြီး စီးပွားရေးလုပ်ငန်း အသိုင်းအဝန်းမှ လာဘ်ငွေဒေါ် လာ သန်းပေါင်းများစွာကို လက်ခံခဲ့သဖြင့် အလွဲသုံးစားလုပ်မှုဖြင့် စွဲချက်တင်ခံခဲ့ရသည်။ ယခုတိုင် စွဲချက်အချို့နှင့်စပ်လျဉ်းပြီး အယူခံ ဝင်ထားဆဲဖြစ်သော်လည်း

၎င်းအား စီရင်ချက်နှစ်ခု ချမှတ်ခဲ့သည်။ တစ်ခုမှာ ၎င်းအနေဖြင့် အီတလီနိုင်ငံတွင် ဆက်လက်မနေရန်နှင့် အကယ်၍နေမည် ဆိုပါက ထောင်ဒဏ်ကိုးနှစ်ကျော် ကျခံရန်ဖြစ်သည်။ ကရာဇီက ပြန်လည်ခုခံချေပရာတွင် အီတလီ နိုင်ငံရေးပါတီအားလုံးသည် တရားမဝင်ရန်ပုံငွေထောက်ပံ့မှုများ လက်ခံရယူခဲ့ကြောင်းနှင့် ကွန်မြူနစ်များဖြစ်သည့် ၎င်း၏နိုင်ငံရေး ရန်သူများသည် ၎င်းအား ဆန့်ကျင်၍ အမှုဆင်ရန်တမင် အကွက်ဆင်ခဲ့ခြင်းဖြစ်သည်ဟု အခိုင်အမာပြောကြားခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် မိမိကိုယ်မိမိ ပြည်နှင်ဒဏ်ပေးကာ ကျူးနစ်ရှားနိုင်ငံတွင် သွားရောက်ခိုလှုံယင်း ဟမ်မာမက်မြို့တွင် ကွယ်လွန်သည်။

ဂရေး, ချားလ်စ် (၇၁) နှစ်

ဗြိတိသျှ ရုပ်ရှင်လောကတွင် ဗီလိန်လူကြမ်းအဖြစ် သရုပ်ဆောင်ခဲ့သော ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်သည်။ ၁၉၇၁ ခုနှစ်က ရိုက်ကူးထုတ်လုပ်ခဲ့သော 'Diamonds Are Forever ' ဇာတ်ကားတွင် ဇာတ်ကောင် ဂျိမ်းစ်ဘွန်းနှင့်အပြိုင်ကြောင်ကို ချစ်တတ်သော ထက်မြက်ဉာဏ်ကောင်းသည့် လူဆိုးတစ်ဦးအဖြစ် သရုပ်ဆောင်ခဲ့သည်။ ချားလ်စ်ဂရေးသည် သကီတမ်းကြာမြင့်စွာ သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်နှင့် ရုပ်မြင်သံကြားဇာတ်လမ်းများတွင် ပရိသတ်၏ ချီးကျူးထောပနာပြုမှု ရခဲ့လင့်ကစား ရုပ်ရှင်ပိတ်ကားပေါ်မှ လူဆိုးအဖြစ် သရုပ်ဆောင်ခဲ့သည့် လုပ်ဆောင်ချက်များကိုမူ သူ့ပရိသတ်ကအကောင်းဆုံး သရုပ်ဆောင်ချက်များအဖြစ် အမှတ်ရနေလိမ့်မည်ဖြစ်သည်။ လန်ဒန်မြို့တွင် ကွယ်လွန်သည်။

ဂိုရှီရီ, ဟော့စ်ရှန် (၅၇) နှစ်

အီရန်နိုင်ငံရှိ ထင်ရှားသည့် အယူအဆကွဲပြားသည့် စာရေးဆရာများအနက် တစ်ဦးဖြစ်သည်။ လွတ်လပ်စွာပြောဆိုရေးသားခွင့်အတွက် တိုက်ပွဲဝင်ခဲ့သူ တစ်ဦးဖြစ်သည်။ ၁၉၇၉ ခုနှစ် တော်လှန်ရေးပြီးသည့်နောက်ပိုင်း ၎င်းအား ဖယ်ရှားခဲ့သော ရှားဘုရင်နှင့် အစ္စလာမ့်မစ်သဘောထား တင်းမာသူများကို ဝေဖန်တိုက်ခိုက်ခဲ့သူဖြစ်သည်။ ဂိုလ်ရှီရီမှာ ရှားဘုရင်နှင့် အစ္စလာမ့်အစိုးရလက်ထက် နှစ်ရပ်စလုံးတွင် ညှဉ်းဆဲခြင်း ခံခဲ့ရသည်။ ၎င်း၏ ဝတ္ထုများမှာ ဖိုမဆက်ဆံရေးနှင့် နိုင်ငံရေး အကြောင်းအရာများ ပါရှိသောကြောင့် တားမြစ်ပိတ်ပင်ခြင်း ခံခဲ့ရသည်။ သို့ဖြစ်လင့်ကစား ၎င်း၏ ဝတ္ထုများကို ပြင်ပတွင် ဆက်လက်ပုံနှိပ်ထုတ်ဝေပြီး အီရန်နိုင်ငံ၏ ဦးဆောင်စာပေဝေဖန်ရေးသမားတစ်ဦးအဖြစ် ရပ်တည်ခဲ့သည်။ တီဟီရန်မြို့တွင် ကွယ်လွန်သည်။

ဂတ်စ်မန်, ဗစ်တိုရီယို (၇၇) နှစ်

ဝါရင့် အီတလီ ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်သည်။ ၁၉၅၀ နှင့် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း အီတလီနိုင်ငံ ရုပ်ရှင်လောကတွင် ထိပ်တန်းနေရာမှ ရပ်တည်ခဲ့သည်။ ဘက်စုံကျွမ်းကျင်သော ဂတ်စ်မန်သည် ဇာတ်ရုပ်အမျိုးမျိုးကို ကျွမ်းကျင်ပိုင်နိုင်စွာ သရုပ်ဆောင်နိုင်သည်။ ချောင်ယဉ်ကျေးသော ဇာတ်ကောင်နေရာမှသည် ပေါ့ပေါ့ပါးပါးသရုပ်ဆောင်ရသော ဟာသဇာတ်လမ်းများအထိ ကျရာနေရာမှ ပါဝင်သရုပ်ဆောင်နိုင်သည်။ နှစ်ပေါင်း ၅၀ အတွင်း ရုပ်ရှင်ဇာတ်ကားပေါင်း ၁၂၀ ကျော်နှင့် ပြဇာတ်ပေါင်း ၁၅၀ တွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ အီတလီနိုင်ငံ ရောမမြို့တွင် ကွယ်လွန်သည်။

ဂျားရော့တ်, အန်ဒရီ (၉၀) နှစ်

ပြင်သစ်တော်လှန်ရေးသမား သူရဲကောင်းတစ်ဦး ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကာလအတွင်းက အသိမ်းပိုက်ခံ ပြင်သစ်နိုင်ငံမှ မဟာမိတ်တပ်ဖွဲ့မှ ထောင်ပေါင်းများစွာသော လေကြောင်းစစ်သည်များကို ထွက်ပြေးလွတ်မြောက်အောင် ကူညီခဲ့သည်။ ဂတ်စ်တာပိုတို့၏ ဖမ်းဆီးမှုခံရပြီးနောက် ဂျားရော့တ်သည် ဗြိတိန်နိုင်ငံသို့ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး စစ်အတွင်းက အအောင်မြင်ဆုံးဖြစ်သည့် ဖောက်ခွဲဖျက်ဆီးရေး စစ်ဆင်ရေးများတွင် ပါဝင်ဆင်နွှဲခဲ့သည်။ စစ်ကြီးပြီးသည့်အခါ ပြင်သစ်နိုင်ငံသို့ ပြန်လာခဲ့ပြီး ၎င်းကဲ့သို့ပင် ဝါရင့်တော်လှန်ရေး အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ပြုခဲ့သည်။ ထို့နောက် နိုင်ငံရေး ဘဝတွင် ကျင်လည်ခဲ့ရာ မြို့တော်ဝန်၊ ဝန်ကြီး၊ အထက်လွှတ်တော်အမတ် စသည်ဖြင့် ဖြစ်လာခဲ့သည်။ အသက် ၈၆ နှစ်အရွယ်တွင် လေထီးခုန်ကာ ၎င်း၏ တာဝန်မှ အငြိမ်းစား ယူမှုအခမ်းအနားကို အမှတ်တရ ကျင်းပခဲ့သည်။ ဘာဂန်ဒီမြို့တွင် ကွယ်လွန်သည်။

ဂျက်ဖရီ, အလီဆာဒါ (၈၆) နှစ်

အိန္ဒိယနိုင်ငံ၏ ထိပ်တန်းအကျဆုံး အူရဒူ အမျိုးသားရေးဝါဒီ ကဗျာဆရာတစ်ဦးဖြစ်သည်။ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် အက်တယ်ဘီဟာရီဗာ့ဂျ်ပါရီက လာဟိုးမြို့သို့ ဘတ်စ်ကားဖြင့် သွားရောက်ခဲ့ရာတွင် ထိုစဉ်က ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ် ဖြစ်သူ နဝပ်ဇ်ရှရစ်ဖ်အား ၎င်း၏ ကဗျာစာအုပ်ကို ပေးအပ်ခဲ့သည်။ ဗာ့ဂျ်ပါရီက အလီဆာဒါသည် သူ၏ဘဝ တစ်လျှောက်လုံး သူ၏အသိပညာအရည်အသွေးကို နယ်ချဲ့ဝါဒ၊ ဖိနှိပ်မှုနှင့် လူတန်းစားခွဲခြားမှုတို့အား

ဆန့်ကျင်ရာတွင် အသုံးချခဲ့ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံ ဘုံဘေမြို့တွင် ကွယ်လွန်သည်။

**ဇူဘီ, မာမိုးဒ် (၆၂) နှစ်**

ဆီးရီးယားနိုင်ငံ ဝန်ကြီးချုပ်ဟောင်း၊ မတ်လတွင် ရာထူးမှ နုတ်ထွက်ခဲ့ပြီး အလွဲသုံးစားလုပ်မှု စွပ်စွဲချက်များဖြင့် အမှုရင်ဆိုင်ရန် စောင့်စားနေရသူဖြစ်သည်။ ဇူဘီသည် အစိုးရက ၎င်း၏ ပိုင်ဆိုင်မှုများအား ထိန်းချုပ်ခဲ့ပြီးနောက် တစ်ပတ်အကြာတွင် မိမိ၏ ဦးခေါင်းကို သေနတ်ဖြင့်ပစ်ကာ မိမိကိုယ်မိမိ အဆုံးစီရင်ခဲ့သည်။ ဇူဘီသည် ဝန်ကြီးချုပ်အဖြစ် နှစ်နှစ်နီးပါး တာဝန်ထမ်းဆောင်ခဲ့ပြီး ၎င်း၏ သက်တမ်းအတွင်း မသမာမှုများနှင့် အလွဲသုံးစားလုပ်မှုများရှိခဲ့ကြောင်း စုံစမ်းသိရှိရသည့်အခါ အာဏာရပါတီမှ ထုတ်ပယ်ခြင်းခံခဲ့ရသည်။ ဒမတ်စကတ်မြို့တွင် ကွယ်လွန်သည်။

**တာကီရှီတာ, နိုဘိုရူ (၇၆) နှစ်**

ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း၊ နိုင်ငံရေးလောကတွင် ရှေ့တန်းမှမနေဘဲ နောက်ကွယ်မှ ကြိုးကိုင်သူအဖြစ် လူသိများမှုကြောင့် 'နောက်ကွယ်မှ သူရဲကောင်း' ဟု တင်စားခေါ်ဝေါ်ကြသည်။ တစ်နှစ်ကျော်ကြာ ဆေးရုံတက်ခဲ့ရသဖြင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ခြင်း မရှိခဲ့ချေ။ ၁၉၈၇ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီကို ကိုယ်စားပြုသည့် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အစုရှယ်ယာကိစ္စတွင် မသမာမှု ပြုလုပ်ခဲ့မှုဖြင့် ရာထူးမှ နုတ်ထွက်ခဲ့ရသည်။ တိုကျိုမြို့တွင် ကွယ်လွန်သည်။

**နာဂါကို, ဒိုဝါဂါ (၉၇) နှစ်**

ကွယ်လွန်သူ ဂျပန်ကေရာဇ်ဘုရင် ဟီရိုဟီတို၏ ကြင်ယာတော်ဖြစ်သည်။ လက်ရှိ ဂျပန်ကေရာဇ်ဘုရင် အကီဟီတို၏ မယ်တော်ဖြစ်သည်။ နာဂါကိုသည် ၁၉၂၆ ခုနှစ်မှ ၁၉၈၉ ခုနှစ်တွင် ဟီရိုဟီတို ကွယ်လွန်သည်အထိ ကေရာဇ်ဘုရင်မတစ်ဦးအဖြစ် နန်းစံခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် နလုံးရောဂါခံစားခဲ့ရပြီးနောက်ပိုင်း ကျန်းမာရေး ဆုတ်ယုတ်ကျဆင်းလာခဲ့သည်။ ယင်းအချိန်မှစ၍ အများပြည်သူ မြင်ကွင်းသို့ မထွက်တော့ချေ။

**ဖလင်မ်လင်း, ပျဲ (၉၃) နှစ်**

ပြင်သစ်နိုင်ငံ၏ စတုတ္ထမြောက် ဝန်ကြီးချုပ်ဖြစ်သည်။ ၁၉၅၈ ခုနှစ်တွင် ကွန်ဆာဗေးတစ်ပါတီကို ကိုယ်စားပြုသည့် ဝန်ကြီးချုပ်အဖြစ် တာဝန်မထမ်းဆောင်မီ ဝန်ကြီးရာထူးအမျိုးမျိုးကို ရယူခဲ့သည်။ အယ်ဂျီးရီးယားနိုင်ငံနှင့် နိုင်ငံရေးအကျပ်အတည်းကိစ္စတွင် အောင်မြင်အောင် မဖြေရှင်းနိုင်သောကြောင့် ဗိုလ်ချုပ်ကြီး ချားလ်စ်ဒီဂေါ်လီသို့ အာဏာလွှဲပြောင်းပေးခဲ့ရသည်။ ဥရောပ ပေါင်းစည်းရေးကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူဖြစ်သည်။ ၁၉၇၉ – ၈၉ ခုနှစ်တွင် ဥရောပ ပါလီမန်အဖွဲ့၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၈၄ – ၈၇ ခုနှစ်တွင် ယင်းအဖွဲ့၏ သဘာပတိအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ စထရက်စ်ဘတ်မြို့တွင် ကွယ်လွန်သည်။

**ဖော်ဇီ, မိုဟာမ်မက် (၈၅) နှစ်**

၁၉၆၇ ခုနှစ်တွင် အစ္စရေးနှင့် ခြောက်ရက်ကြာ စစ်ပွဲဖြစ်ပွားခဲ့ပြီး အရှက်တကွဲအကျိုးနဲ ဖြစ်ခဲ့ရပြီးနောက် အီဂျစ်နိုင်ငံ၏ စစ်ဘက်ရေးရာကို ပြန်လည်တည်ဆောက် ပြုပြင်ခဲ့သည့် ကြည်းတပ်အကြီးအကဲနှင့် ကာကွယ်ရေးဝန်ကြီးဟောင်းဖြစ်သည်။ ၁၉၆၈ ခုနှစ်တွင် ထိုစဉ်က အီဂျစ်နိုင်ငံ၏ သမ္မတဖြစ်သည့် နာဆာက ၎င်းအား အစိုးရအဖွဲ့တွင် ခန့်ထားခဲ့သည်။ ဖော်ဇီသည် အာရပ်နိုင်ငံများ အဖွဲ့ချုပ်၏ စစ်ဘက်ဆိုင်ရာ အတွင်းရေးမှူးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၉ – ၇၀ ခုနှစ်တွင် ဖြစ်ပွားခဲ့သော စူးအက်တူးမြောင်းတစ်လျှောက် အစ္စရေးတပ်ဖွဲ့များအား ဆန့်ကျင်တိုက်ခိုက်ရာတွင် ကြီးကြပ်ကွပ်ကဲခဲ့ရာ နယ်မြေများ တစ်စတစ်စ ပါသွားသဖြင့် ရာထူးမှ ထုတ်ပယ်ခံခဲ့ရပြီး ၁၉၇၁ ခုနှစ်တွင် အာဏာသိမ်းရန် ကြံစည်သည့်အတွက် နာဆာ၏နေရာကို ဆက်ခံသော အန္ဝါဆာဒတ်က ၎င်းအား ထောင်သွင်းအကျဉ်းချထားခဲ့သည်။ ထို့နောက် ၁၉၇၄ ခုနှစ်တွင် ဆာဒတ်က ၎င်းအား လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ရာ နောက်ပိုင်းတွင် အတိုက်အခံ နိုင်ငံရေးသမားတစ်ဦး ဖြစ်လာခဲ့သည်။

**ဖန်ဗန်ဒွန်း (၉၄) နှစ်**

မတ်စ်ဝါဒီတစ်ဦးဖြစ်ပြီး ၃၂ နှစ်ကြာ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ပြင်သစ်တို့အားလည်းကောင်း၊ အမေရိကန်တို့အားလည်းကောင်း အနိုင်ယူ အောင်ပွဲခံရန် ကွန်မြူနစ်တို့အား ဦးဆောင်ကူညီခဲ့သူဖြစ်သည်။ ဗီယက်နမ် ခေါင်းဆောင်ကြီးဖြစ်သူ ဟိုချီမင်းအား သစ္စာရှိရှိ ထောက်ခံရပ်တည်ခဲ့သည့် ဖန်ဗန်ဒွန်းသည် ၁၉၅၄ ခုနှစ်က ကျင်းပခဲ့သည့် ဂျီနီဗာ ဆွေးနွေးပွဲတွင် ကွန်မြူနစ်နိုင်ငံကို ကိုယ်စားပြုသည့် ဆွေးနွေးညှိနှိုင်းသူအဖြစ် နိုင်ငံတကာ မျက်နှာစာတွင် လူသိများ ထင်ရှားလာခဲ့သည်။ ယင်းဆွေးနွေးပွဲကြောင့်ပင် ဗီယက်နမ်နိုင်ငံအား ပြင်သစ်တို့က ကိုလိုနီနိုင်ငံအဖြစ် အုပ်စိုးမှု အဆုံးသတ်စေခဲ့ပြီး ဗီယက်နမ်နိုင်ငံမှာလည်း နှစ်ခြမ်းကွဲသွားခဲ့သည်။ ထို့နောက် ၁၉၅၅ ခုနှစ်

တွင် မြောက်ဗီယက်နမ်နိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ဗီယက်နမ်နှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းပြီး နောက်ပိုင်းအထိ ဝန်ကြီးချုပ်အဖြစ် ဆက်လက်ထမ်းဆောင်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ပြန်လည်ပြုပြင်ရေးဝါဒီများက ၎င်း၏နေရာတွင် အစားထိုးခန့်အပ်ခဲ့ရာ တာဝန်မှ အနားယူခဲ့သည်။

ဘာဝါဂူအီဘာ, ဟာဘစ် (၉၆) နှစ်

ခေတ်သစ်ကျူးနစ်ရှားနိုင်ငံ၏ နိုင်ငံရေး ဗိသုကာတစ်ဦး ဖြစ်သည်။ ၁၉၃၀ ပြည့်လွန်နှစ်များအတွင်း ပြင်သစ်ကိုလိုနီ အုပ်စိုးမှုကို အဆုံးသတ်စေရန် မိမိဘဝကို မြှုပ်နှံဆောင်ရွက်ခဲ့သူဖြစ်သည်။ ထို့ကြောင့် ဘာဝါဂူအီဘာမှာ ပုန်ကန်ထကြွရန် လှုံ့ဆော်မှုဖြင့် ထောင်ကျခဲ့ရသည်။ ထို့နောက်တွင်မှ ၎င်း၏ လွတ်လပ်ရေး မျှော်မှန်းချက်ပန်းတိုင်ကို ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီးနောက် တစ်နှစ်တွင် သမ္မတဖြစ်လာခဲ့သည်။ ၃၀ နှစ်ကြာ အာဏာရှင်ဆန်ဆန်အုပ်စိုးခဲ့လင့်ကစား ဘာဝါဂူအီဘာသည် အနောက်နိုင်ငံအုပ်စုကို ကရုဏာသက်သူဖြစ်သည်။ အမျိုးသမီးများကိုလည်း တန်းတူအခွင့်အရေးပေးခဲ့သည်။ ပထမဆုံး အာရပ်နိုင်ငံများ ခေါင်းဆောင်ဖြစ်ခဲ့ပြီး အစ္စရေးနှင့် အပြန်အလှန် အသိအမှတ်ပြုရေးကို ထောက်ခံပြောကြားခဲ့သည်။ သွေးစွန်းထင်းမှု မရှိသော အာဏာသိမ်းမှုတွင် ရာထူးမှ ဖြုတ်ချခံရပြီး ၎င်း၏ နိုင်ငံရေးဘဝမှာ အဆုံးသတ်ခဲ့သည်။ မွန်နက်စ်တိုင်ယာမြို့တွင် ကွယ်လွန်သည်။

ဘက်စ်ကင်, လီယိုနတ်ဒ် (၇၇) နှစ်

ဝါရှင်တန်မြို့တွင်ရှိသည့် ဖရန့်ကလင်ဒယ်လာနိုရုစ်ဗဲ့ အထိမ်းအမှတ်ရုပ်တုကို ဖန်တီးခဲ့သည့် ဆုတံဆိပ် ရရှိခဲ့သော ပန်းပုပညာရှင်။ ပန်းပုပညာရှင်တစ်ဦး ဖြစ်ရုံမျှမက ကျောင်းဆရာတစ်ဦးနှင့် ပန်းချီသရုပ်ဖော် အနုပညာရှင်တစ်ဦးလည်း ဖြစ်သည်။ လူတို့၏ ကိုယ်ကျင့်တရားနှင့် ခံစားမှုများကို အလေးအနက်ပြု ဖော်ပြသည့် ၎င်း၏ တောင်တင်းခိုင်မာပြီး ကြမ်းတမ်းခက်ထန်သယောင်ရှိသည့် ရုပ်တုများ ဖန်တီးမှုကြောင့် လူသိများ ကျော်ကြားပေသည်။ မက်ဆာချူးဆက်ပြည်နယ် နော်သမ်တန်တွင် ကွယ်လွန်သည်။

ရှန်လိုး, အာမက် (၇၅) နှစ်

အီရန်နိုင်ငံ၏ နာမည်အကျော်ကြားဆုံး ခေတ်ပြိုင်ကဗျာဆရာတစ်ဦးဖြစ်သည်။ ရှားဘုရင် ရှားမိုဟမ္မက်ရီဇာပါလာဗီအား ဆန့်ကျင်ရာတွင် ၎င်း၏ အသိပညာဆိုင်ရာ လှုပ်ရှားမှုများသည် အဓိကကျသည့် အင်အားတစ်ရပ် ဖြစ်ခဲ့သည်။ အမျိုးသားရေးဝါဒီတစ်ဦးဖြစ်သည့် အာမက်ရှန်လိုးသည် ၁၉၇၉ ခုနှစ် အစ္စလာမ့်စ် တော်လှန်ရေးအပြီး အာဏာရယူ ခဲ့သော အစ္စလာမ့်စ်အစိုးရနှင့် ကင်းကွာ လာခဲ့သည်။ ရှားဘုရင်လက်ထက်တွင်ထောင်ကျခဲ့ပြီး ၎င်း၏ကဗျာစာအုပ်များမှာပိတ်ပင်တားမြစ်ခြင်း ခံခဲ့ရသည်။ တီဟီရန်မြို့တွင် ကွယ်လွန်သည်။

ဟတ်လင်း, ပိုးလ် (၈၅) နှစ်

ဒိန်းမတ်နိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်းနှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးဟောင်းဖြစ်သည်။ ၁၉၅၇ ခုနှစ်တွင် ပါလီမန်သို့ ရွေးချယ်တင်မြှောက်ခံရပြီး ၁၉၆၅ ခုနှစ် တွင် လစ်ဘရယ်ပါတီခေါင်းဆောင် ဖြစ်လာခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာခဲ့ပြီး ၁၉၇၃ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအဖြစ် ခန့်အပ်ခံခဲ့ရသည်။ ယင်းအချိန်က အာရှနှင့် အာဖရိကဒေသရှိ လူသန်း ပေါင်းများစွာမှာ အိုးမဲ့အိမ်မဲ့ဖြစ်ကာ ဒုက္ခရောက်နေသည့်ကာလဖြစ်သည်။ ယင်းသို့ တာဝန် ထမ်းဆောင်နေဆဲ ၁၉၈၁ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဘယ်ဆု ချီးမြှင့်ခြင်းခံရသည်။ ကိုပင်ဟေဂင်မြို့တွင် ကွယ်လွန်သည်။

အိုဘူချိ, ကိုဇို (၆၂) နှစ်

ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း။ အတ္တစွဲကို ဖျောက်တတ်သော သူ၏ အကျင့်စရိုက်နှင့် ထူးခြားသည့် အရည်အသွေးကင်းမဲ့မှုများက နိုင်ငံရေးတွင် ပါးနပ်လိမ္မာ ကျွမ်းကျင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မှုကို ပေါ့ပျက်စေခဲ့သည်။ လေဖြတ်ခံရကာ ရက်သတ္တခြောက်ပတ်ကြာ မေ့မြောပြီးနောက် တိုကျိုမြို့တွင် ကွယ်လွန်ခဲ့သည်။ အသက် ၂၆ နှစ်အရွယ်တွင် ပါလီမန်အမတ်အဖြစ် ပထမဆုံး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ၁၉၉၈ ခုနှစ် ဇူလိုင်လတွင် ဝန်ကြီးချုပ်ဖြစ်မလာမီ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်သည့် အစိုးရအဖွဲ့များတွင် အစိုးရအဖွဲ့ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းအား နိုင်ငံရေးအတွေ့အကြုံ နုနယ်သူအဖြစ်ရှုမြင်သည့် ဝေဖန်ရေးသမားများကို ၎င်းက ပြန်လည်ချခံချေပခဲ့သည်။ ဂျပန်နိုင်ငံ စီးပွားရေး လျှောကျသွားခြင်းကို ရပ်တန့်စေခဲ့သည့် ပမာဏများပြားသည့် အများပြည်သူဆိုင်ရာ အသုံးစရိတ် အစီအစဉ်ကို ၎င်းက ဆောင်ရွက်ခဲ့သည်။ သို့သော် ယင်းလုပ်ဆောင်ချက်ကြောင့် ဘဏ္ဍာရေးလိုငွေပြမှုကို များပြားစေခဲ့သည်။

ဦးခင်မောင်လေး

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ (၂၀၀၀)**။ ။ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရွပ်ရွပ်ချံချံ ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍများတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် စစ်မှုထမ်းများ၊ အငြိမ်းစားစစ်မှုထမ်းများ၊ အငြိမ်းစားပြည်သူ့ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲပြည်သူ့ဝန်ထမ်းများ၊ အငြိမ်းစားမြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ထမ်းဆောင်ဆဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းသင်္ကေတတံဆိပ်များ၊ စစ်မှုထမ်းကောင်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်များ၊ ရဲမှုထမ်းကောင်းတံဆိပ်များ၊ နိုင်ငံတော် ရဲမှုထမ်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းတံဆိပ်များ၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်သည်။

ယင်းသို့ ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းများ ပြုသည်နှင့်အညီ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဘွဲ့များ ဆက်ကပ်လှူဒါန်းခြင်းခံရသော ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၏ အမည်နှင့်ဘွဲ့တံဆိပ်တော်များ၊ ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏အမည်နှင့် ဘွဲ့အမည်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းသင်္ကေတတံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ရဲမှုထမ်းကောင်းတံဆိပ်၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏ စာရင်းများကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဇန်နဝါရီလ ၄ ရက်၊ ၅၂ နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန် ကြေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၀ အရ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးနှစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၈ ပါးနှင့် အင်္ဂလန်နိုင်ငံမှ တစ်ပါး စုစုပေါင်း ၁၉ ပါး၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး တစ်ပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးလေးပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၄၂ ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါး စုစုပေါင်း ၄၃ ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၃၄ ပါးနှင့် ထိုင်းနိုင်ငံမှ တစ်ပါး၊ သီလရှင်ဆရာကြီးလေးပါး စုစုပေါင်း ၃၉ ပါး၊ စူဠဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၆ ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါး စုစုပေါင်း ၁၇ ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၂ ပါး၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး သုံးပါး၊ စူဠကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီး တစ်ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီး ငါးပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၄၂ ပါးနှင့် သီရိလင်္ကာနိုင်ငံမှနှစ်ပါး၊ လာအိုနိုင်ငံမှ တစ်ပါး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တစ်ပါး၊ မလေးရှားနိုင်ငံမှ တစ်ပါး၊ အမေရိကန်နိုင်ငံမှ တစ်ပါး၊ နီပေါနိုင်ငံမှ တစ်ပါး စုစုပေါင်း ၄၉ ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၂၈ ပါး၊ ထိုင်းနိုင်ငံမှ တစ်ပါး၊ စင်ကာပူနိုင်ငံမှ တစ်ပါး၊ သီလရှင်ဆရာကြီး နှစ်ပါး၊ လူပုဂ္ဂိုလ်နှစ်ဦး စုစုပေါင်း ၃၄ ပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး သုံးပါး၊

သီလရှင်ဆရာကြီး တစ်ပါး၊ လူပုဂ္ဂိုလ် နှစ်ဦး စုစုပေါင်း ခြောက်ပါး၊ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် တစ်ဦး၊ သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် နှစ်ဦး၊ သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် သုံးဦး၊ သီဟသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် ခြောက်ဦး၊ သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် နှစ်ဦး စုစုပေါင်း ဆရာတော်ကြီး ၂၂၂ ပါး၊ သီလရှင်ဆရာကြီး ကိုးပါးနှင့် လူပုဂ္ဂိုလ် ၁၈ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၀ အရ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်တစ်ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်ခြောက်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်လေးဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၂၇ ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၅၀၊ စီမံထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ၂၄ ဦး၊ စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၄၄ ဦး၊ စီမံထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၇၅ ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၆ ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၄၄ ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၇၉ ဦး၊ ရဲသူရ တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦး၊ရဲဗလ တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်နှစ်ဦး၊ရဲသူရိန် တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၇ ဦး၊ ရဲကျော်စွာ တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်နှစ်ဦး၊ရဲကျော်သူ တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၀ ဦး၊ စုစုပေါင်း ၅၀၂ဦးပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၀ အရ မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဂဟတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် ၅၈၃ ဦးပါဝင်သည်။

' အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၀၀ အရ စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၂၉ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၃,၄၇၂ ဦး စုစုပေါင်း ၃,၅၀၁ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၀၀ အရ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၈၁၃ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၉,၀၄၁ ဦး စုစုပေါင်း ၉,၈၅၄ ဦးပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၀၀ အရ ရဲမှုထမ်းကောင်းတံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစားနှစ်ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၃၁ ဦး စုစုပေါင်း ၃၃ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၀၀ အရ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစားတစ်ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၂၂၃ ဦး စုစုပေါင်း ၂၂၄ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၀၀ အရ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၅၇ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၁၄,၄၀၄ ဦး စုစုပေါင်း ၁၄,၅၆၁ ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၃၂ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၂၆,၉၁၆ ဦး စုစုပေါင်း ၂၇,၀၄၈ ဦး ပါဝင်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေးအတွက် ပေးအပ်သည့် တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် ထူးကဲကောင်းမွန်စွာ ထမ်းဆောင်နိုင်သော စစ်မှုထမ်း ခြောက်ဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်သည်။

**စိုးအောင်**

ဂျပန်နိုင်ငံ။ ။ ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ဂျပန်ဝန်ကြီးချုပ် ကိုဇိုအိုဘူချီသည် ၂၀၀၀ ပြည့်နှစ် ဘဏ္ဍာရေးနှစ်အတွက် ဂျပန်ယန်း ၈၄,၉၉၀ ဘီလီယံရှိသည့် ဘတ်ဂျက်ကို ဂျပန်အောက်လွှတ်တော်သို့ တင်သွင်းခဲ့သည်။ လွှတ်တော်တွင် ပြောကြားသော ၎င်း၏မိန့်ခွန်းတွင် အိုဘူချီက နိုင်ငံ၏ ကြွေးမြီဝန်ထုပ်ဝန်ပိုးကို အစိုးရက အဆောတလျင် ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်ချက်မရှိသေးကြောင်း၊

သို့ရာတွင် အများပြည်သူဆိုင်ရာ အသုံးစရိတ် တိုးမြှင့်လုပ်ဆောင်မှု မူဝါဒနှင့် အခွန်ငွေကောက်ခံမှု အထူးအခွင့်အရေးတို့ကိုမူ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ ထို့ပြင် ၂၀၀၀ ပြည့်နှစ် ဘဏ္ဍာရေးနှစ်တွင် စီးပွားရေး တိုးချဲ့လုပ်ကိုင်မှု တစ်ရာခိုင်နှုန်းခန့် ရှိမည်ဟု ခန့်မှန်းပြီး နိုင်ငံ၏စီးပွားရေး ပြန်လည်နာလန်ထူလာနေပြီဟုလည်း ထည့်သွင်းပြောကြားခဲ့သည်။ လာမည့် လွှတ်တော်အစည်းအဝေးတွင် ၎င်း၏ အစိုးရအနေဖြင့် ဥပဒေကြမ်း ၉၇ ခုကို တင်သွင်းမည်ဖြစ်ကြောင်း၊ ယင်းတို့အနက် ၃၇ ခုမှာ ဘတ်ဂျက်နှင့် တိုက်ရိုက်သက်ဆိုင်ကြောင်းကိုလည်း ၎င်းက ကြေညာသွားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်၏ လွှတ်တော်သို့ ဘတ်ဂျက်တင်သွင်းမှုကို အတိုက်အခံနိုင်ငံရေးပါတီများက သပိတ်မှောက်ကန့်ကွက်ခဲ့ကြသည်။ ရည်ရွယ်ချက်မှာ ဥပဒေပြုလွှတ်တော်တွင် အမတ်နေရာကို လျှော့ချသည့်ဥပဒေကို အစိုးရက ရေးကြီးသုတ်ပြာ လုပ်ဆောင်နေမှုအား ဆန့်ကျင်ကန့်ကွက်သည့်သဘောပင်ဖြစ်သည်။ အိုဘူချီက ၎င်း၏ နိုင်ငံရေးမဟာမိတ်များကို ဤဥပဒေအား လွှတ်တော်အစည်းအဝေးတွင် အလျင်အမြန် ပြဋ္ဌာန်းပေးမည်ဟု ကတိကဝတ်ပြုခဲ့ရာ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလက ပေါ်ပေါက်ခဲ့သော နိုင်ငံရေး အကျပ်အတည်းကို မဖြေရှင်းနိုင်ဘဲ ရှိနေခဲ့သည်။

ဝန်ကြီးချုပ်၏ အရှေ့တောင်အာရှနိုင်ငံများသို့ အလည်အပတ်ခရီး – ဂျပန်ဝန်ကြီးချုပ် ကိုင်ဇိုအိုဘူချီသည် ဇန်နဝါရီ ၁၀ ရက်မှ ၁၅ ရက်အတွင်း ကမ္ဘောဒီးယား၊ လာအိုနှင့် ထိုင်းနိုင်ငံများသို့ သွားရောက်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲများ၏ ရည်ရွယ်ချက်မှာ တညီတညွတ်တည်း သဘောတူညီမှု တည်ဆောက်ရန်နှင့် ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လတွင် ကျင်းပရန် စီစဉ်ထားသည့် ဂျီ – ၈ (the group of Eight) အစည်းအဝေးအကြို အချက်အချာကျသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဒေသဆိုင်ရာနိုင်ငံများ၏ သဘောထားအမြင်ကို အသေးစိတ်ဆွေးနွေးရန် ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် လေဖြတ်၍ သတိမေ့မျောသွားခြင်း – ဂျပန်ဝန်ကြီးချုပ် အိုဘူချီသည် ဧပြီလ ၁ ရက်နေ့တွင် ရုတ်တရက် လေဖြတ်ကာ နောက်တစ်နေ့တွင် သတိမေ့မြော သွားခဲ့သည်။ ခရီးသွားခြင်းနှင့် ပြင်းပြင်းထန်ထန် ရက်ပေါင်း များစွာ အလုပ်လုပ်ခဲ့ပြီးနောက် ယခုကဲ့သို့ လေဖြတ်ခြင်း ဖြစ်သည်။ ယင်းအခြေအနေကြောင့် ပြိုကွဲလုနီးနီး ဖြစ်နေသည့် ၎င်းဦးဆောင်သော သုံးပါတီညွန့်ပေါင်းအစိုးရအဖွဲ့၏ အခြေ



လေဖြတ်ရောဂါ မခံစားရမီ ရက်ပိုင်းအလိုတွင် တိုကျိုမြို့ရှိ ဆေးရုံတစ်ရုံသို့ သွားရောက်ခဲ့သော အိုဘူချီအားတွေ့ရစဉ်

အနေမှာ ပိုမို ယိမ်းယိုင်ဆိုးဝါး သွားခဲ့ရသည်။ ဧပြီလကုန်အထိ အိုဘူချီမှာ ဆက်လက်မေ့မျောနေဆဲဖြစ်ပြီး အသက်ကယ် စက်များ တပ်ဆင်ကုသထားရသည်။ စင်စစ်အားဖြင့် ပြန်လည်သတိရရန် မျှော်လင့်ချက် မရှိတော့ချေ။ ယင်းအခြေ အနေတွင် ဂျပန်အောက်လွှတ်တော်က လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ) အထွေထွေအတွင်းရေးမှူး ဖြစ်သူ ယိုရှီရိုမိုရီအား ဧပြီ ၅ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် မဲပေးရွေးချယ်ခဲ့သည်။ မဲပေးနိုင်သည့် အရေအတွက် ၄၈၈ မဲအနက် ၃၃၅ မဲဖြင့် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ကွယ်လွန်ခြင်း – ဂျပန်ဝန်ကြီးချုပ် ကိုဇိုအိုဘူချီသည် တစ်လခွဲကျော်မျှ သတိမေ့မြောနေရာမှ မေလ ၁၄ ရက်နေ့တွင် ကွယ်လွန်သွားခဲ့သည်။ ကွယ်လွန်ချိန်တွင် အသက် ၆၂ နှစ် ရှိပြီဖြစ်သည်။ ၎င်းသည် ဂျပန်နိုင်ငံ၏ ၈၄ ဦးမြောက် ဝန်ကြီးချုပ်ဖြစ်ကာ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

အထွေထွေရွေးကောက်ပွဲ – ဂျပန်နိုင်ငံ၏ အထွေထွေ ရွေးကောက်ပွဲကို ဇွန်လ ၂၅ ရက်နေ့တွင် ကျင်းပခဲ့ရာ အမတ်ဦးရေ ၄၈၀ ရှိသော အောက်လွှတ်တော်တွင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီက နေရာအများစုကို အနိုင်ရရှိခဲ့သည်။ သို့ရာ တွင် ၁၉၉၆ ခုနှစ်၊ အောက်တိုဘာလက ကျင်းပခဲ့သော ရွေး ကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် အရေအတွက်ကိုမူ မမီခဲ့ချေ။ ရွေးကောက်ပွဲ အနိုင်ရရှိပြီးနောက် လစ်ဘရယ်ဒီမိုကရက်တစ် ပါတီခေါင်းဆောင်နှင့် ဝန်ကြီးချုပ်ဖြစ်သူ



အထွေထွေရွေးကောက်ပွဲ အတွက် မဲဆွယ်လှုပ်ရှားနေသော ဂျပန်ဝန်ကြီးချုပ်ဖြစ်လာသည့် မိုရီအား တိုကျိုမြို့ မြို့စွန်ရပ်ကွက်တစ်ခုတွင် တွေ့ရစဉ်

ယိုရှီရိုမိုရီကလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၊ ကိုမိုင်တိုပါတီသစ်နှင့် ကွန်ဆာဗေးတစ်ပါတီသစ်တို့ပါဝင်သော သုံးပါတီညွန့်ပေါင်းအဖွဲ့ကို ပြန်လည်ပြုပြင်ဖွဲ့စည်း နိုင်လိမ့်မည်ဟု မိမိမျှော်လင့်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ၎င်းအား ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်ခန့်အပ်ရန် သုံးရက်ကြာ အထူးအောက်လွှတ်တော် အစည်းအဝေးကို ဇူလိုင် ၄ ရက်နေ့တွင် ကျင်းပမည်ဟု ကြေညာခဲ့သည်။

အစိုးရအဖွဲ့သစ် ဖွဲ့စည်းခြင်း – ဤသို့ဖြင့် ဇူလိုင် ၄ ရက်နေ့တွင် ဂျပန်အောက်လွှတ်တော်က ယိုရှီရိုမိုရီကို ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ် တင်မြှောက်ခဲ့သည်။ အာဏာရ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ) သည် ဇွန်လက ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် လွန်ခဲ့သည့် အကြိမ်က ရရှိခဲ့သော နေရာအများစုဦးရေကို မမီသည့်တိုင် အခြားမဟာမိတ်ပါတီနှစ်ခုဖြစ်သည့် ကိုမိုင်တိုပါတီသစ်နှင့် ကွန်ဆာဗေးတစ်ပါတီသစ်တို့နှင့် ပူးပေါင်းခြင်းအားဖြင့် အောက်လွှတ်တော်နေရာအများစုကို ဆက်လက်ထိန်းချုပ်ထားနိုင်ခဲ့သည်။ ဝန်ကြီးချုပ်အဖြစ် ထပ်မံအတည်ပြု ရွေးချယ်ခံရပြီးနောက် မိုရီက အစိုးရအဖွဲ့ ထိပ်တန်းနေရာများတွင် ယခင်တွေ့မြင်နေကျ လူဟောင်းများကိုသာ ပြန်လည်ခန့်ထားခဲ့သည်။ အကြောင်းမှာ ဇူလိုင်လတွင် ကျင်းပရန်ရှိသည့် ဂျီ – ၈ အစည်းအဝေးကို ဂျပန်နိုင်ငံက ချောချောမောမော စီမံကွပ်ကဲနိုင်စေရန် ဖြစ်သည်။ ဝန်ကြီးဌာနများကိုလည်း ၂၂ ခုမှ ၁၂ ခုသို့ လျှော့ချခဲ့သည်။

ဝန်ကြီးချုပ်နုတ်ထွက်တောင်းဆိုမှုများ – အခြေအနေများ ယင်းသို့ရှိနေခဲ့ရာမှ အောက်တိုဘာလတွင် ဝန်ကြီးချုပ် ယိုရှီရိုမိုရီသည် လိင် မသမာမှုတွင် ပါဝင်ပတ်သက်ခဲ့မှုနှင့် မြောက်ကိုရီးယားနိုင်ငံနှင့် စပ်ဆိုင်သည့် ဂျပန်နိုင်ငံ၏ အခြေအနေဆိုးဝါးသော နိုင်ငံခြားရေးမူဝါဒနှင့်စပ်လျဉ်းပြီး သတိမမူဘဲ ပြောကြားခဲ့သည်။ မှတ်ချက်များအပေါ် သတင်းဌာနများ၏ စွပ်စွဲပြောကြားမှုများ ရေးသားခဲ့ပြီးနောက်ပိုင်း ဖိအားပေးမှု ပိုမိုခံခဲ့ရသည်။ ထို့ပြင် ဇွန်လက ရွေးကောက်ပွဲအကြို စည်းရုံးလှုပ်ရှားမှုကာလအတွင်း အဆိုးမြင်သည့် ၎င်း၏ သုံးသပ်ချက်များ အတွက်လည်း ဝေဖန်ခံခဲ့ရသည်။ အောက်တိုဘာလ ၇ ရက်နေ့ထုတ် The Times သတင်းစာတွင် မိုရီသည် ၁၉၅၈ ခုနှစ်တွင် ပြည့်တန်ဆာ တားဆီးကာကွယ်ရေးဥပဒေကို ဖောက်ဖျက်ခဲ့သည့်အတွက် ဖမ်းဆီးခံခဲ့ရကြောင်း ရေးသားဖော်ပြခဲ့သည်။ မိုရီက ယင်းစွပ်စွဲချက်မှာ မဟုတ်ကြောင်း ငြင်းဆိုခဲ့သော်လည်း တကယ်ဟုတ်မဟုတ်ဆိုသည်မှာ အရေးပါသည့် ပြဿနာတစ်ရပ် ဖြစ်ခဲ့ရသည်။

အောက်တိုဘာလ ၂၀ ရက်နေ့က မိုရီသည် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲယားနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ဂျပန်နိုင်ငံသည် စွပ်စွဲခံထားရသည့် ဂျပန်စားစာခံများအရေးနှင့် စပ်လျဉ်းပြီး မြောက်ကိုရီးယားနိုင်ငံနှင့် လျှို့ဝှက်စေ့စပ်ညှိနှိုင်း နိုင်ခဲ့ကြောင်း၊ မြောက်ကိုရီးယားနိုင်ငံက စားစာခံများကို တတိယနိုင်ငံသို့ လွှတ်ပေးရန် မိမိကအကြံပြုခဲ့ကြောင်း၊ ယင်းနိုင်ငံမှာ တရုတ်နိုင်ငံကဲ့သို့သော နိုင်ငံဖြစ်ကြောင်း၊ လွန်ခဲ့သောနှစ်များ အတွင်း မြောက်ကိုရီးယားနိုင်ငံက ဂျပန်အမျိုးသားဒါဇင်ပေါင်းများစွာကို ဖမ်းဆီးခဲ့ကြောင်း မိုရီက ပြောကြားခဲ့သည်။

မိုရီရာထူးမှ နုတ်ထွက်ရန် ဖိအားပေးမှုများနှင့်စပ်လျဉ်းပြီး အတိုက်အခံ နိုင်ငံရေးပါတီများက အောက်လွှတ်တော်တွင် အယုံအကြည်မရှိ အဆိုတင်သွင်းခဲ့ရာ မအောင်မြင်ဘဲ ရှုံးနိမ့်သွားခဲ့သည်။ မိုရီ ဦးဆောင်သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအတွင်းမှ ဆန့်ကျင်သူများကလည်း မိုရီ၏ ဦးဆောင်မှုအခန်းကဏ္ဍကို စိမ်ခေါ်မည်ဟု ပြောကြားခဲ့ကြသည်။ နိုဝင်ဘာလစောစောပိုင်းတွင် အများပြည်သူသဘောထားကို စစ်တမ်းကောက်ယူရာ မိုရီအား ထောက်ခံမှုမှာ ၂၄ ရာခိုင်နှုန်းမှ ၁၇ ရာခိုင်နှုန်းသို့ လျော့နည်းကျဆင်း သွားခဲ့သည်။

ဦးခင်မောင်လေး

**ဂျာမနီနိုင်ငံ။** ။ အာဏာရပါတီဘဝမှ အတိုက်အခံပါတီဘဝသို့ ကူးပြောင်းသွားခဲ့သည့် ခရစ်ယာန်ဒီမိုကရက်တစ်ယူနီယံပါတီ၏ ရန်ပုံငွေအရှုပ်တော်ပုံမှာ ပိုမိုနက်ရှိုင်းလာခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း ဟဲ(လ်)မွတ်ခိုး(လ်) အပေါ် အလွဲသုံးစားပြုမှုဖြင့် တရားဝင်စုံစမ်းစစ်ဆေးမှုများကို ဇန်နဝါရီလ ၃ ရက်နေ့တွင် စတင်ပြုလုပ်ခဲ့သည်။ ဟဲ(လ်)မွတ်ခိုး(လ်) ပါဝင်ပတ်သက်နေသော ဤနိုင်ငံရေးရန်ပုံငွေ ရာဖွေလက်ခံမှုအရှုပ်တော်ပုံသည် မကြာသေးမီကာလများအတွင်း ဂျာမနီနိုင်ငံ၌ အကြီးမားဆုံးသော နိုင်ငံရေးအရှုပ်တော်ပုံ ဖြစ်ခဲ့သည်။ ၁၉၉၈ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့ပြီးနောက် ဟဲ(လ်)မွတ်ခိုး(လ်) သည် ပါတီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်၍ ဂုဏ်ထူးဆောင်ပါတီ ဥက္ကဋ္ဌအဖြစ်သာ တာဝန်ယူခဲ့သည်။ တရားရုံးတွင် အပြစ်ထင်ရှားကြောင်း တွေ့ရှိပါက ဟဲ(လ်)မွတ်ခိုး(လ်)သည် ထောင်ဒဏ်ငါးနှစ် ကျခံရမည်ဖြစ်ပေသည်။ ပါတီဝင်များ၏ တောင်းဆိုချက်အရ ဟဲ(လ်)မွတ်ခိုး(လ်) သည် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ဂုဏ်ထူးဆောင်ပါတီဥက္ကဋ္ဌ အဖြစ်မှ နုတ်ထွက်ပေးလိုက်ရသည်။ ဤသို့ နုတ်ထွက်ပေးလိုက်ရခြင်းဖြင့် ဂျာမနီညီညွတ်ရေးနှင့် ဥရောပညီညွတ်ရေးတို့၏ ဗိသုကာတစ်ဦးအဖြစ် ကျော်ကြားခဲ့သူ ဟဲ(လ်)မွတ်ခိုး(လ်) အဖို့ အကျနာလှပေသည်။ ဟဲ(လ်)မွတ်ခိုး(လ်) သည် အမှားများ ကျူးလွန်မိခဲ့ပါသည်ဟု ဝန်ခံခဲ့သော်လည်း ပါတီဝင်အဖြစ်မှ နုတ်ထွက်မည်ဟုလည်းကောင်း၊ အောက်လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်မည်ဟုလည်းကောင်း ပြောဆိုခြင်း မပြုခဲ့ပေ။

စီဒီယူပါတီ၏ ရန်ပုံငွေအရှုပ်တော်ပုံတွင် ဗုံးလေးရာဖရုံဆင့် ဖြစ်သွားရသည့်ကိစ္စမှာ ပါတီဘဏ္ဍာရေးဗျူရို၏ ညွှန်ကြားရေးမှူးဖြစ်သူ ဝုလ်(ဖ်)ဂန်းဟူးလင် မိမိကိုယ်မိမိသတ်သေသွားခြင်းဖြစ်သည်။ သေဆုံးသူသည် မိမိကိုယ်မိမိသတ်သေရခြင်းနှင့်ပတ်သက်၍ ပုဂ္ဂိုလ်ရေး အကြောင်းပြချက်များကို ရေးသားရင်း ရန်ပုံငွေအရှုပ်တော်ပုံနှင့် ဆက်စပ်လျက် မကြာမီတွင် ပါတီစာရင်းစစ်များက စစ်ဆေးတော့မည့်အကြောင်းများကိုလည်း ထိုစာစောင်၌ ရေးသားဖော်ပြခဲ့သည်။

ဟဲ(လ်)မွတ်ခိုး(လ်)သည် ပါတီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်သွားသောအခါ ဝုလ်(ဖ်) ဂန်းရှောဘဲ(လ်)သည် ပါတီဥက္ကဋ္ဌသစ်ဖြစ်လာခဲ့သည်။ ရှောဘဲ(လ်)သည်လည်း ဇန်နဝါရီလ အစောပိုင်းကပင် ရန်ပုံငွေအရှုပ်တော်ပုံနှင့် တိုက်ရိုက်ပတ်သက်သွားခဲ့ပြန်သည်။ ရှောဘဲ(လ်)က ၁၉၉၄ ခုနှစ်အတွင်းက ၎င်းသည် ကားလ်ဟိုင်း(ဇ်)ရှရိုက်ဘားထံမှ ရန်ပုံငွေအဖြစ် ဂျာမန်မတ်ငွေ ၁၀၀၀၀၀ ကိုလက်ခံရယူခဲ့ကြောင်း ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ဝန်ခံပြောကြားခဲ့သည်။ ရှရိုက်ဘားသည် ရန်ပုံငွေအရှုပ်တော်ပုံနှင့်ပတ်သက်၍ အဓိကပါဝင်ပတ်သက်နေသော လက်နက်ကုန်သည်တစ်ဦးဖြစ်သည်။ ခိုး(လ်)နှင့် ရှောဘဲ(လ်)တို့သည် ဖောက်ပြန်မှားယွင်းမှုမရှိကြောင်း ပြောကြားနေကြသော်လည်း စီဒီယူပါတီက လက်ခံရယူခဲ့သော ရန်ပုံငွေများမှာ နိုင်ငံရေးမျက်နှာသာရယူမှုအတွက်ဖြစ်ကြောင်း ပြည်သူများက သံသယဝင်နေခဲ့ကြသည်။

ဇန်နဝါရီလအထိ ဖော်ထုတ်တွေ့ရှိချက်များအရ စီဒီယူပါတီ၏ နိုင်ငံရေးရန်ပုံငွေပမာဏမှာ ဂျာမန်မတ်ငွေ ၃၃ သန်းအထိရှိကြောင်း ပေါ်ထွက်လာခဲ့သည်။ ပြည်ထဲရေးဝန်ကြီးဟောင်းနှင့် ဟက်စ်ပြည်နယ် စီဒီယူပါတီ ဥက္ကဋ္ဌဟောင်းဖြစ်ခဲ့သူ မန်းဖရက်ကန်သာက ၁၉၈၀ နှင့် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်းက ၎င်း၏ ဟက်စ်ပြည်နယ်ပါတီဌာနခွဲသည် နိုင်ငံခြားဘဏ်များမှ ဂျာမန်မတ်ငွေ ၁၃ သန်းကို တရားမဝင်သည့်နည်းဖြင့် ရယူခဲ့ပြီး ပါတီရန်ပုံငွေအတွက် လျှို့ဝှက်ကဲ့ယူသိမ်းဆည်းထားမှု

ပြုခဲ့ကြောင်း ဇန်နဝါရီလ ၁၄ ရက်နေ့က ထုတ်ဖော်ဝန်ခံခဲ့သည်။ နိုင်ငံခြားဘဏ်များမှ လျှို့ဝှက်ကဲ့ယူသိမ်းဆည်းထားသောငွေများမှာ မည်သူ့ထံမှ မည်သို့ရခဲ့သည်ကို ယခုတိုင် ဖော်ထုတ်နိုင်ခြင်းမရှိသေးပေ။ ဂျာမနီနိုင်ငံတွင်းသို့ ဝင်ရောက်နေထိုင်လာသော ဂျူးလူမျိုးတို့ထံမှလိုလို ထင်ကြေးပေးမှုများ ရှိခဲ့ပါသည်။ ဤသို့ဖြင့် ပြည်ထဲရေးဝန်ကြီးဟောင်း ကန်သာသည် အောက်လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပေးခဲ့ရပြီး ယခုအခါ အလွဲသုံးစားပြုမှုဖြင့် စုံစမ်းစစ်ဆေးခံနေရသည်။ အလားတူစွာ ဟော(စ်)ဝေးရောက်(ချ်) ဆိုသူမှာလည်း စုံစမ်းစစ်ဆေးခံနေရသည်။ ဟော(စ်)သည် ဟတ်စ်ဝေ ပြည်နယ်တွင် အခွန်ကောက်ခံရေး အကြံပေးပုဂ္ဂိုလ်ဖြစ်ခဲ့ဖူးသည်။ သူသည် နိုင်ငံလုံး အတိုင်းအတာဖြင့် လျှို့ဝှက် ပါတီရန်ပုံငွေများ ထားရှိရေးအတွက် ဟဲ(လ်)မွတ်ခိုး(လ်)ကို ကူညီ ပူးပေါင်းဆောင်ရွက်ခဲ့သူဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်း ခိုး(လ်)၏ အစိုးရလက်ထက်တွင် စီဒီယူပါတီရန်ပုံငွေများ စုဆောင်းရယူခဲ့ပုံနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် ဖွဲ့စည်းတာဝန်ပေးခဲ့သောအဖွဲ့သည် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် အစည်းအဝေးကျင်းပခဲ့သည်။ ထိုအဖွဲ့က အဓိက ဆက်သွယ်မှုလေးခုကို အာရုံစူးစိုက်စုံစမ်းရန် ဆုံးဖြတ်ခဲ့သည်။

(၁) ၁၉၉၁ ခုနှစ်က ဆော်ဒီအာရေဗီးယား စစ်တပ်သို့ တင့်ကား ၃၆ စင်း ရောင်းချပေးခဲ့မှု၊

(၂) ၁၉၉၀ ပြည့် နှစ်ဦးပိုင်းက ထိုင်းနှင့်ကနေဒါနိုင်ငံများသို့ လေယာဉ်များ ရောင်းချပေးခဲ့မှု၊

(၃) ၁၉၈၀ ပြည့်လွန် ဒုတိယပိုင်းကာလများအတွင်းက ကနေဒါ ကမ်းစောင့် တပ်အတွက်ရဟတ်ယာဉ်များ ထုတ်ပေးရောင်းချခဲ့မှု၊

(၄) ၁၉၉၂ ခုနှစ်အတွင်းက အရှေ့ဂျာမနီနိုင်ငံဟောင်းတွင် ရှိခဲ့သော လူနာရေနံချက်စက်ရုံနှင့် ဓာတ်ဆီဆိုင်များကို ပြင်သစ်နိုင်ငံ အဲလ်(ဖ်)အာကွီတိန်း ရေနံကုမ္ပဏီသို့ ရောင်းချပေးခဲ့မှု။

အရှေ့ဂျာမနီဟောင်းမှ ရေနံလုပ်ငန်းများကို ပြင်သစ်နိုင်ငံပိုင် ရေနံကုမ္ပဏီသို့ ရောင်းချပေးခဲ့မှုကိစ္စကို စုံစမ်းဖော်ထုတ်ရင်း ပြင်သစ်သမ္မတဟောင်း ရန်ဆွာမိထရောင်းနှင့် ဟဲ(လ်)မွတ်ခိုး(လ်) တို့အကြား လျှို့ဝှက်သဘောတူညီချက် ရှိခဲ့မှုကိုလည်း ဖော်ထုတ်ပေးနိုင်လိမ့်မည်ဟု လေ့လာသူများက ယူဆနေကြသည်။

လုပ်ခနှင့် ကုန်ထုတ်စွမ်းရည်ဆက်စပ်မှု – ဂျာမနီနိုင်ငံ၌ အလုပ်အကိုင်များ ပေါ်ထွက်လာရေးနှင့် နိုင်ငံခြားတိုင်းပြည်များနှင့် စီးပွားရေးယှဉ်ပြိုင်မှု အားကောင်းစေရေးကို ရှေးရှုလျက် ဇန်နဝါရီလ ၉ ရက်နေ့တွင် အလုပ်သမားသမဂ္ဂများ၊ အလုပ်ရှင်များနှင့် အစိုးရဌာနဆိုင်ရာများသည် ပူးတွဲကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ကုန်ထုတ်စွမ်းအားကို အခြေပြုလျက် လုပ်ခများသတ်မှတ်ရေးကို ထည့်သွင်းဖော်ပြခဲ့သည်။ အလုပ်သမားများ အချိန်စောစွာ အငြိမ်းစားယူနိုင်ရေး၊ အငြိမ်းစားယူပြီးသော သက်ကြီးအလုပ်သမားများအတွက် အချိန်ပိုင်း အလုပ်အကိုင်များရရှိရေး၊ ပင်စင်နှင့်လူမှုဖူလုံရေးတို့တိုးမြှင့် ခံစားခွင့်ရှိရေးတို့ကိုလည်း သဘောတူညီခဲ့ကြသည်။

ဂျာမန်ဂျူးခေါင်းဆောင်သစ် – ဂျာမန်ဂျူးဗဟိုကောင်စီဥက္ကဋ္ဌသစ်အဖြစ် ကဇာတ်ပြဇာတ်များအတွက် ကိုယ်စားလှယ်ပြုလုပ်နေသူ ပေါ(လ်)စပီးဂဲ(လ်) အား ဇန်နဝါရီလ ၁၇ ရက်နေ့က ရွေးကောက်တင်မြှောက်လိုက်ကြသည်။ မကြာသေးမီကာလများအတွင်း ဂျာမနီနိုင်ငံ၌ ဆိုဗီယက် ပြည်ထောင်စုဟောင်းမှ ပြောင်းရွှေ့လာသူ ဂျာမန်ဂျူးပေါင်း ၉၀၀၀၀ နီးပါးမျှ ရှိလာခဲ့သည်။ ထိုဂျာမန်ဂျူးများ ပေါင်းစည်းညီညွတ်ရေးအတွက် ဆောင်ရွက်မည်ဟု ဥက္ကဋ္ဌသစ်က ကြေညာခဲ့သည်။

ဝိုင်းရစ်(ချ်)အား ရာသက်ပန် ထောင်ဒဏ်ပေးလိုက်ခြင်း – ၁၉၈၃ ခုနှစ်အတွင်းက ဘာလင်မြို့ရှိ ပြင်သစ်ယဉ်ကျေးမှုတက္ကသိုလ်၌ ဗုံးဖောက်ခွဲခဲ့သဖြင့် လူတစ်ဦးသေဆုံး၍ ၂၃ ဦး ဒဏ်ရာရခဲ့ကြသည်။ ထိုအမှုနှင့်ဆက်စပ်ပြီး နိုင်ငံတကာ အကြမ်းဖက်သမားဖြစ်သည့် "ခွေးအကားလို့(စ်)" ဟု အမည်တွင်သော အီးလစ်(ချ်)ရာမိရတ်(ဇ်)ဆန်ချက်(ဇ်)၏ ညာလက်ရုံးဖြစ်သူ ဂျိုဟန်းနက်(စ်)ဝိုင်းရစ်(ချ်)အား ရာသက်ပန် ထောင်ဒဏ်ချမှတ်ခဲ့သည်။ ၁၉၈၂ ခုနှစ်အတွင်းက အော်လီလေဆိပ်၌ ဗုံးဖောက်ခွဲမှု၊ မြို့နစ်အသံလွှင့်ရုံကို တိုက်ခိုက်ခဲ့မှု၊ ၁၉၈၃ ခုနှစ်အတွင်းက ဂရိနိုင်ငံရှိ ဆော်ဒီအာရေဗီးယားသံရုံးကို တိုက်ခိုက်ခဲ့မှုတို့အတွက်လည်း ထပ်မံတရားစွဲဆိုရန် အစိုးရရှေ့နေများက စီစဉ်လျက်ရှိသည်၊ ဤအမှုများနှင့် ဆက်စပ်လျက် ၁၉၇၀ နှင့် ၁၉၈၀ ပြည့်လွန်နှစ်များအတွင်းက အရှေ့အလယ်ပိုင်းနှင့် ဆိုဗီယက် အုပ်စုဝင်နိုင်ငံများ၏ ကျယ်ပြန့်စွာပူးပေါင်းဆောင်ရွက်ခဲ့မှုများလည်း ပေါ်လွင်လာခဲ့သည်။

စီဒီယူပါတီ ရန်ပုံငွေ အရှုပ်တော်ပုံကွင်းဆက် – ဟဲ(လ်)မွတ်ခိုး(လ်) ပါဝင်ပတ်သက်နေသော ပါတီရန်ပုံငွေ အရှုပ်တော်ပုံနှင့် စပ်လျဉ်း၍ မိမိတွင် တာဝန်ရှိကြောင်း ဝန်ခံကာ ရှောဘဲ(လ်)သည် စီဒီယူပါတီဥက္ကဋ္ဌနှင့် အောက်လွှတ်တော်၌ အတိုက်အခံပါတီခေါင်းဆောင်အဖြစ်တို့မှ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် နုတ်ထွက်သွားခဲ့သည်။ ရှောဘဲ(လ်) နုတ်ထွက်ခြင်းမပြုမီ

တစ်ရက်အလိုက ဂျာမန်တရားရုံးသည် စီဒီယူပါတီအပေါ် ဒဏ်ငွေအဖြစ် ဂျာမန်မတ်ငွေ ၄၁ သန်း ချမှတ်ခဲ့သည်။ ၁၉၉၈ ခုနှစ်က ပါတီရန်ပုံငွေစာရင်းများ မမှန်မကန်ပြုလုပ်ခဲ့မှု၊ အခွန်ငွေများ မပေးဆောင်ခဲ့မှု၊ ဟတ်စ်စူးပြည်နယ်ပါတီခွဲက ရန်ပုံငွေများ တရားမဝင်စုဆောင်းခဲ့မှု စသည်တို့အတွက် ဤကဲ့သို့ ဒဏ်ငွေချမှတ်ခဲ့ခြင်းဖြစ်သည်။

ရေဘဝဲစစ်ဆင်ရေး – စစ်အေးတိုက်ပွဲစတင်ချိန် ၁၉၅၀ ပြည့်လွန် နှစ်ဦးပိုင်းကပင် ဝန်ကြီးချုပ်ဟောင်း ကွန်းရက်အာဒီနောဝါး၏ လက်ထက်မှစ၍ အစိုးရ၏ ထောက်လှမ်းရေးတပ်ဖွဲ့သည် နိုင်ငံရေးပါတီများသို့ တရားမဝင်ရန်ပုံငွေများ ပေးခဲ့သည်။ ထိုလှုပ်ရှားမှုကို "ရေဘဝဲစစ်ဆင်ရေး" ဟု အမည်ပေးခဲ့သည်။ ၁၉၇၄ ခုနှစ်မှ ၁၉၈၂ ခုနှစ်များအတွင်း ထောက်လှမ်းရေးအဖွဲ့သည် နိုင်ငံရေးပါတီများသို့ အမေရိကန်ဒေါ်လာ ၁၅ သန်းမှ သန်း ၂၀ အထိ ထောက်ပံ့ခဲ့သည်။ ထိုငွေများသည် ပေါ်တူဂီနှင့် စပိန်နိုင်ငံများ၌ ဒီမိုကရေစီထွန်းကားရေးအတွက် အသုံးချနိုင်ရန် ထောက်ပံ့ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်ရေနံကုမ္ပဏီအဲလ်(ဖ်)အာတွိုတိန်းသို့ အရှေ့ဂျာမနီဟောင်းမှ ရေနံလုပ်ငန်းများကို လွှဲပြောင်းပေးရေးနှင့် ပတ်သက်သော စာရွက်စာတမ်းအထောက်အထားများကို ဖျက်ဆီးပစ်ခဲ့သည်။ ထိုသို့ဖျက်ဆီးရန် မိမိကအမိန့်ပေးခဲ့ကြောင်း ခိုး(လ်)၏ ဝါရင့်လက်ထောက်ဖြစ်သူ ဖရီးဒရစ်(ချ်)ဘိုး(လ်)က ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ဝန်ခံပြောဆိုခဲ့သည်။ ဤသို့ ဝန်ခံလိုက်ခြင်းဖြင့် စီဒီယူပါတီ၏နာမည်ဆိုးမှာ ပိုမိုအထိနာခဲ့ရသည်။

ဤအတောအတွင်း လက်ရှိအာဏာရ ဆိုရှယ်ဒီမိုကရက်တစ်ပါတီတွင်လည်း အကျင့်ပျက်လာဘ်စားမှုအရှုပ်တော်ပုံပေါ်လာခဲ့သည်။ မြောက်ပိုင်းဝက်(စ်)ဖေးလီးယားပြည်နယ်မှ ဘဏ္ဍာရေးဝန်ကြီး ဟိုင်း(န်)ရှ လူထုသည် ဂျာမန်လေယာဉ်ကုမ္ပဏီတစ်ခု၏ လေယာဉ်များကို အခမဲ့စီးနင်းလိုက်ပါကြောင်း ဝန်ခံပြီးနောက်ရာထူးမှ နုတ်ထွက်ပေးခဲ့ရသည်။

အဝေးပြောဆက်သွယ်ရေးလုပ်ငန်းပူးပေါင်းမှု – ဂျာမန်မိုဘိုင်း(လ်)ဖုန်း ကုမ္ပဏီကြီးမန်နက်(စ်)မန်းနှင့်ဗြိတိန်မှ မိုဘိုင်း(လ်)ဖုန်းကုမ္ပဏီကြီး ဗိုဒါဖုန်းအဲယားတပ်(ချ်)တို့သည် ပူးပေါင်းဖွဲ့စည်းရန် သဘောသဘာတူလက်ခံကြပြီးနောက် ဖြစ်သွားခဲ့ပြီ။ ဗြိတိန်ကုမ္ပဏီက ဂျာမန်ကုမ္ပဏီသို့ ပေါင်ငွေ ၁၁၃ ဘီလီယံပေးရန် ကမ်းလှမ်းချက်ကို ဂျာမန်ကုမ္ပဏီက လက်ခံလိုက်ပြီဖြစ်သည်။ လုပ်ငန်းလည်ပတ်ရေးအရာရှိများက အတည်ပြုပေးလိုက်ပါက အဆိုပါပူးပေါင်းအဖွဲ့ကြီးသည် အဝေးပြောဆက်သွယ်မှုနှင့် ပတ်သက်၍ ကမ္ဘာတွင်အကြီးဆုံးအဖွဲ့ကြီး ဖြစ်သွားပေတော့မည်။ ယင်းကုမ္ပဏီကြီးနှစ်ခုတို့အကြား အစုရှယ်ယာခွဲဝေပိုင်ဆိုင်မှုနှင့်ရာထူးခွဲဝေယူမှုတို့အတွက်လည်း အကြမ်းဖျင်းသဘောတူညီမှု ရရှိသွားကြပြီဖြစ်သည်။


စီဒီယူပါတီရန်ပုံငွေ အရှုပ်တော်ပုံကွင်းဆက် – ဧပြီ ၁၁ ရက်နေ့တွင် ကျင်းပသော ပါတီကွန်ဂရက်က ပါတီဥက္ကဋ္ဌသစ်အဖြစ် အိန်ဂျဲလာမာကဲ(လ်)ဆိုသော အမျိုးသမီးအားတင်မြှောက်ခဲ့သည်။ ထိုကွန်ဂရက်သို့ ဟဲ(လ်)မွတ်ခိုး(လ်)သည် မတက်ရောက်ဘဲ နေခဲ့သည်။ မတ်လ နှောင်းပိုင်းတွင် ဂျာမနီနိုင်ငံ၌ နိုင်ငံရေးမုန်တိုင်းသည် ပြင်းထန်လာခဲ့သည်။ အရှေ့ဂျာမနီဟောင်းမှ လျှို့ဝှက်စုံထောက်အဖွဲ့၏ မှတ်တမ်းမှတ်ရာများကို ရာဖွေစိစစ်ရင်း စီဒီယူပါတီ ရန်ပုံငွေဌာန၏ တယ်လီဖုန်းအဆက်အသွယ်များကို ၎င်းစုံထောက်အဖွဲ့က တိတ်တဆိတ်ခိုးယူအသံသွင်းထားခဲ့ကြောင်း ပေါ်လွင်သွားသည်။ ထိုသို့ ဖမ်းယူထားသော အသံသွင်းကြိုးခွေများအရ ခိုး(လ်)သည် ရန်ပုံငွေအရှုပ်တော်ပုံနှင့်ပတ်သက်၍ ယခင်ကသူဝန်ခံခဲ့သည်တို့ထက် ပိုမိုသိရှိထားပြီးဖြစ်ကြောင်း ပေါ်လွင်သွားခဲ့သည်။ ဤသို့ အသံသွင်းထားသော တိတ်ခွေများကို အများပြည်သူများသိရှိအောင် ထုတ်ပြန်ပေးခဲ့သည်။ ဤသို့သော အသံသွင်းတိတ်ခွေများကို တရားရုံး၌ သက်သေခံအထောက်အထားအဖြစ် လက်ခံသင့်၊ မသင့်ကို အငြင်းပွားလျက်ရှိနေသေးသည်။

ဂျူးဘုရားရှိခိုးကျောင်းကို မီးရှို့ရန် ကြံစည်မှု – နာဇီဝါဒီသစ်များသည် ဧပြီလ ၂၀ ရက်နေ့က ဂျူးဘုရားရှိခိုးကျောင်းတစ်ခုကို မီးရှို့ရန်ကြံစည်ခဲ့ကြသည်။ ဟစ်တလာ၏မွေးနေ့အထိမ်းအမှတ်ကို ကျင်းပရေးအတွက် နာဇီဝါဒီသစ်များက စုစည်းရန် ကြိုးပမ်းခဲ့သည်။ ထိုကြိုးပမ်းမှုကို ရဲတပ်ဖွဲ့များက တားမြစ်ပိတ်ပင်ခဲ့သည်။ ထိုသို့ ပိတ်ပင်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် နာဇီဝါဒီသစ်များက ဂျာမန်အရှေ့ပိုင်းရှိ ဂျူးဘုရားရှိခိုးကျောင်းကို မီးရှို့ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ထိုအမှုနှင့်စပ်လျဉ်း၍ လက်ယာအစွန်းရောက် အမျိုးသားဒီမိုကရက်တစ်ပါတီမှ ပါတီဝင်တစ်ဦးအား ဖမ်းဆီးအရေးယူခဲ့သည်။

လက်ရှိအာဏာရပါတီအောင်ပွဲ– ၁၉၉၉ ခုနှစ်အတွင်းက ကျင်းပခဲ့သည့် ဒေသန္တရရွေးကောက်ပွဲများတွင် လက်ရှိအာဏာရ ဆိုရှယ်ဒီမိုကရက်တစ်ပါတီသည် အရှုံးများနှင့် ရင်ဆိုင်ခဲ့ရသည်။ သို့ရာတွင် မေလ ၁၄ ရက်နေ့က ကျင်းပသော အထွေထွေရွေးကောက်ပွဲ၌ လူဦးရေအများဆုံးဖြစ်သော

မြောက်ပိုင်း ရိုင်း – ဝက်(စ်)ဖေးလီးယားပြည်နယ်တွင် အနိုင်ရခဲ့သည်။ ထိုပြည်နယ်တွင် ကျင်းပခဲ့သောရွေးကောက်ပွဲ၌ အတိုက်အခံစီဒီယူပါတီသည် ဒုတိယနေရာကိုသာ ရရှိခဲ့သည်။

လက်နက်ကိုင်တပ်ဖွဲ့များအား ပြုပြင်ဖွဲ့စည်းရေး – အနာဂတ်ကာလတွင် နိုင်ငံတကာငြိမ်းချမ်းမှု ထိန်းသိမ်းတပ်ဖွဲ့များ၌ ဂျာမနီနိုင်ငံမှ ပါဝင်နိုင်သော စစ်ရေးစွမ်းရည်ကို ပြသနိုင်ရန် လက်နက်ကိုင်တပ်ဖွဲ့များကို ပြန်လည်ပြုပြင် ဖွဲ့စည်းမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ရူးဒေါ့လ်(ဖ်)ရှားပင်းက မေလ ၂၃ ရက်နေ့တွင် ကြေညာခဲ့သည်။ ဤသို့ ကြေညာမှုနှင့် အောက်လွှတ်တော်က ဖွဲ့စည်းပေးသည့်တပ်များ ပြန်လည်ဖွဲ့ရေးကော်မတီ၏ အစီရင်ခံစာ ထွက်ပေါ်လာချိန်တို့မှာ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ပေါ်ခဲ့သည်။ တပ်ဖွဲ့ဝင်အင်အားကို တစ်သိန်းခန့်လျှော့ပြီး တပ်ဖွဲ့ဝင်အင်အား ၂၄၀၀၀၀ ခန့်သာ ထားရှိရေး၊ အမြန်ဖြန့်ခွဲ နေရာချထားပေးနိုင်သည်။ တပ်ဖွဲ့ဝင်အင်အားကို ၆၀၀၀၀ ကျော်မှ ၁၄၀၀၀၀ ကျော်အထိ တိုးချဲ့ရေး၊ နိုင်ငံသားများ စစ်မှုထမ်းမှုအမိန့်အရ ဖွဲ့စည်းသည့်အင်အားကို ၁၃၀၀၀၀ ကျော်မှ ၃၀၀၀၀ ကျော်အထိ လျှော့ချရေးတို့ကို အစီရင်ခံစာ၌ ဖော်ပြထားသည်။



စစ်ရေးစွမ်းရည်ကို ပြသနိုင်ရန်
ပြန်လည်ပြုပြင်ဖွဲ့စည်းတော့မည်
ဖြစ်သည့် ဂျာမနီတပ်ဖွဲ့မှ
တပ်ဖွဲ့ဝင်အချို့

ခိုး(လ်)၏ သက်သေခံထွက်ဆိုချက် – ၁၉၉၃ ခုနှစ်မှ ၁၉၉၉ ခုနှစ်အတွင်း စီဒီယူပါတီ၏ ရန်ပုံငွေများ တရားမဝင်ကောက်ခံခဲ့မှုနှင့် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချမှတ်မှုတို့အကြား ဆက်စပ်မှု ရှိမရှိကို စုံစမ်းရန်အောက်လွှတ်တော်က အထူးကော်မတီ တစ်ရပ်ကို ဖွဲ့စည်းပေးခဲ့သည်။ ဇွန်လ ၂၉ ရက်နေ့တွင် ဝန်ကြီးချုပ်ဟောင်း ခိုး(လ်) သည် ထိုကော်မတီ၏ ရှေ့မှောက်၌ သက်သေခံထွက်ဆိုခဲ့သည်။ ဂျာမန်ဥပဒေအရ ရန်ပုံငွေကောက်ခံမှုတွင် ဂျာမန်မတ်ငွေ ၂၀၀၀၀ နှင့် အထက် ရှိပါက အတိအလင်းကြေညာရမည်ဟု ပြဋ္ဌာန်းထားသည်။ ခိုး(လ်)၏ ထွက်ဆိုချက်၌ ၎င်းသည် လျှို့ဝှက်ရန်ပုံငွေများကို လက်ခံခဲ့ကြောင်း ဝန်ခံပြောဆိုသော်လည်း ရန်ပုံငွေထည့်ဝင်မှုကြောင့် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်များအပေါ် ဩဇာသက်ရောက်မှု မရှိကြောင်း အခိုင်အမာပြောဆိုသွားသည်။ သူ့ဘဝသက်တမ်း တစ်လျှောက်တွင် သူ့ကို မည်သူကမျှ ဝယ်ယူ၍မရနိုင်ခဲ့ကြောင်း ပြောဆိုသွားသည်။ ကတိပေးခဲ့သည့်အတိုင်း သူသည် လျှို့ဝှက်ရန်ပုံငွေ ပေးခဲ့သူတို့ကို ထုတ်ဖော်ပြောကြားမည်ဟုလည်း ပြောဆိုခဲ့သည်။ သို့ရာတွင် အစိုးရခန့် အထူးစုံစမ်းရေးမှူး၏ အစီရင်ခံစာ၌ ရွေးကောက်ပွဲရှုံးပြီးနောက်ပိုင်းတွင် ဝန်ကြီးချုပ်ရုံးမှ မှတ်တမ်းများအနက် စာရွက်ပေါင်း တစ်သန်းကျော်ကို ဖျက်ဆီးသွားကြောင်း ဖော်ပြထားသည်။

အဏုမြူစက်ရုံများ ဖျက်သိမ်းရေး – အာဏာရညွန့်ပေါင်း အစိုးရအဖွဲ့အတွင်း ဆိုရှယ်ဒီမိုကရက်တစ်ပါတီနှင့် ဂရင်းပါတီတို့၏ ညှိနှိုင်းသဘောတူညီချက်အရ အဏုမြူစက်ရုံ ၁၉ ခုကို ဖျက်သိမ်းမည်ဖြစ်ကြောင်း ဇွန်လ ၁၄ ရက်နေ့က ကြေညာခဲ့သည်။ ဂျာမနီသည် ကမ္ဘာတွင် အဏုမြူစွမ်းအားကို အသုံးပြုသည့် စဉ္စတ္တမြောက်နိုင်ငံဖြစ်သည်။ အဏုမြူစက်ရုံများကို ဖျက်သိမ်းလိုက်ခြင်းကြောင့် စွမ်းအားသုံးပုံတစ်ပုံခန့် ဆုံးရှုံးသွားမည်ဖြစ်ရာ အစားထိုးရေးအတွက် အခြားစွမ်းအားများကို ဖော်ထုတ်အသုံးချသွားရန် စီစဉ်လျက်ရှိသည်။ ဂျာမနီတွင် လျှပ်စစ်စွမ်းအားများ ပိုလျှံနေခြင်းကြောင့် အခက်အခဲမရှိသဖြင့်

စက်မှုလုပ်ငန်းရှင်များက အဏုမြူစက်ရုံများ ပိတ်ပင်မှုကို လက်ခံခဲ့ကြသည်။

**နာဇီဝါဒီသစ်များ ခေါင်းထောင်လာခြင်း –** နာဇီဝါဒီသစ်သုံးဦးတို့၏ရိုက်နှက်မှုများကြောင့် ဇွန်လ ၁၄ ရက်နေ့တွင် မိုဇမ်ဘစ်နိုင်ငံသားတစ်ဦးမှာ သေဆုံးသွားခဲ့သည်။ ဂျာမန်နှစ်နိုင်ငံ ပေါင်းစည်းပြီးနောက်ပိုင်းတွင် ယခုသေဆုံးသူမှာ ၁၀၀ မြောက် ပုဂ္ဂိုလ်ဖြစ်သည်။ အရှေ့ဂျာမနီဟောင်းအပိုင်းတွင် နိုင်ငံခြားမှ ဝင်ရောက်လာသူ နှစ်ရာခိုင်နှုန်းသာရှိသော်လည်း ဂျာမနီနိုင်ငံ တစ်ခုလုံး၌ နိုင်ငံခြားသားများ အသတ်ခံရသည့်ဦးရေ ထက်ဝက်ကျော်မှာ အရှေ့ဂျာမနီပိုင်း၌ ဖြစ်နေသည်။ နာဇီဝါဒီဘက်မှ ကာကွယ်ရပ်တည်ရေးသားခဲ့သော သမိုင်းပညာရှင်တစ်ဦးကို စာပေဆုချီးမြှင့်ခဲ့သည်။ ပထမနှင့်ဒုတိယကမ္ဘာစစ်တို့အကြား နာဇီပါတီက ဂျူးဆန့်ကျင်ရေးကို ကျင့်သုံးလာခြင်းမှာ ဂျာမနီနှင့် ရုရှားနိုင်ငံတို့၌ ဂျူးလူမျိုးများစုဝါဒ ပေါ်ထွက်လာ၍သာ ဖြစ်ကြောင်း ရေးသားထားခဲ့သည်။

**အခွန်ပြုပြင်ရေးကို အထက်လွှတ်တော်က အတည်ပြုပေးခြင်း –** ဇူလိုင်လ ၁၄ ရက်နေ့တွင် အထက်လွှတ်တော်က အခွန်ပြုပြင်ရေးအစီအစဉ်ကို လက်ခံအတည်ပြုပေးလိုက်သည်။ အခွန်ပြုပြင်ရေးကို အတိုက်အခံစီဒီယူပါတီက ကန့်ကွက်ခဲ့သော်လည်း အာဏာရဆိုရှယ်ဒီမိုကရက်တစ်ပါတီကပင် အနိုင်ရရှိသွားခဲ့သည်။ အခွန်ပြုပြင်ရေးများကို စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ ဘောဂဗေဒပညာရှင်များက ထောက်ခံချီးကျူးခဲ့ကြသည်။ သို့ဖြစ်ရာ ဝန်ကြီးချုပ်ရှရိုဒါအဖို့ ဒုတိယသက်တမ်းအတွက် ဆက်လက်အရွေးခံရဖွယ်ရာ အလားအလာများ ပိုမိုအားကောင်းသွားစေခဲ့သည်။

**နိုင်ငံခြားသားအပေါ် တိုက်ခိုက်မှု –** ဇူလိုင်လ ၂၇ ရက်နေ့က ဒူဇယ်(လ်)ဒေါ့(ဖ်) ဘူတာရုံ၌ ဗုံးပေါက်ကွဲသွားသဖြင့် လူ ၁၀ ဦး ဒဏ်ရာရရှိပြီး မိခင်ဝမ်းဗိုက်တွင်းရှိ ကလေးငယ်တစ်ဦး သေဆုံးခဲ့ရသည်။ ဗုံးဒဏ်ခံရသူအားလုံးမှာ ပြည်ပမှ ဝင်ရောက်လာသူများဖြစ်ပြီး ၎င်းတို့အနက် ၆ ဦးမှာ ဂျူးလူမျိုးများ ဖြစ်ကြသည်။ ဤသို့ ဗုံးဖြင့်တိုက်ခိုက်မှုသည် လူမျိုးရေးအရ ဖြစ်ကြောင်း၊ လက်ယာအစွန်းရောက်ဝါဒီများသည် နိုင်ငံခြားသားများအား တိုးတက်တိုက်ခိုက်လာကြောင်း ပြောဆိုနေကြသည်။ ဂျာမန်လူငယ်များအတွင်း လက်ယာအကြမ်းဖက်မှုများ တိုးပွားလာနေသည်ဟု ဂျူးဗဟိုကောင်စီဥက္ကဋ္ဌ စပီးဂဲ(လ်) က ပြောဆိုခဲ့သည်။ ပြည်တွင်းစုံထောက်အဖွဲ့အကြီးအကဲက လက်ယာအစွန်းရောက်ဝါဒီတို့ တိုးပွားများပြားလာနေကြောင်း ဝန်ခံပြောကြားခဲ့သည်။ ဝန်ကြီးချုပ်ရှရိုဒါက ပြည်ပမှ ဝင်ရောက်လာသူတို့အပေါ် လက်ယာဂိုဏ်းသားများ၏ အကြမ်းဖက်မှုမှာ လက်ခံထားဖွယ်ရာမရှိတော့ကြောင်း ပြောကြားခဲ့သည်။ ဩဂုတ်လတွင် ဂျာမန်အစိုးရအဖွဲ့က လူမျိုးရေးအရ တိုက်ခိုက်လာမှုများကို စနစ်တကျနှိမ်နင်းသွားတော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

**ရှရိုက်ဘားအပေါ် စွဲချက်တင်လိုက်ခြင်း –** စီဒီယူပါတီ၏ ရန်ပုံငွေ အရှုပ်တော်ပုံတွင် အဓိကပါဝင်နေသော လက်နက်ကုန်သည် ကား(လ်)ဟိုင်း(န်) ရှရိုက်ဘားအပေါ် အခွန်တိမ်းရှောင်မှု၊ လာဘ်ပေးမှု၊ ဆော်ဒီအာရေးဘီးယားသို့ တင့်ကား ၃၆ စင်း ရောင်းချမှုတွင် အလွဲသုံးစားပြုရာ၌ ပူးပေါင်းကြံစည်မှုတို့ဖြင့် ဂျာမန်တရားရုံးတစ်ခုက စွဲချက်တင်လိုက်သည်။ အစိုးရရှေ့နေများနှင့် ပါလီမန်စုံစမ်းရေးကော်မတီတို့သည် ခိုး(လ်)အစိုးရအနေဖြင့် လာဘ်ယူကာ နိုင်ငံရေးမျက်နှာသာ ပေးမှုရှိမရှိကို ဖော်ထုတ်ရန်ကြိုးပမ်းလျက်ရှိသည်။ ရှရိုက်ဘားနှင့်အတူ သစ်ဖဲန်းလက်နက်ကုမ္ပဏီမှ အထက်တန်းမန်နေဂျာ နှစ်ဦးကိုလည်း စွဲချက်တင်ထားသည်။

**နာဇီဝါဒီသစ်အုပ်စုများကို တားမြစ်ပိတ်ပင်ခြင်း –** စက်တင်ဘာလ ၅ ရက်နေ့တွင် ရဲတပ်ဖွဲ့ဝင်များက ဂျာမနီအရှေ့ပိုင်း၌ ရှာဖွေဖမ်းဆီးမှုများ ပြုလုပ်ခဲ့သည်။ ထိုသို့ရှာဖွေဖမ်းဆီးမှုများပြုလုပ်ရာတွင် နာဇီဝါဒီသစ်တို့ အသုံးပြုသည့် အသံသွင်းတိတ်ခွေများ၊ ရုပ်မြင်သံကြားတိတ်ခွေများ၊ စကြာတံဆိပ်ပါသော ပိုစတာကြော်ငြာများကို သိမ်းဆည်းရမိခဲ့သည်။ ယင်းသို့ သိမ်းဆည်းရမိပြီးနောက်တွင် နာဇီဝါဒီသစ်တို့၏ တေးဂီတကို ဖြန့်ဖြူးပေးနေသည့် သွေးနှင့်ဂုဏ်ရည်အဖွဲ့၊ လူဖြူငယ်များအုပ်စုတို့ကို ဖျက်သိမ်းတားမြစ်ပိတ်ပင်ကြောင်း စက်တင်ဘာလ ၁၄ ရက်နေ့က ကြေညာခဲ့သည်။ ထိုအဖွဲ့များသည် အခြေခံဥပဒေအရ ပေးထားသည့်လွတ်လပ်ခွင့်များကို အလွဲသုံးစားပြုပြီးဥပဒေကို ချိုးဖောက်မှုတို့ကြောင့် တားမြစ်ပိတ်ပင်လိုက်ကြောင်း ကြေညာခဲ့သည်။ သွေးနှင့်ဂုဏ်ရည်အဖွဲ့မှ ထုတ်ဝေခဲ့သော တေးဂီတများကို နားထောင်မိသော လူငယ်တို့သည် စိတ်ကြွပြီး နိုင်ငံခြားသားများအား သတ်ဖြတ်မှုတို့ကို ကျူးလွန်လာကြသည်။ ၁၉၉၀ ပြည့်နှစ်၏ နောက်ပိုင်းတွင် လက်ယာအစွန်းရောက်များ၏ သတ်ဖြတ်မှုကြောင့် နိုင်ငံခြားသားပေါင်း ၉၃ ဦး သေဆုံးခဲ့ကြရသည်ဟု သတင်းစာအချို့က ရေးသားဖော်ပြခဲ့ကြသည်။

**ဟစ်တလာ၏ နေ့စဉ်မှတ်တမ်း အတုထုတ်လုပ်သူ သေဆုံးသွားခြင်း –** ၁၉၈၃ ခုနှစ်အတွင်းက ကွန်ရဒ်ကူဂျောဆိုသူသည် အာဏာရှင်ဟစ်တလာ၏ နေ့စဉ်မှတ်တမ်းများဟူ၍ ထုတ်ပြန်ခဲ့ရာ တစ်ကမ္ဘာလုံးက အံ့အားသင့်ခဲ့ရသည်။ ယင်းကဲ့သို့

နေ့စဉ်မှတ်တမ်းအတုကို ထုတ်လုပ်ခဲ့သူသည် အသက် ၆၂ နှစ်အရွယ်တွင် စက်တင်ဘာလ ၁၂ ရက်နေ့က စတုဂတ်မြို့၌ ကွယ်လွန်သွားခဲ့သည်။

အမျိုးသား ဒီမိုကရက်တစ်ပါတီကို တားမြစ်ပိတ်ပင်ရေး – အမျိုးသား ဒီမိုကရက်တစ်ပါတီကို အနောက်ဂျာမနီနိုင်ငံ၌ ၁၉၆၄ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည်။ ထိုပါတီသည် ပြည်နယ်ပါလီမန်ရွေးကောက်ပွဲများ၌ အမတ်နေရာများ ရရှိခဲ့သည်။ ၁၉၆၀ ပြည့်လွန် နှောင်းပိုင်းကာလများ၌ ထိုပါတီ၏အရှိန်သြဇာကျဆင်းခဲ့သည်။ သို့ရာတွင် ဂျာမန်နှစ်နိုင်ငံပေါင်းစည်းပြီးသည်မှစ၍ ထိုပါတီကို ထောက်ခံသူများ တိုးပွားလာခဲ့သည်။ ထိုပါတီသည် လက်ယာအစွန်းရောက်မှု အလွန်ကဲဆုံးပါတီဖြစ်သည်။ ထိုပါတီသည် ဂျူးဆန့်ကျင်ရေးပြုလုပ်ခြင်း၊ လူမျိုးရေးဝါဒီဖြစ်ခြင်း၊ နိုင်ငံခြားသား မုန်းတီးရေးကိုကျင့်သုံးခြင်း၊ အကြမ်းဖက်မှုများကို အားပေးခြင်းတို့ကြောင့် ထိုပါတီအား တားမြစ်ပိတ်ပင်ပေးရန် အခြေခံဥပဒေဆိုင်ရာရုံးသို့လျှောက်ထားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး အော့တိုရှီလီက အောက်တိုဘာလ ၉ ရက်နေ့တွင် ပြောကြားခဲ့သည်။

အောက်တိုဘာလ ၂၆ ရက်နေ့က ဂျာမနီနိုင်ငံရှိပြည်နယ် ၁၆ ခုတို့မှ ပြည်ထဲရေးဝန်ကြီးများ၏ အစည်းအဝေးကို ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် ပြည်နယ် ၁၄ ခုတို့က အမျိုးသားဒီမိုကရက်တစ်ပါတီအား တားမြစ်ပိတ်ပင်ရေးကို ထောက်ခံခဲ့ကြသည်။ သို့ရာတွင် အတိုက်အခံပါတီဖြစ်သော စီဒီယူပါတီက ချုပ်ကိုင်ထားသည့် ပြည်နယ်နှစ်ခုက ကန့်ကွက်ခဲ့သည်။

ဂျာမနီနိုင်ငံပေါင်းစည်းမှု ၁၀ နှစ်မြောက်အခမ်းအနား – ဂျာမနီနိုင်ငံပေါင်းစည်းမှု ၁၀ နှစ်မြောက်အခမ်းအနားကို အောက်တိုဘာလ ၃ ရက်နေ့တွင် ဒရက်(စ်)ဒင်မြို့၌ တရားဝင်ကျင်းပခဲ့သည်။ ထိုနေ့က ဒရက်(စ်)ဒင်မြို့တွင် အမျိုးသားအလံများကို လွှင့်ထူခြင်းမရှိခဲ့ပေ။ ထိုအခမ်းအနားသို့ တက်ရောက်ခဲ့သည့် နိုင်ငံခြားဧည့်သည်တော်ကြီးများ၌ ပြင်သစ်သမ္မတရှီရပ်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အောလ်ဘရိုက်တို့ပါဝင်ခဲ့သည်။ ဂျာမန်သမ္မတဂျိုဟန်းနက်ရောင်းက အလုပ်လက်မဲ့ဦးရေတိုးပွားလာခြင်းနှင့် ပေါင်းစည်းပြီး ဂျာမနီနိုင်ငံ၌ နေထိုင်ရသည့်ဘဝတွင် မျှော်မှန်းချက်အတိုင်း ဖြစ်မလာခဲ့ခြင်းတို့ကြောင့် အရှေ့ပိုင်းပြည်နယ်များတွင် လက်ယာလုပ်ရပ်များမှုများ ဖြစ်ပေါ်လာခဲ့ကြောင်း၊ ဂျာမနီနိုင်ငံအဖို့ မိမိကိုယ်မိမိ မကျေမနပ်ဖြစ်နေရကြောင်းတို့ကို ပြောကြားခဲ့သည်။

ဂျာမန်ပေါင်းစည်းမှု အထိမ်းအမှတ်အဖြစ် လက်ယာလုပ်ရပ်မှုများလည်း ပေါ်ပေါက်ခဲ့သည်။ အောက်တိုဘာလ ၃ ရက်နှင့် ၆ ရက်နေ့များက ဒူဇယ်(လ်)ဒေါ့(ဖ်)နှင့် ဘာလင်မြို့တို့၌ ဂျူးဘုရားရှိခိုးကျောင်းများကို လက်ယာဂိုဏ်းသားများက တိုက်ခိုက်ခဲ့ကြသည်။ ဩဂုတ်လအတွင်းက လက်ယာအစွန်းရောက်ဝါဒီတို့၏ အကြမ်းဖက်မှုပေါင်း ၁၁၁၂ ခုရှိခဲ့ကြောင်း အစိုးရအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

အစိုးရအဖွဲ့တွင်း အပြောင်းအလဲများ – ဆားလင်းပြည်နယ်ဘောလုံးသင်းအတွက် တရားမဝင်ရန်ပုံငွေများအား အလွဲသုံးစားပြုမှု၌ ပါဝင်အားပေးခဲ့မှုကြောင့် တရားရုံးက စွဲချက်တင်လိုက်မှုကြောင့် သယ်ယူပို့ဆောင်ရေး၊ ဆောက်လုပ်ရေးနှင့် အိုးအိမ်ဝန်ကြီး ရိုင်းဟဒ်ကလင်(ဖ်)သည် ဝန်ကြီးအဖြစ်မှ နုတ်ထွက်ပေးခဲ့ရသည်။ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ၎င်းဝန်ကြီးနေရာကို ကပ်ဘုတ်ဝစ်က ဆက်ခံခဲ့သည်။ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးနော်မန်းသည် ဂျာနယ်လုပ်ငန်းကြီးတစ်ခုတွင် ရာထူးကြီးကြီးယူနိုင်ရေးအတွက် ဝန်ကြီးအဖြစ်မှ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် နုတ်ထွက်သွားခဲ့သည်။ ၎င်းနေရာကို ဂျူလီယန်နီဒါရှူမဲလင်းက ဆက်ခံမည်ဖြစ်သည်။

လူမျိုးရေးဝါဒ ဆန့်ကျင်ရေး လူထုအစည်းအဝေး – နိုဝင်ဘာလ ၉ ရက်နေ့တွင် လူမျိုးရေးဝါဒဆန့်ကျင်ရေး လူထုအစည်းအဝေးကို ကျင်းပခဲ့ရာ လူထု ၂၀၀၀၀ ခန့် တက်ရောက်ခဲ့သည်။ ၁၉၃၈ ခုနှစ်က နာဇီဂျာမနီတွင် ဂျူးပိုင်ပစ္စည်းများအပေါ် တိုက်ခိုက်ခဲ့မှုအတွက် ၆၂ နှစ်မြောက် အထိမ်းအမှတ်အဖြစ် ထိုလူထုအစည်းအဝေးကို ကျင်းပခြင်းဖြစ်သည်။ ထိုအစည်းအဝေးသို့ သမ္မတ၊ ဝန်ကြီးချုပ်တို့အပါအဝင် နိုင်ငံရေးခေါင်းဆောင်များ၊ ဂျူးခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

အမျိုးသားဒီမိုကရက်တစ်ပါတီအား တားမြစ်ပိတ်ပင်ရေးအတွက် အောက်လွှတ်တော်နှင့်အထက်လွှတ်တော်တို့က မဲအပြတ်အသတ်ဖြင့် အတည်ပြုခဲ့ကြသည်။ သို့ရာတွင် အခြေခံဥပဒေဆိုင်ရာတရားရုံးအနေဖြင့် လုပ်ထုံးလုပ်နည်းများအရ ထိုပါတီအပေါ် အဆုံးအဖြတ်ချမှတ်နိုင်ရန် နှစ်နှစ်ခန့်စောင့်ဆိုင်းရဦးမည်ဖြစ်သည်။ သို့ဖြစ်၍ အမျိုးသားဒီမိုကရက်တစ်ပါတီသည် တရားဝင်ပါတီအဖြစ် ဆက်လက်တည်ရှိနေသေးသည်။ ထို့ကြောင့် နိုဝင်ဘာလ ၂၅ ရက်နေ့က လူထု ၂၀၀၀ ခန့်သည် ဘာလင်မြို့၌ ထိုပါတီအား တားမြစ်ပိတ်ပင်ခြင်းမပြုရန် ဆန္ဒပြကန့်ကွက်ခဲ့ကြသည်။

လက်ယာဂိုဏ်းသားတို့သည် အကြမ်းဖက်မှုများကို ကျူးလွန်ရန် လက်နက်အသစ်အဆန်းများကို စုဆောင်းနေကြောင်း အခြေခံဥပဒေကာကွယ်စောင့်ရှောက်ရေးရုံးချုပ်က

နိုဝင်ဘာလ ၂၂ ရက်နေ့တွင် သတိပေး ကြေညာခဲ့သည်။ အစိုးရအဖွဲ့က ထုတ်ပြန်သော ကိန်းဂဏန်းများအရ ၂၀၀၀ ပြည့်နှစ်အတွင်း ကိုးလတာကာလ၌ လက်ယာဂိုဏ်းသားတို့ ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုပေါင်း ၁၁၀၀၀ ခန့်ရှိကြောင်း သိရသည်။

နာမည်အထပ်ထပ်ပျက်နေသည့် စီဒီယူပါတီ – လူဝင်မှုရေးရာ မူဝါဒနှင့်ပတ်သက်၍ စီဒီယူပါတီက ကျင့်သုံးခဲ့သော အထောက်အထားစာတမ်းကို နိုဝင်ဘာလ ၆ ရက်နေ့က ထုတ်ပြန်ခဲ့သည်။ စီဒီယူပါတီက လူဝင်မှုကိစ္စများကို စီးပွားရေးအခြေခံဖြင့် စဉ်းစားရမည်ဖြစ်ကြောင်း၊ သို့ရာတွင် ပြည်ပမှ ဝင်ရောက်လာသူတို့သည် ဂျာမန်ယဉ်ကျေးမှုကို လမ်းညွှန်အဖြစ်ခံယူကြရမည်ဖြစ်ကြောင်း၊ ဂျာမန်စာကိုသင်ယူရမည်ဖြစ်ကြောင်း၊ ဂျာမန် ဥပဒေနှင့်အစဉ်အလာများကို လက်ခံရမည်ဖြစ်ကြောင်း၊ အမျိုးသမီးများ တန်းတူအခွင့်အရေးပေးရမည်ဖြစ်ကြောင်းများကို ရေးသားထားသည်။ ထိုမူဝါဒများကို အဓိကရေးသားသူ စီဒီယူပါလီမန်ပါတီ၏ ခေါင်းဆောင် ဖရီးဒရစ်(ချ်)မား(ဇ်)က “ကျွန်တော်ဟာ ဂျာမန်တစ်ဦးအဖြစ် ဂုဏ်ယူပါတယ်” ဟု ပြောကြားခဲ့သည်။ စီဒီယူပါတီ၏ လူဝင်မှုရေးရာမူဝါဒသည် လူမျိုးရေးဆန်သည် ဟု အချို့ကဝေဖန်ခဲ့ကြသည်။

ထို့ပြင် ခိုး(လ်) ကလည်း ၎င်း၏ သတိရမှတ်တမ်းများကို နိုဝင်ဘာလ ၆ ရက်နေ့မှစ၍ သတင်းစာများတွင် အခန်းဆက်ဖြင့် ဖော်ပြခဲ့သည်။ ထိုသတိရမှတ်တမ်းများ၌ ခိုး(လ်)သည် ရှောဘဲ(လ်)နှင့် အိန်ဂျဲလာမားကဲ(လ်)တို့အား အပြစ်ရှာလိုသူများအဖြစ် ဝေဖန်ရေးသားခဲ့သည်။ သတင်းမီဒီယာတို့ကလည်း ၎င်းအပေါ် ရာဇဝင်သင့်အောင် ရေးသားဖော်ပြနေကြောင်း သုံးသပ်ပြထားသည်။ လူဝင်မှုရေးရာမူဝါဒနှင့် ခိုး(လ်)၏ အရေးအသားများကြောင့် စီဒီယူပါတီ၏သိက္ခာမှာ ကျပြီးရင်းကျဖြစ်လာခဲ့သည်။

ဦးခင်မောင်မြ

**စင်ကာပူနိုင်ငံ။** ။ ကမ္ဘာပေါ်ရှိ လူ့အဖွဲ့အစည်းအားလုံးနှင့် ယဉ်ကျေးမှုများဖူးပွင့်ဝေဆာ သာယာနေစေရေးအတွက် နိုင်ငံတကာစည်းမျဉ်းဥပဒေများကို ထိန်းသိမ်းထားကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်က ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဖေဖော်ဝါရီလ ၁၄ ရက်နေ့က တိုက်တွန်းဆော်ဩလိုက်သည်။ စင်ကာပူနိုင်ငံ အရှေ့တောင်အာရှ လေ့လာရေးအဖွဲ့က ကြီးမှူးကျင်းပသော (၁၈) ကြိမ်မြောက် စင်ကာပူသင်ခန်းစာ ဟောပြောပွဲတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ယင်းကဲ့သို့ တိုက်တွန်းပြောကြားခြင်း ဖြစ်သည်။ လူတိုင်းသိရှိပြီး လက်တွေ့ကျင့်သုံးနိုင်သည့် ရှင်းလင်းတိကျသော စည်းမျဉ်းဥပဒေများ ချမှတ်ကျင့်သုံးကြရန် အရေးကြီးသည်၊ နိုင်ငံအားလုံးအတူသဖြင့် နိုင်ငံငယ်များသည် ‘ခွန်အားသည်အမှန်တရား’ ဆိုသော အယူအဆထက် ပိုမိုကောင်းမွန်သော သဘောတရား အယူအဆမျိုးအပေါ် အခြေခံသည့် နိုင်ငံတကာစနစ်ကို ထိမ်းသိမ်းထားလိုကြသည်။ အင်အားနည်းသူများရော၊ အင်အားကြီးသူများပါ တန်းတူရည်တူရှိစေသည်။ ယေဘုယျမူဝါဒကို အခြေခံသောစနစ်ကို ပိုမိုလိုလားနေကြသည် စသည် ဖြင့် ကိုဖီအာနန်က ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံသည် သစ်လွင်သောစီးပွားရေးလောကတွင် ရှင်သန်ဖွံ့ဖြိုးပြီး ကြီးပွားချမ်းသာဖွံ့ဖြိုးတိုးတက်စေမည့် အကောင်းဆုံးအခွင့်အရေးကို ရယူနိုင်ရေးအတွက် ဆောင်ရွက် ရာ၌ လက်ရှိကျင့်သုံးနေသော စီးပွားရေးမူဝါဒကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ ပြုပြင်ပြောင်းလဲသွားရန် လိုအပ်နေပြီဖြစ် ကြောင်း စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ် တိုနီတန်က မတ်လ ၂၇ ရက်နေ့တွင် ပြောကြားခဲ့သည်။ စင်ကာပူအစိုးရ အရာရှိများအား အမှာစကားပြောကြားရာတွင် စင်ကာပူနိုင်ငံသည် ဆန်းသစ်သော စီးပွားရေးလောကတွင် ထိထိရောက်ရောက် ပါဝင်ယှဉ်ပြိုင်မည်ဆိုပါက ယနေ့အထိအောင်မြင်မှုရရှိနေသော စီးပွားရေးလုပ်နည်းလုပ်ဟန်များနှင့် ပုံစံများကို စွန့်လွှတ်ဖယ်ရှားပစ်ရန် ပြင်ဆင်ကြရတော့မည် ဖြစ်သည်။ ဆန်းသစ်သော စီးပွားရေးပုံစံနှင့် သစ်လွင်သောလုပ်နည်းလုပ်ဟန်များကို အစားထိုးသွားရမည်သာ ဖြစ်သည်။ အလုပ်သမား လျော်ကြေးကိစ္စ၊ အလုပ်သမားစည်းကမ်းများ ပြုပြင်ပြောင်းလဲရေးကိစ္စနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးကိစ္စတို့သည် အတွေးအခေါ်ရော လုပ်နည်းလုပ်ဟန်ပါ အောက်ခြေသိမ်း ပြောင်းလဲပစ်ရမည့် လုပ်ငန်းကြီးသုံးရပ်ဖြစ်သည်။ ယင်းကဏ္ဍများအကောင်အထည်ဖော်နိုင်ရေးအတွက် သယံဇာတအရင်းအမြစ်ခွဲရေးဆိုင်ရာ လက်ရှိကျင့်သုံးနေသော မဟာ ဗျူဟာသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာ၌ ယခင်ကကဲ့သို့ ထိရောက်မှုရှိတော့မည် မဟုတ်ပါ စသည်ဖြင့် ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံတွင် (လပ်ဖ်လက်တာ) အမည်ရှိ ကွန်ပျူတာဗိုင်းရပ်စ်ပိုးသစ်တစ်မျိုး ပျံ့နှံ့လျက်ရှိကြောင်း စင်ကာပူ အင်ဖိုကွန် ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ (အိုင်ဒီအေ) က မေလ

၅ ရက်နေ့တွင် အတည်ပြုလိုက်ပြီး ထိုဗိုင်းရပ်စ်ပိုးများ တိုက်ခိုက်မှုအလားအလာကို ပိစီအသုံးပြုသူများ လိုအပ်သည့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားကြရန် သတိပေးနိုးဆော် ထားသည်။ စင်ကာပူ၌ လပ်ဖ်လက်တာဗိုင်းရပ်စ်ပိုး ပျံ့နှံ့သော အထောက်အထားများကို စင်ကာပူကွန်ပျူတာ အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုအသင်း (စင်းဆက်) သို့ သတင်းပို့ထား ကြောင်း အိုင်ဒီအေက မေလ ၅ ရက်နေ့တွင် ထုတ်ပြန်သော သတင်း၌ ဖော်ပြထားသည်။ စင်းဆက်ကို အိုင်ဒီအေနှင့် စင်ကာပူအမျိုးသားတက္ကသိုလ်တို့က ပူးပေါင်းထူထောင်ထား ခြင်းဖြစ်ပြီး ကွန်ပျူတာဗိုင်းရပ်စ်ကဲ့သို့သော ကိစ္စရပ်များကို ဖြေရှင်းရာတွင် ကုမ္ပဏီများအား အကူအညီပေးသည်။ အဆိုပါ လပ်ဖ်လက်တာ ကွန်ပျူတာဗိုင်းရပ်စ်ပိုးသစ်နှင့် စပ်လျဉ်း၍ အိုင်ဒီအေက အသေးစိတ်မပြောသော်လည်း ဗိုင်းရပ်စ်နှိမ်နင်း ရေး ဆတ်စ်မှန်းတက်သုတေသနဌာနသည် ၂၀၀၀ ပြည့်နှစ်၊ မေလ ၄ ရက်စောစောပိုင်းက ယင်းပိုးနှင့် စပ်လျဉ်း၍ သတင်းများရရှိခဲ့ကြောင်း ယင်းပိုးသည် ဖိလစ်ပိုင် နိုင်ငံမနီလာမြို့၌ မူလ ဇာစ်မြစ်ဖြစ်ပုံရသည်ဟု အိုင်ဒီအေက ပြောသည်။

ထိုင်ဝမ်ကျွန်း၏ အနာဂတ်ရေးအခြေအနေမှာ တရုတ်ပြည်မကြီးနှင့် ပြန်လည်ပေါင်းစည်းမှုအပေါ် မူတည်နေကြောင်း၊ ထိုင်ဝမ်ပြည်သူများ ယုံကြည်မှုရှိလာစေရန် အားပေးသွားရမည်ဖြစ်ကြောင်း စင်ကာပူဝါရင့်ဝန်ကြီး လီကွမ်ယုက "ဖားအီစတင်အီကော်နော်မစ်ရီဗြူး" စာစောင်အယ်ဒီတာနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။ ယင်းဆွေးနွေးချက်ကို ဇွန်လ ၂ ရက်နေ့တွင် စင်ကာပူအစိုးရက ထုတ်ပြန်ခဲ့သည်။ ထိုင်ဝမ်ခေါင်းဆောင်များ ခန့်မှန်းချက်လွဲမှားစေမည့် မှားယွင်းသောမျှော်လင့်ချက်များကို မကမ်းလှမ်းရန်နှင့် ပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းပြီးမြောက်စေရန် မည်သည့်အတွက်ကြောင့် အပြုသဘော အားပေးအားမြောက်မပြုသနည်း တန်ဖိုးကြီးမားမည်ဖြစ်ပြီး မလိုလားအပ်သော ပဋိပက္ခမှုကို ရှောင်လွှဲနိုင်ရေးအတွက် ဒေသတွင်းရှိနိုင်ငံများက တရုတ်တစ်နိုင်ငံတည်း မူဝါဒကို ထောက်ခံခဲ့ကြသည်။ လက်ရှိအခက်အခဲအတားအဆီးက တရုတ်ပြည်မကြီးက ကြည်း၊ ရေ၊ လေ တပ်များကိုတိုးမြှင့်ခြင်းဖြင့် ထိုင်ဝမ်ကိုပြန်လည်ပေါင်းစည်းရေး ဖိအားပေးမည်ကို ဒေသတွင်းရှိနိုင်ငံများက စိုးရိမ်ပူပန်နေကြသည် စသည်ဖြင့် စင်ကာပူဝါရင့်ဝန်ကြီးက ပြောကြားခဲ့သည်။

စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သည် ထိုင်း – စင်ကာပူမြို့ပြဝန်ထမ်းလုပ်ငန်း ဖလှယ်ရေးအစီအစဉ် (စီအက်စ်အီးပီ) စည်းကမ်းဘောင်အတွင်း နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာတောင့်တင်းလာရေးအတွက် ခြေလှမ်းတစ်လှမ်း လှမ်းသည့်အနေဖြင့် ဥပဒေရေးရာ၊ တရားရေးရာနှင့် တရားစီရင်ရေးရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် ပတ်သက်သော နားလည်မှုစာချွန်လွှာကို စင်ကာပူမြို့တွင် ဇွန်လ ၂၁ ရက်နေ့က လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။ စင်ကာပူနိုင်ငံ ဥပဒေရေးရာ ဝန်ကြီးဌာနနှင့် တိုင်းတရားရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့် အရာရှိများက တတိယအကြိမ် စီအက်စ်အီးပီ ညှိနှိုင်းအစည်း အဝေးတွင် ယင်းနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြ ခြင်းဖြစ်သည်။ လက်မှတ်ရေးထိုးပွဲကို စင်ကာပူနိုင်ငံခြားရေး ဝန်ကြီး အက်စ်ဂျာယာကူးမားနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆူရင်ပစ်ဆူဝမ်တို့ ရှေ့မှောက်တွင် ကျင်းပခဲ့သည်။ တတိယအကြိမ် စီအက်စ်အီးပီ ညှိနှိုင်းအစည်း အဝေးတွင် နှစ်နိုင်ငံမှ ကိုယ်စားလှယ်များက နှစ်နိုင်ငံအစိုးရတို့ ပူးပေါင်းဆောင်ရွက်မှု အခြေအနေတို့ကို ဆွေးနွေးညှိနှိုင်း ခဲ့ကြသည်။ လက်မှတ် ရေးထိုးလိုက်သော ယင်းနားလည်မှု စာချွန်လွှာမှာ သတင်းနှင့် ဥပဒေရေးရာ အတွေ့အကြုံများကို တိုးမြှင့်ဖလှယ်သွားကြရန် ရည်ရွယ်၍ ချုပ်ဆိုသော စာချွန်လွှာဖြစ်သည်။ စီအက်စ်အီးပီ စည်းကမ်းဘောင်အတွင်း တတိယအကြိမ်ချုပ်ဆိုသော စာချွန် လွှာလည်းဖြစ်သည်။ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ မြို့ပြဝန်ထမ်းဆက်ဆံမှု ခိုင်မာတောင့်တင်းစေရေးအတွက် စီအက်စ်အီးပီကို ၁၉၉၇ ခုနှစ်က စတင်ထူထောင်ခဲ့ခြင်းဖြစ်သည်။

အာဆီယံ၏ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးနည်းပညာ (အိုင်စီတီ) မြှင့်တင်ရေးနှင့် ကမ္ဘာ့ဈေးကွက်၌ အာဆီယံ၏ယှဉ်ပြိုင်မှု တိုးတက်စေရန်ရည်ရွယ်သော အီးအာဆီယံဖွဲ့စည်းမှု အခြေခံသဘောတူစာချုပ်ကို စတုတ္ထအကြိမ်အာဆီယံထိပ်သီး အလွတ်သဘောအစည်းအဝေးက နိုဝင်ဘာ ၂၄ ရက်နေ့နံနက်တွင် လက်မှတ်ရေးထိုးခြင်းဖြင့် ပထမဆုံးခိုင်မာသော ရလဒ်ကို ရရှိလိုက်သည်။ အာဆီယံခေါင်းဆောင်များသည် အိုင်စီတီထုတ်ကုန်များ ပိုမိုလွတ်လပ်စွာကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေးနှင့် ဝန်ဆောင်မှုပြုရေး၊ အာဆီယံအတွင်းအိုင်စီတီ ဖွံ့ဖြိုးတိုးတက်ရေး၊ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံဝင်တစ်နိုင်ငံချင်းအတွင်း ကိန်းဂဏန်းကွဲပြားချက် လျှော့ချရေး တို့ကို တာဝန်ခံထားသော သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ယခုလက်မှတ်ရေးထိုးသော သဘောတူစာချုပ်

အရ အာဆီယံနိုင်ငံများသည် အာဆီယံအိုင်စီတီထုတ်ကုန်များကို အာဆီယံနိုင်ငံချင်း ကုန်သွယ်မှုပြုရာ၌ အကောက်ခွန်နှင့် အကောက်ခွန်မဲ့ အတားအဆီးများကို သုံးရက်ခွဲပြီး ဖယ်ရှားရမည်ဖြစ်သည်။

စတုတ္ထအကြိမ် အာဆီယံထိပ်သီး အလွတ်သဘောအစည်းအဝေးကို နိုဝင်ဘာလ ၂၄ ရက်နေ့နံနက် ၈ နာရီခွဲတွင် စင်ကာပူမြို့ ရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဘရူးနိုင်းဒါရူဆလင်နိုင်ငံ ဘုရင်ဟာဂျီဟာဆာနာလ်ဘိုလ်ကီးယား၊ ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတ အဗ္ဗဒူလ်ရာမန်ဝါဟစ်၊ လာအိုဝန်ကြီးချုပ် အိုကွန်ဖမ်၊ မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်၊ ဖိလစ်ပိုင်သမ္မတ အက်စ်ထရေဒါ၊ စင်ကာပူဝန်ကြီးချုပ်ဂိုချောက်တောင်၊ ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်နှင့် ဗီယက်နမ်ဝန်ကြီးချုပ် ဖန်ဗန်ခိုင်တို့ တက်ရောက်ကြသည်။ ဆွေးနွေးပွဲ၌ ဆွေးနွေးရန်တင်သွင်းသော အစီရင်ခံစာမှာ "အာဆီယံအမြော်အမြင်ရှိသော ပုဂ္ဂိုလ်ကြီးများအဖွဲ့" က တင်သွင်းသော အစီရင်ခံစာဖြစ်သည်။

အာဆီယံ၏ "၂၀၂၀ ပြည့်နှစ် မျှော်မှန်းချက်" ဟု အမည်ပေးထားသော အစီအစဉ်တစ်ရပ် ဖြစ်မြောက်အောင်မြင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ယင်းအစီရင်ခံစာ၌ ဖော်ပြထားသည်။ အာဆီယံ၏ အမြော်အမြင်ရှိသော ပုဂ္ဂိုလ်ကြီးများအဖွဲ့သည် ၂၀၂၀ ပြည့်နှစ်ထက်နောက်မကျဘဲ အင်အားခိုင်မာတောင့်တင်းပြီး တိုးတက်ကြွယ်ဝမှုရှိသော အာဆီယံအဖွဲ့ဖြစ်လာစေရန် လုပ်ဆောင်ရမည့် အစီအစဉ်များကို အကြံပြုနိုင်ရေးအတွက် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ကျန်းမာရေး – စင်ကာပူနိုင်ငံသားနှင့် လက်ထပ်ထား သောနိုင်ငံခြားသူကိုးဦးတို့တွင် မူလကိုယ်ခံစွမ်းအားကျဆင်းမှုကူးစက်ရောဂါ (အေအိုင်ဒီအက်စ်) ဖြစ်စေသည့် အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး တွေ့ရှိသဖြင့် ထိုအမျိုးသမီးများအား စင်ကာပူနိုင်ငံမှ သူတို့၏ ဇာတိနိုင်ငံသို့ပြန်ပို့လိုက်ရကြောင်း စင်ကာပူနိုင်ငံထုတ် ဆန်းဒေးတိုင်းသတင်းစာတွင် ဖော်ပြထားသည်။ ထိုင်း၊ အင်ဒိုနီးရှား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဖိလစ်ပိုင်တို့ပါဝင်သောနိုင်ငံများမှ ကျန်နိုင်ငံခြားသူ ၁၀ ဦးကိုလည်း စင်ကာပူနိုင်ငံတွင်နေထိုင်ရန်အချိန်မရှိတော့ပါ။ ထိုအမျိုးသမီး ၁၀ ဦးတို့မှာလည်း အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးရှိသူများ ဖြစ်ကြရာ သူတို့ကို မကြာမီ နေရင်းနိုင်ငံသို့ ပြန်ပို့ရမှာဖြစ်သည်။ အဆိုပါ အမျိုးသမီး ၁၀ ဦးတို့မှာ လူမှုရေးအရ အလည်အပတ်ရောက်ရှိလာကြခြင်းဖြစ်သည်။ စင်ကာပူနိုင်ငံတွင် မိသားစုနှင့်အတူ ဆက်လက်နေထိုင်ရန် လာရောက်နေကြခြင်းဖြစ်သည်။ ၁၉၉၈ ခုနှစ်က ပြင်ဆင်ခဲ့သော လူဝင်မှုကြီးကြပ်ရေးဥပဒေအရ အေအိုင်ဒီအက်စ်ကူးစက်ဖြစ်ပွားနေသူ သို့မဟုတ် အိပ်ချ်အိုင်ဗွီပိုးရှိနေသူ နိုင်ငံခြားသားများကို စင်ကာပူနိုင်ငံသို့လာရောက်နေထိုင်ခွင့် မပြုရန် တားမြစ်ထားသည်။ အေအိုင်ဒီအက်စ်ကူးစက်ရောဂါရှိနေသူဖြစ်စေ၊ အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးရှိနေသူဖြစ်စေ၊ စင်ကာပူနိုင်ငံသို့ ပြန်လာမည်ဆိုပါက ပြန်၍နှင်ထုတ်မည်ဖြစ်သည်ဟု သတင်းစာတွင် ရေးသားဖော်ပြထားသည်။ စင်ကာပူနိုင်ငံသည် လူဦးရေလေးသန်းခန့်ရှိသော မြို့ပြနိုင်ငံဖြစ်ပြီး အစိုးရ၏စည်းကမ်းတင်းကြပ်သော အုပ်ချုပ်မှုနှင့် ထူးခြားသော ကျန်းမာရေးဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ထင်ရှားသောနိုင်ငံဖြစ်သည်။

လျှာနာခွာနာနှင့် ဆက်နွှယ်နေသည်ဟု သင်္ကာမကင်းသော ကလေးငယ်နှစ်ဦး သေဆုံးသွားပြီး နောက်ပိုင်းတွင် စင်ကာပူနိုင်ငံမှာ မူလတန်းကျောင်းများနှင့် ကလေးထိန်းဌာနများကို အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ပိတ်ထားမည်ဟု ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနက စက်တင်ဘာလ ၃၀ ရက်နေ့က ပြောကြားခဲ့သည်။ ယင်းသို့ကျောင်းများကို ပိတ်ထားလိုက်ရခြင်းမှာ အဆိုပါရောဂါဖြစ်ပွားခြင်းကို ကြိုတင်ကာကွယ်သည့်လုပ်ငန်းဖြစ်သည်ဟု ဝန်ကြီးဌာနကပြောကြားသည်။ ကျောင်းများကိုပိတ်ထားလိုက်သဖြင့် ကလေးငယ် ၁၄၀၀၀၀ ခန့်ကျောင်းမတက်ဘဲ နေကြရမည်ဖြစ်သည်။ အသက် ၂ နှစ်နှင့် ၁၄ လသားအရွယ် မောင်နှမနှစ်ဦးမှာ ဖျား၍ အဖုအပိမ့်များထွက်ပြီး အော့အန်ကာ ဆေးရုံသို့ရောက်ခဲ့ကြပြီးနောက် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကွယ်လွန်ခဲ့ကြသည်။ ငါးနှစ်သားအရွယ်အကိုဖြစ်သူကိုလည်း ဆေးရုံတင်ထားရပြီး အခြေအနေကောင်းမွန်သည်ဟုဆိုသည်။ စက်တင်ဘာလ ၁၀ ရက်နေ့ကလည်း ၂ နှစ်သားအရွယ် ယောကျာ်းကလေးသေဆုံးသွားရာ ယင်းရောဂါနှင့် ဆက်နွှယ်သည်ဟု သံသယဖြစ်ခဲ့သည်။ စက်တင်ဘာလ ၁၂ ရက်နေ့မှစပြီး ၃၆၃ ဦး ယင်းရောဂါကူးစက်ဖြစ်ပွားသည်ဟု ယုံကြည်ရကြောင်း ဝန်ကြီးဌာနပြောခွင့်ရအမျိုးသမီးက ပြောကြားသည်။

ခေတ်မီဆေးသိပ္ပံပညာ တိုးတက်ဆန်းပြားလာသည်နှင့်အမျှ လူ၏ခန္ဓာကိုယ်အား အစားထိုးကုသမှု အောင်မြင်မှုရှိနေသည်။ သို့ရာတွင် ကိုယ်ခန္ဓာအစားထိုးကုသမှုခံယူရန် စောင့်ဆိုင်းရင်းသေဆုံးသွားသူ လူနာဦးရေက များပြားလာသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်း

သူဦးရေနည်းလာသောကြောင့်ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်အတွင်း၌ နှလုံးအစားထိုးကုသမှုကို စင်ကာပူ၌ တစ်ကြိမ်သာ လုပ်နိုင်ခဲ့သည်။ စင်ကာပူနိုင်ငံတွင် လူနာနှစ်ဦးက လတ်ဆတ်သောအဆုတ်များရရှိရန် လိုအပ်နေပြီး ခြောက်ဦးကမူ နှလုံးအစားထိုးကုသရန် လိုအပ်နေသည်။ မကြာမီ လအနည်းငယ်အတွင်း ယင်းကိုယ်အင်္ဂါအစိတ်အပိုင်းများ မရရှိလျှင် လူနာအသက်ဆုံးရှုံးရတော့မည်ဖြစ်သည်။ စင်ကာပူနိုင်ငံ၌ အဆုတ်အစားထိုးကုသရေးအတွက် သင့်လျော်သောအဆုတ်များရရှိရန် ဆရာဝန်များက ၂ နှစ်ကျော်အချိန် ယူခဲ့ရသည်။

ပညာရေး– ထိပ်တန်းပညာတတ် စင်ကာပူနိုင်ငံသားကျောင်းဆရာ ဆရာမသစ်များကို စုဆောင်းသွားရန် ရည်ရွယ်ထားသည်ဟု စင်ကာပူပညာရေးဝန်ကြီးတီယိုချီသာလင်းက ဇူလိုင်လ ၁၇ ရက်နေ့က အတည်ပြုပြောကြားသည်။ ထိုသို့ ထိပ်တန်းပညာတတ် ဆရာ ဆရာမအသစ်များစုဆောင်းထားရှိခြင်းဖြင့် မိမိနိုင်ငံ၏ပညာသင်ကြားရေးအင်အားစု၏ ဘက်စုံအရည်အသွေးကောင်းမွန်လာမည်ဖြစ်သည်ဟု ဝန်ကြီးက ပြောကြားသည်။ စင်ကာပူ၌ ဇူလိုင်လ ၁၅ ရက်နေ့က ကျင်းပသော ဒုတိယအကြိမ်ပညာသင်ကြားရေး ထောက်ပံ့ငွေချီးမြှင့်ပွဲအခမ်းအနား၌ ဝန်ကြီးက ယခုကဲ့သို့ပြောကြားခြင်းဖြစ်သည်။ ငယ်ရွယ်သော လူတော်လူကောင်းများ ပညာသင်ကြားရေးနယ်ပယ်ထဲသို့ဝင်ရောက်လာစေရန် ဆွဲဆောင်မှုအဖြစ် ပညာသင်ထောက်ပံ့ကြေးများနှင့် ချီးမြှင့်သောဆုများတွင် ရင်းနှီးမြှုပ်နှံထားသည်။ ၂၁ ရာစုအတွင်းသို့ ပညာသင်ကြားရေးစနစ်ကို တွန်းအားပေးသွားရန် စင်ကာပူနိုင်ငံက ဆရာဆရာမမျိုးဆက်သစ်များကို လိုအပ်နေသည်။ ယခုအခါ အသက် ၅၀ အရွယ်ရှိ ဆရာဆရာမ ၃၅၀၀ မှာ နောက်ငါးနှစ်ကြာလျှင် အငြိမ်းစားယူကြတော့မည်ဖြစ်သည် စသည်ဖြင့် ပညာရေးဝန်ကြီးက ပြောကြားသည်။

ဒုတိယအကြိမ်မြောက် အာရှ ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်) အဖွဲ့၏ လူငယ်သိပ္ပံပွဲတော်ကို စင်ကာပူ၌ ဇူလိုင်လ ၂၇ ရက်နေ့ကဖွင့်လှစ်ရာ အေပက် ၁၅ နိုင်ငံမှ ကိုယ်စားလှယ်များ၊ အသက် ၁၅ နှစ်နှင့် ၁၈ နှစ်အကြားရှိ အလယ်တန်းကျောင်းသူကျောင်းသား ၅၉၂ ဦးနှင့် ဆရာဆရာမ ၂၁၃ ဦးတို့ ပါဝင်ဆင်နွှဲခဲ့ကြသည်။ ဘော့ဂျင်း၊ ရှန်ဟဲနှင့် ရှန်ဇီပြည်နယ်တို့မှ ကျောင်းသူကျောင်းသား ၄၉ ဦး နှင့် ဆရာဆရာမ ၁၈ ဦးပါဝင်သော တရုတ်ကိုယ်စားလှယ်အဖွဲ့မှာ အိမ်ရှင်စင်ကာပူပြီးလျှင် ဒုတိယအရေအတွက်အများဆုံး ကိုယ်စားလှယ် အဖွဲ့ဖြစ်သည်။ အခမ်းအနားဖွင့်ပွဲ၌ စင်ကာပူပညာရေးဝန်ကြီး နှင့် ဒုတိယကာကွယ်ရေးဝန်ကြီးဖြစ်သူ တီအိုချ်ဟင်းက အဖွင့်မိန့်ခွန်းပြောကြားပြီးနောက် အေပက်အဖွဲ့အတွင်းဝန်ရုံး အမှုဆောင် ညွှန်ကြားရေးမှူး ဆာဘီနီအလီက အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခဲ့သည်။




စင်ကာပူနိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းအချို့တွင် ကွန်ပျူတာဖြင့် မှတ်စုရေးသည့်စနစ်ဖြင့် စာပေသင်ယူနေပုံကို တွေ့ရစဉ်

ယခုကျင်းပသော လူငယ်ပွဲတော်မှာ အသိပညာအခြေခံသော လူ့အဖွဲ့အစည်းတစ်ရပ်တည်ဆောက်ရာ၌ လူ့စွမ်းအားအရင်းအမြစ်အလားအလာကို ပူးတွဲလုပ်ဆောင်ကြရန် အေပက်ခေါင်းဆောင်များ၏ တိုက်တွန်းချက်ကို တိုက်ရိုက်တုံ့ပြန်ခြင်းပင်ဖြစ်သည်။ တစ်ပတ်ကြာကျင်းပသော လူငယ်ပွဲတော်မှာ ဉာဏ်ပညာအရည်အချင်းတိုးတက်စေရန်နှင့် သိပ္ပံနည်းပညာရပ်တွင် အေပက်လူငယ်များ၏ စိတ်ဝင်စားမှုကို ဖန်တီးပေးရန်နှင့် ယဉ်ကျေးမှုအသိပညာ ဖလှယ်ရေးအတွက် လူငယ်များအား အခွင့်အလမ်းပေးရန် ကြိုးပမ်းခြင်းဖြစ်သည်ဟု ဆာဘီနီကသဝဏ်လွှာတွင် ဖော်ပြထားသည်။

စီးပွားရေး– စင်ကာပူနိုင်ငံ၏ စက်မှုထုတ်ကုန်မှာ ၂၀၀၀ ပြည့်နှစ်၏ ဇူလိုင်လတွင် နှစ်အလိုက်တိုးတက်မှု ၁၃ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း၊ ယင်းတို့တိုးတက်ခြင်းမှာ အဓိကအားဖြင့် အီလက်ထရွန်းနစ်ပစ္စည်းနှင့် အင်ဂျင်နီယာပစ္စည်းများ ၂၇ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၁၁ ဒသမ ၄ ရာခိုင်နှုန်း အသီးသီးတိုးတက်လာခြင်းကြောင့်ဖြစ်ကြောင်း စင်ကာပူနိုင်ငံ စီးပွားဖွံ့ဖြိုးရေးဘုတ်အဖွဲ့က ဩဂုတ်လ ၂၀ ရက်နေ့က ထုတ်ပြန်ကြေညာသည်။ အီလက်ထရွန်းနစ်ထုတ်လုပ်မှု တိုးတက်ခြင်းမှာ တစ်ပိုင်းလျှပ်ကူးပစ္စည်းများအား ကမ္ဘာ့အရပ်ရပ်မှ ဝယ်လိုအားတိုးနေခြင်းကြောင့်ဖြစ်ကြောင်း ကွန်ပျူတာမှတ်ဉာဏ်လွှာများ ဝီစီပရိုဂျက်ဆာ ပုံစံသစ်ကွန်ပျူတာများ၊ ကွန်ပျူတာပရင်တာနှင့် ကွန်ပျူတာမင်များစသော ကွန်ပျူတာသုံးပစ္စည်းများ ထုတ်လုပ်မှုတိုးတက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ စက်မှုပညာသုံး အင်ဂျင်နီယာပစ္စည်းများ ထုတ်လုပ်မှုတိုးတက်လာခြင်းမှာ အင်ဂျင်နီယာပစ္စည်းများ ၃၀ ဒသမ ၁ ရာခိုင်နှုန်း မြင့်မားလာခြင်းကြောင့်ဖြစ်ကြောင်း၊ အင်ဂျင်နီယာအစိတ်အပိုင်းထုတ်လုပ်မှုဖြစ်စဉ်ကိရိယာများ ထုတ်လုပ်မှုတွင် ၈ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

စင်ကာပူကုန်ထုတ်စွမ်းရည်နှင့် စံသတ်မှတ်ရေးဘုတ်အဖွဲ့(ပီအက်စ်ဘီ) နှင့် ဂျာမနီနိုင်ငံ ဆားလင်းစတိတ်ကုန်ထုတ်စွမ်းရည်နှင့် နည်းပညာဗဟိုဌာန (စီပီတီ) တို့သည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (အက်စ်အမ်ဘီအက်စ်) ကို အထောက်အကူပြုကူညီပံ့ပိုးသွားရန် အပြန်အလှန်အကူအညီပေးရေးနားလည်မှု စာချွန်လွှာ (အမ်အိုယူ) ကို စင်ကာပူမြို့တွင် ဩဂုတ်လ ၂၈ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအပြီးတွင် စင်ကာပူနိုင်ငံပြည်တွင်း အက်စ်အမ်အီးအက်စ် ၄၈ ခုမှ ကိုယ်စားလှယ်များနှင့် ဆားလင်းစတိတ်ကုမ္ပဏီ ၁၅ ခုတို့မှ ကိုယ်စားလှယ်များသည် စီးပွားရေးလုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများနှင့် ပတ်သက်၍လည်း နှစ်ရက်ကြာဆွေးနွေးခဲ့ကြသည်။ ဂျာမနီကိုယ်စားလှယ်အဖွဲ့ကို ဂျာမနီနိုင်ငံဆားလင်းစတိတ် အစိုးရစီးပွားရေးဝန်ကြီး ဟင့်စပီတာဂျော်ဂျီက ဦးဆောင်သည်။ အဆိုပါ ဂျာမနီကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံတွင် မကြာမီဖွင့်လှစ်မည့် ဟို့စပီမီဒီကာအာရှ စီးပွားရေးပြပွဲတွင် ပါဝင်ပြသနိုင်ရေးအတွက် စင်ကာပူကုန်ထုတ်စွမ်းရည်နှင့် စံသတ်မှတ်ရေးဘုတ်အဖွဲ့ (ပီအက်စ်ဘီ) စီးပွားရေးဆက်သွယ်မှု အစီအစဉ်၏ဦးဆောင်မှုဖြင့် စင်ကာပူနိုင်ငံတွင် စီးပွားရေးယှဉ်ပြိုင်မှုအတွက် လေ့လာလျက်ရှိသည်။ မော်တော်ကားထုတ်လုပ်မှုလုပ်ငန်း၊ ယန္တရားပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ဆေးဝါးနည်းပညာဆိုင်ရာလုပ်ငန်း၊ ပတ်ဝန်းကျင်နည်းပညာဆိုင်ရာလုပ်ငန်းနှင့် သတင်းပြန်ကြားရေးနည်းပညာကဏ္ဍများ၊ အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အကျိုးအမြတ်ရှိမည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်သွားရန် နှစ်နိုင်ငံပူးပေါင်း လက်တွဲဆောင်ရွက်ဖို့ အဆိုပါ နားလည်မှုစာချွန်လွှာ၌ ကတိပေးထားသည်။

စင်ကာပူနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးသည် ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လတွင် စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၃ ဒသမ ၈၁ ဘီလီယံဖိုးရှိကြောင်း၊ ၁၉၉၉ ခုနှစ်၊ ဩဂုတ်လက ကုန်သွယ်မှုတန်ဖိုးထက် ၂၆ ဒသမ ၁ ရာခိုင်နှုန်းတိုးလာကြောင်း၊ စင်ကာပူကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ (ဒီတီဘီ) က ထုတ်ပြန်သောအစီရင်ခံစာတွင် ပါရှိသည်ဟု ဩဂုတ်လ ၂၀ ရက်နေ့က ဆင်ဟွာသတင်းစဉ်၌ ပါရှိသည်။ စင်ကာပူနိုင်ငံ၏ ပြည်ပကုန်သွယ်မှုတန်ဖိုး သိသိသာသာ တိုးတက်လာခြင်းမှာ အဓိကအရေးကြီးသော အီလက်ထရွန်းနစ်ပစ္စည်းများ ဝယ်ယူလိုမှုကြီးထွားလာသည့်ပြင် အဓိကကျသောအာရှစီးပွားရေးနိုင်ငံများမှ ဝယ်ယူတင်သွင်းနေမှုမှာလည်း ပုံမှန်အနေအထားမှ ကျမသွားသောကြောင့် ဖြစ်သည်။ ဩဂုတ်လတွင် ရေနံမဟုတ်သော ပြည်ပပို့ကုန်မှာ ၁၇ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ယင်းသို့တိုးတက်ခြင်းမှာ လျှပ်စစ်ဓာတ်ကြိုးများ၊ ကြေးနန်းဆက်သွယ်ရေးကိရိယာများ၊ ခဲမင်များနှင့် အီလက်ထရွန်းနစ် မဟုတ်သောပစ္စည်းများစသောပြည်ပပို့ကုန်များ ထူးထူးခြားခြားဆက်လက် တိုးတက်လာခြင်းကြောင့်ဖြစ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြသည်။

၂၀၀၀ ပြည့်နှစ်အတွင်း တရုတ်နှင့် စင်ကာပူကုန်သွယ်ရေးမှာ ဒေါ်လာ ၁၂ ဘီလီယံဖိုးအထိ ရောက်ဖွယ်ရှိရာ

၁၉၅၈ ခုနှစ်နောက်ပိုင်း စံချိန်အမြင့်ဆုံးဖြစ်ကြောင်း စင်ကာပူကုန်သွယ်ရေး ဖွံ့ဖြိုးမှုအဖွဲ့မှ ထုတ်ပြန်ကြေညာသော စာရင်းဇယားများ၌ ဖော်ပြသည်။ နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုမှာ ၂၀၀၀ ပြည့်နှစ်၏ ပထမ ၁၀ လကြာကာလအတွင်း ဒေါ်လာ ၁၁ ဒသမ ၂၈ ဘီလီယံဖိုး ရှိခဲ့သည်ဖြစ်ရာ ၁၉၉၉ ခုနှစ် အလားတူကာလထက် ၃၃ ဒသမ ၀၉ ရာခိုင်နှုန်း မြင့်တက်လာပြီး တရုတ်နိုင်ငံမှာ စင်ကာပူနိုင်ငံ၏ ဆဋ္ဌမမြောက်အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်လာကြောင်း စာရင်းဇယား၌ ဖော်ပြထားသည်။ ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း စင်ကာပူနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏသည် ၂၃ ဒသမ ၉၅ ရာခိုင်နှုန်း မြင့်တက်လာသည်။ ဤစုစုပေါင်းဒေါ်လာ ၂၄၇ ဒသမ ၇ ဘီလီယံဖိုးရှိခဲ့ရာ တရုတ်စင်ကာပူကုန်သွယ်မှု၌ ၃၃ ဒသမ ၀၉ ရာခိုင်နှုန်း မြင့်တက်နှုန်းမှာ များစွာသာလွန်ကြောင်း စာရင်းဇယား၌ ဖော်ပြသည်။ ယင်းကာလအတွင်း စင်ကာပူနိုင်ငံက တရုတ်နိုင်ငံသို့ကုန်ပစ္စည်းတင်ပို့မှုမှာ ၃၉ ဒသမ ၉၇ ရာခိုင်နှုန်း ပိုမိုလာ၍ ဒေါ်လာ ၄ ဒသမ ၈၄ ဘီလီယံဖိုး ရှိခဲ့ပြီး စင်ကာပူနိုင်ငံသို့ တရုတ်နိုင်ငံမှ တင်သွင်းသောကုန်ပစ္စည်းမှာလည်း ၂၈ ဒသမ ၃၃ ရာခိုင်နှုန်း ပိုမိုက ဒေါ်လာ ၆ ဒသမ ၄ ဘီလီယံဖိုး ရှိခဲ့သည်ဟု ဆိုသည်။

ရာဇဝတ်မှုခင်းကျဆင်းရေး – စင်ကာပူနိုင်ငံတွင် ရာဇဝတ်မှုခင်းဖြစ်မှုဖြစ်ပွားနှုန်းမှာ ၂၀၀၀ ပြည့်နှစ် ပထမခြောက်လအတွင်း ၂ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသွားပြီး လွန်ခဲ့သောနှစ်အလားတူကာလက ဖြစ်မှုအညွှန်းကိုးခုနှင့် နှိုင်းယှဉ်ဖော်ပြချက်ကို စင်ကာပူရဲတပ်ဖွဲ့မှ ဩဂုတ်လ ၃ ရက်နေ့က ထုတ်ပြန်သောကိန်းဂဏန်းများတွင် ဖော်ပြထားသည်။ ၁၉၉၉ ခုနှစ်တွင် ဖြစ်မှု ၁၈၂၃၆ မှ စံချိန်တင်ဖြစ်ပွားခဲ့ပြီး ၂၀၀၀ ပြည့်နှစ် ပထမ ၆ လအတွင်းဖြစ်မှု ၁၇၇၂၉ မှ ဖြစ်ပွားခဲ့ရာ ယခင်နှစ်အလား တူကာလနှင့် နှိုင်းယှဉ်ရာတွင် ၂ ဒသမ ၆ ရာခိုင်နှုန်းကျဆင်း ခဲ့သည်။ ဖြစ်မှုဖြစ်ပွားနှုန်းမှာ ၁၉၉၉ ခုနှစ် ပထမ ၆ လပတ်အတွင်း လူ ၁၀၀၀၀၀ လျှင် ၄၉၈ မှု ဖြစ်ပွားခဲ့ရာမှ ၂၀၀၀ ပြည့်နှစ် ပထမ ၆ လတွင် ၄၈၁ မှု ဖြစ်ပွားခဲ့ရာ ဖြစ်မှုဖြစ်ပွားမှု ကျဆင်းခဲ့ရသည်။ ၂၀၀၀ ပြည့်နှစ် ပထမ ၆ လအတွင်း အလစ် သုတ်မှု၊ တားပြမှုနှင့် အိမ်ဖောက်ထွင်းမှုများမှာ ၁၀ ရာခိုင်နှုန်းမှ ၃၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး လူသတ်မှု၊ မုဒိမ်းမှု၊ အဓိကရုဏ်းမှု၊ တားထိုးမှု၊ လိမ်လည်မှုများနှင့် ကာယိန္ဒြေပျက် ပြားအောင်စော်ကားမှု စသောဖြစ်မှုဖြစ်ပွားမှုတို့မှာ ၂၀၀၀ ပြည့်နှစ် ပထမ ၆ လအတွင်း လူသတ်မှု ၂၇ မှုနှင့် မုဒိမ်းမှု ၆၃မှု စံချိန်တင်ဖြစ်ပွားခဲ့သည်။ ဖြစ်မှုဖြစ်ပွားသော နိုင်ငံခြား သားဖမ်းဆီးမှုမှာ ၁၀ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းပြီး ၂၀၀၀ ပြည့်နှစ် ပထမ ၆ လအတွင်း လူ ၇၁၄ ဦး ဖြစ်မှုဖြစ်ပွားခဲ့ သည်။ ၁၉၉၉ ခုနှစ် ပထမ ၆ လအတွင်း ၇၉၇ ဦး ဖြစ်မှုဖြစ် ပွားခဲ့သည်။ မှုခင်းတိုက်ဖျက်ရေးအနေအထားမှာ အဓိကအားဖြင့် ထောက်လှမ်းရေးနှင့် ပြည်သူတို့၏ အကူအညီရယူမှုတို့ကြောင့် တိုးတက်မှုရရှိခဲ့ခြင်းဖြစ်သည်ဟု ရဲအဖွဲ့က မှတ်ယူထားခဲ့သည်။

သင့်ဘဝ ဦးရဲလွင်

**စန္ဒရားလှထွတ်။** ။ ဂီတလောကတွင် ထူးချွန်ထင်ရှားကျော်ကြားခဲ့သော စန္ဒရားလှထွတ်ကို အဖ ဦးစံထူး (မြန်မာစာ) အမိ ဒေါ်မြတို့က ၁၉၃၆ ခုနှစ်၌ ရေဝတီတိုင်း၊ ဝါးခယ်မမြို့တွင် မွေးဖွားသည်။ မွေးချင်းခုနစ်ယောက်အနက် အငယ်ဆုံးဖြစ်သည်။ ငါးနှစ်သားအရွယ်ခန့်ကပင် စန္ဒာရားစတင်တီးခဲ့သည်။ ထို့နောက် စောင်းဦးဘသန်းထံ သားတပည့်အဖြစ်ရောက်ရှိကာ ၁၉၄၃ ခုနှစ် ခုနစ်နှစ်သားအရွယ်ခန့်တွင်၊ ချင်းချောင်းအသံလွှင့်ဌာနမှ အသံလွှင့်ခဲ့သည်။ စစ်ပြီးခေတ်တွင် ၁၉၄၇ ခုနှစ်မှ ၁၉၅၁ ခုနှစ်ထိ မြို့မကျောင်းတွင်



အမျိုးသား
စာပေဆုရ
ဂီတပညာရှင်
အဆိုကျော်
စန္ဒရားလှထွတ်

လည်းကောင်း၊ ၁၉၅၁ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ဟိုက်စကူးကျောင်းများတွင်လည်းကောင်း ပညာသင်ကြားခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ဆယ်တန်းအောင်သည်။ ရန်ကုန်တက္ကသိုလ် (ရန်ကင်းကောလိပ်) နှင့် မန္တလေးတက္ကသိုလ်များတွင် ဆက်လက်တက်ရောက်ခဲ့ပြီးနောက် ဥပစာဒုတိယနှစ်မှစ၍ ဂီတပညာရှင်အဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်မှာ ကွယ်လွန်ချိန်အထိဖြစ်သည်။

၁၉၆၃ ခုနှစ်၌ ဂီတကောင်စီဖြစ်မြောက်ရေးတွင် ပါဝင်ခဲ့ပြီး ဂီတကောင်စီပထမဦးဆုံးအမှုဆောင်အဖွဲ့ ၁၉၆၃–

၆၅ တွင် သုတေသနမှူးအဖြစ်လည်းကောင်း၊ ၁၉၆၇ – ၆၉ အမှုဆောင်သက်တမ်းတွင် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ မြန်မာ့အသံခေတ်ပေါ် တေးဂီတ စိစစ်ကြီးကြပ်ရေးအဖွဲ့တွင် ၁၉၆၃ ခုနှစ်မှစ၍ ကွယ်လွန်ချိန်အထိ ဘုတ်အဖွဲ့ဝင်လူကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

ရုပ်ရှင်ဇာတ် ကားပေါင်း ၂၀၀ ကျော်တွင် သီချင်းရေးဆရာနှင့် ရုပ်ရှင်ဂီတမှူးအဖြစ်ဆောင်ရွက်ခဲ့ပြီး ရေဒီယို၊ ဇာတ်ပြား၊ ရုပ်ရှင်၊ စီးရီး၊ ဗီဒီယိုသီချင်းစသည်ဖြင့် သီချင်းပုဒ်ရေ ၁၀၀၀ ကျော် ရေးစပ်ခဲ့သည်။ အဆိုပါသီချင်းများအနက် သံသရာတကွေ့ဝယ်၊ မုန်းရစ်လေဦး၊ တို့ပြည်ထောင်စုသား၊ ပန်းတွေနဲ့ဝေ၊ မြန်မာ့ရှခင်း မြန်မာစိတ်ရင်း၊ ဧယျာလမ်းအလှပန်းချီ၊ ချစ်အဓိပ္ပါယ်၊ ချစ်တဲ့သူငယ်လေ၊ အလှသစ္စာတရား (တင့်လှပေဟန်)၊ မြင်းမိုရ်ထက်မြင့်သောမေမေ (သမီးနှင့်အမေများ) သီချင်းများမှာ နာမည်ကြီးသည်။

စန္ဒရားလှထွတ်သည် နိုင်ငံတော်က ချီးမြှင့်သော ၁၉၉၄ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင် ဂီတ ထူးချွန်ဆု အကယ်ဒမီ ရွှေစင်ရုပ်ကို ဆွတ်ခူးရရှိခဲ့သည်။

စန္ဒရားလှထွတ်သည် ဂီတစာဆိုတစ်ဦး သာမက စာရေးဆရာတစ်ဦးလည်းဖြစ်သည်။ သောတရှင်၊ ဂီတ ပဒေသာ၊မိုးဝေ၊ စန္ဒာ၊ မဟေသီ၊ ရုပ်ရှင်တေးကဗျာ၊ ကလျာ၊ စာပေဂျာနယ်၊ အတွေးအမြင်၊ ရန့်သစ်စသောမဂ္ဂဇင်းများတွင် ဂီတ ဆောင်းပါးများ ရေးသားခဲ့သည်။ ယင်းသို့ ရေးသားရင်း လုံးချင်းစာအုပ်တစ်အုပ်ပြုစုထုတ်ဝေခဲ့ရာ ထိုစာအုပ်ဖြင့်ပင် ၁၉၉၆ ခုနှစ်အတွက် မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာ စာပေဆိုင်ရာ အမျိုးသားစာပေဆုရရှိခဲ့သည်။ ထိုစာအုပ်မှာ " မြန်မာ့ဂီတရေစီးကြောင်း " စာအုပ်ဖြစ်သည်။

မြန်မာ့ဂီတလောကတွင် ထူးချွန်ထင်ရှားကျော်ကြားခဲ့သော အကယ်ဒမီစန္ဒရားလှထွတ်သည် ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ဇနီး ဒေါ်ချိုဝေလွင် (တေးသံရှင်) နှင့် သားသမီးများ ကျန်ရစ်သည်။

**ဆန်နီ၊ ဦး (စုံထောက်) (ခရစ် ၁၉၁၃–၂၀၀၀)။ ။** မြန်မာစာပေလောကတွင် စာရေးဆရာ စုံထောက်ဦးဆန်နီဟု ထင်ရှားခဲ့သော သက်ကြီးစာပေပညာရှင် ဆရာကြီးဦးဆန်နီကို ဖခင် ဦးစိန်မှာ၊ မိခင် ဒေါ်ရွှေဆုံတို့က ၁၉၁၃ ခုနှစ်၌ ဟသ်ာတမြို့နယ်၊ ကရင်ကွင်းကျေးရွာတွင် ဖွားမြင်သည်။



စာရေးဆရာ
စုံထောက်ဦးဆန်နီ

ငယ်စဉ်က ဦးမင်္ဂလာကျောင်းတွင် စာပေပညာဆည်းပူးပြီး အထက်တန်းပညာကို ဟသ်ာတမြို့ အစိုးရအထက်တန်းကျောင်းတွင် ဆက်လက်သင်ယူသည်။ ထိုစဉ်မိခင်က အိမ်ထောင်ချပေးမည်ပြု၍ ရန်ကုန်မြို့သို့ ထွက်လာသည်။ ရန်ကုန်မြို့မှတစ်ဆင့် အရှေ့တောင်အာရှတစ်ခွင်သို့ လှည့်လည်အလုပ်လုပ်ရင်း ပညာရှာကာ နိုင်ငံအနှံ့ရောက်ရှိသည်။ နိုင်ငံခြားတွင် ငါးနှစ်ကျော်နေထိုင်ပြီးနောက် ရန်ကုန်မြို့သို့ ပြန်လာ၍ ဆန်နီအလှကုန်တိုက် ဖွင့်လှစ်သည်။


ဦးဆန်နီသည် ၁၉၃၄ ခုနှစ်၌ အာဇာနည်ခေါင်းဆောင် မန်းဘခိုင်၊ ဦးထွန်းလွင်တို့နှင့်အတူ ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်သည်။ ဂျပန်များ ပြန်လည်ထွက်ခွာသွားသောအခါ ရန်ကုန်မြို့သို့ ပြန်လာပြီး ဆန်နီအလှကုန်တိုက် ပြန်လည်ဖွင့်လှစ်ရန် ကြိုးပမ်းသည်။

ဦးဆန်နီသည် အလင်းရောင်ဂျာနယ်ကို စတင်ထုတ်ဝေသည်။ ဆက်လက်၍ ကလေးဂျာနယ်၊ ကျားသတင်းစာ၊ အလင်းရောင်မဂ္ဂဇင်းများကို ထုတ်ဝေသည်။ မျိုးဝင်းကလောင်အမည်ဖြင့် ဘဝသရုပ်ဖော်ဝတ္ထုများ ရေးသားသည်။ မြန်မာနိုင်ငံ၏ပထမဆုံး စုံထောက်မဂ္ဂဇင်းကို စတင်ထုတ်ဝေသူ ဖြစ်သည်။ ထိုနောက် စုံထောက်မဂ္ဂဇင်းကို စာရေးဆရာမိုးဝေက ဆက်လက်ထုတ်ဝေခဲ့ရာ မိုးဝေကွယ်လွန်ပြီးနောက် ဆရာကြီးဦးဆန်နီ၏ သဘောတူညီချက်ဖြင့် စုံထောက်မဂ္ဂဇင်းကို မိုးဝေမဂ္ဂဇင်းအဖြစ် ပြောင်းလဲထုတ်ဝေသည်။

ဦးဆန်နီသည် ဖဆပလခေတ်တစ်လျှောက်လုံးနှင့် တော်လှန်ရေးအစိုးရခေတ်အထိ ပင်ကိုရေးဝတ္ထုများကို အုပ်ရေ ၈၀ ခန့်ရေးသားသည်။ အားကစားနှင့် ကျန်းမာရေးဆိုင်ရာစာအုပ်များကိုလည်း ဦးဆန်နီကလောင်အမည်ဖြင့် ထုတ်ဝေသည်။

သက်ကြီးစာပေပညာရှင် ဆရာကြီးဦးဆန်နီသည် ၂၀၀၀ ပြည့်နှစ်၊ မေလ ၅ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ ဇနီးဒေါ်ကြင်မေ၊ သားသမီး ၁၁ ဦးနှင့် မြေး ၁၄ ဦး ကျန်ရစ်သည်။

**ဇော်ဝိတ်၊ ဦး (ကာယဗလ) (ခရစ် ၁၉၁၁–၂၀၀၀)**။ ။ ကမ္ဘာ့အိုလံပစ် အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ပထမဆုံး သွားရောက် ယှဉ်ပြိုင်ခဲ့သူ၊ မြန်မာ့ဂုဏ်ဆောင် ကာယဗလ ဦးဇော်ဝိတ်ကို ဖခင် မြေပိုင်ရှင် ဦးပေတော၊ မိခင် ဒေါ်လေးမေ တို့က ၁၉၁၁ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ကော့မှူးမြို့နယ်၊ နတ်စင်ကုန်းကျေးရွာ တောင်ပိုင်း၌ ဖွားမြင်သည်။ အစ်မကြီး မလှဖျော်၊ အစ်မငယ် မဇော်ရှိန်၊ မောင်ငယ် မောင်ဇော်ဝိတ်၊ မွေးချင်းသုံးယောက်အနက် တတိယမြောက်သားဖြစ်သည်။



ဝဏ္ဏကျော်ထင်
ကာယဗလ
ဦးဇော်ဝိတ်

ငယ်စဉ်က ကျန်းမာရေးမကောင်းဘဲ ချူချာသည်။ အသက် ခုနစ်နှစ်အရွယ်ရောက်မှ နတ်စင်ကုန်း ရွာလယ် ဦးချင်းယောက်ကျောင်းတွင် ပညာစတင် သင်ယူသည်။ စာကျက်ပျင်းသော်လည်း မှတ်ဉာဏ်ကောင်း၍ တစ်နှစ် တစ်တန်းမှန်မှန် စာမေးပွဲအောင်သည်။ အလယ်တန်းပညာကို နေအိမ်ရှေ့ ကွက်လပ်တွင် ကျောင်းဆောက်လုပ်ဖွင့်လှစ် သော ဆရာတင် ခုနစ်တန်းကျောင်း၌ ခုနစ်တန်းအောင်သည် အထိ သင်ယူသည်။

ဦးဇော်ဝိတ်သည် ၁၉၂၇ ခုနှစ်တွင် ဦးလေးဖြစ်သူ၏ အကူအညီဖြင့် ဗိုလ်တထောင် စိန့်ဖားနီဗတ်ဟိုက်စကူးကျောင်းသို့ တက်ရောက်သင်ယူခွင့် ရရှိသည်။ မြန်မာစာခုနစ်တန်းအောင် သော်လည်း အင်္ဂလိပ်စာမတတ်သဖြင့် တတိယတန်းက စတင် သင်ယူရသည်။ ထိုစဉ် မိခင် ဒေါ်လေးမေမှာ ရုတ်တရက် မီးယပ် ရောဂါဖြင့် ကွယ်လွန်၍ ဇာတိရွာသို့ ပြန်သည်။ ရွာသို့ရောက် သောအခါ ကျောင်းပြန်မတက်တော့ဘဲ လယ်ယာလုပ်ကိုင်သည်။

ဦးဇော်ဝိတ်သည် ၁၉၂၈ ခုနှစ်တွင် ရန်ကုန်ဘက်ပတစ် နော်မန် ဆရာအတတ်သင်ကျောင်း၌ အီးတီစီဆရာဖြစ် သင်တန်း တက်ရောက်ခွင့်ရရှိသည်။ ၁၉၂၉ ခုနှစ်တွင် ဆရာ ဖြစ်သင်တန်းအောင်မြင်ပြီး ကြည့်မြင်တိုင် ဦးဘွင်ယူ မူလတန်း ကျောင်း၌ မူလတန်းပြ ဆရာအဖြစ် လုပ်ကိုင်သည်။ ကြည့်မြင်တိုင်သို့ ကျောင်းတက်ရာ နံနက်ကျောင်းတက်လျှင် မင်္ဂလာတောင်ညွန့် ၁၀၃ လမ်းမှ ရန်ကုန်ဘူတာကြီးသို့ ခြေလျင်လျှောက်ပြီး ဘူတာကြီးမှ ဟုမ်းလမ်းသို့ ရထားစီး သည်။ ဟုမ်းလမ်းဘူတာမှ တောလမ်းရှိ ဦးဘွင်ယူမူလတန်း ကျောင်းသို့ ခြေလျင်လျှောက်သည်။ အပြန်တွင်လည်း ထိုသို့ပင်ပြန် သည်။ ကျောင်းမှ အိမ်သို့ အပြန်နေ့စဉ်လိုလို ရန်ကုန်ဘူတာကြီးအနီး ဦးအုန်းခိုင်လမ်း မီးရထား အမှုထမ်း များနေသော အိမ်တစ်အိမ်ရှေ့တွင် လူငယ်တစ်စု အားကစား လေ့ကျင့်နေသည်ကို တွေ့မြင်ရပြီး ထိုအိမ်ရှေ့တွင် ကျန်းမာ သန်စွမ်းရေးကလပ် Strength and Health Club ဆိုသော အမည်ဖြင့် အင်္ဂလိပ်လို ဆိုင်းဘုတ်ကလေး ချိတ်ထားသည်။ အချို့က အလေးပြားကြီးများ ပင့်ကြ မ,ကြ၊ အချို့က သံကွင်းဘား၊ အချို့က နှစ်တန်းဘား လေ့ကျင့်ကြသည်။ သူတို့၏ ကိုယ်လုံး ကိုယ်ထည်များမှာ ကြွက်သားကြီးများ အဖုအထစ်ဖြင့် အားကျစရာဖြစ်သည်။ ကာယဗလကို ဝါသနာထုံခဲ့သော ဦးဇော်ဝိတ်သည် မကြာမီ ကျန်းမာ သန်စွမ်းရေးကလပ်သို့ ဝင်ရောက်လေ့ကျင့်သည်။

ဦးဇော်ဝိတ်သည် ၁၉၂၉ ခုနှစ်တွင် အလုံ ရေဝတီလမ်းရှိ အလေးမနည်းပြဆရာ ကာယဗလ ဦးရှိန်ထံ၌ အလေးမစတင် ကစားသည်။ ၁၉၃၀ ပြည့်နှစ်တွင် ကာယဗလ ဦးရှိန်၏ မြန်မာ ပြည် ကာယဗလအဖွဲ့ကကြီးမှူး၍ အာရှစံချိန်အလေးမပွဲကို ကျင်းပရာ ဦးဇော်ဝိတ်သည် ပရိသတ်ရှေ့တွင် ပထမဆုံးအစွမ်း ပြသသည်။ ပေါင် ၂၈၀ ဖြင့် အာရှစံချိန်ကို အောင်မြင်စွာ မ ပြီး အားကစားလောကနှင့် ပြင်ပလောကတွင် ထင်ရှား ကျော်ကြားသွားသည်။ ၁၉၃၁ ခုနှစ်တွင် ဇော်ဝိတ်တစ်ကိုယ်တော် အစွမ်းပြ အလေးမပွဲကို မြန်မာပြည် အလေးမအသင်းတိုက်၌ ကျင်းပရာ ပြိုင်ပွဲဝင် အိုလံပစ်နှစ်ဆင့် မ နည်းဖြင့် အာရှတွင် မည်သူမျှ မ,မနိုင်သော ၂၄၄ ပေါင်ခွဲကို လွယ်လွယ်ကူကူ မ ပြသည်။ မြန်မာပြည် အလေးမအသင်းဥက္ကဋ္ဌ ဝတ်လုံတော်ရ ဦးဘဒွန်းနှင့်အဖွဲ့ဝင်များက ဇော်ဝိတ်ကို မြန်မာပြည်တွင် အများဆုံး မ နိုင်သော လူသန်ကြီးအဖြစ် အသိအမှတ်ပြုကြသည်။

ဦးဇော်ဝိတ်သည် ၁၉၃၂ ခုနှစ်တွင် မြန်မာပြည်အပျော် တမ်း အမျိုးသားရဲတပ်ကပွဲ၌ အလေးမ ပြသည်။ ကြွက်သား ကြီးများ လှုပ်ပြသည်။ လူသုံးယောက်ကို လက်တစ်ဖက်တည်း ဖြင့် မ ၍ ဇာတ်ခုံတစ်ဖက်စွန်းသို့ လျှောက်ပြသည်။ ကိုးပေ စင်မြင့်ပေါ် မှ အလေးမချန်ပီယံ ကိုစံသင်က ဇော်ဝိတ်ကြီး၏

ဗိုက်ပေါ် သို့ခုန်ချရာ ဇော်ဝိတ်က ပြုံးရွှင်စွာထလာပြီး ပရိသတ်ကို လက်မြှောက်နှုတ်ဆက်ပြသည်။ ထို့ပြင် ဇော်ဝိတ်၏လည်ပင်းကို တစ်ဖက်လျှင် လူ ၁၀ ယောက်စီ ကြိုးချည်ဆွဲကာ အစွမ်းပြသည်။

ဦးဇော်ဝိတ်သည် ၁၉၃၃ ခုနှစ်တွင် ဗြိတိသျှစံချိန်ချိုးပွဲကို မြို့မအမျိုးသားကျောင်းရှေ့၌ကျင်းပရာ ဗြိတိသျှစံချိန် ၁၇၅ ပေါင်ကို တစ်ကြိမ်တည်းပေါင် ၁၈၀ မ,ကာ စံချိန်ချိုးလိုက်သည်။ အမြန်မတွင်လည်း ဗြိတိသျှစံချိန်ပေါင် ၂၀၀ ကို ၂၀၅ ပေါင် မ ပြီး ထပ်မံစံချိန်ချိုးလိုက်ပြန်သည်။ ဗြိတိသျှအင်ပါယာ အမြင့်ဆုံးစံချိန် ၆၅၅ ပေါင်ကို ဦးဇော်ဝိတ်က စံချိန်သစ် ၆၆၁ ပေါင်ဖြင့် အစွမ်းပြသွားသည်။

ဦးဇော်ဝိတ်သည် ၁၉၃၄ ခုနှစ်တွင် ၆၉၅ ပေါင်အထိ မ ၍ ဗြိတိသျှစံချိန်ကို ထပ်မံချိုးလိုက်သည်။ ၁၉၃၄ ခုနှစ် ဒုတိယ အကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသားရဲတပ်ဖွဲ့ညီလာခံကို မြို့မ အမျိုးသားကျောင်းတွင် ကျင်းပရာ ဦးဇော်ဝိတ်သည် ဆရာဖြစ်သူ ကာယဗလ ဦးရှိန်နှင့်အတူ ပါဝင်ဟောပြောသည်။ ထို့ပြင် လူငယ်များကြီးပွားရေးအသင်းက ကျေးလက်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဇာတိမာန်ကဗျာနှင့် ဇော်ဝိတ်ကြီး၏ဓာတ်ပုံ၊ ကိုယ်လက်ကျန်းမာရေးစာတမ်းများ ဖြန့်ဝေသည်။ ဦးဇော်ဝိတ်ကိုယ်တိုင် ကျေးလက်သို့ သွားရောက်၍ ကာယဗလအကြောင်းဟောပြောသည်။ ထိုစဉ်က စိန်သရဖူ ရုပ်ရှင်ဓာတ်ကားရိုက်ကူးစဉ် ဦးဇော်ဝိတ်၏ ကာယဗလပြခန်းပြကွက်များကို ထည့်သွင်းရိုက်ကူးသည်။ ကွမ်းခြံကုန်းမြို့နယ်ကိုးတောင်ရွာသို့ တူဖြစ်သူ၏ အသုဘကိစ္စ သွားရောက်စဉ် ကျေးလက်လူငယ်များ၏ တောင်းဆိုမှုကြောင့် အသုဘမဏ္ဍပ်အလယ်တွင် ကာယဗလပြပွဲ ဆင်နွှဲပြသရသည်။

ဦးဇော်ဝိတ်သည် ၁၉၃၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ အလေးမပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်သည်။ ၁၂ စတုံတန်းတွင် အိန္ဒိယချန်ပီယံဆု၊ ဟဲဗီးဝိတ်တန်းတွင် ပေါင် ၂၈၀ မ,၍ အိန္ဒိယ အင်ပါယာ ချန်ပီယံဆုများရရှိပြီး မ, နည်းသုံးနည်းဖြင့် ပေါင် ၆၈၀ မ,ကာ အိန္ဒိယစံချိန်သစ်တင် ဗိုလ်စွဲသည်။ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ကာယဗလအဖွဲ့က ဦးဇော်ဝိတ်ကို (၁၁) ကြိမ်မြောက် ကမ္ဘာ့အိုလံပစ် အလေးမပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန်ရွေးချယ်ခဲ့ရာ ၁၉၃၆ ခုနှစ်၊ ဩဂုတ်လ ၂ ရက်တွင် ဂျာမနီနိုင်ငံ၊ ဘာလင်မြို့၌ ကျင်းပသော ကမ္ဘာ့အိုလံပစ် အလေးမပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်သည်။ ဦးဇော်ဝိတ်သည် အဆင့် ၁၄ သာ ရရှိခဲ့သော်လည်း အမြန်မတွင် အကောင်းဆုံး မ ပြနိုင်သည်။ ကမ္ဘာ့အိုလံပစ် အလေးမပြိုင်ပွဲမှ ပြန်လာသော ဦးဇော်ဝိတ်ကို မြန်မာအားကစားပရိသတ်က ရန်ကုန်ဆိပ်ကမ်းတွင် ကမ်းလုံးညွတ်မျှ ကြိုဆိုကြသည်။ ထို့ပြင် ရန်ကုန်မြို့တော်ဝန်က ကြီးမှူး၍ အိုလံပစ်ပြန်ဇော်ဝိတ်ကြီး ဟောပြောပွဲ ကျင်းပခဲ့ရာ မြို့တော်ခန်းမတစ်ခုလုံး ပရိသတ်ပြည့်လျှံသွားသည်။

ဦးဇော်ဝိတ်သည် ၁၉၃၇ ခုနှစ်တွင် ပြည်မြို့၌ ကျင်းပသော ပထမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းဆရာများ ကွန်ဖရင့်သို့ သွားရောက်ဟောပြောသည်။ ထိုခေတ်က မျိုးချစ်စာရေးဆရာများ၊ တေးရေးဆရာများရေးသားသည့် ဝတ္ထု၊ ဇာတ်လမ်းနှင့် တေးသီချင်းများတွင် ဇော်ဝိတ်ကြီးကို စံထား၍ ရေးဖွဲ့ကြသည်။

ဦးဇော်ဝိတ်သည် ၁၉၄၃ ခုနှစ်တွင် မြို့မအမျိုးသားကျောင်းဆရာကြီး ဦးဘလွင် ခေါင်းဆောင်သော လေ့လာရေးအဖွဲ့ဖြင့် ဂျပန်နိုင်ငံသို့ သွားရောက်လေ့လာခဲ့ရာ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ထိုင်ဝမ်၊ ဖော်မိုဆာ၊ ဖိလစ်ပိုင်သို့လည်း ဝင်ရောက်လေ့လာသည်။ ၁၉၄၅ ခုနှစ်တွင် အာရှလူငယ်အစည်းအရုံး ကာယဗလ တာဝန်ခံအဖြစ်ဆောင်ရွက်သည်။ ဂျပန်ခေတ်အတွင်း မြန်မာနိုင်ငံတော် အသံလွှင့်ဌာနက ဦးဇော်ဝိတ်စီစဉ်သည့် ကျန်းမာရေးလေ့ကျင့်ခန်းများကို နေ့စဉ်လွှင့်ထုတ်ပေးသည်။

ဦးဇော်ဝိတ်သည် ဒေါက်တာဗမော် အစိုးရလက်ထက်တွင် ဗမာ့ဝန်ထမ်း အားကစားဌာန၌ ဒုတိယညွှန်ကြားရေးဝန်အဖြစ်ထမ်းဆောင်သည်။ ၁၉၄၆ ခုနှစ်တွင် စစ်ပြီးစလူမျိုးပြန်လည်ထူထောင်ရေးဟူသော ကြွေးကြော်သံဖြင့် ဗမာ့အားမဂ္ဂဇင်း အမှတ် ၁ ကို ဇွန်လ၌ စတင်ထုတ်ဝေသည်။ ထိုနှစ်တွင်ပင် ကာယဗလ ဦးရှိန်၊ မစ္စတာဖရင့်ဟာတ်စကင်း၊ ဦးသော်ဇင်၊ ဦးဇော်ဝိတ်တို့၏ ကြိုးပမ်းမှုဖြင့် ဗမာပြည် အိုလံပစ်အသင်းကြီးဖွဲ့စည်းသည်။ ၁၉၄၈ ခုနှစ်တွင် ဦးမောင်ကလေး၊ ဦးထွန်းငြိမ်း၊ ဦးဇော်ဝိတ်တို့ပါဝင်သော လေ့လာရေးအဖွဲ့သည် ဗြိတိန်၊ ပြင်သစ်၊ နော်ဝေ၊ ဆွီဒင်၊ ဟော်လန်၊ အမေရိကန်နိုင်ငံများသို့ သွားရောက်လေ့လာသည်။ လန်ဒန် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲတွင် ဦးဇော်ဝိတ်က မြန်မာနိုင်ငံတော်အလံကို လွှင့်ထူကိုင်ဆောင်ချီတက်သည်။ စတော့ဟုမ်း၊ အမ်စတာဒန်၊ အော့စလို၊ ပဲရစ်၊ ဝါရှင်တန်၊ ဆန်ဖရန်စစ္စကိုရှိ အားကစား အကယ်ဒမီနှင့်သိပ္ပံများတွင် အားကစားလုပ်ငန်းများ လေ့လာသည်။

၁၉၅၀ ပြည့်နှစ်တွင် အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ ဖွဲ့စည်းခဲ့ရာ ၁၉၅၁ ခုနှစ်တွင် ဦးဇော်ဝိတ်ကို စည်းရုံးရေးမှူးချုပ်ရာထူး ခန့်အပ်တာဝန်ပေးသည်။ ၁၉၅၄ ခုနှစ်တွင် ဘီအေဘွဲ့နှင့် ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်ခြင်း ခံရသည်။ ၁၉၅၅ ခုနှစ်တွင် ညွှန်ကြားရေးဝန်အဖြစ် တိုးမြှင့်ခန့်အပ်သည်။ ၁၉၆၅ ခုနှစ်တွင် ညွှန်ကြားရေးဝန်အဖြစ်မှ အငြိမ်းစားယူသည်။

ဦးဇော်ဝိတ်သည် အိုလံပစ်စာစောင်နှင့် အားကစားစာစောင်များကို ထုတ်ဝေခဲ့သည့်အပြင် ဂျာနယ်ကျော်၊ ကြီးပွားရေး၊ တိုးတက်ရေး၊ မဏ္ဍိုင်၊ မိုးကြိုး၊ ဟံသာဝတီ စသည်တို့တွင် ဆောင်းပါးများ ရေးသားသည်။ ဟံသာဝတီ သတင်းစာတွင် ပင်တိုင်ဆောင်းပါးအဖြစ် ဘောလုံးကစားနည်းကို ရေးသားခဲ့ပြီး အားကစားနှင့် စိတ်ပညာစာအုပ်ကို ထုတ်ဝေသည်။

ဦးဇော်ဝိတ်သည် ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံတော်က ချီးမြှင့်သည့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်) ကို ရရှိသည်။ ၁၉၉၀ ပြည့်နှစ်တွင် ယူနက်စကိုမှ အာရှနှင့် ပစိဖိတ်ဆိုင်ရာ အားကစားထူးချွန်ဆု (လူပုဂ္ဂိုလ်ဆု) ကို ကနေဒါနိုင်ငံ၊ အောတဝါမြို့၌ ချီးမြှင့်ပေးအပ်ခြင်းခံရသည်။ ၁၉၉၂ ခုနှစ်တွင် ကမ္ဘာ့အိုလံပစ်ကော်မတီမှ အားကစားဗိသုကာ ဂုဏ်ပြုတံဆိပ်ကို လက်ခံရရှိသည်။

အားကစားဖြင့် ကမ္ဘာကျော်အောင် ထင်ရှားကျော်ကြားခဲ့ပြီး "ကမ္ဘာမှာ မြန်မာဟေ့"ဟု လက်မ‚ထောင်နိုင်အောင် ထူးချွန်ခဲ့သော ဝဏ္ဏကျော်ထင် ကာယဗလ ဦးဇော်ဝိတ်သည် ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားသမီးနှစ်ဦးနှင့် မြေးရှစ်ဦး ကျန်ရစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ။ ။တရုတ်ပြည်နှင့် ဒလိုင်းလားမားတို့ နှစ်ဘက်စလုံးက "ပထမဆုံးသက်ရှိဗုဒ္ဓဝင်စားသူ" ဟု အသိအမှတ်ပြုခံထားရသူမှာ ၁၇ ကြိမ်မြောက် ကာမပလားမားဟုခေါ်တွင်သော အုက်ယင်ထရင်လေးဒေါ်ဂျေးဆိုသူ ဖြစ်သည်။ အသက် ၁၄ နှစ်အရွယ်ရှိ ကာမပလားမားသည် ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလနှောင်းပိုင်းအတွင်းက တိဘက်မှနေ၍ အိန္ဒိယနိုင်ငံရှိ ဓမ္မဆာလာမြို့သို့ ထွက်ပြေးလွတ်မြောက် သွားခဲ့သည်။ ကာမပလားမားသည် တိဘက်ဘာသာရေးအဖွဲ့အစည်းတွင် တတိယမြောက် အမြင့်မြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ဆောင်းတွင်းကာလ၌ ဂီတပစ္စည်းများကိုဝယ်ယူရန် ဈေးထွက် ဝယ်ရင်း ကာမပလားမားသည် ဟိမဝန္တာတောင်တန်းကို ဖြတ်ကျော်ကာ ဇန်နဝါရီလ ၆ ရက်နေ့တွင် ဓမ္မဆာလာမြို့သို့ ရောက်သွားခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီလ ၁၆ ရက်နေ့က တိဘက်မြို့တော်လာဆာ၌ အသက်နှစ်နှစ်အရွယ်ရှိ ဆိုင်နမ်ပွန်ကော့ကို "သက်ရှိဗုဒ္ဓဝင်စားသူ" ၇ ကြိမ်မြောက် ရေတင်လားမားအဖြစ် ဘိသိက်သွင်းတင်မြှောက်လိုက်သည်။ အလောင်းအလျာ ၇၀၀ ကျော်အနက်မှ ဆိုင်နမ်ပွန်ကော့အား "သက်ရှိဗုဒ္ဓဝင်စားသူ" အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။ သူသည် ဒလိုင်းလားမား၏နေရာကို ဆက်ခံမည့်သူအဖြစ် မျှော်မှန်းထားကြသည်။ သူသည် ၁၉၉၇ ခုနှစ်က ကွယ်လွန်ခဲ့သူ ၆ ကြိမ်မြောက် ရေတင်လားမားဝင်စားသူဖြစ်သည်ဟု ယူဆထားကြသည်။ ဒလိုင်းလားမားသည် ယင်းသို့ဝင်စားမှုကို လက်မခံဘဲ ငြင်းဆန်ထားသည်။

ကက်သလစ်ဂိုဏ်းချုပ် ဘုန်းတော်ကြီးများအဖြစ် တင်မြှောက်ခြင်း – ဇန်နဝါရီလ ၆ ရက်နေ့တွင် တရုတ်အစိုးရ၏ ထောက်ခံမှုရရှိထားသော ရိုမန်ကက်သလစ်ဂိုဏ်းဝင်ဖြစ်သည့် တရုတ်မျိုးချစ်ကက်သလစ်အသင်းတော်က ပေကျင်းမြို့တော်ရှိ ဘုရားရှစ်ခိုးကျောင်းတစ်ခု၌ ကက်သလစ်ဂိုဏ်းချုပ်ဘုန်းတော် ကြီး ၅ ပါးကို ဘိသိက်သွန်းမြှောက်ခဲ့ကြသည်။ ရောမမြို့တွင် ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ်က ဂိုဏ်းချုပ်ဘုန်းတော်ကြီးသစ် ၁၂ ဦးအား ဘိသိက်သွန်းမြှောက်ခြင်းမပြုမီ နာရီပိုင်းအလို၌ ပေကျင်းမြို့တွင် ဤကဲ့သို့ ပြုလုပ်လိုက်ခြင်းဖြစ်သည်။ ရိုမန်ကက်သလစ် ဂိုဏ်းချုပ်ဘုန်းတော်ကြီးများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းမှာ ပုပ်ရဟန်းမင်းကြီး၏ သီးသန့်လုပ်ပိုင်ခွင့် အာဏာဖြစ်သည်။ ပုပ်ရဟန်းမင်းကြီးသည် သင်းကွဲပြည်နယ်ဖြစ်သည့် ထိုင်ဝမ်နှင့်သံတမန်ဆက်သွယ်ထားသောကြောင့် တရုတ်အစိုးရနှင့် ပုပ်ရဟန်းမင်းကြီးတို့အကြား ညှိနှိုင်းဆွေးနွေးမှုများရှိခဲ့သည်။ သို့ရာတွင် ဂိုဏ်းချုပ်ဘုန်းတော်ကြီးများကို ယခုကဲ့သို့ စင်ပြိုင်တင်မြှောက်လိုက်သဖြင့် နှစ်ဘက်ဆွေးနွေးညှိနှိုင်းမှုများ ရပ်ဆိုင်းသွားခဲ့သည်။

ဖာလွန်ကောင်ဂိုဏ်းနှင့် အဆက်အသွယ်ရှိသူ လေတပ်ဗိုလ်ချုပ်ကြီးဟောင်းအား ထောင်ဒဏ်ချမှတ်လိုက်ခြင်း– တရုတ်ပြည်သူများအား လွဲမှားသောအတွေးအခေါ် အကျင့်အကြံများကို ဖြစ်ပေါ်စေသည့် ဖာလွန်ကောင်ဂိုဏ်းအား မိစ္ဆာဒိဋ္ဌိဂိုဏ်းအဖြစ် တရုတ်ပြည်၌ သတ်မှတ်ပိတ်ပင်ထားသည်။ ဟောင်ကောင်အခြေစိုက် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီလှုပ်ရှားမှုသတင်းဗဟိုဌာန၏ ဇန်နဝါရီလ ၁၄ ရက်နေ့က သတင်းထုတ်ပြန်ချက်အရ တရုတ်လေတပ်မှ အငြိမ်းစားဗိုလ်ချုပ်ကြီးယုချွန်စင်းအား ဖာလွန်ကောင်ဂိုဏ်းနှင့် အဆက်အသွယ်ရှိမှုကြောင့် ထောင်ဒဏ် ၁၇ နှစ်ချမှတ်လိုက်ကြောင်း သိရှိရသည်။ မိစ္ဆာဒိဋ္ဌိဂိုဏ်းဝင်များအား အပြစ်ပေးရာတွင် ယခုပြစ်ဒဏ်ချမှတ်ချက်သည် အပြင်းထန်ဆုံးပြစ်ဒဏ်ဖြစ်သည်။

စီးပွားရေးရာများ – ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် အဖွဲ့ဝင်ဖြစ်နိုင်ရေးကိုမျှော်မှန်းလျက် တရုတ်နိုင်ငံသည် ပိုလျှံကုန်ထုတ်

လုပ်မှုများကို လျှော့ချရန်စီစဉ်လျက်ရှိသည်။ သို့ဖြစ်၍ ၂၀၀၀ ပြည့်နှစ်အတွင်းသံမဏိအရည်ကျိုစက်နှင့် သံမဏိစက်ရုံပေါင်း ၂၅၀၀ ကျော်တို့ကို ပိတ်ပစ်ရန်ဆောင်ရွက်နေသည်။

နိုင်ငံတော်ဖွံ့ဖြိုးရေး စီမံကိန်းကော်မရှင်မှ ဒုတိယဝန်ကြီး ဝမ်ချွန်းချိန်က တရုတ်ပြည်တောင်ပိုင်းမှ ရေများကိုမြောက်ပိုင်းသို့ လွှဲပြောင်းပေးပို့ရေးအစီအစဉ်ကို မပြစ်မနေဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဇန်နဝါရီလစောစောပိုင်းက ပြောကြားခဲ့သည်။ ဤအစီအစဉ်မှာ "တောင်ပိုင်းရေကို မြောက်ပိုင်းသို့ပို့ရေး" ဟူသော မော်စီတုန်း၏ လမ်းညွှန်ချက်နှင့်အညီဖြစ်သည်။ ဤအစီအစဉ်မှာ ကုန်ကျစရိတ်ကြီးမားခြင်း၊ ဖြစ်နိုင်ချေနည်းပါးခြင်း၊ လုပ်ငန်းပမာဏကြီးမားခြင်းတို့ကြောင့် အကြီးအကျယ်ငြင်းခုံ ဆွေးနွေးမှုများရှိနေသည်။ သို့ရာတွင် လက်ရှိခေါင်းဆောင်များက ဤအစီအစဉ်ကို ဖြစ်မြောက်အောင်ကြိုးပမ်းလျက်ရှိကြသည်။

လေထုညစ်ညမ်းမှုသက်သာစေရေးအတွက် စွမ်းအင်နှင့်ပတ်သက်ပြီး စီမံကိန်းကြီးနှစ်ရပ်ကို တရုတ်အစိုးရက တရားဝင် အသိအမှတ်ပြုလိုက်သည်။ အနောက်ပိုင်းရှိ ကျင်ဟိုင်းပြည်နယ်မှ အရှေ့ပိုင်းရှိလန်ကျိုးမြို့သို့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ဆက်သွယ်ရေးကို ဇန်နဝါရီလ ၃ ရက်နေ့က ကြေညာခဲ့သည်။ ထို့ပြင် တောင်ပိုင်းရှိကွမ်းတုံပြည်နယ်သို့ သဘာဝဓာတ်ငွေ့ရည် တင်သွင်းရေးစီမံကိန်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဇန်နဝါရီလ ၁၂ ရက်နေ့က ကြေညာခဲ့သည်။ နှစ်ပေါင်း ၂၀ ကာလအတွင်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံခန့်ရှိမည်ဖြစ်၍ ဥရောပနှင့် အမေရိကန်ကုမ္ပဏီများသည် သဘာဝဓာတ်ငွေ့ရည် တင်သွင်းရေးအတွက် စကားကမ်းလှမ်းနေကြောင်း သိရှိရသည်။

ရှုရားလုပ်ဖျက်သဘော်များရောက်ရှိလာခြင်း – ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက တရုတ်တို့ဝယ်ယူခဲ့သည့် ရှုရားလုပ်ဆော (မ်) ရေမဲန်နီအတန်းအစား ဖျက်သဘော်နှစ်စင်းသည် ဖေဖော်ဝါရီလ ၁၁–၁၂ ရက်နေ့များက သတ်မှတ်ဖော်ပြထားခြင်းမရှိသည့် တရုတ်ရေတပ်စခန်းသို့ ပထမဆုံးအသုတ်အဖြစ်ရောက်ရှိလာခဲ့သည်။ အမေရိကန်လေယာဉ်တင် စစ်သဘော်အုပ်စုအတွင်း ထိုးဖောက်ရေးသက်သက်အတွက် ရည်စူးတည်ဆောက်ထားသော ရှုရားလုပ်ဖျက်သဘော်များတွင် ဆန်းဘန်း (sunburn) အမည်ရှိ ဒုံးကျည်များပါရှိသည်။ ထိုဒုံးကျည်များသည် စစ်သဘော်များကို တိုက်ဖျက်နိုင်စွမ်းရှိသည်။ အမေရိကန်အရာရှိများက ၎င်းတို့၏ စစ်သဘော်များသည် ဖျက်သဘော်တို့ကို ရင်ဆိုင်ရန်အသင့်ရှိကြောင်း၊ ရှုရားလုပ်ဖျက်သဘော်များတွင် အဆင့်မြင့်နည်းပညာသုံး စစ်လက်နက်ပစ္စည်းကရိယာအသစ်အဆန်းများပါရှိနေ၍ တရုတ်တို့သည် ထိုသဘော်များကို ထိရောက်စွာအသုံးချနိုင်ရေးအတွက် အချိန်ယူရမည်ဖြစ်ကြောင်း ပြောကြားလျက်ရှိသည်။ ထိုင်ဝမ်တွင် သမ္မတသစ်တက်လာပြီး တရုတ်နှင့်ထိုင်ဝမ်တို့အကြား တင်းမာမှုမြင့်တက်ဆဲအချိန်တွင် ယခုကဲ့သို့ ဖျက်သဘော်များ ရောက်ရှိလာခြင်းဖြစ်သည်။ ဤဖျက်သဘော်များ ရောက်ရှိလာခြင်းသည် ထိုင်ဝမ်အား ခြိမ်းခြောက်ရန်ဟုတ်မဟုတ်မေးမြန်းရာ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက အချုပ်အခြာပိုင်နိုင်ငံတစ်ခုအနေဖြင့် မိမိ၏ ကာကွယ်ရေးစွမ်းရည်များကို မြှင့်တင်ခွင့်ရှိကြောင်း ပြန်ကြားပြောဆိုခဲ့သည်။

ကျိုပိန်ဖေးကွယ်လွန်သွားခြင်း– ဝါရင့်သံတမန်တစ်ဦးဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်း ဆောင်ရွက်ခဲ့ဖူးသော အသက် ၉၁ နှစ်ရှိ ကျိုပိန်ဖေးသည် ဖေဖော်ဝါရီလ ၁၀ ရက်နေ့ တွင် ပေကျင်းမြို့တော်၌ ကွယ်လွန်သွားခဲ့သည်။ ကျိုပိန်ဖေးသည် ၁၉၇၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် အမေရိကန်သမ္မတ ရစ်ချဒ်နစ်ဆင်သည် တရုတ်ပြည်သို့ အလည်လာရောက်စဉ်က ကျိုပိန်ဖေးသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ကျိုပိန်ဖေးသည် တရုတ်နှင့်အနောက်နိုင်ငံများစွာတို့က သံတမန်ပြန်လည်ဆက်သွယ်ရေးအတွက် များစွာအထောက်အကူပြုခဲ့သည်။ ၁၉၈၃ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်များအတွင်း သူသည် ဟောင်ကောင်နှင့်မကာအိုဆိုင်ရာ နိုင်ငံတော်ကောင်စီရုံး၏ ညွှန်ကြားရေးမှူးအဖြစ်ဆောင်ရွက်ခဲ့သည်။ ဟောင်ကောင်အား တရုတ်ပြည်သို့ ပြန်လည်လွှဲပြောင်းပေးရေးအတွက် ဗြိတိန်နှင့် ညှိနှိုင်းဆွေးနွေးရာတွင် သူသည် ထင်ရှားသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

ဘဲလ်ဂရိတ်၌ တရုတ်သံရုံးအား ဗုံးကြဲတိုက်ခိုက်မှုအတွက် စီအိုင်အေအရာရှိတစ်ဦး ရာထူးမှထုတ်ပယ်ခံရခြင်း – ယူဂိုဆလားဗီးယားနိုင်ငံ၊ ဘဲဂရိတ်မြို့၌ တရုတ်သံရုံးအား နေတိုးတပ်ဖွဲ့များက ဗုံးကြဲတိုက်ခိုက်စေခဲ့မှုနှင့် စပ်လျဉ်း၍ စီအိုင်အေအရာရှိတစ်ဦးအား ရာထူးမှ ထုတ်ပယ်လိုက်ပြီး ကျန် ၆ ဦးတို့အား သတိပေးလိုက်ကြောင်း ဗဟိုထောက်လှမ်းရေးအဖွဲ့ (စီအိုင်အေ) က ဧပြီလ ၇ ရက်နေ့တွင် ကြေညာခဲ့သည်။ စီအိုင်အေမှ ပြောရေးဆိုခွင့်ရှိသူ ဘီလ်ဟာတိုးက သက်သေခံအထောက်အထားများအရ ထိုသို့ ဗုံးကြဲတိုက်ခိုက်ခဲ့မှုမှာ ဝမ်းနည်းဖွယ်ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။ မူလရည်ရွယ်စဉ်က ယူဂိုဆလပ် လက်နက်ကိုယ်စားလှယ်

အဖွဲ့ရုံးကို တိုက်ခိုက်ရန်ဖြစ်သော်လည်း စီအိုင်အေအထက်တန်းအရာရှိတစ်ဦးက မြေပုံပေါ်၌ ဆောက်လုပ်ပြီးစ နှစ်နှစ်မျှသာရှိသေးသော အဆောက်အအုံကို ပစ်မှတ်အဖြစ် သတ်မှတ်ပေးခဲ့ရာမှ ယခုကဲ့သို့ မှားယွင်းထိမှန်ခဲ့ခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးရုံးမှ ပြောရေး ဆိုခွင့်ရှိသူ ကျူပန်ချောက စီအိုင်အေ၏ ဖြေရှင်းချက်သည် ကြောင်းကျိုးဆီလျော်မှုတမှုမရှိဘဲ ယုံကြည်ရန် ခဲယဉ်းကြောင်း ပြောကြားခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် ထိုဖြစ်ရပ်အတွက် ဝန်ချတောင်းပန်ခဲ့ပြီး တရုတ်အာဏာပိုင်များ၊ သေဆုံးသူတို့ ကျန်ရစ်သူမိသားစုများနှင့် ဒဏ်ရာရခဲ့သူတို့အတွက် လျော်ကြေးငွေအမြောက်အမြားကို ပေးခဲ့ရသည်။


အမေရိကန် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး၏ တရုတ်ခရီးစဉ်– ပြေီလ ၆–၇ ရက်နေ့များတွင် အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဝီလျမ်ဒါလေသည် တရုတ်ပြည်သို့ သွားရောက်ခဲ့သည်။ ကူးသန်းရောင်းဝယ်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ တရုတ်–အမေရိကန်ကော်မရှင်၏ ၁၃ ကြိမ်အစည်းအဝေးသို့ မတက်ရောက်မီ သူသည် တရုတ်သမ္မတကျန်ဇီမင်းနှင့် တွေ့ဆုံခဲ့သည်။ သမ္မတကျန်ဇီမင်းက ကြိုဆိုမိန့်ခွန်းပြောကြားရာ၌ နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်ဖြစ်ထွန်းရေးအတွက် တရုတ်နှင့်အမေရိကန်ပြည်ထောင်စုတို့သည်ပူးပေါင်းဆောင်ရွက်မှုကို တိုးတက်ခိုင်မာစေရန် ကြိုးပမ်းသင့်ကြောင်း တိုက်တွန်း ခဲ့သည်။ အစည်းအဝေးအပြီးတွင် အမေရိကန်ဝန်ကြီးဒါလေက တရုတ်ပြည်သည် သော့ချက်ကျသော စီးပွားရေးပြုပြင်မှုလုပ်ငန်းများ၌ တိုးတက်အောင်မြင်မှုရှိသည်ကို တွေ့မြင်ရကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့တွင် တရုတ်နိုင်ငံ ပါဝင်ခွင့်ရရှိရေးအတွက် နှစ်နိုင်ငံမှ အရာရှိများသည် အနီးကပ်ပူးတွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန် စိုက်ပျိုးရေးဝန်ကြီး ဒန်ဂလစ်မဲန်းခေါင်းဆောင်သော ဥပဒေပြုလွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် ပြေီလနှောင်းပိုင်းတွင် တရုတ်ပြည်သို့ အလည်အပတ်သွားရောက်ခဲ့ကြသည်။

ဤသို့ အလည်အပတ် လာရောက်မှုများသည် အမေရိကန်ကွန်ဂရက်က တရုတ်နိုင်ငံအား အမြဲတမ်းသာမန်ကုန်သွယ်ဘက်နိုင်ငံအဖြစ် ခွင့်ပြုသတ်မှတ်ရေးအတွက် အထောက်အကူပြုခဲ့သည်။

အမေရိကန်ကုန်သွယ်ရေး ဥပဒေကြမ်း – တရုတ်ပြည် အား အမြဲတမ်းသာမန်ကုန်သွယ်ဘက် နိုင်ငံအဖြစ်သတ်မှတ်ခွင့်ပြုရေးဥပဒေကြမ်းကို ကွန်ဂရက်အောက်လွှတ်တော်က မေလ ၂၄ ရက်နေ့တွင် မဲအပြတ်အသတ်ဖြင့် အတည်ပြုဆုံးဖြတ်ခဲ့သည်။ ဤသို့ ဆုံးဖြတ်လိုက်သဖြင့် တရုတ်ပြည်သည် အမေရိကန်ပြည်ထောင်စု၏ အခြားကုန်သွယ်ဘက်နိုင်ငံများနှင့် တန်းတူရည်တူဖြစ်သွားသည်။ ထို့ကြောင့် အမြဲတမ်းသာမန်ကုန်သွယ်ဘက် နိုင်ငံအဖြစ် သတ်မှတ်ရေးကို နှစ်စဉ်ဆုံးဖြတ်နေရန် မလိုတော့ပေ။ ထို့ပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တရုတ်ပြည်ပါဝင်ခွင့် ရရှိရေးလမ်းကြောင်းမှာ ချောမောဖြောင့်တန်းသွားစေခဲ့သည်။

တရုတ်–အမေရိကန်ဆက်ဆံရေး – ဘဲလ်ဂရိတ်မြို့၌ တရုတ်သံရုံးကို ဗုံးကြဲပြီးသည်မှစ၍ တရုတ်–အမေရိကန်ဆက်ဆံရေးမှာ တင်းမာနေခဲ့သည်။ ထိုဖြစ်ရပ်ပေါ်ပေါက်ပြီးနောက် တရုတ်ပြည်သို့လာရောက်သော အဆင့်အမြင့်ဆုံးပုဂ္ဂိုလ်အနေ



စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသော ရှန်ဟိုင်းမြို့တွင် မိုးမျှော်အဆောက်အအုံများ တစ်စတစ်စတိုးတက်များပြားတည်ဆောက်လာနေပြီဖြစ်သည်

ဖြင့် ဇွန်လ ၂၂ ရက်နေ့က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မက်ဒလိန်းအောလ်ဘရိုက်သည် သမ္မတကျန်ဇီမင်း၊ နိုင်ငံခြားရေးဝန်ကြီးတန်ကျားရှွမ်တို့နှင့် တွေ့ဆုံရန် လာရောက်ခဲ့သည်။ အောလ်ဘရိုက်က ထိုင်ဝမ်သမ္မတသစ် ချိန်ရှွီးဗျင်၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်များကို တရုတ်ပြည်က စဉ်းစားပေးသင့်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် သူက တရုတ်ပြည်၏ လူ့အခွင့်အရေး ဆောင်ရွက်ချက်များ တိုးတက်လာမှုကိုလည်း ဝေဖန်ခဲ့သည်။ တန်ကျားရှွမ်က အောလ်ဘရိုက်၏ စွပ်စွဲချက်များကို ပယ်ချခဲ့သည်။ ထို့ပြင် ထိုင်ဝမ်သို့ အမေရိကန်စစ်ရေးအကူအညီပေးနေမှုများကိုလည်း အမြန်ဆုံးရပ်ဆိုင်းရန် တောင်းဆိုခဲ့သည်။


"ကိုယ်စားပြုမှုသုံးရပ်" သဘောတရား – ဇွန်လ ၁၇ ရက်နေ့ထုတ် The Economist မဂ္ဂဇင်း၌ အနာဂတ်ကွန်မြူနစ်ဝါဒနှင့် ပတ်သက်၍ သမ္မတကြီးကျန်ဇီမင်းက နိုင်ငံရေးသဘောတရားသစ်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြောင်း ဖော်ပြထားသည်။ ထိုသဘောတရားသစ်အရ တရုတ်ကွန်မြူနစ်ပါတီသည် (၁) တရုတ်ပြည်မှ အဆင့်မြင့် လူမှုကုန်ထုတ်စွမ်းအားစုများ၏ ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များကို အမြဲတမ်းကိုယ်စားပြုကြောင်း (၂) တရုတ်ပြည်မှ အဆင့်မြင့်ယဉ်ကျေးမှုဆက်လက်ချီတက်ရေး ဦးတည်ချက်ကို အမြဲတမ်းကိုယ်စားပြုကြောင်း (၃) တရုတ်ပြည်ရှိ ကျယ်ပြန့်သော ပြည်သူလူထု၏ အခြေခံအကျိုးစီးပွားကို အမြဲတမ်းကိုယ်စားပြုကြောင်းတို့ကို ဖော်ညွှန်းထားသည်။ ကျန်ဇီမင်း၏သဘောတရားသည် တစ်နေ့တစ်ချိန်တွင် တရုတ်ပြည်၌ တစ်ပါတီစနစ်ကို စွန့်လွှတ်ရမည်ဟု အဆင့်မြင့်ပညာရှင်များအတွင်း ဖြစ်ပေါ်နေသည့် အယူအဆကို ချေဖျက်ရန်ဖြစ်ကြောင်း အဆိုပါဆောင်းပါးက ဆက်လက် ဖော်ပြထားကြောင်း တွေ့ရှိရသည်။

မူးယစ်ဆေးဝါးရောင်းဝယ်သူတို့အား အစုအပြုလိုက် ကွပ်မျက်လိုက်ခြင်း – ဇွန်လအတွင်းက မူးယစ်ဆေးဝါးရောင်းဝယ်သူ ၇၂ ဦးတို့အား တရုတ်အာဏာပိုင်များက ကွပ်မျက်လိုက်သည်။ ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါးနေ့ကို အထိမ်းအမှတ်ပြုသောအားဖြင့် ဇွန်လ ၂၆ ရက်နေ့တွင် ပြစ်မှုကျူးလွန်သူ ၁၀ ဦးတို့အား ကွပ်မျက်လိုက်သည်။ ထိုနေ့တွင် နိုင်ငံတော်ကောင်စီက မူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒစာတမ်းကို ထုတ်ပြန်ခဲ့သည်။ ထိုမူဝါဒစာတမ်း၌ အောင်မြင်မှုများကို ဖော်ပြထားပြီး တရုတ်ပြည်၌ မူးယစ်ဆေးဝါးသုံးစွဲမှုများမှာ ပျံ့နှံ့ဆဲဖြစ်ပြီး ရေရှည်တိုက်ပွဲဆင်ရဦးမည်ဖြစ်ကြောင်း ဝန်ခံဖော်ပြထားခဲ့သည်။

ရုရှားသမ္မတပူတင်၏ ခရီးစဉ် – ဇူလိုင်လ ၁၇–၁၉ ရက်နေ့များက ရုရှားသမ္မတဗလာဒီမာပူတင်သည် တရုတ်ပြည်သို့ အလည်အပတ်ရောက်ရှိလာခဲ့သည်။ သမ္မတကျန်ဇီမင်း၊ တရုတ်ထိပ်တန်းအရာရှိများနှင့် ဆွေးနွေးညှိနှိုင်းခဲ့သည်။ ပူတင်နှင့် ကျန်ဇီမင်းတို့၏ ပူးတွဲကြေညာချက်တွင် အမေရိကန်အပြည်ထောင်စု၏ အမျိုးသားဒုံးကျည် ကာကွယ်ရေးစနစ်တည်ဆောက်မည့်အစီအစဉ်ကို ပြစ်တင်ရှုတ်ချခဲ့ကြသည်။ ထိပ်သီးခေါင်းဆောင်နှစ်ဦးတို့၏ တွေ့ဆုံမှုသည် ရုရှား–တရုတ်တို့၏ ဆက်ဆံရေးကို အဆင့်မြှင့်တင်လိုက်ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ထိပ်သီးဆွေးနွေးပွဲ ကျင်းပနေစဉ်အတွင်း စမ်းသပ်မှုပြုလုပ်နိုင်သော အဏုမြူတတ်ပေါင်းဖိုတစ်ခုကို ပူးတွဲတည်ဆောက်ရေး၊ ဘဏ်လုပ်ငန်း၊ စွမ်းအင်လွှဲပြောင်းရေး၊ ပညာရေးတို့နှင့်စပ်လျဉ်း၍ နှစ်နိုင်ငံသဘောတူညီမှု စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ဥရောပသမဂ္ဂနှင့် ပူးတွဲ၍ လူကုန်ကူးမှုတိုက်ဖျက်ရေး – ဂျူလိုင်လဆန်းပိုင်းက ဝန်ကြီးချုပ်ကျူရှုန်ကျီသည် ဥရောပသမဂ္ဂအဖွဲ့အစည်းများကို လေ့လာရန် ဘယ် (လ်) ဂျီယမ်နိုင်ငံ ဘရပ်ဆဲလ် (စ်) မြို့သို့ ရောက်ခဲ့သည်။ တရုတ်နှင့် ဥရောပသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ရန် သဘောတူညီမှုများရခဲ့သည်။ ထိုသဘောတူညီမှုများတွင် ဂိုဏ်းဖွဲ့သောင်းကျန်းနေသော နိုင်ငံတကာလူဆိုးဂိုဏ်းများ၏ လူကုန်ကူးမှု တိုက်ဖျက်ရေးလည်းပါဝင်ခဲ့သည်။ ဗြိတိန်နိုင်ငံသို့ တရုတ်ပြည်မှ တရားမဝင်ဘဲ ဝင်ရောက်ခဲ့သူ ၅၈ ဦးတို့သည် ဇွန်လအတွင်းက သေဆုံးခဲ့ကြရသည်။ ထို့ကြောင့် ယခုကဲ့သို့ လူကုန်ကူးမှုတိုက်ဖျက်ရေး သဘောတူညီမှုကို ဇူလိုင်လ ၁၁ ရက်နေ့က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အကျင့်ပျက်လာဘ်စားမှု တိုက်ဖျက်ရေး – ဇူလိုင်လ ၃၁ ရက်နေ့တွင် အမျိုးသားလုံးဆိုင်ရာပြည်သူ့ကွန်ဂရက် (National People's Congress) ၏ ဒုတိယဥက္ကဋ္ဌဖြစ်သော ချိန်ကေကျီးအား လာဘ်ငွေ ယွမ် ၄၁ သန်းလက်ခံရယူမှုဖြင့် သေဒဏ်ချမှတ်လိုက်သည်။ ချိန်ကေကျီးသည် ၁၉၉၂ ခုနှစ်မှ ၁၉၉၈ ခုနှစ်များအတွင်းက ကွမ်စီချွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၌ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်စဉ် အဆိုပါလာဘ်ငွေများကို ရယူခဲ့သည်။ အကျင့်ပျက်လာဘ်စားမှုဖြင့် သေဒဏ်ချမှတ်ခံရမှုတို့တွင် ချိန်ကေကျီးသည် ရာထူးအမြင့်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ကွမ်တုံပြည်နယ် ရှိန်ကျင်မြို့တော်မှ ဒုတိယမြို့တော်ဝန် ဝမ်ကျူမှာလည်း ရာထူးအာဏာအလွဲသုံးစားပြုမှုဖြင့် ဖမ်းဆီးခံထားရကြောင်း သိရှိရသည်။ ဝမ်ကျူနှင့်အတူ အခြား



တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ပြည်နယ်များနှင့် ဆက်သွယ်သော ဤကဲ့သို့သောအဝေးပြေးလမ်းမကြီးများ နိုင်ငံအနှံ့ကျယ်ကျယ်ပြန့်ပြန့်တည်ဆောက်ရန် မျှော်မှန်းထားပေသည်

အထက်တန်းအရာရှိများကိုလည်း မြေနေရာအရောင်းအဝယ် ကိစ္စများကို အတည်ပြုပေးမှု၊ နိုင်ငံတော်ချေးငွေများရရှိအောင် အတည်ပြုပေးမှုတို့၌ မမှန်မကန်လုပ်ဆောင်မှုများကြောင့် စုံစမ်းစစ်ဆေးနေကြောင်း သိရှိရသည်။

ပြည်လုံးကျွတ်ထီမှ ထွက်ပေါ်လာမည့် သက်ကြီးပင်စင်များ – တရုတ်ပြည်တွင် အသက် ၆၀ ကျော်သူ အရေအတွက်မှာ ၁၀ ရာခိုင်နှုန်းကျော် ဖြစ်နေသည်။ တရုတ်ပြည်သည် ကမ္ဘာပေါ်တွင် အသက်ကြီးရင့်သူအများဆုံး တိုးပွားနေသော နိုင်ငံဖြစ်သည်။ သို့ဖြစ်၍ သက်ကြီးပင်စင်ပေးရေးစီမံကိန်းများမှာ အနာဂတ်လိုအပ်ချက်အတွက် မလုံမလောက်ဖြစ်လာသည်။ ထို့ကြောင့် အသက်ကြီး၍ အလုပ်မှအနားယူသွားသူများအတွက် ပင်စင်ပေးနိုင်ရေး၊ အသက်ကြီးသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် အခြားသက်သာချောင်ချိရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ၂၀၀၀ ပြည့်နှစ် စက်တင်ဘာလဆန်းမှစ၍ ပြည်လုံးကျွတ်ထီဖွင့်ပွဲကို လေးလ တာမျှ စမ်းသပ်ပြုလုပ်ခဲ့သည်။ ပြည်လုံးကျွတ်ထီမှ ရရှိလာသော ဝင်ငွေ ၄၇ ရာခိုင်နှုန်းကို အသက်ကြီးသူများအတွက် အသုံးပြုရန်လျာထား သတ်မှတ်ခဲ့သည်။ လွန်ခဲ့သော နှစ်အတန်ကြာကပင် တရုတ်အစိုးရသည် အချို့ပြည်နယ်မြို့ကြီးများ ထီဖွင့်ပွဲများ ပြုလုပ်ခွင့်ပေးခဲ့သည်။ ယခုတစ်ဖန် ပြည်လုံးကျွတ်ထီကို စမ်းသပ်ဖွင့်ပေးလိုက်ခြင်းသည် လောင်းကစားမှုများကို ပိတ်ပင်တားမြစ်ထားခြင်းနှင့် စပ်လျဉ်း၍ တစ်ထစ်တိုးမြှင့်လျှော့ပေးလိုက်ခြင်း ဖြစ်သည်ဟု ယူဆရပေသည်။

ဂျပန်၊ အမေရိကန်တို့နှင့် ဆက်ဆံရေး – စက်တင်ဘာလအတွင်း ဂျပန်ပို့ဆောင်ရေးဝန်ကြီး ဟာဂျီမေမိုရိကာအား

တရုတ်ပြည်သို့ လာရောက်ခွင့်ပေးထားခြင်းကို တရုတ်တို့ ဘက်မှ ရုပ်သိမ်းလိုက်သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးရုံး ကမူ ထိုသို့ရုပ်သိမ်းခဲ့ခြင်းမှာ တရုတ်ခေါင်းဆောင်များ တွေ့ဆုံ ဆွေးနွေးရေး အစီအစဉ်များပြုလုပ်ရန် ခဲယဉ်းသောကြောင့်ဟု ပြောဆိုခဲ့သည်။ ဂျပန်ဝန်ကြီးမိုရိကာသည် တရုတ်ပြည်သို့ မသွားမီ ယာစုကူနီသင်းချိုင်းသို့ သွားရောက်ဂါရဝပြုခဲ့သည်။ ယာစုကူနီသည် ကမ္ဘာစစ်အတွင်းက ကျဆုံးခဲ့သူ ဂျပန်စစ်သည် များအား ဂုဏ်ပြုသည့်သင်းချိုင်းဖြစ်သည်။ ထိုသင်းချိုင်းအား ဂျပန်ခေါင်းဆောင်များက အလေးအမြတ်ထားခြင်းနှင့် စပ်လျဉ်း၍ တရုတ်နှင့် ဂျပန်တို့အကြား အငြင်းပွားဖွယ်ရာဖြစ် ခဲ့သည်။ ယခုလည်း ဂျပန်ဝန်ကြီးမိုရိကာ၏ အပြုအမူကို ကန့်ကွက်သည့်အနေဖြင့် တရုတ်ပြည်သို့ လာရောက်ခွင့်ကို ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်ဟု ယူဆရသည်။

ယူဂိုဆလားဗီးယားရှိ တရုတ်သံရုံးကို ဗုံးကြဲတိုက်ခိုက်ပြီး နောက်ပိုင်း တရုတ်နှင့် အမေရိကန်ဆက်ဆံရေးမှာ တင်းမာခဲ့ သည်။ စစ်တပ်အချင်းချင်း ဆက်ဆံမှုများကိုလည်း ရပ်ဆိုင်း ထားခဲ့သည်။ သို့ရာတွင် ဩဂုတ်လ ၂ ရက်နေ့မှ ၅ ရက်နေ့ အထိကာလအတွင်း အမေရိကန်စစ်သင်္ဘောချန်ဆယ်လာဗီးလ် သည် ပေကျင်းမြို့၏ အရှေ့တောင်ဘက်ကီလိုမီတာ ၅၆၀ အကွာရှိ ကျင်းတောင်ဆိပ်ကမ်းသို့ ဆိုက်ကပ်ခွင့်ပေးခဲ့သည်။ ဤသည်မှာ တရုတ်နှင့် အမေရိကန်တို့အကြား စစ်တပ်အချင်း ချင်းဆက်ဆံမှု ပြန်လည်ရှင်သန်လာခြင်း၏ ရှေ့ပြေးနိမိတ် ဖြစ်ပေသည်။ တရုတ်စစ်သင်္ဘောများလည်း အမေရိကန် ပြည်ထောင်စုသို့ သွားရောက်လည်ပတ်ဦးမည်ဟု တရုတ် အရာရှိများက ပြောဆိုလျက်ရှိကြသည်။

ကုန်သွယ်မှုဥပဒေကြမ်းကို အမေရိကန်က အတည်ပြုလိုက် ခြင်း – တရုတ်ပြည်အား အမြဲတမ်းသာမန်ကုန်သွယ်ဘက် နိုင်ငံအဖြစ် အသိအမှတ်ပြုရေးဥပဒေကြမ်းကို အမေရိကန် ဆီးနိတ်လွှတ်တော်က စက်တင်ဘာလ ၁၉ ရက်နေ့တွင် အတည်ပြုပေးလိုက်သည်။ ထောက်ခံမဲ ၈၃ မဲ၊ ကန့်ကွက်မဲ ၁၅ မဲဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။ တရုတ်နှင့် အမေရိကန် ပြည်ထောင်စုတို့အကြား ကုန်သွယ်ရေးကိစ္စကို အမေရိကန် ကွန်ဂရက်က အတည်ပြုလိုက်သည့်အတွက် တရုတ်ပြည်မှ အမေရိကန်သို့ ရောင်းချသောကုန်ပစ္စည်းများအပေါ် အလား တူ အခြားကုန်သွယ်ဘက်နိုင်ငံများကဲ့သို့ပင် အကောက်ခွန် လျှော့ချပေးရမည်ဖြစ်သည်။ အလားတူစွာ တရုတ်တို့ဘက်က လည်း အမေရိကန်ကုန်ပစ္စည်းများအပေါ် အကောက်ခွန်နှုန်း ကို ပျမ်းမျှ ၂၅ မှ ၉ ရာခိုင်နှုန်းအထိ လျှော့ချပေးရမည်ဖြစ် သည့်အပြင် တရုတ်ပြည်၌ အမေရိကန်ကုမ္ပဏီများတိုးချဲ့ခွင့် ကို ပိတ်ပင်ထားသော အဟန့်အတားများကို ပယ်ဖျက်ပေးရ မည်ဖြစ်သည်။

ငွေကြေးထိန်းချုပ်ထားမှု လျှော့ပေးလိုက်ခြင်း – တပြည်း ပြည်းချင်းနှင့် တရုတ်ယွမ်ငွေအား လွတ်လပ်စွာကူးသန်း ရောင်းဝယ်ခွင့် ရှိလာစေရေးကို ရှေးရှုပြီး စက်တင်ဘာလ ၅ ရက်နေ့တွင် တရုတ်ပြည်သူ့ဘဏ် (ဗဟိုဘဏ်) က နိုင်ငံခြား ငွေများ ချေးယူခြင်းနှင့် ဘဏ်အပ်နှံခြင်းတို့အပေါ် ထိန်းချုပ် ထားမှုများအား လျှော့ချပေးခဲ့သည်။ ဘဏ်တိုးနှုန်းပိုမိုမြင့်မား သော ကမ်းလွန်နိုင်ငံခြားငွေဈေးကွက်မှ နိုင်ငံခြားငွေများ ပြည်တွင်းသို့ဝင်ရောက်လာခြင်းကို ဟန့်တားနိုင်ရန် ဤသို့ ငွေကြေးထိန်းချုပ်မှုများကို လျှော့ချပေးလိုက်ခြင်းဖြစ်သည်။ ငွေကြေးစီမံကိန်းနှင့် ငွေကြေးစီမံခန့်ခွဲမှုတို့တွင် တရုတ်အစိုးရ သည် ခေတ်နှင့် အညီ ပြောင်းလဲတိုးတက်ရေးအတွက် အမြော် အမြင်ရှိစွာဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကွန်မြူနစ်ပါတီ ဗဟိုကော်မတီမျက်နှာစုံညီ အစည်းအဝေး – အောက်တိုဘာလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ တရုတ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီမျက်နှာစုံညီ အစည်းအဝေးကို ကျင်းပခဲ့သည်။ ထိုအစည်းအဝေးက ၂၀၀၁–၂၀၀၅ ခုနှစ်များ အတွက် ၁၀ ကြိမ်မြောက် ၅ နှစ် စီမံကိန်းဆိုင်ရာ အဆိုပြုချက် များကို အတည်ပြုပေးခဲ့သည်။ ထို့ပြင် ဒီမိုကရေစီကျသော နိုင်ငံရေးတည်ဆောက်မှု အရှိန်အဟုန်တိုးမြှင့်ရေး၊ အဆုံး အဖြတ်များချမှတ်ရေးတွင် သိပ္ပံနည်းကျဖြစ်ရေး၊ ဒီမိုကရေစီ ကျရေး၊ နိုင်ငံရေးတွင် ကျယ်ပြန့်သောပြည်သူများ စည်းစနစ် ကျနစွာပါဝင်လာရေးတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။ ဗဟိုကော်မတီက ဤသို့ဆုံးဖြတ်ချက်များ ချမှတ်ခြင်းသည် အနောက်တိုင်း ပါတီစုံဒီမိုကရေစီပုံစံကို လိုက်နာဆောင်ရွက်ရန် မဟုတ်ဘဲ နိုင်ငံရေးပြုပြင်ပြောင်းလဲ မှုများ ပြုလုပ်၍ နိုင်ငံရေးအယူအဆနှင့် သဘောထားအမျိုးမျိုး ဖော်ထုတ်ခွင့်တို့အတွက် လိုက်လျောမှုများရှိလာစေရေးသာ ဖြစ်ကြောင်း အကဲခတ်သမားများက ပြောဆိုနေကြသည်။

စီးပွားရေးနှင့် ပတ်သက်ပြီး ဗဟိုကော်မတီသည် ပုဂ္ဂလိက လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေး၊ တံခါးဖွင့်စီးပွားရေးဝါဒ ကျင့်သုံးရေးတို့ကို အားပေးထောက်ခံ လမ်းညွှန်သွားမည်ဖြစ် ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။ အစည်းအဝေးအပြီး ထုတ်ပြန် သော သတင်းကြေညာချက်၌ "ဆိုရှယ်လစ်တရားဥပဒေစိုးမိုး ရေး" ၏ အရေးကြီးပုံကို ဖော်ပြလျက် ဆိုရှယ်လစ်စနစ်နှင့် အညီ တရားဥပဒေများ ဖြစ်ထွန်းပေါ်ပေါက်စိုးမိုးရန် လိုအပ် ပုံတို့ကို ဖော်ပြခဲ့သည်။

ဗဟိုကော်မတီ စုံညီအစည်းအဝေးတွင် ဝန်ကြီးချုပ် ကျူရွန့်ကျီက မြောက်ပိုင်းပြည်နယ်များ၌ မိုးခေါင်ရေရှားဖြစ်မှုဒဏ်ကို ခံခဲ့ရကြောင်း၊ ထိုအဖြစ်ဆိုးမှ ကယ်တင်ရေးအတွက် တောင်ပိုင်းရှိ ယန်စီမြစ်ရေများကို မြောက်ပိုင်းရှိမြစ်ဝါမြစ်သို့ ကူးပြောင်းပေးနိုင်ရန် တူးမြောင်းများ၊ ရေလှောင်ကန်များကို တည်ဆောက်ပေးဖို့ လိုအပ်ကြောင်းများကို တင်ပြခဲ့သည်။ ယင်းစီမံကိန်း ဖြစ်မြောက်ပြီးစီးရေးအတွက် အချိန်ကာလ ၁၀ နှစ်ကြာပြီး ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံဖြစ်သည်။ ဤစီမံကိန်းကို ပြည်သူ့နေ့စဉ်သတင်းစာ ခေါင်းကြီးပိုင်းက ချီးမွမ်းအားပေးထောက်ခံခဲ့သည်။

ကာကွယ်ရေးစက္ကူဖြူစာတမ်း – တရုတ်ပြည်၏ ကာကွယ်ရေးမူဝါဒနှင့် အစီအစဉ်ကို ဖော်ပြသော စက္ကူဖြူစာတမ်းကို တရုတ်အစိုးရက အောက်တိုဘာလ ၁၆ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။ ထိုသတင်းစာ၌ တရုတ်ပြည်၏ ထိုင်ဝမ်နှင့် ဆက်ဆံရေးအခြေအနေမှာ “ရှုပ်ထွေးဆိုးရွား” နေကြောင်း၊ ထိုင်ဝမ်က လွတ်လပ်ရေးကို ကြေညာလိုက်လျှင် ဖြစ်စေ၊ ပြန်လည်ပေါင်းစည်းရေး အကန်အသတ်ရွှေ့ဆိုင်းလိုက်လျှင် ဖြစ်စေ အင်အားကိုအသုံးပြုရမည်ဖြစ်ကြောင်း ထပ်မံဖော်ပြထားသည်။ ထို့ပြင် အမေရိကန်နှင့် ဂျပန်တို့သည် စစ်မျက်နှာဒုံးကျည်ကာကွယ်ရေးစနစ် (Theatre Missile Defence-TMD) အတွက် သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေသဖြင့် တရုတ်ပြည်၏ ကာကွယ်ရေးစွမ်းရည်ကို တိုးချဲ့မြှင့်တင်ခြင်းမှာ မှန်ကန်တရားမျှတကြောင်း ထိုစာတမ်း၌ ဖော်ပြထားသည်။

စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုများ – အောက်တိုဘာလ ၁၆ ရက်နေ့တွင် အမျိုးသားစာရင်းအင်းဗျူရိုက ထုတ်ပြန်ကြေညာချက်အရ ၂၀၀၀ ပြည့်နှစ် တတိယသုံးလပတ်အတွင်း ဂျီဒီပီ တိုးတက်မှုနှုန်းသည် ၈.၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ထို့ကြောင့် နှစ်အလိုက်တိုးတက်မှုနှုန်းသည် အစိုးရက ခန့်မှန်းထားသည့် ၇.၅ ရာခိုင်နှုန်းကို ပြည့်မီကျော်လွန်မည်မှာ သေချာကြောင်း သိရှိရသည်။ မြို့ပြ၌ ဝင်ငွေတိုးတက်မှုနှုန်းမှာ ၈.၄ ရာခိုင်နှုန်းရှိပြီး ကျေးလက်ဒေသဝင်ငွေ တိုးတက်မှုနှုန်းမှာ ၂.၅ ရာခိုင်နှုန်းသာဖြစ်နေ၍ မြို့နှင့်ကျေးလက်တို့အကြား ကွာဟချက်ကြီးမားဆဲဖြစ်ကြောင်းကို ဖော်ပြထားသည်။ မိုးခေါင်ရေရှားမှု အနှံ့အပြားဖြစ်ပေါ်ခဲ့ခြင်းကြောင့် သီးနှံအထွက်သည် ၁၉၉၉ ခုနှစ်က တန်ချိန် ၅၀၈ သန်းရှိခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်တွင် တန်ချိန် ၄၉၀ သန်းအထိ ကျဆင်းခဲ့သည်။ သို့ဖြစ်၍ မြို့နှင့် ကျေးလက်တို့ အကြား ဝင်ငွေကွာဟချက် ဖြစ်ခဲ့ရသည်ဟု အဆိုပါကြေညာ ချက်၌ ဖော်ပြထားသည်။

အောက်တိုဘာလ ၂၃ ရက်နေ့က ပေကျင်းမြို့၌ တရုတ်နှင့် ဥရောပသမဂ္ဂတို့၏ ထိပ်သီးအစည်းအဝေးကျင်းပခဲ့သည်။ ဝန်ကြီးချုပ် လျူရွန့်ကျီနှင့် ပြင်သစ်သမ္မတဂျက်(ခ်)ရှီရပ်တို့ အပြင် ဥရောပသမဂ္ဂ၏ ကုန်သွယ်ရေးမင်းကြီးပတ်(ခ်)ကယ်လာမီ၊ ဥရောပကော်မရှင်ဥက္ကဋ္ဌ ရိုမန်နိုပရိုဒီ၊ တရုတ်၊ ဥရောပတို့မှ အရာရှိများ၊ စီးပွားရေးလုပ်ငန်းရှင်များ ၄၀၀ ကျော်တို့ တက်ရောက်ခဲ့ကြသည်။ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့ကို ဆွေးနွေးခဲ့ကြသည်။

ဖူးကျင့်ပြည်နယ်မှ မှောင်ခိုဂိုဏ်းသားတို့အား သေဒဏ်ချမှတ်လိုက်ခြင်း – ဖူးကျင့်ပြည်နယ်မှ မြို့ကြီး ၅ မြို့တွင် ယွမ်ငွေ ၅၀ ဘီလီယံတန်ဖိုးရှိသော မှောင်ခိုလာဘ်စားမှုတွင် ပါဝင်ခဲ့သူ ၁၄ ဦးတို့အား သေဒဏ်ချမှတ်ခဲ့သည်။ သေဒဏ်ချမှတ်ခံရသူတို့သည် ဒေသဆိုင်ရာအာဏာပိုင်များဖြစ်ခဲ့ကြသည်။ ရှားမင်းကွန်မြူနစ်ပါတီ တွဲဖက်အတွင်းရေးမှူးလျူဖိန်းနှင့် အခြား ၁၁ ဦးတို့အား ရာသက်ပန်ထောင်ဒဏ်ချမှတ်လိုက်သည်။ မှောင်ခိုမှုတွင် အဓိကလှုပ်ရှားခဲ့သော စီးပွားရေးလုပ်ငန်းရှင် လိုင်ချန်စင်းမှာ ပြည်ပသို့ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ လိုင်ချန်စင်းသည် သူ၏ ယွမ်ဟွာကုမ္ပဏီကို အသုံးချကာ လာဘ်ထိုးခြင်း၊ အကျပ်ကိုင်ခြင်းတို့ဖြင့် တရုတ်အရာရှိများက သူ့ကို ရေနံနှင့် တတ်ဆီတင်သွင်းခြင်း၊ ယာဉ်များနှင့် အခြားကုန်ပစ္စည်းများတင်သွင်းခြင်းတို့ကို အခွန်မဆောင်ဘဲ ပြုလုပ်ခွင့်ပေးအောင် ဆောင်ရွက်ခဲ့သည်။ ဖူးကျင့်ပြည်နယ်မှ မှောင်ခိုမှု ကျူးလွန်ခဲ့သူတို့သည် တရုတ်ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရိုအဖွဲ့ဝင် ကျားကျင်လင်း၏ဇနီးဖြစ်သူ လင်းယိုဖန်းနှင့် အဆက်အသွယ်ရှိသူများဖြစ်သည်။ တရုတ်အစိုးရသည် လင်းယိုဖန်းကိုလည်းအမှုဖွင့် အရေးယူစစ်ဆေးလျက်ရှိသည်။

လူ့အခွင့်အရေးသဘောတူညီချက် – တရုတ်ပြည်နှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂမဟာမင်းကြီး မေရီရော်ဘင်ဆင်တို့သည် နိုဝင်ဘာလ ၂၀ ရက်နေ့က သဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးလိုက်ကြသည်။ ထိုသဘောတူညီချက်အရ ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးဌာနတို့အား လူ့အခွင့်အရေးများနှင့် ပတ်သက်၍ လေ့ကျင့်သင်တန်းပေးရေးလည်း ပါဝင်ခဲ့သည်။ နှစ်နှစ်ကြာ ဆွေးနွေးညှိနှိုင်းပြီး ဤသို့ သဘောတူညီခဲ့ကြခြင်းဖြစ်သည်။ နိုင်ငံတကာ လူ့အခွင့်အရေးစံချိန်များနှင့် အညီ လိုက်နာကျင့်သုံးရေးအတွက် တရုတ်ပြည်အား ဆွဲဆောင်ခဲ့ရာတွင် ယခုသဘောတူညီမှုသည် အရေးပါသောခြေလှမ်းတစ်ရပ်အဖြစ် တိုးတက်လာခြင်းဖြစ်သည်ဟု မေရီရော်ဘင်ဆင်က ပြောကြားခဲ့သည်။ တရုတ်ပြည်သည် စီးပွားရေး၊ လူမှု

ရေး၊ ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာစာချုပ်နှင့် ပြည်သူ့ပိုင်ခွင့်များ၊ နိုင်ငံရေးပိုင်ခွင့်များဆိုင်ရာ စာချုပ်တို့ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သော်လည်း ၎င်းစာချုပ်တို့ကို အတည်ပြုရန် ကျန်ရှိ နေသေးသည်။ ထိုစာချုပ်နှစ်ရပ်ကို အတည်ပြုရေးအတွက် ဤသဘောတူညီမှုသည် ရှေ့ပြေးဖြစ်လိမ့်မည်ဟု မေရီရော် ဘင်ဆင်က ပြောကြားခဲ့သည်။

ရုရှားလုပ်လေယာဉ်နှင့် ဖျက်သင်္ဘောဝယ်ယူရေး – နိုဝင်ဘာလ အစောပိုင်းက ရုရှားဝန်ကြီးချုပ် မစ်ခေးလ်ကပ်ဆီယာနော့(ဗ်) သို့ တရုတ်ပြည်သို့ရောက်ရှိလာပြီး အီလျူရှင် A-50E အမျိုးအစား ရှေ့ဦးသတိပေးအချက်ပြလေယာဉ် ဝယ်ယူရေးစာချုပ်ကို အပြီးသတ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ဆော့(ဗ်) ရေမဲန်နီအတန်းဝင် ဖျက်သင်္ဘောနှစ်စီး ထပ်မံဝယ်ယူရေးကို ညှိနှိုင်းခဲ့သည်။ ဤသို့ လေယာဉ်နှင့် ဖျက်သင်္ဘောများကို တရုတ်က ဝယ်ယူခြင်းသည် ထိုင်ဝမ်အား အနီးကပ်အန္တရာယ်ပြုခြင်းဖြစ်သည်ဟု ထိုင်ဝမ်နှင့် အမေရိကန်ပြည်ထောင်စုတို့က ပြစ်တင်ရှုတ်ချခဲ့ကြသည်။

ဦးခင်မောင်မြ

**တင်မောင်၊ဦး(အေဝမ်း)(ခရစ် ၁၉၀၈–၂၀၀၀)။ ။** မြန်မာ့ရုပ်ရှင်လောကတွင် ထင်ရှားကျော်ကြားခဲ့သော အေဝမ်း ဦးတင်မောင်ကို ပြည်မြို့ မြန်မာအဆွေနှင့် အေဝမ်းဖလင်ကုမ္ပဏီပိုင်ရှင် ဦးဘညွန့်၊ ဒေါ်ငြိမ်းရှင်တို့က ၁၉၀၈ ခုနှစ်၊ ဩဂုတ်လ ၇ ရက်တွင် ဖွားမြင် သည်။ အေဝမ်းကို စတင်ထူထောင်စဉ်က ဦးတင်မောင် ၈ နှစ်သားမျှသာရှိသေးသည်။ မြန်မာအဆွေကုမ္ပဏီကို ၁၉၂၀ ပြည့်နှစ် တွင် ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်ခဲ့သည်။ မြန်မာအဆွေတိုက်ပိုင်သူဌေးကြီး ဦးဘညွန့် ဒေါ်ငြိမ်းရှင်တို့တွင် ဒေါ်မြခင်၊ ဦးတင်နွယ်၊ ဒေါ်ခင်ခင်၊ ဦးညီပု၊ ဦးတင်ဖေ (ဦးမောင်မောင်စိုး) ဒေါ်ခင်ညွန့်၊ ဦးတင်မောင်၊ ဒေါ်ခင်ရီနှင့် ဒေါ်ခင်ထွေးဟူ၍ သားသမီး ၉ ဦး ထွန်းကားခဲ့ရာ ဦးတင်မောင်သည် သတ္တမမြောက် အငယ်ဆုံးသားဖြစ်သည်။ ငယ်စဉ်က ဦးတင်မောင်ကို "ပုတု" ဟု ချစ်စနိုးခေါ်ခဲ့ရာမှ နောင်တွင် ရင်းနှီးသူများက "ဦးပုတု" ဟုပင် ခေါ်ခဲ့ကြသည်။

ဦးတင်မောင်သည် ပြည်မြို့ ဦးရာကျော်ကျောင်းတွင် ပညာနို့ရည်စသောက်ခဲ့သည်။ ရန်ကုန်ဟိုက်စကူးကျောင်းတွင် မက်ထရစ် ၁၀ တန်းအောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် အိုင်အေအထိ ဆက်လက်ပညာသင်ကြားခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် နေကျောင်းသားအသင်း၌ အမှုဆောင်အဖြစ်လည်းကောင်း၊ ငွေထိန်းအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့သည်။ တက္ကသိုလ်တွင် နေစဉ် ကွယ်လွန်သူအမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ယခင်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းတို့နှင့် အထူးတလည်ရင်းနှီးခဲ့သည်။



ဒါရိုက်တာ၊ ရုပ်ရှင် သရုပ်ဆောင် အကယ်ဒမီ ဆုရှင် အလင်္ကာ ကျော်စွာ အေဝမ်း ဦးတင်မောင်

ငယ်စဉ်ကပင် အဆို၊ အကနှင့် ရုပ်ရှင်ဝါသနာပါသည်။ အေဝမ်း ဦးတင်မောင်သည် ၁၃ နှစ်သားအရွယ်မှစ၍ "တောမြိုင်စွန်း" ဇာတ်ကားတွင် ပါဝင်ခဲ့သည်။ မြန်မာရုပ်ရှင်ဇာတ်လိုက်မင်းသား ဦးညီပု၏ ညီငယ်ဖြစ်၍ နောင်အခါ ဦးညီပု ဒါရိုက်တာပြုလုပ်ရိုက်ကူးသော ဇာတ်ကားများတွင်လည်းကောင်း၊ အစ်ကိုကြီးဦးတင်နွယ်၊ ဦးမောင်မောင်စိုးတို့ ရိုက်ကူးသော ဇာတ်ကားအချို့တွင်လည်းကောင်း ကျောင်းသားလူငယ်ဘဝအဖြစ် ပါဝင်ခဲ့သည်။ ကျောင်းနေစဉ်ကပင် ရုပ်ရှင်ပညာကို လေ့လာသင်ယူခဲ့သည်။

၁၉၃၄ ခုနှစ်တွင် ကျောင်းပညာသင်နေဆဲ ပထမဆုံး ဇာတ်ကားဖြစ်သည့် "မြဂနိုင်" ဇာတ်ကားကို ဒါရိုက်တာအဖြစ်ဖြင့် ရဲခေါင်၊ ချစ်ဆွေ၊ မြင့်မြင့်တို့နှင့် ရိုက်ကူးခဲ့သည်။ အထူးအောင်မြင်မှုရရှိခဲ့သည်။ တက္ကသိုလ်မှ ထွက်သည့်အခါ ဖခင်၏ ဘားမစ်ဖေးဘရိတ်ကုမ္ပဏီတွင် ဓာတ်ပြားသွင်းခြင်း ဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ခဲ့သည်။ ရုပ်ရှင်ဘက်တွင် ပိုမို စိတ်ဝင်စား၊ စိတ်ထက်သန်သည့်အတိုင်း ဘားမစ်ဖေးဘရိတ်ကုမ္ပဏီ၏ ကုမ္ပဏီခွဲဖြစ်သော အေဝမ်းဖလင်ကုမ္ပဏီ၊ အေဝမ်းရုပ်ရှင်တွင် "နီလာရောင်" ဇာတ်ကားကို ရိုက်ကူးရာ အောင်မြင်မှုရရှိခဲ့သည်။

၁၉၃၈ ခုနှစ်၌ "အောင်သပြေ" အသံထွက်ဇာတ်ကားကို ရိုက်ကူးခဲ့သည်။ ထိုဇာတ်ကားတွင် အင်္ဂလိပ်များက သိပေါ

ဘုရင်ကို ဖမ်းယူသွားသောအခန်းသည် မြန်မာတို့၏ စိတ်ကို များစွာထိခိုက်စေခဲ့၏။ ထို့ကြောင့် ၎င်းအခန်းကို အင်္ဂလိပ် အစိုးရဆင်ဆာအဖွဲ့က ဖြတ်တောက်ပစ်ခဲ့သည်။ နောင်အခါ တွင် ဇာတ်ကားပြသခြင်းကိုပါ ပိတ်ပင်လိုက်သည်။

၁၉၃၈ ခုနှစ်၌ တက္ကသိုလ်မှထွက်ကာ ရုပ်ရှင်နယ်အတွင်း ခြေချလေတော့သည်။ ၁၉၃၈ ခုနှစ်၌ "ချစ်စနိုး" အသံထွက် ဇာတ်ကားတွင် ခင်နှင်းရီနှင့် တွဲ၍ ကိုယ်တိုင်ပါဝင် သရုပ် ဆောင်ရိုက်ကူးခဲ့ရာ ဒါရိုက်တာအဖြစ်ဖြင့်လည်းကောင်း၊ ဇာတ်လိုက်မင်းသား အဖြစ်ဖြင့်လည်းကောင်း အထူးကျော် ကြားလာခဲ့သည်။ ဆက်လက်၍ မေရှင်နှင့် တွဲဖက်ကာ "မြား နတ်မောင်" ဇာတ်ကားကို သရုပ်ပြအမွှန်းတင်ခဲ့သည်။ "မြား နတ်မောင်" ဇာတ်ကား အောင်မြင်စွာ ရိုက်ကူးပြသနိုင်ခြင်း အတွက် တက္ကသိုလ်သမဂ္ဂမှ ဂုဏ်ထူးဆောင်ရွှေတံဆိပ်ဆု ချီးမြှင့်ခြင်းခံရသည်။

၁၉၃၉ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အထိ "တစ်လိမ်နစ်လိမ်" "ချစ်အမျှ" "ချစ်ရေစင်" ဇာတ်ကားများ ရိုက်ကူးခဲ့သည့်အပြင် ဇာတ်ပြားသွင်းယူခြင်းကို တာဝန်ယူအုပ်ချုပ်လုပ်ကိုင်ခဲ့သည်။ ကိုယ်တိုင်ဓာတ်ပြားများ သွင်းခဲ့သဖြင့် အဆိုတော်တစ်ဦး အဖြစ် ပရိသတ်က အသိအမှတ်ပြုခြင်းခံရသည်။ ဘားမစ်ဖေး ဘရိုတ်ကုမ္ပဏီမှ ထုတ်ဝေရောင်းချသော (အေဝမ်းရီကော့) ဓာတ်ပြားများတွင် အဆိုကျော်အဖြစ် သီချင်း ၂၈ ပုဒ် သီဆို အသံသွင်းခဲ့သည်။

၁၉၄၀ ပြည့်နှစ်၊ ဒုတိယကမ္ဘာစစ်အတွင်း ရန်ကုန်မြို့သို့ ဂျပန်လေယာဉ်များ ဖုံးကြဲချလာသောအခါ ရန်ကုန်မြို့သူ မြို့သားများ လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ကြရသည်။ ရန်ကုန်မြို့မှ အားလုံးထွက်ခွာကြရသဖြင့် ဦးတင်မောင်၏ မိသားစုသည် လည်း ပြည်မြို့သို့ ပြောင်းရွှေ့ခဲ့ကြရသည်။ ဦးတင်မောင်၊ မောင်လှဘူးနှင့် တပည့်နှစ်ယောက်သာ စစ်မီးကြောင့် ဖြစ်ပျက် ပုံအလုံးစုံကို ရုပ်ရှင်ဖြင့် မှတ်တမ်းတင်ရန် အေဝမ်းခြံတွင် နေရစ်ခဲ့ကြသည်။ သို့သော် ရန်ကုန်မြို့သူ မြို့သားများ မြို့တွင်းမှ ထွက်ခွာကြရန် စစ်ဘက်မှ ဆောလျင်စွာ အမိန့်ထုတ်လိုက် သဖြင့် မှတ်တမ်းရိုက်လိုသောရည်ရွယ်ချက် ပျက်ရတော့သည်။

မကြာမီ ရက်ပိုင်းအတွင်းမှာပင် လွတ်လပ်ရေးတိုက်ပွဲ သမိုင်းတွင် မော်ကွန်းတင်ရစ်မည့် ရွှေတောင်တိုက်ပွဲဖြစ်ပွား သည်။ ပြည်မြို့ကို မြန်မာတပ်များနှင့် ဂျပန်တပ်များသိမ်းပိုက် ပြီးနောက် ဦးတင်မောင်ဦးဆောင်သောအဖွဲ့သည် ရွှေတောင် စစ်မြေပြင်သို့ သွားရောက်၍ ရုပ်ရှင်ရိုက်ပြီး စစ်သတင်းကို မှတ်တမ်းတင်ခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုကို မြင်တွေ့ကြားသိရသောအခါ ဦးတင်မောင်သည် တိုင်းပြည်နှင့် လူမျိုးအတွက် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းလမ်းဝယ် အုတ်တစ်ချပ် သဲတစ်ပွင့် ဖြစ်လိုသည့်ဆန္ဒများ နိုးကြားတက် ကြွလာခဲ့သည်။ ထို့ကြောင့် ပြည်မြို့မှ ပထမဦးဆုံးထွက်မည့် တပ်တွင် လိုက်ပါအမှုထမ်းခွင့်ပေးရန် ဗိုလ်ချုပ်အားပြောသည်။ ဗိုလ်ချုပ်က ပထမဆုံးထွက်မည့် ဗိုလ်ရန်နိုင်တပ်တွင် အမှုထမ်း ခွင့်ပြုလိုက်သည်။ ထို့ကြောင့် ၁၉၄၂ ခုနှစ်၊ မြန်မာ့လွတ်လပ် ရေးတပ် (ဘီအိုင်အေ) ဗိုလ်ရန်နိုင်တပ်တွင် ဗိုလ်သင်တန်းတပ် သားများကို အုပ်ချုပ်ရသော တာဝန်ယူရသည်။ ဗိုလ်ရန်နိုင် တပ်သည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းမှ မြောက်ဘက် သို့ ချီတက်ကြပြီး ပေါက်မြို့တွင် တပ်စွဲထားသော အင်္ဂလိပ် တပ်များကို လေးဘက်လေးတန်မှ ပိတ်ဆို့တိုက်ခိုက်ရန် ကြံရွယ်သော်လည်း အင်္ဂလိပ်တို့မှာ မြေလှန်စနစ်သုံးကာ ဆုတ်ခွာထွက်ပြေးသွားကြသည်။

မြောက်ဘက်သို့ ဆက်လက်ချီတက်၍ ကသာမြို့ မြောက်ဘက်ရှိ ရွှေဂူမြို့တွင် ရုပ်နားစခန်းချထားစဉ် စစ်ကြောင်း အတိုင်း ဗန်းမော်သို့တက်ရန်မလိုတော့ဘဲ မန္တလေးသို့ တပ်ခေါက်ရန် ဗိုလ်ချုပ်အောင်ဆန်းအမိန့်ရရှိကြသည်။ မြန်မာ ပြည်မှ အင်္ဂလိပ်တပ်များအားလုံး ဆုတ်ခွာချိန် စစ်ရှိန်သေ၍ အေးချမ်းစပြုသောအချိန်တွင် ဦးတင်မောင် သည် တပ်မတော် မှထွက်၍ ရန်ကုန်မြို့သို့ ပြန်လာခဲ့သည်။ ၁၉၄၃ ခုနှစ်၌ ဒေါ်တင်တင်နှင့် အိမ်ထောင်ပြုသည်။ မင်္ဂလာ လက်ထပ်ပွဲသို့ ဗိုလ်ချုပ်အောင်ဆန်း လာရောက်ချီးမြှင့် ခဲ့သည်။

၁၉၄၆ ခုနှစ်တွင် ရုပ်ရှင်လုပ်ငန်းကို ပြန်လည်အစကောက် ရန် စီစဉ်သည်။ အေဝမ်းမှ အလုပ်ပြန်လည် စခြင်းမရှိသေး သည့်အတွက် လျှပ်စစ်ရုပ်ရှင်ဟု အမည်ပေးကာ စုပေါင်း ကုမ္ပဏီလေးတစ်ခုဖွဲ့စည်း၍ ကိုယ်တိုင်သရုပ်ဆောင်ပြီး "ကပ္ပလီ" ဇာတ်ကား ရိုက်ကူးခဲ့သည်။

၁၉၄၇ ခုနှစ်တွင် "မင်းဘာလဲ" ဇာတ်ကားကို ရိုက်ကူး ပြန်သည်။ ၁၉၄၈ ခုနှစ်တွင် "ဘာမထီ" ဇာတ်ကားကို ကိုယ်တိုင် သရုပ်ဆောင် ရိုက်ကူးခဲ့သည်။ ထိုနှစ်တွင်ပင် မေရှင်နှင့် တွဲဖက်၍ သရုပ်ဆောင်ဒါရိုက်တာအဖြစ် "ချိန်တန်ပြီ" ဇာတ်ကားကို ရိုက်ကူးတင်ပြခဲ့သည်။ ယင်းဇာတ်ကားသည် နောင်ကျင့်သုံးလာမည့် လမ်းစဉ်မူဝါဒများကို ကြိုဆိုသည့် အနေဖြင့် ပြန်လည်ထူထောင်ရေး စုပေါင်းအိမ်ရာလုပ်ငန်းကို ဖော်ပြထားသဖြင့် ခေတ်ကြိုဇာတ်ကားဟု ဆိုရပေမည်။ ၎င်း ဇာတ်ကားသည် ငြိမ်းချမ်းရေးဗဟိုကော်မတီက ပေးသော

ဆုကို ရရှိခဲ့သည်။ ယင်းဇာတ်ကားနောက် မွေးမြူရေးသရုပ်ဖော်ဖြစ်သော "ချစ်မုန်းမာန်" ဇာတ်ကားကို မေသစ်နှင့် ရိုက်ကူးခဲ့သည်။ ဤသည်တို့ကိုထောက်၍ ဦးတင်မောင်သည် ခေတ်ကြိုဒါရိုက်တာတစ်ယောက်ဟု ဆိုနိုင်သည်။

၁၉၅၂ ခုနှစ်တွင် ရိုက်ကူးခဲ့သော "ချစ်သက်ဝေ" ဇာတ်ကားတွင် ကိုယ်တိုင်ဒါရိုက်တာ မင်းသားအဖြစ်ပါဝင်ခဲ့သည်။ ယင်းဇာတ်ကားသည် နိုင်ငံတော်အစိုးရက ပထမဆုံးချီးမြှင့်သော အကယ်ဒမီဆုကိုရရှိသည်။

၁၉၅၃ ခုနှစ်၌ "ရတနာပုံ" ဇာတ်ကားကို ကြည်ကြည်ဌေးနှင့် တွဲဖက်၍ ရိုက်ကူးခဲ့ရာ ဒုတိယအကြိမ် ဇာတ်ကားနှင့် သရုပ်ဆောင်မင်းသား အကယ်ဒမီဆုကို ထပ်မံရရှိခဲ့ပြန်သည်။

"ရတနာပုံ" ဇာတ်ကား ရိုက်ကူးအပြီးတွင် ဦးတင်မောင်သည် ရုပ်ရှင်လုပ်ငန်းကို ရပ်နားကာ သတ္တုရှာဖွေတူးဖော်ရေးလုပ်ငန်းတွင် သံသရာလည်ခဲ့ရပြန်သည်။ ပျဉ်းမနားတောင်ကြော၊ ရမည်းသင်း၊ ရေနံ၊ ရှမ်းပြည်စသော ဒေသများတွင် ရွှေ၊ ငွေ၊ အဖြိုက်နက်နှင့် သွပ်သတ္တုများ ရှာဖွေသူတစ်ဦးဘဝကို ပြောင်းလဲသည်။ ၎င်းလုပ်ငန်းသည် ဖခင်ဦးဘညွန့်၏ လက်ငုတ်လက်ရင်းအလုပ်ဖြစ်ပြီး၊ သတ္တုရှာဖွေရေးလုပ်ငန်း လိုင်စင်လည်း ရရှိထားသဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ခြင်း ဖြစ်သည်။

ဦးတင်မောင်သည် သတ္တုရှာဖွေလုပ်ကိုင်နေစဉ် ဆွေမျိုး၊ ညီအစ်ကိုမောင်နှမများက ရုပ်ရှင်ကို ဆက်လက်လုပ်ကိုင်ရန် ပြောလာကြသည်။ ထို့ကြောင့် သတ္တုရှာဖွေရေးလောကမှ ရုပ်ရှင်လောကသို့ ပြန်လည်ဝင်ရောက်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် မိဘမေတ္တာကြီးမားပုံကို သရုပ်ဖော်သည့် ရာဇဝင်ဇာတ်ကား "ဗိမ္ဗိသာရ" ကို ရိုက်ကူးခဲ့ရာ လူကြိုက်များခဲ့သည်။

၁၉၆၇ ခုနှစ်တွင် "ကိုယ်ရယ်၊ တိုးရယ်၊ စိုးစိုးရယ်" ဇာတ်ကား ရိုက်ကူးခဲ့သည်။ ယင်းဇာတ်ကားတွင် ဦးတင်မောင်က ဒါရိုက်တာအကယ်ဒမီဆုနှင့် ခင်သန်းနုက မင်းသမီးအကယ်ဒမီဆုရရှိခဲ့သည်။ ၎င်းနှစ်မှာပင် "နှစ်မြွာအသည်း" ဇာတ်ကားကို ရိုက်ကူးပြန်ရာ မင်းသမီးစန္ဒာ အကယ်ဒမီရရှိခဲ့သည်။

ဦးတင်မောင် ပါဝင်သရုပ်ဆောင်ခဲ့သော ဇာတ်ကားများနှင့် တွဲဖက်ပါဝင်သရုပ်ဆောင်သူများမှာ ၁။ ချစ်စနိုး– မင်းသမီးခင်နှင်းရီ၊ ၂။ မြားနတ်မောင်–မေရှင်၊ ၃။ တစ်လိမ် နှစ်လိမ်–ခင်နှင်းရီ ၄။ ချစ်အမျှ–မေရှင်၊ မေမြင့် ၅။ ချစ်ရေစင်– မေရှင်၊ မေမြင့်၊ ၆။ ချစ်မုန်းမာန်–မေရှင်၊ ၇။ ချိန်တန်ပြီ– မေရှင်၊ ၈။ ချစ်သက်ဝေ–ကြည်ကြည်ဌေး၊ ၉။ ရတနာပုံ– တင်တင်မူ၊ ၁၀။ ဗိမ္ဗိသာရ–ကြည်ကြည်ဌေး တို့ဖြစ်ကြသည်။

ဦးတင်မောင် ရိုက်ကူးခဲ့သော ဇာတ်ကားများမှာ မြဂနိုင်၊ ပျိုတို့မောင်၊ နီလာရောင်၊ ဖူးစာရှင်၊ အောင်သပြေ၊ ချစ်စနိုး၊ လပြာသို၊ မြားနတ်မောင်၊ တစ်လိမ်နှစ်လိမ်၊ ချစ်အမျှ၊ ချစ်ရေစင်၊ ဘာမထီ၊ ချိန်တန်ပြီ၊ ချစ်သက်ဝေ၊ ရတနာပုံ၊ ဝိဃေကုမ္မာ၊ မမထားနဲ့ အပေါ့ ဗိမ္ဗိသာရ ဒေါင်းမလေး၊ ကပ္ပလီ၊ မင်းဘာလဲ၊ ကိုယ်ရယ်တိုးရယ် စိုးစိုးရယ်၊ နှစ်မြွာ အသည်း၊ မိုးညအိပ်မက်ဖြူ၊ သူကလဲ ချစ်ရမယ်၊ သမန်းကျား (ကြီးကြပ်)၊ ချစ်ရသည်က အသက်ထက်ဆုံး၊ ဇာတိသွေး၊ ဇင်မဆိုသော မိန်းကလေး၊ ချစ်မြေ၊ ဖိုးပြုံးချို၊ ချစ်မုန်းမာန်၊ ရွက်စိမ်း၊ ဂုဏ်ရည်မတူ၊ မြဲတဲ့သစ္စာ၊ လက်ဦးဆရာ၊ ပိုးနှင်းဖြူ၊ ရင်ဝယ်ခင်တွယ် ဇော်လေးရယ်၊ အကျော်အမော် (ကြီးကြပ်) စသည့် ဇာတ်ကားများ ဖြစ်ကြသည်။

ဦးတင်မောင်သည် အကြောင်းအမျိုးမျိုးဖြင့် နိုင်ငံခြားသို့ အကြိမ်ပေါင်းများစွာ သွားရောက်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် အင်ဒိုနီးရှားနိုင်ငံသို့ အလည်အပတ်သွားခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ရုပ်ရှင်လေ့လာရေးခရီးအဖြစ် အိန္ဒိယနိုင်ငံသို့ သွားခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ရုပ်ရှင်ပညာလေ့လာရန် ဂျပန်နိုင်ငံသို့ သွားခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ရေနံတူးဖော်ရေးလေ့လာရန်နှင့် ဆက်သွယ်မှုအတွက် အမေရိကန်နိုင်ငံသို့ ဟသာတဦးမြနှင့် သွားရောက်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ရောင်စုံရုပ်ရှင် ရိုက်ကူးရေးလေ့လာရန် ဂျပန်သို့ သွားရောက်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် အနောက်ဂျာမနီသို့ မြေဩဇာစက် လေ့လာရန်သွားရောက်ရင်း ဆွီဇာလန်၊ ပြင်သစ်၊ အီတလီနိုင်ငံတို့ကို ဝင်ရောက်လည်ပတ်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ရုပ်ရှင်ကောင်စီဥက္ကဋ္ဌအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ သီဟာနုမင်းသားကြီး ရိုက်ကူးထားသော ရုပ်ရှင်ကားဖွင့်ပွဲသို့ ဖိတ်ကြား၍ တက်ခွင့်ရခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ပြည်တွင်းရုပ်ရှင် တိုးတက်ရေးအတွက် အစိုးရမှ စေလွှတ်သော ရုပ်ရှင်အဖွဲ့တွင် ဇာတ်လမ်းရုပ်ရှင်မှ ဦးမြင့်စိုး၊ ဦးညီညီ၊ ဒါရိုက်တာ ဦးသုခ တို့နှင့်အတူ အရှေ့ဂျာမနီ၊ ရုရှား၊ မြောက်ကိုရီးယားတို့သို့လည်း လေ့လာရန်သွားခဲ့သည်။


ဦးတင်မောင်သည် ၁၉၃၃ ခုနှစ်မှစ၍ ရုပ်ရှင်လုပ်ငန်းကို လုပ်ကိုင်လာခဲ့ရာ ဦးတင်မောင်၏ ရုပ်ရှင်သက်တမ်းတွင် ရုပ်ရှင်ပြဇာတ်အစည်းအရုံးမှ ရုပ်ရှင်ကောင်စီသို့တိုင် အမှုဆောင်၊ ဥက္ကဋ္ဌ စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အစိုးရက ချီးမြှင့်သော အလင်္ကာကျော်စွာဘွဲ့ကို ၁၉၅၈ ခုနှစ်

က ရရှိခဲ့သည်။ ဦးတင်မောင် ဒါရိုက်တာအဖြစ် နောက်ဆုံးရိုက်ကူးခဲ့သော ဇာတ်ကားမှာ ဝင်းဦးနှစ်ကိုယ်ခွဲပါဝင်သော "ဇာတိသွေး" ဇာတ်ကားဖြစ်သည်။ သရုပ်ဆောင်မင်းသားအဖြစ် "မိမ္မိသာရ" ဇာတ်ကားတွင် နောက်ဆုံး ပါဝင်သရုပ်ဆောင်ခဲ့သည်။

ဦးတင်မောင်သည် မြန်မာပြည်တွင် တစ်ယောက်တည်းသော သရုပ်ဆောင်နှင့် ဒါရိုက်တာဆု ရရှိထားသူဖြစ်သည်။ မင်းသားအဖြစ် သရုပ်ဆောင်ရာတွင်လည်းကောင်း ဒါရိုက်တာ အဖြစ်လုပ်ဆောင်ရာတွင်လည်းကောင်း 'မှု' ကို ခေါင်းထဲထည့် ၍ ခွဲခြားဆောင်ရွက်တတ်သူဖြစ်သည်။ သူ၏ ဝါသနာကြောင့် နှစ်ကိုယ်ခွဲ၍ လုပ်နိုင်ခြင်းဖြစ်သည်။ သူ အနှစ်နှစ်အလလ လေ့လာဆည်းပူးထားသော ရုပ်ရှင်ပညာကို တပည့်သားမြေး များအပြင် အကူအညီတောင်းခံလာသူ အပေါင်းတို့ကို မထိန်မချန်ဘဲ ပညာအကုန်ပေးဝေခဲ့သည်။

ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာ၊ အေဝမ်း ဦးတင်မောင်သည် ရုပ်ရှင်တိုးတက် မြင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေရင်းပင် ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလ ၄ ရက်နေ့၌ လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ အေဝမ်း၏ မျိုးဆက် ဒါရိုက်တာများအဖြစ် ဦးတင်ယု၊ အေဝမ်း မောင်လှမျိုး၊ အေဝမ်း အောင်သန်း၊ မောင်ဝေဇင်နှင့် ဗိုလ်ဌေးတို့ ကျန်ရစ်သည်။ ဦးတင်မောင်တွင် သားသမီး ခြောက်ယောက် ထွန်းကားခဲ့ရာ ရန်ကုန်မြို့ မေခလမ်းတွင် ဇနီးဒေါ်တင်တင်နှင့် သားသမီးမြေးများ ကျန်ရစ်သည်။

**သိသိအေး**



အမျိုးသား
စာပေဆုရှင်
ဆရာဝန်
တင်ရွှေ

**တင်ရွှေ ဆရာဝန်(ခရစ် ၁၉၃၆ – ၂၀၀၀)။** ။ လူထုအကျိုးပြု ဆေးပညာပေးစာအုပ်အမျိုးပေါင်း ၁၅၀ ကျော်ကို ရေးသားခဲ့သူ ဆရာဝန်တင်ရွှေကို မော်လမြိုင်မြို့တွင် ဦးပါ၊ ဒေါ်ရှင်ရှင်တို့က (၁၉၃၆) ခုနှစ် မွေးဖွားခဲ့သည်။

မော်လမြိုင်မြို့ စိန့်ပက်ထရစ်ကျောင်း၊ ဥပစာကောလိပ်၊ ရန်ကုန်ဆေးတက္ကသိုလ် (၁)၊ လန်ဒန်တက္ကသိုလ် ၊အမေရိကန် နိုင်ငံ ဂျွန်ဟောပကင်း တက္ကသိုလ်တို့တွင် ပညာသင်ကြား ခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ ဆရာဝန်ဘွဲ့ ရရှိသည်။ ၁၉၆၇ ခုတွင် D.P.T.M ဘွဲ့၊ ၁၉၆၈ ခု တွင် D.C.M.T. ဘွဲ့၊ ၁၉၇၂ ခုတွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်တက္ကသိုလ်မှ Ph.D ဘွဲ့ရရှိသည်။ ဆေးသုတေသနစာတမ်းများ အပေါ် စိစစ်ပြီးပေးအပ်သော F.A.C.T.M.(Australia) နှင့် F.R.C.P (Edin.)၊ D.L.S.H.T.M ဘွဲ့များ ချီးမြှင့်ခံခဲ့ရသည်။ ၁၉၆၃ ခုတွင် အနုပညာစာပေဆိုင်ရာ စာပဒေသာ(ပထမဆု) နှင့် ၁၉၉၄ ခုနှစ်၌ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ကျမ်းစာပေအတွက် နှစ်သိမ့်ဆု ချီးမြှင့်ခံခဲ့ရသည်။ ၁၉၉၆ ခုနှစ် ဆေးသုတေသနစာတမ်းဖတ်ပွဲတွင် အကောင်းဆုံးပိုစတာဆု၊ ဝန်ထမ်းကောင်းဆုများရရှိခဲ့သည်။

ဆရာဝန်ဘွဲ့ ရရှိပြီးချိန်မှစ၍ ငွေကြေးထက် လူနာအရေးကို ဦးစားပေးကာ အနာကြီးရောဂါအထူးကုဆရာဝန်အဖြစ် မန္တလေး၊ ထောက်ကြံ့နှင့် ကျိုင်းတုံမြို့များတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဆေးသုတေသနဦးစီးဌာန၊ အပြင်ငှက်ဖျား သုတေသနယူနစ်တွင် သုတေသနမှူး / ယူနစ်ခေါင်းဆောင် အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ ခုနှစ်၌ သက်ပြည့်ပင်စင်ယူပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ငှက်ဖျားရောဂါ သုတေသနအတွက် အဓိကသုတေသီအဖြစ် ကွယ်လွန်ချိန် အထိ သုတေသနလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

ဆေးတက္ကသိုလ် (၂) တွင် ၁၀ နှစ်ကျော် အကျိုးဆောင်ကထိကအဖြစ် တာဝန်ယူခဲ့သည်။ မဟာသိပ္ပံသင်တန်းသား ၁၂ ဦး၊Ph.D. ကျောင်းသားနှစ်ဦးတို့၏ သုတေသနစာတမ်းများ ဖြစ်မြောက်ရေးအတွက် (ကြီးကြပ်သူ) အဖြစ်ဦးဆောင် အကူအညီပေးခဲ့သည်။ ပြည်တွင်းပြည်ပ ဆေးပညာသုတေသနစာတမ်း ၁၈၂ စောင် ရေးသားခဲ့သည်။ လစဉ်ထုတ်မဂ္ဂဇင်းများတွင် ဆေးပညာပေးဆောင်းပါးများ ရေးသားခဲ့သည်။ ယောနယ်ဦ္ဒပြုစားခံရခြင်းနှင့် ဆေးပညာအထွေထွေဟူသည့်

ဆောင်းပါးသုံးပုဒ်ကို ကျောင်းသုံးအဖြစ် ပြဌာန်းခဲ့သည်။ အကျိုးအမြတ်ရသော စာအုပ်များ ရှိသကဲ့သို့ ဆရာဝန် အချိန်ပြည့်မရှိနိုင်သော နေရာဒေသများတွင် “စာတစ်အုပ်ဖတ်ရှုနားလည်က ရောဂါသက်သာနိုင်ပါစေ” ဟူသောစေတနာဖြင့် ငွေကြေးအရှုံးခံပြီး ထုတ်ဝေခဲ့ရသော (ရှုံးမည်ကိုသိလျက် ရေးသားထုတ်ဝေခဲ့သော) စာအုပ်များလည်းရှိခဲ့သည်။ ကလေးများနှင့် လူငယ်များအတွက် ဉာဏ်စမ်းစာအုပ်အမျိုးမျိုး၊ အမျိုးသမီးတိုင်း လက်စွဲထားသင့်သော သိပ္ပံနည်းကျ အလှပြုပြင်ထိန်းသိမ်းနည်းများ၊ အမျိုးသမီးတို့ဓမ္မတာ၊ စားအုန်းဆီဝသောသူများ ကိုယ်ရေစစ်၍ ပိန်သောသူများ အလှတိုးလိုလျှင် စသည့်စာအုပ်များ၊ အင်္ဂလိပ်စာ အထောက် အကူပြုစာအုပ်များ၊ ရောဂါတစ်မျိုးချင်း ဥပမာ – ဆီးချိုရောဂါ၊ အဆစ်အမြစ်ကိုက်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ခါးနာရောဂါ စသည်ရောဂါများအတွက် ကုထုံးများ၊ ဆေးဝါးများ စသည်စာအုပ်များကိုလည်း ရေးသားခဲ့သည်။

အချို့စာအုပ်များကို ဝန်ထမ်းများ အသုံးပြုနိုင်ရန် သက်ဆိုင်ရာဌာနများသို့ လှူဒါန်းခဲ့သည်။ ဥပမာ – ငှက်ဖျားရောဂါနှင့် အနာကြီးရောဂါစာအုပ်များကို လက်တွေ့တာဝန်ယူနေရသော ဝန်ထမ်းများအတွက် ရေးသားလှူဒါန်းခဲ့သည်။ ဘာသာရေးစာအုပ်များဖြစ်သော ရွှေရတုမဟာစည်၊ ဒေါ်ဉာဏစာရီစာသင်တိုက်မှတ်တမ်း စသည့်စာအုပ်များကိုလည်းကောင်း၊ ဆေးကျောင်းသားများရန်ပုံငွေအတွက် မြန်မာ့ဆေးလောကကို တည်ဆောက်ပေးခဲ့ကြသော ပညာရှင်များ ၂ တွဲကိုလည်းကောင်း ပြုစုလှူဒါန်းခဲ့သည်။ ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအတွက် မြတ်ဘုရားရွှေတိဂုံပုံတော်သမိုင်း၊ မြတ်စွယ်တော်၊ နိုင်ငံတစ်နိုင်ငံချင်း၏ ဗုဒ္ဓသာသနာထွန်းကားခဲ့ပုံအကြောင်းရေးသားထားသောမြတ်ဗုဒ္ဓသာသနာပုံတော်သမိုင်း စသည့်ဘာသာရေးစာအုပ်များပြုစုခဲ့သည်။ ဇီဝိတဒါနသံဃာ့ဆေးရုံ၊ စလင်းကျောင်းတိုက်ကဲ့သို့ စာသင်တိုက်တို့၌ လုပ်အားပေးဆရာဝန်အဖြစ်ဆောင်ရွက်သည်။ သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်သီလရှင်စာသင်တိုက်တွင် ဓမ္မာစရိယပြန့်ပွားရေးအသင်းကို တည်ထောင်တာဝန်ယူခဲ့သည်။

ထို့အပြင် စာပေနှင့်စာနယ်ဇင်း ဗဟိုကော်မတီဝင်၊ စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့ဝင်၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဗဟိုကော်မတီဝင်၊ ရွှေတိဂုံစေတီတော် အထက်ပစ္စယံ တံမြက်လှည်းအသင်း၏ ရာသက်ပန်အသင်းဝင်၊ မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့အကျိုးတော်ဆောင်မဟာစည်ဆရာတော်ဘုရား၏ စာအုပ်များ စီဒီသွင်းခြင်းလုပ်ငန်းအဖွဲ့ဝင်၊ ဗီဒီယိုလုပ်ငန်းကြီးကြပ်ရေး ဗဟိုကော်မတီဝင်၊ စာသင်တိုက်များစွာ၌ လုပ်အားပေးဆရာဝန်၊ ကြည့်မြင်တိုင်မြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ၊ ယဉ်ကျေးမှုအဖွဲ့ အကြံပေးပုဂ္ဂိုလ်၊ ကြည့်မြင်တိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် လှိုင်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့နာယက စသည့်တာဝန် များကို ထမ်းဆောင်ခဲ့သည်။

ဆရာဝန်တင်ရွှေသည် နောက်ဆုံးသုတေသနစာတမ်းပြုစုရင်း ၂၈.၁၂.၂၀၀၀ ပြည့်နှစ်တွင် ကွယ်လွန်သွားခဲ့သည်။ အသက်ရှိစဉ်က အာသီသ ၃ ခုမှာ (၁) အသက်မသေဆုံးမီ မိမိလေ့လာတတ်မြောက်ထားသောပညာကို မြန်မာစာပေဖြင့် ဖြန့်ဖြူးခဲ့ရန်၊ (၂) မိမိရေးသားခဲ့သော စာအုပ်စာတမ်းအားလုံးကို စီးပွားရေးအတွက်မဟုတ်ပါက လွတ်လပ်စွာ ကူးယူအသုံးပြုခွင့်ပြုရန်၊ (၃) ထေရဝါဒဗုဒ္ဓသာသနာထွန်းကားရေးအတွက် စွမ်းအားရှိသမျှ ကူညီပံ့ပိုးရန်တို့ဖြစ်သည်။ ဆရာဝန်တင်ရွှေသည် ၎င်းကွယ်လွန်လျှင် ဆေးပညာတိုးတက်ရေးအတွက် ၎င်း၏ခန္ဓာကိုယ်နှင့် မျက်လုံးကို လှူဒါန်းရန် မိသားစုအား မှာကြားသွားခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်အေးသန့်နှင့် အတူ သားသမီး (၃) ယောက်၊ မြေး (၂) ယောက် ကျန်ရစ်သည်။

**တောင်အာဖရိက။** ။ တောင်အာဖရိကနှင့် ဥရောပသမဂ္ဂတို့အကြား ကုန်သွယ်မှုလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းတို့တွင် ကန့်သတ်ချုပ်ခြယ်မှုများကို လျှော့ချရေးအတွက် ၁၂ နှစ် ကာလအကျုံးဝင်သော သဘောတူစာချုပ်တစ်ရပ်ကို ယာယီသဘောအားဖြင့် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ အာဏာသက်ရောက်မှု ရှိစေရန် ချုပ်ဆိုခဲ့ကြသည်။ သို့ရာတွင် အီတလီ၊ စပိန်၊ ပေါ်တူဂီနှင့်ဂရိနိုင်ငံတို့က တောင်အာဖရိကနိုင်ငံအနေဖြင့် ဝိုင်နှင့်အရက်များတွင် ဂရပ်ပါ၊ ဂွယ်ရီစသောကုန်အမှတ်တံဆိပ်များကို ရုပ်သိမ်းပေးရန် တောင်းဆိုလျက်ရှိကြသည်။ ထို့ကြောင့် ထိုသဘောတူစာချုပ်၏ တရားဝင်အတည်ဖြစ်မှုမှာ မသေချာဘဲ ဖြစ်နေသည်။ ယင်းသို့ မသေမချာဖြစ်နေသောအရေးတွင် ၅ နှစ်ကာလအတွင်း တောင်အာဖရိကသည် အစဉ်အလာ အသုံးပြုနေသော ကုန်အမှတ်တံဆိပ်များကို ရုပ်သိမ်းပေးမည် ဟူသော ကတိပြုချက်အရ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ညှိနှိုင်းပြေလည်မှုရရှိသွားသည်။ အရက်များ၊ ဝိုင်များနှင့် ပတ်သက်သောကုန်အမှတ်တံဆိပ်များနှင့်ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေး

အဖွဲ့၏အဆုံးအဖြတ်ကို ခံယူဖြေရှင်းရန် သဘောတူညီခဲ့ကြသည်။ ဤသို့ဖြင့် တောင်အာဖရိကနှင့် ဥရောပသမဂ္ဂတို့အကြား လွတ်လပ်စွာကုန်သွယ်ရေးကိစ္စများမှာ ချောမောပြေလည်သွားခဲ့သည်။

ကြိုတင်စွဲလမ်းမှု တိုက်ဖျက်ရေးဥပဒေ – တောင်အာဖရိက အမျိုးသားလွှတ်တော်က လူမျိုးရေးနှင့် လိင်ခွဲခြားမှုတို့ကို တရားမဝင်ပြုလုပ်ရန် ရည်ရွယ်လျက် ကြိုတင်စွဲလန်းမှု တိုက်ဖျက်ရေး ဥပဒေတစ်ရပ်ကို ဇန်နဝါရီလ ၂၆ ရက်နေ့က ပြဋ္ဌာန်းပေးလိုက်သည်။ ဤဥပဒေသစ်အရ လူမျိုးရေးဝါဒ ဖြန့်မှုကို တားမြစ်ပိတ်ပင်လိုက်သည်။ ကဖီးရ်၊ ကူလီစသော နှိမ့်ချသည့် အသုံးအနှုန်းများကို ရှောင်ရှားကြရန် သတ်မှတ်လိုက်သည်။ ထို့ပြင် လူမျိုးရေးနှင့် လိင်အရ ခွဲခြားမှုများကို တရားစီရင်ဆုံးဖြတ်ရန် “တန်းတူညီမျှမှု တရားရုံး” (Equality Courts)ကို ဖွဲ့စည်းထူထောင်ကြတော့မည်ဖြစ်သည်။ လူမျိုးရေးနှင့် လိင်အရ ခွဲခြားမှုပြုသော အလုပ်ခွင်များအား ဒဏ်ငွေဆောင်စေခြင်း၊ လုပ်ငန်းလိုင်စင်များ ပိတ်ဆို့ခြင်းတို့ကိုပြုလုပ်နိုင်ရန် တရားရုံးများအား အခွင့်အာဏာပေးအပ်ထားသည်။ အဆိုပါဥပဒေသစ်သည် ပုဂ္ဂလိကလုပ်ငန်းများအား ခြိမ်းခြောက်ရာရောက်သည်ဟု စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများက ဝေဖန်ပြစ်တင်ခဲ့သည်။

နိုင်ငံရေးပါတီများအရေး – ၁၉၈၇ ခုနှစ်မှ အသားအရောင်ခွဲခြားမှုစနစ် ကုန်ဆုံးသည့် ၁၉၉၄ ခုနှစ်အထိ လူဖြူကြီးမှူးသော အစိုးရအဖွဲ့လက်ထက်တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် လည်းကောင်း၊ ၁၉၉၄–၉၆ ခုနှစ်များတွင် ဓာတ်သတ္တုနှင့် စွမ်းအင်ရေးရာ ဝန်ကြီးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သူရိုးလော့(ဖ်)ပစ်ဘိုသာသည် အာဏာရ အာဖရိကအမျိုးသား ကွန်ဂရက်ပါတီသို့ ကူးပြောင်းဝင်ရောက်ရန် စဉ်းစားနေကြောင်း ဇန်နဝါရီလ ၉ ရက်နေ့က ကြေညာခဲ့သည်။ သူက သမ္မတဟောင်း နယ်(လ်)ဆင်မဲန်ဒဲလားသည် နောက်ဆုံးလူဖြူသမ္မတဟောင်း အက်(ဖ်)ဒဗ္ဗလျူဒီကလပ်ထက်ပိုမိုကြီးမြတ်သောခေါင်းဆောင် ဖြစ်သည်ဟု ကြေညာခဲ့သည်။ အာဖရိကအမျိုးသားကွန်ဂရက် ပါတီဥက္ကဋ္ဌရုံး အကြီးအကဲစမတ်(်)အင်ဂုန်ယာမက ဘိုသာအနေဖြင့် ၎င်းတို့၏ ပါတီတွင် အကြီးအကဲတာဝန်များကို ရမည်မဟုတ်ဘဲ သာမန်ပါတီဝင်အဖြစ် ဝင်ရောက်ခွင့်ပေးမည် ဖြစ်ကြောင်း ဇန်နဝါရီလ ၁၂ ရက်နေ့က ပြောကြားခဲ့သည်။ ညီညွတ်သော ဒီမိုကရေစီလှုပ်ရှားမှုပါတီမှ ဒုတိယဥက္ကဋ္ဌ မယ်ယာသည် ပုဂ္ဂိုလ်ရေးအကြောင်းများကြောင့် နိုင်ငံရေးမှ စွန့်ခွာတော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ မယ်ယာသည် ညီညွတ်သော ဒီမိုကရေစီလှုပ်ရှားမှုပါတီကို တည်ထောင်ခဲ့သူဖြစ်သည့်အပြင် ဝန်ကြီးတာဝန်များကို ထမ်းဆောင်ခဲ့သော ထင်ရှားသည့် နိုင်ငံရေးခေါင်းဆောင်တစ်ဦး ဖြစ်သည်။

အလုပ်လက်မဲ့ဆန့်ကျင်ရေးလူထုဆန္ဒပြပွဲ – တောင်အာဖရိကနိုင်ငံတွင် လုပ်သားအင်အား၏ ၃၅ ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့များဖြစ်နေသည်။ သို့ဖြစ်၍ အဖွဲ့ဝင်အင်အား ၁.၈ သန်းရှိသော တောင်အာဖရိက အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်က အလုပ် လက်မဲ့ထူပြောမှုကို ဆန့်ကျင်သည့်အနေဖြင့် လူထုလှုပ်ရှားမှု ကို ဇန်နဝါရီလ ၃၁ ရက်နေ့တွင် စတင်ဆင်နွှဲခဲ့သည်။ စီးပွားရေး ကဏ္ဍအလိုက် လူထုဆန္ဒပြပွဲများကို ပြုလုပ်သွားမည်ဟုလည်း ကြေညာခဲ့သည်။

အုပ်စုသတ်ပွဲများကြောင့် အုပ်စုလိုက်ဖမ်းဆီးခြင်း – ကျေးရွာသူကြီး၏အာဏာများ ပေးအပ်ထားမှုနှင့်ပတ်သက်ပြီး လူမျိုးအုပ်စုချင်းပဋိပက္ခများဖြစ်ပွားခဲ့သည်။ ကိတ်အရှေ့ပိုင်းမြို့တွင် အုပ်စုပဋိပက္ခများကြောင့် လူ ၆ ဦး အသတ်ခံခဲ့ရသည်။ ထိုသတ်ဖြတ်မှုနှင့်ပတ်သက်ပြီး လူပေါင်း ၁၇၁ ဦးတို့အား ဇန်နဝါရီလ ၅ ရက်နေ့တွင် အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။

အယ်ဒီတာများအား လူ့အခွင့်အရေး ကော်မရှင်က ဆင့်ခေါ်ခြင်း – လန်ဒန်အခြေစိုက်ဖိုင်နင့်ရှယ်တိုင်းမ်း(စ်) သတင်းစာ အယ်ဒီတာ အပါအဝင်သတင်းစာ ၄၀ ကျော်တို့မှ အယ်ဒီတာများအား တောင်အာဖရိက လူ့အခွင့်အရေး ကော်မရှင်တွင် လာရောက်သက်သေခံရန် ဆင့်ခေါ် စာများကို ဖေဖော်ဝါရီလ အလယ်ပိုင်းက ထုတ်ပြန်ခဲ့သည်။ သတင်းမီဒီယာများ၌ လူမျိုးရေးဝါဒများကို ထည့်သွင်းဖော်ပြမှုများနှင့်စပ်လျဉ်း၍ မတ်လတွင် စစ်ဆေးသည့်အခါ သက်သေထွက်ဆိုရန် ဆင့်ခေါ်ခဲ့ခြင်းဖြစ်သည်။ အကယ်၍ အယ်ဒီတာများသည် ဆင့်ခေါ်သည့်အတိုင်း မလာရောက်ပါက ထောင်ဒဏ် ၆ လ ကျခံရမည်ဖြစ်ပေသည်။ ထို့ကြောင့် သတင်းစာထုတ်ဝေသူများက ဤလုပ်ရပ်မှာ လွတ်လပ်စွာပြောဆိုရေးသားခွင့်ကို ဖောက်ဖျက်ရာရောက်ပြီး သတင်းစာခေါင်းကြီးပိုင်းများ ရေးသားမှုကို ချုပ်ကိုင်လမ်းညွှန် ရာရောက်သဖြင့် ၎င်းဆင့်ခေါ် စာများကို ဖျက်သိမ်းပေးရန် တောင်းဆိုခဲ့သည်။ ဗြိတိန်နိုင်ငံမှ ဖိုင်နင့်ရှယ်တိုင်းမ်း(စ်) သတင်းစာအယ်ဒီတာလဲမ်းဘတ်မှာ နိုင်ငံခြားသတင်းစာမှ ဖြစ်နေ၍ ၎င်းအားဆင့်ခေါ် မှုကို လူ့အခွင့်အရေးကော်မရှင်က ဖျက်သိမ်းပေးခဲ့သည်။ ဆင့်ခေါ်ထားသော အယ်ဒီတာများသည် အမှုစစ်ဆေးကြားနာရာတွင် အလိုအလျောက်ပူးပေါင်းကူညီခြင်းမပြုပါက ထပ်မံဆင့်ခေါ် စာများ ပို့ဦးမည်ဆိုကာ လူ့အခွင့်အရေးကော်မရှင်က ဆင့်ခေါ် စာများကို ရုပ်သိမ်းပေးခဲ့သည်။ တောင်အာဖရိကနိုင်ငံမှ သတင်းစာထုတ်ဝေသူ

၄ ဦးတို့နှင့် တွေ့ဆုံညှိနှိုင်းပြီးနောက်တွင် ဤကဲ့သို့ ဆင့်ခေါ်စာများကို ရုပ်သိမ်းပေးခဲ့ခြင်းဖြစ်သည်။

**အိတ်(စ်)ရောဂါဘက်မှ ရပ်တည်ပြောသည့်သမ္မတအမ်ဘေကီ–** အိတ်(စ်)ရောဂါ (AIDS) သည် HIV ပိုးကြောင့် မဟုတ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များနှင့် ဆွေးနွေးလိုသည်ဟု တောင်အာဖရိကသမ္မတအမ်ဘေကီက အမေရိကန်သမ္မတ ကလင်တန်ထံသို့ စာတစ်စောင်ရေးသား ပေးပို့ခဲ့သည်။ တောင်အာဖရိကသည် အိတ်(စ်)ရောဂါဖြစ်ခြင်းနှင့် စပ်လျဉ်း၍ တစ်ကြောင်းစွဲ စုံစမ်းမှုမပြုလိုကြောင်း ရေးသားဖော်ပြထား မည့်စာကို ဧပြီလ ၂၀ ရက်နေ့ထုတ်ဝါရှင်တန်ပို့(စ်) သတင်းစာက လူသိရှင်ကြား ဖော်ပြပေးခဲ့သည်။ "အာဖရိကတိုက်တွင် သာ တစ်မူထူးခြားစွာ ဒုက္ခရောက်နေသော အိတ်(စ်)ရောဂါ " နှင့် ပတ်သက်၍ အနောက်တိုင်းဖြေရှင်းနည်းဖြင့်သာ ဆောင်ရွက်နေခြင်းသည် မှားယွင်းနေကြောင်း သမ္မတ အမ်ဘေကီက ရေးသားခဲ့သည်။ ဒုတိယသမ္မတ ဂျက်ကော့(မ်)ဇူးမားက အိတ်(စ်) ရောဂါ၏အကြောင်းရင်းများ ဘက်စုံအမြင်ဖြင့် ဖြေရှင်းသင့်ကြောင်းပြောကြားရင်း သမ္မတ အမ်ဘေကီ၏အဆိုကို ထောက်ခံပြောကြားခဲ့သည်။

**ဝန်ကြီးအားတရားစွဲဆိုရန် ကြိုးပမ်းသည့်အယ်ဒီတာ –** သည်မေးလ်အင်ဂါးဒီယန်းသတင်းစာ အယ်ဒီတာဖီးလစ်ဗန်နီးကတ်(က်) သည် ပြည်သူ့လုပ်ငန်းများဆိုင်ရာ ဝန်ကြီးဂျက်(ဖ်)ရာဒေဘေအား ရာဇဝတ်မှုဖြင့် တရားစွဲဆိုရန် ဧပြီလ ၇ ရက်နေ့က ကြိုးပမ်းခဲ့သည်။ တောင်အာဖရိက လူ့အခွင့်အရေးကော်မရှင် ၏ စုံစမ်းမှုတစ်ခုတွင် အဆိုပါဝန်ကြီးသည် လွဲမှားသော သက်သေထွက်စာကို တင်သွင်းခဲ့မှုကို အရေးယူပေးပါရန် အဆိုပါ အယ်ဒီတာက လူ့အခွင့်အရေးကော်မရှင်ကို တိုက်တွန်းခဲ့သည်။ ၎င်းသက်သေထွက်စာ၌ ဝန်ကြီးက အယ်ဒီတာနီးကတ်(က်) သည် သမ္မတအမ်ဘေကီအပေါ် ပုဂ္ဂိုလ်ရေးတိုက်ခိုက်စာများရေးခဲ့ကြောင်း၊ လူမျိုးရေးဝါဒီဟု အထင်မခံလိုသဖြင့် အမျိုးသမီး သတင်းထောက်တစ်ဦး၏ နာမည်ကို ခံယူကာ ရေးသားကြောင်း၊ ယင်းသို့ရေးသားချက်များသည် မှားယွင်းကြောင်း အဆိုပါအယ်ဒီတာက ဖော်ပြခဲ့သည်။

**သမ္မတအမ်ဘေကီဇင်ဘာဘွေသို့ သွားရောက်ခြင်း –** ဇင်ဘာဘွေနိုင်ငံ၌ကျင်းပမည့် နိုင်ငံတကာကုန်သွယ်မှုဈေးပွဲတော်ကို ဖွင့်လှစ်ပေးနိုင်ရန် သမ္မတအမ်ဘေကီသည် ဇင်ဘာဘွေနိုင်ငံ၏ ဒုတိယ အကြီးဆုံးမြို့တော်ဖြစ်သော ဘူလာဝါယိုးသို့ မေလ ၅ ရက်နေ့က သွားရောက်ခဲ့သည်။ ထိုဈေးပွဲတော်၌ နှစ်နိုင်ငံသမ္မတနှစ်ဦးတို့ တွေ့ဆုံခဲ့သည်။ ဇင်ဘာဘွေနိုင်ငံတွင် လူဖြူတို့ပိုင်သော မြေယာများကို စစ်မှုထမ်းဟောင်းများက သိမ်းယူနေခြင်း၊ အကြမ်းဖက်မှုများ တိုးပွားနေခြင်းတို့ကြောင့် သမ္မတမူဂါဘေအပေါ် ပြည်တွင်းပြည်ပမှ ဝေဖန်ပြစ်တင်နေကြသည်။ ဤအခြေအနေတွင် သွားရောက်ခဲ့ခြင်းသည် အမ်ဘေကီက မူဂါဘေအား ထောက်ခံအားပေးရာရောက်ကြောင်း ဝေဖန်ပြောဆိုနေကြသည်။ ဇင်ဘာဘွေကို သိမ်းပိုက် ကျွန်ပြုခဲ့မှုကြောင့် ယခုကဲ့သို့ မြေယာဆုံးရှုံးမှုများ မလွဲမသွေ ပေါ်ပေါက်လာရသည်ဟု အမ်ဘေကီက ပြောကြားခဲ့သည်။ တစ်ချိန်တည်းတွင်လည်း ရန်မီးမပွားစေဘဲ သမဝါယမစနစ်ဖြင့် လူဖြူများပိုင် လယ်ယာများကို ဝေခြမ်းသင့်ကြောင်းကိုလည်း ဇင်ဘာဘွေ သမ္မတမူဂါဘေအား တိုက်တွန်းခဲ့သည်။

**ယန်း ငွေ တန် ဖိုး ကျ ဆင်း မှုနှင့် အ ထွေ ထွေ သ ပိတ် –** ဇင်ဘာဘွေ နိုင်ငံတွင်း နိုင်ငံရေးအကြမ်းဖက်မှုများသည် အိမ်နီးချင်းဖြစ် သော တောင်အာဖရိကနှင့်အခြားနိုင်ငံများသို့ပါ ကူးစက်လာနိုင်သည်ဟု ငွေကြေးကုန်သည်များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံ သူတို့၏ စိုးရိမ်မှုကြောင့် မေလ ၉ ရက်နေ့တွင် တောင်အာဖရိကမှ ယန်းငွေတန်ဖိုးကျဆင်းခဲ့သည်။ အမေရိကန် တစ်ဒေါ်လာသည် ယန်းငွေ ၇.၀၈ နှင့် ညီမျှသည်အထိ ကျဆင်းသွားခဲ့သည်။ ထိုနေ့တွင်ပင် တောင်အာဖရိကအလုပ်သမားသမဂ္ဂအဖွဲ့ချုပ်က အလုပ်လက်မဲ့များလာမှုကြောင့် အထွေထွေသပိတ်ကြီး စတင်ဆင်နွှဲခဲ့သည်။ ထို့ကြောင့်လည်း ယန်းငွေတန်ဖိုးမှာ ပိုမိုကျဆင်းသွားစေခဲ့သည်။

**ဇုတာဘက်ဆွန်အမှု –** တောင်အာဖရိကအထူးတပ်ဖွဲ့များမှ အရာရှိဟောင်းဖြစ်သူ ဂျိုဟန်သေရွန်က မေလ ၄ ရက်နေ့တွင် ကြေညာချက်တစ်ခုပြုလုပ်ခဲ့သည်။ ထို့ကြေညာချက်အရ တောင်အာဖရိက အစိုးရအဖွဲ့အတွက် ဓာတုဗေဒနှင့်ပိုးမွှားလက်နက်များ ထုတ်လုပ်ရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သူ ဇုကာဘက်ဆွန်သည် လူဖြူအစိုးရ၏ နောက်ဆုံး ၁၀ နှစ်ကာလအတွင်း ကြွက်သားပျော့ဆေးများကို ထုတ်လုပ်ပေးခဲ့သည်။ အနောက်တောင်အာဖရိက ပြည်သူ့အဖွဲ့ (ဆွာပိုအဖွဲ့)မှ ပြောက်ကျားများအား သတ်ရာတွင် ထိုဆေး များကို အသုံးပြုခဲ့သည်။ ၎င်းထိုးဆေးများဖြင့် ဆွာပိုအဖွဲ့ဝင် ၂၀၀ ခန့်တို့အား ထိုးသွင်းပေးခဲ့ပြီးနောက် ၎င်းထိုးဆေးဖြင့် သေဆုံးသူတို့အား လေယာဉ်ဖြင့်သယ်ဆောင်ကာ အတ္တလန္တိတ် သမုဒ္ဒရာတွင်းသို့ ပစ်ချခဲ့ကြောင်း သေရွန်က ထုတ်ဖော်ပြောကြားခဲ့သည်။ လူသတ်မှု၊ ပူးပေါင်းကြံစည်မှု၊ အကျင့်ပျက်လာဘ်

စားမှုတို့ဖြင့် တရားစွဲဆိုခြင်းခံနေရသော ဘက်ဆွန်အပို့ သေရှုန်၏ ထွက်ဆိုချက်များမှာ အကျိုးသက်ရောက်မှု မရှိခဲ့ပေ။ လူသတ်မှုများသည် သမုဒ္ဒရာတွင်းဖြစ်၍ တရားစီရင်ပိုင်ခွင့် နယ်နိမိတ်ထက်ကျော်လွန်နေသောကြောင့် ဖြစ်ပေသည်။ သို့ရာတွင် ဘက်ဆွန်က ၎င်းသည် အဆိပ်များထုတ်လွှင့်ပေးခြင်း မရှိဘဲ စိတ်ငြိမ်ဆေးများသာ ထုတ်လုပ်ပေးခဲ့ကြောင်း ထွက်ဆို ချက်ရှိထားသဖြင့် ၎င်းအမှုကို ဆက်လက်ကြားနာရာ၌ သေရှုန် ၏ ထွက်ဆိုချက်များကိုလည်း ဆက်စပ်စဉ်းစားသွားမည်ဟု တရားသူကြီးက ပြောဆိုခဲ့သည်။

ဝီလျံဆင်နှင့် အခြားသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း – ၁၉၈၂ ခုနှစ်က အသိပညာရှင် ရု(သ်)ဖတ်(စ်)အား စာအိတ်ဗုံးဖြင့် တိုက်ခိုက်သတ်ဖြတ်ခဲ့ကြောင်း ဝန်ခံကြသဖြင့် အသားအရောင်ခွဲခြားမှုကာလက စုံထောက်အဖွဲ့ဝင် ဝီလျံဆင် နှင့် ရော်ဂျာရေဗင်တို့အား အမှန်တရားနှင့် ပြန်လည်သင့်မြတ် ရေးကော်မရှင်က ဇွန်လ ၁ ရက်နေ့တွင် ပြစ်ဒဏ်မှ လွတ်ငြိမ်း ချမ်းသာခွင့်ပေးခဲ့သည်။ ထိုစာအိတ်ဗုံးသည် တောင်အာဖရိက ကွန်မြူနစ်ပါတီ ခေါင်းဆောင် ဂျိုးစလိုဗိုအား သတ်ဖြတ်ရန် သာဖြစ်ကြောင်း ဝီလျံဆင်က ပြောကြားခဲ့သည်။ ၎င်းတို့သည် ၁၉၈၄ ခုနှစ်ကလည်း စာအိတ်ဗုံးဖြင့်ပင် အင်ဂိုလာရှိ ဂျင်းနက် စကွန်းနှင့် သူ့သမီးငယ်တို့အား သတ်ဖြတ်ခဲ့ကြောင်း ဝန်ခံ ပြောကြားခဲ့ကြသည်။ အမှန်တရားကော်မရှင်သည် အခြားလူသတ်မှုများအတွက်လည်း လွတ်ငြိမ်းချမ်းသာ ခွင့်ပေးခဲ့သည်။

အတိုက်အခံပါတီချင်း ပေါင်းစည်းမှု – အဓိက အတိုက်အခံပါတီဖြစ်သော ဒီမိုကရက်တစ်ပါတီနှင့်လူဖြူအစိုးရလက်ထက်က အာဏာရပါတီဖြစ်ခဲ့ဖူးသော အမျိုးသားပါတီသစ်တို့သည် ဒီမိုကရက်တစ်မဟာမိတ်ပါတီသစ်အဖြစ် ဇွန်လ ၂၅ ရက်နေ့က ပေါင်းစည်း ဖွဲ့စည်းလိုက်ကြသည်။ ပါတီသစ်တွင် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌက ဦးဆောင်ပြီး အမျိုးသားပါတီသစ်မှဥက္ကဋ္ဌက ဒုတိယခေါင်းဆောင်အဖြစ် အသီးသီးနေရာယူကြသည်။ အမတ်နေရာ ၄၀၀ ရှိသော လွှတ်တော်တွင် အသစ်ပေါင်းစည်း လိုက်သော ဒီမိုကရက်တစ်မဟာမိတ်ပါတီက အမတ်နေရာ ၉၆ နေရာတို့ကို ရရှိကြမည်ဖြစ်သည်။

ယာမြေကျူးကျော်မှုများ – ဇူလိုင်လ ၇ ရက်နေ့တွင် လူဖြူလူမည်းများပါဝင်မည့် စီးပွားဖြစ် တောင်သူများအဖွဲ့မှ ကြေညာချက်အရ ခွာဇူလူ – နေတယ်လ်နယ်မြောက်ပိုင်း ကမ်းခြေဒေသ၌ လူဖြူမြေရှင်တို့၏ ယာမြေများမှာ ကျူးကျော် ခံနေရကြောင်းသိရှိရသည်။ စီးပွားဖြစ်တောင်သူများအဖွဲ့က လယ်ယာမြေပြုပြင်ရေးကို အစိုးရအနေဖြင့် အမြန်ဆုံးပြုလုပ် သင့်ကြောင်း အဆိုပြု ထားသည်။ လူမည်းများချည်းပါဝင်သော အမျိုးသားတောင်သူလယ်သမားသမဂ္ဂကလည်း ထိုအဆိုကို ထောက်ခံလျက် "ဤနိုင်ငံ၌ လယ်မြေတော်မှုမှာ အမှန်တကယ် ဖြစ်နေကြောင်း" ပြောကြားခဲ့သည်။ စီးပွားဖြစ် လူမည်း တောင်သူလယ်သမားလူတန်းစားသစ် ပေါ်ထွန်းလာစေရန် အစိုးရသည် လယ်ယာမြေစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းကို ပြန်လည်ဝေငှသင့်ကြောင်း အဆိုပြုထားသည်။ ယခုအချိန်အထိ အစိုးရသည် လယ်ယာမြေစုစုပေါင်း၏ ၃ ရာခိုင်နှုန်းကိုသာ ဝေငှပြီးဖြစ်သည်။ အစိုးရသည် လူဖြူတို့ပိုင်သော မြေများကို ပေါက်ဈေးဖြင့်ဝယ်ယူပြီး လူမည်းများအား နေရာချထားပေး လျက်ရှိသည်။ လူဖြူများအား မြေယာလက်လွတ်ဆုံးရှုံးစေခြင်း သည် လူဖြူတို့ပိုင်မြေများကို ခိုးယူခြင်းပင်ဖြစ်ကြောင်း၊ စီးပွား ဖြစ်လူဖြူတောင်သူတို့အပေါ် စစ်ကြေညာရာရောက် ကြောင်း လူဖြူများကပြောကြားခဲ့သည်။

မြို့ကြီးများ၏ အမည်ပြောင်းခြင်း – ဇူလိုင်လ ၂၁ ရက်နေ့တွင် အစိုးရက ပရီတိုးရီးယားမြို့ကို "ရှဝါနေး" (တို့အတူတူပဲ) ဟုလည်းကောင်း၊ ပို(တ်)အယ်လီဇဘက်ကို နယ်(လ်)ဆင်မန်ဒဲလား မြို့ကြီးဟုလည်းကောင်း အမည်ပြောင်းလဲမည်ဖြစ်ကြောင်း၊ အလားတူစွာ ဒါရ်ဗာန်နှင့် ဂျိုဟန်နက်(စ်)ဘာ့တ်မြို့တို့ကိုလည်း တောင်အာဖရိကအမည်များသို့ ပြောင်းလဲမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ကိတ်တောင်းမြို့ကို မူလအမည်အတိုင်း ဆက်လက်ထားရှိ မည်ဟုသိရသည်။ တောင်အာဖရိကသည် ကိုလိုနီနှင့် အသား အရောင်ခွဲခြားမှု အတိတ်သမိုင်းကြောင်းကို မျက်ခြည်ဖြတ်ကာ တည်ဆဲမြို့ကြီးများအား တိုးချဲ့လျက် ပြန်လည်ပြုပြင်ဖွဲ့စည်း တည်ဆောက်ရေးကို ဆောင်ရွက်နေကြောင်း ပြသရာရောက်သည်။

မီးခံကျောက်ဂွမ်းအမှုစီရင်ထုံး – ဗြိတိန်နိုင်ငံမှ အထက်လွှတ်တော်လည်းဖြစ်၍ အမြင့်ဆုံးတရားရုံးလည်းဖြစ်သော မှူးမတ်များ၏ လွှတ်တော်က ဇူလိုင်လ ၂၀ ရက်နေ့တွင် စီရင်ထုံးတစ်ရပ်ကို ချမှတ်ခဲ့သည်။ ထိုစီရင်ထုံးအရ ဗြိတိသျှအခြေစိုက် ကိတ်အမည်ရှိ နိုင်ငံစုကုမ္ပဏီတွင် မီးခံကျောက်ဂွမ်းအလုပ်သမား ၃၀၀၀ တို့သည် လျော်ကြေးများ ရရှိတော့မည် ဖြစ်သည်။ ကိတ်ကုမ္ပဏီသည် တောင်အာဖရိကတွင် မီးခံကျောက်ဂွမ်း လုပ်ငန်းမှ ၁၉၇၉ ခုနှစ်က စွန့်ခွာလာခဲ့သည်။ ကိတ်ကုမ္ပဏီ သည် ၎င်းလုပ်ငန်းကို တောင်အာဖရိကရှိ

လုပ်ငန်းခွဲမှုတစ်ဆင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ တောင်အာဖရိကအလုပ်သမားများအား လျော်ကြေးမပေးထိုက်ကြောင်း ခုခံငြင်းဆန်ခဲ့သည်။ အယူခံရုံးအထိ အဆင့်ဆင့်သော ဗြိတိသျှတရားရုံးများက ကိတ်ကုမ္ပဏီကို အနိုင်ပေးခဲ့သည်။ သို့ရာတွင် အမြင့်ဆုံး တရားရုံးဖြစ်သော အထက်လွှတ်တော်က အောက်ရုံးအမိန့် များကို ပယ်ဖျက်၍ အလုပ်သမားများအား လျော်ကြေးပေးစေ ရန်ဆုံးဖြတ်ခဲ့ သည်။ တောင်အာဖရိကမှ အလုပ်သမားများသည် မီးခံကျောက်ဂွမ်းလုပ်ငန်းကြောင့် ရောဂါများကို သေလုမျော ပါးခံစားနေရကြောင်း၊ အလုပ်သမားများသည် ဆင်းရဲလွန်းသဖြင့် တရားမျှတမှုကို ရရှိအောင် ရှေ့နေရှေ့ရပ်ကောင်းများကို မငှားရမ်းနိုင်ခဲ့ကြောင်း၊ တောင်အာဖရိကရှိတရားရုံးများကလည်း နိုင်ငံစုံကုမ္ပဏီများပါဝင်သော အမှုများ၌ လျော်ကြေးကိစ္စများကို တရားမျှတအောင် ဆောင်ရွက်ပေးနိုင်စွမ်းမရှိကြကြောင်း အထက်လွှတ်တော် တရားရုံးက ၎င်း၏စီရင်ထုံးတွင် အကြောင်းပြရေးသားခဲ့သည်။ ထိုအမှုကို ကြားနာစစ်ဆေးပေးခြင်းမရှိပါက တရားမျှတမှုကို ငြင်းဆန်ရာရောက်မည်ဖြစ်ကြောင်း လော့ဒ်ဘင်းဟမ်က ပြောကြားခဲ့သည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးအစီအစဉ် – ပြည်သူ့လုပ်ငန်းများဆိုင်ရာ ဝန်ကြီးဂျက်(ဖ်)ရာဒေဘောက နိုင်ငံပိုင်လုပ်ငန်းအများအပြားကို ပုဂ္ဂလိကပိုင် ပြုလုပ်သွားတော့မည်ဖြစ်ကြောင်း ဩဂုတ်လ ၁၀ ရက်နေ့က ကြေညာခဲ့သည်။ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် အဝေးပြောဆက်သွယ် ရေးလုပ်ငန်းတို့ကို ပုဂ္ဂလိကပိုင် အဖြစ်သို့ ပြောင်းလဲတော့မည်ဖြစ်သည်။ အစိုးရသည် ပုဂ္ဂလိက ပိုင်ပြုလုပ်ရေးအတွက် ယန်းငွေ ဘီလီယံ ၄၀ ကန်ကျမည်ဟု ခန့်မှန်းထားသည်။ ယင်းအစီအစဉ်ကို ၂၀၀၄ ခုနှစ်တွင် အပြီး ဆောင်ရွက်ရန်စီစဉ်ထားသည်။

ထင်ရှားသူပုဂ္ဂိုလ်သုံးဦး ကွယ်လွန်သွားခြင်း – ကုမ္ပဏီကြွယ်လုပ်ငန်းခွင်ကြီး၊ ၁၉၅၇–၈၂ ကာလအတွင်း အင်္ဂလို–အမေရိကန်ကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ၁၉၃၄–၈၄ ကာလအတွင်း စိန်ထုတ်လုပ်မှုလုပ်ငန်း အကြီးဆုံးလုပ်ငန်းဖြစ်သည့် ဒီဘီးယား စိန်လုပ်ငန်းပိုင်ရှင်ဖြစ်သည့် ဟယ်ရီအိုပင်ဟိုင်းမားသည် အသက် ၉၁ နှစ်အရွယ်တွင် ဩဂုတ်လ ၁၉ ရက်နေ့က ကွယ်လွန်သွားခဲ့သည်။ အင်္ဂလို – အမေရိကန်ကော်ပိုရေးရှင်းသည် တောင်အာဖရိကစီးပွားရေးကို လွှမ်းမိုးထားခဲ့သည်။ တတ်သတ္တုလုပ်ငန်းတွင် ကမ္ဘာပေါ်၌ အကြီးဆုံးလုပ်ငန်းဖြစ်သည်။

အသားအရောင်ခွဲခြားမှုတွင် အစွဲသန်ခေါင်းမာ၍ ဩဇာတိက္ကမကြီးမားသော ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဂျဒ်ရေ(စ်)သည် ဩဂုတ်လ ၈ ရက်နေ့တွင် အသက် ၈၁ နှစ်အရွယ်၌ ကွယ်လွန်သွားခဲ့သည်။ သူသည် ပြုပြင်ပြောင်းလဲရေး မှန်သမျှကို အပြင်းအထန်ဆန့်ကျင်ခဲ့သည်။ အာဏာရပါတီမှ ထုတ်ပယ်ခံရသောအခါ သူသည် လက်ယာအစွန်းရောက်မှု အများဆုံးပါတီကို တည်ထောင်ခဲ့သည်။

လူများစုဖြစ်သော လူမည်းများသို့ အာဏာလွှဲပြောင်းမပေးမီ နောက်ဆုံးလူဖြူအစိုးရအဖွဲ့တွင် တရားရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သော ကိုဘီးကိုအက်ဆီးသည် ဂျူလိုင်လ ၂၉ ရက်နေ့တွင် အသက် ၆၉ နှစ်အရွယ်၌ ကွယ်လွန်သွားခဲ့ သည်။ သူသည် တရားဝန်ကြီးအဖြစ် ဆောင်ရွက်စဉ်က အမှုစစ် ဆေးခြင်းမပြုဘဲ နိုင်ငံရေးအကျဉ်းသားပေါင်းထောင်သောင်း ချီ၍ ထောင်ချစေခဲ့သူဖြစ်သည်။ သို့ရာတွင် ထောင်ကျနေ သောနယ်(လ်)ဆင်မဲန်ဒဲလားနှင့် လူဖြူအစိုးရတို့တွေ့ဆုံ ဆွေးနွေးရေးကို ပထမဆုံးစတင် အကြံပြုခဲ့သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ ဤသို့ဖြင့် ၁၉၉၄ ခုနှစ်တွင် အသားအရောင်ခွဲခြားမှုကို စွန့်လွှတ်ရသည် အထိဖြစ်ခဲ့သည်။ နယ်(လ်)ဆင်မဲန်ဒဲလားက သူသည် “ခေတ်ရှေ့ကပြေးနေသော ပြုပြင်ရေးသမား” ဖြစ်သည်ဟု ချီးမွမ်းခဲ့သည်။

ဂိုဏ်းချုပ် ဘုန်းတော်ကြီးတုတု အနားယူသွားခြင်း – ကျန်းမာရေးအကြောင်းပြချက်များဖြင့် အသားအရောင်ခွဲခြားမှုကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သော ဂိုဏ်းချုပ်ဘုန်းတော်ကြီး ဒက်(စ်)မွန်တုတုသည် ဩဂုတ်လ ၁၇ ရက်နေ့တွင် အနားယူတော့မည် ဖြစ်ကြောင်းကြေညာခဲ့သည်။ ဆီးကျိတ်ကင်ဆာရောဂါဖြင့် သူသည် အမေရိကန်ပြည်ထောင်စု၌ ဆေးကုသမှုခံယူခဲ့ရသည်။

သမ္မတအမ်ဘေကီ၏အိတ်(စ်)အယူအဆပြောင်းလဲသွားခြင်း – အိတ်(စ်)ရောဂါဖြစ်ပွားခြင်း၏အကြောင်းရင်းမှာ HIV ပိုးဖြစ်ကြောင်း ဝန်မခံသဖြင့် တောင်အာဖရိက အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်နှင့် တောင်အာဖရိက ကွန်မြူနစ်ပါတီတို့က သမ္မတအမ်ဘေကီအား ဝေဖန်ခဲ့ကြသည်။ သမ္မတအမ်ဘေကီ၏ အယူအဆသည် သိပ္ပံနည်းမကျဘဲ ပြည်သူလူထုကို ဇဝေဇဝါဖြစ်စေကြောင်း စက်တင်ဘာလ ၁၉ ရက်နေ့တွင် အဆိုပါနှစ်ဖွဲ့က စွပ်စွဲဝေဖန်ခဲ့သည်။ အာဖရိကအမျိုးသားကွန်ဂရက်ပါတီမှ ကျန်းမာရေးကော်မတီကအိတ်(စ်)ရောဂါသည် HIV ပိုးကြောင့်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ပါတီခေါင်းဆောင်ပိုင်းကလည်း ထိုအချက်ကို အတိအလင်းဖွင့်ဟပြောဆို သင့်ကြောင်း တောင်းဆိုခဲ့သည်။

သမ္မတအမ်ဘေကီ၏အိတ်(စ်)ရောဂါနှင့်ပတ်သက်၍ မိမိ၏အယူအဆကြောင့် အေအင်စီပါတီအတွင်း ညီညွတ်ရေး ပြိုကွဲသွားမည်ကို စိုးရိမ်ခဲ့သည်။ အေအင်စီပါတီအတွင်း၌ သမ္မတ အမ်ဘေကီအား ထောက်ခံသူဦးရေ လျော့ပါး လာခဲ့သည်။ ဤ အခြေအနေတွင် အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက သမ္မတအမ်ဘေကီသည်အိတ်(စ်)ရောဂါနှင့် ပတ်သက်၍ အများပြည်သူတို့သိရှိအောင် ပြောကြားတော့မည်မဟုတ်ကြောင်း၊အိတ်(စ်)ရောဂါတိုက်ဖျက်ရေးကို ကျန်းမာရေးဝန်ကြီး ဦးဆောင်သည့် ဝန်ကြီးများ၏ အထူးကော်မတီက တာဝန်ယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း အောက်တိုဘာလ ၁၆ ရက် နေ့တွင် ကြေညာသွားခဲ့သည်။

ကိတ်တောင်း ဗုံးခွဲမှုများအတွက် သမ္မတ၏ ပြောကြားချက် – ကိတ်တောင်းမြို့တွင် ဗုံးဖောက်ခွဲမှုများ ဆက်တိုက် ပေါ်ပေါက် ခဲ့သည်။ ထိုသို့ဖောက်ခွဲမှုများသည် တစ်မျိုးသားလုံးအပေါ် တိုက်ခိုက်ရာရောက်ကြောင်း သမ္မတက ပြောကြားခဲ့သည်။ စက်တင်ဘာလ ၇ ရက်နေ့တွင် တရားသူကြီး ပိုက်တာသေရွန်သည် နေအိမ်၌ပင် သေနတ်ဖြင့်ပစ်သတ်ခံခဲ့ရသည်။ ထိုတရားသူကြီးသည် ကိတ်တောင်းရဲစခန်းကို ဗုံးဖြင့် တိုက်ခိုက် ခဲ့မှုအတွက် ဂိုဏ်းဖွဲ့ လူပ်ရှားမှုနှင့် မူးယစ်ဆေးဝါး ဆန့်ကျင်ရေး ပြည်သူ့အဖွဲ့ (PAGAD) အဖွဲ့ဝင်များကို ကြားနာစစ်ဆေး နေသူဖြစ်သည်။ တရားသူကြီး သေရွန်အား ပစ်သတ်မှုသည် "နိုင်ငံရေးနှင့် အခြေခံဥပဒေဖြင့် အုပ်ချုပ်သောစနစ်ကို ခြိမ်း ခြောက်ခြင်း" ဖြစ်ကြောင်း၊ ဗုံးဖောက်ခွဲမှုများသည် အယ်လ် ကျိုးရီးယားနိုင်ငံ၌ အစ္စလာမ်အခြေခံဝါဒီတို့၏ လှုပ်ရှားပုံများနှင့်ဆင်တူနေကြောင်း သမ္မတ အမ်ဘေကီက ပြောကြား ခဲ့သည်။

စစ်တပ်အတွင်းလူမျိုးရေးဝါဒကျင့်သုံးမှု – လူမည်းဗိုလ်ဆီဘူဆီဆိုမာဒူဘေလာ၏ အရမ်းကာယောပစ်ခတ်မှုကြောင့် လူ ၈ ဦး သေဆုံးခဲ့ရသည်။ ထိုပစ်ခတ်မှုအတွက် စုံစမ်းရေးကော်မတီ၏အစီရင်ခံစာသည် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ပေါ်ထွက်လာခဲ့သည်။ ထိုအစီရင်ခံစာ၌ တောင်အာဖရိက အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (South African National Defence Force - SANDF) တွင် ၆ နှစ်တာကာလအတွင်း ပေါင်းစည်းရေးနှင့် အဆင့်နိမ့် အခွင့်အလမ်းမဲ့သူများအား မြှင့်တင်ရေးတို့ကို ဆောင်ရွက်ခဲ့သော်လည်း တပ်တွင်း၌ လူမျိုးရေးဝါဒကျင့်သုံးမှုများမှာ ပျံ့နှံ့နေဆဲပင်ရှိသေးကြောင်း၊ ယဉ်ကျေးမှုအခြေအမြစ်တို့အပေါ် အခြေခံလျက် ရန့်ရင်းကြမ်းတမ်းသော အပြောအဆိုများမှာ ရှိနေဆဲဖြစ်ကြောင်း၊ ပြည်သူလူထုအား အာဏာအပ်နှင်းရေးကို ဆောင်ရွက်ရန် ပျက်ကွက်နေကြောင်း၊ ပြည်သူလူထုအပိုင်းမှ တာဝန်ယူရေးကို အပြင်းအထန်ဆန့်ကျင်မှုများ ရှိနေဆဲဖြစ်ကြောင်းတို့ကို ရေးသားဖော်ပြထားသည်။ အသားအရောင်ခွဲခြားသည့်ခေတ်က တပ်တွင်းသို့ ဝင်ရောက်ပြီးဖြစ်နေသော လူမည်းများနှင့် ပြုပြင်ပြောင်းလဲပြီးခေတ်ရောက်မှ လူမည်းလွတ်မြောက်ရေးပြောက်ကျားတပ်များမှ ဝင်ရောက်လာသောလူမည်းတို့ အကြား ကွာခြားမှုများရှိနေသေးကြောင်း၊ အရင်ရောက်နှင့်သော လူမည်းများကို နောက်မှရောက်လာသောလူမည်းများထက် သိသာစွာ အခွင့်အရေးပေးထားသည်ကို တွေ့ရကြောင်း၊ လူမျိုးရေးဝါဒကျင့်သုံးမှုနှင့် လစာဖြတ်တောက်မှုများကြောင့် တပ်တွင်းစိတ်ဓာတ်ရေးရာ အခြေအနေမှာ ကျဆင်းလျက်ရှိကြောင်း၊ အဆိုပါအစီရင်ခံစာ၌ ဆက်လက်ဖော်ပြထားသည်။

လက်နက်ထိန်းချုပ်မှု ဥပဒေ – တောင်အာဖရိကပါလီမန်က အောက်တိုဘာလ ၁၁ ရက်နေ့တွင် လက်နက်ထိန်းချုပ်ရေး ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ ထိုဥပဒေသစ်အရ မိမိကိုယ်မိမိ ခုခံပိုင်ခွင့်ကိုကျင့်သုံးနိုင်ရေးအတွက် လူတစ်ကိုယ် သေနတ်တစ်လက်ကျ ကိုင်ဆောင်ခွင့် ပေးထားလိုက်သည်။ ထိုဥပဒေပြဋ္ဌာန်းချိန်တွင် လိုင်စင်ဖြင့် သေနတ်ကိုင်သူဦးရေ ၄.၅ သန်း ရှိသည်။ လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့်ပေးထားသော လက်နက်များအနက် တစ်ဝက်ကျော်မှာ ပစ္စတိုသေနတ်များဖြစ်သည်။

လူဖြူရဲအရာရှိများ၏ အသားအရောင်ခွဲခြားမှုအကျင့်ဆိုး – ရဲသင်တန်းကျောင်းတစ်ခုတွင် ဗီဒီယိုတိတ်ခွေရိုက်ကူးထားသည့် ဖြစ်ရပ်တစ်ခုကို ပြသသည်။ ထိုဖြစ်ရပ်၌ လူဖြူရဲအရာရှိ ၆ ဦးတို့သည် မိုဇမ်ဘစ်နိုင်ငံမှ ခိုးဝင်လာသူလူမည်း သုံးဦးတို့အား ရဲခွေးများက လိုက်လံတိုက်ခိုက် စေခဲ့သည်။ ရဲခွေးများက ကိုက်ဆွဲခေါ်ဆောင်လာသော ထိုလူမည်းတို့အား လူဖြူရဲများက ထပ်မံရိုက်နှက် နှိပ်စက် ကြပြန်သည်။ ထိုဖြစ်မှုအတွက် လူဖြူရဲအရာရှိ ၆ ဦးတို့အား နိုဝင်ဘာ ၉ ရက်နေ့က ဖမ်းဆီးခဲ့ပြီးနောက် နိုဝင်ဘာ ၂၂ ရက်နေ့တွင် ၎င်းတို့အား အာမခံဖြင့် လွှတ်ပေးခဲ့သည်။ လုံခြုံစိတ်ချမှုရှိရေးဆိုင်ရာဝန်ကြီး စတီး(ဗ်) ရှဝေတေက "ဒီမိုကရေစီ အသွင် ကူးပြောင်းလာတာ လေးနှစ်ကြာခဲ့ပြီဖြစ်လို့ ဒီလို လူမျိုးရေးဝါဒနဲ့ ရက်စက်ကြမ်းကြုတ်မှု များ ကျူးလွန်ခဲ့တာဟာ မယုံနိုင်စရာဖြစ်ပါတယ်" ဟုပြောခဲ့သည်။ တောင်အာဖရိကရှိ ရဲတပ်ဖွဲ့တွင် လူမျိုးရေးဝါဒ ကျင့်သုံးဆဲဖြစ်သော လူဖြူရဲတပ်ဖွဲ့ဝင်များ ရှိနေသေးသည်။

တောင်အာဖရိကရိုးရာအစဉ်အလာ ခေါင်းဆောင်တို့၏ အခန်းကဏ္ဍ – နိုဝင်ဘာလ ၃ ရက်နေ့တွင် အစိုးရက မြူနီစီပယ်ဖွဲ့စည်းမှု အက်ဥပဒေ ပြင်ဆင်ရေးအဆိုမူကြမ်းကို ထုတ်ပြန်ပေးခဲ့သည်။ ထိုအဆိုမူကြမ်းအရ မြူနီစီပယ်အဖွဲ့ အာဏာပိုင်များသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်များကို ရိုးရာအစဉ်အလာ ခေါင်းဆောင်များအား လွှဲအပ်ပေးနိုင်ကြောင်း ဖော်ပြထားသည်။ ယင်းသို့ ပြုလုပ်ခြင်းမှာ ၎င်းတို့အား စော်ကားရာရောက်ကြောင်း၊ ရွေးကောက်တင်မြှောက်ထားသော မြူနီစီပယ်အဖွဲ့ဝင်များနှင့် ၎င်းတို့မှာ အဆင့်အတန်းတူညီသင့်ကြောင်း၊ မြူနီစီပယ်များအား ပြန်လည်ဖွဲ့စည်းရာတွင် အစဉ်အလာအရ ၎င်းတို့ အုပ်ချုပ်နေသော နယ်မြေများကို သိမ်းသွင်းယူသွားကြကြောင်း ရိုးရာအစဉ်အလာ ခေါင်းဆောင်များက ကန့်ကွက် ပြောဆိုခဲ့သည်။ ထိုအစဉ် အလာခေါင်းဆောင်တို့သည် နိုဝင်ဘာလ ၆ ရက်နေ့က ပရီတိုးရီးယားမြို့တွင် စုဝေးကြပြီး ဆန္ဒပြကန့်ကွက်ခဲ့ကြသည်။ ဝန်ကြီးအဖွဲ့က ၎င်းအဆိုပြုချက်ကို ပြန်လည်သုံးသပ်ပေးမည်ဟု နိုဝင်ဘာလ ၈ ရက်နေ့က ပြောကြားခဲ့သည်။

ဦးခင်မောင်မြ

**ထိုင်းနိုင်ငံ။** ။ ထိုင်းလွှတ်တော်ကို သက်တမ်းမစေ့မီ အတင်းအဓမ္မဖျက်သိမ်းရေးအတွက် ဆန့်ကျင်ဆန္ဒပြမှုနှင့် မတည်ငြိမ်မှုများဖြစ်အောင် ဖန်တီးနေသော အုပ်စုများ အန္တရာယ်ကို အထူးသတိထားရန် မိမိအစိုးရအဖွဲ့အား ထောက်လှမ်းရေးအဖွဲ့အစည်းများက သတိပေးထားကြောင်း ထိုင်းဝန်ကြီးချုပ်ချွမ်လီပိုင်က ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ပြောကြားသည်။ ဆန္ဒပြမည့်သူများတွင် ပါဝင်သည့် အချို့သောပြည်သူများမှာ အစိုးရစီမံကိန်းများကြောင့် အမှန်တကယ်နစ်နာနေသူများဖြစ်သည်။ သို့သော် အများစုမှာမူ နိုင်ငံရေးအရ စည်းရုံးလှုံ့ဆော်ခံရသူများဖြစ်ပြီး မငြိမ်မသက်ဖြစ်အောင် ဖန်တီးရန် တာစူနေကြသည် စသည်ဖြင့် ချွမ်လီပိုင်က သတင်းထောက်များအားပြောကြားသည်။ ဝန်ကြီးချုပ်ချွမ်လီပိုင်၏ ခြောက်ပါတီညွန့်ပေါင်းအစိုးရအဖွဲ့သည် နိုဝင်ဘာအထိ အာဏာကို ဆက်လက်စွဲကိုင်ထားပိုင်ခွင့်ရှိသည်။ နိုဝင်ဘာလနောက်ပိုင်းတွင်မှ အထွေထွေရွေးကောက်ပွဲကျင်းပရမည်ဖြစ်သည်၊ ရွေးကောက်ပွဲကို စော၍ကျင်းပပေးရန် အတိုက်အခံတို့၏ တောင်းဆိုချက်များ တစ်နေ့ တစ်ခြားကျယ်လောင်များပြားလာခြင်းကို ဝန်ကြီးချုပ်ချွမ်လီပိုင်က လက်မခံဘဲ ငြင်းပယ်နေသည်။ အတိုက်အခံပါတီများသည် ထိုင်းလွှတ်တော်တွင် ချွမ်လီပိုင်၏ အစိုးရအဖွဲ့အား အယုံအကြည်မရှိအဆိုကို နှစ်ကြိမ်တိုင်တင်သွင်းဆွေးနွေးခဲ့ သော်လည်း ချွမ်လီပိုင်၏အစိုးရအဖွဲ့ကို ဖြုတ်မချနိုင်သေးဘဲ ရှိသည်။ ထို့ကြောင့် ထိုအတိုက်အခံများက ယင်းတို့၏ အစိုးရဆန့်ကျင်ရေးကို လမ်းပေါ် အထိဆင်း၍ ဆက်လက်ဆန္ဒပြ ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားကြသည်။

ထိုင်းနိုင်ငံတွင် အမတ်ဦးရေ ၂၀၀ ရှိသော ပထမဆုံးအကြိမ် အထက်လွှတ်တော်ရွေးကောက်ပွဲအတွက် ထိုင်းပြည်သူတို့ မတ်လ ၄ ရက်နေ့က ဆန္ဒမဲပေးခဲ့ကြသည်။ အစိုးရဥပဒေကြမ်းများကို စိစစ်နိုင်စွမ်းရှိပြီး နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအရာရှိများအား စိစစ်ဝေဖန်နိုင်စွမ်းရှိသော ယင်းအထက်လွှတ်တော်၏ အမတ်နေရာများအတွက် အငြိမ်းစား မြို့ပြဝန်ထမ်းများ၊ စစ်ဘက်ထိပ်တန်း ခေါင်းဆောင်ဟောင်းများ၊ လူမှုဝန်ထမ်းဟောင်းများ အပါအဝင် အမတ်လောင်း ၁၅၂၁ ဦး ယှဉ်ပြိုင်အရွေးခံကြသည်။ ထိုင်းနိုင်ငံတွင် ယခင်ကဝန်ကြီးချုပ်ကသာ စိတ်ကြိုက် ရွေးချယ်ခန့်ထားပိုင်ခွင့်ရှိသော အထက်လွှတ်တော်အမတ်များ၏ နေရာများခန့်အပ်ခြင်းကို စွန့်လွှတ်ပြီး ယခုပြုပြင်ထားသော ဥပဒေဖြင့်အစားထိုးဆောင် ရွက်ခြင်းဖြစ်သည်။ မတ်လ ၄ ရက်နေ့ ပြုလုပ်သော အထက် လွှတ်တော်ရွေးကောက်ပွဲတွင် စစ်ဘက်ဝန်ထမ်း အမတ်ဦးရေ သိသိသာသာလျော့နည်းသွားမည်ဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားသည်။

ထိုင်းပါလီမန်က အထက်လွှတ်တော်ပထမဆုံးအကြိမ် ရွေးကောက်ပွဲဆောင်ရွက်မှုကို မိမိကျေနပ်မှုရှိသော်လည်း အဆုံးအဖြတ်ပေးသော အောက်လွှတ်တော်အတွက် ဆန္ဒမဲပေးပွဲအသစ်ကျင်းပရန် မလိုအပ်သေးကြောင်း ဝန်ကြီးချုပ်ချွမ်လီပိုင်က မတ်လ ၆ ရက်နေ့တွင် ပြောကြားခဲ့သည်။ ယေဘုယျအားဖြင့် လွတ်လပ်ပြီး တရားမျှတမှုရှိသည့် အထက်လွှတ်တော်ရွေးကောက်ပွဲရလဒ်ကို ပြည်သူများလက်ခံသင့်ကြောင်း သတင်းထောက်များအား ချွမ်လီပိုင်က ပြောကြားသည်။ သို့ရာတွင် အထွေထွေရွေးကောက်ပွဲကို မကြာမီကာလအတွင်း ကျင်းပမည်မဟုတ်၍ အောက်လွှတ်တော် ဖျက်သိမ်းရန် တောင်းဆိုချက်များနှင့် အထက်လွှတ်တော် ရွေးကောက်ပွဲကို မဆက်စပ်သင့်ကြောင်း ချွမ်လီပိုင်က

ပြောကြားသည်။ အထက်လွှတ်တော် ရွေးကောက်ပွဲပြီးသောအခါ အောက်လွှတ်တော်ကိုအသစ်တစ် ဖန်ရွေးကောက်မည်ဆိုလျှင် အထက်အောက် ပါလီမန်လွှတ်တော်နှစ်ရပ်လုံးမှ အမတ်သစ်များအတူတကွ စတင်ပြီး အလုပ်လုပ်နိုင်ကြမည်ဖြစ်သည်ဟု အတိုက်အခံ အမတ်များနှင့် မကြာမီက ပြုလုပ်သော ရွေးကောက်ပွဲတွင် အနိုင်ရရှိသူများက တင်ပြတောင်းဆိုချက်များကို ဝန်ကြီးချုပ် ချွမ်လီပိုင်က ပြန်ကြားပြောဆိုခြင်းဖြစ်သည်။ လက်ရှိအောက် လွှတ်တော်၏ သက်တမ်းသည် နိုဝင်ဘာလ၌ ကုန်ဆုံးမည်ဖြစ်ပြီး ဒီမိုကရက်ဦးဆောင်သော ခြောက်ပါတီညွန့်ပေါင်းအစိုးရ အဖွဲ့က အနည်းဆုံး အောက်တိုဘာလအထိ အာဏာရယူထားမည်ဟု ပြောဆိုထားသည်။

ထိုင်းဘုရင်ဘူမိဘောအဒူယာဒက်(ချ်) သည် ဝန်ကြီးချုပ် ချွမ်လီပိုင်တင်သွင်းသော အစိုးရသစ်ဖွဲ့စာရင်းကို ပြေလ ၁၁ ရက်နေ့က အတည်ပြုခဲ့သည်။ ထိုင်းအစိုးရသစ် ပြန်လည်ဖွဲ့စည်းရာတွင် ဝန်ကြီးနေရာခြောက်ခုကို အပြောင်းအလဲပြုလုပ်ထားသည်။

ထိုင်းနိုင်ငံရေးသမားများမှာ အင်အားကြီးမားသော ရော်ဘာလုပ်ငန်းကြီးများ၏ မျက်နှာသာပေးခြင်းခံရအောင် မြူဆွယ်ကြိုးပမ်းလျက်ရှိရာ ရော်ဘာလုပ်ငန်းသည် ၂၀၀၀ ပြည့်နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ မတိုင်မီ ထိုင်းနိုင်ငံ၌ နိုင်ငံရေးသမားတို့က ကစားစရာဘောလုံးသဖွယ်ဖြစ်နေသည်။ ဝန်ကြီးချုပ်ချွမ်လီပိုင်၏ အစိုးရအဖွဲ့သည် ထိုင်းနိုင်ငံတောင်ပိုင်းတွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်သော တောင်သူများအတွက် ရော်ဘာဈေးနှုန်းမြှင့်ပေးရန် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းမှုကို တိုးချဲ့ပြုလုပ်နေသကဲ့သို့ အတိုက်အခံပါတီများကလည်း နောက်ထပ်အကူအညီ တိုးပေးမည်ဟု ကမ်းလှမ်းနေကြသည်။ ထိုင်းနိုင်ငံ၏ အဓိက ရော်ဘာစိုက်ပျိုးထုတ်လုပ်ရာ တောင်ပိုင်းဒေသမှာ အာဏာရ ဒီမိုကရက် တစ်ပါတီ၏ အခိုင်အမာခြေကုတ်စခန်းဖြစ်နေသည့်ပြင် ထိုတောင်ပိုင်းဒေသတွင် သန်းထောင်ပေါင်းများစွာ တန်ဖိုးရှိသော ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းကို မှီခိုနေကြ ရသောမိသားစု ၈၀၀၀၀၀ တို့နေထိုင်ရာအရပ်လည်း ဖြစ်သည်။ ထိုမိသားစုတို့သည် ထိုင်းနိုင်ငံမဲဆန္ဒနယ်အားလုံး၏ ဆဋ္ဌမနေရာတွင် ရှိနေသည်။

ရနောင်းပြည်နယ်မှအပ ထိုင်းနိုင်ငံတောင်ပိုင်းရှိ စီးပွားရေး လုပ်ငန်းရှင်အများစုတို့သည် ပြည်တွင်းရော်ဘာဈေးနှုန်းနှင့် နီးကပ်စွာဆက်နွှယ်ရှင်သန် အသက်မွေးနေကြရသည်ဟု ထိုင်းဒုတိယစိုက်ပျိုးရေးဝန်ကြီးနှင့် ဒီမိုကရက်ပါတီအဖွဲ့ဝင်အာချွမ်က ပြောကြားသည်။ လာမည့် ရွေးကောက်ပွဲတွင် ကုရေကြွယ်သူဌေးကြီး သက်ဆင်ရှီနာဝါတနာ၏ ပါတီသစ် ထိုင်းရက်ထိုင်းပါတီက ထိုင်းနိုင်ငံတောင်ပိုင်းတွင် အာဏာရ ဒီမိုကရက်ပါတီနှင့် ခြေရည်တူအားပြိုင်မည့် အခြေအနေရှိနိုင်မည်ဟု နိုင်ငံရေးအကဲခတ်သမားများက သုံးသပ်ကြသည်။ ထိုင်းနိုင်ငံတောင်ပိုင်းတွင် ရော်ဘာလုပ်ငန်းသည် မိမိတို့ကြမ္မာ ကို ဖန်တီးပေးနိုင်သည်ဟု ဝန်ကြီးချုပ်ချွမ်လီပိုင်နှင့် ကုရေကြွယ်သူဌေးကြီး မစ္စတာသက်ဆင်တို့က နားလည်ထားကြသည်။

ဝန်ကြီးချုပ်ချွမ်လီပိုင်သည် သူ၏ ခြောက်ပါတီညွန့်ပေါင်းအစိုးရအဖွဲ့အတွင်း ဇွန်လ ၁၅ ရက်နေ့က အပြောင်းအလဲပြုလုပ်ခဲ့သည်။ အမျိုးသားရဲတပ်ဖွဲ့အကြီးအကဲဟောင်း ပရာချာပရိုတောက်အား အလုပ်သမားနှင့် လူမှုဝန်ထမ်းရေးရာဝန်ကြီးအဖြစ် မစ္စတာဝပ်ဆူကိုထောနေရာတွင် အစားထိုးခန့်အပ်လိုက်သည်။ ဂျာစမင်အင်တာနေရှင်နယ် ဝီအယ်စီကြေးနန်းလုပ်ငန်းအုပ်စု အမှုဆောင်အရာရှိချုပ်ဟောင်းအဒစ်ဆီဘိုတာရာမစ်အား ဝန်ကြီးချုပ်ရုံးဝန်ကြီး အဖြစ်ခန့်ထားလိုက်သည်။ ယင်းသို့ အပြောင်းအလဲပြုလုပ်ခြင်းမှာ ဝန်ကြီးချုပ်ရုံးဝန်ကြီးဟောင်း ပရာဗီနာဟောင်ဆာကူးလ်က ဇူလိုင်လ ၂၃ ရက်နေ့တွင် ကျင်းပမည့် ဗန်ကောက် မြို့တော်ဝန် ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ရာထူးမှနုတ်ထွက်သွားခြင်း ကြောင့်ဖြစ်သည်။ ယင်းအပြောင်းအလဲမှာ ဝန်ကြီးချုပ် ချွမ်လီပိုင်လက်ထက်တွင် နောက်ဆုံးဖြစ်ဖွယ်ရှိသည်။ မစ္စတာချွမ်လီပိုင်သည် နိုဝင်ဘာလတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပရေးအတွက် စိုင်းပြင်းရဦးမည်ဖြစ်သည်။

ထိုင်းနိုင်ငံ၏လူဦးရေမှာ လွန်ခဲ့သော ၁၀ နှစ်အတွင်း တစ်နှစ်လျှင်ပျမ်းမျှ ၁ ဒသမ ၀၅ ရာခိုင်နှုန်းတိုးလာ၍ ၂၀၀၀ ပြည့်နှစ် ပြေလတွင် ၆၀ ဒသမ ၆၁ သန်းရှိလာပြီဖြစ်ကြောင်း ထိုင်းနိုင်ငံအမျိုးသားစာရင်းရုံးက ဩဂုတ်လ ၉ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။ ပြေလတွင် ထုတ်ပြန်သော ထိုင်းနိုင်ငံ၏ နောက်ဆုံးသန်းခေါင်စာရင်းတွင် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ထိုင်းနိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်းမှာ နှစ်ပေါင်း ၃၀ အတွင်း လူဦးရေတိုးတက်မှုနှုန်းအောက် လျော့နည်းနေသည်ကို တွေ့ရှိရကြောင်း ယင်းစာရင်းတွင် ဖော်ပြထားသည်။ ဗန်ကောက်မြို့တော်၏ ၂၀၀၀ ပြည့်နှစ် လူဦးရေမှာ ၆ ဒသမ ၃ သန်းရှိကြောင်း၊ ဗန်ကောက်မြို့တွင်

နေထိုင်သူဦးရေမှာ ၁၉၉၀ ပြည့်လွန်နှစ်များတွင် နှစ်စဉ်ပျမ်းမျှ အားဖြင့် ၁ ဒသမ ၇၂ ရာခိုင်နှုန်း တိုးတက်လျက်ရှိကြောင်း ကြေညာ ချက်တွင် ဆက်လက်ဖော်ပြပါရှိသည်။

ယာဉ်အသွားအလာပြတ်သိပ်ခြင်းနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်ခြင်းတို့လျော့နည်းသက်သာစေရန် စွမ်းအင်မပြုန်း တီးအောင် ထိန်းသိမ်းရန်နှင့် လတ်တလောအချိန်တွင် ရေနံ ထုတ်လုပ်မှုနှင့် ရောင်းချသောနိုင်ငံများက ရေနံဈေးနှုန်းမြင့် တင်နေကြမှုကို ထင်ဟပ်ဖော်ပြရေးအတွက် ကမ္ဘာ တစ်လွှားရှိ နိုင်ငံပေါင်း ၂၅ ခု၏ မြို့ ၇၆၉ မြို့တွင် ယာဉ် အသွားအလာ မရှိသောနေ့အဖြစ် သတ်မှတ်ဆောင်ရွက်ရာ တွင် ထိုင်းနိုင်ငံသည်လည်း ယင်းအစီအစဉ်တွင် စက်တင် ဘာလ ၂၂ ရက်နေ့ တွင် ပါဝင်ဆင်နွှဲခဲ့သည်။ ထိုင်းဝန်ကြီး ချုပ်ချွမ်လီပိုင်နှင့် အခြားဝန်ကြီးများ၊ အစိုးရအရာရှိကြီး များက တောင်တက်စက်ဘီးများကိုစီးကာ ပါလီမန်သို့ သွားရောက်ကြကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက သတင်းထုတ်လွှင့်သည်။ ရဲတပ်ဖွဲ့ အထက်တန်းအရာရှိများ သည်ပင် ကိုယ်ရေးကိုယ်တာအသုံးပြုရန် ပေးထားသော မော်တော်ယာဉ်များကို အိမ်တွင်းမှာထားပြီး အများသုံး ခရီးသည်တင် ဘတ်စကားများကိုစီးပြီး ရုံးတက်ကြသည်။ ရုံးဝန်ထမ်းများ၊ ကျောင်းသူကျောင်းသားများလည်း ခြေလျင်ခရီးသွားခြင်းဖြင့် ယာဉ်အသွားအလာ ကင်းလွတ်



ငှင်း၏လုပ်ငန်းကျွမ်းကျင်မှုကို
ထိုင်းနိုင်ငံစီးပွားရေးပြုပြင်ရေးတွင် အသုံးချမည်ဟု
ပြောကြားနေသော ထိုင်းနိုင်ငံဝန်ကြီးချုပ်ဖြစ်လာသည့်
သက်ဆင်

ရက် အထိမ်းအမှတ် အခမ်းအနားတွင် ပါဝင်ဆင်နွှဲကြသည်။ ကိုယ်ပိုင်ယာဉ်စီးသူများကိုလည်း မိမိတို့၏မော်တော် ယာဉ်များ နေအိမ်တွင် ထား၍ အများသုံးယာဉ်များကို အသုံးပြုကြရန် အစိုးရကတိုက်တွန်းမည်ဟု ဝန်ကြီးချုပ် ချွမ်လီပိုင်နှင့် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဌာန ဝန်ကြီး ဆူသီယပ်သူအပ် ဆူဘန်တို့က ပြောကြားကြသည်။ ယခုကဲ့သို့ ယာဉ်ကင်းလွတ်နေ့ ပြဋ္ဌာန်းသတ်မှတ်ချက် အောင်မြင်ခြင်းရှိမရှိ လေ့လာဆန်းစစ်ရန် ဝန်ကြီးချုပ်က ညွှန်ကြားထားပြီး အောင်မြင်ပါက တစ်လလျှင်နှစ်ကြိမ်ကျ သို့မဟုတ် တစ်ပတ်လျှင် တစ်ကြိမ်ကျ တိုးချဲ့ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ထိုင်းအစိုးရအဖွဲ့ဝင်များအနေဖြင့် စီးပွားရေးကုမ္ပဏီ တစ်ခုခု၌ အစုရှယ်ယာပိုင်ဆိုင်မှုကို နိုဝင်ဘာလ ၉ ရက်နေ့ မတိုင်မီ ၅ ရာခိုင်နှုန်းထက် မကျော်လွန်ဘဲ လျော့ချကြရန် ထိုင်းနိုင်ငံအဂတိလိုက်စားမှု နှိမ်နင်းရေးကော်မရှင် (အင်စီစီစီ) က စက်တင်ဘာလ ၈ ရက်နေ့တွင် မေတ္တာရပ်ခံ ခဲ့သည်။ ထိုင်းနိုင်ငံဖွဲ့စည်းပုံဥပဒေအပိုဒ် ၂၀၉ အရ ပြဋ္ဌာန်းထားသော ၂၀၀၀ ပြည့်နှစ် အစိုးရအဖွဲ့ဝင်များ၏ စီးပွားရေးမိတ်ဖက်လုပ် ကိုင်မှုနှင့် အစုရှယ်ယာပိုင်ဆိုင်မှု စီမံခန့်ခွဲရေးအက်ဥပဒေကို အခြေခံ၍ ယင်းကဲ့သို့ မေတ္တာ ရပ်ခံလိုက်ခြင်းဖြစ်သည်။ ယင်းအက်ဥပဒေသည် အစိုးရ အဖွဲ့ဝင်များ ပါဝင်ပတ်သက်နေသော အကျိုးစီးပွား ပဋိပက္ခ မဖြစ်စေရေးအတွက် ကြိုတင်ဟန့်တားနိုင်ရန် ရည်ရွယ် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ဥပဒေအရ သတ်မှတ်ထားသည် ထက်ပို၍ အစုရှယ်ယာပိုင်ဆိုင်လိုသော အစိုးရအဖွဲ့ဝင်များ အနေဖြင့် အင်စီစီစီသို့ အသိပေးအကြောင်း ကြားရမည် ဖြစ်သည်။ ထို့အပြင် အစိုးရအဖွဲ့ဝင်များအနေဖြင့် အင်စီစီစီ သို့တင်သွင်းသော ဘဏ္ဍာရေး၊ အခြေအနေအစီရင်ခံ စာတွင် မိမိတို့၏ အစုရှယ်ယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍သတင်း အချက်အလက်များကို ထိန်ချန်ထားလျှင် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးတွင် တရားစွဲခံရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၀၆ အရ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးက အပြစ်ရှိကြောင်းတွေ့ရှိရလျှင် ဥပဒေ ချိုးဖောက်သူများသည် အစိုးရအဖွဲ့အတွင်းရှိ ရာထူးအဆင့် အတန်းဆုံးရှုံးမည်ဖြစ်ပြီး ထောင်ဒဏ်တစ်နှစ်မှ ၁၀ နှစ်အထိ ကျခံရဖွယ်ရာရှိသည်ဟု အင်စီစီစီ၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ထို့အပြင် အစိုးရအဖွဲ့ဝင်များ၏ ပိုင်ဆိုင်မှု များနှင့် ဥပဒေအရပေးရန်တာဝန်ရှိမှုတို့နှင့် ပတ်သက်၍ သတင်းအချက်အလက်များကိုလည်း အစိုးရ၏ ဝက်စ်ဆိုက် ထဲတွင် ထည့်သွင်းထားရန် အင်စီစီစီက စီစဉ်ထားသည်။

ထိုင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အငြင်းပွားဖွယ်ရာဖြစ်သော ဥပဒေကြမ်းကို အောက်တိုဘာလ ၃၁ ရက်နေ့က အတည်ပြုပေးလိုက်ခြင်းဖြင့် ကျင်းပလတ္တံ့သော အထွေထွေရွေးကောက်ပွဲအတွက် နောက်ဆုံးအတားအဆီးကို ဖယ်ရှားပစ်လိုက်သည်။ အတည်ပြုပေးလိုက်သော ရွေးကောက်ပွဲဥပဒေဖြင့် ဝန်ကြီးချုပ်ချွမ်လီပိုင်သည် ရက်သတ္တပတ်နှစ်ပတ်အတွင်း ပါလီမန်ကို ဖျက်သိမ်းဖွယ်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါလီမန်ကို ဖျက်သိမ်းရမည်ဖြစ်ပြီး ရွေးကောက်ပွဲရက်ကို နိုဝင်ဘာလ ၁၇ ရက်နေ့၌ ကျင်းပရန် သတ်မှတ်ပေးရမည်ဖြစ်သည်။ ပါလီမန်ကို ဖျက်သိမ်းပြီး ရွေးကောက်ပွဲပြုပြင်ပြောင်းလဲမှုဥပဒေကြမ်းပြီးသောအခါ ရွေးကောက်ပွဲကျင်းပရန် ခေါ်ယူမည်ဟု ဝန်ကြီးချုပ်ချွမ်လီပိုင်က ပြောသည်။ ဥပဒေကြမ်းကို ဘုရင်က တရားဝင်လက်မှတ် ရေးထိုးရဦးမည်ဖြစ်သည်။ လူထုဆန္ဒကောက်ယူရာတွင် ထိုင်း ကြေးနန်းလုပ်ငန်းသူဌေးကြီး သက်ဆင်ရှိနာဝါတရာ ဦးဆောင်သော ထိုင်းရက်စ်ထိုင်းပါတီက ရှေ့မှပြေးနေပြီး ဝန်ကြီးချုပ် ချွမ်လီပိုင်၏ ဒီမိုကရက်တစ်ပါတီက ဒုတိယနေရာ၌ ရှိသည်။ ကျင်းပလတ္တံ့သော ရွေးကောက်ပွဲအပြီးတွင် စုပေါင်းလုပ်ကိုင်လိုကြကြောင်း ထိုင်းညွန့်ပေါင်းပါတီခေါင်းဆောင်များ က ပြောကြသော်လည်း ထိုင်းနိုင်ငံရေးလောကတွင် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များပေးသော ကတိများမှာ မကြာခဏ ပျက်ပြားခဲ့ရသည်။

ကျင်းပလတ္တံ့သော ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ထိုင်းဒုတိယဝန်ကြီးချုပ် ဆူပါချိုင်းပါနစ်ချာပါတီက နိုဝင်ဘာလ ၂ ရက်နေ့က ထုတ်ဖော်ပြောကြားခြင်းသည် ပြည်သူ့ဆန္ဒကောက်ယူရာ၌ အခြေအနေမလှဖြစ်နေသော လက်ရှိအာဏာရဒီမိုကရက်ပါတီအတွက် အထိနာသော နောက်ထပ် ထိုးနက်ချက်တစ်ရပ်ဖြစ်သည်ဟုဆိုသည်။ ဆူပါချိုင်းသည် ထိုင်းအစိုးရအဖွဲ့တွင် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဖြစ်၍ ၂၀၀၂ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးအား ဦးစီးကြီးကိုင်ဆောင်ရွက်မည့်သူလည်း ဖြစ်သည်။ နိုင်ငံရေးဆက်လုပ်ရန် အာသီသရှိနေဆဲဖြစ်သော်လည်း ပါလီမန်အမတ်တစ်ဦးအနေဖြင့်မဟုတ်ဘဲ လွတ်လပ်သော စိစစ်ဝေဖန်ရေးသမားတစ်ဦးအဖြစ်သာ ရပ်တည်လိုကြောင်း ဆူပါချိုင်းက သတင်းထောက်များအား ပြောကြားသည်။ ဝန်ကြီးဆူပါချိုင်းမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ လက်ရှိညွှန်ကြားရေးမှူးချုပ် နယူးဇီလန်နိုင်ငံသားမိုက်မိုး၏ ရာထူးနေရာကို ၂၀၀၂ ခုနှစ် စက်တင်ဘာလမှစ၍ သုံးနှစ်ကြာမျှ ဆက်ခံအမှုထမ်းရမည်ဖြစ်သည်။

ထိုင်းနိုင်ငံတွင် ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့၌ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် လွန်ခဲ့သောငါးရက်အတွင်း နိုင်ငံရေးပါတီ ၃၇ပါတီတို့ မှတ်ပုံတင်ထားကြပြီဖြစ်ကြောင်း၊ ပါတီကိုယ်စားပြု အရွေးခံမည့် ကိုယ်စားလှယ်ပေါင်း ၉၄၀ ဦး ရှိသွားပြီဖြစ်ကြောင်း ထိုင်းရုပ်မြင်သံကြားအစီအစဉ်မှ နိုဝင်ဘာလ ၂၀ ရက်နေ့က ကြေညာခဲ့သည်။ ပါတီကိုယ်စားပြု ကိုယ်စားလှယ်စာရင်းတင်သွင်းရမည့် နောက်ဆုံးနေ့ဖြစ်သော နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ပါတီတိုင်းမှ ကိုယ်စားလှယ်စာရင်းကို တင်သွင်းခဲ့ကြသည်။ ကိုယ်စားလှယ်နံပါတ်များကိုလည်း ထုတ်ယူကြသည်။ ထိုင်းနိုင်ငံ၏ ရွေးကောက်ပွဲစည်းကမ်းသစ်များအရ ကျင်းပလတ္တံ့သော အောက်လွှတ်တော်အတွက် ကိုယ်စားလှယ် ၅၀၀ အနက် ၁၀၀ သည် ပါတီကိုယ်စားပြု ရွေးချယ်ခံရသူများ ဖြစ်သည်။ ပါတီတိုင်းက ထိုင်းမဲဆန္ဒရှင်အားလုံးရွေးချယ်ရန် ကိုယ်စားလှယ်ဦးရေ ၁၀၀ ထက် မများသော အရေအတွက်စာရင်းကို ပြုစုထားရလိမ့်မည်။ နောက်ဆုံးအပြီးသတ်ရရှိသော အရေအတွက်အပေါ် မူသည် ၍ ပါတီများထဲမှ လွှတ်တော် ကိုယ်စားလှယ်အမတ်ဦးရေ ၄၀၀ နေရာကိုမူ နိုင်ငံတစ်ဝန်းလုံး ရှိ မဲဆန္ဒနယ် ၄၀၀ မှ ရွေးချယ်ရမည်ဖြစ်သည်။ မဲဆန္ဒနယ်တစ်နယ်လျှင် လွှတ်တော်ကိုယ်စားလှယ်နေရာ တစ်နေရာသာ ရွေးချယ်ရမည်ဖြစ်သည်။

ဗန်ကောက်မြို့တော်နှင့် အခြားပြည်နယ်များရှိ ထိုင်းအာဏာပိုင်များသည် ပြည်တွင်းကြိုတင်ဆန္ဒမဲပေးမှုနှင့် လာမည့် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြသည်ဟု ထိုင်းသတင်းဌာနက ဒီဇင်ဘာလ ၉ ရက်နေ့တွင် ရေးသားဖော်ပြခဲ့သည်။ ကြိုတင်ဆန္ဒမဲပေးခြင်း ကို ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နှင့် ၃၀ ရက်များ၌ ကျင်းပရန်စီစဉ်ထားပြီး အထွေထွေရွေးကောက်ပွဲကို ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့၌ ကျင်းပရန် စီစဉ်ထားသည်။ ဗန်ကောက်မြို့တွင် ဗန်ကောက်မြို့အုပ်ချုပ်ရေးအဖွဲ့က ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုကို ဆွေးနွေးရန် ခရိုင်အရာရှိအားလုံးနှင့် အခြားအာဏာပိုင်များ အစည်းအဝေးခေါ်ယူထားသည်။ ဆက်မာဆက်တက္ကသိုလ်နှင့် နေ့ရှင်းသတင်းစာတို့ကပူးတွဲပြီး ပြည်သူ့ဆန္ဒကောက်ယူရာ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များက သက်ဆင်ရှိနာဝါတရာ၏ ထိုင်းရက်စ်ထိုင်းပါတီကို အများစု ဆန္ဒမဲပေးကြမည်ဖြစ်ပြီး ဒီမိုကရက်နှင့် ချက်ပတ္တနာပါတီများ ကို ဒုတိယနှင့် တတိယနေရာတွင် မဲဆန္ဒပေးကြမည်ဖြစ်သည်။ မဲဆန္ဒရှင် ၄၀

ဒသမ ၁ရာခိုင်နှုန်းက သက်ဆင်အားဆန္ဒမဲပေး၍ ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ချွမ်လီပိုင်အား ၁၆ ဒသမ ၃ ရာခိုင်နှုန်းပေး၍ ချတ်ပတ္တနာပါတီခေါင်းဆောင် ကွန်ဒက်ဘာရန်ဆီအား ၇ ဒသမ ၁ ရာခိုင်နှုန်း ဆန္ဒမဲပေးကြသည်။ အထွေထွေရွေးကောက်ပွဲ မကျင်းပမီ နှစ်ပတ်အလိုတွင် ကြေးနန်းသူဌေးကြီးသက်ဆင်ရှိနာဝါတရာ၏ ထိုင်းရက်စ်ထိုင်းပါတီက ပြိုင်ဘက်ဒီမိုကရက်ပါတီကို ရှေ့က ဦးဆောင်နေကြောင်း ဒီဇင်ဘာလ ၂၃ ရက်နေ့က ထုတ်ပြန်သော ပြည်သူ့ဆန္ဒ သဘောထားကို ဖော်ပြထားသည်။ ပြည်သူ့ဆန္ဒ ကောက်ယူရာ၌ အောက်လွှတ်တော်အမတ်နေရာ ၅၀၀ တွင် ထိုင်းရက်စ်ထိုင်းပါတီက ၂၀၅ နေရာ ရရှိ၍ ဒီမိုကရက်ပါတီက ၁၁၈ နေရာ ရဖွယ်ရှိကြောင်း ဖော်ပြထားသည်။

မူးယစ်ဆေးဝါးနှိမ်နင်းရေး – အဖွဲ့ဝင် ၁၀ နိုင်ငံပါဝင်သော အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ကို မူးယစ်ဆေးဝါးကင်းရှင်းဇုန်နယ်မြေအဖြစ် ၂၀၀၅ ခုနှစ်တွင် ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက် အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်နိုင်ရန် ထိုင်းနိုင်ငံက အရေးပါသော အခန်းမှ တက်တက်ကြွကြွဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းသတင်းဌာန (တီအင်အေ) က ဩဂုတ်လ ၃၀ ရက်နေ့တွင် ရေးသားဖော်ပြသည်။ အာဆီယံအဖွဲ့၏ လက်ရှိဥက္ကဋ္ဌ ဖြစ်သော ထိုင်းနိုင်ငံက လာမည့် ၁၅ နှစ်အတွင်း အာဆီယံဒေသကို မူးယစ်ဆေးဝါးကင်းသော ဇုန်နယ်မြေအဖြစ် သတ်မှတ်နိုင်ရန် အစွမ်းကုန်ကြိုးပမ်းသွားမည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆူရင်ပစ်ဆူဝမ်က ပြောကြားခဲ့သည်။ အလုပ်သမားများ တိုင်းတစ်ပါးတွင် သွားရောက်အလုပ်လုပ်သောကိစ္စ၊ ဘေးဆိုးကပ်ဆိုး ကူးစက်တတ်သောရောဂါများ ကျရောက်သည့်ကိစ္စနှင့် သဘာဝပတ်ဝန်းကျင်ရေးရာကိစ္စများအပါအဝင် အခြားဒေသဆိုင်ရာ အဓိကပြဿနာကြီးများကို ဖြေရှင်းကြရာ၌ တစ်ဦးကိုတစ်ဦး ထောက်ခံအားပေးပြီး အချင်းချင်းလက်တွဲဆောင်ရွက်သွားရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ထိုင်းနိုင်ငံက ဆော်ဩသွားမည်။ ဒေသတွင်း ပြဿနာများဖြေရှင်းရာတွင် နိုင်ငံတကာမိသားစုများ၏ ထောက်ခံမှုကို ရယူနိုင်ရေးအတွက် အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်နေ့အထိ ကျင်းပမည့် မူးယစ်ဆေးဝါးဆိုင်ရာ နိုင်ငံတကာညီလာခံကို ထိုင်းနိုင်ငံက ကုလသမဂ္ဂနှင့် ပူးပေါင်းပြီး အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည် စသည်ဖြင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

မူးယစ်ဆေးဝါးကို ဆန့်ကျင်သွားရန် ဒေသတွင်းရှိ နိုင်ငံများ ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ထိုင်းနိုင်ငံက ကြိုးပမ်းနေသည်ဟု အဆင့်မြင့်အရာရှိတစ်ဦးက စက်တင်ဘာလ ၁၁ ရက်နေ့တွင် ပြောကြားခဲ့သည်။ လာမည့်လေးငါးလအတွင်း မူးယစ် ဆေးဝါးပြဿနာများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ ထိုင်းနိုင်ငံက မြန်မာ၊ မလေးရှား၊ တရုတ်တို့နှင့် သဘောတူညီချက်ကို လက်မှတ်ရေးထိုးမည်ဟု ထိုင်းဒုတိယနိုင်ငံခြား ရေးဝန်ကြီး ဆူကမ်ဟင်ပရီဘာတရာက ပြောကြားခဲ့သည်။ ကုလသမဂ္ဂ မူးယစ်ဆေးထိန်းချုပ်ရေးအစီအစဉ်၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဒေသအတွင်း မူးယစ်ဆေးပြဿနာကို ဆွေးနွေးရန် အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးကို အောက်တိုဘာလ ၁၁ နှင့် ၁၂ ရက်နေ့များတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည်ဟု ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ အာဆီယံနိုင်ငံများ မူးယစ်ဆေးနှိမ်နင်းရေးတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန်နှင့် ၁၅ နှစ်အတွင်း အရှေ့တောင်အာရှဒေသကို မူးယစ်ဆေးကင်းလွတ်ရေးဒေသအဖြစ် တွန်းအားပေးသွားရန်ဖြစ်သည်ဟု ဒုတိယဝန်ကြီးက ပြောကြားသည်။

ဗန်ကောက်မြို့တော်ဒေသတွင် ၂၀၀၀ ပြည့်နှစ်အတွင်း မီသာဖိတာမိန်းစိတ်ကြွဆေးတောင့် ၁၅ သန်းကျော် ဖမ်းဆီးရမိခဲ့ရာ ၁၉၉၉ ခုနှစ်က ဖမ်းဆီးရမိမှု ၉ ဒသမ ၅ သန်းနှင့် နှိုင်းယှဉ်ပါက ပိုမိုများပြားလာခြင်းပင်ဖြစ်ကြောင်း နေးရှင်းသတင်းစာက ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ရေးသားဖော်ပြသည်။ ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့အထိ ကာလအတွင်း မူးယစ်ဆေးဝါးမှုနှင့် ပတ်သက်၍ မသင်္ကာသူပေါင်း ၄၈၉၂၁ ဦးကိုလည်း ဖမ်းဆီးချုပ်နှောင်ထားလိုက်ကြောင်း ဗန်ကောက်မြို့တော် ဒုတိယရဲချုပ် ဆူရာဆက်ဆတ္တာရွမ်က ပြောကြားခဲ့သည်။

စီးပွားရေး – ၁၉၉၉ ခုနှစ်က ထိုင်းနိုင်ငံစီးပွားရေးမှာ ၄ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားခဲ့ရာမှ ၄ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းစာက မတ်လ ၂၁ ရက်နေ့တွင် ရေးသားဖော်ပြသည်။ ၁၉၉၉ ခုနှစ် စတုတ္ထလေးလပိုင်းတွင် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၁၉၉၈ ခုနှစ် ထိုကာလနှင့် နှိုင်းယှဉ်ပါက ၆ ဒသမ ၅ ရာခိုင်နှုန်းအထိ စံချိန်တင်မြင့်တက်လာခဲ့သည်ဟု ထိုင်းအမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့က မတ်လ ၂၁ ရက်နေ့က ကြေညာခဲ့သည်။ ၁၉၉၉ ခုနှစ်၊ တတိယသုံးလပတ်တွင် ထိုင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှာ ၇ ဒသမ ၇ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းခဲ့သော်လည်း ၇

၁သမ ၄ ရာခိုင်နှုန်းသာ တိုးတက်ခဲ့သည်ဟု နိုင်ငံတော် စီမံကိန်းရေးဆွဲရေး အေဂျင်စီ အတွင်းရေးမှူးချုပ် ဆန်ဆန်းဝန်ချာအွမ်က ပြောသည်။ ၂၀၀၀ ပြည့်နှစ် ထိုင်းနိုင်ငံစီးပွားရေးတိုးတက်မှုနှုန်းမှာ ၄ ၁သမ ၄ ရာခိုင်နှုန်း ရှိရေးရည်မှန်းချက်လမ်းကြောင်းအတိုင်း သွားနေသည်ဟုလည်း ဆန်ဆန်းဝန်ချာအွမ်က ဆက်လက်ပြောကြားသည်။

ထိုင်းစီးပွားရေးအခြေအနေမှာ အကျပ်အတည်းထပ်မံပေါ်ပေါက်လာမည့်လက္ခဏာ တစ်စုံတစ်ရာမရှိဘဲ ပြန်လည်ဦးမော့ကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်သော လမ်းကြောင်းသစ်ပေါ်သို့ ရောက်ရှိလာနေပြီဖြစ်ကြောင်း ထိုင်းဘဏ္ဍာရေးဝန်ကြီးဌာနက မေလ ၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။ ထိုင်းနိုင်ငံတွင် ၁၉၉၇ ခုနှစ်က ဖြစ်ပွားခဲ့သော အဆိုးရွားဆုံးစီးပွားရေး အကျပ်အတည်းကြီး ထပ်မံပေါ်ပေါက်လာမည့် စိုးရိမ်ကြောင့်ကြဖွယ် လက္ခဏာတစ်စုံတစ်ရာမရှိဘဲ မှန်မှန်ဖွံ့ဖြိုးတိုးတက်နေသည်။ နိုင်ငံတော်ကြွေးမြီသည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မထိခိုက်စေဘဲ ပြန်လည်ပေးဆပ်နိုင်မည့် အနေအထားတွင်ရှိသည်။ နိုင်ငံတော်ကြွေးမြီမှာ စုစုပေါင်းအသားတင်ထုတ်လုပ်မှု၏ ၂၀ ရာခိုင်နှုန်းဝန်းကျင်တွင် ရှိသည်။ ထိုကြွေးမြီမှာ အခြားနိုင်ငံများစွာတို့ ကျန်ရှိနေကြသောကြွေးမြီနှင့်စာလျှင် နည်းပါးနေသည် စသည်ဖြင့် ကြေညာချက်တွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံ၏ပို့ကုန်များမှာ ၂၀၀၀ ပြည့်နှစ်၊ ပထမ ၆ လအတွင်း ၂ ၁သမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး သွင်းကုန်များမှာ ၂၃ ၁သမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဩဂုတ်လ ၈ ရက်နေ့ထုတ် အစိုးရအစီရင်ခံစာတွင် ဖော်ပြထားသည်။ ၆ လအတွင်း ပို့ကုန်များမှာ အမေရိကန် ဒေါ်လာ ၃၂ ၁သမ ၉ ဘီလီယံဖိုးရှိပြီး သွင်းကုန်များမှာ ၂၈ ၁သမ ၈ ဘီလီယံဖိုး ရှိ၍ အမေရိကန်ဒေါ်လာ ၄ ၁သမ ၁ ဘီလီယံဖိုး ကုန်သွယ်မှု ပိုခဲ့သည်။ ပို့ကုန်များမှာ ဇွန်လ တစ်လအတွင်း ၅ ၁သမ ၆ ဘီလီယံဖိုး တင်ပို့ခဲ့ပြီး ၁၉၉၉ ခုနှစ် ဇွန်လကထက် ၁၆ ၁သမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ သွင်း ကုန်များမှာ စုစုပေါင်းအမေရိကန်ဒေါ်လာ ၅ ၁သမ ၅ ဘီလီယံဖိုးရှိပြီး ၁၈ ၁သမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ၁၉၉၇ ခုနှစ်အတွင်းက စီးပွားရေး ဆိုးဆိုးရွားရွား ကျဆင်းသွားခဲ့ပြီးနောက် ထိုင်းနိုင်ငံ၏ ပို့ကုန်များမှာ ပြန်လည်ကောင်းလာပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခဲ့သည်။

ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်လုပ်ငန်း နှစ်စဉ်တိုးပွားမှု အခြေပြကိန်းများအရ ၂၀၀၀ ပြည့်နှစ်၊ ပထမရှစ်လတာကာလအတွင်း ၁၇ ရာခိုင်နှုန်းခန့် တိုးပွားလာခဲ့ရာ တစ်နှစ်လုံးကာလအတွင်း ပြည်ပပို့ကုန်မှုလရည်မှန်းချက်ကို ကျော်လွန်သွားဖွယ်ရာရှိသည်ဟု ဝန်ကြီးချုပ်ချွမ်လီပိုင်က စက်တင်ဘာလ ၁၅ ရက်နေ့တွင် ပြောကြားခဲ့သည်။ ပထမ ၇ လတာကာလအတွင်း ပြည်ပပို့ကုန်လုပ်ငန်း ၂၁ ၁သမ ၃ ရာခိုင်နှုန်း တိုးလာခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်း ၃၉၀၀၀ ဖိုးရှိသည်။ အကျပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရစေကာမူ ပြည်ပ ပို့ကုန်လုပ်ငန်း ဆောင်ရွက်မှုပိုမိုထူးကဲစွာ အဆင်ပြေချောမောသည်ကို တွေ့ရှိရသည်။ ပြည်ပပို့ကုန်လုပ်ငန်း တိုးတက်လာသည်နှင့်အမျှ အလုပ်လက်မဲ့ဦးရေ လျော့နည်းကျဆင်းမှုကို အားတက်ဖွယ်ရာ တွေ့မြင်ရသည်ဟု ဝန်ကြီးချုပ်ချွမ်လီပိုင်က ပြောကြားသည်။ အလုပ်သမား ၁၀ ဦးမှုဖြင့် လုပ်ကိုင်နေကြသော စီးပွားရေးလုပ်ငန်းများသည်ပင် အလုပ်သမားဦးရေပိုမို ငှားရမ်းသုံးစွဲလာကြသည်ကို တွေ့ရှိရကြောင်း ထိုင်းအစိုးရလူမှု ဖူလုံရေးရုံးက ပြောကြားသည်။ ထိုင်းနိုင်ငံတွင် လူမှုဖူလုံရေး ဌာနရန်ပုံငွေသို့ ထည့်ဝင်ကြသော အလုပ်သမားဦးရေမှာ ၁၉၉၇ ခုနှစ် စီးပွားရေးအကျပ်အတည်းမဖြစ်ပေါ်မီက ၆ ၁သမ ၂ သန်းရှိခဲ့ရာမှ ၁၉၉၉ ခုနှစ် စောစောပိုင်းတွင် ၅ ၁သမ ၄ သန်းသို့ လျော့ကျသွားခဲ့သည်။ သို့ရာတွင် အလုပ်အကိုင်ရရှိမှု အခြေအနေတိုးတက်လာခဲ့ရာတွင် လူမှုဖူလုံရေးရန်ပုံငွေထည့် ဝင်သူဦးရေ ၅ ၁သမ ၉၂ သန်းရှိလာပြီဟု ဝန်ကြီးချုပ်ချွမ်လီပိုင်က ပြောကြားသည်။

နိုင်ငံခြားသားအလုပ်သမားများအရေး – ထိုင်းနိုင်ငံ၌ အလုပ်လုပ်ခွင့်ပြုထားသော နိုင်ငံခြားသားအလုပ်သမားများမှာ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနကထုတ်ပေးထားသော ၂၀၀၁ ခုနှစ်အထိ အလုပ်လုပ်ခွင့်ရှိသော ခွင့်ပြုချက်လက်မှတ် ရှိထားကြရမည်ဟု ထိုင်းသတင်းဌာနက ဩဂုတ်လ ၂၄ ရက်နေ့တွင် ပြောကြားသည်။ နိုင်ငံခြားသားအလုပ်သမား ပြဿနာများ ဖြေရှင်းပေးရေးကော်မတီခွဲ အစည်းအဝေး၌ ၃၇ ပြည်နယ်ရှိ လုပ်ငန်း ၁၈ ခုတွင် ငှားရမ်းခွင့်ပြုထားသော နိုင်ငံခြားသားအလုပ်သမားဦးရေ ၁၀၆၆၈၄ ဦး ရှိနေဆဲဖြစ်သည်ဟု အလုပ်သမားနှင့် လူမှုဝန်ထမ်းဌာနဝန်ကြီး ပရာချာ ပရိုမိုနော့စ်က ပြောကြားသည်။ အလုပ်ရှင်များအနေဖြင့် နိုင်ငံခြားသားအလုပ်သမားများ အလုပ်လုပ်ကိုင်ခွင့်ကို လျှောက်ထားရန်လိုအပ်သည်။ အလုပ်လုပ်ကိုင်ခွင့်မှာ ၂၀၀၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့၌ ကုန်ဆုံးရမည်ဖြစ်သည်။ နိုင်ငံခြားသားအလုပ်သမားများအတွက် တစ်ဦးလျှင်အမေရိကန် ဒေါ်လာ ၂၅ ဒေါ်လာစီ လျှောက်လွှာတင်ချိန်၌ အလုပ်ရှင်က အာမခံကြေးအဖြစ် ပေးရန်လိုအပ်သည်။ တူညီသောစည်းကမ်း ချက်များနှင့် လုပ်ထုံးလုပ်နည်းများပါရှိသော အလုပ်လုပ်ကိုင်ခွင့်

အသစ်များမှာထိုကာလအတွင်း အလုပ်အကိုင်ပြောင်းသူများ အတွက်လိုအပ်သည် စသည်ဖြင့် ဝန်ကြီးက ပြောကြားသည်။

နိုင်ငံတကာဆက်ဆံရေး – အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ခေါင်းဆောင်များနှင့် ကုလသမဂ္ဂတို့၏ ထိပ်သီး အစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ စတင်ဖွင့်လှစ်ခဲ့သည်။ ယင်းထိပ်သီးအစည်းအဝေး မှာ အုပ်စုကြီးနှစ်ခုအကြား ပထမဆုံးကျင်းပသော အစည်း အဝေးဖြစ်သည်။ အစည်းအဝေးသို့ ကုလသမဂ္ဂအတွင်းရေးမှူး ချုပ်ကိုဖီအာနန်နှင့် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ အစိုးရအဖွဲ့ အကြီးအကဲများ တက်ရောက်ကြသည်။ အင်အားကြီး နိုင်ငံများသည် တစ်ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှု ဆွေးနွေးပွဲများ နောက်ထပ်ကျင်းပနိုင်ရေးအတွက် ထောက်ခံ မှုရရှိလိုပါက အဆင်းရဲဆုံးနိုင်ငံများမှ ကုန်ပစ္စည်းများအတွက် ဈေးကွက်ပိုမို တိုးချဲ့သင့်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) အကြီးအကဲမိုက်စ်မိုးက ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် တင်ပြလိုက်သည်။ ဗန်ကောက်မြို့တွင် ကျင်းပသော ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးအေဂျင်စီ (အန်းတက်) ညီလာခံ၌ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ ဝန်ကြီးများအား မိန့်ခွန်းပြောကြား ရာ၌ ယင်းဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအားကူညီရန် ကြိုးပမ်း နေကြောင်း မစ္စတာမိုက်စ်မိုးက ပြောကြားသည်။ ကုန်သွယ်ရေး ဝန်ကြီးများ ညီလာခံကို ၁၀ ကြိမ်မြောက် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာညီလာခံ (အန်းတက်) အစည်းအဝေးနှင့် တစ်ပြိုင်တည်း ကျင်းပခြင်းဖြစ်သည်။

ထိုင်းနိုင်ငံတွင် အလည်အပတ်ရောက်ရှိနေသော ပါကစ္စတန် ခေါင်းဆောင် ဗိုလ်ချုပ်ကြီးပါဗက်ရှ်မူရှာရက်ဖ်နှင့် ထိုင်းဝန်ကြီး ချုပ်ချွမ်လီပိုင်တို့ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မာရေးနှင့် နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့အတွက် ဧပြီလ ၃ ရက်နေ့တွင် သဘောတူညီ မှုရရှိခဲ့ကြသည်။ အစိုးရအိမ်တော်တွင် ဧပြီလ ၃ ရက်နေ့က ကျင်းပသော အစည်းအဝေး၌ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင် ရွက်မှု၊ ပါကစ္စတန်နှင့် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) တို့အကြား ဆက်သွယ်မှုများနှင့် ပတ်သက်၍ နှစ်နိုင်ငံခေါင်းဆောင်များက ကျယ်ပြန့်စွာဆွေးနွေး ခဲ့ကြကြောင်း ထိုင်းအစိုးရပြောခွင့်ရ ပုဂ္ဂိုလ် အကာပို ဆိုရာဆူချက်က ပြောကြားသည်။ လွန်ခဲ့သော နှစ် ၅၀ အတွင်း ပါကစ္စတန်နှင့် ထိုင်းနိုင်ငံတို့ ဆက်ဆံရေးများ ပိုမိုကြီးထွားကာ ကျေနပ်အားရစရာမြင်တွေ့ခဲ့ရပြီး နှစ်ဦး နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်သစ်များ စူးစမ်းရှာဖွေ ဖော်ထုတ်ရန် သန္နိဋ္ဌာန်ပြုထားသည်ကို နှစ်နိုင်ငံခေါင်းဆောင် များက ကျေနပ်အားရမှုဖြစ်ကြသည်။ နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု ထူထောင်ခဲ့သော နှစ် ၅၀ မြောက် နှစ်ပတ်လည် နေ့အခမ်းအနား ကျင်းပရန် ယခုအခါ အစီအစဉ် များရေးဆွဲနေသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဧည့်သည်တော်ဗီယက်နမ် ဝန်ကြီးချုပ် ဖန်ဗန်ခိုင်တို့ ဗန်ကောက်မြို့တွင် မေလ ၉ ရက် နေ့က တွေ့ဆုံကြရာ၌ အနာဂတ်နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာ တောင့်တင်းအောင် ဆောင်ရွက်သွားကြရန် သန္နိဋ္ဌာန်ချ ထားကြောင်း ဝန်ကြီးချုပ်နှစ်ဦးတို့က ပြောကြားသည်။ ဗီယက်နမ်ဝန်ကြီးချုပ်၏ ထိုင်းနိုင်ငံခရီးစဉ်ရည်ရွယ်ချက်မှာ နှစ်နိုင်ငံအကြား ထူးထူးခြားခြားကောင်းမွန်နေသော ရှိရင်းစွဲ ဆက်ဆံရေး ခိုင်မာ တောင့်တင်းလာစေရန်နှင့် အနာဂတ်တွင် ပိုမိုအဓိပ္ပာယ်အနှစ်သာရရှိသော ပူးပေါင်းဆောင်ရွက်မှု ရရှိ စေရန်ပင်ဖြစ်ကြောင်း ထိုင်းအစိုးရ ပြောခွင့်ရပုဂ္ဂိုလ် အက္ကာပူးလ်က ဝန်ကြီးချုပ်နှစ်ဦး တွေ့ဆုံဆွေးနွေးအပြီးတွင် သတင်းထောက်များအား ပြောကြားသည်။

ထိုင်းနှင့် ဗီယက်နမ်တို့သည် ရိုးရိုးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများ ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပြုရေး ဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကြ သည်။ ယင်းသဘောတူညီချက်အရ နှစ်နိုင်ငံပြည်သူများ ခရီး သွားလာရမှု ပိုမိုလွယ်ကူစေမည်ဖြစ်ပြီး အချင်းချင်းပိုမိုရင်းနှီးစွာ ဆက်ဆံလာကြမည်ဖြစ်သည်။ ယင်းစာချုပ်ကြောင့် ကမ္ဘာ လှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမည်ဟု မျှော်လင့်ပြီး ထိုင်းနှင့် ဗီယက်နမ်တို့မှပြည်သူများ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပြည်ဝင်ခွင့်ဗီဇာမပါဘဲ ခရီးသွားလာလည်ပတ်နိုင်မည်ဖြစ် သည်။ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာသန်း ၁၀၀၀ ရှိရေး ရည်မှန်းချက်ထား ကာ တိုးမြှင့်ပြုလုပ်သွားကြရန်လည်း ဝန်ကြီးချုပ်နှစ်ဦး လုံးက သဘောတူညီကြသည်။ ဆန်စပါးတင်ပို့ရာ၌ ပိုမို ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်သွားရန်လည်း သဘောတူညီကြသည်။ ထိုင်းနှင့်ဗီယက်နမ်တို့သည် ဆန်စပါး တင်ပို့ရောင်းချရာ၌ ကမ္ဘာပေါ်တွင် အများဆုံးနှင့် ဒုတိယ အများဆုံးနိုင်ငံများ ဖြစ်ကြသည်။

ထိုင်းဝန်ကြီးချုပ်ချွမ်လီပိုင်နှင့် အင်ဒိုနီးရှားသမ္မတ အဗ္ဗဒူရာမန်ဝါဟစ်တို့သည် ဗန်ကောက်မြို့အစိုးရဂေဟာ၌ မေလ ၁၀ ရက်နေ့က တွေ့ဆုံပြီး နှစ်နိုင်ငံနှင့် ဒေသအတွင်း ကိစ္စရပ်များကိုဆွေးနွေးကြသည်။ ထိုင်းဝန်ကြီးချုပ်အား အင်ဒိုနီးရှားသမ္မတက အင်ဒိုနီးရှားနိုင်ငံ၏ အခြေအနေအရပ် ရပ်ကို ပြောကြားရာ၌ အခြေခံအားဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ အခြေအနေတည်ငြိမ်အောင် ထိန်းထားနိုင်ပြီး စီးပွားရေးဖွံ့ဖြိုး

တိုးတက်အောင် အစိုးရက ကြိုးပမ်းနေသည်။ နှစ်နိုင်ငံ ဆက်ဆံရေး ခိုင်မာတောင့်တင်းစေလိုသည်။ စီးပွားရေး ပြဿနာများ ဖြေရှင်းရာတွင် ထိုင်းနိုင်ငံ၏အတွေ့အကြုံကို လေ့လာသင်ခန်းစာယူရန်လိုအပ်သည်။ ဆန်စပါးနှင့် ရော်ဘာ ကုန်သွယ်မှုတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည်စသည်ဖြင့်ပြောကြောင်း ထိုင်းအစိုးရပြောခွင့်ရပုဂ္ဂိုလ် အတ္တပူးက သတင်း ထောက်များအားပြောကြားသည်။ ခေါင်းဆောင်နှစ်ဦးတို့သည် ဒေသတွင်း ဒီမိုကရေစီစနစ် ထွန်းကားရေးဆောင်ရွက်ရာတွင် ထိုင်းနိုင်ငံကိုရော အင်ဒိုနီးရှားနိုင်ငံကိုပါ စံနမူနာထားနိုင်ကြောင်း သဘောတူလက်ခံကြပြီး ဒေသတွင်း နိုင်ငံရေးကိစ္စရပ်များကိုလည်း ဆွေးနွေးကြသည်။

ထိုင်းမိဖုရားသီရိခေတ်သည် ဘုရင်ဘူမိဘောအဒူလျာဒက်၏ကိုယ်စား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အောက်တိုဘာလ ၁၆ ရက်နေ့ မွန်းလွဲပိုင်းတွင် အလည်အပတ်ရောက်ရှိသွားသည်။ တရုတ်–ထိုင်း ဆက်ဆံရေးမှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီးငါးချက်၏ လမ်းညွှန်မှု အောက်တွင် စံပြအဖြစ်ရှိခဲ့သည့်ပြင် ကွဲပြားခြားနားသော လူနေမှုစံနစ်နှစ်ခု အောက်တွင်လည်း တစ်ခုတည်းအဖြစ်ရှိခဲ့သည်ဟု သမ္မတကျန်ဇီမင်းက ထုတ်ဖော်ပြောကြားသည်။ တရုတ်–ထိုင်း မိတ်ဆွေဖြစ်မှုသည် ထောင်စုနှစ်သစ်အတွင်း ပိုမိုအားသစ်လောင်းလိမ့်မည်ဖြစ်သည်ဟု မိဖုရားသီရိခေတ်နှင့် တွေ့ဆုံဆွေးနွေးစဉ် သမ္မတကျန်ဇီမင်းက ပြောကြားသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလည်အပတ် လာရောက်ရေးအတွက် အချိန်ကြာမြင့်စွာအိပ်မက်မက်ခဲ့ရ ယခုအကောင်အထည်ပေါ်ခဲ့ရကြောင်း မြားမြောင်လှစွာသော နယ်ပယ်တွင် တရုတ်နှင့် ပူးပေါင်းဆောင်ရွက်ရေး နောက်ထပ် တိုးမြှင့်ရေးအတွက် ဆန္ဒရှိပါသည်ဟု မိဖုရားသီရိခေတ်က ပြောသည်။ ထိုင်းမိဖုရား ဘေဂျင်းမြို့သို့ ရောက်ရှိလာရာတွင် သမ္မတကျန်ဇီမင်းကိုယ်စား ဒုတိယသမ္မတဟူကျင်တောင်းက မိဖုရားနှင့်အဖွဲ့အား ပြည်သူ့ခန်းမကြီး၏ အရှေ့ဘက်ရင်ပြင်တွင် ကြိုဆိုဂုဏ်ပြုပွဲ ပြုလုပ်ခဲ့သည်။

သင့်ဘဝ – ဦးရဲလွင်

**နိုင်ငံတကာစာတတ်မြောက်ရေးနေ့။** ။၂၀၀၀ ပြည့်နှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာလ ၈ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ရုပ်ရှင်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ လူတိုင်းအတွက် ပညာရေးဆိုင်ရာပေါင်းစပ်ညှိနှိုင်းမှု ဗဟို ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် မိန့်ခွန်းပြောကြားသည်။

ကမ္ဘာ့နိုင်ငံများတွင် ပညာရေးကဏ္ဍတိုးတက်မြင့်မားမှသာလျှင် နိုင်ငံအများဆင်းရဲချမ်းသာ ကွာဟချက် ကျဉ်းမြောင်းလျော့နည်းစေပြီး ငြိမ်းချမ်းသာယာဖွံ့ဖြိုး တိုးတက်သည့် ကမ္ဘာကြီးပေါ်ထွက်လာမည်ဟူသော ယုံကြည်မျှော်လင့်ချက်ဖြင့် ပညာရေးဆိုင်ရာကမ္ဘာ့ညီလာခံကြီးများ၊ ပညာရေးဆိုင်ရာဆွေးနွေးပွဲများ ကျင်းပကာ ကမ္ဘာ့နိုင်ငံအသီးသီးက မိမိတို့၏ နိုင်ငံသူနိုင်ငံသားများ ပညာရည်မြင့်မားရေးအတွက် လက်တွဲညီညီပူးပေါင်း ဆောင်ရွက်နေကြသည့် အချိန်ကာလဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း နိုင်ငံတကာပညာရေးပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်ပူးပေါင်း ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာ စာတတ်မြောက်ရေးလုပ်ငန်းများကို ပြည်သူအများ မမေ့မလျော့၊ ဖွဲ့လုံ့လဖြင့်ဆောင်ရွက်ကြရန် နှိုးဆော်သတိပေးသည့်အနေဖြင့် စက်တင်ဘာလ ၈ ရက် နေ့ ကျရောက်တိုင်း နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားများကို နှစ်စဉ်ခမ်းနားသိုက်မြိုက်စွာ ဂုဏ်ပြု ကျင်းပလျက် ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံမောင်းနှင်အား တစ်ရပ်ဖြစ်သည့် ပညာရေးကဏ္ဍ၏ အရည်အသွေးကို အရှိန်အဟုန်မြှင့်တင်ပေးနိုင်ရန် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးဟူသော အမျိုးသားရေး မျှော်မှန်းချက်တစ်ရပ်ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်နေသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ပညာရေးအတွေးအခေါ် နှင့် လက်တွေ့ကျင့်သုံးမှု ကဏ္ဍများတွင်ပါ ပြုပြင်ပြောင်းလဲမှုများကို အခြေခံမှုစပြီး စနစ်တကျချမှတ်ဆောင်ရွက်လျက် ရှိသည်။

စာတတ်ဖို့သက်သက်သာဦးတည်သည့် ကျဉ်းမြောင်းသောပညာရေးစနစ်မှသည် စာတတ်ပြီးပညာရယူသည့် ကိရိယာအဖြစ် ကျယ်ကျယ်ပြန့်ပြန့်အသုံးချနိုင်သော အခွင့်အလမ်းပိုရှိသည့်၊ ရွေးချယ်ပိုင်ခွင့်ပိုများသည့် အခွင့်အလမ်းပွင့် ပညာရေးစနစ်အဖြစ် တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျပြုပြင် ပြောင်းလဲဆောင်ရွက်နေကြောင်းတွေ့ရသည်။ ကျောင်းသား ကျောင်းသူလူငယ်များ ဘက်စုံကဏ္ဍစုံ ထူးချွန်ထက်မြက်အောင်၊ စိတ်ဓာတ်ရေးရာဖွံ့ဖြိုးတိုးတက်အောင်၊ ဝါသနာဗီဇ

ထက်သန်မှုနှင့် တိုးတက်မှု အလားအလာကောင်းမွန်ရာ ဘာသာရပ်အလိုက် ထွန်းပေါက်အောင်မြင်အောင် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေးအတွက် ကွန်ပျူတာနည်းပညာ၊ ဆက်သွယ်မှုနည်းပညာ အခြေခံသည့် သင်ကြားမှုသင်ယူမှု အထောက်အကူပြုစာသင်ခန်းများဖွင့်လှစ်ပြီး အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ ဟန်ချက်ညီညီပေါင်းစပ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ကျောင်းတွင်းပညာရေးစနစ်ကို အရည်အသွေးပိုမိုထက်မြက်မြင့်မားပြီး အရှိန်အဟုန်မြင့်တင်ဆောင်ရွက်ပေးနေသည်နှင့် တစ်ပြိုင်နက်တည်း နိုင်ငံသူနိုင်ငံသားအားလုံး အသက်အရွယ်၊ အဆင့်အတန်း၊ ဆင်းရဲချမ်းသာမရွေး အခြေခံစာတတ်မြောက်စေရေးနှင့် စာတတ်မြောက်ပြီးသူများ ဆက်လက်လေ့လာဆည်းပူးနိုင်မည့် စဉ်ဆက်ပညာရေး ဖြစ်ထွန်းစေရေးအတွက် မျှော်မှန်းပြီး လူတိုင်းအတွက် ပညာရေးစီမံကိန်း (Education For All) ကို ချမှတ်၍ ကျောင်းတွင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေးတို့ ဟန်ချက်ညီညီပေါင်းစည်းနိုင်ရန် စီမံဆောင်ရွက်နေသည်။ ထို့ပြင် လူတိုင်းအတွက် ပညာရေးပေါင်းစပ်ညှိနှိုင်းမှု ဗဟိုကော်မတီနှင့် ဒေသအလိုက် ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်း၍ နိုင်ငံသူ နိုင်ငံသားတိုင်း စာတတ်မြောက်ရေး လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်လျက်ရှိရာ ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းအပ်နှံရေးနှင့် စာမတတ်သူဦးရေလျှော့ချရေး မဟာဗျူဟာနှစ်ရပ်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းနေရေးစီမံကိန်း (All Chlidren In School - ACIS) ကို စနစ်တကျရေးဆွဲ၍ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိဘပြည်သူများ ပူးပေါင်းပြီး ကျောင်းနေအရွယ်ကလေးများ စာရင်းဇယားကောက်ယူမှု၊ ကျောင်းထားရန် ပညာပေးစည်းရုံးမှု၊ ကျောင်းမထားနိုင်သည့် ကလေးများအတွက် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသည့် အပြင်မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ရေး တစ်အိမ်တက်ဆင်းစည်းရုံးဆော်သြမှုများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်သည်။

ကျောင်းနေသည့် ကလေးများမူလတန်းပညာပြီးဆုံး ရေးအတွက် စနစ်တကျစည်းရုံးဆောင်ရွက်လျက်ရှိပြီး စဉ်ဆက်မပြတ် အကဲဖြတ်အတန်းတင်ပေးသည့် စနစ်ကျင့်သုံးမှုကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေပျော်ပြီး စာတော်ကြသည့်အတွက် မူလတန်းပညာ မပြီးဆုံးမီ ကျောင်းထွက်မှုများ သိသိသာသာလျော့ကျလာကြောင်း တွေ့ရသည်။ အကြောင်းကြောင်းကြောင့် မူလတန်းပညာ မပြီးဆုံးသူများ၊ အသက်ကြီးရင့်သော်လည်း ကျောင်းမနေခဲ့ရသူများနှင့် သက်ကြီးစာမတတ်မြောက်သူများအတွက်



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်. ၂၀၀၀ ပြည့်နှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုစဉ်

အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းကြောင့် ခရိုင်လုံးကျွတ်၊ တိုင်းလုံးကျွတ်စာတတ်မြောက်ရေးလှုပ်ရှားမှုများ အပါအဝင် နိုင်ငံနှင့်အဝန်းစာတတ်မြောက်ရေး လှုပ်ရှားမှုများ အောင်မြင်ဖြစ်ထွန်းနေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "နယ်စပ်ဒေသများတွင်ရှိသော ကျောင်းနေအရွယ်ကလေးများ ကျောင်းရောက်ရှိရေး၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေခွင့်မရခဲ့သော ကျောင်းနေအရွယ်လွန်သူများ စာတတ်မြောက်စေရန် အသုံးလုံးသင်တန်းများဖွင့်လှစ် ရေး" လမ်းညွှန်သည်အတွက် နယ်စပ်ဒေသနွေရာသီအသုံးလုံး သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည်။ နယ်စပ်ဒေသ နွေရာသီအသုံးလုံးသင်တန်းများကို ကိုးကန့်ဒေသ၊ 'ဝ' ဒေသ၊ ကျိုင်းတုံဒေသနှင့် ရခိုင်ဒေသတို့တွင် ၁၉၉၆ ခုနှစ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၁၉၉၆ – ၉၇ ပညာသင်နှစ်တွင် ဒေသခံတိုင်းရင်းသား ၁,၄၆၀၊ ၁၉၉၇ – ၉၈ ပညာသင်နှစ်တွင် ဒေသခံတိုင်းရင်းသား ၂,၃၃၃ ဦး စာတတ်မြောက်ခဲ့ပြီး ၁၉၉၈–၉၉ ပညာသင်နှစ်တွင် လူတိုင်းအတွက် ပညာရေးစီမံကိန်းနှင့် စာတတ်မြောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သည်။ ၂၀၀၀ ပြည့်နှစ်တွင် ကရင်ဒေသ၊ 'ဝ' ဒေသ၊ ကိုးကန့်ဒေသ နှင့် ပအိုဝ်းဒေသများ၌ နွေရာသီအသုံးလုံးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ရာ ဒေသခံတိုင်းရင်းသား ၁၀,၅၁၀ စာတတ်မြောက်ခဲ့ကြောင်း တွေ့ရသည်။

လူတိုင်းအတွက် ပညာရေးစီမံကိန်းဆောင်ရွက်ရာတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနှုန်းရာခိုင်နှုန်း ၈၀ ရရှိရန်မျှော်မှန်းခဲ့ရာ ၉၁ ရာခိုင်နှုန်းအထိ အောင်မြင်ဖြစ်ထွန်းပြီး စာမတတ်သူနှုန်းကိုလည်း မူလ ၂၂ ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်းအထိ လျှော့ချရန်မျှော်မှန်းခဲ့ရာ ကိုးရာခိုင်နှုန်းအထိ လျော့ကျလာသည်။ မြန်မာနိုင်ငံပညာရေး၏ အခြေခံအုတ်မြစ်ဖြစ်သည့် မူလတန်းပညာရေးသည် အများစုသင်ပညာရေး (Universal Primary Education) အဆင့်သို့ ရောက်ရှိနေ ပြီးဖြစ်၍ မသင်မနေရ မူလတန်းပညာရေး (Compulsory Primary Education) အဆင့် ပြောင်းအကောင်အထည် ဖော်နိုင်မည့်အခြေအနေမျိုး ရှိနေပြီ ဖြစ်သည်။

မြန်မာနိုင်ငံသည် အာရှနှင့်ပစိဖိတ်ဒေသများတွင် ရှိသည့် စာတတ်နှုန်းမြင့်မားသော "က" အုပ်စုဝင် နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ခြင်းခံရသည်။ ဖွံ့ဖြိုးမှု၏အညွှန်းကိန်းတစ်ခု ဖြစ်သည့် စာတတ်နှုန်းမြင့်မားသော မြန်မာနိုင်ငံတွင် အခြေခံစာတတ်မြောက်ပြီးဒေသများ၌ စာဖတ်ရှိန်မြင့်တင်ရေး၊ ဝင်ငွေတိုးရေးနှင့် ဘဝသာယာရေး အစီအစဉ်များပါဝင်သည့် စဉ်ဆက်ပညာရေးကို ဆက်လက် အကောင်အထည်ဖော်နေပြီဖြစ်ရာ ၂၁ရာစုပညာရေး၏ စိန်ခေါ်မှုဖြစ်သော အစဉ်သင်ယူတွေးခေါ်ကြံဆနေသည့် လူ့အဖွဲ့အစည်း ဖြစ်ထွန်းလာအောင် ဘက်စုံကြိုးပမ်းအားထုတ်နေခြင်း ဖြစ်သည်။

ပညာရေးမြင့်တင်မှု အစီအစဉ်များနှင့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ် စီမံကိန်းအရ နိုင်ငံတော်၏ ပညာရေးအရည်အသွေးမြင့်မားလာရန်၊ နိုင်ငံတကာအဆင့်မီ ပညာရေးဖြစ်ထွန်းရန် အဘက်ဘက်က စီစဉ်ဆောင်ရွက်နေသကဲ့သို့ ပိုမိုကျယ်ပြန့်ဆီလျော်ပြီး အခွင့်အလမ်းများပြားစွာ ပေးနိုင်မည့် ပညာရေးစနစ်ကို ကျောင်းတွင်းပညာရေးကဏ္ဍတွင် ထူထောင်အကောင်အထည်ဖော်နေကြောင်း တွေ့ရသည်။ ခေတ်မီသင်ကြားမှု၊ သင်ယူမှုအထောက်အကူပစ္စည်းကိရိယာများအသုံးပြုသင်ကြားပေးနေခြင်းကြောင့် မြို့ပြနှင့်ကျေးလက် ပညာရေး ကွာဟမှုကျဉ်းမြောင်းလာပြီး တစ်ပြေးညီဖွံ့ဖြိုးလျက်ရှိ သည့်အပြင် ကျောင်းသားကျောင်းသူများ၏ ထက်မြက်သည့် ဉာဏ်ရည်ကိုများစွာ အထောက်အကူပြုလျက်ရှိသည်။ ကျောင်းပြင်ပပညာရေးကဏ္ဍတွင် တစ်သက်တာသင်ယူနေပြီး အစဉ်တွေးခေါ်ကြံဆနေသည့် မြန်မာ့လူ့အဖွဲ့အစည်း ဖြစ်ထွန်းပေါ်ပေါက်ရေးကို ဦးတည်၍ အခြေခံစာတတ်မြောက်ရေး အစီအစဉ်များ၊ စာဖတ်ရှိန် မြင့်တင်ရေး၊ ဝင်ငွေ တိုးရေးနှင့် ဘဝသာယာရေး အစီအစဉ်များပါဝင်သော စဉ်ဆက်ပညာရေးကို တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နေကြောင်း တွေ့ရသည်။ အခြေခံ စာတတ်မြောက်ရေး အစီအစဉ်ပြီးမြောက်ခဲ့သည့် မန္တလေးတိုင်းတွင် စဉ်ဆက်ပညာရေးကို တိုင်းလုံးကျွတ်ဆက်လက်အကောင်အထည်ဖော်နေသကဲ့သို့စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ရေဝတီတိုင်းတို့တွင်လည်း အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိနေပြီ ဖြစ်သည်။

၂၀၀၀ ပြည့်နှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားအပြီးတွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်စာတမ်းဖတ်ပွဲကို ကျင်းပသည်။ စာတမ်းဖတ်ပွဲ နံနက်ပိုင်းအစီအစဉ်တွင် မန္တလေးတိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီ နာယက ဒေါက်တာဒေါ်တင်လင်းမြင့်က "မန္တလေးတိုင်း စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေး အကောင်အထည်ဖော်မှု အခြေအနေ" စာတမ်း၊ မွန်းလွဲပိုင်း အစီအစဉ်တွင် အမှတ်

(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက "နယ်စပ်ဒေသစာတတ်မြောက်ရေး အကောင်အထည်ဖော်မှု အခြေအနေ" စာတမ်းနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဦးသန်းဦးက "တိုင်းလုံးကျွတ်စာတတ်မြောက်ရေး ကြိုးပမ်းမှုအခြေအနေ" စာတမ်းတို့ကို အသီးသီး ဖတ်ကြားသွားကြသည်။

စိုးအောင်

## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းများ။

။နိုင်ငံတော်အစိုးရ၏ အဓိကရည်မှန်းချက်ပန်းတိုင်မှာ နိုင်ငံတော်အတွင်းရှိဒေသများအားလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မြို့ပြနှင့် ကျေးလက်ဒေသများအကြားကွာဟမှုကို ဖြစ်နိုင်သမျှ ကျဉ်းမြောင်းလာစေရန်ဖြစ်သည်။ ထို့ကြောင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည်။

ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို (၂၅–၅–၈၉) ရက်နေ့တွင် အဖွဲ့ဝင် ၅ ဦးဖြင့်လည်းကောင်း၊ (၂၄–၁၂–၈၆) ရက်နေ့တွင် အဖွဲ့ဝင် ၉ ဦးဖြင့်လည်းကောင်း၊ (၁၁–၂–၉၈) ရက်နေ့တွင် အဖွဲ့ဝင်၁၀ ဦးဖြင့်လည်းကောင်း အဆင့်ဆင့် ပြန်လည်ဖွဲ့စည်းကာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအတွက် မူဝါဒများ၊ စီမံကိန်းများ၊ လမ်းညွှန်ချမှတ်ခဲ့သည်။

ဗဟိုကော်မတီမှချမှတ်ပေးသော မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ ပါဝင်သည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို (၃၁–၅–၈၉) ရက်နေ့တွင် အဖွဲ့ဝင် ၁၇ ဦးဖြင့် စတင်ဖွဲ့စည်း ခဲ့သည်။ (၁၅–၅–၉၂) ရက်နေ့တွင် အဖွဲ့ဝင် ၃၃ ဦးဖြင့် လည်းကောင်း၊ (၃–၁၀–၉၄) ရက်နေ့တွင် အဖွဲ့ဝင် ၄၀ ဦး ဖြင့်လည်းကောင်း၊ (၁၁–၂–၉၈) ရက်နေ့တွင် အဖွဲ့ဝင် ၄၉ ဦး ဖြင့်လည်းကောင်း အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ လမ်းညွှန်မှုခံယူ၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအား



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် မိုင်းဆတ်မြို့ အလယ်တန်းကျောင်းအား ကြည့်ရှု စစ်ဆေးစဉ်

အချိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန် ဆပ်ကော်မတီ(၁၈) ခုကို လုပ်ငန်းကဏ္ဍအလိုက် ဖွဲ့စည်းထားရှိသည်။

ထို့အပြင် သက်ဆိုင်ရာဒေသများအလိုက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိမိမိအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ (၁၁) ခုကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ သည်။

နိုင်ငံတော်အစိုးရ၏ စစ်မှန်သောစေတနာ အပြန်အလှန်လေးစားချစ်ကြည်မှု၊ အပြန်အလှန်နားလည်စာနာမှု စသည့်ကောင်းမြတ်သည့် ရပ်တည်ချက်များကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၇) ဖွဲ့သည် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကာ နိုင်ငံတော်အစိုးရနှင့်အတူလက်တွဲလျက် နယ်စပ်ဒေသလုပ်ငန်းများကို လက်တွေ့ကျကျ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းအေးချမ်းသာယာပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ လက်တွဲသွေးစည်း ချစ်ကြည်လာသောအခြေအနေ၊ အချိန်အခါကောင်းနှင့်လျော်ညီစွာ (၂၄-၉-၉၂) ရက်နေ့တွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့သည်။ ဆက်လက်၍ နယ်စပ်ဒေသလုပ်ငန်းများအပြင် မြို့ပြနှင့်ကျေးလက် စည်ပင်သာယာရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် (၃၀-၁-၉၄) ရက်နေ့ တွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး နှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဟူ၍ ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် (၁၃-၈-၉၃) ရက်နေ့တွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၏ ရည်ရွယ်ချက်များမှာ -

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များနှင့်အညီ နယ်စပ် ဒေသရှိ တိုင်းရင်းသား လူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(၂) တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု စာပေ၊ ဓလေ့ထုံးစံတို့ကို မြတ်နိုးစွာထိန်းသိမ်းနိုင်စေရန်၊

(၃) တိုင်းရင်းသားလူမျိုးများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်၊

(၄) စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်၊

(၅) နယ်စပ်ဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိန်းသိမ်းရန် တို့ဖြစ်သည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အချိန်နှင့်တပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့် အညီ နယ်စပ်ဒေသပင်မ စီမံကိန်းကို ရေးဆွဲခဲ့ပြီး (၂၃-၆-၉၄) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးက အတည်ပြုပေးခဲ့သည်။

နယ်စပ်ဒေသပင်မစီမံကိန်းကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနက ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အမျိုးသားစီမံကိန်းနှင့် လိုက်လျောညီထွေမှုရှိစေရန် အောက်ပါအတိုင်း စီမံကိန်းကာလ ၁၃ နှစ် သတ်မှတ်ရေးဆွဲခဲ့သည်-

- ၁၉၉၃-၉၄ ဘဏ္ဍာရေးနှစ်မှ ၁၉၉၅-၉၆ ဘဏ္ဍာရေးနှစ်အထိ ပထမနှစ်တို ၃ နှစ် စီမံကိန်း
- ၁၉၉၆-၉၇ ဘဏ္ဍာရေးနှစ်မှ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်အထိ ပထမနှစ်လတ် ၅ နှစ် စီမံကိန်း
- ၂၀၀၁ -၂၀၀၂ ဘဏ္ဍာရေးနှစ်မှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အထိ ဒုတိယနှစ်လတ် ၅ နှစ် စီမံကိန်း

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်က ၁၉၈၉ ခုနှစ်၊ မေလမှ စတင် အကောင်အထည်ဖော်ခဲ့ရာ ၂၀၀၁ ပြည့်နှစ်အထိ ကျပ်ငွေသန်းပေါင်း ၂၀၀၅၄ ဒသမ ၃၁ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့သည်။

၁၉၈၉ ခုနှစ်မှ (၃၀-၁၂-၂၀၀၀) ရက်နေ့အထိ ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းများမှာ-

(က) တည်ဆောက်ရေးလုပ်ငန်းများတွင်

- မြေလမ်း ၂၃၃၉ မိုင်၊ ကျောက်ခင်းလမ်း ၁၁၆၀ မိုင်၊ ကတ္တရာလမ်း ၂၁၉ မိုင်၊ လမ်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်း ၂၅၄၆ မိုင်၊ ဆောက်လုပ်ပြီးစီးသည့် တံတားကြီး ၄၅ ခု၊ တံတားငယ် ၅၇၃ ခု၊ ကြိုးတံတား ၁၆ ခုတို့ ဖြစ်သည်။

(ခ) ကျန်းမာရေးလုပ်ငန်းများတွင်

- ဆေး ရုံ ၄၄ ရုံ၊ ဆေး ပေး ခန်း ၇၄ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၄၆ ဌာနတို့ ဖြစ်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်းများ



နယ်စပ်ဒေသဖွံ့ဖြိုးရေး အသီးအပွင့်တစ်ခုဖြစ်သော ရခိုင်ပြည်နယ် အမ်း–တောင်ကုတ်လမ်းပေါ်ရှိ ကိုင်းရှည်တံတား ဖွင့်ပွဲမြင်ကွင်း

(ဂ) ပညာရေးလုပ်ငန်းများတွင်
- မူလတန်းကျောင်း ၃၆၆ ကျောင်း၊ အလယ်တန်းကျောင်း ၄၈ ကျောင်း၊ အထက်တန်းကျောင်း ၁၉ ကျောင်းဖြစ်သည်။

(ဃ) စိုက်ပျိုးရေးလုပ်ငန်းများတွင်
- စိုက်ပျိုးရေးရုံ ၃၀ ရုံ၊ စိုက်ပျိုးရေးစခန်း ၉၆ ခု၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီးဆည် ၃၉ခု၊ တိုင်းတာပြီး ဆည် ၁၇ ခု၊ တူးမြောင်း ၃ခု၊ ထွန်စက်စခန်း ၁၀ ခုတို့ဖြစ်သည်။

(င) သစ်တောလုပ်ငန်းများတွင်
- သတ်မှတ်ပြီး ကြိုးဝိုင်းသစ်တော ၄ ခု၊ စီစဉ်ဆဲ ကြိုးဝိုင်းသစ်တော ၄ ခု၊ သစ်စက် ၁၂ ခု၊ သစ်တောပျိုးဥယျာဉ် ၇ ခုတို့ဖြစ်သည်။

(စ) မွေးမြူရေးလုပ်ငန်းများတွင်
- မွေးမြူရေးခြံ ၁၉ ခြံ၊ တိ/မွေးကုရုံ ၄၀ ရုံ၊ တို့ကို တည်ဆောက်ပေးခဲ့ပြီး၊ နွားမျိုးပြန့်ပွားခြင်း ကောင်ရေ ၇၃ ကောင်၊ မြည်းသိုးမျိုး ပြန့်ပွားခြင်းကောင်ရေ ၃၈ ကောင်တို့ကို ပြန့်ပွားခဲ့သည်။

(ဆ) စွမ်းအင်လုပ်ငန်းများတွင်
- လျှပ်စစ်မီးစက် ၂၃၆ လုံးနှင့် မီးလင်းသည့်မြို့ ၁၇၂ မြို့ရှိပြီး၊ ရေအားလျှပ်စစ်ရှိသည့်မြို့ ၈ မြို့ ရှိသည်။

(ဇ) ဆက်သွယ်ရေးလုပ်ငန်းများတွင်
- စာတိုက် ၅၃ ခု၊ ရေဒီယိုတယ်လီဖုန်း ၄၅ ခု၊ မြို့တွင်းအိတ်ချိန်း ၅၄ ခု၊ တယ်လီဖုန်းအဝေးလိုင်းမိုင် ၄၄၁ ဒသမ ၅ မိုင်၊ ကြေးနန်းရုံ ၄၅ ရုံ တို့ ဆောက်လုပ်ခဲ့သည်။

(ဈ) ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများတွင်
- ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ၇၉ ရုံ၊ ဂြိုလ်တုဆက်သွယ်ရေး ၁၁ ခု၊ ဆက်သွယ်ရေးအဆောက်အအုံ ၉ ခုတို့ ဖြစ်သည်။

(ည) သတ္တုရှာဖွေ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများတွင်
- ပတ္တမြား ၂၄၉၂၈၀ ဒသမ ၂၆ ကာရက်၊ နီလာပွင့်ရေ ၅၀၇ ဒသမ ၇ ပွင့် တူးဖော်ရရှိပြီးဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်းသည် ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံကမျှ ဖော်ဆောင်ခြင်းမရှိသေးသည့် မြန်မာနိုင်ငံ၏ ထူးခြားဂုဏ်ယူဖွယ်လုပ်ငန်းတစ်ရပ်ပင် ဖြစ်ပေသည်။

သီသီအေး (ပြန်/ဆက်ရုံးချုပ်)

**၂၁ ရာစုအကြို ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ လူထုအစည်းအဝေးကြီး။** ။မြန်မာတို့ နှလုံးသားထဲက ပုဂံ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အများစုစည်းရာပုဂံ၊ ဇာတိပုည ဂုဏ်မာနကို မြင့်မားစေပြီး မျိုးချစ်စိတ်ဓာတ်ကို ရှင်သန်ထက်မြက်စေသည့်ပုဂံ၊ သက်တမ်း တစ်ထောင်နီးပါး ရှိပြီဖြစ်သောပုဂံ။

သက်တမ်းတစ်ထောင်နီးပါးရှိသည့် ရှေးဟောင်းအဆောက်အအုံများ သုံးထောင်နီးပါး၊ တစ်စုတစ်ဝေးတည်း၊ တစ်နေရာတည်းရှိသောဒေသမှာ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံမှ ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတစ်ခုတည်းသာ ရှိသည်ဟု ဆိုနိုင်ပေသည်။

အနုမှာ အာနန္ဒာ၊ ထုမှာ ဓမ္မရံ၊ အမြင့်မှာ သဗ္ဗညု ဆိုသည်နှင့်အညီ အနုအရွအလှအပများဖြင့် မွမ်းထုံအပ်သော အာနန္ဒာ စေတီတော်၊ ထုထည်ကြီးမားလှသည့် ဓမ္မာရံ စေတီတော်၊ မြင့်မားလှသည့် သဗ္ဗညုစေတီတော်ကြီးများသည် ပုဂံ၌ ခန့်ညားထည်ဝါစွာ တည်ရှိနေပြီး၊ တစ်ကမ္ဘာလုံးက အံ့သြငေးမောရ သည်လည်းဖြစ်သည်။

ဤသို့သောဂုဏ်ထူးဝိသေသများ ပြည့်လျှမ်းနေသည့် ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံ ခြေတော်ရင်းရှိ အားကစားကွင်းတွင် (၂၁) ရာစုအကြို လူထုအစည်းဝေးကြီးကို ၂၀၀၀ ပြည့်နှစ်၊ နှစ်သစ်ကူးနေ့ (၁.၁ ၂၀၀၁) နေ့တွင် ခြိမ့်ခြိမ့်သဲမျှ ကျင်းပခဲ့သည်။

အဆိုပါ ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ဗဟိုနာယက အဖွဲ့ဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ အထွေထွေအတွင်းရေးမှူး ဦးသန်းအောင် အတွင်းရေးမှူးများဖြစ်ကြသည့် ဦးခင်မောင်သိန်း၊ ဦးဝင်းစိန်၊ ဦးကိုလေး၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များဖြစ်ကြသော ဦးသန်းရွှေ၊ ဦးပန်းအောင်၊ ဦးအောင်သောင်း၊ ဦးစောထွန်း၊ ဗိုလ်မှူးကြီးတင်လှိုင်၊ ဦးအောင်စန်း၊ ဦးအောင်ခင်၊ ဦးအောင်ဖုန်း၊ ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဗိုလ်မှူးကြီးသိန်းညွန့်၊ ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဗိုလ်မှူးချုပ်ခင်မောင်၊ ဗိုလ်မှူးကြီးသိုက်ထွန်း၊ ဗိုလ်မှူးချုပ်သူရအောင်ကိုး၊ ဗိုလ်မှူးချုပ် သိန်းအောင်၊ ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဗိုလ်မှူးကြီးမောင်ပါ၊ ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် သိန်းဇော်တို့ တက်ရောက်ကြသည်။

ထို့အပြင် ကချင်ပြည်နယ်မှ ကိုယ်စားလှယ်တစ်ရာ၊ ကယားပြည်နယ်မှ ကိုယ်စားလှယ်တစ်ရာ၊ ကရင်ပြည်နယ်မှ ကိုယ်စားလှယ်တစ်ရာ၊ ချင်းပြည်နယ်မှ ကိုယ်စားလှယ် တစ်ရာ၊ စစ်ကိုင်းတိုင်းမှ ကိုယ်စားလှယ်တစ်ရာ၊ တနင်္သာရီတိုင်းမှ ကိုယ်စားလှယ်တစ်ရာ၊ ပဲခူးတိုင်း (အရှေ့ခြမ်း) မှ ကိုယ်စားလှယ် တစ်ရာ၊ ပဲခူးတိုင်း (အနောက်ခြမ်း) မှ ကိုယ်စားလှယ်တစ်ရာ၊ မကွေးတိုင်းမှ ကိုယ်စားလှယ်တစ်ရာ၊ မန္တလေးတိုင်းမှ ကိုယ်စားလှယ်တစ်ရာ၊ မွန်ပြည်နယ်မှ ကိုယ်စားလှယ်တစ်ရာ၊ ရခိုင်ပြည်နယ်မှ ကိုယ်စားလှယ် တစ်ရာ၊ ရန်ကုန်တိုင်းမှ ကိုယ်စားလှယ်တစ်ရာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မှ ကိုယ်စားလှယ် တစ်ရာ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ ကိုယ်စားလှယ်တစ်ရာ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မှ ကိုယ်စားလှယ်တစ်ရာ၊ ဧရာဝတီ တိုင်းမှ ကိုယ်စားလှယ်တစ်ရာ စုစုပေါင်း ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားကိုယ်စားလှယ်ပေါင်း ၁၇၀၀ တက်ရောက်ကြသည်။

ယင်းအပြင် မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံသူနာပြုများအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း၊ မြန်မာနိုင်ငံဘဏ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းများအဖွဲ့၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့မှ ကိုယ်စားလှယ်များ၊ ညောင်ဦးခရိုင်မှ ပြည်သူလူထု အင်အား ၅၀၀၀၊ ကျောက်ပန်းတောင်းမြို့နယ်မှ ပြည်သူ လူထုအင်အား ၅၀၀၀၊ မြင်းခြံခရိုင်မှ ပြည်သူလူထုအင်အား ၃၀၀၀၊ မိတ္ထီလာခရိုင်မှ ပြည်သူလူထုအင်အား ၄၀၀၀၊ ရေနံချောင်းမြို့နယ်မှ ပြည်သူလူထုအင်အား ၁၅၀၀၊ ချောက်မြို့နယ်မှ ပြည်သူလူထုအင်အား ၂၀၀၀၊ ဆိပ်ဖြူမြို့နယ်မှ ပြည်သူလူထုအင်အား ၁၀၀၀၊ ပခုက္ကူမြို့နယ်မှ ပြည်သူလူထု အင်အား ၂၅၀၀၊ စုစုပေါင်း ပြည်သူလူထုအင်အား ၂၇၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးတွင် ပြည်နယ်နှင့် တိုင်းကိုယ်စားပြု သဘာပတိအဖွဲ့ဝင် (၁၄) ဦးရှိရာ သဘာပတိ အဖြစ် မကွေးကောလိပ်ကျောင်းအုပ်ကြီး (အငြိမ်းစား) ဦးစိန်ဝင်းက ဆောင်ရွက်သည်။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏
အထွေထွေအတွင်းရေးမှူး
ဦးသန်းအောင်အမှာစကားပြောကြားစဉ်

အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်းမှ ဒေါ်သန္တာဘုန်းဝင်းကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် စစ်ကိုင်းတိုင်းမှ ဒေါ်ခင်မာလာမောင်ကလည်းကောင်း အသီးသီးဆောင်ရွက်ကြသည်။ ရှေးဦးစွာ အခမ်းအနားမှူးက ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီး၏ အစီအစဉ်များကို ဖတ်ကြားပြီး သဘာပတိ၊ မကွေးကောလိပ်ကျောင်းအုပ်ကြီး (အငြိမ်းစား) ဦးစိန်ဝင်းက မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဆက်လက်၍ ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးသန်းအောင်က ဖတ်ကြားသည်။ ဗိုလ်ချုပ်မှူးကြီး၏သဝဏ်လွှာမှာ

ကိုယ်စားလှယ်အပေါင်းတို့

(၂၁) ရာစုနှစ်သစ် အခါသမယတွင် လေးစားချစ်ကြည်စွာ နှုတ်ခွန်းဆက်သအပ်ပါသည်။ လူထုကိုယ်စားလှယ်အပေါင်းတို့ စုဝေးရောက်ရှိနေကြသည့် ပုဂံမြို့သည် ဂုဏ်အင်္ဂါရပ်အမျိုးမျိုးတို့ဖြင့် ပြည့်စုံနေသည့် ဒေသကြီးတစ်ခုပင် ဖြစ်



၂၁ ရာစုအကြို လူထုအစည်းအဝေးပွဲကြီး သဘာပတိအဖွဲ့က ကြွေးကြော်သံဖြင့် အစည်းအဝေးရုပ်သိမ်းစဉ်

ပါသည်။ လွန်ခဲ့သည့် အနှစ် ၂၀၀၀ ခန့်မှစ၍ မြို့ပြနိုင်ငံ ထူထောင်ခဲ့ခြင်း၊ (၁၁) ရာစုအလယ်ပိုင်းမှစ၍ အချုပ်အခြာ အာဏာပိုင် ပထမမြန်မာနိုင်ငံတော်ကို စုစည်းတည်ထောင် နိုင် ခဲ့ခြင်း၊ စာပေနှင့်ယဉ်ကျေးမှုအဆင့် မြင့်မားအောင် စွမ်းဆောင် နိုင်ခဲ့ခြင်းဟူသော ဂုဏ်အင်္ဂါရပ်တို့နှင့် ပြည့်စုံခဲ့သည့် ဒေသ ကြီးပင်ဖြစ်ပါသည်။ ဤဒေသကြီးတွင် (၂၁) ရာစုကို ကြိုဆိုသည့် လူထုအစည်းအဝေးကြီး ကျင်းပခြင်းသည် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ကိုက်ညီသည့် အားထုတ်မှုတစ်ခုဖြစ်ကြောင်း မှတ်ချက်ပြုရမည် ဖြစ်ပါသည်။ ဤဒေသသည် နိုင်ငံနှင့်လူမျိုး၏ အသက်ဝိညာဉ်ဟု ပြောနိုင်သည့် လွတ်လပ်သော အချုပ်အခြာ အာဏာပိုင်မှု၊ မြန်မာ့ ယဉ်ကျေးမှု၊ တိုင်းရင်း သားအားလုံး၏ စည်းလုံးညီညွတ်မှု တို့၏ သင်္ကေတအဖြစ် ရာစုနှစ်ပေါင်းများစွာ ခိုင်ခိုင်မြဲမြဲ ရပ်တည်ခဲ့ပါသည်။

အနှစ် ၂၀၀၀ ခရီးကို ဖြတ်သန်းခဲ့သော ဤ ၂၀ ရာစု ကုန်ဆုံးချိန်ကာလမှ အတိတ်ဆီသို့ ပြန်ပြောင်းကြည့်မည်ဆိုလျှင် အနှစ် ၂၀၀၀ မတိုင်မီ ရှေးပဝေသဏီကတည်းကပင် ကျွန်ုပ်တို့နိုင်ငံ၌ လူ့ယဉ်ကျေးမှုများ အခြေတကျဖြစ်ထွန်းနေပြီဖြစ်ကြောင်း အခိုင်အမာတွေ့ရပေသည်။ မြန်မာနိုင်ငံ ပေါ်ထွန်းရာ ကုန်းမြေသည် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာကပင် တည်ရှိခဲ့ကြောင်း၊ နောင်အခါ လူသားမျိုးနွယ်ဖြစ်လာမည့် အဆင့်မြင့် ပရိုင်းမိတ်များသည် လွန်ခဲ့သော နှစ်သန်း (၄၀) ကာလကပင် မြန်မာမြေပေါ်၌ အထင်အရှားနေထိုင်ခဲ့ကြပြီး ကမ္ဘာပေါ်တွင် အစောဆုံးပရိုင်းမိတ်များဖြစ်ကြောင်း ပညာရှင်များက စူးစမ်းဖော်ထုတ်ခဲ့ကြပြီးဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုသည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ဟူ၍ အဆင့်ဆင့် ပြောင်းလဲတိုးတက်ခဲ့ပြီးနောက် တကောင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်း၊ ဝေသာလီ၊ သုဝဏ္ဏဘုမ္မိဟူ၍ မြို့ပြနိုင်ငံ များပေါ်ပေါက်ခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံသည် ပုဂံခေတ်၊ ပင်းယစစ်ကိုင်းခေတ်၊ အင်းဝ ခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင် ခေတ်ဟူသော ခေတ်အဆက်ဆက်တွင် ကိုယ့်ထီးကိုယ့်နန်းဖြင့် လွတ်လပ်သောအချုပ်အခြာအာဏာ ပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ဝါစွာရပ်တည်ခဲ့သည်။ မြန်မာ့ မြေပေါ်တွင် တိုင်းရင်းသားအားလုံးသည် ဥမကွဲသိုက်မပျက် ချစ်ကြည်ရင်းနှီးစွာ နေထိုင်လာခဲ့သည်။

ကုန်းဘောင်ခေတ်တွင် ဗြိတိသျှကိုလိုနီနယ်ချဲ့တို့က ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲပြီး မြန်မာနိုင်ငံကို အဝမ့ကျွန်ပြု သိမ်းပိုက်သောအခါ မြန်မာတိုင်းရင်း သားအပေါင်းတို့သည် သူ့ကျွန်မခံလိုသောစိတ်ဓာတ်၊ ထက်သန်နိုးကြားသော ဓာတိမာန်တို့ဖြင့် တွန်းလှန် တိုက်ခိုက်ခဲ့သည်။ နယ်ချဲ့တို့က နည်းအမျိုးမျိုးဖြင့် သွေးခွဲသော်လည်း သွေးစည်းညီညွတ်စွာ တိုက်ပွဲဝင်ခဲ့သည်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် များစွာသော မြန်မာနိုင်ငံသား တိုင်းရင်းသားတို့၏ အသက်သွေးချွေးတို့ကို စတေးခဲ့ရသည်။ ဤကြိုးပမ်းမှု၏ရလဒ်အဖြစ် မိမိတို့၏ လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် ၂၀ ရာစု အလယ်ပိုင်းကာလတွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ အဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့သော်လည်း ကိုလိုနီ နယ်ချဲ့တို့၏ ပယောဂနှင့် သွေးခွဲမှုကြောင့် ပြည်တွင်းပဋိပက္ခများ ဖြစ်ပွားခဲ့ရသည်။ ၂၀ ရာစု၏ နောက်ဆုံး ၁၀ စုနှစ်တွင်ကား နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းအားထုတ်မှု၊ ဆိုင်ရာအဖွဲ့ အစည်းများ၏ လက်တွဲဆောင်ရွက်မှုတို့ကြောင့် မြန်မာ နိုင်ငံသား တိုင်းရင်းသားများသည် ချစ်ကြည်သွေးစည်းမှု၊ အပြန်အလှန် နားလည်မှုများရရှိကာ တရားဥပဒေ ဘောင်အတွင်းတွင် နိုင်ငံအကျိုးကို လက်တွဲဆောင်ရွက် နေကြပြီဖြစ်သည်။

မြန်မာ့သမိုင်းစဉ်သည် ရှည်လျားပြီး ခိုင်မာတောင့်တင်းသော အင်အားဖြင့် ရပ်တည်နိုင်ခဲ့သည်ကို သမိုင်းအထောက် အထားများအရ သိရှိနိုင်သည်။ အခြေခံကျသော ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများ ထွန်းကားခဲ့သည်ကိုလည်း တွေ့ရှိရသည်။ ကုန်းဘောင်ခေတ်တွင် ဗြိတိသျှကိုလိုနီ နယ်ချဲ့တို့၏ ကျူးကျော်သိမ်းပိုက်မှု ခံခဲ့ရသော်လည်း သူ့ကျွန်မခံလိုသော ပြည်သူတို့က တိုက်ပွဲဝင်ပြီး မူလကရှိခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ပြန်လည်ရယူ၍ နှောင်းလူ တို့အတွက် အမွေပေးနိုင်ခဲ့သည်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက် ရယူခဲ့သည့် ဘိုးဘွားများ၏အမွေကို ထိန်းသိမ်းကာကွယ်ကြရ မည်မှာ နိုင်ငံသားတို့၏ တာဝန်ဖြစ်ပေသည်။ မျက်မှောက်ကာလ တွင် မြန်မာနိုင်ငံသည် အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်သစ်အဖြစ်သို့ ရှေးရှုဦးတည်လျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အဓိကလိုအပ်ချက်ကား အမျိုးသား အင်အားခိုင်မာ တောင့်တင်းမှုပင်ဖြစ်သည်။ အမျိုးသား အင်အားကို တည်ဆောက်ရာတွင် နိုင်ငံတော်၏ ပထဝီ အနေအထားနှင့် ရာသီဥတုအခြေခံကောင်းမွန်မှု၊ သဘာဝ သယံဇာတကြွယ်ဝမှု၊ လူဦးရေများပြားပြီး ပြည်သူတို့၏ ပညာရည်မြင့်မားမှု၊ အမျိုးသားလူမှုစီးပွားစနစ်များ အခြေခံကောင်းမွန်မှု၊ နိုင်ငံသား များ၏ စာရိတ္တမြင့်မားမှု၊

ကျန်းမာကြံ့ခိုင်မှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့မှု၊ နိုင်ငံ့ခေါင်းဆောင်များ၏ အရည်အသွေးနှင့် နိုင်ငံတော်မူဝါဒများ ကောင်းမွန်မှု၊ နိုင်ငံတကာ ဆက်ဆံရေးတွင် သံတမန်ရေးရာကျွမ်းကျင်မှုနှင့် နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းတည်ငြိမ်ရေးတို့ကို ကာကွယ်စောင့်ရှောက်ပေးမည့် ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာမှုတို့သည် အရေးပါသော အခြေခံကောင်းများဖြစ်သည်။ ထိုအခြေခံကောင်းများ တည်ရှိပေါ်ထွန်းနေသော မြန်မာနိုင်ငံတွင် အမျိုးသားအင်အားကို တည်ဆောက်ရာ၌ အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာအောင် အားသွန်ကြိုးပမ်း ဆောင်ရွက်နေပြီဖြစ်သည်။

အမျိုးသားအင်အား တည်ဆောက်ရာတွင် အရေးပါသော မြန်မာနိုင်ငံသား တိုင်းရင်းသား မျိုးဆက်သစ်လူငယ်များဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ဖွဲ့စည်းကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အမျိုးသားအင်အား တည်ဆောက်ရာတွင် စီးပွားရေး အင်အားသည်လည်း အဓိကဖြစ်သည့်အလျောက် စီးပွားရေး ဦးတည်ချက်လေးရပ်အပေါ် အခြေခံကာ ဈေးကွက်စီးပွားရေး စနစ်ကို ကျင့်သုံးလျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းကို မြှင့်တင်ရန် တာတမံများ၊ ဆည်မြောင်းများကို နိုင်ငံတစ်ဝန်း တိုးချဲ့တည်ဆောက်လျက်ရှိသည်။ စိုက်ပျိုးရေးကဏ္ဍ သိသိသာသာ ဖွံ့ဖြိုးလာစေရန် မဟာဗျူဟာ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းမှာ စီးပွားရေးကဏ္ဍတွေ အချိုးကျတိုးတက်လာစေရန် စက်မှုကဏ္ဍ ဖွံ့ဖြိုးလာရေးအတွက်လည်း လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်က အလတ်စားနှင့် အကြီးစားစက်မှုတည်ဆောက်ရေးလုပ်ငန်းများ စတင် ဆောင်ရွက်နေသကဲ့သို့ စက်မှုလုပ်ငန်းရှင်များ၏ စက်မှုကဏ္ဍ မြှင့်တင်ရေးအတွက်လည်း နိုင်ငံတစ်ဝန်းမှာ စက်မှုဇုန် ၁၈ ဇုန် ဖွဲ့စည်းတည်ဆောက်ပေးခဲ့ပါသည်။ အိမ်တွင်းစက်မှုလုပ်ငန်းများကိုလည်း ဥပဒေပြဋ္ဌာန်း၍ အားပေးမြှင့်တင်ခဲ့ရာ နိုင်ငံအတွင်း စက်မှုကဏ္ဍအသီးသီးတွင် အလုပ်အကိုင်အခွင့်အလမ်းများ သိသိသာသာရရှိစေခဲ့ပါသည်။ နိုင်ငံတော်အစိုးရသည် ဈေးကွက် စီးပွားရေးစနစ်အရ ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုလည်း လမ်းဖွင့် ပေးလျက်ရှိသည်။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာသဖြင့် နိုင်ငံသားများအတွက် အလုပ်အကိုင်များ ရရှိစေခဲ့ပါသည်။

ပြည်ထောင်စုကြီး ရှင်သန်ခိုင်မာ တောင့်တင်းလာရေးအတွက် အသက်သွေးကြောသဖွယ်ဖြစ်သော စီးပွားရေးအခြေခံ အဆောက်အအုံများ၊ မြစ်ကူးတံတားကြီးများ အပါအဝင် တံတားများ၊ လမ်းများကို နိုင်ငံတစ်ဝန်းတွင် ကွန်ရက်ယှက်သွယ် တည်ဆောက်ပေးခဲ့သည်။ စွမ်းအင်ဆိုင်ရာ အခြေခံ အဆောက်အအုံများကိုလည်း အင်တိုက်အားတိုက် တည်ဆောက်လျက်ရှိသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တိုနှစ်ရှည် စီမံကိန်းများချမှတ်ကာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပြည်သူ့ဆက်ဆံရေး၊ လျှပ်စစ်စွမ်းအင် ရရှိရေးနှင့် ဆက်သွယ်ရေးတို့ကိုကဏ္ဍအလိုက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ယဉ်ကျေးမှုနှင့် စာရိတ္တရေးဆိုင်ရာ မြန်မာ့အစဉ်အလာများကို သိရှိထိန်းသိမ်းခြင်း၊ အမျိုးသားရေး စရိုက်လက္ခဏာကောင်းများကို နှလုံးသွင်းထိန်းသိမ်းခြင်း စသည့်အမျိုးသားရေး စိတ်ဓာတ် တည်ဆောက်ရေးလုပ်ငန်းများကိုလည်း နိုင်ငံတစ်ဝန်း လုပ်ဆောင်လျက်ရှိသည်။

လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးကဏ္ဍသည် အဓိကဖြစ်သည့်အလျောက် နိုင်ငံတော်အစိုးရသည် ပညာရေးကဏ္ဍ မြင့်မားလာအောင် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များ၊ အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ၊ လုပ်ငန်းခွင်သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ ယခုအခါ ခေတ်မီနိုင်ငံတော်သစ် ဖြစ်ထွန်းရေးသို့ ဦးတည်လျက်ရှိရာ လူ့အရင်းအမြစ်ဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အင်ဂျင်နီယာများ၊ အဆပေါင်းများစွာ လိုအပ်လာသည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရသည် နောက်ထပ် တိုးချဲ့ခြင်း၊ အဆင့်မြှင့်ခြင်းပြုလုပ်ခဲ့သည့် တက္ကသိုလ်၊ ကောလိပ်များကိုပြည်နယ်၊ တိုင်း အသီးသီးတွင် ပြန့်ကြက်ဖွဲ့စည်းထူထောင်ခဲ့သည်။ ဤသို့အားဖြင့် နယ်မြေအသီးသီးမှာ ဆူကြွနိမ့်မြင့် ကွာဟချက် နည်းနိုင်သမျှနည်းအောင်၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာအောင် ရည်မှန်းပြီး စီမံချက်ချဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ယနေ့ နိုင်ငံတကာတွင် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်ဖြစ်ထွန်းနေပြီဖြစ်သည်နှင့်အညီ ပြည်ပနိုင်ငံအသီးသီးနှင့် ဆက်သွယ်ရာတွင် နိုင်ငံတကာအဆင့်မီစေရန် ပညာရေးမြှင့်တင်မှု အစီအစဉ်သစ်များ ချမှတ်ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး ငါးချက်ကို လက်ကိုင်ပြု၍ အိမ်နီးချင်းနိုင်ငံများနှင့် လည်းကောင်း၊ ဒေသတွင်းနိုင်ငံများနှင့် လည်းကောင်း၊ ကမ္ဘာ့နိုင်ငံများနှင့်လည်းကောင်း မိတ်ဝတ်မပျက် တန်းတူရည်တူ ချစ်ကြည်ရင်းနှီးစွာဆက်ဆံလျက် ကမ္ဘာ့ရေးရာ၊ အာရှရေးရာများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ယင်းငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်သည် နိုင်ငံအသီးသီး၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို အာမခံနိုင်မည့်မူများပင်ဖြစ်၍ ကမ္ဘာ့နိုင်ငံများက အစစ်အမှန် လေးစားလိုက်နာအပ်ပေသည်။

ယနေ့ကမ္ဘာတွင် အတတ်ပညာ၊ အသိပညာ၊ နည်းပညာများ အရှိန်အဟုန်ကြီးမားစွာ ပြောင်းလဲမှုကြောင့် ယင်းပြောင်းလဲ ဖြစ်ထွန်းမှုကို အမီလိုက်နိုင်အောင် ကြိုးပမ်းအားထုတ်ရန် လိုအပ်သည်နည်းတူ အတွေးအခေါ် အယူအဆများ၊ လူမှုရေးစံများနှင့် ယဉ်ကျေးမှုအစဉ် အလာများကို စိန်ခေါ်မှုများအားလည်း ရင်ဆိုင်ကြရမည်ဖြစ်သည်။ အတတ်ပညာ၊ နည်းပညာကြောင့် ကမ္ဘာနှင့်အဝန်း အရာခပ်သိမ်းစုစည်းဆက်စပ်နိုင်စွမ်းရှိလာသည်နှင့် အမျိုးမိမိတို့၏ ကိုယ်ပိုင်ရပ်တည်မှုကို ကာကွယ်ထိန်းသိမ်းရန် အားထုတ်မှုမှာ ပို၍အရေးကြီးလာသည်ဟု ခံယူအပ်ပေသည်။

ထိုသို့သောအခြေအနေတွင် မြန်မာတိုင်းရင်းသားတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ဇာတိဥပဓိလက္ခဏာများကို ထိန်းသိမ်း ကာကွယ်ရန် ပို၍အရေးကြီးလာသည်။ ထိုသို့ထိန်းသိမ်းကာကွယ် နိုင်ရေးအတွက် ကိုယ်ခံအင်အားအဖြစ် တည်ဆောက်ရမည့် အခြေခံစိတ်ဓာတ်ကား အခြားမဟုတ် ပြည်ထောင်စုစိတ်ဓာတ် ပင်ဖြစ်သည်။ တစ်နည်းဆိုရလျှင် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အေးအတူပူအမျှ ပူးပေါင်းနေထိုင်လိုသည့် တစ်စည်းတစ်လုံးတည်းသော မျိုးချစ်စိတ်ဓာတ်ပင် ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်သည် ရှေးပဝေသဏီကတည်းကပင် မြန်မာတိုင်းရင်းသားတို့၏ ရင်ထဲနှလုံးထဲတွင် စွဲမြဲစွာ ကိန်းအောင်းခဲ့ပြီး ခေတ်အဆက်ဆက် လေးစားပြတ်နိုးစွာ ထိန်းသိမ်းခဲ့သော စိတ်ဓာတ်ဖြစ်သည့်အလျောက် ပြည်ထောင်စုစိတ်ဓာတ်ဟူသော ကိုယ်ခံအင်အားဖြင့် ၂၁ ရာစုတွင် တွေ့ကြုံအံ့သော အခြေအနေများကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ရန် လိုအပ်ပေသည်။

ယနေ့ မြန်မာနိုင်ငံတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအဖြစ် ပေါ်ထွန်းလာစေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂) ရပ်ကို ချမှတ်အကောင်အထည်ဖော်ကာ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ ကာကွယ်ရေးစွမ်းအားဟူသော စွမ်းအားသုံးရပ်ကို တည်ဆောက်လျက်ရှိရာ အနာဂတ်တွင် မြန်မာနိုင်ငံတော်သည် လူနေမှုစနစ်မြင့်မားသည့် ခေတ်မီနိုင်ငံတော်အဖြစ် ရပ်တည်နိုင်သည့် အခြေအနေသို့ ဦးတည်နေပြီဖြစ်သည်။

သို့ဖြစ်ပေရာ ကျွန်ုပ်တို့ မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ဆန်းသစ်လာတော့မည့် ၂၁ ရာစုအဦးကာလတွင် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်ခြင်း၊ လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်တည်ဆောက်ခြင်း၊ နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရန် စီစဉ်ဆောင်ရွက်ခြင်းတို့အတွက် ခိုင်ခိုင်မြဲမြဲလက်တွဲပြီး ရာစုနှစ်သစ်ဆီသို့ နိုးကြားတက်ကြွစွာ ချီတက်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ဦးအောင်သောင်းက ၂၀ ရာစု မြန်မာနိုင်ငံအခြေအနေကို တင်ပြသည်။

ဆက်လက်ပြီး သဘာပတိက ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးသို့ ၂၀ ရာစု မြန်မာနိုင်ငံအခြေအနေတင်ပြချက်ပါ၊ ပြည်သူတစ်ရပ်လုံး လိုက်နာခံယူ ကျင့်သုံးဆောင်ရွက်သွားသင့်သည့် သန္နိဋ္ဌာန် (၆) ရပ်ကို ဖတ်ကြားပြီး တက်ရောက်လာကြသော လူထုပရိသတ်ကြီး၏ဆန္ဒကို ရယူသည်။

အဆိုပါသန္နိဋ္ဌာန် (၆) ရပ်မှာ –

၁။ ကျွန်ုပ်တို့သည် ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

၂။ ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

၃။ ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

၄။ ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

၅။ ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

၆။ ကျွန်ုပ်တို့သည် နိုင်ငံတော်တွင်ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည် ဟူ၍ဖြစ်သည်။

သဘာပတိကြီးက ဖော်ပြပါ သန္နိဋ္ဌာန် (၆) ရပ် ကို ၂၁ ရာစု အကြိုလူထုအစည်းအဝေးကြီး၏ ဆန္ဒရယူရာ တက်ရောက်လာကြသည့် လူထုပရိတ်သတ်ကြီးက သဘောတူကြသဖြင့် သန္နိဋ္ဌာန် (၆) ရပ်ကို ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက အတည်ပြုချမှတ်ရန်ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက်

– ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး ဒို့အရေး

– တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး ဒို့အရေး

– အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး ဒို့အရေး ဟူသည့်ကြွေးကြော်သံများကို လူထုပရိတ်သတ်ကြီးက တစ်ခဲနက် တက်ကြွစွာ ကြွေးကြော်ပြီး ၂၁ ရာစုနှစ်အကြို လူထုအစည်းအဝေးကြီးသည် နံနက် ၈ နာရီ ၄၅ မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ကံမြင့်

## ပခုက္ကူဦးအုံးဖေစာပေဆုနှင့် ပညာရည်ချွန်ဆု။ ။

ပခုက္ကူဦးအုံးဖေစာပေဆုနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ၁၃၆၂ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြော ကြားပြီး ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ စာပေ ပညာရှင်များ၊ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ ပခုက္ကူဦးအုံးဖေစာပေဆုနှင့် ပညာရည်ချွန်ဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဝင်များ၊ စာပေဆုအလှူရှင် ပခုက္ကူဦးအုံးဖေနှင့်



ဆုရစာပေပညာရှင်များ၊ ဆုရကျောင်းသားကျောင်းသူများ၊ စာပေဝါသနာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပခုက္ကူဦးအုံးဖေစာပေဆုကို ၁၉၉၃ ခုနှစ်မှ စတင်၍ ချီးမြှင့်လာခဲ့သည်မှာ သက်တမ်းရှစ်နှစ် ရှိပြီဖြစ်သည်။ ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ ကျမ်းနှင့် သုတေသနစာပေ စသဖြင့် ပြိုင်ပွဲဝင်ဘာသာရပ်ငါးမျိုးကို သတ်မှတ်ပေးထား သည်။ ၂၀၀၀ ပြည့်နှစ် ပခုက္ကူဦးအုံးဖေစာပေဆုအတွက် ပြိုင်ပွဲဝင်စာမူပေါင်းမှာ ၁၂၇ စောင် ဖြစ်သည်။ ယင်းပြိုင်ပွဲဝင် စာမူပေါင်း ၁၂၇ စောင်ကို ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေး အဖွဲ့သည် စည်းကမ်းနှင့်အညီ ဖတ်ရှုစိစစ်ရွေးချယ် သည်။ ပခုက္ကူဦးအုံးဖေစာပေဆုများကို ပေးအပ်ချီးမြှင့်ခဲ့ရာတွင် တစ်သက်တာစာပေဆုရှင် ၁၁ ဦးနှင့် စာမူဆုရှင်ပေါင်း ၈၆ ဦး ပေါ်ထွန်းခဲ့ပြီးဖြစ်သည်။

၁၉၉၇ ခုနှစ်မှစ၍ အလှူရှင် ပခုက္ကူဦးအုံးဖေ လွှဲအပ်လှူဒါန်းခဲ့သည့် ပညာရေးရန်ပုံငွေ ကျပ် ၅၂ သိန်းကျော်ထဲမှ သတ်မှတ်ထားသည့် တက္ကသိုလ်ဘာသာရပ်ငါးမျိုးတွင် ဘာသာရပ်တစ်ခုချင်း ထူးချွန်သည့်ကျောင်းသားကျောင်းသူ သုံးဦးစီကိုရွေးချယ်ပြီး နှစ်စဉ် ၁၅ ဦး ချီးမြှင့်ခဲ့သည်မှာ ၄၅ဦး ရှိပြီဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာအမှတ်အများဆုံး ရရှိသည့်အပြင် တက္ကသိုလ်တွင် မြန်မာစာကိုဆက်လက် လေ့လာသင်ယူသည့် ကျောင်းသူကျောင်းသားများကိုလည်း ၁၉၉၃ ခုနှစ်ကစ၍ ပညာသင်ဆုများ နှစ်စဉ်ချီးမြှင့်ခဲ့သည်မှာ ကျောင်းသားကျောင်းသူ ၃၂ ဦး ရှိပြီဖြစ်သည်။ ထို့ပြင် ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသူကျောင်းသားများထဲမှ စည်းကမ်းလိုက်နာပြီး အနုပညာဘာသာရပ်တစ်မျိုးမျိုးတွင် ထူးချွန်စွာလေ့လာလိုက်စားနိုင်သည့် ပထမနှစ်ကျောင်းသူကျောင်းသားများကိုလည်း ပညာသင်ဆုများ ရွေးချယ်ချီးမြှင့်ခဲ့သည်မှာ ၁၉၉၄ ခုနှစ်က စတင်၍ ယဉ်ကျေးမှုအနုပညာမျိုးဆက် ၁၄ ဦး ရှိခဲ့ပြီဖြစ်သည်။

၂၀၀၀ ပြည့်နှစ် ပခုက္ကူဦးအုံးဖေစာပေဆုပေးပွဲ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က တစ်သက်တာစာပေဆုနှင့် ကဗျာပေါင်းချုပ်ဆု၊ ဝတ္ထုရှည်ဆုများတွင် ဆုရရှိကြသော ဆုရပုဂ္ဂိုလ်များအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးချုပ်ရုံးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး တင်ငွေက ဝတ္ထုတိုပေါင်းချုပ်ဆုရ ပုဂ္ဂိုလ်များအားလည်း



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ပခုက္ကူဦးအုံးဖေစာပေဆုရသူများ အမှတ်တရတွေ့ရစဉ်

ကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ကျမ်းစာပေဆုနှင့် သုတေသနစာပေဆုရ ပုဂ္ဂိုလ်များအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆုနှင့် ယဉ်ကျေးမှုတက္ကသိုလ်ပညာသင်ဆုများချီးမြှင့်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကက်စိန်က အဝေးသင်တက္ကသိုလ်နှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ ဆုရကျောင်းသားကျောင်းသူများအားလည်းကောင်း၊ ၁၉၉၉ – ၂၀၀၀ ပညာသင်နှစ်အတွက် ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆုကို ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က မြန်မာစာဘာသာရပ်တွင် ဆုရရှိသောကျောင်းသားကျောင်းသူများအားလည်းကောင်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဦးအောင်စန်းက အင်္ဂလိပ်စာဘာသာရပ်တွင် ဆုရရှိသောကျောင်းသားကျောင်းသူများအားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးညွန့်က သင်္ချာဘာသာရပ်တွင် ဆုရရှိသောကျောင်းသားကျောင်းသူများအားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က သိပ္ပံဘာသာရပ်တွင် ဆုရရှိသောကျောင်းသားကျောင်းသူများအားလည်းကောင်း၊ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် အောင်သိန်းက လူမှုရေးဘာသာရပ်တွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား လည်းကောင်း၊ ဆုအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ပခုက္ကူဦးအုံးဖေမြန်မာစာထူးချွန်ဆုရရှိသူများ

၁။ မနီမာစိုး (အဝေးသင်တက္ကသိုလ်၊ ဟင်္သာတဌာနခွဲ)
၂။ မောင်ဝင်းဇော်ဦး (အဝေးသင်တက္ကသိုလ်၊ ဟင်္သာတဌာနခွဲ)
၃။ မသီသီဦး (အဝေးသင်တက္ကသိုလ်၊ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်ဌာနခွဲ)
၄။ မောင်အောင်မျိုးဆန်း (အဝေးသင်တက္ကသိုလ်ပခုက္ကူဌာနခွဲ)

ပခုက္ကူဦးအုံးဖေစာပေဆု ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာသင်ဆုရသူများ

၁။ မောင်မင်းသူ (ဒုတိယနှစ်၊ ပန်းချီအထူးပြု)
၂။ မသက်နွယ်ဝင်း (ဒုတိယနှစ်၊ ဂီတအထူးပြု)

## ၂၀၀၀ ပြည့်နှစ် ပခုက္ကူဦးအုံးဖေစာပေဆု

| စဉ် | ဘာသာရပ် | စာမူအမည် | စာရေးသူ |
|---|---|---|---|
| ၁။ | ကဗျာပေါင်းချုပ်ဆု ပထမဆု | ရွှေအဆင်းနှင့် လမင်းကုရေ | တင့်ထွန်း (ချောက်) |

## ၂၀၀၀ ပြည့်နှစ် ပခုက္ကူဦးအုံးဖေစာပေဆု

| စဉ် | ဘာသာရပ် | စာမူအမည် | စာရေးသူ |
|---|---|---|---|
| | ဒုတိယဆု | ချိုရနံ့ ပျံ့လွင့်ရည် | ရွှေဒါး<br>မောင်လေးရည် |
| | တတိယဆု | မြစမ်းရေယဉ်<br>အလင်္ကာကဗျာများ | ရေနံ့သာ<br>မောင်ကျော်ညွှန့် |
| ၂။ | ဝတ္ထုရှည်ဆု | | |
| | ပထမဆု | သုံးပန်လှသက်လှယ် | သျှီ (အင်ကြင်း) |
| | ဒုတိယဆု | အပြာရောင်မျဉ်းပြိုင်<br>များ၏ ဆုံမှတ် | မင်းတင်ထွဏ်း |
| | တတိယဆု | ဘဝကြမ်းကြမ်း<br>ပန်းခင်းလမ်း | ကျော်ညိုလွင်<br>(ကျောက်ဆည်) |
| ၃။ | ဝတ္ထုတို<br>ပေါင်းချုပ်ဆု | | |
| | ပထမဆု | စိတ်၏အရောင်များ | စောမဉ္ဇူ (မှာပုံ) |
| | ဒုတိယဆု | ပြည်သူကြားက<br>နှလုံးသားနဲ့ဆရာဝန် | မြဒန္တီ |
| | တတိယဆု | ကျောက်ခွေးဝတ္ထုတို<br>များ | ကျောင်းကုန်း<br>ညော်မှူး |
| ၄။ | ကျမ်း<br>စာပေဆု | | |
| | ပထမဆု | ပုဂံခေတ်မြန်မာ<br>ကျောက်စာ<br>အဘိဓာန် (ကမ္ဘအ) | ဦးမြတ်ကျော်<br>(မြန်မာစာအဖွဲ့) |
| | ဒုတိယဆု | ရှေးဟောင်းဆိုဆေး<br>ပန်းချီကားများ<br>လက်တွေ့ထိန်းသိမ်း<br>မှု ပညာကျမ်း | ဘတင့်<br>(တတု–အနုပညာ) |
| | တတိယဆု | အဏ္ဏဝါရတနာ<br>မြန်မာ့ပုလဲ | တက္ကသိုလ်<br>ကိုလတ် |
| ၅။ | သုတေသန<br>စာပေဆု | | |
| | ပထမဆု | မြန်မာ့ရိုးရာပြာသာဒ် | မောင်ယဉ်လှိုင်း<br>(ပျဉ်းမပြိုင်) |
| | ဒုတိယဆု | မြန်မာ့ဝါး | မောင်မောင်မြင့် |
| | တတိယဆု | သာမောဖွယ်<br>အောင်ပင်လယ် | အောင်ငြိမ်းချမ်း<br>(မန်းတက္ကသိုလ်) |
| ၆။ | တစ်သက်<br>တာစာပေဆု | ဆရာကြီး ဦးဌေးမြိုင်<br>(ဒဂုန်တာရာ) | |

## ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆုရရှိသူများ

| စဉ် | ဘာသာရပ် | ရရှိသူ | ကျောင်းအမည် |
|---|---|---|---|
| ၁ | မြန်မာစာ<br>ဘာသာ | မဝေဝေဟန် | အထက (၂)<br>မင်္ဂလာဒုံ |
| ၂ | မြန်မာစာ<br>ဘာသာ | မလွင်သန္တာမျိုး | အထက (၁)<br>ကြည့်မြင်တိုင် |
| ၃ | မြန်မာစာ<br>ဘာသာ | မတင်ဇာမျိုး | အထက (၂)<br>ကမာရွတ် |
| ၄ | အင်္ဂလိပ်စာ<br>ဘာသာ | မလွင်မွန်သန့် | အထက (၈)<br>မန္တလေး<br>အောင်မြေ<br>သာစံမြို့နယ်၊<br>မန္တလေးတိုင်း |
| ၅ | အင်္ဂလိပ်စာ<br>ဘာသာ | မမို့မို့အောင် | အထက (၈)<br>မန္တလေး<br>အောင်မြေ<br>သာစံမြို့နယ်၊<br>မန္တလေးတိုင်း |
| ၆ | အင်္ဂလိပ်စာ<br>ဘာသာ | မောင်သိန်းဇော်ထွန်း | အထက<br>နွားထိုးကြီး<br>နွားထိုးကြီး<br>မြို့နယ်၊<br>မန္တလေးတိုင်း |
| ၇ | သင်္ချာဘာသာ | မသီသီထွန်း | အထက (၁)<br>လက်ပံတန်း |
| ၈ | သင်္ချာဘာသာ | မမဉ္ဇူအောင် | အထက (၂)<br>မင်္ဂလာဒုံ၊<br>ရန်ကုန်တိုင်း |
| ၉ | သင်္ချာဘာသာ | မောင်ဖြိုးသန်းထူး<br>ရန်ကုန်တိုင်း | အထက (၂)<br>ကမာရွတ်၊ |
| ၁၀ | သိပ္ပံဘာသာ | မမဉ္ဇူအောင် | အထက (၂)<br>မင်္ဂလာဒုံ၊<br>ရန်ကုန်တိုင်း |
| ၁၁ | သိပ္ပံဘာသာ | မမြတ်သိင်္ဂီဆွေ | အထက<br>မြန်အောင်၊<br>ဧရာဝတီတိုင်း |
| ၁၂ | သိပ္ပံဘာသာ | မောင်မျိုးတေဇာလင်း | အထက (၁၆)<br>မန္တလေး<br>ချမ်းအေးသာစံ<br>မြို့နယ်၊<br>မန္တလေးတိုင်း |

| စဉ် | ဘာသာရပ် | ရရှိသူ | ကျောင်းအမည် |
|---|---|---|---|
| ၁၃ | လူမှုရေး ဘာသာ | မမြတ်သီရိဆွေ | အထက မြန်အောင်၊ ဧရာဝတီတိုင်း |
| ၁၄ | လူမှုရေး ဘာသာ | မောင်ကျော်မျိုးလွင် | အထက (၁) ဒဂုံ၊ ရန်ကုန်တိုင်း |
| ၁၅ | လူမှုရေး ဘာသာ | မနွယ်လင်းထက် | အထက (၁) ဒဂုံ၊ ရန်ကုန်တိုင်း |

## မျိုးမျိုးကြည်

**ပညာရေးစုံညီပွဲတော်။** ။ ၂၀၀၀–၂၀၀၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်ရှိ စိန်ရတုခန်းမတွင် ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့အထိ ကျင်းပသည်။

### ဖွင့်ပွဲအခမ်းအနား

ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ နံနက် ၈ နာရီတွင် စိန်ရတုခန်းမအဆောက်အအုံရှေ့မျက်နှာစာ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အတွင်းရေးမှူး (၃) ဒုတိယ ဗိုလ်ချုပ်ကြီးဝင်းမြင့် တက်ရောက်ချီးမြှင့်သည်။

ပညာရေးစုံညီပွဲတော်ကို ပြည်နယ်နှင့်တိုင်း ကိုယ်စားပြု ကျောင်းသားကျောင်းသူ ၁၄ ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသားကျောင်းသူကလေးများက မိုးပျံပူဖောင်းများ လွှတ်တင်ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် ပထမဦးစွာ ကျောင်းသားကျောင်းသူနှစ်ဦးတို့က "မင်္ဂလာဩဘာ" သီချင်းကို ဖိုးသကြဲန်မြန်မာ့ဆိုင်းအဖွဲ့နှင့် တွဲဖက်သီဆိုပြီး ကဗျာလွတ်အက၊ ပန်းဖွားအက၊ မြန်မာ့သိုင်းသရုပ်ပြ၊ ပါဝါအေရိုးဗစ် သရုပ်ပြ၊ ဝူရှူးသရုပ်ပြ၊ ဘင်ခရာအဖွဲ့သရုပ်ပြ၊ ကာယပညာနှင့် အခြေခံစစ်ရေးသရုပ်ပြတို့ကို ကျောင်းသားကျောင်းသူများက အစီအစဉ်အတိုင်း အလှည့်ကျ တင်ဆက်သည်။

ထို့ပြင် နိုင်ငံတော်အလံကိုင်အဖွဲ့၊ ပြည်နယ်နှင့်တိုင်း အလံ ကိုင်အဖွဲ့၊ ပညာရေးစုံညီပွဲတော် အလံကိုင်အဖွဲ့၊ ရောင်စုံအလံကိုင်အဖွဲ့များကလည်း ဘင်ခရာအဖွဲ့များနှင့်အတူ ချီတက်ကြသည်။ ထို့နောက် ကျောင်းသူကလေးများက စန္ဒရားစောဝင်းသင်းရေးစပ်သည့် "စုံညီပွဲတော်တို့နွဲပျော်" သီချင်းကို သီဆိုကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းသည်။

### ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်

ပညာရေးစုံညီပွဲတော် ပဌာန်းဒေသနာတော်ကြီး ပါဠိတော်နှင့် မေတ္တသုတ်ပါဠိတော် ရွတ်ဖတ်ပူဇော်ပွဲကို ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့ ညနေ၄နာရီခွဲကရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့် အောင်မြေတွင် ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညိုသည်။ ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲတွင် ကျောင်းသားကျောင်းသူအင်အား ၁၈၀၀ နှင့် ဆရာ ဆရာမများက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရေချမ်း ၉၀၀၀၊ ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ တို့ကို ကပ်လှူ၍ ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ကြသည်။

အထက်မြန်မာပြည် ပညာရေးစုံညီပွဲတော် ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကို ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ ညနေ ၄ နာရီက မန္တလေးမြို့၊ စွယ်တော်မြတ်စေတီတော်ရင်ပြင်၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့် တက်ရောက်ကြည်ညိုသည်။ ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲတွင် ကျောင်းသား ကျောင်းသူအင်အား ၃၀၀၀ နှင့် ဆရာ ဆရာမများက စွယ်တော်မြတ်စေတီတော်မြတ်ကြီးအား ရေချမ်း ၃၀၀၀၊ ဆီမီး ၃၀၀၀၊ ပန်း ၃၀၀၀ တို့ကို ကပ်လှူ၍ ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ကြသည်။

ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ကျောင်းသားကျောင်းသူများနှင့်ဆရာဆရာမများ၏ ပညာရေးစုံညီပွဲတော် ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကို ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့က ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံတွင် ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့် တက်ရောက်ကြည်ညိုသည်။ ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲတွင် ကျောင်းသား ကျောင်းသူများနှင့် ဆရာဆရာမများက ဗုဒ္ဓမြတ်စွာဘုရားအား ရေချမ်း၊ ဆီမီး၊

ပန်းတို့ကိုကပ်လှူ၍ ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ကြသည်။

## ပညာရေးစုံညီပွဲတော် ပြခန်းများ

ပညာရေးစုံညီပွဲတော် ပြခန်းများကို ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့အထိ ကမာရွတ်မြို့နယ်ရှိ စိန်ရတုခန်းမ၌ ဖွင့်လှစ်ပြသရာ ပညာရေးစာအုပ်ပြပွဲတွင် ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်များနှင့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တို့၏ စာအုပ်စာတမ်းနှင့် ကျမ်းစာအုပ်များပြခန်း၊ ပုဂ္ဂလိကစာအုပ်တိုက်များ၏ စာအုပ်ပြခန်းများ၊ အခြေခံပညာဦးစီးဌာနများ၏ လက်မှုပညာနှင့် အိမ်တွင်းမှုပညာပြခန်းများ၊ ရိုးရာပန်းပညာရှင်ကြီးများ၏ ပန်းချီအနုပညာပြခန်း၊ အမှတ် (၁) အခြေခံပညာဦးစီးဌာန၏ ပန်းချီအနုပညာပြခန်း၊ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း အခြေခံပညာရေးကဏ္ဍပြခန်း၊ တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ ဌာနပြခန်း၊ ပုဂံပန်းချီ အနုပညာပြခန်း၊ ကျောင်းသားကျောင်းသူများ၏ လက်ရာအနုပညာပစ္စည်းပြခန်း၊ ကျောင်းသား ကျောင်းသူများကိုယ်တိုင် ပို့စကတ် ပန်းချီရေးဆွဲပြသသည့်ပြခန်း၊ e- Education in Myanmar 2001 ပြခန်း၊ Data Broadcasting system ပြခန်း၊ Cyber English Centre ပြခန်း၊ KMD ပြခန်း၊ Acer ပြခန်း၊ Multimedia Language Laboratory System ပြခန်း၊ Electronic Media for Distance ပြခန်းများ ပါဝင်ပြသသည်။

## ဘင်ခရာတီးပြိုင်ပွဲ

၂၀၀၀ ပြည့်နှစ်၊ ပထမအကြိမ် အခြေခံပညာကျောင်းများ ဘင်ခရာတီးပြိုင်ပွဲကို ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိ ရန်ကုန်မြို့၊ အလုံလမ်းရှိ ပြည်သူ့ရင်ပြင် တွင် ကျင်းပသည်။ ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၈ ရက်နေ့ နံနက် ၈ နာရီက ကျင်းပရာ ပညာရေးစုံညီပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်၊ ဒုတိယ ဝန်ကြီးများ ဖြစ်ကြသော ဗိုလ်မှူးချုပ် စိုးဝင်းမောင်နှင့် ဦးမျိုးညွှန့်တို့ တက်ရောက်အားပေးကြည့်ရှုသည်။ ဖွင့်ပွဲအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်စိုးဝင်း မောင်က အဖွင့်အမှာစကားပြောကြားသည်။

ဘင်ခရာတီးပြိုင်ပွဲကို “က” အဆင့်နှင့် “ခ” အဆင့် နှစ်ဆင့်ခွဲခြားကျင်းပရာ “က” အဆင့်ပြိုင်ပွဲသို့ အထက (၃) ပဲခူးအသင်း၊ အထက (၁) မန္တလေးအသင်း၊ အထက (၂) လသာအသင်း၊ အထက (၁) မှော်ဘီအသင်း စုစုပေါင်း လေးသင်းနှင့် “ခ” အဆင့်ပြိုင်ပွဲသို့ အထက (၈) မော်လမြိုင်



ပညာရေးစုံညီပွဲတော်ဖွင့်ပွဲအခမ်းအနားမြင်ကွင်း

အသင်း၊ ပုသိမ်ကျောင်းပေါင်းစုံအသင်း၊ မုံရွာကျောင်းပေါင်းစုံအသင်း၊ အထက (၄) မန္တလေးအသင်း၊ အထက (၂) လှိုင်သာယာအသင်း၊ ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်းအသင်း စုစုပေါင်း ခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

## ဂီတပဒေသာကပွဲ

ပညာရေးစုံညီပွဲတော်ဂီတနှင့် ပဒေသာကပွဲကို ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီးဒေါ်ကြိုင်ကြိုင်သည် ဒီဇင်ဘာလ ၃၁ ရက်နေ့ တွင် တတိယနေ့အဖြစ် ကျင်းပသော ပညာရေးစုံညီပွဲတော် ဂီတနှင့်ပဒေသာကပွဲသို့ ကြွရောက်အားပေး ကြည့်ရှုသည်။

ဂီတနှင့် ပဒေသာကပွဲတွင် အဆို အက အရေး အတီး ပြိုင်ပွဲ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများ၏ ဖျော်ဖြေမှုအစီအစဉ်များ၊ အခြေခံပညာ အဆင့်မြင့်ပညာနှင့် ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသားကျောင်းသူများ၏ အက ပဒေသာများ၊ တေးသီချင်းများ၊ ဗြော၊ အိုးစည်၊ ဒိုးပတ်၊ ပြဇာတ်များ၊ စတီရီယိုအဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင် ကျောင်းသားကျောင်းသူဟောင်းများ၏ သီဆိုမှုအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်သည်။

## ပညာရေးမိသားစု လှေလှော်ပြိုင်ပွဲ

ပညာရေးမိသားစု လှေလှော်ပြိုင်ပွဲကို ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့အထိ တက္ကသိုလ်များ လှေလှော်အသင်းတိုက်တည်ရှိရာ ရန်ကုန်မြို့၊ အင်းလျားကန်တွင်ကျင်းပရာ ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန် ပညာရေး တက္ကသိုလ်၊ ရန်ကုန် နည်းပညာတက္ကသိုလ်၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ရန်ကုန် စီးပွားရေးတက္ကသိုလ်၊ ရန်ကုန် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းတို့မှ လှေလှော်အသင်းများက တစ်ယောက်လှော် (ကျား/မ)၊ နှစ်ယောက်လှော် (ကျား/မ)၊ လေးတက်လှော် (ပဲ့ကိုင်မပါ/ကျား)၊လေးတက်လှော် (ကျား/မ)၊ လူသစ်တန်း လေးတက်လှော် (ကျား/မ)၊ လူငယ် လူသစ်တန်း လေးတက်လှော် (ကျား) ပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့သည် ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့ နံနက် ၈ နာရီက ကမာရွတ်မြို့နယ်၊ အင်းလျားကန်တွင် ကျင်းပသော ပညာရေးမိသားစု လှေလှော်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ ပွဲစဉ်များသို့ တက်ရောက်အားပေးကြည့်ရှုသည်။ ဗိုလ်လုပွဲ ပွဲစဉ်များ အပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဆုရအသင်းများအား ပညာရေးဝန်ကြီးဌာနဝန်ကြီး၊ အားကစားဝန်ကြီးဌာနဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ပညာရေးမိသားစု လှေလှော်ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန် ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်တို့က ဆုများအသီးသီး ချီးမြှင့်ပေးအပ်သည်။

## ပညာရေးစာတမ်းဖတ်ပွဲ

ပညာရေးစုံညီပွဲတော် ပညာရေးစာတမ်းဖတ်ပွဲများကို ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ ရန်ကုန်တက္ကသိုလ်တွင် ကျင်းပသည်။ သိပ္ပံစာတမ်းဖတ်ပွဲကို ရန်ကုန်တက္ကသိုလ် ရူပဗေဒ ခန်းမတွင်လည်းကောင်း၊ ပညာရေးနှင့်စီးပွားရေးစာတမ်းဖတ်ပွဲကို ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာတွင်လည်းကောင်း၊ လူမှုရေးသိပ္ပံနှင့် ဝိဇ္ဇာစာတမ်းဖတ်ပွဲကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် ကောင်စီခန်းမတွင်လည်းကောင်း ကျင်းပရာ စာတမ်းရှင်များက ဘာသာရပ်အလိုက် စာတမ်းများ အသီးသီးဖတ်ကြား တင်သွင်းသည်။

ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်သည် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် ကောင်စီခန်းမတွင် ဇန်နဝါရီလ ၁ ရက်နေ့က တတိယနေ့နှင့် နောက်ဆုံးနေ့အဖြစ် ကျင်းပသော လူမှုရေးသိပ္ပံနှင့် ဝိဇ္ဇာစာတမ်းဖတ်ပွဲသို့ တက်ရောက်၍ စာတမ်းဖတ်ပွဲတွင် ပါဝင်ဆွေးနွေးသည်။

## ထူးချွန်ထက်မြက်ကျောင်းသားကျောင်းသူများ ချီတက် သရုပ်ပြပွဲ

ပညာရေးစုံညီပွဲတော် ထူးချွန်ထက်မြက်ကျောင်းသားကျောင်းသူများ ချီတက်သရုပ်ပြပွဲ အခမ်းအနားကို ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့ နံနက် ၇ နာရီခွဲက သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) တွင် ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အားပေး ချီးမြှင့်သည်။

ချီတက်သရုပ်ပြပွဲ အစီအစဉ် (၁) ကို အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) မျက်နှာစာ ပြင်ပသရုပ်ပြကွင်းတွင် ကျင်းပရာ အကယ်ဒမီဂီတလုလင်မောင်ကိုကို ရေးစပ်သည့် "ပညာသည်သာ ရတနာ" သီချင်းကို ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသူ မသူဇာအောင်က သီဆိုပြီး အခြေခံပညာ ကျောင်းသူများက ကပြကာ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။ ချီတက်သရုပ်ပြပွဲတွင် ကျောင်းသားကျောင်းသူများ၏ နိုင်ငံတော်အလံကိုင်အဖွဲ့၊ ပြည်နယ်နှင့်တိုင်း အလံကိုင်အဖွဲ့၊ ပညာရေးစုံညီပွဲတော် အလံကိုင်အဖွဲ့၊ ရောင်စုံ အလံကိုင်အဖွဲ့၊ ပထမအကြိမ် အခြေခံပညာကျောင်းများ ဘင်ခရာတီးပြိုင်ပွဲဆုရ ဘင်ခရာအဖွဲ့များ၊ ၂၀၀၀ – ၂၀၀၁ ပညာသင်နှစ် ဒသမတန်းနှင့် အဋ္ဌမတန်း ဘက်စုံပညာထူးချွန် ကျောင်းသားကျောင်းသူများ၊ စာပေဘာသာရပ်အားလုံး ထူးချွန်ကျောင်းသားကျောင်းသူများ၊ ကျောင်းလုပ်ငန်း ဆောင်ရွက်မှုထူးချွန် ကျောင်းသား ကျောင်းသူများ၊ ၂၀၀၀ ပြည့်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အဆင့် ၁ မှ ၁၀ အထိ ထူးချွန်စွာ အောင်မြင်သည့် ကျောင်းသားကျောင်းသူများ၊ ၂၀၀၀ ပြည့်နှစ် ပညာတန်ဆောင် စာစီစာကုံးပြိုင်ပွဲ ဆုရ ကျောင်းသားကျောင်းသူများ၊ အဋ္ဌမအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆိုအက အရေး အတီးပြိုင်ပွဲဆုရ ကျောင်းသားကျောင်းသူများ၊ နိုင်ငံတကာ အားကစား၊ ပန်းချီအနုပညာ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများက အစီအစဉ်အတိုင်း ချီတက်သရုပ်ပြကြသည်။

ချီတက်သရုပ်ပြပွဲ အစီအစဉ် (၂) ကို အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) အတွင်း ဆက်လက်ကျင်းပရာ "မြန်မာ့ကျောင်း" သီချင်းကို အခြေခံပညာ ကျောင်းသားကျောင်းသူများက စုပေါင်းသီဆိုသည်။ အစီအစဉ်အရ အခြေခံပညာ ကျောင်းသားကျောင်းသူနှစ်ဦးနှင့် အဆင့်မြင့်ပညာ ကျောင်းသားကျောင်းသူနှစ်ဦးတို့က အတွေးအမြင်များကို တင်ပြသည်။ ဆက်လက်၍ အဆို အက ထူးချွန်ဆုရ ကျောင်းသူနှစ်ဦး၏ "မြန်မာ့စိတ်ရင်း မြန်မာ့ရှင်း" သီချင်းကို ဝင့်သဥ္ဇာစတင်း မြန်မာ့ဆိုင်းအဖွဲ့နှင့် တွဲဖက်သီဆိုကပြဖျော်ဖြေမှု၊ ကျောင်းသူ ၂၀၀၀ တို့၏ အေရိုးဗစ် လေ့ကျင့်ခန်းသရုပ်ပြ၊ ကျောင်းသူများ၏ မြန်မာ့သိုင်းသရုပ်ပြ၊ ဖိုးသကြိန်မြန်မာ့ဆိုင်းအဖွဲ့နှင့် အဆိုအက ထူးချွန်ဆုရ ကျောင်းသူနှစ်ဦးတို့၏ "မင်္ဂလာဆု တောင်း" သီချင်းဖြင့် နှစ်ပါးသွားအက၊ ကျောင်းသူနှစ်ဦး၏ "ငွေညို့ပင်" သီချင်းဖြင့် သီဆိုကပြမှု၊ အားကစားနှင့် ပညာရေးပေါင်းစပ် လေ့ကျင့်ရေးသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၀ တို့၏ အားကစား နည်း ၁၂ မျိုး သရုပ်ပြ၊ ကျောင်းသူများ၏ "မိုးဇာပြော" အက၊ ကျောင်းသူ ၁၀၀ တို့၏ ဖဲပြားလေ့ကျင့်ခန်း သရုပ်ပြ၊ ကျောင်းသားကျောင်းသူများ၏ "ဦးရွှေရိုးနှင့် ဒေါ်မိုး" အက တို့ကို ကပြဖျော်ဖြေ တင်ဆက်သည်။ ဆက်လက်၍ အကယ်ဒမီ ဂီတလုလင်မောင်ကိုကို ရေးစပ်သည့် "၂၁ ရာစုဆီသို့" သီချင်းကို ကျောင်းသားကျောင်းသူများက သီဆိုကြပြီး ကျောင်းသူများက စုပေါင်းကပြတင်ဆက်ကာ ထူးချွန်ထက်မြက် ကျောင်းသားကျောင်းသူများ ချီတက်သရုပ်ပြပွဲ အခမ်းအနားကို ရုပ်သိမ်းသည်။

## ထူးချွန်ဆုများ ချီးမြှင့်ပွဲ

ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့ မွန်းလွဲ ၁ နာရီခွဲက ကမာရွတ်မြို့နယ်ရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ အခမ်းအနားကို ကျောင်းသားကျောင်းသူများက နိုင်ငံတော်သီချင်း သီဆိုတီးမှုတ် ဖွင့်လှစ်ပြီး "စုံညီပွဲတော်တို့နွဲပျော်"၊ "ဘက်စုံဆင်နွှဲ ဆုနှင်းပွဲ" သီချင်းတို့ဖြင့် သီဆိုဂုဏ်ပြုသည်။ ထို့နောက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး (၁)၊ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အလှူရှင်များက ၂၀၀၀–၂၀၀၁ ပညာသင်နှစ် ဒသမတန်းနှင့် အဋ္ဌမတန်း ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသားကျောင်းသူများ၊ စာပေဘာသာရပ်အားလုံး ထူးချွန်ဆုရကျောင်းသား ကျောင်းသူများ၊ ၂၀၀၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အဆင့် ၁ မှ ၁၀ အထိ ရရှိသူများ၊ ပထမနှင့် ဒုတိယရရှိသူများ၊ ၂၀၀၀ ပြည့်နှစ် ပညာတန်ဆောင် စာစီစာကုံးပြိုင်ပွဲ မူလတန်းဆင့်၊ အလယ်တန်းဆင့်၊ အထက်တန်းဆင့် ပဌမဆုရ ကျောင်းသားကျောင်းသူများ၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်နှင့် ငွေတံဆိပ်ဆုရ ကျောင်းသားကျောင်းသူများ၊ အဋ္ဌမအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံတကာပန်းချီ ပိုစတာပြိုင်ပွဲ ရွှေတံဆိပ်နှင့် ငွေတံဆိပ်ဆုရ ကျောင်းသားကျောင်းသူများ၊

၂၀၀၀ ပြည့်နှစ် ပထမအကြိမ်အခြေခံပညာ ကျောင်းများ၊ ဘင်ခရာတီးပြိုင်ပွဲ ပထမဆုရဘင်ခရာအဖွဲ့များ၊ ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လုပ်ငန်း ဆောင်ရွက်မှု ထူးချွန်ဆုရ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ရန်ကုန် စည်ပင်သာယာနယ်နိမိတ်အတွင်း ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ဆိုင်များရှိသည့် အခြေခံပညာကျောင်းဆုရ ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ မြန်မာတိုက်ဝါရောင်စုံ ခဲတံပန်းချီပြိုင်ပွဲ ဆုရကျောင်းသူများ၊ e - Education in Myanmar 2001 ပြပွဲ Logo Design ဆုရ ကျောင်းသူနှစ်ဦးနှင့် ၁၉၉၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲတွင် ကလေးသရုပ်ဆောင် အထူးဆုရ အထက (၂) ကမာရွတ်မှ ပဉ္စမတန်းကျောင်းသူ မအိဖြူစိုးတို့အား ဆုများအသီးသီး ချီးမြှင့်သည်။

ဆုများ ချီးမြှင့်အပြီးတွင် အတွင်းရေးမှူး (၁) ၊ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဆုချီးမြှင့်ကြသည့် ပုဂ္ဂိုလ်များသည် ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။ ထို့နောက် ကျောင်းသားကျောင်းသူများက “ဘက်စုံပညာကိုရည် တို့လှမ်းချီ” သီချင်း သီဆိုဖျော်ဖြေကာ ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းသည်။

ထို့အတူ ၂၀၀၀–၂၀၀၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံ ပညာကျောင်းများတွင် အသီးသီးကျင်းပသည်။

စိုးအောင်

**ပူတင်, ဗလာဒီမာ (၁၉၅၂ – )** ။ ။ ပူတင်ကို ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလ ၇ရက်နေ့တွင် လီနင်ဂရက်မြို့၌ မွေးဖွားခဲ့သည်။ ဖခင်မှာ လီနင်ဂရက်မြို့မှ စက်ရုံအလုပ်သမား တစ်ဦးဖြစ်သည်။

ဆယ်ကျော်သက်အရွယ်တွင် ပူတင်သည် ကေဂျီဘီ (KGB) ထဲဝင်ရန် လျှောက်ထားခဲ့သည်။ သို့သော် အသက်ငယ် လွန်းသဖြင့် သူ့ကို ဥပဒေပညာဆက်သင်ဖို့က အကောင်းဆုံး ဖြစ်သည်ဟု ကေဂျီဘီက တိုက်တွန်းခဲ့သည်။

ထို့ကြောင့် ပူတင်သည် ၁၉၇၀ ပြည့်နှစ်တွင် လီနင်ဂရက် (ယခု စိန့်ပီတာစဘတ်) တက္ကသိုလ်တွင် ဥပဒေပညာရပ်ကို စတင်သင်ယူခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝတွင် ပူတင်သည် စည်းကမ်းရှိသော ကျောင်းသားဖြစ်သော်လည်း ပညာရည်ချွန်သူ တစ်ဦးအဖြစ်မူ သတ်မှတ်မခံခဲ့ရပေ။



ရုရှားဖက်ဒရေးရှင်း
သမ္မတနိုင်ငံ
သမ္မတဗလာဒီမာ
ပူတင်

ဥပဒေဘွဲ့မရခင် အသက် ၂၂ နှစ်အရွယ်သာ ရှိသေးသော ပူတင်ကို ကေဂျီဘီက ရွေးချယ်ခဲ့သည်။ ၁၉၇၅ ခုနှစ် တွင် ဥပဒေမဟာဌာနမှ ဘွဲ့ရရှိခဲ့သည်။

၁၉၇၅ ခုနှစ်တွင် ပူတင်သည် ကေဂျီဘီ၏ လီနင်ဂရက်ရုံးတွင် စတင်လုပ်ကိုင်ခဲ့သည်။ ၎င်းသည် အလုပ်စတင် လုပ်ကိုင်စဉ်ကပင် အထက်မှ ညွှန်ကြားသည့်အတိုင်း ဦးလည်မသုန် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၄ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုတွင် ဂုဏ်ဒြပ်အကြီးမားဆုံးဖြစ်သော Red Banner Institute of Intelligence တွင် သင်တန်းတက်ခွင့် ရရှိခဲ့သည်။ ပူတင်သည် အဆိုပါ သိပ္ပံတွင် ဂျာမန်ဘာသာစကားကို သင်ယူခဲ့သည်။

၁၉၈၅ ခုနှစ်တွင် ပူတင်သည် ကေဂျီဘီ ပြည်ပထောက်လှမ်းရေးသမားအဖြစ် အရှေ့ဂျာမဏီတွင် တာဝန်ထမ်းဆောင်ရသည်။

၁၉၉၀ ပြည့်နှစ်တွင် ပူတင်သည် အမိနိုင်ငံတော်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ သို့ရာတွင် ပူတင်သည် ဂုဏ်ဒြပ်ကြီးမားသော ပြည်ပထောက်လှမ်းရေး ညွှန်ကြားရေးမှူးရုံးတွင် အလုပ်လုပ်ခွင့်မရဘဲ ပြည်တွင်းထောက်လှမ်းရေးဌာနသို့ ပြောင်းရွှေ့ခံရသည်။

တာဝန်မှာ ထိုစဉ်က ဆိုဗီယက်ပြည်ထောင်စု သမ္မတဖြစ်သူ ဂေါ်ဘာချော့ဗ်၏ “ပယ်ရီစထွိုက်ကာ” ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်၌ လီနင်ဂရက်မြို့၏ လှုပ်ရှားမှုများကို စောင့်ကြပ်လေ့လာရန် ဖြစ်သည်။

အသက် (၃၉) နှစ်အရွယ်တွင် ပူတင်သည် ၎င်းပညာသင်ခဲ့ရာ လီနင်ဂရက်တက္ကသိုလ် ဒုတိယ အဓိပတိ၏ လက်ထောက် ရာထူးတွင် ခန့်အပ်ခံရသည်။ ၎င်းရာထူးသည် အငြိမ်းစားအရာရှိများကိုသာ ပေးလေ့ရှိသော ရာထူး ဖြစ်သည်။

၁၉၉၁ ခုနှစ်တွင် ရာထူးမှ နုတ်ထွက်ကာ လီနင်ဂရက်မြို့ ရှိ မြို့ဝန်ရုံးတွင် ဒုတိယမြို့တော်ဝန် လုပ်ခဲ့သည်။ ထို့နောက် ကရင်မလင်ရုံးသို့ ရောက်ရှိလာခဲ့သည်။

၁၉၉၈ ခုနှစ်၊ ဇူလိုင်လတွင် သမ္မတ ယဲ့ဆင်က ပူတင်ကို ကေဂျီဘီအဖွဲ့ကို ဆက်ခံသည့် ပြည်ထောင်စု လုံခြုံရေးဌာန (Federal Security Service) FSB အကြီးအကဲအဖြစ် ခန့်အပ်ခဲ့သည်။

ရုရှားနိုင်ငံ သမိုင်းတွင် လက်ရှိသမ္မတတစ်ဦးက ၎င်း၏ ရာထူးကို ဆက်ခံစေလိုသည့် ပုဂ္ဂိုလ်တစ်ဦးကို ဝန်ကြီးချုပ် ရာထူးနေရာ၌ ခန့်အပ်မှုမှာ အစဉ်အလာမရှိခဲ့ဘူးသော်လည်း ယင်းဖြစ်ရပ်မှာ ၁၉၉၉ ခုနှစ်အတွင်းက ပေါ်ပေါက်ခဲ့သည်။

၁၉၉၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် ယဲ့ဆင်က ဝန်ကြီးချုပ်ဆာဂေးစတီပါရှင်ဦးဆောင်သော အစိုးရအဖွဲ့ကို နှစ်နှစ်အတွင်း စတုတ္ထမြောက်အဖြစ် ဖြုတ်ချလိုက်ပြီး ပဥ္စမမြောက် ယာယီဝန်ကြီးချုပ်အဖြစ် လုံခြုံရေးအကြီးအကဲ ဖြစ်သူ ဗလာဒီမာပူတင် (Valdimar Putin) ကို ခန့်အပ် ခဲ့သည်။

၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် သမ္မတ ရာထူးမှ ယဲ့ဆင် နုတ်ထွက်သည့်အခါ ပူတင်သည် ယာယီ သမ္မတ ဖြစ်လာခဲ့သည်။ ထို့ကြောင့် ပူတင်အားမထင် မရှားပုဂ္ဂိုလ် တစ်ဦးအနေအထားမှ ထင်ပေါ် ကျော်ကြားသည့် ပုဂ္ဂိုလ် တစ်ဦးအနေအထားသို့ ပြောင်းလဲပေးခဲ့သူမှာ ယဲ့ဆင် ဖြစ်သည်။

၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ရုရှား ဖက်ဒရယ်တပ်များက ချေချင်းညာပြည်နယ် မြို့တော်ဂရိုဇနီ မြို့၌ ရုရှားအလံလွှင့်ထူနိုင်ပြီး စစ်ဆင်ရေးအောင်ပွဲ ဆင်နိုင်ခဲ့ ခြင်းကြောင့် ယာယီသမ္မတ ဗလာဒီမာပူတင်၏ ဂုဏ်သတင်း ထင်ရှားပေါ် လွင်လာခဲ့သည်။

၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် မော်စကိုမြို့ ကရင်မလင်ခန်းမဆောင်ကြီး၌ အခမ်းအနား တစ်ရပ်ကျင်းပပြီး ချေချင်းညာစစ်ဆင်ရေးတွင် ပါဝင်ခဲ့သော ဗိုလ်ချုပ်ကြီးများမှ တပ်သားအဆင့်အထိ ရာထူးတစ်ဆင့်စီ တိုးမြှင့်ပေးခြင်း၊ ဘွဲ့ထူးဂုဏ်ထူးများပေးခြင်းကို ပြုလုပ်ခဲ့ရာ ပူတင်ကို ရုရှားတပ်က ပို၍ ထောက်ခံခဲ့သည်။

ရုရှားသမ္မတ ရွေးကောက်ပွဲကို နိုင်ငံအနှံ့တွင် မဲရုံပေါင်း ၉၄၅၀၀ ဖွင့်လှစ်ပြီး လူထုထံမှ ဆန္ဒမဲရယူရန် ကျင်းပခဲ့သည်။ မဲပေးရန်အချိန်ကို ၂၀၀၀ ပြည့်နှစ်၊ မတ်လ ၂၆ ရက် နံနက် ၈ နာရီမှ ည ၈ နာရီအထိ သတ်မှတ်ပေးခဲ့သော်လည်း ဒေသ စံတော်ချိန် ၁၁ ခု ဖြစ်နေသဖြင့် အချိန် ၁၁ မျိုး ခြားနားခဲ့သည်။ သို့သော် ရုရှားနိုင်ငံ မော်စကိုမြို့စံတော်ချိန်ကိုသာ အဓိကထား၍ မဲပေးပွဲ ကျင်းပခဲ့သည်။

ရွေးကောက်ပွဲတွင် သမ္မတလောင်း ၁၁ ဦး ဝင်ရောက် အရွေးခံခဲ့ရာ ပူတင်သည် ထောက်ခံမဲ ၅၂ ဒသမ ၅၆ ရာခိုင် နှုန်း ရရှိခဲ့သဖြင့် ရွေးကောက်ပွဲ ပထမတစ်ကြိမ်တည်း၌ပင် သမ္မတအဖြစ် အရွေးခံခဲ့ရသည်။

ရုရှားသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသူ ဗလာဒီမာပူတင် (၄၇) နှစ်သည် မေလ ၇ ရက်နေ့က မော်စကို မြို့တော်ရှိ ကရင်မလင်နန်းတော်ကြီးထဲတွင် ရုရှားသမ္မတ အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ပူတင်သည် အနီရောင်သားရေဖုံး ရုရှားနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေစာအုပ်ကြီးပေါ်တွင် ၎င်း၏ လက်ကိုတင်၍ "လူသားနှင့် နိုင်ငံသား အခွင့်အရေးများကို လေးစားလိုက်နာပြီး ကာကွယ်စောင့်ရှောက်ပါမည် " ဟု ကျမ်းသစ္စာကျိန်ဆို ခဲ့သည်။

သမ္မတရာထူးလက်ခံပြီးနောက် လေးရက်အကြာတွင် ရုရှားနိုင်ငံရှိ ပုဂ္ဂလိကပိုင် အကြီးဆုံးသတင်းလုပ်ငန်းစုကြီး ဖြစ်သော မီဒီယာမို့စ် (Media Most) ၏ ဌာနချုပ်ကို ဝင်ရောက်စီးနင်းခဲ့သည်။ ပိုင်ရှင် ဗလာဒီမီယာဂူစင်စကီးကို နောက်တစ်လအကြာတွင် ဖမ်းဆီးကာ ထောင်ဒဏ်ချမှတ် ခဲ့သည်။

၎င်းကိစ္စရပ်ကိုနိုင်ငံတကာက ကျယ်ကျယ်လောင်လောင် ပြောဆိုဝေဖန်လာသောအခါ ဂူစင်စကီးကို ပြန်လွှတ်ပေးခဲ့ သည်။ ပူတင်က "လွတ်လပ်စွာ ပြောဆိုခွင့် လူထုဆက်သွယ် ရေး ကိရိယာများ၏ လွတ်လပ်မှုအပေါ် ကန့်သတ်ချုပ်ချယ်မှု များသည် လုံးဝမတားဘဲ ခွင့်လွှတ်ထား၍ ရသော ကိစ္စမျိုး မဟုတ်ပါဘူး" ဟု ထုတ်ပြန်ကြေညာခဲ့သည်။

ရုရှားရေတပ်မှ ညျူကလီးယားစွမ်းအင်သုံး ကာ့စ်(စ်) (Kursk) အမည်ရှိ ရေငုပ်သင်္ဘောကြီးသည် ရုရှားနိုင်ငံ မြောက်ပိုင်း အာတိတ်စက်ဝန်းအတွင်း ဘယ်ရင့်ပင်လယ်ပြင် တွင် ဩဂုတ်လ ၁၂ ရက်နေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က နစ်မြုပ်သွားခဲ့သည်။ ယင်းသင်္ဘောကြီးသည် ပင်လယ်ကြမ်း ပြင်တွင် လဲလျောင်းနေပြီး ရေတပ်သား (၁၁၈) ဦး အသက် ဆုံးရှုံးခဲ့ရသည်။

၎င်းရေငုပ်သင်္ဘောကြီးအား ကယ်ဆယ်ရေးလုပ်ငန်း၌ ပူးပေါင်းပါဝင်လိုကြောင်း အမေရိကန်၊ ဗြိတိန်နှင့် နော်ဝေနိုင်ငံတို့က ကမ်းလှမ်းကြသော်လည်း ပြည်ပမှ အကူအညီ မလိုအပ်ဟု သမ္မတပူတင်က ကနဦးတွင် ပြော ကြားခဲ့သည်။

သို့သော် ဩဂုတ်လ ၁၆ ရက်နေ့တွင် ဗြိတိန်နှင့် နော်ဝေနိုင်ငံတို့မှ အကူအညီရရှိရန် ရုရှားအစိုးရက ပန်ကြားခဲ့သဖြင့် ၁၇ ရက်နေ့တွင် ဗြိတိန်နှင့် နော်ဝေနိုင်ငံတို့မှ ကယ်ဆယ်ရေးအဖွဲ့များသည် နော်ဝေနိုင်ငံ ထရွန်ဟိန်းဆိပ်ကမ်းမှ ထွက်ခွာသွားခဲ့ကြသည်။

ယင်းရေငုပ်သင်္ဘောကို ဆယ်ယူနိုင်ခြင်းမရှိဘဲ ပစ်ထားလိုက်မည်ဆိုလျှင် ဘယ်ရင်ပင်လယ်တွင် ဓာတ်ရောင်ခြည်များ ပျံ့နှံ့လာနိုင်ပြီး ၎င်းပင်လယ်တွင် ကျက်စားနေသော ရေသတ္တဝါများအားလုံး၊ ယင်းသတ္တဝါများမှ တစ်ဆင့် လူသားများဓာတ်ရောင်ခြည်သင့်ခြင်း ခံရနိုင်လေသည်။

ရေငုပ်သင်္ဘောအတွင်းရှိ ဓာတ်ပေါင်းဖိုနှစ်လုံး၏ အရွယ်အစားမှာ ညူကလီးယားဓာတ်အားပေး စက်ရုံတစ်ရုံတွင် အသုံးပြုသော ဓာတ်ပေါင်းဖိုအရွယ်အစား၏ လေးပုံတစ်ပုံ ရှိလေသည်။

ရေငုပ်သင်္ဘော ကယ်ဆယ်ရေးလုပ်ငန်းတွင် ရေငုပ်သင်္ဘောအတွင်း ပိတ်မိနေသော ရေတပ်သားများကို အချိန်မီ ကယ်တင်နိုင်ခြင်းမရှိသည့်အပြင် ပြည်ပနိုင်ငံများမှ ကမ်းလှမ်းလာသော အကူအညီများကို သမ္မတပူတင်က လက်ခံရန် အချိန်ဆွဲနေခြင်းနှင့် ပတ်သက်၍ ရုရှားသတင်းစာများက ပြင်းထန်စွာ ဝေဖန်ရေးသားခဲ့သည်။

၂၀၀၀ ပြည့်နှစ်၊ စာသင်နှစ်အစတွင် စိန့်ပီတာစဘတ်မြို့မှ တာဝန်ရှိပုဂ္ဂိုလ်များသည် ရုရှားသမ္မတဗလာဒီမာပူတင်၏ ကလေးဘဝငယ်စဉ်က အောင်မြင်မှုများကို ချီးကျူးဖော်ပြထားသည့် စာအုပ်များကို ကျောင်းသူကျောင်းသား ၁၀၀၀၀ အား ပေးအပ်ခဲ့သည်။ အကြောင်းမှာ ကျောင်းသားအရွယ် ကလေးငယ်များကို ၎င်းတို့၏ ခေါင်းဆောင်များအား အားကျလာအောင် လှုံ့ဆော်ပေးခြင်း ဖြစ်ပေသည်။

သမ္မတရာထူး ထမ်းဆောင်ခဲ့သည့် ၁၅ လတာ ကာလအတွင်း ပူတင်၏ အစိုးရသည် ကျောင်းများတွင် စစ်ပညာအခြေခံသင်တန်းများကို ပြန်လည်သင်ကြားစေခဲ့သည်။ နိုင်ငံသားတစ်ဦးချင်းအား ထောက်လှမ်းရေးကို ခွင့်ပြုသည့် ဥပဒေများကို အတည်ပြုပေးခဲ့သည်။

ဝါရင့် ကေဂျီဘီ ထောက်လှမ်းရေးသမားဟောင်းများကို အရေးပါသည့် အုပ်ချုပ်ရေးရာထူးများတွင် ပေးထားသည်။ ပူတင်သည် ပါလီမန်အထက်လွှတ်တော်ကို ဖျက်သိမ်းခြင်းဖြင့် ရုရှားနိုင်ငံရှိ ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူး ၈၉ ဦး၏ လုပ်ပိုင်ခွင့် အာဏာများကို လျှော့ချခဲ့သည်။

၎င်းစိတ်တိုင်းကျ ရွေးချယ်ထားသည့် မဟာမိတ်များ၏ ထိန်းချုပ်မှုဖြင့် ရုရှားနိုင်ငံအား ဒေသသစ်ကြီး ခုနစ်ခုအဖြစ်သို့ ပြန်လည်ပိုင်းခြားပေးခဲ့ပြီး ယင်းဒေသများ၏ ခေါင်းဆောင်နေရာများကို သမ္မတက ခန့်အပ်သော ပုဂ္ဂိုလ်များဖြင့် တာဝန်ယူစေသည်။

ဆိုဗီယက်ခေတ်လွန် ရုရှားနိုင်ငံ၏ လက္ခဏာများအဖြစ် စတာလင်ခေတ်က လွှင့်ထုတ်ခဲ့သည့် နိုင်ငံတော်သီချင်း၊ ဇာဘုရင်ခေတ်က လွှင့်ထူခဲ့သည့် အနီ၊ အဖြူနှင့်အပြာ သုံးရောင်ခြယ် နိုင်ငံတော်အလံနှင့် ခေါင်းနှစ်လုံးပါ လင်းယုန်ငှက်တံဆိပ်တို့ကို ပူတင်၏ တိုက်တွန်းမှုကြောင့် ရုရှားပါလီမန်၏ စတိတ်ဒူးမားအောက်လွှတ်တော်ကအတည်ပြုပေးခဲ့သည်။

ပူတင်သည် အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ အကြမ်းဖက်မှု အဆုံးသတ်ရေးနှင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ် မူလလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိရေး ကြိုးပမ်းအားထုတ်ရန် တိုက်တွန်းခဲ့သည်။

အီဂျစ်နိုင်ငံ၊ ပင်လယ်နီ အပန်းဖြေစခန်းဖြစ်သော ရှမ်အယ်လ်ရှိတ် ဆွေးနွေးပွဲတွင် အရှေ့အလယ်ပိုင်းပြဿနာ ဖြေရှင်းနိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ရန် လိုလားကြောင်း ပူတင်က ပြောကြားခဲ့သည်။

ပူတင်သည် ၂၀၀၀ ပြည့်နှစ်၊ ဇွန်လ ၁၄ ရက်တွင် ဂျာမနီနိုင်ငံ ဘာလင်မြို့သို့ သွားရောက်ပြီး ဂျာမန်ခေါင်းဆောင်များဖြစ်သော ဂျာမန်သမ္မတ ဂျိုဟန်နက်စ်ရော၊ ဝန်ကြီးချုပ်ဟောင်း ဟဲလ်မိုခိုးလ်တို့နှင့် စီးပွားရေးနှင့် လုံခြုံရေးပြဿနာများကို နှစ်ရက်တိုင်တိုင် တွေ့ဆုံဆွေးနွေးခဲ့သည်။

သမ္မတပူတင်သည်ပထမဆုံးသော အာရှအလည်အပတ် ခရီးစဉ်အဖြစ် တရုတ်ပြည်သို့ ဇူလိုင်လ ၁၇ ရက်တွင် ရောက် ရှိခဲ့သည်။ ပူတင်သည် တရုတ်ပြည်တွင် နှစ်ရက်တာနေထိုင်၍ ဇူလိုင်လ ၁၈ ရက်နေ့တွင် သမ္မတကျန်ဇီမင်းနှင့် နှစ်နာရီကြာ တွေ့ဆုံဆွေးနွေးခဲ့သည်။

တရုတ်ပြည်ခရီးစဉ်အပြီးတွင် ပူတင်သည် မြောက်ကိုရီးယား ကွန်မြူနစ်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် ပြုံယမ်းသို့ သွားရောက်ခဲ့သည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ပူတင်သည် ၂၀၀၀ ပြည့်နှစ်ကုန်ပိုင်းတွင် ကျူးဘားနိုင်ငံမြို့တော် ဟာဗားနားသို့ လေးရက်ကြာ တရားဝင်အလည်အပတ်ခရီး ရောက်ရှိခဲ့သည်။ ပူတင်သည် ကျူးဘားသမ္မတ ဖီဒယ်လ်ကက်စထရိုနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံအကြား စီးပွားရေး၊ ဆက်ဆံမှု တိုးတက်လာရေးနှင့် ကျူးဘားနိုင်ငံ၏ ကြွေး မြီကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ပူတင်သည် ကျူးဘားနိုင်ငံမှ ကနေဒါနိုင်ငံသို့ သုံးရက်ကြာ ဆက်လက်သွားရောက်ခဲ့သည်။ ၎င်းခရီးစဉ်အတွင်း

ပူတင်သည် အမေရိကန် ဒုံးကျည်ကာကွယ်ရေးအစီအစဉ်နှင့် ပတ်သက်၍ ကနေဒါဝန်ကြီးချုပ် ဂျင်းခရစ်တီယန်နှင့် ဆွေးနွေးခဲ့သည်။

ခေတ်သစ် ရုရှားပြည်ထောင်စုကို ခေါင်းဆောင်မည့် သမ္မတဗလာဒီမာပူတင်သည် ရုရှားနိုင်ငံ၏ လုံခြုံရေးပြဿနာများနှင့် နိုင်ငံတကာဆက်ဆံရေးကိစ္စတို့၌ ကျွမ်းကျင်သဘောပေါက်ထားပြီးဖြစ်သဖြင့် ရုရှားနိုင်ငံကို ခေါင်းဆောင်သွားနိုင်မည်ဟု ယူဆရပေသည်။

ပူတင်သည် ဝန်ကြီးချုပ်ရာထူးတွင် ယခင်ဘဏ္ဍာရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ်ဟောင်း မိခေးလ်ကက်စ်ယာနော့ဗ်ကို ခန့်ထားပြီး ဝန်ကြီးအဖွဲ့ကိုလည်း ၎င်းစိတ်ကြိုက်ဖွဲ့စည်းခန့်အပ်ခဲ့ပြီးဖြစ်သည်။

ပူတင်သည် အင်အားတောင့်တင်းသော အစိုးရအဖွဲ့ကို စိတ်ကြိုက်ဖွဲ့စည်းထားပြီးဖြစ်သဖြင့် ရုရှားနိုင်ငံအား တည်ငြိမ်၍ အင်အားတောင့်တင်းမှု ပြန်လည်ရရှိအောင် ကြိုးပမ်းနိုင်ဖွယ် ရှိပေသည်။

သို့သော် လတ်တလောတွင်မူ ရုရှားပြည်နယ်များ နောက်ထပ်မခွဲထွက်ရေးအတွက် လွတ်လပ်သော ကွန်ဖက်ဒရေးရှင်းနိုင်ငံများအဖွဲ့ကြီး ပိုမိုသက်ဝင် လှုပ်ရှားရေးကို ကြိုးပမ်းနေရလေသည်။

နနယဉ်

ပြည်သန်းနွယ်(ခရစ် ၁၉၂၀ – ၂၀၀၀) ။ ။ စာရေးဆရာပြည်သန်းနွယ်ဟူသော ကလောင်အမည်ဖြင့် စာပေများ ရေးသားပြုစုခဲ့သော သက်ကြီးစာပေပညာရှင် ဆရာကြီး ဦးသန်းမြင့်ကို ဖခင် ဦးဘတင်၊ မိခင် ဒေါ်ပုတို့က ၁၉၂၀ ပြည့်နှစ်၌ ပြည်မြို့တွင် ဖွားမြင်သည်။

၁၉၄၀ ပြည့်နှစ်၌ စာရေးဆရာမြို့မအုန်း ထုတ်ဝေသော ရုပ်ရှင်လမ်းပြဂျာနယ်၌ ရုပ်ရှင်ဆောင်းပါးများ စတင်ရေးသားကာ စာပေလောကသို့ ဝင်ရောက်သည်။ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ ဝင်ရောက်ပြီး အသင်းကထုတ်ဝေသော စာစောင်၊ မဂ္ဂဇင်းများတွင် ဆောင်းပါးများရေးသားသည်။ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာရေးဆရာများကိုယ်တိုင် ကပြသောဝိဇယပြဇာတ်အတွက် ဇာတ်ဝင်သီချင်းများ ရေးဖွဲ့သည်။ ၁၉၄၉ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ်တင်ဆက်သော ဝန်ဇင်းမင်းရာဇာပြဇာတ်နှင့် ၁၉၅၀ ပြည့်နှစ် စာဆိုတော်နေ့ အထိမ်းအမှတ်တင်ဆက်သော နတ်ရှင်နောင်ပြဇာတ်အတွက် ဇာတ်ဝင်သီချင်းများကိုလည်း ရေးသားသည်။



စာရေးဆရာ
ပြည်သန်းနွယ်

ပြည်သန်းနွယ်အမည်ခံ ဦးသန်းမြင့်သည် စစ်ပြီးခေတ်တွင် ထုတ်ဝေသော သတင်းစုံဂျာနယ်၊ တိုင်းရင်းမေဂျာနယ်၊ ညွန့်ပေါင်းဂျာနယ်၊ သင့်ဘဝမဂ္ဂဇင်းနှင့် ရုပ်ရှင်မျက်မှန်မဂ္ဂဇင်းတို့၌ ဆောင်းပါးများရေးသားသည်။ ၁၉၅၂ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ပြည်ထောင်စုဘဏ် ငွေဗိမာန်နှစ်လည်မဂ္ဂဇင်းများတွင် ဆောင်းပါးနှင့်ဝတ္ထုတိုများ ရေးသားခဲ့ပြီး အယ်ဒီတာ၊ အတိုင်ပင်ခံ အယ်ဒီတာ၊ အကြံပေးအယ်ဒီတာ စသည်ဖြင့် ဆောင်ရွက်သည်။

၁၉၆၂ ခုနှစ်နောက်ပိုင်း၌ အလင်းရောင်မဂ္ဂဇင်း၊ ဖလင်ရုပ်စုံမဂ္ဂဇင်း၊ ရုပ်ရှင်ပဒေသာမဂ္ဂဇင်းနှင့် လင်းရောင်ခြည်မဂ္ဂဇင်းများတွင် ပြည်သန်းနွယ်ကလောင်အမည်သာမက ခေတ္တရာနွယ်၊ ဂီတမောင်၊ ချိုတေးရှင်၊ သီရိစသောကလောင်အမည်များဖြင့် ဆောင်းပါးနှင့် ဝတ္ထုတိုပေါင်း ၅၀ ကျော် ရေးသားသည်။ ထို့ပြင် ရုပ်ရှင်ပြဇာတ်ရုပ်စုံ၊ သဘင်ရုပ်စုံ၊ ပေါ်တော်မူရုပ်စုံ၊ ကန်တော့်မိတ်ရုပ်စုံ၊ ရုပ်ရှင်လောက၊ ရုပ်ရှင်သစ်၊ ရုပ်ရှင်ညွှန့်၊ ရုပ်စုံဗိမာန်၊ တေးဗိမာန်၊ ဂီတဗိမာန်၊ အချစ်တော်၊ ဂီတပဒေသာ မဂ္ဂဇင်း၊ ရုပ်ရှင်မဂ္ဂဇင်း၊ စာပေလုပ်သားမဂ္ဂဇင်းတို့တွင် ဝတ္ထုတိုနှင့် ဆောင်းပါးပေါင်း ၁၀၀ ကျော် ရေးသားသည်။

ပြည်သန်းနွယ်သည် ၁၉၆၇ ခုနှစ်မှစ၍ စာပေလုပ်သားအဖွဲ့သို့ ဝင်ရောက်သည်။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၈ ခုနှစ်အထိ ကျင်းပခဲ့သော စာပေလုပ်သားအဖွဲ့ ဗဟိုမျက်နှာစုံညီ အစည်းအဝေးများသို့ တာမွေမြို့နယ်မှ စာရေးဆရာကိုယ်စားလှယ်တစ်ဦးအဖြစ် တက်ရောက်သည်။


ပြည်သန်းနွယ် ရေးသားပြုစုသော စစ်အတွင်းနှင့် စစ်ပြီးစပြဇာတ်များ စာအုပ်ကို ၁၉၈၅ ခုနှစ်တွင် စာပေဗိမာန်က ထုတ်ဝေသည်။ နိုင်ငံတာဝန်ထမ်းဆောင်ရင်း စာပေရေးသားပြုစုသော ပြည်သန်းနွယ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် လက်ထောက်ငွေတိုက်စိုးတာဝန်မှ ၁၉၈၀ ပြည့်နှစ်တွင် သက်ပြည့်အငြိမ်းစားယူသည်။ အငြိမ်းစားယူပြီး နောက်တွင်

လည်းစာနယ်ဇင်းများ၌ ဝတ္ထုတိုနှင့် ဆောင်းပါးများ ဆက်လက် ရေးသားသည်။

နိုင်ငံတာဝန်နှင့် စာပေတာဝန်တို့ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သော စာရေးဆရာပြည်သန်းနွယ် ကလောင်အမည်ခံ ဆရာကြီး ဦးသန်းမြင့်သည် ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ သားသမီး ခြောက်ဦးနှင့် မြေး ၁၁ ဦး ကျန်ရစ်သည်။

**ဗီယက်နမ်နိုင်ငံ။** ။ပင်လယ်ရပ်ခြား နိုင်ငံခြားတိုင်းပြည်များနှင့် ငွေကြေးများနိုင်ငံတွင်းသို့ ပို့ဆောင်ရန် ပြည်တွင်းခရီးစဉ်များတွင် မတ်လအထိ ပြည်တွင်းနှုန်းထားများအတိုင်း ခွင့်ပြုရေးအတွက် ဗီယက်နမ်ကွန်မြူနစ်အာဏာပိုင်များက စိတ်အားထက်သန်နေကြသည်။ နိုင်ငံပိုင်လေကြောင်းလိုင်းမှ ဗီယက်နမ်လူမျိုးဟု အထောက်အထားတင်ပြနိုင်သူ မည်သူမဆို မတ်လ ၃၁ ရက်နေ့အထိ ခရီးသွားလာရန် ဒေသနှုန်းထားအတိုင်း ခွင့်ပြုမည်ဖြစ်ကြောင်း ဆိုင်ဂုံလွတ်လပ်ရေးနေ့သတင်းစာက ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ရေးသားဖော်ပြသည်။ ကွန်မြူနစ်အုပ်ချုပ်မှုအောက်မှ နိုင်ငံခြားသို့ ထွက်ပြေးသွားကြသော ဗီယက်နမ်လူမျိုးများနှင့် နိုင်ငံခြားသားခရီးသည်များ ဗီယက်နမ်နိုင်ငံသို့ အလည်အပတ်လာရောက်ပါက သယ်ယူပို့ဆောင်ခနှင့် ဟိုတယ်တည်းခိုခများကို ပြည်တွင်းနှုန်းထားထက် နှစ်ဆနီးပါးပေးနေရခြင်းကို နှစ်ရှည်လများ မကျေမနပ်ဖြစ်ခဲ့ ကြသည်။ ဗီယက်နမ်လူမျိုး သုံးသန်းနီးပါးမှာ ပင်လယ်ရပ်ခြား နိုင်ငံခြားတိုင်းပြည်များတွင် နေထိုင်လျက်ရှိကြသည်။ ဗီယက်နမ် နိုင်ငံရှိ မိသားစုဝင်များထံ ၁၉၉၉ ခုနှစ်အတွင်းက အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကို ပြည်ပရောက် ဗီယက်နမ်များက စာတိုက်မှ ပေးပို့ခဲ့ကြသည်။ ၁၉၉၉ ခုနှစ်အတွင်းက ဗီယက်နမ်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၁ ဒသမ ၇ သန်း လာရောက်ခဲ့ရာ ၂၀၀၀ ပြည့်နှစ်တွင် နှစ်သန်းလာရောက်မည်ဟု မျှော်မှန်းထားသည်။ ပြည်ပရောက် ဗီယက်နမ်လူမျိုးများ ဗီယက်နမ်နိုင်ငံအတွင်း၌ လူနေအိမ်များဝယ်ယူပါက ကွန်မြူနစ်အာဏာပိုင်များက ခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံ ဆိုင်ဂုံမြို့ကို လွန်ခဲ့သော ၂၅ နှစ်က ပြန်လည်သိမ်းပိုက်ခဲ့ခြင်း အထိမ်းအမှတ်အဖြစ် ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဟွေးမြို့တွင် မတ်လ ၂၆ ရက်နေ့က ပြပွဲကြီး တစ်ရပ်ခင်းကျင်းပြသခဲ့သည်။ ဘောလုံးကွင်းကြီးအတွင်း ကွန်မြူနစ်ပါတီ၏ ဖြန့်ထားသော အနီရောင်



ဆိုင်ဂုံမြို့ကို ပြန်လည်သိမ်းပိုက်ပြီး ဗီယက်နမ်စစ်ပွဲပြီးဆုံးစေခဲ့သည့် ၂၅ နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားကျင်းပနေစဉ်

အလံတော်ရှေ့ရှိ လူငယ်ဒါဇင်ပေါင်းများစွာတို့အား ဗီယက်နမ်ကွန်မြူနစ်ပါတီအရာရှိများက မိန့်ခွန်းပြောကြားကြသည်။ တေးဂီတအဖွဲ့က အဆို၊ အတီး၊ အကများဖြင့် တင်ဆက်၍ ဗီယက်နမ်စစ်ပွဲကာလအတွင်း မြင်ကွင်းများကို သရုပ်ဖော်ပြသသည်။ အမေရိကန် ထောက်ခံအားပေးသော တောင်ဗီယက်နမ်ကို အောင်နိုင်ခဲ့သည့် ၂၅ နှစ်မြောက်နေ့မှာ ဧပြီလ ၃၀ ရက်နေ့တွင် ကျရောက်မည်ဖြစ်ရာ နှစ်ပတ်လည်နေ့ နီးကပ်လာပြီဖြစ်၍ ဗီယက်နမ်အစိုးရဝါဒဖြန့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်နေ သည်။ ၁၉၇၅ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ဗီယက်နမ်ကွန် မြူနစ်ပါတီလက်တွင်းသို့ ဆိုင်ဂုံမြို့ ကျဆင်းခဲ့ရသည်။ ဆိုင်ဂုံမြို့ ကျပြီးနောက် ၁၀ နှစ်ကြာဖြစ်ပွားနေသော ဗီယက်နမ်စစ်ပွဲလည်း ပြီးဆုံးသွားခဲ့သည်။ ဗီယက်နမ်စစ်ပွဲတွင် အမေရိကန်စစ်သား ၅၈၀၀၀ ကျဆုံးခဲ့ရပြီး ဗီယက်နမ်စစ်သားနှင့် အရပ်သား သုံးသန်းခန့်လည်း သေဆုံးခဲ့ရသည်။

ဗီယက်နမ်နိုင်ငံတွင် အာဏာအရှိဆုံးဖြစ်သော ဗီယက်နမ်အာဏာရကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အဓိကအရေးကြီးသော အစည်းအဝေးကြီးကို စတင်ကျင်းပနေပြီဖြစ်သည်။ အဆိုပါ အစည်းအဝေးတွင် နိုင်ငံပိုင်အခန်းကဏ္ဍ၏ အနာဂတ်အရေးနှင့် ကမ္ဘာ့စီးပွားရေးလောကတွင် ပါဝင်ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြမည် ဖြစ်သည်ဟု နိုင်ငံပိုင် ဗီယက်နမ်သတင်းဌာနက ဇွန်လ ၂၇ ရက်နေ့က ဖော်ပြသည်။ ယင်းအစည်းအဝေးကို ဟနွိုင်းမြို့တွင်ကျင်းပ၍ ဗဟိုကော်မတီဝင် ၁၇၀ တက်ရောက်ကြသည်။ အစည်းအဝေးတွင် ပါတီအထွေထွေအတွင်းရေးမှူး လီစာဖိယူက အဖွင့်အမှာစကားပြောကြားပြီး ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ငုယင်ဖူထရောင်က အဓိကအချက်လေးချက်ကို တင်ပြဆွေးနွေးသွားသည်။ ထိုအချက်လေးချက်တွင် ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ နဝမအကြိမ်ညီလာခံသို့ တင်သွင်းမည့် အစီရင်ခံစာ မူကြမ်းလည်း ပါဝင်သည်။ ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ နဝမအကြိမ် အစည်းအဝေးကို ၂၀၀၁ ခုနှစ်တွင် ကျင်းပမည်ဖြစ်သည်။ အစည်းအဝေးတွင် တင်ပြသွားသော အဓိကအချက်လေးချက်မှာ အခွင့်အလမ်းများ၊ စိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများ ပါဝင်သော နိုင်ငံတကာနှင့် ပြည်တွင်း အခြေအနေများ သုံးသပ်ရေးကိစ္စ၊ ပိုင်ဆိုင်မှုဆိုင်ရာ စည်းကမ်းနှင့် စီးပွားရေးကဏ္ဍများကိစ္စ၊ လွတ်လပ်သော ကိုယ့်အားကိုယ်ကိုးစီးပွားရေး ဖြစ်ပေါ်လာရေးနှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အခြေအနေသစ်နှင့်အညီ ပါတီထူထောင်ရေးဆိုင်ရာလုပ်ငန်းနှင့် ဆုံးဖြတ်ချက်များကိစ္စတို့ဖြစ်သည်။ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ငုယင်ဗန်အန်ကလည်း နဝမအကြိမ် ပါတီညီလာခံသို့ တင်သွင်းမည့် ပါတီစည်းကမ်း ပြင်ဆင်ချက်များဆိုင်ရာ အစီရင်ခံစာကို အစည်းအဝေး၌ တင်ပြသွားသည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီသည် ပါတီကေဒါ ၅၀၀ နီးပါးကို ၁၉၉၉ ခုနှစ်အတွင်းက အရေးယူအပြစ်ပေးခဲ့ကြောင်း၊ အပြစ်ပေးခံရသူများတွင် ကလေးနှစ်ယောက်ထက် ပိုမိုမွေးသူများအပါအဝင် အခြားပြစ်မှုကျူးလွန်သူများ ပါဝင်ကြောင်း နိုင်ငံပိုင် လူထုဆက်သွယ်ရေး မီဒီယာများက ဖော်ပြကြသည်။ အရေးယူခံရသော ပါတီကေဒါ ၄၇၈ ဦးတွင် အရာရှိကြီးအချို့ ပါဝင်ပြီး ကျူးလွန်သောပြစ်မှုများတွင် အဂတိလိုက်စားမှု၊ တာဝန်မဲ့မှုနှင့် အကျင့်စာရိတ္တပျက်မှု စသော ပြစ်မှုများပါဝင် သည်။ ပါတီကေဒါ ၈၂ ဦးကို ပါတီမှ ထုတ်ပစ်လိုက်ပြီး ၄၉ ဦးကို ရာထူးမှ ထုတ်ပစ်လိုက်သည်။ ပါတီကေဒါ ၂၃ ဦးမှာ ကလေးနှစ်ယောက်ထက် ပိုမယူရဟူသောမူဝါဒကို ချိုးဖောက်သည့်အတွက် အရေးယူအပြစ်ပေးခြင်းခံခဲ့ရသည်။ ၁၉၉၃ ခုနှစ်မှ စ၍ ဗီယက်နမ်နိုင်ငံ၌ လူဦးရေတိုးပွားမှုကို ထိန်းချုပ်ရန် ကြိုးပမ်း ချက်အနေဖြင့် မိသားစုများ ကလေးနှစ်ယောက်ထက် ပိုမယူရန် အစိုးရက မူဝါဒချမှတ်ထားသည်။ ဗီယက်နမ်နိုင်ငံ၏ လူဦးရေ မှာ ၇၉ သန်းရှိပြီး တစ်နှစ်လျှင် ၁ ဒသမ ၇ ရာခိုင်နှုန်း တိုးပွားလျက်ရှိသည်ဟု ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်က ခန့်မှန်းသည်။ ပါတီဝင်မဟုတ်သူများ ကလေးနှစ်ယောက်ထက်ပိုယူလျှင် ဒဏ်ငွေပေးဆောင်ကြရပြီး နိုင်ငံ့ဝန်ထမ်းများအတွက်မူ ကလေးနှစ်ယောက်ထက်ပိုယူပါက နှစ်တိုးရပ်ဆိုင်းခြင်းခံရသည်။

ဆိုရှယ်လစ်စနစ်ကို တည်ဆောက်ရန်နှင့် ကာကွယ်စောင့်ရှောက်ရန် ဗီယက်နမ်ခေါင်းဆောင်တစ်ဦးက အစိုးရထိန်းချုပ်ထားသော စာနယ်ဇင်းများအား အမေရိကန်သမ္မတဘီလ်ကလင်တန် မလာရောက်မီ ရက်ပိုင်းအလိုတွင် ဖော်ပြလိုက်သည်။ သမ္မတကလင်တန် ဗီယက်နမ်တွင် လာရောက်လည်ပတ်စဉ် လွတ်လပ်စွာပြောဆိုခွင့် တိုးတက်ရရှိရေးအတွက် ဆောင်ရွက်မည်ဟု မျှော်လင့်ရသည်။ အမျိုးသားစည်းလုံးညီညွတ်မှု တိုးတက်ရရှိရေးအတွက် ခိုင်မာသော နိုင်ငံရေးခံယူချက်ရရှိရန် ဗီယက်နမ်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နောင်ဒက်မင်က နိုင်ငံတော်သတင်းစာများအား နိုဝင်ဘာလ ၁၃ ရက်နေ့က ဆော်ဩခဲ့သည်။ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံတော်ကို တည်ထောင်ရာတွင် ပြည်တွင်းအင်အား တိုးတက်ရရှိအောင် ဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်ကို အခိုင်အမာ ကာကွယ်သွားရန်လည်း တိုက်တွန်းသွားသည်။ ဗီယက်နမ်ပြည်တွင်း စာနယ်ဇင်းများကို

အစိုးရက တင်းကျပ်စွာထိန်းချုပ်ထားသည်။ သတင်းစာအားလုံး၊ အသံလွှင့်ဌာနအားလုံးနှင့် ရုပ်မြင်သံကြားဌာနအားလုံးတို့ကို အစိုးရက ထိန်းချုပ်ထားသည်။ စာနယ်ဇင်းများက အစိုးရကို ဝေဖန်ခြင်းမရှိဟုသိရသည်။

ကုန်သွယ်ရေး – ဗီယက်နမ်နိုင်ငံ၏ နှစ်စဉ် ဆန်တင်ပို့ ရောင်းချမှုမှာ သုံးနှစ်ဆက်တိုက် မြင့်တက်လာကြောင်း ဆင်ဟွာသတင်းဌာနက ဇန်နဝါရီလ ၆ ရက်နေ့တွင် ရေးသားဖော်ပြသည်။ ၁၉၉၇ ခုနှစ်တွင် ဆန်တန်ချိန် ၃ ဒသမ ၇ သန်း၊ ၁၉၉၈ ခုနှစ် တွင် တန်ချိန် ၃ ဒသမ ၈ သန်းနှင့် ၁၉၉၉ ခုနှစ်တွင် တန်ချိန် ၄ ဒသမ ၅၅ သန်း ပြည်ပသို့တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဗီယက်နမ်သတင်းဌာန (ဗွီအင်အေ) က ဖော်ပြသည်။ ၁၉၈၉ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ကာလအတွင်း စုစုပေါင်းတန်ချိန် ၁၄ ဒသမ ၅ သန်း မျှသာ တင်ပို့နှိုင်းယှဉ်ပါက ယင်းပမာဏမှာ သိသိသာသာ တိုးတက်လာခြင်းဖြစ်သည်။ ယင်းသို့ ပြည်ပသို့ ပို့သော ဆန်တန်ချိန်တိုးတက်လာခြင်းသည် အစားအစာထုတ်လုပ်မှု လျင်မြန်စွာနှင့်

လာအိုနိုင်ငံသို့ ဗီယက်နမ်ကုန်ပစ္စည်းတင်ပို့မှုတန်ဖိုးမှာ ၁၉၉၈ ခုနှစ်ကထက် ၁၉၉၉ ခုနှစ်တွင် ၁၃၉ ရာခိုင်နှုန်းတိုးတက်လာကာ အမေရိကန်ဒေါ်လာ ၁၇၅ သန်းဖိုးအထိ ရောင်းချခဲ့ရသည်။ ၁၉၉၈ ခုနှစ်တွင် လာအိုနိုင်ငံသို့ ဗီယက်နမ် ကုန်ပစ္စည်းတင်ပို့မှု စုစုပေါင်းတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၇၃ သန်းသာရှိခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၆ သန်းဖိုးသာရှိခဲ့သည်။ ၁၉၉၉ ခုနှစ်ကမူ ပို့ကုန်တန်ဖိုး သိသိသာသာတိုးတက်လာခဲ့ရာ လာအိုနိုင်ငံ၏ စုစုပေါင်းသွင်းကုန်၏ လေးပုံတစ်ပုံအထိရှိခဲ့သည်။ လာအိုနိုင်ငံသို့ ဗီယက်နမ်နိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့မှုတန်ဖိုး ၁၃၉ ရာခိုင်နှုန်းတိုးလာခြင်းကို နှစ်နိုင်ငံ ကုန်ပစ္စည်းဖလှယ်ရေးသဘောတူညီချက်ကြောင့်ဟု ဆိုသည်။ ၁၉၉၉ ခုနှစ်တွင် လာအိုနိုင်ငံသို့ ဗီယက်နမ်ပို့ကုန် အားလုံး၏ ၈၅ ရာခိုင်နှုန်းခန့်သည် နှစ်နိုင်ငံ ကုန်ဖလှယ်မှု သဘောတူညီချက်အရ တင်ပို့ခဲ့ခြင်းဖြစ်သည်။



ဟိုချီမင်းမြို့တွင် သွားလာလှုပ်ရှားနေကြသည့် ဗီယက်နမ်ပြည်သူများ

တည်ငြိမ်မှုရှိခြင်း (နှစ်စဉ် ၅ ဒသမ ၃ ရာခိုင်နှုန်း) နိုင်ငံခြားငွေလဲလှယ်နှုန်း တိုးတက်လာခြင်းနှင့် ပြည်ပသို့ ဆန်တင်ပို့ရောင်းချ–မှုလုပ်ငန်းများ ကြိုးပမ်းမှုကြောင့် ဖြစ်ကြောင်း ဗီယက်နမ်အစိုးရ ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အတွင်း ပြည်ပသို့ ဆန်တန်ချိန် ၄ ဒသမ ၃ သန်း တင်ပို့ရောင်းချရန် စီစဉ်ထားရာ ဟိုချီမင်းမြို့တော်ဒေသနှင့် မဲခေါင်မြစ်ဝှမ်းဒေသတို့မှ ဆန်တန်ချိန် ၂ ဒသမ ၉ သန်း ထုတ်လုပ်သွားမည်ဖြစ်သည်။ ဗဟိုအစိုးရနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံလုပ်ငန်းဌာနများအောက်ရှိ ကော်ပိုရေးရှင်းများနှင့် ကုမ္ပဏီများက ဆန်တန်ချိန် ၁ ဒသမ ၂ သန်းနှင့် အခြားစီးပွားရေးကဏ္ဍများမှ လုပ်ငန်းများက တန်ချိန် ၂၀၀၀၀၀ တို့ကို ပြည်ပသို့ တင်ပို့ရောင်းချသွားမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ၁၉၉၈–၂၀၀၀ သီးနှံရာသီတွင် ကော်ဖီတန်ချိန် ၄၀၄၀၀၀ တင်ပို့ခဲ့ရာ ကမ္ဘာ့ကော်ဖီအဖွဲ့ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ကော်ဖီတင်ပို့သူများတွင် တတိယအဆင့်မြောက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်းသိရှိရသည်။ တိုင်းပြည်၌ ၁၉၉၉ ခုနှစ် အောက်တိုဘာလမှ ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလအထိ ကော်ဖီတန်ချိန် ၅၀၀၀၀၀ ဆွတ်ခူးရရှိခဲ့ပြီး ကော်ဖီစေ့တန်ချိန် ၃၅၀၀၀၀ တင်ပို့ခဲ့ကြောင်းဗီယက်နမ်သတင်းဌာနကဇန်နဝါရီလ ၂၁ ရက်နေ့က ရေးသားဖော်ပြသည်။ ဗီယက်နမ် ကော်ဖီကို ဂျာမနီ၊ အမေရိကန် ပြည်ထောင်စု၊ အီတလီ၊ စပိန်၊ ပြင်သစ်၊ ဗြိတိန်၊ဂျပန်၊ဩစတြေးလျနှင့်နယ်သာလန် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၅၂ နိုင်ငံနှင့် ဒေသဆိုင်ရာ များသို့တင်ပို့ခဲ့သည်။

နိုင်ငံတကာဆက်ဆံရေး – တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် သံတမန်ဆက်သွယ်မှု ထူထောင်ခဲ့သော နှစ် ၅၀ မြောက် အထိမ်းအမှတ်အဖြစ်၊ တရုတ်ပြည်သူ့ သမ္မတ နိုင်ငံတောင်ပိုင်း ကွမ်စီချွမ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ မြို့တော်နန်နင်းတွင် ဇန်နဝါရီလ ၁ ရက်နေ့၌ ကျင်းပခဲ့သည်။ ၂၁ ရာစုနှစ်တွင် ဒေသတွင်းပူးပေါင်း ဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ယင်း လန်းနောဖလှယ်ပွဲသို့ တရုတ်၊ ဗီယက်နမ်၊ အမေရိကန် နှင့်ဂျပန်နိုင်ငံတို့မှ ပညာရှင်များ၊ ပါရဂူများ စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ကြသည်။ တရုတ်ပြည်သူ့ သမ္မတ နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ၁၉၉၁ ခုနှစ်တွင် ပုံမှန် ဆက်ဆံမှုများ စတင်ပြုလုပ်ခဲ့ချိန်မှစ၍ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုနှင့် ယဉ်ကျေးမှုဖလှယ်မှုတို့မှာ လျင်မြန်စွာဖွံ့ဖြိုး တိုးတက်လာခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဗီယက်နမ် နိုင်ငံတို့၏ ကုန်သွယ်မှုပမာဏသည် ၁၉၉၁ ခုနှစ်တွင် အမေ ရိကန်ဒေါ်လာ သန်း ၃၀ သာရှိခဲ့ရာမှ ၁၉၉၈ ခုနှစ်တွင် အမေ ရိကန်ဒေါ်လာ ၁ ဒသမ ၂၅ ဘီလီယံအထိ တိုးတက်လာခဲ့သည်၊ ဗီယက်နမ်နိုင်ငံတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၁၄ သန်း အထိ ရှိလာခဲ့သည်။ နှစ်နိုင်ငံအစိုးရတို့သည် ယခုအချိန်အထိ နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှု တိုးချဲ့ရေးအတွက် စာချုပ် စာတမ်းနှင့် သဘောတူညီချက်ပေါင်း ၃၀ ကို လက်မှတ်ရေး ထိုးခဲ့ ကြပြီးဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် စီးပွားရေးနှင့် ယဉ်ကျေးမှုကဏ္ဍတွင် ပြင်သစ်နိုင်ငံနှင့်ဆက်ဆံရေး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် မျှော်မှန်းထားကြောင်း ဗီယက်နမ် ကွန်မြူနစ်ပါတီအကြီးအကဲ၊ ကွန်မြူနစ်ပါတီအထွေထွေ အတွင်းရေးမှူး လီစာဖီသူက ပြင်သစ်နိုင်ငံသို့ လာရောက် လည်ပတ်စဉ် ပြင်သစ်သမ္မတဂျက်ရှီရက်နှင့် မေလ ၂၃ရက်နေ့က တွေ့ဆုံရာ၌ပြောကြားသွားသည်။ ပြင်သစ်သမ္မတ ဂျက်ရှီရက် နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေအထွေ အတွင်းရေးမှူး လီစာဖီသူတို့သည် ပြင်သစ်နိုင်ငံ အယ်လိဆီ နန်းတော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြရာတွင် ဗီယက်နမ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်ဝါဒကို ပြင်သစ်နိုင်ငံက အပြည့်အဝထောက်ခံကြောင်း သမ္မတ ဂျက်ရှီရက်က ပြောကြားသည်။ ၁၉၉၇ ခုနှစ်က ဗီယက်နမ်နိုင်ငံသို့ ပြင်သစ် သမ္မတ သွားရောက်လည်ပတ်ခဲ့ချိန်မှစ၍ ပြင်သစ်နှင့် ဗီယက်နမ်အစိုးရတို့၏ ဆက်ဆံရေးပိုမိုခိုင်မာလာသည်။ ဗီယက်နမ် ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူး လီစာဖီသူ ပြင်သစ် နိုင်ငံသို့လာရောက်လည်ပတ်ခြင်းကြောင့် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုပိုမိုတိုးတက် ခိုင်မာ လာလိမ့်မည်ဟု မျှော်လင့်ရ သည်။ ပြင်သစ်နိုင်ငံသည် ဂျပန် နိုင်ငံပြီးလျှင် ဗီယက်နမ်နိုင်ငံ အား ဒုတိယမြောက် လှူဒါန်းပေးကမ်းနေသောနိုင်ငံဖြစ်သည်။ ဗီယက်နမ်နိုင်ငံတွင် ပြင်သစ်နိုင်ငံ၏ အရေးပါသော စီးပွားရေး နှင့်ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း ၂၈ ခုရှိသည့် ပြင် ကုမ္ပဏီ ၁၀၀ ခန့်လည်း ရင်းနှီးမြှုပ်နှံထားသည်။

အဆင့်မြင့်ဗီယက်နမ် စစ်ဘက်ဆိုင်ရာကိုယ်စားလှယ်အဖွဲ့ သည် လာအိုနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်၍ နှစ်နိုင်ငံ စစ်တပ်များပိုမိုအပြန်အလှန် အကူအညီပေးရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ ဗီယက်နမ် ဒုတိယကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး လီဗန်ဒန် ဦးဆောင်သော ဗီယက်နမ်စစ်ဘက် ကိုယ်စားလှယ် အဖွဲ့၏ ခြောက်ရက်ကြာခရီးစဉ်မှာ ဇူလိုင်လ ၁၆ ရက်နေ့က ပြီးဆုံးသွားခဲ့သည်။ လာအိုနိုင်ငံ၌ရှိနေစဉ်အတွင်း ဗီယက်နမ်စစ်ဘက် အရာရှိများမှာ လာအိုစစ်ဘက်အရာ ရှိများနှင့် ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံက ပြည်တွင်းရေး ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာ အခြေအနေများအပြင် နိုင်ငံနှင့်စစ်ဘက်တည်ဆောက်ရေး အောင်မြင်မှုများကို အသီးသီးတင်ပြ ဆွေးနွေးခဲ့ကြသည်။ ဗီယက်နမ်နှင့်လာအို စစ်ဘက်အရာရှိများသည် အပြန်အလှန် အကူအညီ တိုးမြှင့်သွားရန်နှင့် အနာဂတ်ကာလ၌ ပိုမိုချစ်ကြည် ရင်းနှီးပြီး ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း ဆွေးနွေးခဲ့ ကြသည်။ ဗီယက်နမ်စစ်ဘက်ကိုယ်စားလှယ်အဖွဲ့အား လာအို ဝန်ကြီးချုပ် ဆီဆာဗက်သ်ကီယိုဘွန်ဖန်က လက်ခံ တွေ့ဆုံ ပြီး ဗီယက်နမ်စစ်ဘက် ကိုယ်စားလှယ်အဖွဲ့၏ ခရီးမှာ နှစ် နိုင်ငံ ပါတီအဖွဲ့အစည်းများ၊ နိုင်ငံတော်နှင့် စစ်တပ် တို့အကြား အထူးကျစ်လျစ်ခိုင်မာပြီး ရင်းနှီးချစ်ကြည်မှုရှိ စေရန် အထောက်အကူ ဖြစ်စေခဲ့သည်။

နှစ်နိုင်ငံပုံမှန်ဆက်ဆံရေးဖြစ်ထွန်းလာအောင် ကြိုးပမ်း ဆောင်ရွက်ခဲ့သဖြင့် အမေရိကန်သမ္မတဘီလ်ကလင်တန်၏ ဆောင်ရွက်ချက်များမှာ ချီးကျူးစရာဖြစ်သော်လည်း လွန်ခဲ့ သော ၂၅ နှစ်ခန့်က ပြီးဆုံးသွားခဲ့သောစစ်ပွဲကြောင့် ထိခိုက် နစ်နာမှုများ လျော့နည်းသက်သာစေရေးအတွက် ပိုမိုကြိုးပမ်း လုပ်ဆောင်သင့်ကြောင်း ဗီယက်နမ်နိုင်ငံကပြောသည်။ ဧည့်သည်တော် အမေရိကန်သမ္မတအတွက် နိုဝင်ဘာလ ၁၇ ရက် နေ့ ညနေပိုင်းက တည်ခင်းသော ညနေစာစားပွဲတွင် ထုတ်ပြန် သောကြေညာချက်၌ လူ့အခွင့်အလမ်းများကို

ဆက်လက် ကြိုးပမ်းရန် သမ္မတကလင်တန်၏ တိုက်တွန်းချက်မှာ ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ရာရောက်ကြောင်း ဗီယက်နမ်သမ္မတ စရန်ဒက်လွန်က တုံ့ပြန်ပြောကြားခဲ့သည်ဟု ဖော်ပြပါရှိသည်။ သမ္မတလွန်၏ မိန့်ခွန်းကို နိုဝင်ဘာလ ၁၈ ရက်နေ့ထုတ် သတင်းစာများ၌ ဖော်ပြရာတွင် နှစ်နိုင်ငံပုံမှန် ဆက်ဆံရေးနှင့်ပတ်သက်၍ သမ္မတကလင်တန်၏ ပုဂ္ဂိုလ်ရေးဆောင်ရွက်ချက်များကို ဗီယက်နမ်နိုင်ငံက ချီးကျူးကြောင်း၊ ရှေ့ဆက်ပြီး ဆက်ဆံရေးကဏ္ဍသစ်များ ထူထောင်နိုင်ရန် နှစ်နိုင်ငံလုံးက အစွမ်းကုန်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ သို့သော် နှစ်နိုင်ငံ၌ မတူညီသော လူမှုရေး၊ သမိုင်းနောက်ခံနှင့်ယဉ်ကျေးမှုတို့ ပကတိရှိနေကြသည် ဖြစ်သည့်ပြင် စီးပွားရေးဖွံ့ဖြိုးမှုအဆင့်အတန်းချင်း၌လည်း ကွဲပြားခြားနားကြောင်း ဗီယက်နမ်သမ္မတမိန့်ခွန်း၌ ဆက်လက်ဖော်ပြထားသည်။ သို့ဖြစ်၍ တစ်နိုင်ငံချင်း ကျင့်သုံးသောမူဝါဒများနှင့်ပတ်သက်၍ နှစ်နိုင်ငံအမြင် သဘောချင်းမတိုက်ဆိုင်ကြသည်ကို လွယ်လင့်တကူသဘောပေါက် နားလည်နိုင်ကြောင်း ဗီယက်နမ်သမ္မတ လွန်က ဆက်လက်ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသို့ သမိုင်းဝင် သုံးရက်ကြာ အလည်အပတ်ခရီးကို သမ္မတဘီလ်ကလင်တန် မလာ ရောက်မီ သုံးလေးနာရီအလိုတွင် အမေရိကန်သမ္မတကတော်နှင့် အထက်လွှတ်တော် အမတ်အဖြစ် အရွေးခံထားရသူ ဟီလာရီရိုဒမ်ကလင်တန်သည် ဗီယက်နမ်နိုင်ငံသို့ နိုဝင်ဘာလ ၁၆ ရက်နေ့က ရောက်ရှိလာခဲ့သည်။ အမေရိကန် သမ္မတကတော်အား ဟန္တိုင်းမြို့ နိုင်ငံတကာ လေဆိပ်၌ ဗီယက်နမ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ငုယင်ဒင်ဘင်၊ အမေရိကန်နိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး လီမန်ဘန်း၊ ရိုးရာဝတ်စုံဝတ်ဆင်ထားကြသော ဗီယက်နမ်အမျိုးသမီးများက ကြိုဆိုကြသည်။ အမေရိကန်သမ္မတ ဘီလ်ကလင်တန်သည် အာရှပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်ကို ဘရူနိုင်းနိုင်ငံ၌ တက်ရောက်ခဲ့ပြီးနောက် နိုဝင်ဘာလ ၁၆ ရက်နေ့ ည ၁၁ နာရီ ၁၀ မိနစ်အချိန်တွင် ဗီယက်နမ်သို့ ရောက်ရှိခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ဗီယက်နမ်စစ်ပွဲအရှိန် အမြင့်ဆုံးဖြစ်နေချိန်၌ အမေရိကန်ထောက်ခံအားပေးသော တောင်ဗီယက်နမ်သို့ ကွယ်လွန်သူအမေရိကန်သမ္မတ ရစ်ချတ်နစ်ဆင်နှင့်ဇနီးတို့ ရောက်ရှိခဲ့ကြပြီး ဘီလ်ကလင်တန်မှာ နောက်ပိုင်းတွင် ဗီယက်နမ်သို့ ပထမဆုံးရောက်ရှိသော အမေရိကန်သမ္မတ ဖြစ်လာခဲ့သည်။


မူးယစ်ဆေးဝါး နှိမ်နင်းရေး – ဗီယက်နမ်အစိုးရသည် ပြည့်တန်ဆာနှင့် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများကို မကြာသေးမီကစ၍ အထူးအလေးပေး နှိမ်နင်းလျက်ရှိကြောင်း ဗီယက်နမ်သတင်းဌာနက မတ်လ ၅ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။ ဗီယက်နမ်အစိုးရသည် ပြည့်တန်ဆာဂိုဏ်းများ သိသိသာသာ လျော့ကျသွားအောင် ဆောင်ရွက်ကာ ပန်းခြံများ၊ ရေကန်များကဲ့သို့သော အများပြည်သူစည်ကားရာ ဒေသများရှိ ပြည့်တန်ဆာ များကို ရှင်းလင်းပစ်မည်၊ ပြည့်တန်ဆာများကို အသုံးပြုနေသော စားသောက်ဆိုင်များ၊ အဖျော်ယမကာဆိုင်များနှင့်ဟော်တယ် များကို ပိတ်ပစ်မည်၊ လိင်ကုန်ကူးသောဂိုဏ်းများကို ချေမှုန်းပစ်မည်စသည်ဖြင့် ဗီယက်နမ်ဒုစရိုက်နှိမ်နင်းရေးဦးစီးဌာန အကြီးအကဲ ငုယင်သီဟူးက ထုတ်ပြန်ကြေညာသည်။ ဒုစရိုက်နှိမ်နင်းရေးလုပ်ငန်းအောင်မြင်ရေးအတွက် ဆောင်ရွက်ရာတွင် ပါဝင်ကြသော လူမှုဝန်ထမ်းအလုပ်သမားများကို သေချာစွာလေ့ကျင့်သင်တန်းပေးသွားမည်။ တစ်ချိန်တည်းမှာပင် မူးယစ်ဆေးစွဲသူများနှင့်ပြည့်တန်ဆာများကို အသက်မွေးဝမ်းကျောင်းပညာသင်ခွင့်ပေးပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ကိုင်ပြီးစီးပါက အလုပ်အကိုင်များရရှိစေမည် ဖြစ်သည်ဟု သိရှိရသည်။ ဗီယက်နမ်နိုင်ငံတွင် ၁၉၉၉ ခုနှစ် ဒီဇင်ဘာလအထိ ပြည့်တန်ဆာပေါင်း ၁၃၀၀၀ ကျော်ကို စာရင်းပြုစုထားကြောင်း ဗီယက်နမ်အလုပ်သမားများ၊ စစ်ဒဏ်ခံ မသန်စွမ်းသူများနှင့် လူမှုရေးကိစ္စများဆိုင်ရာ ဝန်ကြီးဌာနကကြေညာသည်။ ဗီယက်နမ်နိုင်ငံတွင် လိင်ကုန်ကူးနိုင်ရေးအတွက် အမျိုးသမီးကြီးများ၊ အပျိုဖြန်းကလေးများကို မှောင်ခိုထုတ် ကူးသန်းရောင်းဝယ်နေကြသဖြင့် ကျေးလက်ဒေသအထိ ပြည့်တန်ဆာများ ပျံ့နှံ့လာနေသည်မှာ ကြောက်ခမန်းလိလိ တုန်လှုပ်ဖွယ်အခြေအနေရောက်နေပြီ ဖြစ်သည်။ ကျောင်းသူကျောင်းသားများအပါအဝင် ဗီယက်နမ်နိုင်ငံတစ်ဝန်းလုံးတွင် မူးယစ်ဆေးစွဲသူ ၉၇၀၀၀ ကျော်ကို စာရင်းပြုစုထားသည်ဟု ယင်းဝန်ကြီးဌာနကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့တွင် ဘိန်းဖြူရောင်းဝယ်ရာ၌ အထူးအရေးပါသော နေရာလေးနေရာ၌ တပ်ဆင်ထားသည့် လျှို့ဝှက်ထောက်လှမ်းရေး ကင်မရာများသည် နာရီပိုင်းအတွင်း မူးယစ်ဆေးဝါးအရောင်းအဝယ်ဖြစ်နေပုံ ၁၀၀၀ ကျော်ကို တိတ်ပုံရိုက်ယူနိုင်ခဲ့ကြောင်း နိုင်ငံတော်သတင်းစာ 'သန်ညီ (လူငယ်)' တွင် ဒီဇင်ဘာလ ၂၅ ရက်နေ့က ရေးသားဖော်ပြသည်။ အဆိုပါ ကင်မရာမှရရှိသော ဗီဒီယိုတိပ်ခွေများကို သက်သေအထောက်အထားအဖြစ် အသုံးပြုကာ မူးယစ်ဆေးဝါးရောင်းဝယ်သူများအပါအဝင် လူအများအပြားကို ဗီယက်နမ်ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း သတင်းစာတွင် ဖော်ပြထားသည်။ အမေရိကန်ဒေါ်လာ ၂၃၄၅၀ တန်ဖိုးရှိ

ဘိန်းဖြူများ ငါးနာရီအတွင်း အရောင်းအဝယ်ဖြစ်နေပုံများကို ဗီဒီယိုတိပ်ခွေ များက ပြသနေသည်။ ဂရမ် ၁၀၀ သို့မဟုတ် ၁၀၀ အထက် ရှိသော ဘိန်းဖြူမှောင်ခို ရောင်းဝယ်သည်ကို တွေ့ရှိပါက ဗီယက်နမ်ဥပဒေအရ သေဒဏ် သို့မဟုတ် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ကျခံရမည်ဖြစ်သည်။ ဗီယက်နမ်တောင်ပိုင်း ဟိုချီမင်းမြို့တော်နှင့် ဟနွိုင်းမြို့တို့တွင် ဘိန်းဖြူတစ်ကီလိုဂရမ် လျှင် အမေရိကန်ဒေါ်လာ ၁၅၀၀၀ မှ ၁၉၀၀၀ အထိ လက်ကား ဈေးပေါက်နေသည်။ ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလအထိ မူးယစ်ဆေးဝါးမှုဖြင့် လူ ၅၀ ကျော်ကို သေဒဏ်ပေးပြီး လူ ၂၀၀၀ ကို ဖမ်းဆီးထားသည်ဟုလည်း သတင်းစာ၌ ရေးသားဖော်ပြ ထားသည်။

စီးပွားရေး – ၂၀၀၀ ပြည့်နှစ်အတွင်း ဗီယက်နမ်နိုင်ငံ၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး တိုးတက်မှုမှာ ၆ ဒသမ ၅ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းသို့ ရောက်ရှိမည်ဟု ခန့်မှန်းထား ကြောင်း ဗီယက်နမ်သတင်းဌာန ဗွီအင်အေက ဩဂုတ်လ ၂၃ ရက် နေ့က ရေးသားဖော်ပြသည်။ နှစ်၏ ပထမ ၆ လတွင် စုစုပေါင်း ပြည်တွင်းအသားတင် ထုတ်လုပ်မှုမှာ နှစ်ချင်းအလိုက်တွင် ၆ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ပို့ကုန်တန်ဖိုးမှာ ရည်မှန်းထားသော ၁၁ မှ ၁၂ ရာခိုင်နှုန်း ထက်ပိုပြီး ၁၇ ရာခိုင်နှုန်း အထိ ရောက်ရှိမည်ဟု မျှော်မှန်းထားသည်။ ၂၀၀၀ ပြည့်နှစ်အတွင်း ဗီယက်နမ် နိုင်ငံ၏ ဘတ်ဂျက်ဝင်ငွေမှာ အမေရိကန် ဒေါ်လာ ၅ ဒသမ ၅၄ မှ ၅ ဒသမ ၆၁ ဘီလီယံအထိ ရှိမည်ဟု ခန့်မှန်းထားရာ အမေရိကန်ဒေါ်လာ ၂၁၄ သန်းမှ ၂၈၅ သန်း အထိ ခန့်မှန်းထားသည်ထက် သာလွန်သည်။ ဗီယက်နမ်နိုင်ငံ ၏ သစ်တောနှင့်ငါးလုပ်ငန်းတို့တွင် ၅ ရာခိုင်နှုန်း၊ စက်မှုထွက်ကုန်တွင် ၁၅ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းတွင် ၆ ရာခိုင်နှုန်း တိုးတက်လာနိုင်ကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၃ ဒသမ ၃ မှ ၄ ရာခိုင်နှုန်း ၁၀ ဒသမ ၅ မှ ၁၁ ရာခိုင်နှုန်းနှင့် ၅ ဒသမ ၅ ရာခိုင်နှုန်းအထိ အသီးသီး တိုးတက်လာမည် ဖြစ်ကြောင်း စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ခန့်မှန်း ထားသည်။

ဗီယက်နမ်နိုင်ငံ၏ စက်မှုထုတ်ကုန်တန်ဖိုးမှာ ပထမ ရှစ်လတွင် အမေရိကန်ဒေါ်လာ သန်း ၉၇၀၀ ရှိကြောင်း၊ နှစ်အလိုက် တိုးတက်မှု ၁၅ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ်သတင်းဌာနက ဩဂုတ်လ ၃၀ ရက်နေ့တွင် ရေးသားဖော်ပြသည်။ ယင်းထုတ်လုပ်မှုတန်ဖိုးများအနက် နိုင်ငံပိုင်အခန်းကဏ္ဍမှ အမေရိကန်ဒေါ်လာသန်း ၄၀၀၀၊ နိုင်ငံပိုင်မဟုတ်သောကဏ္ဍမှ ဒေါ်လာသန်း ၂၁၀၀ နှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ ဒေါ်လာသန်း ၃၆၀၀ ပါဝင်ကြောင်း၊ ယင်းကဏ္ဍများ၏ နှစ်အလိုက်တိုးတက်မှုမှာ ၁၂ ဒသမ ၃ ရာခိုင်နှုန်း၊ ၁၈ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၁၇ ဒသမ ၄ ရာခိုင်နှုန်း အသီးသီး ရှိကြောင်း ဗီယက်နမ်နိုင်ငံတွင် စီးပွားရေးအရ အကြီးကျယ်ဆုံး ဆောင်ရွက်သော ဟိုချီမင်းမြို့တော်၏ ရှစ်လအတွင်း စက်မှု ထုတ်ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာသန်း ၂၅၀၀ ရှိပြီး လွန်ခဲ့သောနှစ် ပထမရှစ်လကနှင့် နှိုင်းယှဉ်လျှင် ၁၄ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ဗီယက်နမ်ရှိ နိုင်ငံခြားရေး ဒေသများ၏ နှစ်စဉ်စက်မှုထုတ်ကုန် တန်ဖိုးမှာလည်း နှစ်စဉ်



အလုပ်ပိတ်ရက်ညများတွင် ဟိုချီမင်းမြို့၌ အနားယူအပန်းဖြေရန် သွားလာနေကြသည့် ဗီယက်နမ် အမျိုးသမီးငယ်များ၏ မြင်ကွင်းမှာ စစ်ပြီးခေတ်နောက်ပိုင်း ထူးခြားသည့် ပုံရိပ်တစ်ခုပင်

တိုးတက်လာကြောင်း၊ မြောက်ပိုင်းဆိပ်ကမ်းမြို့တော် ဟိုင်ဖုန်က ၂၆ ရာခိုင်နှုန်း၊ တောင်ပိုင်း ဒွန်နိုင်းပြည်နယ်က ၁၈ ဒသမ ၂ ရာခိုင်နှုန်း ဟန္နိုင်းက ၁၅ ဒသမ ၃ ရာခိုင်နှုန်း အလယ်ပိုင်း ဒါနန်းမြို့ ၁၅ ဒသမ ၁ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ကြောင်း သတင်းဌာနက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ၏ လယ်ယာမြေစိုက်ပျိုးရေးနှင့်သစ်တော ကဏ္ဍပို့ကုန်တန်ဖိုးမှာ ၂၀၀၀ ပြည့်နှစ် ပထမ ၁၀ လတွင် အမေရိကန်ဒေါ်လာ သန်း ၁၉၀၀ ရှိကြောင်း၊ ၁၉၉၉ ခုနှစ် ပထမ ၁၀ လထက် ၈ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ဗီယက်နမ် စီးပွားရေးသတင်းစာက ရေးသားဖော်ပြသည်။ ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလကုန်တွင် ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍပို့ကုန်တန်ဖိုးမှာ ဗီယက်နမ်တစ်နိုင်ငံလုံး၏ စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၁၆ ရာခိုင်နှုန်းသာ ရှိနေသေးသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပို့ကုန်များတွင် ဆန်စပါး၊ ကော်ဖီ၊ ရော်ဘာ၊ လက်ဖက်၊ သီဟိုဠ်သရက်၊ ငရုတ်ကောင်း၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် အသား၊ ငါးများ ပါဝင်သည်။ ပထမ ၁၀ လပိုင်းတွင် လယ်ယာကဏ္ဍပို့ကုန်မှ အမေရိကန် ဒေါ်လာ သန်း ၁၆၀၀ ရရှိခဲ့သည်။ ယင်းငွေပမာဏမှာ ၁၉၉၉ ခုနှစ် အလားတူကာလက ဝင်ငွေထက် ၉ ရာခိုင်နှုန်း ကျဆင်းသွားသည်။ ပထမ ၁၀လအတွင်း ဆန်စပါး တန်ချိန် စုစုပေါင်း၃ ဒသမ ၁ သန်း တင်ပို့ရောင်းချခဲ့ရာ အမေရိကန် ဒေါ်လာ ၅၉၃ သန်းရရှိခဲ့သည်။ ၁၉၉၉ ခုနှစ် ပထမ ၁၀ လနှင့် နှိုင်းယှဉ်လျှင် ၂၂ ရာခိုင်နှုန်း ကျဆင်းပြီး ပို့ကုန်တန်ဖိုး ၃၅ ရာခိုင်နှုန်း ကျဆင်းသွားခြင်းဖြစ်သည်။

သင့်ဘ၀ – ဦးရဲလွင်

ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ချက်များ (၂၀၀၀)။ ။ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားတိုးတက်ဆုံးသော နိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ဦးဆောင်နိုင်ငံကြီး ဖြစ်သည့်အားလျော်စွာ သာသနာတော်ကြီးအတွက် ဆောင်ရွက်ချက်များမှာ များစွာအားရဝမ်းသာဖွယ်ရာ ဖြစ်ပေသည်။ သာသနာရေးဆိုင်ရာလုပ်ငန်းရပ်များကို ဆောင်ရွက်ရာ၌ သာသနာ့ဦးသျှောင် မဟာထေရ်မြတ်ကြီးများ၏ ဩဝါဒ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရ၏ စွမ်းစွမ်းတမံ ချီးမြှောက်ထောက်ပံ့မှု၊ ပြည်သူတို့၏ သဒ္ဓါ စေတနာ စိတ်ထက်သန်မှုတို့ဖြင့် ဆရာဒကာ ညီညာလက်တွဲ



စတုတ္ထအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌမအစည်းအဝေး သဘာပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတ မဟာထေရ်မြတ်

လုပ်ဆောင်ကြသဖြင့် အောင်မြင်ပြီးမြောက် လိုရာခရီး ရောက်ကြခြင်းပင်ဖြစ်သည်။

သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့်ဖြင့်ဆောင်ရွက်ခြင်း

နိုင်ငံတော်အတွင်းတွင် ရဟန်းတော်ပေါင်း (၁၇၀၁၆၅) ပါး၊ သာမဏေပေါင်း (၂၄၄၄၀၂) ပါး၊ ဘုန်းတော်ကြီးကျောင်းပေါင်း (၅၁၈၁၄) ကျောင်း၊ သီလရှင်ပေါင်း (၂၆၂၃၂) ပါး၊ သီလရှင်ကျောင်းပေါင်း (၂၆၉၉) ကျောင်းရှိသည်။ အားလုံးသော ရဟန်းသာမဏေများ၊ သာသနာ့နွယ်ဝင် သီလရှင်များသည် သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့်အောက်တွင် ရှိနေကြပေသည်။ သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့် အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ပြည်နယ်၊ တိုင်း သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းပြီး၊ သာသနာတော်သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးလုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပေသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ အစည်းအဝေးများ

စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါး စုံညီအစည်းအဝေးများကို လေးလလျှင်တစ်ကြိမ် ပုံမှန်အားဖြင့် ကျင်းပရာ၊ ၂၀၀၀ ပြည့်နှစ်အတွင်းတွင် အစည်းအဝေး (၃) ကြိမ် ကျင်းပခဲ့သည်။ စတုတ္ထအကြိမ် နိုင်ငံတော်

သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ဆဋ္ဌရသမအစည်းအဝေးကို ၂၀၀၀ ပြည့်နှစ်၊ မတ်လ (၁၁) ရက်မှ (၁၂) ရက်အထိလည်းကောင်း၊ (၄၇) ပါးစုံညီ သတ္တရသမအစည်းအဝေးကို ဇူလိုင်လ (၈) ရက်နေ့မှ (၉) ရက်အထိလည်းကောင်း၊ (၄၇) ပါးစုံညီ အဋ္ဌာရသမအစည်းအဝေးကို ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁၇) ရက်မှ (၁၈) ရက်အထိလည်းကောင်း၊ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဝမ္မသဘင်တွင် ကျင်းပခဲ့ပြီး၊ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာများကို ညှိနှိုင်း ဆွေးနွေးတော်မူကြသည်။

ကိုးဆောင်ကျောင်းတိုက် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသောဘိတမဟာထေရ်မြတ် (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) က အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ မိန့်ကြားတော်မူပြီး၊ အစည်းအဝေးက ရွေးချယ်တင်မြှောက်ခြင်း (၁) ရပ်၊ မှတ်တမ်းတင်ခြင်း (၈) ရပ်၊ အတည်ပြုခြင်း (၃) ရပ်၊ ဆုံးဖြတ်ခြင်း (၈) ရပ်တို့ကို ချမှတ်ဆောင်ရွက်တော်မူသည်။

ဝိနိစ္ဆယဆိုင်ရာလုပ်ငန်းများ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံး



၂၀၀၀ ပြည့်နှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားတွင် ဗိုလ်ချုပ်ကြီးမောင်အေး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးတစ်ပါးအား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး

စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကို ၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း (၁၁) ရက်မှ (၁၃) ရက် (၂၀၀၀ ပြည့်နှစ်၊ မတ်လ (၁၅) ရက်မှ (၁၇) ရက်အထိ) ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပရာ၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအပါအဝင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင်များ ၇၅ ရာခိုင်နှုန်းကျော် တက်ရောက်တော်မူကြသည်။

ထိုအစည်းအဝေးတွင် အစည်းအဝေးသဘာပတိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မြင်းခြံမြို့၊ လုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ၊ သံဃနာယကလက်စွဲ၊ စသည်တို့နှင့်အညီ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များပါဝင်သော နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့များကို ဖွဲ့စည်း၍၊ သာသနာဆိုင်ရာမှုခင်းများကို စစ်ဆေးဆုံးဖြတ်ခဲ့ရာ ၂၀၀၀ ပြည့်နှစ်အတွင်းတွင် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ (၉) ဖွဲ့တို့က ဝိနိစ္ဆယမှုခင်းပေါင်း (၂၁) မှုကို စစ်ဆေးဆုံးဖြတ်ခဲ့သည်။

ဗုဒ္ဓဘာသာစာမူများကို စိစစ်ခြင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ပုံနှိပ်ထုတ်ဝေရန် တင်ပြလာသော ဗုဒ္ဓဘာသာဆိုင်ရာစာမူများကို စိစစ်ဆုံးဖြတ်ပေးသည်။ ဗုဒ္ဓဘာသာဆိုင်ရာစာမူပေါင်း (၃၃၆) မှ အနက် (၂၁၈) မှုကို ပြင်ဆင်ချက်မရှိ ထုတ်ဝေခွင့်ပြုခဲ့သည်။

ပြင်ဆင်၍ ထုတ်ဝေခွင့်ပြုသော စာမူ (၂၀) မူ၊ ဖြုတ်ပယ်၍ ထုတ်ဝေခွင့်ပြုသော စာမူ (၅၄) မူ၊ ပြင်ဆင်ဖြုတ်ပယ်၍ ထုတ်ဝေခွင့်ပြုသော စာမူ (၂၉) မူ၊ ပြင်ဆင်ရေးသားစေ၍ ပြန်လည်တင်ပြရန် စာမူ (၄) မူ၊ ထုတ်ဝေခွင့်မပြုသော စာမူ (၆) မူ၊ သက်ဆိုင်ရာသို့ပြန်ပို့ရန် စာမူ (၅) မူ ရှိသည်။

**တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ**

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၉၄၈ ခုနှစ်မှ စ၍ နှစ်စဉ်မပျက်ကျင်းပခဲ့ရာ၊ ၅၂ ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၆၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၄) ရက် တနင်္ဂနွေနေ့မှ ပြာသိုလပြည့်ကျော် (၇) ရက်၊ ကြာသပတေးနေ့အထိ (၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၆) ရက်မှ ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့အထိ) (၃၃) ရက်တိုင်တိုင် ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သည်။

အဆိုပါစာမေးပွဲမှ တိပိဋကဓရ၊ တိပိဋကကောဝိဒ အောင် သာသနာ့အာဇာနည်အရှင်မြတ် (၂) ပါး၊ တိပိဋက ဓရအောင် (၁) ပါး၊ ဒီဃနိကာယကောဝိဒအောင် (၁) ပါး၊ မူလအဘိဓမ္မိကအောင် (၂) ပါး၊ ဝိနယ ကောဝိဒအောင် (၅) ပါး၊ ဝိနယဓရအောင် (၆) ပါး၊ ဥပတောဝိဘင်္ဂ ကောဝိဒအောင် (၁၈) ပါး၊ ဥပတောဝိဘင်္ဂဓရအောင် (၁၄) ပါးတို့ ပေါ်ထွန်းခဲ့သည်။

တိပိဋကဓရ၊ တိပိဋကကောဝိဒအောင် သာသနာ့အာဇာနည်အရှင်မြတ် (၂) ပါးမှာ မင်းကွန်းမိုးမိတ်ကုန်းမြေ၊ တိပိဋက နိကာယကျောင်းတိုက်မှ အရှင်သီလက္ခန္ဓာဘိဝံသ (၃၆ နှစ်၊ ၁၆ ဝါ) နှင့် အရှင်ဝံသပါလာလင်္ကာရ (၃၄ နှစ်၊ ၁၅ ဝါ) တို့ ဖြစ်ကြသည်။

ထိုစာအောင်သံဃာများအား ချီးကျူးပူဇော်သည့် (၅၂) ကြိမ်မြောက် တိပိဋကဓရချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲအခမ်းအနားကို ၁၃၆၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၃) ရက် (၂၀–၅–၂၀၀၀) စနေနေ့ နံနက် (၈) နာရီအချိန်တွင် မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ခမ်းနားစွာ ကျင်းပခဲ့သည်။

**ဓမ္မာစရိယစာမေးပွဲ**

၂၀၀၀ ပြည့်နှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို နိုင်ငံတော်တစ်ဝန်းလုံးတွင် ၂၀၀၀ ပြည့်နှစ်၊ မတ်လ (၂၂) ရက်နေ့မှ ဧပြီလ (၁) ရက်နေ့အထိ ကျင်းပခဲ့ရာ စာရင်းသွင်းသူ (၁၂၃၃၀)ပါး၊ ဖြေဆိုသူ (၁၀၂၇၁) ပါး ရှိ၍၊ ကျမ်းရင်းသုံးကျမ်းအောင် (၂၃၅) ပါး၊ ကျမ်းရင်းနှစ်ကျမ်းအောင် (၂၇၈) ပါး၊ ကျမ်းရင်းတစ်ကျမ်းအောင် (၄၁၈) ပါး၊ မြန်မာဂုဏ်ထူးကျမ်းအောင် (၆) ပါး၊ ပါဠိဂုဏ်ထူးကျမ်းအောင် (၃) ပါး၊ စုစုပေါင်း (၉၄၀) ပါး၊ အောင်မြင်တော်မူကြသည်။

**ပြည်နယ်၊ တိုင်းအလိုက် ပထမပြန်စာမေးပွဲများ ကျင်းပခြင်း**

ပထမပြန်စာမေးပွဲများကို ၁၉၉၉ ခုနှစ်က စတင်၍ ပြည်နယ်၊ တိုင်းအလိုက် ကျင်းပခဲ့ရာ၊ ၂၀၀၀ ပြည့်နှစ်တွင်လည်း မတ်လမှ ဧပြီလအထိ ပြည်နယ်နှင့်တိုင်းများတွင် ကျင်းပခဲ့သည်။ ၂၀၀၀ ပြည့်နှစ်၊ ပြည်နယ်၊ တိုင်းများအလိုက် ကျင်းပသော ပထမပြန်စာမေးပွဲ စာရင်းသွင်းဖြေဆိုအောင်မြင် စာရင်းချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်–

| အတန်း | စာရင်းသွင်း | ဖြေဆို | အောင်မြင် |
|---|---|---|---|
| ပထမကြီးတန်း | ၁၁၆၅၂ | ၁၀၀၄၄ | ၃၄၅၀ |
| ပထမလတ်တန်း | ၁၇၆၄၉ | ၁၅၆၀၆ | ၇၃၈၉ |
| ပထမငယ်တန်း | ၂၀၀၆၃ | ၁၇၉၃၈ | ၉၃၃၂ |
| အခြေပြုမူလတန်း | ၂၀၈၆၃ | ၂၄၁၇၈ | ၁၄၆၇၃ |
| စုစုပေါင်း | ၇၀၂၂၇ | ၆၇၇၆၆ | ၃၄၈၄၄ |

ပြည်နယ်၊ တိုင်းအလိုက် ကျင်းပပြုလုပ်သော ပထမပြန်စာမေးပွဲများတွင် အတန်းလိုက် ပထမ၊ ဒုတိယ၊ တတိယ စသည့် အထူးအောင်ပုဂ္ဂိုလ်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ၂၉–၅–၂၀၀၀ မှ ၃၁–၅–၂၀၀၀ အထိ ပထမကျော်စသည့် အထူးအောင် ရွေးချယ်ရေးစာမေးပွဲကို ကျင်းပပြုလုပ်ခဲ့သည်။

၂၀၀၀ ပြည့်နှစ်၊ ပထမပြန်စာမေးပွဲလုပ်ငန်း အတွေ့အကြုံများကို အခြေခံ၍၊ လိုအပ်ချက်များကို ပြည့်စွက်ဆောင်ရွက်သွားနိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကမ္ဘာအေးကုန်းမြေ၊ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁၉) ရက် (၂၀) ရက်များတွင် ကျင်းပခဲ့သည်။

**အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ**

၂၀၀၀ ပြည့်နှစ်၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၃) ရက်မှ (၂၅) ရက်နေ့ထိ ကျင်းပခဲ့ရာ၊ အဘိဓမ္မာရိုးရိုးတွင် (၈၉၆၂) ဦး၊ အဘိဓမ္မာဂုဏ်ထူးဆောင်တွင် (၉၂၀) ဦး၊ ဝိသုဒ္ဓိမဂ်တွင် (၇၀၃) ဦးတို့ ဖြေဆိုရန် စာရင်းပေးသွင်းကြသည်။ ယင်းတို့အနက် အဘိဓမ္မာရိုးရိုးတွင် (၇၂၁၁) ဦး၊ အဘိဓမ္မာဂုဏ်ထူးတွင် (၁၁၀၆) ဦး၊ ဝိသုဒ္ဓိမဂ်တွင် (၄၈၈) ဦး အောင်မြင်ကြသည်။

နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲ

နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲ ကို(၁၉၉၂) ခုနှစ်က စ၍ ကျင်းပခဲ့ရာ ၂၀၀၀ ပြည့်နှစ်၊ အဌမအကြိမ် နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲကို ၂၀၀၀ ပြည့်နှစ်၊ ဇွန်လ (၅) ရက်မှ (၉) ရက်နေ့အထိ စာဖြေဌာန (၆၂) ဌာနတို့၌ ကျင်းပရာ အောင်မြင်သူပေါင်း (၁၄၁၇) ပါးရှိသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲများ

ဗုဒ္ဓဘာသာဝင်တို့၏ ရင်သွေးသားငယ်သမီးငယ်များသည် ဗုဒ္ဓဘာသာသာသနာတော်ကို ကြည်ညိုလေးစားတတ်သည့် သာသနာမျိုးဆက်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးရန်နှင့် ဗုဒ္ဓဘာသာကလေးသူငယ်များ ဘာသာသာသနာရေးအတွက် ပိုမိုနားလည်လေ့ကျင့်ပေးနိုင်စေရန် ရည်ရွယ်၍ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပပေးခဲ့ရာ၊ ၂၀၀၀ ပြည့်နှစ်၊ (၁၇) ကြိမ်မြောက် ဗုဒ္ဓဘာသာစာမေးပွဲ၌ ပြည်နယ်၊ တိုင်းအသီးသီးတွင် လက်ခံရရှိသောစာရင်းအရ မြို့နယ်ပေါင်း (၁၉၀) မြို့နယ်၊ စာရင်းပေးသွင်းသူပေါင်း (၁၁၃၃၄၇) ဦး၊ ဖြေဆိုသူပေါင်း (၉၇၉၄၄) ဦး၊ အနက် ရိုးရိုးအောင်မြင်သူပေါင်း (၆၁၄၆၀) ဦး၊ ဂုဏ်ထူးဖြင့်အောင်မြင်သူပေါင်း (၂၄၁၆၃) ဦး၊ သုံးဘာသာဖြင့်အောင်မြင်သူပေါင်း (၆၉၇၈) ဦး၊ စုစုပေါင်း (၉၂၆၀၁) ဦး အောင်မြင်ကြသည်။

နယ်စပ်နှင့်တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများ

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်၊ တိုင်းအသီးသီးတွင် နယ်စပ်နှင့်တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများအတွက် မြို့နယ်များ၌ သာသနာပြုလုပ်ငန်းများကို (၁၉၉၁) ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့ရာ၊ ယခုအခါ သာသနာပြုဌာနပေါင်း (၃၉၁) ဌာနရှိသည်။ သာသနာပြုရဟန်းတော်များ၊ သီလရှင်များကိုလည်း ပြည်နယ်၊ တိုင်းအသီးသီးတွင် တာဝန်ပေးအပ်ခဲ့ရာ၊ သာသနာပြုရဟန်းတော်ပေါင်း (၄၉၁) ပါး၊ သာသနာပြုသီလရှင်ပေါင်း (၃၅) ပါးရှိသည်။

ထို့အပြင် နယ်စပ်နှင့်တောင်တန်းဒေသများတွင် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရာ၌ နေရာဒေသ အချိန်အခါမရွေး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် လူပုဂ္ဂိုလ်သာသနာပြုများကိုလည်း ခန့်ထားတာဝန်ပေးအပ်ခဲ့ရာ၊ (၈၆၃) ဦးရှိပြီဖြစ်သည်။ ယင်းတို့အတွက် သာသနာပြုလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်၍ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြစေရန် သာသနာပြုသင်တန်းများကိုလည်း အခါအားလျော်စွာ ဖွင့်လှစ်ပေးလျက်ရှိသည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ

နယ်စပ်နှင့်တောင်တန်းဒေသများရှိ တိုင်းရင်းသားကလေးလူငယ်များ၊ မိဘမဲ့ကလေးငယ်များ၊ ဆင်းရဲချို့တဲ့သည့်ကလေး ငယ်များ ပညာရည်နို့သောက်စို့နိုင်ရန် ရည်ရွယ်၍၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို တစ်ပြည်လုံးတွင် ဖွင့်လှစ်ခဲ့ရာ၊ တစ်နိုင်ငံလုံးတွင် ကျောင်းပေါင်း (၉၇၃) ကျောင်းရှိပြီး၊ သာမဏေ (၆၃၈၈) ပါး၊ သီလရှင် (၈၇၃) ပါး၊ ကျောင်းသား (၆၃၁၉၀) ဦး၊ ကျောင်းသူ (၄၇၈၈၄) ဦး ပညာသင်ကြားခဲ့သည်။

အလားတူပင် သီလရှင်သင် (အမျိုးသမီး) ပညာရေးကျောင်းများကိုလည်း သီလရှင်ကျောင်းများ၌ ဖွင့်လှစ်ခဲ့ရာ၊ တစ်ပြည်လုံးတွင် ကျောင်းပေါင်း (၁၀) ကျောင်းရှိ၍၊ သီလရှင်ကလေးများနှင့် ကျောင်းသူပေါင်း (၁၀၄၆) ဦး ပညာသင်ကြားနေကြသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော် ကမ္ဘာတစ်ဝန်း ပြန့်ပွားစေရန် စသည့်ရည်ရွယ်ချက်များချမှတ်လျက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ၉–၁၂–၉၈ မှစ၍ ဖွင့်လှစ်ခဲ့ရာ၊ ၁၉၉၈–၉၉ ဒီပလိုမာအောင်လက်မှတ်ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားကို ၁၂–၁၁–၉၉ ရက်နေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ ၂၀၀၀–၂၀၀၁ ပညာသင်နှစ် ဗုဒ္ဓဝမ္မဒီပလိုမာသင်တန်းနှင့် ဘီအေ (ပဌမနှစ်) သင်တန်း နှုတ်ဖြေစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး၊ ပြည်တွင်းပြည်ပမှ သံဃာတော်၊ သီလရှင်၊အမျိုးသား၊အမျိုးသမီးများ ၁၀၆ ဦးသည် ၁–၆–၂၀၀၀ရက်နေ့မှစ၍ တက်ရောက်သင်ကြားလျက်ရှိသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) နှင့် (မန္တလေး) ကို ၁၉၈၆ ခုနှစ်ကပင် စတင်ဖွင့်လှစ်၍၊ ပြည်တွင်းပြည်ပ သာသနာပြုနိုင်စွမ်းသောရဟန်းတော်များ ပေါ်ပေါက်လာစေရန်နှင့် ကျေးလက်တောရွာမကျန် နေထိုင်သီတင်းသုံးလျက်၊ သာသနာပြုနိုင်သည့် စိတ်ဓာတ်မျိုး၊ အလေ့အကျင့်မျိုး ရရှိစေရန် ရဟန်းတော်များအား ပညာသင်ကြားပေးလျက်ရှိသည်။ သင်တန်းဆင်းရဟန်းတော်များကို သာသနတက္ကသီလဓမ္မာစရိယနှင့်သာသနာ့တက္ကသိုလ မဟာဓမ္မာစရိယ ဘွဲ့များကို ချီးမြှင့်အပ်နှင်းသည်။

၂၀၀၀ ပြည့်နှစ်၊ ဆဌမအကြိမ် သာသနတက္ကသီလဘွဲ့နှင်းသဘင် အခမ်းအနားကို ၁၀–၁၂–၂၀၀၀ နေ့တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) တွင်

ကျောင်းပရာ၊ သာသနတက္ကသိုလ မဟာဓမ္မာစရိယဘွဲ့ခံ (၁၁) ပါး၊ သာသနာတက္ကသိုလ ဓမ္မာစရိယဘွဲ့ခံ (၆၃) ပါး တို့အား ဘွဲ့လက်မှတ်များ ဆက်ကပ်အပ်နှင်းခဲ့သည်။

**သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ပွဲအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပခြင်း**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၄) ရက်၊ လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၀ ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အပ်နှင်းကြောင်း ထုတ်ပြန်ကြေညာခဲ့ရာ၊ ထိုကြေညာချက်အရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင် များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ လှူဒါန်းဆက်ကပ်အပ်နှင်းပူဇော်ပွဲ အခမ်းအနားကို ၁၃၆၂ ခုနှစ်၊ တပေါင်းလပြည့် (၂၀၀၀ ပြည့်နှစ်၊ မတ်လ (၁၉) ရက်) တနင်္ဂနွေနေ့ နေ့လယ် (၁၂) နာရီအချိန်တွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းခြင်းခံရသည့် ပြည်တွင်းပြည်ပဆရာတော် (၂၂၃) ပါး၊ သာသနာ့နွယ်ဝင်သီလရှင် (၉) ပါးနှင့် ဘွဲ့ခံလူပုဂ္ဂိုလ် (၁၈) ဦးကြွရောက်ကြပြီး၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးနှင့် ဇနီး အမှူးပြုသော အကြီးအကဲများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘာသာရေး၊ သာသနာရေး အသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ နှီးဆော်မှုဖြင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကမ္ဘာအေးကုန်းမြေ၊ လိုဏ်ဂူတော်ကြီးဝန်းကျင်တွင် ကျင်းပရာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်း ပူဇော်ခြင်းခံရသည့် ဆရာတော်သံဃာတော်(၂၂၂) ပါး၊ စတုတ္ထအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ တက်ရောက်တော်မူကြသည့် ဆရာတော်ကြီး (၃၇၅) ပါးနှင့် ဘွဲ့ခံသီလရှင်ဆရာကြီး (၉) ပါး၊ စုစုပေါင်း (၆၀၆) ပါး ကြွရောက်တော်မူကြပြီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပူဇော်ခြင်းခံရသည့် ဆရာတော်သံဃာတော်များနှင့် သီလရှင်ဆရာကြီးများက အလှူခံယူတော်မူကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၅၇၆ သိန်းကျော်ဖိုးရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဘွဲ့ခံဆရာတော်ကြီးများ၊ စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးပွဲကြီးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများအား လှူဒါန်းပူဇော်ခဲ့သည်။

**လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဖြစ်ထွန်းတည်ထားခြင်း**

မန္တလေးမြို့၊ မြောက်ဘက် (၂၁) မိုင်အကွာ မတ္တရာမြို့နယ်၊ စကျင်ရွာမှ အလျား (၃၇) ပေ၊ (၇) လက်မ၊ အနံ (၂၄) ပေ၊ ထု (၁၁) ပေကျော် အလေးချိန်တန် (၅၀၀) ကျော်ရှိ ထူးခြားသန့်စင်သော သလင်းကျောက်ဖြူတုံးကြီးကို ပန်းတမော့ပညာရှင် ဦးတော်တော်က နိုင်ငံတော်အကြီးအကဲထံ တင်ပြခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မိန့်ကြားချက်အရ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးကို စကျင်တောင်ခြေမှ ရန်ကုန်မြို့သို့ ၁၀-၇-၂၀၀၀ တွင် စတင်ပင့်ဆောင်ခဲ့သည်။

ရုပ်ပွားတော်မြတ်ကြီးပင့်ဆောင်သောသုံးလူ့တောက်ပ ရတနာရွှေဖောင်တော်ကြီးသည် မတ္တရာစကျင် ဆိပ်ကမ်းမှ ၂၄-၇-၂၀၀၀ နေ့တွင် ထွက်ခွာပြီး၊ ဧရာဝတီ မြစ်ကြောင်းတစ်လျှောက် မြို့ (၁၂) မြို့တွင် ဆိုက်ကပ်၍ အပူဇော်ခံခဲ့ရာ၊ ၅-၈-၂၀၀၀ နေ့တွင် ကြို့ကုန်းရတနာရွှေဖောင်တော်ဆိပ်သို့ ရောက်ရှိခဲ့သည်။ ရုပ်ပွားတော်မြတ်ကြီးအား လှေတော်ဝင်းခင်း၍ ကြိုဆိုပင့်ဆောင်သည့်

မင်္ဂလာအခမ်းအနားကို ၅-၈-၂၀၀၀ နေ့ နံနက် (၇) နာရီအချိန်တွင် ကြို့ကုန်းဆိပ်ကမ်း (ရတနာရွှေဖောင်တော်ဆိပ်) ၌ ကျင်းပခဲ့သည်။ ၆-၈-၂၀၀၀ နေ့ နံနက် (၉) နာရီတွင်ရုပ်ပွားတော်မြတ်ကြီးအားမင်္ဂလာ နတ်ပန်းယာဉ်ဖြင့် ပင့်ဆောင်ရေး မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့သည်။

ထို့နောက်မှ ဆက်လက်၍ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးကို မင်္ဂလာနတ်ပန်းယာဉ်ဖြင့် မင်းဓမ္မကုန်းတော်ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ရေး မင်္ဂလာအခမ်းအနားကို ၂၈-၈-၂၀၀၀ တနင်္လာနေ့ နံနက် (၀၇:၃၀) နာရီ အချိန်တွင် ကျင်းပပူဇော်ခဲ့သည်။

လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးတင့်တယ်သပ္ပါယ်စွာ ဖြစ်ထွန်းရေး၊ မင်းဓမ္မကုန်းတော် ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မခင်နွဲ့ဟန်ကြည်

**ဘကြည်၊ ဦး (ပန်းချီဆရာကြီး) (ခရစ် ၁၉၁၂ - ၂၀၀၀)။။** ပန်းချီအနုပညာလောကတွင်ထင်ရှားကျော်ကြားသော ပန်းချီဆရာကြီး ဦးဘကြည်ကို ဖခင် ဦးဘိုးဆင်၊ မိခင် ဒေါ်အေးမေတို့က ၁၉၁၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ကျိုက်ထိုမြို့၌ ဖွားမြင်သည်။

ပန်းချီဆရာကြီး ဦးဘကြည်သည် ငယ်စဉ်ကပင် ပန်းချီရေးဆွဲခြင်းကို ဝါသနာပါသဖြင့် ကျောင်းပညာသင်ယူရင်း ပန်းချီအနုပညာကို လေ့လာဆည်းပူးသည်။ ၁၀ တန်းအောင်မြင်ပြီးနောက် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ယူခဲ့ရာ အိုင်အက်စီတန်း အောင်မြင်သည်။ ဆရာဖြစ်သင်တန်းကိုလည်း တက်ရောက်သည်။ ၁၉၃၃ ခုနှစ်တွင် ဘိလပ်ပြန်ပန်းချီဆရာကြီး ဦးဘဉာဏ် (အာရ်၊ စီ၊ အေ၊ လန်ဒန်) ထံ ပန်းချီပညာ ဆည်းပူးသင်ယူသည်။ ၁၉၄၉ ခုနှစ်တွင် ပြင်သစ်အစိုးရပညာသင်ဆုရရှိပြီး ပါရီအမျိုးသားအဆင့်မြင့်ပန်းချီသိပ္ပံသို့ တစ်နှစ်ပညာသင်ယူခွင့် ရရှိသည်။ ထိုသို့ပညာဆည်းပူးနေစဉ်ကမှာ ပန်းချီပြပွဲကြီး "Le Salon-49" တွင် ဝင်ရောက် ပြသနိုင်ခဲ့ပြီး လန်ဒန်၊ မွန်တီကာလိုမြို့များတွင်ကျင်းပသည့် ပန်းချီပြပွဲကြီးများတွင်လည်း ပါဝင်ပြသသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပထမဆုံး မြန်မာယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့ အဖွဲ့ဝင်အဖြစ် တစ်လကြာ သွားရောက်လေ့လာသည်။



ပန်းချီဆရာကြီး
ဦးဘကြည်

ပန်းချီဆရာကြီး ဦးဘကြည်သည် ၁၉၄၉ ခုနှစ်တွင် လန်ဒန်တော်ဝင်ပန်းချီအသင်းကြီးမှ ရာသက်ပန်အဖွဲ့ဝင်အဖြစ် F.R.S.A ဘွဲ့ ချီးမြှင့်ခံရသည်။ ၁၉၅၂ ခုနှစ်မှစ၍ ရှေးရိုးမြန်မာပန်းချီရေးနည်းကို သုတေသနပြုကာ ဖော်ထုတ်ရေးဆွဲသည်။ ထိုသို့ သုတေသနပြုရေးဆွဲနေဆဲ ပြင်သစ်နိုင်ငံတွင် ပန်းချီပညာဆည်းပူးပြီး ပြန်ရောက်သည့် ၁၉၅၀ ပြည့်နှစ်က ဗိုင်အမ်ဘီအေအသင်းကြီး၏ တာဝန်ပေးအပ်ချက်အရ အဂ္ဂမဟာပဏ္ဍိတအရှင်ဇနကာဘိဝံသ ဆရာတော်ကြီး ရေးသားတော်မူသည့် ဗုဒ္ဓဝင်ကိုပန်းချီဆရာကြီးဦးဘကြည်က ပုံတော်များရေးဆွဲသရုပ်ဖော်သည်။ ဗုဒ္ဓဝင်စာအုပ်ကြီးကို ရေးဆွဲသရုပ်ဖော်ရန် ဆရာတော်ကြီးများထံ ချဉ်းကပ်ခြင်း၊ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်းစသော ကောင်းမှုကုသိုလ်ပြု၍ အထူးစိတ်ကူးစိတ်သန်းကောင်းများဖြင့် ရေးဆွဲခဲ့ရာ ဗုဒ္ဓ၏ မေတ္တာစိတ်နှင့် မေတ္တာတရားတော်များကို ထင်ရှားပေါ်လွင်အောင် သရုပ်ဖော်ရေးဆွဲနိုင်သည်။

ပန်းချီဆရာကြီး ဦးဘကြည်သည် ၁၉၅၈ ခုနှစ်တွင် အမေရိကန်အစိုးရ ပညာသင်ဆုရရှိပြီး အမေရိကန်နိုင်ငံ၊ ဖီလာဒဲလ်ဖီးယားပန်းချီအကယ်ဒမီတွင် တစ်နှစ်ပညာသင်ယူဆည်းပူးခွင့် ရရှိသည်။ ထိုနှစ်မှာပင် ပင်စီလ်ဗေးနီးယားတက္ကသိုလ်၌ ပန်းချီမဟာဝိဇ္ဇာတန်း တက်ရောက်ခွင့်ရရှိသည်။

ပန်းချီဆရာကြီး ဦးဘကြည်သည် မြန်မာ့ပန်းချီလောက၏ ဖခင်ကြီးတစ်ဦးဖြစ်ပြီး မြန်မာ့ရိုးရာပျော်ရွှင်မှုဆိုင်ရာ အကအခုန် သရုပ်ဖော်လက်ရာများ၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဆယ့်နှစ်ရာသီပွဲလမ်းသဘင် သရုပ်ဖော်လက်ရာများ၊ ဇာတ်နိပါတ်ဆိုင်ရာ ဗုဒ္ဓဝင်ပန်းချီကားများ၊ အောင်ခြင်းရှစ်ပါး သရုပ်ဖော်ပန်းချီကားများ ရေးဆွဲရာတွင် အထူးထင်ရှားသည်။ ခေတ်အမြင် ခေတ်အတွေး ခေတ်အရေးဆိုင်ရာ ခေတ်သစ်ပန်းချီလက်ရာများကိုလည်း စိတ်ကူးကောင်းကောင်းဖြင့် ရေးဆွဲလေ့ရှိသည့် စွယ်စုံပန်းချီပညာရှင်ကြီးဖြစ်သည်။



သီရိပျံချီ၊ စည်သူ၊
သရေစည်သူ ဦးဘဌေး

## ဘကြည်၊ ဦး (ပန်းချီဆရာကြီး)

ပန်းချီဆရာကြီး ဦးဘကြည်၏ ထင်ရှားသော ပန်းချီလက်ရာများကို ရန်ကုန်အမျိုးသားပြတိုက်၊ တာ့ရှ်ကင့်ပြတိုက်၊ ပီကင်းအမျိုးသားပြတိုက်၊ ဟော်လန်နိုင်ငံ အမ်စတာဒန်မြို့ရှိ ပန်းချီပြတိုက်၊ ဗုဒ္ဓဂယာတို့တွင် ချိတ်ဆွဲပြသထားသည်။ ရန်ကုန်မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရေးဆွဲ ထားသော စတုရန်းပေ ၃၀၀၀ ရှိ နံရံပန်းချီကားကြီးမှာ ဆရာကြီးအား ကမ္ဘာကျော်စေသည့် မြန်မာမှု သရုပ်ဖော် လက်ရာမွန် ပန်းချီကားကြီးဖြစ်သည်။ ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်ဘုရားတို့တွင်လည်း သမိုင်းဝင် ဆီဆေးပန်းချီ လက်ရာများ ရေးဆွဲထားသည်။ မိတ္ထီလာဝန်ဇင်းဟိုတယ်၊ ရန်ကုန်ကမ်းနားဟိုတယ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်တို့တွင်လည်း ဆရာကြီးရေးဆွဲထားသော နံရံပန်းချီလက်ရာများကို တွေ့မြင်နိုင်သည်။

ပန်းချီဆရာကြီး ဦးဘကြည်သည် ၁၉၃၉ ခုနှစ်က ဖွင့်လှစ်ခဲ့သော စစ်ကြိုခေတ်ပန်းချီပန်းပုကျောင်းတွင် နည်းပြဆရာအဖြစ်လည်းကောင်း၊ ၁၉၄၁ ခုနှစ်က ဖွင့်လှစ်ခဲ့သော ပန်းချီအကယ်ဒမီတွင် ကထိကအဖြစ်လည်းကောင်း၊ ရန်ကုန်ပညာရေး တက္ကသိုလ်တွင် ပန်းချီကထိကအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ပန်းချီကထိက အဖြစ်မှ အငြိမ်းစားယူသည်။

ပန်းချီဆရာကြီးဦးဘကြည်သည် မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံးတွင် ဥက္ကဋ္ဌအဖြစ် ၁၀ ကြိမ်၊ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ဖြစ်မြောက်ရေးကော်မတီဝင်၊ မြန်မာ့စွယ်စုံကျမ်းပြုစုရေးအဖွဲ့ အဖွဲ့ဝင်၊ ရုပ်ရှင်အကယ်ဒမီရွေးချယ်ရေးအဖွဲ့ အဖွဲ့ဝင်၊ ယဉ်ကျေးမှုဌာန ပန်းချီအကြံပေးပုဂ္ဂိုလ် စသည့်တာဝန်များကိုလည်း ထမ်းဆောင်သည်။

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) နာယကအဖြစ်ဆောင်ရွက်လျက်ရှိသော မြန်မာ့ပန်းချီလောက၏ ဖခင်ကြီးတစ်ဦးဖြစ်သည့် ပန်းချီဆရာကြီး ဦးဘကြည်သည် ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်တင်မေနှင့် သားနှစ်ဦး၊ သမီးတစ်ဦး၊ မြေးကိုးဦး၊ မြစ်နှစ်ဦး ကျန်ရစ်သည်။

**ဘဌေး၊ ဦး (သီရိပျံချီ၊ စည်သူ၊ သရေစည်သူ) (ခရစ် ၁၉၀၆ – ၂၀၀၀)။** ။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ သီရိပျံချီ၊ စည်သူ၊ သရေစည်သူ ဦးဘဌေးကို ဖခင်ကုန်သည် ဦးထွေး၊ မိခင် ဒေါ်လေးခင်တို့က ၁၉၀၆ခုနှစ်၊ မတ်လ ၇ ရက်နေ့၌ စစ်ကိုင်းမြို့တွင် ဖွားမြင်သည်။

ဦးဘဌေးသည် ၁၉၂၉ ခုနှစ်၌ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ (ဂုဏ်ထူး) ဘွဲ့ရရှိသည်။ ၁၉၃၃ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့၌ အိန္ဒိယပဋိညာဉ်ခံဝန်ထမ်း ( I.C.S) အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည်။ ၁၉၃၃ ခုနှစ်မှ ၁၉၃၈ ခုနှစ်အထိ ဂန့်ဂေါနယ်ပိုင်ဝန်ထောက်၊ မင်းဘူးနယ်ပိုင်ဝန်ထောက်နှင့် မော်လိုက် နယ်ပိုင်ဝန်ထောက်အဖြစ်လည်းကောင်း၊ ၁၉၃၈ ခုနှစ်မှ၁၉၃၉ ခုနှစ်အထိ ရန်ကုန်အနောက်ပိုင်း ရာဇဝတ်တရားသူကြီးအဖြစ် လည်းကောင်း၊ ၁၉၄၀ ပြည့်နှစ်မှ ၁၉၄၂ ခုနှစ်အထိ သာယာဝတီကြေးတိုင်ဝန်ထောက်၊ ဟင်္သာတကြေးတိုင်ဝန်နှင့် သာယာဝတီကြေးတိုင်ဝန်အဖြစ်လည်းကောင်း၊ ၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ စစ်ကိုင်းခရိုင်နှင့် သရက်ခရိုင် အရေးပိုင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်သည်။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၌ အိန္ဒိယပဋိညာဉ်ခံဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူသည်။

ဦးဘဌေးသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံဝန်ထမ်းအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ ကြေးတိုင်နှင့်မြေစာရင်းမင်းကြီး အဖြစ်လည်းကောင်း၊ ၁၉၅၂ ခုနှစ်မှ ၁၉၅၄ ခုနှစ်အထိ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးဝန်ကြီးဌာနအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၅၄ ခုနှစ်တွင် ဘဏ္ဍာတော်မင်းကြီး (မြေနှင့်ကျေးလက်စည်ပင်သာယာရေး) အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်သည်။ ၁၉၆၃ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင်ဘဏ္ဍာတော်မင်းကြီးအဖြစ်မှ အငြိမ်းစားယူသည်။

ဦးဘဌေးသည် ဘဏ္ဍာတော်မင်းကြီးအဖြစ် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း မြေနှင့်စိုက်ပျိုးရေးစီမံကိန်းကော်မရှင်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၅၈ ခုနှစ်တွင် ရွေးကောက်ပွဲမင်းကြီးအဖြစ်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် ဘီအိုစီ (၁၉၅၄) လီမိတက်၏ ဥက္ကဋ္ဌအဖြစ်

လည်းကောင်း တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်များအတွင်း အပြည်ပြည်ဆိုင်ရာ ကင်းထောက်လူငယ်များအဖွဲ့ မင်းကြီးအဖြစ်လည်းကောင်း၊ အရှေ့တောင် အာရှနိုင်ငံများ၏ ကင်းထောက်လူငယ်များ အကြံပေးအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်သည်။

ဦးဘငွေးသည် နိုင်ငံတော်က ချီးမြှင့်ပေးအပ်သော သီရိပျံချီဘွဲ့ကို ၁၉၄၈ ခုနှစ်တွင်လည်းကောင်း၊ စည်သူဘွဲ့ကို ၁၉၅၃ ခုနှစ်တွင်လည်းကောင်း၊ သရေစည်သူဘွဲ့ကို ၁၉၅၈ ခုနှစ်တွင်လည်းကောင်း ရရှိသည်။

သီရိပျံချီ၊ စည်သူ၊ သရေစည်သူ ဦးဘငွေးသည် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့မှ ကွယ်လွန်ချိန်အထိ နိုင်ငံတော်က ခန့်အပ်တာဝန်ပေးအပ်သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဦးဘငွေးသည် ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါ်မြတင် (မဟာဝိဇ္ဇာ) (ပညာရေး တက္ကသိုလ်၊ ပထဝီဝင်ဌာန၊ အငြိမ်းစားဌာနမှူးနှင့် ပိဋကတ် ဘာသာပြန်စာတည်းကော်မတီ၊ သဘာပတိ) နှင့် သားတစ်ယောက်၊ သမီး ငါးယောက်၊ မြေး ၁၆ ယောက်၊ မြစ် ခြောက်ယောက် ကျန်ရစ်သည်။

**ဘန္ဒရာနိုက်ကေး၊ သီရိမာဗို (၁၉၁၆ – ၂၀၀၀) ။ ။** သီရိမာဗိုဘန္ဒရာနိုက်ကေးမှာ ကမ္ဘာပေါ်တွင် ပထမဆုံးသော အမျိုးသမီးဝန်ကြီးချုပ်ဖြစ်သည်။ ၁၉၅၉ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ခင်ပွန်းဖြစ်သူ သီရိလင်္ကာဝန်ကြီးချုပ် ဒဗလျူ၊ အာရ်၊ ဒီဘန္ဒရာနိုက်ကေးသည် လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသည်။ ထိုအခါ မစ္စက်ဘန္ဒရာနိုက်ကေးသည် ခင်ပွန်းဖြစ်သူ၏ သီရိလင်္ကာ ဖရီးဒန်းပါတီကို ဆက်လက်ဦးဆောင်ပြီး နိုင်ငံရေး လောကထဲ ဝင်ရောက်ခဲ့ရာ သီရိလင်္ကာနိုင်ငံတွင် နှစ်ပေါင်း ၄၀ ကြာမျှ လွှမ်းမိုးခဲ့သည်။ မစ္စက်ဘန္ဒရာနိုက်ကေးသည် ၁၉၆၀ ပြည့်နှစ်တွင် ဝန်ကြီးချုပ်ရာထူး၌ ရွေးကောက်ခံရပြီးဝန်ကြီးချုပ်သက်တမ်း သုံးကြိမ်ထမ်းဆောင်ခဲ့သည်။ ၁၉၆၀ – ၆၅၊ ၁၉၇၀ – ၇၇ နှင့် ၁၉၉၄ ခုနှစ်များတွင် ဝန်ကြီးချုပ် တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပသော သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ သီရိလင်္ကာ



သီရိလင်္ကာနိုင်ငံ
ဝန်ကြီးချုပ်ဟောင်း
သီရိမာဗိုဘန္ဒရာနိုက်ကေး

လွတ်လပ်ရေးပါတီ (အက်စ်အယ်အက်ဖ်ပီ) သမ္မတလောင်း ဝန်ကြီးချုပ်ဟောင်း သီရိမာဗိုဘန္ဒရာနိုက်ကေး ရှုံးနိမ့်ခဲ့ပြီး ယူအင်ပီ သမ္မတလောင်း ဝန်ကြီးချုပ် ရာနာဆင်ဂီ ပရီမာဒါသာက အနိုင်ရရှိခဲ့သည်။ ၎င်းရွေးကောက်ပွဲသည် တရားဥပဒေနှင့် မညီညွတ်ကြောင်း အတိုက်အခံခေါင်းဆောင် ဘန္ဒရာနိုက်ကေးက တရားစွဲဆိုခဲ့သည်။ ၎င်း၏ တရားစွဲဆိုချက်ကို သီရိလင်္ကာတရားရုံးချုပ်သည် ရက်ပေါင်း ၅၂၇ ရက်ကြာကြာ နာစစ်ဆေးပြီးနောက် ပယ်ချခဲ့သည်။

၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလက စွဲဆိုခဲ့သော ထိုအမှုကို အပြီးသတ် စစ်ဆေးခြင်းသည် ၁၉၉၂ ခုနှစ်၊ ဇွန်လတွင် ပြီးစီးခဲ့ရာ သီရိလင်္ကာသမိုင်းတွင် အရှည်ကြာဆုံး စံချိန်တင်ခဲ့သည်။ သက်သေပေါင်း ၉၇၇ ဦးနှင့် အထောက်အထား စာမျက်နှာပေါင်း ၂၇,၀၀၀ မှတ်တမ်းတင်ခဲ့ရသည်။ တရားရုံးချုပ် တရားသူကြီး ငါးဦးစလုံးက တညီတညွတ်တည်း ပယ်ချခဲ့ခြင်းဖြစ်သည်။

လူဦးရေ ၁၉ သန်းကျော်ရှိပြီး ဧရိယာ အကျယ်အဝန်း ၂၅၃၃၂. စတုရန်းမိုင်ရှိသော သီရိလင်္ကာနိုင်ငံတွင် ဆင်ဟာလိစ် လူမျိုးက ၇၄ ရာခိုင်နှုန်းရှိပြီး တမီးလ်တို့က ၁၄ ရာခိုင်နှုန်း ရှိသည်။

တမီးလ်နိုင်ငံတော် လွတ်မြောက်ရေး ကျားအဖွဲ့ (Liberation Tigers of Tamil Eelam - LTTE) သည် လူနည်းစုဖြစ်သော တမီးလ်လူမျိုးများ၏ ကိုယ်ပိုင်နိုင်ငံ ထူထောင်ရန် ၁၉၈၃ ခုနှစ်မှစ၍ လက်နက်ကိုင် တိုက်ခိုက်လျက်ရှိသည်။ ၁၇ နှစ်ကြာ ပြည်တွင်းစစ်ကြောင့် လူပေါင်း ခုနစ်သောင်းကျော် သေဆုံးခဲ့သည်။ ဂျဖနာမြို့သိမ်းတိုက်ပွဲမှာ ယခုတိုင် ပြင်းထန်နေဆဲဖြစ်သည်။

တမီးလ် ကျားသူပုန်များ၏ အသေခံတပ်ဖွဲ့ကို 'ကျားနက်' ဟု ခေါ်ပြီး အမျိုးသမီး အသေခံဖုံးခွဲအဖွဲ့ကို 'လွတ်လပ်ရေး ငှက်များ' ဟု ခေါ်သည်။ တမီးလ် သူပုန်ခေါင်းဆောင်မှာ ဗီလူးပီလေးပရာဘာကရန် ဖြစ်သည်။

၁၉၉၃ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ကိုလံဘိုမြို့ အသေခံဗုံးဖောက်ခွဲရေးသမားတစ်ဦး၏ လက်ချက်ကြောင့် သမ္မတရာနာဆင်ဂိပရီမာဆာဒါ သေဆုံးခဲ့သည်။ သမ္မတပရီမာဆာဒါ လုပ်ကြံခံရပြီးနောက် ဩဂုတ်လ ၁၆ ရက်နေ့တွင် ရွေးကောက်ပွဲပြုလုပ်သောအခါ သီရိမာဗိုဘန္ဒရာနိုက်ကေး၏ သမီး ချန်ဒရိကာကုမာရတွန်ဂါဦးဆောင်သော ပြည်သူ့မဟာမိတ်ပါတီက အမတ်နေရာ ၂၂၅ နေရာအနက် ၁၀၅ နေရာရပြီး အနိုင်ရရှိခဲ့သည်။ မစ္စက်ဘန္ဒရာနိုက်ကေးမှာ နာမည်ပျက်စာရင်း၌ မှတ်သွင်းခြင်းခံရ၍ ရွေးကောက်ပွဲများ၌ ဝိုင်းပယ်ခံခဲ့ရသည်။

ဤသို့ဖြင့် ကုမာရတွန်ဂါသည် ၁၉၉၄ ခုနှစ်တွင် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ နိုဝင်ဘာလတွင် ကျင်းပသော ရွေးကောက်ပွဲ၌ သမ္မတအဖြစ် တင်မြှောက်ခြင်းခံရသည်။ ထိုအခါ မိခင်ဖြစ်သူ မစ္စက်ဘန္ဒရာနိုက်ကေးအား ဝန်ကြီးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့သည်။

သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်အဖြစ် တာဝန်ယူနေစဉ် မစ္စက် ဘန္ဒရာနိုက်ကေးမှာ အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေး ယိုယွင်းလာခဲ့သည်။ လမ်းမလျှောက်နိုင်သဖြင့် ဘီးတပ်ကုလားထိုင်ဖြင့်သာ သွားလာနေရသည်။

၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လတွင် မစ္စက်ဘန္ဒရာနိုက်ကေးသည် လက်ရှိဝန်ကြီးချုပ်ရာထူးကိုစွန့်လွှတ်ကာ အနားယူခဲ့သည်။ ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင်မူ ကမ္ဘာ့ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ်ဖြစ်သူ သီရိမာဘိုဘန္ဒရာနိုက်ကေး ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

သူမ၏ ဇာတိမြေတွင် ပါလီမန်ရွေးကောက်ပွဲအတွက် မဲပေးခဲ့ပြီး ကိုလံဘိုသို့ အပြန်ခရီးတွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ ကွယ်လွန်ချိန်တွင် အသက် ၈၄ နှစ်ရှိပြီ ဖြစ်သည်။

နုနုယဉ်

**မလေးရှားနိုင်ငံ။** ။ မလေးရှားလူမျိုးတို့သည် လူမျိုးစုနှင့်ဘာသာရေး ကွဲပြားခြားနားမှုရှိကြသော်လည်း ငြိမ်းချမ်းရေးနှင့်အကျိုးစီးပွားတူညီအဆင်ပြေမှုကို မြတ်နိုးတန်ဖိုးထားကြသူများဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်က ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပြောကြားခဲ့သည်။ ကာလကြာမြင့်စွာကပင် အနွံအတာခံသော စိတ်သဘောထားများသည်မလေးရှားလူမျိုးများအတွက် ဂုဏ်ယူစရာဖြစ်ခဲ့သည့်ပြင် တိုင်းပြည်အတွက်လည်း အောင်မြင်မှုများဖြစ်ပေါ်စေခဲ့သည် စသည်ဖြင့် ဖေဖော်ဝါရီလ ၅ ရက်နေ့၌ ကျရောက်သော တရုတ်နှစ်သစ်ကူးအထိမ်းအမှတ်၌ ပေးပို့သောသဝဏ်လွှာတွင် ဝန်ကြီးချုပ်မဟာသီက ဖော်ပြထားသည်။ တိုင်းပြည်အုပ်ချုပ်ရေးကို မွတ်စလင်ဘာသာဝင်များက ဦးစီးလျက်ရှိစေကာမူ အစိုးရသည် အခြားဘာသာဝင်များအပေါ် မည်သည့်အခါမျှ ချုပ်ချယ်ကန့်သတ်မှုမထားပါ။ ယခုအချိန်အခါသည် ထောင်စုနှစ်သစ်ချိန်ဖြစ်သည်သာမက နိုင်ငံအတွင်း စီးပွားရေးဖိအားပေးမှု ကင်းလွတ်၍ ယခုတရုတ်နှစ်သစ်ကူးပွဲတော်ကျင်းပခြင်းမှာ ပိုမိုပျော်ရွှင်ဖွယ်ရာဖြစ်ပြီး အဓိပ္ပာယ်အပြည့်အဝရှိမည်မှာ သံသယဖြစ်စရာမလိုပါ။ အာရှတိုက်အတွင်း မကြာသေးမီက စီးပွားရေးအကျပ်အတည်းဒဏ်ကို အချို့ဒေသများတွင် ခံစားနေကြရဆဲဖြစ်သော်လည်း မလေးရှားနိုင်ငံမှာ အလွန်ဆိုးဆိုး ရှားရှားမခံစားခဲ့ရသဖြင့် မလေးရှားလူမျိုးများ ဂုဏ်ယူဝမ်း မြောက်စရာ ဖြစ်ကြရသည် စသည်ဖြင့် ဝန်ကြီးချုပ်၏ သဝဏ်လွှာတွင် ပါရှိသည်။

"အာရှသက္ကရာဇ် ၂၀၀၀ မှာ ရှေ့သို့ချီတက်ပါ" ခေါင်းစဉ်ဖြင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သက္ကရာဇ် ၂၀၀၀ စီးပွားရေးထိပ်သီး ၂ ရက်ကြာအစည်းအဝေးကို ကွာလာလမ်ပူမြို့တွင် ဧပြီလ ၁၁ ရက် စတင်ကျင်းပသည်။ ယင်းအစည်းအဝေးသို့ မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်ကိုယ်စား မလေးရှားဒုတိယ ဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီ တက်ရောက်သည်။ ဝန်ကြီးချုပ် မဟာသီမိုဟာမက်သည် ၇၇ နိုင်ငံအုပ်စု (ဂျီ ၇၇) ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ကျူးဘားနိုင်ငံ ဟားဗားနားမြို့တွင် ရောက်ရှိနေသည်။ ဒုတိယဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက ဝန်ကြီးချုပ်မဟာသီ၏ သဝဏ်လွှာကို အစည်းအဝေးဖွင့်ပွဲတွင် ဖတ်ကြားတင်သွင်းသည်။ ယင်းအစည်းအဝေးကို အာဆီယံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ မလေးရှားနိုင်ငံအမျိုးသားကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် အာရှမဟာဗျူဟာ ဦးဆောင်မှုအဖွဲ့တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

မလေးရှားကုမ္ပဏီများသည် ၁၉၉၀–၉၉ နှစ်များအတွင်း လုပ်ဖော်ကိုင်ဖက်နိုင်ငံခြားကုမ္ပဏီများနှင့် နည်းပညာလွှဲပြောင်းယူရေးသဘောတူစာချုပ် ၁၃၄၁ ခုကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်း မလေးရှားအစိုးရ နိုင်ငံတကာကုန်သွယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီး ရာဖိဒါအဇိဇန်က မေလ ၁၆ ရက်နေ့တွင် ပြောကြားခဲ့သည်။ ယင်းသို့လက်မှတ်ရေးထိုးခဲ့သော နည်းပညာလွှဲပြောင်းပေးမှုသဘောတူစာချုပ်များအနက် ဂျပန်ကုမ္ပဏီများနှင့် ၆၉၀၊ အမေရိကန်ကုမ္ပဏီများနှင့် ၁၇၆ ခု၊ တောင်ကိုရီးယားနှင့် ၄၄ ခု ဖြစ်သည်ဟု ကွာလာလမ်ပူမြို့မှ

ကိုလိုမိတာ ၃၀ အကွာရှိ ဘန်ဂီဒေသတွင် ပြုလုပ်သောစာချုပ်လက်မှတ်ရေးထိုးပွဲတွင် မလေးရှားအမျိုးသမီးဝန်ကြီးက ပြောကြားသည်။ မလေးရှားအစိုးရသည် နိုင်ငံတကာဈေးကွက်တွင်ပါဝင်ယှဉ်ပြိုင်နိုင်ရန် နည်းပညာလွှဲပြောင်းရယူသည့်ရန်ပုံငွေထူထောင်ထားရှိပြီး မလေးရှားကုမ္ပဏီများအား နည်းပညာများ လွှဲပြောင်းပေးရန် အားပေးခဲ့သည်။ နည်းပညာနှင့်အတတ်ပညာပိုင်းဆိုင်ရာတို့တွင် မလေးရှားကုမ္ပဏီများ တိုးတက်မှုရှိလာစေရန် သုတေသနနှင့်ဖွံ့ဖြိုးရေး အစီအစဉ်များ တီထွင်ကြံဆမှုပြုကြရန် အစိုးရက အားပေးခဲ့သည်စသည်ဖြင့် အမျိုးသမီးဝန်ကြီးက ပြောကြားခဲ့သည်။


လူဝင်မှုကြီးကြပ်ရေးဥပဒေကို မနာခံသော နိုင်ငံခြားသား ၁၄၃ ဦးကို မလေးရှားတရားရုံးတစ်ရုံးက ဇူလိုင်လ ၁၈ ရက်နေ့တွင် တရားစွဲဆိုခဲ့သည်။ တရားစွဲခံရသော နိုင်ငံခြားသားများမှာ အင်ဒိုနီးရှား ၇၁ ဦး၊ ဘင်္ဂလားဒေ့ရှ် ၃၇ ဦးနှင့် ကမ္ဘောဒီးယား ၃၅ ဦးတို့ဖြစ်ပြီး ကွာလာလမ်ပူမြို့မှ ၃၃ ကီလိုမီတာအကွာရှိ ကလန်းတရားရုံး၌ တရားစွဲ ဆိုလိုက်ခြင်းဖြစ်သည်။ ထိုနိုင်ငံခြားသားများအနက်၁၃၂ ဦးမှာ တရားမဝင်ဝင်ရောက်ခြင်းအတွက် တရားစွဲခံရခြင်းဖြစ်ပြီး ၁၀ ဦးမှာ ရက်ကျော်နေထိုင်ခြင်းနှင့် တစ်ဦးမှာ ခွင့်ပြုချက်စည်းကမ်းများကို ချိုးဖောက်ခြင်းကြောင့် ဖြစ်သည်။ တရားမဝင် ဝင်ရောက်သူများကို ထောင်ဒဏ် ခြောက်လ၊ ရက်ကျော်နေထိုင်သူများကို ထောင်ဒဏ်ငါးလနှင့် အလုပ်လုပ်ခွင့် စည်းကမ်းချိုးဖောက်သူတစ်ဦးကို ထောင်ဒဏ်သုံးလကျခံစေရန် တရားရုံးက အပြစ်ပေးလိုက်သည်။ ဖမ်းဆီးခံရသောယောကျ်ား ၇၆ ဦးနှင့် မိန်းမ ၆၇ ဦးတို့ကို ဇွန်လ ၂၉ ရက်နေ့၌ လူဝင်မှုကြီးကြပ်ရေးအဖွဲ့က ကလန်းမြို့ သစ်သားစက်ရုံသို့ ဝင်ရောက်ရှာဖွေစဉ် ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။ တရားစွဲဆိုခံရသော နိုင်ငံခြားသားများမှာ နေရပ်သို့ ပြန်မပို့မီ ထိန်းသိမ်းရေးစခန်း၌ ပြစ်ဒဏ်ကျခံရမည် ဖြစ်သည်။

မီးခိုးမြူများဆိုင်းနေခြင်းနှင့် ပတ်သက်၍ နိုင်ငံခြားသတင်းထောက်အချို့က ပုံကြီးချဲ့ရေးသားနေကြကြောင်း၊ ထိုသို့ရေးသားခြင်းကြောင့် ကမ္ဘာလှည့်ခရီးသည်များ မလေးရှားနိုင်ငံသို့ မလာရဲအောင်ဖြစ်မည်ကို စိုးရိမ်မိကြောင်း ဝန်ကြီးချုပ်မဟာသီက နိုင်ငံခြားသတင်းဌာနများကို ဇူလိုင်လ ၂၃ ရက်နေ့က ပြစ်တင်စကားပြောကြားခဲ့သည်။ မလေးရှားနိုင်ငံ၏ ကောင်းမွန်သော သဘာဝပတ်ဝန်းကျင် အနေအထားအပေါ် နိုင်ငံခြားသဘာဝပတ်ဝန်းကျင် စိမ်းလန်း စိုပြေရေးအုပ်စုများ ၏ အမနာပပြောဆိုနေခြင်းနှင့် ပတ်သက်၍လည်း ဘွင်းဘွင်းရှင်းရှင်းပြောတတ်သော ဝန်ကြီးချုပ်မဟာသီက ဝေဖန်ရှုတ်ချသွားသည်။ အိမ်နီးချင်းအင်ဒိုနီးရှားနိုင်ငံ စုမတ္တရာကျွန်းမှ တောမီးများ မလေးရှားနှင့်ထိုင်းနိုင်ငံအရောက် မီးခိုးများပျံ့နှံ့ခဲ့ပြီးနောက် ရက်သတ္တတစ်ပတ်အကြာတွင် စီးပွားရေးလုပ်ငန်းရှင်များ ထိပ်သီးအစည်းအဝေး၌ မဟာသီမိုဟာမက်က ယင်းကဲ့သို ပြောကြားသွားခြင်းဖြစ်သည်။

မလေးရှားနိုင်ငံမြေပြင်၏ အနည်းဆုံး ၄၀ ရာခိုင်နှုန်းမှာ သစ်ပင်သစ်တောများဖြင့် ဖုံးလွှမ်းနေအောင် ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံက ဩဂုတ်လ ၁၅ ရက်နေ့တွင် ကြေညာခဲ့သည်။ မလေးရှားနိုင်ငံတွင် စီမံကိန်းမျိုးစုံ၊ ဖွံ့ဖြိုးရေးလုပ်ငန်းမျိုးစုံကို အကောင်အထည်ဖော်ဆောင်ရွက်နေစေကာမူ သစ်တောများထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ လုပ်ဆောင်သွားမည် ဆိုသည်ကိုမူ မည်သည့်အခါမှ သံသယမရှိသင့်ကြောင်း မလေးရှားနိုင်ငံသိပ္ပံ၊ နည်းပညာနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုင်နယ်ဒီဟာလန်က မကြာမီက ပြောကြားခဲ့သည်။ မလေးရှားနိုင်ငံ၏ သစ်ပင်တောတောင် တိရစ္ဆာန်များ ပေါကြွယ်ဝမှုရှိနေစေရေးအတွက် နိုင်ငံ၏ သဘာဝပုံစံပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်သွားရန် အစိုးရက ဆန္ဒပြင်းပြနေသည်။ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများတွင် တက္ကသိုလ်ကောလိပ်များနှင့် မိမိတို့ဝန်ကြီးဌာနက နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဒုတိယဝန်ကြီးက ပြောကြားသည်။

စီးပွားရေး

အရှေ့တောင်အာရှမှ ထုတ်ကုန်ပစ္စည်းများ ဂျပန်နိုင်ငံသို့ ပိုမိုသွင်းယူနိုင်ရေးအတွက် ဂျပန်နိုင်ငံ၏တံခါးပေါက်များကို ပိုမိုကျယ်ပြန့်စွာဖွင့်ပေးရန် မလေးရှားဝန်ကြီးချုပ်မဟာသီမိုဟာမက်က ဂျပန်နိုင်ငံအား မတ်လ ၂ ရက်နေ့တွင် တိုက်တွန်းခဲ့သည်။ ဂျပန်နိုင်ငံမှာ အာရှတိုက်၏ ထိပ်တန်းစီးပွားရေး နိုင်ငံကြီးဖြစ်ရာ ဂျပန်ဈေးကွက်သို့ အာရှနိုင်ငံ များဝင်ရောက်နိုင်ရေးအတွက် အခြေအနေကောင်းများ ဖန်တီးပေးခြင်းဖြင့် တကယ်ထိပ်တန်းနိုင်ငံ၏ အခန်းကဏ္ဍကို ယူထားသင့်သည်ဟု မိမိမှတ်ယူထားကြောင်း မလေးရှားဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။ ပင်လယ်ရပ်ခြား စက်မှုနည်းပညာရပ်ဆိုင်ရာ ပညာသင်ဆုပေးရေးအသင်း ဂျပန်ကင်ဆိုင်စီးပွားရေး ဖက်ဒရေးရှင်းနှင့် ပိစိဖိတ်သယံဇာတဖလှယ်ရေးဗဟိုဌာနတို့ နှင့် ပူးပေါင်း၍ မလေးရှားအမျိုးသားကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းက ကွာလာလမ်ပူမြို့တွင် ကြီးမှူးကျင်းပသော ကင်တီရင် (ကင်ဆိုင်စီးပွားရေးဖက်ဒရေးရှင်း) အာဆီယံ




စီမံခန့်ခွဲမှု နီးနှောဖလှယ်ပွဲတွင် မလေးရှား ဝန်ကြီးချုပ်က ယင်းကဲ့သို့ပြောကြားသွားခြင်းဖြစ်သည်။ ဂျပန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းကုမ္ပဏီများသည် ဂျပန်နိုင်ငံစီးပွားရေး အခြေအနေပြန်လည်ကောင်းမွန်လာသည်နှင့်အမျှ အရှေ့တောင်အာရှထုတ်ကုန်များကို ဂျပန်ဈေးကွက်သို့ ပိုမိုတင်သွင်းခြင်းဖြင့် အရှေ့တောင်အာရှကုန်ထုတ်သူများအား အကူအညီပေးမည်ဟု မဟာသီမိုဟာမက်က မျှော်လင့်ထားသည်။

မလေးရှားနိုင်ငံတွင် ဘဏ္ဍာငွေအခြေအနေနိမ့်ပါးနေသော စီးပွားရေးလုပ်ငန်းရှင်များအား ချေးငွေသစ်များ နောက်ထပ်ထုတ်ချေးမည့် စီးပွားရေးလုပ်ငန်းရှင်များဆိုင်ရာ အစီအစဉ်မရှိ စီးပွားရေးမူဝါဒသစ်ကို မလေးရှားဘဏ္ဍာရေးဝန်ကြီး ဒင်းဇင်နဒင်က မေလ ၁၄ ရက်နေ့တွင် ကြေညာသည်။ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၂ သန်းအောက် အစုရှယ်ယာဝင်ထားသော ကုမ္ပဏီများနှင့် စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၃၁၅၇၈ မှ ၁ ဒသမ ၃၂ သန်းအထိ ချေးငွေရယူထားသော စီးပွားရေးလုပ်ငန်းရှင်များ အဆိုပါအစီအစဉ်တွင် အကျုံးဝင်မည်ဖြစ်သည်ဟုလည်း ကြေညာချက်တွင် ဖော်ပြထားသည်။

နိုင်ငံ၏စီးပွားရေး ပြန်လည်ရှင်သန်စေသော စီးပွားရေးမူဝါဒများ ချမှတ်ဆောင်ရွက်နိုင်ခဲ့ခြင်းအတွက် မလေးရှားအစိုးရကို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) က ချီးကျူးခဲ့သည်။ ယခုကဲ့သို့ မလေးရှားနိုင်ငံက စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းကြောင့် ယုံကြည်ကိုးစားမှုဖြစ်ပေါ်လာစေသည့်ပြင် ဘဏ်စနစ်နှင့် နှစ်ချုပ်လက်ကျန်စာရင်းရှင်းတမ်းအတွက်လည်း အထောက်အကူဖြစ်စေကြောင်း ဝါရှင်တန်မြို့တွင် ဩဂုတ်လ ၁၁ ရက်နေ့က ထုတ်ပြန်သော မလေးရှားနိုင်ငံ၏ နှစ်ပတ်လည်စီးပွားရေး သုံးသပ်ချက်အစီရင်ခံစာ၌ အိုင်အမ်အက်ဖ်က ဖော်ပြထားသည်။ အရှေ့တောင်အာရှဒေသတွင် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ၌ စီးပွားရေးအကျပ်အတည်းဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် မလေးရှားနိုင်ငံသည် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုထိန်းချုပ်ခြင်း၊ မလေးရှားနိုင်ငံသုံး ရင်းဂစ်ငွေကို တန်ဖိုးထိန်းသိမ်းခြင်းနှင့် လိုငွေပြမှုမရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ မလေးရှားအာဏာပိုင်များ ငွေကြေးဆိုင်ရာဆင်ခြင်မြော်မြင်တတ်မှုနှင့် ငွေကြေးလည်ပတ်သုံးစွဲမှု၌ အလွန်ပျော့ပျောင်းစွာ ဆောင်ရွက်နိုင်မှုတို့သည် ငွေကြေးဆိုင်ရာမူဝါဒများ ချမှတ်ဆောင်ရွက်မှုကို ပိုမိုထိရောက်နိုင်မည် ဖြစ်သည် စသည်ဖြင့် အိုင်အမ် အက်ဖ်က

မလေးရှားနိုင်ငံတောင်ပိုင်းနှင့်မြောက်ပိုင်းကို
ဆက်သွယ်ပေးထားသည့်
အဝေးပြေးလမ်းမကြီးတစ်နေရာကို တွေ့ရစဉ်

ပြောကြားသည်။ မလေးရှားနိုင်ငံ၏ အမှန်တကယ်ပြည်တွင်း အသားတင်ထုတ် လုပ်မှု (ဂျီဒီပီ) သည် ၁၉၉၉ ခုနှစ်တွင် ၅ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်ပြင် ၂၀၀၀ ပြည့်နှစ် အတွင်း တိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်း လျက်ရှိကြောင်း ဘားနားမားသတင်းဌာနက ထုတ်ပြန် ကြေညာခဲ့သည်။

မလေးရှားနိုင်ငံသည် ၂၀၀၃ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အာဆီယံလွတ်လပ်စွာ ကုန်သွယ်ရေးဒေသ (အက်ဖ်တာ) အပေါ်သို့ ကျရောက်လာမည့် အဓိကစိန်ခေါ်မှုအန္တရာယ်ကြီးများကို ရင်ဆိုင်ယှဉ်ပြိုင်နိုင်ရေးအတွက် ဆန်စပါးလုပ်ငန်းတွင် ကြိုတင်ပြင်ဆင်မှုများပြုလုပ်သွားရန် မဟာဗျူဟာမြောက် အစီအစဉ်များ ရေးဆွဲလျက်ရှိသည်ဟု မလေးရှားလယ်ယာစိုက်ပျိုးရေးဝန်ကြီး အက်ဖင်ဒီနော်ဝါဓိက ဒီဇင်ဘာလ ၂၀ ရက်နေ့ တွင် ပြောကြားခဲ့သည်။ ယင်းအစီအစဉ်မှာ စရိတ် ကျဉ်းကျဉ်းဖြင့် အရည်အသွေး မြင့်မားသော ဆန်စပါးများ တိုးမြင့်ထုတ်လုပ်သွားရန် နည်းလမ်းရှာဖွေ ဆောင်ရွက်သွားမည်ဖြစ်သည်။ အက်ဖ်တာသည် မလေးရှားနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုလုပ်ငန်းကို စိန်ခေါ်မှုအသစ်များ ရှိလာစေသည်။ ယင်းစိန်ခေါ်မှုတွင် ဆန်စပါးအရည်အသွေးနှင့် တန်ဖိုးအရာတွင် အပြိုင်အဆိုင်လုပ်၍ ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချမည့် အနေအထားတွင် ပါဝင်သည်။ မလေးရှားအစိုးရသည် ဆန်စပါးအထွက်တိုးရေးနှင့် အရည်အသွေးမြင့်မားရေးအတွက် ဆန်စပါးထုတ်လုပ်သူလယ်သမားများအား လယ်ယာအသုံးအဆောင်ပစ္စည်းများ၊ လယ်ယာအထောက်အကူပြုပစ္စည်းများ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်သည်။ မလေးရှားဆန်စပါးသည် အရည်အသွေး တိုးတက်မြင့်မားလာဦးမည်ဖြစ်ပြီး လွတ်လပ်သောဈေးကွက်၌ ယှဉ်ပြိုင်ရောင်းချနိုင် ဖွယ်ရှိသည် စသည်ဖြင့် ဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

မူးယစ်ဆေးဝါးပပျောက်ရေး

မလေးရှားနိုင်ငံတွင် မူးယစ်ဆေးဝါးသုံးစွဲသူ လူသစ်အရေအတွက်မှာ ၁၉၉၉ ခုနှစ်တွင် ၁၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း အမျိုးသားမူးယစ်ဆေးဝါးတားဆီးရေးအဖွဲ့က မတ်လ ၁၉ ရက်နေ့တွင် ကြေညာသည်။ ၁၉၉၈ ခုနှစ်တွင် မူးယစ်ဆေးဝါးစွဲသူ အသစ်အရေအတွက် ၂၁၀၇၃ ဦးရှိခဲ့ရာမှ ၁၉၉၉ ခုနှစ်တွင် ၁၇၉၁၅ ဦးရှိခဲ့သည်။ ၁၉၉၈ ခုနှစ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲသူ ၃၇၅၈၈ ဦးရှိခဲ့ရာမှ ၁၉၉၉ ခုနှစ်က ၃၅၃၅၉ ဦးသို့ ကျဆင်းခဲ့ရာ ၅ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း အဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဘိန်းဖြူစွဲသူဦးရေမှာ ၁၇၄၂၉ ဦးရှိပြီး မော်ဖိန်းစွဲသူ ၁၀၀၀ ဦးရှိသည်။ ၁၉၉၉ ခုနှစ်က မူးယစ်ဆေးဝါးသုံးစွဲသူများတွင် အသက် ၁၃ နှစ်မှ ၃၅ နှစ် အုပ်စုအတွင်း ၇၀ ရာခိုင်နှုန်းတို့မှာ မူးယစ်ဆေးဝါးစွဲသူများ ဖြစ်ကြကြောင်း စာရင်းဇယားများတွင် ဖော်ပြထားသည်။

ဥပဒေဆိုင်ရာနှင့် မူးယစ်ဆေးဝါးအန္တရာယ်တိုက်ဖျက်နှိမ်နင်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့ သဘောတူညီခဲ့ကြကြောင်း မလေးရှား ဒုတိယဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက အောက်တိုဘာလ ၉ ရက်နေ့တွင် ပြောကြားခဲ့သည်။ မလေးရှားနိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ အဆင့်မြင့်အရာရှိကိုယ်စားလှယ်များနှင့် ဆွေးနွေးရန်မျှော်လင့်ထားကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောကြားသည်။ နှစ်နိုင်ငံအတွေ့အကြုံဖလှယ်ရေးနှင့် ပိုမိုခေတ်မီပြီး နောက်ဆုံးပေါ်မှုခင်းတိုက်ဖျက်ရေးတွင် ပူးပေါင်းကြရန် သဘောတူခဲ့ကြသည်။ ဗီယက်နမ်ပြည်သူ့လုံခြုံရေးဝန်ကြီးလီမင်ဟောင်းနှင့် မလေးရှားဒုတိယဝန်ကြီးချုပ်တို့ အောက်တိုဘာလ ၉ ရက်နေ့ စောစောပိုင်းက တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံတကာဆက်ဆံရေး

စီးပွားရေးအကျပ်အတည်းမှ လျင်မြန်စွာ ပြန်လည်ကောင်းမွန်လာနေသော အရှေ့တောင်အာရှဒေသ ဖွံ့ဖြိုးတိုးတက်မှု ဆက်လက်ဖြစ်ပေါ်စေရန် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ဝင်နိုင်ငံများအားလုံးနှင့် ကုန်သွယ်မှုဆက်ဆံရေး ပုံမှန်ပြုလုပ်သွားရန် အာဆီယံအဖွဲ့က အမေရိကန် ပြည်ထောင်စုအား မေလ ၂၄ ရက်နေ့က တိုက်တွန်းစကား ပြောကြားခဲ့သည်။ ကွာလာလမ်ပူမြို့တွင် မေလ ၂၄ ရက်နှင့် ၂၅ ရက်နေ့များတွင် ၂ ရက်ကြာ ကျင်းပသော အာဆီယံအမေရိကန်ဆွေးနွေးပွဲတွင် မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဌာန၊ အတွင်းဝန်ချုပ် အဗ္ဗဒူကဒါမိုဟာမက်ကယင်းကဲ့သို့ တိုက်တွန်းပြောကြားသွားခြင်းဖြစ်သည်။ အမေရိကန်အာဆီယံဆက်ဆံမှုများတွင် ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်မပါဝင်ခြင်းနှင့် အမေရိကန်ပြည်ထောင်စုက အာဆီယံနိုင်ငံအချို့နှင့် ပုံမှန်ကုန်သွယ်မှု ဆက်ဆံရေးမပြုသေးဘဲ ရှိနေခြင်း တို့နှင့်ပတ်သက်၍ မလေးရှားနိုင်ငံက ရေးကြီးခွင်ကျယ် သဘောထားသည်ကိုလည်း မစ္စတာအဗ္ဗဒူကဒါက ထည့်သွင်းပြောကြားသည်။ မစ္စတာအဗ္ဗဒူကဒါသည် အာဆီယံအမေရိကန်ဆွေးနွေးပွဲ၌ ဒုတိယသဘာပတိနှင့် မလေးရှားနိုင်ငံ၏ ညှိနှိုင်းရေးမှူးဖြစ်သည်။ ထိုအခြေအနေနှင့် ပတ်သက်၍ ပြန်လည်စဉ်းစားသုံးသပ်ပေးရန် အာဆီယံ၏

မေတ္တာရပ်ခံချက်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံက ထပ်လောင်းပြောကြားပါကြောင်း၊ အမေရိကန်ပြည်ထောင်စုသည် စီးပွားရေးမဟာအင်အားကြီးနိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံထုတ်ကုန်များအတွက် အဓိကဈေးကွက်ကြီး ဖြစ်သည့်ပြင် အာဆီယံအတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ရရှိနိုင်မည့်အရေးကြီးသော အရင်းအမြစ်တစ်ခုလည်းဖြစ်နေကြောင်း မစ္စတာအဗ္ဗဒူကဒါက ဆက်လက်ပြောကြားခဲ့သည်။

ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေး၊ စက်မှုလက်မှုနှင့် အခြား စီးပွားရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ပြုလုပ်နိုင်ရေးတို့အတွက် နားလည်မှုပိုမိုရရှိအောင် ဆောင်ရွက်ရာ၌၊ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခြင်းသည် အရေးကြီးသောအချက်ဖြစ်ကြောင်း ဖော်ပြထားသည့်ပူးတွဲကြေညာချက်ကို ၂ ရက် ကြာဆွေးနွေးပွဲအပြီး၌ ထုတ်ပြန်လိုက်သည်။ အာဆီယံ အမေရိကန်ဆွေးနွေးပွဲတွင် နှစ်ဦးနှစ်ဘက်စလုံးမှ စီးပွားရေးလုပ်ငန်းကိုယ်စားလှယ်များက တင်ပြသောကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေးနှင့် စီးပွားရေးဆိုင်ရာ ပြဿနာများစွာကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စု၏ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသည် အရှေ့တောင်အာရှ ဒေသသို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာအောင် ဆောင်ရွက်ရာ၌ အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လိမ့် မည်ဟု မျှော်လင့်သည်။ အာဆီယံဒေသတွင် စီးပွားရေး တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေမည့်မူဝါဒကို ဆက်လက်ကျင့်သုံး သွားရန် အာဆီယံအဖွဲ့က အမေရိကန် ပြည်ထောင်စုကို တိုက်တွန်းစကားပြောကြားပါသည်၊ ဒေသတွင်းလုံခြုံမှုအနေ အထားကို ထိခိုက်စေသော နိုင်ငံရေးနှင့် လုံခြုံရေးကိစ္စရပ်များနှင့် ပတ်သက်၍လည်း ဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးကြသည် စသည်ဖြင့် ကြေညာချက်၌ ဖော်ပြပါရှိသည်။

နှစ်ရက်ကြာ ဥရောပအာရှစီးပွားရေး ထိပ်သီးအစည်းအဝေးကို ကွာလာလမ်ပူမြို့တွင် မေလ ၃၀ ရက်နေ့က စတင်ကျင်းပ၍ အစည်းအဝေးဖွင့်ပွဲတွင် သက်ဆိုင်ရာနိုင်ငံအားလုံးအတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေမည့် ပေါင်းသင်းဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားကြရန် ဥရောပအာရှစီးပွားရေးလုပ်ငန်းရှင်များအား ဆော်သြခဲ့သည်။ ဥရောပနှင့်အာရှစီးပွားရေးလုပ်ငန်းရှင်များသည် ယင်းဆော်သြချက်ကို ပိုမိုကျယ်ပြန့်အောင် တက်ကြွစွာဆောင်ရွက်ပြီး ခြေလှမ်းသစ်များလှမ်းသွားကြရန် မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်က အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် ဆော်သြသွားသည်။ ဥရောပအာရှစီးပွားရေး ဆက်ဆံမှုပုံသဏ္ဍာန်ပြန်လည် ပြုပြင်ပြောင်းလဲသွားရေး၊ အခြေအနေသစ်များဖန်တီးရေး၊ ပုံသဏ္ဍာန်ပြောင်းလဲရေး၊ ဦးတည်ချက်လမ်းကြောင်းပြောင်းလဲရေးနှင့် အခွင့်အလမ်းသစ်များဖန်တီးရေး ဟူသော ခေါင်းစဉ်ဖြင့် ယင်းထိပ်သီးစည်းဝေးပွဲကို ကျင်းပခြင်း ဖြစ်သည်။ အာရှတိုက်ရှိ စီးပွားရေးအခွင့်အလမ်းများ၊ ပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ ဒေသအတွင်း သင်္ဘောဆိပ်နှင့်လေဆိပ်များ ကိစ္စရပ်များနှင့် စီးပွားရေး အကျပ်အတည်းကြုံခဲ့သော ထိုင်းနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများ၊ ဥရောပ၏ စီးပွားရေးအခွင့်အလမ်းများ၊ မလေးရှားနိုင်ငံဘက်စုံဆက်သွယ်ရေးလုပ်ငန်းများနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးရန်ရည်ရွယ်ချက်ဖြင့် ယင်းထိပ်သီးအစည်းအဝေးကို ကျင်းပခြင်းဖြစ်သည်။

ထိပ်သီးအစည်းအဝေးတွင် ဦးဆောင်ဆွေးနွေးရန်ဖိတ်ကြားထားသူများတွင် ဥရောပ–အာရှတို့မှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အစိုးရအဖွဲ့အစည်းများမှ အကြီးအကဲများ၊ ထင်ရှားသော စီးပွားရေးလုပ်ငန်းရှင်ကြီးများပါဝင်သည်။ အရှေ့တောင်အာရှရှိ မိတ်ဖက်နိုင်ငံများအား ချမ်းသာကြွယ်ဝအောင်အကျိုးပြုလျှင် အရှေ့တောင်အာရှနိုင်ငံများကလည်း ချမ်းသာကြွယ်ဝအောင် ပြန်လည်၍ အကျိုးပြုလိမ့်မည်၊ အရှေ့တောင်အာရှနိုင်ငံများကို ဆင်းရဲမွဲတေအောင် ပြုလုပ်လျှင် အရှေ့တောင်အာရှနိုင်ငံများကလည်း ပိုမို၍ ဆင်းရဲတွင်းနက်သွားအောင် တုံ့ပြန်လိမ့်မည်ဟု မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်က ပြောကြားသည်။

မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့သည် အဖွဲ့ဝင် ၂၂ နိုင်ငံပါဝင်သော အာဆီယံဒေသဆိုင်ရာ ဖိုရမ် (အေအာအက်ဖ်) သို့ မြောက်ကိုရီးယားနိုင်ငံအဖွဲ့ဝင်အဖြစ် ပါဝင်ရေးကိစ္စကို ထောက်ခံရန် ဇွန်လ ၁၂ ရက်နေ့က သဘောတူညီလိုက်ကြပြီ ဖြစ်သည်။ မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆယက်ဟာမစ်အယ်လ်ဘာနှင့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး ငုယင်ဒိုင်နင်တို့ ကွာလာလမ်ပူမြို့တွင် ဇွန်လ ၁၂ ရက်နေ့က ဆွေးနွေးကြစဉ် ယင်းကဲ့သို့ သဘောတူညီချက်ရရှိသွားခြင်းဖြစ်သည်။ ယင်းကဲ့သို့ အာအေအက်ဖ်သို့ မြောက်ကိုရီးယားဝင်ရောက်ခွင့်ရရှိရန် ထောက်ခံခြင်းသည် မည်သည့်နိုင်ငံနှင့်မဆို ဆက်ဆံ မည်ဟူသော မလေးရှားနိုင်ငံ၏ မူဝါဒအရဖြစ်သည်။ အေအာအက်ဖ်သို့ မြောက်ကိုရီးယားဝင်ရောက်ခြင်းဖြင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ပိုမိုတိုးတက်ကောင်းမွန်စေမည်ဟူသောမျှော်လင့်ချက်အရထောက်ခံခြင်းဖြစ်သည်ဟု ဆယက်ဟာမစ်ကဆက်လက်ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံဝါရင့်ဝန်ကြီး လီကွမ်ယူသည် ၁၀ စုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် မလေးရှားနိုင်ငံသို့ မော်တော်ကားဖြင့် ဩဂုတ်လ ၁၄ ရက်နေ့တွင် လာရောက်လည်ပတ်ခဲ့သည်။ ဝါရင့်ဝန်ကြီးလီကွမ်ယူ၏ ခရီးမှာ အိမ်နီးချင်းစင်ကာပူနှင့် မလေးရှားနိုင်ငံတို့အကြား မကြာခဏဆက်ဆံမှု မပြေမလည်ဖြစ်ရသည်ကို အတိုင်းအတာတစ်ခုအထိ ဆက်ဆံရေးပြေလည်မှု ရရှိအောင် ဆောင်ရွက်ခြင်းဖြစ်သည်မှာ ထင်ရှားသည်။ ကွာလာလမ်ပူမြို့သို့ မော်တော်ကားဖြင့် ရောက်ရှိလာသော အသက် ၇၆ နှစ်အရွယ်ရှိ စင်ကာပူဝါရင့်ဝန်ကြီး လီကွမ်ယူအား မလေးရှားအစိုးရက ကော်ဇောနီခင်း၍ ကြိုဆိုသည်။ ကျွန်းနိုင်ငံကလေးဖြစ်သော စင်ကာပူနယ်စပ်ကိုဖြတ်ပြီး မလေးရှားအဝေးပြေးလမ်းမကြီးအတိုင်း မိုင် ၂၀၀ ကျော်ခရီး ကို လီကွမ်ယူအလည်အပတ်လာရောက်ခဲ့သည်။ အလုပ်သဘောသွားရောက်မည့် မလေးရှားခရီးသည် လွန်ခဲ့သော ၁၀ စုနှစ်အတွင်း မလေးရှားနိုင်ငံ၏ ပြောင်းလဲလာမှုများကို ကြည့်ရှုရန်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် မဟာသီမိုဟာမက်၊ ဘဏ္ဍာရေးဝန်ကြီး ဒင်းဇင်နဒင်းနှင့် အခြားဝန်ကြီးများကို တွေ့ဆုံဆွေးနွေးရန်ဖြစ်ကြောင်း စင်ကာပူမှမထွက်ခွာမီ လီကွမ်ယူက သတင်းထောက်များအား ပြောကြားခဲ့သည်။ မစ္စတာလီကွမ်ယူနှင့် မစ္စတာမဟာသီမိုဟာမက်တို့ ဆွေးနွေးရန် အစီအစဉ်မရှိကြောင်း မလေးရှားနိုင်ငံက ကြေညာသည်။ သို့ရာတွင် နှစ်နိုင်ငံအကြား ကျန်ရှိနေသေးသော ပြဿနာများ ဖြေရှင်းရမည့်အလားအလာများ ရှိသည်ကိုမူ မငြင်းပယ်ဘဲနေသည်။

မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သည် အိမ်နီးချင်းနှစ်နိုင်ငံပြည်သူများ ပိုမိုချစ်ခင်ရင်းနှီးစွာ ဆက်ဆံနိုင်ရေးအတွက် ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များကို စီစဉ်ဆောင်ရွက်သွားရန် သဘောတူညီလိုက်ကြသည်။ မလေးရှားနိုင်ငံ ယဉ်ကျေးမှု၊ အနုပညာနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနနှင့် စင်ကာပူ ယဉ်ကျေးမှုကောင်စီတို့မှ အဆင့်မြင့်အရာရှိများ တက်ရောက်သော အထူးအစည်းအဝေးတွင် ယင်းသို့ သဘောတူညီကြခြင်းဖြစ်သည်ဟု မလေးရှားနိုင်ငံယဉ်ကျေးမှု၊ အနုပညာနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဝန်ကြီး အဗ္ဗဒူကာဒါရှိတ်ဖက်ဇာ၏ ပြောကြားချက်ကို ဘာနာမာသတင်းဌာနက စက်တင်ဘာလ ၅ ရက်နေ့တွင် ဖော်ပြသည်။ ယဉ်ကျေးမှု ဖလှယ်ရေးအစီအစဉ်များ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သို့ရာတွင် ကဏ္ဍအများအပြား မဟုတ်သေးကြောင်း၊ သင့်လျော်သောအစီအစဉ်များ မချမှတ်ရသေးဘဲ၊ ယာယီအစီအစဉ်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သင့်လျော်သောအစီအစဉ်များ ရေးဆွဲချမှတ်ပြီးပါက အလေးအနက်ထားပြီး စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မစ္စတာအဗ္ဗဒူကာဒါက ပြောကြားသည်။ ယင်းအစီအစဉ်များအရ မလေးရှားနှင့် စင်ကာပူ ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်ကပြ ဖျော်ဖြေကြမည်ဖြစ်သည်။

သင့်ဘဝ ဦးရဲလွင်

## မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး (မြန်မာနိုင်ငံ) (၂၀၀၀)။

။ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၀ ပြည့်နှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းတွင် အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်နိုင်သည်။

### နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (မူးယစ်ဗဟိုအဖွဲ့) နှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် ပြည်သူအတွင်း ထိရောက်စွာ သတင်းဖြန့်ချိရေး အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ဟိုတယ်အီကွေတိုရီယယ်၌ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပသည်။

မူးယစ်ဗဟိုအဖွဲ့၊ JICA နှင့် ဂျပန်နိုင်ငံ အမျိုးသားရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ စိတ်ကြွဆေးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသော ဓာတုဗေဒဆေးများ တားဆီးရေးသင်တန်းကို တောင်ကြီးမြို့၌ ဖေဖော်ဝါရီလ ၇ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပသည်။

မူးယစ်ဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်တို့ ပူးပေါင်း၍ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင်နှင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင်ရှိကျေးရွာခြောက်ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသော အရှေ့အာရှကုန်းမြင့်ဒေသ မူးယစ်ဆေးဝါး အလွဲသုံးစွဲမှုလျော့ချရေး စီမံကိန်းဒေသသို့ မူးယစ်ဗဟိုအဖွဲ့ရုံးညွှန်ကြားရေးမှူး (နိုင်ငံတကာဆက်ဆံရေး) ရဲမှူးကြီး ခမ်းအောင်



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် နယ်စပ်ဒေသများသို့ ပေးပို့သော ဘိန်းအစားထိုးသီးနှံမျိုးစေ့များနှင့် နိုင်ငံတော်ကထောက်ပံ့သော စားနပ်ရိက္ခာပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်

ဦးဆောင်သော သံရုံးအကြီးအကဲများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်တွင်းပြည်ပသတင်းထောက်များပါဝင်သည့် လေ့လာရေးအဖွဲ့သည် ဖေဖော်ဝါရီလ ၇ ရက်နေ့မှ ၁၀ ရက်နေ့အထိ သွားရောက်လေ့လာသည်။

ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်နှင့် ဒေသခွဲအတွင်းရှိ နားလည်မှုစာချွန်လွှာ Mou လက်မှတ်ရေးထိုးထားသော မြန်မာ၊ တရုတ်၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နေသည့် မူးယစ်ဆေးဝါးသုံးစွဲရန်လွယ်ကူ အလားအလာရှိသော အုပ်စုအတွင်း သုံးစွဲမှုလျှော့ချရေး ဆောင်ရွက်နေသော အဖွဲ့အစည်းများ၏ အရည်အသွေး မြင့်မားတိုးတက်စေရေး စီမံကိန်းပြန်လည်သုံးသပ်ရေးအဖွဲ့ အစည်းအဝေးကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ဟိုတယ်အီကွေတိုရီယယ်၌ မတ်လ ၅ ရက်နေ့တွင် ကျင်းပသည်။

မူးယစ်ဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်တို့ ပူးပေါင်း၍ အခြေခံသတင်းစုဆောင်းရေး နည်းပြသင်တန်းကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ဟိုတယ်အီကွေတိုရီယယ်၌ မတ်လ ၃ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကျင်းပသည်။

မူးယစ်ဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးသုံးစွဲရန် အလားအလာရှိသော အုပ်စုများအတွင်း သုံးစွဲမှုလျှော့ချရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ၏ အရည်အသွေးတိုးမြှင့်ရေး စီမံကိန်းသုံးသပ်ခြင်း သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ဟိုတယ်အီကွေတိုရီယယ်၌ ဧပြီလ ၅ ရက်နေ့တွင် ကျင်းပသည်။

မူးယစ်ဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးသုံးစွဲရန် အလားအလာရှိသော အုပ်စုများအတွင်း သုံးစွဲမှုလျှော့ချရေး ဆောင်ရွက်နေသော အဖွဲ့အစည်းများ၏ အရည်အသွေးတိုးမြှင့်ရေး စီမံကိန်းအရ ကျောင်းများတွင် လေ့လာဆန်းစစ်ချက်မှရရှိသော အချက်အလက်များအပေါ် SPSS စနစ်ဖြင့် ခွဲခြမ်းစိတ်ဖြာခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ဟိုတယ်အီကွေတိုရီယယ်၌ ဧပြီလ ၆ ရက် နေ့မှ ၇ ရက်နေ့အထိ ကျင်းပသည်။

စတုတ္ထအကြိမ် မြန်မာ – ထိုင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး နယ်စပ်ဖြတ်ကျော် အစည်းအဝေးကို ကျိုင်းတုံမြို့ရှိ ကျိုင်းတုံဟိုတယ်သစ်၌ ဧပြီလ ၂၄ ရက်နှင့် ၂၅ ရက်နေ့များတွင် ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

၁၀ ကြိမ်မြောက် အာဆီယံနိုင်ငံများမှ အစိုးရမဟုတ်သော မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအသင်းများနှင့်အစိုးရမဟုတ်သောနိုင်ငံတကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအသင်းများအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော အလုပ်ရုံဆွေးနွေးပွဲကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဧပြီလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်သည်။

မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ MOU ခြောက်နိုင်ငံ အဆင့်မြင့်အရာရှိများ သတ္တမအကြိမ် အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ ၊ ဖနွမ်းပင်မြို့၌ မေလ ၁၈ ရက်နေ့မှ ၁၉ ရက် နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးဥပဒေဆိုင်ရာ အမျိုးသားအလုပ်ရုံ ဆွေးနွေးပွဲကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ဟိုတယ်အီကွေတိုရီယယ်၌ ဇွန်လ ၂၀ ရက် နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပသည်။

မူးယစ်ဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပသည်။

သတ္တမအကြိမ် မြန်မာ – အိန္ဒိယ နှစ်နိုင်ငံမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အောက်ခြေဆက်ဆံရေးအရာရှိ အစည်းအဝေးကို အိန္ဒိယနိုင်ငံ၊ မိုရေးမြို့၌ ဩဂုတ်လ ၇ ရက်နေ့တွင် ကျင်းပသည်။

မူးယစ်ဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်တို့ ပူးပေါင်း၍ အရှေ့အာရှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့များ၏ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများ၊ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် အရှေ့အာရှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့များအတွင်း သတင်းစုဆောင်းခြင်း၊ သတင်းဖလှယ်ခြင်းနှင့် စွမ်းရည်မြင့်မားလာစေရေး စီမံကိန်းများကို အခြေခံသော မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ မဟာဗျူဟာအလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ဟိုတယ်အီကွေတိုရီယယ်၌ စက်တင်ဘာလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပသည်။

မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ၂၄ ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အမျိုးသားမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင်များ အစည်းအဝေးကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ဟိုတယ်အီကွေတိုရီယယ်၌ နိုဝင်ဘာလ ၁၄ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပသည်။

မူးယစ်ဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်တို့ ပူးပေါင်း၍ အမျိုးသားမူးယစ်ဆေးဝါးဥပဒေဆိုင်ရာ သင်တန်းဆွေးနွေးပွဲကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ဟိုတယ်အီကွေတိုရီယယ်၌ နိုဝင်ဘာလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပသည်။

မူးယစ်ဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ စီမံကိန်းရေးဆွဲခြင်းနှင့် စီမံခန့်ခွဲမှုသင်တန်းဆွေးနွေးပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ မြန်မာနိုင်ငံစာတတ်မြောက်ရေးလုပ်ငန်း ပင်မဌာန၌ ဒီဇင်ဘာလ ၁၈ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပသည်။

နိုင်ငံတော်အဆင့် မူးယစ်ဆေးဝါးပညာပေးပြပွဲ ပြသခြင်း

နိုင်ငံတော်အဆင့် မူးယစ်ဆေးဝါး ပညာပေးပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇွန်လ ၂၆ ရက်နေ့မှ ဇူလိုင်လ ၅ ရက်နေ့အထိ ဖွင့်လှစ်ပြသသည်။ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အဆင့် မူးယစ်ဆေးဝါးပညာပေးပြပွဲကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ (မူးယစ်ဗဟိုအဖွဲ့) က ကြီးမှူး၍ ဖွင့်လှစ်ပြသခြင်း ဖြစ်သည်။

နိုင်ငံတော်အဆင့် မူးယစ်ဆေးဝါးပညာပေးပြပွဲ ဖွင့်ပွဲအခမ်းအနားကို တပ်မတော်ခန်းမ၌ ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး (၃) ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မူးယစ်ဗဟိုအဖွဲ့အဖွဲ့ဝင်များ၊ တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ သံအမတ် ကြီးများနှင့် တာဝန်ရှိသူများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ



မူးယစ်ဆေးဝါးများဖျက်ဆီးသည့် အခမ်းအနားတစ်ခုသို့ တက်ရောက်လာကြသော စစ်သံမှူးများ

တက်ရောက်သည်။ နိုင်ငံတော်အဆင့် မူးယစ်ဆေးဝါး ပညာပေးပြပွဲ အခမ်းအနားကျင်းပရေး ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းက ဖဲကြိုးဖြတ်၍ ပြပွဲကို ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်အဆင့် မူးယစ်ဆေးဝါးပညာပေး ပြပွဲတွင် မြန်မာဘုရင်များလက်ထက်မှ ၁၉၈၈ ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းချက်များ ဖော်ပြထားသည့် မြန်မာနိုင်ငံသို့ ဘိန်းစတင်ရောက်ရှိလာပုံ၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းချက်များ၊ တော်လှန်ရေးကောင်စီလက်ထက် မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းချက်များ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက် မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းချက်များနှင့်ပတ်သက်သည့် အကြောင်းအရာမှတ်တမ်းများ၊ မှတ်တမ်းဓာတ်ပုံများ၊ ပန်းချီကားများ၊ ရုပ်လုံးသရုပ်ဖော်ပုံများကိုလည်းကောင်း၊ တပ်မတော်အစိုးရလက်ထက် မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းချက်များကို လည်းကောင်း ဖော်ပြထားသည့် မူးယစ်ဗဟိုပြကွက်၊ နိုင်ငံတကာဆက်ဆံရေးနှင့် တားဆီးနှိမ်နင်းရေးပြကွက်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနပြကွက်၊ အစားထိုး စိုက်ပျိုးရေးလုပ်ငန်းအဖွဲ့ပြကွက်၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ ပြကွက်၊ ဆေးဝါးကုသရေးလုပ်ငန်းအဖွဲ့ပြကွက်၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းအဖွဲ့ပြကွက်၊ ကျောင်းသားလူငယ်များ အား ပညာပေးလှုံ့ဆော်ရေး လုပ်ငန်းအဖွဲ့ပြကွက်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြကွက်၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းပြကွက်နှင့် ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့ပြကွက်တို့ကို အကြောင်းအရာမှတ်တမ်းများ၊ မှတ်တမ်းဓာတ်ပုံများ၊ ပန်းချီကားများ၊ ရုပ်လုံးသရုပ်ဖော်ပုံများနှင့် စာရင်းဇယားမှတ်တမ်းများဖြင့်ပြသထားသည်။

### မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်း

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်သုံးစွဲမှုလုံးဝပပျောက်စေရေးအတွက် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ပထမငါးနှစ် (၁၉၉၉–၂၀၀၀ မှ ၂၀၀၃–၂၀၀၄ ထိ)၊ ဒုတိယငါးနှစ် (၂၀၀၄–၂၀၀၅ မှ ၂၀၀၈–၂၀၀၉ ထိ)၊ တတိယငါးနှစ် (၂၀၀၉–၂၀၁၀ မှ ၂၀၁၃–၂၀၁၄ ထိ) ဟူ၍ အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိသည်။ မူးယစ်

ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်း ပထမငါးနှစ်မှ ပထမနှစ်ဖြစ်သည့် ၁၉၉၉–၂၀၀၀ ဘဏ္ဍာနှစ်အတွင်း စီမံကိန်းဒေသများဖြစ်သော ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ မုန်းကိုး၊ ကုန်းကြမ်း၊ လောက်ကိုင်၊ ကွမ်းလုံ၊ ဟိုပန် (အထူးဒေသ ၂ မပါ)၊ မိုင်းရယ်၊ တန့်ယန်း၊ လားရှိုး၊ နမ္မတူ၊ မန်တုံ၊ သိန္နီ၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ မူဆယ်၊ ကြူကုတ် (ပန်ဆိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရှိ ကျိုင်းတုံမြို့နယ် မိုင်းလားဒေသ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိ ကွန်ဟိန်း၊ မိုင်းပန်၊ လင်းခေး၊ ဆီဆိုင်၊ ဖယ်ခုံ၊ မိုင်းကိုင် စုစုပေါင်း ၂၂ မြို့နယ်၌ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ နယ်မြေလူထု ပူးပေါင်းပါဝင်ရေးအတွက် စည်းရုံးဆောင်ရွက်ရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းတွင် ငွေကျပ် ၃၈ သန်းကျော်၊ မွေးမြူရေးလုပ်ငန်းတွင် ငွေကျပ် ၁၂ သန်းကျော်၊ လမ်းတံတားဆောက်လုပ်ရေးလုပ်ငန်းတွင် ငွေကျပ် ၆၂၆ သန်းကျော်၊ ဆက်သွယ်ရေးလုပ်ငန်းတွင် ငွေကျပ် ၆၃ သန်းကျော်၊ စွမ်းအင်လုပ်ငန်းတွင် ငွေကျပ်သန်း ၂၀၀၊ ကုန်သွယ်ရေးလုပ်ငန်းတွင် ငွေကျပ် ၂၂ သန်းကျော်၊ ကျန်းမာရေးလုပ်ငန်းတွင် ငွေကျပ် ၂၉၄ သန်းကျော်၊ ပညာရေး လုပ်ငန်းတွင် ငွေကျပ် ဝ ဒသမ ၆ သန်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအတွက် ပညာပေးရေးလုပ်ငန်းတွင် ငွေကျပ် လေးသန်းကျော်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ငွေကျပ် ၂၃ သန်းကျော်၊ တားဆီးနှိမ်နင်းရေးအတွက် ငွေကျပ် ၁၅ သန်း ကျော်၊ နယ်မြေလူထုပူးပေါင်းပါဝင်လာအောင်စည်းရုံးရေး ဆောင်ရွက်ရေးအတွက် ငွေကျပ် ရှစ်သန်းကျော်၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ငွေကျပ် ခုနစ်သန်းကျော် စုစုပေါင်း ငွေကျပ်သန်း ၁,၃၀၀ ကျော်ကို ၁၉၉၉ –၂၀၀၀ ပြည့်နှစ်အတွင်း လုပ်ငန်းအလိုက် ကျခံသုံးစွဲပြီးဖြစ်သည်။

မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်း ပထမငါးနှစ်စီမံကိန်းကာလတွင် ၂၅ မြို့နယ်၊ ဒုတိယငါးနှစ်စီမံကိန်းကာလတွင် မြို့နယ် ၂၀ နှင့် တတိယ ငါးနှစ်စီမံကိန်းကာလတွင် ကိုးမြို့နယ်တို့၌ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းတံတားဆောက်လုပ်ရေး၊ ဆက်သွယ်ရေး၊ စွမ်းအင်ရရှိရေး၊ ကုန်သွယ်ရေးလုပ်ငန်းများကို နှစ်စဉ်တိုးမြှင့်ဆောင်ရွက်၍ တစ်ဖက်မှလည်း မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ ပြန်လည်ထူထောင်ရေး၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးနှင့် ပြည်သူများအား ပညာပေးလှုံ့ဆော်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်း ပြီးဆုံးချိန်တွင် မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်သုံးစွဲမှုလုံးဝပပျောက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးထုတ်ရာ၌သုံးသည့်ဓာတုပစ္စည်းကြေညာခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) တို့ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ကေဖင်း (Caffeine) ပစ္စည်းကို မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးထုတ်လုပ်ရာ၌ အသုံးပြုသည့် ဓာတုဗေဒပစ္စည်းဖြစ်သည်ဟု အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၀ ဖြင့်အောက်တိုဘာလ ၂ ရက်နေ့တွင် ကြေညာသည်။

ဘိန်းခင်းနှင့် ဘိန်းချက်စခန်းများ ဖျက်ဆီးခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တပ်မတော်၊ မြန်မာ နိုင်ငံ ရဲတပ်ဖွဲ့နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်းကာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးများဖြစ်လာမည့် ဘိန်းခင်းများကို ရှာဖွေဖော်ထုတ်ဖျက်ဆီးသည်။

၁၉၉၉ – ၂၀၀၀ ပြည့်နှစ် ဘိန်းစိုက်ရာသီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ၌ ဘိန်းစိုက်ခင်း ၄၃၀၇ ဒသမ ၁၃ ဧက၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၌ ဘိန်းစိုက်ခင်း ၄၇၁၉ ဒသမ ၁၈ ဧက၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ၌ ဘိန်းစိုက်ခင်း ၁၆၂၀ ဒသမ ၃၀ ဧက၊ ကချင်ပြည်နယ်၌ ဘိန်းစိုက်ခင်း ၁၁၃ ဒသမ ၇၄ ဧက၊ ကယားပြည်နယ်၌ ဘိန်းစိုက်ခင်း ၁၇၁ ဒသမ ၅၀ ဧက၊ ချင်းပြည်နယ်၌ ဘိန်းစိုက်ခင်း ၃၃ ဒသမ ၃၀ ဧက၊ မန္တလေးတိုင်း၌ ဘိန်းစိုက်ခင်း ၂ ဒသမ ၆၁ ဧက၊ စုစုပေါင်း ဘိန်းစိုက်ခင်း ၁၀,၉၈၇ ဒသမ ၇၆ ဧက ဖျက်ဆီးနိုင်သည်။ ၁၉၈၈ – ၈၉ ခုနှစ် ဘိန်းစိုက်ရာသီမှ ၁၉၉၉ – ၂၀၀၀ ပြည့်နှစ် ဘိန်းစိုက်ရာသီအထိ နှစ်စဉ်ဘိန်းခင်းများကို ဖျက်ဆီးခဲ့ရာ စုစုပေါင်း ဘိန်းခင်း ၁၀၁,၉၇၃ ဒသမ ၈၁ ဧက ဖျက်ဆီးပြီးဖြစ်သည်။

၂၀၀၀ ပြည့်နှစ်အတွင်း တပ်မတော်စစ်ကြောင်းများက မူဆယ်မြို့နယ် ရောက်ကော်ရွာအနီး၌ ဘိန်းချက်စခန်းတစ်ခုကို မေလ ၄ ရက်နေ့တွင် လည်းကောင်း၊ သိန္နီမြို့နယ်၌ ဘိန်းချက်စခန်းတစ်ခုကို စက်တင်ဘာလ ၁၀ ရက်နေ့တွင် လည်းကောင်း၊ မူဆယ်မြို့နယ်၌ ဘိန်းချက်စခန်းတစ်ခုကို နိုဝင်ဘာလ ၁၁ ရက်နေ့တွင် လည်းကောင်း သိမ်းဆည်းရမိသည်။ ဘိန်းချက်စခန်း

သုံးခုမှ သိမ်းဆည်းရမိသော ပစ္စည်းများမှာ ဘိန်းဖြူ ၀ ဒသမ ၀၄၂ ကီလို၊ ဘိန်းစိမ်း ၁၆၉ ဒသမ ၄ ကီလို၊ ဘိန်းစစ်ဖတ် ပိဿာ.၂၀၊ ဓာတုဆေးရည်သုံးမျိုး၊ ဆက်စပ်ပစ္စည်း ခုနစ်မျိုး နှင့် တဲ ခြောက်လုံးတို့ဖြစ်သည်။

## တားဆီးနှိမ်နင်းမှု

တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တားဆီးနှိမ်နင်းခဲ့သော မူးယစ်ဆေးဝါး စုစုပေါင်းမှာ ဘိန်းဖြူ ၁,၂၄၁ မှုနှင့် ၁၅၈ ဒသမ ၉၂၀၇ ကီလို၊ ဘိန်း ၃၁၂ မှုနှင့် ၁,၅၂၈ ဒသမ ၃၉၂၃ ကီလို၊ ဆေးခြောက် ၆၀၁ မှုနှင့် ၆၀၁ ဒသမ ၅၀၈၅ ကီလို၊ ဘိန်းညို နှစ်မှုနှင့် ၂၂ ဒသမ ၆၉၆၂ ကီလို၊ ဘိန်းဆီ ၃၆ မှုနှင့် ၁၆ ဒသမ ၀၈၄၈ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၃၉ မှုနှင့် ၂၂၂ ဒသမ ၈၉ လစ်တာ၊ အဆင့်နိမ့်ဘိန်း ၁၅၂ မှုနှင့် ၂၄၅ ဒသမ ၂၆၀၂ ကီလို၊ ဘိန်းစာ မှုန့်ခြောက်မှုနှင့် ၄ ဒသမ ၅၄၀၆ ကီလို၊ မူးယစ်ဆေးဝါး အာနိသင်ပါသော ချောင်းဆိုးပျောက်ဆေးရည် ၁၄ မှုနှင့် ၇၀ ဒသမ ၀၁၅ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးပြား အမှု ၄၉၀ နှင့် ဆေးပြား ၂၆,၇၅၉,၇၇၁ ပြား၊ အက်ဖီဒရင်းဆေးမှုန့် ၄၅ မှုနှင့် ၂,၆၇၀ ဒသမ ၃၀၅၀ ကီလို၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် တစ်မှုနှင့် ၂,၄၂၉ လစ်တာ၊ အခြား ဓာတုဆေးရည် ၁၅ မှုနှင့် ၈၆,၇၅၅ ဒသမ ၆၄၈ လစ်တာ၊ မူးယစ်ဆေးဝါးသုံးစွဲပြီး မှတ်ပုံတင်ဆေးကုသမှုခံယူရန် ပျက်ကွက်၍ အရေးယူမှု ၄၉၇ မှု၊ အခြား မူးယစ်ဆေးဝါးအမှု ၈၄ မှု၊ စုစုပေါင်း မူးယစ် ဆေးဝါးအမှု ၃,၅၃၅ မှုနှင့် တရားခံ (ကျား) ၃,၉၇၉ ဦး၊ တရားခံ (မ) ၉၀၂ ဦး စုစုပေါင်း တရားခံ ၄,၈၈၁ ဦး ဖြစ်သည်။

၁၉၈၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ဘိန်းဖြူ ၂၀,၉၆၄ မှုနှင့် ၄,၅၅၇ ဒသမ ၄၁၃၈ ကီလို၊ ဘိန်း ၇,၂၄၄ မှုနှင့် ၃၁, ၃၅၉ ဒသမ ၄၇၇၁ ကီလို၊ ဆေးခြောက် ၇,၃၁၇ မှုနှင့် ၇,၄၈၂ ဒသမ ၀၂၆၃ ကီလို၊ ဘိန်းညို ၁၉ မှုနှင့် ၃၂၈ ဒသမ ၃၉၈၉ ကီလို၊ ဘိန်းဆီ ၅၁၆ မှုနှင့် ၆၇၂ ဒသမ ၄၂၇၉ ကီလို၊ ဖင်ဆီဒိုင်း ဆေးရည် ၂,၃၈၁ မှုနှင့် ၃၄,၃၀၅ ဒသမ ၃၅၅၄ လစ်တာ၊ အဆင့်နိမ့်ဘိန်း ၆၈၇ မှုနှင့် ၁,၁၇၇ ဒသမ ၆၅၄၅ ကီလို၊ ဘိန်းစာမှုန့် ၇၁ မှုနှင့် ၂၆၀ ဒသမ ၁၃၉၄ ကီလို၊ မူးယစ်ဆေးဝါး အာနိသင်ပါသော ချောင်းဆိုးပျောက်ဆေးရည် ၁၇၄ မှုနှင့် ၁,၆၉၁ ဒသမ ၀၁၁ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၁,၂၃၁ မှုနှင့် ဆေးပြား ၈၂,၆၀၉,၁၂၈ ပြား၊ အက်ဖီဒရင်းဆေးမှုန့် ၁၅၄ မှုနှင့် ၁၅,၃၉၄ ဒသမ ၅၉၀၉ ကီလို၊ မော်ဖင်းထိုးဆေး ၃၅ မှုနှင့် ပုလင်း ၄,၈၆၆ ပုလင်း၊ ပက်သဒင်းထိုးဆေးလေးမှု နှင့် ပုလင်း ၆၀၉ ပုလင်း၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် ၅၄ မှု နှင့် ၆၆,၉၇၃ ဒသမ ၃၁၉၆ လစ်တာ၊ အခြားဓာတုဆေးရည် ၆၈ မှုနှင့် ၃၃၉,၄၃၉ ဒသမ ၆၅၄၇ လစ်တာ၊ မူးယစ်ဆေးဝါး သုံးစွဲပြီး မှတ်ပုံတင်ဆေးကုသမှုခံယူရန် ပျက်ကွက်၍ အရေးယူမှု ၁၈,၉၁၇ မှု၊ အခြား မူးယစ်ဆေးဝါးအမှု ၂,၄၀၉ မှုနှင့် တရားခံ (ကျား) ၆၉,၂၀၂ ဦး၊ တရားခံ (မ) ၁၃,၇၈၃ ဦး စုစုပေါင်း တရားခံ ၈၂,၉၈၅ ဦး တို့ကို ဖမ်းဆီးအရေးယူခဲ့ပြီး ဖြစ်သည်။

## မူးယစ်ဆေးဝါးများ ဖျက်ဆီးခြင်း

၂၀၀၀ ပြည့်နှစ်၊ ဇွန်လ ၂၃ ရက်နေ့၌ ကျင်းပသော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ၁၄ ကြိမ်မြောက် ဖျက်ဆီးသည့် အခမ်းအနားတွင် ဘိန်း ၁,၈၆၉ ဒသမ ၀၉၉ ကီလို၊ ဘိန်းဖြူ ၃၂၁ ဒသမ ၇၁၉ ကီလို၊ ဘိန်းညိုမှုန့် ၂၉ ဒသမ ၃၅ ကီလို၊ ဘိန်းဆီ ၅၃ ဒသမ ၀၈၄ ကီလို၊ ဘိန်းရည် ၁၉ ဒသမ ၈၂ ကီလို၊ ဆေးခြောက် ၄၂၉ ဒသမ ၅၁၈ ကီလို၊ ဖင်ဆီဒိုင်း ၅၉၇ ဒသမ ၆၁၅ လစ်တာ၊ ဘိန်းပါသော ချောင်းဆိုးပျောက်ဆေးရည် ၂၅၆ ဒသမ ၈၀၁ လစ်တာ၊ ဘိန်းအာနိသင်ပါသော ထိုးဆေး ၇၄ ပုလင်း၊ အက်ဖီဒရင်း ၉,၆၀၂ ဒသမ ၇၈၇ ကီလို၊ စိတ်ကြွဆေးပြား ၃၀,၀၃၂,၂၀၉ ပြား၊ ဘိန်းပါသော ချောင်းဆိုးပျောက်ဆေးပြား ၇၈၈ ပြား၊ မက်သာကွာလုံးဆေးပြား ၅,၈၁၀၊ အဆင့်နိမ့်ဘိန်း ၁၃ ဒသမ ၃၂၇ ကီလို၊ ဒိုင်ဖီနို အောက်ဆီလိတ်ဆေးပြား ၇၀,၉၈၈ ပြား၊ မော်ဖင်းဆာလ် ဖိတ်ဆေးပြား ၁၀ ပြား၊ အက်ဖီဒရင်းဆေးပြား ၄၅၈ ပြား၊ ဖီနို ဘာဘီတယ် ဆေးပြား ၁,၆၆၀၊ ဖီနိုဘာဘီတယ်ထိုးဆေး ၂၃ ပုလင်း၊ အက်ဖီဒရင်းထိုးဆေး ၂၈ ပုလင်း၊ စိတ်ကြွဆေးပြား အကြေမှုန့် ၃၀ ဒသမ ၄,၅၂ ကီလို၊ မိသာဒုံးဆေးရည် ၁၀ လစ်တာ၊ ဖီနိုင်းအက်စီတစ် အက်စစ် ၂,၁၄၃ ဒသမ ၄၇၁ ကီလို၊ ဘိန်းစာမှုန့် ၆ ဒသမ ၅၉၃ ကီလိုတို့ကို လမ်းကြိတ်စက်များဖြင့် ကြိတ်၍လည်းကောင်း၊ မီးရှို့၍လည်းကောင်း ဖျက်ဆီးသည်။

၁၉၉၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့တွင် ၁၄ ကြိမ် ဖျက်ဆီးခဲ့ရာ ဘိန်းဖြူ ၃,၆၁၃ ဒသမ ၀၆ ကီလို၊ ဘိန်း ၂၂,၃၉၂ ဒသမ ၆၈ ကီလို၊ ဘိန်းညို ၂၂၁ ဒသမ ၈၁၉ ကီလို၊ ဘိန်းဆီ ၁၉၀ ဒသမ ၉၀၅ ကီလို၊ ဘိန်းရည် ၁၇၉ ဒသမ ၆၅၈ ကီလို၊ ဆေးခြောက် ၄,၉၇၇ ဒသမ ၇၇၈ ကီလို၊ ဖင်ဆီဒိုင်း ၃၀,၁၂၀ ဒသမ ၉၂၅ လစ်တာ၊ ဘိန်းပါသော ချောင်းဆိုးပျောက်ဆေးရည် ၁,၃၆၄ ဒသမ ၇၅၁ လစ်တာ၊ ဘိန်းအာနိသင်ပါသောထိုးဆေး ၁,၄၇၉ ပုလင်း၊ အက်ဖီဒရင်း ၁၀,၀၁၉ ဒသမ ၇၅၀ ကီလို၊ စိတ်ကြွဆေးပြား

၅၃,၆၀၆,၅၉၃ ပြား၊ ဘိန်းပါသော ချောင်းဆိုးပျောက်ဆေးပြား ၂၀,၈၇၃ ပြား၊ မက်သာကွာလုံးဆေးပြား ၆,၇၀၇ ပြား၊ အဆင့်နိမ့်ဘိန်း ၃၄ ဒသမ ၂၇၇ ကီလို၊ ဒိုင်ဖီနိုအောက်ဆီလိတ်ဆေးပြား ၇၀,၉၈၈ ပြား၊ မော်ဖင်းဆာလ်ဖိတ်ဆေးပြား ၁၀ ပြား၊ အက်ဖီဒရင်းဆေးပြား ၄၅၈ ပြား၊ ဖီနိုဘာဘီတယ်ဆေးပြား ၁,၆၆၀၊ ဖီနိုဘာဘီတယ်ထိုးဆေး ၂၃ ပုလင်း၊ အက်ဖီဒရင်းထိုးဆေး ၂၈ ပုလင်း၊ စိတ်ကြွဆေးပြား အကြေမှုန့် ၃၀ ဒသမ ၄၅၂ ကီလို၊ မီသာဒုံးဆေးရည် ၁.၀ လစ်တာ၊ ဖီနိုင်းအက်စီတစ်အက်စစ် ၂,၁၄၃ ဒသမ ၄၇၁ ကီလို၊ ဘိန်းစာမှုန့် ၆ ဒသမ ၅၉၃ ကီလိုတို့ကို ဖျက်ဆီးပြီးဖြစ်သည်။

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ၌ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ဖျက်ဆီးခဲ့ရာ အက်စစ်တစ်အင်ဟိုက်ဒရိုက် ၂,၁၄၇ ဒသမ ၆ လစ်တာ၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၄,၀၃၄ ဒသမ ၇၅၈ လစ်တာ၊ ဆာလ်ဖျူရစ်အက်စစ် ၄,၃၉၉ ဒသမ ၈၅ လစ်တာ၊ အမိုးနီးယားကလိုရိုက် ၆,၃၅၁ ကီလို၊ ဆိုဒီယမ်ကာဗွန်နိတ် ၁,၈၄၅ ကီလို၊ အရိုးမီးသွေး ၅,၁၆၀ ကီလို၊ အခြားဓာတုဆေးရည် ၈၂,၄၀၉ ဒသမ ၆ လစ်တာ၊ လိုက်ဇော ၃,၅၄၉ ဒသမ ၉၁ လစ်တာ၊ ဘိန်းရည် ၂,၄၆၆ ဒသမ ၁ လစ်တာ၊ ကလိုရိုဖောင်း ၅၃၅ ဒသမ ၈၅၂၅ လစ်တာ၊ ဆိုဒီယမ်ကလိုရိုက် ကီလို ၂၄၀၊ ဆိုဒီယမ် ၃ ဒသမ ၇၅ ကီလို၊ ဆိုဒီယမ် ဟိုက်ဒရောဆိုက် ၁၇ ဒသမ ၂၅ ကီလိုတို့ကို ဖျက်ဆီးသည်။

စိုးအောင်

မြတ်လေး၊ အကယ်ဒမီ (ခရစ် ၁၉၂၈ – ၂၀၀၀) ။ ။ နိုင်ငံကျော် ရုပ်ရှင်သရုပ်ဆောင်နှင့် ဒါရိုက်တာ၊ ဂီတစာဆို၊ အဆိုတော်၊ စာရေးဆရာ အကယ်ဒမီမြတ်လေးကို ရန်ကုန် တစ်ဖက်ကမ်း၊ ခနောင်တိုတွင် ဖခင် ဦးဘရှင်၊ မိခင် ဒေါ်မိုးတို့က ၁၉၂၈ ခု၊ ဇူလိုင်လ ၂ ရက်နေ့၌ မွေးဖွားသည်။ မွေးချင်းငါးဦးအနက် စတုတ္ထမြောက်သားဖြစ်ပြီး ငယ်နာမည် မောင်လေးဖြစ်သည်။ ငယ်စဉ်က ဦးကုဏ္ဍလ၏ ဘုန်းတော်ကြီးကျောင်းတွင် လေးတန်းအထိ ပညာသင်ကြားခဲ့သည်။ လမ်းမတော် မော်တင်ကျောင်းတွင် လေးတန်းစာမေးပွဲဝင်ရောက်ဖြေဆိုသည်။ ဆရာ ဦးဘအေးထံတွင် အင်္ဂလိပ်စာသင်ယူသည်။ ခနောင်တိုမှ ဆရာဦးစံရင်ထံတွင် ပညာသင်ယူဖူးသည်။ ဆော်လမွန်ကျောင်းမှ ဆရာကြီး ဘတ်ဆူးထံတွင် ပညာဆက်လက်ဆည်းပူးသည်။ ၁၉၅၁ ခုနှစ်တွင် ၁၀ တန်းဖြေဆိုအောင်မြင်သည်။ တက္ကသိုလ်ပညာကို သက်ကြီးတက္ကသိုလ်တွင်သင်ယူပြီး အိုင်အေစာမေးပွဲအောင်မြင်သည်။



ရုပ်ရှင်
သရုပ်ဆောင်၊
ဒါရိုက်တာ၊
စာရေးဆရာ၊
ဂီတစာဆို၊
အဆိုတော်
အကယ်ဒမီ
မြတ်လေး

မြတ်လေးသည် မြန်မာနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် လက်ထောက်ရုံးဝန်ထောက်အဖြစ် တာဝန်ထမ်းဆောင်သည်။ ထို့နောက် ရုပ်ရှင်လောကသို့ ခြေစုံပစ်ဝင်ရောက်သည်။

၁၉၆၂ ခုနှစ်တွင် ကမ္ဘာ့လူငယ်ပွဲတော်တက်ရန် တရုတ်ပြည် မန်ချူးရီးယား၊ မွန်ဂိုလီးယား၊ ဆိုက်ဗေးရီးယားမှ တစ်ဆင့် ဖင်လန်နိုင်ငံ ဟယ်ဆင်ကီးမြို့သို့ သွားရောက်သည်။ ထိုစဉ် အခွင့်ကြုံ၍ ကမ္ဘာ့ရုပ်ရှင်ပညာရပ်များကို ဝါရင့်ရုပ်ရှင်ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဆိုဗီယက်နိုင်ငံသို့ ရောက်ရှိစဉ် ကမ္ဘာကျော် "စစ်နှင့် ငြိမ်းချမ်းရေး" ဇာတ်ကား ရိုက်ကူးသူ ဒါရိုက်တာကြီး ဘောင်ဒါချွတ်နှင့်တွေ့ဆုံပြီး ရုပ်ရှင်ပညာအကြောင်းများ ဆွေးနွေးသည်။စာနယ်ဇင်းများတွင် မြန်မာ့ရုပ်ရှင်အကြောင်း ကမ္ဘာ့ ရုပ်ရှင်အကြောင်းဆောင်းပါးများ ရေးသားသည်။

မြတ်လေးသည် Method of Acting စာအုပ်ကို ကိုယ်တိုင်ရေးသားပြီး ကိုယ်တိုင်သင်တန်းဖွင့်လှစ် ပို့ချသည်။ မြတ်လေး၏ကုမ္ပဏီမှ ပွဲဦးထွက်ရိုက်ကူးခဲ့သော ရုပ်ရှင်ဇာတ်ကားမှာ "ပင်လုံထိပ်ထားဦး" ဖြစ်သည်။ "ပင်လုံထိပ်ထားဦး" ဇာတ်ကား၏ ဇာတ်ညွှန်းနှင့် ဒါရိုက်တာမှာ မြတ်လေးဖြစ်သည်။ ယင်းဇာတ်ကား၏ ဦးတည်ချက်မှာ ပဒေသရာဇ်ဆန့်ကျင်ရေး အခြေခံဇာတ်လမ်းဖြစ်၍ ဝါရင့်ဒါရိုက်တာအားလုံးလိုလိုက မြတ်လေးကို အရည်အချင်းရှိသော ဒါရိုက်တာ အဖြစ် လက်ခံကြသည်။ မြတ်လေးရိုက်ကူးသော ဇာတ်ကား တိုင်းလိုလိုမှာ မြန်မာ့ရုပ်ရှင်သမိုင်းမှတ်တမ်းတွင် အထင်ကရ နေရာတွင် မှတ်တမ်းတင်ခြင်းခံရသည်။

မြတ်လေးသည် စိတ်ကြိုက်အမှုအရာကို မှန်ကြည့်၍ ကိုယ်တိုင် လေ့ကျင့်သည်။ သရုပ်ဆောင်သောအခါ ဇာတ်ကောင်စရိုက်ကိုလိုက်၍ ဆိုင်ရာ၊ ဆိုင်ရာအခန်း

များတွင် အမူအရာများကို ထည့်သွင်းအသုံးပြုသည်။ ထို့ကြောင့် မြတ်လေး၏ အမူအရာများမှာ ရုပ်ရှင် ဇာတ်ကား တစ်ကားနှင့် တစ်ကားမတူဘဲ အမြဲတမ်း ဆန်းသစ်နေသည်။ ပရိသတ်များက စွဲမက်လက်ခံကြသည်။

စကားပြောကောင်းသူပီပီ ပန်းပန်လျက်ပါဇာတ်ကားတွင် မြတ်လေးသည် မြန်မာဆန်ဆန် တိုက်ပုံလေးဝတ်လျက် ဆေးတံလေးခဲ မျက်ခုံးလေးပင့်ကာ စကားပြောဟန်များမှာ ရုပ်ရှင်ကြည့် ပရိသတ်၏ ရင်ထဲတွင် အရိပ်ထင်ကျန်ရစ်ခဲ့သော ဟန်အမူအရာများဖြစ်သည်။

"သီတာ၊ ဘယ်သို့ချစ်ရမယ်" ဇာတ်ကားတွင် ဟာသသရုပ်ဆောင်အဖြစ် သရုပ်ဆောင်သည်။ စကားပြော ရှေ့နောက်မညီခြင်း၊ ဖြစ်ရပ်တစ်ခုနှင့်တစ်ခု ဆက်စပ်မှုမရှိဘဲ အလွဲလွဲအချော်ချော်ဖြစ်ခါ ရုပ်ရှင်ကြည့်ပရိသတ်များ ရယ်မောရအောင် သရုပ်ဆောင်ခဲ့သည်။

"ချစ်သူကလ ကိုယ်ကည" ဇာတ်ကားတွင် မြတ်လေးသည် ခါးပိုက်နှိုက်၊ သူခိုးအဖြစ် သရုပ်ဆောင်ထားသည်။ ယင်းဇာတ်ကားတွင် ခါးပိုက်နှိုက်တို့၏ဖြစ်စဉ်၊ အနှိုက်ခံရသောသူတို့၏ ဘဝအခြေအနေစသည်များကို ပီပြင်အောင်သရုပ်ဆောင်နိုင် ရိုက်ကူးတင်ပြနိုင်သည်။

"ရေပွက်ပမာ" ဇာတ်ကားတွင် မြတ်လေးသည် လူဆိုးဂိုဏ်းဝင်အဖြစ် သရုပ်ဆောင်သည်။ မြတ်လေးသည် မေတ္တာဘွဲ့၊ ဟာသဇာတ်ကြမ်းစသည်ဖြင့် ဇာတ်ဆောင်စရိုက်မျိုးစုံတို့ကို ကျရာဇာတ်ရုပ်အတိုင်း ပီပြင်စွာသရုပ်ဆောင်လေ့ရှိသည်။ ဝမ်းနည်း ဝမ်းသာ၊ မောင်ချစ်နှမချစ်၊ ရင်မှာပျိုးသောပန်း၊ သွေး နဲ့ချွေးနဲ့ရင်းသည့်မြေ စသည့်ဇာတ်ကားများတွင် မြတ်လေးနှင့် ခေတ်ပြိုင်စကားပြောကောင်း၊ သရုပ်ဆောင်ကောင်းဖြစ်သော ထပ်ဆင့်အကယ်ဒမီ ကောလိပ်ဂျင်နေဝင်းနှင့်အပြိုင် သရုပ်ဆောင်ကြသည်မှာ ရုပ်ရှင်ကြည့်ပရိသတ်များ လက်မလွှတ်တမ်း၊ ကြည့်ရှုကြရသော ဇာတ်ကားများဖြစ်သည်။

သူဇာရုပ်ရှင်မှ ဒါရိုက်တာ စာရေးဆရာ ဦးမင်းအောင်၏ "အမုန်း၏နောက်ဝယ်" ဇာတ်ကားတွင် မြတ်လေးသည် ပန်းချီဆရာတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်သည်။ မြတ်လေး၏ အသွင်သဏ္ဌာန် ပျောက်ကွယ်ပြီး တကယ့်ပန်းချီဆရာတစ်ဦး၏ ဘဝဇာတ်လမ်းတစ်ပုဒ်ကို ကြည့်ရှုနေရဘိသကဲ့သို့ စိတ်ကထင်မှတ်မှားလောက်အောင် သူ၏ သရုပ်ဆောင်ချက်နှင့် လုပ်ရပ်တို့က အောင်မြင်သည်။ ၁၉၆၁ ခုနှစ် အမျိုးသားအကောင်းဆုံးသရုပ်ဆောင်ဆုကို "အမုန်း၏နောက်ဝယ်" ဇာတ်ကားတွင် သရုပ်ဆောင်သည့်မြတ်လေး ဆွတ်ခူးရရှိသည်။

၁၉၇၄ ခုနှစ်တွင် အမျိုးသားဇာတ်ပို့ဆုအဖြစ် အကယ်ဒမီရရှိသော "ရင်ထဲမှာ ရှာသောမိုး" ဇာတ်ကားတွင် မိဘပစ်သွားသော မွေးကင်းစကလေး (ကျော်ဟိန်း) ကို ကြီးပြင်းသည်အထိ ပညာသင်ကျွေးမွေးစောင့်ရှောက်ထားသော သုသာန်စောင့်ကြီးအဖြစ် မြတ်လေးက သရုပ်ဆောင်ထားသည်။ အချိန်တန် အရွယ်ရောက်၊ လူလားမြောက်လာသော ကျော်ဟိန်းကို မိဘအရင်းများက လာရောက်တောင်းဆိုသောအခါ ငယ်ငယ်ကတည်းက မွေးစားခဲ့သော ကလေးကို မပေးရက်၊ မပေးပြန်လျှင်လည်း ကလေး၏ဘဝသည် သုသာန်ထဲတွင်နေ၊ သုသာန်ထဲတွင်သေ ဘဝမျိုးဖြင့်ဘဝဆုံးသွားမည်။ ပေးလိုက်လျှင် မိဘအရင်းတို့က ရွှေဘုံပေါ်တွင်ထားပြီး ကလေးဘဝကောင်းစားမည်။ သို့သော် သူရင်ကွဲမည်။ ချီတုံ၊ ချတုံ၊ အပြန်ပြန်၊ အလှန်လှန်စဉ်းစားပြီး ရင်ထဲတွင် မချိမဆံ့ခံစားရပုံ များကို မျက်နှာအမူအရာ၊ စိတ်ခံစားမှုတို့ဖြင့် သရုပ်ဆောင်ချက်မှာ ရုပ်ရှင်ကြည့်ပရိသတ်များမျက်ရည်ကျကြရသည်အထိ ကောင်းလှပေရာ အမျိုးသားဇာတ်ပို့ဆု ဆွတ်ခူးရရှိခြင်း ဖြစ်သည်။

မြတ်လေးပါဝင်သရုပ်ဆောင်သော ဇာတ်ကားအချို့မှာ ပင်လုံထိပ်ထားဦး၊ မောင့်ကိုသေစေညွှန်းရော့သလား၊ ပန်းတိုင်းပွင့်ပါစေ၊ အမုန်း၏နောက်ဝယ်၊ ချစ်ပါသည်ဆိုသော်လည်း၊ သီချင်းဆို၍ ငိုရသည်၊ ပန်းပန်လျက်ပါ၊ ချွေးနဲ့သွေးနဲ့ရင်းသည့်မြေ၊ ဝမ်းနည်းဝမ်းသာ၊ ရင်မှာ ပျိုးသောပန်း၊ မောင်ချစ်နှမချစ်၊ စိမ်းနှမ စန္ဒာ၊ ချစ်သူပေးသော တေးတစ်ပုဒ်၊ မိရွှေမာ၊ နန်းကြာရိပ်မြိုင်၊ ရန်ကုန်သားနဲ့ မန္တလေးသူ၊ ရေပွက်ပမာ၊ ငို၍ ရယ်၍ မရသော မျက်နှာ၊ မောင်ခေါ် ရာ လိုက်ခဲ့တော့မယ်၊ ရွှေသစ္စာ၊ မလိခ ချစ်သူ၊ ချစ်သူကလ ကိုယ်ကည၊ သီတာဘယ်သို့ ချစ်ရမယ်၊ မြခြူသံ၊ ရင်ထဲမှာ ရွာသောမိုး၊ သူများရယ်ဘို့ ကိုယ်ငိုမယ်တို့ဖြစ်သည်။

မြတ်လေးသည် မြန်မာစာပေကိုလည်း အလွန်လေ့လာလိုက်စားသည်။ ဂီတစာဆိုများဖြစ်ကြသော ရွှေတိုင်ညွှန့်၊ မြို့မငြိမ်း၊ ရွှေပြည်အေး၊ နန်းတော်ရှေ့ဆရာတင် စသည်တို့၏ ဂီတ လက်ရာများကို အမြတ်တနိုးလေ့လာသည်။ ထို့ပြင် အဆိုတော် များဖြစ်ကြသော ပြည်လှဖေ၊ မြကြီး၊ မေရှင်၊ မကြည်အောင်၊ စိန်ပါတီ၊ မအေးမိတို့၏ တေးသံများကိုလည်း စိတ်ပါဝင်စားကာ ခံစားမှုအပြည့်ဖြင့် လေ့လာနားထောင်သည်။ မြန်မာသံစစ်စစ်နှင့် တေးဂီတရေးဖွဲ့မှုကိုလည်း လေ့လာသည်။

မြတ်လေးသည် ၂၁ နှစ်အရွယ်တွင် ဂျူဗလီစိန်၊ စန္ဒရားသီဟ၊ ကိုလှမိုး၊ အေဝမ်းခင်မောင်၊ ဆရာရွှေပြည်အေး၊ ဂီတနက်သန်ကိုစောငြိမ်း၊ ဂီတာအုန်းလွင်၊ စန္ဒရား ကိုမျိုးလှိုင်၊ စန္ဒရား

ချစ်ဆွေ၊ အောင်လင်းတို့နှင့် ရင်းနှီးသည်။ အရှေ့ပိုင်း တူရိယာအဖွဲ့နှင့် နီးစပ်သွားပြီး သီချင်းများရေးပေးရသည်။ ဂီတလုလင်မောင်ကိုကို၊ ဗိုလ်ကလေးတင့်အောင်တို့နှင့်လည်း ရင်းနှီးသည်။

မြတ်လေးရေးသားသော သီချင်းများသည် သီချင်းအပုဒ်တိုင်း၌ ခံစားမှုထည့်၍ ရေးသောကြောင့် သီဆိုသူတိုင်း ရင်ထဲခံစားလာရသည်။

မြတ်လေး၏ သီချင်းများသည် မြန်မာဆန်သည်၊ သံစဉ်ပြေပြစ်သည်။ အဓိပ္ပာယ် လေးနက်သည်။ အတွေးအခေါ်ဆန်းသစ်သည်။ မြန်မာ့ဂီတလောက၌ မြန်မာ့အသံမှ ဓာတ်ပြားရသီချင်းတစ်ပုဒ်ဖြစ်လာအောင် အတော်ကြိုးပမ်းအားထုတ်ရသည်။ မြတ်လေးသည် ဓာတ်ပြားရတေး တော်တော်များများရေးသားဖန်တီးနိုင်သည်။ ရုပ်ရှင်ဇာတ်ဝင်တေးများကိုလည်း ရေးသားသည်။ ကိုယ်တိုင်လည်း သီဆိုသည်။ မြတ်လေးသည် ဂီတလောကတွင် စန္ဒရား ချစ်ဆွေနှင့်အတွဲများသည်။ နှစ်ယောက်ပေါင်းစပ်၍လည်း သီချင်းများရေးသားသည်။

မြတ်လေး၏ ပင်လုံထိပ်ထားဦး၊ တစ်ရံရောအခါ၊ မခင်နှင်းဆီ၊ မခင်နှင်းဆီရဲ့နှင်းဆီ၊ သီချင်းဆို၍ ငိုရသည် စသောသီချင်းများမှာ အလွန်လူကြိုက်များပြီး ထင်ရှားသော သီချင်းများဖြစ်သည်။

ထို့ပြင် မြတ်လေးရေးဆိုခဲ့သော သီချင်းများမှာ မေတ္တာစစ်ဆိုသည်မှာ၊ လက်ဆောင်မွန်၊ ဝေလေလေ၊ ထာဝစဉ်အချစ်၊ မစ်စ်ဝီစကီ၊ သီချင်းဆို၍ ငိုရသည်၊ သည်ဇာတ်သည်တွင်ဆုံး ပြီကွယ်နှင့် စစ်ကိုမောင်းထုတ်ကြစို့ဖြစ်ပြီး အခြားအနုပညာ ရှင်များရေးသား၍ မြတ်လေးသီဆိုသော သီချင်းများမှာ ကလေးချော့ (ရင်မှာပျိုးသော ဇာတ်ကားအတွက် ဆရာ ရွှေပြည်အေး) ဖြစ်သည်။ မြတ်လေးရေးသောသီချင်းများမှာ ဝေးပြီမွေးရပ်၊ ရည်မှန်းချက်ပန်းတိုင်ရှိလေမှ၊ မွေးပဏာမ၊ သူ၊ ချစ်စိတ်ရယ်ဘယ်မပြေ၊ သူ (သို့မဟုတ်) နွယ်၊ ရေမြေဆုံးစေတော့၊ မခင်နှင်းဆီ၊ မခင်နှင်းဆီရဲ့နှင်းဆီ၊ မခင်နှင်းဆီရဲ့ နှင်းဆီဇာတ်သိမ်း၊ ဖြေရှင်းချက်၊ ပန်းတိုင်းပွင့် ပါစေ၊ တစ်ရံရောအခါ၊ ပင်လုံထိပ်ထားဦး စသည်တို့ ဖြစ်သည်။

မြတ်လေးသည် ဂီတသမားများနှင့် ပေါင်းဖက်တွေ့ဆုံပြီး သီချင်းများရေးစပ်ကာ၊ ကိုယ်တိုင်လည်း သီဆိုခဲ့ရုံနှင့် ကျေနပ်မနေဘဲ၊ ဂီတလောကသမားများအကြောင်းကိုပါ စာပေဖြင့် မှတ်တမ်းတင်သည်။

ဆရာ ရွှေပြည်အေး၏ ဂီတစွမ်းရည်အကြောင်းကို "ရွှေအောင်လံ" မဂ္ဂဇင်းတွင် တစ်နှစ်နီးပါးမျှ အခန်းဆက်ဆောင်းပါးများရေးသားသည်။ စာရေးဆရာ၊ ဂီတစာဆို အောင်လင်းအကြောင်းကိုလည်း "ရုပ်ရှင်တေးကဗျာ"မဂ္ဂဇင်းတွင် ဆက်တိုက်ရေးဖူးသည်။ တယောထိုး အလွန်ကောင်းသူဟု နာမည်ကြီးခဲ့သည့် စာရေးဆရာ ဗန်းမော်တင်အောင်အကြောင်းနှင့် တက္ကသိုလ်ဘုန်းနိုင်အကြောင်းကိုလည်း ရုပ်ရှင် တေးကဗျာ မဂ္ဂဇင်းတွင်ပင် ရှစ်လကြာမျှ အခန်းဆက်ဆောင်းပါး ရေးသားသည်။

မြတ်လေးရေးခဲ့သမျှသော ဝတ္ထုများသည် အကြောင်းအရာသစ်၊ အတွေးအခေါ်သစ်၊ အယူအဆသစ်များကို ခေတ်နှင့် အံဝင်ခွင်ကျဖြစ်အောင် ရေးနိုင်သူတစ်ဦး ဖြစ်သည်။ ၁၉၆၂ ခုနှစ်က ရေးသားထုတ်ဝေခဲ့သော "ဆံမြိတ်လည်းပြေ ပန်းလည်းကြွေ" ဝတ္ထုသည် ယနေ့တိုင် ထင်ရှားသောဝတ္ထုအဖြစ် နေရာယူနေဆဲဖြစ်သည်။ ထို့ပြင် ဇရာနှင့်ဗေဒါအနမ်းလုံးချင်းဝတ္ထုကိုလည်း ရေးသားခဲ့သေးသည်။

စာရေးဆရာ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာ၊ မင်းသား၊ အဆိုတော်အဖြစ် ၁၉၅၈ ခုနှစ်မှစ၍ ထင်ပေါ်ကျော်ကြားခဲ့သော ထပ်ဆင့်အကယ်ဒမီမြတ်လေးသည် ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်မြင့်မြင့်နှင့် သားသမီးသုံးဦး ကျန်ရစ်သည်။

ခင်မျိုးသန့် (ပြန်/ဆက်)

**မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန**။ ။မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို အဆောက်အအုံတည်ရှိရာ ရန်ကုန်မြို့၊ ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဝင်းအတွင်း၌ ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာနအဆောက်အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့သည် မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန အဆောက်အအုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို အဆောက်အအုံခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံသည် ၁၉၉၅ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၊ ဂျော့ဂျကာတာမြို့တွင်ကျင်းပသော (၁၃) ကြိမ်မြောက် ယူနက်စကိုဆိုင်ရာ အာရှနှင့်ပစိဖိတ်ဒေသ ယဉ်ကျေးမှုဌာန (Asia Pacific Cultural Centre For UNESCO - ACCU) Work - shop သို့ တက်ရောက်ခဲ့ခြင်းမှ အစပြု၍ ACCU နှင့် စတင်ပူးပေါင်းဆောင်ရွက်မှုပြုသည်။ ၁၉၉၇ ခုနှစ် ဂျပန် နိုင်ငံ၌ ကျင်းပခဲ့သော 1997 Planning Meeting on ACCU literacy Programme တွင် မြန်မာကိုယ်စား လှယ်က အာရှနိုင်ငံအချို့၌ ဖွဲ့စည်းတည်ထောင်ထားသော literacy Resource Centre for Women and Girls (LRC) တစ်ခု မြန်မာနိုင်ငံ၌ ဖြစ်ထွန်းရေးအတွက် စာင်အဆိုပြု ဆွေးနွေးသည်။ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ACCU နှစ်ပတ်လည် အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်များက မြန်မာနိုင်ငံ၌ စာတတ်မြောက်ရေးလုပ်ငန်း အထောက်အကူပြု ပင်မဌာန တည်ဆောက်ဖွင့်လှစ်ရေးအတွက် အဆိုပြုရန် ညှိနှိုင်းဆုံးဖြတ်သည်။ ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ACCU - UNESCO တို့ ပူးပေါင်းပြီး စဉ်ဆက်ပညာရေးလုပ်ငန်း ဆွေးနွေးပွဲကို ရန်ကုန်မြို့တွင် ကျင်းပသည်။ ၁၉၉၉ ခုနှစ်၊ မေလတွင် ACCU ၏ စာတတ်မြောက်ရေး အထောက်အကူ ပြု ပင်မဌာန ဖွင့်လှစ်ရေး ဖြစ်နိုင်ခြေ လေ့လာချက်နှင့် ညှိနှိုင်း အစည်းအဝေးများ ဆောင်ရွက်သည်။ ၁၉၉၉ ခုနှစ်၊ ဇွန်လတွင် ACCU အနေနှင့် မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ကို မိတ်ဖက်စာတတ်မြောက်ရေး အဖွဲ့အစည်း တစ်ခုအဖြစ် LRC တည်ထောင်နိုင်ရန် သဘောတူညီသည်။ ၁၉၉၉ ခုနှစ်၊ ဩဂုတ်လတွင် ACCU နှင့် အပြီးသတ် ညှိနှိုင်းပြီး ဂျပန်နိုင်ငံအစိုးရအကူအညီဖြင့် မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနသည် စုစုပေါင်း ကြမ်းခင်းဧရိယာ ၅၁၁ စတုရန်း မီတာ ကျယ်ဝန်းကာ အခန်းရှစ်ခန်းဖြင့် ဖွဲ့စည်းထားသည်။ ခေတ်မီ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး အဆောက်အအုံ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၁၆၃၂ ဖြစ်သည်။ ဌာနအတွင်း တပ်ဆင်ထားသည့် ပစ္စည်းများ၏ တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၂၁၀၀၀ ဖြစ်ပြီး မြန်မာနိုင်ငံအစိုးရက မြန်မာငွေကျပ် ၁၄ ဒသမ ၅ သန်း ထည့်ဝင်ပံ့ပိုးပေးသည်။

မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန၏ အဓိကလုပ်ငန်းကြီး သုံးရပ်မှာ ကျောင်းပြင်ပ ပညာရေးဆိုင်ရာ စာအုပ်စာတမ်း၊ အသံသွင်းတိပ်ခွေနှင့် ဗီဒီယိုတိပ်များ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ကျောင်းပြင်ပ ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များအား သင်တန်းပေးခြင်း၊ ဆင့်ပွားသင်တန်းပေးခြင်း၊ ပြည်တွင်းပြည်ပ ကွန်ရက်ဆက်သွယ်ခြင်းတို့ ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနသည် စာတတ်မြောက်လာသူများအတွက် စာဖတ်ရှိန်မြင့်တင်ရေးအစီအစဉ်၊ ဝင်ငွေတိုးလုပ်ငန်း အစီအစဉ်၊ ဘဝသာယာရေး အစီအစဉ်၊ တစ်ဦးချင်းဝါသနာပါရာ



မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနကိုတွေ့ရစဉ်

လုပ်ငန်း အစီအစဉ်၊ အနာဂတ် ဦးတည်ပညာရေး အစီအစဉ် နှင့် ကျောင်းတွင်းပညာရေးနှင့် တန်းညှိအစီအစဉ်များကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ် ထားသည်။

စာမတတ်သေးသူများကို စာတတ်မြောက်စေရန်နှင့် စာတတ်ပြီးစသူများ စာဆက်လက်သင်ကြားရန်အတွက် စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန (Literacy Resource Centre - LRC) များကို အာရှနှင့် ပစိဖိတ်ဒေသ အတွင်းရှိနိုင်ငံများနှင့် အာရှနှင့်ပစိဖိတ် ဒေသဆိုင်ရာ ယူနက်စကိုယဉ်ကျေးမှုဌာန (Asia Pacific Cultural Centre For UNESCO - ACCU) တို့ ပူးပေါင်း၍ တည်ထောင် ဖွင့်လှစ်လျက်ရှိရာ ၁၉၉၄ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ၁၉၉၅ ခုနှစ်တွင် ပါပူးဝါးနယူးဂီနီနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ၁၉၉၆ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံ၊ ၁၉၉၇ ခုနှစ်တွင် တရုတ်နိုင်ငံ၊ ၁၉၉၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ၂၀၀၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံတို့၌ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနများ တည်ထောင်ဖွင့်လှစ်ပြီး ဖြစ်သည်။

မောင်ပင်စည်

**မြန်မာနိုင်ငံစာပေဆုများ။** ။ ၁၉၉၉ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုပေးပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်သန်း၊ အစိုးရအဖွဲ့၊ အဖွဲ့ဝင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီဝင်များ၊ စာပေပညာရှင်ကြီးများ၊ မြန်မာနိုင်ငံ



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် စာပေဆုရှင်တစ်ဦးအား ဆုချီးမြှင့်နေစဉ်

စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ ဆုရစာပေပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမျိုးသားစာပေဆုသည် တစ်နှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များထဲမှ သတ်မှတ်စည်းကမ်းချက်နှင့် ညီညွတ်သည့် စာအုပ်များကို ဖတ်ရှုစိစစ်ရွေးချယ်ပြီး ချီးမြှင့်သည့်ဆုဖြစ်သည်။ တစ်နည်းအားဖြင့် အမျိုးသားစာပေဆုသည် နိုင်ငံတော်တွင် အမြင့်ဆုံးစာပေဆုဟု သတ်မှတ်ရမည့်ဆု ဖြစ်သည်။ အမျိုးသားစာပေဆု ချီးမြှင့်ခဲ့သည့် သမိုင်းစဉ်မှာ ၁၉၆၂ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ပျမ်းမျှစာအုပ်ပေါင်း နှစ်သောင်းခန့်ကို ဖတ်ရှုစိစစ်ပြီး ဆုရစာအုပ်အရေအတွက် စုစုပေါင်း ၃၅၀ ဆုကို ချီးမြှင့်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။ မြန်မာနိုင်ငံတွင် နှစ်စဉ် ပုံနှိပ်ထုတ်ဝေသည့် စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းအမျိုးပေါင်း ၆၀၀၀ ခန့်ရှိနေပြီဖြစ်သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ယင်းကဲ့သို့ များပြားလှသည့် စာအုပ်စာစောင်များထဲမှ အမျိုးသားစာပေဆု စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် စာအုပ်များကို ဘာသာရပ် ၁၄ မျိုးခွဲခြားပြီး စိစစ်ရွေးချယ်ခဲ့သည်။ ယင်းဘာသာရပ် ၁၄ မျိုးမှာ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ပြဇာတ်၊ ကဗျာပေါင်းချုပ်၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ ဘာသာပြန် (သုတစာပေ)၊ ဘာသာပြန် (ရသစာပေ)၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)၊ သုတပဒေသာ (အသုံးချသိပ္ပံ) နှင့် နိုင်ငံရေးစာပေတို့ ဖြစ်ကြသည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၁၉၉၉ ခုနှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်ပေါင်း ၇၀၇ အုပ်ကို အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးမူ ၉ ချက်နှင့် အမျိုးသားစာပေဆု စည်းကမ်းချက်များနှင့် အညီ စိစစ်လေ့လာဖတ်ရှုသည်။ ယင်းတို့အနက်မှ အရည်အသွေးပြည့်မီသည့် ဘာသာရပ် ၁၀ မျိုးအတွက် စာအုပ်များကို အမျိုးသားစာပေဆုအဖြစ် သတ်မှတ်ရွေးချယ်နိုင်ခဲ့သည်။ ယင်းဘာသာရပ် ၁၀ မျိုးမှာ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ ဘာသာပြန် (သုတ)၊ သုတပဒေသာ (ဝိဇ္ဇာ) နှင့် သုတပဒေသာ (အသုံးချသိပ္ပံ) တို့ဖြစ်ကြသည်။ ပြဇာတ်စာပေ၊ ဘာသာပြန် (ရသ) စာပေ၊ သုတပဒေသာ (သိပ္ပံ) နှင့် နိုင်ငံရေး စာပေ ဘာသာရပ်များကိုမူ ဆုရွေးချယ်ခြင်း မပြုနိုင်ပေ။

၁၉၆၂ ခုနှစ်မှ စတင်၍ အမျိုးသားစာပေဆု ရရှိခဲ့သည့် ဆုအမျိုးအစားနှင့် အရေအတွက်မှာ ဝတ္ထုရှည် ၃၉ ဆု၊ ဝတ္ထုတို ပေါင်းချုပ် ၄၆ ဆု၊ ပြဇာတ်စာပေ ၂ ဆု၊ ကဗျာစာပေ ၄၁ ဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ၃၀ ဆု၊ ကလေး စာပေ ၃၆ ဆု၊ လူငယ်စာပေ ၁၂ ဆု၊ ဘာသာပြန် (သုတ) စာပေ ၂၁ ဆု၊ ဘာသာပြန် (ရသ) စာပေ ၂၀ ဆု၊ သုတပဒေသာ (ဝိဇ္ဇာ) နှင့် စာပဒေသာ ၃၆ ဆု၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ) ၃၀ ဆု၊ သုတပဒေသာ (အသုံးချသိပ္ပံ) ၂၅ ဆုနှင့် နိုင်ငံရေးစာပေ ၁၂ ဆု ရှိခဲ့ပြီ ဖြစ်သည်။

စာပေဗိမာန်စာမူဆုအတွက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ သုတပဒေသာ (ဝိဇ္ဇာ) ပညာရပ်၊ သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ နိုင်ငံရေးစာပေ၊ ပြဇာတ်စာပေနှင့် ဘာသာပြန်စာပေ ဟူ၍ ဘာသာရပ် ၁၂ မျိုးကို သတ်မှတ်ပေးထားသည်။ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ၁၉၉၉ ခုနှစ်အတွက် ပြိုင်ပွဲဝင်စာမူပေါင်း ၁၄၉ စောင်ကို ဖတ်ရှု စိစစ်ခဲ့သည်။ ယင်းစာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးဆိုင်ရာမူ ကိုးချက်နှင့်အညီ စာမူများကို စိစစ်ရွေးချယ်ခြင်းဖြစ်သည်။ ဘာသာရပ် ၁၂ မျိုး ရှိသည့်အနက် စာပေဗိမာန်စာမူဆုအတွက် ဘာသာရပ် ၁၁ မျိုးကို ဆုရွေးချယ်ပေးနိုင်ပြီး နိုင်ငံရေးစာပေ ဘာသာရပ်တွင်မူ ဆုရွေးချယ်ခြင်း မပြုနိုင်ပေ။

ဆုပေးပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က ၁၉၉၉ ခုနှစ်အတွက် အမျိုးသားစာပေဆုရ ပုဂ္ဂိုလ်များအား ဆုများကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ၁၉၉၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ရရှိသူများအား ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်ကလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်ကလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်ကလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းကလည်းကောင်း ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

၁၉၉၉ ခုနှစ်၊ အမျိုးသားစာပေဆုရရှိသူများ

| စဉ် | ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|---|
| ၁ | ဝတ္ထုရှည် | အိပ်မက်အလွမ်း | ကောင်းသန့် |
| ၂ | ဝတ္ထုတို ပေါင်းချုပ် | ဝတ္ထုတိုများ (၃) | မစန္ဒာ |
| ၃ | ကဗျာပေါင်းချုပ် | ဗေဒါ၏ မုဒိတာနှင့် ခြေခြေရှူးရှူး ဝေဦးမှာ ကဗျာစု | ကျော်စောဟန် |
| ၄ | စာပဒေသာ | အလှဗေဒ | ဒဂုန်တာရာ |
| ၅ | မြန်မာ့ယဉ်ကျေး မှုနှင့် အနုပညာ ဆိုင်ရာစာပေ | မြန်မာစာ၊ မြန်မာမှု သုတ္တန် ရတနာ | ဦးမြတ်ကျော် |
| ၆ | ကလေးစာပေ | သမီးလေးဖတ်ဖို့ မိုးသောက်ပန်းပုံပြင် များ | မောင်မောင် ထွန်းအောင် (ကျန်းမာရေး) |
| ၇ | လူငယ်စာပေ | အိပ်မက်တိုင်းပြည် မဟုတ်ပါနှင့် အခြား ဝတ္ထုတိုများ | အောင်သန်းဦး (ပုသိမ်) |
| ၈ | ဘာသာပြန် (သုတ) | စကားပြောသော ကိုယ်တွင်းအင်္ဂါများ | ကျော်ဇေယျာ (ပုသိမ်) |

| စဉ် | ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|---|
| ၉ | သုတပဒေသာ (ဝိဇ္ဇာ) | မြန်မာနိုင်ငံပညာရေး ဌာန သမိုင်း | ဦးသန်းဦး (အငြိမ်းစား ညွှန်ကြားရေးမှူး ချုပ်) |
| ၁၀ | သုတပဒေသာ (အသုံးချသိပ္ပံ) | ယနေ့ခေတ်မီ အလေးမနည်းစနစ် များ | ဦးသော်ဇင် (သီဟဖလ) |

## ၁၉၉၉ ခုနှစ်၊ စာပေဗိမာန်စာမူဆု ရရှိသူများ

| စဉ် | ဘာသာရပ် | စာမူအမည် | စာရေးသူ |
|---|---|---|---|
| ၁ | ဝတ္ထုရှည်ဆု(ပထမဆု) | ရိုးရာယုံကြည်မှု | ဂေါင်မလိုင်း |
| ၂ | ။ (ဒုတိယဆု) | မင်းဂန်တောင်ဆီ နေခြည်ဝင်းပ | မောင်မြေနီ (တမာတော) |
| ၃ | ။ (တတိယဆု) | ရာဇဒွာရ | ဖိုးကျော့ |
| | ဝတ္ထုတိုပေါင်းချုပ်ဆု | | |
| ၄ | ။ (ပထမဆု) | တောင်ကျရေနှင့် အခြားဝတ္ထုတိုများ | နန်းမိုး စောအောင် |
| ၅ | ။ (ဒုတိယဆု) | မေမေ့သား ကျွန်တော်နှင့် အခြားဝတ္ထုတိုများ | စိမ်းစိုဦး |
| ၆ | ။ (တတိယဆု) | မုဒိတာနှင့် အခြား ဝတ္ထုတိုများ | မအူပင် လွင့်ကျော် |
| | ကဗျာပေါင်းချုပ်ဆု | | |
| ၇ | ။ (ပထမဆု) | သရပါအဝင် ကဗျာများ | ပြင်စည်အောင် (ခရာတော) |
| ၈ | ။ (ဒုတိယဆု) | ရွှေနားတော်သွင်း ချောင်းသစ် ကဗျာများ | အေးကြည်စိန် |
| ၉ | ။ (တတိယဆု) | မင်္ဂလာနိဒါန်းနှင့် အခြားကဗျာများ | ငြိမ့်နိုင် |
| | ပြဇာတ်စာပေဆု | | |
| ၁၀ | ။ (ပထမဆု) | ရွှေအမွေပြဇာတ် | ဇင်မင်း (သမိန်ထော) |
| | သုတပဒေသာ (ဝိဇ္ဇာပညာရပ်) | | |
| ၁၁ | ။ (ပထမဆု) | ဝိသေသနယ်မြေ | မောင်ကျော်ရှင်း |
| ၁၂ | ။ (ဒုတိယဆု) | အသံလွှင့်ဇာတ် လမ်းရေးသား ထုတ်လွှင့်နည်း | မြန်မာ့အသံ သိန်းဟန် |
| ၁၃ | ။ (တတိယဆု) | ဆိုကရေးတီးနှင့် ဆိုင်းဆင့် ပတ်တိုက်စာပေ | ကိုကို (သုတေသန) |
| | သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်) | | |
| ၁၄ | ။ (ပထမဆု) | ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိ လျှပ်စစ် | ကိုကိုအောင် |
| ၁၅ | ။ (ဒုတိယဆု) | မြန်မာ့ဓလေ့ ငါးဖမ်းလုပ်ငန်းများ | ဖိုးအောင်လေး |
| ၁၆ | ။ (တတိယဆု) | အပြည်ပြည်ဆိုင်ရာ သိပ္ပံနည်းကျလက် ဗွေထိုးနည်းပညာ | ရွှေဘိုဘာမထိ ခင်အောင် |
| | စာပဒေသာဆု | | |
| ၁၇ | ။ (ပထမဆု) | အဖေ့ရွာ အမေ့အရပ် | ဒေါက်တာ သက်လွင် |
| ၁၈ | ။ (ဒုတိယဆု) | ပန်းချီဦးအုန်းလွင် | မဝင်းသဇ္ဇာမျိုး |
| ၁၉ | ။ (တတိယဆု) | သမိုင်းခြေရာ ရှာဖွေခြင်း | မောင်ချစ်ထွေး (မဟာဝိဇ္ဇာ) |
| | မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု | | |
| ၂၀ | ။ (ပထမဆု) | မြတ်ဘုရား ရွှေစည်းခုံလက်ရာစုံ | မင်းဘူး အောင်ကြိုင် |
| ၂၁ | ။ (ဒုတိယဆု) | မြန်မာ့ဓလေ့ ခါသကြိန် | အောင်ငြိမ်းချမ်း (မန္တလေး) |
| ၂၂ | ။ (တတိယဆု) | မြန်မာ့ရုပ်တု ယဉ်ကျေးမှု | မောင်ယဉ်လှိုင်း (ပျဉ်းမငြိုင်) |
| | ကလေးစာပေဆု | | |
| ၂၃ | ။ (ဒုတိယဆု) | ကလေးအတွေး စိတ်ဓာတ်နှင့် အားမာန် | မောင်စိုးထိုက် (သုံးဆယ်) |
| | လူငယ်စာပေဆု | | |
| ၂၄ | ။ (ပထမဆု) | အတူလေးရယ်တဲ့ ယှဉ်ကာပြိုင် | ကိုဇော်ငွေ (ယဉ်ကျေးမှု) |

| စဥ် | ဘာသာရပ် | စာမူအမည် | စာရေးသူ |
|---|---|---|---|
| ၂၅ | ။ (ဒုတိယဆု) | သိန်းသန်းကုဋေ မရေနိုင်နှင့်အခြား လှုငယ်ဝတ္ထုတိုများ | အောင်သန်းဦး (ပုသိမ်) |
| | ဘာသာပြန်စာပေဆု | | |
| ၂၆ | ။ (ပထမဆု) | သဘာဝနည်းဖြင့် ကုသခြင်း | ဒေါက်တာ ညွန့်ရွှေ |

မျိုးမျိုးကြည်

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၂၀၀၀ ပြည့်နှစ်အတွင်း၊ တိုးတက်ဖြစ်ပေါ်ခဲ့သည့် ထင်ရှားသော အကြောင်းရပ်အချို့ကို အောက်ပါအတိုင်းဖော်ပြပါသည်။

## နိုင်ငံခြားဆက်ဆံရေး

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်နှင့်ဇနီး မဒမ်ဘန်ရာနီဟွန်ဆင်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှ၂၁ ရက်နေ့အထိ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်နှင့်ဇနီး မဒမ်ငုယင်သီဆောင်းတို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မေလ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့အထိ ချစ်ကြည်ရေးခရီး အသီးသီးလာရောက်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့တွင် နိုဝင်ဘာလ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကျင်းပသော စတုတ္ထအကြိမ် အာဆီယံထိပ်သီး အလွတ်သဘောအစည်းအဝေး၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲများ၊ အစိုးရအကြီးအကဲများ၏ အစည်းအဝေးများသို့ တက်ရောက်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော မလေးရှားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒါတွတ်ခ်ဆရီဆာရတ် ဟာမစ်ဘင်ဆာရတ် ဂျဖာအယ်လ်ဘာနှင့်အဖွဲ့အား ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင်



ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး မဒမ်ဆာဒါကိုအိုဂါတာအား လက်ခံတွေ့ ဆုံစဉ်



ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မင်းချောင်းတံတား(စစ်တွေ)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။

လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ရောက်ရှိနေသော ယူဂိုဆလားဗီးယား ပြည်ထောင်စုသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဇိဗာဒင် ယိုဗာနိုဗစ်ချ် နှင့် အဖွဲ့အား မတ်လ ၃ ရက်နေ့တွင်လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဘွန်ညံဗိုရာချစ်နှင့် အဖွဲ့ဝင်များအား မတ်လ ၇ ရက်နေ့တွင်လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Chen Yaobang နှင့် အဖွဲ့ဝင်များအား ဧပြီလ ၄ ရက်နေ့တွင် လည်းကောင်း၊ မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာအစ်စမေးလ်အာမက်နှင့် အဖွဲ့အား ဇွန်လ ၂ ရက်နေ့တွင်လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယကြည်းတပ်ဦးစီးချုပ် General V.P Malik နှင့် အဖွဲ့အား ဇူလိုင်လ ၆ ရက်နေ့တွင်လည်းကောင်း၊ မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဟူကျင်တောင်နှင့်အဖွဲ့အား ဇူလိုင်လ ၁၇ ရက်နေ့တွင် လည်းကောင်း၊ မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် မစ္စတာဆာခိန်း နှင့် အဖွဲ့ဝင်များအား ဩဂုတ်လ ၁၁ ရက်နေ့တွင်လည်းကောင်း၊ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွန်ဆာဗတ် လန်ဆာဗတ်နှင့် အဖွဲ့အား ဩဂုတ်လ ၂၃ ရက်နေ့တွင် လည်းကောင်း၊ မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးမဒမ်ဆာဒါကိုအိုဂါတာနှင့် အဖွဲ့ဝင်များအား အောက်တိုဘာလ ၁၆ ရက်နေ့တွင် လည်းကောင်း၊ မြန်မာနိုင်ငံတွင်ရောက်ရှိနေသည့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာငုယင်ဇီညံခေါင်းဆောင်သော ဗီယက်နမ်ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့အား အောက်တိုဘာလ ၁၇ ရက်နေ့တွင်လည်းကောင်း၊ မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Sampao Choosri နှင့် အဖွဲ့ဝင်များအား ဒီဇင်ဘာလ ၁၂ ရက်နေ့တွင်လည်းကောင်း အသီးသီး လက်ခံတွေ့ဆုံသည်။

ငွေဒင်္ဂါးပုံစံသစ်များနှင့်ငွေအကြွေပုံစံသစ်များထုတ်ဝေခြင်း

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ တစ်ရာကျပ်တန်၊ ငါးဆယ်ကျပ်တန်ငွေဒင်္ဂါးပုံစံသစ်များနှင့် တစ်ဆယ်ကျပ်တန်၊ ငါးကျပ်တန်နှင့် တစ်ကျပ်တန် ငွေအကြွေပုံစံသစ်များကို မတ်လ ၂၄ ရက်နေ့တွင် စတင်ထုတ်ဝေသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တံဆိပ်ခေါင်းပြပွဲ

မြန်မာနိုင်ငံ တံဆိပ်ခေါင်းအသင်း ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံလုံးဆိုင်ရာ တံဆိပ်ခေါင်းပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဧပြီလ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့အထိ ပြသသည်။ ပြပွဲတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အနုပညာ၊ ယဉ်ကျေးမှုနှင့်ဓလေ့ထုံးစံများဆိုင်ရာ ချစ်ကြည်ရေးဖိတ်ခေါ် တံဆိပ်ခေါင်းပြိုင်ပွဲနှင့် မြန်မာနိုင်ငံ တံဆိပ်ခေါင်းအသင်း ရွှေရတုအထိမ်း အမှတ် မြန်မာနိုင်ငံလုံးဆိုင်ရာ တံဆိပ်ခေါင်းပြိုင်ပွဲဆုရတံဆိပ်ခေါင်းများ၊ အနုပညာလက်ရာမြောက် တံဆိပ်ခေါင်းများ၊ တံဆိပ်ခေါင်းပညာရှင်ကြီးများ၏ လက်စွမ်းပြတံဆိပ်ခေါင်းများ၊ ရှေးခေတ်ဟောင်း ရှားပါးတံဆိပ်ခေါင်းများ၊ ကင်မရာနှင့် ဆက်စပ်ပစ္စည်းများကို ခင်းကျင်းပြသသည်။

မြန်မာနိုင်ငံ တံဆိပ်ခေါင်းအသင်း နှစ် ၅၀ ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်ခဲ့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အနုပညာ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများဆိုင်ရာ ချစ်ကြည်ရေးဖိတ်ခေါ် တံဆိပ်ခေါင်းပြိုင်ပွဲသို့ နိုင်ငံတကာတံဆိပ်ခေါင်းပညာရှင်များက တံဆိပ်ခေါင်း ၈၆၈ ပုံ၊ မြန်မာတံဆိပ်ခေါင်းပညာရှင်များက တံဆိပ်ခေါင်း ၁၅၆၁ ပုံနှင့် မြန်မာနိုင်ငံ တံဆိပ်ခေါင်းအသင်း ရွှေရတုနှစ်ပတ်လည်တံဆိပ်ခေါင်းပြိုင်ပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံ ကိုးနိုင်ငံမှ ပညာရှင် ၁၄၇ ဦး ပါဝင်ယှဉ်ပြိုင်သည်။

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် ဖွင့်ပွဲကို တံတားဦးမြို့နယ် လေဆိပ်အနီးရှိ မင်္ဂလာမဏ္ဍပ်၌ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပသည်။ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ကို မန္တလေးမြို့၏အနောက်တောင်ဘက် ၁၈ မိုင်ခန့်အကွာ၊ တံတားဦးမြို့၏ တောင်ဘက် ခုနစ်မိုင်ခန့်အကွာတွင် တည်ဆောက်ထားခြင်းဖြစ်သည်။ လေဆိပ်တစ်ခုလုံး၏ မြေနေရာအကျယ်အဝန်း ၂၅၀၁၅ ဧက ရှိသည်။ လေယာဉ်ပြေးလမ်းအလျား ပေ ၁၄၀၀၀ နှင့် အနံ ပေ ၂၀၀ ရှိ ကွန်ကရစ်ခင်းလေယာဉ်ပြေးလမ်းဖြစ်ပြီး အရှေ့တောင်အာရှတွင် အရှည်ဆုံးလေယာဉ်ပြေးလမ်းဖြစ်သည်။ လေဆိပ်တွင် လေယာဉ်ဆိုက်ကပ်နိုင်သည့် ခေတ်မီခရီးသည် အတက်အဆင်း တံတားခြောက်ခုရှိပြီး သုံးခုမှာ ခေတ်မီဘိုးရင်း ၇၄၇–၄၀၀အရွယ် အစားလေယာဉ်ကြီးများ ဆင်းသက်ဆိုက်ကပ်နိုင်သည်။ လေဆိပ်အဆောက်အအုံသည် လေးထပ်ဖြစ်ပြီး မြေအောက်ထပ်တွင် ကုန်ပစ္စည်းများသိုလှောင်ရန်နှင့် စက်ပစ္စည်းများပြုပြင်ထိန်းသိမ်းရန်ဖြစ်သည်။ မြေညီထပ်တွင် အဝင်ခရီးသည်များ၊ ပထမထပ်တွင် အထွက်ခရီးသည်များ ဝင်ထွက်နိုင်ရန်ဖြစ်သည်။ ဒုတိယထပ်တွင် ရုံးခန်းများနှင့် အစည်းအဝေးခန်းများပါဝင်သည်။ လေဆိပ်ပင်မ အဆောက်အအုံကို တစ်ရက်လျှင် ခရီးသည် ၈၀၀၀၊ တစ်နှစ်လျှင် ခရီးသည်သုံးသန်းဆိုက်ရောက် ထွက်ခွာနိုင်ရန် စီမံထားသည်။ လေဆိပ်တွင် လေယာဉ်ဆီ ဖြည့်တင်းနိုင်ရန် လေယာဉ်ဆီသိုလှောင်ကန်လေးလုံးရှိပြီး စုစုပေါင်း လေယာဉ်ဆီဂါလန် ၅၈၂၀၀၀ သိုလှောင်နိုင်ကာ ခေတ်မီနည်းစနစ်များဖြင့် လွယ်ကူလျင်မြန်စွာ ဆီဖြည့်တင်းနိုင်သည်။ ဖြတ်ကျော်ပျံသန်းမည့် လေယာဉ်များ၊ ဆင်းသက်ရပ်နားမည့် လေယာဉ်များ၊ အန္တရာယ်ကင်းရှင်းနိုင်ရေးအတွက် ခေတ်မီရေဒါများ၊ လေကြောင်းလမ်းညွှန်စက်များ တပ်ဆင်ထားသည်။ လေဆိပ်မျက်နှာစာတွင် မော်တော်ယာဉ်စီးရေ ၇၀၀ တစ်ပြိုင်တည်းရပ်နားနိုင်သည့် ယာဉ်ရပ်နား စခန်းတစ်ခု တည်ဆောက်ထားသည်။

လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများ

ပုသိမ်မြို့နယ် ဥတိုတံတား(ချောင်းသာ) ဖွင့်ပွဲကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ကျင်းပသည်။ ဥတိုတံတား(ချောင်းသာ) ကို ပုသိမ်မြို့မှ ၂၄ မိုင်အကွာ ပုသိမ်–ရှော်ပြာ–ချောင်းသာ မော်တော်ကားလမ်းပေါ်၌ တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားအရှည် ပေ ၉၀၀၊ ယာဉ်သွားလမ်းအကျယ် ၁၀ ပေ လေးလက်မ၊ တံတားအောက် ရေလမ်းကင်းလွတ်နယ် ငါးပေရှိသည်။ တံတားအပေါ်ထည်မှာ ဘေလီသံပေါင်တံတားအမျိုးအစားဖြစ်ပြီး တံတားအောက်ထည်ကို သံကူကွန်ကရစ်ဖြင့် တည်ဆောက်ထားသည်။ တံတား၏ ခွင့်ပြုယာဉ်အလေးချိန်မှာ တန် ၂၀ ဖြစ်သည်။

ရန်ကုန်–စစ်တွေလမ်းမကြီးနှင့် မင်းချောင်းတံတားဖွင့်ပွဲကို စစ်တွေမြို့ မင်းချောင်းတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကျင်းပသည်။ ရန်ကုန်–စစ်တွေလမ်းမကြီးသည် ပြည်ထောင်စုလမ်းမကြီးဖြစ်ပြီး ရန်ကုန်–မန္တလေးသို့ သွားလာနိုင်သည့် လမ်းမကြီးဖြစ်သည်။ မင်းချောင်းတံတားသည် ရန်ကုန်–စစ်တွေလမ်းမကြီးပေါ်တွင် တည်ရှိပြီး မင်းချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည်။ ပင်မတံတားနှင့် ချဉ်းကပ်တံတား နှစ်ဖက်အပါအဝင် စုစုပေါင်းတံတားအရှည် ၂၀၀၃ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင်ခြောက်ပေစီ

စုစုပေါင်းအကျယ် ပေ ၄၀ ရှိသည်။ တန် ၆၀ ရှိ ကုန်တင်ယာဉ်ကြီးများ နှစ်လမ်းမောင်းသွားလာနိုင်သည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေအကျယ် ပေ ၂၃၀ နှင့် ကင်းလွတ်အမြင့် ၄၅ ပေရှိသည်။ ပင်မတံတားအပေါ်ပိုင်းကို သံမဏိပေါင်များ၊ အောက်ထည်ပိုင်းကို ဘိုးပိုင်သံကူအားဖြည့် ကွန်ကရစ်တိုင်များဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး ရန်ကုန်–စစ်တွေ ကားလမ်းမကြီးပေါ်တွင် ၁၀ စင်းမြောက် တံတားကြီးဖြစ်သည်။

မိုင်းဆတ်မြို့နယ် နမ့်ခုတ်ငြိမ်းချမ်းရေးတံတားဖွင့်ပွဲကို တံတားသစ်အနီးရှိ မဂ်လာမဏ္ဍပ်၌ မတ်လ ၁၃ ရက်နေ့တွင် ကျင်းပသည်။ နမ့်ခုတ်ငြိမ်းချမ်းရေးတံတားကို ဆိုက်ခေါင်ရွာအနီး မိုင်းဆတ်–တာချီလိတ် ကားလမ်းပေါ်ရှိ နမ့်ခုတ်ချောင်းကို ဖြတ်၍ တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားအရှည် မီတာ ၁၀၀၊ ယာဉ်သွားလမ်းအကျယ်(၇) မီတာ၊ လူသွားလမ်း (၂) ဖက်နှစ်မီတာရှိသည်။ တံတား၏ ခံနိုင်ဝန်မှာ ၇၄ ဒသမ ၇ တန်ဖြစ်သည်။

အမှတ် ၁ အလုံ ဆိပ်ခံတံတား ပဏာမဖွင့်ပွဲကို အလုံမြို့နယ် ကွင်းချောင်းလမ်း ကမ်းနားဒေသရှိ တံတား၌ မတ်လ ၁၉ ရက်နေ့တွင် ကျင်းပသည်။ အမှတ် ၁ အလုံ ဆိပ်ခံတံတားအရှည် ၆၅၁ ပေ ၆ လက်မရှိပြီး ပထမတည်ဆောက်ခဲ့သော အမှတ် ၂ အလုံ ဆိပ်ခံတံတားအရှည် ၅၁၁ ပေရှိသည့်အတွက် တံတားနှစ်စင်း၏ တစ်ဆက်တည်းအရှည် ၁၁၆၂ ပေ ၆ လက်မရှိသည်။ ရေစူး ၉ ဒသမ ၅ မီတာရှိသည့်အတွက် ဆိပ်ခံတံတားတွင် ပေ ၄၀၀ ရှိ သင်္ဘောကြီး သုံးစီး သို့မဟုတ် ပေ ၆၀၀ ရှိ သင်္ဘောကြီးနှစ်စီး တစ်ပြိုင်တည်း ဆိုက်ကပ်ကုန်တင်ကုန်ချဆောင်ရွက်နိုင်မည်ဖြစ်သည်။

ပန်းတနော်မြို့နယ် ပန်းတနော်တံတားဖွင့်ပွဲကို တံတားအနီး၌ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပသည်။ ပန်းတနော်တံတားသည် ရန်ကုန်–ပုသိမ်လမ်းမကြီး၏ မိုင်တိုင်အမှတ် ၅၁/၀ မှ ချဉ်းကပ်လမ်းအရှည် ၈၉၅ ပေဖြင့် ပန်းတနော်မြို့လယ်ရှိ ဘုရင့်နောင်လမ်းမကြီးနှင့် တိုက်ရိုက်ဆက်သွယ် တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားအရှည် ပေ ၄၂၀၊ ခန်းဖွင့် ပေ ၆၀ ခုနစ်ခန်း၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၆ ပေစီ၊ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေ အကျယ် ၄၆ ပေနှင့် အမြင့် ၁၉ ပေ ရှိသည်။ တံတားကို အပေါ်ထည် သံကူကွန်ကရစ်ရက်မကြမ်းခင်း၊ အောက်ထည်သံကူ ကွန်ကရစ်တိုင်များ၊ အခြေခံအုတ်မြစ်၌ သံကူကွန်ကရစ်ဘိုးတိုင်များဖြင့် တည်ဆောက်ထားသည်။ တံတား၏ ခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်သည်။

မော်ဘီမြို့နယ် လှိုင်မြစ်တံတား(မြို့ချောင်း) ဖွင့်ပွဲကို အဆိုပါ တံတား၌ မတ်လ ၂၆ ရက်နေ့တွင် ကျင်းပသည်။ လှိုင်မြစ်တံတား(မြို့ချောင်း) သည် မော်ဘီမြို့နယ်နှင့် ထန်းတပင် မြို့နယ်တို့ကို ဆက်သွယ်ပေးသည့် လှိုင်မြစ်ကူးတံတားဖြစ်သည်။ လှိုင်မြစ်တံတား(မြို့ချောင်း) သည် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး အရှည်ပေ ၁၉၄၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ တံတားအောက် ရေလမ်းကင်းလွတ်နယ် အကျယ် ပေ ၁၃၀ နှင့် အမြင့် ၃၆ ပေ ရှိသည်။ တံတား၏ ခွင့်ပြုယာဉ်အလေးချိန် တန် ၆၀ ဖြစ်သည်။

တောင်ကုတ်မြို့နယ် ကိုင်းရှည်တံတား(တောင်ကုတ်) ဖွင့်ပွဲကို အဆိုပါတံတား၌ မတ်လ ၃၀ ရက်နေ့တွင် ကျင်းပသည်။ ကိုင်းရှည်တံတား(တောင်ကုတ်) ကို တောင်ကုတ်–အမ်းလမ်းပေါ် တောင်ကုတ်မြို့အထွက်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားအရှည် ပေ ၅၄၀၊ ခန်းဖွင့် ပေ ၁၀၀ သုံးခန်းနှင့် ပေ ၆၀ လေးခန်း၊ ယာဉ်သွားလမ်းအကျယ် ၁၀ ပေ လေးလက်မရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေ ၁၂ ပေ၊ တံတားခွင့်ပြုယာဉ် အလေးချိန် ၃၆ တန်ဖြစ်သည်။ တံတားချဉ်းကပ်လမ်းအရှည် တောင်ကုတ်ဘက်ကမ်းတွင် ပေ ၂၁၀၀၊ အမ်းဘက်ကမ်းတွင် ပေ ၆၇၀ ရှိသည်။ တံတားအမျိုးအစားသည် သံကူကွန်ကရစ်အောက်ခြေအဆောက်အအုံနှင့် ဘေလီသံပေါင်တံတားဖြစ်သည်။

စဉ့်ကိုင်မြို့နယ် ပန်းလောင်(ခြောက်လမ်းသွား) တံတားဖွင့်ပွဲကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဧပြီလ ၆ ရက်နေ့တွင် ကျင်းပသည်။ ပန်းလောင်(ခြောက်လမ်းသွား) တံတားသည် အရှည် ပေ ၃၀၀၊ အကျယ် ၈၈ ပေ ရှိသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ငွေကျပ် ၁၈၅ သန်း အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်သည်။

ဘုတလင်–ရေဦး–ခင်ဦး ရထားလမ်းသစ်နှင့် မူးမြစ်ကူးတံတားဖွင့်ပွဲကို ရေဦးမြို့နယ်ရှိ မူးမြစ်ကူးတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဧပြီလ ၉ ရက်နေ့တွင် ကျင်းပသည်။ ဘုတလင်– ရေဦး–ခင်ဦး ရထားလမ်းသစ်သည် အရှည် ၅၁ ဒသမ ၃၈ မိုင် ရှိပြီး လမ်းပေါ်တွင် တံတားကြီးငယ်စုစုပေါင်း ၂၄၁ စင်းရှိသည့် အနက် မူးမြစ်ကူးတံတားသည် အရှည်ဆုံးဖြစ်သည်။ မူးမြစ် ကူးတံတားသည် အရှည် ၂၁၂၅ ပေ၊ အကျယ် ၁၄ ပေ ရှိပြီး တစ်ဖက်လျှင် ၃ ပေစီရှိ လူသွားလမ်းပါဝင်သည်။ ရထားနှင့်ကား အသုံးပြုနိုင်သည့် တံတားအဖြစ်တည်ဆောက်ထားသည်။ မူးမြစ်ကူးတံတား အပါအဝင် ဘုတလင်–ရေဦး–ခင်ဦး ရထားလမ်းသစ်ကို ငွေကျပ် သန်း ၁၀၀၀ အကုန်အကျခံ တည်ဆောက်ဖောက်လုပ်ထားခြင်းဖြစ်သည်။

မြန်မာစက်မှု ဆိပ်ခံတံတားဖွင့်ပွဲကို အလုံမြို့နယ် ကမ်းနားလမ်းရှိ ဆိပ်ခံတံတား၌ မေလ ၆ ရက်နေ့တွင် ကျင်းပသည်။ မြန်မာစက်မှုဆိပ်ကမ်းကို အလုံမြို့နယ် မီးခံဘိလပ်မြေပြောင်းဝင်းအတွင်း မြေလွတ် ၁၇ ဒသမ ၃၆ ဧကပေါ်တွင် တည်ဆောက်ထားပြီး မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းနှင့်မြန်မာ့အဏ္ဏဝါစွမ်းအားရှင်များဂရု(ပ်) တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ဝိုင်းမော်မြို့နယ် မြစ်ကြီးနား-ဗန်းမော်လမ်းပေါ်ရှိ နန်ဆန်ယန်တံတား(ကချင်ပြည်နယ်) ဖွင့်ပွဲကို တံတားအနီးရှိ မင်္ဂလာ မဏ္ဍပ်၌ မေလ ၈ ရက်နေ့တွင် ကျင်းပသည်။ နန်ဆန်ယန် တံတားသည် အရှည်ပေ ၄၀၀၊ ပေ ၁၀၀ ခန်းဖွင့်လေးခန်း၊ ယာဉ်သွားလမ်းအကျယ် ၁၀ ပေနှင့် ၁၀ လက်မခွဲ၊ တံတား အောက် ရေလမ်းကင်းလွတ်နယ် အကျယ် ပေ ၈၀ နှင့် အမြင့် ၁၀ ပေရှိသည်။ အောက်ခြေသံကူကွန်ကရစ်မိုင်တိုင်ပေါ်တွင် အပေါ်ထည်ဘေလီသံပေါင်တပ်ဆင်ထားသည့် တံတားအမျိုး အစားဖြစ်ပြီး ခွင့်ပြုယာဉ်အလေးချိန် တန် ၂၀ ဖြစ်သည်။

မိုးမောက်မြို့နယ် မြစ်ကြီးနား-ဗန်းမော်လမ်းပေါ်ရှိ မိုးလဲတံတား(ကချင်ပြည်နယ်) ဖွင့်ပွဲကို တံတားအနီးရှိမင်္ဂလာမဏ္ဍပ်၌ မေလ ၉ ရက်နေ့တွင် ကျင်းပသည်။ မိုးလဲတံတားသည် အရှည် ၃၂၅ ပေ၊ ၉၂ ပေ ခန်းဖွင့် သုံးခန်းနှင့် ၄၉ ပေ ခန်းဖွင့် တစ်ခန်း၊ ယာဉ်သွားလမ်းအကျယ် ၁၀ ပေနှင့် ၁၀ လက်မခွဲ၊ တံတားအောက် ရေလမ်းကင်းလွတ်နယ် အကျယ် ၇၂ ပေ နှင့် အမြင့် ၆ ဒ ရှိသည်။ အောက်ခြေသံကူကွန်ကရစ်ပိုင်တိုင်ပေါ်တွင် အပေါ်ထည်ဘေလီသံပေါင်တပ်ဆင်ထားသည့် တံတားအမျိုးအစားဖြစ်ပြီး ခွင့်ပြုယာဉ်အလေးချိန်မှာ တန် ၂၀ ဖြစ်သည်။

မန္တလေး-တကောင်း-ရွှေကူ-ဗန်းမော်-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးမှ ကချင်ပြည်နယ်လမ်းအပိုင်း ဗန်းမော်-တကောင်း-မန္တလေးလမ်းဖွင့်ပွဲကို မန်စီမြို့ ဗန်းမော်-မန်စီလမ်းခွဲအနီးရှိ မင်္ဂလာမဏ္ဍပ်၌လည်းကောင်း၊ တကောင်းလမ်းအပိုင်း ဗန်းမော်-တကောင်း-မန္တလေးလမ်းဖွင့်ပွဲကို သပိတ်ကျင်းမြို့နယ် တကောင်းမြို့လမ်းခွဲအနီးရှိ မင်္ဂလာမဏ္ဍပ်၌လည်းကောင်း၊ သပိတ်ကျင်းလမ်းအပိုင်း တကောင်း-ဗန်းမော်လမ်းဖွင့်ပွဲကို သပိတ်ကျင်းခုနစ်မိုင်ခွဲရှိ မင်္ဂလာမဏ္ဍပ်၌လည်းကောင်း မေလ ၁၁ ရက်နေ့တွင် လမ်းအပိုင်းအလိုက် အသီးသီးကျင်းပသည်။ မန္တလေး-တကောင်း-ရွှေကူ-ဗန်းမော်-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးသည် မန္တလေးမှ သပိတ်ကျင်းအထိ ၇၈ မိုင်၊ သပိတ်ကျင်းမှ တကောင်းအထိ ၄၆ မိုင် သုံးဖာလုံ၊ တကောင်းမှ ငါးအိုးအထိ ၅၆ မိုင် ၇ ဖာလုံ၊ ငါးအိုးမှ ရွှေကူအထိ ၂၃ မိုင် ၆ ဖာလုံ၊ ရွှေကူမှ ဗန်းမော် အထိ ၇၀ မိုင် ၇ ဖာလုံ၊ ဗန်းမော်မှ မြစ်ကြီးနားအထိ ၁၂၃ မိုင် စုစုပေါင်းလမ်းမိုင်အရှည် ၃၉၈ မိုင် ၇ ဖာလုံ ရှည်လျားသည်။

မြစ်သားမြို့နယ် စမုံပေါက်တံတားဖွင့်ပွဲကို တံတားမုခ်ဦးရှေ့၌ ဇွန်လ ၁၇ ရက်နေ့တွင် ကျင်းပသည်။ စမုံပေါက်တံတားသည် မြင်းခြံ-မြစ်သားလမ်းပေါ်တွင် တည်ရှိသည်။ တံတားအရှည် ပေ ၃၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီရှိသည်။ တံတား၏ ချဉ်းကပ်လမ်းမှာ မြစ်သားဘက်ကမ်း၌ ပေ ၃၂၀၀၊ မြင်းခြံဘက်ကမ်း၌ ပေ ၁၄၀၀ ရှည်လျားသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်ပိုင်တိုင် အုတ်မြစ်ပေါ်တွင် သံကူကွန်ကရစ်ကိုယ်ထည်တည်ဆောက်ပြီးအပေါ်ထည်မှာ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းဖြစ်၍ တံတားခံနိုင်ဝန်တန် ၆၀ ဖြစ်သည်။

ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ် ဆက်သွယ်ထားသော မဟာဗန္ဓုလတံတားဖွင့်ပွဲကို ပုဇွန်တောင်မြို့နယ်ဘက်ကမ်းတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇူလိုင်လ ၁၂ ရက်နေ့တွင် ကျင်းပသည်။ မဟာဗန္ဓုလတံတားသည် ပုဇွန်တောင်ချောင်းကိုဖြတ်၍ တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားအရှည် ၁၁၁၀. ဒသမ ၇၆ မီတာ (၃၆၄၃ ဒသမ ၃၃ ပေ) ရှိသည်။ ပင်မတံတားကို သံမဏိကြိုးဆိုင်းသံပေါင်များ တပ်ဆင်ထားပြီး မီတာ ၂၄၀ (၇၈၇ ဒသမ ၂ ပေ) ရှည်လျားသည်။ ချဉ်းကပ်တံတားကို အာစီစီရက်မကြမ်းခင်းများ ခင်းထားပြီး အရှည် ၈၇၀ ဒသမ ၇၆ မီတာ (၂၈၅၆ ပေ) ရှိသည်။ ယာဉ်သွားလမ်း အကျယ် ၂၂ မီတာ (၇၂ ပေ) ရှိပြီး ခြောက်လမ်းသွားဖြစ် သည်။ ယာဉ်သွားလမ်းတိုင်းတွင် တန် ၆၀ ရှိ မော်တော်ယာဉ် များ ဖြတ်သန်းသွားလာနိုင်သည်။ လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် ၁ ဒသမ ၈၅ မီတာ (ခြောက်ပေ) ရေလမ်းကင်းလွတ်နယ်မြေမှာ ရေအတက်ဆုံးအချိန်၌ အကျယ် ၁၁၄ မီတာ (၃၇၄ ပေ)၊ အမြင့် ၁၃ ဒသမ ၇၂ မီတာ (၄၅ ပေ) ရှိသည်။ မဟာဗန္ဓုလတံတားကို Pre Cast Pile နှင့် Bored Pile တို့ဖြင့် ပူးတွဲတည်ဆောက်ထားခြင်းဖြစ်သည်။ တံတားတည်ဆောက်မှုအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၆ သန်း နှင့် ပြည်တွင်းငွေကျပ် ၄၄၁၄ ဒသမ ၇ သန်း ကုန်ကျသည်။

အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ် ဆက်သွယ်ထားသော လှိုင်မြစ်ကူးအောင်ဇေယျတံတား ဖွင့်ပွဲကို အင်းစိန်မြို့နယ်ဘက်ကမ်းရှိ မင်္ဂလာမဏ္ဍပ်၌ ဩဂုတ်လ ၂၅ ရက်နေ့တွင် ကျင်းပသည်။ အောင်ဇေယျတံတားသည် လေးလမ်းသွား ခန်းဖွင့်ကျယ်၊ သံမဏိကြိုးဆိုင်းတံတား

အမျိုးအစားဖြစ်သည်။ ပင်မတံတားအရှည် ၁၉၀၃ ပေ၊ ချဉ်းကပ်တံတားအရှည် အင်းစိန်ဘက်ကမ်း၌ ၁၀၃၂ ပေ ရှစ်လက်မ၊ လှိုင်သာယာဘက်ကမ်း၌ ပေ ၈၅၀ ခုနစ်လက်မ စုစုပေါင်းတံတားတစ်ခုလုံး အရှည် ၃၇၈၆ ပေ သုံးလက်မ၊ ယာဉ်သွားလမ်းအကျယ်၅၂ ပေ ခြောက်လက်မ၊ လမ်းတစ်ဖက်တစ်ချက်ရှိ လူသွားလမ်းအကျယ် ခြောက်ပေစီ၊ တံတားအောက် ရေလမ်းကင်းလွတ်နယ်အကျယ် ၉၂၂ ပေ၊ အမြင့် ၄၅ ပေ ရှိသည်။ လေးလမ်းသွား လမ်းတစ်လမ်းစီတွင် တန် ၆၀ လေးသည့်ကုန်တင်ကားကြီးများ မောင်းနှင်သွားလာနိုင်သည့် တံတားကြီးဖြစ်ပြီး ရန်ကုန်တိုင်းတွင် ပဲခူးမြစ်ကူး သန်လျင်တံတားပြီးလျှင် ဒုတိယအရှည်ဆုံး တံတားကြီးဖြစ်သည်။

ခပေါင်းတံတားဖွင့်ပွဲကို အုတ်တွင်းမြို့နယ်ဘက်ခြမ်း တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပသည်။ ခပေါင်းတံတားကို တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ် နယ်စပ်ခပေါင်းချောင်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားအရှည် ပေ ၆၀၀၊ ယာဉ်သွားလမ်းအကျယ် ၄၈ ပေ၊ လမ်းတစ်ဖက်တစ်ချက်ရှိ လူသွားလမ်းအကျယ် ခြောက်ပေစီ၊ တံတားအောက် ရေလမ်းကင်းလွတ်နယ် အကျယ် ပေ ၆၀၊ အမြင့် ခုနစ်ပေရှိသည်။ တန် ၆၀ယာဉ်များ ဖြတ်သန်းသွားလာနိုင်သည့် သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ထားခြင်းဖြစ်သည်။ တံတား၏ ချဉ်းကပ်လမ်းမှာ အုတ်တွင်းမြို့နယ်ဘက်ခြမ်းတွင် အလျားပေ ၇၅၀နှင့် တောင်ငူမြို့နယ်ဘက်ခြမ်းတွင် အလျားပေ ၅၆၀ ရှိသည်။

ဒိုက်ဦးမြို့နယ် ကတုတ်ချောင်းတံတားဖွင့်ပွဲကို တံတားအနီး မင်္ဂလာမဏ္ဍပ်၌ အောက်တိုဘာ ၂ ရက်နေ့တွင် ကျင်းပသည်။ ကတုတ်ချောင်းတံတားသည် အရှည် ၁၉၆ ပေ၊ အကျယ် ၅၆ ပေ၊ ၁၂ ပေ ယာဉ်သွားလမ်းလေးလမ်း၊ လမ်းတစ်ဖက်တစ်ချက်ရှိ လူသွားလမ်းအကျယ် လေးပေစီရှိသည်။ တံတားကို ၄၄ ပေ၊ ၅၄ ပေ၊ ၅၄ ပေ၊ ၄၄ ပေစီရှိသည့် ခန်းဖွင့်လေးခန်းနှင့် တည်ဆောက်ထားခြင်းဖြစ်ပြီး ခံနိုင်ဝန် တန် ၆၀ ရှိ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်သည်။

ဘောလယ်မြစ်တံတား (ရေပေါ်သောင်) ဖွင့်ပွဲကို ထန်းတပင်မြို့နယ် ဘက်ကမ်းရှိ မင်္ဂလာမဏ္ဍပ်၌ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ကျင်းပသည်။ ဘောလယ်မြစ်တံတား(ရေပေါ်သောင်)သည် ထန်းတပင်မြို့နယ် ဘောလယ်ကျွန်းနှင့် တိုက်ကြီးမြို့နယ် အိုင်ကလောင်ကျွန်းတို့ကို ဆက်သွယ်ပေးသည့် ဘောလယ်မြစ်ကူးတံတားဖြစ်သည်။ တံတားအရှည် ပေ ၁၉၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လမ်း တစ်ဖက်တစ်ချက်ရှိ လူသွားလမ်းအကျယ် ငါးပေစီ၊ ရေလမ်းကင်းလွတ်နယ်အကျယ် ပေ ၁၃၀ နှင့် အမြင့် ၃၆ ပေရှိသည်။ တံတားအပေါ်ထည်နှင့် အောက်ထည်မှာ သံကူကွန်ကရစ်၊ အုတ်မြစ်မှာ သံကူကွန်ကရစ် လွန်တူးမိုင်၊ သံကူကွန်ကရစ်ပိုင်တံတား အမျိုးအစားဖြစ်ပြီး တန် ၆၀ ယာဉ်များ ဖြတ်သန်းသွားလာနိုင်သည့် တံတားဖြစ်သည်။

ချင်းရွှေဟော်–ကွမ်းလုံ – သိန္နီလမ်းပိုင်းဖွင့်ပွဲကို ချင်းရွှေဟော်မြို့ရှိ မင်္ဂလာမဏ္ဍပ်၌လည်းကောင်း၊ ညီနောင်တံတားသစ်ဖွင့်ပွဲကို တံတားထိပ်မုခ်ဦး၌လည်းကောင်း၊ နမ့်တိန်တံတားသစ်ဖွင့်ပွဲကို တံတားအနီးမင်္ဂလာမဏ္ဍပ်၌လည်းကောင်း နိုဝင်ဘာလ ၁၂ ရက်နေ့တွင် အသီးသီးကျင်းပသည်။ ချင်းရွှေဟော်–ကွမ်းလုံ–သိန္နီလမ်းပိုင်းသည် ၆၆ မိုင်ရှည်လျားသည်။ ညီနောင်တံတားသစ်သည် ကိုးကန့်ဒေသ ချင်းရွှေဟော်မြို့နှင့် "ဝ" ဒေသ နမ့်တစ်မြို့တို့ကို ဆက်သွယ်ပေးသည့် နမ့်တိန်ချောင်းကူးတံတားဖြစ်သည်။ တံတားအရှည် ၄၀၃ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၁ ပေရှိပြီး သံကူကွန်ကရစ်အမျိုးအစားတံတားဖြစ်သည်။ နမ့်တိန်တံတားသစ်သည် သိန္နီ–ကွမ်းလုံ–ဟိုပန်–မိုင်းမောလမ်းပေါ်တွင် တည်ရှိပြီး နမ့်တိန်ချောင်းကို ဖြတ်၍ တည်ဆောက်ထားသောတံတားဖြစ်သည်။ တံတားအရှည် ၄၃၂ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၆ ပေ ခြောက်လက်မရှိသည်။ ခွင့်ပြုယာဉ်အလေးချိန် ၃၆ တန်ဖြစ်ပြီး အောက်ထည်သံကူကွန်ကရစ်တိုင်၊ အပေါ်ထည်သံမဏိပေါင်ပေါ်တွင် သံကူကွန်ကရစ် ကြမ်းခင်းအမျိုးအစား တံတားဖြစ်သည်။

တနင်္သာရီမြို့၊ တနင်္သာရီမြစ်ကူး တနင်္သာရီတံတားဖွင့်ပွဲကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပသည်။ တနင်္သာရီတံတားသည် ရန်ကုန်–မော်လမြိုင်–ရေး–ထားဝယ်–မြိတ်–တနင်္သာရီ–ဘုတ်ပြင်း–ကော့သောင်းလမ်းပေါ်၌ တည်ရှိသည်။ တံတားအရှည် ပေ ၁၃၆၀၊ ယာဉ်သွားလမ်းအကျယ် ၁၀ ပေ၊ ၁၀ ဒသမ ၅ လက်မ၊ တံတားအောက် ရေလမ်းကင်းလွတ်နယ်အကျယ် ၇၈ ပေ၊ အမြင့်ဆုံးရေမှတ်အထက် ၁၅ ပေရှိသည်။ တံတားခံနိုင်ဝန်အား ၃၆ တန် ဖြစ်ပြီး အပေါ်ထည်ဘေလီ တံတားအမျိုးအစား၊ အောက်ထည် သံကူကွန်ကရစ်ဖြစ်သည်။

ဆည်မြောင်းတာတမံများ တည်ဆောက်ဖွင့်လှစ်ခြင်း

မြိုင်မြို့နယ် တောင်ယမားရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပသည်။ တောင်ယမားရေလှောင်တမံကို မြိုင်မြို့နယ် တံပြားကျေးရွာအနီးနှင့် ပုလဲမြို့အနောက်တောင်

ဘက် ၁၃ မိုင်ခန့်အကွာရှိ တောင်ယမားချောင်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး အလျားပေ ၅၆၇၀၊ အမြင့်ပေ ၉၀ ရှိသည်။ တမံ၏ ကန်ရေပြည့်ရေလှောင်ပမာဏ ကေပေ ၁၇၀၄၀ ဖြစ်သည်။ တမံမှရေများကို တူးမြောင်းမကြီးတစ်ခုနှင့် လက်တံမြောင်း ၃၆ ခုဖြင့် ကေ ၇၀၀၀ ခန့်သို့ ရေပေးဝေနိုင်မည်ဖြစ်သည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် ငွေကျပ်သန်း ၅၀၀ ကျော်ကုန်ကျသည်။

တွံတေးမြို့နယ် ဇီးဖြူကုန်း ရေထိန်းတံခါးဖွင့်ပွဲကို ရေထိန်းတံခါးအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပသည်။ ဇီးဖြူကုန်းရေထိန်းတံတားကို တွံတေးတူးမြောင်းနှင့် ဇီးဖြူကုန်းချောင်းအဆုံ ဇီးဖြူကုန်းကျေးရွာအနီးတွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ဇီးဖြူကုန်းရေထိန်းတံခါးတွင် ခြောက်ပေ၊ ၁၂ ပေအရွယ် တံခါးခုနစ်ပေါက်ပါရှိပြီး အလျား ပေ ၁၃၀၀၊ အကျယ် ပေ ၇၀၊ ပျမ်းမျှအနက် ပေ ၂၀ရှိ ရေသွင်းရေထုတ်မြောင်းပါရှိသည်။ ရေထိန်းတံခါးသည် ရွှေမယင်းကွင်းရှိ လယ်မြေကေ ၇၅၀၀၀ ကို မိုးရာသီရေမလွှမ်းရန်၊ နွေရာသီ ရေငန်ဝင်ရောက်မှုမရှိရန်နှင့် သီးထပ်စိုက်ပျိုးမှုအတွက် အောင်ရေရရှိရန် အကျိုးပြုမည်ဖြစ်ပြီး ကေ ၇၅၀၀ ကိုလည်း တိုက်ရိုက်အကျိုးပြုမည်ဖြစ်သည်။ ဇီးဖြူကုန်း ရေထိန်းတံခါးတည်ဆောက်မှုအတွက် ငွေကျပ် ၈၂ သန်းကျော်ကုန်ကျသည်။

နွားထိုးကြီးမြို့နယ် ဇီးတောရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီး မင်္ဂလာမဏ္ဍပ်၌ မတ်လ ၁၆ ရက်နေ့တွင် ကျင်းပသည်။ ဇီးတောရေလှောင်တမံကို ဆားတောင်ကျေးရွာအနီး ညောင်အုပ်ချောင်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ရေလှောင်တမံအလျား ပေ ၄၇၅၀၊ အမြင့် ၆၅ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ကေ ပေ ၃၀၃၇၀ ရှိသည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး နွားထိုးကြီးမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်ရှိ စိုက်ပျိုးမြေဧရိယာကေ ၄၀၀၀ ခန့်ကို ဆည်ရေပေးဝေနိုင်မည်ဖြစ်သည်။

ပြည်မြို့နယ် ကန်ကြီးကုန်းရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ မတ်လ ၂၃ ရက်နေ့တွင် ကျင်းပသည်။ ရေလှောင်တမံကို ကန်ကြီးကုန်းကျေးရွာအထက် တစ်မိုင်ခန့်အကွာ အင်ရုံချောင်းပေါ်တွင်တည်ဆောက်ထားခြင်းဖြစ်သည်။ တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျား ပေ ၃၆၀၀၊ အမြင့် ၄၅ ပေ၊ ကန်ရေပြည့် ရေလှောင်နိုင်သည့်ပမာဏ ကေ ပေ ၆၁၀၀ ရှိသည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် ငွေကျပ် ၆၆ သန်းကျော်ကုန်ကျသည်။

ဂွမြို့နယ် ရဟိုင်ကွင်း ရေလှောင်တမံဖွင့်ပွဲကို အဆိုပါရေလှောင်တမံ၌ ဧပြီလ ၁၅ ရက်နေ့တွင် ကျင်းပသည်။ ရဟိုင်ကွင်းရေလှောင်တမံကို ဂွမြို့အရှေ့မြောက်ဘက် နှစ်မိုင်ခန့်အကွာ ကြံခင်းချောင်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျား ပေ ၄၅၀၊ အမြင့် ပေ ၅၀၊ ရေပြည့် ရေလှောင်ပမာဏ ၆၂၅ ကေပေရှိသည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် ငွေကျပ် ၃၁ သန်းကျော် ကုန်ကျသည်။

ကွမ်းခြံကုန်းမြို့နယ် ကွမ်းခြံကုန်းရေထိန်းတံခါးဖွင့်ပွဲကို အဆိုပါ ရေထိန်းတံခါး၌ မေလ ၂၀ ရက်နေ့တွင် ကျင်းပသည်။ ကွမ်းခြံကုန်းရေထိန်းတံခါးကို ကွမ်းခြံကုန်းမြို့အနီး ကွမ်းခြံကုန်းချောင်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ရေထိန်းတံခါးတွင် ခြောက်ပေ၊ ၁၂ ပေ အကျယ်တံခါး ၁၅ ပေါက်ပါရှိသည်။ ရေခေါ်မြောင်းမကြီးသည် အရှည် ပေ ၂၅၄၀၊ ရေထုတ်မြောင်းမကြီးသည် အရှည် ပေ ၅၀၀ ရှိပြီး စိုက်ပျိုးမြေကေ ၂၁၄၀၀ ခန့်ကို အကျိုးပြုမည်ဖြစ်သည်။ ရေထိန်းတံခါးတည်ဆောက်မှုအတွက် ငွေကျပ်သန်း ၁၈၀ ကျော်ကုန်ကျသည်။ ကွမ်းခြံကုန်းချောင်းမှတစ်ဆင့် တိုးမြစ်ရေဝင်ရောက်မှုကြောင့် မိုးရာသီ ရေကြီးနစ်မြုပ်ခြင်းကို ကာကွယ် ရန်၊ မိုးရေများကို တိုးမြစ်ရေလျော့နည်းချိန်တွင် ထုတ်နိုင်ရန် နှင့် နွေစပါးအောင်ရေ အပြည့်အဝပေးနိုင်ရန် ကွမ်းခြံကုန်း ရေထိန်းတံခါးကို တည်ဆောက်ခြင်းဖြစ်သည်။

လက်ပံတန်းမြို့နယ် သဲကောရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီး မင်္ဂလာမဏ္ဍပ်၌ ဇွန်လ ၁၄ ရက်နေ့တွင် ကျင်းပသည်။ သဲကောရေလှောင်တမံကို သဲကောချောင်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ရေလှောင်တမံအလျားပေ ၈၃၂၀၊ အမြင့် ၇၆ ပေ၊ ရေပေးတူးမြောင်းမကြီးအလျား ရှစ်မိုင်၊ တူးမြောင်းခွဲများအလျား ၃၃ မိုင်ရှိသည်။ ရေလှောင် တမံတည်ဆောက်မှုအတွက် ငွေကျပ်သန်း ၈၁၀ ကျော်ကုန်ကျသည်။ သဲကောရေလှောင်တမံမှ စိုက်ပျိုးမြေကေ ၁၂၀၀၀ အတွက် စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

မြစ်သားမြို့နယ် သစ်တက်ကုန်းရေလွှဲဆည်ဖွင့်ပွဲကို သစ်တက်ကုန်းဆည်အနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇူလိုင်လ ၂၅ ရက် နေ့တွင် ကျင်းပသည်။ သစ်တက်ကုန်းရေလွှဲဆည်ကို စမုံမြစ်ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ရေဆင်းဧရိယာ ၉၄၉ စတုရန်းမိုင်ရှိသည်။ ရေလွှဲဆည်အလျားပေ ၄၀၀၊ အမြင့် ၁၅ ပေရှိပြီး သဲထုတ်ရေတံခါး ရှစ်ပေပတ်လည်သုံးပေါက်ပါဝင်သည်။ တူးမြောင်းမကြီး အလျား ၁၅ မိုင်ရှိကာ လယ်မြေ ကေ ၅၀၀၀ ကျော်ကို သီးထပ်သီးညှပ် စိုက်ပျိုးရေ

ပေးဝေနိုင်မည်ဖြစ်သည်။ ကျောက်ပြည့်သံကူကွန်ကရစ် ရေလွှဲဆည်အမျိုးအစားဖြစ်ပြီး ရေလွှဲဆည်တည်ဆောက်မှုအတွက် ငွေကျပ် ၃၈၆ သန်းကုန်ကျသည်။

မြိုင်မြို့နယ် ကြက်မောက်နှင့် လယ်တီရေထိန်းတမံဖွင့်ပွဲ ကို ရေထိန်းတမံအနီးရှိ မဏ္ဍပ်၌ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပသည်။ ကြက်မောက်နှင့် လယ်တီရေထိန်းတမံသည် ကြက်မောက်ကျေးရွာအနီး ဗဟုန်းချောင်းပေါ်၌ ရေထိန်းတမံတည်ဆောက်ပြီး အောက်ဘက်တစ်မိုင်အကွာ လယ်တီကျေးရွာအနီးတွင် ရေပေးဝေနိုင်သည့်ရေလွှဲဆည် တည်ဆောက်ထားခြင်းဖြစ်သည်။ တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျား ပေ ၁၉၁၀၊ အမြင့် ၄၃ ပေ၊ ကန်ရေပြည့် ရေလှောင် ပမာဏ ကေပေ ၁၁၀၀၊ ရေလွှဲဆည် အလျား ပေ ၁၂၀၊ အမြင့် ၁၄ ပေရှိသည်။ ကြက်မောက်နှင့် လယ်တီရေထိန်းတမံကို ငွေကျပ်သန်း ၁၅၀ ကျော် အကုန်အကျခံတည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး စိုက်ပျိုးမြေဧက ၁၂၀၀ ကို ဆည်ရေပေးဝေစိုက်ပျိုးနိုင်မည် ဖြစ်သည်။

မလှိုင်မြို့နယ် ပုန်းမကြည်ရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဏ္ဍပ်၌ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပသည်။ ပုန်းမကြည်ရေလှောင်တမံကို လယ်တကောင်းချောင်းနှင့် ရေကမိုးချောင်းဆုံတွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျား ပေ ၃၆၀၀၊ အမြင့် ၄၁ ပေ၊ ရေပြည့်ရေလှောင်ပမာဏ ၁၅၇၂ ကေပေရှိသည်။ ရေလှောင်တမံမှ စိုက်ပျိုးမြေ ၅၀၆ ဧကသို့ စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။

ငါန်းဇွန်မြို့နယ် မြို့သာရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိမဏ္ဍပ်၌ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကျင်းပသည်။ မြို့သာရေလှောင်တမံကို မြို့သာမြို့ တောင်ဘက် တစ်မိုင်ခန့်အကွာ ကူတော်ချောင်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး အလျား ပေ ၃၇၀၀၊ အမြင့် ၆၆ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ကေပေ ၄၃၇၀ ရှိသည်။ တမံ၏ ရေဆင်းရေိယာ ၁၄ စတုရန်း မိုင်ရှိပြီး ဧရိယာကေ ၁၅၀၀ သီးထပ်စိုက်ပျိုးနိုင်မည်ဖြစ်သည်။

"ဝ" ဒေသ မိုင်းမောခရိုင် ဝမ်လင်းဒေသ ကွမ်ကလုံ ရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံမုခ်ဦး၌ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပသည်။ ကွမ်ကလုံရေလှောင်တမံကို ဂုံချိုင်းချောင်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ တမံ အလျား ၆၂ ဒသမ ၁၇ မီတာ၊ အမြင့် ၁၇ ဒသမ ၆ မီတာ၊ ရေသိုလှောင်နိုင်သည့်ပမာဏ ကုဗမီတာတစ်သိန်းရှိသည်။ ရေလှောင်တမံမှ စိုက်ပျိုးမြေဧက ၂၀၀ သို့ စိုက်ပျိုးရေပေးဝေမည့်အပြင် သောက်သုံးရေပါရရှိမည် ဖြစ်သည်။

အင်္ဂပူမြို့နယ် နန်ကသူရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဏ္ဍပ်၌ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပသည်။ နန်ကသူရေလှောင်တမံကို သရက်အုပ်ကျေးရွာအနီး နန်ကသူ(မြောက်) ချောင်းပေါ်တွင် မြေသားတမံအဖြစ် တည်ဆောက်ထားခြင်းဖြစ်သည်။ တမံအလျား ပေ ၁၈၀၀၊ အမြင့် ပေ ၁၆၀၊ ကန်ရေပြည့် ရေလှောင်ပမာဏ ကေ ပေ ၄၀၀၀၀ ရှိသည်။ ရေလှောင်တမံမှ ဧက ၁၄၀၀၀ ခန့်သို့ စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး ရေလှောင်တမံကို ငွေကျပ် ၁၄၂၂ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တွံတေးမြို့နယ် မိုးမခ ရေထိန်းတံခါးဖွင့်ပွဲကို ရေထိန်းတံခါးအနီးရှိ မဏ္ဍပ်၌ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပသည်။ မိုးမခရေထိန်းတံခါးကို ပန်းလှိုင်ကျေးရွာ တိုးမြစ်နှင့် ပန်းလှိုင်ချောင်းဆုံတွင် တည်ဆောက်ထားခြင်းဖြစ်သည်။ မိုးမခရေထိန်းတံခါးတွင် ခြောက်ပေ၊ ၁၂ ပေအရွယ် တံခါး ၃၇ ပေါက်ပါရှိပြီး ရေသွင်းရေထုတ်မြောင်း အလျား ပေ ၃၀၀၀၊ အကျယ် ပေ ၂၅၀၊ ပျမ်းမျှအနက် ၂၂ ပေ ရှိသည်။ ဧက ၄၀၀၀၀ ခန့်ကို အကျိုးပြုမည့် နိုင်ငံတော်၏ အကြီးဆုံးရေထိန်းတံခါးဖြစ်ပြီး ငွေကျပ် ၃၅၂ သန်းကျော် အကုန်အကျခံတည်ဆောက်ထားခြင်းဖြစ်သည်။

### ဘဏ်များဖွင့်လှစ်ခြင်း

ကမ္ဘောဇဘဏ်လီမိတက် မန္တလေးဘဏ်ခွဲဖွင့်ပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၌ ဇန်နဝါရီလ ၁၄ ရက်နေ့တွင်လည်းကောင်း၊ အာရှဝနဘဏ်လီမိတက် ရွှေဘိုဘဏ်ခွဲဖွင့်ပွဲကို ရွှေဘိုမြို့၌ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင်လည်းကောင်း၊ ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက် ချောက်မြို့ဘဏ်ခွဲဖွင့်ပွဲကို ချောက်မြို့၌ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင်လည်းကောင်း၊ မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက် ဘုရင့်နောင်ဘဏ်ခွဲဖွင့်ပွဲကို လှိုင်မြို့နယ် အောင်သပြေလမ်းရှိ ဘဏ်ခွဲ၌ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင်လည်းကောင်း၊ မြန်မာယူနီဗာဆယ်ဘဏ် ကော့သောင်းဘဏ်ခွဲဖွင့်ပွဲကို ကော့သောင်းမြို့၌ ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင်လည်းကောင်း၊ မြန်မာယူနီဗာဆယ်ဘဏ် တာချီလိတ်ဘဏ်ခွဲဖွင့်ပွဲကို တာချီလိတ်မြို့ ဝမ်ကောင်းရပ်ရှိ ဘဏ်ခွဲ၌ မတ်လ ၁၂ ရက်နေ့တွင်လည်းကောင်း၊ မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက် တောင်ငူဘဏ်ခွဲဖွင့်ပွဲကို တောင်ငူမြို့၌ မတ်လ ၁၈ ရက်နေ့တွင်လည်းကောင်း၊

ကမ္ဘောဇဘဏ်လီမိတက် လမ်းမတော်ဘဏ်ခွဲဖွင့်ပွဲကို လမ်းမတော်မြို့နယ်ရှိ လမ်းမတော်ကွန်ဒိုစင်တာ၌ မတ်လ ၂၀ ရက်နေ့တွင် လည်းကောင်း၊ သမဝါယမဘဏ်လီမိတက် စော်ဘွားကြီးကုန်း ဘဏ်ခွဲ ဖွင့်ပွဲကို မင်္ဂလာဒုံမြို့နယ် စော်ဘွားကြီးကုန်းအဝေး ပြေးယာဉ်ရပ်နားစခန်းဝင်း အဆောင် ၉၁၊ အခန်း ၂/၃ ရှိ ဘဏ်ခွဲ၌ မတ်လ ၂၂ ရက်နေ့တွင်လည်းကောင်း၊ အာရှဝနဘဏ်လီမိတက် ကလေးဘဏ်ခွဲဖွင့်ပွဲကို ကလေးမြို့၌ ဧပြီလ ၁ ရက် နေ့တွင်လည်းကောင်း၊ မြန်မာမေဖလားဝါးဘဏ်လီမိတက် ကျိုင်းတုံဘဏ်ခွဲ ဖွင့်ပွဲကို ကျိုင်းတုံမြို့ ဈေးကြီးတန်းလမ်း အမှတ် ၁၁(ခ) ရှိ ဘဏ်ခွဲ၌ ဧပြီလ ၃ ရက်နေ့တွင်လည်းကောင်း၊ ကမ္ဘောဇဘဏ်လီမိတက် တာချီလိတ်ဘဏ်ခွဲဖွင့်ပွဲကို တာချီလိတ်မြို့ တာလော့ရပ် ချယ်ရီလမ်း အမှတ် ၁/၂ ၌ ဧပြီလ ၂၉ ရက်နေ့တွင်လည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲဖွင့်ပွဲကို ဆော်မြို့၌ မေလ ၇ ရက်နေ့တွင်လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ် လှိုင်သာယာဘဏ်ခွဲဖွင့်ပွဲကို လှိုင်သာယာမြို့ အင်းစိန်-ညောင်တုန်းလမ်းဘဏ်ခွဲရှေ့၌ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် လည်းကောင်း အသီးသီးကျင်းပသည်။

ရေအားလျှပ်စစ်
ဓာတ်အားပေးစက်ရုံများတည်ဆောက်ခြင်း

ရပ်စောက်မြို့နယ် ဇော်ဂျီရေလှောင်တမံ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို ရပ်စောက်မြို့ မြောက်ဘက် ၂၈ မိုင်အကွာရှိ စက်ရုံမင်္ဂလာမဏ္ဍပ်၌ မတ်လ ၁၆ ရက်နေ့တွင် ကျင်းပသည်။ ဇော်ဂျီရေလှောင်တမံ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ဇော်ဂျီချောင်းပေါ်မှ တတိယမြောက်ဓာတ်အားပေးစက်ရုံဖြစ်ပြီး ရှမ်းပြည်နယ်အတွင်း မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက တည်ဆောက်ခဲ့သည့် ၁၄ ခုမြောက် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံဖြစ်သည်။ စက်ရုံတွင် ခြောက်မဂ္ဂါဝပ်ဓာတ်အားပေးစက်နှစ်လုံး တပ်ဆင်ထား၍ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီ သန်းပေါင်း ၃၀ ထုတ်လုပ်ပေးနိုင်သည်။ ဇော်ဂျီရေလှောင်တမံမှ ထွက်ရှိသော လျှပ်စစ်ဓာတ်အားများကို ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၇ မိုင်သွယ်တန်း၍ ဇော်ဂျီ ဓာတ်အားပေးစက်ရုံနှင့်ပေါင်းပြီး မဟာဓာတ်အားလိုင်းစနစ်အတွင်းသို့ ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိသည်။

ပဲခူးမြို့နယ် ဇောင်းတူရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ မတ်လ ၂၂ ရက်နေ့တွင် ကျင်းပသည်။ ဇောင်းတူရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ပဲခူးမြို့အနောက်မြောက်ဘက် ၄၂ မိုင်အကွာ တိုက်ကြီးကျေးရွာအနီး ပဲခူးမြစ်ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ဇောင်းတူရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး အလျား ၅၈၉၆ ပေ၊ အမြင့် ၁၄၇ ပေရှိသည်။ ရေလှောင်တမံ၏ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၃၃၀၀၀၀ ဖြစ်ပြီး စိုက်ပျိုးမြေဧက ၃၆၂၅၀ သို့ စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။ ဇောင်းတူရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ၁၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်နှစ်လုံး တပ်ဆင်ထားသည်။ စက်ရုံမှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၇၆ ဒသမ ၃ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ ထုတ်လုပ် လျှပ်စစ်ဓာတ်အားများကို ၆၆ ကေဗီဓာတ်အားလိုင်း ၄၅ ဒသမ ၆ မိုင် တည်ဆောက်ပြီး ပဲခူးမြို့ (ကမာနတ်) ဓာတ်အားခွဲရုံသို့ ပို့လွှတ်၍ မဟာဓာတ်အားလိုင်းစနစ်အတွင်း ဖြန့်ဖြူးသွားမည်ဖြစ်သည်။ ဇောင်းတူရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အား စီမံကိန်းလုပ်ငန်းများ တည်ဆောက်မှုအတွက် ငွေကျပ်သန်းပေါင်း ၄၃၀၀ ကျော် ကုန်ကျသည်။

စက်ရုံသစ်များဖွင့်လှစ်ခြင်း

မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး လှိုင်သာယာ တန် ၃၆၀ ဆန် ပြည်လည်ကြိတ်ဖွပ်ရေးနှော စက်ရုံဖွင့်ပွဲကို လှိုင်သာယာမြို့နယ် ကစင်ကျေးရွာရှိ စက်ရုံ၌ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံသည် ၂၄ နာရီလျှင် ဆန်တန်ချိန် ၃၆၀ ကြိတ်ဖွပ်နိုင်ပြီး လုံးတီးမှ ဆန်အဖြစ်ကြိတ်ဖွပ်နိုင်သည့် တန် ၁၂၀ ဆန်ကြိတ်ဖွပ်စက်သုံးလိုင်းပါဝင်၍ ကြိတ်ခွဲအားနှင့် ဆန်အမျိုးအစားကို လိုအပ်သလို စိစဉ်ကြိတ်ဖွပ်နိုင်ခြင်း၊ လိုင်းတစ်လိုင်းတွင် စပါးအခွံချွတ်စက် တပ်ဆင်ထား၍ ဘိလပ်ဆန်ခါမှ ရွေးထုတ်ပေးသော စပါးများကို ပြန်လည်ကြိတ်ဖွပ်နိုင်ခြင်း၊ စပါးအခွံချွတ်ရာတွင် ရော်ဘာကြိတ်လုံးများ အသုံးပြုထား၍ ဆန်ကြိတ်ထွက်နှုန်းကောင်းမွန် စေခြင်း၊ တန်းမြင့်ဆန် ၁၀၀ မှတ်၊ ၅ မှ ၁၀ မှတ်ဆန်၊ တန်းလတ် ၂၅ မှတ်ဆန်များကို ကြိတ်ဖွပ်ပေးနိုင်ခြင်းများ ပြုလုပ်ပေးနိုင်သည်။ စက်ရုံ၏ ကုန်ကျစရိတ်သည် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၄၄ သန်းဖြစ်ပြီး ပြည်တွင်း ငွေကျပ် ၂၂၆ ဒသမ ၆၈ သန်းဖြစ်သည်။

မြန်မာတာရှန်းအင်ဒတ်စထရီယယ် ကုမ္ပဏီလီမိတက် အထည်ချုပ်စက်ရုံဖွင့်ပွဲကို နိုင်ငံတကာအဆင့်မီ မင်္ဂလာဒုံစက်မှုဇုန်မြေကွက်အမှတ် D1 ရှိ စက်ရုံ၌ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပသည်။

မြန်မာ့ကြံလုပ်ငန်း အမှတ် ၉ သကြားစက်(ရုံးဆိပ်) ဖွင့်ပွဲကို အောင်လံမြို့နယ်ရှိ သကြားစက်၌ ဇန်နဝါရီလ ၂၃ ရက်

နေ့တွင် ကျင်းပသည်။ အမှတ် ၉ သကြားစက်(ရုံးဆိပ်) မှ တစ်နေ့လျှင် ကြံတန် ၂၀၀၀ ကြိတ်ဝါးနိုင်မည်ဖြစ်သည်။

မြန်မာ့ကြံလုပ်ငန်း အမှတ် ၁၃ သကြားစက်(ဥက္ကံ) ဖွင့်ပွဲကို တိုက်ကြီးမြို့နယ် ဂုံညင်းတန်းကျေးရွာရှိ သကြားစက်၌ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ကျင်းပသည်။ အမှတ် ၁၃ သကြားစက်(ဥက္ကံ) သည် တစ်နေ့လျှင် ကြံတန် ၂၀၀၀ ကြိတ်ဝါးနိုင်မည်ဖြစ်ပြီး သကြားကို ကန့်ခိုးနှစ်ကြိမ်ရိုက်စနစ် ထုတ်လုပ်မှုနည်းစဉ်ဖြင့် သကြားဖြူ ၁၀၀ ရာခိုင်နှုန်း ထုတ်လုပ်နိုင်သည့်စက်ရုံဖြစ်သည်။

မြန်မာ့ကြံလုပ်ငန်း အမှတ် ၅ သကြားစက်(မြို့လှ) ဖွင့်ပွဲကို ရေတာရှည်မြို့နယ် မြို့လှမြို့ရှိ သကြားစက်၌လည်းကောင်း၊ အမှတ် ၁ သကြားစက်(ဒဟတ်ကုန်း) ဖွင့်ပွဲကို တပ်ကုန်းမြို့နယ်ရှိ သကြားစက်၌လည်းကောင်း၊ မတ်လ ၁၅ ရက်နေ့တွင် အသီးသီးကျင်းပသည်။

မြန်မာ့ကြံလုပ်ငန်း အမှတ် ၇ သကြားစက်(အုတ်တွင်း) ဖွင့်ပွဲကို အုတ်တွင်းမြို့နယ်ရှိ သကြားစက်၌ မတ်လ ၁၇ ရက်နေ့တွင် ကျင်းပသည်။

မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း မြန်မာ့ထီးစက်ရုံ(မန္တလေး) ဖွင့်ပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကဠုဏမဟီရပ်ရှိ စက်ရုံ၌လည်းကောင်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆပ်ပြာစက်ရုံ(မန္တလေး) ဖွင့်ပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမရဋ္ဌာနီ အရှေ့ရှမ်းဝိုင်းရပ်ရှိ စက်ရုံ၌လည်းကောင်း မတ်လ ၂၀ ရက်နေ့တွင် အသီးသီးကျင်းပသည်။ မြန်မာ့ထီးစက်ရုံ (မန္တလေး) တွင် နေ့စဉ် ထီးအလက် ၁၅၀၀၊ တစ်နှစ်လျှင် ထီးအလက် ၂၀၀၀၀၀ ထုတ်လုပ်နိုင်ပြီး ဆပ်ပြာစက်ရုံ(မန္တလေး) တွင် တစ်ရက်လျှင် အဝတ်လျှော်ဆပ်ပြာ တန် ၄၀၊ တစ်နှစ်လျှင် တန် ၁၃၂၀၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ် ၁ ရေနံချက်စက်ရုံ(သန်လျင်) ကတ္တရာချက်စက်ရုံဖွင့်ပွဲကို ကတ္တရာချက်စက်ရုံ၌လည်းကောင်း၊ မြန်မာ့ကြံလုပ်ငန်း အမှတ် ၄ သကြားစက်(တောင်စဉ်အေး) ဖွင့်ပွဲကို လယ်ဝေးမြို့နယ် တောင်စဉ်အေးကျေးရွာအနီးရှိ စက်ရုံ၌လည်းကောင်း၊ မတ်လ ၂၁ ရက်နေ့တွင် အသီးသီးကျင်းပသည်။ ကတ္တရာချက်စက်ရုံတွင် ၃၀/၄၀ အမျိုးအစား ကတ္တရာ သို့မဟုတ် ၆၀/၇၀ နှင့် ၈၀/၁၀၀ အမျိုးအစား လမ်းခင်းကတ္တရာ တစ်နှစ်လျှင် တန်နှစ်သိန်း ထုတ်လုပ်ဖြန့်ဖြူးနိုင်မည်ဖြစ်ပြီး အမှတ် ၄ သကြားစက်(တောင်စဉ်အေး) တွင် တစ်ရက်လျှင် ကြံတန်



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် မြန်မာ – တာရှန်းအထည်ချုပ်စက်ရုံ (မင်္ဂလာဒုံ) ကို ကြည့်ရှုစစ်ဆေးစဉ်

၁၅၀၀ ကြိုတ်ဝါးနိုင်မည်ဖြစ်သည်။ သကြားစက်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆ သန်းကျော်ဖြစ်သည်။

မြန်မာ့ကြံလုပ်ငန်း အမှတ် ၁၁ သကြားစက်(အင်ငါးခွ) ဖွင့်ပွဲကို ပေါက်ခေါင်းမြို့နယ် အင်ငါးခွကျေးရွာအနီးရှိ သကြားစက်၌ မတ်လ ၂၃ ရက်နေ့တွင် ကျင်းပသည်။ သကြားစက်ကို တောင်နဝင်း ရေလှောင်တမံ ပင်မရေပို့လွှဲအနီးတွင် တည်ဆောက်ထားပြီး တစ်ရက်လျှင် ကြံတန် ၂၀၀၀ ကြိတ်ဝါး နိုင်သည်။ သကြားစက်၏ စက်ပစ္စည်းများတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း ၂၀ ကျော်ဖြစ်သည်။

မြန်မာ့အထည်အလိပ်လုပ်ငန်း မုံရွာဆေးဆိုးပန်းရိုက် စက်ရုံဖွင့်ပွဲကို မုံရွာမြို့ မုံရွာ–ကျောက်ကာလမ်းပေါ်ရှိ စက်ရုံ၌လည်းကောင်း၊ ပခုက္ကူမြို့ ဆေးဆိုးပန်းရိုက် စက်ရုံဖွင့်ပွဲကို ပခုက္ကူမြို့ရှိ စက်ရုံ၌လည်းကောင်း မတ်လ ၂၄ ရက်နေ့တွင် အသီးသီးကျင်းပသည်။ မုံရွာဆေးဆိုးပန်းရိုက်စက်ရုံသည် တစ်နှစ်လျှင် အဖြူချွတ်ဆေးဆိုးပိတ်ကိုက် ၄၈၀၀၀၀၊ ပန်းရိုက်ပိတ် တစ်နှစ်လျှင် ကိုက် ၂၄၀၀၀၀ နှင့် အဖြူဆေးဆိုးပန်းရိုက် ပိတ်ချောကိုက် ၇၂၀၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ စက်ရုံတည်ဆောက်မှုအတွက် ငွေကျပ် ၇၁ ဒသမ ၇၅ သန်းကုန်ကျသည်။

မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း မြန်မာ့ထီးစက်ရုံဖွင့်ပွဲကို လှိုင်မြို့နယ် ရန်ကုန်–အင်းစိန်လမ်းမကြီး အမှတ် ၁၁၁ ရှိ ထီးစက်ရုံ၌ မတ်လ ၂၆ ရက်နေ့တွင် ကျင်းပသည်။ မြန်မာ့ထီးစက်ရုံတွင် ကြက်ဆင်၊ ဇာမဏီတံဆိပ် ထီးအမျိုးမျိုးကို နေ့စဉ် ထီးလက်ရေ ၂၀၀၀ အထိ ထုတ်လုပ်လျက်ရှိသည်။

တော်ဝင်မိသားစု ကုမ္ပဏီလီမိတက် သစ်အချောထည်နှင့် ပရိဘောဂစက်ရုံဖွင့်ပွဲကို ရွှေပြည်သာမြို့နယ် ဝါးတရာသစ်အခြေခံစက်မှုဇုန်နယ်မြေ၌ ဧပြီလ ၂ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံတွင် ကျွန်းသစ်ပါးလွှာများ၊ ကျွန်းသစ်ဖြင့် ပြုလုပ်ထားသော Garden Furniture များ၊ ကျွန်းနှင့် ပျဉ်းကတိုးဖြင့် ပြုလုပ်ထားသော ပရိဘောဂများ၊ အိမ်တွင်း ပရိဘောဂများ၊ လှေကားထိုးခင်း ပျဉ်များ၊ ကြမ်းခင်းတုံးများ၊ ကြမ်းခင်းပြားများ၊ ကျွန်းတံခါး ပြတင်းရွက်များ၊ ပုံဖော်သစ်ချောင်းများ ထုတ်လုပ်သွားမည်ဖြစ်သည်။

မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း Golden Lion Instant Coffee စက်ရုံဖွင့်ပွဲကို ပြင်ဦးလွင်မြို့ ပွေးတောင်ကော်ဖီခြံရှိ စက်ရုံရှေ့၌ ဧပြီလ ၈ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံတွင် အဆင့်မီ Coffee Mix, Tea Mix များ ထုတ်လုပ်လျက်ရှိသည်။ စက်ရုံတည်ဆောက်မှု ကုန်ကျစရိတ် ကျပ်သိန်း ၇၈၀ ခန့်ဖြစ်သည်။

မြန်မာ–ဂါးမင်း ရေလုပ်ငန်းလီမိတက် အအေးခန်းနှင့် ရေခဲစက်ရုံဖွင့်ပွဲကို မြိတ်မြို့ ကံကြီးရပ်ကွက် စီလမ်းရှိ စက်ရုံရှေ့ မင်္ဂလာမဏ္ဍပ်၌ မေလ ၁၃ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံ၏ ကုန်ချောသိုလှောင်နိုင်မှုစွမ်းအားမှာ တန် ၂၅၀ ဖြစ်ပြီး ရေခဲသိုလှောင်ခန်းမှာ တန် ၁၅၀ ဆံ့ ဖြစ်သည်။ ရေခဲစက်မှ တစ်ရက်လျှင် ရေခဲ ၂၅ တန် ထုတ်လုပ်နိုင်သည်။ စက်ရုံကို မြေဧရိယာ ဧက ၁ ဒသမ ၆၈ ဧကအကျယ်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး စက်ရုံတည်ဆောက်မှုအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇ သန်းခန့်နှင့် ငွေကျပ် ၁၄ ဒသမ ၇၇ သန်းခန့် ကုန်ကျသည်။ စက်ရုံတွင် ရေချိုရေငန်ပုစွန်များကို အဓိကထား ပြုပြင်ထုတ်လုပ်သွားမည်ဖြစ်သည်။

မေဖလားဝါးမိုင်းနှင့် အင်တာပရိုက်စစ်လီမိတက် ခနောက်စိမ်းသတ္တုရိုင်း အဆင့်မြင့်သန့်စင်စက်ရုံဖွင့်ပွဲကို ကလောမြို့နယ် စက်ရုံအနီးရှိ ခန်းမဆောင်၌ ဩဂုတ်လ ၁၈ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံမှ သတ္တုရိုင်း ၁၀ တန်ကို ကုန်ချော နှစ်တန်ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး သတ္တုပါဝင်မှု ရာခိုင်နှုန်း ၈၀ အထိ တိုးမြင့်လာမည်ဖြစ်သည်။

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပန်ကာကြိုးစက်ရုံဖွင့်ပွဲကို မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန်ရှိ စက်ရုံရှေ့၌ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပသည်။ ပန်ကာကြိုးစက်ရုံသည် မြန်မာနိုင်ငံတွင် ပထမဆုံးတည်ဆောက်ဖွင့်လှစ်သော စက်ရုံဖြစ်ပြီး ပန်ကာကြိုးအရွယ်စုံ တစ်ဆိုင်းလျှင် အချောင်း ၃၀၀၀ နှုန်းဖြင့် တစ်နေ့နှစ်ဆိုင်း၊ တစ်လ ပန်ကာကြိုးအချောင်း ၁၈ သိန်း ထုတ်လုပ်သွားမည်ဖြစ်သည်။

စိုးအောင်

## မြန်မာ့ကြံလုပ်ငန်းနှင့် သကြားစက်ရုံများ ။ ။

နိုင်ငံတော်အစိုးရ (တပ်မတော်) သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို နေ့မနား၊ ညမအား၊ အားကောင်းမောင်းသန်ဖြင့် အကောင်အထည်ဖော် လျက်ရှိသည်။

ယင်းသို့ အကောင်အထည်ဖော်ရာတွင် စည်းစနစ်ကျနစွာ၊ ဦးတည်ချက် (၁၂) ရပ်ချမှတ်ပြီး အကောင်အထည်ဖော်နေ ခြင်းဖြစ်သည်။ နိုင်ငံရေးဦးတည်ချက် (၄) ရပ်၊ စီးပွားရေး ဦးတည်ချက် (၄) ရပ်နှင့် လူမှုရေးဦးတည်ချက် (၄) ရပ်တို့ ဖြစ်ကြသည်။

စီးပွားရေးဦးတည်ချက် အမှတ်စဉ် (၁) တွင် "စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် အမှတ် (၅) သကြားစက်ရုံ (မြို့လှ) ကို ကြည့်ရှုစစ်ဆေးစဉ်

ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး” ဟူ၍ တိကျစွာ ဖော်ပြထားသည်။

စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူများ၏ စားသုံးရေး၊ နိုင်ငံခြားဝင်ငွေတိုးပွားရေးနှင့် စက်မှုကုန်ကြမ်း ဖြည့်ဆည်းရေး တို့ကို ရာနှုန်းပြည့်နီးပါး တာဝန်ယူထားရသည်ဟု ဆိုနိုင် လေသည်။

ထို့ပြင် အရေးကြီးသော စိုက်ပျိုးရေးကဏ္ဍ၌ ရည်မှန်းချက် (၃) ရပ် ချမှတ်ထားလေသည်။ ယင်းတို့မှာ

(၁) စပါးပိုလျှံရမည်။

(၂) ဆီဖူလုံရမည်။

(၃) ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများ အထွက်တိုး ရမည် ဟူ၍ဖြစ်သည်။

ဤသို့ ချမှတ်ထားသည်နှင့်အညီ စက်မှုကုန်ကြမ်းသီးနှံ များ အထွက်တိုးရေးကိုလည်း နိုင်ငံတော်က အလေးထား ဆောင်ရွက်လျက်ရှိလေသည်။ စက်မှုကုန်ကြမ်းသီးနှံများ နိုင်ငံတော်၌ မြောက်မြားစွာရှိရာ ကြံသည် တစ်ခုအပါအဝင် ဖြစ်သည်။

ကြံသည် သာမန်စက်မှုကုန်ကြမ်းသီးနှံမဟုတ်၊ အဓိက ကျသော သီးနှံအမျိုးအစားဖြစ်သည်။ အမှန်စင်စစ် ကြံသီးနှံ သည် သမိုင်းနှင့်ချီပြီး နိုင်ငံတော်၌ ဖြစ်ထွန်းခဲ့သည်။ အထောက် အထားများအရ အောက်မြန်မာနိုင်ငံ ပျူနှင့်မွန်ဒေသတို့တွင် အေဒီ ၈ ရာစုနှစ်၌ပင် စတင်ဖြစ်ထွန်းနေကြောင်း သိရသည်။

သကြားစက်ကိုမူ ကျိုက္ကမီတွင် ပထမ အင်္ဂလိပ်မြန်မာစစ်ပွဲ အပြီး ၁၈၄၀ ပြည့်နှစ်တွင် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည် ဟု သိရသည်။

ယင်းအချိန်မှစ၍ ကြံစိုက်ပျိုးခြင်းနှင့် သကြားထုတ်လုပ် ခြင်း လုပ်ငန်းမှာ အရှိန်ရစပြုလာလေသည်။ ဆက်လက်၍ အင်္ဂလိပ်လက်အောက် စစ်ကြိုခေတ်ကာလ ၁၉၃၄ - ၃၅ တွင် ဇေယျဝတီသကြားစက်ကို တည်ဆောက်ဖွင့်လှစ် ခြင်းဖြင့် အရှိန်မြှင့်ခဲ့သည်။

လွတ်လပ်ရေးရပြီးသည့်နောက် ၁၉၅၆-၅၇ ခုနှစ်မှ ၁၉၆၂-၆၃ ခုနှစ်များအတွင်း ပျဉ်းမနားသကြားစက်၊ နမ့်တူ သကြားစက် စသည်များတည်ဆောက်ပြီး ပိုမိုစိုက်ပျိုး ထုတ်လုပ်ခဲ့ကြသည်။

၁၉၆၂-၆၃ နှင့် ၁၉၈၈-၈၉ သကြားထုတ်လုပ်မှုကို လေ့လာပါက ၁၉၆၂-၆၃ ခုနှစ်တွင် တစ်နှစ်ပျမ်းမျှ ငါးသောင်း ရှစ်ထောင်ငါးရာတစ်ဆယ်တစ်တန် (၅၈၅၁၁) ရှိခဲ့ပြီး ၁၉၈၈- ၈၉ ခုနှစ်တွင် တန်ချိန် ၂၈၃၀၁ ထိသာ ထုတ်လုပ်နိုင်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် တပ်မတော်က နိုင်ငံတော်အာဏာ အရပ်ရပ်ကို သမိုင်းပေး အခြေအနေအရ တာဝန်ယူခဲ့ရပြီး နိုင်ငံတော်ကို ဦးဆောင်တည်ဆောက် အကောင်အထည် ဖော်ခဲ့ရာ နယ်ပယ်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်ကောင်း ကောင်း ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကဏ္ဍသည် ဦးစားပေး ပါဝင်လာသည်။ နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဘက်စုံစိုက်ပျိုးရေး တစ်နည်းအားဖြင့် မဏ္ဍိုင် (၄) ရပ် စိုက်ပျိုးရေးကို အကောင်အထည်ဖော်ရန် လမ်းညွှန်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၁၅.၉.၉၇ ရက်နေ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးတွင် "မဏ္ဍိုင် (၄) ရပ် စိုက်ပျိုးရေးစနစ်ဖြစ်တဲ့ စပါး၊ ဝါ၊ ကြံနှင့် ပဲမျိုးစုံစိုက်ပျိုးအောင်မြင်ရေးဟာ နိုင်ငံရဲ့လူအများစုတောင်သူလယ်သမားများရဲ့ စီးပွားရေး လူမှုဘဝသိသိသာသာ မြင့်မားတိုးတက်ရေးအတွက် အလွန်အရေးပါတဲ့ ဆောင်ရွက်ချက်တွေပဲ ဖြစ်တယ်" ဟူ၍ လမ်းညွှန်မိန့်ကြားခဲ့သည်။

ဤသို့ဖြင့် ခြေလေးချောင်းထောက် စိုက်ပျိုးရေး၊ မဏ္ဍိုင် (၄) ရပ် စိုက်ပျိုးရေး တစ်နည်းအားဖြင့် ဘက်စုံစိုက်ပျိုးရေးတွင် ကြံစိုက်ပျိုးရေးနှင့် သကြားထုတ်လုပ်ရေးမှာ အဓိကပါဝင်လာလေသည်။

ကြံမှသကြားသာမက ကြံသကာနှင့် အခြားအဖိုးတန် အသုံးဝင်ဘေးထွက်ပစ္စည်းများလည်း ရရှိသည်။ ထို့ကြောင့် မြန်မာ့ကြံလုပ်ငန်းသည် "ကြံမှသကြား – ပြည့်စီးပွား" ဟူသော ဆောင်ပုဒ်ကို ချမှတ်ပြီး အားကြိုးမာန်တက် အကောင်အထည် ဖော်လျက်ရှိသည်။

ထိုမျှသာမကသေး၊ ကြံသီးနှံနှင့် သကြားထုတ်လုပ်မှု လုပ်ငန်းများသည် နိုင်ငံတော်အတွက် အောက်ပါအတိုင်း အရေးပါနေလေသည်။

၁။ ကြံသီးနှံစိုက်ပျိုးရေးနှင့် သကြားစက်မှုလောကတွင် ပထဝီအနေအထားအရ မြန်မာပြည်အနှံ့ ပြန့်ကျဲတည်ရှိနေခြင်း၊

၂။ ယင်းလုပ်ငန်းကြီးကို အမှီပြုနေသော လူသားစွမ်းအားအရင်းအမြစ်သည်လယ်ယာကဏ္ဍ အလုပ်လုပ်သူ စုစုပေါင်း၏ ၄ ဒသမ ၃၇ ရာခိုင်နှုန်း အထိရှိခြင်း၊

၃။ တိုင်းပြည်၏ အသားတင်စိုက်ကေပေါ်မှာ ကြံသီးနှံစိုက်ကေသည် ၁ ဒသမ ၂ ရာခိုင်နှုန်းမျှသာ ရှိသော်လည်း သကြားထုတ်လုပ်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးတွင် ကျပ်ကုဋေပေါင်း ၁၄၃၆ ဒသမ ၀၀၅ နှင့် အမေရိကန်ဒေါ်လာပေါင်း သန်း ၂၇၆ ဒသမ ၅၃ အထိ တန်ဖိုးကြီးမြင့်လှခြင်း၊

၄။ သကြားပို့ကုန်သည် ကမ္ဘာ့ဈေးကွက်၌ အလားအလာကောင်းသော ပို့ကုန်ဖြစ်နေသဖြင့် တိုင်းပြည်ဝင်ငွေ ကို ရှာဖွေပေးရာ၌ အထူးအရေးပါနေခြင်း၊

၅။ ပြည်သူတိုင်း အာဟာရဓာတ်စွမ်းအင် ပြည့်စုံညီညွတ်၍ အသက်ရှင်ကျန်းမာရေးအတွက် သကြားစားသုံးမှုကို တိုးမြှင့်ရန်လိုအပ်ခြင်း၊

၆။ သကြားနှင့် သကြားအခြေခံ စက်မှုလုပ်ငန်းများ တိုးတက်စေခြင်းဖြင့် တိုင်းပြည်၏ စက်မှုလက်မှု ထွန်းကားရေးကို အပြန်အလှန် အထောက်အကူပြုစေခြင်း၊

ထို့ကြောင့်ပင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ကြံစိုက်ပျိုးထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ၁၉၈၇–၈၈ ခုနှစ်တွင် စိုက်ကေ ၁၃၃၃၈၃ ရှိရာမှ ၂၀၀၀–၂၀၀၁ ခုနှစ်တွင် ကြံစိုက်ကေ ၃၅၀၂၆၈ အထိ ရှိလာသည်။

၁၉၈၇–၈၈ ခုနှစ်အတွင်း ကြံစိုက်ကေထက် တပ်မတော်မှ နိုင်ငံတော် အာဏာအရပ်ရပ်ကို တာဝန်ယူခဲ့သည့် ၁၉၈၈ မှသည် ၂၀၀၀–၂၀၀၁ အထိ ကာလအတွင်း၌ ကြံစိုက်ကေမှာ သိသိ သာသာ တိုးတက်လာလေသည်။

ထို့အတူ ယခုနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်၌ တိုးတက်လာသော ကြံစိုက်ကေနှင့်အညီ သကြားစက်ရုံများကိုလည်း တိုးချဲ့တည်ဆောက်ခဲ့သည်။ ယင်းတို့မှာ –

၁။ ဒဟတ်ကုန်းသကြားစက်၊ တပ်ကုန်းမြို့ (မန္တလေးတိုင်း)

၂။ တောင်စဉ်အေးသကြားစက်၊ လယ်ဝေးမြို့ (မန္တလေးတိုင်း)

၃။ မြို့လှသကြားစက်၊ မြို့လှမြို့ (ပဲခူးတိုင်း)

၄။ အုတ်တွင်းသကြားစက်၊ အုတ်တွင်းမြို့ (ပဲခူးတိုင်း)

၅။ ကင်ပွန်းတောင်သကြားစက်၊ တောင်တွင်းကြီးမြို့ (မကွေးတိုင်း)

၆။ ဒုရင်္ဂဗိုလ်သကြားစက်၊ အောင်လံမြို့ (မကွေးတိုင်း)

၇။ ရုံးဆိပ်သကြားစက်၊ အောင်လံမြို့ (မကွေးတိုင်း)

၈။ မြရွာ 'နဝဒေး' သကြားစက်၊ ပြည်မြို့ (ပဲခူးတိုင်း)

၉။ အင်ငါးခွသကြားစက်၊ ပေါက်ခေါင်းမြို့ (ပဲခူးတိုင်း)

၁၀။ ဥက္ကံသကြားစက်၊ တိုက်ကြီးမြို့ (ရန်ကုန်တိုင်း) တို့ ဖြစ်ကြသည်။

အဆိုပါသကြားစက်သစ် (၁၀) ခု၏ တည်ဆောက်ရေးစီမံကိန်းများ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာ ကျပ်သန်း ၁၁၁၇၉ ဒသမ ၅၂၈၁ ဖြစ်လေသည်။ ယခု လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့ကြံလုပ်ငန်း ကြီးကြပ်မှုလက်အောက်၌ သကြားစက်ရုံပေါင်း (၁၅) လုံးရှိသည်။ အဆိုပါ သကြားစက်ရုံ ၁၅ လုံးအတွက် တစ်ရာသီလျှင် ကြိတ်ဝါးရန် ကြံတန်ချိန် ၃၇ သိန်းကျော် လိုအပ်လေသည်။

ထိုကြံတန်ချိန် ၃၇ သိန်းကျော် ထွက်ရှိရေးအတွက် ၂၀၀၁–၂၀၀၂ ခုနှစ်အတွင်း စိုက်ကေ တစ်သိန်းကိုးသောင်းမှ နှစ်သိန်းရှစ်သောင်း နီးပါးအထိ တိုးချဲ့စိုက်ပျိုးရန် စီစဉ်ထားပြီးဖြစ်သည်။

အမှန်တကယ် ကြံတစ်ကေတွင် ကြံသီးနှံ ၂၅ တန်ထွက်ပါက စက်သွင်းကြံတန် ၂၀ ရနိုင်သည်။ အဆိုပါ ကြံတန် ၂၀ ကို စက်မှ ကြိတ်ဝါးလိုက်ပါက အနည်းဆုံး သကြား ၁ ဒသမ ၅ တန် ရရှိနိုင်သည်။ အဆိုပါ သကြားအား ပြည်ပသို့ရောင်းချ မည်ဆိုပါက အမေရိကန်ဒေါ်လာ ၃၇၅ မှ ၄၅၀ ထိ ရရှိနိုင် သည်။ သို့ဖြင့် "ကြံမှသကြား၊ ပြည်စီးပွား" ဟူ၍ မြန်မာ့ကြံ လုပ်ငန်းမှ ချမှတ်ထားသည့် ဆောင်ပုဒ်မှာ လက်တွေ့ကျပြီး နိုင်ငံတော်အတွက် အရေးပါသောဆောင်ပုဒ်ဖြစ်နေလေသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နယ်ပယ်စုံတွင် ပြည်ပပို့ကုန်တိုးမြှင့်ရေးကို အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ တိုးမြှင့်ရာတွင် ၁၉၉၆ ခုနှစ်မှစ၍ သဘာဝအရင်းအမြစ်နှင့် လယ်ယာကို အခြေခံပြီး စက်မှုကုန်ထုတ်လုပ်ငန်းများကို အကောင်အထည်ဖော်ရန်လည်း ပါဝင်သည်။

အဆိုပါစက်မှုကုန်ထုတ်လုပ်ငန်းများမှ ထွက်ကုန်များကို ပြည်ပသို့ ပိုမိုတင်ပို့ရန်ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်တွင် သကြားစက်များသည် အခြေခံကြနေလေသည်။ သို့နှင့် အညီ မြန်မာ့ကြံလုပ်ငန်းမှ သကြားစက်သစ်များ တည်ဆောက်ရေးကို အလေးထားဆောင်ရွက်နေခြင်းလည်း ဖြစ်သည်။

ယခု နိုင်ငံတော်၌ လူတစ်ဦးလျှင် သကြားစားသုံးမှုမှာ ၈ ပေါင်နှုန်းသာရှိရာ ၁၀ ပေါင်နှုန်းထိ စားသုံးနိုင်ပါက ပိုမို ကျန်းမာသန်စွမ်းလာနိုင်သည်။ သို့ဖြင့် ကြံစိုက်ကေများ တိုးချဲ့ခြင်းနှင့် သကြားစက်ရုံများ တိုးချဲ့တည်ဆောက်ခြင်းသည် ပြည်သူများ၏ ကျန်းမာကြံ့ခိုင် ရေးသာမက နိုင်ငံခြားဝင်ငွေ တိုးမြှင့်ရရှိရေးကိုပါ များစွာအထောက်အကူပြုနိုင်လေသည်။

ထို့ကြောင့် ဘက်စုံ၊ ဒေါင့်စုံ၊ နယ်ပယ်စုံ အကျိုးများလှသော မြန်မာ့ကြံလုပ်ငန်းနှင့် သကြားစက်ရုံများ စီမံကိန်းအောင်မြင်ရေးကို ကြံတောင်သူကြီးများ မြန်မာ့ကြံလုပ်ငန်းမှ ဝန်ထမ်းများသာမက ဆက်နွယ်နေသော ဌာနဆိုင်ရာ ဝန်ထမ်းများ ပြည်သူများကလည်း ကျရာအခန်းမှ ပါဝင်ကူညီ ဆောင်ရွက်ရန်မှာ အရေးကြီးလှပေသည်။ ။

ချမ်းငြိမ်းမြင့်

**မြန်မာ့ရိုးရာယဉ်ကျေးမှု၊ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ။** ။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှစ၍ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေး ဦးတည်ချက်များဖြင့် ကျင်းပခဲ့ရာ ၂၀၀၀ ပြည့်နှစ် အထိ ရှစ်ကြိမ်တိုင်တိုင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်။

အဋ္ဌမအကြိမ်သို့ တိုင်ခဲ့ပြီဖြစ်သော အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ အနုပညာခရီးကို ပြန်လည်လေ့လာကြည့်လျှင် တစ်ဆင့်ပြီးတစ်ဆင့် လျှောက်လှမ်း ခဲ့ရကြောင်းကို တွေ့မြင်ရသည်။ ပြိုင်ပွဲဝင်တို့၏ အသက်အရွယ်နှင့် အဆင့်တို့ကို သတ်မှတ်ခဲ့သည်။ အရွယ်မရွေး ယှဉ်ပြိုင်နိုင်ရန် အဆင့်တို့ကို တိုးချဲ့ပေးခဲ့သည်။ ပြိုင်ပွဲဝင်ရန် တူရိယာ၊ စောင်း၊ စန္ဒရား၊ တယော၊ နှဲ၊ ပတ္တလား၊ အိုးစည်၊ ဒိုးပတ်၊ ဆိုင်းဝိုင်းတစ်ဦးချင်း၊ အဖွဲ့လိုက်စသည်ဖြင့် သတ်မှတ်ပေးခဲ့သည်။ မဟာဂီတ၊ ကာလပေါ်တေး၊ ခေတ်ဟောင်းတေး၊ ဓမ္မပူဇာတေးဟူ၍ သီချင်းအမျိုးအစား ခွဲခြားပေးခဲ့သည်။ အက ပြိုင်ပွဲတွင် ရုပ်သေးကြိုးဆွဲထည့်ပေးရာမှ ဇာတ်သဘင် ပြိုင်ပွဲနှင့် ရုပ်သေးသဘင်ပြိုင်ပွဲတို့ တိုးချဲ့ပေးခဲ့သည်။

၁၉၉၃ ခုနှစ် ပထမအကြိမ် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံ ပညာအဆင့်ဟူ၍ အဆင့်သုံးဆင့် သတ်မှတ်သည်။ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ ခွဲခြားကျင်းပပေးသည်။ အဆိုပြိုင်ပွဲနှင့် အတီးပြိုင်ပွဲအတွက် မဟာဂီတသီချင်းများ သတ်မှတ်ပေးခဲ့သည်။ အတီးပြိုင်ပွဲတွင် ပတ္တလား၊ စောင်း၊ ဆိုင်းဝိုင်း၊ နှဲ၊ ပလွေတူရိယာ ၅ မျိုး ကျင်းပပေးသည်။ ပြည်နယ်နှင့်တိုင်းများက ပြိုင်ပွဲဝင်သူ ၂၈၄ ဦးရှိပြီး၊ ဆုပေါင်း ၁၁၈ ဆု ချီးမြှင့်ပေးခဲ့သည်။

၁၉၉၄ ခုနှစ် ဒုတိယအကြိမ် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တို့၏အဆင့်ကို ထပ်မံတိုးချဲ့သည်။ ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ ၁၂ နှစ်အထက်နှင့် အခြေခံပညာ ၁၂ နှစ် အောက် အဆင့်ဟူ၍ အဆင့်ငါးဆင့် သတ်မှတ်သည်။ အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲများ ကျင်းပပေးသည်။ အဆိုပြိုင်ပွဲတွင် မဟာဂီတ၊ ဓမ္မတေး၊ ကာလပေါ်တေး စသည်ဖြင့် သီချင်းကို သုံးမျိုးခွဲ၍ ပြိုင်ပွဲများ ယှဉ်ပြိုင်စေသည်။ ကြိုတင်ပြဌာန်းထားသော သီချင်းများအနက် မဲနှိုက်၍ မဲကျရာတေးကို ယှဉ်ပြိုင်ကြရသည်။ အကပြိုင်ပွဲတွင်လည်း ကြိုတင်ဖြန့်ဝေထားသော အကတီးလုံးများအနက် မဲကျရာ တီးလုံးအတိုင်းအက ယှဉ်ပြိုင်ကြရသည်။ အရေးပြိုင်ပွဲသည် သီချင်းခေါင်းစဉ် မဲနှိုက်ပြီး ကျရာ



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က အကဆုရသူတစ်ဦးအား ဆုချီးမြှင့်စဉ်

ခေါင်းစဉ်အတိုင်း စာသား ရေးသားရသည်။ သံစဉ်ရှာ တီးလုံး တိုက်ပြီး သတ်မှတ်ရက်တွင် ရေးထားသော သီချင်းကို သီဆို ယှဉ်ပြိုင်ကြရသည်။ အတီးပြိုင်ပွဲတွင် နဲကြီး၊ နဲသေး၊ ပတ္တလား၊ စောင်း၊ စန္ဒရား၊ အိုးစည်၊ ဒိုးပတ်၊ ဆိုင်းတစ်ဦးချင်း၊ ဆိုင်းအဖွဲ့ လိုက်စသည်ဖြင့် တူရိယာအမျိုးအစားများ တိုးချဲ့ကျင်းပ ပေးသည်။ ပြိုင်ပွဲဝင်သူ ၁၄၂၇ ဦး ဖြစ်သည်။ ဆုပေါင်း၂၉၅ ဆု ချီးမြှင့်သည်။

၁၉၉၅ ခုနှစ် တတိယအကြိမ် အဆို အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပညာရှင်အဆင့် ရုပ်သေးပြိုင်ပွဲကို ထည့်သွင်းကျင်းပ သည်။ မင်းသားရုပ်၊ မင်းသမီးရုပ်နှင့် ဇော်ဂျီရုပ်အကများ ယှဉ်ပြိုင်ကြရသည်။ အတီးပြိုင်ပွဲတွင် တယောတူရိယာပြိုင်ပွဲ ထပ်မံဖြည့်သွင်း ကျင်းပသည်။ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲ ဝင်သူ ၁၆၇၆ ဦး ဖြစ်သည်။ ချီးမြှင့်သည့်ဆုမှာ ၃၂၅ ဆု ဖြစ်သည်။

၁၉၉၆ ခုနှစ် စတုတ္ထအကြိမ် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် ရုပ်သေး (အမျိုးသား) ပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့် (အမျိုးသမီး) ဆိုင်းတစ်ဦးချင်းနှင့် ဆိုင်း အဖွဲ့လိုက် ပြိုင်ပွဲတို့ကို တိုးချဲ့ ထည့်သွင်းကျင်းပခဲ့သည်။ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်သူဦးရေမှာ ၁၇၅၁ ဦး ဖြစ်သည်။ ဆုပေါင်း ၃၂၃ ဆု ချီးမြှင့်သည်။ ခုနှစ်နှစ်အောက် အထူးဂုဏ်ပြုဆုရ ပြိုင်ပွဲဝင်မှာ စုစုပေါင်း ၁၄ ဦး ဖြစ်သည်။ ဆိုင်းအဖွဲ့လိုက် ကချင်ပြည်နယ်မှ မောင်ငြိမ်းချမ်းဝင်း၊ ငါးနှစ် လေးလမှ ဒိုးပတ်အဖွဲ့လိုက် မန္တလေးတိုင်း ခြောက်နှစ် ၁၀ လ အရွယ်အထိ ပါဝင်သည်။

၁၉၉၇ ခုနှစ် ပဉ္စမအကြိမ် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အဆင့်များ ပြင်ဆင်သတ်မှတ်ခဲ့သည်။ ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ (၁၅ –၂၀ နှစ်) အဆင့်၊ အခြေခံပညာ (၁၀– ၁၅ နှစ်) အဆင့်၊ အခြေခံပညာ (၅ – ၁၀ နှစ်) အဆင့်ဟူ၍ ပြိုင်ပွဲဝင်အဆင့် ခြောက်ဆင့်သတ်မှတ်၍ ပြိုင်ပွဲများ ကျင်းပ ပေးခဲ့သည်။ ရုပ်သေးပြိုင်ပွဲတွင် ပညာရှင်အဆင့် အမျိုးသား အမျိုးသမီးပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် အမျိုးသား အမျိုးသမီး ပြိုင်ပွဲများကျင်းပခဲ့သည်။ မင်းသားရုပ်၊ မင်းသမီးရုပ်၊ ဇော်ဂျီရုပ်၊ ဘီလူးရုပ်၊ ရုပ်သေးရုပ်များ ယှဉ်ပြိုင်ကြသည်။ ဇာတ်သဘင် ပြိုင်ပွဲကို ကျင်းပရာ သုဝဏ္ဏသျှံဇာတ်တော်ကို ယှဉ်ပြိုင်ချိန် တစ်နာရီခွဲဖြင့် သတ်မှတ်ထားသည်။ ပြည်နယ်နှင့်တိုင်းများက ဇာတ်အဖွဲ့ကိုးဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ရန်ကုန်တိုင်းမှ နန်းဝင်းနှင့်အဖွဲ့က ပထမ၊ မန္တလေးတိုင်းမှ မန္တလေး သိန်းဇော်နှင့်အဖွဲ့က ဒုတိယ၊ မကွေးတိုင်းမှ ပုလဲစိန်နှင့် အဖွဲ့က တတိယ ရရှိကြသည်။ ပြိုင်ပွဲဝင် ၂၁၄၆ ဦး ဖြစ်သည်။ ဆုပေါင်း ၄၁၂ ဆု ချီးမြှင့်သည်။

၁၉၉၈ ခုနှစ် ဆဋ္ဌမအကြိမ် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၊ အကပြိုင်ပွဲတွင် ပညာရှင်အဆင့်၌ မိမိနှစ်သက်ရာ မြန်မာဆန်ဆန်တေးကို မိမိ၏ ဆိုင်းဝိုင်းဖြင့် ဆို၊ ငို၊ ပြော၊ သီဆို ကပြ ယှဉ်ပြိုင်ရန် ခွင့်ပြုခဲ့သည်။ မြန်မာ ဇာတ်မင်းသား မင်းသမီး တို့၏ ဂီတနယ်ပယ် ကျွမ်းကျင်မှုကို ပြသခွင့် ရရှိခဲ့သည်။ ဆို ပြော၊ ငိုပြော၊ သီချင်းသီဆိုရင်းပြောသည့် မင်းသား မင်းသမီး၏ ပညာကုန်ကို ပြသနိုင်ခွင့်ရှိခဲ့သည်။

သုံးနာရီကြာ ကပြတင်ဆက်ရသော ရာမာယဏ ဇာတ်တော်ကြီးကို ပြည်နယ်နှင့်တိုင်းများက ဇာတ်ကိုးဖွဲ့ ပါဝင် ယှဉ်ပြိုင်ကြသည်။ ဤအကြိမ်မှစ၍ ရုပ်စုံအမြင့် သဘင်ပြိုင်ပွဲကို ကျင်းပပေးခဲ့သည်။ တစ်နာရီခွဲကြာ ယှဉ်ပြိုင်ခွင့်ပြုသော ဝိဓူရဇာတ်တော် ရုပ်စုံသဘင်မှာ ပြည်သူများကို အလွန်စွဲမက်စေသည်။ အမျိုးသားဇာတ်ရုံ ဇာတ်ခုံပေါ်တွင် ရုပ်သေးစင် ပြင်ဆင်၍ ကြိုးဆွဲကပြ ယှဉ်ပြိုင်ရာ မျိုးဆက်သစ်လူငယ်များအဖို့ အထူးအဆန်း တအံ့တသြ ဖြစ်ကြသည်။ ရုပ်စုံသဘင် အဖွဲ့ ခြောက်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ဇာတ်သဘင်ပြိုင်ပွဲ တွင် ပထမ ရန်ကုန်တိုင်း၊ သဟာယဒါန နန်းတွင်းရာမအဖွဲ့၊ ဒုတိယ

ရောဝတီတိုင်း ဖျာပုံနန်းတွင်း မြန်မာရာမာယဏအဖွဲ့၊ တတိယ မကွေးတိုင်း တိုင်းချစ်တင်ငွေ ရာမာယဏအဖွဲ့တို့ ဆုများ ရရှိကြသည်။ ရုပ်စုံသဘင်ပြိုင်ပွဲတွင် ပထမ ရန်ကုန်တိုင်း ရတနာမြိုင်ရုပ်စုံအဖွဲ့၊ ဒုတိယ မန္တလေး ဒေါ်မမနိုင်ရုပ်စုံအဖွဲ့၊ တတိယ ရန်ကုန်တိုင်း မင်္ဂလာရွှေမောင်း ရုပ်စုံအဖွဲ့တို့က ဆုရရှိကြသည်။ ဆဋ္ဌမအကြိမ်တွင် ပြိုင်ပွဲဝင်သူ ၂၅၇၂ ဦး ရှိပြီး ဆု ၄၁၉ ဆု ချီးမြှင့်ပေးသည်။

၁၉၉၉ ခုနှစ် သတ္တမအကြိမ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ယှဉ်ပြိုင်သူအဆင့်၊ ပြိုင်ပွဲအမျိုးအစားနှင့် တူရိယာအမျိုးအစားအားလုံးကို ဆဋ္ဌမအကြိမ်အတိုင်း သတ်မှတ်သည်။ ဇာတ်သဘင်ပြိုင်ပွဲတွင် ရာမာယဏဇာတ်တော်နှင့် ရုပ်စုံသဘင်ပြိုင်ပွဲတွင် သောတ္တိသေနသမ္ဘူလ ဇာတ်တော်တို့ ယှဉ်ပြိုင်ကြရသည်။ ဇာတ်အဖွဲ့ ရှစ်ဖွဲ့နှင့် ရုပ်စုံအဖွဲ့ ခုနစ်ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြရသည်။ ဇာတ်တော်ပြိုင်ပွဲတွင် ပထမ ရန်ကုန်တိုင်း ဆိုဗီယက်ပြန် ဦးလှမိုး နန်းတွင်းရေကျော် ရာမာ ယဏအဖွဲ့၊ ဒုတိယ ရန်ကုန်တိုင်း ဦးဘိုနီ ရာမာယဏ ဇာတ်တော် ကြီးအဖွဲ့၊ တတိယ ရောဝတီတိုင်း ဖျာပုံနန်းတွင်း မြန်မာရာမာ ယဏအဖွဲ့နှင့် တတိယ မန္တလေးတိုင်း ရတနာပုံ နန်းတွင်း ရာမာယဏအဖွဲ့တို့ ဆုရရှိကြသည်။

ရုပ်စုံသဘင်ပြိုင်ပွဲတွင် ပထမ မွန်ပြည်နယ် ရွှေမြိုင် ဦးတင်မောင်နှင့်အဖွဲ့၊ ဒုတိယ ရောဝတီတိုင်း ဦးစိုးမြင့်နှင့်အဖွဲ့၊ တတိယ မန္တလေးတိုင်းဒေါ်မမနိုင်နှင့်အဖွဲ့တို့ ဆုရရှိကြသည်။ သတ္တမအကြိမ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်သူ ၂၅၂၄ ဦး ရှိပြီး ဆု ၄၂၀ ချီးမြှင့်သည်။ သတ္တမအကြိမ်ပြိုင်ပွဲတွင် အငယ်ဆုံး



အဋ္ဌမအကြိမ် မြန်မာ့ရိုးရာ အဆိုအကအရေးအတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားမြင်ကွင်း

သုံးနှစ်သုံးလအရွယ် မောင်ထက်အာကာမှ အသက်အကြီးဆုံး ၈၂ နှစ်အရွယ် တယောပြိုင်ပွဲဝင် ဦးဘရှင်အထိ ပါဝင်ယှဉ်ပြိုင်ကြသည်ကို တွေ့မြင်ရသည်။

၂၀၀၀ ပြည့်နှစ်၊ အဋ္ဌမအကြိမ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ယှဉ်ပြိုင်သူအဆင့်၊ ပြိုင်ပွဲအမျိုးအစားနှင့်



အဋ္ဌမအကြိမ်မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှု

တူရိယာ အမျိုးအစားအားလုံးကို သတ္တမအကြိမ်အတိုင်း သတ်မှတ်သည်။ ထူးခြားချက်မှာ အမျိုးသမီးဆိုင်းဝိုင်းအဖွဲ့လိုက် ပြိုင်ပွဲတွင် ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့်၊ အဆင့်မြင့်ပညာ အဆင့်၊ အခြေခံပညာ (၁၅–၂၀) နှစ်အဆင့်၊ အခြေခံပညာ (၁၀–၁၅) နှစ်အဆင့်၊ အခြေခံပညာ (၅–၁၀) နှစ်အဆင့် တို့ကို တိုးချဲ့သတ်မှတ် ပြိုင်ပွဲကျင်းပပေးသည်။ ပညာရှင် အဆင့် ဇာတ်သဘင်ပြိုင်ပွဲတွင် ဥမင်္ဂဇာတ် (ခေါ်) မဟော်သဓာ ဇာတ်တော်နှင့် အမြင့်သဘင်ရုပ်စုံပြိုင်ပွဲတွင် ဆဒ္ဒန်ဆင်မင်း ဇာတ်တော်တို့ကို ယှဉ်ပြိုင်ကြရသည်။ ဇာတ်အဖွဲ့ခုနစ်ဖွဲ့နှင့် ရုပ်စုံသဘင်အဖွဲ့ ခုနစ်ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ဇာတ် သဘင်ပြိုင်ပွဲတွင် ပထမ ရန်ကုန်တိုင်းအဖွဲ့ (၁) ချမ်းသာဇာတ် အဖွဲ့၊ ဒုတိယ ရန်ကုန်တိုင်းအဖွဲ့ (၂) ပန်တျာတင်မိုးဝင်း ဇာတ်အဖွဲ့၊ တတိယ စစ်ကိုင်းတိုင်း ပန်တျာမြကြည်ဇာတ် အဖွဲ့တို့ ဆုရရှိကြသည်။

တစ်ဦးချင်းအကောင်းဆုံး ထူးချွန်ဆုအဖြစ် ကလေး ဇာတ်ဆောင်ဆု မောင်ဝေဖြိုးသူ (မကွေးတိုင်း)၊ မဟော်သဓာ (မင်းသား) မောင်ချမ်းသာ (ရန်ကုန်တိုင်း) (၁)၊ အမရာ (မင်းသမီး) ခိုင်သဇင်သင်း (ရန်ကုန်တိုင်း)၊ စူဠဏီဗြဟ္မဒတ် (မင်းသားကြီး) ပန်တျာကြည်လင် (ရန်ကုန်တိုင်း–၁)၊ ကေဝဋ္ဋ (လူကြမ်း) ဦးအောင်မြင့် (ရန်ကုန်တိုင်း–၁)၊ ဇာတ်ပို့ (ဆိုင်း) သီရိမောင်မောင်နှင့်အဖွဲ့ (ရန်ကုန်တိုင်း–၁)၊ ဇာတ် ညွှန်း (စာသား) နေပြည်တော်ဦးတင်ဝင်း (ရန်ကုန်တိုင်း၂) တို့က ရရှိကြသည်။

ရုပ်သေးသဘင်ပြိုင်ပွဲတွင် ပထမ ရန်ကုန်တိုင်းအဖွဲ့–၁ ရုပ်စုံအဖွဲ့၊ ဒုတိယ ရန်ကုန်တိုင်းအဖွဲ့ –၂ ရုပ်စုံအဖွဲ့၊ တတိယ မွန်ပြည်နယ်ရုပ်စုံအဖွဲ့နှင့် တတိယ မန္တလေးတိုင်း ရုပ်စုံအဖွဲ့တို့ ဆုရရှိကြသည်။ ကြိုးဆွဲ အကောင်းဆုံးဆုကို ရန်ကုန်တိုင်း အဖွဲ့ (၁)၊ စိန်အေးမြင့် (ခေါ်) တရုတ်လေးနှင့်အဖွဲ့၊ ဆိုဂိုပြော အကောင်းဆုံးဆုကို ရန်ကုန်တိုင်း မြို့တော်အောင်ကြည်သန်း နှင့်အဖွဲ့၊ ဆိုင်း အကောင်းဆုံးဆုကို ရန်ကုန်တိုင်းအဖွဲ့ (၁) ပုဏ္ဏားပြန်သန့်ဇော်နှင့်အဖွဲ့တို့ ရရှိကြပါသည်။

အဋ္ဌမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူဦးရေ ၂၅၄၂ ဦး ဖြစ်ပြီး၊ ချီးမြှင့်သည့် ဆုအရေအတွက်မှာ ၄၄၂ ဖြစ်သည်။ ဆုတန်ဖိုးမှာ ကျပ် ၁၈၃ သိန်းကျော် ဖြစ်သည်။

အဋ္ဌမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ရည်ရွယ်ချက် (၆) ရပ်မှာ အောက်ပါ အတိုင်းဖြစ်သည် –

(၁) မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ် ဓာတ်နှင့်ဇာတိသွေး၊ ဇာတိမာန် ထက်မြက် မြင့်မားရေး၊

(၂) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရေး၊

(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာ ယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက် ထွန်းကား ပြန့်ပွားရေး၊

(၄) မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာ များ ထိန်းသိမ်းရေး၊

(၅) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက် မှု ဖြစ်ထွန်းရေး၊

(၆) တိုင်းတစ်ပါး ယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ် တားဆီးရေး၊

အဋ္ဌမအကြိမ်အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသော ပြည်နယ်နှင့်တိုင်းများ၏ ဆုရရှိမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်။

| စဉ် | ပြည်နယ်/တိုင်း | ရွှေ | ငွေ | ကြေး | အထူးဆု | ပေါင်း |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်း | ၈၀ | ၅၈ | ၄၁ | ၄ | ၁၈၃ |
| ၂ | မန္တလေးတိုင်း | ၂၈ | ၃၆ | ၃၇ | – | ၁၀၁ |
| ၃ | ရောဝတီတိုင်း | ၁၀ | ၁၀ | ၁၁ | – | ၃၁ |
| ၄ | စစ်ကိုင်းတိုင်း | ၅ | ၈ | ၈ | – | ၂၁ |
| ၅ | မကွေးတိုင်း | ၅ | ၄ | ၃ | – | ၁၂ |
| ၆ | ရခိုင်ပြည်နယ် | ၄ | ၄ | ၉ | ၁ | ၁၈ |
| ၇ | ပဲခူးတိုင်း | ၃ | ၆ | ၇ | – | ၁၆ |
| ၈ | ကချင်ပြည်နယ် | ၃ | ၁ | ၃ | ၂ | ၉ |
| ၉ | ကယားပြည်နယ် | ၃ | ၁ | ၂ | ၂ | ၈ |
| ၁၀ | မွန်ပြည်နယ် | ၂ | ၃ | ၉ | ၁ | ၁၅ |
| ၁၁ | တနင်္သာရီတိုင်း | ၁ | ၂ | ၆ | ၂ | ၁၁ |
| ၁၂ | ရှမ်းပြည်နယ် | – | ၅ | ၅ | – | ၁၀ |
| ၁၃ | ကရင်ပြည်နယ် | – | ၂ | – | ၂ | ၄ |
| ၁၄ | ချင်းပြည်နယ် | – | – | ၁ | ၂ | ၃ |
| စုစုပေါင်း | | ၁၄၄ | ၁၄၀ | ၁၄၂ | ၁၆ | ၄၄၂ |

သီသီအေး (ပြန်/ဆက်)

**မြန်မာ့ရုပ်ရှင်ထူးချွန်ဆု။** ။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ၁၉၉၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ချီးမြှင့်သည့် အခမ်းအနားကို ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့ သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ (၁) ၌ ကျင်းပသည်။ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့ တက်ရောက်ချီးမြှင့်ကြပြီး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က အမှာစကားပြောကြားကာ ၁၉၉၉ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသူများအား ရွှေစင်ရုပ်များနှင့် နင်းနင်းခိုင် ကုမ္ပဏီလီမိတက် ဂရုဖ် (Ve Ve) ကချီးမြှင့်သည့် ငွေကျပ်တစ်သိန်းစီကို ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်သန်းနှင့် ဇနီး၊ အစိုးရအဖွဲ့၊ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအမှုဆောင်များ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးတို့မှ အမှုဆောင်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိပြီးသူ ရုပ်ရှင်အနုပညာရှင်များ၊ ၁၉၉၉ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကား ၁၉ ကားမှ ရုပ်ရှင်သရုပ်ဆောင်များနှင့် အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ထုတ်လုပ်သူများ၊ အထူးဖိတ်ကြားထားသူများနှင့် ရုပ်ရှင်မြတ်နိုးသူ ပရိသတ်များ တက်ရောက်ကြသည်။

မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့သည် နိုင်ငံတော်မှ ချမှတ်ပေးသည့် ရုပ်ရှင်ထူးချွန်ဆု ရွေးချယ်ရေးဆိုင်ရာ မူဝါဒ ခုနစ်ချက်နှင့်အညီ ရွေးချယ်စိစစ်ပြီး ဆုများချီးမြှင့်ခဲ့သည်မှာ ဆုပေါင်း ၂၂၈ ဆု ချီးမြှင့်ခဲ့ပြီးဖြစ်သည်။ ယင်းဆုများမှာ ဇာတ်ကားဆု ၃၀ ဆု၊ ဒါရိုက်တာဆု ၂၉ ဆု၊ အမျိုးသားဇာတ်ဆောင်ဆု ၂၉ ဆု၊ အမျိုးသမီးဇာတ် ဆောင်ဆု ၄၀ ဆု၊ အမျိုးသားဇာတ်ပို့ဆု ၂၅ ဆု၊ အမျိုးသမီး ဇာတ်ပို့ဆု ၂၈ ဆု၊ ရုပ်ရှင်ဓာတ်ပုံဆု ၃၃ ဆု၊ ရုပ်ရှင်တေးဂီတ ဆု ၅ ဆု၊ ရုပ်ရှင်အသံဆု ၂ ဆု၊ ရုပ်ရှင်ဇာတ်ညွှန်းဆု ၃ ဆု၊ ရုပ်ရှင်တည်းဖြတ်ဆု ၁ ဆုနှင့် အထူးဆု ၃ ဆု တို့ ဖြစ်ကြသည်။





၁၉၉၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရကြသော အနုပညာရှင်များ အကယ်ဒမီဆုယူအပြီး တွေ့ရစဉ်

၁၉၉၈ ခုနှစ်မှာ မြန်မာရုပ်ရှင်ဇာတ်ကားပေါင်း ၁၅ ကား ရှိခဲ့သည်။ ၁၉၉၉ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်ပေးနိုင်ရန် အကျုံးဝင်သည့် ရုံတင်ပြသပြီး ဇာတ်ကားများမှာ နှောင်းတမြေ့မြေ့၊ အဖေ့နေရာ၊ မချစ်ဖူးတဲ့ အချစ်ရူး၊ ရယ်လိုက်ရအောင်၊ အိုအေစစ်လို အချစ်မျိုး၊ ရင်ထဲက ဆောင်းရာသီ၊ မြူနှင်းတို့ ထာဝရဝေ၊ ချစ်လိုက်တော့ ဝမ်းတူးသရီး၊ သံယောဇဉ် ယဉ်စွန်းတန်း၊ အတွေ့၊ ဘယ်က လာတဲ့ အချစ်လဲ၊ အချစ်အိမ်ကလေး၊ တောင်တန်းနှင့်တူ သောယောကျ်ားများ၊ နှောင်ထုံးဖွဲ့မေတ္တာ၊ နှလုံးသား လျှို့ဝှက်ခန်း၊ ချစ်နှင်းဝေဝေ၊ အပြုံးရောင်အတ္တ၊ နှစ်ယောက်တစ်အိပ်မက်၊ ချစ်အဏ္ဏဝါစသည့် ဇာတ်ကား များဖြစ်ကြသည်။ ယင်းဇာတ်ကားများထဲမှ ၁၉၉၉ ခုနှစ် အတွက် အကောင်းဆုံး ရုပ်ရှင် အကယ်ဒမီထူးချွန် ဆုများကို ဓမ္မဝိဗ္ဗာန်ကျကျ တရားမျှတမှန်ကန်စွာ စိစစ်ရွေး ချယ်ခဲ့သည်။

၁၉၉၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသော ဆုအမျိုးအစားများမှာ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု၊ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု၊ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု၊ အကောင်းဆုံး ဒါရိုက်တာဆု၊ အကောင်းဆုံး ကလေးသရုပ်ဆောင် အထူးဆုနှင့် အကောင်း ဆုံး ဇာတ်ကားဆုများ ဖြစ်ကြသည်။ ရုပ်ရှင်ဇာတ်ပုံဆု၊ ရုပ်ရှင် တေးဂီတဆု၊ ရုပ်ရှင်အသံဆု၊ ရုပ်ရှင် ဇာတ်ညွှန်းဆုနှင့် ရုပ်ရှင် တည်းဖြတ်ဆုများ ရရှိခြင်းမရှိပေ။

**မြန်မာ့လည်ဆွဲတန်ဆာ (ပုတီး) ပြပွဲ။** ။ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ မြန်မာ့လည်ဆွဲတန်ဆာ (ပုတီး) ပြပွဲကို ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှ စက်တင်ဘာလ ၁၈ ရက် နေ့အထိ ရန်ကုန်မြို့၊ ပြည်လမ်းရှိ အမျိုးသားပြတိုက်တွင် ပြသသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်လည်ဆွဲ တန်ဆာ လက်ရာအမျိုးမျိုးကို မြင်တွေ့ကြရာမှ မိမိ ယဉ်ကျေးမှုကို ဂုဏ်ယူမြတ်နိုး ထိန်းသိမ်းလိုသော စိတ်ဓာတ် များ ရှင်သန်တိုးပွားစေပြီး မျိုးချစ်စိတ်ဓာတ် မြင့်မားစေရန် ဟူသော ဦးတည်ချက်ဖြင့် မြန်မာ့လည်ဆွဲတန်ဆာ (ပုတီး) ပြပွဲကို ကျင်းပခြင်းဖြစ်သည်။

ပြပွဲဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၈ ရက်နေ့၌ အမျိုးသားပြတိုက်၊ ဘက်စုံခန်းမတွင် ကျင်းပရာ နိုင်ငံတော်



ပျူခေတ်လက်ရာပုတီး



ချင်းတိုင်းရင်းသားရိုးရာပုတီးများ



မျက်မှောက်ခေတ် ပုလဲပုတီးများ

မြန်မာ့လည်ဆွဲ တန်ဆာ

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၃) ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့် တက်ရောက်ဖွင့်လှစ်ပေးပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဦးဝင်းစိန်က အဖွင့်အမှာစကားပြောကြားသည်။

မြန်မာ့လည်ဆွဲတန်ဆာ (ပုတီး) ပြပွဲတွင် နွားထိုးကြီးမြို့နယ်၊ ဘုရားကြီးကျေးရွာ ဒေသခံများက အင်ကြင်းကျောက်မှ ပုတီးလက်တွေ့ ထုတ်လုပ်ပုံကို လုပ်ငန်းစဉ်အဆင့်ကိုးဆင့်ဖြင့် ပျူခေတ်လက်ရာများအတိုင်း ပျူပုတီးလက်ဆင့်ကမ်း အမွေအဖြစ်ထုတ်လုပ်ပြသ၍ ဗီဒီယိုဖြင့်လည်း ပြသပေးသည်။

တောင်သာမြို့နယ်၊ အင်းတဲရွာအနီး တူးဖော်ရရှိသော ကျောက်ခေတ်သစ်နှင့် ကြေးခေတ်အကူးကာလ ကျောက်ပုတီးစေ့၊ အရိုးပုတီးစေ့၊ မြေပုတီးစေ့နှင့် ခရုပုတီးများ၊ ဘုတလင်မြို့နယ်၊ ညောင်ကန်ဒေသမှ ကြေးခေတ်လက်နက်နှင့် ပုတီးစေ့များ၊ ကျောက်ခေတ်ကာလ ကျောက်ပုတီးစေ့၊ ခရုပုတီးနှင့် မြေပုတီးများ၊ ကြေးခေတ်ကာလ ကျောက်ပုတီးတောင့်ရှည် ပုတီးကုံးများ၊ ပျူခေတ် (အေဒီ ၁ ရာစုမှ ၉ ရာစု) ကာလ ရွှေပုတီးစေ့၊ သဘာဝတွင်းထွက် ကျောက်ပုတီးစေ့အမျိုးမျိုး၊ ဆင်၊ ကျား၊ လိပ် စသော သတ္တဝါအမျိုးမျိုးပုံ ပုတီးစေ့များနှင့် အရိုးပုတီးများကို ပြသထားသည်။

ထို့ပြင် ပုဂံခေတ် (အေဒီ ၁၀ ရာစုမှ ၁၂ ရာစု) မြေပုတီးစေ့များ၊ ခရမ်းဆွဲနှင့် သလင်းပုတီးစေ့များ၊ ကျောက်ရောင်စုံပုတီးစေ့များ၊ မျက်မှောက်ခေတ် ရောင်စုံကျောက်ပုတီးအမျိုးမျိုး၊ ပုလဲပုတီးများ၊ ပလတ်စတစ်၊ သစ်သား၊ သစ်စေ့၊ သစ်ရွက်၊ သစ်သီး၊ ဝါး၊ ကြိမ်၊ ချည်၊ ခရု၊ ကနကမာ၊ သန္တာ၊ တိရစ္ဆာန်အစွယ်၊ အရိုး စသည်တို့ဖြင့် ပြုလုပ်ထားသော ပုတီးအမျိုးမျိုးလည်း ပြပွဲခင်းကျင်းပြသရာတွင် ပါဝင်သည်။

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာပုတီးများကို ပြသထားသည့်အပြင် မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာတစ်ရပ်ဖြစ်သော မြန်မာ့ပုတီးသမိုင်းကြောင်းအဆင့်ဆင့်ကို ပုတီးမျိုးစုံဖြင့် ခံ့ညားထည်ဝါစွာ ခင်းကျင်းပြသထားသည်။ စိတ်ဝင်စားဖွယ်ရာ ပျူပုတီးလည်းပါဝင်သည်။

ပြပွဲတွင် ပြသထားသည့် မြန်မာ့လည်ဆွဲတန်ဆာ (ပုတီး) များသည် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှု၊ မြန်မာ့ဆင်ယင်ထုံးဖွဲ့မှု၏ သမိုင်းကြောင်းအဆင့်ဆင့်ကို ဖော်ညွှန်းနေပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ကျော်ကတည်းက မြန်မာတို့၏ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားကြောင်း ညွှန်ပြလျက်ရှိသည်။



**ယူနိက်တက်ကင်းဒမ်းနိုင်ငံ။** ။ လန်ဒန်မြို့သည် ဥရောပသမဂ္ဂအတွင်း၌ အကုန်အကျစရိတ်စက အများဆုံး ဖြစ်လာပြီး ကမ္ဘာတွင် သတ္တမမြောက် အကုန်အကျအများဆုံးမြို့ ဖြစ်လာ သည်ဟု ဇန်နဝါရီလဆန်းက ထုတ်ပြန်သော နိုင်ငံတကာ ဆိုင်ရာ သုတေသနပြုချက်တွင် ဖော်ပြထားသည်။ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလအတွင်း၌ လန်ဒန်မြို့သည် ကမ္ဘာတွင် ကုန်ကျစရိတ် အကြီးမားဆုံး ထိပ်တန်း ၁၀ နိုင်ငံ စာရင်းဝင် ပထမဆုံး ဖြစ်လာခဲ့သည်။ အဆင့် ၉ နေရာမှ အဆင့် ၇ နေရာသို့ ၁၉၉၉ ခုနှစ်က တက်လာခဲ့ရာ အဓိကအချက်မှာ စတာလင် ပေါင်ငွေ ခိုင်မာခြင်းနှင့် ယူရိုငွေကြေး အားပျော့ခြင်းတို့ ဆက်နွှယ်နေမှုကြောင့် ဖြစ်သည်ဟု ဆိုသည်။ လန်ဒန်မြို့တွင် နေထိုင်မှုစရိတ်စက မြင့်မားလာခြင်းသည် မြို့တော်၏ စီးပွားရေးအလားအလာကို ဖျက်ဆီးလျက် ရှိသည်ဟု ဗြိတိသျှ စီးပွားရေး လုပ်ငန်းရှင်များကစိုးရိမ် ပူပန်ခဲ့ကြသည်ဟု ဆိုသည်။

ကမ္ဘာပေါ်တွင် ဗြိတိသျှနိုင်ငံရှိ ဆေးရုံများမှာ ကျန်းမာရေးနှင့် ပြည့်စုံသော သန့်ရှင်းသည့် နေရာမဟုတ်တော့ကြောင်း အမျိုးသားစာရင်းစစ်ရုံး၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဗြိတိသျှဆေးရုံများ သန့်ရှင်းမှုမရှိသဖြင့် နှစ်စဉ်လူပေါင်း ၅၀၀၀ ခန့်မှာ ကူးစက်ရောဂါဖြင့် သေဆုံးနေရပြီး ပေါင်စတာလင် တစ်ဘီလျံခန့် ဆုံးရှုံးနေရသည်ဟု အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

အိုင်အာရ်အေလက်နက်မစွန့် – မြောက်ပိုင်း အိုင်ယာလန် ငြိမ်းချမ်းရေးအတွက် ၁၉၉၈ ခုနှစ်တွင် ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက် မြောက်ပိုင်းအိုင်ယာလန်ဒေသတွင် ငြိမ်းချမ်းရေးထွန်းလင်းတောက်ပလာတော့မည်ဟု မျှော်လင့်ချက်များပေါ် ထွန်းလာခဲ့ရသည်။ သို့ရာတွင် အဆိုပါ သဘောတူညီချက်တွင် အဓိကပါရှိသော မြောက်ပိုင်းအိုင်ယာလန် မှ အိုင်းရစ်ရီပတ်ပလီကင် တပ်မတော် (အိုင်အာအေ) တို့၏ လက်နက်စွန့်လွှတ်ရေးကိစ္စမှာ ယခုတိုင် မပြေလည်သေးဘဲ ရှိနေသည်။ အိုင်အာအေတို့က လက်နက်စွန့်လွှတ်ရန် ငြင်းဆန် နေသည့်အတွက် ဗြိတိန်နိုင်ငံက မြောက်ပိုင်းအိုင်ယာလန်တွင် ဒီဇင်ဘာလက ဖွဲ့စည်းထူထောင်ခဲ့သည့် အာဏာခွဲယူရေး အုပ်ချုပ်မှုအဖွဲ့၏ လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းပစ်ခဲ့သည်။

အိုင်အာအေက လက်နက်စတင် စွန့်လွှတ်ရန် သဘောတူညီရလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက အိုင်အာအေအား အလျှော့ပေးသော ကမ်းလှမ်းချက်များအရ အိုင်အာအေတို့၏ လက်နက်

စွန့်လွှတ်မှုကို ယခု နှစ်ကုန်အထိ ရွှေ့ဆိုင်းပေးမည်ဖြစ်သည်။ မူလက ငြိမ်းချမ်းရေး သဘောတူစာချုပ်အရ အိုင်အာအေတို့ လက်နက်စွန့်ရမည့် နောက်ဆုံးသတ်မှတ်ချိန်မှာ ၂၀၀၀ ပြည့်နှစ် မေလဖြစ်သည်။ ထို့အပြင် အိုင်အာအေတို့ လက်နက်စွန့်လွှတ်မှုနှင့် တစ်ပြိုင်တည်း ဗြိတိန်တပ်သားများကို မြောက်ပိုင်း အိုင်ယာလန်မှ ရုပ်သိမ်း ပေးမည်။ သို့ရာတွင် ယင်းအချက်နှစ်ရပ် ဆက်စပ်ရေးကိုမူ တရားဝင်ပြောဆိုခြင်း မရှိပေ၊ နောက်ထပ်ကမ်းလှမ်းချက် တစ်ခုမှာ အိုင်အာအေတို့က လက်နက်စွန့်လွှတ်ကြောင်းကြေညာလျှင် ဗြိတိန်နိုင်ငံကလည်း ငြိမ်းချမ်းရေးသဘောတူညီချက် အကောင်အထည်ဖော်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များကို ကြေညာမည်ဖြစ်သည်။

တိုနီဘလဲက ယင်းကဲ့သို့ ကမ်းလှမ်းခဲ့သော်လည်း အိုင်အာအေတို့ဘက်က လက်နက်စွန့်ရန် တစ်စုံတစ်ရာ တုံ့ပြန်ခြင်းမရှိသည့်အတွက် ဗြိတိန်နိုင်ငံ၏ မြောက်ပိုင်း အိုင်အာလန်ရေးရာ ဝန်ကြီးပီတာမင်ဒယ်လ်ဆင်က မြောက်ပိုင်း အိုင်ယာလန် အာဏာမျှဝေခွဲယူရေး အုပ်ချုပ်မှုအဖွဲ့ကို ရပ်ဆိုင်းပစ်ရမည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။ မင်ဒယ်လ်ဆင်နှင့် အိုင်ယာလန်သမ္မတ မေရီမက်အလီဆီနှင့် အတူ မြောက်ပိုင်းအိုင်ယာလန်ရှိ မြောက်ပိုင်းဘဲလ်ဖက်ကို မကြာမီက အလည်အပတ်ရောက်ရှိခဲ့သည်။

အိုင်အာအေတို့က လက်နက်စွန့်လွှတ်ရန် ငြင်းဆန်နေသည့်အတွက် မြောက်ပိုင်း အိုင်ယာလန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင်မပြေသည့်ကြားကပင် ဖေဖော်ဝါရီလ ၂၅ ရက်နေ့ နံနက် ၃ နာရီခန့်တွင် ဗြိတိန်တပ်သားများ စခန်းချထားရာ မြောက်ပိုင်းအိုင်ယာလန် လန်ဒန်ဒါရီဒေသရှိ စစ်တန်းလျားတစ်ခုအား ဗုံးဖြင့်ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ ဗုံးပေါက်ခွဲချိန်တွင် ဗြိတိန်တပ်သားများ အိပ်ပျော်နေချိန်ဖြစ်၍ တစ်ဦးတစ်ယောက်မျှ သေကျေဒဏ်ရာရရှိမှု မရှိပေ။

မြောက်ပိုင်း အိုင်ယာလန်ဒေသတွင် အိုင်အာအေအပါအဝင် အဓိကပြောက်ကျားအုပ်စုများက အပစ်အခတ်ရပ်စဲထားကြ သော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆန့်ကျင်နေဆဲရှိသည့် သင်းကွဲပြောက်ကျားအုပ်စုငယ်ကလေးများက အန္တရာယ် ပေးနေဆဲဖြစ်သည်။ ယခင်က ဗြိတိန်စစ်စခန်းများအား ဗုံးပေါက်ခွဲမှုကို ရီပတ်ပလီကင်အုပ်စုများက လုပ်လေ့လုပ်ထ ရှိသည်။ ဗြိတိန်စစ်စခန်းများအား တိုက်ခိုက်သည့်ဗုံးကို ချိန်ကိုက်ကိရိယာဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့သည် ပေါက်ကွဲစေတတ်သောပစ္စည်းများထည့်ထားသည့် ဓာတ်ငွေ့ဆလင်ဒါသုံးခုကိုလည်း ရှာဖွေတွေ့ရှိရာ ဗြိတိန်ကြည်းတပ်မှ ဗုံးရှင်းလင်းရေး ကျွမ်းကျင်သူတစ်ဦးက ဖယ်ရှားပစ်ခဲ့သည်။

ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့က ဗြိတိန်ကြည်းတပ် အခြေစိုက်စခန်းအနီးရှိ ဘုရားရှိခိုးကျောင်း၏ မြေအောက်ခန်းများကို ရှာဖွေခဲ့ကြသည်။ ဗြိတိန်လိုလားသော ဒီမို ကရက်တစ် ယူနီယံနစ်ပါတီမှ လုံခြုံရေးဆိုင်ရာ ပြောခွင့်ရပုဂ္ဂိုလ် ဂရီဂိုရီကမ်ဘယ်က ဗုံးဖြင့်တိုက်ခိုက်သူများသည် ဘုရားကျောင်းဝင်းကိုဖြတ်၍ အခြေစိုက်စခန်းတွင်းသို့ ဝင်ရောက်ပုံရသည်ဟုပြောသည်။ ဗြိတိန်စစ်တန်းလျားများအား ဗုံးဖြင့်တိုက်ခိုက်ခြင်းမှာ မိမိတို့၏လက်ချက်ဖြစ်သည်ဟု ရီပတ်ပလီကင် သင်းကွဲအုပ်စု အိုင်အာအေ ဆက်လက်ရှင်သန်ရေးက ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ မည်သို့ဖြစ်စေ မြောက်ပိုင်းအိုင်ယာလန် ငြိမ်းချမ်းရေးကို ကမကထပြု ကြိုးပမ်းနေသော ဗြိတိန်နှင့်အိုင်ယာလန်နိုင်ငံတို့ကမူ အိုင်အာအေတို့ လက်နက်စွန့်လွှတ်ရေးကို ငြင်းဆန်နေစေကာမူ ငြိမ်းချမ်းရေး လမ်းကြောင်းအတိုင်း ဆက်လက် လျှောက်လှမ်းရန် လုံးပန်းနေဆဲပင်ဖြစ်သည်။

ဗြိတိသျှဘုရင်မကြီး ဩစတြေးလျရောက် – ဩစတြေးလျနိုင်ငံမြောက်ပိုင်းဒေသ အဲလစ်စပရိန်းစ်တီမြို့ရှိ ရဲစခန်းအပြင်ဘက် တွင် မတ်လ ၂၉ ရက်နေ့က လက်လုပ်ဗုံးတစ်လုံးပေါက်ကွဲ၍ ဒုတိယ လက်လုပ်ဗုံးတစ်လုံးမှာလည်း ရေနုတ်မြောင်းတစ်ခုအတွင်း ပေါက်ကွဲခဲ့ကြောင်း ဩစတြေးလျမြောက်ပိုင်းဒေသ ရဲအဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ် ဂါဗင်ဂလီက ပြောကြားသည်။ အဲလစ်စပရိန်းမြို့သို့ ဗြိတိသျှဘုရင်မကြီး အယ်လီစဘက် လာရောက်လည်ပတ်မည့်နေ့မတိုင်မီ အကြိုနေ့တွင် ယင်းကဲ့သို့ ဗုံးပေါက်ကွဲခြင်းဖြစ်သည်။ သို့ရာတွင် ထိုဗုံးပေါက်ကွဲမှုများနှင့် ဗြိတိသျှဘုရင်မကြီး လာရောက်လည်ပတ်မည့်ကိစ္စနှင့်ဆက်စပ်မှု မရှိ၊ မဆိုင်ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။ ယင်းဗုံးများကို ဆိုဒါပြွန်နှင့် ကတ်ထူပြားဖြင့် ပြုလုပ်ထားခြင်းဖြစ်ကြောင်း၊ ကလေးချင်းကျီစယ်ကစားသည့်ဗုံးများသာဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ကမ္ဘာတွင် တစ်ချိန်က ကိုလိုနီနယ်ပယ် ဧရိယာများစွာစိုးမိုးခဲ့သော ဗြိတိန်နိုင်ငံ၏ အကြီးအကဲ ဗြိတိသျှဘုရင်မကြီး အယ်လီစဘတ်သည် ဗြိတိသျှ ကိုလိုနီဟောင်းနိုင်ငံနှင့် ဒေသများ ဓနသဟာရအဖွဲ့ဝင်နိုင်ငံများသို့ တရားဝင် ခရီးသွားရောက်သည့်အခါတွင် သက်ဆိုင်ရာအိမ်ရှင်များက မင်းခမ်းမင်းနားဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ သို့ရာတွင် တိုးတက် ပြောင်းလဲလာသောခေတ်တွင် ဗြိတိန်နိုင်ငံသည် ၎င်း၏ ကိုလိုနီဒေသများကို စွန့်လွှတ်ရသကဲ့သို့ ဗြိတိသျှ

ဘုရင်မကြီး၏ ဩဇာအရှိန်အဝါလည်း ကျဆင်းခဲ့သည်။ လက်ရှိ ဗြိတိသျှဓနသဟာယအဖွဲ့ဝင် နိုင်ငံအချို့တွင် ဗြိတိန်၏ ထီးရိပ်မှ ခွဲထွက်လိုသော သဘောထားများ ကြီးထွားလာခဲ့သည်။ ထင်ရှားသော သာဓကမှာ ဗြိတိသျှ လက်အောက်ခံ ဩစတြေးလျနိုင်ငံမှာ နိုင်ငံအကြီးအကဲ အဖြစ် ဘုရင်မကြီး အယ်လီဇဘတ်ကို သတ်မှတ်ထားရာမှ ၎င်းတို့ဘာသာ သီးခြားနိုင်ငံအကြီးအကဲ တစ်ဦးအဖြစ် သမ္မတတစ်ဦးကိုရွေးပြီး လွတ်လပ်သောသမ္မတ နိုင်ငံ ထူထောင်ရန်ပင် လူထုဆန္ဒကောက်ယူခဲ့သည်။ သို့ရာတွင် အယ်လီဇဘတ် ဘုရင်မကြီးအား နိုင်ငံအကြီးအကဲအဖြစ် သတ်မှတ်ခြင်းကို လိုလားသောဆန္ဒမဲက အများစုရရှိသွားသဖြင့် လွတ်လပ်သော ဩစတြေးလျသမ္မတနိုင်ငံ ထူထောင်ရေး ပျက်ပြားခဲ့ရသည်။ သို့ရာတွင် မကြာမီက ဩစတြေးလျနိုင်ငံသို့ ၅ရက်နှစ်အတွင်း ပထမဦးဆုံးအကြိမ် ရောက်ရှိလာသော အယ်လီဇဘတ် ဘုရင်မကြီးအား ဩစတြေးလျနိုင်ငံက ကြိုဆိုရာတွင် ယခင်ကကဲ့သို့ အခမ်းအနားဖြင့် ကြိုဆိုမှုမပြုဘဲ အဆင့်နိမ့်၍ ကြိုဆိုခဲ့ရာ ဗြိတိသျှဘုရင်မကြီး ရာဇအိန္ဒြေ ကျဆင်းခဲ့ ရသည်။

ဗြိတိန်ဝန်ကြီးချုပ်၏သား မူးယစ်ရမ်းကား – ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ၏သားဖြစ်သူ ယူအန်သည် ဇူလိုင်လ ၅ ရက်နေ့ညက မူးယစ်သောက်စားရမ်းကားမှုဖြင့် အဖမ်းခံခဲ့ရသည်။ ယူအန် သည် ဇူလိုင်လ ၅ ရက်နေ့ည ၁၁ နာရီအချိန်တွင် လန်ဒန်မြို့၊ အနောက်ပိုင်း ဝက်စ်အင်းရပ်ကွက်ရှိ လေဆက်စတားလွင်ပြင်၏ လူသွားလမ်းပေါ်၌ ထိန်းမနိုင်၊ သိမ်းမနိုင်ဖြစ်ရလောက်အောင် ရမ်းကားလျက်ရှိရာ ညကင်းလှည့်လာသော ရဲအရာရှိတစ်ဦးက တွေ့ရှိပြီး ဖမ်းဆီး၍ အချုပ်တွင် တစ်ညထိန်းသိမ်းထားလိုက် ရသည်။ နောက်တစ်နေ့နံနက်တွင် သတိပေးပြီး ယူအန်ကို ပြန်လွှတ်ပေးလိုက်သည်။ ယူအန်နှင့် သူငယ်ချင်းများ စာမေးပွဲနောက်ဆုံးနေ့တွင် သောက်စားမူးယစ်ကြ ခြင်းဖြစ်သည်။ ဤဖြစ်ရပ်နှင့် ပတ်သက်၍ ဖခင်ဖြစ်သူဝန်ကြီးချုပ် တိုနီဘလဲမှာ သားအတွက်အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရပြီး ဝန်ကြီးချုပ် တာဝန်ယူရခြင်းခက်သည်ထက် သားသမီးများကို မိဘတစ်ဦးအနေနှင့် အုပ်ထိန်းရသည်မှာ ပိုခက်ပါကြောင်း မှတ်ချက်ချ ခဲ့သည်။

တော်ဝင်မိသားစု အိမ်ထောင်ရေး – တော်ဝင်မိသားစုတို့၏ အချစ်ဇာတ်လမ်းများမှာ သာမန်ပြည်သူတို့၏ အချစ်ဇာတ်လမ်း မျိုးဖြစ်လာကြသည်။ ဝေလမင်းသား ချားစ်လ်နှင့် မင်းသမီး ဒိုင်ယာနာတို့၏ အချစ်ဇာတ်လမ်းမှာ ကမ္ဘာကျော်ခဲ့သည်။ ချားလ်နှင့် ဒိုင်ယာနာတို့၏ အချစ်ဇာတ်လမ်း



ဖာဂီ(ဝဲ) နှင့် မင်းသားအင်ဒရူးတို့
ကွာရှင်းပြတ်စဲသော်လည်း ကလေးများကိုထောက်၍
တစ်အိမ်တည်းမှာပင် အတူနေထိုင်ကြဆဲပင်

နိဂုံးမချုပ်မီကပင် ချားလ်ကငယ်ချစ် ကမီလာပါကာဘောင်းနှင့်တတွဲတွဲရှိခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် သူတို့၏ အချစ်ဇာတ်လမ်း လူသိရှင်ကြား ဖြစ်လာချိန်မှစ၍ အယ်လီဇဘတ် ဘုရင်မကြီး အလိုမကျဖြစ်ခဲ့ရသည်။ သို့ရာတွင် မေလကုန်ပိုင်းတွင် ချားလ်၏ ဟိုက်ဂရိ စံအိမ်တော်တွင် ဘုရင်မကြီးနှင့် ကမီလာတို့ ၁၀ မိနစ်ကြာအောင် စကားပြောခဲ့ကြကြောင်း သတင်းစကားပေါက်ကြား ပေါ်ထွက်လာသည်။ ယင်းဖြစ်ရပ်မှာ ၁၉၉၂ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ်ဟုဆိုသည် အသက် ၅၁ နှစ်အရွယ်ရှိ ဗြိတိန်နိုင်ငံ၏ ထီးနန်းကို ဆက်ခံမည့် ချားလ်စ်မင်းသား၏ ဘဝတွင် ပျော်ပျော်ရွှင်ရွှင်နေနိုင်အောင် ကမီလာက ဖန်တီးပေးနိုင်မည်လောဟု မှန်းဆလာကြသည်။

တော်ဝင်မိသားစု၌ မိသားစုဘဝအနေအထားက အံ့အားသင့်ဖွယ်ကောင်းလောက်အောင် ပြောင်းလဲလာသည်။ တော်ဝင် မိသားစုဝင် မင်းသားအင်ဒရူးနှင့် ဖာဂီတို့မှာ ကွာရှင်းပြတ်စဲခဲ့ ကြသော်လည်း ကလေးများ၏ အနာဂတ်အရေးကို အကြောင်းပြလျက် တစ်အိမ်တည်းမှာပင် အခင်အမင်မပျက် အတူနေထိုင် ကြဆဲဖြစ်သည်။ ဖာဂီနှင့် ပြန်လက်မထပ်ပါဟု အပြတ်မပြော နိုင်ပါကြောင်း အင်ဒရူးမင်းသားက မေလထဲတွင် ပြောကြားခဲ့သည်။ ဝင်ဆာရဲတိုက်ကြီးမှ မိသားစုဝင်တို့၏ ဆက်ဆံရေး မှာ တစ်ဦးနှင့်တစ်ဦး ကတောက်ကဆဖြစ်ကြသော်လည်း မကြာမီ ပြန်တည့်သွားတတ်ကြသည်။ ဒိုင်ယာနာရှိစဉ်က ချားလ်စ်ငယ်ချစ် ကမီလာမှာ သတင်းစာများ၌ ဝေဖန်ပုတ်ခတ် ခံခဲ့ရသည်။ အသက် ၂၀ ကျော်အရွယ်က ချားလ်စ်နှင့် ကမီလာ တို့ ချစ်ခဲ့ကြသော်လည်း ဖူးစာမပါ၍ လွဲခဲ့ရသော

ကြောင့် ကမီလာက ချားလ်စ်၏သူငယ်ချင်း အင်ဒရူးပါကာဘောင်းနှင့်လက်ထပ်ခဲ့သည်။ထို့နောက်လင်မယား ကွာရှင်းပြတ်စဲခဲ့ကြသည်။



ငယ်ချစ်ကမီလာနှင့် တတွဲတွဲရှိနေသော ချားလ်စ်မင်းသား

ယခုအခါ ချားလ်စ်က သူ၏ဘဝ ပျော်ရွှင်တည်ငြိမ်ရေး အတွက် နောက်ဆုံးအခွင့်အလမ်းကို လက်လွှတ်မခံရန် စိတ်ပိုင်းဖြတ်ထားသည်။ ချားလ်စ်က သူ၏သားငယ်များကို သံယောဇဉ်ရှိကြောင်း ဗြိတိန်ပြည်သူတို့က သဘောပေါက်လာကြသည်။ ချားလ်စ်၏ငယ်ချစ် ကမီလာကလည်း ၁၉၉၈ ခုနှစ်တွင် ကျင်းပခဲ့သော ချားလ်စ်၏ အနှစ် ၅၀ ပြည့်မွေးနေ့ ပါတီပွဲကို အိမ်ရှင်မသဖွယ် တက်ရောက်ပြီး လူမြင်ကွင်း၌ ပြသခဲ့သည်။ ယင်းမွေးနေ့ပွဲသို့ ဘုရင်မကြီး တက်ရောက်ခြင်း မရှိပေ။ ၁၉၉၉ ခုနှစ်တွင် ကမီလာက ချားလ်စ်၏သားများ ဖြစ်ကြသော ဝီလီယံနှင့် ဟာရီတို့နှင့်အတူ ကျောင်းပိတ်ရက်များတွင် အချိန်ဖြုန်းခဲ့သည်။ မကြာမီက ချားလ်စ်နှင့်ကမီလာတို့ စကော့တလန်ဘုရားရှိခိုးကျောင်းသို့ အတူသွားရောက်ခဲ့သည်ကို ပြည်သူများက ဝေဖန်မှုမပြုကြတော့ချေ။ အယ်လီဇဘတ် ဘုရင်မကြီးကပင် ကမီလာအပေါ် သဘောထား ပြောင်းလဲလာပုံရသည်ဟု ဆိုကြသည်။

ချားစ်လ်မင်းသားနှင့် မင်းသမီးဒိုင်ယာနာတို့၏ သားအကြီးဝီလီယံမှာ ယခုအခါ အသက် ၁၈ နှစ်ရှိပြီဖြစ်သည်



ချားလ်စ်က ကမီလာကို လက်ထပ်မည်လားဟူ၍ သတင်းစာများ၌ မေးခွန်းထုတ်ကြသည်။ လင်မယား ကွာရှင်းပြီးသူအနေ ဖြင့် ချားလ်စ်က အင်္ဂလန်ဘုရားကျောင်းတွင် လက်မထပ်နိုင်ချေ။ ယင်းဘုရားကျောင်းကို နောင်အခါ၌ ချားလ်စ်က ဦးဆောင်မှုပေးရမည်ဖြစ်သည်။ ပြန်လည် လက်ထပ်သူများ၏အပေါ် ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများကို လျော့ပေါ့ပေးသင့်မပေးသင့် ဘုရားရှိခိုးကျောင်းက စဉ်းစားသုံးသပ်နေသည်။ ဇွန်လ ၂၁ ရက်နေ့တွင် ကျရောက်သော တော်ဝင်မိသားစုတို့၏ မွေးနေ့ပွဲများတွင် အယ်လီဇဘတ်ဘုရင်မကြီး၏ မယ်တော်ရာပြည့်မွေးနေ့ပွဲပါ ပူးတွဲကျင်းပသည်။ ယင်းမွေးနေ့ အခမ်းအနားသို့ တက်ရောက်ရန် ကာမီလာကို ဖိတ်ကြားခြင်း မရှိသော်လည်း တော်ဝင်မိသားစုဘဝတွင် ကာမီလာလှုပ်ရှားနိုင် စေရန် ချားလ်စ်မင်းသားက စိတ်ပိုင်းဖြတ်ထားသည်။

သတင်းစာနှင့် ဘုရင်မကြီး – သေလုမျောပါးဖြစ်နေပြီး နာကျင်မှုဒုက္ခဝေဒနာကိုခံစားနေရသော ရစ်ငှက်တစ်ကောင်၏ လည်မျိုကို ဘုရင်မကြီး အယ်လီဇဘတ်က ညှစ်သတ်နေပုံကို သတင်းစာတွင်ဖော်ပြခဲ့ရာ ဘုရင်မကြီးသည် တိရစ္ဆာန်အခွင့်အရေး စည်းရုံးလှုံ့ဆော်သူများ၏ ပြစ်တင်ဝေဖန်ခြင်းကို ခံနေရသည်။ “သက်သတ်ဘုရင်မကြီး” ဟူသော ခေါင်းစီးစာလုံးကြီးများဖြင့် ဆန်းဒေးမေရာသတင်းစာက ဓာတ်ပုံများကို ဖော်ပြထုတ်ဝေခဲ့သည်။ ထိုဓာတ်ပုံများမှာ ဘဝချုပ်တော့မည့် ရစ်ငှက်တစ်ကောင်အား ဘုရင်မကြီးက လည်မျိုကို ညှစ်သတ်နေပုံဖြစ်သည်။ အင်္ဂလန်နိုင်ငံအရှေ့ပိုင်း နော်ဖော့အရပ်ရှိ ဆန်ဒရင်ဂန် ဘုရင်နန်းတော်ဝင်း၌ ယင်းသို့ပြုလုပ်ခြင်းဖြစ်သည်ဟု သတင်းစာက ရေးသားဖော်ပြသည်။ ဘုရင်မကြီးသည် ခိုကိုးရာမဲ့ရစ်ငှက်ကို လက်စွပ်မပါသော လက်ဖျားဖြင့် ညှစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ညှစ်သတ်နေစဉ် ကြင်ယာတော်ဖိလစ်မင်းသားနှင့် ဧည့်သည်တော်များက ကြည့်ရှုနေကြကြောင်း မေရာသတင်းစာ၊ ဆန်းဒေးပီပဲလ်ကဏ္ဍတွင် ဖော်ပြထားသည်။ ဘုရင်မကြီး၊ ထိုလုပ်ရပ်မှာ ကြင်နာသနားသော လုပ်ရပ်ဖြစ်သည်ဟု တိရစ္ဆာန်ပစ်ခတ်ရေး ပါရဂူများက ဘုရင်မကြီးဘက်မှ ကာကွယ်ပြောဆိုကြသည်။ လည်မျိုညှစ်သတ်ခြင်းမှာ ထိုရစ်ငှက်၏ ပြင်းထန်သောဝေဒနာ ခံစားရမှု ကင်းပျောက်သွားရေးအတွက် အမြန်ဆုံးဆောင်ရွက်သော သနားညှာတာမှုရှိသည့် လုပ်ရပ်သာဖြစ်ကြောင်း ကာကွယ်ပြောဆိုခြင်းဖြစ်သည်။ လက်အိတ်စွပ်မထားသောလက်ဖြင့် သေခါနီးရစ်ငှက်လည်မျိုကို ဘုရင်မကြီး ညှစ်သတ်ခြင်းနှင့်ပတ်သက်၍ ဝေဖန်ပြောဆိုမှုများကို အလေးဂရုမပြုဘဲ ရေငုံနှုတ်ပိတ် နေခြင်းဖြင့် တုံ့ပြန်ခဲ့သည်။ ရစ်ငှက်ကို လည်မျိုညှစ်သတ်ခဲ့ခြင်း

နှင့်ပတ်သက်၍ ဝေဖန်ပြောဆိုမှုများ ဖြစ်ပွားခဲ့ပြီး နောက်တစ်နေ့တွင် ဘုရင်မကြီးက ရစ်ငှက်၏ အတောင်မွေးကို ဦးထုပ်ပေါ်၌ တပ်ဆင်၍ ဘုရားကျောင်းသို့ တက်ရောက်ခဲ့သည်။

ဗြိတိန်နိုင်ငံသားများ အီရတ်သို့သွား – ဗြိတိသျှနိုင်ငံရေးသမားများနှင့်ရိုမင်ကက်သလစ် ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးပါဝင်သော အဖွဲ့တစ်ဖွဲ့သည် အီရတ်နိုင်ငံသို့ နိုဝင်ဘာလ ၁၀ ရက်နေ့က လေကြောင်းခရီးဖြင့် ထွက်ခွာသွားခဲ့ကြသည်။ ကုလသမဂ္ဂက အီရတ်နိုင်ငံကို ဆယ်နှစ်ကျော်မျှ စီးပွားရေးပိတ်ဆို့ထားမှုကို ဆန့်ကျင်ကန့်ကွက်သောအားဖြင့် သွားရောက်ကြခြင်းဖြစ် ကြောင်း အဖွဲ့ဝင်များက ပြောကြားသည်။ အာရပ်နှင့်အာရပ်မဟုတ် သောနိုင်ငံများကလည်း အလားတူ လေကြောင်းခရီးသွား ရောက်ဖွယ်ရာရှိသည်။ ယင်းခရီးစဉ်ကို ဗြိတိသျှအစိုးရက သဘောတူ လက်ခံခြင်းမရှိဘဲ လူမှုရေးအထောက်အပံ့များကိုလည်း သယ်ယူသွားခြင်းမရှိကြ ဟု သိရသည်။

အဖွဲ့ဝင်ရှစ်ဦးပါဝင်သော ဗြိတိသျှကိုယ်စားလှယ်အဖွဲ့သည် အီရတ်နိုင်ငံအပေါ် ပိတ်ဆို့မှုများပြုလုပ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၁၉၉၀ ပြည့်နှစ်အတွင်း ချမှတ်ခဲ့သောဆုံးဖြတ်ချက်၌ ပါရှိသော ဟာကွက်ကိုအသုံးချကာ သွားရောက် ခြင်းဖြစ်သည်။ ယခင်ကလည်း အီရတ်နိုင်ငံကို ကုလသမဂ္ဂက ပိတ်ဆို့မှုအား ကန့်ကွက်ဆန့်ကျင် သောအဖွဲ့များလေကြောင်းခရီးဖြင့် သွားရောက်ခဲ့ကြသည်။ အီရတ်နိုင်ငံသို့ ခရီးသည်တင်လေယာဉ်များ လေကြောင်းခရီးပျံသန်းခြင်းကို ကုလသမဂ္ဂက ပိတ်ဆို့ထားခြင်းအား မိမိတို့လက်မခံနိုင်ကြောင်း၊ ဗြိတိသျှအာဏာရ လေဘာပါတီမှ ပါလီမန်အမတ်တစ်ဦးဖြစ်သူ ဂျော့ချ်ဂယ်လိုဝေးက အီရတ်နိုင်ငံသို့ ဆိုက်ရောက်စဉ် ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သင့်ဘဝ – ဦးရဲလွင်

ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ။ ။ ဇန်နဝါရီလအတွင်းက ယာယီသမ္မအဖြစ်ဆောင်ရွက်နေသော ဝန်ကြီးချုပ် ဗလာဒီမီယာပူတင်သည် ၎င်း၏အစိုးရအဖွဲ့အတွင်းနေရာအပြောင်းအလဲများကို ပြုလုပ်ခဲ့သည်။ ပူတင်သည် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် သမ္မတရာထူးမှ ရုတ်တရက်နုတ်ထွက်သွား သော ဘောရစ်ယဲ့လ်ဆင်၏နေရာကို ဆက်ခံလိုက်ရသူဖြစ် သည်။ လာမည့်သမ္မတရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုတစ်ရပ်အနေဖြင့် ယဲ့လ်ဆင်၏ အစဉ်အလာအမွေကို ဆက်ခံသူမဟုတ်ကြောင်း ပြသနိုင်ရန်ပူတင်သည် ဤသို့ မိမိ၏ အစိုးရအဖွဲ့သစ်ကို ပြင်ဆင်ပြောင်းလဲလိုက်ခြင်းဖြစ်သည်ဟု ယူဆရသည်။ ချီချင်ဒေသ၌ ရုရှားတပ်များ အလူးအလဲခံနေရစေကာမူ လာမည့်သမ္မတရွေးကောက်ပွဲတွင် ပူတင်သည် အနိုင်ရလိမ့်မည်ဟု မျှော်မှန်းယူဆထားကြသည်။ ရုတ်တရက် ရာထူးမှနုတ်ထွက်ပေးလိုက်ခြင်းဖြင့် "ကျွန်တော့အတွက် အစကောင်းအောင် ယဲ့လ်ဆင်က ဖန်တီးလိုက်တာဖြစ်ပါတယ်" ဟု ဇန်နဝါရီလ ၄ ရက်နေ့က ရုပ်မြင်သံကြားအဖွဲ့နှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပူတင်က ဝန်ခံပြောကြားခဲ့သည်။ အထက်လွှတ်တော်ဖြစ်သော ပြည်ထောင်စုကောင်စီက သမ္မတရွေးကောက်ပွဲကို မတ်လ ၂၆ ရက်နေ့၌ ကျင်းပရေးကို ဇန်နဝါရီလ ၅ ရက်နေ့က အတည်ပြုဆုံးဖြတ်ပေးခဲ့သည်။

ဇန်နဝါရီလအတွင်း သမ္မတလောင်းများအဖြစ် နာမည်ထွက်ပေါ်လာသူများမှာ ဝန်ကြီးချုပ်ဟောင်း ပရီမာကော့(ဗ်)၊ ကွန်မြူနစ်ပါတီခေါင်းဆောင် ဂဲန်နာဒီဇြူဂါနော့(ဗ်)၊ ယာဘလိုကိုခေါင်းဆောင် ဂရီဂိုရီယာ့(ဗ်)လင်းစကီးနှင့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ဗလာဒီမီယာမိုရီနော့(ဗ်)စကီးတို့ဖြစ်ကြသည်။ ထိုသမ္မတလောင်းအားလုံးပင် ပူတင်အား ထိရောက်စွာယှဉ်ပြိုင်နိုင်ကြမည် မဟုတ်ဟု ပြည်သူလူထုက ယူဆထားကြသည်။

ယာယီသမ္မတအဖြစ် တာဝန်ယူပြီးနောက် ပူတင်၏ ပထမဦးဆုံး အဆုံးအဖြတ်များတွင် ယဲ့လ်ဆင်၏သမီး ကတ်တျာနာ ဒျချင်ကိုအား သမ္မတ၏ အကြံပေးပုဂ္ဂိုလ်အဖြစ်မှ ထုတ်ပယ်လိုက်ခြင်းလည်းပါဝင်ခဲ့သည်။ ဒျချင်ကိုသည် သူ့ဖခင်၏ လက်ထက်က များစွာသြဇာလွှမ်းခဲ့သူဖြစ်သည်။ ကရင်မလင်နန်းတော်အား ပြန်လည်မွမ်းမံပြင်ဆင်ရေးတွင် သူမသည် မာဘေတက်(စ်) အမည်ရှိ ဆွစ်ဇာလန်ကုမ္ပဏီမှ လာဘ်ယူခဲ့မှုဖြင့် မသင်္ကာမှုကြောင့် သူမ၏အပေါ် စုံစမ်းစစ်ဆေးလျက်ရှိသည်။ ထိုစုံစမ်းမှုတွင် ဆက်နွှယ်ပါဝင်နေသော ကရင်မလင်နန်းတော် ပြုပြင်ရေးမန်နေဂျာ ပေဗယ်ဘိုရိုဒင်ကို သမ္မတ၏ အစိုးရအဖွဲ့မှ ထုတ်ပယ်ပစ်ခဲ့သည်။

အောက်လွှတ်တော်သစ်အစည်းအဝေး – လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက အောက်လွှတ်တော်အတွက် ရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။ ထိုအောက်လွှတ်တော် ရွေးကောက်ပွဲများ၌ အမတ်နေရာများရရှိမှုအခြေအနေမှာ ကွန်မြူနစ်ပါတီက နေရာ ၉၀၊ ညီညွတ်ရေးပါတီက နေရာ ၈၂၊ ပြည်သူ့ကိုယ်စား လှယ်ပါတီက နေရာ ၅၇၊ အိုဗီအာရ် ပါတီက နေရာ ၄၅၊ ရုရှားဒေသများပါတီက နေရာ ၄၁၊ စိုက်ပျိုးစက်မှုပါတီက နေရာ ၃၉၊ လယ်ယာအင်အားစုများ

အဖွဲ့က နေရာ ၃၂၊ ယာဘလိုကို ပါတီက နေရာ ၂၁၊ ဇီရီနော့(ဗ်) စကီးအုပ်စုက နေရာ ၁၇၊ တစ်သီးပုဂ္ဂလအမတ် ၁၇ ဦး အသီးသီးဖြစ်ခဲ့သည်။ အောက်လွှတ်တော်အစည်းအဝေးကို ဇန်နဝါရီလ ၁၈ ရက်နေ့က စတင်ကျင်းပခဲ့သည်။ အောက်လွှတ်တော်အတွင်း အုပ်စုဖွဲ့စည်းမှုများရှိခဲ့သည်။ သဘောတရားရေးအရ ဆန့်ကျင်ဘက်များဖြစ်ကြသော ကွန်မြူနစ်ပါတီနှင့် ညီညွတ်ရေးပါတီတို့သည် မဟာမိတ်ဖွဲ့လိုက်ကြသည်။ အောက်လွှတ်တော်အတွင်း ၎င်းမဟာမိတ်အဖွဲ့သည် အင်အားအကြီးဆုံးဖြစ်သွားခဲ့သည်။ ကျန်ပါတီများကလည်း မဟာမိတ်အဖွဲ့များအဖြစ် အကွဲကွဲအပြားပြားဖွဲ့စည်းခဲ့ကြသည်။ ကွန်မြူနစ်ပါတီအမတ် ဂဲန်နာဒီဆေလက်ဇင်ညော့(ဗ်) သည် အောက်လွှတ်တော်သဘာပတိအဖြစ် ပြိုင်ဘက်မရှိ ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ အောက်လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌနေရာများကိုလည်း ပါတီအုပ်စုအလိုက် အသီးသီးခွဲဝေယူခဲ့ကြသည်။

အမျိုးသားလုံခြုံရေးဆိုင်ရာ သဘောတရားသစ် – ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ရုရှားနိုင်ငံ၏ အမျိုးသားလုံခြုံရေးသဘောတရားသစ်ကို ထုတ်ပြန်လိုက်သည်။ ထိုသဘောတရားသစ်တွင် "အမေရိကန်ဦးဆောင်သော အနောက်တိုင်းသည် ကမ္ဘာ့ရေးရာများကို စိုးမိုးရန်ကြံရွယ်နေသောကြောင့် ရုရှားအဏုမြူ လက်နက်များကို အသုံးပြုရန် အခြေအနေဆိုက်ရောက်လာပေပြီ" ဟု ဖော်ပြထားသည်။

ဤကြေညာချက်သည် ၁၉၉၇ ခုနှစ်က ထုတ်ပြန်ခဲ့သော ကြေညာချက်နှင့် ကွဲပြားခြားနားနေသည်။ ယခင်ကြေညာချက်တွင် "အချုပ်အခြာ အာဏာပိုင်နိုင်ငံအဖြစ် ရုရှားပြည်ထောင်စု၏ ရပ်တည်မှုကို ခြိမ်းခြောက်လာပါက ရုရှားသည် အဏုမြူ လက်နက်များကို အသုံးပြုမည်" ဟုသာ ဖော်ပြခဲ့သည်။ ယခု သဘောတရားသစ်တွင် "ပေါ်ပေါက်လာသော အကျပ်အတည်းကို ဖြေရှင်းရန်နည်းလမ်းများ ကုန်ဆုံးသွားလျှင်ဖြစ်စေ၊ မထိရောက်ဘဲ ဖြစ်သွားလျှင်ဖြစ်စေ ကျူးကျော်မှုကို တွန်းလှန်ရန် အဏုမြူလက်နက်များကို သုံးရလိမ့်မည်" ဟု ဖော်ပြထားသည်။

ဤကဲ့သို့ လုံခြုံရေးသဘောတရား ပြောင်းလဲလာခြင်းသည် ရုရှား၌ အဏုမြူလက်နက်အင်အားဖြည့်တင်းရေးကို အလေးပေး၊ ဦးစားပေးထားရသဖြင့် သမားရိုးကျတပ်ဖွဲ့များ၏ အင်အားလျော့နည်းနေကြောင်း ဖော်ပြရာရောက်သည့်အပြင် ၁၉၉၉ ခုနှစ်၊ မတ်လတွင်နေတိုးတပ်ဖွဲ့များက ကိုဆိုဗို၌ ဝင်ရောက်စွက်ဖက်ခဲ့သဖြင့် ရုရှားနှင့်အနောက်နိုင်ငံတို့အကြား ဆက်ဆံရေးတင်းမာမှုရှိနေကြောင်း ဖော်ပြရာရောက်ခဲ့သည်။ ထို့ပြင် ဟန်ဂေရီချက်သမ္မတနိုင်ငံနှင့် ပိုလန်တို့အား နေတိုးအဖွဲ့အတွင်း လက်ခံလိုက်သဖြင့်လည်း နှစ်ဘက်ဆက်ဆံရေးမှာ ပိုမိုတင်းမာစေခဲ့ကြောင်း အကဲခတ်သမားများက ဝေဖန်နေကြသည်။ ရုရှားစစ်တပ်၏ ဂုဏ်သိက္ခာကို နှစ်ဆတိုးမြှင့်မည်ဟု ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ရုရှားယာယီသမ္မတပူတင်က ပြောကြားခဲ့သည်။

ချီချင်ညာစစ်ပွဲအခြေအနေ – လွန်ခဲ့သော အောက်တိုဘာလမှစ၍ ဂရော့ဇနီမြို့တော်ကို အမြောက်များ၊ ဗုံးများဖြင့် တိုးချဲ့တိုက်ခိုက်ခဲ့သော်လည်း ရုရှားတပ်များသည် ၎င်းမြို့တော်ကို သိမ်းပိုက်နိုင်ခြင်းမရှိခဲ့ပေ။ ရှေးဟောင်းခရစ်ယာန်အခါသမယနှင့် မူဆလင်တို့၏ ရမ္မဒန်ပွဲတော်အပြီးသတ်ရက်တို့နှင့် ကြုံကြိုက်ကြသဖြင့် ဇန်နဝါရီလ ၇ ရက်နေ့တွင် တိုက်ခိုက်မှုများ နည်းပါးခဲ့သော်လည်း ဇန်နဝါရီလ ၁၈ ရက်နေ့မှစ၍ တိုက်ပွဲများမှာ ပိုမိုပြင်းထန်လာခဲ့သည်။ ချီချင်ညာစစ်ပွဲတွင် နှစ်ဘက်အကျအဆုံးနှင့် ဒဏ်ရာရမှုများရှိခဲ့သည်။ တိုင်းမ် (စ်) မဂ္ဂဇင်းပါသတင်းအရ ရုရှားစစ်သား ၃၀၀၀ ခန့် ကျဆုံးခဲ့ပြီး ဒဏ်ရာရသူပေါင်း ၅၀၀၀ ရှိခဲ့သည်။ ရုရှားဝန်ကြီးဌာနများ၏ သတင်းထုတ်ပြန်ချက်အရ ဒါဂက်စတန်တိုက်ပွဲတွင် သူပုန်စစ်သည် ၂၅၀၀ နှင့် ချီချင်ညာတိုက်ပွဲတွင် သူပုန်စစ်သည် ၇၅၀၀ တို့ ကျဆုံးခဲ့ကြောင်း သိရသည်။



စစ်ဒဏ်ခံနေရသော ချီချင်ညာဒေသမြို့တော်ရှိ ဆေးရုံတစ်ရုံသို့ လာရောက်ကာဒဏ်ရာရရှိသောလူနာများအား မေးမြန်းနေသည့် ရုရှားသမ္မတဗလာဒီမာပူတင်

ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ရုရှားတပ်များက ဂရော့ဇနီမြို့တော်ကို သိမ်းပိုက်လိုက်ကြောင်း ရုရှားယာယီသမ္မတ ပူတင်က ကြေညာခဲ့သည်။ ဂရော့ဇနီမြို့တော်မှာ ပြားပြားဝပ်ပြိုကွဲပျက်စီးသွားခဲ့သည်။ ချီချင်စစ်သည်တို့သည် တောင်ပိုင်းရှိ တောင်တန်းများသို့ ဆုတ်ခွာသွားပြီး ပြောက်ကျားစစ်ဖြင့် ဆက်လက်တိုက်ပွဲဆင်နေကြသည်။ ဂရော့ဇနီမြို့ကို သိမ်းပိုက် နိုင်ခဲ့သဖြင့် ပူတင်အဖို့ မတ်လတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ အောင်မြင်မှုအလားအလာများကို ပိုမိုကောင်းမွန်သွားစေခဲ့သည်။

ချီချင်သုံ့ပန်းများအား ရုရှားစစ်တပ်များက ရက်စက်ကြမ်းကြုတ်မှု၊ မုဒိမ်းမှုများကျူးလွန်ခဲ့ကြောင်း ဖေဖော်ဝါရီလတွင် သတင်းများထွက်ပေါ်လာခဲ့သည်။ သူပုန်စစ်သားများနှင့် သာမန်အရပ်သားများကို ခွဲခြားစိစစ်နိုင်ရန်နှင့် အုပ်ချုပ်ရေး စည်းမျဉ်းချိုးဖောက်မှုများကို ထိန်းချုပ်နိုင်ရန် ရုရှားစစ်တပ်များက စိစစ်ရေးစခန်းများကို ဖွင့်ထားခဲ့သည်။ ရုရှားစစ်တပ်များ၏ ရက်စက်မှုသတင်းများကို ရေဒီယိုလစ်ဘာတီ သတင်းထောက် ဘာဘစ်စကီးက ဖော်ထုတ်ခဲ့သည်။ အကြမ်းဖက်ရက်စက်မှုများနှင့် သတင်းထောက်ဘာဘစ်စကီးတို့အား ဖမ်းဆီးခဲ့မှုတို့ကြောင့် နိုင်ငံတကာ အသိုင်းအဝန်းက ပြစ်တင်ဝေဖန်ခဲ့သည်။ ထို့ကြောင့်ရုရှားတို့က ၎င်းတို့၏ ပုံရိပ်ကောင်းမွန်စေရန် လူ့အခွင့်အရေးဆိုင်ရာ သမ္မတ၏ ကိုယ်စားလှယ်အဖြစ် ကာလာမာနော့(ဗ်) အား ဖေဖော်ဝါရီလ ၁၆ ရက်နေ့က တာဝန်ပေးအပ်ခဲ့သည်။ ကာလာမာနော့(ဗ်) နှင့် ဥရောပကောင်စီမှ လူ့အခွင့်အရေးဆိုင်ရာ ကိုယ်စားလှယ်တို့သည် ချီချင်ညာသို့သွားရောက်ခဲ့ကြသည်။ ရုရှားနှင့်အနောက်တိုင်း သတင်းထောက်များကိုလည်း စိစစ်ရေးစခန်းတစ်ခုသို့ သွားရောက်လေ့လာခွင့်ပေးခဲ့သည်။

သမ္မတရွေးကောက်ပွဲအစ – သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် သမ္မတလောင်းများ၏ အဆိုပြုလွှာများကို ဗဟိုရွေးကောက်ပွဲကော်မရှင်က ဖေဖော်ဝါရီလ ၂၂ ရက်နေ့ကို နောက်ဆုံးထား၍ စိစစ်ခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း ပရီမာကော့ (ဗ်)သည် သမ္မတလောင်းအဖြစ်မှ နုတ်ထွက်သွားခဲ့သည်။ လက်ယာအစွန်းရောက်ခေါင်းဆောင် ဇီရီနော့(ဗ်) စကီးသည် သူ၏ပိုင်ဆိုင်မှုစာရင်းများကို ပြည့်စုံစွာမတင်ပြသဖြင့် ၎င်း၏အဆိုပြုလွှာကို ရွေးကောက်ပွဲကော်မရှင်က ပယ်ချခဲ့သည်။ သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မူလကအဆိုပြုလွှာတင်သွင်းသူ ၁၄ ဦး ရှိခဲ့သော်လည်းနောက်ဆုံးတွင် ၁၁ ဦးသာကျန်တော့သည်။ တီဗီအစီအစဉ်တစ်ခုနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပူတင်က ရုရှားလူ့အဖွဲ့အစည်းတစ်ခုလုံးကို ကိုယ်စားပြုလျက် အခိုင်အမာရပ်တည်နေမည့် သမ္မတအဖြစ်ပုံရိပ်ကို ဖော်ဆောင်ခဲ့သည်။ ကော့ကေးဆပ်မြောက်ပိုင်းကို ငြိမ်သက်သွားအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများထံမှ ငွေကြေးအကူအညီတောင်းခံမည်မဟုတ်ဘဲ ချေးယူမည်သာဖြစ်ကြောင်း ပြောဆိုခဲ့သည်။

သမ္မတလောင်းအဖြစ် နောက်ဆုံးယှဉ်ပြိုင်ကြမည့်သူများ မှာအောက်ပါအတိုင်းဖြစ်ပါသည်–

| | |
|---|---|
| ၁။ အူမာဇာဘရေလော့(ဗ်) | မော်စကိုမှစီးပွားရေး လုပ်ငန်းရှင် |
| ၂။ စတာနစ္စလဗ်ဂိုဗူရုစင် | ရုပ်ရှင်ထုတ်လုပ်သူနှင့် အောက်လွှတ်တော် ကိုယ်စားလှယ် |
| ၃။ အယ်လာပန်းဖိလိုဗာ | ပြည်သူ့ဂုဏ်သိက္ခာရေး လှုပ်ရှားမှုအဖွဲ့ ခေါင်းဆောင် |
| ၄။ အလက်ဆေပေါ့ဘရီယိုခင် | စိတ်ဓာတ်ရေးရာ အမွေအနှစ်လှုပ်ရှားမှု အဖွဲ့ ခေါင်းဆောင် |
| ၅။ ဗလာဒီမီယာပူတင် | ယာယီသမ္မတ |
| ၆။ ယက်(ဗ်)ဂျဲန်နီဆာဗို့(စ်) တျာနော့(ဗ်) | သမ္မတရုံးအဖွဲ့ ဒုတိယ ခေါင်းဆောင်ဟောင်း |
| ၇။ ယူရီစကူရာတော့(ဗ်) | ရာထူးချထားရသည့် ရှေ့နေချုပ် |
| ၈။ ကွန်စတန်တင် တီးတော့(ဗ်) | ဆမာရာခရိုင်အုပ်ချုပ် ရေးမှူး |
| ၉။ အာမန်ကူလေယက်(ဗ်) | ကေဗိုရိုဗိုခရိုင်အုပ်ချုပ် ရေးမှူး |
| ၁၀။ ဂရီဂိုရီယာ့ဗလင်းစကီး | ယာဘလိုကိုပါတီ ခေါင်းဆောင် |
| ၁၁။ ဂဲန်နာဒီဇူဂါနော့(ဗ်) | ကွန်မြူနစ်ပါတီ ခေါင်းဆောင် |

ကြွေးမြီဖြေရှင်းရေးသဘောကူညီမှုသစ်– ဆိုဗီယက်ခေတ်က ကြွေးတင်ခဲ့သော အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံနှင့် ပတ်သက်၍ ကူးသန်းရောင်းဝယ်ရေး ကြွေးရှင်များဖြစ်သည့် လန်ဒန်အသင်းနှင့် ရုရှားနိုင်ငံတို့သည် ဖေဖော်ဝါရီလ ၁၁ ရက် နေ့က သဘောတူညီမှုရရှိသွားခဲ့ကြသည်။ ၁၉၉၈ ခုနှစ်၊ ဩဂုတ်လတွင် ရူဘယ်(လ်) ငွေတန်ဖိုးကျဆင်းသွားသည်မှစ၍ ထိုကြွေးမြီများကို ရုရှားသည် ပေးဆပ်နိုင်ခြင်းမရှိခဲ့ဘဲ ဖြစ်ခဲ့ရသည်။ သဘောတူညီမှုသစ်အရ အကြွေးဒေါ်လာ ၁၀ ဘီလီ

ယန်ကို လျှော့ပေးခဲ့သည်။ ကျန်ရှိသောအကြွေး ဒေါ်လာ ၂၂ ဘီလီယန်ကို နိုင်ငံတကာ အာမခံစာချုပ်လက်မှတ်များဖြင့် နှစ်ပေါင်း ၃၀ ကာလအတွင်း ပေးဆပ်နိုင်ရန် သဘောတူညီခဲ့သည်။ ဤညှိနှိုင်းမှုကို ကာဆီရာနော့(ဗ်) (ယခု ဘဏ္ဍာရေးဝန်ကြီးဖြစ်၍ နောင်အခါ ဝန်ကြီးချုပ် ဖြစ်လာသူ) က ဦးဆောင်ပြုလုပ်ခဲ့သည်။ လန်ဒန်အသင်းမှ ကြွေးများကို ဖြေရှင်းပေးခဲ့သည့်နည်းတူ ပါရီအသင်း၏ ကြွေးမြီဒေါ်လာ ၄၂ ဘီလီယန်ကိုလည်း အလားတူနည်း လမ်းများဖြင့် ဖြေရှင်းခဲ့သည်။

**သမ္မတ၏ အစိုးရအဖွဲ့သစ်ဖွဲ့စည်းရေး** – ဤလ ၂၆ ရက်နေ့က ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲတွင် ပူတင်အနိုင်ရခဲ့သည်။ မေလ ၇ ရက်နေ့တွင် သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုလက်ခံပြီးနောက် အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းနိုင်ရန် ပူတင်သည် ဧပြီလအတွင်းက ပြင်ဆင်ကြိုးပမ်းခဲ့သည်။ လောလောဆယ်တွင် ပူတင်သည် အရွေးချယ်ခံသမ္မတရာထူးနှင့် ဝန်ကြီးချုပ်ရာထူးများကို ပူးတွဲကိုင်တွယ်ထားခဲ့သည်။ အစိုးရအဖွဲ့သစ်၏ မူဝါဒများကို တရားဝင်ကြေညာခြင်းမပြုသေးသဖြင့် သမ္မတဟောင်းယဲ့လ်ဆင်လက်ထက်က ဩဇာလွှမ်းမိုးခဲ့သော စီးပွားရေးလုပ်ငန်းရှင်ကြီးများအပေါ် မည်သို့သဘောထားမည်ကို အတိအလင်း မသိရှိရသေးပေ။ သို့ရာတွင် ရုရှားသတင်းမီဒီယာတို့၏ အဆိုအရ ဩဇာအာဏာလွှမ်းမိုးထားသော လုပ်ငန်းရှင်ကြီးများအုပ်စုနှင့် ပူတင်နှင့်နီးကပ်သော ပုဂ္ဂိုလ်ကြီးများအကြား အာဏာလုပ်ပွဲများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။ အုပ်စုချင်း၊ ပုဂ္ဂိုလ်ချင်းယှဉ်ပြိုင်ပွဲတွင် အထွတ်အထိပ်သို့ ရောက်လာသည်မှာ ချူဆိုင်း(စ်) ခေါင်းဆောင်သော စွမ်းအင်ကုမ္ပဏီကြီးများအုပ်စုနှင့် ရဲမ်ဗျာ စီရက်(ဗ်) ခေါင်းဆောင်သော ဓာတ်ငွေ့လုပ်ငန်းကို လက်ဝါးကြီးအုပ်ထားသည့် ဂက်(ဇ်)ပရွမ်တို့အကြား အားပြိုင်မှုဖြစ် သည်။ စွမ်းအင်နှင့် ဓာတ်ငွေ့လုပ်ငန်းကြီးနှစ်ခုတို့အကြား အားပြိုင်သည်။ အမှန်စင်စစ်အားဖြင့် ပူတင်အစိုးရအဖွဲ့သစ်၌ ဩဇာလွှမ်းမိုးရေးအတွက် ဖြစ်ပေသည်။ ပူတင်သည် အစိုးရသစ်ဖွဲ့နိုင်ရေးအတွက် ဝန်ကြီးဌာနအပြောင်းအလဲများ၊ စီးပွားရေးအဖွဲ့များ ပြုပြင်ရေးလုပ်ငန်းများ၊ ငွေကြေးစီမံခန့်ခွဲမှုနှင့် အကျင့်ပျက်လာဘ်စားမှုများ လျှော့နည်းရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးယန္တရား ချောမွေ့စွာလည်ပတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေခဲ့သည်။

**စစ်သဘောတရားသစ်** – လုံခြုံရေးကောင်စီ၏ အတည်ပြုထောက်ခံချက်အပေါ် အခြေခံကာ ပူတင်သည် ရုရှားပြည်ထောင်စု၏ စစ်သဘောတရားသစ်ကို ဧပြီလ ၂၂ ရက်နေ့က အမိန့်ဒီကရီဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ ဤစစ်သဘောတရားသစ်သည် ၁၉၉၃ ခုနှစ်က ထုတ်ပြန်ခဲ့သည့် စစ်သဘောတရားနှင့် မတူဘဲ ကွဲလွဲခဲ့သည်။ စစ်သဘောတရားဟောင်းတွင် ရုရှားက အဏုမြူစစ်ပွဲကို စတင်မည်မဟုတ်ကြောင်း၊ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်မှုကို ခြိမ်းခြောက်လာမှသာ ရုရှားက အဏုမြူလက်နက်ကိုသုံးမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ယခုထုတ်ပြန်သော စစ်သဘောတရားသစ်သည် ဇန်နဝါရီလအတွင်းက ထုတ်ပြန်ခဲ့သည့် အမျိုးသားလုံခြုံရေးသဘောတရားနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်သည်။ အဏုမြူလက်နက်များကို အားကိုးအားထားပြုသည့် စစ်သဘောတရားသစ်ဖြစ်သည်။ ဤစစ်သဘောတရားသစ်ကို ထုတ်ပြန်သည့်နေ့နှင့် အောက်လွှတ်တော်က “ဘက်စုံ လွှမ်းခြုံသော အဏုမြူစမ်းသပ်မှုများ ပိတ်ပင်ရေး သဘောတူစာချုပ်” (Comprehensive Test Ban Treaty-CTBT) ကို အတည်ပြုလိုက်သောနေ့တို့မှာ တစ်ထပ်တည်း ဖြစ်သည်။

**ပူတင်၏ ဗြိတိန်ခရီးစဉ်** – ဧပြီလ ၁၇ ရက်နေ့က အရွေးချယ်ခံ သမ္မတပူတင်သည် ဗြိတိန်သို့သွားရောက်ပြီး ဝန်ကြီးချုပ်တိုနီ ဘလဲနှင့် ဘုရင်မကြီးအယ်လီဇဘက်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ သည်။ ဗြိတိန်ခရီးစဉ်သည် ပူတင်၏ နိုင်ငံတကာ ပုံရိပ်ကောင်းမွန်ရေးအတွက် အထောက်အကူဖြစ်စေခဲ့သည်။ ပူတင်သည် ရုရှား၏မူဝါဒရပ်တည်ချက်များကို ကာကွယ်ပြောဆိုနိုင်ခဲ့သည်။ နိုင်ငံတကာ၏ ပြစ်တင်ဝေဖန်မှုလျော့ပါးသွားစေရန် ချီချင်ညာတွင် ရုရှားစစ်သားများ၏ ရက်စက်ကြမ်းကြုတ်မှု စွပ်စွဲချက်များအတွက် သီးသန့်လွတ်လပ်သော စုံစမ်းရေးကော်မတီကို ဖွဲ့စည်းပေးမည်ဟု ပြောဆိုခဲ့သည်။

**ချီချင်ညာစစ်ပွဲနှင့် ဆက်စပ်သတင်းများ** – ခွဲထွက်လိုသော ချီချင်ညာတွင် ရုရှားစစ်သားများ၏လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ဧပြီလအတွင်းတွင် နိုင်ငံတကာဖိအားပေးမှုများသည် တိုးချဲ့လာခဲ့သည်။ ထို့ကြောင့် လိုက်လျောမှုများပြုလုပ်သည့်အနေဖြင့် ရုရှားကစုံစမ်းရေး ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးခဲ့သည်။ အပစ်အခတ်ရပ်စဲရေးအတွက် ချီချင်သမ္မတအက်(စ်)လန်မာ့(စ်)စာဒေါ့(ဗ်) အား စကားကမ်းလှမ်းခဲ့သည်။ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂမဟာမင်းကြီး မေရီရော် ဘင်ဆင်သည် ချီချင်သို့သွားရောက်သော ခရီးစဉ်ကို ဧပြီလ ၃ ရက်နေ့က ရပ်ဆိုင်းလိုက်သည်။ ရုရှားတို့သည် သူမ၏ အဖွဲ့အား အချို့ကျေးရွာများနှင့် အကျဉ်းစခန်းများကို သွားခွင့်မပေးဘဲ ထားခဲ့သည်။ သူမက ပူတင်နှင့် တွေ့ဆုံလိုကြောင်း တောင်းဆိုချက်ကိုလည်း ပယ်ချခဲ့သည်။ သူမ

သွားရောက်ခဲ့စဉ်အတွင်း ကြားသိရသည့်အချက်များအပေါ် အခြေခံလျက် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ သီးခြားလွတ်လပ်သော ကော်မရှင်တစ်ရပ်ကို ရုရှား အမျိုးသားများနှင့် ဖွဲ့စည်းပေးသင့်ကြောင်း အကြံပြုခဲ့သည်။

ဧပြီလ ၂၅ ရက်နေ့တွင် ဥရောပသမဂ္ဂ၏ အဆိုပြုချက် အပေါ် မူတည်လျက် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင် တွင် ထောက်ခံမဲ ၂၅ မဲ၊ ကန့်ကွက်မဲ ၇ မဲ၊ ကြားနေ ၁၈ မဲ တို့ဖြင့် ချီချင်ညာတွင် ရုရှားတို့သည်အင်အားကို အတိုင်း ထက် အလွန်ကျင့်သုံးခဲ့ကြောင်း ပြစ်တင်ရှုတ်ချခဲ့သည်။ ပြစ်မှု ကျူးလွန်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် စိုးရိမ်မိကြောင်း၊ လူများအစုအပြုလိုက်သတ်မှုတို့အတွက် ရုရှားတို့က စုံစမ်းသင့်ကြောင်းတို့ကိုလည်း ထို ကော်မရှင်က ဆုံးဖြတ်ခဲ့သည်။

ဧပြီလ ၆ ရက်နေ့တွင် ဥရောပကောင်စီ၏ ပါလီမန်ရေး ရာအဖွဲ့ကလည်း ရုရှားအား အဖွဲ့ဝင်အဖြစ်မှရပ်ဆိုင်းရန် မဲခွဲ ဆုံးဖြတ်လိုက်သည်။ ချီချင်ညာတွင် လူ့အခွင့်အရေးချိုး ဖောက်မှုများအတွက် အမြန်ဆုံးအရေးယူဆောင်ရွက်ပြီး သိသာစွာ တိုးတက်မှုရှိမှသာ အဖွဲ့ဝင်အဖြစ် ဆက်လက်ထား ရှိမည်ဟု ဆုံးဖြတ်ခဲ့သည်။ ထို့ပြင် ဥရောပကောင်စီ၌ ရုရှား ၏မဲပေးခွင့် ကိုလည်း ရုပ်သိမ်းခဲ့ရာ ကန့်ကွက်သည့်အနေဖြင့် ရုရှား ကိုယ်စားလှယ်အဖွဲ့ကလည်း အစည်းအဝေးခန်းမမှ ထွက်ခွာလာခဲ့ကြသည်။ချီချင်ညာ၌ ရုရှားစစ်ယာဉ်တန်း များကို ချီချင်ညာပျောက်ကျားတို့က တိုက်ခိုက်နေသဖြင့် ရုရှားကွန်မန်ဒိုတပ်များကို ထပ်မံစေလွှတ်မည်ဖြစ်ကြောင်း၊ အပြစ်အခတ်ရပ်စဲရေးကိုလည်း မလုပ်တော့ကြောင်း ဧပြီလ ၂၇ ရက်နေ့တွင် ပူတင်က ကြေညာခဲ့သည်။

**အစိုးရအဖွဲ့သစ်ဖွဲ့စည်းခြင်း** – မေလ ၇ ရက်နေ့တွင် ကရင် မလင်နန်းတော်၌ သမ္မတ၏ ကျမ်းသစ္စာကျိန်ဆိုပွဲကို ကျင်းပ ခဲ့သည်။ မေလ ၉ ရက်နေ့သည် ရုရှားတို့၏ အောင်ပွဲနေ့ဖြစ် သည်။ ထိုနေ့သည် မဟာမျိုးချစ်စစ်ပွဲတွင် ဆိုဗီယက် ပြည်ထောင်စုက နာဇီဂျာမနီအပေါ် အောင်ပွဲခံခဲ့သည့် ၅၅ နှစ် ပတ်လည် အထိမ်းအမှတ်နေ့လည်းဖြစ်သည်။ ဤသို့ထူးခြား သောနေ့ရက်များကို နီးကပ်စွာကျင်းပလိုက်ခြင်းဖြင့် ရုရှား၏ အစဉ်အလာကြီးမှုကို ပူတင်က ဖော်ထုတ်လိုက်ခြင်းဖြစ် သည်။ ရုရှားသည် အောင်ပွဲခံနိုင်ငံဖြစ်ကြောင်း၊ ငြိမ်းချမ်းသော နိုင်ငံဖြစ်ကြောင်း၊ သို့ရာတွင် အမျိုးသားဂုဏ်သိက္ခာကို ထိန်းသိမ်းလျက် မိမိကိုယ်မိမိ လေးစားသောနိုင်ငံဖြစ်ကြောင်း ပူတင်က ထုတ်ဖော်ပြောကြားခဲ့သည်။

ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ပူတင်သည် ဝန်ကြီးချုပ် ရာထူးကိုစွန့်လွှတ်၍ ကာဆီယာနော့(ဗ်) အား ဝန်ကြီးချုပ် အဖြစ်ခန့်ထားရန် မေလ ၁၀ ရက်နေ့တွင် အဆိုတင်သွင်း လိုက်သည်။ ထိုအဆိုပြုချက်ကို မေလ ၁၇ ရက်နေ့တွင် အောက်လွှတ်တော်က ထောက်ခံမဲ ၃၂၅ မဲ၊ ကန့်ကွက်မဲ ၅၅ မဲ၊ ကြားနေမဲ ၁၅ မဲဖြင့် အတည်ပြုပေးလိုက်သည်။ ကာဆီ ယာနော့(ဗ်) ဝန်ကြီးချုပ်ဖြစ်လာမည်ကို အစောပိုင်းကပင် မျှော်မှန်းထားခဲ့ပြီးဖြစ်သည်။ ဘဏ္ဍာရေးဝန်ကြီးအဖြစ် ဆောင်ရွက်စဉ်က သူသည် ရုရှား၏ ကြွေးမြီများကိစ္စကို အောင်မြင်စွာကိုင်တွယ် ဆောင်ရွက်ခဲ့သည်။ သူ့ကို လုပ်ငန်း စွမ်းဆောင်ရည်ကောင်းသော အုပ်ချုပ်ရေးမှူးတစ်ဦးအဖြစ် အသိအမှတ်ပြုထားကြသည်။ သို့ရာတွင် သူသည်သမ္မတ ဟောင်းယဲလ်ဆင်၏ ကရင်မလင်အတွင်းလူများနှင့် ရင်းနှီး ပြီး ဘယ်ရေဇော့(ဗ်) စကီးကဲ့သို့သော လုပ်ငန်းရှင်ကြီးများ နှင့်လည်း ဆက်စပ်မှုရှိသူ ဖြစ်သည်။

ပူတင်၏အစိုးရအဖွဲ့သစ်တွင် အထူးသဖြင့် စီးပွားရေး ကဏ္ဍ၌ ယခင်အစိုးရအဖွဲ့နှင့် မတူအောင် အပြောင်းအလဲများ ရှိခဲ့သည်။ လစ်ဘရယ်အယူအဆရှိသောသူများကို ဝန်ကြီး သစ်များအဖြစ် ခန့်အပ်ခဲ့သည်။ ဝန်ကြီးဌာနများနှင့် အစိုးရ ဌာနဆိုင်ရာ ဖွဲ့စည်းပုံတို့ကိုလည်း ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ စီးပွားရေး စီမံခန့်ခွဲမှုကောင်းမွန်ရေးနှင့် နိုင်ငံတကာ ဆက်ဆံရေးတွင် ရုရှား၏ ပုံရိပ်ကောင်းမွန်ရေးတို့အတွက် အလေးထားပြုပြင် ဖွဲ့စည်းခဲ့သည်။ အဖွဲ့ဝင် ၂၉ ဦးပါဝင်သော အစိုးရအဖွဲ့သစ်၌ လူသစ် ၈ ဦးပါဝင်ပြီး ဝန်ကြီးဟောင်း ၄ ဦးတို့အား နေရာပြောင်းရွှေ့ချထားပေးခဲ့သည်။ လုံခြုံရေး ကောင်စီတွင် ပူတင်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက် လျက် အမြဲတမ်းအဖွဲ့ဝင် ၅ ဦး၊ သာမန်အဖွဲ့ဝင် ၁၁ ဦးတို့ဖြင့် အသစ်ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

**အထက်လွှတ်တော်ပြင်ဆင်ဖွဲ့စည်းရေး**– အထက် လွှတ်တော်သို့ ကိုယ်စားလှယ်များစေလွှတ်ရေးကိစ္စမှာ အငြင်းပွားနေသော ကိစ္စဖြစ်ခဲ့သည်။ သို့ရာတွင် ဇူလိုင်လ ၂၆ ရက်နေ့တွင် ကျင်းပသော အထက်လွှတ်တော် အစည်းအဝေး က ပူတင်၏အဆိုပြုချက်ကို လက်ခံအတည်ပြုပေးလိုက် သည်။ ဒေသန္တရခေါင်းဆောင်များအနေဖြင့် အထက် လွှတ်တော်သို့ အလိုအလျောက်ကိုယ်စားလှယ်ဖြစ်မှုကို စွန့်လွှတ်ခဲ့ကြသည်။အလိုအလျောက် ကိုယ်စားလှယ်ဖြစ်ခွင့် ကို စွန့်လွှတ်ပေးလိုက်ရသည့်အတွက် အစကနဦးတွင် ကန့်ကွက် ဆန္ဒပြသည့်အနေဖြင့် အခွန်ပြုပြင်ရေးဥပဒေကြမ်း ကို အထက်လွှတ်တော်က အတည်ပြုမပေးရန် စီစဉ်ခဲ့ သော်လည်း နောက်ပိုင်းတွင် အခွန်ဥပဒေကြမ်းကိုလည်း အတည်ပြုပေးလိုက်သည်။ သမ္မတပူတင်၏ အစီအစဉ်များ

အောင်မြင်သွားသည်ဟု ဆိုရပေမည်။ ပူတင်သည် ရုရှားအစိုးရဖွဲ့စည်းပုံကို ပြင်ဆင်ဖွဲ့စည်းရေးအတွက်လည်း ဆက်လက်ဆောင်ရွက်ခဲ့သည်။

မိုလ်ချုပ်ကြီးများကိုထုတ်ပယ်ခြင်း၊ နိုင်ငံခြားရေးမူဝါဒသစ်ထုတ်ပြန်ခြင်း – မဟာဗျူဟာမြောက် ဒုံးကျည်တပ်ဖွဲ့များ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ စစ်ဦးစီးချုပ်အနာတိုလီက ဗက်(ရှ်)နင်နှင့် ကာကွယ်ရေးဝန်ကြီး အီဂေါ်ဆာဂျေယက်(ဗ်) တို့အကြား အငြင်းပွားခဲ့သည်။ စစ်ဦးစီးချုပ်က ဒုံးကျည်တပ်ဖွဲ့များ၏ အခန်းကဏ္ဍကို လျော့ကျစေလိုသည်။ ကာကွယ်ရေးဝန်ကြီးက ဒုံးကျည်တပ်ဖွဲ့များ၏ အရေးကြီးပုံကို ကာကွယ်ရပ်တည်ခဲ့သည်။ ဤသို့အငြင်းပွားမှုနှင့် ဆက်စပ်ပြီး ကာကွယ်ရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော အဆင့်မြင့် အရာရှိကြီး ၆ ဦးတို့ကို ရာထူးမှ ထုတ်ပယ်ပစ်ခဲ့သည်။

ဇူလိုင်လ ၁၀ ရက်နေ့တွင် ရုရှား၏ နိုင်ငံခြားရေးမူဝါဒသစ်ကို သမ္မတပူတင်က လက်မှတ်ရေးထိုးကာ ထုတ်ပြန်ခဲ့သည်။ ဤမူဝါဒသစ်သည် ၁၉၉၃ ခုနှစ်က ထုတ်ပြန်ခဲ့သည့် နိုင်ငံခြားရေးမူဝါဒကို အစားထိုးလဲလှယ်လိုက်ခြင်းဖြစ်သည်။ ယခုအခါ ရုရှားသည် တစ်ကမ္ဘာလုံးအပေါ် ကြီးစိုးဖြန့်ကျက်ရေးထက် ပြည်တွင်းရေးကိုသာ ဦးစားပေးတော့မည်ဖြစ်ကြောင်း၊ ရုရှား၏ နိုင်ငံခြားရေး မူဝါဒသည် ယထာဘူတကျစွာ ကန့်သတ်ထားကြောင်း၊ ပကတိအခြေအနေများနှင့်အညီ လိုက်နာကျင့်သုံးမည်ဖြစ် ကြောင်း၊ နိုင်ငံခြားရေးမူဝါဒသည် ပြည်တွင်းရေးပြဿနာ များကို ဖြေရှင်းနိုင်ရေးအတွက် ထိရောက်စွာအထောက် အကူဖြစ်စေရမည်ဟု အဓိကခံယူထားကြောင်း နိုင်ငံခြားရေး ဝန်ကြီးအီဗာနော့(ဗ်)က ပြောကြားရှင်းလင်းခဲ့သည်။

အဏုမြူစွမ်းအင်သုံး ရေငုပ်သင်္ဘောနစ်မြုပ်ခြင်း – ရုရှားရေတပ်မှ ခေတ်မီလက်နက်ဆန်းများ တပ်ဆင်ထားသော ကုရ်(စ်)(က်) (Kursk) အမည်ရှိ အဏုမြူစွမ်းအင်သုံး ရေငုပ်သင်္ဘောသည် ဩဂုတ်လ ၁၂ ရက်နေ့က စစ်အင်အားပြ စစ်ကစားလေ့ကျင့်နေစဉ်အတွင်း ဘယ်ရင့်ပင်လယ်ပြင်၌ နစ်မြုပ်သွားခဲ့သည်။ နစ်မြုပ်သွားသောသင်္ဘောနှင့် အတူ ရေတပ်သား ၁၁၈ ဦးစလုံးလည်း သေဆုံးသွားခဲ့သည်။ ရေငုပ်သင်္ဘောနစ်မြုပ်သွားပြီးနောက် သီတင်းတစ်ပတ်အတွင်း ရုရှားရေတပ်က နိုင်ငံတကာအကူအညီကို မတောင်းခံဘဲ ကယ်ဆယ် ရန်ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ရုရှားရေတပ်က စစ်လေ့ကျင့်ခန်းများ ပြုလုပ်နေသည်ကို အမေရိကန်ရေငုပ်သင်္ဘောနှစ်စင်းက စောင့်ကြည့်လေ့လာနေခဲ့သည်။ အမေရိကန်စစ်သင်္ဘောများ၏ ထောက်လှမ်းချက်အရ ပေါက်ကွဲသံနှစ်ခုကြားရပြီးနောက် ရုရှားရေငုပ်သင်္ဘောမှာ နစ်မြုပ်သွားသည်ဟု ဆိုသည်။ ဩဂုတ်လ ၁၆ ရက်နေ့တွင်မှ ရုရှားတို့သည် နိုင်ငံခြား အကူအညီကိုတောင်းခံခဲ့သည်။ ဗြိတိသျှနှင့်နော်ဝေးနိုင်ငံတို့မှ ကျွမ်းကျင်သူများသည် သင်္ဘောပဲ့ပိုင်းမှအဖုံးကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ရုရှားသင်္ဘောတွင် ရေများပြည့်နှက်လျက် သင်္ဘောသားများမှာလည်း သေဆုံးကုန်ကြောင်းသိခဲ့ရသည်။ ပထမပိုင်းတွင် သင်္ဘောနစ်မြုပ်သွားခြင်းနှင့် စပ်လျဉ်း၍ရုရှားတို့ကအမျိုးမျိုး ပြောဆိုခဲ့သည်။ သို့ရာတွင် ဩဂုတ်လ ၂၉ ရက်နေ့တွင် အမေရိကန်ရေတပ်က အသံလှိုင်းကို ဖမ်းယူထားသည့် တိပ်ခွေများကို ဖော်ထုတ်ပြလိုက်သည်။ ထိုအခါကျမှ ရုရှားသင်္ဘောနစ်မြုပ်သွားခြင်းမှာ ၎င်းရေငုပ်သင်္ဘောက ပစ်လွှတ်ခဲ့သော တော်ပီဒိုဖုံးပေါက်ကွဲမှုကြောင့်ဟု အထင်အရှားပေါ်လွင်သွားသည်။ ဩဂုတ်လ ၂၂ ရက်နေ့တွင် သမ္မတပူတင်သည် နစ်မြုပ်သွားသောသင်္ဘောမှ ရေတပ်များ၏ မိသားစုတို့နှင့် တွေ့ဆုံခဲ့သည်။ ဩဂုတ်လ ၂၃ ရက်နေ့တွင် နစ်မြုပ်သွားသော သင်္ဘောအတွက် တစ်မျိုးသားလုံးဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။ သမ္မတပူတင်သည် ထိုဖြစ်ရပ်အတွက် အပြစ်မကင်းမှုကို ခံစားမိပါကြောင်း ရုပ်မြင်သံကြားမှတစ်ဆင့် ဝန်ခံပြောကြားခဲ့သည်။

သ တင်း မီ ဒီ ယာ လွတ် လပ် ခွင့် ကို ခြိမ်း ခြောက် ခြင်း– စက်တင်ဘာလအတွင်း သမ္မတ၏ရုံးအဖွဲ့သည် လူထုဆက်သွယ်ရေးသတင်း မီဒီယာအဖွဲ့အစည်းကြီးနှစ်ခုကို ခြိမ်းခြောက်အကျပ်ကိုင်မှုများ တိုးချဲ့လာခဲ့သည်။ ဆယ်ရေဇော့(ဗ်) စကီးနှင့် ဂူဆင်စကီးတို့၏ သတင်းမီဒီယာများသည် ရေငုပ်သင်္ဘောနစ်မြုပ်ခဲ့ရခြင်းနှင့် စပ်လျဉ်း၍ သမ္မတအစိုးရ၏ ကိုင်တွယ်ဖြေရှင်းပုံ ညံ့ဖျင်းမှုများကို ဝေဖန်ခဲ့ကြသည်။ စက်တင်ဘာလ ၁၃ ရက်နေ့တွင် သတင်းလုံခြုံရေးဆိုင်ရာ အမျိုးသားမူဝါဒသဘောတရားကို သမ္မတပူတင်ကိုယ်တိုင် လက်မှတ်ရေးထိုး၍ ထုတ်ပြန်ခဲ့သည်။ သတင်းလုံခြုံရေးဆိုင်ရာ သဘောတရားအရ စိတ်ပိုင်းဆိုင်ရာတန်ဖိုးခိုင်မာရေး၊ မျိုးချစ်စိတ်ဓာတ်မြှင့်တင်ရေး၊ ရုရှားပြည်တွင်းနှင့် နိုင်ငံတကာရေးရာများတွင် လူမှုရေးအရ အရေးပါသောဖြစ်ရပ်များနှင့် စပ်လျဉ်း၍ အစိုးရ၏ တရားဝင်ရပ်တည်ချက်များကို ဖော်ပြရေး၊ ဆက်သွယ်ရေးလုပ်ငန်းနှင့် သတင်းဖြန့်ချိမှုနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းအရင်းအမြစ်ကို တရားဝင်ခွင့်ပြုချက်မရဘဲ ချဉ်းကပ်မှုများမှ ကာကွယ်ရေးတို့ကို ရည်ရွယ်ကြောင်း ဖော်ပြထားသည်။

နိုင်ငံတော်ကောင်စီဖွဲ့စည်းခြင်း – ရုရှားပြည်ထောင်စု၌ နိုင်ငံတော်ကောင်စီကို အဖွဲ့အစည်းအသစ်အဖြစ် ဖွဲ့စည်း

လိုက်ကြောင်း စက်တင်ဘာလ ၁၇ ရက်နေ့တွင် သမ္မတပူတင်က အမိန့်ဒီကရီဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ ထိုနိုင်ငံတော်ကောင်စီတွင် ပြည်ထောင်စု၏အစိတ်အပိုင်း များဖြစ်သည့် ဒေသန္တရအဖွဲ့အစည်း ၈၉ ခုမှခေါင်းဆောင်များ (သမ္မတများ၊ ဥက္ကဋ္ဌများ၊ အုပ်ချုပ်ရေးမှူးများ) ပါဝင်ကြသည်။ နိုင်ငံတော် ကောင်စီတွင် သဘာပတိအဖွဲ့ရှိမည်ဖြစ်သည်။ သဘာပတိ အဖွဲ့၏ဥက္ကဋ္ဌအဖြစ် ရုရှားပြည်ထောင်စုသမ္မတက ဆောင်ရွက် မည်ဖြစ်သည်။ သဘာပတိအဖွဲ့ကို ၆ လတစ်ကြိမ် အလှည့်ကျပါဝင်မှုစနစ်ဖြင့် ပြောင်းလဲဖွဲ့စည်းသွားမည်ဖြစ်သည်။ ပထမဦးဆုံး သဘာပတိအဖွဲ့တွင် ရုရှားပြည်ထောင်စုသမ္မတပူတင်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်လျက် ကျန်သဘာပတိအဖွဲ့ဝင်များမှာ ခါဘာရော့(ဗ်)(စ်)(က်)ဒေသအုပ်ချုပ်ရေးမှူး ဗစ်တာအစ်ရှာ ယက်(ဗ်)၊ တွမ်(စ်)(က်) ခရိုင်အုပ်ချုပ်ရေးမှူး ဗစ်တာကရက်(စ်)၊ မော်စကိုမြို့တော်ဝန် ယူရီလု(ဇ်)ကော့(ဗ်)၊ ဒါဂက်စတန် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ မာဂိုမေဒါလီဟာဂိုမေဒေါ့(ဗ်)၊ ကျူမင်ခရိုင်အုပ်ချုပ်ရေးမှူး လီယိုနစ်ရိုကက်စကီး၊ တာတာ စတန်သမ္မတနိုင်ငံ၏ဥက္ကဋ္ဌ မင်တီမာရှေမီယက်(ဗ်) နှင့် စိန့်ပီတာစ်ဘာ့ဂ်ဒေသ အုပ်ချုပ်ရေးမှူး ဗလာဒီမီယာယာကိုလက်(ဗ်) တို့ဖြစ်ကြသည်။

လက်နက်ကိုင်တပ်ဖွဲ့အင်အားလျှော့ချရေး – သမ္မတပူတင်သည် လက်နက်ကိုင်တပ်ဖွဲ့အင်အားလျှော့ချရေးကသတိကြီးစွာဖြင့် ကိုင်တွယ်နေရပုံပေါ်သည်။ စက်တင်ဘာလ ၈ ရက်နေ့ တွင် ကာကွယ်ရေးဝန်ကြီး ဆာဂျေယက်(ဗ်) က ၂၀၀၃ ခုနှစ်တွင် တပ်ဖွဲ့အင်အားသည် သုံးပုံတစ်ပုံ လျှော့ကျသွားစေမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ သို့သော်လည်း သမ္မတပူတင်သည် ဝန်ကြီးများနှင့် သက်ဆိုင်ရာ တပ်ဖွဲ့အကြီးအကဲများ၏ ကန့်ကွက်မှုကြောင့် လက်နက်ကိုင်တပ်ဖွဲ့အင်အားလျှော့ချရေးကိစ္စဆွေးနွေးမည့် လုံခြုံရေးကောင်စီအစည်းအဝေးကို ရက်ရွှေ့ဆိုင်းထားကြောင်း စက်တင်ဘာလ ၂၇ ရက်နေ့က ပြောကြားလိုက်သည်။ လက်နက်ကိုင်တပ်ဖွဲ့အင်အားကို အစုလိုက်အပြုံလိုက် လျှော့ချမည်မဟုတ်ကြောင်းကိုလည်း ပြော ကြားခဲ့သည်။ တပ်အင်အားလျှော့ချရေးကိုအချိန်ဆွဲသည့် နည်းပရိယာယ် ကျင့်သုံးခြင်းသာဖြစ်သည်။ ပူတင်ကိုယ်တိုင်က ထိရောက်မှုမရှိဘဲနှင့် စစ်တပ်အတွက်အသုံးစရိတ်ကို အမျိုးသားဘတ်ဂျက်၏ ၃၅ ရာခိုင်နှုန်းအထိ သုံးစွဲနေရခြင်းမှာ မသင့်လျော်ကြောင်း ပြောကြားခဲ့ဖူးသည်။

ရေငုပ်သင်္ဘောနစ်မြုပ်မှုသတင်းအဆက် – ရုရှားရေငုပ်သင်္ဘောနစ်မြုပ်ခြင်းနှင့် စပ်လျဉ်း၍ အမေရိကန်သင်္ဘောများက ထောက်လှမ်းရရှိသော အချက်အလက်များကို စက်တင်ဘာလ ၇ ရက်နေ့တွင် ရုရှားအရာရှိများသို့ ပေးအပ်ခဲ့သည်။ အမေရိကန်တို့၏ တွေ့ရှိချက်အရ တော်ပီဒိုပေါက်ကွဲမှုကြောင့် ၎င်းရေငုပ်သင်္ဘောနစ်မြုပ်ခဲ့ရသည်ဟု အခိုင်အမာဆိုထားသည်။ သို့ရာတွင် ရုရှားအရာရှိများက ၎င်းတို့၏ သင်္ဘောသည် နိုင်ငံခြားသင်္ဘောတစ်စင်းနှင့် တိုက်မိ၍ဟု ခံယူထားကြသည်။ တစ်ချိန်တည်းတွင်လည်း ရုရှားထောက်လှမ်းရေးအဖွဲ့နှင့် အောက်လွှတ်တော် စုံစမ်းရေးကော်မတီတို့၏ တွေ့ရှိချက်များအရ ကု(ရ်)(စ်)(က်) ရေငုပ်သင်္ဘောသည် ရုရှား၏အခြားသင်္ဘောတစ်စီးဖြစ်သည့် မဟာပီတာရေငုပ်သင်္ဘောက ပစ်လွှတ်လိုက်သောဒုံးကျည်ထိ မှန်၍ နစ်မြုပ်သွားခြင်းဖြစ်သည်ဟု ဆိုထားသည်။

အောက်တိုဘာလ ၂၀ ရက်နေ့တွင် မြုပ်နေသောသင်္ဘောမှ အလောင်းများကို စတင်ဆယ်ထုတ်ခဲ့သည်။ ၎င်းတို့၏ သင်္ဘောပေါက်ကွဲပြီးနောက် စစ်သည် ၂၃ ဦးတို့သည် သင်္ဘောပဲ့ပိုင်းရှိ စက်ခန်းထဲသို့ ပြောင်းရွှေ့စုဝေးခဲ့ကြသည်။ ၎င်း ၂၃ ဦးတို့ အကြောင်းကို အသက် ၂၇ နှစ်ရှိ အရာရှိ ငယ်တစ်ဦးရေးသားခဲ့သောစာမှ တစ်ဆင့်သိရှိရသည်။ ထို အရာရှိငယ်နှင့် အခြား ၂ ဦးတို့၏ အလောင်းများကို ဆယ်တင်ယူနိုင်ခဲ့သည်။ နောက်ဆုံးတွေ့ရှိချက်များအရ နစ်မြုပ်သွားသောသင်္ဘောမှ ပစ်လွှတ်ခဲ့သောတော်ပီဒိုသည် ၎င်းသင်္ဘော၏ ဦးပိုင်းကိုလွဲမှားစွာ ထိမှန်ပြီးနောက် သင်္ဘောတွင် တင်ဆောင်လာသည့် အခြား တော်ပီဒိုများကိုလည်း ပေါက်ကွဲသွားစေခဲ့သည်။ ဤသို့ဖြင့် သင်္ဘောမှာ နစ်မြုပ်သွားခဲ့ရကြောင်း ထင်ရှားပေါ်လွင်သွားသည်။ ထိုသင်္ဘောမှ အလောင်း ၁၂ လောင်းကိုသာ ဆယ်တင်နိုင်ခဲ့သည်။ ၎င်းသင်္ဘောအား ဆယ်တင်ရေးမှာ အန္တရာယ်များလွန်းသဖြင့် ကယ်တင်ရေးအစီအစဉ်ကို စွန့်လွှတ်ခဲ့သည်။

ပူတင်၏ နိုင်ငံခြားဆက်ဆံရေးများ – သမ္မတပူတင်သည် အောက်တိုဘာလ ၂ ရက်မှ ၅ ရက်နေ့အထိ အိန္ဒိယပြည်သို့ သွားရောက်ခဲ့သည်။ ၁၉၉၃ ခုနှစ်နောက်ပိုင်းတွင် ပူတင်သည် အိန္ဒိယသို့လည်ပတ်ခဲ့သော ရုရှားနိုင်ငံအကြီးအကဲဖြစ်သည်။ ပူတင်သည် ရုရှားနှင့်အိန္ဒိယတို့အကြား မဟာဗျူဟာမြောက် မဟာမိတ်ဖွဲ့မှုစာချုပ်ကို ပြုလုပ်နိုင်ခဲ့သည်။ အခြားနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်များလည်း ပြုလုပ်ခဲ့သည်။ ရုရှားထံမှအိန္ဒိယက လက်နက်ဝယ်ယူရေး ကန်ထရိုက်စာချုပ်များကို ချုပ်ဆိုခဲ့သည်။

ပူတင်သည် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ပြင်သစ်နိုင်ငံ၌ ကျင်းပသော ရုရှားနှင့် ဥရောပသမဂ္ဂ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ ချီချင်ညာအရေးနှင့် စပ်လျဉ်း၍ နိုင်ငံရေးအရ ဖြေရှင်းနည်းကို အရေးတကြီးရှာဖွေရန်လိုအပ်

ကြောင်း ရုရှားနှင့် ဥရောပသမဂ္ဂတို့၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ရုရှားမှ ဓာတ်ငွေ့၊ ရေနံနှင့် လျှပ်စစ်ဓာတ်အားများကို ဥရောပသမဂ္ဂသို့ တိုးချဲ့ရောင်းချပေးရေးတို့အတွက်လည်း ဆွေးနွေးညှိနှိုင်းခဲ့သည်။

ဦးခင်မောင်မြ

**လက်တင်အမေရိကနိုင်ငံများ။** ။ ၂၀၀၀ ပြည့်နှစ်အတွင်း ပြောင်းလဲတိုးတက်ဖြစ်ပေါ်ခဲ့သည့် လက်တင်အမေရိကရှိ နိုင်ငံအချို့၏အကြောင်းကို တစ်စုတဝေးဖတ်ရှုလေ့လာနိုင်ရန် အောက်တွင် အကျဉ်းချုပ်ရေးသားဖော်ပြပါသည်။

ဘရာဇီးနိုင်ငံ – ဘရာဇီးနိုင်ငံတွင် ဇန်နဝါရီလ ၃ ရက်နေ့က မိုးသည်းထန်၍ ရေလျှံမှုများဖြစ်ပွားရာ လေကြောင်း ခရီးစဉ်များ နှောင့်နှေးကြန့်ကြာခြင်းနှင့် ယာဉ်အသွားအလာ ပိတ်ဆို့မှုများ ကြုံတွေ့ကြရသဖြင့် နှစ်သစ်ကူးအကြို အိမ်ပြန်အနားယူသူ သန်းပေါင်းများစွာတို့မှာ အနှောက်အယှက်ဖြစ်ကြရသည်။ ရာသီဥတုဆိုးရွားမှုကြောင့် နိုင်ငံအရှေ့တောင်ပိုင်း ရီယိုပြည်နယ် ဒေသတွင် တရားဝင်စာရင်းအရ သေဆုံးသူ ၁၂ ဦးရှိပြီး နယ်ချင်းစပ်နေသော မိနာ့စ်ဂီရစ်ပြည်နယ်ဒေသများတွင် ရေဘေးဒုက္ခ ကြုံတွေ့ရသူ ထောင်ပေါင်းများစွာရှိကြသည်။ မီးနာ့စ်ဂီရစ် ပြည်နယ်များတွင် လဲပြိုကျနေသော သစ်ပင်များကြောင့် ကားလမ်းများပိတ်ဆို့နေပုံ၊ ကျေးလက်ဒေသများတွင် သုံးပေခန့်နက်သော ရေထဲတွင် အိမ်မွေးတိရစ္ဆာန်များနှင့် အဖိုးတန်ပစ္စည်းများ သယ်ယူနေကြသူများကို ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသသည်။ အသက်ကယ်လှေများဖြင့် တစ်အိမ်ဝင်တစ်အိမ်ထွက် သွားရောက်နေကြသော ကယ်ဆယ်ရေးလုပ်သားများ ပြောကြားချက်အရ အချို့နေရာများတွင် ရေအနက်ပေ ၂၀ မျှ ရှိနေပြီး ရေလျှံမှုမှာ တစ်နာရီ ၁၀ လက်မနှုန်း မြင့်တက်လာနေသည်။ ရေဘေးဒုက္ခကြောင့် အနည်းဆုံး လူ ၁၀၀၀၀ ထိခိုက်နေပြီး ဒေသ ၁၄ ခုတို့တွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ထားရသည်ဟုဆိုသည်။

ဘရာဇီးနိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များ၏ ပြည်ပ အသုံးစရိတ်မှာ ငွေကြေးတန်ဖိုး လျှော့ချမှုကြောင့် ၁၉၉၉ ခုနှစ်တွင် လျော့နည်းလာခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်တွင် များပြားလာပြန်သည်။ ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလမှ ဇွန်လအထိ အကြမ်းဖျင်း အသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၇ ဘီလီယံရှိရာ ၁၉၉၉ ခုနှစ် ပထမ ၆ လအတွင်း အသုံးစရိတ်ထက် ၂၃ ဒသမ ၈ ရာခိုင်နှုန်း ပိုလာခဲ့သည်။ ၁၉၉၉ ခုနှစ် ပထမ ၆ လတွင် အသုံးစရိတ်မှာ ၁ ဒသမ ၄၂ ဘီလီယံသာရှိခဲ့သည်ဟု ဘရာဇီးဗဟိုဘဏ်က ဇူလိုင်လ ၂၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၀၀ ပြည့်နှစ် ဇွန်လတွင် ဘရာဇီးနိုင်ငံသားများ ပြည်ပ သွား အသုံးစရိတ်မှာ ဒေါ်လာ ၃၆၂ သန်းရှိသည်။ ၁၉၉၉ ခုနှစ်၊ ဇွန်လက ဒေါ်လာ ၂၇၆ သန်း သုံးစွဲခဲ့သည်။ ပြည်ပရောက် ဘရာဇီးခရီးသည်များ အသုံးစရိတ်မှာ ၁၉၉၉ ခုနှစ်၊ ပထမ ၆ လ ကထက် ၃၆ ဒသမ ၃၈ ရာခိုင်နှုန်း တိုးလာခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ပထမ ၆ လက အမေရိကန်ဒေါ်လာ ၅၆၉ သန်းသုံးစွဲခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်၊ ပထမ ၆ လတွင် ၈၃၃ သန်းအထိ တိုးတက်သုံးစွဲခဲ့သည်။

ပြင်သစ်၊ ဂျာမနီ၊ ပေါ်တူဂီနှင့်စပိန်နိုင်ငံတို့မှ သိုးနှင့်ဆိတ်များ၊ အသားနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်သွင်းမှုကို ဘရာဇီးနိုင်ငံက နိုဝင်ဘာလ ၂၈ ရက်နေ့က ပိတ်ပင်လိုက်ခြင်းမှာ နွားရူးရောဂါကူးစက်မှု သတင်းများကြောင့်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြသည်။ ၁၉၉၆ ခုနှစ်မှစ၍ ဗြိတိန်နိုင်ငံအတွင်းရှိ ကျွဲ၊ နွား၊ တိရစ္ဆာန်များတွင် နွားရူးရောဂါဖြစ်ပွားမှုကို ဖော်ထုတ်တွေ့ရှိရပြီးနောက် ကျွဲ၊ နွား၊ သိုး နှင့် အခြားဘေးထွက်ပစ္စည်းများ ဥရောပနိုင်ငံများမှ တင်သွင်းခြင်းကို ဘရာဇီးနိုင်ငံက ရှောင်ကြဉ်ခဲ့သည်ဟု ဆိုသည်။

ကိုလံဘီယာ – ကိုလံဘီယာနိုင်ငံ ပီကိုတာအကျဉ်းထောင်တွင် ထောင်ကျနေသူ ဟန်နရီဘာမြူဒီဗီလာဆိုသူသည် အကျဉ်းကျနေစဉ်ကာလအတွင်း စီးပွားရေးလုပ်ငန်းရှင်များကို ခြိမ်းခြောက် ပြီး ငွေညှစ်မှုများပြုလုပ်၍ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် အာဏာပိုင်များက စွဲချက်တင်ခဲ့သည်။ ကိုလံဘီယာနိုင်ငံရှိ အကျဉ်းထောင်များတွင် သတ်ဖြတ်မှုကျူးလွန်ခြင်းနှင့် ခြိမ်းခြောက်ငွေညှစ်ခြင်းလုပ်ရပ်တို့မှာ ဖြစ်ရိုးဖြစ်စဉ်တစ်ရပ် ဖြစ်နေပြီး ထောင်ကို စောင့်ကြပ်သော ဝန်ထမ်းများအတွင်း အဂတိလိုက်စားမှုများ ရှိနေသဖြင့် ထောင်အတွင်းရှိ အခြားထောင်သားများထက် ပိုမိုချမ်းသာကြွယ်ဝသော ထောင်သားများက သူတို့စံမြန်းနေရသော အကျဉ်းစခန်းများကို အပိုင်စားရထားသော ပုဂ္ဂလိကပိုင်အလုပ်စခန်းများအဖြစ်သို့ ပြောင်းလဲနိုင်လောက်အောင်ပင် ထောင်အတွင်းအခြေအနေမှာ ယိုယွင်းလျက်ရှိနေသည်။

ဘာမြူဒီသည် သူ၏အလုပ်စခန်းသို့ စီးပွားရေးလုပ်ငန်းရှင်များကို ဆင့်ခေါ်ပြီး ရန်ပုံငွေထည့်ရန်ပြောသည်။ ငွေမထည့်ပါက အသတ်ခံရမည်ဟု ခြိမ်းခြောက်သည်။ ဘာမြူဒီခေါင်းဆောင်သောအဖွဲ့သည် ပြောက်ကျားအဖွဲ့အစည်းတစ်ခု၏အမည် သို့မဟုတ် ပြည်သူ့စစ်အုပ်စုတစ်ခု၏အမည်

နှင့် နဖူးစည်းစာတမ်းပါရှိသော စာရေးစက္ကူများကို အသုံးပြု ကာ စီးပွားရေးလုပ်ငန်းရှင်များထံ ရန်ပုံငွေတောင်းခံစာများ ပေးပို့ခဲ့သည်။ ယင်းငွေညှစ်ဂိုဏ်းသည် ရရှိငွေများကို ခွဲဝေယူ ကြပြီး ဘာမြူဒီတစ်ဦးတည်းကပင် ၁၉၉၈ ခုနှစ်မှစ၍ ပြုလုပ်ခဲ့သော ငွေညှစ်မှုများအတွက် အမေရိကန်ဒေါ်လာ နှစ်သန်းကျော် ဝင်ငွေရရှိခဲ့သည်။

ကိုလံဘီယာ မူးယစ်ဆေးဝါးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များသည် ကိုလံဘီယာနိုင်ငံအတွင်း လေယာဉ်နှစ်စင်းပေါ်မှ ကိုကင်း ၆၁ ဒသမ ၆ ကီလို ဖမ်းဆီးမိလိုက်ကြောင်း ကိုလံဘီယာ စစ်ဘက်အာဏာပိုင်များက ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ပြောကြားသည်။ ကိုလံဘီယာနှင့်ဘရာဇီးနယ်စပ် ဖောပေးဒေသ၌ လေယာဉ်နှစ်စင်းကို ရှေ့မှရပ်တန့်စေပြီး ဖမ်းဆီးနိုင်ခဲ့၍ အခြား လေယာဉ်တစ်စင်းကိုမူ အလယ်ပိုင်း အီးလ်မီတာဒေသရှိဗီလာ ဗီစင်ယိုလေဆိပ်တွင် ဖမ်းဆီးမိလိုက်ခြင်းဖြစ်သည်။ လေယာဉ်တစ်စင်းမှရရှိသော မူးယစ်ဆေးဝါးပမာဏကိုမူ အာဏာပိုင် များက ထုတ်ဖော်ပြောကြားခြင်းမပြုသည့်အပြင် လူမည်မျှ ဖမ်းဆီးမိလိုက်သည်ကိုလည်း မပြောဘဲထားသည်။

ကိုလံဘီယာနိုင်ငံသို့ စစ်ရေးအကူအညီအများစုဖြစ်သော အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ အကူအညီပေးမည့် အမေရိကန်ပြည်ထောင်စု၏ အကူအညီကို ကုလသမဂ္ဂ မူးယစ် ဆေးဆန့်ကျင်ရေး ထိပ်တန်းအရာရှိတစ်ဦးက ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ပြစ်တင်ဝေဖန်လိုက်ပြီး ထမင်းလုတ်ထက် တုတ်ချက်က အဆမတန်များနေသည်ဟုပြောသည်။ ကိုကင်းနှင့် ဘိန်းဖြူအပြင် မာကွ(စ်)ဝါဒီသူပုန်များ ထွက်ရှိနေမှုကို ကိုလံ ဘီယာနိုင်ငံက တိုက်ခိုက်ရန်ပြင်ဆင်ရာတွင် ကိုလံဘီယာ နိုင်ငံအား အကူအညီပေးရန် သမ္မတ ကလင်တန် တင်သွင်း ထားသောအဆိုကို အမေရိကန်ကွန်ဂရက်လွှတ်တော်က အကြိတ်အနယ်ဆွေးနွေးလျက်ရှိသည်။ သို့ရာတွင် ဝေဖန် ပြစ်တင်မှုများက ကိုလံဘီယာနိုင်ငံအား တစ်လုံးတစ်ခဲတည်း အကူအညီပေးမှုတွင် ကိုလံဘီယာနိုင်ငံ ၏ လူမှုရေးပြဿနာ များကို သက်သာစေဖို့ မပါသလောက် ဖြစ်ကြောင်း၊ ထိုသို့ပေးသောအကူအညီက အမေရိကန် ပြည်ထောင်စုကို လွန်ခဲ့သော ၁၀ နှစ်အတွင်း လူ့အသက်ပေါင်း ၃၅၀၀၀ ကို သေဆုံးခဲ့ရသည့် ရေရှည်စစ်ပွဲကြီးကို ဆင်နွှဲဖို့ဖြစ်စေလိမ့် မည်ဖြစ်ကြောင်း ဝေဖန် ပြောဆိုကြသည်။ ယခုကဲ့သို့ အလုံးအရင်းဖြင့် အကူအညီပေးခြင်းသည် ထမင်းလုတ်ထက် တုတ်ချက်က အဆမတန်များနေကြောင်း၊ တုတ်ချက်ကို မိမိတို့မဆန့်ကျင်သော်လည်း ထမင်းလုတ်အချိုးအစားကို မိမိတို့တိုးမြှင့်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂ မူးယစ် ဆေးထိန်းချုပ်မှု အစီအစဉ်အကြီးအကဲ ကလောစ်နီဟုမ်က ပြောကြားသည်။ လွန်ခဲ့သောအပတ်က စီအိုင်အေထုတ်ပြန်သော ကိန်းဂဏန်းများတွင် ကိုလံဘီယာနိုင်ငံသည် ယခင်နှစ်က ကိုကင်းတန် ၅၂၀ ခန့် ထုတ်လုပ်ခဲ့ပြီး တရားမဝင်မူးယစ်ဆေးပင် များကို ၂၀ ရာခိုင်နှုန်းတိုးစိုက်ခဲ့သည်ဟု ဖော်ပြထားသည်။ ကိုလံဘီယာတပ်ဖွဲ့ဝင်များသည် နိုင်ငံတောင်ဘက်ပိုင်းရှိ ကိုကင်းချက်စက်ရုံ (၉) ရုံကို ဖျက်ဆီးခဲ့ပြီး သံသယရှိသူ လေးဦးကို ဖမ်းဆီးထားကြောင်း ကိုလံဘီယာ အမျိုးသား ရေတပ် ဗိုလ်ချုပ်ကြီး ဆာဂီယိုဂါစီယာက သတင်းစာရှင်း လင်းပွဲ၌ ပြောကြားသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ကိုကာရွက် ၁၂ တန် ဖျက်ဆီးပြီး၊ ကိုကင်းရည်ဂါလန် ၅၁၀၀ ကို သိမ်းဆီး၍ ပူတူမာယိုတောတွင်းဒေသတွင် မတ်လ ၈ ရက် နေ့မှစ၍ သုံးရက်ကြာ မူးယစ်ဆေးဝါးနှိမ်နင်းရေး စစ်ဆင်မှု ပြုရာတွင် ကိုကင်းချက်စက်ရုံကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ပီရူး နိုင်ငံ သားတစ်ဦးနှင့် အီကွေဒေါနိုင်ငံသားတစ်ဦးအပါအဝင် ဖမ်းဆီးခံရသူလေးဦးကို တရားရေးဌာနသို့ လွှဲအပ်ပြီး ဆက်လက်ထိန်းသိမ်း ချုပ်နှောင်ထားခဲ့သည်။

ကိုလံဘီယာနိုင်ငံသည် တစ်နှစ်လျှင် ကိုကင်း ၄၆၄ တန် ထုတ်လုပ်လျက်ရှိရာ အမေရိကန်ဒေါ်လာ ၃၅၇၄ သန်း တန်ဖိုးရှိကြောင်း၊ အမျိုးသားဘဏ္ဍာရေးအဖွဲ့အစည်းများအသင်း (အေအင်အိုင်အက်ဖ်) က မတ်လ ၂၀ ရက်နေ့တွင် ကြေညာ ခဲ့သည်။ ယင်းကိုကင်းရောင်းချမှုမှ ရရှိသောငွေပမာဏသည် ရေနံတင်ပို့ရောင်းချမှုမှရရှိသောဝင်ငွေနှင့် ကော်ဖီတင်ပို့ ရောင်းချမှုမှရရှိသော ဝင်ငွေပမာဏထက် သုံးဆပိုပြီး လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့ရောင်းချမှုမှရရှိသော ငွေ ပမာဏ စုစုပေါင်း၏ ၄၁ ရာခိုင်နှုန်းရှိသည်။ ကိုလံဘီယာ၏ ကိုကင်းပို့ကုန်သည် ၁၀ နှစ်အတွင်း နှစ်ဆတိုးလာသည်ဟု အမေရိကန်နိုင်ငံခြားရေးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။ ကိုလံဘီယာနိုင်ငံ၏ ကိုကင်းမှောင်ခိုပစ္စည်း တင်ပို့ရောင်းချမှုသည် ကမ္ဘာ့ကိုကင်းသုံးစွဲမှု၏ ၈၅ ရာခိုင်နှုန်းဖြစ်သည်။ အမေရိကန် ပြည်ထောင်စုက တင်သွင်းနေဆဲဖြစ်သော ဆေးခြောက်ပမာဏ၏ ၃၅ ဒသမ ၇ ရာခိုင်နှုန်းရှိသည် စသည်ဖြင့် ကြေညာချက်၌ ဖော်ပြထားသည်။

ကိုလံဘီယာနိုင်ငံ၏ ပဋိပက္ခမှုများတွင် ငြိမ်းချမ်းရေးကို ပိုမိုရှင်သန်လာစေပြီး နိုင်ငံရေး ထောက်ခံမှုပေးကြရန် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အား ကိုလံဘီယာ သမ္မတ အင်ဒရက်စ်ပက်စ်တရာနာက ၁၃ ကြိမ်မြောက် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ ဝန်ကြီးအဆင့်ညီလာခံအဖွင့်၌ ဧပြီလ ၈ ရက်နေ့တွင် မေတ္တာရပ်ခံခဲ့သည်။ ပြန်လည်ပေါင်းစည်း ရေးလုပ်ငန်းစဉ်ကို ပို၍ပြင်းပြင်းထန်ထန်လုပ်ရန် မိမိတို့ စီစဉ်သောအခါ မိတ်ဆွေနိုင်ငံများ၏ ထောက်ခံမှုနှင့်

လုပ်ငန်းလွယ်ကူ အဆင်ပြေစေမှု လိုအပ်ပါသည်။ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့နှင့် ဖိုရမ်သို့ တက်ရောက်လျက်ရှိသော အခြားနိုင်ငံများ၏ ထောက်ခံမှုရမည်ဟု မိမိယုံကြည်မျှော်လင့်ပါသည်။ ကိုလံဘီယာနိုင်ငံ၏ ပဋိပက္ခဖြေရှင်းချက်မှာ နိုင်ငံတကာအကျိုးစီးပွားဖြစ်ပါသည်။ စည်းလုံးညီညွတ်မှုမှာ အမျိုးသားပြည်လည်သင့်မြတ်ရေးကို ရှာဖွေရာ၌ အဖိုးတန်သော အားတက်စရာပင်ဖြစ်သည်။ ကိုလံဘီယာနိုင်ငံ၏ သက်တန်းအရင့်ဆုံး သူပုန်အုပ်စု၊ တော်လှန်သော ကိုလံဘီယာလက်နက်ကိုင်တပ်များနှင့် ပြန်လည်စေ့စပ်ဆွေးနွေးသွားမည် စသည်ဖြင့် ကိုလံဘီယာ သမ္မတက ပြောကြားခဲ့သည်။

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့တော်ရှိ အမေရိကန်သံရုံးရှေ့တွင် ထောင်ပေါင်းများစွာသော အလုပ်သမားနှင့် ကျောင်းသားများက ရဲများကို ခဲများဖြင့်ပစ်ပေါက်ခြင်း၊ အမေရိကန်သမ္မတကလင်တန်နှင့်ကိုလံဘီယာသမ္မတတို့၏ ပုံတူရုပ်ပုံကားချပ်များကို မီးရှို့ခြင်းများ ဩဂုတ်လ ၃၀ ရက်နေ့က ပြုလုပ်ပြီး ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြပွဲတွင် ရဲတပ်အဖွဲ့ဝင်တစ်ဦးသေဆုံးသွားခဲ့သည်။ ကိုလံဘီယာနိုင်ငံသို့ ဩဂုတ်လ ၃၀ ရက်နေ့က သမ္မတကလင်တန် လာရောက်ခြင်းကို ဘိုဂိုတာ တက္ကသိုလ်၌ တက္ကသိုလ်ကျောင်းသားများက ဆန္ဒပြခဲ့ကြသည်။ မျက်နှာဖုံးစွပ်ထားသော ကျောင်းသားများက နံပါတ်တုတ်ကိုင်ထားသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ခိုက်ရန်ဖြစ်ပွား၍ အသက် ၁၈ နှစ် အရွယ်ရဲဘောတစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားသည်။ ခရီးသည်တင် ဘတ်စ်ကားတစ်စီးကို ဆန္ဒပြကျောင်းသားများက မီးရှို့ဖျက်ဆီးကြသည်။ ကိုလံဘီယာနိုင်ငံ၏ အဓိက အလုပ်သမားအဖွဲ့နှင့် ကျောင်းသားအုပ်စုများသည် မကြာမီက အတည်ပြုခဲ့သော အမေရိကန်ပြည်ထောင်စု၏ ဒေါ်လာ သန်း ၁၃၀၀ အကူအညီပေးရေးအစီအစဉ်မှာ ကိုလံဘီယာ ပြောက်ကျား စစ်ပွဲကို ကြာရှည်သွားစေမည့်အကူအညီဖြစ်သည်ဟု ယူဆကြသည်။ ယင်းစစ်ပွဲကြောင့် ၁၀ နှစ်အတွင်း ပြည်သူ ၃၅၀၀၀ ကျော် သေဆုံးခဲ့ရသည်။

ကိုလံဘီယာ အစိုးရနှင့် ကိုလံဘီယာ အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့ ပြောက်ကျားများ ငြိမ်းချမ်းရေးဆွေးနွေးပွဲနေရာဒေသတွင် နိုင်ငံတကာနှင့် အမျိုးသားကြီးကြပ်သူများက အနီးကပ်စောင့်ကြပ် ထိန်းချုပ်သွားမည်ဖြစ်ကြောင်း ကိုလံဘီယာသမ္မတ အန်ဒရီပါစထရာဒါက ဘိုဂိုတာမြို့တော်၌ ပြောကြားကြောင်း ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ ကိုလံဘီယာအစိုးရနှင့် ပြောက်ကျားအဖွဲ့တို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ တည်နေရာနှင့်ပတ်သက်၍ သွေးထွက်သံယိုမှုမရှိရန် ငြိမ်းချမ်းရေးတပ်ဦးနှင့် အမျိုးသားငြိမ်းချမ်းရေးကောင်စီတို့က ထောက်ခံကြောင်း သမ္မတပါစထရာဒါက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အစိုးရနှင့် သူပုန်တို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ မကျင်းပမီ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပသွားနိုင်ရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပမည့် အပစ်အခတ်ရပ်စဲရေးဇုန် နယ်အတွင်းရှိ နေရာဌာနကို မဖော်ပြဘဲထားရှိကြောင်း သမ္မတ ပါစထရာဒါက ပြောကြားသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပသွားနိုင်ရေးအတွက် ပြည်တွင်းအင်အားစုအားလုံးတို့အပြင် နိုင်ငံတကာ ပူးပေါင်းပါဝင်မှု လိုအပ်မည်ဖြစ်ကြောင်း ကိုလံဘီယာနိုင်ငံ၏ မိတ်ဖက်နိုင်ငံများဖြစ်ကြသော ကျူးဘား၊ စပိန်၊ ပြင်သစ်၊ နော်ဝေနှင့် ဆွစ်ဇာလန်နိုင်ငံတို့၏ ထောက်ခံမှုရရှိထားကြောင်း သမ္မတ ပါစထရာဒါက အရိပ်အမြွက်ပြောကြားသည်။

ကျူးဘား - ဟားဗားနားတွင်ရှိနေသော အမေရိကန်ပြည်ထောင်စု၏ လုပ်ငန်းအဖွဲ့အစည်းများတွင် သူလျှိုများရှိကြောင်း အမေရိကန်ပြည်ထောင်စုကို သမ္မတ ကက်စထရို၏ အစိုးရအဖွဲ့က ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ပြန်လည်စွပ်စွဲတိုက်ခိုက်လိုက်ပြီး အမေရိကန်မှနှင်ထုတ်ခြင်းခံရသော ကျူးဘားသံတမန်နှင့်ပတ်သက်၍ ကာကွယ်လိုက်သည်။ ကက်စထရို၏အစိုးရအတွက် သူလျှိုလုပ်ပေးသူဟု စွပ်စွဲထားသူနှင့် ကျူးဘားအကျိုးစီးပွားဆိုင်ရာဌာနမှ အရာရှိတစ်ဦးဖြစ်သူ ကျူးဘားသံတမန်သည် သူလျှိုအလုပ်ကို ပူးပေါင်းလုပ်ကိုင်သည်ဟု အခိုင်အမာပြောဆိုထားသည်။ အမေရိကန်ပြည်ထောင်စုကို ကျူးဘားနိုင်ငံက စိန်ခေါ်လိုက်သည်။ ဝါရှင်တန်ရှိ ကျူးဘားသံတမန်အဖွဲ့ကို ကက်စထရို၏ တိကျသော လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ သူလျှိုလုပ်ရန်မည်သည့်အခါကမျှ အသုံးမချခဲ့ကြောင်း ကျူးဘားကွန်မြူနစ်ပါတီမှ ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြထားသည်။ ထို့ပြင် ဟားဗားနားရှိ အမေရိကန်အကျိုးစီးပွားဌာနတွင် စီအိုင်အေ များနှင့် အခြားသူလျှိုများဖြင့် ပြည့်နှက်နေပြီး ကျူးဘားကို သူလျှိုလုပ်နေကြောင်း၊ ကက်စထရို ဆန့်ကျင်ရေး ပြည်တွင်းအတိုက်အခံများအတွင်းရှိ ကြေးစားများကို ညွှန်ကြားနေကြောင်း ကြေညာချက်တွင် စွပ်စွဲဖော်ပြထားသည်။ အမေရိကန်လူဝင်မှုကြီးကြပ်ရေးဌာနမှ အဆင့်မြင့် အရာရှိဖြစ်သူ မာရီယာနိုဖာဂက်ကို သူ၏ ဇာတိနိုင်ငံဖြစ်သော ကျူးဘားနိုင်ငံအတွက် သူလျှိုလုပ်ပေးမှုဖြင့် အက်ဖ်ဘီအိုင်က လွန်ခဲ့သောအပတ်အတွင်း ဖမ်းဆီးလိုက်ရာမှ အမေရိကန် ကျူးဘားသူလျှိုလုပ်မှု စွပ်စွဲချက်များ ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်သည်။

ကျူးဘားသံတမန်ကိုသူလျှိုဟုအမေရိကန် ပြည်ထောင်စုက စွပ်စွဲခြင်းမှာ ကြီးမားသော လိမ်ညာမှုကြီးသာဖြစ်သည်ဟုဆိုကာ ကျူးဘားက ကာကွယ်လိုက်ပြီး ယင်းသံတမန်မှာ အပြစ်မရှိကြောင်း အစစ်ဆေးခံရန် အသင့်ရှိသည်ဟု ပြောကြားလိုက်သည်။ ဝါရှင်တန်ရှိ ကျူးဘားအကျိုးစီးပွားဌာနမှ ဒုတိယကောင်စစ်ဝန် ဂျို့စ်အင်ပီရာတိုရီအား မကြာမီ ထွက်ခွာသွားရန် အမေရိကန်အစိုးရက အမိန့်ထုတ်ထားသည်။ အမိန့်အတိုင်း ကျူးဘားက မဆောင်ရွက်လျှင် ယင်းသံတမန်ကို ဖမ်းဆီးရမည်ဟု အမေရိကန်အရာရှိများက ပြောကြားသည်။ ကျူးဘားနိုင်ငံ၌ မွေးဖွားခဲ့သူ အမေရိကန် လူဝင်မှုကြီးကြပ်ရေးအရာရှိ မာရီယာနီဖာဂတ်နှင့် အင်ပီရာ တိုရီက ဆက်သွယ်ကြောင်း၊ အမေရိကန်အာဏာပိုင်များကစွပ်စွဲ၍ မာရီယာနီဖာဂက်အား ဟားဗားနားအတွက် သူလျှိုလုပ်မှုဖြင့် ဖမ်းဆီးထားသည်။ အင်ပီရာတိုရီသည် လုံးဝအပြစ်ကင်းစင်ကြောင်း စွပ်စွဲချက်မှာ လိမ်ညာမှုကြီးသာဖြစ်ကြောင်း၊ ကမ္ဘာအနှံ့ ပျံ့သွားပြီဖြစ်သော ယင်းသူလျှိုစွပ်စွဲမှုနှင့်ပတ်သက်၍ အပြစ်ကင်းကြောင်း၊ အမေရိကန် အစိုးရကကြေညာပေးရန်ဖြစ်ကြောင်း ကျူးဘားသတင်းစာ ဂရန်မာက ရေးသားသည်။

ကျူးဘားသံတမန် ဂျိုးဇက်အင်ပီရာတိုရီသည် ရာထူးမှ နှုတ်ထွက်၍ သူလျှိုဟု စွပ်စွဲထားခြင်းကို ဖေဖော်ဝါရီလ ၂၃ ရက်နေ့က စတင်ပြီး အစာငတ်ခံ ဆန္ဒပြခဲ့သည်။ ယုတ္တိမတန်သော စွပ်စွဲချက်ဖြစ်ကြောင်းပြသရန် သံတမန်အမ်ပီရာတိုရီအား ဝါရှင်တန်၌ပင် နေမြဲနေရန် မေတ္တာရပ်ခံမည်ဟု ကျူးဘားအစိုးရကကြေညာခဲ့သည်။ အမ်ပီရာတိုရီ တိုင်းပြည်မှ ထွက်ခွာ မသွားလျှင် သံတမန်ကင်းလွတ်ခွင့် ဆုံးရှုံးမည်ဖြစ်ပြီး အမေရိကန် တရားဥပဒေအရ အရေးယူခံရမည်ဖြစ်သည်။ ဖမ်းဆီးရန် အကြောင်းရှိလျှင် ဖမ်းဆီးမည်ဟု အမေရိကန် နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

ကျူးဘားနှင့် ဗီယက်နမ်နိုင်ငံတို့သည် ဆောက်လုပ်ရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ အားကစားကဏ္ဍနှင့် သိပ္ပံနှင့် နည်းပညာကဏ္ဍတို့တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပိုမို တောင်တင်းအောင် ဆောင်ရွက်သွားမည် သဘောတူညီချက်လေးရပ်ကို ပြေီလ ၉ ရက်နေ့တွင် ဟားဗားနားမြို့၌ လက်မှတ်ရေးထိုးကြသည်။ ကျူးဘားသမ္မတ ဖီဒဲလ်ကက်စထရိုနှင့် ဗီယက်နမ်သမ္မတ ထရန်ဒက်လွန်တို့သည် နှစ်နိုင်ငံကိစ္စရပ်များ လာမည့် ၇၇ နိုင်ငံအုပ်စု (ဂျီ ၇၇) တောင်ဘက်ခြမ်း ထိပ်သီးအစည်းအဝေး၌ တင်ပြမည့် သဘောထားရပ်တည်ချက်ကိစ္စများ နှင့်ပတ်သက်၍ ပြေီလ ၉ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ပြေီလ ၉ ရက်နေ့ နံနက်ပိုင်းက ရောက်ရှိလာသော ဗီယက်နမ်သမ္မတ ထရန်ဒက်လွန်အား ဟားဗားနားမြို့ တော်လှန်ရေးရင်ပြင်တွင် ကျူးဘားသမ္မတကက်စထရိုက ကောဇောနီခင်း၍ ကြိုဆိုခဲ့သည်။ ထို့နောက် နှစ်နိုင်ငံခေါင်းဆောင် များ ဆက်လက်ဆွေးနွေးကြသည်။ ကျူးဘားသမ္မတ လိုက်ပါလျက် ဗီယက်နမ်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို လိုက်လံစစ်ဆေးသည်။

ကျူးဘားလူမျိုး ၁၅၀၀၀ ခန့်တို့သည် ကျူးဘားနိုင်ငံအား နှစ်ပေါင်း ၄၀ ကြာ ပိတ်ပင်အရေးယူမှုများကို အဆုံးသတ်ပေးရန် အမေရိကန်ပြည်ထောင်စုအား တောင်းဆိုရင်း၊ အမေရိကန်ပိုင်နက် နယ်မြေအတွင်းသို့ တရားမဝင်ခိုးဝင်လာသူများအား ထောက်ခံအားပေးနေသည့် အမေရိကန်ဥပဒေကို ပြစ်တင်ဝေဖန်ဆန္ဒပြမှု ဟားဗားနားမြို့တွင် ဩဂုတ်လ ၁၉ ရက် နေ့က ပြုလုပ်ခဲ့သည်။ ကုန်သွယ်ရေးအရ ပိတ်ပင်ထားမှုကြောင့် ကျူးဘားနိုင်ငံက အမေရိကန်ဒေါ်လာသန်း ၇၀၀၀၀ ခန့် နစ်နာဆုံးရှုံးခဲ့ရသည်ဟု ကျူးဘားအာဏာပိုင်များက ပြောကြားသည်။ ယင်းဆန္ဒပြပွဲတွင် တက်ရောက်မိန့်ခွန်းပြောသူ များက ကျူးဘားလူမျိုးများ ကျူးဘားမှ ထွက်ခွာရန် ထောက်ခံအားပေးသော ကျူးဘားဆိုင်ရာ အမေရိကန်ဥပဒေသည် လုပ်ကြံသတ်ဖြတ်သောဥပဒေ ဖြစ်ရုံသာမက ပြစ်မှုမြောက်သော ဥပဒေလည်းဖြစ်ကြောင်း ရှုတ်ချပြောကြားကြသည်။ အမေရိကန်ပြည်ထောင်စုတွင် ၁၉၉၆ ခုနှစ်မှစ၍ အတည်ပြုပြဋ္ဌာန်းခဲ့သော ကျူးဘားဆိုင်ရာ ပြင်ဆင်မှုဥပဒေသည် အမေရိကန်ပြည်ထောင်စုပိုင်နက် နယ်မြေတွင် အခြေချနေထိုင်လိုသူ မည်သည့်ကျူးဘားနိုင်ငံသားကိုမဆို ခွင့်ပြုပြီး အလုပ်အကိုင်ရရှိရေး ခွင့်ပြုချက်ထုတ်ပေးသော ဥပဒေဖြစ်သည်။

ဟားဗားနားမြို့အရှေ့ဘက် ကီလိုမီတာ ၄၆၀ အကွာရှိ ဖလော်ရန်စီယာမြို့တွင် ကျူးဘားနိုင်ငံသား ၁၅၀၀၀ ကျော် စက်တင်ဘာလ ၉ ရက်နေ့က အမေရိကန်မူဝါဒကို ဆန့်ကျင်ဆန္ဒပြဆောင်ရွက်ရာ၌ ကျူးဘားဒုတိယသမ္မတ ရောလ်ကက်စ် ထရိုက ဦးဆောင်ခဲ့သည်။ ကျူးဘားနိုင်ငံတွင် ၁၉၅၉ ခုနှစ်က အာဏာရရှိလာသော ကွန်မြူနစ်ဝါဒီသမ္မတ ဖီဒဲလ်ကက်စထရိုအား ဖြုတ်ချရန် ရည်ရွယ်ကာ အမေရိကန်ပြည်ထောင်စုက ကျူးဘားနိုင်ငံအပေါ် ပိတ်ဆို့မှုများကို ပြဋ္ဌာန်းကျင့်သုံးခဲ့သည်။ သို့ရာတွင် ၁၉၉၄ ခုနှစ်နှင့် ၁၉၉၅ ခုနှစ်တွင် နှစ်နိုင်ငံချုပ်ဆိုသော လူဝင်မှုကြီးကြပ်ရေး သဘောတူညီချက်အရ ကျူးဘားနိုင်ငံသား ၂၀၀၀၀ ကို အမေရိကန်ပြည်ထောင်စုသို့ တရားဝင်လာရောက်ခြင်းအား ခွင့်ပြုခဲ့သည်။

ပီရူးနိုင်ငံ – ပီးရူးနိုင်ငံ ကွန်ဂရက်လွှတ်တော် ဥက္ကဋ္ဌ ဗာလင်တင် ပါနီယာဂွာသည် ပီရူးနိုင်ငံ၏ ကြားဖြတ် သမ္မတအဖြစ် နိုဝင်ဘာလ ၂၂ ရက်နေ့က ကျမ်းသစ္စာ ကျိန်ဆိုသည်။ သမ္မတ ဖူဂျီမိုရီမှာ စိတ်တတ်ရေးရာအရ သမ္မတတာဝန်နှင့် မသင့်လျော်ဟု ကြေညာပြီးနောက် လွှတ်တော်က သမ္မတ ရာထူးမှ ဖယ်ရှားလိုက်ပြီး လွှတ်တော် ဥက္ကဋ္ဌအား ကြားဖြတ် သမ္မတအဖြစ် တင်မြှောက်လိုက်ခြင်း ဖြစ်သည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဟာဗီယာ ပဲရက်စ်ဒေကွေးလျားအား ကြားဖြတ်သမ္မတက ဝန်ကြီးချုပ် အဖြစ် ခန့်အပ်လိုက်သည်။

ပီရူးနိုင်ငံတွင် နိုင်ငံရေးအကျပ်အတည်း ကြုံတွေ့နေရစဉ် စစ်ဘက်မှ ထောက်ခံမှုရရှိစေရန် ကြည်း၊ ရေ လေတပ်ဖွဲ့ များပါဝင်သော လက်နက်ကိုင်တပ်ဖွဲ့ အကြီးအကဲများကို သမ္မတ ဖူဂျီမိုရီက အစားထိုး ခန့်အပ်ခဲ့သည်။ ပီးရူးနိုင်ငံ အကျဉ်းအကျပ်ထဲ ကျရောက်နေချိန်တွင် ဖူဂျီမိုရီသည် ပြုပြင်ပြောင်းလဲရေးသမားတစ်ဦးအနေဖြင့် ၁၉၉၀ ပြည့်နှစ်က ပီးရူးနိုင်ငံသမ္မတ ဖြစ်လာခဲ့သည်။ ရာထူးသက်တမ်း ကြာလာသည်နှင့်အမျှ ကိုင်တွယ်ပုံ ပိုမိုပြင်းထန်လာပြီး စိတ်မထင်လျှင် မထင်သလို လုပ်လာသည်။ ၂၀၀၁ ခုနှစ်၊ ဇူလိုင်လတွင် သမ္မတအဖြစ်မှ နုတ်ထွက်မည်ဟုကြေညာသည်။ စက်တင်ဘာလတွင် ဖူဂျီမိုရီ သမ္မတအဖြစ်မှအနားယူရန် ပြင်ဆင်နေပြီဟု ပီးရူးနိုင်ငံသားများက ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ကြသည်။ သမ္မတ၏ လက်ထောက် ပီးရူးနိုင်ငံ ထောက်လှမ်းရေး အကြီးအကဲ ဗလာဒီမွန်တက်စိန်က ကွန်ဂရက်လွှတ်တော် အမတ်တစ်ဦးအား လာဘ်ထိုးနေသည်ကို ဗီဒီယိုရိုက်ကူးပြီး ထုတ်လွှင့် ပြသခဲ့ရာမှ သမ္မတ၏ အရှုပ်အထွေးပေါ်ပေါက်ခဲ့၍ ပြဿနာ စတင်ခဲ့ရသည်။

ပီးရူးနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲသစ်ကို အမြန်ဆုံး ကျင်းပမည်ဟု သမ္မတ ဖူဂျီမိုရီက စက်တင်ဘာလ ၁၆ ရက်နေ့ တွင် ကြေညာခဲ့သည်။ ဖူဂျီမိုရီ၏ အကြံပေးပုဂ္ဂိုလ်ဖြစ်သူ ထောက်လှမ်းရေးအကြီးအကဲ ဗလာဒီမွန်တက်စိန်က အတိုက်အခံလွှတ်တော် အမတ်တစ်ဦးအား လာဘ်ငွေပေး နေပုံ ဗီဒီယို မှတ်တမ်းကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသပြီး နှစ်ရက်အကြာတွင် ရွေးကောက်ပွဲသစ် ကျင်းပရန် ကြေညာ လိုက်ခြင်းဖြစ်သည်။ ယင်းကြေညာချက်ကို အတိုက်အခံဘက် ထောက်ခံသူများက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြသည်။ နိုင်ငံရေး သစ္စာခံမှု ပြောင်းလဲစေရန် ကွန်ဂရက်လွှတ်တော် အတိုက်အခံ အမတ်အား ထောက်လှမ်းရေးအကြီးအကဲက လာဘ်ငွေပေးခဲ့ခြင်း ဖြစ်သည်ဟု ဗီဒီယိုခွေ၌ ဖော်ပြထား သည်။ ကျင်းပမည့်ရွေးကောက်ပွဲတွင် မိမိပါဝင်ယှဉ်ပြိုင် တော့မည် မဟုတ်ကြောင်း အမျိုးသားထောက်လှမ်းရေး အဖွဲ့ကို ဖျက်သိမ်းလိုက်ပြီး ပြန်လည် ဖွဲ့စည်းစေမည်ဖြစ် ကြောင်း သမ္မတ ဖူဂျီမိုရီက ရုပ်မြင်သံကြား မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

မိမိသည် ၄၈ နာရီအတွင်း ရာထူးမှ နုတ်ထွက်မည်ဟု ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိနေစဉ် နိုဝင်ဘာလ ၂၀ တွင် ဖူဂျီမိုရီက ထုတ်ပြန်ကြေညာခဲ့သည်။ ဖူဂျီမိုရီသည် ဘရူနိုင်း နိုင်ငံမြို့တော် ဘန်ဒါဆရီ ဆရီဘီကာဝန်၌ ကျင်းပသော အေပက် ထိပ်သီးဆွေးနွေးပွဲမှအပြန် ဂျပန်နိုင်ငံသို့ နိုဝင်ဘာလ ၁၉ ရက်နေ့က ရောက်ရှိလာခဲ့သည်။ ပီရူးပါလီမန်က ဖူဂျီမိုရီအား သမ္မတ ရာထူးမှ ထုတ်ပယ်ကာ စိတ်တတ်ရေးအရ မပြည့်သူ အဖြစ် ကြေညာခဲ့ပြီးနောက် ဖူဂျီမိုရီ၏နေရာတွင် အစားထိုးရန် ပီးရူးနိုင်ငံ၏ ယာယီသမ္မတအဖြစ် ပီးရူးကွန်ဂရက်လွှတ်တော် ခေါင်းဆောင် ဗာလင်တင်ပါနီယာဂွာက ကျမ်းသစ္စာ ကျိန်ဆို ခဲ့သည်။ ဖူဂျီမိုရီ အုပ်ချုပ်စဉ်ကာလအတွင်း သဘောထား အလယ်အလတ်ရှိပြီး အတိုက်အခံအဖွဲ့ဝင်ဖြစ်သူ ပါနီယာ ဂွာသည် ၂၀၀၁ ခုနှစ် ဧပြီလတွင် ကျင်းပမည့် ပီရူး ရွေးကောက် ပွဲကာလအထိ ပီရူးနိုင်ငံ၏ ယာယီသမ္မတအဖြစ် တာဝန် ထမ်းဆောင်ရမည်ဖြစ်သည်။ ရွေးကောက်ပွဲတွင် အနိုင် ရရှိသူအား ဇူလိုင်လ ၂၈ ရက်နေ့တွင် သမ္မတရာထူး လွှဲပြောင်း ပေးအပ်မည်ဖြစ်သည်။

ဖူဂျီမိုရီအား အဂတိလိုက်စားမှုဖြင့် စွဲချက်တင်ပြီး ရုံးတင် စစ်ဆေးရန် ပီရူးထိပ်တန်း တရားသူကြီးတစ်ဦးက နိုဝင် ဘာလ ၂၅ ရက်နေ့က လီမာမြို့တွင် အစိုးရအား တိုက်တွန်း ခဲ့သည်။ ပီရူးအစိုးရအဖွဲ့သစ်သည် ပူးတွဲစစ်ဦးစီးချုပ် အပါအဝင် ထိပ်တန်း ဗိုလ်ချုပ်ကြီးများအား ရာထူးမှ ဖယ်ရှားလိုက်ပြီး အလယ်အလတ်ဝါဒီ ၁၆ ဦးပါဝင်သော ဝန်ကြီးအဖွဲ့သစ်ကို ဖွဲ့စည်းအပြီးတွင် စစ်အရာရှိကြီးများအား အစိုးရက အပြောင်း အလဲ ပြုလုပ်ခဲ့သည်။

ဂျပန်နိုင်ငံသည် သမ္မတ ဖူဂျီမိုရီ၏ ဘိုးဘွားများ နေထိုင်ရာ မြေ ဖြစ်ခဲ့သည်။ အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရသူ ဖူဂျီမိုရီ သည် ဂျပန်နိုင်ငံတွင် ခိုလှုံခွင့် တောင်းခံမည်လားဟု မကြာမီ က ထင်ကြေးပေးခဲ့ကြသည်။ ဖူဂျီမိုရီ၏ မိဘများမှာ ဂျပန်လူမျိုး များဖြစ်ကြောင်း သက်သေအထောက်အထား ခိုင်လုံစွာ ပြသနိုင်ပါက ဂျပန်နိုင်ငံတွင် နေထိုင်ခွင့် ရရှိမည်ဖြစ်ကြောင်း၊ ဂျပန်အစိုးရ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ ပီရူးသမ္မတဟောင်း ဖူဂျီမိုရီသည် ဂျပန်နိုင်ငံသားဖြစ်သည်ဟု ဂျပန်အစိုးရက အတည်ပြုပြောကြားကြောင်း ဒီဇင်ဘာလ ၁၂ ရက်နေ့ထုတ် သတင်းအရ သိရှိရသည်။ ဖူဂျီမိုရီ၏

လက်ထောက်ထောက်လှမ်းရေး အကြီးအကဲဟောင်း မွန်တက်စိန်က ပါလီမန် အမတ်တစ်ဦးအား လာဘ်ပေးခဲ့မှု နှင့်ပတ်သက်၍ တရားရုံးတွင် စွဲချက်တင်ကာ ကြားနာ စစ်ဆေးမှု ပြုလုပ်နိုင်ရေးအတွက် ပီရူး အစိုးရက ဖူဂျီမိုရီအား လွှဲပြောင်းပေးရန် ဖိအားပေးလျက်ရှိစဉ် ဂျပန်အစိုးရက ယင်းကဲ့သို့ အတည်ပြုလိုက်ခြင်း ဖြစ်သည်။ ဖူဂျီမိုရီသည် ဂျပန်နိုင်ငံသားဖြစ်ခြင်းကြောင့် ဂျပန်နိုင်ငံတွင်ပျော် သလောက်နေနိုင်သည်ဟု ဂျပန်အစိုးရက ပြောကြားသည်။

သင့်ဘ၀ – ဦးရဲလွင်

**လှတင်၊ ဦး (စာရေးဆရာကြီး လှသမိန်) (ခရစ် ၁၉၂၃ – ၂၀၀၀)** ။ ။ စာပေမျိုးစုံကို ရေးသားပြုစုခဲ့သော စာရေး ဆရာကြီးလှသမိန်အမည်ခံ ဦးလှတင်ကို ဖခင် ဦးဖန် (အမျိုး သားကျောင်းအုပ်)၊ မိခင် ဒေါ်ငွေတို့က ၁၉၂၃ ခုနှစ်၊ ဖေဖော် ဝါရီလ (၇) ရက်နေ့၌ အုတ်ဖိုမြို့တွင် မွေးဖွားသည်။



စာစုံရေးသားနိုင်သော စာရေးဆရာကြီး လှသမိန် (ဦးလှတင်)

ဦးလှတင်သည် ကြို့ပင်ကောက်မြို့ အာစီအမ်ကျောင်း၊ မင်းလှမြို့ ဗုဒ္ဓဘာသာကျောင်းများတွင် ပညာသင်ကြားခဲ့ သည်။ ဗုဒ္ဓစာပေ စာပြန်ပွဲများကိုလည်း အောင်မြင်ခဲ့သူ ဖြစ်သည်။

ဦးလှတင်သည် ၁၉၄၆ ခုနှစ်မှစ၍ ရှေ့ဆောင်သတင်း စာ၊ စီးပွားရေးသတင်းစာ၊ လမ်းညွှန်သတင်းစာများတွင် စာတည်းအဖြစ်လုပ်ကိုင်ခဲ့ပြီး ဒီမိုကရေစီဂျာနယ်၊ ယဉ်ကျေးမှု စာစောင်၊ ချိုတေးသံစာစောင်များတွင်လည်း စာတည်းအဖြစ် ဆောင်ရွက်ခဲ့သည်။ ဘာသာပြန်စာပေအသင်း၊ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနများတွင် နိုင်ငံတော်တာဝန် ကို နှစ်ပေါင်း ၃၀ နီးပါး ထမ်းဆောင်ခဲ့သည်။

ကဗျာနှင့်ဆောင်းပါးများကို ၁၉၄၆ ခုနှစ်မှ စတင်ရေး သားခဲ့သည်။ လုံးချင်းဝတ္ထု ၁၀ အုပ်အပါအဝင် စာပေ၊ ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေး၊ ကြီးပွားရေး၊ သမိုင်း၊ ဘာသာစကားစသော အကြောင်းအရာအမျိုးမျိုးကို စဉ်ဆက် မပြတ်ရေးသားခဲ့သော စာရေးဆရာကြီးဖြစ်သည်။ စာအုပ် စာတမ်းပေါင်း ၂၀၀ ကျော် ရေးသား၊ တည်းဖြတ်၊ ထုတ်ဝေခဲ့ ပြီးဖြစ်သည်။ စာပေ၊ ဂီတ၊ ပန်းချီနှင့် အနုပညာများကို လေ့လာခဲ့သည်။ လွတ်လပ်ရေးမော်ကွန်းဝင်တစ်ဦး လည်းဖြစ်သည်။ ကွယ်လွန်ခဲ့ပြီဖြစ်သော်လည်း စာနယ်ဇင်း များတွင် ဆရာလှသမိန်၏ ဆောင်းပါးများ၊ စာစုများ မပြတ်မလပ်တွေ့ရှိဖတ်ရှုကြရဆဲဖြစ်သည်။ နိုင်ငံတော်က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေးအတီးပြိုင်ပွဲများတွင် ၅ နှစ်ဆက်တိုက် အကဲဖြတ် လူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

နိုင်ငံကျော် စာရေးဆရာကြီးလှသမိန်သည် ၂၀၀၀ ပြည့် နှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်ခဲ့ သည်။ ကွယ်လွန်ချိန်၌ ဇနီး ဒေါ်တင်တင်ရီနှင့် သားသမီး ၁၃ ယောက် ကျန်ရစ်သည်။

**အရှင်သုန္ဒရ(တိပိဋကဓရ)**။ ။ အရှင်သုန္ဒရကို မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ကျောက်တိုင်ရွာ၊ အဘ ဦးသာဒွန်း၊ အမိ ဒေါ်ခင်ဖွားတို့မှ ၁၃၁၇ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက် သောကြာနေ့တွင် ဖွားမြင်သည်။



တိပိဋကဓရ အရှင်သုန္ဒရ

ပဗ္ဗဇ္ဇမင်္ဂလာ

၁၃၂၉ ခုနှစ်၊ သက်တော် (၁၂) နှစ်အရွယ်တွင် မြိုင်မြို့နယ်၊ မန်ကျည်းချိုကျောင်း ဆရာတော်ဦးကောဝိဒကို ဥပဇ္ဈာယ်ပြု လျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ် သို့ ရောက်ရှိသည်။

ဥပသမ္ပဒမင်္ဂလာ

၁၃၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့တွင် ဦးသန်း၊ ဒေါ်ခင်လှမိသားစု၊ အသောကလမ်း၊ တာမွေ၊ မယ်တော်

ခမည်းတော်မိသားစု၊ ဦးအောင်သိန်း၊ ဒေါ်စိမ်းရည်၊ ဒေါ်နီ၊ ဦးဝင်းမောင် ဒေါ်ဖြူ၊ ဆရာမကြီး ဒေါ်မြမြ၊ ဒေါ်ပုညာ ဒေါ်စိန်ညွန့်၊ ဦးပိုက်ဆံ- ဒေါ်ခင်ဟုံ၊ ဦးမောင်ကို -ဒေါ်အမာ၊ ဦးခင်မောင်ညို ဒေါ်ကြင်၊ ဒေါ်မမလေး မောင်နမတစ်စု၊ ဦးငွေဝင်း - ဒေါ်သန်းသန်းငွေ၊ ဒေါ်ခင်စန္ဒာစိုးနှင့် ကိုဝင်းဇော်သန်း-မဝင်းဝင်းနု စသူတို့၏ ပစ္စယာနုဂ္ဂဟဖြင့် အမရပူရမြို့၊ တူးမောင်းတိုက်၊ ခဏ္ဍသိမ်တော်၌ ဆရာတော် ဦးကောဝိဒကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ကျေးဇူးရှင်ဆရာတော်များ

အရှင်သူမြတ်သည် မြိုင်မြို့နယ်၊ မန်းကျည်းချိုကျောင်း ဆရာတော်ဦးကောဝိဒ၊ ပြင်သာဆရာတော် ဦးဇောတိက၊ အမရပူရမြို့၊ တူးမောင်းတိုက်ညဝါအကျော် ဆရာတော်ဦး နန္ဒိယ၊ မစိုးရိမ်တိုက် ဦးကောဝိဒါဘိဝံသ၊ ဗန်းမော်ဆရာတော် ဦးကုမာရာဘိဝံသ၊ ရွှာမပရိယတ္တိစာသင်တိုက် ဆရာတော် ဦးတိလောကာဘိဝံသ စသောဆရာတော်များထံတွင် ပညာ သင်ကြားခဲ့သည်။

အမြင့်ဆုံးအောင်မြင်ခဲ့သောစာမေးပွဲများ

အစိုးရဓမ္မာစရိယစာမေးပွဲတွင်–
သာသနဓဇ ဓမ္မာစရိယဘွဲ့
သာသနဓဇ သိရိပဝရ ဓမ္မာစရိယဘွဲ့
တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးတွင်–

| | | | |
|---|---|---|---|
| ၁၃၃၇ ခုနှစ် | (၂၈) ကြိမ်၌ | ဒီဃဘာဏကဘွဲ့ |
| ၁၃၄၀ ပြည့်နှစ် | (၃၁) ကြိမ်၌ | ဒီဃနိကာယ ကောဝိဒဘွဲ့ |
| ၁၃၄၂ ခုနှစ် | (၃၃) ကြိမ်၌ | ဝိနယဓရဘွဲ့ |
| ၁၃၅၁ ခုနှစ် | (၄၂) ကြိမ်၌ | ဝိနယကောဝိဒဘွဲ့ |
| ၁၃၅၅ ခုနှစ် | (၄၆) ကြိမ်၌ | အဘိဓမ္မာရှေ့ပိုင်း အာဂုံ |
| ၁၃၆၀ ပြည့်နှစ် | (၅၁) ကြိမ်၌ | အဘိဓမ္မာရှေ့ပိုင်း ရေးဖြေ |

ယခုနှစ် ၁၃၆၂ ခုနှစ် (၅၃) ကြိမ်၌ အဘိဓမ္မာ နောက်ပိုင်း အာဂုံပြန်ဆိုအောင်မြင်တော်မူသဖြင့် "တိပိဋကဓရ" ဘွဲ့တံဆိပ်တော်နှင့် ဘွဲ့လက်မှတ်တော်တို့ကို ရရှိတော် မူမည်ဖြစ်သည်။

အရှင်သုန္ဒရသည် ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်ကြီးတွင် ပဓာနနာယက ဆရာတော်အဖြစ်ဖြင့် ဆောင်ရွက်ကာ ပရိယတ္တိ၊ ပဋိပတ္တိ သာသနာ့ တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

**ဟန်တင်၊ ဦး (ပန်းပုဆရာကြီး)(ခရစ် ၁၉၂၆ - ၂၀၀၀)။** ။ပန်းပုဆရာကြီးဦးဟန်တင်ကို ဖခင်ဦးငြိမ်းသွင်၊ မိခင် ဒေါ်မင်းထိုက်တို့က ၁၉၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် လောင်းလုံမြို့နယ်၊ ညင်းမော် ကျေးရွာ၌ ဖွားမြင်သည်။



ပန်းပုဆရာကြီး
ဦးဟန်တင်

ဦးဟန်တင်သည် ငယ်စဉ်က လောင်းလုံမူလတန်း ကျောင်းနှင့် အလယ်တန်းကျောင်းများတွင် ပညာသင်ယူ သည်။ ပန်းချီ၊ ပန်းပုပညာကို အစ်ကိုဖြစ်သူ ပန်းချီဆရာကြီး ဦးသိန်းညွန့်နှင့် ပန်းချီဆရာကြီး အလင်္ကာကျော်စွာ ဦးငွေကိုင်တို့ထံတွင် ဆည်းပူးသည်။ ၁၉၄၁ ခုနှစ်မှစ၍ ကိုယ်ပိုင်ပန်းပုလုပ်ငန်းကို စတင်လုပ်ကိုင်သည်။

ဦးဟန်တင်သည် ၁၉၅၇ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ရန်ကုန်ပန်းချီပန်းပုကျောင်းတွင် ပန်းပုနည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၆၃ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ပန်းပုပညာတော်သင်အဖြစ် တရုတ်နိုင်ငံ၊ ပီကင်းအနုပညာ သိပ္ပံတွင် သွားရောက်လေ့လာဆည်းပူးသည်။ ၁၉၆၆ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ဆောက်လုပ်ရေး ဝန်ကြီးဌာနတွင် အဆောက်အအုံအနုပညာဌာနမှူးအဖြစ်ဆောင်ရွက်သည်။ ၁၉၈၅ ခုနှစ်တွင် အငြိမ်းစားယူသည်။

ဦးဟန်တင်သည် ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်စဉ် နိုင်ငံတော်အဆောက်အအုံများ၌ လက်ရာမြောက်ပန်းပုရုပ်တုများ ထုလုပ်အလှဆင်ခြင်းကို ဆောင်ရွက်သည်။ ပြည်သူ့လွှတ်တော်ခန်းမရှိ သပြေပန်းကိုင် မြန်မာအမျိုးသမီးရုပ်တုသည် အထူးထင်ရှားသော လက်ရာ ဖြစ်သည်။ ပြည်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးရုပ်တုကို လည်း လက်ရာမြောက်စွာ ထုလုပ်သည်။ ပြည်ထောင်စု အေးရိပ်ငြိမ်ရှေ့နှင့် လားရှိုးမြို့ရှိ စည်းလုံးရေးသရုပ်ဖော် ထင်းစည်းချိုးရုပ်တု၊ ကော့သောင်းမြို့နှင့် တာချီလိတ်မြို့ရှိ ဘုရင့်နောင်ရုပ်တု၊ အမျိုးသားပြတိုက်ရှေ့ရှိ အနော်ရထာ

ရုပ်တု၊ စိုက်ပျိုးရေးပြတိုက်ရှိ စိုက်ပျိုးရေးမိသားစုရုပ်တု၊ ကုံလုံဆရာတော်ကြီးရုပ်တုနှင့် အခြားဘုန်းတော်ကြီးရုပ်တုအများ အပြားကို ထုလုပ်ခဲ့ရာ မြန်မာပြည်တစ်ဝန်းလုံးတွင် လူအရွယ် အစားရုပ်တု ၂၀၀ ကျော် ထုလုပ်နိုင်သည်။ တပ်မတော်နေ့ တော်လှန်ရေးပန်းခြံအတွင်းထားရှိသော ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုသည်လည်း ဦးဟန်တင်၏ လက်ရာမြောက်ရုပ်တု ဖြစ်သည်။

ဦးဟန်တင်သည် ၁၉၇၄ ခုနှစ်တွင် အင်္ဂလန်နိုင်ငံရှိ ဘီအိုစီအဆောက်အအုံအတွက် ခြသေ့ရုပ်တု ထုလုပ်တပ်ဆင်ပေးသည်။ အင်္ဂလန်နိုင်ငံတွင် ပန်းပုပညာရပ်များ လေ့လာခဲ့စဉ် ပြင်သစ်နိုင်ငံနှင့် အီတလီနိုင်ငံများရှိ ပန်းချီ ပန်းပု ပြတိုက်များသို့လည်း  သွားရောက်လေ့လာသည်။ ၁၉၈၄ ခုနှစ်တွင် ဗုဒ္ဓဂယာမှစလိန္တာအိုင်အတွင်း နဂါးရုံဘုရားတစ်ဆူ သွားရောက်ထုလုပ်ပူဇော်သည်။ ၁၉၈၇ ခုနှစ်တွင် သြစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့၊ ပန်းပုပွဲတော်သို့ တက်ရောက်ပြီး မြန်မာ့ပန်းပုရုပ်တုများ လက်စွမ်းပြ ထုလုပ်ပြသသည်။

ဦးဟန်တင်သည် ၁၉၉၇ ခုနှစ်တွင် အာဆီယံ ယဉ်ကျေးမှုဆု ချီးမြှင့်ခံရပြီး အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့သို့သွားရောက်၍ အာဆီယံယဉ်ကျေးမှုဆုကို လက်ခံရယူသည်။

ဦးဟန်တင်သည် မြန်မာနိုင်ငံ ပန်းချီပန်းပုကောင်စီ ဗဟိုဌာနချုပ် ဘဏ္ဍာရေးမှူး (၁၉၆၉)၊ အတွင်းရေးမှူး (၁၉၇၀) နှင့် ဒုတိယဥက္ကဋ္ဌတာဝန်များကို ဆောင်ရွက်ခဲ့ပြီး ၁၉၉၂ ခုနှစ်မှ ကွယ်လွန်ချိန်အထိ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်း အရုံး (ဗဟို) နာယကအဖြစ် ထမ်းဆောင်သည်။ ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်၊ ယဉ်ကျေးမှု တက္ကသိုလ်ကောင်စီဝင် တာဝန်များကိုလည်း ဆောင်ရွက်သည်။

အာဆီယံယဉ်ကျေးမှုဆုရှင် ပန်းပုဆရာကြီး ဦးဟန်တင်သည် ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၀ရက်နေ့တွင်ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ဖွားရှင်နှင့် သားသမီး ကိုးယောက်၊ မြေး ၁၀ ယောက်ကျန်ရစ်သည်။

**အမေရိကန်ပြည်ထောင်စု။** ။ အမေရိကန်သမ္မတလောင်း ရွေးကောက်ပွဲစည်းမျဉ်းနှင့် အစဉ်အလာကျင့်ထုံးများအရ အမေရိကန်သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းနိုင်ရန် သက်ဆိုင်ရာပါတီအလိုက် ပြည်နယ်အသီးသီးရှိ ပါတီအောက်ခြေအဖွဲ့အစည်းများတွင် ရှေးဦးစွာ ယှဉ်ပြိုင်ဆန္ဒခံယူကြရပါသည်။ ယင်းသို့ ဆန္ဒခံယူကြရာတွင် အိုင်အဝါးပြည်နယ်ရှိ ပါတီအောက်ခြေအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို စုစည်းကာ ဆန္ဒခံယူပွဲကို ဇန်နဝါရီလ ၂၄ ရက်နေ့က ပြုလုပ်ခဲ့ကြပါသည်။ အိုင်အဝါးပြည်နယ်ရှိရီပတ်ဘလီကန်ပါတီအခြေခံအဖွဲ့အစည်းများတွင် ရီပတ်ဘလီကန်သမ္မတလောင်း ၆ ဦး ယှဉ်ပြိုင်ခဲ့သည်။ ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းနှစ်ဦး ယှဉ်ပြိုင်ခဲ့ပါသည်။ ထိုဆန္ဒခံယူပွဲများ၌ ဂျော့(ချ်)ဒဗ္ဗလျူဘု(ရှ်)နှင့်အယ်(လ်)ဂိုးတို့နှစ်ဦးလုံး အသီးသီးအနိုင်ရရှိခဲ့ကြသည်။ ဤဆန္ဒခံယူပွဲသည် ပါတီအလိုက် သမ္မတလောင်းများနှင့် ပတ်သက်၍ ပထမဆုံးအားစမ်းပွဲဖြစ်ပါသည်။

ဒုတိယသမ္မတဟောင်းဒိုး(လ်) ၏ဇနီးဖြစ်သူ အယ်လီဇဘက်ဒိုး(လ်) သည် ရီပတ်ဘလီကန်သမ္မလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမှ နုတ်ထွက်ခဲ့ပြီးနောက် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဘု(ရှ်)အား ထောက်ခံကြောင်း ကြေညာခဲ့သည်။ မိဇိုးရီပြည်နယ်မှ အထက်လွှတ်တော်အမတ် ဂျွန်အက်(ရှ်)ခရော့(ဖ်)(တ်) ကလည်း ဘု(ရှ်)ကို ထောက်ခံကြောင်း ဇန်နဝါရီလ ၁၂ ရက်နေ့က ကြေညာခဲ့သည်။ သူသည် ဘု(ရှ်)အား ထောက်ခံသော ၃၁ ဦးမြောက်အထက်လွှတ်တော်အမတ်ဖြစ်ပါသည်။

ဒီမိုကရက်တစ်ပါတီဘက်တွင်လည်း ဘော့စတွန်မှ အထက်လွှတ်တော်အမတ် အက်ဒွပ်ကဲန်နေဒီက သမ္မတလောင်းအယ်(လ်)ဂိုးအား ထောက်ခံကြောင်း ဇန်နဝါရီလ ၅ ရက်နေ့က ကြေညာခဲ့ပါသည်။ ကဲန်နေဒီ၏ ထောက်ခံမှုကြောင့် အယ်(လ်)ဂိုးသည် ဘရက်(ဒ်)လေနှင့် ယှဉ်ပြိုင်ရာ၌ ထောက်ခံမှု အားကောင်းသွားခဲ့သည်။

ပြည်ထောင်စုအခြေအနေမိန့်ခွန်း – ဇန်နဝါရီလ ၂၇ ရက်နေ့က သမ္မတကလင်တန်သည် ပြည်ထောင်စုအခြေအနေမိန့်ခွန်းကို အထက်နှင့် အောက်လွှတ်တော် ပူးတွဲအစည်းအဝေးကျင်းပသော ကွန်ဂရက်၌ သတ္တမမြောက်နှင့် နောက်ဆုံးမိန့်ခွန်းဖြစ်သည်။ ၈၉ မိနစ်ကြာပြောကြားသောထိုမိန့်ခွန်း၌ ကလင်တန်သည် စီးပွားရေးစွမ်းဆောင် အောင်မြင်ချက်များကို အဓိကထား၍ ပြောကြားခဲ့သည်။ ငွေကြေးဖောင်းပွမှု နိမ့်ကျခဲ့ပုံ၊ အလုပ်လက်မဲ့ဦးရေလျော့ပါးခဲ့ပုံ၊ ဆင်းရဲမွဲတေမှု သက်သာခဲ့ပုံ၊ ဘတ်ဂျက်လိုငွေပြမှု ကင်းရှင်းခဲ့ပုံ၊ အမေရိကန်သမိုင်းတွင် ဆက်တိုက်စီးပွားရေးတိုးတက်မှု အရှည်ကြာဆုံးဖြစ်ခဲ့ပုံတို့ကို ထည့်သွင်းပြောကြားခဲ့သည်။ ထို့ပြင် နောက်ဆုံးနှစ်အတွက် စီးပွားရေးနှင့် လူမှုရေးကိစ္စများနှင့် ပတ်သက်၍ ဆောင်ရွက်မည့်အစီအစဉ်များကိုလည်း  ရှင်းလင်းပြောကြားခဲ့သည်။ အမျိုးသားကြွေးမြီများကို ရှင်းပေးလိုက်ခြင်းဖြင့် ၁၈၃၅ ခုနှစ်နောက်ပိုင်းတွင် ကြွေးမြီကင်းသော ပထမဆုံးအမေရိကန်အစိုးရဖြစ်လာရေးကိုလည်း  ရှင်းပြခဲ့သည်။

နယူးဟမ့်ရှိုင်းယားအခြေခံတွင် အားစမ်းပွဲများ – ဖေဖော်ဝါရီလ ၁ ရက်နေ့က နယူးဟမ်ရှိုင်းယားပြည်နယ်ရှိ အခြေခံပါတီအဖွဲ့အစည်းများတွင် အားစမ်းပွဲများပြုလုပ်ခဲ့သည်။ ထိုအားစမ်းပွဲ၌ ရီပတ်ဘလီကန်ပါတီ သမ္မတလောင်းအမည်စာရင်းတင်သွင်းခံရရေးအတွက် ဂျွန်မက်ကိန်းက အနိုင်ရရှိပြီး ဘု(ရှ်) က ရှုံးနိမ့်သွားခဲ့သည်။ ဒီမိုကရက်တစ်သမ္မတလောင်း အမည်စာရင်းတင်သွင်းခံရရေးအတွက် အယ်(လ်)ဂိုး က ဘရက်(ဒ်)လေအပေါ် အနိုင်ရရှိခဲ့သည်။ အခြေခံအဆင့်အားစမ်းပွဲများကို မတ်လအတွင်း "စူပါအင်္ဂါနေ့" ၌ အပြီးသတ် အဆုံးအဖြတ်ပေးမည်ဖြစ်ရာ နယူးဟမ့်ရှိုင်းယားအားစမ်းပွဲသည် အရေးပါသောအားစမ်းပွဲတစ်ရပ်ဖြစ်ခဲ့ပေသည်။

စတီး(ဗ်)ဖိုးဘိ(စ်) နုတ်ထွက်သွားခြင်း – ဖေဖော်ဝါရီလ ၈ ရက်နေ့က ဒီလာဝဲယားအခြေခံ၌ မရှုမလှရှုံးနိမ့်ခဲ့ရာ "ရေဆန်ကိုကူးခတ်နေရသည်နှင့် တူနေသဖြင့်" ဖိုးဘိ(စ်) သည် ရီပတ်ဘလီကန်သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်နေခြင်းမှ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် နုတ်ထွက်သွားခဲ့သည်။

တောင်ကာရိုလိုင်းနားအခြေခံ၌ ဘု(ရှ်)အနိုင်ရခြင်း – တောင်ကာရိုလိုင်းနားအခြေခံ၌ ရီပတ်ဘလီကန်သမ္မတလောင်းနေရာအတွက် ဘု(ရှ်)သည် မက်ကိန်းအပေါ် အနိုင်ရရှိခဲ့သည်။ ဤသို့ အနိုင်ရရှိလိုက်သဖြင့် ဘု(ရှ်) အတွက်အားတက်ဖွယ်ရာဖြစ်သွားခဲ့သည်။ ဘု(ရှ်) နှင့် မက်ကိန်းတို့သည် သဘောထားရပ်တည်ချက်ခြင်း ယှဉ်ပြိုင်ရုံသာမက အပြန်အလှန်စွပ်စွဲမှုများ လည်း ပြုလုပ်ခဲ့ကြသည်။

သို့ရာတွင် မစ်ချီလန်နှင့် အရီဇိုးနားပြည်နယ်များရှိ ရီပတ်ဘလီကန်အခြေခံများတွင် မက်ကိန်းသည် ဘု(ရှ်) အပေါ် ရခဲ့သည်။

ဆီးနိတ်အထက်လွှတ်တော်အမတ် ရွေးကောက်ပွဲဝင်မည့် ဟီလာရီကလင်တန်– အမေရိကန်အထက်လွှတ်တော်အမတ် ရွေးကောက်ပွဲတွင် သမ္မတကတော် ဟီလာရီကလင်တန်ဝင် ရောက်ယှဉ်ပြိုင်မည်ဟု ထင်ကြေးပေးခဲ့ကြသည်မှာကြာလှပြီဖြစ်သည်။ ဖေဖော်ဝါရီလ ၆ ရက်နေ့ကတော့ သူမသည် နယူးယောက်ပြည်နယ်မှ ဆီးနိတ်အမတ်ဖြစ်ရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု အတိအလင်းတရားဝင် ကြေညာခဲ့သည်။ အမေရိကန် သမိုင်းတွင် ဆီးနိတ်အမတ်ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်သည့် ပထမဆုံးသမ္မတကတော်အဖြစ် မှတ်တမ်းတင်ကျန်ရစ်သွားပြီဖြစ်သည်။

၂၀၀၁ ခုနှစ် ဘတ်ဂျက်ကိုတင်ပြခြင်း – သမ္မတကလင်တန်သည် သူ၏ ၈ ကြိမ်မြောက်နှင့် နောက်ဆုံးအကြိမ်ဖြစ်သော ၂၀၀၁ ခုနှစ်အတွက် ဘတ်ဂျက်ကို ဖေဖော်ဝါရီလ ၇ ရက်နေ့က ကွန်ဂရက်သို့ တင်သွင်းခဲ့သည်။ ၂၀၀၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်မည့် ဘတ်ဂျက်၏တန်ဖိုးပမာဏနှင့် ဒေါ်လာဘီလီယံ ၁၈၄၀ ဖြစ်သည်။ နောင် ၁၀ နှစ်ကာလအတွက် စုဆောင်းမိသော ဘတ်ဂျက်ပိုငွေပမာဏမှာ ဒေါ်လာ ဘီလီယံ ၂၉၀၀ ဖြစ်သည်။ ၂၀၀၀ ပြည့် ဘဏ္ဍာနှစ်တွင် ဘတ်ဂျက်ပိုငွေ ဒေါ်လာ ၁၇၉ ဘီလီယံရှိမည်ဟု ခန့်မှန်းထားသည်။ ၂၀၀၁ ခု ဘဏ္ဍာနှစ်အတွက် ဒေါ်လာ ၁၂၁ ဘီလီယံ ဘတ်ဂျက်ပိုငွေရှိမည်ဟုလည်း ခန့်မှန်းထားသည်။

ဘတ်ဂျက်အဆိုပြုချက်တွင် ပါဝင်သည့် အဓိကအချက်များမှာ –

- အလယ်အလတ်နှင့် ဝင်ငွေနည်းသူတို့အတွက် နောင် ၁၀နှစ်ကာလအတွင်း အခွန်ငွေဖြတ်တောက်မှုပမာဏ စုစုပေါင်း ဒေါ်လာသန်း၃၅၀။
- အထူးသဖြင့် စီးကရက်နှင့်ကော်ပိုရေးရှင်းကြီးများအတွက် နောင် ၁၀ နှစ်ကာလအတွင်းအခွန်တိုးကောက်မည့် ပမာဏစုစုပေါင်း ဒေါ်လာဘီလီယံ ၁၀၀။
- အမျိုးသားကြွေးမြီပမာဏ ဒေါ်လာ ၅၇၀၀ ဘီလီယံအနက် ပြည်သူများနှင့်သက်ဆိုင်နေသောကြွေးမြီပမာဏ ဒေါ်လာ ၃၇၀၀ ဘီလီယံကို ၂၀၁၃ ခုနှစ်ပြေကျေစေရေးအတွက် လူမှုဖူလုံရေးအတွက်မဟုတ်သော ဘတ်ဂျက်ပိုငွေဒေါ်လာ ၇၄၆ ဘီလီယံကို နောင် ၁၀ နှစ်ကာလအတွင်း အသုံးချသွားရေး။
- ပြည်ထောင်စုကျန်းမာရေးအာမခံချက်လုပ်ငန်းကို ဝင်ငွေနည်းသော အလုပ်သမား ၅ သန်းအထိ အကျုံးဝင်အောင် ဆောင်ရွက်ရေး
- လက်နက်ကိုင်တပ်ဖွဲ့များ၏ အခြေခံလစာကို ၃.၇ ရာခိုင်နှုန်း တိုးမြှင့်ပေးရေး။
- ၂၀၀၅ ခုနှစ်တွင် အမျိုးသားဒုံးကျည်ကာကွယ်ရေးစနစ်ဖြစ်ပေါ်လာရေးအတွက် ဒေါ်လာ ၁၀.၄ ဘီလီယံ အပါအဝင် စစ်သုံးစရိတ်ကို တိုးချဲ့သုံးစွဲရေး (ဒုံးကျည်ကာကွယ်ရေးအစီအစဉ်ကို ဇွန်လတွင် သမ္မတကလင်တန်ကလက်မှတ်ရေးထိုးလိုက်မှ အတည်ဖြစ်နိုင်ပါသည်)။
- ကျောင်းဆရာ၊ ဆရာမ တစ်သိန်းတိုးချဲ့ငှားရမ်းနိုင်ရေးအတွက် ပညာရေးအသုံးစရိတ်တိုးချဲ့ရေး။

- ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအတွက် နောင် ၁၀ နှစ်ကာလအတွင်း ဒေါ်လာဘီလီယံ ၃၀၀ အထိ အပိုဆောင်းအသုံးချရေး။
- ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင်ဆရာဝန်များကညွှန်းသည့်ဆေးဝါးများ ဖော်ထုတ်အသုံးချရေး အကျိုးကျေးဇူးကို ခံစားနိုင်စေရန် နောင် ၁၀ နှစ်ကာလအတွင်း ဒေါ်လာ ၁၆၈ ဘီလီယံအထိ သုံးစွဲရေး။

သမ္မတလောင်းအမည်စာရင်းတင်သွင်းရေး အားပြိုင်မှု – မတ်လ ၇ ရက်နေ့တွင် ကျင်းပသော အခြေခံအားပြိုင်ပွဲကို "စူပါအင်္ဂါနေ့" ဟုခေါ်သည်။ ထိုနေ့တွင် ကျင်းပခဲ့သော အခြေခံအဆင့်အားပြိုင်ပွဲ၌ အဓိကသမ္မတလောင်းယှဉ်ပြိုင်ဘက်များအဖြစ် ဒုတိယသမ္မတအယ်(လ်)ဂိုးနှင့် တက္ကဆပ်(စ်)ပြည်နယ်အုပ်ချုပ်ရေး ဂျော့ဒဗ္ဗလျူဘု(ရှ်)တို့သည် ထောက်ခံမည့် ကိုယ်စားလှယ်ဦးရေ အလုံအလောက်ရရှိခဲ့ကြသည်။ သို့ဖြစ်၍ နိုဝင်ဘာလတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် အဓိကယှဉ်ပြိုင်ဘက်နှစ်ဦးမှာ ၎င်းတို့သာဖြစ်ကြောင်း သေချာသွားပြီဖြစ်သည်။ ထို့ကြောင့် ဧပြီလအတွင်း ဆက်လက်ကျင်းပသော ပါတီအောက်ခြေအဖွဲ့အစည်းများ၌ အားစမ်းပွဲသတင်းများမှာမှေးမှိန်သွားခဲ့သည်။ ကျန်ပြည်နယ်များတွင်ရှိသော ပါတီအောက်ခြေအဖွဲ့အစည်းများကလည်း အယ်(လ်)ဂိုးနှင့်ဘု(ရှ်)တို့ကိုပင် သမ္မတလောင်းများအဖြစ် သတ်မှတ်ရန် ဆန္ဒပေးခဲ့ကြသည်။

သမ္မတလောင်းဖြစ်ရေး လှုပ်ရှားမှုများ – အယ်(လ်)ဂိုးနှင့် ဘု(ရှ်)တို့သည် သက်ဆိုင်ရာပါတီအလိုက် ကျင်းပသော အမျိုးသားညီလာခံများက ထောက်ခံမှသာ တရားဝင်သမ္မတလောင်းများအဖြစ် ဆက်လက်ရပ်တည်လှုပ်ရှားနိုင်ကြမည်ဖြစ်သည်။ သို့ဖြစ်၍ မေလအတွင်းက ၎င်းတို့နှစ်ဦးသည် သမ္မတလောင်းများဖြစ်ရေးအတွက် ဆက်လက်ကြိုးပမ်းနေခဲ့ကြသည်။ ဘု(ရှ်)သည် မဲဆန္ဒရှင်တို့အား ၎င်း၏ပြည်တွင်းရေးရာသဘောထား ရပ်တည်ချက်များကို ရှင်းလင်းပြခဲ့သည်။ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးကိစ္စများတွင် အတွေ့အကြုံမရှိဟူသော ထင်မြင်ချက်နှင့် စပ်လျဉ်း၍ ဘု(ရှ်)သည် ကာကွယ် ပြောဆိုခဲ့သည်။ အမျိုးသားဒုံးကျည်ကာကွယ်ရေးစနစ်နှင့်ပတ်သက်၍ ကလင်တန်အစိုးရထက် ပိုမိုဘက်စုံလွှမ်းခြုံသော အစီအစဉ်များကို ချမှတ်သွားမည်ဟု ပြောခဲ့သည်။ ထိုဒုံးကျည် အစီအစဉ်နှင့် ပတ်သက်၍ တရုတ်နှင့် ရုရှားတို့က အပြင်းအထန် ဆန့်ကျင်နေကြသည်။ ဘု(ရှ်)၏ အစီအစဉ်များသည် မတည်မငြိမ်ဖြစ်လောက်အောင် အန္တရာယ်များလှသည်ဟုအယ်(လ်)ဂိုး က စွပ်စွဲခဲ့သည်။ မေလ ၉ ရက်နေ့တွင် ယှဉ်ပြိုင်ဘက်မက်ကိန်း က ဘု(ရှ်)အား သမ္မတလောင်းအဖြစ် သတ်မှတ်ရေးကို ထောက်ခံကြောင်း ကြေညာခဲ့သည်။ လူထုဆန္ဒသဘောများ၌ ဘု(ရှ်)သည် အယ်(လ်)ဂိုးထက် အသာစီးရနေသည်။ အမျိုးသမီးမဲဆန္ဒရှင်များကလည်း ဘု(ရှ်)ကို ပိုမိုလိုလားကြောင်း ပြသခဲ့သည်။

ဒုတိယသမ္မတလောင်းအမည်ကို ကြေညာလိုက်ခြင်း – ရီပတ် ဘလီကန်ပါတီမှ သမ္မတလောင်းဖြစ်ရန် သေချာနေသော ဂျော့(ချ်)ဒဗ္ဗလျူဘု(ရှ်)က ၎င်းနှင့်တွဲဖက်၍ ဒုတိယသမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့်ပုဂ္ဂိုလ်မှာ ဒစ်ချေနေးဖြစ်ကြောင်း ဇူလိုင်လ ၂၅ ရက်နေ့တွင် ကြေညာလိုက်သည်။ အသက် ၅၉ နှစ်ရှိ ဒစ်ချေနေးသည် ၁၉၈၉–၉၃ ခုနှစ်များအတွင်းက ယခုသမ္မတလောင်း၏ ဖခင်ဖြစ်သူ သမ္မတဂျော့(ချ်)ဘု(ရှ်) လက်ထက်က ကာကွယ်ရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။ ၁၉၇၅–၇၆ ခုနှစ်များအတွင်းက သမ္မတ ဂျာရယ်(လ်)ဖို့၏ အိမ်ဖြူတော်အရာရှိချုပ်အဖြစ်လည်း ဆောင်ရွက်ခဲ့ဖူးသည်။ ၁၉၇၉ ခုနှစ်နောက်ပိုင်း ၁၀ နှစ်ခန့် ကာလအတွင်း ဝိုင်းအိုးမင်းပြည်နယ်မှ ရီပတ်ဘလီကန် အောက်လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်း ဆောင်ရွက်ခဲ့ ဖူးသည်။ ၁၉၉၅ ခုနှစ်မှစ၍ ကမ္ဘာ့တွင် အကြီးဆုံးရေနံမြေကုမ္ပဏီကြီးဖြစ်သည့် ဟာလီဘာတန်ကုမ္ပဏီတွင် အမှုဆောင်အရာရှိချုပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

ဒစ်ချေနေးအား ရွေးချယ်လိုက်သဖြင့် သမ္မတလောင်းဘု(ရှ်)အတွက်များစွာ အကျိုးရှိသွားခဲ့သည်။ နိုင်ငံခြားရေး၊ ကာကွယ်ရေးတို့နှင့် ပတ်သက်၍ အတွေ့အကြုံမရှိဟူသော စွပ်စွဲချက်များကို ချေဖျက်နိုင်ခွင့်ရသွားသည်။ ဒစ်ချေနေးသည် သန္ဓေသားဖျက်ချမှုကို တစ်စိုက်မတ်မတ်ဆန့်ကျင်ခဲ့သူဖြစ်၍ ရီပတ်ဘလီကန်ပါတီတွင်းမှ လက်ယာအင်အားစုများ၏ ထောက်ခံမှုကိုလည်းရရှိခဲ့သည်။ ချေနေးသည် ညှဂင်းဂရစ်(ချ်)ကဲ့သို့လည်း ရန်လိုတိုက်ခိုက်မှုများမရှိဘဲ စေ့စပ်ဆွေးနွေးညှိနှိုင်း တတ်သူဖြစ်သည်။ သူ့အားနည်းချက်မှာ ကျန်းမာရေးသာဖြစ်သည်။ နှလုံးခွဲစိတ်ခံထားရပြီး နှလုံးရောဂါဖြင့် သုံးကြိမ်လေဖြတ်ခံထားရသူဖြစ်နေသည်။

သမ္မတလောင်းများ၏ အမည်စာရင်းတင်သွင်းသည့် အမျိုးသားညီလာခံများ – ရီပတ်ဘလီကန်ပါတီ အမျိုးသားညီလာခံကို ဖီလာဒဲ(လ်)ဖီးယားရှိ ပထမပြည်ထောင်စုဗဟို



အမေရိကန်ပြည်ထောင်စု၏
၄၃ ကြိမ်မြောက်
သမ္မတဖြစ်လာသည့်
ဂျော့ဒဗ္ဗလျူဘုရှ်

ဌာန၌ ဇူလိုင်လ ၃၁ ရက်နေ့မှ ဩဂုတ်လ ၃ ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ ဂျော့(ချ်)ဒဗ္ဗလျူဘု(ရှ်)အား သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းရေးအတွက် ညီလာခံ



သမ္မတရွေးကောက်ပွဲတွင်
ရှုံးနိမ့်ခဲ့သည့်
ဒီမိုကရက်တစ်
သမ္မတလောင်း
အယ်လ်ဂိုး

ကိုယ်စားလှယ် တစ်ဦးချင်း၏ အမည်စာရင်းခေါ် ယူ၍ ဆန္ဒခံယူခဲ့ပါသည်။ ပထမအကြိမ် ဆန္ဒခံယူပွဲတွင်ပင် ဂျော့(ချ်) ဒဗ္ဗလျူဘု(ရှ်)အား ရီပတ်ဘလီကန်သမ္မတ လောင်းအဖြစ် တစ်ခဲနက်အတည်ပြုခဲ့ကြပါသည်။

ဤသို့ ပထမအကြိမ်တွင်ပင် အောင်မြင်ခဲ့သည်မှာ ရီပတ် ဘလီကန်သမ္မတလောင်းအတွက် ထူးခြားချက်ဖြစ်ခဲ့ပါသည်။ ယခင်သမ္မတလောင်းများဖြစ်ခဲ့ကြသော ဂျာရယ်(လ်)ဖို့(ဒ်)၊ ရော်နယ်(လ်)ရီဂင်၊ ယခုသမ္မတလောင်း၏ဖခင် ဂျော့(ချ်) အိပ်(ချ်)ဘု(ရှ်)တို့တုန်းက အမျိုးသားညီလာခံတွင် တစ်ကြိမ်နှင့် အောင်မြင်မှုမရှိခဲ့ဘဲ စိန်ခေါ်အင်အားပြိုင်မှုများရှိခဲ့ပါသည်။

ရီပတ်ဘလီကန်သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းမှုကို လက်ခံကြောင်း ဘု(ရှ်)က တစ်နာရီကြာ မိန့်ခွန်းပြောကြားခဲ့ပါသည်။ ထိုသတင်းကို အမေရိကန် ရုပ်မြင်သံကြားဌာနကြီးများက ထုတ်လွှင့်ပြသခဲ့ရာ နိုင်ငံသားပေါင်း ၂၅ သန်း ခန့်တို့က ကြည့်ရှုနားဆင် ခဲ့ကြပါသည်။ ဘု(ရှ်)က ၎င်းသည် သန္ဓေသားဖျက်ချမှုကို ဆန့်ကျင်ကြောင်း၊ အကြိမ်ကြိမ်ကတိပေးခဲ့ပြီးအတိုင်း အခွန်လျှော့ချရေး ဥပဒေကို ပြဋ္ဌာန်းပေးမည်ဖြစ်ကြောင်း၊ အမျိုးသားဒုံးကျည် ကာကွယ်ရေးစနစ်ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ သေနတ်ထိန်းချုပ်ရေးနည်း လမ်းသစ်များကို ဆန့်ကျင် သွားမည်ဖြစ်ကြောင်း၊ လူမှုဖူလုံရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတို့ကို ပြုပြင်သွားမည် ဖြစ်ကြောင်း၊ အစိုးရအဖွဲ့၏ လုပ်နည်းလုပ်ဟန်များကို ပြောင်းလဲ သွားမည်ဖြစ်ကြောင်း၊ ချမ်းသာကြွယ်ဝမှုကို နိုင်ငံအတွင်း ထောင့်စေ့ရောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တို့ကို ပြောကြားခဲ့သည်။

ဤသို့ မိန့်ခွန်းပြောကြားပြီးနောက် လူထုဆန္ဒသဘောထား စစ်တမ်းကောက်ယူမှုများတွင် ဘု(ရှ်)သည် အယ်(လ်)ဂိုးထက် အမှတ်များစွာ သာလွန်သွားခဲ့ပေသည်။

အယ်(လ်)ဂိုးသည် ဩဂုတ်လ ၇ ရက်နေ့တွင် အထက်လွှတ်တော်အမတ်ဂျိုးဇက်(ဖ်)လီဘာမဲန်အား ၎င်းနှင့် ပူးတွဲအရွေးခံမည့် ဒုတိယသမ္မတလောင်းဖြစ်ကြောင်း ကြေညာခဲ့သည်။ လီဘာမဲန်သည် ဒုတိယသမ္မတလောင်းအဖြစ် လျာထားခံရသော ပထမဆုံးဂျူးလူမျိုးဖြစ်လာခဲ့သည်။ လီဘာမဲန်သည် ခေတ်သစ်ရဟူဒီ ရေးဟောင်းဝါဒီတစ်ဦးဖြစ်သည်။ အမေရိကန် ဂျူးမဲများရရှိရေးအတွက် အထောက်အကူဖြစ်စေခဲ့သည်။ လူဝင်စကီနှင့် ပတ်သက်၍ လူသိရှင်ကြားဝန်ခံတောင်းပန်ရေးအတွက် လီဘာမဲန်သည် သမ္မတကလင်တန်အား နားချခဲ့သူဖြစ်သည်။ ဤသို့ လီဘာမဲန်အား ရွေးချယ်လိုက်ခြင်းဖြင့် အယ်(လ်)ဂိုးသည် သမ္မတကလင်တန်၏ အပြုအမူများနှင့် မပတ်သတ်ကြောင်း တစ်နည်းတစ်ဖုံဖော်ပြလိုက်ခြင်းလည်း ဖြစ်သည်။ ထို့ပြင် လီဘာမဲန်သည် နိုင်ငံခြားရေး၊ ကာကွယ်ရေးကိစ္စတို့တွင် အတွေ့အကြုံရှိသူတစ်ဦးလည်းဖြစ်သည်။

ဒီမိုကရက်တစ်ပါတီ အမျိုးသားညီလာခံကို လော့(စ်) အိန်ဂျလိ(စ်)မြို့၌ ထာဝရသမားများဗဟိုဌာနတွင် ဩဂုတ်လ ၁၄ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ ထိုအမျိုးသားညီလာခံက အယ်(လ်)ဂိုးအား ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းအဖြစ် တစ်ခဲနက်အတည်ပြု ထောက်ခံခဲ့ပါသည်။ ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် လျာထားမှုကိုလက်ခံကြောင်း ဂိုးသည် မိနစ် ၅၀ ကြာ မိန့်ခွန်း ပြောကြားခဲ့ပါသည်။ ရုပ်မြင်သံကြားအစီအစဉ်များမှ



ဆန္ဒမဲများအားလက်ဖြင့် ထပ်မံရေတွက်ရန် ဖလော်ရီဒါပြည်နယ် တရားရုံးချုပ်က ဆုံးဖြတ်ခဲ့ရာ လုံခြုံရေးဝန်ထမ်းများက ဆန္ဒမဲများအား သယ်ဆောင်လာစဉ်

တစ်ဆင့် ထုတ်လွှင့်ခဲ့သော ထိုသတင်းကို နိုင်ငံသား ၂၅ သန်းခန့်တို့က ကြည့်ရှုနားဆင်ခဲ့ ကြသည်။

ဤသို့ မိန့်ခွန်းပြောကြားရာတွင် အယ်(လ်)ဂိုးသည် ဒီမိုကရက်တစ်ပါတီ၏ မူဝါဒများနှင့်မတူဘဲ အခွန်တော် လျော့ချရေး၊ လူမှုဖူလုံရေးလုပ်ငန်းများ ပြုပြင်ရေးတို့ကို ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ရီပတ်ဘလီကန်ပါတီက အခွင့်ထူးခံ လူချမ်းသာတစ်စုအတွက်သာ လုပ်ပေးမည်ဖြစ်သော်လည်း မိမိကတော့ ဆင်းရဲသား အလုပ်သမားမိသားစုများအတွက် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မိမိသည် အပြောကောင်းသူ မဟုတ်သော်လည်း အမေရိကန် ပြည်သူတို့အတွက် နေ့စဉ် ဆောင်ရွက်နေမည်ဖြစ်ကြောင်း၊ နိုင်ငံသားများအား နိမ့်ကျမသွားအောင် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းတို့ကိုလည်း ပြောကြားခဲ့သည်။ ကလင်တန်ခေတ် ကုန်ဆုံးပြီဖြစ်ကြောင်း ရည်ညွှန်းနိုင်ရန် "ကျွန်ုပ်တို့ဟာ သမ္မတသစ်တစ်ဦးကို ရွေးကောက်တင်မြှောက်နေတာ ဖြစ်ပါတယ်၊ ဒီနေ့ည ဒီနေရာမှာ ကျွန်တော်ဟာ ကိုယ်ပိုင်ရပ်တည်ချက်နဲ့ ပြောဆိုနေတာဖြစ်ပါတယ်၊ ကျွန်တော် အစစ်အမှန်ဟာ ဘယ်သူဖြစ်တယ်ဆိုတာကို ခင်ဗျားတို့သိစေချင်ပါတယ်" ဟုလည်း ပြောကြားခဲ့သည်။

ဤသို့ ပြောကြားပြီးနောက် အယ်(လ်)ဂိုး၏ ပုံရိပ်သည် မြင့်တက်လာခဲ့ပါသည်။ ဘု(ရှ်) နီးပါးအထိ လူထုထောက်ခံမှုကို ရရှိသွားပါသည်။

ဒီမိုကရက်တစ်နှင့် ရီပတ်ဘလီကန်အမျိုးသားညီလာခံများတွင် မင်းမဲ့ဝါဒီများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက ဆန္ဒပြမှုရှိခဲ့ပါသည်။ ဆန္ဒပြသမားများနှင့် ရဲတပ်ဖွဲ့ဝင်တို့အကြား အဓိကရုဏ်းများ ဖြစ်ပွားခဲ့ပါသည်။ ဒီမိုကရက်တစ်အမျိုးသားညီလာခံ၌ သမ္မတကလင်တန်မိန့်ခွန်းပြောနေစဉ်အတွင်း အဓိကရုဏ်းဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်များက ရော်ဘာထိပ်ဖူးတ ပ်ကျည်ဆန် ဖြင့် ပစ်ခတ်နှိမ်နင်းခဲ့ရသည်အထိ ဖြစ်ခဲ့ပါသည်။

သမ္မတလောင်းနှစ်ဦး၏ စကားစစ်ထိုးပွဲများ – အောက်တိုဘာလအတွင်းက ရီပတ်ဘလီကလင်တန်သမ္မတဟောင်း ဘု(ရှ်)နှင့် ဒီမိုကရက်တစ်သမ္မတလောင်း အယ်(လ်)ဂိုးတို့သည် ၇ ကြိမ်တိုင်တိုင် စကားစစ်ထိုးပွဲတစ်ခုသည် ၉၀ မိနစ်စီကြာခဲ့သည်။ စကားစစ်ထိုးပွဲများကို တိုက်ရိုက်အသံလွှင့်ပြသခဲ့ရာ ပရိသတ်ပေါင်း သန်း ၄၀ တို့က ကြည့်ရှုနားဆင်ခဲ့ကြသည်။ ပထမ စကားစစ်ထိုးပွဲကို မတ်ဆာ ချူးဆက်တက္ကသိုလ် ဘော့စတွန် ကျောင်းဝင်းအတွင်း၌ အောက်တိုဘာလ ၃ ရက်နေ့က ကျင်းပခဲ့သည်။ ဒုတိယ စကားစစ်ထိုးပွဲကို မြောက်ကာရိုလိုင်းနားပြည်နယ် ဝိတ်(က်)ဖောရက်(စ်) တက္ကသိုလ်ဝင်းအတွင်း အောက်တိုဘာလ ၁၁ ရက်နေ့က ကျင်းပခဲ့သည်။ တတိယ စကားစစ်ထိုးပွဲကို မစ်ဇိုးရီပြည်နယ် ဝါရှင်တန် တက္ကသိုလ်ဝင်းအတွင်း အောက်တိုဘာလ ၁၇ ရက်နေ့က ကျင်းပခဲ့သည်။

ပထမ စကားစစ်ထိုးပွဲကို ညှိနှိုင်းသဘောတူချက်များအတိုင်း ပုံစံကျကျကျင်းပခဲ့သည်။ သမ္မတလောင်းများသည် စကားပြောစင်မြင့်များတွင် ရပ်လျက်ပြောခဲ့ကြရသည်။ သမ္မတလောင်းတို့သည် ရွေးကောက်ပွဲကတိများကို ထပ်မံပြောကြားပြီး မူဝါဒသဘောထားများကို တင်ပြခဲ့ကြသည်။ အယ်(လ်)ဂိုးက မူဝါဒရေးရာသမားယောင်ယောင် အသွင်ဆောင်ခဲ့ပြီး ဘု(ရှ်)က လက်တွေ့ဝါဒီသမားပုံဟန်ဆောင်ခဲ့သည်။ ပထမအကြိမ်တွင် တစ်ဦးနှင့် တစ်ဦး ပိန်မသာလိမ်မသာ ဖြစ်ခဲ့ကြသည်။

ဒုတိယ စကားစစ်ထိုးပွဲတွင် သမ္မတဟောင်းနှစ်ဦးတို့သည် စားပွဲခုံ၌ထိုင်ရင်း သက်တောင့်သက်သာ စကားပြောခွင့်ရခဲ့သည်။ ဒုတိယအကြိမ်တွင်လည်း အနိုင်အရှုံးမသဲကွဲဘဲ မပြတ်မသားနှင့် ပြီးဆုံးခဲ့သည်။ အယ်(လ်) ဂိုး၏ ပြောကြားချက်များမှာ တိကျရေရာမှု မရှိသဖြင့် ရီပတ်ဘလီကန်ပါတီဝင်တို့က ဂိုးသည် ယုံကြည်စိတ်ချထိုက်သူ မဟုတ်ဟု ဝေဖန်ခဲ့ကြသည်။ ဂိုးသည် ဘု(ရှ်)အား ဝေဖန်ရင်း အချက် အလက်မှားယွင်း ပြောဆိုမိသဖြင့် အထင်သေးခံခဲ့ရသည်။ ဒုတိယအကြိမ်တွင် စစ်ရေး၊ နိုင်ငံရေးကိစ္စများကို အဓိကထား ပြောဆိုခဲ့ကြသည်။

တတိယ စကားစစ်ထိုးပွဲမှာ မြို့တော်ခန်းမ၌ ပြုလုပ်သော အစည်းအဝေးပုံစံဖြစ်သည်။ မည်သူ့ကိုထောက်ခံဆန္ဒမဲပေးမည်ဟု မဆုံးဖြတ်ရသေးသူ ၁၄၃ ဦးတို့အား မေးခွန်းများကို မေးခွင့်ပေးခဲ့သည်။ သမ္မတလောင်းနှစ်ဦးတို့သည် ထလိုက်၊ ထိုင်လိုက်၊ လမ်းလျှောက်လိုက်နှင့် စကားပြောခွင့်ရခဲ့သည်။

စကားစစ်ထိုးပွဲ သုံးကြိမ်စလုံး၌ သမ္မတလောင်းနှစ်ဦးမည်သူမျှ အပြတ်အသတ်အသာစီးရမသွားခဲ့ပေ။ စကားစစ်ထိုးပွဲများ မကျင်းပမီက လူထုဆန္ဒသဘောထားများတွင် ဂိုးကအသာစီးရခဲ့သော်လည်း စကားစစ်ထိုးပွဲများ ကျင်းပပြီးနောက် ဂိုးသည် ရပြီးသားအမှတ်များပင် လျော့သွားခဲ့သည်။ ဘုရ်(ရှ်)အနေဖြင့် စကားစစ်ထိုးပွဲများအပြီးတွင် ဂိုးနှင့် မတိမ်းမယိမ်း အခြေအနေအထိ လူထုဆန္ဒသဘောထားများတွင် အမှတ်များတိုးမြင့် ရရှိခဲ့သည်။ သို့သော် မည်သူမျှ ပြတ်ပြတ်သားသား အနိုင်မရရှိခဲ့ကြသဖြင့် နိုဝင်ဘာလတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲသည် ၁၉၆၀ ပြည့်လွန်နောက်ပိုင်း ပထမဆုံးအကြိတ်အနယ်ယှဉ်ပြိုင်ရမည့်ပွဲ ဖြစ်လိမ့်မည်ဟု ခန့်မှန်းနေကြသည်။

အငြင်းပွားခဲ့ရသည့် သမ္မတရွေးကောက်ပွဲ – အမေရိကန်ပြည်ထောင်စုနှင့် ပတ်သက်၍ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် သမ္မတရွေးကောက်ပွဲနှင့် ဆက်စပ်နေသော သတင်းများက ဖုံးလွှမ်းကြီးစိုးနေခဲ့သည်။ နိုဝင်ဘာလ ၇ ရက်နေ့က ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲ ရလဒ်များမှာ နိုဝင်ဘာလကုန်သည့်တိုင်အောင် အနိုင်အရှုံးမပြတ်သားဘဲ ဖြစ်ခဲ့ရသည်။ နိုဝင်ဘာလ ၇ ရက်နေ့က ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် အမေရိကန်နိုင်ငံသားမဲဆန္ဒရှင် ၁၀၂ သန်းတို့က ဆန္ဒမဲပေးခဲ့ကြသည်။ ဒီမိုကရက်တစ်သမ္မတလောင်း အယ်(လ်)ဂိုးက ထောက်ခံမဲ ၅၀၁၃၃၉၁၂ မဲရရှိပြီး ရီပတ်ဘလီကန်သမ္မတလောင်း ဘုရ်(ရှ်)က ထောက်ခံမဲ ၄၉၈၀၅၂၁၆ မဲ ရရှိခဲ့သည်။ သို့ဖြစ်၍ လူထုဆန္ဒမဲတွင် ဂိုးက ဘုရ်(ရှ်)ထက် လူထုဆန္ဒမဲပေါင်း ၂၆၅၂၃၃ အသာစီးရခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် ၀.၃ ရာခိုင်နှုန်း အသာစီးရခဲ့သည်။ ၁၉၆၀ ပြည့်နှစ်၊ နောက်ပိုင်းတွင် မဲအသာစီးရမှု အနည်းဆုံးဖြစ်ခဲ့သည်။

အမေရိကန်သမ္မတရွေးကောက်ပွဲ စည်းမျဉ်းများအရ လူထုဆန္ဒမဲများအပြင် ရွေးကောက်ပွဲကိုယ်စားလှယ်အဖွဲ့များ (Electoral College) တို့ဖြင့်လည်း ဆန္ဒမဲပေးကြရသည်။ ရွေးကောက်ပွဲကိုယ်စားလှယ်အဖွဲ့တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ဆန္ဒမဲပေါင်း ၅၃၈ မဲရှိသည်။ နိုဝင်ဘာလအထိ ဂိုးသည် ရွေးကောက်ပွဲကိုယ်စားလှယ်အဖွဲ့ ဆန္ဒမဲ ၂၆၇ မဲရရှိနေပြီး ဘုရ်(ရှ်)က ထိုသို့သော ဆန္ဒမဲပေါင်း ၂၄၆ မဲရရှိထားသည်။ သို့ဖြစ်ရာ သမ္မတလောင်းနှစ်ဦးစလုံး ဆန္ဒမဲ ၂၇၀ မရရှိဘဲ ဖြစ်နေကြသည်။ မဲရေတွက်ရန် ကျန်ရှိနေသော ဖလော်ရီဒါပြည်နယ်မှ ရွေးကောက်ပွဲကိုယ်စားလှယ်အဖွဲ့ ဆန္ဒမဲပေါင်း ၂၅ မဲရှိသည်။ ထို့ကြောင့် သမ္မတရွေးကောက်ပွဲ အရှုံးအနိုင်ကို ထို ၂၅ မဲက အဆုံးအဖြတ်ပေးတော့မည်ဖြစ်သည်။

အဆုံးအဖြတ်ပေးမည့် ဖလော်ရီဒါပြည်နယ်မှ ရွေးကောက်ပွဲကိုယ်စားလှယ်အဖွဲ့၏ ၂၅ မဲရရှိရေးအတွက် သမ္မတလောင်းနှစ်ဦးတို့သည် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ ဆန္ဒမဲပေးမှု၊ ဆန္ဒမဲရေတွက်မှုတို့နှင့် စပ်လျဉ်း၍ တရားရေးလမ်းကြောင်း အပြန်အလှန်အမှုဖွင့် တိုင်တမ်းခဲ့ကြသည်။ ဤသို့ တရားရေးလမ်းကြောင်းအရ ယှဉ်ပြိုင်ကြရာတွင် ဖလော်ရီဒါပြည်နယ် တရားရုံးချုပ်အထိ ဘတစ်ပြန်ကျားတစ်ပြန် အနိုင်အရှုံး ဖြစ်ပေါ်ပြီး သမ္မတလောင်းနှစ်ဦးလုံးက သူတို့ကိုယ်သူတို့ အရွေးခံသမ္မတဖြစ်သည်ဟုပင် ပြောဆိုကြသည်အထိ ဖြစ်ခဲ့ကြသည်။ ထိုသို့တရားရေးအရ ယှဉ်ပြိုင်မှုသည် ပြည်ထောင်စုတရားရုံးချုပ်အထိ ရောက်သွားခဲ့သည်။ သမ္မတရွေးကောက်ပွဲကို အကြောင်းပြု၍ တစ်မျိုးသားလုံးအတွင်းသဘောထားများကွဲလွဲမှု ဖြစ်ခဲ့ရသကဲ့သို့ ပြည်ထောင်စုတရားရုံးချုပ်အထိ သဘောထားကွဲလွဲခဲ့ကြသည်။

ဒီဇင်ဘာလ ၁၂ ရက်နေ့သည် အစဉ်အလာကျင့်ထုံးများအရ သမ္မတရွေးကောက်ပွဲရလဒ်ကို ရွေးကောက်ပွဲကိုယ်စားလှယ်အဖွဲ့၏ ဆန္ဒမဲဖြင့် အဆုံးအဖြတ်ပြုရမည့်နေ့ဖြစ်သည်။ ထိုနေ့တွင် ပြည်ထောင်စုတရားရုံးချုပ်က မတင်မကျဖြစ်နေသော သမ္မတရွေးကောက်ပွဲရလဒ်ကို အပြီးအပြတ် အဆုံးသတ်ပေးလိုက်သည်။ တရားရေးယှဉ်ပြိုင်ပွဲများ မဖြစ်မီက ဖလော်ရီဒါပြည်နယ် လူထုဆန္ဒမဲများ၌ ဘုရ်(ရှ်)သည် ဂိုးထက် ထောက်ခံမဲ ၅၃၇ မဲ အသာစီး ရရှိထားခဲ့ပြီးဖြစ်သည်။ ပြည်ထောင်စုတရားရုံးချုပ်က ဖလော်ရီဒါပြည်နယ်မှ ဆန္ဒမဲများကို ထပ်မံ၍ ဆက်လက်ရေတွက်ခြင်းမပြုတော့ရန်၊ စက်ဖြင့်ရေတွက်ခြင်း၊ လက်ဖြင့်ရေတွက်ခြင်းတို့ကို မပြုလုပ်တော့ရန် ၅ မဲ ၄ မဲဖြင့် အပြီးသတ် အဆုံးအဖြတ်ပေးလိုက်သည်။ ရေတွက်ပြီး ဆန္ဒမဲများကို ပြန်လည်ရေတွက်စေခြင်းသည် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ရာရောက်ကြောင်း၊ ရွေးကောက်ပွဲ ဖြစ်ရိုးဖြစ်စဉ်များကို အကာအကွယ်ပေးရေး၊ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးမှုများအား တန်းတူညီမျှစွာ အကာအကွယ်ပေးရေးတို့ကို အခြေခံဥပဒေက ပြဋ္ဌာန်းပေးထားကြောင်း၊ သို့ဖြစ်၍ ဆန္ဒမဲများအား လက်ဖြင့်

တပ်မံရေတွက်ရန် ဆုံးဖြတ်ခဲ့သော ဖလော်ရီဒါပြည်နယ် တရားရုံးချုပ်၏ အမိန့်ကိုပယ်ဖျက်ကာ သမ္မတရွေးကောက်ပွဲ ရလဒ်ကိစ္စကို အပြီးသတ် အဆုံးအဖြတ်ပေးလိုက်ကြောင်း စီရင်ထုံးချမှတ်ခဲ့သည်။

ဤသို့ဖြင့် ရီပတ်ဘလီကန်သမ္မတလောင်း ဘု(ရှ်)သည် အရွေးချယ်ခံသမ္မတ ဖြစ်သွားခဲ့သည်။ ဘု(ရှ်)က ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ကွဲလွဲခြားနားမှုများသည် ငြိမ်းချမ်းစွာပြီးဆုံးသွားသဖြင့် အမေရိကန်ပြည်ထောင်စုကြီးအား ကျေးဇူးတင်ရှိ ကြောင်း၊ မိမိသည် ပါတီတစ်ရပ်အတွက် သာမဟုတ်ဘဲ တစ်မျိုးသားလုံးကို အလုပ်အကျွေးပြုရမည့် သမ္မတဖြစ်ကြောင်း စသည်များကို ဒီဇင်ဘာလ ၁၃ ရက်နေ့က ပြောကြားသည်။ ဒီမိုကရက်တစ်သမ္မတလောင်း အယ်(ဂိုး)ကလည်း ရွေးကောက် ပွဲနေ့အပြီး ၃၆ ရက်အကြာ၊ ပြည်ထောင်စုတရားရုံးချုပ်၏ အမိန့်ချမှတ်ပြီး ၂၃ နာရီ အကြာတွင် ၎င်းသည် သမ္မတရွေး ကောက်ပွဲ၌ ရှုံးနိမ့်ခဲ့ပြီဖြစ်ကြောင်း အတိအလင်းဝန်ခံ ပြောကြားခဲ့သည်။ ရှည်လျားပြင်းထန်စွာ တိုက်ပွဲဆင်နွှဲခဲ့ကြပြီး နောက် ယှဉ်ပြိုင်ဘက်အချင်းချင်း သဘောထားကွဲလွဲမှု ဒဏ်ရာဒဏ်ချက်များကို ပျောက်ကင်းအောင် ကုသပေးရန် လိုအပ်ကြောင်းများကို ပြောကြားခဲ့သည်။

ပြည်ထောင်စုတရားရုံးချုပ်၏ အဆုံးအဖြတ်ဖြင့် သမ္မတရွေးကောက်ပွဲရလဒ်သည် အပြီးသတ်သွားခဲ့ပြီး ဘု(ရှ်)သည် အမေရိကန်ပြည်ထောင်စု၏ ၄၃ ကြိမ်မြောက် သမ္မတဖြစ်လာခဲ့တော့သည်။

ဦးခင်မောင်မြ

**အရှေ့တောင်အာရှ စာပေဆုရှင် (မြန်မာနိုင်ငံ) (၂၀၀၀)** ။ ။ ၂၀၀၀ ပြည့်နှစ် အရှေ့တောင်အာရှ စာပေဆု (2000 S.E.A Wirte Award) ကို မြန်မာနိုင်ငံမှ စာရေးဆရာမကြီး ဒေါ်ရင်ရင် (စောမုံညင်း) က ဆွတ်ခူးရရှိသည်။ စာရေးဆရာမကြီး စောမုံညင်းသည် အရှေ့တောင်အာရှ စာပေဆုကို မြန်မာနိုင်ငံမှ တတိယမြောက် ဆွတ်ခူးရရှိသူ ဖြစ်သည်။

၂၀၀၀ ပြည့်နှစ် အရှေ့တောင်အာရှစာပေဆုရှင် စာရေးဆရာမကြီး စောမုံညင်းကို ဖခင် အခွန်တော် အမတ်ကြီး ဦးစံတင်၊ မိခင် ဒေါ်ဒေါ်မြို့တို့က ရှမ်းပြည်နယ် မိုးမိတ်မြို့၌ ၁၉၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ဖွားမြင်သည်။



အရှေ့တောင်အာရှ
စာပေဆုရှင်
စာရေးဆရာမကြီး
စောမုံညင်း

စာရေးဆရာမကြီး စောမုံညင်းသည် အထက်တန်းကျောင်းသူဘဝမှစ၍ စာစတင်ရေးသားသည်။ ၁၉၃၂ ခုနှစ်၊ ရှစ်တန်းကျောင်းသူဘဝက ရတနာသိဟဂျာနယ်တွင် ရေးသားခဲ့သည့် "ပြန်လာပြီ မန်းရွှေမြို့ရယ်က" တေးထပ်သည် ပထမဆုံးရေးသားသော ကဗျာဖြစ်သည်။ ဂျပ်ဆင်ကောလိပ်မဂ္ဂဇင်းတွင် ဆောင်းပါးနှင့်ကဗျာရေးသားရာမှ စောမုံညင်း ကလောင်အမည်ခံယူသည်။ ထိုစဉ်က အမျိုးသမီးကလောင်အဖွဲ့ ရန်ပုံငွေပြဇာတ်ဖြစ်သည့် "ရတနာ့ဂုဏ်ရည်ပြဇာတ်နှင့် ကိန္နရီမောင်နှံပြဇာတ်"တို့ကို ရေးသားပြီး ကိုယ်တိုင်လည်း ပါဝင်သရုပ်ဆောင်သည်။

၁၉၅၆ ခုနှစ်တွင် အင်ဒီပင်းဒင့် ဒေါ်စန်း ကွယ်လွန်သည့် သုံးနှစ်မြောက်ကဗျာပြိုင်ပွဲ၌ ပထမ ရွှေတံဆိပ်ဆု၊ ၁၉၆၃ ခုနှစ် တွင် "ရှေ့ဆောင်လူငယ် သောက်ရှူးကြယ်" စာအုပ်ဖြင့် ကလေး လူငယ်ဆိုင်ရာ စာပေတတိယဆု၊ ၁၉၆၅ ခုနှစ်တွင် "မြန်မာမှုစုံ ပန်းရဂုံ" စာအုပ်ဖြင့် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းက ချီးမြှင့်သော ယဉ်ကျေးမှုစာပေ ဒုတိယဆု၊ ၁၉၈၉ ခုနှစ်တွင် "မြန်မာအမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှု" စာအုပ်ဖြင့် အမျိုးသား စာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ) တို့ကို ရရှိသည်။ မြတ်နိုးစရာ မြန်မာ့ရိုးရာများ၊ နော်ဇာကုံးနှင့် ပုလဲသွယ်၊ မြန်မာ့ဇာတ်သဘင်တစ်ခေတ် ပြောင်းလဲရေး၊ ကရင်ပြည်နယ် တတ်ပုံမှတ်တမ်း၊ မြန်မာ့အမျိုးသမီး စသည့်ထင်ရှားသော စာအုပ်များနှင့် ရိုးရာ ဝလေ့ထုံးစံ၊ တေးဂီတဆိုင်ရာ အနုပညာဆောင်းပါးများ၊ ယဉ်ကျေးမှုရေးရာဆောင်းပါးများ များစွာရေးသားသည်။ ထို့ပြင် မဟာဂီတသီချင်းကြီးကို ၁၄ နှစ်တိုင် သင်ယူခဲ့ပြီး ကိုယ်တိုင်သီဆိုအသံသွင်းသည်။ ၁၉၈၈ ခုနှစ်မှစ၍ ယခုအထိယဉ်ကျေးမှုရေးရာအဖြာဖြာကို တစ်လနစ်ကြိမ် မြန်မာ့အသံက အသံသွင်းလျက်ရှိသည်။

စာရေးဆရာမကြီး စောမုံညင်းသည် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (မြန်မာစာ၊ ရာဇဝင်ဂုဏ်ထူး) နှင့် နိုင်ငံခြားဘာသာသင် သိပ္ပံမှ ဂျပန်ဘာသာဒီပလိုမာ ရရှိသည်။ လုပ်သားများကောလိပ်တွင် မြန်မာစာကထိက၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီတွင်ဌာနစုမှူးတာဝန်များ ဆောင်ရွက်သည်။ အမျိုးသမီးကင်းထောက် အဖြစ် အင်္ဂလန်၊ ဟော်လန်၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ဂျပန်၊ အိန္ဒိယနိုင်ငံများသို့ သွားရောက်၍ အစည်းအဝေးများတက်ရောက်သည်။ ဗီယက်နမ်၊ တရုတ်၊ ပါကစ္စတန်နိုင်ငံများသို့ စာရေးဆရာကိုယ်စားလှယ် အဖွဲ့ဝင်အဖြစ် သွားရောက်သည်။

စာရေးဆရာမကြီး စောမုံညင်းသည် ယခုအခါ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အဖွဲ့ဝင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ မြန်မာနိုင်ငံ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်တို့တွင် အကြံပေးပုဂ္ဂိုလ်၊ နာယကစသည်ဖြင့် ထမ်းဆောင်လျက်ရှိသည်။

၂၀၀၀ ပြည့်နှစ် အရှေ့တောင်အာရှ စာပေဆုကို မြန်မာနိုင်ငံမှ စာရေးဆရာမကြီး စောမုံညင်းအပါအဝင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ စာပေပညာရှင် ၁၀ ဦးတို့အား ချီးမြှင့်ခြင်းဖြစ်သည်။ ဆုချီးမြှင့်ပွဲအခမ်းအနားကို ထိုင်းနိုင်ငံ၊ ဘန်ကောက် မြို့၌ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပရာ မြန်မာနိုင်ငံမှ စာရေးဆရာမကြီး စောမုံညင်း တက်ရောက်၍ အရှေ့တောင်အာရှစာပေဆုကို လက်ခံရယူသည်။

အရှေ့အလယ်ပိုင်းဒေသ။ ။ အစ္စရေး(လ်) နှင့် ဆီးရီးယားတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်၍ ပြန်လည်ပြုလုပ်ခဲ့ကြသည်။ ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃–၁၀ ရက်နေ့များတွင် အမေရိကန်ပြည်ထောင်စု၊ အနောက်ဗားဂျင်းနီးယားပြည်နယ်၊ ရှက်ဖတ်(စ်)တောင်၌ ကျင်းပခဲ့သည်။ အစ္စရေး(လ်) ဝန်ကြီးချုပ် အေဟုဘာရက်နှင့် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဖရောက်အာ(လ်)ရှာရာတို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲလုပ်ထုံးလုပ်နည်းများအတွက်နှစ်ဘက်ငြင်းခုံနေကြပြီး တိကျသော သဘောတူညီမှု တစ်စုံတစ်ရာမရရှိခဲ့ကြပေ။ သို့ရာတွင် အမေရိကန်၏ အဆိုပြုချက်ကို အခြေခံလျက် နှစ်ဘက်သဘောတူညီနိုင်သော အကြောင်းအရာများနှင့် သဘောထားကွဲလွဲနေသောအချက်များ မည်သို့မည်ပုံရှိနေသည်ကို ညှိနှိုင်းဖော်ထုတ် နိုင်ခဲ့ကြသည်။

ဂိုလန်ကုန်းမြင့်များအား ဆီးရီးယားသို့ ပြန်လည်လွှဲပြောင်းပေးရေးနှင့် စပ်လျဉ်း၍ ဇန်နဝါရီလအတွင်းက အစ္စရေး(လ်)နိုင်ငံအတွင်း ဆန့်ကျင်သည့် လှုပ်ရှားမှုများပေါ်ပေါက်ခဲ့သည်။ ဂိုလန်ကုန်းမြင့်များအား ပြန်လည်လွှဲပြောင်းမပေးရန် လူပေါင်း ၁၅၀၀၀၀ တို့က ဇန်နဝါရီလ ၁၀ ရက်နေ့တွင် တဲ(တ်)အဗီးမြို့၌ ဆန္ဒပြခဲ့ကြသည်။ ဂိုလန်ကုန်းမြင့်အား ဆီးရီးယားသို့ ပြန်ပေးလိုက်လျှင် ညွန့်ပေါင်းအစိုးရအဖွဲ့ဝင် ဝန်ကြီးအချို့က ရာထူးမှနုတ်ထွက်ကြမည်ဟု ခြိမ်းခြောက်ခဲ့ကြသည်။

အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြန်လည်စတင်ရေး – အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအတွက် နိုင်ငံစုံပါဝင်သော ဆွေးနွေးပွဲများကို ၁၉၉၂ ခုနှစ်က စတင်ပြုလုပ်ခဲ့သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စစ်ပြေးဒုက္ခသည်များအရေး၊ သောက်သုံးရေ ခွဲဝေရေး၊ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ လက်နက်များထိန်းချုပ်ရေး၊ ဒေသလုံခြုံရေးတို့အတွက် အစုအဖွဲ့များခွဲကာ ဆွေးနွေးခဲ့ကြသည်။ သို့ရာတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှာ တိုးတက်မှုမရှိဘဲ ရပ်တန့်သွားခဲ့သည်မှာ သုံးနှစ်ကြာသွားခဲ့ပြီဖြစ်သည်။ သို့ရာတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး အီဂေါအီဗန်နော့(ဗ်)သည် အစ္စရေး(လ်)သို့ အလည်အပတ်ရောက်ရှိလာပြီးနောက် နိုင်ငံစုံ ပါဝင်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို လာမည့်ဖေဖော်ဝါရီအတွင်း မော်စကို၌ ပြန်လည်ကျင်းပတော့မည်ဖြစ်ကြောင်း ဇန်နဝါရီလ ၆ ရက်နေ့က ကြေညာခဲ့သည်။

ငြိမ်းချမ်းရေးအပြီးသတ်ရက် ပျက်ပြားသွားခြင်း။ ။ အစ္စရေး(လ်)နှင့် ပါလက်စတိုင်းတို့အကြား အပြီးသတ်ငြိမ်းချမ်းရေးသဘောတူစာချုပ်မူကြမ်းကို ဖေဖော်ဝါရီလ ၁၃ ရက်နေ့ကိုနောက်ဆုံးထား၍ ပြုလုပ်ကြရန် စီစဉ်ထားခဲ့ကြသည်။ ဖေဖော်ဝါရီလ ၃ ရက်နေ့က နယ်စပ်ဖြစ်သော ဂါဇာကမ်းမြောင်ဒေသမှ စစ်ကြောရေးတန်းတစ်ခုဖြစ်သည့် အေရက်(ဇ်)၌ အေဟုဘာရက်နှင့် အာရာဖတ်တို့သည် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ သို့ရာတွင် နှစ်ဘက်အပြန်အလှန် စွပ်စွဲပုတ်ခတ်ခဲ့ကြပြီး ဆွေးနွေးပွဲ ရပ်စဲသွားခဲ့သည်။ အထူးသဖြင့် အနောက်ဘက်ကမ်းခြေရှိ နယ်မြေများကို ပါလက်စတိုင်းတို့က ထိန်းချုပ်ခွင့်ပြုရေးနှင့်စပ်လျဉ်း၍ သဘောထားကွဲလွဲခဲ့ကြသည်။ ဤသို့ဖြင့် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ကို နောက်ဆုံးထား၍ အပြီးသတ်ငြိမ်းချမ်းရေး သဘောတူညီချက်မူကြမ်းကို အတည်ပြုကြရေးမှာ ပျက်ပြားသွားခဲ့ရသည်။ အဆိုပါဆွေးနွေးပွဲ၌ အစ္စရေး (လ်)ဝန်ကြီးချုပ်က တင်ပြသော



အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအတွက် ဒေးဗစ်စခန်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် အစ္စရေးဝန်ကြီးချုပ်အေဟုဘာရက် (ဝဲ)၊ အမေရိကန်သမ္မတ ကလင်တန် (အလယ်) နှင့် ပါလက်စတိုင်းခေါင်းဆောင် အာရာဖတ် (ယာ) တို့ကို အတူတွေ့ရစဉ်

မြေပုံတွင် ဂျေရုဆလင်နယ်မြေတစ်ခုလုံးအား အစ္စရေး(လ်)တို့က ဆက်လက်စိုးမိုးထားမည့်သဘောကို ပေါ်လွင်စေခဲ့သည်။ ပါလက်စတိုင်းတို့ကလည်း ဂျေရုဆလင်အရှေ့ပိုင်းကို ၎င်းတို့၏ မြို့တော်အဖြစ်သတ်မှတ်ရန် လျာထားနေကြသည်။ ထို့ကြောင့် ညှိနှိုင်း၍မရနိုင်ဘဲ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ရပ်ဆိုင်း သွားခဲ့ရသည်။ ဖေဖော်ဝါရီလအတွင်း အမေရိကန်တို့၏ ကြားဝင်ဖျန်ဖြေမှုမှာလည်းမအောင်မြင်ဘဲဖြစ်ခဲ့ရသည်။

ဘာရက်နှင့်ကလင်တန်တွေ့ဆုံပွဲ – အစ္စရေး(လ်) ဝန်ကြီးချုပ်အေဟုဘာရက်သည် အမေရိကန်ပြည်ထောင်စုသို့သွားရောက်ခဲ့ပြီး ဧပြီလ ၁၁ ရက်နေ့က သမ္မတကလင်တန်နှင့် တွေ့ဆုံ ဆွေးနွေးခဲ့သည်။အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ပါလက်စတိုင်းတို့ လျှောက်လှမ်းခဲ့သည့် လမ်းကြောင်းကို အဓိကထား၍ ဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲနောက်ပိုင်း တွင် အစ္စရေးဝန်ကြီးချုပ်ဘာရက်သည် ပါလက်စတိုင်းတို့၏ တောင်းဆိုထားချက်အတိုင်း နောင်တွင်ပြုလုပ်မည့် အစ္စရေး(လ်) ပါလက်စတိုင်း ဆွေးနွေးပွဲများ၌ အမေရိကန် ကိုယ်စားလှယ် ရှိနေရေးကို သဘောတူခဲ့သည်။ ဧပြီလ နှောင်းပိုင်းတွင် သမ္မတကလင်တန်သည် ပါလက်စတိုင်းခေါင်းဆောင် အာရာဖတ်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ဧပြီလ ၁၆ ရက်နေ့က ကျင်းပသော ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင် ဝန်ကြီးချုပ်ဘာရက်က ပါလက်စတိုင်းနိုင်ငံဟု အတိအလင်း မပြောရုံတစ်မည်ပါလက်စတိုင်းဒေသ ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း၊ အနောက် ကမ်းခြေဒေသမှ ၆၀–၇၀ ရာခိုင်နှုန်းသည် ပါလက်စတိုင်းတို့၏ အုပ်ချုပ်မှုအောက်သို့ ရောက်သွားတော့မည်ဖြစ်ကြောင်း၊ သို့ရာတွင် ပါလက်စတိုင်းဒေသသည် စစ်မဲ့ဇုန်အဖြစ် ရပ်တည်နေရမည်ဖြစ်ကြောင်း၊ ထိုပါလက်စတိုင်းဒေသသည် ၁၉၆၇ ခုနှစ်မတိုင်မီက ရှိခဲ့သော အစ္စရေး(လ်) နိုင်ငံ နယ်နိမိတ်ကို ကျူးကျော်သိမ်းပိုက်ခွင့်မရှိကြောင်းများကို ရှင်းပြခဲ့သည်။ ထို့ပြင် ဂျူးအခြေစိုက်စခန်းများသည် အစ္စရေး(လ်) အုပ်ချုပ်မှုအောက်တွင် ဆက်လက်တည်ရှိစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**လက်ဘနွန်မှ အစ္စရေး(လ်)တပ်များ ဆုတ်ခွာခဲ့ခြင်း။** ။ ဇူလိုင်လ ၇ ရက်နေ့ထက်စောပြီး အစ္စရေး(လ်) တပ်များသည် မေလ ၂၄ ရက်နေ့တွင် လက်ဘနွန်မှ ဆုတ်ခွာသွားကြသည်။ ၁၉၇၈ ခုနှစ်တွင် လက်ဘနွန်တောင်ပိုင်းသို့ အစ္စရေး(လ်) တို့က ကျူးကျော်သိမ်းပိုက်ပြီး နောက်ပိုင်းမှာ ယခုကဲ့သို့ ဆုတ်ခွာသွားချိန်အထိကာလအတွင်း အစ္စရေး(လ်) စစ်သား အနည်းဆုံး ၉၀၀ ခန့် သေဆုံးခဲ့ရသည်။ ၁၉၈၂ ခုနှစ်မှစ၍ အစ္စရေး(လ်) တို့ကို ခုခံတွန်းလှန်ခဲ့သော ဟက်(ဇ်)ဘိုလာ ပြောက်ကျားအဖွဲ့ဝင် ပေါင်း ၁၂၇၆ ဦး သေဆုံးခဲ့ရသည်။ ထို့ပြင် လက်ဘနွန်အရပ်သားများ၊ ပါလက်စတိုင်းများလည်း သေဆုံးခဲ့ကြရသည်။

ဤကဲ့သို့ လက်ဘနွန်မှအစ္စရေး(လ်) တပ်များကို ဆုတ်ခွာပေးခဲ့ခြင်းမှာ ဝန်ကြီးချုပ်ဘာရက်၏ရွေးကောက်ပွဲ အောင်နိုင်ရေး နည်းပရိယာယ်တစ်ရပ်ဖြစ်သည်။ အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဆီးရီးယားနှင့်ပါလက်စတိုင်းတို့က ရပ်ဆိုင်းထားခဲ့ကြသည်။ သို့ဖြစ်ရာ ဤသို့ မိမိတပ်များကို ဆုတ်ခွာပေးလိုက်ခြင်းဖြင့် ဆီးရီးယားနှင့်ပါလက်စတိုင်းတို့က ဆွေးနွေးပွဲ၌ ပြန်လည်ပါဝင်လာမည်ဆိုလျှင် သူသည် အရှေ့ အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးနိုင်သူအဖြစ် အစ္စရေး(လ်) မဲဆန္ဒရှင်များက ယူဆလာကြမည်ဟု မျှော်လင့်ခဲ့သည်။ သို့ရာတွင် ဤသို့ ဆုတ်ခွာပေးမှုကို အစ္စရေး(လ်) စစ်ဘက်မှမကျေမနပ်ဖြစ်ခဲ့သည်။

“လုံခြုံရေးဇုန်” ဟု အစ္စရေး(လ်) တို့က ခေါ်တွင်ခဲ့သော လက်ဘနွန်တောင်ပိုင်းမှ အစ္စရေး(လ်) တပ်များ ဆုတ်ခွာသွား ပြီးနောက် မေလ၁၅ရက်နေ့က“အမျိုးသား လွတ်မြောက်ရေးနေ့” ဟု လက်ဘနွန်ဝန်ကြီးချုပ်က ကြေညာခဲ့သည်။ သို့ရာတွင် လက်ဘနွန်တောင်ပိုင်း၏ လုံခြုံရေးအခြေအနေမှာ မရေမရာ ဖြစ်ခဲ့ရသည်။ ကုလသမဂ္ဂက ထိုဒေသတွင် လုံခြုံရေး၊ အုပ်ချုပ်ရေးကို လက်ဘနွန်အစိုးရက တာဝန်ယူရန်တိုက်တွန်းခဲ့သည်။ သို့သော် အစ္စရေး(လ်) တပ် လက်ကျန်များရှိမရှိကို ကုလသမဂ္ဂက စိစစ်အတည်ပြုပေးရန် လက်ဘနွန်က တောင်းဆိုခဲ့သည်။ သို့ဖြစ်၍ ကုလသမဂ္ဂမှ လေ့လာသူများ သည် ၁၉၂၃ ခုနှစ်က ဗြိတိန်နှင့် ပြင်သစ် အစိုးရများက သတ်မှတ်ပေးခဲ့သော နယ်ခြား မျဉ်းကြောင်းသို့ သွားရောက်လေ့လာ စိစစ်ခဲ့ကြရသည်။ မေလ ၂၂ ရက်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က လက်ဘနွန်ရောက် ကုလ သမဂ္ဂကြားခံတပ်ဖွဲ့ (UN Intering Force) အင်အားကို တိုးချဲ့စေလွှတ်ရန် လုံခြုံရေးကောင်စီသို့ အကြံပြုတင်ပြခဲ့သည်။

**ဘာရက်နှင့်အာရာဖတ်တွေ့ဆုံပွဲ။** ။ မေလ ၇ ရက်နေ့တွင် အစ္စရေး(လ်) ဝန်ကြီးချုပ်ဘာရက်နှင့်ပါလက်စတိုင်း ခေါင်းဆောင် အာရာဖတ်တို့သည် ရာမလ္လာအရပ်၌ တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲတွင် တိုးတက်မှုမရှိဘဲ ပြီးဆုံးခဲ့သည်။ အပြီးသတ်ငြိမ်းချမ်းရေးကိစ္စကို ဆွေးနွေးရန် မေလ ၁၃ ရက်နေ့ကို နောက်ဆုံးထား သတ်မှတ်ခဲ့သော်လည်း ပါလက်စတိုင်းတို့က ရက်ချိန်းရွှေ့ဆိုင်းသွားမှုကို လက်ခံခဲ့ရသည်။

မေလ ၁၅ ရက်နေ့တွင် အစ္စရေး(လ်) ဝန်ကြီးအဖွဲ့ အစည်းအဝေး၌ ဝန်ကြီးချုပ်ဘာရက်၏ အဆိုပြုချက်သည် ၁၅ မဲ ၆ မဲဖြင့် အနိုင်ရခဲ့သည်။ အရှေ့ဂျေရုဆလင်၏ အစွန်အဖျား ဖြစ်ကြသော ကျေးရွာသုံးရွာကို ပါလက်စတိုင်းအုပ်ချုပ်ရေး လက်အောက်သို့ လွှဲပြောင်းပေးရေးကိစ္စဖြစ်သည်။ ဤသို့ လွှဲပြောင်းပေးလိုက်ခြင်းဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဆက်လက်ပြုနိုင်ရန် အလားအလာကောင်းများရလာ လိမ့်မည်ဟု ဘာရက်ကပြောခဲ့သည်။ ထို့ပြင် ဂျေရုဆလင်အား အစ္စရေး(လ်) တို့၏ အချုပ်အခြာအာဏာပိုင်မှုအောက်တွင် ဆက်လက် တည်ရှိစေနိုင်သည်ဟုလည်း ပြောခဲ့သည်။ ပါလက်စတိုင်းတို့က အရှေ့ဂျေရုဆလင်အား ၎င်းတို့၏ မြို့တော် ပြုလုပ်လိုသည့် အကြံအစည်ကို ဖြိုဖျက်နိုင်ရန် အစ္စရေး(လ်) ဝန်ကြီးချုပ်ဘာရက်က ဤသို့အကွက် ဆင်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဤသို့ကျေးရွာများအား လွှဲပြောင်းရေးကိုပင် မလိုလားသူများ ရှိနေသဖြင့် ဝန်ကြီးချုပ် ဘာရက်အားထောက်ခံမှုအင်အားမှာ လျော့နည်းသွားခဲ့သည်။

**ဒေးဗစ်စခန်း ထိပ်သီးအစည်းအဝေး။** ။ ဇူလိုင်လ ၁၁–၁၉ ရက်များအတွင်းက အမေရိကန်ပြည်ထောင်စုရှိ ဒေးဗစ်စခန်းတွင် သမ္မတကလင်တန်၏ ဦးဆောင်မှုဖြင့် အစ္စရေး(လ်) ဝန်ကြီးချုပ် အေဟုဘာရက်နှင့်ပါလက်စတိုင်းခေါင်းဆောင် အာရာဖတ်တို့သည် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုထိပ်သီး အစည်းအဝေးနှင့်ပတ်သက်သောသတင်းများကို အမေရိကန်တို့က မှောင်ချထားခဲ့သည်။ သို့သော်လည်း အစ္စရေး(လ်)နှင့် ပါလက်စတိုင်း ဆွေးနွေးရေးသမားတို့က ထိုသတင်းများကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ဂျေရုဆလင်မြို့၏ အနာဂတ်ရေး၊ ဂျေရုဆလင်အရှေ့ပိုင်းရှိမြင့်မြတ်သောနေရာများ အပေါ် မူဆလင်တို့က အချုပ်အခြာအာဏာ ပိုင်ခွင့်ကို ကျင့်သုံး ရေးတို့နှင့်စပ်လျဉ်း၍ အဓိကအငြင်းပွားနေဆဲ ဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။ ဇူလိုင်လ ၂၆ ရက်နေ့တွင် သဘော တူညီချက်မရဘဲ ထိပ်သီးအစည်းအဝေးမှာ ပျက်ပြားသွား ခဲ့သည်။ ထိပ်သီးအစည်းအဝေး ပျက်ပြားသွားပြီး နောက် နိုင်ငံတကာ ထောက်ခံအားပေးမှု ရရှိစေရန် ဩဂုတ်လ

အတွင်း အာရာဖတ်သည် ပြင်သစ်၊ တောင်အာဖရိက၊ အီဂျစ်၊ တရုတ်၊ ဂျပန်၊ မလေးရှား၊ ဗီယက်နမ်၊ အခြား အရှေ့တောင်အာရှနိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်ခဲ့သည်။ အစ္စရေး(လ်) တို့ကလည်း အလားတူ နိုင်ငံအများအပြားသို့ လှည့်လည်ကာ ၎င်းတို့၏ ရပ်တည်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြသည်။

ဤအတောအတွင်း ဒေးဗစ်စခန်းဆွေးနွေးပွဲ၌ အစ္စရေး(လ်) ဝန်ကြီးချုပ်ဘာရက်သည် ပါလက်စတိုင်းတို့အား အလျှော့ပေးခဲ့မှုများကို မကျေနပ်သဖြင့် ဩဂုတ်လ ၂ ရက်နေ့တွင် ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး တာဝန်များကိုထမ်းဆောင်နေသူ ဒေးဗစ်လယ်ဗီး နုတ်ထွက်သွားခဲ့သည်။

ငြိမ်းချမ်းရေးအတွက် ဆက်လက်ကြိုးပမ်းမှုများ – ကုလသမဂ္ဂ၏ ထောင်စုနှစ် ထိပ်သီးအစည်းအဝေး ကျင်းပနေမှုကို အခွင့်ကောင်းယူပြီး သမ္မတ ကလင်တန်သည် ၎င်းထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသော အာရာဖတ်နှင့် ဘာရက်တို့ကိုတွေ့ဆုံညှိနှိုင်းခဲ့သည်။ စက်တင်ဘာလ ၆ ရက်နေ့တွင် သမ္မတ ကလင်တန်သည် ၎င်းတို့နှစ်ဦးအား အခွင့်အလမ်းကို လက်မလွှတ်စတမ်း ဆုပ်ကိုင်ရယူကြရန် ငြိမ်းချမ်းရေးအတွက် စွန့်စားရမည့်အချက်များကို ထောက်ခံကြရန် တိုက်တွန်းခဲ့သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဆက်လက်ကျင်းပကြရန် သံတမန်နည်းလမ်းများအရ အပြင်းအထန်ကြိုးပမ်းခဲ့သည်။ သို့ရာတွင် အာရာဖတ်နှင့်ဘာရက်တို့က ထိုတိုက်တွန်းချက်များကို အလေးအနက်မထားခဲ့ကြပေ။

အီဂျစ်သမ္မတ မူဘာရက်က ဂျေရုဆလင်ကို တံခါးဖွင့်ထားပြီး အနောက်ပိုင်းကို အစ္စရေး(လ်) တို့က စိုးမိုးပြီး အာရပ်အများစုနေထိုင်ရာ အရှေ့ပိုင်း၌ ပါလက်စတိုင်းတို့က အုပ်ချုပ် ရန် ဩဂုတ်လနှောင်းပိုင်းတွင် တိုက်တွန်းခဲ့သည်။

စက်တင်ဘာလ ၁၁ ရက်နေ့တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အမေရိကန်ပြည်ထောင်စု၌ ဆက်လက်ပြုလုပ်ခဲ့သည်။ သို့ရာတွင် စက်တင်ဘာလ ၁၉ ရက်နေ့က ၎င်းဆွေးနွေးပွဲကို အစ္စရေး(လ်) တို့ဘက်မှ တစ်ဖက်သတ်ရပ်စဲပစ်ခဲ့သည်။

စက်တင်ဘာလ ၁၃ ရက်နေ့ကို နောက်ဆုံးထား၍ ပါလက်စတိုင်းနိုင်ငံ ထူထောင်လိုက်ကြောင်း ကြေညာရန် မူလက ပါလက်စတိုင်းများသည် သဘောတူထားခဲ့ကြသည်။ သို့သော် ယင်းသို့ တစ်ဖက်သတ် ကြေညာရေးကို အမေရိကန် ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့က သဘောမတူသဖြင့် ပါလက်စတိုင်းနိုင်ငံ ထူထောင်ကြောင်း ကြေညာမည့်ရက်ကို ရွှေ့ဆိုင်းရန် ပါလက်စတိုင်း ဥပဒေပြုကောင်စီက စက်တင်ဘာလ ၁၀ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်နိုင်ရေးအတွက် အာရာဖတ်သည် အစ္စရေး(လ်) နိုင်ငံသို့ သွားရောက်ခဲ့ပြီး ဘာရက်၏ သီးသန့်နေအိမ်တွင် ဆွေးနွေးခဲ့သည်။ ယင်းသို့ ဆွေးနွေးခဲ့မှုကြောင့် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ငြိမ်းချမ်းရေးအတွက် နှစ်ဘက်ဆွေးနွေးပွဲများကို အမေရိကန်ပြည်ထောင်စု၌ ပြန်လည်ကျင်းပခဲ့ကြသည်။

ပတူအုံတုတ်ထိုးလိုက်သည့် အေရီယယ်(လ်)ရှာရွန် – ပျားအုံကဲ့သို့သော ပတူကောင်များရှိနေသည့် ပတူအုံကို တုတ်ထိုးလိုက်လျှင် ပတူအုံတွင်းမှ ပတူကောင်များ ထွက်ပေါ်လာကာ တွေ့သမျှမရှောင် ထိုးနက်ကြလေ့ရှိသည်။ ဤနည်းတူပင် အစ္စရေး(လ်)မှ လီကွတ်ပါတီခေါင်းဆောင်ဖြစ်သော အမျိုးသားရေးဝါဒီဖြစ်ပြီး တင်းမာသောသဘောထားရှိသည့်အေရီယယ်(လ်)ရှာရွန်သည် ဟာရမ်အာ(လ်)ရှာရစ်(ဖ်) သို့ စက်တင်ဘာလ ၂၈ ရက်နေ့က သွားရောက်ခဲ့ခြင်းဖြင့် အကြမ်းဖက်မှုများ ရုတ်ခြည်းတိုးချဲ့ ပျံ့နှံ့သွားခဲ့သည်။

ရှာရွန်အနေဖြင့် ဤကဲ့သို့ သွားရောက်ခဲ့ခြင်းသည် ချိန်ကိုက်လှုံ့ဆော်မှု ဖြစ်နိုင်သည်။ ထိုအချိန်က အမေရိကန်ပြည်ထောင်စုတွင် အစ္စရေး(လ်) နှင့်ပါလက်စတိုင်း ညှိနှိုင်းရေးသမားတို့သည် ငြိမ်းချမ်းရေးအတွက် အကြိတ်အနယ် ဆွေးနွေး နေချိန်ဖြစ်သည်။ ထို့ပြင် အစ္စရေး(လ်) ဝန်ကြီးချုပ်ဘာရက်က ငြိမ်းချမ်းရေးဆွေးနွေး ပွဲများအတွက် ထွက်ပေါက်ရစေရန် အနာဂတ်ကာလတွင် ဂျေရုဆလင်ကို နှစ်ပိုင်းခွဲခြားနိုင်စရာ အကြောင်းရှိကြောင်း ပြောကြားလိုက်ချိန်ဖြစ်သည်။

ရှာရွန်သွားရောက်ခဲ့သော ဟာရမ်အာ(လ်)ရှာရစ်(ဖ်) သည် ဘုရားရှိခိုးကျောင်းကုန်း (Temple Morent ) အမည်ရသည်။ ထိုနေရာသည် ဂျူးတို့အတွက် ဆော်လိုမွန်ဘုရားရှိခိုးကျောင်း (Temple of Solomon) ဖြစ်သည်။ အစ္စလာမ်ဝါဒီတို့အတွက် တတိယအမွန်မြတ်ဆုံးနေရာဖြစ်သည်။ ကျောက်ခဲဆောင် (Dome of Rock) ဖြစ်သကဲ့သို့ အာ(လ်)အက်ဆာဗလီတည်ရှိရာလည်းဖြစ်သည်။ ဂျူးဘာသာဝင်တို့နှင့် ခရိယာန်ဘာသာဝင်တို့အတွက်လည်း အမွန်အမြတ်နေရာဖြစ်သည်။

နေရာအားဖြင့် ဤသို့ထူးခြားမှုများရှိပြီး ထိုနေရာသို့ သွားရောက်ခဲ့သူ ဗိုလ်ချုပ်ကြီးဟောင်း ရှာရွန်သည်လည်း ထူးထူးခြားခြား အမုန်းပွားခံနေရသူဖြစ်သည်။ ၁၉၈၂ ခုနှစ်က သူ့ကြောင့် လက်ဘနွန်ရှိ ပါလက်စတိုင်းဒုက္ခသည်များစခန်းမှ ပါလက်စတိုင်းပေါင်း ထောင်ချီ၍ သတ်ဖြတ်ခံခဲ့

ကြရသည်။ ယခုကဲ့သို့ ရှာရွန်က ထိုနေရာသို့ချိန်ကိုက် သွားရောက်ခဲ့ခြင်းသည် ဂျေရုဆလင်အရေး လိပ်ခဲတည်းတည်းဖြစ်နေမှုကို ပိုမိုဆိုးရွားသွားစေခဲ့သည်။ ငြိမ်းချမ်းရေးလမ်းစပျောက်ပြီး ဆူပူမှုများပြန့်ပွားသွားစေခဲ့သည်။

အောက်တိုဘာလအတွင်း ငြိမ်းချမ်းရေးဖြစ်စဉ်များမှာ လက်တွေ့အကျိုးသက်ရောက်မှုအရ ပျက်ပြားသွားခဲ့သည်။ ပါလက်စတိုင်းခေါင်းဆောင်တို့က အင်တီဖာဒါ (Intifade) ခေါ် အုံကြွမှုအသစ်ကို ဖော်ဆောင်ခဲ့ကြသည်။ ဆူပူအကြမ်းဖက်မှုများကြောင့် အောက်တိုဘာလကုန်အထိ လူပေါင်း ၂၅၀၀ ကျော် ဒဏ်ရာရခဲ့သည်။ လူပေါင်း ၁၄၄ ဦး သေဆုံးခဲ့ရသည်။ ဒဏ်ရာရ သေဆုံးသူအများစုမှာ ပါလက်စတိုင်းများ ဖြစ်ကြသည်။

အောက်တိုဘာလ ၄ ရက်နေ့တွင် ပြင်သစ်နိုင်ငံ၊ ပါရီမြို့တော်တွင်ရှိသော အမေရိကန်သံရုံး၌ အော(လ်)ဘရိုက်သည် အာရာဖတ်၊ ဘာရက်တို့နှင့် ဆွေးနွေးညှိနှိုင်းခဲ့သည်။ ထိုဆွေးနွေးပွဲများတွင် အကြမ်းဖက်မှုများ စတင်ပေါ်ပေါက်ခဲ့ရခြင်း အကြောင်းရင်းကိုသိရှိရန် အီဂျစ်၊ ပြင်သစ်၊ အစ္စရေး(လ်)၊ ပါလက်စတိုင်းတို့မှ အရာရှိများအပါအဝင် နိုင်ငံတကာစုံစမ်းရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။ ဘာရက်က ထိုတိုက်တွန်းချက်ကို ငြင်းပယ်ခဲ့သည်။

အောက်တိုဘာလ ၅ ရက်နေ့တွင် အီဂျစ်နိုင်ငံ ပင်လယ်နီကမ်းခြေရှိ ရှမ်းအယ်(လ်)ရှိတ် အပန်းဖြေစခန်း၌ အီဂျစ်သမ္မတ မူဘာရက်၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အော(လ်)ဘရိုက်၊ ပါလက်စတိုင်းခေါင်းဆောင် အာရာဖတ်တို့သည် . တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲသို့ အစ္စရေး(လ်) ဝန်ကြီးချုပ်ဘာရက်သည် မတက်ရောက်ဘဲ နေခဲ့သည်။ အီဂျစ်သမ္မတ မူဘာရက်က အာရပ်နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ၏ အရေးပေါ်ထိပ်သီးအစည်းအဝေးကို အောက်တိုဘာလ ၂၁ ရက်နေ့တွင်ကျင်းပရန်စီစဉ်လိုက်သည်။

အောက်တိုဘာလ ၇ ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက "ပါလက်စတိုင်းတို့အပေါ် လွန်ကဲစွာ အင်အားသုံးခဲ့မှုဖြင့် အစ္စရေး(လ်) အား ရှုတ်ချကြောင်း" ဆုံးဖြတ်သည်။ အစ္စရေး(လ်)၏ အခိုင်အမာမဟာမိတ်ဖြစ်သော အမေရိကန် ပြည်ထောင်စုက ထိုလုံခြုံရေးကောင်စီအစည်းအဝေး၌ ဗီတို အာဏာမသုံးခဲ့ဘဲ အစည်းအဝေးသို့ မတက်ရောက်ဘဲ နေခဲ့သည်။

အောက်တိုဘာလ ၉ ရက်နေ့ ညနေတွင် အကြမ်းဖက်မှုမရပ်တန့်ပါက ငြိမ်းချမ်းရေး ဆွေးနွေးမှုများကို လုံးဝရပ်စဲလိုက်မည်ဖြစ်ကြောင်း အောက်တိုဘာလ ၈ ရက်နေ့တွင် ဘာရက်က ရာဇသံပေးလိုက်သည်။

အောက်တိုဘာလ ၉ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်သည် ထိုဒေသသို့ရောက်လာပြီး ပါလက်စတိုင်းခေါင်းဆောင် အာရာဖတ်၊ အစ္စရေး(လ်) ဝန်ကြီးချုပ်ဘာရက်တို့နှင့် ဆွေးနွေးခဲ့သော်လည်း ထိရောက်အောင်မြင်မှု မရှိခဲ့ပေ။ အကြမ်းဖက်မှုများ ထိန်းချုပ်ပေးရမည့် ရက်ချိန်းကို အစ္စရေး(လ်) က တိုးချဲ့ခွင့်ပေးခဲ့သည်။ သို့ရာတွင် အာရာဖတ်က ထိုသို့ ရက်ချိန်းတိုးပေးမှုကို ရယ်သွမ်းသွေးသရော်ခဲ့သည်။ အကြမ်းဖက်မှုကို စတင်လှုံ့ဆော်သူမှာ အစ္စရေး(လ်) ဖြစ်ပြီး ပါလက်စတိုင်း ဆန္ဒပြသမားများကို တင့်ကားများ၊ အမြောက်များ၊ ရဟတ်ယာဉ်များနှင့် တိုက်ခိုက်နေသူမှာ အစ္စရေး(လ်) တို့ သာဖြစ်ကြောင်း စွပ်စွဲခဲ့သည်။

ဖြစ်ပေါ်တိုးတက်လာသော အခြေအနေများအရ အရှေ့အလယ်ပိုင်းဒေသ၌ အကြမ်းဖက်မှုများ ရပ်စဲရေး၊ ဂျေရုဆလင်တိုက်ပွဲတို့မှာ အာရာဖတ်အနေဖြင့် ရပ်တန့်နိုင်တော့မည်မဟုတ်ကြောင်းအကဲခတ်သမားများကသုံးသပ်နေကြသ ည်။

အာရပ်ထိပ်သီးညီလာခံ –အစ္စရေး(လ်) ပြည်တွင်း အထွေထွေရွေးကောက်ပွဲ၌ ဘင်ဂျာမင်နေတန်ယာဟုက အနိုင်ရရှိခဲ့သည်။ ထိုအချိန်တွင် အောက်တိုဘာလ ၂၁ – ၂၂ ရက်နေ့များက အာရပ်ထိပ်သီးအရေးပေါ်ညီလာခံကို ကျင်းပခဲ့သည်။ ထိုထိပ်သီးညီလာခံက ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသ၌ ရေရှည် တည်တံ့ခိုင်မြဲသော၊ တရားမျှတသော၊ ဘက်စုံလွှမ်းခြုံသော ငြိမ်းချမ်းရေးအတွက် ၎င်းတို့လည်း တာဝန်ရှိကြောင်း ဖော်ပြထားသည်။ ထို့ပြင် အစ္စရေး(လ်) ကိုလည်း ပြင်းထန် စွာပြစ်တင်ရှုတ်ချကြောင်း ကြေညာခဲ့ကြသည်။ ပါလက်စ တိုင်းတို့အား အစုအပြုံလိုက် သတ်ဖြတ်ခဲ့သော အစ္စရေး(လ်)တို့အား စစ်ဆေးရေးအတွက် နိုင်ငံတကာခုံရုံးဖွဲ့စည်းရန် လိုအပ်ကြောင်းကိုလည်း ဖော်ပြခဲ့ကြသည်။

ထိုကြေညာချက်ကို အစ္စရေး(လ်) တို့က ချက်ချင်းတုံ့ပြန်ခဲ့သည်။ အဆိုပါ ကြေညာချက်သည် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပေါ်စေရန် ဖိတ်ခေါ်တိုက်တွန်းချက်ဖြစ်သည်ဟုစွပ်စွဲခဲ့သည်။ အောက်တိုဘာလ ၂၂ ရက်နေ့တွင် အစ္စရေး(လ်) ဝန်ကြီးချုပ်ဘာရက်က ငြိမ်းချမ်းရေးဖြစ်စဉ်မှ နုတ်ထွက်ချိန်ယူလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ထိုထိပ်သီးညီလာခံက အစ္စရေး(လ်) နိုင်ငံအား ခြိမ်းခြောက် ရာရောက်သည့် အသုံးအနှုန်းများအတွက် ပြစ်တင်ရှုတ်ချ လိုက်သည်။

**မစ်ချဲ(လ်) စုံစမ်းရေးကော်မတီ** – ရှမ်းအယ်(လ်)ရှိတ်သဘောတူညီချက်အရ သမ္မတကလင်တန်သည် ပါလက်စတိုင်းနှင့် နောက်ဆုံးအကြမ်းဖက်မှုများ ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းကို စုံစမ်းဖော်ထုတ်နိုင်ရန် ကော်မတီတစ်ရပ်ကို ဖွဲ့စည်း ပေးလိုက်ကြောင်း နိုဝင်ဘာလ ၆ ရက်နေ့က ကြေညာလိုက် သည်။ ထိုကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဂျော့(ဂ်)မစ်ချဲ(လ်)အား တာဝန်ပေးခဲ့သည်။ မစ်ချဲ(လ်) သည် ဆီးနိတ်အမတ်လောင်းဖြစ်ပြီး အိုင်ယာလန်မြောက်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌ အောင်မြင်မှုရခဲ့သူဖြစ်သည်။ ကော်မတီဝင်များအဖြစ် ဆီးနိတ်၏အမတ် ဝါရဲန်းရဒ်မဲန်း၊ ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာ အဆင့်မြင့်ကိုယ်စားလှယ် ဟာဗီးလား ဆိုလာနာမာဒရီ လေးဂါး၊ တူရကီသမ္မတဟောင်း ဆူလေမန် ဒယ်မီရယ်(လ်)၊ နော်ဝေးနိုင်ငံခြားရေးဝန်ကြီး သောဘီယွန် ယဂ်လဲန်း(ဒ်)တို့အား တာဝန်ပေးခဲ့သည်။ လက်ရှိဖြစ်ပေါ်နေသော အကျပ်အတည်း ပြဿနာအား သီးခြားလွတ်လပ်စွာ ယထာဘူတကျကျ သုံးသပ်မည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုများ ထပ်မံမပေါ်ပေါက်စေရေးအတွက် ဦးတည်ဆောင်ရွက် မည်ဖြစ်ကြောင်း၊ အစ္စရေး(လ်)၊ ပါလက်စတိုင်းတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကော်မတီက ကြေညာခဲ့သည်။

ထိုကော်မတီတွင် ဥရောပသမဂ္ဂမှ ကိုယ်စားလှယ် ဆိုလို့နာ ပါဝင်လာခြင်းမှာ အာရာဖတ်၏ တောင်းဆိုတိုက်တွန်းမှုကြောင့် ဖြစ်သည်။ ယခုအခါ ပါလက်စတိုင်းတို့ဘက်မှ အဓိကညှိနှိုင်းရေးသမား ဆာအက်(ဘ်)အေရီကတ်က ၎င်းကော်မတီတွင် တောင်အာဖရိက သမ္မတဟောင်း နယ်(လ်)ဆင်မဲန်ဒဲလားအား ဖြည့်စွက်တာဝန်ပေးရန် တောင်း ဆိုခဲ့သည်။ အစ္စရေး(လ်) နှင့် ပါလက်စတိုင်းတို့အကြား စေ့စပ်ဖျန်ဖြေရေးတွင် နိုင်ငံတကာမှ ပါဝင်ပတ်သက်မှု ပိုမိုရရှိရေးသည် ပါလက်စတိုင်းတို့၏ ကျယ်ပြန့်သော မဟာဗျူဟာရည်မှန်းချက်ဖြစ်သည်။ ဤကိစ္စတွင် ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂနှင့်ရုရှားတို့ ပိုမိုပါဝင်လာသည်နှင့်အမျှ အစ္စရေး(လ်) တို့ဘက်မှ တစ်ဖက်သတ်ရပ်တည်ပေးနေသော အမေရိကန်တို့၏ကြိုးပမ်းချက်များကို ထိန်းချုပ်ပေးနိုင်လိမ့်မည်ဟု အကဲခတ်သမားများက မျှော်လင့်နေကြသည်။

**အပစ်အခတ်ရပ်စဲရေး ပျက်ပြားသွားခြင်း** – နိုဝင်ဘာလ ၉ ရက်နေ့က အစ္စရေး(လ်) တို့သည် အနောက်ဘက်ကမ်းခြေရှိ ရွာတစ်ရွာကိုရဟတ်ယာဉ်များဖြင့် တိုက်ခိုက်ခဲ့သည်။ ထိုသို့တိုက်ခိုက်မှုကြောင့် အရပ်သူနှစ်ဦး သေဆုံးခဲ့သည်။ ထို့ပြင် အာရာဖတ်၏ ဝါရင့်အဖွဲ့ဝင် တစ်ဦးလည်း သေဆုံးခဲ့သည်။ ထိုသို့ တိုက်ခိုက်ခြင်းမှာ အာရာဖတ်အနေဖြင့် အမေရိကန်သမ္မတကလင်တန်ထံ သွားရောက်မတွေ့ဆုံမီ ချိန်ကိုက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အာရာဖတ်သည် အပစ်အခတ်ရပ်စဲရေးကိစ္စ၊ ပါလက်စတိုင်းတို့အား ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့များက အကာအကွယ်ပေးရေးကိစ္စများကို သမ္မတကလင်တန်နှင့် ဆွေးနွေးညှိနှိုင်းရန်ဖြစ်သည်။ အစ္စရေး(လ်) ဝန်ကြီးချုပ်ဘာရက်သည် ပါလက်စတိုင်းဒေသသို့ ကုလသမဂ္ဂတပ်များ ဝင်ရောက်လာရေးကို ကန့်ကွက်ဆန့်ကျင်လျက်ရှိသည်။

အစ္စရေး(လ်) ဝန်ကြီးချုပ်ဘာရက်အနေဖြင့် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်၍ သမ္မတ ကလင်တန်နှင့် မဆွေးနွေးမီ အချိန်ကိုက်၍ အနောက်ဘက်ကမ်းခြေနှင့်ဂါဇာကမ်းမြောင်ဒေသတို့တွင် အကြမ်းဖက်မှုများ တိုးချဲ့လာခဲ့သည်။ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေးမှာ လုံးဝနီးပါး ပျက်ပြားသွားခဲ့သည်။ ပါလက်စတိုင်းတို့ဘက်မှ ခဲများပစ်ပေါက်၍ ဆန္ဒပြရုံသာမကတော့ဘဲ ခြုံခိုတိုက်ခိုက်မှုများကို တိုးမြှင့်ပြုလုပ်လာခဲ့သည်။ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် အစ္စရေး(လ်) စစ်သား ၄ ဦးတို့ အသတ်ခံရပြီးနောက် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် အစ္စရေး(လ်) အစိုးရက အနောက်ဘက်ကမ်းခြေရှိမြို့များနှင့် ကျေးရွာများအကြား အကူးအသန်းလုံးဝမပြုလုပ်ရန် တားမြစ်ပိတ်ပင် အမိန့်ထုတ်ပြန်ခဲ့သည်။

နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ပါလက်စတိုင်းတို့သည် ကျောင်းကားအနီး ဗုံးဖောက်ခွဲခဲ့သည်။ ဗုံးပေါက်ကွဲမှုကြောင့် လူနှစ်ဦးသေဆုံးပြီး ကျောင်းသားလူငယ် ၅ ဦး ဒဏ်ရာရခဲ့သည်။ ယင်းကိုတန်ပြန်လက်စားချေသည့်အနေဖြင့်အစ္စရေး(လ်) တို့က ၎င်းဒေသဝန်းကျင်ရှိ အာရာဖတ်၏နောက်လိုက် ဖာတာအဖွဲ့ရှိရာ ပစ်မှတ်များကို အမြောက်များ၊ ရဟတ်ယာဉ်များဖြင့် တိုက်ခိုက်ခဲ့ကြသည်။ နိုဝင်ဘာလ ၂၆ ရက်နေ့ကလည်း အစ္စရေး(လ်) စစ်သားတစ်ဦး ပစ်သတ်ခံရမှုကို လက်တုံ့ပြန်လျက် လက်ဘနွန်တောင်ပိုင်းမှ ဟက်(ဇ်)ဘိုလာစခန်းများကို အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

**ပဋိပက္ခဖြစ်နေဆဲ ဆွေးနွေးညှိနှိုင်းမှုများ** – ဒီဇင်ဘာလအတွင်း အစ္စရေး(လ်) တို့နှင့်ပါလက်စတိုင်းတို့အကြား ပဋိပက္ခများမှာ ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။ သို့ရာတွင် မူဆလင်တို့ဥပုဒ်ပြုသော ရာမဒန်အခါသမယနှင့်ကြုံကြိုက်နေ၍ အပစ်အခတ်များ လျော့နည်းသွားခဲ့သည်။ နောက်ဆုံးဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှုများကြောင့် ဒီဇင်ဘာလကုန်ပိုင်းအထိ လူပေါင်း ၃၅၀ သေဆုံးခဲ့ပြီး ၁၀၀၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြသည်။

အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အကျိုးရလဒ်ပေါ်ပေါက်ရေးအတွက် သမ္မတ ကလင်တန်၊ အစ္စရေး(လ်) ဝန်ကြီးချုပ် ဘာရက်နှင့်ပါလက်စတိုင်း ခေါင်းဆောင် အာရာဖတ်တို့မှာ အသီးသီးဘေးကျပ်နံကျပ် ဖြစ်နေသကဲ့သို့ ရှေ့လောကြီးမှုများလည်း ရှိနေခဲ့ကြသည်။ သမ္မတ ကလင်တန်သည် သူ၏သမ္မတသက်တမ်း ကုန်ဆုံး ချိန် နီးကပ်နေပြီဖြစ်၍ အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေး အောင်ပန်းဆွတ်ခူးနိုင်ရန်ဆန္ဒပြင်းပြနေသည်။ အစ္စရေး(လ်) ဝန်ကြီးချုပ်ဘာရက်မှာလည်း ပြည်တွင်းထောက်ခံမှု နိမ့်ကျနေ ပြီး ဝန်ကြီးချုပ်ပြန်လည်ဖြစ်ရေးအတွက် အကျပ်အတည်းများနှင့်ရင်ဆိုင်နေရသည်။ ပါလက်စတိုင်း ခေါင်းဆောင် အာရာဖတ် အဖို့လည်း အစ္စရေး(လ်) တို့၏ စီးပွားရေးပိတ်ဆို့ထားမှုကြောင့် အခက်အခဲကြုံတွေ့နေရ သော ပါလက်စတိုင်းပြည်သူတို့၏ ယုံကြည်ကိုးစားမှု ကျ ဆင်းနေသည်။ သို့ဖြစ်၍ အဆိုပါ ခေါင်းဆောင်သုံးဦးတို့ သည် ငြိမ်းချမ်းရေးဖြစ်စဉ်မှရလဒ် ထွက်ပေါ်ရေးအတွက် အပူတပြင်းကြိုးစားနေကြရသည်။ ထို့ကြောင့် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် သမ္မတကလင်တန် တင်ပြလိုက်သည့် အစီအစဉ်သစ်ကို အခြေပြု၍ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ပြန်လည်စတင်ရန် သဘောတူလိုက်ကြသည်။ အစ္စရေး(လ်) နှင့်ပါလက်စတိုင်းတို့ နှစ်ဘက်စလုံးက အလျှော့ပေးလိုက်လျော မှုများပြုလုပ်ခဲ့ကြသည်။ သို့ရာတွင် ဘာရက်နှင့် အာရာဖတ် တို့ကို သူတို့၏နောက်ခံ အတွင်းလူများက ဆန့်ကျင်ဘက် ပြုနေကြသည်။

ဤအခြေအနေတွင် ဘာရက်သည် အစ္စရေး(လ်) လွှတ်တော်၌ ဝန်ကြီးချုပ် အသစ်နေရာအတွက် အထူး ရွေးကောက်ပွဲကို ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၉ ရက်နေ့က ကြေညာ လိုက်သည်။ လီကွတ်ပါတီခေါင်းဆောင် ရှာရွန်နှင့်ယှဉ်ပြိုင် ရတော့မည်ဖြစ်သည်။

ဦးခင်မောင်မြ

**အာဆဒ်, ဟာဖတ် (ဆီးရီးယားသမ္မတ)** ။ ။ ဆီးရီးယား သမ္မတ အာဆဒ်သည် ဇွန်လ ၁၀ ရက်နေ့တွင် အသက် ၆၉ နှစ် အရွယ်၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။ အာဆဒ် သည် ၁၉၃၀ ခုနှစ်က ရှီယိုက်မူဆလင်ဂိုဏ်းဝင် ဆင်းရဲသား မိဘများမှ ပေါက်ဖွားခဲ့သူဖြစ်သည်။ အာဆဒ်သည် ကျောင်းသားဘဝကပင် ဘာအပ်(သ်) ပါတီဝင် ဖြစ်ခဲ့သည်။ ဘာအပ်(သ်) ပါတီ (ပြန်လည် ဆန်းသစ်ရေးပါတီ) သည်



ဆီးရီးယားသမ္မတ
ဟာဖတ်
အာဆဒ်

ဆီးရီးယားနိုင်ငံ ညီညွတ်ပေါင်းစည်းရေး၊ လောကီနိုင်ငံ ထူထောင်ရေး၊ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးတို့အတွက် ထူထောင်ထားသောပါတီဖြစ်သည်။ သူသည် ကြည်းတပ်နှင့် လေတပ်ဗိုလ်သင်တန်းကျောင်းများသို့ တက်ရောက်ခဲ့ပြီး ၁၉၅၅ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိဗိုလ် ဖြစ်လာခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ဘာအပ်(သ်)ပါတီသည် ဆီးရီးယား၌ အာဏာ ရယူလာခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် အာဆဒ်ခေါင်းဆောင် သောအုပ်စုက နိုင်ငံ့အာဏာကို သိမ်းပိုက်ခဲ့သည်။ ၁၉၇၁ ခုနှစ်မှစ၍ ကွယ်လွန်ချိန်အထိ သမ္မတအာဏာကို ထိန်းသိမ်း ထားနိုင်ခဲ့သည်။

သမ္မတသက်တမ်းတစ်လျှောက်လုံးတွင် အစ္စရေး(လ်) တို့ အနေဖြင့် ၁၉၆၇ ခုနှစ် မတိုင်မီအခြေအနေအထိတပ်များ ဆုတ်ခွာပေးပါက အစ္စရေး(လ်) တို့နှင့် ငြိမ်းချမ်းရေးသဘော တူညီစာချုပ်ပြုလုပ်မည်ဟု ရပ်တည်လာခဲ့သည်။ အာဆဒ်သည် အစ္စရေး(လ်) တို့နှင့် နှစ်နိုင်ငံချင်း သီးခြားစီ ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုခဲ့ကြသော အီဂျစ်သမ္မတ အန်နဝါဆာဒတ်၊ ပါလက်စတိုင်းခေါင်းဆောင် အာရာဖတ်၊ ဂျော်ဒန်ဘုရင် ဟူစိန်တို့အပေါ် ဝေဖန်ပြစ်တင်ခဲ့သည်။ အာရပ်တို့၏ ဘုံအရေးတော်ပုံကို စွန့်လွှတ်၍ သီးခြားစီစာချုပ်ပြုလုပ်ခဲ့မှု တို့ကြောင့် အာရပ်ညီညွတ်ရေးနှင့် အင်အားကို လျော့နည်း စေခဲ့သည်ဟု သူကစွပ်စွဲခဲ့သည်။ အာဆဒ်သည် အရှေ့ အလယ်ပိုင်းဒေသ အရေး၌ထင်ရှားအရေးပါသော ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ သည်။ ၁၉၇၆ ခုနှစ်က ဖြစ်ပေါ် ခဲ့သော လက်ဘနွန်ပြည်တွင်း စစ်၌ ဆီးရီးယားသည် ပါဝင် စွက်ဖက်ခဲ့ပြီး ဆီးရီးယား၏ ဩဇာအာဏာကြီးစိုးမှုကို ပြသခဲ့ သည်။ အာဆဒ်သည် အီရတ်မှ ဆက်ဒမ်ဟူစိန်နှင့် ပုဂ္ဂိုလ်ရေး

အရှိန်အဝါသြဇာရှိမှုအတွက် ပြိုင်ဘက် ဖြစ်ခဲ့သည်။ သို့ဖြစ်၍ အီရတ်နှင့် စစ်ဖြစ်နေသော အီရန်နှင့် မဟာမိတ်ပြုခဲ့သည်။ ထို့ကြောင့် အာရပ်နိုင်ငံအချို့က ဆီးရီးယားကို ဝိုင်းပယ်ထားခဲ့ကြသည်။ အီရတ်မှ ဆက်ဒမ်ဟူစိန်နှင့် မသင့်မြတ်ခြင်း၊ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားသဖြင့် အားကိုးစရာ မရှိတော့ခြင်းတို့ကြောင့် ၁၉၉၁ ခုနှစ်၊ ပင်လယ်ကွေ့စစ်ပွဲတွင် ဆီးရီးယားသည် အမေရိကန်ဦးဆောင်သော နိုင်ငံတကာအဖွဲ့နှင့်အတူရပ်တည်ခဲ့သည်။ ကူဝိတ်နိုင်ငံအပေါ် အီရတ်၏ကျူးကျော်မှုကို ဆန့်ကျင်ခဲ့သည်။ အာဆဒ်၏အသုဘ အခမ်းအနားသို့ အာရပ်နိုင်ငံများနှင့် ဥရောပ၊ ရုရှား၊ အမေရိကန် ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

ကွယ်လွန်သူ အာဆဒ်၏နေရာတွင် အသက် ၃၄ နှစ်ရှိသူ၏ သားငယ် ဘာ့ရှားအာ(လ်)ဆဒ်က ဆက်ခံခဲ့သည်။

**အာဖဂန်နစ္စတန်နိုင်ငံ။** ။ အာဖဂန်နစ္စတန်နိုင်ငံတွင် ဘိန်းပင်စိုက်ပျိုးမှုမှာ ၁၉၉၉ ခုနှစ်တွင် ဖြစ်ထွန်းဖွံ့ဖြိုးလျက်ရှိပြီး တိုင်းပြည်တွင်းမှ မူးယစ်ဆေးဝါးများ အတားအဆီးမဲ့ စီးဆင်းလျက်ရှိကြောင်း ပါကစ္စတန် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ထိပ်တန်းအရာရှိတစ်ဦးက ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ပြောကြားခဲ့သည်။ အာဖဂန်နစ္စတန် နိုင်ငံအတွင်း ဘိန်းစိုက်ပျိုးသော မြေဟက်တာပေါင်း ၆၀၀၀ တွင် ဘိန်းပင်များ ဖြစ်ထွန်းလျက်ရှိကြောင်း၊ ဘိန်းထုတ်လုပ်ရာတွင် ကုန်ကြမ်းအဖြစ် ဘိန်းပင်ကို အသုံးပြုပြီး ဘိန်းဖြူထုတ်လုပ်ကြောင်း၊ ပါကစ္စတန်နိုင်ငံ၏ မူးယစ်ဆေးဝါးဆန့်ကျင်ရေးတပ်ဖွဲ့မှ ဒေသဆိုင်ရာညွှန်ကြားရေးမှူးမှူးခါတာအာမက်ကပြောကြားသည်။

ကုလသမဂ္ဂ ခန့်မှန်းချက်အရ အာဖဂန်နစ္စတန်နိုင်ငံ၌ ဘိန်းစိမ်းထုတ်လုပ်မှုမှာ ၁၉၉၉ ခုနှစ်အတွင်း တန်ချိန် ၄၆၀၀ စံချိန်တင် ထုတ်လုပ်ခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် တန်ချိန် ၂၁၀၀ ထုတ်လုပ်ခဲ့ရာ နှစ်ဆတိုးထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။ နယ်စပ်လုံခြုံရေးကို တင်းကျပ်ထားသော်လည်း ရှည်လျားသော နယ်စပ်မှ ဖြတ်ကျော်စီးဝင်လာသမျှကို ထိန်းချုပ်ရန် ခက်ခဲကြောင်း အာမက်က ပြောသည်။ မကြာမီက အာဖဂန်နစ္စတန်နိုင်ငံမှ ဝင်ရောက်လာသော ဘိန်းဖြူ ကီလို ၈၀၀ နှင့် ဘိန်းစိမ်းခြောက်တန် နီးပါးကို ဘလူချီစတန်ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေး အရာရှိများက ဖမ်းဆီးရမိခဲ့ရာ မကြာမီကာလအတွင်း အကြီးမားဆုံး ဖမ်းဆီးရမိခြင်း ဖြစ်သည်ဟု ဆိုသည်။

လေယာဉ်အပိုင်စီးခြင်း – အာ ဖ ဂန် န စ္စ တန် နိုင် ငံ အာရီယားနား လေကြောင်းဌာနပိုင် ဘိုးအင်းခရီးသည်တင်လေယာဉ်ကြီးမှာ ဖေဖော်ဝါရီလ ၆ ရက်နေ့နံနက်က ပြန်ပေးဆွဲခံခဲ့ရသည်။ အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့မြောက်ပိုင်း မာဇာရီရှရစ်ဖ်မြို့သို့ ပျံသန်းစဉ် ပြန်ပေးဆွဲခံခဲ့ရသော ဘိုးအင်းလေယာဉ်ကြီးမှာ ဥဇဘတ်ကစ္စတန်မြို့တော် ဘာ့ရှကင့်၊ ကာဇာတ်စတန်မြို့တော်၊ အက်ကျူဘင့်စ်လေဆိပ်၊ ရုရှားနိုင်ငံ မော်စကိုမြို့များမှတစ်ဆင့် လန်ဒန်မြို့အနီးရှိ စတန်းစတတ်လေဆိပ်သို့ ရောက်ရှိသွားခဲ့သည်။ ခရီးသည်များ၏ အသက်အန္တရာယ် ထိခိုက်မှုမရှိစေရန် စိတ်ရှည်လက်ရှည် ဆောင်ရွက်ရမည်။ သေနတ်သမားများ ငြိမ်းချမ်းစွာ လက်နက်ချသည်အထိ မိမိတို့ကြိုးပမ်းမည် ဖြစ်သည်ဟု လန်ဒန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပစ္စတိုသေနတ်နှင့်လက်ပစ်ဗုံးများ ကိုင်ဆောင်ထားသော ပြန်ပေးဆွဲသူများ၏ တောင်းဆိုချက်မှာ အာဖဂန်နစ္စတန်တာလီဘန်အစိုးရအဖွဲ့ကို ဆန့်ကျင်နေသော အတိုက်အခံတပ်မှူး အစ္စမေးလ်ခန် ပြန်လည်လွှတ်ပေးရန်အချက် ပါဝင်သည်။ အစ္စမေးလ်ခန်မှာ အာဖဂန်နစ္စတန် ဟာရတ်ပြည်နယ် အုပ်ချုပ်ရေးမှူးဖြစ်၍ ၁၉၉၆ ခုနှစ်က တာလီဘန်၏ ဖြုတ်ချခြင်းခံရသောသမ္မတ ရာဘာနီ၏ မဟာမိတ်ဖြစ်သည်။

လေယာဉ်ဝန်ထမ်းလေးဦး ဖေဖော်ဝါရီလ ၈ ရက်နေ့ညတွင် ထွက်ပြေးလွတ်မြောက်သွား၍ ပြန်ပေးသမားများ ဒေါသထွက်ပြီး ဗြိတိသျှရဲအဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးမှုများ ရပ်ဆိုင်းသွားခဲ့သည်။ လေယာဉ်ပြန်ပေးဆွဲမှုတွင် ပြန်ပေးသမားများအား ကူညီသည်ဟု သင်္ကာမကင်းဖြစ်ခဲ့ရသော ကဘူးလေဆိပ်မှ အမျိုးသမီးဝန်ထမ်းများအပါအဝင် လူအချို့ကို တာလီဘန်အစိုးရက ဖမ်းဆီးခဲ့သည်။ သေနတ်သမားများသည် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ဓားစာခံအဖြစ် ဖမ်းဆီးထားသောခရီးသည်များနှင့် ဝန်ထမ်းအားလုံးကို ပြန်လွှတ်ပေးလိုက်ပြီး ဗြိတိသျှအာဏာပိုင်များထံ လက်နက်ချလိုက်ရာ လေးရက်ကြာ လေယာဉ်ပြန်ပေးဆွဲမှု အရေးအခင်းမှာ ငြိမ်းချမ်းစွာ ပြီးဆုံးသွားခဲ့သည်။

ကုလသမဂ္ဂရုံးကို စီးနင်းတိုက်ခိုက် – အာဖဂန်နစ္စတန်တောင်ပိုင်း၌ လွတ်မြောက်သွားသော အတိုက်အခံခေါင်းဆောင်တစ်ဦးအား ရှာဖွေရာ၌ လက်နက်ကိုင်တာလီဘန်အဖွဲ့ဝင်များက အဆိုပါဒေသရှိ ကုလသမဂ္ဂရုံးကို နှစ်ကြိမ်တိုင်တိုင် စီးနင်း တိုက်ခိုက်သဖြင့် ကုလသမဂ္ဂက ယင်းရုံးကို ပိတ်ထားလိုက်ကြောင်း ကုလသမဂ္ဂအရာရှိတစ်ဦးက မတ်လ ၂၉ ရက်နေ့တွင် ပြော ကြားသည်။ တာလီဘန်တို့သည်

ကုလသမဂ္ဂရုံးကို အတင်းအဓမ္မ ဝင်ရောက်စီးနင်းကာ ကုလသမဂ္ဂရုံးများ ကင်းလွတ်ခွင့်ကို ချိုးဖောက်ကြောင်း ကုလသမဂ္ဂပြောခွင့်ရပုဂ္ဂိုလ် စတီဗင်နီဗင်က ပြောကြားသည်။ အီရတ်ခြသေ့ဟု ကျော်ကြားသော အာဖဂန်နစ္စတန် ထိပ်တန်းအတိုက်အခံခေါင်းဆောင် အစ္စမေးလ်ခန်မှာ အာဖဂန် နစ္စတန်နိုင်ငံတောင်ပိုင်း ကင်ဒေါဟာမြို့ရှိ တာလီဘန် အကျဉ်း စခန်းမှ ထွက်ပြေးလွတ်မြောက်သွားသဖြင့် ချက်ချင်းပင် ထိုမြို့ရှိ ကုလသမဂ္ဂရုံးများကို တာလီဘန်တို့က မတ်လ ၂၆ ရက်နေ့တွင် ပထမဆုံး ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ကြောင်း အဆိုပါ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။ ယင်းကဲ့သို့ ပထမအကြိမ် ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်းနှင့် ပတ်သက်၍ တာလီဘန် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ကိုယ်စားလှယ် တစ်ဦးက တောင်းပန်ခဲ့သော်လည်း နောက်ပိုင်း မတ်လ ၂၇ ရက်နေ့တွင်ထပ်မံ၍ ဝင်ရောက်တိုက်ခိုက်ပြီး ပစ္စည်းဥစ္စာများကို ဖျက်ဆီး၍ ရုံးဝန်ထမ်းများကို ခြိမ်းခြောက်သွားခဲ့ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

မြောက်ပိုင်းဒေသ၌ တိုက်ပွဲဖြစ်ပွား – တာဂျီကစ္စတန်နိုင်ငံနှင့် အာဖဂန်နစ္စတန် နယ်စပ်အနီးတွင် တာလီဘန်အစိုးရသစ္စာခံတပ်များနှင့် တာလီဘန်ဆန့်ကျင်ရေးတပ်များ တိုက်ပွဲဖြစ်ပွားနေကြောင်း ရုရှားနယ်ခြားစောင့်တပ်ဖွဲ့ အရာရှိကြီးတစ်ဦးက စက်တင်ဘာလ ၂၃ ရက်နေ့တွင် ပြောကြားခဲ့သည်။ အာဖဂန်နစ္စတန်နှင့် တာဂျီကစ္စတန် နယ်ခြားတစ်လျှောက်တွင် နယ်ခြားစောင့်တပ်သား ထောင်ပေါင်းများစွာကို ရုရှားနိုင်ငံက အမြဲချထား စောင့်ကြပ်လျက်ရှိသည်။ ယခုအခါ အာဖဂန်နစ္စတန် နိုင်ငံဒေသအချို့တွင် တာလီဘန် တပ်များနှင့် တာလီဘန် ဆန့်ကျင်ရေး ညွန့်ပေါင်း အင်အားစုတပ်များတိုက်ပွဲများဖြစ်ပွားလျက်ရှိရာ တာဂျီကစ္စတန်နိုင်ငံ နယ်ခြားမှ ၁ ဒသမ ၉ မိုင် ခန့်အကွာ၌ တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း တာဂျီကစ္စတန်နိုင်ငံရှိ ရုရှားနယ်ခြားစောင့်တပ်ဖွဲ့ အကြီးအကဲ ဆာဂျီဇီကင်က ပြောကြားသည်။ တာဂျီ ကစ္စတန် ပိုင်နက် နယ်မြေအတွင်းသို့ လွန်ခဲ့သောတစ်ရက်က အမြောက်ကျည်ဆန်လေးခု ကျရောက်ခဲ့ကြောင်း၊ ကျည်ဆန်များမှာ နယ်ခြားစောင့်ကင်းစခန်းနှစ်ခုအကြား ကျရောက်သော်လည်း ထိခိုက်ဒဏ်ရာရခြင်း မရှိကြောင်း ဆာဂျီဇီကင်က ပြောကြားသည်။ တာလီဘန်တပ်ဖွဲ့များက ဆန့်ကျင်ဖက်တပ်များကို အပြီးသတ်ရှင်းလင်း တိုက်ခိုက်လျက်ရှိရာ မြစ်ဆိပ်ကမ်းတစ်ခုနှင့် အခြားအချက်အချာစခန်းသုံးခုကို သိမ်းပိုက်ရရှိကြောင်း တာလီဘန်တို့က စက်တင်ဘာလ ၂၃ ရက်နေ့တွင် ပြောကြားခဲ့သည်။

အိုစမာဘင်လေဒင်နှင့် တာလီဘန်အစိုးရ – ရေတပ်သား ၁၇ ဦး သေဆုံးခဲ့ရသော ယီမင်နိုင်ငံ၌ အမေရိကန်စစ်သင်္ဘော လွန်ခဲ့သော အပတ်က ဗုံးခွဲခံရမှုတွင် ဆော်ဒီနိုင်ငံသား ပြည်ပြေး အိုစမာ ဘင်လေဒင် ပါဝင်ပတ်သက်ခဲ့သည်ဆိုခြင်းကို အာဖဂန်နစ္စတန် အာဏာရ တာလီဘန် လှုပ်ရှားမှုအဖွဲ့က အောက်တိုဘာလ ၁၆ ရက်နေ့က ပယ်ချခဲ့သည်။ အေဒင်ဆိပ်ကမ်း၌ ယူအက်စ် အက်စ်ကိုးလ် သင်္ဘောကြီးကို အောက်တိုဘာလ ၁၂ ရက်နေ့က အသေခံဗုံးခွဲ တိုက်ခိုက်သူကို ဖော်ထုတ်ရန် အမေရိကန် ပြည်ထောင်စုအနေဖြင့် မနီးစပ်သော်လည်း စုံစမ်းထောက်လှမ်း မည့်သူများတွင် အိုစမာဘင်လေဒင် ပါဝင်သည်ဟု အမေရိကန် ကာကွယ်ရေးဝန်ကြီး ဝီလီယံကိုဟင်က ပြောကြားခဲ့သည်။ ယီမင်နိုင်ငံနှင့် အာဖဂန်နစ္စတန်ကြားတွင် များစွာကွာခြားမှုရှိကြောင်း၊ အိုစမာဘင်လေဒင်ကို တစ်စုံတစ်ရာလုပ်ဆောင်နိုင်အောင် ခွင့်မပြုကြောင်း တာလီဘန်ပြန်ကြားရေးဝန်ကြီး ကျူဒရာဟူလာဂျမားလ်က ပြောကြားသည်။ ဗုံးခွဲမှုကိစ္စတွင် မူစလင်အုပ်စုနှစ်စုကျော်က ၎င်းတို့၌တာဝန်ရှိကြောင်း ပြော သည်။ စုံစမ်းထောက်လှမ်းနေချိန်တွင် တွေးဆရန် အချိန်စောသေးကြောင်း အမေရိကန်စစ်သင်္ဘောဗုံးခွဲသူမှာ အိုစမာဘင်လေဒင် ဖြစ်နိုင်စရာရှိကြောင်း ဝီလီယံကိုဟင်က ပြောသည်။ ၁၉၉၈ ခုနှစ်က အရှေ့အာဖရိကရှိ အမေရိကန် သံရုံးနှစ်ရုံး ဗုံးခွဲခံရမှုကြောင့် လူ ၂၀၀ ကျော် သေဆုံးခဲ့ရပြီး အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း၌ ဘင်လေဒင်၏စခန်းများဟု မသင်္ကာ သောနေရာများကို အမေရိကန်ပြည်ထောင်စုက ဒုံးကျည်များ ဖြင့် ပစ်ခတ်ခဲ့သဖြင့် လူအချို့သေဆုံးခဲ့ကြရသည်။

ငြိမ်းချမ်းရေးကြိုးပမ်းမှု သဘောတူလက်ခံ – အာဖဂန်နစ္စတန် ပြည်တွင်းစစ်ပြီးဆုံးရေးအတွက် ကုလသမဂ္ဂက ကမကထပြုလုပ်သော ငြိမ်းချမ်းရေးကြိုးပမ်းမှုကို ပြည်တွင်းစစ်ဆင်နွှဲနေသော စစ်အုပ်စုကွဲများက သဘောတူကြောင်း ကုလသမဂ္ဂ အရာရှိတစ်ဦးက နိုဝင်ဘာလ ၃ ရက်နေ့က ပြောကြားသည်။ အာဏာရဂေလီဘန်ပြည်သူ့စစ်နှင့် အတိုက်အခံအဖွဲ့အစည်းတို့က အာဖဂန်နစ္စတန်နိုင်ငံ၌ လက်နက်ကိုင်ပဋိပက္ခမှ အမြန်ဆုံး အဆုံးသတ်ရေးအတွက် ဆွေးနွေးပွဲကိုလက်ခံသဘောတူကြသည်ဟု အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ သံတမန်အကြီးအကဲဖရန်စစ်ဘင်ဒရဲလ်က ပြောကြားသည်။ နှစ်ဘက်အဖွဲ့အစည်းများအကြား မိမိ လွန်းပြန်သွားရဖွယ်ရှိပြီးနောက် တစ်မြို့တည်း၌ အဖွဲ့အစည်း နှစ်ခုအကြား သွယ်ဝိုက်သောဆွေးနွေးပွဲများ ကျင်းပရန် မျှော်လင့်ထားကြောင်း ယင်းသွယ်ဝိုက်သောဆွေးနွေးပွဲ အောင်မြင်လျှင် မျက်နှာချင်းဆိုင် ဆွေးနွေးပွဲများကို ကျင်းပမည်ဖြစ်ကြောင်း ဘင်ဒရဲလ်ကပြောကြားသည်။

ဥဇဘက်ကစ္စတန် နိုင်ငံ၏မြို့တော် တပ်ရှ်ကင်၌ ၁၉၉၉ ခုနှစ် ဇူလိုင်လက နောက်ဆုံးအစည်းအဝေးများကို ကျင်းပခဲ့ပြီး စစ်သုံ့ပန်းများဖလှယ်ရေးနှင့် လူသားအကျိုးပြု အထောက်အပံ့ များအတွက် လမ်းကြောင်းများဖွင့်ရေးတို့ကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက်ပိုင်းတွင် တိုက်ပွဲများအရှိန် မြင့်လာခဲ့ပြီး ယခုအခါလူသန်းပေါင်းများစွာမှာ နှစ်ပေါင်း ၃၀ အတွင်း အဆိုးရွားဆုံးမိုးခေါင်ခြင်းဒဏ်ကို ခံနေကြရကြောင်း၊ လူတစ်သန်းမှာ ငတ်မွတ်နေကြကြောင်း ကုလသမဂ္ဂအရာရှိများက ပြောကြားသည်။

**အမေရိကန်နှင့်အိုဆာမာဘင်လာဒင်** – အောက်တိုဘာလအတွင်းက ယီမင်နိုင်ငံ၌ အမေရိကန်စစ်ရေယာဉ်ဗုံးခွဲတိုက်ခိုက်ခံရပြီး အမေရိကန်ရေတပ်သား ၁၇ ဦး သေဆုံးသွားရခြင်းအတွက် အားရကျေနပ်ကြောင်း မူစလင်စစ်သွေးကြွဝါဒီ အိုစမာဘင်လာဒင်က ပြောကြားသည်ဟု နိုဝင်ဘာလ ၄ ရက်နေ့ထုတ် အာရပ်ဘာသာသတင်းစာတစ်စောင်က ရေးသားဖော်ပြသည်။ အမေရိကန်စစ်ရေးကျော်ကြားမှုကို ချောက်ချားသွားစေသော ယင်းလုပ်ဆောင်မှုအတွက် ဘင်လာဒင်က ဘုရားသခင်ရှေ့မှောက် ဒူးထောက်ပြီးကျေးဇူးတင်စကားပြောဆိုကြောင်း၊ ယခုအခါ အာဖဂန်နစ္စတန်နိုင်ငံ၌ အခြေစိုက်နေထိုင်သူ ဘင်လာဒင်နှင့်နီးစပ်သော သတင်းရပ်ကွက်မှ သိရှိရကြောင်း အယ်လ်ဟာယတ်သတင်းစာက ရေးသားဖော်ပြသည်။ ၁၉၉၉ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့က အမေရိကန်ရေတပ်ပိုင် ယူအက်စ်အက်စ်ကိုးလ်ဖျက်သင်္ဘောကို ဗုံးခွဲတိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ ဆော်ဒီအာရေဗျနိုင်ငံသား၊ အာဖဂန်နစ္စတန်၌ ခိုလှုံနေသူ ဘင်လာဒင်ဦးဆောင်သော အုပ်စု၏လက်ချက်ဖြစ်မည်ဟု အမေရိကန်တို့က မသင်္ကာသူအဖြစ် သတ်မှတ်ထားသည်။ ၁၉၉၈ ခုနှစ်ကအာဖရိကတိုက် ကင်ညာနှင့်တန်ဇာနီးယားနိုင်ငံများရှိ အမေရိကန်သံရုံးများ ဗုံးခွဲခံရ၍ လူ ၂၀၀ ကျော် သေဆုံးရမှုနှင့် ပတ်သက်၍ တာဝန်ရှိသူအဖြစ်စွပ်စွဲကာ ဆော်ဒီအာရေဗျနိုင်ငံသား သန်းကြွယ်သူဌေး၊ အိုစမာဘင်လာဒင်ကို နိုင်ငံတွင်းမှနှင်ထုတ်ပစ်ရန် အာဖဂန် အာဏာရတာလီဘန်အစိုးရအား အမေရိကန်ပြည်ထောင်စုက အကြိမ်ကြိမ်တောင်းဆိုခဲ့သည်။ အမေရိကန်စစ်ရေယာဉ် ကိုးလ်တိုက်ခိုက်ခံရမှုတွင် ဘင်လာဒင်နှင့်ပတ်သက်မှု မရှိကြောင်း တာလီဘန်အစိုးရပြောခွင့်ရပုဂ္ဂိုလ် မူလာမိုဟာမက် တာယာဗ်က ပြောကြားခဲ့ကြောင်း အယ်ဟာယတ်သတင်းစာက ရေးသားဖော်ပြသည်။

**ကုလသမဂ္ဂ တရားဝင် နေရာတာလီဘန်တောင်းဆို** – လာမည့် သီတင်းပတ်တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပမည့်အစည်းအဝေးတွင် အာဖဂန်နစ္စတန် အာဏာရတာလီဘန်ပြည်သူ့စစ်အဖွဲ့အား တရားဝင် အသိအမှတ်ပြုခန့်အပ်ရန် ကုလသမဂ္ဂသို့ နိုဝင်ဘာ ၄ ရက်နေ့က တိုက်တွန်းစကားပြောကြားသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် ဖြုတ်ချခံရသော သမ္မတဟောင်း ဘာဟဲနုဒီတာဘာနီအစိုးရအား နေရာပေးရန် ကုလသမဂ္ဂက ဆုံးဖြတ်ထားကြောင်း သတင်းများပေါ်ထွက်လာနေခြင်းမှာ မမှန်ကန်ကြောင်း ပါကစ္စတန်နိုင်ငံဆိုင်ရာ တာလီဘန်သံအမတ်ကြီး မူလာအဗ္ဗဒူဆလမ်ရေးအိဇ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ကုလသမဂ္ဂတွင် နိုဝင်ဘာလ ၆ ရက်နေ့တွင် ဆွေးနွေးကြသည်။ ဆုံးဖြတ်ချက် တစ်စုံတစ်ရာ မချမှတ်ရသေးပါဟု သူက ပြောကြားသည်။ တာလီဘန်တို့သည် သမ္မတရာဘာနီအစိုးရအား ကဘူးမြို့တော်မှ ၁၉၉၆ ခုနှစ်တွင် ဖြုတ်ချလိုက်ပြီးနောက် နိုင်ငံ၏ ၉၆ ရာခိုင်နှုန်းကို ထိန်းချုပ် ထားပြီး ကုလသမဂ္ဂ၌ တရားဝင်နေရာကို တောင်းဆိုလျက်ရှိသည်။ တာလီဘန်အစိုးရအဖွဲ့ကို ပါကစ္စတန်၊ ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများ နိုင်ငံတို့ကသာ အသိအမှတ်ပြုထားကြသည်။ ကုလသမဂ္ဂအနေနှင့် ရာဘာနီ အစိုးရအဖွဲ့အား တရားဝင် အသိအမှတ် ပြုခြင်းသည် အာဖဂန်နစ္စတန်ပြည်တွင်းစစ်ကို ကြာရှည်အောင် လုပ်ဆောင်ခြင်းပင်ဖြစ်ကြောင်း တာလီဘန်တို့က စွပ်စွဲထားသည်။

**အိုစမာဘင်လာဒင်ကို လွှဲမပေး** – ၁၉၉၈ ခုနှစ် အတွင်းက အမေရိကန်သံရုံးများတွင် ဗုံးဖောက်ခွဲမှုများနှင့်ပတ်သက်၍ ဆက်စပ်သက်သေခံ အထောက်အထားရှိသည့်တိုင်အောင် အိုစမာဘင်လာဒင်အား အာဖဂန်နစ္စတန်မှ နှင်ထုတ်မည် မဟုတ်ကြောင်း တာလီဘန်အရာရှိတစ်ဦးက နိုဝင်ဘာလ ၅ ရက်နေ့တွင် ပြောကြားသည်။ ဗုံးပေါက်ကွဲမှုတွင် ဘင်လာဒင်ပါဝင်ပတ်သက်ကြောင်း သက်သေအထောက်အထားပြပြီး တရားရုံးတွင် စွဲချက်အတင်ခံရစေကာမူ အာဖဂန်နစ္စတန်နိုင်ငံအတွင်း၌သာ ရင်ဆိုင်ရမည်ဖြစ်ကြောင်း တာလီဘန် ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်တာယက်ဗ်က ပြောကြားသည်။ ဘင်လာဒင်သည် အမေရိကန်၊ အက်ဖ်ဘီအိုင်မှ အလိုရှိဆုံး လူစာရင်းတွင်ပါရှိပြီး ဘင်လာဒင်ကို ဖမ်းဆီးနိုင်ပါက အမေရိကန်ဒေါ်လာ ငါးသန်းပေးမည်ဟု ကမ်းလှမ်းထားသည်။

ဒုက္ခသည်များအရေး တာလီဘန်တောင်းဆို – အာဖဂန်ဒုက္ခသည်များ ဝင်ရောက်ခွင့်ပိတ်ပင်ထားခြင်းကို ဖယ်ရှားပေးရန် အိမ်နီးချင်း ပါကစ္စတန်နိုင်ငံအား အာဖဂန်နစ္စတန်အာဏာရ တာလီဘန်လှုပ်ရှားမှုအဖွဲ့က နိုဝင်ဘာလ ၁၂ ရက်နေ့တွင် တိုက်တွန်းတောင်းဆိုခဲ့သည်။ ပိတ်ပင်တားမြစ်ထားခြင်းကို ရုပ်သိမ်းပြီး ယခင်ကအတိုင်း ဒုက္ခသည်များကို ပြုစုရန် ပါကစ္စတန်အစိုးရကို မိမိတို့မေတ္တာရပ်ခံတောင်းဆိုကြောင်း တာလီဘန်ပြန်ကြားရေးဝန်ကြီး ကျူဒရာတူလာဂျာမာလ်က သတင်းထောက်များအား ပြောကြားသည်။ အာဖဂန်နစ္စတန်ဒုက္ခသည် ၁ ဒသမ ၂ သန်းထက်မနည်း ခိုလှုံနေသော ပါကစ္စတန်နိုင်ငံမှာ အာဖဂန်နစ္စတန်ဒုက္ခသည်များကြောင့် စီးပွားရေးနှင့် လူမှုရေးပျက်စီးရသည်ဟု အကြောင်းပြကာ နယ်စပ်ကို ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင် ပိတ်ထားခဲ့သည်။ နောက်ထပ်ဝင်ရောက်လာမည့် အာဖဂန်ဒုက္ခသည်အသစ်များတွင် တာလီဘန်ကို ပါကစ္စတန်က အခိုင် အမာထောက်ခံသည့်အတွက် လက်စားချေရန် အဖျက်လုပ်ငန်း လုပ်မည့်ရည်ရွယ်ချက်ဖြင့် အာမက်ရှား မာဆွတ်အား ထောက်ခံသူများ ပါလာမည်ကိုလည်း ပါကစ္စတန်နိုင်ငံက ကြောက်ရွံ့စိုးရိမ်ခဲ့သည်။ မာဆွတ်ဦးဆောင်သော အတိုက်အခံအုပ်စုက ပိတ်ပင်တားမြစ်ခြင်းကို ပြစ်တင်ရှုတ်ချခဲ့သည်။ ပိတ်ပင်တားမြစ်ခြင်းသည် ပါကစ္စတန်နိုင်ငံ၌ နှစ် ၂၀ ကျော်မျှ နေထိုင်ကြသော ဆွေမျိုးသားချင်းများထံ အာဖဂန်တို့ လည်ပတ်ခြင်းကိုတားမြစ်မည်ဖြစ်သည့်ပြင် အသစ်ရောက် လာမည့်ဒုက္ခသည်များကိုလည်း ပိတ်ပင်မည်ဖြစ်သည်။ အသစ်ရောက်လာမည့်ဒုက္ခသည်များမှာ မကြာသေးမီက အာဖဂန်၌ ဖြစ်ပွားခဲ့သောတိုက်ပွဲနှင့် မိုးခေါင်သည့်ဒဏ်မှ လွတ်ရာသို့ ထွက်ပြေးလာသူများ ဖြစ်ကြသည်။

အိုစမာဘင်လာဒင် လုံခြုံရေးရာသို့ ပြောင်းရွှေ့ – ၁၉၉၈ ခုနှစ်က အမေရိကန်ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကို ရှောင်တိမ်းနေခဲ့သော ဘင်လာဒင်သည် အာဖဂန်နစ္စတန်နိုင်ငံရှိ သူ၏ ဌာနချုပ်ကို တောင်ကုန်းထူထပ်သော ခံကတုတ် အခိုင်အမာရှိရာသို့ ပြောင်းရွှေ့သွားခဲ့ကြောင်း အာဖဂန်နစ္စတန် အတိုက်အခံတို့က ပြောကြားသည်။ အိုစမာဘင်လာဒင်နှင့် အာရပ်ကိုယ်စားလှယ်များ တာလီ ဘန်အဖွဲ့ဝင်များမှာ ကန်ဒါဟာမြို့တွင် ပုန်းအောင်းနေရာမှ ယူရှဂန်ပြည်နယ်မြောက်ပိုင်းရှိ တောင်တန်းများသို့ ပုန်းအောင်းရန်သွားရောက်ခဲ့ကြကြောင်း ခါဗာနာမ အပတ်စဉ်သတင်းစာတွင် ဖော်ပြသည်။ အောက်တိုဘာလအတွင်းက အမေရိကန်ဖျက်သင်္ဘောတစ်စင်းပေါ်တွင် အသေခံဗုံးခွဲမှုကြောင့် အမေရိကန်ရေတပ်သား ၁၇ ဦး သေဆုံးရမှုတွင် ဘင်လာဒင်အား အမေရိကန်ပြည်ထောင်စုက သံသယဖြစ်ခဲ့သည်။ အဆိုပါ ပုန်းအောင်းရာနေရာကို ရွေးချယ်ခဲ့ခြင်းမှာ လူနေထိုင်ရာဒေသနှင့်ဝေးလံပြီး နည်းဗျူဟာအရ ကောင်းမွန်ကာ အမေရိကန်ဂြိုဟ်တုများ မမြင်နိုင်သောဒေသ ဖြစ်ခြင်းကြောင့်ဟုဆိုသည်။ ကန်ဒါဟာမြို့မှ ညအချိန်ပြောင်းရွှေ့ရာတွင် နိုင်ငံခြားရေးဝန်ကြီး ဝါကီအာမက်မွတ်တား ဝါကီ အပါအဝင် ခမ်းတော်ယာဉ် အစီး ၁၀၀ ကျော်နှင့် တာလီဘန်အရာရှိများ အိုစမာနှင့်အတူ လိုက်ပါသွားကြကြောင်း သတင်းလွှာတွင် ဖော်ပြထားသည်။

မိုးရွာ၍ ကခုန်ပျော်ပါး – အာဖဂန်နစ္စတန်နိုင်ငံ၊ ဒေသအချို့၌ ၁၈ လကြာမျှ မိုးစက်မိုးပေါက်များ ဆိတ်သုဉ်းကာ မိုးသားတိမ်လိပ်များက ကင်းရှင်းနေခဲ့ရာမှ မိုးကြီးသည်းထန်စွာ ရွာသွန်းလာသဖြင့် နိုဝင်ဘာလ ၈ ရက်နေ့က ပျော်ရွှင်ပွဲများ ကျင်းပကြသည်။ အာဖဂန်နစ္စတန်၏လူဦးရေ ၂၂ သန်းအနက် ၁၃ သန်းခန့်နေထိုင်သောဒေသများတွင် မိုးခေါင်ရေရှားဒဏ်ခံခဲ့ရာမှ မိုးသီးမိုးပေါက်များဖြင့် မိုးသည်းထန်စွာ ရွာသွန်းလာခဲ့သည်။ အာဖဂန်နစ္စတန်မြို့တော် ကဘူးမြို့တွင် နေထိုင်ကြသော ကလေးများမှာ လမ်းမများပေါ် ထွက်၍ ကခုန်မြူးတူးကြသည်။ အချင်းချင်းလည်း ပြုံးရွှင်စွာ နှုတ်ဆက်ပျော်မြူးကြသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် မိုးရေချိန်တိုင်းကိရိယာများ မရှိသော်လည်း ဆင်းရဲနွမ်းပါးလှသော ပြည်သူများအတွက် ပျော်ရွှင်မြူးတူးစရာ ဖြစ်ခဲ့ရသည်။ အာဖဂန်နစ္စတန်တောင်ပိုင်းကာဒါနှင့် အနောက်ပိုင်းဒေသများတွင် နိုဝင်ဘာလ ၇ ရက်နေ့မှစ၍ မိုးများသည်းထန်စွာ ရွာသွန်းခဲ့သည်။ အာဖဂန်ပြည်သူများမှာ ပြည်ပအသံလွှင့်ဌာနများမှ မိုးလေဝသအခြေအနေ ကြေညာချက်များကို ဂရုစိုက်နားထောင်ကြရသည်။ မိုးများဆက်လက်ရွာသွန်းတော့မည်ဟု မျှော်လင့်ကြောင်း အာဖဂန်နစ္စတန်ပြည်သူများက ပြောကြားသည်။

ဦးခင်မောင်မြ



**အီရတ်သမ္မတနိုင်ငံ။** ။ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်းကကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အန်မိုဗစ်အဖွဲ့ (UNMOVIC-UN Monitoring, Verification and haspection Commission) ခေါ် ကုလသမဂ္ဂသတင်းစုဆောင်းရေး၊ စိစစ်ရေး၊ စစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ထိုအဖွဲ့၏ အကြီးအကဲအဖြစ် ဟန်း(စ်)ဘလစ်(စ်)ကို ခန့်အပ်ခဲ့သည်။ ဟန်း(စ်)

ဘလစ်(စ်)သည် ဆွီဒင်လူမျိုးဖြစ်ပြီး ၁၉၈၁ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ အိုင်အေအီးအေ (IAEA) ခေါ် နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီအဖွဲ့၏ ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ဖေဖော်ဝါရီလ ၅ ရက်နေ့ထုတ် အရှေ့အလယ်ပိုင်း စီးပွားရေး သတင်းစုံမဂ္ဂဇင်းက ဟန်း(စ်)ဘလစ်(စ်)သည် အိုင်အေအီးအေအဖွဲ့တွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း အီရတ်နိုင်ငံအပေါ် တင်းမာစွာမဆက်ဆံခဲ့မှုကြောင့် ဝေဖန်ခံရ ဖူးသူဖြစ်ကြောင်း ဖော်ပြထားသည်။

ရွေးကောက်ပွဲကျင်းပမည့်ရက် သတ်မှတ်ခြင်း – အီရတ်နိုင်ငံ၌ ဥပဒေပြုအဖွဲ့အစည်းသည် လွှတ်တော်တစ်ရပ်တည်းသာရှိသော အဖွဲ့အစည်းဖြစ်သည်။ ဇန်နဝါရီလ ၂၇ ရက်နေ့က ထိုအမျိုးသားလွှတ်တော်အတွက် ရွေးကောက်ပွဲများကို မတ်လ ၂၇ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သမ္မတအစိုးရအဖွဲ့က ကြေညာခဲ့သည်။

သစ္စာမဲ့သူများအား ကွပ်မျက်ခြင်း – သမ္မတဆက်ဒမ်ဟူစိန်၏ အစိုးရသည် လက်နက်ကိုင်တပ်ဖွဲ့ဝင်များအတွင်း သစ္စာမဲ့မှုဖြင့် စွဲချက်တင်ခံရသူ ၄၀ တို့အား ကွပ်မျက်လိုက်ကြောင်း အတိုက်အခံပါတီတစ်ရပ်ဖြစ်သည့် ကွန်မြူနစ်ပါတီက သတင်းထုတ်ပြန်ခဲ့သည်။

လန်ဒန်အခြေစိုက် အီရတ်သတင်းစာတစ်စောင်က အီရတ်နိုင်ငံတွင် အတိုက်အခံ အဖွဲ့အစည်းသစ်တစ်ရပ် ပေါ်ပေါက်လာကြောင်း ဇန်နဝါရီလ ၂၅ ရက်နေ့က သတင်းထုတ်ပြန်လိုက်သည်။ ထိုအဖွဲ့ကို သီးခြားလွတ်လပ်စွာ လှုပ်ရှားနေသော အမျိုးသားအဖွဲ့ဟု အမည်ပေးထားကြောင်း ဖော်ပြ ခဲ့သည်။

ကုလသမဂ္ဂအရာရှိများ ရာထူးမှ နုတ်ထွက်သွားခြင်း – ဘဂ္ဂဒက်တွင် အခြေစိုက်ထားသည့် "ရေနံနှင့် စားနပ်ရိက္ခာ လဲလှယ်ရေးအစီအစဉ်" မှ ပေါင်းစပ်ညှိနှိုင်းရေးမှူး တာဝန်ထမ်းဆောင်နေသူ ဟန်း(စ်)ဖွန်စပိုနက်သည် ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် ကုလသမဂ္ဂဝန်ထမ်းအဖြစ်မှ နုတ်ထွက်သွားခဲ့သည်။ ဗြိတိန်နှင့် အမေရိကန်တို့၏ ကန့်ကွက်ခဲ့မှုအကြားမှ ၁၉၉၈ ခုနှစ်၊အောက်တိုဘာလက ၎င်းအားကုလသမဂ္ဂဝန်ထမ်းအဖြစ် ခန့်အပ်ခဲ့သည်။ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင်လည်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ အရာရှိတစ်ဦးဖြစ်သူ ဂျတ်တာဘားဂတ်သည် ရာထူးမှ နုတ်ထွက်သွားခဲ့သည်။ ၎င်းတို့ နှစ်ဦးလုံးသည် ဂျာမန်လူမျိုးများဖြစ်ကြသည်။ အီရတ်နိုင်ငံ၌ ကုလသမဂ္ဂက ဆောင်ရွက်ပေးနေသည့် လူသားချင်းစာနာထောက်ထားရေး အစီအစဉ်များသည် လုံလောက်မှုမရှိကြောင်း ၎င်းတို့က ဝေဖန်ခဲ့ကြသည်။ လူသားချင်းစာနာထောက်ထား ရေး အစီအစဉ်ဖြင့် အီရတ်နိုင်ငံတွင် ခန့်ထားခဲ့သော ယခင် ကုလသမဂ္ဂဝန်ထမ်းများကလည်း လုံလောက်မှုမရှိကြောင်း ဝေဖန်၍ ရာထူးမှနုတ်ထွက်ခဲ့ကြသည်။ ကုလသမဂ္ဂက အီရတ်နိုင်ငံအပေါ် တားမြစ်မိန့်များ ချမှတ်ထားခြင်းသည် လူသားတို့အတွက် အမှန်တကယ် ဝမ်းနည်းဖွယ်ရာဖြစ်ကြောင်း စပိုနက်က သုံးသပ်ပြခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီကလည်း ၎င်း၏ အစီရင်ခံစာတစ်စောင်၌ အဆိုပါတားမြစ်မိန့်များကြောင့် မွေးကင်းစကလေးငယ်များ သေဆုံးမှုနှုန်းသည်သုံးဆများ တိုးပွားမှုဖြစ်ပေါ်ခဲ့ကြောင်း ဖော်ပြထားသည်။

ရုရှားရေနံတင်သင်္ဘောအား ထိန်းချုပ်ထားခြင်း – ဖေဖော်ဝါရီလ စောစောပိုင်းက အိုမန်ပင်လယ်ကွေ့၌ အမေရိကန်ရေတပ်က ဦးဆောင်သော နိုင်ငံတကာ ရေကြောင်းသွားလာမှု စောင့်ရှောက်ရေးအဖွဲ့က ရုရှားရေနံတင်သင်္ဘောအား ရပ်တန့်ရှာဖွေခဲ့သည်။ ပုဂ္ဂလိပိုင် ရုရှားရေနံတင်သင်္ဘောသည် အီရတ်မှရေနံများကို သယ်ဆောင်လာသည်ဟု မသင်္ကာမှုဖြင့် ဤသို့ ထိန်းချုပ်ထားလိုက်ခြင်းဖြစ်သည်။ အဆိုပါ သင်္ဘောသည် အာရပ်စော်ဘွားများနိုင်ငံအတွက် အီရန်နိုင်ငံမှ ရေနံများကို သယ်ဆောင်လာခြင်းသာ ဖြစ်သည်ဟုဆိုကာ ရုရှားသင်္ဘောအား ရပ်တန့်ရှာဖွေခြင်းကို ရုရှားအစိုးရက ကန့်ကွက်အရေးဆိုခဲ့သည်။ တတုဗေဒ စစ်ဆေးချက်များအရ ၎င်းသင်္ဘောသည် အီရတ်မှ ရေနံများကို သယ်ဆောင်လာကြောင်း တွေ့ရသည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး ဝီလျံကိုဟင်းက ပြောကြားခဲ့သည်။

အာဏာသိမ်းရန် ကြိုးပမ်းမှု – လွန်ခဲ့သည့် ဇန်နဝါရီလစောစောပိုင်းက အီရတ်စစ်တပ်မှ အရာရှိတစ်စုသည် အာဏာသိမ်း ရန်ကြိုးပမ်းခဲ့ကြောင်း၊ သမ္မတနိုင်ငံစောင့်တပ်၏ နည်းဗျူဟာအဖွဲ့ (၂) မှ အရာရှိတစ်စုသည် သမ္မတဆက်ဒမ်ဟူစိန်အား လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းခဲ့ကြောင်း၊ သို့ရာတွင် ထိုကြိုးပမ်းချက်မှာ ပျက်ပြားသွားပြီး အရာရှိ ၃၈ ဦးတို့အား ကွပ်မျက်လိုက်ကြောင်း လန်ဒန်အခြေစိုက် အီရတ်သတင်းစာတစ်စောင်က ဖေဖော်ဝါရီလ ၂၈ ရက်နေ့ထုတ် သတင်းများ၌ ဖော်ပြခဲ့သည်။

ဟမ္မာဒီအား လွှတ်တော်သဘာပတိအဖြစ် ထပ်မံတင်မြှောက်ခြင်း – မတ်လအတွင်းက ရွေးကောက်တင်မြှောက်ခဲ့သော အမျိုးသားလွှတ်တော်၏ ပထမအကြိမ်အစည်းအဝေးကို ဧပြီလ ၉ ရက်နေ့က စတင်ကျင်းပခဲ့သည်။ ထိုအစည်းအဝေးက ဟမ္မာဒီအား လွှတ်တော်သဘာပတိအဖြစ် တညီတညွတ်တည်း ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ သမ္မတဆက်ဒမ်ဟူစိန်၏ သားအကြီးဆုံးအူဒေးသည် လွှတ်တော်ကိုယ်စား

လှယ်အဖြစ် မတ်လတွင်ကျင်းပခဲ့သော ရွေးကောက်ပွဲ၌ ပထမဆုံးအကြိမ် အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ အူဒေးကို လွှတ်တော်သဘာပတိအဖြစ် တင်မြှောက်လိမ့်မည်ဟု မှန်းဆထားခဲ့ကြသည်။ လွှတ်တော်သဘာပတိ ရွေးချယ်ရေးအတွက် အူဒေးနှင့်သက်ကြီးဝါရင့်ခေါင်းဆောင် အချို့အကြား အငြင်းပွားခဲ့ကြသေးသည်။ သို့ရာတွင် ထိုသို့ အငြင်းပွားမှုသတင်းကို ကြားသိရသောအခါ သမ္မတဟူစိန်က ဟမ္မာဒီကိုသာ ဆက်လက်တင်မြှောက်ရန် သဘောထားပေးခဲ့သည်။ ယုံကြည်လောက်သော သတင်းရရပ်ကွက်များမှ ထွက်ပေါ်လာသည့်သတင်းအရ သမ္မတဟူစိန်သည် ၎င်း၏သားငယ် ကူဆေးဟူစိန် သမ္မတအရိုက်အရာကို ဆက်ခံသူအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။ သားကြီးအူဒေးကလည်း ၎င်း၏ ဖခင်စီစဉ်ထားသည့်အတိုင်း လက်ခံမည်ဖြစ်ကြောင်း ပြောခဲ့သည်ဟုသိရှိရသည်။

အီရန်–အီရတ်ဆက်ဆံရေး – အီရတ်နိုင်ငံတွင် အခြေစိုက်ထားသော သူပုန်အဖွဲ့တစ်ခုသည် မကြာသေးမီ ကာလများအတွင်းက အီရန်နိုင်ငံအတွင်း လှုပ်ရှားတိုက်ခိုက်ခဲ့ကြသည်။ ယင်းသို့ ပြုလုပ်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် ဧပြီလ စောစောပိုင်းအတွင်း အီရတ်မှ ရေနံစိမ်းတန်ချိန်ပေါင်း ၄၅၀၀၀ သယ်ဆောင်လာသည့် သင်္ဘော ၁၀ စီးအား အီရန်တို့က ဖမ်းဆီးခဲ့သည်။ အီရန်၏အပြုအမူကို အမေရိကန်က ချီးကျူးပြောဆိုခဲ့သည်။

ဧပြီလ ၈–၁၁ ရက်နေ့များတွင် အီရန်သည် ၁၉၈၀–၁၉၈၈ ခုနှစ်၊ စစ်ပွဲအတွင်းက ဖမ်းဆီးထားခဲ့သော အီရတ်စစ်သုံ့ပန်းများအနက်မှ ၂၀၀၀ ခန့်ကို လွှတ်ပေးခဲ့သည်။ ဧပြီလအထိ စစ်သုံ့ပန်းပေါင်း ၅၀၀၀ ကျော်ကို အီရန်က လွှတ်ပေးခဲ့ပြီးဖြစ်သည်။ အီရတ်က အီရန်နိုင်ငံတွင် အီရတ်စစ်သုံ့ပန်းပေါင်း ၁၀၀၀၀ ခန့် ရှိသည်ဟု စွပ်စွဲထားသည်။ နိုင်ငံတကာကြက်ခြေနီကော်မတီ၏ အစီရင်ခံစာအရ အီရတ်စစ်သုံ့ပန်း ၄၆၀၀ ခန့်တို့က အီရတ်သို့ မပြန်လိုတော့ကြောင်း ငြင်းဆန်နေသည်ဟုသိရသည်။

လေယာဉ်ပျံသန်းမှု တားမြစ်မိန့်ကို ဖောက်ဖျက်ခြင်း – ကုလသမဂ္ဂက အီရတ်သို့ လေယာဉ်ပျံသန်းမှုများ မပြုလုပ်ရဟု တားမြစ်ထားသည်။ ထိုတားမြစ်မိန့်ကို ဆန့်ကျင်လျက် အီတလီလွှတ်တော်အမတ်လည်းဖြစ်၍ ဥရောပပါလီမန်အမတ်လည်းဖြစ်သော ဗစ်တိုးရီးယိုးစဂါဘီသည် ပုဂ္ဂလိကလေယာဉ်ငယ် တစ်စီးကို ငှားရမ်းလျက် ဂျော်ဒန်လေဆိပ်မှ ဘဂ္ဂဒက်လေဆိပ်သို့ သွားရောက်ခဲ့သည်။ စဂါဘီနှင့် အခြားအီတလီခရီးသည် သုံးဦးတို့အား ဘဂ္ဂဒက်လေဆိပ်တွင် ဒုတိယဝန်ကြီးချုပ်တာရစ်အာဇစ်ကကြိုဆိုနှုတ်ဆက်ခဲ့သည်။

ဗြိတိန်–အမေရိကန်လေယာဉ်များ၏ တိုက်ခိုက်မှု – ဗြိတိန်နှင့် အမေရိကန်လေယာဉ်များသည် အီရတ်တောင်ပိုင်းနှင့် မြောက်ပိုင်းရှိ "လေယာဉ်မပျံသန်းရ ဇုန်များ" ၌ ဆက်လက် ပျံသန်းကာ အီရတ်လေကြောင်း ကာကွယ်ရေးစခန်းများကို ဧပြီလအတွင်း ဆက်လက်တိုက်ခိုက်လျက်ရှိကြသည်။ ဗြိတိသျှနှင့် အမေရိကန်လေယာဉ်များက အရပ်သားပစ်မှတ်များကို တိုက်ခိုက်သဖြင့် အရပ်သားများ သေဆုံးဒဏ်ရာရခဲ့ကြောင်း အီရတ်စစ်တပ်မှ သတင်းများထုတ်ပြန်ခဲ့သည်။ အရပ်သားတို့၏ နေရာများကို ဗြိတိသျှနှင့် အမေရိကန် လေယာဉ်တို့က တိုက်ခိုက်ခဲ့ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်အား အီရတ်ဒုတိယဝန်ကြီးချုပ်အာဇစ်က ဧပြီလ ၁၀ ရက်နေ့က တိုင်တမ်းခဲ့သည်။

အမေရိကန်ကွန်ဂရက်မှ ဒီမိုကရက်တစ်အမတ် တိုနီဟော(လ်)သည် ဧပြီလလယ်ပိုင်းက အီရတ်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ၁၀ နှစ်ကာလအတွင်း တိုနီဟော(လ်) သည် အီရတ်သို့ သွားရောက်ခဲ့သော ပထမဆုံး ကွန်ဂရက်အမတ်ဖြစ်သည်။ သူသည် အီရတ်နိုင်ငံတွင် ဆောင်ရွက်နေသော လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများကို အကဲခတ်ရန် သွားရောက် ခဲ့ခြင်းဖြစ်သည်။

မွေးကင်းစကလေးသေနှုန်း မြင့်တက်သွားခြင်း – ၁၉၉၁ ခုနှစ်တွင် ကုလသမဂ္ဂက တားမြစ်မိန့်များ ချမှတ်ခဲ့ပြီးသည့်နောက်ပိုင်း အီရတ်နိုင်ငံ၌ မွေးကင်းစကလေးသေနှုန်းသည် နှစ်ဆကျော်မြင့်တက်သွားခဲ့ကြောင်း မေလအတွင်းက ထုတ်ပြန်ခဲ့သည့် ဗြိတိသျှဆေးဂျာနယ်လ်လန်းဆက်က ဖော်ပြခဲ့သည်။ ၁၉၈၄–၁၉၈၉ ခုနှစ်များအတွင်းက အသက် ၅ နှစ်အောက် မွေးကင်းစကလေးသေနှုန်းမှာ ၁၀၀၀ လျှင် ၅၇ ယောက် ဖြစ်ခဲ့သည်။ ၁၉၉၄–၁၉၉၉ ခုနှစ်များအတွင်း သေနှုန်းမှာ ၁၀၈ ယောက်အထိ ဖြစ်လာခဲ့သည်။ လန်ဒန်မြို့ရှိ ကျန်းမာရေးနှင့် အပူပိုင်းဒေသရောဂါများ သင်တန်းကျောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ တို့၏ ပူးပေါင်းသုတေသနပြုချက်အရ သိရှိလာရသော အချက်များဖြစ်သည်။ ဆေးရုံများ၌ လျှပ်စစ်ဓာတ်အားနှင့် သောက်သုံးရေမလုံလောက်ခြင်း၊ အာဟာရဓာတ်ချို့တဲ့ခြင်း၊ ကူးစက်ရောဂါများ ပျံ့နှံ့ခြင်းတို့သည် မွေးကင်းစကလေးများ သေဆုံးခြင်းအတွက် အဓိက အကြောင်းရင်းများဖြစ်သည်။

အမေရိကန်တို့၏ တရားမဲ့ရက်စက်မှု – ပင်လယ်ကွေ့စစ်ပွဲပြီးဆုံးချိန်၌ အမေရိကန်ဗိုလ်ချုပ်ကြီး ဘယ်ရီမက်ကက်(ဖ်)ရေး၏ ရက်စက်မှုများကို ဖော်ပြဝေဖန်ထားသည့်ဆောင်းပါးကို ပူလစ်ဇာဆုရ သတင်းစာဆရာ ဆီမားဟပ်(ရှ်)က မေလထုတ် နယူးယောက်ကားမဂ္ဂဇင်း၌ ဖော်ပြခဲ့သည်။

အပစ်အခတ်ရပ်စဲပြီး နှစ်ရက်အကြာ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲမစမီ တစ်ရက်အလိုတွင် စစ်မြေပြင်မှ ပြန်လည်ဆုတ်ခွာလာသည့် အီရတ်တပ်များကို အမေရိကန်တပ်များက တရားမဲ့စွာ တိုက်ခိုက်ချေမှုန်းခဲ့သည်။ အမေရိကန်စစ်ပြန် ၂၀၀ တို့နှင့် တွေ့ဆုံမေးမြန်းပြီးနောက် အမေရိကန် ဗိုလ်ချုပ်ကြီးမက်ကက်(ဖ်)ရေး၏ တရားမဲ့ရက်စက်မှုများကို ရေးသားခဲ့ခြင်းဖြစ်သည်။

ရေနံနှင့် စားနပ်ရိက္ခာလဲလှယ်မှု အချိန်ကာလတိုးမြှင့်ခြင်း – ဇွန်လ ၈ ရက်နေ့တွင် လုံခြုံရေးကောင်စီသည် အီရတ်နိုင်ငံ၌ ရေနံနှင့်စားနပ်ရိက္ခာ လဲလှယ်မှုအစီအစဉ်အတွက် နောက်ထပ် ၆ လ တိုးမြှင့်ပေးရန် ဆုံးဖြတ်ခဲ့သည်။ ဤသို့ အချိန်ကာလတိုးမြှင့်ပေးခဲ့ခြင်းသည် ၈ ကြိမ်မြောက်ဖြစ်သည်။ နိုင်ငံသားများအတွက် လူသားချင်း စာနာထောက်ထားမှုအရ ထောက်ပံ့ရေးပစ္စည်းများ ဝယ်ယူနိုင်ရန်နှင့် ကူဝိတ်နိုင်ငံသို့ လျော်ကြေးပေးနိုင်ရန် ဤကဲ့သို့ အီရတ်ရေနံများကို ရောင်းချခွင့်ပေးခဲ့ခြင်းဖြစ်သည်။ ရေနံနှင့် စားနပ်ရိက္ခာ လဲလှယ်ရေးအစီအစဉ်ကို၁၉၉၆ ခုနှစ်မှစ၍ ကျင့်သုံးခဲ့သည်။ ထိုအချိန်မှစ၍ ယခုမေလအထိ အီရတ်သည် ရေနံများရောင်းချခဲ့ရမှုကြောင့် အမေရိကန် ဒေါ်လာ ၂၅.၃ ဘီလီယံရရှိခဲ့သည်။ မေလအတွင်း အီရတ်သည် ရေနံများကို နေ့စဉ်စည်ပေါင်း ၂.၄ သန်းခန့် ရောင်းချလျက်ရှိသည်။

ပင်လယ်ကွေ့ စစ်ပွဲကာလအတွင်းက အီရတ်စစ်သည်ပေါင်း ၁၁၅၀ ဦး ပျောက်ဆုံးနေကြောင်း၊ ထိုပျောက်ဆုံးနေသူများကို အသက်ရှင်လျက်ဖြစ်စေ၊ အလောင်းများကို ဖြစ်စေ၊ ပြန်လည်လွှဲပြောင်းပေးရန် အီရတ်က ကူဝိတ်သို့ တောင်းဆိုခဲ့သည်။ ကူဝိတ်ကလည်း အီရတ်စစ်သည် တစ်ဦးမျှ မကျန်ရစ်ခဲ့ကြောင်း ငြင်းဆိုခဲ့သည်။ ကျူးကျော်စစ်ပွဲအတွင်းက ကူဝိတ်မှလုယူသွားခဲ့သော ပစ္စည်းများကိုပြန်ပေးရန် ကူဝိတ်က တောင်းဆိုလိုက်သည်။

ဗြိတိသျှနှင့် အမေရိကန်လေယာဉ်များ ဆက်လက်တိုက်ခိုက်နေခြင်း – အီရတ်နိုင်ငံတောင်ပိုင်းရှိ "လေယာဉ်မပျံသန်းရဇုန်"၌ မဟာမိတ်လေယာဉ်တစ်စင်းကို အီရတ်တို့က ပစ်ခတ်ခဲ့မှုကြောင့် ဗြိတိသျှနှင့် အမေရိကန်ဖုံးကြဲလေယာဉ်များသည် ဩဂုတ်လအလယ်ပိုင်းတွင် တိုးမြှင့်ပျံသန်း တိုက်ခိုက်ခဲ့ကြသည်။ အီရတ်နိုင်ငံပိုင် သတင်းစာများက အဆိုပါလေယာဉ်များသည် အရပ်သားပစ်မှတ်များကို ထိမှန်စေခဲ့ကြောင်း ဖော်ပြခဲ့ကြသည်။

နိုင်ငံတကာလေဆိပ်ကို ဖွင့်လှစ်လိုက်ခြင်း – ဘဂ္ဂဒက်မြို့စွန်ရှိ ဆက်ဒမ်နိုင်ငံတကာလေဆိပ်သည် ပင်လယ်ကွေ့စစ်ပွဲ ဖြစ်ပွားချိန်မှစ၍ ပိတ်ထားခဲ့ရသည်။ သို့ရာတွင် ဩဂုတ်လ ၁၇ ရက်နေ့က ၎င်းလေဆိပ်ကို အီရတ်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးက တရားဝင်ဖွင့်လှစ်ပေးခဲ့သည်။ အီရတ်နိုင်ငံသို့ လေယာဉ်ဆင်းသက်ခွင့်ကို ကုလသမဂ္ဂတားမြစ်မိန့်များ ကော်မတီ၏ကြိုတင်ခွင့်ပြုချက်ဖြင့်သာ ဆင်းသက်ရမည်ဖြစ်ရာ ဤသို့ နိုင်ငံတကာလေဆိပ် ဖွင့်လှစ်ပေးလိုက်ခြင်းသည် အထိမ်းအမှတ်သဘောမျှသာ သက်ရောက်ခဲ့သည်။

မေလအလယ်ပိုင်းကဘဂ္ဂဒက်မြို့နှင့်ဆီးရီးယားမြို့တော် အလက်ပိုတို့အကြား မီးရထားလမ်းဆက်သွယ်မှုကို ပြန်လည်ဖွင့်ပေးခဲ့သည်။ ဤသို့ ဖွင့်လှစ်လိုက်ခြင်းသည် နှစ်နိုင်ငံအကြားပြန်လည်သင့်မြတ်မှု၏သင်္ကေတဖြစ်ခဲ့ပေသည်။

တားမြစ်မိန့်များပယ်ဖျက်ရန် ရုရှားတို့၏ ကြိုးပမ်းချက်– ၁၉၉၁ ခုနှစ်တွင် တားမြစ်မိန့်များ ချမှတ်ခဲ့သည်မှစ၍ ကူးသန်းရောင်းဝယ်မှုများ ရပ်ဆိုင်းခဲ့ရသဖြင့် ရုရှားနိုင်ငံအဖို့ ဒေါ်လာ ဘီလီယံ ၃၀ ခန့်မျှ ဆုံးရှုံးခဲ့ရကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး အီဗန်နော့(ဗ်) က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်ထံသို့ စက်တင်ဘာလအတွင်းက စာတစ်စောင် ရေးသားပေးပို့ခဲ့သည်။ ထိုစာသည် အီရတ်နိုင်ငံအပေါ် ချမှတ်ထားသည့် တားမြစ်မိန့်များကို ပယ်ဖျက်ပေးရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ ရုရှားမှရေနံလုပ်ငန်း ကျွမ်းကျင်သူတစ်စုသည် အီရတ်နိုင်ငံသို့ လေယာဉ်ဖြင့်သွားရောက်ခဲ့ကြသည်။ အီရတ်နှင့် ရုရှားတို့အကြား လေယာဉ်ပုံမှန်ပျံသန်းရေးကိုလည်း ညှိနှိုင်းခဲ့ကြသည်။

ကူဝိတ်၊ ဆော်ဒီအာရေးဘီးယားတို့နှင့် ဆက်ဆံရေး – အီရတ် ပြည်သူတို့ နစ်နာခံစားနေရမှုများသည် ကူဝိတ်ကြောင့်ဖြစ်ကြောင်း၊ နှစ်နိုင်ငံနယ်စပ်ရှိ ရေနံမြေတွင် ကူဝိတ်တို့က ရေနံရှာဖွေတူးဖော်နေခြင်းသည် အီရတ်ရေနံများကို ခိုးယူထုတ်လုပ်နေခြင်းဖြစ်ကြောင်း အီရတ်တို့က စွပ်စွဲပုတ်ခတ်ခဲ့ကြသည်။

ရေနံနှင့် စားနပ်ရိက္ခာ လဲလှယ်ရေးအစီအစဉ်အရ မိမိ၏ မဟာမိတ်နိုင်ငံများသို့ တင်ပို့သောရေနံများကို ဆော်ဒီအာရေးဘီးယားက မတရားဖမ်းဆီးသိမ်းယူခဲ့သည်ဟု အီရတ်တို့က စွပ်စွဲခဲ့သည်။ အိုပက်အဖွဲ့က သတ်မှတ်ထားသည့် ခွဲတမ်းထက်ကျော်လွန်လျက် ဆော်ဒီအာရေးဘီးယားက ရောင်းချနေသည်ဟုလည်း စွပ်စွဲခဲ့သည်။ စက်တင်ဘာလနှောင်းပိုင်းက အီရတ် ဂျက်လေယာဉ်များသည် ဆော်ဒီအာရေးဘီးယားလေကြောင်း ပိုင်နက်အတွင်း အကြိမ်များစွာ ဖြတ်သန်းခဲ့ကြသည်။

ဆက်ဒမ်ဟူစိန် မကျန်းမာမှုသတင်း – စက်တင်ဘာလစော စောပိုင်းက ထုတ်ဝေခဲ့သော လန်ဒန်အခြေစိုက် အီရတ်သတင်း စာတစ်စောင်က အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်သည် ကင်ဆာ ရောဂါဖြစ်နေကြောင်း၊ အဆစ်အမြစ်များရောင်ရမ်းပြီး အသက် ရှုလည်းကြပ်နေကြောင်း၊ မျက်စိမှုန်ဝါးပြီး မှတ်ဉာဏ်လည်း မကောင်းတော့ကြောင်း သတင်းရေး သားခဲ့သည်။ ထိုသတင်းကို အီရတ်အစိုးရက ချက်ချင်း တုံ့ပြန်လျက် သမ္မတဆက်ဒမ်ဟူစိန်သည် ပကတိ ကျန်းမာ လျက်ရှိကြောင်း ပြန်ကြားခဲ့သည်။ အာရပ်သတင်း ဌာနများ က ဆက်ဒမ်ဟူစိန်မကျန်းမာကြောင်း သတင်းကို ထောက်ခံ ရေးသားခဲ့ကြသည်။ ဆက်ဒမ် ကွယ်လွန်သွားပါက အစားထိုး ဝင်ရောက်နိုင်ရန် မိသားစုကောင်စီကို ဖွဲ့စည်းထားကြောင်း၊ ထိုကောင်စီကို သားအကြီးဆုံးအူဒေးက ခေါင်းဆောင် နေကြောင်း၊ သားငယ် ကူဆေးဟူစိန်နှင့် ညီအစ်ကိုသုံးဦးတို့ လည်း ထိုမိသားစုကောင်စီ၌ ပါဝင်ခဲ့ကြောင်း ရေးသား ခဲ့ကြသည်။

အီရတ်နိုင်ငံရောက် နိုင်ငံတကာပျံသန်းမှုများ – ကုလသမဂ္ဂ ၏ တားမြစ်မိန့်များကို ဆန့်ကျင်လျက် ယီမဲန်၊ မော်ရိုကို၊ ကျူနီရှား၊ အာရပ်စော်ဘွားများနိုင်ငံ၊ လစ်ဗျား၊ အယ်(လ်) ဂျီးရီးယား၊ ဆီးရီးယားနှင့် တူရကီနိုင်ငံတို့မှ လေယာဉ်များ သည် အောက်တိုဘာလအတွင်းက ဘဂ္ဂဒက်ရှိ ဆက်ဒမ် နိုင်ငံ တကာ လေဆိပ်သို့ ရောက်ရှိလာခဲ့ကြသည်။ စက်တင်ဘာလ အတွင်းက ပြင်သစ်နိုင်ငံမှ အစိုးရမဟုတ်သော အဖွဲ့တစ်ဖွဲ့က လေယာဉ်စင်းလုံးငှားလျက် စတင်ရောက်ရှိလာပြီးနောက် လမ်းစပေါက်ကာ ကုလသမဂ္ဂ၏ ခွင့်ပြုမိန့်မပါဘဲ ယခုကဲ့သို့ ရောက်ရှိလာကြခြင်း ဖြစ်သည်။ နိုင်ငံရေးသမားများ၊ သတင်းစာဆရာများ၊ အသိပညာရှင်များက အီရတ်အစိုးရကို ထောက်ခံသည့်အနေဖြင့် လည်းကောင်း၊ သို့မဟုတ် မနုဿ ရက္ခိတသဘောအရ လည်းကောင်း၊ ယခုကဲ့သို့ လေယာဉ်များ ဖြင့် အီရတ်သို့ သွားရောက်ခဲ့ကြခြင်းဖြစ်သည်။

အောက်တိုဘာလအတွင်း ရုရှားမှ အဲရိုးဖလော့(တ်) ကုမ္ပဏီနှင့် အီရတ်လေကြောင်းကုမ္ပဏီတို့သည် နှစ်နိုင်ငံ အကြား လေယာဉ်ပျံသန်းမှုများအတွက် နားလည်မှုစာချွန် လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အီဂျစ်မှ ပုဂ္ဂလိက လေယာဉ်ကုမ္ပဏီများအနေဖြင့် အီရတ်သို့ ပုံမှန်ပျံသန်းမှုများ ပြုလုပ်ခြင်းကို ကန့်ကွက်မည်မဟုတ်ကြောင်း အီဂျစ်သမ္မတ မူဘာရက်က ကြေညာခဲ့သည်။ ဤသတင်းများအရ ဗြိတိန်နှင့် အမေရိကန် တို့အဖို့ အထိုးကျန်ဖြစ်စေခဲ့သည်။

အီရန်နှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်လာခြင်း – အောက်တိုဘာလအတွင်းက အီရန်နှင့် အီရတ်တို့မှ နိုင်ငံခြား ရေးဝန်ကြီးများသည် ဘဂ္ဂဒက်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ စက်တင်ဘာလအတွင်းကလည်း အီရန်သမ္မတ ခါတာမိနှင့် အီရတ်ဒုတိယသမ္မတ တာဟာယာဆင်ရာမာဒန်တို့သည် မဲနီဇွေးလားနိုင်ငံ၊ ကာရာကပ်(စ်) မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ ကြသည်။ နှစ်နိုင်ငံ ပုံမှန်ဆက်ဆံရေးအတွက် တစ်ဘက်နှင့် တစ်ဘက် မယုံသင်္ကာမှုများရှိနေသေးသော်လည်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့သွားရန် နှစ်နိုင်ငံစလုံးက လိုလားကြောင်း သဘောတူခဲ့ကြသည်။ သုံ့ပန်းများလဲလှယ် ရေး၊ အီရန်က တောင်းဆိုထားသော စစ်လျော်ကြေးပေးရေး၊ နှစ်နိုင်ငံနယ်ခြားမျဉ်းကြောင်း သတ်မှတ်ရေးကိစ္စများမှာ အချိန်ယူဆွေးနွေးရမည့်ကိစ္စများ ဖြစ်နေသည်။

ကူဝိတ်နှင့် ဆက်ဆံရေးတင်းမာလာခြင်း – အောက်တို ဘာလအတွင်းက အီရတ်တို့ဘက်မှ သူလျှိုများသည် ကူဝိတ်နယ်စပ်သို့ အများအပြားရောက် ရှိလာ ကြောင်း၊ စစ်မဲ့ဇုန်ကို ဖြတ်ကျော်မှု ၇၈ ကြိမ်ပြုလုပ်ခဲ့ကြောင်း၊ ကူဝိတ်တို့က စွပ်စွဲခဲ့သည်။ အီရတ်လက်ရွေးစင် တပ်ဖွဲ့ ဝင်များသည် နှစ်နိုင်ငံနယ်စပ်အနီးသို့ ရောက်ရှိလာခဲ့ကြ သည်။ နယ်စပ်တွင် ကူဝိတ်တို့ဘက်မှလည်း စစ်တပ်နှင့် ရဲတပ်ဖွဲ့တို့အား တပ်လှန့်နိုးဆော်ထားခဲ့သည်။ ဤသို့ဖြင့် နှစ်နိုင်ငံအကြား တင်းမာမှုများ ပိုမိုဖြစ်ပေါ်လာခဲ့သည်။

တိုးချဲ့လာသော ပြည်တွင်းပြည်ပလေယာဉ်ပျံသန်းမှုများ – နိုဝင်ဘာလအတွင်း အီရတ်နိုင်ငံ၌ ပြည်ပလေယာဉ်ပျံသန်းမှု များကို တိုးပွားလာခဲ့သည်။ ဗြိတိသျှအမတ်တစ်ဦးသည် နိုဝင် ဘာလ ၁၀ ရက်နေ့က "လေယာဉ်မပျံသန်းရဇုန်" ကို ဖြတ်ကျော်ကာ ဘဂ္ဂဒက်နိုင်ငံတကာလေဆိပ်သို့ ချောမော စွာရောက်ရှိလာခဲ့သည်။ ထိုအမတ်အား အီရတ်ဒုတိယ ဝန်ကြီးချုပ်က လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုခဲ့သည်။ ထို့ပြင် ဂျော်ဒန်နှင့် မော်ရိုကိုဘုရင်တို့၏ လေကြောင်းကုမ္ပဏီများမှ လေယာဉ်တို့လည်း ဘဂ္ဂဒက်သို့ ရောက်ရှိလာခဲ့ကြသည်။ ကျူနီရှား၊ အာရပ်စော်ဘွားများနိုင်ငံ၊ အိုင်ယာလန်နှင့် ရုရှားနိုင်ငံတို့မှ လေယာဉ်များလည်း ရောက်ရှိလာခဲ့သည်။ အီရတ်လေကြောင်းကုမ္ပဏီသည် ပြည်တွင်းလေကြောင်း ခရီးစဉ်များအဖြစ် တောင်ပိုင်းမှ ဘတ်စရာသို့လည်းကောင်း၊ မြောက်ပိုင်းမှ ဟိုဆူလ်သို့ လည်းကောင်း ပြေးဆွဲမည်ဟု ကြေညာခဲ့သည်။ ယင်းသို့ ပြည်တွင်းခရီးစဉ်ကြေညာချက်ကို ဗြိတိန်နှင့် အမေရိကန်တို့က မကန့်ကွက်ခဲ့ကြပေ။ သို့ရာတွင် အီရတ်စစ်လေယာဉ်များ အနေဖြင့် 'လေယာဉ်မပျံသန်းရဇုန်

များ" ကို ဖြတ်ကျော်ခြင်းမပြုရန် အကဲခတ်စောင့်ကြည့်နေမည်ဖြစ်ကြောင်း အမေရိကန်တို့က ပြောဆိုခဲ့ကြသည်။

တားမြစ်မိန်များ ရုပ်သိမ်းရေး – ဒီဇင်ဘာလအတွင်း ရုရှားသည် အီရတ်နိုင်ငံအပေါ် ချမှတ်ထားသည့် ကုလသမဂ္ဂ၏ တားမြစ်မိန်များ ရုပ်သိမ်းရေးအတွက် ဆက်လက်ကြိုးပမ်းခဲ့သည်။ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ အထူးသံတမန် နီကိုလေကာဘူဇော့(ဗ်) သည် ဘဂ္ဂဒက်သို့ ရောက်ရှိလာပြီး အီရတ်အရာရှိကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ဂျပန်နိုင်ငံကလည်း အီရတ်နိုင်ငံအပေါ် တားမြစ်မိန်များကို လျှော့ပေးခဲ့သည်။ ရေနံနှင့် စားနပ်ရိက္ခာလဲလှယ်ရေးအစီအစဉ်တွင် ဂျပန်နိုင်ငံကလည်း ပါဝင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၂ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးလောင်းကောလင်ပါဝဲယ(လ်)က "စီးပွားရေးကြိုးကွင်းစွပ်မှု တင်းကျပ်ရေး" ကို ပြောကြားခဲ့သည်။ ယင်းသို့ ပြောကြားချက်ကို အီရတ်လေကြောင်းကာကွယ်ရေးတပ်မှူးက "သူ့ခြိမ်းခြောက်မှုကို တို့မကြောက်ဘူး၊ ဒီလိုပြောလိုက်လို့ တို့ဟာ ပိုပြီး အန်တုမှုနိုင်မှာ လာစေခဲ့တယ်" ဟု တုံ့ပြန်ခဲ့သည်။

ဦးခင်မောင်မြ

**အေးမောင်၊ ဦး (ခရစ် ၁၉၂၀ – ၂၀၀၀)။** ။မြန်မာစာပေလောကတွင် ဘာသာပြန် စာရေးဆရာ ဗိုလ်အေးမောင် ကလောင်အမည်ဖြင့် ထင်ရှားသော သက်ကြီးစာပေပညာရှင် ဆရာကြီးဦးအေးမောင်ကို ဖခင် ဦးမရေချမ်း၊ မိခင် ဒေါ်သုံတို့က ၁၉၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့၌ မိတ္ထီလာမြို့တွင် ဖွားမြင်သည်။



စာရေးဆရာ
ဗိုလ်အေးမောင်
(ဦးအေးမောင်)

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီခေတ် ကောလိပ်ကျောင်းသားဘဝကတည်းက စာပေလုပ်ငန်းများကို စတင်လုပ်ဆောင် သည်။ ဂျပန်ခေတ် စစ်တက္ကသိုလ် တတိယပတ်ဗိုလ်သင်တန်းသို့ တက်ရောက်သည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတွင် ပါဝင်သည်။

စာရေးဆရာ ဗိုလ်အေးမောင် ကလောင်အမည်ဖြင့် သိင်္ဂါလွှေရည်၊ စစ်နှင့် အချစ်၊ ဗုဒ္ဓဘုရားရှင်၏ ဗုဒ္ဓပတ္တိ၊ တော်လှန်ရေးအမျိုးမျိုး၊ သူရဲကောင်း သုံးယောက်၊ လူလောနာနာဘာဝလော၊ နှင်းဆီဖြူ၊ ရေနန်းသူဇာ၊ အရှေ့တောင်အာရှမညီးပန်းများ၊ တောပုန်းကြီး ဗိုလ်စံဖဲ၊ ရဲလုလင်၊ မြို့မဲမြို့စား၊ စုန်းမမေတ္တာ၊ သမုဒ္ဒရာ အဏ္ဏဝါပြင်၊ သူချစ်ကိုယ်ချစ်၊ မားခ်စ်ဝါဒ၊ မျှား(မြား) နက်၊ ခရေပွင့်ဂိုဏ်း၊ မယားပျောက် တို့ကို ဘာသာပြန်ဆို ရေးသားသည်။ စစ်ရုံးချုပ် လေ့ကျင့်ရေးညွှန်ကြားရေးမှူးရုံးမှ စစ်ပညာစာအုပ်များကို အများဆုံးဘာသာပြန်ဆိုသူဖြစ်သည်။ အိပ်ချ်ဂျီဝဲလ်၏ Invisible Man ကို လူလော နာနာဘာဝလော အမည်ဖြင့် ဘာသာပြန်ဆိုခဲ့ရာ စာပေဗိမာန်ဆုရရှိသည်။ စာနယ်ဇင်းများတွင် ဆောင်းပါး၊ ကဗျာနှင့် ဝတ္ထုတိုများရေးသားသည်။ ဗိုလ်အေးမောင်ဟူသော ကလောင်အမည်အပြင် မြတ်ပွင့်ဟူသော ကလောင်အမည်ကို ယူထားသည်။ လုံးချင်းဝတ္ထု စာအုပ်ပေါင်း ၁၀၀ ကျော်ခန့် ရေးသားထုတ်ဝေသည်။

ဦးအေးမောင်သည် နိုင်ငံတော်ကချီးမြှင့်သည့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်) နှင့် လွတ်လပ်ရေး မော်ကွန်းဝင် (ဒုတိယ) တို့ကို ရရှိသည်။ ကာကွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၉) တွင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသည်။

သက်ကြီးစာပေပညာရှင် ဆရာကြီးဦးအေးမောင်သည် ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ ဇနီး ဒေါ်ခင်ညွန့်နှင့် သားသမီး ၁၂ ဦး၊ မြေး ၁၈ ဦး၊ မြစ်တစ်ဦး ကျန်ရစ်သည်။

**အိုဘူချီ၊ ကိုဇို (၁၉၃၇ – ၂၀၀၀)။** ။ဂျပန်ဝန်ကြီးချုပ် ကိုဇိုအိုဘူချီကို ၁၉၃၇ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ဂွန်မာနယ်၌ မွေးဖွားခဲ့သည်။ ဝါဆေဒါ တက္ကသိုလ်တွင် ပညာသင်ကြားခဲ့သည်။ ချိဇုကိုအိုဘူချီနှင့် လက်ထပ်ခဲ့ပြီး သားတစ်ယောက်၊ သမီးနှစ်ယောက် ထွန်းကားခဲ့သည်။ အိုဘူချီသည် ၁၉၆၃ ခုနှစ်တွင် ဂွန်မာနယ် အုပ်ချုပ်ရေးအဖွဲ့ဝင်ဖြစ်ခဲ့ပြီး ၁၉၇၀ ခုနှစ်တွင် စာတိုက်နှင့် ဆက်သွယ်ရေး ဒုတိယဝန်ကြီး၊ ၁၉၇၂ ခုနှစ်တွင် ဆောက်လုပ်ရေး ဒုတိယဝန်ကြီး ဖြစ်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင်မူ ဝန်ကြီးချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ၁၉၇၉ ခုနှစ်တွင် ညွှန်ကြားရေးမှူးချုပ်နှင့်အိုကီနာဝါဖွံ့ဖြိုးရေး အေဂျင်စီ၏ ညွှန်ကြားရေးမှူးချုပ် ဖြစ်လာခဲ့သည်။


ဂျပန်ဝန်ကြီးချုပ်ဟောင်းကို ဇို အိုဘူချိ

၁၉၈၇ ခုနှစ်တွင် အစိုးရအဖွဲ့ အတွင်းဝန်ချုပ်အဖြစ် လည်းကောင်း၊ ၁၉၉၇ – ၉၈ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီး အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ဘဏ္ဍာရေးကော်မတီ၊ ၁၉၈၂ ခုနှစ်တွင် အထူး လုံခြုံရေး ကော်မတီ၊ ၁၉၈၆ ခုနှစ်တွင် ဘတ်ဂျက်ကော်မတီ တို့၌လည်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သေးသည်။

၁၉၉၁ ခုနှစ်တွင် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (Liberal Democratic Party - LDP) ၏ အထွေထွေ အတွင်းရေးမှူးဖြစ်လာပြီး ၁၉၉၄ ခုနှစ်တွင် ဒုတိယဝန်ကြီးချုပ် ဖြစ်ခဲ့သည်။ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လတွင်မှ ဂျပန်နိုင်ငံ၏ ၈၄ ဦးမြောက် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ အိုဘူချိသည် အာရှဒေသ၌ ဘဏ္ဍာရေး ကသောင်းကနင်းပြဿနာ တွေ့ကြုံ နေရဆဲကာလတွင် ဝန်ကြီးချုပ် ဖြစ်လာခဲ့ခြင်းဖြစ်သည်။

အိုဘူချိသည် ကိုယ်ပိုင်အယူအဆများကို ထုတ်ဖော် ပြောကြားလေ့မရှိပေ။ သို့ရာတွင် အခြားသူများ၏ ထင်မြင်ယူဆချက်များကို နားထောင်တတ်သည့် အလေ့အထ မျိုးရှိသည်။ ထို့ကြောင့် အိုဘူချိသည် အဖွဲ့အစည်းအများ အပြားကို ဖွဲ့စည်းခန့်အပ်တာဝန်ပေးခဲ့သည်။ ၎င်းက "အဖွဲ့ အစည်း ၁,၀၀၀ ဒါမှ မဟုတ် ၁၀,၀၀၀ ကိုလည်း ဖွဲ့ချင်ဖွဲ့မှာ ပဲ" ဟု ပြောကြားခဲ့ဖူးသည်။

အိုဘူချိသည် ဂျပန်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု များတွင် အောင်မြင်မှုများရရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ သူသည် ၁၉၉၈ ခုနှစ် ဂျပန်ဝန်ကြီးချုပ် ဖြစ်လာချိန်နောက်ပိုင်း အစိုးရက ငွေကြေးဖြည့်တင်းရသည့် စီမံကိန်းများအတွက် ဒေါ်လာဘီလျံ ၄၁၀ ကို သုံးစွဲခဲ့သည်။ ယင်းသို့ လုပ်ခြင်းဖြင့် အလုပ်အကိုင်များကို ထိန်းထားနိုင်ခဲ့သည်။ ၎င်း၏ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ၏ အဓိကကျောထောက် နောက်ခံဖြစ်သည့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ကန်ထရိုက်များရရှိရန် လမ်းပွင့်စေခဲ့သည်။

ဝန်ကြီးချုပ် အိုဘူချိသည် ဂျပန်စီးပွားရေး ပြန်လည်ဦး မော့လာရန် ယင်းကဲ့သို့ ကြိုးပမ်းနေသော်လည်း ဂျပန်နိုင်ငံ၏ စီးပွားရေးသည် ၁၉၉၉ ခုနှစ်တွင် ၁ ရာခိုင်နှုန်းသာ တိုးတက် ခဲ့သည်။ ထို့ပြင် အစိုးရကိုယ်တိုင်က တင်းတင်းကျပ်ကျပ် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်သော ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၊ အခွန်ကောက်ခံရေးနှင့် ဘဏ်လုပ်ငန်း တို့၌ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များ အားနည်းခဲ့သည်။ နှောင့်နှေးကြန့်ကြာခဲ့သည်။

ဂျပန်နိုင်ငံ၏ ကြွေးမြီကလည်း ယခုအခါ ဂျီဒီပီ၏ ၁ ဒသမ ၃ ဆ ရှိနေရာ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ယခင်က မရှိဘူး သည့် အမြင့်ဆုံးပမာဏသို့ ရောက်ရှိခဲ့သည်။ ထို့ကြောင့် ယခင် ဂျပန်ဝန်ကြီးချုပ်များနှင့်မတူဘဲ ပြည်တွင်းစီးပွားရေးနှင့် နိုင်ငံရေး ဖရိုဖရဲဖြစ်မှုကို ဝန်ကြီးချုပ် အိုဘူချိသည် အခက်အခဲ များကြားမှ ကြိုးပမ်းဖြေရှင်းခဲ့ရသည်။

ဒုတိယကမ္ဘာစစ်တွင် ဂျပန်တို့ စစ်ရှုံးခဲ့ရသည်။ ထို့ကြောင့် စစ်နိုင်သူ အမေရိကန်တို့အလိုကျ စစ်ပြီးဆုံးပြီးနောက် ဂျပန် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ရသည်။ ယင်း ဥပဒေအရ ဂျပန်နိုင်ငံအနေဖြင့် စစ်တပ်ထူထောင်ခြင်းကို ပိတ်ပင်တားမြစ်ထားရာ ဂျပန်နိုင်ငံ၌ ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့များသာရှိသည်။

၁၉၉၇ ခုနှစ်တွင် အမေရိကန်နှင့်ဂျပန်တို့ သဘောတူညီ ခဲ့သည့် နှစ်နိုင်ငံစစ်ရေး ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ကို အကောင်အထည်ဖော်မည့် ဥပဒေကြမ်းအား ဝန်ကြီးချုပ် အိုဘူချိ အမေရိကန်သို့ အလည်အပတ် မသွားမီ အတည်ပြု ခဲ့သည်။

အိုဘူချိသည် ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်တွင် တရုတ် ပြည် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဒေသဆိုင်ရာ လုံခြုံရေးနှင့် ကုန်သွယ်ရေးဆက်ဆံမှုဆိုင်ရာ အဆင့်မြင့်တန်း ဆွေးနွေးပွဲများ ကျင်းပရန် မြို့တော် ပေကျင်းသို့ ရောက်ရှိခဲ့သည်။ အိုဘူချိသည် တရုတ်ပြည်တွင် သုံးရက်ကြာ နေထိုင်စဉ်အတွင်း တရုတ် သမ္မတ ကျန်ဇီမင်း၊ ဝန်ကြီးချုပ် ကျူရုံကျီ၊ ပါလီမန်အကြီး အကဲ လီဖုန်းတို့နှင့် ဆွေးနွေးခဲ့သည်။

တရုတ်နိုင်ငံက ဂျပန် – အမေရိကန် စစ်ရေးပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်သစ်အပေါ် စိုးရိမ်ပူပန်ကြောင်း ယခင်က ပြောကြားခဲ့ဖူးသဖြင့် ဂျပန်ဝန်ကြီးချုပ် အိုဘူချိက

ပြန်လည် ရှင်းလင်းပေးခဲ့သည်။ မကြာသေးမီက ရရှိခဲ့သော ဂျပန် – အမေရိကန် စစ်ရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တွင် တရုတ်ပြည်အား စစ်ရေးအရ ခြိမ်းခြောက်ရန် ဦးတည်ရည်ရွယ်ခြင်း မရှိကြောင်း၊ ဂျပန်နိုင်ငံသည် မည်သည့်အခါမျှ စစ်အင်အားကြီးနိုင်ငံ ဖြစ်လာလိမ့်မည်မဟုတ်ဆိုသည့် မိမိတို့၏မူဝါဒမှာ အပြောင်းအလဲမရှိကြောင်း အိုဘူချီက ပြောကြားခဲ့သည်။

ထို့ပြင် တိုက်ချင်းပစ် ချူကလီးယား ဒုံးပျံစမ်းသပ်မှုအသစ်များကို မြောက်ကိုရီးယားက ထပ်မံမပြုလုပ်စေရေး တရုတ်ပြည်က ၎င်း၏ဩဇာကို အသုံးပြု၍ ဖျောင်းဖျပေးရန်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) တွင် တရုတ်ပြည်အဖွဲ့ဝင်ဖြစ်ရန် ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့က အင်ဒိုနီး ရှားပင်လယ် ဓားပြများသည် ဂျပန်နိုင်ငံသို့ ထွက်ခွာလာသော ဒေါ်လာသန်းပေါင်း ၂၀ ဖိုးရှိ အလူမီနီယံ သတ္တုချောင်းများ တင်ဆောင်လာသည့် အလွန်ဒရာရိန်းဘိုး အမည်ရှိကုန်တင်သင်္ဘောကြီးတစ်စင်းကိုအပိုင်စီးသွားခဲ့ကြသည်။

ထိုအခါ ဂျပန်ဝန်ကြီးချုပ် အိုဘူချီက မလက္ကာရေလက်ကြားတွင် ဂျပန်သင်္ဘောများသည် အာရှအိမ်နီးချင်းနိုင်ငံများမှ သင်္ဘောများနှင့်အတူ ပင်လယ်ဓားပြများကို စောင့်ကြပ်ကာကွယ်လိုကြောင်း၊ ဂျပန်နိုင်ငံက သိသာထင်ရှားသော စစ်သင်္ဘော များကို အသုံးမပြုဘဲ အရပ်သားများ အုပ်ချုပ်သည့် မထင်ရှားသော ကမ်းခြေစောင့်သင်္ဘောများကိုသာ အသုံးပြုမည်ဖြစ်ကြောင်း ကမ်းလှမ်းခဲ့သည်။

အိုဘူချီ၏ ကမ်းလှမ်းချက်ကို တရုတ်၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် စင်ကာပူတို့က ထောက်ခံခဲ့သည်။ ယင်းသို့ ထောက်ခံခြင်းကြောင့် အရှေ့အာရှဒေသအတွင်း လုံခြုံရေးကိစ္စတွင် ဂျပန်နိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်ခွင့် ရရှိရန် လမ်းပွင့်သွားမည်ဖြစ်ပြီး ဂျပန်နိုင်ငံ၏ စီးပွားရေးအင်အားမှာလည်း ပိုမိုအကျိုးဖြစ်ထွန်းလာမည် ဖြစ်သည်။

စစ်ပြီးခေတ် ဂျပန်နိုင်ငံ၏ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၉) တွင် ဂျပန်နိုင်ငံသည် မည်သည့်ပင်လယ်ရပ်ခြားတွင်မှ စစ်ရေးအရ ပါဝင်ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားသော်လည်း ဂျပန်၏ ကမ်းခြေစောင့် အဖွဲ့အစည်းဖြစ်သည့် "ပင်လယ်ရေကြောင်း အန္တရာယ်ကင်းရှင်းရေး အေဂျင်စီ" သည် စစ်ရေးအဖွဲ့အစည်းမဟုတ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ခြင်းမပြုဘဲ ပြည်ပတွင် လုပ်ငန်းများ ဆောင်ရွက်ပိုင်ခွင့် ရှိပေသည်။

စင်ကာပူနိုင်ငံသည်လည်း တစ်နေ့တစ်ခြား ကြီးထွားလာနေသော ပင်လယ်ဓားပြအန္တရာယ်ကို စိုးရိမ်နေရာ စင်ကာပူ ဝန်ကြီးချုပ် ဂိုချုပ်တောင်နှင့် ဂျပန်ဝန်ကြီးချုပ် အိုဘူချီတို့ တွေ့ဆုံရာတွင် မလက္ကာရေလက်ကြားတွင် ပင်လယ်ဓားပြ အန္တရာယ်လျော့ပါးသွားရေးကိစ္စကို ဆွေးနွေးခဲ့သည်။ စင်ကာပူသည် တရုတ်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်တို့နည်းတူ ဂျပန်၏ သိမ်းပိုက်ခြင်းခံရသော နိုင်ငံဖြစ်သည့်အလျောက် ဂျပန်နိုင်ငံအပေါ် နာကြည်းမှုများ ယခုတိုင်ရှိနေဆဲ ဖြစ်သော်လည်း ဖြစ်ပေါ်လာသော အခြေအနေသစ်များကြောင့် အတိတ်ကဖြစ်ရပ်အပေါ် တင်းမာသောသဘောထားများမှာ ပျော့ပျောင်းသွားပြီး ဂျပန်နှင့် ပူးပေါင်းဆောင်ရွက်ရန် စိတ်အားသန်နေကြပေသည်။

၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ စောစောပိုင်းက ဂျပန်ပါလီမန်သည် ဂျပန်နိုင်ငံ၏ လာမည့်နှစ် ဘတ်ဂျက်အတွက် အချေအတင် ဆွေးနွေးပွဲများပြုလုပ်ရန် စီစဉ်ခဲ့သည်။ ထိုအခါ အတိုက်အခံပါလီမန်အမတ်တို့က ပါလီမန်အစည်းအဝေးမှ ထွက်ကာ ရက်သတ္တနှစ်ပတ်ခန့် ဘေးထွက်နေခဲ့ကြသည်။ ၎င်းမှာ ဝန်ကြီးချုပ် အိုဘူချီအား အကြီးအကျယ် စိန်ခေါ်လိုက်ခြင်းပင် ဖြစ်ပေသည်။

အိုဘူချီကလည်း အတိုက်အခံတို့ ပါလီမန်တက်ရောက်ခြင်းမပြုသော်လည်း ၎င်းတွင် ရှိသမျှအင်အားဖြင့် ပါလီမန်အစည်းအဝေးကို ကျင်းပခဲ့သည်။ အိုဘူချီသည် အမတ်နေရာ တစ်ဝက်ခန့် ဗလာကျင်းနေသည့် ပါလီမန်ထဲတွင် မိန့်ခွန်းခြွေခဲ့ရသည်။ အိုဘူချီ၏ လုပ်ရှားမှု ယန္တရားကြီး ကမောက်ကမဖြစ်စေရန် မစွမ်းဆောင်နိုင်သည့်အခါ အတိုက်အခံတို့သည် ပါလီမန်သို့ ပြန်လာခဲ့ရသည်။ ထိုအခါ အိုဘူချီကလည်း အချေ အတင် ဆွေးနွေးခြင်းဖြင့် နှစ်ဦးနှစ်ဖက် ပြေလည်မှုရရှိရန် ကြိုးပမ်းခဲ့သည်။ ၎င်းမှာ အိုဘူချီ၏ ဝန်ကြီးချုပ်ရာထူးတည်မြဲ ရေးအတွက် စွမ်းဆောင်မှုတစ်ရပ် ဖြစ်ပေသည်။

ထို့ပြင် အိုဘူချီသည် ဂျပန်ဘုရင်ကို ချီးမြှောက်လွန်းရာရောက်သည်ဟု စောဒကတက် အငြင်းပွားခဲ့သော ဂျပန်နိုင်ငံ၏ အမျိုးသားသီချင်းကို တရားဝင်အသိအမှတ်ပြုမှု ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ရဲတပ်ဖွဲ့အား စုံစမ်းစစ်ဆေးရေး လုပ်ပိုင်ခွင့်များပေးထားသည့် ဥပဒေကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့သည်။

ထိုမျှမကသေး။ အိုဘူချီသည် အိုကီနာဝါကျွန်း၌ အမေရိကန် လေတပ်စခန်း ပြန်လည်ထားရှိရေးကိစ္စ အတည်ပြုနိုင်ရေးအတွက် အိုကီနာဝါကျွန်း အုပ်ချုပ်ရေးမှူးအား စည်းရုံးဆွဲဆောင်နိုင်ခဲ့သည်။ ယခင် ဝန်ကြီးချုပ်များ လက်ထက်ကမှ

ယင်းကိစ္စကို အချေအတင် ဆွေးနွေးခြင်းမပြုဘဲ အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့ခြင်း မရှိကြပေ။

အကြီးကျယ်ဆုံးသော နိုင်ငံရေးလုပ်ဆောင်ချက်အဖြစ် အစွန်းရောက်ဘာသာရေးဂိုဏ်းကို ကျောထောက်နောက်ခံပြုထားသည့် နယူးကိုမေပါတီကို အိုဘူချိသည် ၎င်း၏ ညွန့်ပေါင်းအစိုးရအဖွဲ့အတွင်း လက်ခံခဲ့သည်။

ထိုသို့ ဂျပန်နိုင်ငံအရေးကိစ္စများကို စွမ်းဆောင်နေစဉ် အိုဘူချိသည် လေဖြတ်သွားခဲ့ကာ ရက်သတ္တပတ် ခြောက်ပတ်ကြာမျှ သတိမေ့မြောနေခဲ့ရပြီးနောက် ၂၀၀၀ ပြည့်နှစ်၊ မေလ ၁၄ ရက်တွင် တိုကျိုဆေးရုံ၌ ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် အိုဘူချိသည် အသက် ၆၂ နှစ်ရှိပြီဖြစ်သည်။ အိုဘူချိသည် ၁၉၉၈ ခုနှစ်၊ ဇူလိုင်လမှစ၍ ၂၀၀၀ ပြည့်နှစ်၊ ဧပြီလဆန်း၌ အသည်းအသန်နာမကျန်းဖြစ်ချိန်အထိ ဝန်ကြီးချုပ်ရာထူးတွင် လ ၂၀ ကြာမျှ တာဝန်ယူ ခဲ့သည်။

အိုဘူချိ ကွယ်လွန်ချိန်နောက်ပိုင်းတွင် ဝန်ကြီးချုပ် ယိုရှိရိုမိုရိအား အစားထိုးခန့်အပ်ခဲ့သည်။ အိုဘူချိ၏ မွေးနေ့ဖြစ်သော ၂၀၀၀ ပြည့်နှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ကျင်းပခဲ့သည့် ဂျပန်ပါလီမန် အောက်လွှတ်တော်ရွေးကောက်ပွဲတွင် အိုဘူချိ၏ သမီးဖြစ်သူ အသက် ၂၆ နှစ်အရွယ်ရှိ ယူကိုအိုဘူချိက ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ဤသို့ဖြင့် ယူကိုသည် ဂျပန်နိုင်ငံတွင် အစဉ်အလာရှိသည့် ဆွေစဉ်မျိုးဆက် နိုင်ငံရေးဆက်ခံခွင့် အနေအထားသို့ ဝင်ရောက်လာခဲ့သည်။ အိုဘူချိသည် ကွယ်လွန်သူ ဖခင်၏ အမတ်နေရာကို ယှဉ်ပြိုင်ခြင်းဖြင့် ၁၉၆၃ ခုနှစ်တွင် နိုင်ငံရေးလောကထဲသို့ စတင်ဝင်ရောက်လာခဲ့ခြင်း ဖြစ်ရာ ယခုယူကိုသည် အိုဘူချိ၏ တတိယမျိုးဆက်သစ် တစ်ဦးအနေဖြင့် ဂျပန်နိုင်ငံရေးလောကထဲသို့ ဝင်ရောက်လာသည်။

ယူကိုသည် ဖခင် အိုဘူချိ၏ ကိုယ်ရေးအတွင်းဝန်အဖြစ် ၁၉၉၉ ခုနှစ်၊ ဧပြီလမှစ၍ ထမ်းဆောင်ခဲ့ရာ ခေတ္တခဏသာ ရှိသေးသဖြင့် နိုင်ငံရေးအတွေ့အကြုံ သိပ်မရှိသေးပေ။ အိုဘူချိ လေဖြတ်ခံရချိန်တွင် ယူကိုသည် နိုင်ငံခြားတိုင်းပြည်တစ်ခု၌ ပညာသင်ယူနေချိန်ဖြစ်သည်။

ယူကိုက မဲဆွယ်တရားပွဲများ ပြုလုပ်နေချိန်တွင် အိုဘူချိ၏ ပြိုင်ဖက် တီဆူရူအိုကာမာဂူချိသည်လည်း မဲဆွယ်တရားဟောပွဲများပြုလုပ်ခဲ့သည်။ ဆိုရှယ်ဒီမိုကရက်ပါတီခေါင်းဆောင်ဟောင်းဖြစ်သည့် မာဂူချိက ငယ်ရွယ်သည့် အိုဘူချိမျိုးဆက်သစ် အနေဖြင့် အတိုက်အခံမရှိဘဲ ပါလီမန် အမတ်တာဝန်ကို ရယူသင့်သည်ဟုမထင်မြင်သည့်အတွက်နိုင်ငံရေးလောကမှ အနားယူခဲ့ရာမှ ပြန်လည်လှုပ်ရှားလာခြင်း ဖြစ်သည်။

နုနုယဉ်

**အိုလံပစ်အားကစားပြိုင်ပွဲ (ဆစ်ဒနီ) (၂၀၀၀) ။ ။** ၂၇ ကြိမ်မြောက် ကမ္ဘာ့အိုလံပစ် အားကစားပြိုင်ပွဲကို ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့မှ အောက်တိုဘာလ ၁ ရက်နေ့အထိ ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင် ကျင်းပရာ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၉၉ နိုင်ငံမှ နိုင်ငံလက်ရွေးစင် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်သည်။ ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဆစ်ဒနီမြို့ အိုလံပစ်အားကစားပြိုင်ဝင်းကြီး၌ စက်တင်ဘာလ ၁၅ ရက်နေ့တွင်ကျင်းပရာ ဩစတြေးလျဘုရင်ခံချုပ် ဆာဝီလျံဒင်းက ပြိုင်ပွဲဖွင့်လှစ်ကြောင်း ကြေညာသည်။ ဖွင့်ပွဲအခမ်းအနားတွင် အဆင့်ဆင့် လက်ဆင့်ကမ်းသယ် ဆောင် လာ ခဲ့ သည့် အို လံ ပစ် မီး ရှူး တိုင် ကို ဩစတြေးလျ ဒေသခံ အဘိုရီဂျင်း တိုင်းရင်းသူ ကမ္ဘာ့မီတာ ၄၀၀ အပြေး ချန်ပီယံ ကေသီဖရီးမန်းက စီးဆင်းနေသော ရေတံခွန်အလယ်ရှိ မီးလျှံခွက်၌ ထွန်းညှိပေးသည်။ ဖွင့်ပွဲအခမ်းအနားသို့ အားကစား သမားနှင့်အုပ်ချုပ်သူ ၁၁,၆၀၀ အပါအဝင် ပရိသတ် ၁၁၀,၀၀၀ ကျော်တက်ရောက်သည်။ ကမ္ဘာ့အိုလံပစ် အားကစားပြိုင်ပွဲဝင် အားကစားသမားများ အားကစားပြိုင်ဝင်းအတွင်း ချီတက်နေရာယူ ကြရာ၌ တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား အားကစားသမားများက အပြာရောင်အလံတစ်ခုအောက်တွင် လက်ချင်းဆက်ပြီး ဝင်ရောက်လာကြရာ ပရိသတ်များက မတ်တပ်ရပ်၍တစ်ခဲနက်ဩဘာပေးကြသည်။ အိုလံပစ်အားကစား အစီအစဉ်ဆိုကြရာ၌ ပထမဆုံးအကြိမ်အဖြစ် တားမြစ်ဆေးသုံးစွဲမှုကင်းသည့် အားကစားပြိုင်ပွဲဖြစ်ရေးအတွက် ကြိုးပမ်းပါမည်ဟူသော အပိုဒ်ပါလာခြင်းသည် ထောင်စုနှစ် နွေရာသီဆစ်ဒနီ အိုလံပစ်အားကစားပြိုင်ပွဲ၏ ထူးခြားချက်တစ်ရပ်ဖြစ်သည်။

၂၇ ကြိမ်မြောက် ကမ္ဘာ့အိုလံပစ် အားကစားပြိုင်ပွဲတွင် အားကစားနည်း ၂၈ မျိုး ထည့်သွင်းကျင်းပရာ ပြိုင်ပွဲဝင် အားကစားသမားများက ဆုတံဆိပ် ၂၉၇ ခုအတွက် အကြိတ်အနယ် ဝင်ရောက်ယှဉ်ပြိုင်သည်။ ပြိုင်ပွဲ၏ ပထမဆုံး ရွှေတံဆိပ်ကို အမျိုးသမီး ၁၀ မီတာ ရိုင်ဖယ်လေသေနတ်ပစ်ပြိုင်ပွဲ၌ အမေရိကန်နိုင်ငံမှ နန်စီဂျွန်ဆန်က ၄၉၇ ဒသမ ၇ မှတ်ဖြင့် ရရှိကာပထမဆုံး ရွှေတံဆိပ်ဆုရှင်အဖြစ် ကမ္ပည်းတင်သွားသည်။ အမျိုးသား ရေကူးပြိုင်ပွဲ မီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲ၌ ဩစတြေးလျနိုင်ငံမှ အီယန်းသောပ် (၁၇ နှစ်) က ၃ မိနစ် ၄၀ ဒသမ ၅၉ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်သစ်တင်ကာ ရွှေတံဆိပ်ဆွတ်ခူး သည်။ အမျိုးသားရေကူးပြိုင်ပွဲ မီတာ ၁၀၀ စီ လေးယောက် အလွတ်ကူးပြိုင်ပွဲ၌ ဩစတြေးလျနိုင်ငံမှ အီယန်းသောပ်နှင့် အဖွဲ့က ၃ မိနစ် ၁၃ ဒသမ ၆၇ စက္ကန့်ဖြင့်



၂၇ ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်

ကမ္ဘာ့စံချိန်သစ်တင်ကာ ရွှေတံဆိပ်ရရှိသည်။ အမျိုးသမီး ရေကူးပြိုင်ပွဲ မီတာ ၄၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ၌ ယူကရိန်းနိုင်ငံမှ ယာနာကလောချ်ကိုဗာက ၄ မိနစ် ၃၃ ဒသမ ၂၉ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်သစ်တင်ကာ ရွှေတံဆိပ် ဆွတ်ခူးသည်။ အမျိုးသမီး ရေကူးပြိုင်ပွဲ မီတာ ၁၀၀ စီ လေးယောက် အလွတ်ကူးပြိုင်ပွဲ၌ အမေရိကန်နိုင်ငံအသင်း က ၃ မိနစ် ၃၆ ဒသမ ၆၁ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်သစ်တင်ကာ ရွှေတံဆိပ်ရရှိသည်။

အမျိုးသား အလေးမပြိုင်ပွဲ ၅၆ ကီလိုတန်း၌ တူရကီနိုင်ငံမှ ဟာလီးလ်မွတ်တလူးက အမြန်မတွင် ၁၃၈ ကီလိုဂရမ်၊ နှစ်ဆင့်မတွင် ၁၆၇ ဒသမ ၅ ကီလိုဂရမ်၊ စုစုပေါင်း ၃၀၅ ဒသမ ၅ ကီလိုဂရမ် မ, ၍ သုံးမျိုးစလုံး ကမ္ဘာ့စံချိန်သစ်တင်ကာ အလေးမပြိုင်ပွဲ၏ ပထမဆုံး ရွှေတံဆိပ်ဆွတ်ခူးသည်။ အမျိုးသမီးအလေးမပြိုင်ပွဲ ၄၈ ကီလိုတန်း၌ ဘူဂေးရီးယားနိုင်ငံမှ အီဇာဘီလာဒရက်ဂ်ျနီဗာက အမြန်မတွင် ၈၅ ကီလိုဂရမ်၊ နှစ်ဆင့်မတွင် ၁၀၅ ကီလိုဂရမ်၊ စုစုပေါင်း ကီလိုဂရမ် ၁၉၀ မ, ကာ ရွှေတံဆိပ်ရရှိသည်။ အမျိုးသမီးအလေးမပြိုင်ပွဲ ၅၃ ကီလိုတန်း၌ တရုတ်နိုင်ငံမှ ယန်ရှိက အမြန်မတွင် ကီလို ၁၀၀ မ, ၍ ကမ္ဘာ့စံချိန်သစ်တင်ကာ ရွှေတံဆိပ်ဆွတ်ခူးသည်။

ပြေးခုန်ပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ် ငါးခုရရှိမည်ဟု မျှော်လင့်ထားသော အမေရိကန်နိုင်ငံမှ နာမည်ကျော် အားကစားမယ် မာရီယွန်ဂျုန်းစ်သည် မီတာ ၁၀၀ အပြေးပြိုင်ပွဲအပါအဝင် ရွှေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ် နှစ်ခုရရှိသည်။ အမျိုးသမီး မာရသွန် အပြေးပြိုင်ပွဲတွင် ဂျပန်နိုင်ငံမှ နာအိုကိုတာကာဟာရှိ က ၂ နာရီ ၂၃ မိနစ် ၁၄ စက္ကန့်ဖြင့် ၁၆ နှစ်ကြာ တည်တံ့နေသော ကမ္ဘာ့အိုလံပစ် စံချိန်ကိုချိုး၍ရွှေတံဆိပ်ဆွတ်ခူးသည်။

အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ကင်မရွန်းနိုင်ငံအသင်းက စပိန်နိုင်ငံအသင်းကို အချိန်ပိုပြီးသည်အထိ နှစ်ဂိုးစီ သရေကျ နေခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်၌ ငါးဂိုးသုံးဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲပြီး ချီလီနိုင်ငံအသင်းက အမေရိကန်နိုင်ငံအသင်းကို နှစ်ဂိုးဂိုးမရှိဖြင့်နိုင်ကာ တတိယရရှိသည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် နော်ဝေနိုင်ငံအသင်းက ထပ်ဆင့်ဗိုလ်စွဲမည်ဟုရေပန်းစားနေသော ၁၉၉၆ အတ္တလန္တာ အိုလံပစ်ချန်ပီယံနှင့် ကမ္ဘာ့အမျိုးသမီးဘောလုံး ပြိုင်ပွဲချန်ပီယံဆုများ ရရှိထားသည့် အမေရိကန်နိုင်ငံအသင်းကိုပွဲပြီးချိန်အထိ နှစ်ဂိုးစီ သရေကျနေခဲ့ပြီး အချိန်ပို၌ ရွှေဂိုးသွင်း၍ သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲပြီး ဂျာမနီနိုင်ငံ အသင်းက ဘရာဇီးနိုင်ငံအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်နိုင်ကာ တတိယရရှိသည်။




အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ အမေရိကန်နိုင်ငံအသင်းကို အနိုင်ရဗိုလ်စွဲသွားသည့် နော်ဝေးနိုင်ငံအသင်း



အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ၊ ကင်မရွန်းနိုင်ငံအသင်းနှင့် စပိန်နိုင်ငံအသင်း အကြိတ်အနယ်ယှဉ်ပြိုင်နေကြစဉ်

၂၇ ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲအပြီးတွင် အမေရိကန်နိုင်ငံက ရွှေတံဆိပ် ၃၉ ခု၊ ငွေတံဆိပ် ၂၅ ခု၊ ကြေးတံဆိပ် ၃၃ ခု စုစုပေါင်း ဆုတံဆိပ် ၉၇ ခုဖြင့် နိုင်ငံအလိုက် ပထမ၊ ရုရှားနိုင်ငံက ရွှေတံဆိပ် ၃၂ ခု၊ ငွေတံဆိပ် ၂၈ ခု၊ ကြေးတံဆိပ် ၂၈ ခု စုစုပေါင်း ဆုတံဆိပ် ၈၈ ခုဖြင့် နိုင်ငံအလိုက် ဒုတိယနှင့် တရုတ်နိုင်ငံက ရွှေတံဆိပ် ၂၈ ခု၊ ငွေတံဆိပ် ၁၆ ခု၊ ကြေးတံဆိပ် ၁၅ ခု စုစုပေါင်း ဆုတံဆိပ် ၅၉ ခုဖြင့် နိုင်ငံအလိုက် တတိယရရှိသည်။ ဆုတံဆိပ်အများဆုံးရရှိသော ၁၀ နိုင်ငံမှာ အမေရိကန်၊ ရုရှား၊ တရုတ်၊ သြစတြေးလျ၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ ဟော်လန်၊ ကျူးဘားနှင့် ဗြိတိန်နိုင်ငံတို့ အစဉ်လိုက်အတိုင်းဖြစ်သည်။

ပြိုင်ပွဲတွင် အာရှနိုင်ငံများက ရွှေတံဆိပ် ၄၆ ခု ဆွတ်ခူးခဲ့ရာ စုစုပေါင်း ရွှေတံဆိပ်များ၏ ၁၄ ရာခိုင်နှုန်းရှိသည်။ ကျင်းပပြီးစီးခဲ့သမျှသော ကမ္ဘာ့အိုလံပစ် အားကစားပြိုင်ပွဲများတွင် ယခုပြိုင်ပွဲ၌ အာရှသားတို့ အစွမ်းပြနိုင်ဆုံးဖြစ်သည်။ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား အပါအဝင် အာရှနိုင်ငံများသည် နိုင်ငံအလိုက် အဆင့်မြင့်တက်လာသည်။ အာရှနိုင်ငံ တစ်နိုင်ငံဖြစ်သော ဗီယက်နမ်နိုင်ငံသည် နိုင်ငံ၏ပထမဆုံး ကမ္ဘာ့အိုလံပစ်ဆုတံဆိပ်အဖြစ် တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ငွေတံဆိပ် ရရှိသည်။ ထို့ပြင် အာဖရိကတိုက်မှ အီသီယိုးပီးယားနိုင်ငံသည် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် သုံးခု စုစုပေါင်း ဆုတံဆိပ် ရှစ်ခု ဆွတ်ခူး၍ နိုင်ငံအလိုက် အဆင့် ၂၀ နေရာ ရရှိခြင်းမှာ ချီးကျူးဖွယ်ဖြစ်သည်။

၂၇ ကြိမ်မြောက် ကမ္ဘာ့အိုလံပစ် အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အလေးမ၊ ပြေးခုန်ပစ်၊ မြားပစ်နှင့်ရေကူးပြိုင်ပွဲများတွင်သာ အားကစားမောင်မယ် ခုနစ်ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသမီး အလေးမပြိုင်ပွဲ ၄၈ ကီလိုတန်း၌ ကေသီဝင်းက အမြန်မတွင် ကီလိုဂရမ် ၈၀၊ နှစ်ဆင့်မတွင် ကီလိုဂရမ် ၁၀၀ စုစုပေါင်း ကီလိုဂရမ် ၁၈၀ မ ၍ ပဉ္စမဆုနှင့် ၅၃ ကီလိုတန်း၌ ဆွေဆွေဝင်းက အမြန်မတွင် ၈၅ ကီလိုဂရမ် မ ၍ ပဉ္စမဆု ရရှိသည်။

၂၇ ကြိမ်မြောက် ကမ္ဘာ့အိုလံပစ် အားကစားပြိုင်ပွဲ ပိတ်ပွဲ အခမ်းအနားကို သြစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့ အိုလံပစ် အားကစားပြိုင်ဝင်းကြီး၌ အောက်တိုဘာလ ၁ ရက်နေ့တွင် ကျင်းပရာ နိုင်ငံတကာ အိုလံပစ်ကော်မတီ (အိုင်အိုစီ) ဥက္ကဋ္ဌ ဟွမ်အန်တိုနီယိုဆမာရန်ချ်က သဘာပတိ မိန့်ခွန်းပြောကြားရာ၌ မည်သည့်အခါကမျှ မရှိခဲ့ဘူးသော အကောင်းဆုံး အိုလံပစ်ကို သြစတြေးလျပြည်သူတို့က တင်ဆက်ခဲ့သည့်အတွက် ဂုဏ်ယူကြောင်း ထည့်သွင်းပြောဆိုသည်။ ဆစ်ဒနီမြို့တော်ဝန် ဖရင်ဆာတာက ကွင်းငါးကွင်းပါရှိသည့် အိုလံပစ်အလံကို ၂၀၀၄ ခုနှစ်တွင် ၂၈ ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲကျင်းပမည့် ဂရိနိုင်ငံ အေသင်မြို့တော်ဝန် ဒီမီထရီအဗရာ မိုပေါလတ်စ်ထံ လွှဲပြောင်းပေးအပ်သည်။ အဆို အက အလှ အပြနှင့် ရောင်စုံမီးရှူးမီးပန်းများ ပစ်လွှတ်ကာ ၂၇ ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲ ကျင်းပပြီးစီးသည်။

၂၇ ကြိမ်မြောက် ကမ္ဘာ့အိုလံပစ် အားကစားပြိုင်ပွဲ ရွှေတံဆိပ်တစ်ခုနှင့်အထက် ရရှိကြသည့် နိုင်ငံများစာရင်း

| နိုင်ငံ | ရွှေ | ငွေ | ကြေး |
|---|---|---|---|
| အမေရိကန် | ၃၉ | ၂၅ | ၃၃ |
| ရုရှား | ၃၂ | ၂၈ | ၂၈ |
| တရုတ် | ၂၈ | ၁၆ | ၁၅ |
| သြစတြေးလျ | ၁၆ | ၂၅ | ၁၇ |
| ဂျာမနီ | ၁၄ | ၁၇ | ၂၆ |
| ပြင်သစ် | ၁၃ | ၁၄ | ၁၁ |
| အီတလီ | ၁၃ | ၈ | ၁၃ |
| နယ်သာလန် | ၁၂ | ၉ | ၄ |
| ကျူးဘား | ၁၁ | ၁၁ | ၇ |
| ဗြိတိန် | ၁၁ | ၁၀ | ၇ |
| ရိုမေးနီးယား | ၁၁ | ၆ | ၉ |
| တောင်ကိုရီးယား | ၈ | ၉ | ၁၁ |
| ဟန်ဂေရီ | ၈ | ၆ | ၃ |
| ပိုလန် | ၆ | ၅ | ၃ |
| ဂျပန် | ၅ | ၈ | ၅ |
| ဘူဂေးရီးယား | ၅ | ၆ | ၂ |
| ဂရိ | ၄ | ၆ | ၃ |
| ဆွီဒင် | ၄ | ၅ | ၃ |
| နော်ဝေ | ၄ | ၃ | ၃ |
| အီသီယိုးပီးယား | ၄ | ၁ | ၃ |
| ယူကရိန်း | ၃ | ၁၀ | ၁၀ |
| ကာဇက်စတန် | ၃ | ၄ | ၀ |
| ဘီလာရုစ် | ၃ | ၃ | ၁၁ |
| ကနေဒါ | ၃ | ၃ | ၈ |
| စပိန် | ၃ | ၃ | ၅ |
| တူရကီ | ၃ | ၀ | ၁ |
| အီရန် | ၃ | ၀ | ၁ |
| ချက်သမ္မတနိုင်ငံ | ၂ | ၃ | ၃ |
| ကင်ညာ | ၂ | ၃ | ၂ |

| နိုင်ငံ | ရွှေ | ငွေ | ကြေး |
|---|---|---|---|
| ဒိန်းမတ် | ၂ | ၃ | ၁ |
| ဖင်လန် | ၂ | ၁ | ၁ |
| ဩစတြီးယား | ၂ | ၁ | ၀ |
| လစ်သူရေးနီးယား | ၂ | ၀ | ၃ |
| အဇာဘိုင်ဂျန် | ၂ | ၀ | ၁ |
| ဆလိုဗေးနီးယား | ၂ | ၀ | ၀ |
| ဆွစ်ဇာလန် | ၁ | ၆ | ၂ |
| အင်ဒိုနီးရှား | ၁ | ၃ | ၂ |
| ဆလိုဗက်ကီးယား | ၁ | ၃ | ၁ |
| မက္ကဆီကို | ၁ | ၂ | ၃ |
| အယ်လ်ဂျီးယား | ၁ | ၁ | ၃ |
| ဥဇဘက်ကစ္စတန် | ၁ | ၁ | ၂ |
| ယူဂိုဆလားဗီးယား | ၁ | ၁ | ၁ |
| လတ်ဗီးယား | ၁ | ၁ | ၁ |
| ဘဟားမား‌စ် | ၁ | ၁ | ၀ |
| နယူးဇီ လန် | ၁ | ၀ | ၃ |
| ထိုင်း | ၁ | ၀ | ၂ |
| အက်စတိုးနီးယား | ၁ | ၀ | ၂ |
| ခရိုအေးရှား | ၁ | ၀ | ၁ |
| မိုဇမ်ဘစ် | ၁ | ၀ | ၀ |
| ကိုလံဘီယာ | ၁ | ၀ | ၀ |
| ကင်မရွန် | ၁ | ၀ | ၀ |

ပိုင်နိုင်အောင်

**အင်ဒိုနီးရှားနိုင်ငံ။** ။မတူညီသော နိုင်ငံများမှ ပြည်သူများနှင့် မတူညီသောစနစ်များက အတူတကွပူးပေါင်း နေထိုင်နိုင်စွမ်း ရှိမည်ဆိုလျှင် ကမ္ဘာကြီးသည် ပို၍ နေထိုင်စရာကောင်းသော နေရာတစ်ခုဖြစ်လာလိမ့်မည်ဟု အင်ဒိုနီးရှားသမ္မတ အဗ္ဗဒူရာမန်ဝါဟစ်က ထောင်စုနှစ်အကြိုနေ့တွင် ဆင်ဟွာသတင်း ဌာနက တွေ့ဆုံမေးမြန်းရာ၌ ပြောကြားခဲ့သည်။ လာမည့် ထောင်စုနှစ်တွင် မိမိတို့ရင်ဆိုင်ရမည့် အရေးကြီးဆုံးအခြေအနေမှာ မတူညီသောနိုင်ငံများနှင့် စနစ်များမှ ပြည်သူများ၏ ယုံကြည်ကိုးစားမှုရအောင် မည်သို့တည်ဆောက်ရမည်ဟု ဆိုခြင်းပင်ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ တစ်ရက်နေ့၌စတင်မည့် တတိယထောင်စုနှစ်သည် ကမ္ဘာကြီးတစ်ခုလုံးနှင့် သက်ဆိုင်သည်ဖြစ်ရာ အခြားပြည်သူများအပေါ် မိမိတို့တစ်စုံ တစ်ရာအခွင့်ကောင်းမယူလိုဘဲ မိမိတို့အပေါ်၌လည်း အခြား သူများက အခွင့်အရေးကောင်း မယူစေလိုပါ။ ကမ္ဘာ့ပုလိပ်ကြီး အဖြစ်တစ်စုံတစ်ရာသောနိုင်ငံက ဆောင်ရွက်သော အခန်းကဏ္ဍကို မိမိတို့လက်ခံမည်မဟုတ်ပါ။ နိုင်ငံကြီးသည် ငယ်သည်မဟုတ်၊ လူဦးရေနည်းသည် များသည်မဟုတ်၊ မည်သည့်နိုင်ငံကမျှ ကမ္ဘာကြီးကို တစ်ဦးတစ်ယောက်တည်း အုပ်ချုပ်မရနိုင်ပါ စသည်ဖြင့် သမ္မတဝါဟစ်က ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနှင့် အရှေ့တီမောဆိုင်ရာ ကုလသမဂ္ဂကြီးကြပ်ကွပ်ကဲရေး နိုင်ငံတကာတပ်ဖွဲ့ (အင်တာဖက်) တို့က ပူးတွဲနယ်စပ်လုံခြုံရေးဥပဒေများဆိုင်ရာ သဘောတူစာချုပ်ကို ဇန်နဝါရီလ ၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ အင်ဒိုနီးရှားနိုင်ငံ အုဒါယာနာဒေသတပ်မှူး ဗိုလ်ချုပ်ကီကီနှင့် အင်တာဖက်တပ်မှူး ဗိုလ်ချုပ်ပီတာကောစရိုဖ်တို့ နှစ်နာရီကြာဆွေးနွေးပြီးနောက် ယင်းလုံခြုံရေးစာချုပ်ကို လက်မှတ်ရေးထိုးလိုက်ကြခြင်းဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းနူဆာတန် ပြည်နယ် (အနောက်တီမော) မိုတာအင်းနယ်စပ်စခန်းတွင် ဗိုလ်ချုပ်နှစ်ဦးတို့တွေ့ဆုံဆွေးနွေးပြီးနောက် ယင်းသို့လက်မှတ်ရေးထိုးကြခြင်းဖြစ်ကြောင်း အင်တာရာသတင်းဌာနက ရေးသားဖော်ပြသည်။ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ဘီလူးနှင့်တီမောတန်ဂါဉတရာခရိုင်များမှ အစိုးရအရာရှိများလည်း သက်သေအဖြစ်တက်ရောက်ကြသည်။ ဘီလူးနှင့် တီမောတန်ဂါဉတရာခရိုင်တို့မှာ အရှေ့တီမောနှင့်အနောက် တီမောပြည်နယ်များအကြားရှိ နယ်စပ်တွင်တည်ရှိသောခရိုင်များ ဖြစ်ကြသည်။

သဘောတူစာချုပ်၏ အဓိက အချက်တစ်ချက်မှာ အင်ဒိုနီးရှားစစ်တပ်၊ အမျိုးသားရဲတပ်ဖွဲ့နှင့် အင်တာဖက်အဖွဲ့ဝင်များသည် ပူးတွဲကင်းလှည့်ခွင့်ရှိသော်လည်း သက်ဆိုင်ရာနိုင်ငံများ၏ အချုပ်အခြာအာဏာကို အမြဲတမ်းလေးစားရမည် ဆိုသောအချက်ပင်ဖြစ်သည်။ ပူးတွဲလုံခြုံရေး ဥပဒေဆိုင်ရာ သဘောတူညီချက် ခိုင်မာတောင့်တင်းရေးအတွက် နယ်စပ်ဒေသကို စောင့်ကြပ်ရန်နှင့် အပြန်အလှန်လည်ပတ်ရန်လည်း နှစ်ဘက်လုံးက သဘောတူညီကြသည်။

အင်ဒိုနီးရှားသမ္မတ အဗ္ဗဒူလ်ရာမန်ဝါဟစ်သည် နိုင်ငံရေးနှင့် လုံခြုံရေး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးဝီရန်တိုအား ရာထူးမှဖြုတ်ချ၍ ဝီရန်တိုက်နေရာတွင် ပြည်ထဲရေးဝန်ကြီး ဆာဂျာဒီဆိုယာဒီဂျာအား ယာယီအစားထိုး ခန့်အပ်ခဲ့သည်။ အရှေ့တီမောတွင် အင်ဒိုနီးရှားစစ်တပ်က လူ့အခွင့်အရေးချိုးဖောက်ရာတွင် တာဝန်ရှိသည်ဟူသော

စွပ်စွဲချက်နှင့် ပတ်သက်၍ ရှေ့နေချုပ်က ဝီရန်တိုက်အား စစ်ဆေးမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ ပြန်လည်ပြုပြင်ရေးဝါဒီသမ္မတ အဗ္ဗဒူရာမန်ဝါဟစ်သည် အရှေ့တီမောသို့ လေကြောင်းခရီးဖြင့် ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် ရောက်ရှိခြင်းမှာ အရှေ့တီမောကို အင်ဒိုနီးရှားအစိုးရက စွန့်လွှတ်ပြီးနောက် အင်ဒိုနီးရှားခေါင်းဆောင်တစ်ဦးအနေဖြင့် အရှေ့တီမောသို့ ပထမဦးဆုံး တရားဝင်သွားရောက် လည်ပတ်ခြင်းဖြစ်သည်။ အရှေ့တီမော မြို့တော် ဒီလီမြို့၊ ကိုရိုမိုလေဆိပ်သို့ သမ္မတဝါဟစ် စစ်လေယာဉ်ဖြင့် ရောက်ရှိလာရာတွင် ကုလသမဂ္ဂအရာရှိများနှင့် တီမောလွတ်လပ်ရေးခေါင်းဆောင်များက ကြိုဆိုကြသည်။ ကြိုဆိုသူများတွင် မစ္စတာဝါဟစ်၏ ဖိတ်ကြားချက်အရ ဂျာကာတာသို့ သွားရောက်လည်ပတ်ခဲ့ကြသော ဆာနာနာဂွတ်မောနှင့် ဂျို့စ်ရာမို့စ်ဟောတာတို့လည်း ပါဝင်သည်။ သမ္မတဝါဟစ်နှင့် ကြိုဆိုသူများ ခရီးရောက်မဆိုက် ဒီလီမြို့အလယ်ပိုင်းသို့ ဆက်လက် ထွက်ခွာရာတွင် ထောင်ပေါင်းများစွာသော အရှေ့တီမော ပြည်သူများက လမ်းပေါ်ထွက်၍ မစ္စတာဝါဟစ်ကို ကြိုဆိုကြသည်။ မစ္စတာဝါဟစ်မှာ အရှေ့တီမောနှင့် ငြိမ်းချမ်းစွာ ဆက်ဆံရေး စနစ်သစ်ကို ထူထောင်ရန် စိတ်အားထက်သန်နေသူ ဖြစ်သည်။

အရှေ့တီမောသို့ လေကြောင်း၊ ရေကြောင်းဆက်သွယ်မှုပြန်လည်ထားရှိရန် အင်ဒိုနီးရှားအစိုးရက သဘောတူညီလိုက်ပြီဖြစ်ကြောင်း သမ္မတအဗ္ဗဒူရာမန်ဝါဟစ်က သတင်းထောက်များအား မတ်လ ၁ ရက်နေ့တွင် ပြောကြားခဲ့သည်။ အရှေ့တီမော ကျောင်းသားများအား အင်ဒိုနီးရှားနိုင်ငံ သိပ္ပံတက္ကသိုလ်များတွင် အဆင့်မြင့်ပညာရပ်များ လေ့လာဆည်းပူးခွင့်ပြုမည် စသည်ဖြင့် မစ္စတာဝါဟစ်က ဆက်လက်ပြောကြားခဲ့သည်။ အရှေ့တီမောဒေသအား အင်ဒိုနီးရှားပြည်မမှခွဲထွက်ပြီး လွတ်လပ်သော နိုင်ငံထူထောင်ရန် ဒေသခံပြည်သူများက ၁၉၉၉ ခုနှစ်၊ ဩဂုတ်လအတွင်း ဆန္ဒမဲပေးခဲ့ကြပြီးနောက် မစ္စတာဝါဟစ်မှာ တီမောဒေသသို့ ပထမဆုံးရောက်ရှိလာသော အင်ဒိုနီးရှား သမ္မတဖြစ်သည်။ ဒီလီမြို့၌ ရှိနေစဉ်အတွင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး အော်လဝီရှာဟာမ်နှင့် အရှေ့တီမောဒေသဆိုင်ရာ ကုလသမဂ္ဂ အသွင်ကူးပြောင်းရေးကာလ အုပ်ချုပ်ရေးမှူး ဆာဂ်ယိုဒီမလ်လိုတို့ သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲသို့ သမ္မတဝါဟစ်တက်ရောက်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၏ ပေါင်းစည်းညီညွတ်မှုသည် ပျက်ပြားခြင်းမရှိဘဲ အကောင်းပကတိအတိုင်းရှိမည်ဟု သမ္မတဝါဟစ်က ဇွန်လ ၆ ရက်နေ့က အကောင်းဘက်မှ ရှုမြင်ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံ ပြိုကွဲစေမည့် ခြိမ်းခြောက်မှုအန္တရာယ်များကို မိမိသည် မည်သည့်အခါမျှ စိုးရိမ်ခြင်းမရှိခဲ့ဟု သမ္မတဝါဟစ်က ပြောသည်။ ပါပူဝါပြည်နယ်၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို အခြေခံလျှက် အင်ဒိုနီးရှားနိုင်ငံနှင့် ပေါင်းစည်းမှုအတွက် အခိုင်အမာအာမခံကြောင်း ဝါဟစ်ကပြောသည်။ ပါပူဝါပြည်နယ်သည် အင်ဒိုနီးရှားနိုင်ငံ၏ ပေါင်းစည်းပြည်နယ်တစ်ခုအဖြစ် ဇွန်လ ၄ ရက်နေ့တွင် ရှိတော့မည်မဟုတ်ဟု ပါပူဝါအမျိုးသားလွှတ်တော်က ကြေညာခဲ့သည်။ သို့ရာတွင် အစောပိုင်းကပင် လွတ်လပ်သောပါပူဝါနိုင်ငံဟု ကြေညာရန် လှုပ်ရှားမှုမှန်သမျှကို နှိမ်နင်းရန်သန္နိဋ္ဌာန်ချထားပြီး ကွန်ဂရက်၏ ရလဒ်များကို အသိအမှတ်မပြုကြောင်း ပြောကြားခဲ့သည်။

ဂျာကာတာမြို့ ဖိလစ်ပိုင်သံရုံးတွင် ဩဂုတ်လ ၂ ရက်နေ့က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ မြို့တွင်းရှိအခြားသံရုံးများအတွက် တင်းကျပ်သောလုံခြုံရေးအမိန့်ကို အာဏာပိုင်များက ထုတ်ပြန် ခဲ့သည်။ ဂျာကာတာမြို့တွင်ရှိ နိုင်ငံခြားကုမ္ပဏီရုံးဌာနများ ဝန်းကျင်လုံခြုံရေးအတွက်လည်း တင်းကျပ်ထားမည်ဖြစ်ကြောင်း အမျိုးသားရဲအဖွဲ့အကြီးအကဲ၊ ရဲဗိုလ်ချုပ်ရိုစ်ဒီဟက်ဂျိုနှင့် အင်ဒိုနီးရှားစစ်တပ် တပ်မှူး၊ ဗိုလ်ချုပ်ဝီဒိုဒိုတို့က ပြောကြားသည်။ ဩဂုတ်လ ၂ ရက်နေ့ မွန်းတည့်အချိန်က ဂျာကာတာ မြို့အလယ်ပိုင်းရှိ ဖိလစ်ပိုင်သံရုံးအရှေ့ဘက်တွင် အင်အားပြင်းထန်သော ဗုံးတစ်လုံးပေါက်ကွဲရာ လူနှစ်ဦးသေဆုံးပြီး ဖိလစ်ပိုင်သံအမတ်ကြီးအပါအဝင် လူ ၃၂ ဦး ထက်မနည်း ဒဏ်ရာရရှိခဲ့သည်။ ယင်းဖြစ်ရပ်၏ နောက်ကွယ်တွင် ဖိလစ်ပိုင် မွတ်စလင်ခွဲထွက်ရေးသမားတို့ရှိကြောင်း သမ္မတအဗ္ဗဒူရာ မန်ဝါဟစ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့က ပြောကြသည်။

အင်ဒိုနီးရှားအစိုးရသည် ပြုပြင်ပြောင်းလဲရေးမှုများကို ဖော်ထုတ်လုပ်ဆောင်သွားရန် ဆုံးဖြတ်ထားသည်ဟု သမ္မတအဗ္ဗဒူရာမန်ဝါဟစ်က ဩဂုတ်လ ၇ ရက်နေ့တွင် အလေးအနက်ပြောကြားသည်။ အစိုးရသည် ဒီမိုကရေစီ၊ လူနေမှုဘဝရှင်သန်တိုးတက်ရေး၊ လူ့အခွင့်အရေး၊ တရားမျှတမှု၊ ဥပဒေတန်ခိုးအာဏာကြီးစိုးမှု၊ လူမှုသက်သာချောင်ချိရေး၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး၊ တည်ငြိမ်မှုနှင့် လူမှုတည်ငြိမ်ရေးတို့တွင်လည်း တာဝန်ယူမြဲယူမည်ဟု သမ္မတဝါဟစ်က ပြောကြားသည်။ ပြည်သူ့အတိုင်ပင်ခံလွှတ်တော်သို့ တင်သွင်းသော သမ္မတ၏ အစီရင်ခံစာကို ဝန်ကြီးအဖွဲ့အတွင်းရေးမှူးက အဖွဲ့ဝင်များရှေ့မှောက်တွင် ဖတ်ကြားသည်။ အစိုးရသည်

တိုင်းပြည်ကို အကျပ်အတည်းများမှ လွတ်မြောက်စေမည့် မည်သည့်သင့်လျော်ရာ အခွင့်အလမ်းများကိုမဆို ယူဆောင်ဖြေရှင်းခြင်းကို မဆုတ်မနစ် လုပ်မြဲလုပ်သွားမည်ဟုလည်း သမ္မတဝါဟစ်က ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၏ ၅၅ နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို သမ္မတနန်းတော်တွင် ဩဂုတ်လ ၁၇ ရက်နေ့က ကြီးကျယ်ခမ်းနားစွာ ကျင်းပသည်။ ယင်းအခမ်းအနားသို့ သမ္မတအဗ္ဗဒူရာမန်ဝါဟစ်၊ ဒုတိယသမ္မတမီဂါဝတီဆူကာနိုပူထရီ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အဆင့်မြင့်အစိုးရအရာရှိကြီးများ၊ စစ်ဘက် အကြီးအကဲများနှင့် အရာရှိများ၊ သံတမန်များနှင့် စစ်ပြန်စစ်မှုထမ်းဟောင်းများက အဆောင်အယောင်နှင့် ဘွဲ့တံဆိပ်များ တပ်ဆင်ကာ တက်ရောက်ကြသည်။ ယင်း ၅၅ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီအချိန်၌ အမြောက်များဆူညံ စွာ ပစ်ဖောက်ကာ ဖွင့်လှစ်လိုက်သည်။ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့၊ နံနက် ၁၀ နာရီအချိန်မှာ ထိုစဉ်က အင်ဒိုနီးရှားနိုင်ငံ၏ ပထမဆုံးသမ္မတဖြစ်သူ ဆူကာနို၊ အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးကို ကြေညာခဲ့သော အချိန်ဖြစ်သည်။ ဒတ်ချ် (နယ်သာလင်) ကိုလိုနီလက်အောက်ခံနိုင်ငံအဖြစ် နှစ်ပေါင်း ၃၅၀ ကျော်နေထိုင်ခဲ့ပြီး ဒုတိယကမ္ဘာစစ်ကာလတွင် ဂျပန်စစ်တပ်၏ အုပ်ချုပ်မှုအောက်တွင် လေးနှစ်ကြာနေထိုင်ခဲ့ရရာမှ ယင်းကဲ့သို့ လွတ်လပ်ရေး ကြေညာနိုင်ခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှား လွတ်လပ်ရေးကြေညာစာတမ်းကို အင်ဒိုနီးရှားနိုင်ငံ ပြည်သူ့အကြံပေးညီလာခံ (အမ်ပီအာ) ဥက္ကဋ္ဌ အာမိယံရေးက ထပ်လောင်းဖတ်ကြားကြေညာသည်။ ထို့နောက် အင်ဒိုနီးရှားနိုင်ငံတော်အလံတင်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပသည်။ နိုင်ငံအတိ ဒုက္ခရောက်နေရာမှ လွတ်မြောက်အောင် အမျိုးသားအချင်းချင်း ပြန်လည်သင့်မြတ်စွာ နေထိုင်သွားကြရန် အင်ဒိုနီးရှား သမ္မတမစ္စတာဝါဟစ်က ဩဂုတ်လ ၁၆ ရက်နေ့ညက ရုပ်မြင်သံကြားမှတစ်ဆင့် တိုင်းပြည်သို့မေတ္တာရပ်ခံသွားသည်။

အင်ဒိုနီးရှားသမ္မတဟောင်း ဆိုဟာတိုအား အဂတိလိုက်စားမှု စွဲချက်ဖြင့် ဂျကာတာမြို့တရားရုံး၌ ဩဂုတ်လ ၃၁ ရက်နေ့တွင် ရုံးတင်စစ်ဆေးရန် စီစဉ်ထားခဲ့သော်လည်း စွဲချက်တင်ခံထားရသူ ဆိုဟာတို တရားရုံးသို့လာရောက်ခြင်း မရှိသဖြင့် အမှုကြားနာစစ်ဆေးခြင်းကို ရက်သတ္တနှစ်ပတ် ရွှေ့ဆိုင်းခဲ့သည်။ သမ္မတ ဆိုဟာတိုသည် ဆီးချို၊ သွေးတိုးနှင့် လေသင်တုန်းဖြတ်ထားသောရောဂါတို့ကို အပြင်းအထန်ခံစားနေရ၍ တရားရုံးသို့ မလာရောက်နိုင်ကြောင်း ဆေးဘက်ဆိုင်ရာစစ်ဆေးတွေ့ရှိချက်များကို တရားခံရှေ့နေများက တရားသူကြီးထံတင်ပြခဲ့ရာ အမှုကြားနာစစ်ဆေးခြင်း



အဂတိလိုက်စားမှုများအတွက် ရုံးတင်စစ်ဆေးရန် အင်ဒိုနီးရှားသမ္မတဟောင်း ဆိုဟာတို၏ ပုံတူကားချပ်ကို မီးရှို့ကာ ဆန္ဒပြတောင်းဆိုနေကြသည့် လူငယ်များ



ပါလီမန်တွင် မိန့်ခွန်းပြောကြားနေသော အင်ဒိုနီးရှားသမ္မတ အဗ္ဗဒူရာမန်ဝါဟစ်

ကို စက်တင်ဘာလ ၁၄ ရက်နေ့သို့ ရွှေ့ဆိုင်းရန် တရားရုံးက ဆုံးဖြတ်ခဲ့သည်။ ယခုအခါ ဆိုဟာတိုသည် အသက် ၇၉ နှစ်ရှိပြီဖြစ်၍ ၃၂ နှစ်တိုင်တိုင် အာဏာရရှိစဉ်အတွင်း အဂတိလိုက်စားခြင်း၊ နိုင်ငံတော်ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၅၈၃ သန်းကို အလွဲသုံးစားပြုလုပ်ခြင်းစသော စွဲချက်များဖြင့် အမှုရင်ဆိုင်နေရသည်။

ဂျကာတာမြို့ စတော့ရှယ်ယာ ရောင်းဝယ်ရေးဒိုင် အဆောက်အအုံ၏ မြေအောက်ကားရပ်နားရာနေရာတွင် စက်တင်ဘာလ ၁၃ ရက်နေ့က ကားဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ သမ္မတဟောင်း ဆိုဟာတို၏သားထွေးအား ဖမ်းဆီးရန် သမ္မတအဗ္ဗဒူရာမန်ဝါဟစ်က စက်တင်ဘာလ ၁၅ ရက်နေ့တွင် ရဲချုပ်အား ညွှန်ကြားထားသည်ဟု အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ လူ ၁၃ ဦး သေဆုံးပြီး လူဒါဇင်ပေါင်းများစွာထိခိုက်ဒဏ်ရာရရှိစေခဲ့သော ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ ဆိုဟာတို၏ သားထွေး တော်မီဆိုဟာတိုအား စုံစမ်းစစ်ဆေးရန် သမ္မတဝါဟစ်က ညွှန်ကြားခဲ့သည်။ သမ္မတဟောင်း ဆိုဟာတိုအား အဂတိလိုက်စားမှုနှင့် လူမှုရေးရန်ပုံငွေများကို အလွဲသုံးစားပြုလုပ်မှုဖြင့် တရားရုံး၌ စစ်ဆေးမှုမပြုလုပ်မီ တစ်ရက်အလိုတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ တော်မီဆိုဟာတိုသည် ရှုလိုင်လကအစိုးရရှေ့နေချုပ်ရုံး၏ စစ်ဆေးမေးမြန်းခြင်းကို ခံခဲ့ရပြီး ရှေ့နေချုပ်ရုံးမှထွက်ခွာလာ၍ တစ်နာရီအကြာတွင် ဗုံးတစ်လုံးပေါက်ကွဲခဲ့သည်။ ရှေ့နေချုပ်ရုံးအဆောက်အအုံအချို့ ဆိုးဆိုးရွားရွားပျက်စီးခဲ့ရပြီး နောက်တစ်နေ့တွင် ဒုတိယဗုံးတစ်လုံးကို မပေါက်ကွဲမီ ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။

သမ္မတ အဗ္ဗဒူရာမန်ဝါဟစ်သည် အစိုးရအဖွဲ့ဝင် ဝန်ကြီးနှစ်ဦးအား ရာထူးမှဖယ်ရှားလိုက်ခြင်းနှင့် ပတ်သက်၍ အကြောင်းပြရှင်းလင်းရန် ပါလီမန်အမတ်များ၏ မေတ္တာရပ်ခံချက်ကို ငြင်းပယ်ခြင်းဖြင့် ဩဂုတ်လ ၇ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပမည့် ပြည်သူ့အတိုင်ပင်ခံ ညီလာခံမတိုင်မီ ပါလီမန်အမတ်များအား နိုင်ငံရေးစိန်ခေါ်မှု ပြုလုပ်ခဲ့သည်။ ကျွံအလင်း လုံးဝကွယ်လုနီးပါး ဖြစ်နေသော သမ္မတဝါဟစ်သည် အများကလက်ခံနိုင်သော သမ္မတတစ်ဦးဖြစ်လာစေရန် ကြိုးစားလိမ့်မည်ဟု နိုင်ငံရေးဗိသုကာများက ကောက်ချက်ချခြင်းမပြုမီက အောက်တိုဘာလ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သောဝါဟစ်သည် နောက်ဆုံးတစ်နေ့ သမ္မတရာထူးမှ ဖြုတ်ချခံရပါက ဒုတိယသမ္မတ မီဂါဝါတီမှာ သမ္မတရာထူး ဆက်ခံကာ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဂိုလ်ကာပါတီခေါင်းဆောင် အက္ကဘာတန်ကျွန်က ဒုတိယသမ္မတဖြစ်လာနိုင်သည်ဟု ခန့်မှန်းခဲ့ကြသည်။

ဝါဟစ်သည် မှုလင်းအတွင်း ရောက်နေသော ဘုံးဆို့နှင့်တူကြောင်း သမ္မတတစ်ဦးတွင် ရှိသင့်ရှိအပ်သော ပင်ကိုယ်အရည်အသွေးမျိုး ဝါဟစ်တွင်မရှိသော်လည်း ပတ်ဝန်းကျင်နှင့် အခြေအနေ၏တောင်းဆိုချက်အရ သမ္မတဖြစ်လာခြင်း



သမ္မတဝါဟစ်နှင့် ဒုတိယသမ္မတ မိဂါဝတီတို့ စကားလက်ဆုံကျနေစဉ်

ဖြစ်သည်ဟု ဝါရင့်နိုင်ငံရေးသမားတစ်ဦးက သုံးသပ်ခဲ့သည်။ သို့ရာတွင် သမ္မတ၏လုပ်ဆောင်ချက် အများများအယွင်းယွင်း ဖြစ်ပြီး နိုင်ငံတွင်း၌လည်း ဘာသာရေးနှင့် ခွဲထွက်ရေးဆူပူမှုများ ပို၍ပြင်းထန်လာနေချိန်၌ သမ္မတဝါဟစ်နှင့် ပါလီမန်အကြား ဆက်ဆံရေးအဆင်မပြေ ဖြစ်နေမည်ဆိုလျှင် အင်ဒိုနီးရှားနိုင်ငံ၏ အနာဂတ်အရေးမှာ ရင်လေးစရာ ဖြစ်လာနိုင်ကြောင်း ဝေဖန်သူများက သုံးသပ်ကြသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်၊ ခရစ္စမတ်ပွဲတော်အကြိုနေ့က ခရစ်ယန်ဘုရားရှိခိုးကျောင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်မှုများကို ပြစ်တင်ဝေဖန်မှုခံနေရစေကာမူ ၂၀၀၄ ခုနှစ် သက်တမ်းပြည့်ချိန်အထိ တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သမ္မတအဗ္ဗဒူရာမန်ဝါဟစ်က ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ပြောကြားခဲ့သည်။ သမ္မတရာထူးသက်တမ်း ၁၄ လကြာကာလတွင် အကျပ်အတည်း ပေါ်ပေါက်မှုများ၊ စွမ်းဆောင်ရည်ညံ့ဖျင်းမှုတို့ကြောင့် သမ္မတဝါဟစ်မှာ ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုခြင်းခံနေရသည်။ သို့သော် ဂျကာတာမြို့တော်မူစလင်ဝတ်ပြုဗလီတစ်ခု၌ မိန့်ခွန်းပြောကြားရာတွင် အခက်အခဲများကို မိမိဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း သမ္မတဝါဟစ်ကပြောကြားသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိမိသည် ၂၀၀၄ ခုနှစ်အထိ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ရာ ဖြစ်နိုင်သရွေ့ တာဝန်ပြီးဆုံးချိန်အထိ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ ကြောက်ရွံ့စရာမလိုကြောင်း ဝတ်ပြုလာသူတစ်ဦး၏ မေးမြန်းချက်ကို ဝါဟစ်က ဖြေကြားသည်။ နိုင်ငံရေးသမားအချို့ကမူ သမ္မတဝါဟစ်မှာ နောက်ထပ်သက်တမ်းအနည်းငယ် မျှလောက်သာ ခံနိုင်ရည်ရှိတော့မည်ဖြစ်ကြောင်း ထင်မြင်ယူဆနေကြသည်။ သို့သော် ယခုကဲ့သို့ သမ္မတဝါဟစ်အား ရာထူးမှဖယ်ရှားရေးမှာ ရှုပ်ထွေးပွေလီမှုနှင့် အချိန်အတော်ကြာမည်ဖြစ်ကြောင်း လေ့လာရေးသမားများက ယူဆထားကြသည်။

ခရစ်စမတ်အကြိုနေ့တွင် အင်ဒိုနီးရှားနိုင်ငံအနှံ့အပြားရှိ ခရစ်ယန်ဘုရားရှိခိုးကျောင်း အများအပြားကို ဗုံးဖောက်ခွဲခဲ့သော အကြမ်းဖက်သမားများအား ပြင်းပြင်းထန်ထန်အရေးယူသွားမည်ဖြစ်ကြောင်း သမ္မတဝါဟစ်က အခိုင်အမာ ပြောကြားသည်။ အီရီယန်ဂျာမြို့တော် ဂျာယာပူရတွင် ဒီဇင်ဘာလ ၂၅ ရက်နေ့ ညနေပိုင်း၌ သမ္မတဝါဟစ်က ယင်းကဲ့သို့ ပြောကြားသွားကြောင်း အင်တာရာသတင်းဌာနက ဒီဇင်ဘာလ ၂၆ ရက်နေ့က သတင်းထုတ်ပြန်သည်။ နိုင်ငံတော်၏ စည်းလုံးညီညွတ်မှုကို ဖြိုခွဲလိုသောအကြမ်းဖက်သမားများကို မိမိတို့ ကြောက်လန့်မနေသင့်ကြောင်း၊ အကြမ်းဖက်သမားများ၏ ရက်စက်ယုတ်မာသောလုပ်ရပ်များကို အင်ဒိုနီးရှား

အစိုးရက ပြင်းပြင်းထန်ထန်ကိုင်တွယ် ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ အီရီယန်ဂျာပြည်နယ်တွင် နှစ်ရက်ကြာသွားရောက်လည်ပတ်စဉ် သမ္မတဝါဟစ်က ယင်းကဲ့သို့ ပြောကြားသွားခြင်းဖြစ်သည်။ ခရစ်စမတ်အကြိုနေ့က နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများ၌ ခရစ်ယန်ဘုရားရှိခိုးကျောင်းများတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ လူ ၁၃ ဦးထက်မနည်းသေဆုံးပြီး ၉၅ ဦး ဒဏ်ရာရရှိခဲ့သည်။ သေဆုံးသွားသူများမှာ ရီအောပြည်နယ်မှ ငါးဦး၊ ဂျကာတာမှ သုံးဦး၊ အနောက်ဂျားဗားမှ လေးဦးနှင့် အရှေ့ဂျားဗားမှ တစ်ဦးတို့ဖြစ်ကြသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ဘုရားရှိခိုးကျောင်းအချို့၌ ဒီဇင်ဘာလ ၂၄ ရက်နေ့ညက ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ခြင်းမှာ အင်ဒိုနီးရှားပြည်သူတို့အား မလေးမစားပမာမခန့်ပြုလုပ်ခြင်းပင် ဖြစ်ကြောင်း သမ္မတဝါဟစ်က ပြောကြားခဲ့သည်။

စီးပွားရေး – အင်ဒိုနီးရှားနိုင်ငံ၌ ရင်းနှီးမြှုပ်နှံသူများကို သေချာသော တရားဝင်အာမခံချက်ပေးမည်ဟု ဒုတိယသမ္မတ မီဂါဝါတီဆိုကာနိုပူထရီက ကိုးကြိမ်မြောက်အင်ဒိုနီးရှားဆိုင်ရာ အတိုင်ပင်ခံအုပ်စု (စီဂျီအိုင်) ဖွင့်ပွဲ၌ ဖေဖော်ဝါရီလ ၁ ရက်နေ့၌ ပြောကြားခဲ့သည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် သူတို့၏ ကန်ထရိုက်လုပ်ငန်းများကို အကာအကွယ်ပေးမည် တရားဝင်အာမခံချက်များကို သဘောပေါက်နားလည်ဖို့လို ကြောင်း မီကာဝါတီက ပြောကြားသည်။ ကမ္ဘာ့ဘဏ်ညှိနှိုင်း ဆောင်ရွက်ချက်အရ ပြုလုပ်သော စီဂျီအိုင်အစည်းအဝေး၌ အင်ဒိုနီးရှားနိုင်ငံသည် ဧပြီလ၌ စတင်သော ၂၀၀၀ ပြည့်နှစ်၊ ဘတ်ဂျက်လိုငွေပြမှုကို ဖြေရှင်းရန် အလှူရှင်နိုင်ငံများထံမှ အမေရိကန်ဒေါ်လာ ၄ ဘီလီယံအထိ ရဖွယ်ရှိသည်။ လွန်ခဲ့သော အောက်တိုဘာလ၌ သမ္မတအဗ္ဗဒူရာမန်ဝါဟစ် တာဝန်ယူချိန်မှစပြီး ယခုအစည်းအဝေးသည် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသော ပထမဆုံးအစည်းအဝေးဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ ကြုံနေရသော စီးပွားရေးပြဿနာများကို လွန်မြောက်နိုင်ရန် အလှူရှင်နိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ အကူအညီလိုအပ်သည်။ နိုင်ငံ၏ စီးပွားရေးတိုးတက်မှုမှာ အင်ဒိုနီးရှားပြည်သူအားလုံး၏ နေထိုင်မှုအရည်အသွေးကို တိုးတက်စေမည်စသည်ဖြင့် ဒုတိယသမ္မတ မီဂါဝတီက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် စီးပွားရေးပြန်လည်ကောင်းမွန်လာရေး အစီအစဉ်ကို တိုးမြှင့်ဆောင်ရွက်ရာတွင် နိုင်ငံခြားသားလက်ရှိ ရင်းနှီးမြှုပ်နှံသူများ၊ ရင်းနှီးမြှုပ်နှံလိုသူများအား လုံခြုံရေးအာမခံချက်ပေးရန် အင်ဒိုနီးရှားအစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိနေသည်။ ယခုအခါ အင်ဒိုနီးရှားနိုင်ငံတွင် စီးပွားရေး ပြန်လည်ဦးမော့လျက်ရှိပြီး အစိုးရအနေနှင့် ပြည်ပမှလာရောက်ရင်းနှီးသူများအတွက် အကျိုးဖြစ်ထွန်းစေမှုနှင့် လုံခြုံရေးအာမခံချက်ပေးရန်လိုကြောင်း၊ အင်ဒိုနီးရှားအစိုးရ၏ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ကြားဖြတ်ညှိနှိုင်း ဆောင်ရွက်ရေးဝန်ကြီး ဆာဂျာဒီဆိုဒီယာဂျာက ပြောကြားသည်ဟု ဖေဖော်ဝါရီလ ၂၆ ရက်နေ့ထုတ် ဘိစနပ်အင်ဒိုနီးရှား သတင်းစာတွင် ရေးသားဖော်ပြထားသည်။ အင်ဒိုနီးရှားနိုင်ငံ တွင် လုံခြုံရေး အခြေအနေမှာ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက် အကျိုးဖြစ်ထွန်းစေမည့် အခြေအနေတွင်ရှိကြောင်း အင်ဒိုနီးရှားစစ်ဘက် (ဘီအင်အိုင်) ဒုတိယတပ်မှူးက ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ပြောကြားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ အခြေအနေမှာ ယေဘုယျအားဖြင့် ထိန်းချုပ်နိုင်ခဲ့ပြီဟု ဆိုရမည်ဖြစ်ကြောင်း ပြည်နယ်အချို့ဒေသ များတွင် လူမှုရေးနှင့် ဘာသာရေးပဋိပက္ခမှုများလည်း မရှိတော့ကြောင်း တီအင်အိုင် ဒုတိယတပ်မှူးရာဇီက ပြောကြားသည်။

မိမိနိုင်ငံတွင်း၌ စီးပွားရေးပြန်လည်ဦးမော့လာပြီဖြစ်၍ ရင်းနှီးမြှုပ်နှံမှုပြုကြပါရန် အင်ဒိုနီးရှားသမ္မတ အဗ္ဗဒူရာမန်ဝါဟစ်က နိုင်ငံခြားသားများအား ဧပြီလ ၁၇ ရက်နေ့က တိုက်တွန်း ပြောကြားသည်။ မကြာမီက လူမျိုးစုနှင့် ဘာသာရေးအဓိကရုဏ်း ဖြစ်ပေါ်ခဲ့သည့်ကြားမှပင် နိုင်ငံတွင်း၌ တည်ငြိမ်မှုရှိပြီး လုံခြုံဘေးကင်းမှု ဖြစ်လာခဲ့သည်စသည်ဖြင့် ဟောင်ကောင်တွင် ပြုလုပ်ခဲ့သည့် အာရှအဖွဲ့အစည်းအဝေး၌ ဘဏ်ရင်းနှီး မြှုပ်နှံသူများနှင့် စီးပွားရေးအမှုဆောင်လူကြီးများအား ဝါဟစ်က ပြောကြားသည်။

အင်ဒိုနီးရှားနှင့် ဘရူးနိုင်းနိုင်ငံတို့သည် ဘော်နီယိုကျွန်းရှိ သုံးနိုင်ငံနယ်စပ်ဆုံရာဒေသတွင် မလေးရှားနိုင်ငံနှင့် အတူ စီးပွားရေးနှင့် စက်မှုလုပ်ငန်းဌာနများ တည်ဆောက်လုပ်ကိုင်သွားရန် သဘောတူညီကြသည်ဟု မေလ ၇ ရက်နေ့ထုတ် အင်ဒိုနီးရှားသတင်းစာများက ရေးသားဖော်ပြသည်။ ယင်းသဘောတူညီချက်ကို အင်ဒိုနီးရှားသမ္မတ အဗ္ဗဒူရာမန်ဝါဟစ်နှင့် ညီ့သည်တော်ဘရူးနိုင်းဘုရင် စူလတန်ဟာဆန်နယ်တိုလ်ကီးယားတို့ ဂျာကာတာမြို့၌ မေလ ၇ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးစဉ် ရရှိခဲ့ခြင်းဖြစ်သည်။ စီးပွားရေးလှုပ်ရှားမှုများ ပြုလုပ်ခြင်းဖြင့် ဒေသတွင်းနေထိုင်သူများအကြား စီးပွားရေးအလွန်အမင်း ကွာဟနေမှုကြောင့် ဖြစ်ပေါ်လာသော လူမှုရေးတင်းမာမှုများ လျော့ပါးသွားစေလိမ့်မည်ဖြစ်သည်။ ဥပမာပြရလျှင် ထိုနယ်ဒေသအနီးရှိ မိမိတို့ပြည်သူများသည် နွားလှည်းကိုသာမောင်းနေရချိန်၌ ဘရူးနိုင်းနိုင်ငံသားများကမူ မားဆီဒီကားတစီစီ မောင်းနေသည်ကို မြင်တွေ့ကြရသည်ဖြစ်ရာ မနာလိုစရာဖြစ်ရသည်။ မနာလိုစရာခြား

နားမှုများ ဖယ်ရှားသည့်အနေဖြင့် ထိုနယ်စပ်ဒေသတစ်ဝိုက်တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်သွား ရန်ပင် ဖြစ်သည်ဟု အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး အာလဝီ ရှီဟက်က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (ဂျီဒီပီ) တန်ဖိုးမှာ ၂၀၀၀ ပြည့်နှစ်၊ ပထမ သုံးလပတ်ကာလအတွင်း ၁၉၉၉ ခု၊ အလားတူကာလထက် ၄ ဒသမ ၁၃ ရာခိုင်နှုန်း ပိုမိုတိုးတက်လာခဲ့ကြောင်း အင်ဒိုနီးရှားအစိုးရက ထုတ်ပြန်ကြေညာသည်။ ယင်းတိုးတက်မှုမှာ ကြိုတင်ခန့်မှန်းချက် ၃ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၂၀၀၀ ပြည့်နှစ်၊ ပထမသုံးလပိုင်းအတွက် စိစစ်ပြီး တိုးတက်မှု ၃ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ကျော်လွန်ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားအစိုးရ ဗဟိုစာရင်းအင်းဌာန ဒုတိယဉက္ကဋ္ဌ ကူစမာဒီဆာလက်ချ်က ဂျာကာတာမြို့တွင် ဩဂုတ်လ ၄ ရက်နေ့က ပြောကြားခဲ့သည်။ ၂၀၀၀ ပြည့်နှစ်၊ ဧပြီလမှ ဇွန်လအထိ ၃ လတာ ကာလအတွင်း ဂျီဒီပီတိုးတက်မှုနှုန်းမှာ သုညဒသမ ၃၈ ရာခိုင်နှုန်းမျှသာ ရှိခဲ့ရာ ယခင်ကာလတိုးတက်မှုနှုန်း၂ဒသမ ၃၆ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက များစွာနိမ့်ကျခဲ့ကြောင်း၊ သို့သော် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက တိုးတက်နှုန်း ၄ ဒသမ ၁၃ ရာခိုင်နှုန်းရှိခဲ့ကြောင်း အင်ဒိုနီးရှားအစိုးရ ဗဟိုစာရင်းအင်းဌာန ဒုတိယဉက္ကဋ္ဌ ကူစမာဒီကပြောကြားသည်။ ဒုတိယသုံးလပတ်အတွင်း ယခုကဲ့သို့ ဂျီဒီပီတိုးတက်လာခြင်းမှာ အဓိကအားဖြင့် ရေနံမဟုတ်သော စက်မှုလုပ်ငန်းများကြောင့် ဖြစ်သည်ဟု ဆိုသည်။

ကုန်သွယ်ရေး – အင်ဒိုနီးရှားနိုင်ငံ၏ ပို့ကုန်တန်ဖိုးမှာ ၂၀၀၀ ပြည့်နှစ်၊ ဧပြီလအတွင်း သုံးညဒသမ ၆၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၇၂ ဘီလီယံဖိုး ဖြစ်၍ မတ်လပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၄၀ ဘီလီယံ ရှိသည်။ ရေနံမဟုတ်သောပစ္စည်းနှင့် ဓာတ်ငွေ့ပို့ကုန်တန်ဖိုးမှာ ၃ ဒသမ ၉၈ ရာခိုင်နှုန်း တိုးတက်လာကာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၈၉ ဘီလီယံဖိုး ရှိသည်ဟု ဗဟိုစာရင်းအင်းဗျူရို (ဘီပီအက်စ်) ဉက္ကဋ္ဌ ဆူဒါတီဆာဗက်တီက ဇွန်လ ၂ ရက်နေ့တွင် ပြောကြားခဲ့သည်။ ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ဧပြီလအတွင်း တိုင်းပြည်၏ ပို့ကုန်တန်ဖိုးမှာ ၃၅ ဒသမ ၉၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၁၀၀ ဘီလီယံဖိုး ရှိကာ ၁၉၉၉ ခုနှစ်၊ အလားတူကာလက အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅၁ ဘီလီယံဖိုး ရှိခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၏ သွင်းကုန်တန်ဖိုးမှာ ဧပြီလအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၁၂ ဘီလီယံဖိုး ရှိခဲ့သည်။ ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလမှဧပြီလအတွင်း သွင်းကုန် တန်ဖိုးမှာ ၈ ဒသမ ၈၄၉ ဘီလီယံဖိုး ရှိပြီး ၁၅ ဒသမ ၂၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ၁၉၉၉ ခု၊ အလားတူကာလက သွင်းကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၇ ဒသမ ၆၇၉ ဘီလီယံဖိုး ရှိခဲ့သည်။ သို့ရာတွင် စားသုံးကုန်သွင်းကုန်များမှာ ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ မတ်လအတွင်း အမေရိကန်ဒေါ်လာ ၅၀၁ ဒသမ ၁ သန်းဖိုးရှိပြီး ၁၉၉၉ ခုနှစ်၊ အလားတူကာလထက် ၄ ဒသမ ၇၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၏ ရေနံစိမ်းထုတ်လုပ်မှုမှာ ၂၀၀၀ ပြည့်နှစ်၊ ဧပြီလအတွင်း တစ်နေ့စည် ၁ ဒသမ ၄ သန်း ထုတ်လုပ်ခဲ့ရာ ၁၉၉၉–၂၀၀၀ ဘဏ္ဍာနှစ်အတွင်း ထုတ်လုပ်မှုမှာ စည်ပေါင်း ၅၄၂ ဒသမ ၉ သန်း သို့ရောက်ရှိခဲ့ကြောင်း အစိုးရအရာရှိတစ်ဦးက ဇွန်လ ၈ ရက်နေ့က ပြောကြားခဲ့သည်။ လာမည့်နှစ်များအတွင်း နိုင်ငံပိုင်ပါတာမိနာ ရေနံကုမ္ပဏီက ရေနံစိမ်း တိုးတက်ထုတ်လုပ်မည်၊ တိုးတက်ထုတ်လုပ်ရန် ရည်မှန်းချက်အောင်မြင်ရေးအတွက် နှစ်စဉ်ရင်းနှီးမြှုပ်နှံမှုငွေ အမေရိကန်ဒေါ်လာ ၃၂၅ သန်း လိုအပ်မည်ဖြစ်သည်။ စသည်ဖြင့် ညွှန်ကြားရေးမှူး ဘာဟာကီဟာကင်က ပြောကြားသည်။ နိုင်ငံတကာ ဈေးကွက်အတွင်း၌ ရေနံဈေးနှုန်း မြင့်တင်မှုအတွက် အင်ဒိုနီးရှားနိုင်ငံက ကျေနပ်နှစ်သက်မှု ဖြစ်ခဲ့ရသည်။ လက်ရှိနိုင်ငံတော်ဘတ်ဂျက်တွင် ရေနံဈေးနှုန်းကို တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၈ ဒေါ်လာ သတ်မှတ်ထားသည်။

သဘာဝဘေးအန္တရာယ် – အင်ဒိုနီးရှားနိုင်ငံ စုမတ္တရာကျွန်းတွင် လောင်ကျွမ်းနေသော တောမီးမှာ ပျံ့နှံ့လောင်ကျွမ်းနေပြီး အလှမ်းကွာဝေးသော ထိုင်းနိုင်ငံမြောက်ဘက်ပိုင်းအထိ မီးခိုးများရောက်ရှိခဲ့ကြောင်း အစိုးရတာဝန်ရှိပုဂ္ဂိုလ်များက ဇူလိုင်လ ၁၉ ရက်နေ့က ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံမှာ ၁၉၉၇ ခုနှစ်က ဖြစ်ပွားခဲ့သော ကျန်းမာရေးဆိုင်ရာ ဘေးဒုက္ခမျိုး ထပ်မံပေါ်ပေါက်လာမည့်အရေး တွေးပူမှုများကို ဖြေဖျောက် ပေးနေရသည်။ ၁၉၉၇ ခုနှစ်တွင် အင်ဒိုနီးရှားတောမီးကြောင့် အရှေ့တောင်အာရှနိုင်ငံများအပေါ် မီးခိုးမြူများဆိုင်းသွားခဲ့ရသည်။ သို့ရာတွင် ထိုမီးကို ငြိမ်းသတ်ရာတွင် မဟာဗျူဟာမြောက် ဆောင်ရွက်ရန် မလိုကြောင်း အင်ဒိုနီးရှားနိုင်ငံက ဝန်ခံကတိပေးထားသည်။ အင်ဒိုနီးရှားနိုင်ငံ ရီအိုပြည်နယ် ပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာ စီမံခန့်ခွဲရေး အေဂျင်စီအကြီးအကဲ အိုင်အမ်အလာမ်ရှာက ထိုတောမီးခိုးမြူများသည် ရီအိုပြည်နယ်နှင့် အခြား စုမတ္တရာကျွန်းတွင် စိုးရိမ်ထိတ်လန့်စရာ အခြေအနေအထိ ရောက်ရှိနေခဲ့ကြောင်း သတိပေးခဲ့သည်။ ရီအို ပြည်နယ် တစ်ခုတည်း၌ပင် တောမီးလောင်ကျွမ်းသောနေရာ ၁၆၃ ခုကို

တွေ့ရှိထားကြောင်း၊ ယခုအခါ စုမတ္တရာကျွန်း မြောက်ပိုင်း ဂျမ်ဘီနှင့် လမ်ပန်ပြည်နယ်များတွင်ပါ တောမီးလောင်ကျွမ်း နေသည်ကို တွေ့ရှိထားကြောင်း မစ္စတာအလာမာရာက ပြောကြားသည်။

လွန်ခဲ့သော ရက်သတ္တပတ်ကျော်အတွင်းက အဆက်မပြတ်ရွာသွန်းသော မိုးများနှင့် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် အင်ဒိုနီးရှားနိုင်ငံတွင် လူ ၁၅၁ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ပြောကြားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ စုမတ္တရာကျွန်းတွင် အဆက်မပြတ်ရွာသွန်းသောမိုးကြောင့် မြေပြိုမှုများ၊ ရေကြီးမှုများဖြစ်ပွားကာ လူ ၈၆ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အနောက်စုမတ္တရာပြည်နယ်အရာရှိ အမ်ရီဇာကာရီက ပြောကြားသည်။ ကျွန်း၏ မြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် ရေကြီးမှုများ အဆိုးရွားဆုံးဖြစ်ပေါ်ခဲ့၍ ရာပေါင်းများစွာသော ပြည်သူတို့မှာ နေအိမ်ခေါင်မိုးပေါ်၌ သောင်တင်နေခဲ့ကြသည်။ အနောက်စုမတ္တရာမြို့တော် ပါဒန်တွင် လူ ၆၀ ထက်မနည်း သေဆုံးကြရသည်။ မြေပြိုမှုများကြောင့် အနောက်စုမတ္တရာတွင် လူ ၂၆ ဦးထက်မနည်း သေဆုံးခဲ့ကြရသည်။

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းဒေသ အတော်များများတွင် ရက်ပေါင်းများစွာ မိုးရွာသွန်းမှုကြောင့် ရေကြီးမှုပြင်းပြင်းထန်ထန် ဖြစ်ပွားပြီး မြေပြိုမှုများဖြစ်ပွားမှုကြောင့် လူ ၁၀၀၀ ကျော် ပြောင်း ရွှေ့ပေးခဲ့ရကြောင်း ဒီဇင်ဘာလ ၄ ရက်နေ့က သတင်းစာများတွင် ရေးသားဖော်ပြသည်။ ဆူလာဝီဆီ မြောက်ပိုင်းတွင် လူ ၄ ဦး သေဆုံးခဲ့ရပြီး၊ လူ ၁၀၀၀၀ မှာ နေအိမ်များ ပြိုကျမြေပိခံကြရသည်။ ဆူလာဝီဆီ မြောက်ပိုင်းမှာ ဂျကာတာမြို့ အရှေ့မြောက်ဘက် ၁၃၇၅ မိုင်ခန့်တွင် တည်ရှိသည်။ ရောရာ ကာတာခရိုင် ကူလုံပိုဂိုတွင် မြေပြိုကျမှုကြောင့်၊ လူ ၁၄ ဦးထက်မနည်း သေဆုံးပြီး အိမ်ဒါဇင်ပေါင်းများစွာနှင့် လမ်းပျက်စီးသွားရသည်။ မြေပြိုကျမှုမှာ ဒီဇင်ဘာလ ၁၁ ရက်နေ့ ညပိုင်းတွင် နာဂါရင်း၊ ဘင်ဂျာဆာရီနှင့် ဆီမာဂန်းကျေးရွာများတွင် ဖြစ်ပွားပြီး ကူလုံပိုဂိုခရိုင်နှင့် ဆီဒိုရာဂျိုဒေသတို့တွင် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်သွားရသည်။

သင့်ဘ၀ – ဦးရဲလွင်

**အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း။ ။** ပညာရေးဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန (ယခင် စက်မှု၊ စိုက်ပျိုးရေးနှင့် သက်မွေးပညာဦးစီးဌာန) အောက်ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (School for Home Science)ခြောက်ကျောင်းကို ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် လူမှုဝန်ထမ်းဦးစီးဌာနက လွှဲပြောင်း ရယူခဲ့သည်။

အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း ခြောက်ကျောင်းကို ရန်ကုန်မြို့၊မန္တလေးမြို့၊ပုသိမ်မြို့၊ တောင်ငူမြို့၊ မော်လမြိုင်မြို့၊ မြစ်ကြီးနားမြို့တို့တွင် ဖွင့်လှစ်ထားသည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် လွှဲပြောင်းလက်ခံရယူပြီးနောက် အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၏သင်တန်းများကို ဆက်လက်ဖွင့်လှစ်ရာတွင် အချုပ်အလုပ်၊ အချက်အပြုတ်နှင့် မုန့်မျိုးစုံပြုလုပ်သည့် အိမ်တွင်းမှု သင်တန်းများကို ယခင်အတိုင်း ဆက်လက်ဖွင့်လှစ်ခဲ့သည်။ သင်တန်းများ ဖွင့်လှစ်ရာတွင် အောက်ပါရည်ရွယ်ချက်များနှင့်အညီ ဖွင့်လှစ် သင်ကြားပို့ချပေးလျက်ရှိသည်။

(၁) အတန်းပညာကို အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်၍ မသင်ကြားနိုင်သော လူငယ်လူရွယ်များအား ကိုယ်ပိုင်ချုပ်လုပ်ခြင်း၊ အစားအသောက်များ တာရှည်ခံ၊ သီးယိုဆိုစိမ် အစားအစာများပြုလုပ်ခြင်းဖြင့် မိသားစု၏ကုန်ကျစရိတ် သက်သာစေရန်။
(၂) မိသားစု၏ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ဝင်ငွေရရှိအောင် စက်ရုံ အလုပ်ရုံများတွင် ဝင်ရောက်၍ ချုပ်လုပ်ခြင်း၊ မုန့်တိုက်များ၊ ဟိုတယ်များတွင် အစားအသောက်များပြုလုပ်ခြင်း၊ မိမိကိုယ်ပိုင်လုပ်ငန်းများ ထူထောင်၍ အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်။
(၃) မိသားစုအိမ်တွင်း တနိုင်စီးပွားရေး ပြုလုပ်ခြင်းဖြင့် အပို ဝင်ငွေရရှိစေရန်။

အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများတွင် ဖွင့်လှစ်သင်ကြားပို့ချပေးသည့် သင်တန်းများမှာ အောက်ပါ အတိုင်းဖြစ်သည် –

(၁) စက်ချုပ်သင်တန်းများ။
 (က) မိန်းမဝတ် – ကလေးဝတ်
 (ခ) မိန်းမဝတ် – လက်မှု
 (ဂ) ကျားရှပ် – တိုက်ပုံ
 (ဃ) ဘော်လီ – ဘရာစီယာ
 (င) အထွေထွေအပ်ချုပ်
 (စ) အနောက်တိုင်းဝတ်စုံ



မန္တလေးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၏ အင်္ကျီပုံစံကိုက်သင်တန်း



ရန်ကုန်အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၏ အစားအစာချက်ပြုတ်သင်တန်း

(၂) အချက်အပြုတ်နှင့် မုန့်မျိုးစုံသင်တန်း။

(ဆ) မြန်မာ့အစားအစာ

(ဇ) သီးယိုဆီစိမ်

(ဈ) မုန့်မျိုးစုံ

(ည) မြန်မာအစားအစာနှင့်သီးယို ဆီစိမ် သင်တန်းများ

ရန်ကုန်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းတွင် အမှတ်စဉ် (က) မှ (ဈ) အထိ သင်တန်းများကို လည်းကောင်း၊ ပုသိမ်မြို့၊ မန္တလေးမြို့၊ မော်လမြိုင်မြို့၊ မြစ်ကြီးနားမြို့၊ တောင်ငူမြို့များတွင် အမှတ်စဉ် (က)၊ (ဂ)၊ (ဃ)၊ (င)၊ (ဈ)၊ (ည) သင်တန်းတို့ကိုလည်းကောင်း ဖွင့်လှစ်သင်ကြားပေးပြီး ပုံမှန်သင်တန်းကာလမှာ အပတ်စဉ် တစ်ခုလျှင် ၃ လကြာမြင့်သည်။ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများကို ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (ဂ) ခု ဖွင့်လှစ်သည်။

သင်တန်းသား လက်ခံနိုင်သည့်ဦးရေမှာ ရန်ကုန် အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းတွင် သင်တန်းတစ်မျိုးလျှင် သင်တန်းသား ၅၀ ဦးစီ၊ ကျန် ၅ ကျောင်းတွင် သင်တန်းတစ်မျိုးလျှင် သင်တန်းသား ၆၅ ဦးစီ သင်ကြားပေးသည်။

ဤအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းများတွင် အထက်ပါ ပုံမှန်သင်တန်းများအပြင် လစဉ် စနေ၊ တနင်္ဂနွေနေ့ အထူးသင်တန်းနှင့် ပြေလတွင် နွေရာသီ အထူးရက်တိုသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်တန်းကို အမျိုးသား၊ အမျိုးသမီးမရွေး တက်ရောက်နိုင်ပြီး သင်တန်းသား၊ သင်တန်းသူများအတွက် အရည်အချင်း သတ်မှတ်ချက်မှာ –

(၁) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ခြင်း၊

(၂) မြန်မာစာ ကောင်းစွာရေးတတ်၊ ဖတ်တတ်သူဖြစ်ခြင်း၊

(၃) ကျန်းမာသန်စွမ်းသူဖြစ်ခြင်း၊

(၄) အသက် ၁၆ နှစ်မှ ၃၅ နှစ်ရှိသူဖြစ်ခြင်း တို့ဖြစ်သည်။

အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းများတွင် သင်တန်းတက်ရောက်လိုသူများအတွက် သင်တန်းသားသစ်ခေါ်ယူသည့်အခါ လူမှုဝန်ထမ်းဦးစီးဌာနက သတင်းစာများတွင် ကြော်ငြာလျက် ခေါ်ယူသည်။ ထို့ပြင် သက်ဆိုင်ရာဒေသ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများတွင်လည်း သွားရောက်စုံစမ်းနိုင်ပြီး လျှောက်လွှာများ ဖြည့်စွက်၍ မိမိနှစ်သက်ရာသင်တန်းများကိုတက်ရောက် ပညာသင်ကြားနိုင်ကြသည်။

မြန်မာဆိုရိုးတွင် အမျိုးသမီးများအတွက် "အိမ်တွင်းမှု လုပ်၊ သိမ်းထုပ်သေချာ" ဆိုသည့် ဆိုရိုးစကားရှိသည်။ မြန်မာအမျိုးသမီးများသည် အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းများမှ အချုပ်အလုပ်နှင့် အချက်အပြုတ် သင်တန်းများကို တက်ရောက်သင်ကြားခြင်းဖြင့် အိမ်တွင်းမှု လုပ်၊ သိမ်း၊ ထုပ် သေချာလာနိုင်မည်ဖြစ်သည်။

အိမ်တွင်းမှု သက်မွေးပညာသင်တန်းများ ပြီးဆုံးအောင်မြင်သွားလျှင် –

(၁) မိမိအိမ်တွင်ကျွမ်းကျင်စွာ အိမ်တွင်းစီမံခန့်ခွဲမှု တတ်မြောက်နိုင်ခြင်း၊

(၂) တစ်ဝမ်းတစ်ခါးမှသည် တစ်ဘဝတာအထိ အသက်မွေးနိုင်ခြင်း၊

(၃) အထည်ချုပ်စက်ရုံများ၊ ဖက်စပ်ကုမ္ပဏီများ၊ သမဝါယမလုပ်ငန်းများ၊ကိုယ်ပိုင် အပ်ချုပ်ဆိုင်များတွင် ဝင်ရောက်အလုပ်လုပ်နိုင်ခြင်း၊

(၄) ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ ပြင်ပ စားသောက်ဆိုင်ကြီးများ၊ ကိုယ်ပိုင်စားသောက်ဆိုင်များတွင် ဝင်နိုင်ခြင်း၊

(၅) အလှူပွဲ၊ မင်္ဂလာပွဲ၊ ညှိခံပွဲ၊ သာရေးနာရေး ပွဲလမ်းကြီးငယ်များတွင် စီမံချက်ပြုတ်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

**အိန္ဒိယသမ္မတနိုင်ငံ။** ။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလအတွင်းက ကက်(ရှ်)မီးယား ခွဲထွက်ရေးသမားတစ်စုက အိန္ဒိယလေကြောင်းလိုင်းပိုင် လေယာဉ်တစ်စီးကို နီပေါနိုင်ငံမှ အထွက်တွင် အပိုင်စီးခဲ့ကြသည်။ ထိုလေယာဉ်ကို အာဖဂန် နစ္စတန်၌ထားပြီး လေယာဉ်အပိုင်စီးသမားများက အိန္ဒိယ အစိုးရကို အကျပ်ကိုင်တောင်းဆိုခဲ့ကြသည်။ ထိုသို့ အပိုင်စီးမှု ဖြစ်ပွားပြီးနောက် အိန္ဒိယနှင့်ပါကစ္စတန်တို့သည် စကားစစ်ပွဲ ခင်းခဲ့ကြသည်။ ဇန်နဝါရီလ ၃ ရက်နေ့တွင် အိန္ဒိယဝန်ကြီးချုပ် ဗာ(ဂျ်)ပါယီးက ပါကစ္စတန်အား "အကြမ်းဖက်နိုင်ငံ" အဖြစ် နိုင်ငံတကာက သတ်မှတ်ရန် တောင်းဆိုခဲ့သည်။ အိန္ဒိယပြည်ပရေးရာဝန်ကြီး ဂျပ်(စ်)ဝမ်ဆင်းက လေယာဉ်အပိုင်စီးသူ ငါးဦးစလုံးသည် ပါကစ္စတန်နိုင်ငံသားများဖြစ်ကြောင်း စွပ်စွဲခဲ့သည်။ အိန္ဒိယမှ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဘရာဂျက်(ရှ်) မစ်(ရှ်)ရာက "ပါကစ္စတန် ပါဝင်ပတ်သက်မှု" အတွက် ရှင်းလင်းသော အထောက်အထားများရှိကြောင်း ပြောကြားခဲ့သည်။ ပြည်ထဲရေးဝန်ကြီး အယ်(လ်)ကေအက်(ဒ်)ဗာနီက

ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ဘုံဘေမြို့၌ ကြံရာပါ ၄ ဦးတို့ကို ဖမ်းဆီးမိခဲ့ကြောင်း၊ ထိုကြံရာပါတို့၏ အစစ်ခံချက်များအရ လေယာဉ်အပိုင်စီးသူတို့သည် ပါကစ္စတန်နိုင်ငံသားများချည်း ဖြစ်ကြောင်းသိရှိရသည်ဟု ဇန်နဝါရီလ ၆ ရက်နေ့တွင် ပြောကြားခဲ့သည်။ ထို့ပြင် လေယာဉ်အပိုင်စီးသူများသည် ဟာရာကတ်အူလ်မူဂျာဟစ်ဒင် ခေါ် ကက်(ရှ်)မီးယား စစ်သွေးကြွအုပ်စုမှ အဖွဲ့ဝင်များဖြစ်ကြောင်း၊ ၎င်းစစ်သွေးကြွအုပ်စုကို ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့က ဦးဆောင်ဖွဲ့စည်းပေးထားကြောင်းကိုလည်း ပြောကြားခဲ့သည်။ ထိုလေယာဉ်အပိုင်စီးမှုနှင့်စပ်လျဉ်း၍ ပါကစ္စတန်စစ်တပ်ကဦးဆောင်သော အစိုးရအဖွဲ့က ပါကစ္စတန်နှင့် အဆက်အသွယ်မရှိကြောင်း ငြင်းဆိုခဲ့သည်။ ပါကစ္စတန်ကို အပုပ်ချရန် အိန္ဒိယကိုယ်တိုင်က အကွက်ဆင်လိုက်ခြင်းသာဖြစ်သည်ဟု တုံ့ပြန်ပြောဆိုခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂျိမ်း(စ်)ဘူဘင်က လေယာဉ်အပိုင်စီးခဲ့သူများမှာ ကက်(ရှ်)မီးယား ခွဲထွက်ရေးသမား စစ်သွေးကြွအုပ်စုမှဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားများရှိသည်ဟု ဇန်နဝါရီလ ၂၅ ရက်နေ့ကပြောကြားခဲ့သည်။ ထိုစစ်သွေးကြွအဖွဲ့ကို ခြေရာခံလိုက်လံဖမ်းဆီးရန် ပါကစ္စတန်အစိုးရအား အမေရိကန်အစိုးရကတိုက်တွန်းထားပြီးဖြစ်ကြောင်းကိုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။သို့ရာတွင်သမ္မတကလင်တန်က လေယာဉ်အပိုင်စီးမှုတွင် ပါကစ္စတန်အစိုးရ ပါဝင်ပတ်သက်မှုမရှိကြောင်း ပြောကြားခဲ့သည်။ ဇန်နဝါရီလ ၁၈ ရက်နေ့က လန်ဒန်မြို့တွင် အိန္ဒိယပြည်ပရေးရာဝန်ကြီး ဂျပ်(စ်)ဝမ့်ဆင်းနှင့်အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး စထရုတ်(ဘ်)တာ(လ်)ဘော့(တ်) တို့တွေ့ဆုံပြီး အကြမ်းဖက်မှုဆန့်ကျင်ရေးအုပ်စုကို ပူးတွဲ ဖွဲ့စည်းတည်ထောင်ရန် သဘောတူခဲ့ကြသည်။

အစကနဦးပိုင်းတွင် ပါကစ္စတန်နိုင်ငံ အကြီးအကဲ ဗိုလ်ချုပ်ကြီး ပါဗက်(ဇ်)မူရှာရက်(ဖ်)နှင့်နိုင်ငံခြားရေးဝန်ကြီးတို့က လေယာဉ်အပိုင်စီးခဲ့သူ ငါးဦးတို့သည်လည်းကောင်း၊ လေယာဉ်အပိုင်စီးမှု ပြီးဆုံးစေရန် ရည်ရွယ်ချက်ဖြင့် လွှတ်ပေးခဲ့သော ကက်(ရှ်)မီးယား စစ်သွေးသုံးဦးသည်လည်းကောင်း ပါကစ္စတန်၌မရှိကြောင်း ငြင်းဆိုခဲ့ကြသည်။ သို့ရာတွင် အပိုင်စီးသူတို့၏ ပထမဆုံးတောင်းဆိုချက်အရ လွှတ်ပေးခဲ့ရသော ပါကစ္စတန်နိုင်ငံသား ဘုန်းတော်ကြီး မော်လာနာမတ်ဆွတ်အဇာ(ရ်)သည် ဇန်နဝါရီလ ၅ ရက်နေ့တွင် ကရာချိမြို့ လူထုအစည်းအဝေးကြီးတစ်ရပ်တွင်



ပါကစ္စတန်တို့ ထိန်းချုပ်ထားသော ကက်(ရှ်)မီးယားဒေသအတွင်းရှိ မူဇတ်ဖာရာဘက်ဒေသ

မိန့်ခွန်းပြောခဲ့ကြောင်း သတင်းထွက်ပေါ်လာခဲ့သည်။ ထိုလူထုအစည်းအဝေးကြီး၌ မော်လာနာအဇား(ရ်)က ကက်(ရှ်)မီးယားတွင် မြင့်မြတ်သောစစ်ပွဲ (ဂျီဟဒ်) ကို ဆင်နွှဲကြရန် လှုံ့ဆော်ခဲ့သည်။ ၎င်းနှင့်အတူ အိန္ဒိယကလွှတ်ပေးခဲ့သူ အခြားနှစ်ဦးတို့သည်လည်း ပါကစ္စတန်တွင်ရှိကြောင်း ပါကစ္စတန် သတင်းတစ်စောင်သို့ ဇန်နဝါရီလ ၁၂ ရက် နေ့က ပြောကြားခဲ့သည်။

"သည်ဟိန္ဒူ" အမည်ရှိ အိန္ဒိယသတင်းစာနှင့် ပထမဆုံးအကြိမ် တွေ့ဆုံမေးမြန်းခန်းတွင် ဗိုလ်ချုပ်ကြီး ပါဗက်(ဇ်) မူရှာ ရက်(ဖ်)က သူ၏သဘောထားများကို ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ပြောကြားခဲ့သည်။ နှစ်နိုင်ငံ တင်းမာမှုလျော့ပါးရေးအတွက် နှစ်နိုင်ငံဆွေးနွေးပွဲများ ယခင်က ပျက်ပြားခဲ့ရသည်မှာ အဓိကကျသော ကက်(ရှ်)မီးယား ပြဿနာကို မဖြေရှင်းနိုင်သည့်အတွက်ဖြစ်ကြောင်း၊ ကက်(ရှ်)မီးယား ပြဿနာတစ်ခုတည်းသာလျှင် နှစ်နိုင်ငံစလုံးအတွက် အရေးအကြီးဆုံးဖြစ်ကြောင်း၊ အိန္ဒိယအနေဖြင့် ၎င်းအပေါ် ယုံကြည်စိတ်ချစေလိုကြောင်း၊ ၎င်း၏ အစိုးရအဖွဲ့နှင့်ပတ်သက်ပြီး တရားဝင်ဖြစ်မှု၊ မဖြစ်မှုတို့ကို ပြဿနာမလုပ်စေလိုကြောင်းများကို ပြောကြားခဲ့သည်။

အထက်လွှတ်တော်ရွေးကောက်ပွဲများ - အိန္ဒိယနိုင်ငံတွင် လွှတ်တော်နှစ်ရပ်ရှိသည့်အနက် အထက်လွှတ်တော်ကို ရာဂျယာဆဘာ (ရာဇသဘာ) ဟုခေါ်သည်။ အထက်လွှတ်တော်အမတ်သုံးပုံ တစ်ပုံတို့၏ နေရာများအတွက် မတ်လ ၂၉ ရက်နေ့တွင် ပြည်နယ်လွှတ်တော်များက ရွေးကောက်တင် မြှောက်ခဲ့ကြသည်။ ထိုအထက်လွှတ်တော် အမတ်များ ရွေးကောက်ပွဲတို့၌ နိုင်ငံလုံး အတိုင်းအတာဆောင်သော ပါတီများက အရေးနိမ့်ပြီး ဒေသခံအမတ်လောင်းများက အရေးသာ ခဲ့ကြောင်း တွေ့ရသည်။ အုတ္တာပရာဒေ့(ရှ်) နှင့် ဘင်္ဂေါ အနောက်ပိုင်းပြည်နယ်များတွင် ကွန်ဂရက်(အိုင်) ပါတီဥက္ကဋ္ဌ ဆိုနီယာဂန္ဒီ အမည်စာရင်းတင်သွင်းသော



ကက်ရှ်မီးယားဒေသထိန်းချုပ်ရေးမျဉ်းကြောင်းတစ်လျှောက်ရှိ အိန္ဒိယဒေသဘက်တွင် ကင်းလှည့်နေသော အိန္ဒိယစစ်သားများ

အမတ်လောင်းများ မှာ ရွေးကောက်ပွဲများ၌ ရှုံးနိမ့်ခဲ့ကြသည်။ ဆိုနီယာဂန္ဒီသည် အနီးကပ်အကြံပေးပုဂ္ဂိုလ်များအပေါ် မှီခိုအားထားမှု လွန်ကဲခဲ့ သည်ဟု ဝေဖန်ခံခဲ့ရသည်။ သူမသည် အခြေအနေကို အကဲဖြတ်နိုင်ရန် တစ်ပြည်လုံးသို့ လှည့်လည်မည်ဟု ဧပြီလ ၃ ရက် နေ့က ကြေညာခဲ့သည်။

အမတ်နေရာ ၂၄၅ ခုရှိသော အထက်လွှတ်တော်တွင် ဘီဂျေပီဦးဆောင်သော အမျိုးသားဒီမိုကရေစီ ညွန့်ပေါင်းအဖွဲ့က အမတ်ဦးရေ စုစုပေါင်း ၉၉ ဦး ရရှိထားသည်။ ကွန်ဂရက်(အိုင်) ပါတီက အမတ်ဦးရေ ၅၆ နေရာ ရရှိထားသည်။

အထူးစီးပွားရေးဇုန်များ – အရှေ့ပိုင်းရှိ ဩရိဿပြည်နယ်မှ ပရာဒိ(ပ်) ဆိပ်ကမ်းကို တတိယမြောက် အထူးစီးပွားရေးဇုန်အဖြစ်သတ်မှတ်မည်ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး မူရာဆိုလီဟာရန်က ဧပြီလ ၆ ရက်နေ့တွင် ကြေညာခဲ့သည်။ စောစောပိုင်းမတ်လ ၃၁ ရက်နေ့တုန်းကလည်း ကုန်သွယ်ရေးမူဝါဒကို နှစ်စဉ်သုံးသပ်ရင်း အနောက်ပိုင်းရှိ ဂူဂျာရက်ပြည်နယ်မှ ပိုဇိတရာတွင်လည်းကောင်း၊ တောင်ပိုင်းရှိ တမီလ်နာဒူပြည်နယ်မှ နန်ဂုဏာရီတွင်လည်းကောင်း၊ အထူးစီးပွားရေးဇုန်များ တည်ထောင်မည်ဟု ပြောကြားခဲ့သည်။ ထိုဇုန်များ၌ နိုင်ငံခြားသားများချည်း လုံးဝပိုင်ဆိုင်သော ကုမ္ပဏီများကို လုပ်ရှားဆောင်ရွက်ခွင့် ပေးမည်ဖြစ်ကြောင်း၊ သို့ရာတွင် အကောက်ခွန်ကင်းလွတ်ခွင့် ရရှိရေးအတွက်ပြည်တွင်းပြည်ပကုမ္ပဏီများသည် ၎င်းထွက်ကုန်အား လုံးကို ပြည်ပသို့ တင်ပို့ရောင်းချကြရမည်ဖြစ်ကြောင်း ထိုဝန်ကြီးက ရှင်းပြခဲ့သည်။ ထို့ပြင် ပို့ကုန်ပမာဏ တိုးမြှင့်ရေးအတွက် သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများမှ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းလွယ်ကူအောင်လည်း ပြုပြင်ပေးလိုက်သည်။

ကက်(ရှ)မီးယားပြည်နယ် ဝန်ကြီးတစ်ဦး အသတ်ခံရခြင်း – ကက်(ရှ)မီးယားပြည်နယ် ဝန်ကြီးဂူလမ်ဟပ်ဆန်ဘတ်နှင့် အပေါင်းပါ ၇ ဦးတို့သည် ကားတစ်စီး၌ အတူသွားကြစဉ် အနန်တနက်မြို့အနီးတွင် အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲလိုက်သည့် မြေမြှုပ်ဗုံးဒဏ်ကြောင့် မေလ ၁၅ ရက်နေ့က ကျဆုံးသွားခဲ့ရသည်။ ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းတွင် ပထမဆုံးသေဆုံးခဲ့ရသော ပြည်နယ်ဝန်ကြီး ဖြစ်သည်။ အိန္ဒိယပြည်ထဲရေးဝန်ကြီး အက်(ဒ်)ဗာနီက ၎င်းလုပ်ကြံမှုသည် ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့၏ လက်ချက်ဟုစွပ်စွဲခဲ့သည်။ ပါကစ္စတန်ကလည်း ထိုစွပ်စွဲချက်ကို ငြင်းဆိုလိုက်သည်။ ပါကစ္စတန်တွင် အခြေစိုက်ထားသော ဟစ်(ဇ်) ဘူလ်မူဂျာဟစ်ဒင် ခွဲထွက်ရေးသမား အုပ်လာ ၎င်းလုပ်ကြံမှုသည် ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

မေလအတွင်း ကက်(ရှ)မီးယားဒေသ၌ အကြမ်းဖက်ပစ်ခတ်မှုများ ရှိခဲ့သဖြင့် လူများအသေအပျောက်ရှိခဲ့သည်။ ၂၀၀၀ ပြည့်နှစ်၊ ပထမ ၄ လအတွင်း ခွဲထွက်ရေးသမားပေါင်း ၂၅၀ ကို သတ်ဖြတ်နိုင်ခဲ့ကြောင်း အိန္ဒိယစစ်တပ်က ပြောကြားခဲ့သည်။ ပါကစ္စတန် အခြေစိုက် ခွဲထွက်ရေးသမားတို့သည် ကက်(ရှ)မီးယားဒေသအတွင်းသို့ စိမ့်ဝင်ထိုးဖောက်မှုတိုးပွားလာကြောင်းကိုလည်း ပြောပြခဲ့သည်။

ထရီပူရမှလူမျိုးရေးအကြမ်းဖက်မှုများ –အိန္ဒိယအရှေ့မြောက်ဒေသရှိ ထရီပူရပြည်နယ်တွင် ဒေသခံပြည်သူများနှင့် ဥပဒေမဲ့ဝင်ရောက်လာသော ဘင်္ဂါလီလူမျိုးတို့အကြား အကြမ်းဖက်မှုများဖြစ်ပွားခဲ့သည်။ အဆိုပါ အကြမ်းဖက်မှုများကို နှိမ်နင်းရန် ဗဟိုအစိုးရက ထိုပြည်နယ်သို့ အရန်စစ်သည်တပ်ခွဲ ၁၀ ခုကို စေလွှတ်ပေးခဲ့ရသည်။ မတရားသင်းအဖြစ် ကြေညာထားသော ထရီပူရသူပုန်တပ်ဖွဲ့က ဘင်္ဂါလီညာတိုအား သတ်ဖြတ်ခဲ့သည်။ ထိုသူပုန်အဖွဲ့က ထရီပူရလွတ်လပ်ရေးအတွက် တောင်းဆိုလျက်ရှိသည့်အပြင် ဘင်္ဂါလီလူမျိုးတို့အား နှင်ထုတ်ပေးရန် ဗဟိုအစိုးရကို တောင်းဆိုခဲ့သည်။ ၂၀၀၀ ပြည့်နှစ်၊ ပထမ ၄ လပိုင်းအတွင်း လူပေါင်း ၁၇၀ ကျော်တို့သည် အကြမ်း ဖက်မှုများကြောင့် သေဆုံးခဲ့ကြရသည်။

ကမ္ဘာ့ဘဏ်၏ ဝေဖန်ချက် – မေလ ၂၄ ရက်နေ့က ပြင်သစ်နိုင်ငံ ပါရီမြို့တွင် အလှူရှင်နိုင်ငံများ၏ အစည်းအဝေးကျင်းပရာ၌ ကမ္ဘာ့ဘဏ်မှ ညွှန်ကြားရေးမှူး အက်ဒွပ်လင်း(မ်)က အိန္ဒိယ၏ ငွေကြေးမူဝါဒအပေါ် ပြင်းထန်စွာ ဝေဖန်ခဲ့သည်။ အိန္ဒိယအစိုးရတွင် အမျိုးသားကြွေးမြီသည် ကြောက်ခမန်းလိလိ မြင့်တက်နေသဖြင့် အိန္ဒိယအစိုးရသည် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်စွမ်း ရှိမည်မဟုတ်ကြောင်း သုံးသပ်ပြောကြားခဲ့သည်။ ပြည်နယ်များစွာ၌ ရသမျှအခွန်ငွေ များမှာ အတိုးပေးဆပ်ရခြင်းနှင့် ဝန်ထမ်းလစာများထုတ်ပေးရခြင်းတို့ကြောင့် ကုန်ခန်းသွားရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ရန် ငွေကြေးမရှိတော့ကြောင်း သုံးသပ်ပြခဲ့သည်။ အိန္ဒိယသည် အခွန်စနစ်ပြုပြင်ရေးနှင့် အစိုးရ၏ထောက်ပံ့မှု စနစ်များကို အရေးတကြီးပြင်ဆင်ရန် လိုအပ်နေကြောင်း ထောက်ပြခဲ့သည်။

သန်းတစ်သောင်းမြောက် နိုင်ငံသူကလေး – မေလ ၁၁ ရက်နေ့တွင် နယူးဒေလီမြို့ရှိ ဆေးရုံတစ်ခု၌ အက်(စ်)သာအာရီရာ အမည်ရှိ မိန်းကလေးတစ်ဦးဖွားမြင်ခဲ့သည်။ ထိုမိန်းကလေးကို အိန္ဒိယနိုင်ငံ၏ သန်းတစ်ထောင်မြောက် နိုင်ငံသူအဖြစ် တရားဝင်အခမ်းအနားဖြင့် ကြိုဆိုဂုဏ်ပြုခဲ့သည်။ ကုလသမဂ္ဂ၏ ကိန်းဂဏန်းများအရ အိန္ဒိယနိုင်ငံတွင် ၁၉၉၉ ခုနှစ်၊ ဩဂုတ်လအတွင်းကပင် လူဦးရေသန်းပေါင်း တစ်ထောင်

ပြည့်ခဲ့ပြီဟုဆိုသည်။ ၁၉၄၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရရှိစအချိန်က လူဦးရေသန်းပေါင်း ၇၀၀ ရှိခဲ့သည်။

ကက်(ရှ်)မီးယားတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကျင့်သုံးရေး – ဂျမ္မူ–ကက်(ရှ်)မီးယားဒေသ ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ၅ ရက်ကြာ ဆွေးနွေးငြင်းခုံခဲ့ကြပြီးနောက် မေလ ၂၆ ရက်နေ့တွင် ပြည်နယ်အစိုးရသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အကောင်အထည်ကျင့်သုံးရန် ဆုံးဖြတ်ခဲ့သည်။ ထိုပြည်နယ်လွှတ်တော်အတွင်း၌ ပါဝင်နေသော ဘီဂျေပီအမတ်များနှင့် ကွန်ဂရက်(အိုင်) ပါတီအမတ်များက ကန့်ကွက်ခဲ့ကြသည်။ သို့ရာတွင် ဒေသခံပါတီအမတ်ဦးရေက သုံးပုံနှစ်ပုံကျော်ရှိနေသဖြင့် မူလအဆိုကို အတည်ပြုနိုင်ခဲ့ကြသည်။ ဤဆုံးဖြတ်ချက်အရ ပြည်နယ်အစိုးရသည် ၁၉၄၇ နှင့် ၁၉၅၃ ခုတို့အကြား ရရှိခဲ့သော အထူးအဆင့်အတန်းအတိုင်း ကျင့်သုံးသွားရန်ဖြစ်သည်။ ကာကွယ်ရေး၊ နိုင်ငံခြားဆက်ဆံရေး၊ ဆက်သွယ်ရေးလုပ်ငန်းများမှအပ ကျန်အရေးကိစ္စအားလုံးတွင် ပြည်နယ်အစိုးရသည် လုံးဝကိုယ်ပိုင်အုပ်ချုပ်မှု အခွင့်အရေးကို ကျင့်သုံးခွင့်ရှိခဲ့သည်။ ဤအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားရန် ပြည်နယ်လွှတ်တော်က ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဤဆုံးဖြတ်ချက်ကို အကြောင်းပြုပြီး ဗဟိုအစိုးရအဖွဲ့အတွင်း မပြတ်မသားဖြစ်ခဲ့ရသကဲ့သို့ ကက်(ရှ်)မီးယားဒေသအတွင်း၌လည်း လူမျိုးရေး၊ ဘာသာရေးအုပ်စုများအလိုက် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သည်။ အဆိုပါဒေသအတွင်း အကြမ်းဖက်မှုများ၊ ခွဲထွက်ရေးလှုပ်ရှားမှုများလည်း ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။

ခရိယာန်ဆန့်ကျင်ရေး အကြမ်းဖက်မှုများ – ၁၉၉၀ ပြည့်နှစ်မှစ၍ အိန္ဒိယနိုင်ငံတွင် ရိုမန်ကက်သလစ်ဂိုဏ်းချုပ်ဘုန်းတော်ကြီးအဖြစ် ဆောင်ရွက်နေသော အလန်ဒီလပ်(စ်)တစ်သည် ပိုလန်နိုင်ငံသို့ သွားရောက်ခိုက် ယာဉ်တိုက်မှုဖြင့် ကွယ်လွန်ခဲ့သည်။ အသက် ၇၀ အရွယ်တွင် ကွယ်လွန်သွားခြင်းဖြစ်သည်။ သူသည် ဥရောပ–မြန်မာကပြားတစ်ဦးဖြစ်သည်။ သူသည် ၁၉၄၂ ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံတွင် နေထိုင်ခဲ့သည်။ သူသည် အိန္ဒိယနိုင်ငံသားဖြစ်ရမှုကို ဂုဏ်ယူလျက်ရှိပြီး ဘာသာရေး အဖွဲ့အစည်းအချင်းချင်း သည်းခံခွင့်လွှတ်ရေးကို တက်ကြွစွာ ဟောပြောခဲ့သူဖြစ်သည်။ ဟိန္ဒူအခြေခံဝါဒီများက ခရိယာန်လူနည်းစုတို့အပေါ် အကြမ်းဖက်ရက်စက်မှုများ ကျူးလွန်မှု ကို သူသည် အပြင်းအထန်ဆန့်ကျင်ခဲ့သည်။ အစွန်းရောက် ဟိန္ဒူအခြေခံဝါဒီများသည် ခရိယာန်များကို နှိမ်နင်းချုပ်ခြယ်ရေးအတွက် လူအား၊ ငွေအား၊ လက်နက်အားများ ဖြည့်ဆည်းပေးခဲ့သည်။ အိန္ဒိယအစိုးရကလည်း ယင်းသို့ ကျူးလွန်မှုများကို မသိကျိုးကျွံပြုထားသည်ဟု ခရိယာန်များကို စွပ်စွဲဝေဖန်ခဲ့ကြသည်။

ဘီဟာနယ်မှ ဇာတ်နိမ့်–ဇာတ်မြင့်လူသတ်ပွဲများ – ဘီဟာပြည်နယ် မြို့တော်ပတ္တနာ၏ အနောက်တောင်ဘက် ကီလိုမီတာ ၁၅၀ အကွာရှိ ဩရန်ဂဘဒ်ခရိုင်မှ ဇာတ်နိမ့် ၃၄ ဦးတို့အား ဇွန် ၁၆ ရက်နေ့က အစုအပြုလိုက် သတ်ဖြတ်ခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ဇာတ်နိမ့်တို့အား လွတ်လပ်ရေးမရမီက မထိတို့ရသူ များ (The Untouchables) ဟု ခေါ်တွင်ခဲ့သည်။ လွတ်လပ်ရေးရပြီး နောက်ပိုင်း၌ ဇာတ်နိမ့်တို့အား ဒလစ် (ဒလိဒ္ဒ–ဆင်းရဲသား) ဟု ခေါ်တွင်စေခဲ့သည်။

ထိုအစုအပြုလိုက် လူသတ်ပွဲအတွက် ဘူမိဟာရ် ခေါ် မြေရှင်ဇာတ်အဖွဲ့ဝင်တို့က ထောက်ပံ့ထားသော ရန်ဘီယာသေန ခေါ် ခါးပိုက်ဆောင်တပ်ဖွဲ့၌ တာဝန်ရှိသည်ဟု အများက ယူဆထားကြသည်။ ထိုလူသတ်ပွဲမှာ ဇွန်လ ၁၂ ရက်နေ့တွင် ဇာတ်မြင့် ၁၂ ဦး အသတ်ခံရမှုအတွက် လက်တုံ့ပြန်ခြင်းဖြစ်သူဟု ယူဆနေကြသည်။ ထိုဇာတ်မြင့် ၁၂ ဦး အသတ်ခံခဲ့ရခြင်းမှာလည်း ဇွန်လ ၄ ရက်နေ့တွင် ဇာတ်နိမ့် ၅ ဦး အသတ်ခံခဲ့ရသည့်အတွက် မော်စီတုန်းဂိုဏ်းဝင် နက်ဆပ်လိုက်ပြောက်ကျားတပ်ဖွဲ့များ၏ လက်ချက်ဟုဆိုကြသည်။ ဘီဟာနယ်တွင် ဇာတ်နိမ့်–ဇာတ်မြင့် ကွဲပြားမှုများကို အခြေခံပြီး ဟိန္ဒူအစွန်းရောက်နှင့် ကွန်မြူနစ်အစွန်းရောက်အဖွဲ့တို့က အပြန်အလှန် ကလဲ့စားချေ လူသတ်ပွဲများကို ကျင်းပနေခြင်းဖြစ်၍ အိန္ဒိယဗဟိုအစိုးရက ထိုနှစ်ဖွဲ့အား အကြိမ်ကြိမ်သတိပေးခဲ့ရသည်။

ကက်(ရှ်)မီးယား စစ်သွေးကြွသူပုန်အဖွဲ့ ကမ်းလှမ်းချက် – ကက်(ရှ်)မီးယားတွင် အကြီးဆုံးလက်နက်ကိုင် စစ်သွေးကြွသူပုန်အဖွဲ့ဖြစ်သော ဟစ်(ဇ်)ဘူလ်မူဂျာဟစ်ဒင်အဖွဲ့က ဇူလိုင်လ ၂၄ ရက်နေ့တွင် ရုတ်တရက် ကမ်းလှမ်းချက် တစ်ခုပြုလုပ်ခဲ့သည်။ အိန္ဒိယအစိုးရဘက်မှ လူ့အခွင့်အရေးချိုးဖောက်မှုများ ရပ်ဆိုင်းပြီး စစ်သွေးကြွတို့အပေါ် တိုက်ခိုက်မှုမပြုလျှင် ၎င်းအဖွဲ့အနေဖြင့် သုံးလကြာ အပစ်အခတ်ရပ်စဲမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထိုကမ်းလှမ်းချက်ကို အိန္ဒိယအစိုးရက လက်ခံလိုက်ပြီး ထိုအဖွဲ့အားအိန္ဒိယတပ်ဖွဲ့များက တိုက်ခိုက်မှုမပြုရန် အမိန့်ပေးခဲ့သည်။ ဩဂုတ်လစောစောပိုင်းတွင် အစိုးရအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့နှင့် ထိုသူပုန်အဖွဲ့ခေါင်းဆောင်တို့သည် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲကျင်းပမှု ပုံသဏ္ဌာန်နှင့် ပတ်သက်ပြီး အပေးအယူမတည့်သဖြင့် ထိုဆွေးနွေးပွဲပျက်သွားပြီး အပစ်အခတ်ရပ်စဲရေးကိစ္စမှာလည်း ပြီးဆုံးသွားခဲ့သည်။ ထိုငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားစေရန် ကက်(ရှ်)မီးယားရှိ အပြိုင်အဆိုင် သူပုန်အဖွဲ့များကလည်း လှုပ်ရှားခဲ့သည်။ လူသတ်ပွဲများလည်း ဖြစ်ပေါ်ခဲ့သည်။

ဂျမ္မူ–ကက်(ရှ်)မီးယား ပြည်နယ်လွှတ်တော်က ကိုယ်ပိုင် အုပ်ချုပ်ခွင့်ကျင့်သုံးရန် ဆုံးဖြတ်ချက်ကို အိန္ဒိယဗဟိုအစိုးရ အဖွဲ့က ဇူလိုင်လ ၄ ရက်နေ့တွင် ပယ်ချခဲ့သည်။ ဝန်ကြီးချုပ် ဗါ(ဂျ်)ပါယီးသည် ဤကိစ္စနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီး ချုပ်နှင့် သီးခြားဆွေးနွေးခဲ့သည်။

**အိန္ဒိယ–အီးယူ ပထမအကြိမ် ထိပ်သီးအစည်းအဝေး** – ဇူလိုင်လ ၂၈ ရက်နေ့တွင် ပေါ်တူဂီနိုင်ငံ၊ လစ္စဘွန်းမြို့၌ အိန္ဒိယနှင့် ဥရောပ သမဂ္ဂတို့အကြား ပထမဆုံးအကြိမ် ထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့သည်။ အပြန်အလှန် ကုန်သွယ်မှုတိုးတက်ရေး၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ရေးတို့ပါဝင်သည့် အချက် ၂၂ ချက်ပါ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ အိန္ဒိယနိုင်ငံဘက်မှ ဝန်ကြီးချုပ်ဗါ(ဂျ်)ပါယီး တက်ရောက်ခဲ့ပြီး ဥရောပသမဂ္ဂဘက်မှ ဥရောပကော်မရှင်ဥက္ကဋ္ဌ ရိုမန်နိုပရိုဒီနှင့် ပေါ်တူဂီဝန်ကြီးချုပ်လည်းဖြစ်၍ ဥရောပကောင်စီဥက္ကဋ္ဌလည်း ဖြစ်သော အန်တိုနီယိုဂူတာရက်(စ်) တို တက်ရောက်ခဲ့ကြသည်။

**နာမည်ကျော်ရုပ်ရှင်မင်းသားကြီးအား ပြန်ပေးဆွဲမှု** – တမီလ်နာဒူးပြည်နယ်မှ ဒေသခံဘာသာစကားသုံး ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀၀ ကျော်၌ ပါဝင်သရုပ်ဆောင်ခဲ့သော မင်းသားကြီး ရပ်(ဂျ်)ကူးမားသည် ဇူလိုင်လ ၃၀ ရက်နေ့တွင် ပြန်ပေးဆွဲခံလိုက်ရသည်။ ပြန်ပေးဆွဲသူမှာ နာမည်ကြီးလူဆိုး မူနိဆွာမိဗီးရာပဲန်ဖြစ်သည်။ သူသည်ဆင်များကို ခိုးယူဖမ်းဆီးသူ၊ စန္ဒကူးနံ့သာတုံးများ မှောင်ခိုသူဖြစ်သည်။ ရုပ်ရှင်မင်းသားကြီးသည် ပရိသတ်အများကြိုက်ဖြစ်ရာ ၎င်းအား ပြန်ပေးဆွဲခံရကြောင်း သတင်းထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ပြည်နယ်မြို့တော် ဘန်ဂလိုး၌ ဆူပူမှုများဖြစ်ပွားပြီး သွားလာရောင်းဝယ်မှုလုပ်ငန်းများ ရပ်တန့်သွားခဲ့သည်။ ဓားစာခံများအား လွှတ်ပေးရေးအတွက် ပြည်နယ်အစိုးရသည် လူဆိုးတစ်ပြမျးခိုအောင်းရာသို့ အစိုးရကိုယ်စားလှယ်ကို စေလွှတ်ပေးခဲ့ရသည်။

**အမေရိကန်နှင့် ဆက်ဆံရေး** – စက်တင်ဘာလ ၈–၁၈ ရက်နေ့များတွင် ဝန်ကြီးချုပ်ဗါ(ဂျ်)ပါယီးသည် ကုလသမဂ္ဂ ထောင်စုနှစ် ထိပ်သီးဆွေးနွေးပွဲကို တက်ရောက်ရန်သွားရင်း အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိခဲ့သည်။ အမေရိကန်အစိုးရက ဗါ(ဂျ်)ပါယီးအား လှိုက်လှဲစွာကြိုဆိုခဲ့သည်။ စက်တင်ဘာလ ၁၅ ရက်နေ့တွင် လွှတ်တော်နှစ်ရပ်ပေါင်းထားသော ကွန်ဂရက်အစည်းအဝေး၌ အိန္ဒိယဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခဲ့သည်။ ထိုအချိန်တွင် ပါကစ္စတန်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးမူရှာရက်(ဖ်)လည်း ရောက်ရှိနေသော်လည်း အိန္ဒိယဝန်ကြီးချုပ်လောက် ဦးစားပေးခံခဲ့ရခြင်းမရှိပေ။ အိန္ဒိယနှင့် အမေရိကန်ပြည်ထောင်စုတို့၏ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာကြောင်း ပြသခဲ့သည်။

**နိုင်ငံရေးခေါင်းဆောင်များ ထောင်ဒဏ်ချခံရခြင်း** – နယူးဒေလီမြို့တွင် ရုံးထိုင်သော အထူးတရားရုံးက ဝန်ကြီးချုပ်ဟောင်း ပီဗီနာရာဆင်ဟာရောင်း(အသက် ၇၉ နှစ်)နှင့် ပြည်ထောင်ရေး ဝန်ကြီးဟောင်း ဘူတာဆင်းတို့အား လာဘ်ပေး အကျင့်ပျက်မှု ဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ်စီ၊ ငွေဒဏ်ရူပီးတစ်သိန်းစီ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ထိုခေါင်းဆောင်ဟောင်း နှစ်ဦးသည် ဂျားခန်းမုက္တိမုချပါတီမှ အမတ် ၄ ဦးအား အိန္ဒိယအောက်လွှတ်တော်၌ အယုံအကြည်မရှိ အဆိုသွင်းသည့်အခါ ကွန်ဂရက်(အိုင်) ပါတီအား ထောက်ခံမဲပေးရန် လာဘ်ထိုးခဲ့မှုဖြင့် စွဲချက်တင်ခံခဲ့ကြရသည်။ အသက်အရွယ်ကို ထောက်ထား၍ ဝန်ကြီးချုပ်ဟောင်း နာရာဆင်ဟာရောင်းအား အယူခံခွင့် ပေးခဲ့သည်။


**ရုရှားသမ္မတပူတင် ရောက်ရှိလာခြင်း** – အောက်တိုဘာလ ၂–၅ ရက်နေ့များတွင် ရုရှားသမ္မတပူတင်သည် အိန္ဒိယနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ဘောရစ်ယဲ့လ်ဆင် ရောက်ရှိလာပြီးနောက် အိန္ဒိယသို့ ပထမဆုံးရောက်ရှိလာသော ရုရှားသမ္မတဖြစ်သည်။ စစ်ရေးပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်ရေး၊ သိပ္ပံနှင့် စွမ်းအင်ဆိုင်ရာဆက်သွယ်ရေး တို့ပါဝင်သော "မဟာဗျူဟာမြောက် မဟာမိတ်ပြုမှု" သဘောတူစာချုပ်ကို နှစ်နိုင်ငံခေါင်းဆောင်တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ ဗာ့(ဂျ်)ပါယီးနှင့် ပူတင်တို့အကြား သဘောတူစာချုပ်လက်မှတ်ထိုးမှုသည် အမေရိကန်နှင့် အိန္ဒိယတို့အကြား ဆက်ဆံမှုကို ချိန်အလျှာမျှတအောင် ပြုလုပ်လိုက်ခြင်းဖြစ်သည်။ အိန္ဒိယနှင့်ရုရှားတို့အကြား လက်နက်ရောင်းဝယ်ရေး သဘောတူစာချုပ်များကိုလည်း လက်မှတ်ရေးထိုးခဲ့ကြသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အိန္ဒိယအနေဖြင့် အမြဲတမ်း ကိုယ်စားလှယ်နေရာ ရရှိရေးကိုလည်း ပူတင်က ထောက်ခံ ကြောင်းပြောကြားခဲ့သည်။

(ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ–ရှု။)

**ပြည်နယ်သုံးခု ဖွဲ့စည်းတည်ထောင်လိုက်ခြင်း** – နိုဝင်ဘာလအတွင်း အိန္ဒိယသမ္မတနိုင်ငံတွင် ချတ္တစ္စဂါးပြည်နယ်၊ ဥတ္တရန်ချားလ်ပြည်နယ်၊ လားခန်းပြည်နယ်ဟူ၍ ပြည်နယ်သစ်သုံးခု တိုးချဲ့တည်ထောင်ဖွဲ့စည်းလိုက်သည်။ သို့ဖြစ်၍ အိန္ဒိယနိုင်ငံတွင် ပြည်နယ်စုစုပေါင်း ၃၀ အထိ ဖွဲ့စည်းဖြစ်ပေါ်လာခဲ့သည်။ ပြည်နယ်သစ်များ တိုးချဲ့ဖြစ်ပေါ်လာခြင်းသည် ဘီဂျေပီပါတီအတွက် ထောက်ခံမဲပိုမိုရရှိစေရန် ဖြစ်သည်ဟု အကဲခတ်သမားများက ပြောဆိုနေကြသည်။ အချို့ကလည်း ပြည်နယ်သစ်များ တိုးချဲ့လာခြင်းသည် လက်ရွေးစင်နိုင်ငံရေးသမား

တစ်စု ကောင်းစားရေးသာဖြစ်ပြီး သက်ဆိုင်ရာပြည်သူများအဖို့ ထူးခြားမှုရှိမည်မဟုတ်ဟု ဆိုကြသည်။ ပြည်နယ်သစ်သုံးခု စလုံးတွင် အတိတ်ကာလ သမိုင်းအမွေဆိုးများကို ဆက်ခံကြရဦးမည်ဖြစ်သည်။ ထိုပြည်နယ်၌ လူမျိုးရေး၊ ဘာသာရေး ဂိုဏ်းကွဲမှုများရှိနေသည်။ သူပုန်လှုပ်ရှားမှုများရှိနေသည်။ အခြေခံအဆောက်အအုံများမှာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော အခြေအနေတွင် ရှိနေသည်။ ပြည်နယ်လွှတ်တော် အသီးသီးအတွက် ရွေးကောက်ပွဲများ ကျင်းပသည့်အခါ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်နိုင်သည့် အလားအလာများရှိနေသည်။

ပါတီဥက္ကဋ္ဌနေရာ ဆုပ်ကိုင်ထားနိုင်သော ဆိုနီယာဂန္ဒီ – ကွန်ဂရက်(အိုင်) ပါတီအတွင်း ဥက္ကဋ္ဌနေရာ ရွေးကောက်ပွဲ၌ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ဆိုနီယာဂန္ဒီပင် ဆက်လက်



ကွန်ဂရက်အိုင်ပါတီဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရသော ဆိုနီယာ ဂန္ဒီအား ထောက်ခံကြသူများက အောင်ပွဲခံကာ လှည့်လည်ကြွေးကြော်နေကြစဉ်

ရွေးကောက် တင်မြှောက်ခံခဲ့ရသည်။ ဥက္ကဋ္ဌနေရာအတွက် ဂျိတဲန်ဒရာပရာဆာဒါက ယှဉ်ပြိုင်အရွေးခံခဲ့သည်။ နေရူး–ဂန္ဒီ နိုင်ငံရေး အရိုက်အရာကို ဆက်ခံရေးအတွက် ယှဉ်ပြိုင်သူမရှိ အရွေးခံရမြဲဖြစ်သည်။ ယခုအကြိမ်တွင် ပထမဆုံး ယှဉ်ပြိုင်သူပေါ်လာခဲ့သည်။ သို့ရာတွင် ဆိုနီယာဂန္ဒီပင် ထောက်ခံမှုအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ထောက်ခံမှု ၉၈ ရာခိုင်နှုန်းကျော် ရရှိခဲ့သည်။

ပြည်လည်ပေါ်ထွက်လာသောအယုဒ္ဓယအရေး–ဒီဇင်ဘာလ ၆ ရက်နေ့သည် အယုဒ္ဓယမြို့၌ ၁၆ ရာစုနှစ်က ဆောက်လုပ်ခဲ့သော မွတ်စလင်ဗလီကို ဖြိုဖျက်ခဲ့သော နှစ်ပတ်လည်အထိမ်းအမှတ်နေ့ဖြစ်သည်။ ထိုနေ့တွင် ဝန်ကြီးချုပ်ဗာ့(ဂျ်)ပါယီးက ဗလီဟောင်းနေရာတွင် ဟိန္ဒူဘုရား ကျောင်းတည်ဆောက်ရေး မှာ "အမျိုးသားရေးဆန္ဒ အာသီသဖြစ်ကြောင်း"၊ ဤကိစ္စမှာ "မပြီးဆုံးသေးသော အစီအစဉ်" တစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဗလီဟောင်းနေရာသည် မူလက ရာမဘုရားကျောင်းနေရာ ဖြစ်ခဲ့ဖူးသည်ဟုဆိုသည်။ ထို့ကြောင့် ရာမ ဘုရားကျောင်းနေရာဟောင်းပေါ်ရှိ ဘာဘရီဗလီကို ဖြိုဖျက်ရင်း လူပေါင်းထောင်ချီ၍ သေဆုံးခဲ့ရသည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ ကွန်ဂရက်(အိုင်) ပါတီနှင့် ဘီဂျေပီပါတီတို့အကြား စကား စစ်ထိုးပွဲများ၊ အပြန်အလှန်အပုပ်ချပွဲများ ရှိခဲ့သည်။ နိုင်ငံရေး တွင် ဘာသာရေးမစွက်ဘဲ လောကီရေးသက်သက် လုပ်ဆောင်ရေးအတွက် အငြင်းပွားနေဆဲဖြစ်သည်။

ကက်(ရှ်)မီးယားဒေသအရေး – မွတ်စလင်တို့၏ ဥပုသ်ပွဲလဖြစ်သော ရမ္မဒန်အခါသမယကို အကြောင်းပြု၍ ဒီဇင်ဘာလတွင် အိန္ဒိယအစိုးရဘက်မှ အပစ်အခတ်ရပ်စဲကြောင်း တစ်ဖက်သတ် ကြေညာခဲ့သည်။ ပါကစ္စတန်ဘက်မှလည်း ထိန်းချုပ်ရေးမျဉ်းကြောင်းတစ်လျှောက်၌ ကျူးကျော်မှုမရှိစေရန် အစွမ်းကုန် ထိန်းချုပ်ထားမည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၃ ရက်နေ့က ကြေညာခဲ့သည်။ သို့ဖြစ်ရာ ဂျမ္မူ–ကက်(ရှ်)မီးယားအရေးတွင် နှစ်ဘက်စေ့စပ်ညှိနှိုင်းမှုများ တိုးတက်ဖြစ်ပေါ်လာမည့် အရိပ်အယောင်များရှိလာခဲ့ပေသည်။ အပစ်အခတ်ရပ်စဲရေးကို အိန္ဒိယဘက်မှ ကြေညာပြီးနောက်ပိုင်းတွင် ပါကစ္စတန် တို့ဘက်မှလည်း ထိန်းချုပ်ရေးမျဉ်းကြောင်းမှ ၎င်း၏တပ်များကို တစ်စိတ်တစ်ပိုင်း ဆုတ်ခွာပေးခဲ့သည်။ အပြန်အလှန်ပစ်ခတ်မှုနှင့် ကျူးကျော်မှုများလည်း လျော့နည်းသွားခဲ့သည်။

ဦးခင်မောင်မြ

# အက္ခရာစဉ်အညွှန်း

## မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၀၁)

ဤမြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ဆောင်းပါးများနှင့် အကြောင်းရပ်များကို တစ်ပုဒ်ချင်းဖတ်ရှုလေ့လာနိုင်သည့်အပြင် ရည်ညွှန်းကိုးကားဖွယ်အကြောင်းတို့ လွယ်လင့်တကူအလျင်အမြန်ရှာဖွေလိုပါကလည်းအက္ခရာစဉ်အညွှန်းကို အသုံးပြုနိုင်ပါသည်။ရည်ညွှန်းကိုးကားဖွယ်အကြောင်းရပ်၏အမည်ကို ဖတ်ရှုနိုင်သည့်ဆိုင်ရာ စာမျက်နှာအမှတ်နှင့် ယှဉ်တွဲဖော်ပြထားပါသည်။


က

ကရာဇီ,ဘက်တီနို ၁၃၅။
ကလင်တန် ၂၀၈။
ကာယဗလဦးရှိန် ၁၅၆။
ကာလ်ချီ ၅၆။
ကုမာရတွန်ဂွါ, ချန်ဒရိကာ ၂၇။
ကိုဖီအန်နန် ၅၊ ၂၅၊ ၃၁၊ ၁၂၇။
ကိုရီးယားသမ္မတနိုင်ငံ ၁၁၈–၁၂၂။
ကိုးကန့်ဒေသ မူးယစ်ဆေးဝါး ပပျောက်ရေးအထိမ်းအမှတ်ပြတိုက် ၁၂၃ – ၁၂၅။
ကိုးလ်ဘတ်, အက်ဒဝင်အိပ်ချ် ၁၁၃။
ကင်မ်ဂျုံပီး ၁၁၈၊ ၁၂၂။
ကင်မ်ဒေးယုံ ၁၂၀၊ ၁၂၁။
ကင်မ်ယွန်ပီး ၁။
ကမ္ဘာကျော် ကျောက်စိမ်းတုံးကြီး ၁၂၅၊ ၁၂၇။
ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ၁၈၁။
ကမ္ဘောဒီးယားနိုင်ငံ ၁၂၇၊ ၁၂၈။
ကျူရှုံကျို ၃။
ကျန်ဇီမင်း ၃၊ ၁၇၊ ၁၆၀၊ ၁၆၁။
ကြည်ကြည်ဌေး ၁၂၉၊ ၁၆၇။
အကယ်ဒမီ ဝဏ္ဏကျော်ထင် ကွယ်လွန်သူ ထင်ရှားသော ပုဂ္ဂိုလ်များ ၁၂၉– ၁၃၈။

ခ

ခိုး, ဟဲလ်မို ၁၄၃၊ ၂၀၂။
ခင်ညွန့်၊ ဒုတိယ ဗိုလ်ချုပ်ကြီး ၇–၆၊ ၈–၁၀၊ ၁၂–၁၅၊ ၁၇–၂၇၊ ၂၉၊ ၃၀၊ ၃၂၊ ၃၈၊ ၃၉၊ ၈၆၊ ၈၇၊ ၁၁၄၊ ၁၈၅၊ ၁၉၃၊ ၁၉၆၊ ၁၉၉၊ ၂၂၅၊ ၂၃၁၊ ၂၃၃။
ချွမ်လီပိုင် ၃၊ ၁၅၁၊ ၁၇၆၊ ၁၇၇၊ ၁၈၁။

ဂ

ဂရေး,ချားလ်စ် ၁၃၆။
ဂူတင်ဗတ်, ဂျွန် ၅၆။
ဂိုချောက်တောင် ၂၉၊ ၁၅၁။
ဂိုရှီရီ, ဟော့ရှန် ၁၃၆။
ဂတ်စ်မန်, ဘစ်တိုရီယို ၁၃၆။
ဂန္ဓီ, ဆိုနီယာ ၃၁၄။
ဂုဏ်ထူးဆောင် ဘွဲ့များ ဂုဏ်ထူးဆောင်တံဆိပ်များ ၁၃၉၊ ၁၄၀။
ဂျပန်နိုင်ငံ ၁၄၀–၁၄၃။
ဂျာမနီနိုင်ငံ ၁၄၃–၁၄၉။
ဂျိုးဟန်းနက်(စ်) ဝိုင်းရစ်(ချ်) ၁၄၄။
ဂျားရော့တ်, အန်ဒရီ ၁၃၆။
ဂျက်ဖရီ, အလီဆာဒါ ၁၃၆။
ဂျိမ်းစ်လှကျော် ၅၈။
ဂွမ်အိုဗာဆန်ဂျို, အိုလူဆီ ၂၂။

စ

စတုတ္ထသံဂါယနာ ၈၃။
စံကျောက်တော် ၉၁။
စင်ကာပူနိုင်ငံ ၁၄၉–၁၅၄။
စန္ဒရားလှထွတ် ၁၅၄၊ ၁၅၅။

ဆ

ဆာခိန်း ၂၁၊၂၂။
ဆာဒါကို အိုဂါတာ ၂၃၇။
ဆိုရန်တိုဗီလာ ၆၀။
ဆဋ္ဌသံဂါယနာ ၈၄။
ဆဋ္ဌသံဂါယနာ မော်ကွန်းပြတိုက် ၇၈–၈၇။
ဆန်နီ၊ ဦး (စုံထောက်) ၁၅၅။

ဇ

ဇူဘီ, မာမိုးဒ် ၁၃၇။
ဇော်ဝိတ်၊ ဦး ၁၅၆–၁၅၈။

တ

တတိယ သံဂါယနာ ၈၁။

## အက္ခရာစဉ်အညွှန်း


တရုတ်ပြည်သူ့ ၁၅၈–၁၆၅။
သမ္မတနိုင်ငံ
တာကီရိုတာ, ၁၃၇။
နီဘိုရု
တော်တော်၊ ဦး ၃၇၊ ၃၈။
တင်မောင်၊ ဦး ၁၆၅–၁၆၈။
(အေဝမ်း)
တင်ရွှေ၊ ဆရာဝန် ၁၆၈၊ ၁၆၉။
တင်ဦး၊ ဒုတိယ ၁၊ ၃၊ ၄၊ ၇၊ ၁၀၊
ဗိုလ်ချုပ်ကြီး ၁၁၊ ၁၃၊ ၁၆–၁၈၊
၂၀၊၂၂၊ ၂၅၊၂၈။
တောင်အာဖရိက ၁၆၉–၁၇၅။

ထ

ထရန်ဒက်လွန် ၁၈။
ထိုင်းနိုင်ငံ ၁၇၅–၁၈၂။

ဒ

ဒုတိယသံဂါယနာ ၈၀။
ဒယ်လ်ကွန်တီ ၅၆။

န

နဂါးနီ ၅၉။
နဂါးဗိုလ် ၉၁။
နာဂါကို, ဒိုဝါကာ ၁၃၇။
နေဝင်း၊ ဦး ၁၆၅။
နိုင်ငံတကာ ၁၈၂–၁၈၅။
စာတတ်မြောက်
ရေးနေ့
နယ်စပ်ဒေသနှင့် ၁၈၅–၁၈၇။
တိုင်းရင်းသားလူမျိုး
များ ဖွံ့ဖြိုးတိုးတက်မှု
အကောင်အထည်ဖော်
ဆောင်ရွက်ရေး
လုပ်ငန်းများ
နှစ်ဆယ့်တစ်ရာစု ၁၈၈–၁၉၃။
အကြို ပုဂံရေး
ဟောင်းယဉ်ကျေး
မှု နယ်မြေလူထု
အစည်းအဝေးပွဲကြီး

ပ

ပခုက္ကူ ဦးအုံးဖေ ၁၉၃–၁၉၆။
စာပေဆုနှင့်ပညာ
ရည်ချွန်ဆု
ပညာရေးစုံညီ ၁၉၆–၂၀၀။
ပွဲတော်
ပထမသံဂါယနာ ၇၉။
ပရိဂိယာ ၅၆။
ပါမက်(ခ်),မူရာ ၁၈၁၊ ၃၁၂၊ ၃၁၆၊
ရက်(ဖ်)၊ ၃၁၇။
ဗိုလ်ချုပ်ကြီး
ပူတင်, ၁၁၊ ၂၃၊
ဗလာဒီမာ ၂၀၀–၂၀၃၊ ၂၆၃။
ပဥ္စမသံဂါယနာ ၈၃။
ပတ္တမြားငမောက် ၉၁။
ပတ်တေချွန်း ၁၁၈။
ပုံတောင်ကျိုးယား ၁၁၄။
ပုံတောင်ကျိုးယား ၁၁၃။
ကော့တရိုင်း
ပြည်သန်းနွယ် ၂၀၃၊ ၂၀၄။

ဖ

ဖယွန်း ၁၁၅။
ကျောက်လွှာ
ဖော်ဒီ, မိုဟာမ်မက် ၁၃၇။
ဖိုးကျား၊ ဦး ၅၉။
ဖန်ဗန်ခိုင် ၁၄။
ဖုန်ကြားရှင်၊ ဦး ၁၂၄၊ ၁၂၅။
ဖန်ဗန်ခိုင် ၁၅၁၊ ၂၃၆။
ဖန်ဗန်ဒွန်း ၁၃၇။

ဗ

ဗမော်၊ ဒေါက်တာ ၁၅၇။
ဗဟင်းနီးယား ၁၁၅၊ ၁၁၆။
ပုံတောင်ဂျန်းစစ်
ဗာ့(ဂ်) ပါယီး ၃၁၁။
ဗီယက်နမ်နိုင်ငံ ၂၀၄–၂၁၀။
ဗုဒ္ဓသာသနာတော် ၂၁၀–၂၁၅။
သန့်ရှင်းတည်တံ့
ပြန့်ပွားရေး
ဆောင်ရွက်ချက်
များ(၂၀၀၀)

ဘ

ဘကြည်၊ ဦး ၂၁၅၊ ၂၁၆။
(ပန်းချီဆရာကြီး)
ဘဌေး၊ ဦး ၂၁၆၊ ၂၁၇။
ဘညာဏ်၊ ဦး ၂၁၅။
ဘာနမ်ဘာရောင်း ၁၁၃။
ဘာရက်စ်, ၃၁။
အီဟာဒ်
ဘုရှ်, ဂျော့ရှ် ၂၉၊ ၃၁။
ဒဗလျူ
ဘန္ဒာရနိုက်ကေး, ၂၇၊ ၂၁၇၊ ၂၁၈။
သီရိမာဗို

မ

မလေးရှားနိုင်ငံ ၂၁၈–၂၂၃။
မဟာသီမိုဟာမက် ၄၊ ၁၅၁၊ ၂၁၈။
မာလာရီ ၁၂၉။
မိုရီ, ယိုရှီရို ၁၁။
မူးယစ်ဆေးဝါးနှင့် ၂၂၃–၂၂၉။
စိတ်ကိုပြောင်းလဲ
စေသောဆေးဝါးများ
အန္တရာယ်တားဆီး
ကာကွယ်ရေး
(မြန်မာနိုင်ငံ)(၂၀၀၀)
မူးယစ်ဆေးဝါးနှင့် ၁၀၂–၁၁၁။
ယနေ့လူငယ်
မင်ဒဲလား, ၂၃။
နယ်လ်ဆင်
မင်းတုန်းမင်း ၃၆၊ ၃၇၊ ၉၁။
မောင်အေး၊ ၁၊၂၇–၉၊၁၂၊
ဗိုလ်ချုပ်ကြီး ၁၃၊ ၁၅၊ ၁၆၊
၂၃–၂၅၊
၂၉–၃၂။

မေတ္တာရိပ်မွန် ၄၂–၅၃။
ကင်ဆာဖောင်ဒေးရှင်း
မြစေတီကျောက်စာ ၅၅။
မြတ်လေး၊ ၂၂၉–၂၃၁။
အကယ်ဒမီ
မြန်မာနိုင်ငံ ၂၃၁–၂၃၃။
စာတတ်မြောက်ရေး
အထောက်အကူပြု
ပင်မဌာန
မြန်မာနိုင်ငံ ၂၃၃–၂၃၆။
စာပေဆုများ
မြန်မာနိုင်ငံ ၅၄–၆၃။
စာအုပ်ထုတ်ဝေရေး
လုပ်ငန်း
မြန်မာနိုင်ငံတော်၊ ၂၃၆–၂၄၆။
ပြည်ထောင်စု
မြန်မာနိုင်ငံ ၁၁၂–၁၁၆။
ပုံတောင်ဒေသမှ
ရှာဖွေတွေ့ရှိသည့်
ကမ္ဘာ့ရှေးအကျဆုံး
လူတူပရိုင်းမိတ်
မြန်မာ့ကျောက်မျက် ၈၈–၁၀၁။
ရတနာပြပွဲများ
မြန်မာ့ကြံလုပ်ငန်းနှင့် ၂၄၆–၂၄၉။
သကြားစက်ရုံများ
မြန်မာ့ရိုးရာ ၂၄၉–၂၅၂။
ယဉ်ကျေးမှု အဆို၊
အက၊အရေး၊အတီး
ပြိုင်ပွဲ
မြန်မာ့ရုပ်ရှင် ၂၅၃၊ ၂၅၄။
ထူးချွန်ဆု
မြန်မာ့လည်ဆွဲ ၂၅၄၊ ၂၅၅။
ရတနာ(ပုတီး)ပြပွဲ

ယ

ယာဆာအာရာဖတ် ၂၂။
ယာဘား ၁၀၆။
ယာမား ၁၀၆။
ယူနိုက်တက် ၂၅၅–၂၅၉။
ကင်းဒမ်းနိုင်ငံ
ယဲ့(လ်)ဆင်, ဘောရစ် ၂၅၉။

ရ

ရုရှားဖက်ဒရေး ၂၅၉–၂၆၆။
ရှင်း သမ္မတနိုင်ငံ
ရေဝတ၊ ဘဒ္ဒန္တ ၈၆။
ရန်နိုင်၊ ဗိုလ် ၁၆၆။

လ

လီကွမ်ယု ၁၅၀။
လောကချမ်းသာ ၃၄–၄၁။
အဘယလာဘမုနိ
ရုပ်ပွားတော်
လက်တင် ၂၆၆–၂၇၁။
အမေရိကနိုင်ငံများ
လှတင်၊ ဦး ၂၇၁။
(စာရေးဆရာကြီး
လှသမိန်)
လှထွန်း၊ ဦး ၄၄။
လော့်ကားတင်ကြီး ၉၁။
လော့်ကားတင်လေး ၉၁။
ဝိစိတ္တသာရာဘိဝံသ၊ ၈၆။
ဘဒ္ဒန္တ

ဝ

ဝင်းမြင့်၊ ဒုတိယ ၁၁–၁၃၊ ၂၁၊
ဗိုလ်ချုပ်ကြီး ၂၇၊ ၁၉၆၊ ၂၂၅၊
၂၅၅။

သ

သူရိယာဘိဝံသ၊ ၈၆။
ဘဒ္ဒန္တ
သောဘိတ ၂၁၁။
မဟာထေရ်၊ ဘဒ္ဒန္တ
သက်ဆင် ၁၇၈။
ရှီနာဝါတရာ
သန်ထွန်း၊ ဒေါက်တာ ၁၉။
သန်းရွှေ၊ ၁–၆၊ ၈–၁၉၊ ၂၁၊
ဗိုလ်ချုပ်မှူးကြီး ၂၂၊ ၂၄၊ ၂၅၊ ၂၇၊
၂၉၊ ၃၀–၃၂၊ ၃၈၊
၁၈၅၊ ၁၈၇၊ ၁၈၉၊
၂၃၆။

ဟ

ဟူကျင်တောင် ၁၆၊ ၂၀။
ဟော(စ်)ပစ်(စ်) ၄၄၊ ၄၉။
ဟန်တင်၊ ဦး ၂၇၂၊ ၂၇၃။
ဟွန်ဆန်,ဆက်ဒမ် ၁၊ ၁၂၇၊ ၂၃၆။

အ

အမေရိကန် ၂၇၃–၂၇၉။
ပြည်ထောင်စု
အရှေ့တောင်အာရှ ၂၇၉၊ ၂၈၀။
စာပေဆုရှင်
(မြန်မာနိုင်ငံ)(၂၀၀၀)
အရှေ့အလယ်ပိုင်း ၂၈၀–၂၈၆။
ဒေသ
အရှင်သုန္ဒရ ၂၇၁၊ ၂၇၂။
(တိပိဋကဓရ)
အာဆတ်,ဟာဖတ် ၂၈၆၊ ၂၈၇။
အာဖဂန်နစ္စတန် ၂၈၇–၂၉၀။
နိုင်ငံ
အီရတ်သမ္မတနိုင်ငံ ၂၉၀–၂၉၅။
အေအိုင်ဒီအက်စ် ၆၄–၇၇။
ရောဂါဆိုင်ရာ
နောက်ဆုံးတွေ့ရှိချက်များ
အေးမောင်၊ ဦး ၂၉၅။
အိုဂါတာ,ဆာဒါကို ၂၇။
အိုဘူချီ, ကိုဇို ၁၄၀၊ ၁၄၁၊
၂၉၅–၂၉၈။
အိုလံပစ်အားကစား ၂၉၈–၃၀၂။
ပြိုင်ပွဲ(ဆစ်ဒနီ)
(၂၀၀၀)
အောက်ချင်းမ ၁၂၉။
အင်ဒိုနီးရှားနိုင်ငံ ၃၀၂–၃၀၉။
အင်သရိပ္ပိုက် ၁၁၃၊ ၁၁၄။
ပရိုင်းမိတ်
အောင်ဆန်း၊ ၁၆၅၊ ၁၆၆။
ဗိုလ်ချုပ်
အိန္ဒိယသမ္မတနိုင်ငံ ၃၁၁–၃၁၇။
အိမ်တွင်းမှုသက်မွေး ၃၀၉–၃၁၁။
လုပ်ငန်းပညာသင်
ကျောင်း